www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

19 DEC 2012

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ဒို့တာဝန်အရေးသုံးပါး**


| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | . . . ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | . . . ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | . . . ဒို့အရေး |



# နဂ္ဂဟျူရောင်ခြည်

နဂ္ဂဟျူရောင်ခြည်

နဂ္ဂဟျူရောင်ခြည်



လောကီပညာရသစုံမဂ္ဂဇင်း

F.1.February,2013.



www.burmeseclassic.com

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်



စိန်ပြောင်ထိန်လင်း နဂါးရုံဘုရားကို
ဤသို့ ထူးခြားစွာ
ဖူးတွေ့ကြည်ညိုရသည်... ➡ ၈၁-၈၃

နာယကကြီး

ဒေါက်တာ အောင်မိုး
M.B.B.S (Ygn)
ဒ-ဘ-ဓ(တိုင်းရင်းဆေး)
M.Med.Sc (Pharmacology)
Advanced Pharmacokinetics
Training (London)
M.C.P.A, A.T.C.M
(Wuhan), D.M.A
Senior Fellowship of Aryuvedic
Medicine(India)

သာသနာ့အကျိုးဆောင်
ကောလာသ ဆရာအောင်

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ
အကြံပေး
ဒေါ်ဝတ်ရည်ဆွေ
B.Sc(Bot),Dip.T.Med.
ဦးဝင်းထိန်ကျော်
B.A(Philos),Dip.T.Med.,
T.L.R.M (INDIA)

အနောက်တိုင်း ဆေးကဏ္ဍ
အယ်ဒီတာ
ကိုကိုမောင်

စာတည်းချုပ်
ဦးကျော်မိုးသိန်း

တာဝန်ခံစာတည်း
ဝဏ္ဏဒေဝ

နယ်လှည့်အယ်ဒီတာ
အောင်ဇေ(LL.B)၊ ကိုစိုးသန်း၊
သန်းထွန်း (ဘားအံ)

ပါဠိ အယ်ဒီတာ
ဦးစံတင်
(စတုနိကာယကောဝိဒ၊ ဝိနယဓရ၊ မဇ္ဈိမဘာဏက)

ဥပဒေအကြံပေး
ဦးထွန်းစိန်
B.A(Myanmar),H.G.P,R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်
ကိုတင်ဦး၊
တင်တင်နွယ်

မျက်နှာဖုံးပန်းချီ
မြတ်မင်းဟန်

ဖြန့်ချိရေးမှူး
ယဉ်ကျေးဝေ

ကွန်ပျူတာစာစီ
ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း

အတွင်းဖလင်
ပါရမီ

ထုတ်ဝေသူ
ဦးခင်မောင်ဝင်း(၀၃၄၇၂)၊ နက္ခတ္တရောင်ခြည်စာပေတိုက်၊
၂၃၃၊ ၂၉ လမ်း၊ ရန်ကုန်မြို့။
အတွင်းနှင့်မျက်နှာဖုံးရိုက်
ဦးခင်မောင်ဝင်း(၀၅၃၉၄) ပါရမီအော့ဖ်ဆက်၊
အမှတ် ၅၈၉၊ ရန်ကြီးအောင်လမ်း၊
၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊
ရန်ကုန်မြို့။
မန္တလေးဖြန့်ချိရေး
နဂါးစာပေ
ရှမ်းတောင်ကြီးဖြန့်ချိရေး
မီးလုံးနှာစာပေ (တောင်ကြီး)၊
ဂင်္ဂါနဒီစာပေဖြန့်ချိရေး(တောင်ကြီး)
မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး
ကျော်ကျော်စာပေ(မော်လမြိုင်)
ဖြန့်ချိရေး
ကျော်မိုးသိန်းစာပေ၊ ၂၃၃၊ ၂၉ လမ်း၊ ရန်ကုန်မြို့။
☎- ၀၁ ၂၄၂၂၈၄

ကြော်ငြာဌာနမှူး - ကိုတင်မောင်ဆွေး
မဂ်လာ မီးမှူးရေးကြော်ငြာလုပ်ငန်း

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ
အမှတ် ၁၁၉
အုပ်ရေ
၁၀၀၀
ငါးရာကျပ် (၅၀၀/-)
☎-၀၁ ၂၄၂၂၈၄



www.burmeseclassic.com

www.burmeseclassic.com



ဤ ဆွမ်းဘုဉ်းပေးနေတော်မူဟန် ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်ကိုးကွယ်သူသည် စားဖွယ်သောက်ဖွယ် ပေါကြွယ်ဝပြီး... ☗ စာ-၁၈

မွန်မြတ်တဲ့ စိတ်ရင်းနဲ့ ဧည့်ဝတ်ကို ဆယ်ယူပေးခဲ့တဲ့ ရေကြီးနဲ့ စဉ့်ခင်ဆိုတာ ကက်တင်းဖြစ်တဲ့အတွက်... ☛ စာ-၁၃၇

BURMESE CLASSIC .com



## တွေ့ဆုံခြင်းရောင်ခြည်


ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် သာဘာဝဓမ္မ တိုင်းရင်းဆေးခန်း ဆရာဦးသန်းဆွေထွန်း (တဆ-ဝ၂၀၆၂)၏ ဒုလာရောဂါအမျိုးမျိုး သိကောင်းစရာများနှင့် ကုထုံး (မြောင်းမြ မောင်ယဉ်တင့်) ၁၅၉


## ပညာပေးရောင်ခြည်


သင်္ကေတများ၏ ဘာသာစကား (၂၀) (ဟူဂျင်းဇီ) ၁၈၅
မိမိ ဘယ်လိုဇာတာလဲဆိုတာ သိချင်ပါသလား(မှုးတို့ထိ၊) ၁၉၃
လူတိုင်းအတွက် တရုတ်မိုးရာ အိပ်မက်ရှင်းတမ်း (၆၅) (ထက်မင်းကျော်စွာ) ၂၁၈
တရုတ်ကြံ့ခိုင်ထုံးပညာ (၄၅) (ဟူဂျင်းဇီ) ၂၃၀
အလှဆင် ဘော်ကြွယ်သီကုံး နည်းပညာ(၁) ၂၃၃


## လက္ခဏာရောင်ခြည်


မော်ဒယ်သရုပ်ဆောင် ပဲရစ်ဟီလ်တန်ရဲ့လက် (ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့) ၁၂၆
အိမ်မဲမြို့၊ အိမ်မဲကြီးရပ်ကွက် ကွင်းချောင်းစာသင်တိုက် ဆရာတော် နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် သာသနဓဇ မဟာစရိယ ဘဒ္ဒန္တနန္ဒိယ၏ လက္ခဏာတော် (ဦးသော်ခင်-ဟသ်ာတ) ၁၂၉
သမီးငယ်များ သတိပြုစရာ (ဆရာ ဦးခင်မောင်လင်း-ရွှေဘို၊ B.Sc) ၁၃၄
လက်ဖဝါးပြင်မှ အရေးကြီးသောကွန်းများ ၁၉၀
လက္ခဏာပဟေဠိ အဖြေညှိကြစို့ ၂၁၇
လက်ဖဝါးပြင်မှ ထူးခြားသင်္ကေတအချို့အကြောင်း ၂၂၇
အမေးရှိလျှင် အဖြေရှိပါသည် (သန်းပညာ) ၂၃၉


## လမ်းညွှန်ရောင်ခြည်


ချောင်းဦးမြို့နယ်၊ မှန်ချိုကျေးရွာ ကျင်းထဲရွှေဂူဘုရားကြီး ပူဇော်မှု အစီအစဉ်ခရီး (မောင်ရေချမ်း-မြောင်) ၄၁
သရက္ခန် ကိုယ်စားတော် မွေ့လျော်တော်မူသည့် ဆင်ကျုံးရွှေဂူစေတီတော် (၂) (စံထွန်းသာ) ၄၉
ကိုးမြို့တောင်တန်းမှ သတ္တဝတီ သာသနာမြေ နန်းဆီသို့(၄) (ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်) ၈၁
ထူးခြားသော ရွှေပေါင်းလှေကြီး (မြမြဝင်း-တောင်ငူ) ၁၃၇


## အထူးကဏ္ဍရောင်ခြည်


ပြကွဲရွှေတောင် စွယ်တော်ရှင်စေတီတော်မြတ်နှင့် သာသနာပြုဆရာတော်ကြီးများ(၁) (မောင်မောင်ကျောက်) ၉
စစ်ကိုင်းရွှေမင်းဝံရပ်ကွက်မှ ပေါ်တော်မူစေတီနှင့် ထူးဆန်းအံ့ဖွယ်များ(၁) (အိမ့်မှူးဝိုင်-ပုသိမ်ကြီး ကျောက်သံပတ်မြေ) ၁၇
အောင်အတိတ်ဆောင် သိဂီနိုက်တောင်မှီဆီမှ ပုထိုးစေတီ နေရာထူးများ (၆) (ထက်မင်းကျော်စွာ) ၅၇
ဖိုကြာခိုင် အကျက်ဆန်းထွင်ပါတဲ့ ရဂုံမဟာမြိုင် ရက်ကန်းစင်တောင်တော်ဦးဆီသို့ (၁၀) (ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်) ၆၅
တံမြို့နယ် မြောက်အစွန်အဖျားဆီက ကျောက်အမှန် ရှင်မတောင်ဘုရားထံသို့ (၄) (ထက်မင်းကျော်စွာ) [illegible]
ပေါင်လောင်ရှင်ကဿပမထေရ်၏ ကောင်းမှုစေတီများ ပူဇော်မှုခရီး (ပိုလ်ဝင်တောင် မြင်းဝန်ရွာ၊ မင်းစုရွာ မင်းဝန်ဘုရား-၁) (ဇင်နိုင်ငယ်) ၁၀၅




www.burmeseclassic.com

www.burmeseclassic.com

## ကိုယ်တွေ့ရောင်ခြည်


အတိတ်ဘဝကောင်းမှုဖြင့် တောင်းဆုပြည့်ဝသူ (သုတေသီတစ်ဦး) ၁၁၀

သာသနာ(၅၀၀၀)ကန်တော့ပွဲထိုးခြင်းနှင့်
ထူးခြားသည့် အတွေ့အကြုံများ (မျိုးမောင်မောင်) ၁၄၆

ထူးခြားသော ရုက္ခပင်များ (နယ်လှည့်ခရီးသည်) ၁၆၉

ဘုရားသေ့ရဲ့ ဓာတ်လုံးပုံ (စောမိသွင်-ရန်ကုန်) ၂၀၁

တန်ခိုးကြီးတောင်မှ တစ်ချိန်က ဘုရားသေ့ (ရွှေပုပ္ပား ဘိုးရွှေ) ၂၄၁

သုဂတိဘုံ ရောက်ကုန်ကြပြီ (၁) (ရွှေတောင် ခင်မောင်ကြည်) ၂၆၅

ကျွန်ုပ်၏ တောတွင်းအတွေ့အကြုံများ ဖြစ်ရပ်မှန်(၈၇)
(မှုစ်ပိုးစားရ) (ဦးသန်းစိုး-ချောင်းနက်) ၂၇၀


## ထူးခြားဆန်းကြယ်ရောင်ခြည်


ဂန္ဓမာဒနတောင်နှင့် ပတ်သက်သော
ဒဏ္ဍာရီဖြစ်ရပ်ဆန်းများ(၂) (မြတ်သဇင်ဦး) ၂၄၃

ထူးကဲသော ဦးသဲ (မင်းနန္ဒရှိန်) ၂၈၁

ဓာတ်ပုံဆရာဘဝ ဖြစ်ရပ်ဆန်းများ (၂) (ရွှေကံမြေ ဖိုးကေ) ၂၈၃

သူ့အရပ်၊ သူ့ဒေသနှင့် ထူးခြားသော ဓလေ့ဆန်းများ
(သုံးမြို့နယ်စပ်ရှိ ရှုပ်ပင်တော့လှိုင်ဘုရားပွဲ၏ ထူးခြားချက်) (နတ်မောက် လှမြင့်သစ်) ၂၅၆

ဂေါပကလူကြီးတစ်ဦး၏ ထူးခြားသည့် ဖြစ်ရပ်ဆန်း (အောင်ရန်နိုင်-B.Sc) ၂၉၉


## ဆေးဖြိုးပိုရောင်ခြည်


ဗိုက်ပျော်စားဝင် သွေးတိုးရောဂါ ကင်းစင်လိုလျှင် (ကိုဦး-မြေခြား) ၁၆၀

နှာခေါင်းသွေးယိုလျှင် (မင်းရဲထွန်းမြင့်-မြစ်သား) ၁၇၅

နှလုံးရောဂါ သက်သာပျောက်ကင်းစေသည့်
ဆေးလက်ဖက်ခြောက် (တင်ယုမွန်) ၁၉၂

မီးယပ်သွေးဝမ်း သွားခြင်းအတွက် (ရဲမြတ်အောင်) ၂၀၀


## ဆေးဗေဒရောင်ခြည်


နှလုံးနှင့် သည်းခြေရောဂါအတွက် ဆေးနည်းတစ်လက် (မောင်ထွန်း) ၁၀၂

အဆစ်အမျက် ကိုက်ခဲရောင်ရမ်း လိမ်းဆေးအစွမ်း (နတ်မောက် ကောင်းမွန်မြင့်) ၁၆၈

ရွှေရောင်ကျောက်နှင့် အမောက်ပါသော မြွေ
(အောင်လှသန်း-မြန်မာ့အသေးစားချေးငွေလုပ်ငန်း) ၁၉၉

ထမင်းရည်ပူ လောင်ခဲ့သော် (ဘောဘီခင်နိုင်-ဥပဒေ) ၂၀၈

ဗိုက်ရွဲ့နေသူများ အဆီကျစေဖို့ တန်ခွန်းရွက်ပြုတ်ရည်
သောက်ကြစို့ (ဆရာမ ဒေါ်ခင်သန်းဦး-ဖန်ခါးမြေ) ၂၁၆


## ယခုတစ်နှစ်သင်္ကြူး အကျူးရောင်ခြည်


၂၀၁၃ ခုနှစ် မြွေနှစ်တွင် ကြွေးမြီကိစ္စ စိတ်ချပေတော့ (ဝှခန်းယဲန်) ၁၃၄

၂၀၁၃ ခုနှစ် မြွေနှစ်တာကာလ စိတ်တိုင်းကျစေမည့်
ပြည်ပခရီးရှည် (ထိုင်းလီရ) ၁၃၉




ထိုတာဘောင်များ ဖောက်ပိုင်း
ဆရာတော်ကြီး ဦးဓမ္မိကာ ရောက်ရှိလာပြီးမှ
မြိုင်မိဘောင်ဦးနိုဝေတာရသည် ➡ စာ-၇၃

ဤအဓိဋ္ဌာန်ကျောက်ချပ်တွင် သစ္စာဆိုတိုင်တည်တာ
လောကီ လောကုတ္တရာ နှစ်ဖြာသော
အကျိုးစီးပွားအတွက် သုပန်က... ➡ စာ-၁၂၂



www.burmeseclassic.com



ဆင်ကျိုးရွှေဂူစေတီတော်ပရိဝုဏ်တွင်
အစိဋ္ဌာန်ကျောက်ဟသ်ာရုပ်ကို
ထူးခြားစွာ တွေ့ရသည်… ➡ စာ-၄၉

ကျွန်တော်၏ ကျောပြင်မှ အကျိတ်ကလေး
တိမ်မြိုက်မှုန်းဥနှင့် ရေတိကောင်းစေ
သွေးသိမ်းရှုံ့နှင့် ➡ စာ-၃၀




## ✻ ကျန်းမာရေးဆောင်းပါး ✻

မဟာဘုတ်ချိန်ခွင်နှင့် ရန်ပြေကျင့်စဉ်
(၆-ကြွင်း မဟာဘုတ်ပိုင်ရှင်များအတွက်) (သန်းပညာ) ၁၃၁
ပညာရေးနှင့် စာမေးပွဲအတွက် အာဝေဏိကဂုဏ်တော်
ဆီမီးပူဇော်နည်း (သန်းပညာ) ၁၄၂
ဖိုးဦးတောင်တန်း ပြည်ထွက်စခန်းဝင်(၂) (နေဝန်းနီ) ၁၅၅
တန်ခိုးသိဒ္ဓိ ခွန်အားရှိသည့် သရဏဂုံလက်ညှိုး
(အောင်-သိဒ္ဓိရာဇာ၊ နဝင်းမြို့တော်) ၂၄၉
တရားနိမိတ် တရားအရိပ် (ဦးဉာဏ်) ၂၅၉

## ✻ ဂန္တဝင်မျှဆောင်းပါး ✻

ဒွါရဝတီမြို့မှ ပျောက်ကွယ်နေသော
အလုံဖိုးတန်းမြို့တော် (မောင်လင်းနိုင်) ၂၅၁

## ✂ နေ့စဉ်သုံး အဝတ်မိုးညွှန်ဆောင်းပါး ✂

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ (ဟူကျင်းဇီ) ၁၄၄
၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း
လာဘ်လာဘရွှင်လန်းစေဖို့ (ထက်မင်းကျော်စွာ) ၂၀၇
၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွက်
ခုနစ်ရက်သားသမီး ဟောစာတမ်း (ဆရာ ရောင်ခြည်) ၂၂၂

## ✻ စိတ်ဖွင့်အင်ဆောင်းပါး ✻

အိပ်မက်ထဲက နှစ်ထပ်ကွမ်းချစ်သူ (ဟန်သီ-လုံမ) ၂၉၄

## ● အင်းစမ ဆောင်းပါး ●

အဆောင်အင်းနှင့် ပတ်သက်၍ (ရောမြေ ကျော်ဝေ) ၄၆

## ✢ ထူးခြားသစ်ပင်ဆောင်းပါး ✢

ထူးခြားသော ထန်းသုံးမြွာနှင့် ထူးခြားလာဘ်ရွှင်စေသည့်
ကျောက်ကြက်ဥ (ဂျူးနီ-ကြို့ပင်ကောက်၊ လယ်တီ) ၁၃၃
စားနပ်ရိက္ခာ ဖူလုံစေသည့် ကြက်ခြေပန်း
(ထက်မင်းကျော်စွာ) ၁၄၉
ဖရဲသီးပမာ မြေထောက်သီးသည့် ပိန္နဲသီးမှိုင် (ဟူကျင်းဇီ) ၁၆၄
ရှင်သူငယ်ဂမုန်းများ ပွင့်ပြန်ပါပြီ
(ညွှန့်ညွှန့်စိန်-ကျောက်ဆည်) ၁၆၇

## ❐ အင်္ဂါရပ်ဆောင်းပါး ❐

ဘော်သားရောင် ပြဒါးခဲရလိုက (အညာသား-ကသာမြေ) ၁၀၁
ဒန်သား(ကြေးနီ)စစ်စစ် သေအောင်ပစ် တိတ်သားမွှေစစ်
(မုံရွာ ချစ်သန်းထွန်း-ရေကြည်သစ်တော) ၁၆၆
နာကျိူးလမ်းစဉ် (မဟာတိသဝိဇယ-ခရေ၊ ဟသ်ာတ) ၁၇၁
အန္တောဒန်နှာ လမ်းနှစ်ပြာ(၄) (ရွှေတောင် ခင်မောင်ကြည်) ၂၁၀




www.burmeseclassic.com

www.burmeseclassic.com

## ● ကိုယ်ခံပညာရောင်ခြည် ●

သိုင်းပညာရှင် ဆရာကြီး မင်းယတွ၏ ဘဝအတွေ့
အကြုံများ (၁၃) (ဆရာကြီး မင်းယကွ-တိုက်ပွဲဝင်) ၂၂၇

## ● အစီအရင်ရောင်ခြည် ●

ခြတောင်ပို့ပေါက်လျှင် ဘယ်လိုလုပ်မလဲ
(ညွှန့်ဝင်း-နတ်တလင်း) ၁၅
ရာထူးတိုးဖို့ ရာထူးအရွှေ့ချယ်ခံရဖို့
(ဦးခင်မောင်သန်း-အ.မ.က၊ ပခန်းတန်း) ၃၈
သက်ရောက်အလိုက် ယတြာချေနည်း
(မောင်ဗဟိန်း-အင်းတော်) ၃၉
မှန်ကလေးတစ်ချပ်အကြောင်း
(နေလင်းအောင်-လှိုင်သာယာ) ၈၆
လာဘ်ဝင်စေသည့် ယတြာတစ်ခု (ဝေဒထက်ဝေ) ၁၂၈
(၇)ရက်သားသမီးများအတွက် အဆောင်ကောင်း
(ဦးခင်မောင်သန်း-အ.မ.က၊ ပခန်းတန်း) ၁၃၅
ဝဋ်နာကံနာအတွက် ဤသို့ စီရင်ပါ
(မြေမိုးချစ်-နတ်မောက်) ၁၈၄
သူငယ်ချင်းတစ်ယောက်ရဲ့ ဂမ္ဘီရလက်ဆောင်
(အောင်ခန့်-လပွတ္တာ) ၁၉၇

## ✱ ဂါထာမန္တန်ရောင်ခြည် ✱

ဘဝတစ်ဆစ်ချိုးနှင့် ရေယုန်ပျောက်ဆေးနည်းနှင့် ဂါထာ
(ခွန်စိုင်းဝမ်း) ၆၃
အကျိုးအမျိုးမျိုး တိုးပွားစေသော ဂါထာတော်
(အောင်ပေါ်စံ-ဓမ္မပီယ) ၁၆၅
ကောင်းသောအကျိုးကို ပေးစေသော သု(၈)လုံးပါ
ဂါထာနှင့် ကျင့်စဉ် (ဗိုလ်မင်း-မင်းလှ) ၁၈၅
လောင်မီးတိုးချက် မိုးကြိုးစက်
(အောင်ထက်-ရောအနောက်မြို့တော်) ၂၀၆

## ⁜ ဓာတုသုတေသနရောင်ခြည် ⁜

တစ်ရွာတစ်ပုဒ် ဆန်းကိုဆန်းသည့် မိုးလေဝသ
ခန့်မှန်းပုံများ (မင်းမဟော်) ၇၀
ဖွတ်ဥ,လိပ်သည်း,ကျွဲနို့ခဲမှ လိပ်သည်း၏အရသာ
(ဦးသန်းစိုး-ချောင်းနက်) ၉၄
အင်တိုင်းသမက် ရေကိန်းထွက် (ကသာ သင်းမွှေး) ၁၅၁
အုရင်းယို အရောင်လှအောင် အောင်မာတ်တူသည့်
ကြိရန်းအကူအညီ (ထွေးမောင်) ၂၂၄

## † ထူးခြားပန္နည်းရောင်ခြည် †

ငါးအမြဲတော (ဇင်ငြိမ်းလင်း) ၁၄၀
ဒေါင်းသမားလေးမှ ဂမ္ဘီရပစ္စည်းများ
(ဘုမ္မဝတီ ကိုကိုလေး-ဘီအေ) ၁၅၃
ဗိန္နမာရ်အောင် ရွှေမုဋ္ဌောဘုရားရင်ပြင်မှ ထူးဆန်းသော
သိမ်နိမိတ်ကျောက်တိုင်နှင့် ကျောက်ပျဉ်
(ခရေပွ-ဟံဇား) ၁၆၁

## ✍ အချိုးသစ်အထူးရောင်ခြည် ✍

ကြက်ဖူလျှော်နည်း နည်းသစ်
(ဦးကိုကိုကြီး-စစ်ဆေးရေး ကစစ(၁၂)၊ ထုံးဘို) ၂၂၁



ကျောင်းထဲ
ရွှေဝှဘုရားကြီး
ပရိဝုဏ်
အရှေ့မြောက်ထောင့်မှ
ပုန်းရေကြည်မစုပ်တုကို...
စာ-၄၅

ငါးအမြှားများ
ငါး
ကိုင်းတက်
မှ
ကျောက်ပေါက်
ကို
ထိုးဖနပုံကိုလည်း...
စာ-၁၅၄

နဂါး
ဓာတ်
ပျော်ရွှင်မှု
စုံတွဲ
သော်ကြယ်
သိကျုံး
ထားတာကို...
စာ-၂၃၃







www.burmeseclassic.com

www.burmeseclassic.com



သိမ်နီမိတ်တိုင်များအကြား
ထူးခြားသော ရုပ်တုများ
သိမ်ကို စောင့်ရှောက်ရှိသည်ကို... ◆ စာ-၁၀၇

မိမိအိမ်နှင့်ခြံတွင်
ခြတောင်ပို့ပေါက်ပြီး... စိုးရိမ်မှုနှင့်အတူ
ဘာလုပ်ရမှန်းမသိသူများအတွက်... ◆ စာ-၁၅



## ○ သုတေသနရောင်ခြည် ○

မဟာဘုတ်ချိန်ခွင်နှင့် ကျေးဇူးရှင်ဆရာတော်ကြီးများ (ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် (၈)ရပ်ကွက်၊ သန္တာလမ်းမကြီး၊ ရန်အောင်ကျောင်းတိုက်၊ ဂုဏ်တော်ရှိသော သန္တာဦးကျောင်းဆရာတော် ပဓာနနာယက ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝဏ္ဏသာမိအား ဂါရဝပြုပူဇော်ခြင်း)
(သန်းပညာ) ၁၄၅

မြောက်ဦး တူးဖော်ရေးကုန်းအမှတ် (၂)မှ တူးဖော်တွေ့ရှိသည့် ယဉ်ကျေးမှု ရှေးလက်ရာများ (၁၁)
(ပန်းချီထူးလှ-ရှေးဟောင်းသုတေသန) ၂၃၆

## ✎ မြန်မာ့ရိုးရာ ပညာရောင်ခြည် ✎

မြန်မာ့ရိုးရာ လက်ဆန်းပေါ့ပုံတစ်နည်း
(မောင်ပဟိန်း-အင်းတော်) ၂၀၉

## ◆ ကျန်းမာရေး ဓာတ်စာရောင်ခြည် ◆

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ကျန်းမာရေးအတွက် အကြံပေးချက်များ (ဟူဂျင်းစီ) ၂၁၄

## ○ အမေးအဖြေရောင်ခြည် ○

နွယ်ရှင်အကြောင်း သိရှိသူများမှ ဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည် (ဦးစိန်-ခေတ္တ၊ မြိတ်) ၃၀၃

## * ဂီတရွှန်းရောင်ခြည် *

ခွပ်လိုက်ကြစို့ သူငယ်ချင်း (စွမ်းတင့်-သစ်တော) ၇၁
ဝက်များ ဆီးချုပ်ဝမ်းချုပ် ဖြစ်ခဲ့သော်
(ကိုကိုအောင်-မြကန်သာ၊ ဝက်လက်မြို့) ၂၃၂

## ✍ ကြည်ညိုခြင်းရောင်ခြည် ✍

တံမြို့မ နိုသာရည်း ရွှေကျောင်းနှင့် ထူးခြားသော ဘုရားတစ်ဆူ (စံထွန်းသာ) ၉၇

## ○ မြက်ချင်းဖြိုး ဆေးပင်ဆေးမြက်ရောင်ခြည် ○

အဖုအကျိတ်အတွက် ထိမ်ပြာဂမုန်း
(ရွှေဦး မော်ကျော်သူ) ၃၀

ဆီးချိုသွေးတိုး မဖြစ်အောင် နနွင်းပြာကိုဆောင်
(ဦးအုတ်ရွှေ-K4) ၁၀၃

## * အောင်မြေရောင်ခြည် *

ဗုဒ္ဓဘောင်မင်းကြီး အမိဋ္ဌာန်အောင်မြေ၊ အမိဋ္ဌာန် ကျောက်ဖြာနှင့် တိမ်မြုပ်နေသည့် ရဟန္တာသိမ်ဟောင်း
(သုတေသီတစ်ဦး) ၁၂၁



www.burmeseclassic.com

www.burmeseclassic.com

## ✧ ပင်မအဆောင်ရောင်ခြည် ✧


[illegible] [illegible]
၂၀၀၃ ခုနှစ် [illegible] ([illegible]) [illegible]

[illegible] ([illegible]) ၂၉၀


## ÷ စိတ်ချမ်းသာရေးရောင်ခြည် ÷


သရက်သီးမှည့်ချိန် ဗိုးမဝင်ရအောင် (စေနာလိုး–တောင်ငူ) ၁၂၆

သတိပြုပါ သရက်စုနာ (ဒဏ္ဍာရီ–စက်မှုလယ်ယာ၊ ဆင်ဖြူကျွန်း) ၂၁၆

သနပ်ခါးပင် အပွေးတက်အောင်(ဝါ) အသားအခေါက် ထူအောင်ပြုနည်း (နတ်မောက် လှမြင့်သစ်) ၂၄၀


## ပုဂ္ဂိုလ်ထူးရောင်ခြည်


မော်လမြိုင်မြို့မှ ကျော်လေးကျော် တောင်လေးလုံး ဆရာတော်(၁) (ဘုန်းကျော်စွာ–မြိုင်တက္ကသိုလ်) ၂၆

ဝေဘူဆရာတော်ကြီး၏ ကြည်ညိုဖွယ်ရာများနှင့် ကိုယ်တွေ့ဖြစ်ရပ်မှန်များ(၁၇) (ကျောက်ဆည်–မင်းမဟော်) ၃၃

သုံးဆယ်မြို့က မြစိမ်းတောင်ညို ဆရာတော် ဘဒ္ဒန္တဓမ္မိကနှင့် ကွင်းဆက်များ (ခင်သူဌေး–ဇီးကုန်း) ၇၃

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ် ပဲကြီးအင်းကျေးရွာ မဟာဗောဓိကျောင်း၌ လွန်ခဲ့သော နှစ်ပေါင်း (၁၉)နှစ်ကျော်ကာတည်းက ယနေ့တိုင် မပုပ်မသိုးဘဲ ကျောက်သားအသွင် ကူးပြောင်းပြီး သဘာဝအတိုင်း တည်ရှိနေသည့် မြို့နယ်ဩဝါဒစရိယ ဝိနယဓရ ဘဒ္ဒန္တကွန္တဘိဝံသ မဟာထေရ်၏ ဥတုဇရုပ်ကလာပ်တော်မြတ်နှင့် ဖြစ်ရပ်ဆန်းကြယ်များ (သက်မှုးပိုင်–ပန်းတောင်း) ၁၁၃

ပိန္နဲကွင်း ဆရာတော်ကြီး၏ သာသနာပြု ခရီးလမ်း ကြည်ညိုဖွယ်ရာ ဖြစ်ရပ်ဆန်း (ရဲလေး–ဟသ်ာတ) ၁၇၇


## ● ဖြစ်ရပ်မှန်ရောင်ခြည် ●


မျက်မမြင်တစ်ဦး၏အစွမ်း (ထီလာကျော်) ၂၆၇

တွေ့ရကြုံရ ကျောက်သမားဘဝ (၃) (ရွှေကာသစ်–ကျောက်မျက်) ၂၇၃

တုတ်ဓားပြီးတဲ့ ချေလား (တင်ဘုန်းဝင်း) ၂၇၆

သေမင်းတမန် ဖြစ်ရပ်မှန် (စလင်း ဦးကျော်) ၂၈၆

မမြင်ရပေမယ့် ရှိနေတယ် (သက်ဦးမောင်–နမ့်စန်) ၂၈၉

ဘဝတကွေ့ ကြုံတွေ့ရာဝယ် (စလင်း ဦးကျော်) ၂၉၁

ရေတွင်းထဲမှ ပတ္တမြားကိုးလုံး (ဇဝနကျော်) ၂၉၇


။ နောက်ထပ်ရောင်ခြည်မျက်နှာ ဆက်ရန်




ကျောက်တိုင်နှင့် ကျောက်ဖျဉ်ကို အိမ်သို့ ယူသွားသူများ အိမ်ပေါ်အရ... စာ-၁၆၀

ကြက်ခြေပန်းများ အပွင့်ထွက်ပုံမှာ လေးထောင့်ညီ အစီအရီရှိသဖြင့် လာဘ်လာဘများ... စာ-၁၄၆



www.burmeseclassic.com

www.burmeseclassic.com




▲ အနော်ရထာမင်းကြီး တည်ထားကိုးကွယ်ခဲ့သော အစိဋ္ဌာန်စွယ်တော်(၅)ဆူ

# ပြကွ္ခရွှေတောင် စွယ်တော်ရှင် စေတီတော်မြတ်

## နှင့် သာသနာပြု ဆရာတော်ကြီးများ (၁)

မောင်မောင်ကျော်

ပြကွ္ခရွှေတောင်၊ ဖင်းကျိုက်တောင် နှင့် ပုပ္ပားတောင်ဒေသတို့သည် ဂန္ဓီရနယ်မြေဟု ဆိုကြပေသည်။ ယင်းဒေသများတွင် ဂမုန်းပင်မျိုးစုံနှင့် ဆေးဖက်ဝင်အပင်များ၊ သစ်ဥသစ်ဖုများ ပေါများစွာ ပေါက်ရောက်လျက် ရှိပေသည်။

ပြကွ္ခရွှေတောင်တွင် ကန့်ဆောင်မှုန်းလည်း သဖန်းနီ၊ သဖန်းနက်တို့ ဖူးပွင့်ကြပေသည်။ ထိုတောင်များသည် သစ်ကြီးဝါးကြီးများဖြင့် စိမ်းစိုလျက်ရှိပြီး ဆိတ်ငြိမ်သော နေရာဒေသများလည်း ဖြစ်ကြပေသည်။

ထို့ကြောင့်လည်း ပြကွ္ခရွှေတောင်တွင် **ဝေဘူဆရာတော်ကြီး၊ တောင်ပုလုဆရာတော်ကြီးနှင့် သဲတောကိုးတောင်ပြည့် သိမ်တောင်ကျောင်းတိုက် ဆရာတော်ကြီး ဦးကလျာဏ** သည်တို့နှင့် သူတော်စင် သူတော်မြတ်များသည် သီတင်းသုံးလျက် တရားဘာဝနာများ ကျင့်ကြံအားထုတ်တော်မူကြရာ နေရာဒေသ ဖြစ်ခဲ့ကြောင်း **ပြကွ္ခရွှေတောင် သာသနာပြု မိတ္ထီလာမြို့ အသောကာရုံ ရေလည်ကျောင်းတိုက် ပဓာန နာယက နိုင်ငံတော် ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တလာဘာဝတမှ** မိန့်ကြားတော်မူခဲ့ဖူးပေသည်။

ပြကွ္ခရွှေတောင်ဟူသော အမည်သည် တောင်တစ်လုံးတည်း၏ အမည်နာမ မဟုတ်ပေ။ ပြက်တောင်နှင့် ခရွှေတောင် နှစ်လုံး၏ အမည်ကို ပေါင်း

www.burmeseclassic.com




◆ ပြကွ္ခရွေအရှေ့တောင်ရှိ စွယ်တော်ရှင်စေတီ

ကစ်စည်းတည်း ခေါ်ဝေါ်ကြသော အမည် ဖြစ်ပေသည်။ ခရွေတောင်နှင့် ပြက်တောင်တို့မှာ အရှေ့ အနောက် တန်း၍ တည်ရှိနေပေသည်။

ယခုအခါ ဒေသခံ ပြည်သူများက ပြက်တောင်ဟုလည်းကောင်း၊ ခရွေတောင်ဟုလည်းကောင်း သီးခြားစီ ခွဲခြား၍ မခေါ်ကြတော့ပေ။ ပြကွ္ခရွေ အရှေ့တောင်၊ ပြကွ္ခရွေ အနောက်တောင်ဟုသာ ခေါ်ဝေါ်နေကြပေသည်။

ပဋ္ဌမမြောက် စွယ်တော်ရှင် ကိန်းဝပ်စံပယ်တော်မူရာ ပြကွ္ခရွေ အနောက်တောင်သည် ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော်၏ အလယ်ဗဟို တည့်တည့်နေရာတွင် တည်ရှိပေသည်။

ပြကွ္ခရွေတောင် စွယ်တော်ရှင် စေတီတော်၏ အနောက်ဘက် ရင်ပြင်တော်အစပ်တွင် နယ်ချဲ့အင်္ဂလိပ်ခေတ်က မြေတိုင်းဌာနမှ တိုင်းတာ စိုက်ထူထားသော မြန်မာနိုင်ငံ၏ အလယ်ဗဟိုဌာနဟု သတ်မှတ်ထားသည့် အုတ်ပန္နက် မှတ်တိုင်ကြီး ရှိပေသည်။

ပြကွ္ခရွေတောင်၏ အမြင့်ပေ ပမာဏနှင့် တည်ရှိရာ နေရာဌာနကို ယနေ့ခေတ် ပညာရှင်များ တိုင်းတာထားသည်မှာ (Global Position System) (G.P.S) ကမ္ဘာတစ်ဝန်းလုံးရှိ တည်နေရာကို တိုင်းထွာသည့် ကိရိယာဖြင့် တိုင်းတာချက်အရ မြောက်လတ္တီတွဒ် (၂၁)ဒီဂရီ (၁၂)ဒသမ (၆၉၅) မိနစ်ဖြစ်၍ အရှေ့လောင်ဂျီတွဒ် (၉၆) ဒီဂရီ (၁၄)ဒသမ (၇၅၉)မိနစ်တွင်ရှိပေသည်။ အမြင့်ပေမှာလည်း အထက်ပါ ကိရိယာဖြင့် တိုင်းတာချက်အရ ပေပေါင်း (၃၄၃၃)ပေမြင့်ကြောင်း တွေ့ရပေသည်။

နက္ခတ္တ ဗေဒင်ပညာရှင်များအတည်ပြုထားသော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ အလယ်ဗဟိုဒေသနှင့် ကွာခြားမှု သိပ်မရှိလှဘဲ နီးစပ်ပေသည်။ နက္ခတ္တ ဗေဒင်ပညာရှင်များ အတည်ပြုထားသော ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံ အလယ်ဗဟိုဒေသမှာ မြောက်လတ္တီတွဒ် (၂၀)ဒီဂရီဖြစ်ပြီး၊ အရှေ့လောင်ဂျီတွဒ် (၉၇)ဒီဂရီ (၃၀) မိနစ် ဖြစ်ပေသည်။

ထို့ကြောင့် အနော်ရထာမင်းကြီး တည်ထား ကိုးကွယ်တော်မူခဲ့သော ပြကွ္ခရွေတောင် စွယ်တော်ရှင် တည်ရှိရာ ပြကွ္ခရွေတောင်သည် မြန်မာနိုင်ငံ၏ အရှေ့များနှင့် အနောက်များ၏ အလယ်ဗဟိုတည့်တည့်နှင့် မြန်မာနိုင်ငံ၏ မြောက်များနှင့် တောင်များ၏ အလယ်ဗဟိုတည့်တည့်နှင့် တည်ရှိ



www.burmeseclassic.com

www.burmeseclassic.com



◆ ပြက္ခရွှေတောင် အထက်ရေတောင်ပြည့် စေတီတော်

နေသည်မှာ အထောက်အထား ခိုင်လုံလှပေသည်။

အနော်ရထာမင်းကြီးသည် ဤပြက္ခရွှေတောင်တန်းပေါ် စေတီ(၄)ဆူ တည်ထားတော်မူခဲ့ပေသည်။ ယင်းစေတီတော်များမှာ...

၁။ ပဋ္ဌမစွယ်တော်ရှင် ကိန်းဝပ်တော်မူရာ ပြက္ခရွှေ အနောက်တောင်ကြီး စေတီတော်၊
၂။ စွယ်တော်ရှင် ပြက္ခရွှေ အရှေ့တောင်ကြီး စေတီတော်၊
၃။ မောနား ဆုတောင်းပြည့် စေတီတော်၊
၄။ ဆောင်းတော်ကျ စေတီတော်

ဟူ၍ ဖြစ်ပေသည်။

## (၁) ပြက္ခရွှေတောင် စွယ်တော်ရှင် စေတီတော်မြတ်

ပုဂံပြည့်ရှင် အနော်ရထာမင်းကြီးသည် သီဟိုဠ်ကျွန်း(သီရိလင်္ကာ)နိုင်ငံမှ ပင့်ဆောင်လာသော ဗုဒ္ဓစွယ်တော်မြတ်ကို ရွှေစည်းခုံစေတီတော်၌ ဌာပနာပြီး ထပ်မံ အဓိဋ္ဌာန်တော်မူရာ ပွားလာသော စွယ်တော်မြတ်များကို တန့်ကြည်တောင်၊ လောကနန္ဒာနှင့်တုရင်းတောင်တို့တွင် စေတီတစ်ဆူစီတည်၍ ဌာပနာတော်မူပေသည်။

တုရင်းတောင်ကမှတစ်ဖန် အဓိဋ္ဌာန်တော်မူ၍ စွယ်တော်တစ်ဆူ ပွားသည်။ စွယ်တော်တစ်ဆူ ပွားသည်ကို ယခင်အတိုင်း ဆင်ဖြူတော်တွင်တင်၍ လွှတ်တော်မူပြန်၏။

ဆင်ဖြူတော်လည်း အရှေ့မျက်နှာ အရပ်သို့ သွား၍ သာလျောင်းတောင်ထက် တစ်ခဏမျှ လျောင်းပြီးလျှင် ထိုကသွား၍ ပြက်တောင်ထက် ဝပ်မည်ပြုပြီးလျှင် မဝပ်ဘဲ ခရွှေတောင်ထက် တက်လေ၏။

ထိုကမှ ဒုတိယတစ်ဖန်ပြန်၍ ပြက်တောင်ထက် ဝပ်လေ၏။ အနော်ရထာမင်းစောလည်း ထိုအရပ်တွင် စေတီတစ်ဆူတည်၍ ဌာပနာတော်မူ၏။

ပြက်တောင်မှာ ရှေးဦးစွာတက်၍ ဝပ်မည်ပြုပြီးလျှင် မဝပ်ဘဲ ပျက်ကွက်ခြင်းကို အစွဲပြု၍ ပြက်တောင်ဟု ခေါ်ဝေါ်ခြင်း ဖြစ်သည်ဟု ရှေးပညာရှိတို့ အယူ ရှိကြပေသည်။ ခရွှေတောင်မှာ မဝပ်မလျောင်းဘဲချို့ယွင်းသောကြောင့် ခရွှေတောင်ဟု ခေါ်ဝေါ်ခြင်း ဖြစ်ပေသည်။

အချို့သော ပညာရှင် သုတေသီတို့ကမူ ပြက္ခရွှေ အနောက်တောင် စွယ်တော်ရှင် စေတီတော်သည် ရောင်ခြည်တော်များ (ပြိုးပြိုးပြက်ပြက်) ကွန့်မြူးခဲ့ခြင်းကြောင့် (ပြက်)တောင်ဟု ဆိုကြပေသည်။

ပဋ္ဌမမြောက် ပြက္ခရွှေတောင် စွယ်တော်ရှင် စေတီတော်မြတ်ကို အနော်ရထာမင်းကြီးသည် မြန်မာသက္ကရာဇ် ၃၉၉ ခုနှစ်တွင် ပြက်တောင်(သို့မဟုတ်) ပြက္ခရွှေ အနောက်တောင်ထိပ်တွင် တည်ထားတော်မူခဲ့ပေသည်။

ပြက္ခရွှေစွယ်တော်ရှင် စေတီတော်မြတ်သည် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ်၊ (ကူမဲမြို့)၏ အရှေ့တောင်ဘက် ပြက္ခရွှေ အနောက်တောင်ထိပ်တွင် တည်ရှိပေသည်။

ပြက္ခရွှေ အနောက်တောင်သည် တောင်ခြေလှည်းခံ (ရွှေညောင်ပင်စခန်း)မှ (၃)မိုင် (၄)ဖာလုံခန့် ကွာဝေးပြီး တောင်ပေါ်ငါး (၉)လုံးကို ကျော်ဖြတ်ရပေသည်။ ပင်လယ်ရေမျက်နှာပြင် အထက် (၃၄၃၃)ပေ မြင့်ပေသည်။ ပြက္ခရွှေတောင်သည် ရန်ကုန်–မန္တလေး ကားလမ်းမှ (၉)မိုင် ကွာဝေးပေသည်။

ပြက္ခရွှေစွယ်တော်ရှင် စေတီတော်မြတ်သည် ဉာဏ်တော် (၈၁)ပေမြင့်၍၊ အောက်ခြေ ဖိနပ်တော်မှာလည်း အလျား (၈၁)ပေ၊ အနံ (၈၁)ပေ ကျယ်ဝန်းပေသည်။ စေတီတော်၏ ရင်ပြင်တော် ပတ်လည်တွင် စေတီရံ ငပေါင်း (၃၂)ဆူတည်ရှိပြီး စေတီတော်၏ တောင်ဘက် ရင်ပြင်တော်တွင် အရှေ့မှ အနောက်သို့ စေတီရံ (၂၂)ဆူ ရှိပေသည်။

စေတီတော်မှာ ရွှေသင်္ကန်းတော် တဝင်းဝင်း တထိန်ထိန်ဖြင့် သပ္ပာယ်လှပေသည်။ စေတီတော်၏ ရင်ပြင်တွင် **"အရပ်သိမ်တော်မြတ်"** ရှိပေသည်။



www.burmeseclassic.com

www.burmeseclassic.com



◆ ပြက္ခရွေအနောက်တောင် စွယ်တော်ရှင်စေတီတော် ပရိဝုဏ်အတွင်းရှိ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ အလယ်ပဟိုတည့်တည့် အထိမ်းအမှတ်ကျောက်တိုင်

## (၂) စွယ်တော်ရှင် ပြက္ခရွေ အရှေ့တောင်ကြီး စေတီတော်

အနော်ရထာမင်းကြီးသည် တုရင်းတောင်ကမှ တစ်ဖန် အမိန့်ရှိတော်မူ၍ စွယ်တော်တစ်ဆူ ပွားသည်။ စွယ်တော်တစ်ဆူ ပွားသည်ကို ယခင်အတိုင်း ဆင်ဖြူတော်တွင် တင်၍ လွှတ်တော်မူပြန်၏။

ဆင်ဖြူတော်လည်း အရှေ့မျက်နှာ အရပ်သို့သွား၍ သာလျောင်းတောင်ထက် တစ်ခဏမျှ လျောင်းပြီးလျှင် ထိုကသွား၍ ပြက်တောင်ထက် ဝပ်မည်ပြုပြီးလျှင် မဝပ်ဘဲ ခရွှေတောင်ထက် တက်လေ၏။ ထိုကမှ ဒုတိယတစ်ဖန် ပြန်၍ ပြက်တောင်ထက် ဝပ်လေ၏။

အနော်ရထာမင်းစောလည်း ထိုအရပ်တွင် စေတီတစ်ဆူတည်၍ ဌာပနာတော်မူ၏။ ဤသာလျောင်းတောင်၊ ခရွှေတောင်တို့တွင်လည်း ငါကို စေတီတည်စေလိုသည်ဟု အမှတ်တော်ရှိ၍ စေတီတစ်ဆူစီ တည်တော်မူ၍ များစွာသော သရီရဓာတ်တော်တို့ကို ဌာပနာတော်မူ၏။

ဤသို့ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့ စီးပွားအလို့ငှာ သာသနာတော် ငါးထောင်တိုင်တိုင် တည်ရစ်စေဟူ၍ ငါးဆူသော စွယ်တော်မြတ်တို့ကို စေတီတည်ပြီးလျှင် များစွာ ပူဇော်သက္ကာရတို့ကို ပြုတော်မူ၍ သာဓုခေါ်တော်မူ၏။

ခရွှေတောင် (သို့မဟုတ်) ပြက္ခရွေ အရှေ့တောင်သည် တောင်ခြေလှည်းခံ (ရွှေညောင်ပင်စခန်း)မှ (၄)မိုင် (၂) ဖာလုံခန့် ကွာဝေးပြီး တောင် (၁၁)လုံးကို ကျော်ဖြတ်ရသည်။ ပြက္ခရွေ အရှေ့တောင်သည် ပင်လယ်ရေမျက်နှာပြင် အထက် (၃၅၅၉)ပေ မြင့်ပေသည်။ စေတီတော်မှာ ထုံးသင်္ကန်း တဖွေးဖွေးဖြင့် သပ္ပာယ်လှပေသည်။

## (၃) မောနား ဆုတောင်းပြည့် စေတီတော်

ဆုတောင်းပြည့် မောနားကျောင်းပရဝုဏ်အတွင်း၌ အနော်ရထာမင်းကြီး တည်ထားခဲ့သော မောနား ဆုတောင်းပြည့် စေတီတော် ရှိပေသည်။ အနော်ရထာမင်းကြီးသည် စွယ်တော်ကို ဆင်ဖြူတော်ပေါ်တွင်တင်ပြီး လွှတ်တော်မူသောအခါ ပြက္ခရွေ အရှေ့တောင်နှင့် ပြက္ခရွေ အနောက်တောင်တို့ ဆုံရာနေရာရောက်သောအခါ ဆင်ဖြူတော်မောခ၍ ခေတ္တ နားလေသည်။ ယင်းနေရာသည် ဆင်ဖြူတော်မောခ၍ နားသောနေရာ ဖြစ်သောကြောင့် **"မောနား"**ဟု ခေါ်တွင်ခဲ့လေသည်။

အနော်ရထာမင်းကြီးလည်း ဆင်ဖြူတော်မောခ၍ နားသောနေရာတွင် စေတီတည်ထိုက်သည်ဟု ယူဆတော်မူပြီး ဉာဏ်တော် (၉) တောင်ခန့် မြင့်သော **"မောနား ဆုတောင်းပြည့် စေတီတော်"**တစ်ဆူ တည်ခဲ့ပေသည်။

မောနား ဆုတောင်းပြည့် စေတီတော်သည် မြောက်လတ္တီတွဒ် (၂၁) ဒီဂရီ (၁၄)ဒသမ (၂၄၅)မိနစ်၊ အရှေ့လောင်ဂျီတွဒ် (၉၆)ဒီဂရီ (၁၃)ဒသမ (၉၅၇)မိနစ်တွင် တည်ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် (၁၁၅၀)ပေ မြင့်ပေသည်။

စေတီတော်ကိုသစ်စေးသရိုးကိုင်ပြီး၊ အနုစိတ် ကနုတ်ပန်းလက်ရာများဖြင့် ရွှေအပြည့် ချထားပေသည်။ သပိတ်မှောက်တွင် ဂဠုန်ရုပ်နှင့် ကဒေါင်းရုပ်များကို ဖောင်းကြွပြုလုပ်ထားပေသည်။ ရွှေရောင်ဝင်းဝင်းနှင့် ကြည်ညိုဖွယ်ရာအတိ ဖြစ်ပေသည်။

## (၄) ဘောင်းတော်ကျ စေတီတော်

ပြက္ခရွေတောင် ဆုတောင်းပြည့် မောနားကျောင်းတိုက်သို့အသွား လမ်းခုလတ် ညာဘက်ဘေးတွင် အနော်ရထာမင်းကြီး တည်ထား ကိုးကွယ်ခဲ့သော **"ဘောင်းတော်ကျ စေတီတော်"**အား ဦးစွာ ဖူးမြော်ရပေမည်။

ယင်းစေတီအား ဘောင်းတော်ကျစေတီဟု အမည် ခေါ်တွင်ခြင်းမှာ အနော်ရထာမင်းကြီးသည် **"ဤ ပြက္ခရွေတောင်သည် မည်မျှ မြင့်**



www.burmeseclassic.com

www.burmeseclassic.com

**လေသနည်း**''ဟု မော့ကြည့်ခိုက် ဘောင်းတော် ပြုတ်ကျခဲ့ပေသည်။

ယင်းဘောင်းတော် ပြုတ်ကျတော်မူခဲ့သည့်နေရာတွင် စေတီ တည်ထားခဲ့ခြင်းကြောင့် ''ဘောင်းတော်ကျ'' စေတီဟု လူအများ ခေါ်တွင်ခဲ့ကြပေသည်။ စေတီတော်အား ရွှေအပြည့်ချထားပေသည်။

အနော်ရထာမင်းကြီး၏ ဆင်ဖြူရတနာသည် ပြက္ခရွှေတောင်ကျောက်ဖျာထက်တွင် ရပ်နားစဉ် အမိဋ္ဌာန်ချက်ဖြင့် သမိုင်းတွင် ကျန်ရစ်အောင် ခွာရာတံဆိပ် ခတ်နှိပ်ထားခဲ့သည့်နေရာ၊ တောင်ပြုံး အရှင်နှစ်ပါးဖြစ်လာမည့် ရွှေဖျင်းညီနောင်တို့ ဒိုးကစားသည့်နေရာ၊ အနော်ရထာမင်းကြီးအတွက် ထမင်းချက်ခဲ့သည်ဆိုသော နေရာများမှာ ယနေ့ထက်တိုင် ထင်ရှားလျက် ရှိနေခဲ့သည်ကိုလည်းကောင်း...

အနော်ရထာမင်းကြီး လက်ထက်တော်က ပြက်တောင်, ခရွှေတောင်ဟု ခွဲခြားပြီး ခေါ်ဝေါ်ခဲ့သော်လည်း ယခုအခါ ပြက္ခရွှေတောင်ဟုသာ တစ်ပေါင်းတစ်စည်းတည်း ခေါ်ဝေါ်ခဲ့ကြကြောင်းကိုလည်းကောင်း။ ပြက္ခရွှေတောင်သာသနာပြု ဆရာတော်ကြီးဦးလာဘဝတ မထေရ်မြတ်မှ မိန့်ကြားတော်မူခဲ့ပေသည်။

ပြက္ခရွှေတောင်ဟုဆိုလျှင် ရွှေဖျင်းညီနောင်တို့အကြောင်း မတင်ပြလျှင် ပြီးပြည့်စုံမည် မဟုတ်ဟု ယူဆပေသည်။ စွယ်တော်တင်သည့် အနော်ရထာမင်းကြီး၏ ဆင်ဖြူရတနာသည် ပြက္ခရွှေ အနောက်တောင်ထိပ်တွင် ထပ်လေ၏။

သို့ဖြစ်၍ ပြက္ခရွှေ အနောက်တောင်ထိပ်တွင် စွယ်တော်ရှင် စေတီတော်




ရန်ကုန်-မန္တလေး ကားလမ်းဘေးရှိ လမ်းညွှန်ဆိုင်းဘုတ်

တည်ရန်အလို့ငှာ အနော်ရထာမင်းကြီးသည် မိမိ၏ စစ်သည်ရဲမက်ဗိုလ်ပါအပေါင်းတို့အား လူတစ်ကိုယ် အုတ်တစ်ချပ်၊ သဲတစ်ဆုပ်၊ ရေတစ်မှုတ် ယူဆောင်လာကြရန် အမိန့်တော် ရှိသည်ကို ရွှေဖျင်းညီနောင်တို့ တာဝန်တော် လစ်လပ်ခဲ့သဖြင့် မင်းပြစ်မင်းဒဏ် သင့်ခဲ့ရာ အနော်ရထာမင်းကြီးခေတ္တ စံမြန်းနေတော်မူသည့် ပြက္ခရွှေတောင်မှ မြောက်အရပ်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ပေသည်။

ရွှေဖျင်းညီနောင် နှစ်ယောက်တို့သည် လူစွမ်းကောင်းများ ဖြစ်ကြသဖြင့် ဖမ်းမမိနိုင်ဘဲ ရှိနေရာ အနော်ရထာမင်းကြီး ကြိမ်စကြာဖြင့် ရိုက်ပြီးခေါ်မှသာ ဖမ်းမိကြသည်ဟု ဆိုပေသည်။

ရွှေဖျင်းညီနောင် နှစ်ယောက်အား မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်၊ တောင်ပြုံးကြီးရွာ၌ ကွပ်မျက်ခဲ့သည်ဟု ဆိုပေသည်။ ရွှေဖျင်းညီနောင်တို့နှစ်ယောက် နတ်ဝိဇ္ဇာ ဖြစ်လာမှ ဘိုးတော် အနော်ရထာမင်းထံ နယ်မြေအပိုင်စား တောင်းခံရာတွင် ''**စမုံအစမတ္တရာအဆုံး**''အထိ နယ်မြေအား အပိုင်စား ပေးသနားတော်မူခဲ့ပေသည်။

တစ်ဖန် ပြက္ခရွှေတောင် မောနားအရပ်တွင်လည်း နတ်ကွန်းနတ်နန်း ဆောက်လုပ်စေပြီး အပိုင်စား ပေးသနားတော်မူခဲ့သည်ဟု ဆိုပေသည်။

မူလအုတ်နှစ်ချပ် လပ်ခဲ့သည့် ပဌမစွယ်တော်ရှင် ပြက္ခရွှေတောင်သည် တောကြီးမျက်မည်းဖြစ်၍လူသူလေးပါးရောက်ရန် ခက်ခဲခြင်း၊ အတက်အဆင်းလမ်း ကြမ်းတမ်းသည့် တောင်ထိပ်တွင် တည်ရှိနေတော်မူခြင်းတို့ကြောင့်အများပြည်သူတို့ ဖူးမြော်နိုင်ရန် အလို့ငှာ ရွှေဖျင်းညီနောင်တို့ အသက်ပျောက်သည့် တောင်ပြုံးကြီးရွာ၌ပင် အုတ်နှစ်ချပ် လပ်နေသည့် ဆုတောင်းပြည့်စေတီနှင့် ဆုတောင်းရစေတီ နှစ်ဆူတို့ကို တည်ထားပေးခဲ့သည်ဟု ဆိုပေသည်။

ရွှေဖျင်းညီနောင်တို့ကိုလည်း ယင်းတို့နှစ်ဦး အသက်ပျောက်သော တောင်ပြုံးကြီးရွာ၌ပင် **သက်ပျောက်နန်း**အဖြစ် သတ်မှတ်တော်မူခဲ့သည်ဟု ဆိုပေသည်။

အနော်ရထာမင်းကြီးသည် အုတ်နှစ်ချပ်လပ်နေသည့် ဆုတောင်းပြည့်ဘုရားနှင့် ဆုတောင်းရ ဘုရားပွဲတော်



www.burmeseclassic.com

www.burmeseclassic.com



◆ ပြက္ခရွေတောင်စဉ် လှည်းခုံစခန်း (ရွှေညောင်ပင်စခန်း)

ကို နှစ်စဉ် ဝါခေါင်လဆန်း (၈)ရက်မှ ဝါခေါင်လပြည့်နေ့အထိ ကျင်းပ ပူဇော်ကြရန်နှင့် တောင်ပြုံး အရှင်နှစ်ပါး၏ ပျော်ပွဲရွှင်ပွဲကိုလည်း ယင်းရက်များ အတွင်း၌ ကျင်းပပြုလုပ်ရန် အနော်ရထာမင်းကြီး ကိုယ်တော်တိုင် အမိန့်တော်ဖြင့် သတ်မှတ်ပေးခဲ့ခြင်းကြောင့် **"ပွဲရ တောင်ပြုံးမင်းနှစ်ပါး"** ဖြစ်လာခဲ့ပေသည်။

စွယ်တော်ရှင် ပြက္ခရွေ အနောက်တောင် စေတီတော်မြတ်၏ အရှေ့တောင်ဘက်အရပ်တွင် အုတ်နှစ်ချပ် လပ်နေသည့်နေရာအား ကြည့်ရှုခဲ့ရပေသည်။ ယခင်က မူလအတိုင်း အုတ်နှစ်ချပ် လပ်နေခဲ့သော်လည်း ပြက္ခရွေ အနောက်တောင်ကြီးဘုရား၌ ဘုရား၏ ဝေယျာဝစ္စ ပြုလုပ်ရင်း သီတင်းသုံးနေထိုင်တော်မူသော ဆရာတော်တစ်ပါးမှ စေတီတော်တွင် အုတ်နှစ်ချပ် လပ်နေသည်မှာ အမြင် မတင့်တယ်သောကြောင့် စေတနာ အရင်းခံဖြင့် ယင်းနေရာအား အင်္ဂတေဖြင့် ပိတ်ပစ်ခဲ့ပေသည်။

များမကြာမီ ယင်းဆရာတော်လည်း မျက်စိနှစ်ကွင်း အလင်းမရတော့သဖြင့် ယင်း၏ ဇာတိအရပ်သို့ ပြန်ကြွသွားခဲ့ရသည်ဟု ဒေသခံ ပုဂ္ဂိုလ်ကြီးတစ်ဦးမှ ပြောပြခဲ့သည်ကို မှတ်သားခဲ့ရပေသည်။

**(အလျဉ်းသင့်လျှင် အုတ်နှစ်ချပ် လပ်နေသည့် စွယ်တော်ရှင် စေတီတော်မြတ်၊ ရွှေဖျင်းညီနောင်တို့ ဒိုးကစားသည့်နေရာ၊ ဆင်ခြေရာ စသည်တို့ကို မှတ်တမ်း ဓာတ်ပုံများနှင့်တကွ နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှပင် တင်ပြပါမည်။ စာရေးသူ)**

## ပြက္ခရွေတောင်စွယ်တော်ရှင် စေတီတော်မြတ်နှင့် ပြက္ခရွေတောင် အား သာသနာပြုခဲ့ကြသော ဆရာတော်ကြီးများ

ပြက္ခရွေတောင် စွယ်တော်ရှင် စေတီတော်မြတ်နှင့် ပြက္ခရွေတောင်အား သာသနာပြုခဲ့ကြသော ဆရာတော်ကြီး သုံးပါး ရှိခဲ့ပေသည်။

ထိုဆရာတော်ကြီးများမှာ ဝမ်းတွင်းမြို့နယ်၊ သဲတောမြို့ ကိုးတောင်ပြည့်ကျောင်းတိုက် **ဆရာတော်ဦးကလျာဏ၊** မိတ္ထီလာမြို့ အသောကာရုံရေလည်ကျောင်းတိုက် ပဓာန နာယက ပြက္ခရွေတောင် သာသနာပြု နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ **ဆရာတော်ကြီး ဦးသောဘဏ (ဘုန်းဘုန်းလေး)**နှင့် ယခုလက်ရှိ ပြက္ခရွေတောင် ဆုတောင်းပြည့် မောနားကျောင်းတိုက် ဆရာတော် **ဦးပညာဝံသ(ဓမ္မာစရိယ–ဘီအေ)**တို့ ဖြစ်ကြပေသည်။

လွန်ခဲ့သော နှစ်ပေါင်း(၇၀)ကျော် အချိန်က ပြက္ခရွေတောင်တန်းသည် သစ်ကြီးဝါးကြီးများဖြင့် နေပြောက် မထိုးအောင် စိမ်းစိုအုပ်ဆိုင်းလျက်ရှိပြီး ရာသီဥတုကလည်း အလွန်ကောင်းမွန်ခဲ့ပေသည်။

တောကြီးမျက်မည်း ဖြစ်နေသဖြင့် လူသူလေးပါး အရောက်အပေါက် လွန်စွာနည်းပါးသောအချိန်အခါဖြစ်ပေသည်။

ဤကဲ့သို့သော အခြေအနေမျိုးတွင်ပင် သဲတော ကိုးတောင်ပြည့်ကျောင်းတိုက် ဆရာတော်ကြီး ဦးကလျာဏသည် နှစ်စဉ်နှစ်တိုင်း မပျက်မကွက် တစ်နှစ်လျှင် တစ်ခေါက်၊ နှစ်ခေါက် ကြွရောက်တော်မူပြီး တောင်တက် တောင်ဆင်းလမ်းများအား ဖောက်ထွင်း ရှင်းလင်းခြင်း...

ပြက္ခရွေ အရှေ့တောင်ဘုရား၊ အနောက်တောင် စွယ်တော်ရှင်ဘုရားတို့၏ ရင်ပြင်တော်ပေါ်၌ ပေါက်ရောက်နေသည့် ချုံနွယ်ပိတ်ပေါင်းများကို ခုတ်ထွင် ရှင်းလင်းခြင်း...

ထုံးသင်္ကန်းများ ကပ်လှူခြင်း၊ သာသနိက အဆောက်အအုံများအား တတ်စွမ်းသမျှ ထိန်းသိမ်း စောင့်ရှောက်ခြင်း၊ ပြုပြင်ခြင်းတို့အား ပင်ပန်းဆင်းရဲစွာ ဆောင်ရွက်တော်မူခဲ့ပေသည်။

ရှေ့လဆက်ဖတ်ပါရန်

**မောင်မောင်ကျော်**



www.burmeseclassic.com

www.burmeseclassic.com

အိမ်ခြံထဲတွင် လည်းကောင်း၊ အိမ်ထဲတွင် လည်းကောင်း ခြတောင်ပို့ ပေါက်နေသည်ကို တွေ့ဖူး ကြုံဖူးကြပေလိမ့်မည်။ အချို့က ခြတောင်ပို့ ပေါက်လျှင် စီးပွားတက်သည်၊ စီးပွားလျှောသည် စသည်ဖြင့် ပြောကြ၏။ တောင်ပို့ပေါက်သည့် နေရာကိုလိုက်၍ အကျိုးပြု၊ အကျိုးယုတ် ကွာခြားသည်ဟုလည်း ဆိုကြပါသည်။


တောင်ပို့ပေါက်ပြီး ကြီးထွားလာပါက စီးပွား တရိပ်ရိပ် တက်လာသည်ဟု အချို့က ဆိုကြသည်။ ဤကဲ့သို့သော အိမ်မျိုးတွင် ခြတောင်ပို့ကို အသေအချာ ကာရံ၍ အမွှေးနံ့သာရည် ဖက်ဖျန်းခြင်း၊ အမွှေးတိုင် ထွန်းခြင်းတို့ ပြုလုပ်၍ တရိုတသေ ထားကြ၏။

ခြတောင်ပို့ကို ဖျက်ဆီးမိ၍ စီးပွား ဆုတ်ယုတ်ခြင်း၊ အိမ်ရှိလူများ ကျန်းမာရေးညံ့ခြင်း၊ အသက်အန္တရာယ်အထိ ထိခိုက်ခြင်းများ ဖြစ်တတ်သည်ဟု ကြားဖူးသည်။

ဤကဲ့သို့ အကျိုးအပြစ်များ ပေးတတ်သဖြင့် မိမိ အိမ်ထဲနှင့် ခြံထဲတွင် ခြတောင်ပို့ ပေါက်လာပါက ထားရကောင်းနိုး၊ ဖျက်ဆီးရကောင်းနိုး ဖြစ်တတ်ကြသည်။ ခြတောင်ပို့နှင့် ပတ်သက်၍ ဟိုမေး ဒီစမ်းလုပ်ပြီး လမ်းညွှန်လိုက်သည့်အတိုင်း လုပ်ကြလေ့ရှိသည်။

တိုက်ဆိုင်မှုလား၊ စွမ်းသည်လားတော့ မပြောတတ်ပေ။ အချို့မှာ ထူးခြားစွာ ပြောင်းလဲမှုများ ရှိလာ၏။ သို့ရာတွင် အချို့မှာ ထူးခြားမှု မရှိသည်ကိုလည်း တွေ့ဖူးသည်။

စာရေးသူ တင်ပြလိုသည့် အဓိက အချက်မှာ တောင်ပို့သည် စီးပွားလာဘ်လာဘ အကျိုးပေးသည်၊ မပေးသည်ဟူသော အချက်မဟုတ်။ မိမိခြံနှင့်



# ခြတောင်ပို့ပေါက်လျှင်

## ဘယ်လိုလုပ်မလဲ

အိမ်တွင် ခြတောင်ပို့ပေါက်ပြီး စိုးရိမ်ကြောက်ရွံ့မှုနှင့်အတူ ဘာလုပ်ရမှန်းမသိသူများအတွက် ဆရာတော်ကြီး တစ်ပါး မိန့်ဆိုခဲ့သည့် နည်းတစ်ခုကို တင်ပြလိုခြင်း ဖြစ်ပါသည်။

ဆရာတော်ကြီးက...

'အကာကြီးတို့က ဗုဒ္ဓဘာသာ အနွယ်ဝင်တွေမဟုတ်လား။ တခြား ထွေထွေထူးထူး စဉ်းစားမနေ၊ မေးမနေနဲ့၊ ဗုဒ္ဓဘာသာဝင် ဆိုတာ ဗုဒ္ဓကို ယုံကြည်သက်ဝင်ရမယ်။ ဗုဒ္ဓရဲ့ တရားတော်နဲ့ ကျင့်စဉ်တွေကိုပဲ လိုက်နာရမှာပေါ့'

ဟု မိန့်ဆိုရာ စာရေးသူက...

'ဆက်လက် အမိန့်ရှိပါဘုရား'

ဟု လျှောက်တင်ရသည်။ ဤတွင် ဆရာတော်ကြီးက...

'ခြဆိုတာ လူထက် အဆင့်နိမ့်တဲ့ သတ္တဝါပဲ။ ဒါပေမယ့် ဖျက်ဆီးဖို့ ဘုန်းကြီး မတိုက်တွန်းဘူး။ မေတ္တာပွားပြီး ပရိတ်တော် ရွတ်ဖတ်ပေးရမယ်။ ဆရာတော်၊ သံဃာတော်တွေ ပရိတ်ရွတ်ဖတ်ပြီးတဲ့သဲ(ပရိတ်သဲ)ကို တောင်ပို့ပေါ်ဖြန့်ပေးနိုင်တယ်။ ဒါဆို လူကို အန္တရာယ် မပြုနိုင်တော့ဘူး။ ပြောင်းချင်လဲ ပြောင်းသွားမယ်'

ဟု ပြည့်စုံစွာ မိန့်ကြားပါသည်။

ဤနည်းကို စာရေးသူ၏ မိတ်ဆွေများကို ပြောပြကူညီခဲ့ရာ အခုန်တကယ် ထူးခြားကြောင်း တွေ့ရသည်။ ထူးခြားသည် ဆိုသည်မှာ ခြတောင်ပို့ ဆက်မကြီးဘဲ ရပ်သွားခြင်း၊ လူကို တစ်စုံတစ်ရာ အန္တရာယ်မရှိခြင်း၊ နေရာပြောင်းသွားခြင်းတို့ ဖြစ်ပါသည်။

သို့ဖြစ်၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်ကြီးအနေဖြင့် ခြတောင်ပို့ ပေါက်သည်နှင့် ကြုံခဲ့လျှင် အသုံးပြု စိတ်ချမ်းသာစေရန် မေတ္တာရှေ့ထား တင်ပြလိုက်ပါသည်။

ညွှန့်ဝင်း (နတ်တလင်း)



www.burmeseclassic.com

www.burmeseclassic.com




"အတော်ပဲ မြတ်တို့အိမ် အလည်လာတာ ထမင်းပွဲနဲ့ တန်းတိုးတယ်ဟေ့" "အော် မမမြင့်၊ လာ တစ်ခါထဲဝင်စားလိုက်လေ" "ဘာဟင်းချက်လဲဟင်" "မမမြင့်ရေ့, မနေ့က စင်ကာပူက သားကြီးပြန်လာ တယ်လေ၊ အဲ့ဒါ သားကြီးက အုန်းနို့ခေါက်ဆွဲ စားချင်တယ်ဆိုလို့ ထမင်းလွှတ် ချက်စားနေကြတာပါ" "အမလေး အုန်းနို့ခေါက်ဆွဲဆိုရင် အသံကြားတာနဲ့တင် သွေးတိုးချင်ပြီ။ တော်ပါပြီအေမစားရဲပါဘူး" "မမမြင့်ကလဲ ရောဂါရှိရင် ဆေးရှိပါတယ်။ ကျွန်မလဲ အစက ဒီလိုပဲလေ။ သွေးတိုးရှိလို့ ဟိုဟာမစားရဲ၊ ဒီဟာမစားရဲနဲ့ ရှောင်လိုက်ရတဲ့အစား၊ အခုတော့ စားချင်တာစားလို့ရပြီ မမမြင့်ရဲ့" "အေး အဲ့ဒါကြောင့် ငါအံ့ဩနေတာ၊ အရင်ကဆို အစားအသောက်ရှောင်တာ မမထက်တောင် မြတ်ကပိုသေးတယ်။ ခုတော့ အံ့ဩဘနန်းပဲ" "ဟုတ်တယ် မမမြင့်ရေ အရင်ကတော့ နည်းနည်းလေးအစားမှားတာနဲ့ သွေးကတိုးတိုးလာတော့ အစားတစ်လုပ်အတွက်နဲ့ ရောဂါမခံစားချင်တာနဲ့ အစားအသောက်ကို ဂရုတစိုက် ရှောင်ကြဉ်စားသောက်ခဲ့တာ။ အခုတော့ စကြာမင်းသွေးတိုးကျဆေး အားကိုးရှိနေပြီ မမမြင့်ရဲ့" "ဟင် ဟုတ်လား၊ တစ်ယောက်ထဲ ကျိတ်ပြီး သုံးစွဲမနေနဲ့ဦး မမကိုလဲ ပြောအုံးလေ" "လာပါ မမမြင့်ရယ် ဆေးကို နောက်မှပေးမယ်၊ အုန်းနို့ခေါက်ဆွဲကို အရင်တဝကြီးစားပြီးမှ ဆေးဘယ်လောက်စွမ်းသလဲဆိုတာ လက်တွေ့ပြမယ်" "ဟုတ်ရဲ့လား မြတ်ရယ်" "အော် မမမြင့်ရယ် ကျွန်မကိုယ်တိုင် ဒီမှာအားရပါးရ စားနေတာပဲ၊ မမမြင့်ကို ဘေးဖြစ်အောင်တော့ မလုပ်ပါဘူး" "စိတ်ချလက်ချသာစားပါ မမမြင့်၊ ကျွန်တော်နဲ့ မြတ်ကတော့ သွေးတိုးစေမယ့် အစားအစာတွေစားပြီးတာနဲ့ ဆေးသောက်လိုက်တာပဲ" "ကဲပါလေ လင်ရောမယားပါ ဒီလောက်ညွှန်းနေမှတော့ စားပြီဟေ့၊ များများသာထည့်" "ဟား ဟား၊ ဟင်း ဟင်း ဟင်း"

"မြတ်တို့ဇနီးမောင်နှံတိုက်တွန်းလို့ အုန်းနို့ခေါက်ဆွဲကို တဝတပြစားပြီးပြီနော်၊ ကဲ ဆေးမြန်မြန်ပေးတော့လေ"

"ပေးပါ့မယ်မမမြင့်ရယ်၊ ရော့ ရော့၊ ၅ ပြားသောက်လိုက်" "မှန်း ဘာဆေးလဲ၊ ဟယ် **စကြာမင်း သွေးတိုးကျဆေးကိုး**"

"ဟုတ်တယ်မမမြင့်ရေ သွေးတိုးရောဂါကာကွယ် ချင်လို့ပဲဖြစ်ဖြစ်၊ သွေးတိုးနေလို့ပဲဖြစ်ဖြစ်၊ သွေးတိုးရောဂါရှိလို့ စားချင်ရက်နဲ့ အစားအသောက် ရှောင်နေရသူများပဲဖြစ်ဖြစ် သွေးတိုးရောဂါနဲ့ပတ်သက်ရင် အိမ်တိုင်းအမြဲဆောင်ထား သင့်တဲ့ဆေးကတော့ **ဆရာမြင့်ရဲ့ စကြာမင်း**အမှတ်တံဆိပ် **သွေးတိုးကျဆေး**ပဲ ဖြစ်ပါသတဲ့ရှင်" "သမားတော် **ဆရာမြင့်ရဲ့ စကြာမင်း သွေးတိုးကျဆေး**ဆိုရင် ယုံကြည်ပါတယ်။ ဒါနဲ့အခြား ဘာရောဂါတွေအတွက် သုံးစွဲလို့ရလဲဟင်"

"သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့သွေးတိုးရောဂါဖြစ်ခြင်း၊ သွေးတက်၊ သွေးတိုးခြင်း၊ သွေးပေါင် အမြဲတမ်းတက်နေခြင်း၊ နောက်ကျောတက်၊ ဇက်ကြောထိုးခြင်း၊ ခေါင်းမူးဝေခြင်း၊ ခေါင်းအုံခဲ၍ လေးလံထိုင်းမှိုင်းနေခြင်း၊ အာရုံကြောအားနည်းခြင်း၊ အကြောအားနည်းခြင်း၊ အဆစ်ရောင်အဆစ်ကိုက်ရောဂါဖြစ်ခြင်း၊ လက်ခြေများ ထုံကျဉ်ကိုက်ခဲခြင်း၊ အတက်စာ နည်းနည်းစားရုံဖြင့် သွေးတက်၊ သွေးတိုးလာခြင်း၊ အစာအိမ်အားနည်းခြင်းစတဲ့ ရောဂါတွေအတွက်လည်း သုံးစွဲနိုင်ပါတယ်"

"ဟယ် ! စကားကောင်းနေလိုက်တာ (၂)နာရီတောင် ကျော်ပါပေါ့လား၊ ပြန်အုန်းမှ ပြန်အုန်းမှ" "ဘယ်လိုလဲ မမမြင့်" "အေးဟဲ့ ဘယ်လိုမှမခံစားရဘူး၊ အရင်ကဆိုရင် ဒီလိုသွေးတိုးစာတွေစားပြီးတာနဲ့ ဆေးခန်း တန်းပြေးရတော့တာပဲ" "ဒါကြောင့် သွေးတိုးရောဂါအတွက် အကောင်းဆုံးဆေးပါလို့ဆို" "ဟုတ်ပတော်၊ ဝမ်းသာလိုက်တာ။ အိမ်က ကိုရဲအတွက်လဲ အုန်းနို့ခေါက်ဆွဲ ယူသွားအုန်းမှပဲ" "ဒီမှာ မမမြင့်ရေ၊ အဆင်သင့်ထည့်ထားပြီးပြီ။ ရော့၊ ဒါက **စကြာမင်းသွေးတိုးကျဆေး** ကိုရဲကိုလဲ ပြောလိုက်ပါ။ သွေးတိုးအတွက်တော့ စိတ်မညစ်နဲ့တော့လို့"

"အေးအေး၊ ပြောရုံမဟုတ်ဖူး လက်တွေ့ပြလိုက်မယ်"

"ကဲ ကျွန်တော်ရဲ့ဇနီးနဲ့ ညီအစ်ကိုမောင်နှမသဖွယ် ခင်မင်ရင်းနှီးတဲ့ ကိုအေးမင်းနဲ့မအေးမြတ်ဝင်းတို့ရဲ့ စေတနာမေတ္တာကြောင့် အခု ကျွန်တော့်မှာစွဲကပ်နေတဲ့ သွေးတိုးရောဂါဟာ ပိန်းကြာရွက်ပေါ် ရေမတင်သလို ပျောက်ကင်းချမ်းသာရာရခဲ့ပါပြီ။ ဒါကြောင့် စာဖတ်ပရိသတ်ကြီးရေ ကျန်းမာခြင်း ဆုလာဘ်နဲ့ပြည့်စုံပြီး စားချင်တာစားရအောင်နော်၊ ဒါပေမဲ့...**စကြာမင်းသွေးတိုးကျဆေး**တော့ ဆောင်ထားဖို့တော့ လိုလိမ့်မယ်..."

**ကိုရဲ**

---

ပင်ရင်း – **စကြာမင်းဆေးတိုက်**

အမှတ် (၆၆၆)၊ (၈) ရပ်ကွက်၊ သုဓမ္မာလမ်း၊
မြောက်ဥက္ကလာပ။ ဖုန်း – ၆၉၁၀၉၁၊ ၅၂၅၄၁။

---



www.burmeseclassic.com

www.burmeseclassic.com




◆ ဘောဓနုဝိဟာရလိုဏ်အတွင်းမှ သပိတ်ပိုက် ဆွမ်းဘုဉ်းပေးနေသည့်ဟန် ရုပ်ပွားတော်

စစ်ကိုင်း

# ရွှေမင်းဝံရပ်ကွက်မှ ပေါ်တော်မူစေတီ

## နှင့် ထူးဆန်းအံ့ဖွယ်များ (၁)

**စိုးအေးမျိုးပိုင်**
(ပုသိမ်ကြီး၊ ကျောက်သံပတ်မြေ)

စာရေးသူတို့နေထိုင်ရာ စစ်ကိုင်းဌာနေကား ဖူး၍မကုန် ဘွဲ့မျိုးစုံသည့်ပုထိုးစေတီတို့ဖြင့် သပ္ပာယ်လှစွာ တည်ရှိပါသော တိုင်းဒေသကြီးတစ်ခု ဖြစ်ပါသည်။ ထိုဒေသကြီးတွင် **ဆွမ်းဦးပုညရှင်စေတီတော်၊ ဥမင်သုံးဆယ်စေတီတော်၊ ပတ္တမြားစေတီတော်**တို့ကား လူသိများလျက် အထူးပင် ထင်ရှားကျော်ကြားလှပါသည်။ယင်း စေတီတော်များ အားလုံးလိုလိုပင် သမိုင်းစာအုပ်များ၊ MRTV-4 ကဲ့သို့ ရုပ်မြင်သံကြားတို့မှ မကြာမကြာ ထုတ်လွှင့်နေသဖြင့် လမ်းညွှန်စရာ၊ ဖိတ်ခေါ်စရာ မလိုတော့ပါ။

ယခု လမ်းညွှန်ဖိတ်ခေါ် ရေးသားလိုသည်မှာ **ရွှေမင်းဝံရပ်ကွက်ကြီး၏ အရှေ့တွင် တည်ရှိသော ပေါ်တော်မူစေတီတော်များအကြောင်းပင်** ဖြစ်သည်။

ပေါ်တော်မူစေတီတော်များကို တူးဖော် တွေ့ရှိခဲ့သည်မှာ (၁၅)နှစ်တင်းတင်း ပြည့်ခဲ့ပြီ ဖြစ်ပါသည်။ သို့သော် လာရောက် ဖူးမြော်သူ နည်းပါသေးသည်။ ထိုသို့ မထင်မရှား ဖြစ်နေရာမှ ပြီးခဲ့သည့် ဝါခေါင်လပြည့်နေ့(၁–၉–၁၂)က စက်တော်ရာစေတီတော်မှ မိနစ်(၂၀)ခန့်၊ ဝါခေါင်လပြည့်ကျော်(၄)ရက် (၅–၉–၁၂)နေ့တွင် စေတီ(၄)ဆူမှ တစ်ဆူမှ တစ်ဆူသို့ ကူးလူးယှက်သန်းကာ စိန်ဖူးတော်မှ ရောင်ခြည်တော်များ ကွန့်မြူးထွက်ပေါ်လာခဲ့သည် ဟူသော သတင်းကြောင့် ယခုအခါ ဖူးမြော်သူမစဲ တဖွဲဖွဲ လာရောက်လျက် ရှိပါသည်။

ထိုစေတီ ရုပ်ပွားတော်များကို အစဉ်တကျ ဖူးမြော်ပူဇော်နည်းကို ညွှန်ပြပါမည်။ ဦးစွာပထမ ကုလားကျောင်း

www.burmeseclassic.com




◆ ဘုရားအမှူးရှိသော သံဃာတော်တို့ ဆွမ်းဘုဉ်းပေးနေတော်မူကြပုံ

ဂန္ဓကုဋိတိုက်တော်အတွင်း တည်ရှိသည့် သပိတ်ပိုက် ဆွမ်းဘုဉ်းပေးနေတော်မူဟန် ဗုဒ္ဓရုပ်ပွားတော်ကို ဖူးမြော်သင့်ပါသည်။

ဆွမ်းဘုဉ်းပေးနေတော်မူဟန် ဗုဒ္ဓရုပ်ပွားတော်မျိုးကို ပတ္တဟတ္ထမုဒြာဟု ခေါ်ဝေါ်ပြီး ယင်းရုပ်ပွားတော်ကို ဖူးမြော်ကိုးကွယ်သူသည် စားဖွယ်သောက်ဖွယ် ပေါများကြွယ်ဝပြီး စည်းစိမ်ဥစ္စာ ကုံလုံကြွယ်ဝခြင်း၊ ဆုတောင်းပြည့်ခြင်း၊ အင်အားကြီးမားခြင်း၊ တန်ခိုးအာနုဘော် ထက်မြက်ခြင်း၊ အလိုဆန္ဒပြည့်ဝလွယ်ခြင်း၊ မကောင်းသောကြိုဟ်စီးကြိုဟ်နင်းတို့မှ လွတ်ငြိမ်းချမ်းသာခြင်း စသော အကျိုးထူးတရားများ ရရှိကြောင်း ဦးစဝ်ထွန်းမှတ်ဝင်း ရေးသည့် မြန်မာ့ရိုးရာ ပဋိမာသိပ္ပံပညာစာအုပ်တွင် ပါရှိလေသည်။

ဤ ပတ္တဟတ္ထရုပ်ပွားတော်များမှာ မြန်မာနိုင်ငံတွင် အလွန် ရှားပါးပါသည်။ ပုဂံရှိ နံရံဆေးရေးပန်းချီများတွင် တွေ့ရှိရသော်လည်း သပိတ်တော်မှာ သေးငယ်လွန်းလှပါသည်။ ဗိုလ်ဝင်တောင် ကျောက်လိုဏ်ဂူထဲတွင် ဆင်းတုတော်အနေဖြင့် တွေ့ရှိရသည်။ သို့သော် တပည့်သာဝက အခြံအရံနှင့်တကွ မတွေ့ရပါ။

ဤ ပေါ်တော်မူဘုရားတွင်ကား တပည့်သာဝကလေးပါးနှင့်အတူ ဆွမ်းဘုဉ်းပေးနေတော်မူပါသည်။ စာအဆိုနှင့် ပြောရပါမူ ဘုရားအမှူးရှိသော သံဃာတော်တို့ ဆွမ်းဘုဉ်းပေးတော်မူသည်ဟု ဆိုရပါမည်။ ဗုဒ္ဓရုပ်ပွားတော်မှာ ပါးစောင်တော် ပြည့်ဖြိုးလျက် နဖူးတော်ကြီးမားကာ သင်းကျစ်တော် (ဥဏှီသ)မှာ ပမာဏသေးငယ်ပါသည်။

ရဟန္တာလေးပါး ရုပ်ထုတော်တို့မှာလည်း တစ်ဆူနှင့်တစ်ဆူ တူသယောင်ယောင်နှင့် သေသေချာချာ လေ့လာသောအခါမှ ကွဲပြား ခြားနားပါသည်။ ဗုဒ္ဓရုပ်ပွားတော်နှင့်ပတ်သက်၍ အနီးအဝေး ရှုကွက်အမျိုးမျိုးဖြင့် ဓာတ်ပုံရိုက်သောအခါ ပုံသဏ္ဌာန်အမျိုးမျိုး ဖြစ်ပေါ်လျက်ရှိကြောင်းကိုကား မိမိနှင့်တကွ ကင်မရာသမားတိုင်း ပြောဆိုလျက်ရှိကြပါသည်။ ဘုရားအတွင်း နံရံများတွင် ရှားပါးလှသော နံရံဆေးရေးပန်းချီများကို တွေ့ရပါသည်။ ***(ထိုပန်းချီများအကြောင်း သီးသန့် ရေးပါဦးမည်။)***

ပတ္တဟတ္ထမုဒြာ ရုပ်ပွားတော်များကို မိမိတို့၏ နေ့နံဆိုင်ရာ နဝင်းပေါ်ချိန်တွင် လီမွှော်၊ လက်ဖက်၊ ရင်းမာ၊ လင်ပန်း စသော ပစ္စည်းများလှူခြင်း ပညတ်အမည်ကောင်းပစ္စည်းများ ဥပမာ-ဘေးဘယာကျော်အောင် ဗယာကြော်၊ ထပ်ပေါ်အောင် ထောပတ်၊ မူလရာထူးမှ မရွေ့ပြောင်းရလေအောင် ပြောင်းဖူး၊ ရာထူးတည်မြဲအောင် ထန်းလျက်၊ ထန်းရွက်၊ ပြိုင်ဘက်ရန်သူ နောက်ဆုတ်နိုင်စေဖို့ ဆန်ပြုတ်၊ ဝင်မယား



www.burmeseclassic.com

www.burmeseclassic.com

မကွဲမကွာရအောင် လင်ပန်း၊ လက်ဖက်၊ လူမျိုးခြားများနှင့်ရင်ဆိုင်သော် တရုတ်စံကားပွင့်သုပ်, ကုလားပဲပြုတ်၊ ယင်းတို့အား မှီခိုပေါင်းသင်းရသော် တရုတ်နံနံပင်, ကုလားထိုင်ခုံ, ကုလားပဲပင်ပျိုးတို့ကို လှူပါ။

ကြိုးဟ်စီးကြိုးဟ်နင်း မကောင်းသော်ယာဂု(ရာဟု)လှူရခြင်း၊ ကိတ်မုန့်လှူခြင်း(ကိတ်)၊ တြင်းပြုတ်၊ နဝင်းပြုတ်၊ တြင်းသုဉ်းနဝင်းသုဉ်းရှိခဲ့သော် ဆန္ဒင်းမကောင်းလှူခြင်းများ ပြုလုပ်ရပါမည်။

ထိုသပိတ်ပိုက်ဘုရား၏ အနောက်ဘက်တွင် **"အပရာဇိတရွှေပလ္လင်ကို သင်ပိုင်ဆိုင်ကြောင်း သက်သေကား အဘယ်မှာနည်း"** ဟု လက်နက်မျိုးစုံ ဆွဲကိုင်ထားသော စစ်သည်ဗိုလ်ပါမျိုးစုံနှင့် ချီတက်လာသော မာရ်နတ်မင်းက မေးသောအခါ ထက်ဝယ်ပလ္လင်ပေါ်တွင် လက်ဝဲတော် ဖြန့်ထားခြင်းဖြင့် ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိ၊ ရဲရင့်တည်ကြည်ခြင်းကို ပြသတော်မူကာ **"ဝေဿန္တရာမင်းကြီးဖြစ်စဉ်က ဤမဟာပထဝီမြေကြီးသည် လှုပ်ခတ်ခဲ့ခြင်းကား သက်သေပေတည်း"** ဟူ၍ မိမိအတွက် သက်သေဖြစ်သော မဟာပထဝီမြေကြီးကို ညာဘက်လက်တော်ဖြင့် သက်သေအဖြစ် ညွှန်ပြဟန် ဘူမိဖဿမုဒြာပုံ ဆင်းတုတော်တစ်ဆူကို ဖူးတွေ့ရပါသည်။

ဤသို့သော ဆင်းတုတော်ရှေ့တွင် အမှုအခင်း တရားတပေါင် ရင်ဆိုင်ရသောသူတို့သည် အဓိဋ္ဌာန်ပြု ပုတီးစိပ်ခြင်း၊ တရားဓမ္မ ပရိတ်ဒေသနာတော်တို့ဖြင့် ရွတ်ဖတ်ပူဇော်ခြင်းများ၊ သပြေညွန့်လှူခြင်း၊ အမှိုက်သရိုက်လှည်းကျင်းခြင်း၊ စွန့်ခြင်း၊ ပေါင်းမြက် သုတ်သင်ခြင်းများ၊ တံမြက်စည်းလှူခြင်း၊ လှည်းရန်နိုင်(ရံတိုင်)သားကို ပုတီးချိတ်စင်



ဘူမိဖဿမုဒြာပုံပါ ရုပ်ပွားတော်




အာရုံခံအတွင်းရှိ ဆွမ်းခံ ကြွတော်မူဟန် ဒီပင်္ကရာရုပ်ပွားတော်

အဖြစ် လှူဒါန်းခြင်းများ ပြုလုပ်သင့်ပါသည်။

ထိုဆင်းတုတော်မှာ အရှေ့ဘက်သို့ မျက်နှာပြုလျက် တည်ရှိတော်မူပြီး မျက်လုံးတော်နှင့် မျက်ခုံးတော် ဝေးကွာခြင်း၊ သင်းကျစ်တော်(ဥဏှီသ) သေးငယ်ပြီး ဆံစုတော်ကို ရွဲလုံးသဏ္ဌာန်ဖြင့် ပုံဖော်ခြင်း၊ ထိပ်လည်ဆံစုပိုင်းပေါ်တွင် မှန်ကင်းတော် တပ်လျက်ထားခြင်းတို့ကြောင့် ညောင်ရမ်းခေတ်လက်ရာဖြစ်ကြောင်း သမိုင်းပညာရှင်များက မှတ်ချက်ပြုကြပါသည်။

ဆင်းတုတော်အပေါ်မှ စေတီတော် တည်ထားပြီး ရှေ့၊ တောင်၊ မြောက်တို့တွင် ဝင်ရောက် ဖူးမြော်ဖို့ရာ မုခ်လိုဏ်သုံးခုထားရှိပြီး အနောက်ဘက်မုခ်ကို အာရုံခံမုခ်အနေဖြင့်သာထားပြီး တိုးလျှိုပေါက်(လူဝင်ပေါက်) ဖောက်မထားသည်ကို တွေ့ရပါသည်။

ထိုစေတီတော်မှ မြောက်ဘက်တွင် လေးမျက်နှာဘုရားတစ်ဆူ ရှိပါသည်။ အပေါ်ပိုင်း အရပ်ရှစ်မျက်နှာတိုင်းတွင် အထက်အောက်၌ မုခ်လိုဏ်ငယ်သုံးခုစီပါပြီး (၈)မျက်နှာဖြစ်၍ (၂၄)ခုပါ ရှိပါသည်။

ကျွန်ုပ်တို့ ဂေါတမဘုရားလောင်းလေးသင်္ချေနှင့် ကမ္ဘာတစ်သိန်း ပါရမီဖြည့်ခဲ့စဉ်က **"သင်လည်း ဘုရားကေန် ဖြစ်မည့်သူတည်း"** ဟု ဗျာဒိတ်စကား မိန့်ကြားတော်မူခဲ့သော ဘုရားရှင်ပေါင်း နှစ်ကျိပ်လေးဆူ(၂၄)ဆူကို ရည်ရွယ်၍ တည်ထားတော်မူခြင်း ဖြစ်ပါသည်။

တချို့ကလည်း ပဋ္ဌာန်း၂၄ ပစ္စည်းကို ရည်ညွှန်းသည်ဟူ၍ လည်းကောင်း၊ ဘုရားဂုဏ်တော်(၉)ပါး၊ တရားဂုဏ်တော်(၆)ပါး၊ သံဃာ့ဂုဏ်တော်(၉)ပါး ပေါင်း(၂၄)ပါး ဂုဏ်တော်များကို ရည်



www.burmeseclassic.com

www.burmeseclassic.com




◆ လေးမျက်နှာစေတီလိုဏ်အတွင်းမှ
ဆွမ်းဘုဉ်းမပေးမီ ထိုင်၍
တရားဟောတော်မူဟန်(အရှေ့ဘက်)




◆ လေးမျက်နှာစေတီလိုဏ်အတွင်းမှ
ဆွမ်းဘုဉ်းမပေးမီ ထိုင်၍
တရားဟောတော်မူဟန်(အနောက်ဘက်)

ညွှန်းထားသည်ဟူ၍ လည်းကောင်း၊ ဗုဒ္ဓံသရဏံဂစ္ဆာမိ၊ ဓမ္မံသရဏံဂစ္ဆာမိ၊ သံဃံသရဏံဂစ္ဆာမိ ဟူသော အရိယသာဝိတ္တိခေါ် သရဏဂုံဂါထာတော် မြတ်၌ပါသော အက္ခရာပေါင်း(၂၄)လုံးကို ရည်ညွှန်းသည်ဟူ၍ လည်းကောင်း ဆိုကြပါသေးသည်။

မည်သို့ပင်ဖြစ်စေကာမူ ရည်ရွယ်ချက် အားလုံးပင် ကောင်းမွန်သည်ပင်ဖြစ်၍ အားလုံးပင် အမှန်ဟု ယူဆနိုင်ပါသည်။ လောကီဆရာတို့ အလိုအားဖြင့် **"ဥုံ, တံ, သဝိတု, ဝရေဏီယံ, ဘဂ္ဂေါ, ဒေဝဿ, ဓီမဟိ, ဓိယော, ယော, နော, ပစောဒယေ"** ဟူသော လောကီသာဝိတ္တိဂါထာတော်မြတ်တွင်လည်း အက္ခရာ(၂၄)လုံး ပါရှိသဖြင့် ယင်းဂါထာတော်ကို ရည်ညွှန်းသည်ဟုလည်း ယူဆနိုင်ပါသည်။

ဤ လောကီသာဝိတ္တိဂါထာတော်သည် ဝေဒကျမ်း၏ အထွတ်အမြတ်ဂါထာတော်ဖြစ်သည်။ ယင်းစေတီတော်၏ အရှေ့ဘက်၊ အနောက်ဘက် မှခ်လိုဏ်အတွင်းရှိ ရုပ်ပွားတော်မြတ်နှစ်ဆူမှာ ထိုင်ခုံတော်(ပီဌာသန)ပေါ်တွင် ထိုင်နေတော်မူလျက် ဘယ်လက်တော်ဖြင့် သပိတ်တော်ကို ကိုင်တော်မူလျက် ညာဘက်လက်တော်ကို ရင်အုပ်တော်ဘေးမှ လက်ခုံတော်ကို အပြင်ဘက်တွင် ဖြန့်တော်မူကာ တရားဟောတော်မူဟန် ရုပ်ပွားတော်မြတ်ဖြစ်ပြီး အလွန်ပင် ရှားပါးလှသောလက်ရာတစ်ခု ဖြစ်ပါသည်။

တောင်ဘက်၊ မြောက်ဘက်အာရုံခံအတွင်းတွင်မူ ညာလက်တော်ကို ရင်အုပ်တော်ပေါ်တွင် မှောက်လျက်ထားကာ ညာလက်တော်ဖြင့် သင်္ကန်းစကို ကိုင်ထားတော်မူဟန်၊ ဝေနေယျသတ္တဝါအပေါ်တို့အား ရင်ဝယ်ထား၍ သနားတော်မူဟန် မဟာကရုဏာမုဒြာ ရုပ်ပွားတော်များ ဖြစ်ကြပါသည်။

ဤသို့သော စေတီတော်၊ ရုပ်ပွားတော်ရှေ့တွင် ဆုတောင်း အဓိဋ္ဌာန်ပြုခြင်း၊ အခက်အခဲ အကျပ်အတည်းများကို ကျော်လွှား လွတ်မြောက်စေဖို့ ရည်သန်လျက် ဆွမ်း၊ ကွမ်း(ကွမ်းယာ)၊ ပန်း၊ ရေချမ်း၊ အလင်းတိုင်၊ အမွှေးတိုင်၊ ထီး၊ တံခွန်၊ ကုက္ကား၊ မုလေးပွား၊ အုန်း၊ ကံ့ကော်၊ သပြေ၊ မြေဇာ၊ ရေပြည့်အိုးငယ်၊ ကြာစိုက်အိုး(ကြာသွတ်အိုး)တို့ကို မိမိတို့၏ စွမ်းနိုင်သမျှ အားလုံးဖြစ်စေ၊ တချို့တစ်ဝက်, တစ်စိတ်တစ်ဒေသဖြစ်စေ လှူဒါန်းခြင်း၊ [ပဋ္ဌာန်း ၂၄ ပစ္စည်းနှင့် ဗုဒ္ဓဂုဏ်တော်(၉)ပါး၊ ဓမ္မဂုဏ်တော်(၆)ပါး၊ သံဃာ့ဂုဏ်တော်(၉)ပါးတို့ကို ရွတ်ဖတ်ခြင်း၊ ပုတီးစိပ်ခြင်းများကိုပြုလုပ်သင့်သည်။]

ဗုဒ္ဓလောင်းလျာအား ဘုရားဖြစ်မည့်သူဟု သတ်မှတ် မိန့်ကြားခြင်းခံရသကဲ့သို့ မိမိကိုယ်တိုင်လည်း အောင်မြင်မှုသရဖူဆောင်းမည့်သူဟု ကံအကျိုးပေးတူစွာ သတ်မှတ်ခံထားရမည်။ ကရုဏာမုဒြာပုံတော်ပါ ရုပ်ပွားတော်၌ ကိန်းဝပ်တည်ရှိခဲ့သော ကရုဏာတရား၏ အထွတ်အထိပ်ရောက် ပြီးမြောက်ခြင်း(ရသ)မှာ ဆင်းရဲဒုက္ခကို ပယ်ခြင်းဖြစ်၍ ဗုဒ္ဓ၏ ကရုဏာတော်က မိမိ၏ ကိုယ်စိတ်ဆင်းရဲခြင်းဒုက္ခတို့ကို ဖယ်ရှားပေးပါလိမ့်မည်။


ဆွမ်းဘုဉ်းမပေးမီ ငြိမ်းချမ်းသော တရားတော်ကို ဟောသော ရုပ်ပွားတော်က ဆင်းရဲဒုက္ခကို ကင်းပျောက်လျက် ငြိမ်းပျော်ရွှင်မှုကို ပေးပါလိမ့်မည်။ ယင်း စေတီတော်၏ အရှေ့မြောက်ယွန်းယွန်းရှိ အာရုံခံအတွင်းတွင် ညာလက်



www.burmeseclassic.com

www.burmeseclassic.com



◆ လိုဏ်သံထွက်ပေါ်ရာ မွေရုံနှင့် အလိုတော်ပြည့်စေတီတော်

အလိုတော်ပြည့်စေတီတော်လိုဏ်အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မှ ▶

တော် ဖြင့် သပိတ်တော်ကို ပွေ့လျက် ဘယ်ဘက်လက်တော်ကို သက်နှံးတော် အစွန်းအနားတွင် ချထားတော်မူဟန် မတ်ရပ်ရုပ်ပွားတော်တစ်ဆူနှင့် ဘယ် လက်ဝဲတော်ဖြင့် သပိတ် စသော လှူဖွယ်တစ်မျိုးမျိုးကို ခံယူတော်မူပြီး ညာလက်တော်ကို ချထားတော်မူဟန် ရဟန္တာနှစ်ဆူတို့ကို အတူ တွေ့ရှိရပါသည်။

ဗုဒ္ဓဆင်းတုတော်နှင့် ရဟန္တာမထေရ်မြတ်တို့၏ လက်တော်အနေအထားမတူညီပုံကို လည်းကောင်း၊ ဗုဒ္ဓဆင်းတုတော်မှာ လေးမျက်နှာဘုရားအတွင်းရှိ ဗုဒ္ဓဆင်းတုတော်နှင့် လက်တော်အနေအထား ပြောင်းပြန်ဖြစ်နေပုံကို လည်းကောင်း ထူးခြားစွာ ဖူးတွေ့ရပါသည်။

သပိတ်တော်ပိုက်လျက် ဆွမ်းခံကြွဟန် ဘုရားမှန်သမျှကို ရှေးက ဒီပင်္ကရာဘုရားဟု ခေါ်ဝေါ် သတ်မှတ်ကြသည်။ ကျွန်ုပ်တို့ မြတ်စွာဘုရားလောင်း သုမေဓာရသေ့သည် ဆွမ်းခံထွက်တော်မူသော ဒီပင်္ကရာဘုရားရှင်အား မိမိကိုယ်ကို တံတားခင်းလျက် ဘုရားဆုပန်တော်မူခဲ့ပါသည်။

ထို့ကြောင့်ပင် **"ဘုရားဆုပန်ခြင်းအစ တံတားခင်းခြင်းက"**ဟု ဆိုရိုးပြုခဲ့ကြပါသည်။ ဤပေါ်တော်မူ ရှေးဟောင်း စေတီတော်မြတ်ထဲက ဒီပင်္ကရာရုပ်ပွားတော်များကို ဆင်းတုတော်အဖြစ်ဖြင့် လည်းကောင်း၊ နံရံဆေးရေးပန်းချီအနေဖြင့် လည်းကောင်း များစွာ ဖူးတွေ့ရပါသည်။

ထို့ကြောင့်ပင် ရှေးက ဤကုန်းတော်အား ဒီပင်္ကရာကုန်းတော်ဟု လည်းကောင်း၊ ဒီပင်္ကရာဘုရားဝိုင်းဟူ၍ လည်းကောင်း ခေါ်ဝေါ်ခဲ့ကြကြောင်း ကြားသိရပါသည်။ (၂၈)ဆူဘုရားများ ဒီပင်္ကရာရုပ်ပွားတော်များကို ညောင်ရမ်းခေတ်တွင် အထူးတလည် ဆန်းဆန်းကြယ်ကြယ် လှူတတ်ကြကြောင်း၊ အထူးသဖြင့် မွန်တိုင်းရင်းသားက လှူတတ်ကြကြောင်း ဒေါက်တာသန်းထွန်းက ဆိုသဖြင့် ညောင်ရမ်းခေတ်ကို တစ်ခန်းရပ်စေခြင်းမှာ မွန်တိုင်းရင်းသားတို့ သိမ်းပိုက်ခြင်းဖြစ်သည့်အတွက် ညောင်ရမ်းခေတ်လက်ရာဟု မှန်းဆနိုင်ပါသည်။

ဤကဲ့သို့သော ရုပ်ပွားတော်ရှေ့တွင် ကြာဖူးကြာပွင့်များ၊ ပန်းနှံ့သာအမွှေးအထုံများဖြင့် ပူဇော်သင့်ပါသည်။ အထူးသဖြင့် တူနှစ်ကိုယ် ရွှေလက်တွဲလိုသော လူငယ်စုံတွဲများ၊ တူနှစ်ကိုယ် ဂဟေဆက်ဖို့ သစ္စာထားလိုသော လူငယ်မောင်မယ်များ ပို၍ ဖူးမြော်သင့်လှပါသည်။

အဘယ်ကြောင့်ဆိုသော် ဒီပင်္ကရာဘုရားရှင်တော်ရှေ့တွင် သုမေဓာဘုရားလောင်းတော်သည် ပါရမီဖြည့်ဖက်၊ ကြင်ရာဖက်ဖြစ်သော ယသော်ဓရာလောင်း သုမိတ္တာအမျိုးသမီးနှင့် ပါရမီကူညီ ဖြည့်စွက် ကြင်ရာဖက်အဖြစ်ဖြင့် သစ္စာနှံ့ခဲ့ကြသည် မဟုတ်ပါလော။

ယင်းတို့၏ ဆုထူးပန်သစ္စာ အဓိဋ္ဌာန်သည် လေးသင်္ချေနှင့် ကမ္ဘာတစ်သိန်းတိုင် မကွဲမကွာ မြဲနိုင်ခဲ့သည် မဟုတ်ပါလော။ ဘုရားလောင်းသုမေဓာနှင့် ကြင်ဖက်ယသော်ဓရာတို့ ဆုပန်နေကြ




www.burmeseclassic.com

www.burmeseclassic.com




◆ ဗုဒ္ဓ၏ လက်ဝဲခြေတော်ရာ

◆ ဓာတ်တော်ရာလိုဏ်အတွင်းရှိ နံရံဆေးရေးပန်းချီ




ဟန်ပန်းချီကို သပိက်ပိုက်ဘုရား အနောက်ဘက်နံရံတွင်တွေ့နိုင်ပါသည်။

တချို့က ကြာပွင့်ကြာဖူးသည် ရာသီပန်းဖြစ်၍ ရဖို့ မလွယ်ကူသောကြောင့် မုန့်လင်မယား၊ သစ္စာပန်း၊ နေကြာစေ့ ထုပ်တို့ဖြင့် ပူဇော်ပေးဖို့ လမ်းညွှန်ကြပါသေးသည်။ ယင်း အာရုံခံရှေ့တွင် ရှေးဟောင်းစေတီတော်ရာတွင် တည်ထားသော အလိုတော်ပြည့် လောကချမ်းသာစေတီတော် တည်ရှိပါသည်။

ထိုစေတီတော်မှာ ရွှေမင်းဝံရပ်ကွက်သူ၊ ရပ်ကွက်သားများနှင့် ထိုစဉ်က အနောက်မြောက် တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်စိုးတို့ ပါဝင် ကုသိုလ်ပြုခဲ့သော စေတီတော်မြတ်ဖြစ်ပါသည်။ ထူးခြားချက်မှာ စေတီတော်မုခ်ကို အရှေ့ဘက်သို့ လှည့်ထားခြင်းပင် ရှေးက ဆိုရိုးစကားမှာ...

'ရှေ့ဘက်မုခ်ပြင် လိုဏ်ဂူယှဉ်၊ ခေါ်တွင်အရိယ။

မြောက်ဘက်တစ်မူ ဗိဇ္ဇာဂူ ပေါက်ဂူခေါ်တစ်ဝ။

နောက်ဘက်တွင်ကား လိုဏ်ဂူထား နဂါးဂူဟူ၍ပြ'

ဟူသည်နှင့်အညီ ရှေ့ဘက်သို့ မုခ်လိုဏ်လှည့်လျှင် **အရိယာဂူ၊** မြောက်ဘက်လှည့်လျှင် **ဝိဇ္ဇာဂူ** (သို့မဟုတ်) **ပေါက်ဂူ၊** အနောက်ဘက်လှည့်လျှင် **နဂါးဂူ**ဟု သတ်မှတ်ထားကြသည်။

ဗုဒ္ဓဝင်၌ တောထွက်တော်မူသော အလောင်းတော် သိဒ္ဓတ္ထမင်းသား ရဟန်းတော်သည့် ပဏ္ဍဝတောင်ခြေရှိ အရှေ့ဘက်သို့ လှည့်သောဂူ၌ သီတင်းသုံးတော်မူ၏ဟု ဆိုထားသဖြင့် ဘုရားအလောင်းတော် စသော အရိယာတို့ သီတင်းသုံးခဲ့ခြင်းကြောင့် အရိယာဂူဟု ခေါ်ပုံ...

မြန်မာနိုင်ငံသည် တောင်ကျွန်း တွင် ပါနေသဖြင့် ကျောက်သံပတ္တမြားစသော သံလိုက်ရပ်ဝန်းတို့ ပေါင်းဆုံစုဝေးရာ ဓာတ်အပေါင်းတို့ ဆွဲငင်ရာ ထောက်ပံ့ပေးရာဖြစ်သော မြင်းမိုရ်တောင်သည် မြောက်အရပ်တွင် ရှိသောကြောင့် လုပ်ရတ်လမ်းကို စီရင်သော ဝိဇ္ဇာမှန်သမျှ ယင်းမြောက်လှည့်ဂူတွင် အစီအမံများ ပြုလုပ်တတ်၍ ဝိဇ္ဇာဂူခေါ်ပုံ၊ မြင်းမိုရ်တောင်၏ အနောက်မျက်နှာ၌ နဂါးများနေကြခြင်းကို အစွဲပြု၍ နဂါးဂူဟု သတ်မှတ်ကြကြောင်း သိရှိနိုင်သည်။

ယခု အလိုတော်ပြည့်စေတီတော်ရှိ မုခ်လိုဏ်ဂူကား အရိယာဂူဟု သတ်မှတ်ရမည် ဖြစ်ပေသည်။ ဤသို့ လိုဏ်မုခ်ပါသော စေတီတော်မျိုး၌ အဓိဋ္ဌာန်ဖြင့် ပုတီးစိပ်ခြင်း၊ ကုန်းနေရေနေ သတ္တဝါတစ်မျိုးမျိုးကို အသားစားရှောင်ဖို့ အဓိဋ္ဌာန်ပြုခြင်း၊ ဝိပဿနာကမ္မဋ္ဌာန်းများ စီးဖြန်းပွားများခြင်း စသော ကုသိုလ်တရားများကို ပြုလုပ် အားထုတ်သင့်ပါသည်။

ထို့ထက် အလွန် ညွှန်ပြစရာ ရှိပါသေးသည်။ ထိုအရာကား တခြား

www.burmeseclassic.com

မဟုတ်ပါ။ အလိုတော်ပြည့်စေတီတော်၏ `အရှေ့ဘက်ကပ်လျက်ရှိ မှာရုံ အဆောက်အအုံပင် ဖြစ်သည်၊ထိုမှာရုံ အတွင်းလက်ခုပ်တီးခြင်း၊ စကားပြောဆိုခြင်းများ ပြုလုပ်သောအခါ အထက်မျက်နှာကြက်တွင် လိုဏ်သံ၊ ပဲ့တင်သံတို့ ပေါ်ထွက်လာခြင်းပင် ဖြစ်သည်။

ထိုပဲ့တင်သံမှာ အခြားပဲ့တင်သံများနှင့် မတူဘဲ သံစာတ်ပါသော သံပြားတစ်ခုကို ရိုက်၍ ပြန်ထွက်လာသော အသံနှင့် တူနေပါသည်။ အောက်တွင် ဖို့မြေတွင် လိုဏ်ပါခြင်းကြောင့်လည်း မဖြစ်နိုင်၊ အောက်မှ လိုဏ်သံထွက်လျှင် အောက်ခြေ ဘေးပတ်လည်တွင် အသံပေါ်ပေါက်နိုင်သည်။

မြစ်ကမ်းနံဘေးတွင် ရေသိမ်သမုတ်ခဲ့သောနေရာများတွင် ရေကြောင့် လိုဏ်သံ ထွက်ပေါ်နေတတ်ကြောင်း ကြားသိဖူးသည်။ ယခုထွက်ပေါ်နေသော နေရာအနီးတွင် အမြဲတမ်း စီးဆင်းနေသော ချောင်းမြောင်းလည်း မရှိပေ၊ တောင်ကျချောင်းတစ်ခု (၁၅) ပေလောက်တွင် ရှိနေသော်လည်း ဤနေရာတွင် မစီးဆင်းဘဲ မြောက်ဘက်သို့ တိုက်ရိုက် စီးဆင်းသွားသည်။

လိုဏ်သံတို့သဘောမှာ မိမိ၏ အသံက ကျယ်ပြန့်သော သွားခြင်းသဘော၊ ကိုယ်အသံက ချက်ချင်းလက်ငင်း ပဲ့တင်ပြန်လာခြင်းသဘောပင် ဖြစ်၍ ဤသို့သော ဘုရားများတွင် ကုသိုလ်ပြုဆုတောင်းအဓိဋ္ဌာန်လျှင် မကြာမတင် အကျိုးပေးတတ်ကြောင်း ကြားသိဖူးပါသဖြင့် လာရောက် ကုသိုလ်ပြုလှူညီပါ။ အဓိဋ္ဌာန်ပြု ဆုတောင်းပါဟု တိုက်တွန်းပါသည်။

ထိုမှာရုံမှ အရှေ့သို့ လှမ်းမျှော်ကြည့်ပါက မြင့်ချည်၊ နိမ့်ချည်၊ ငုပ်ချည်၊ ပေါ်ချည်ဖြင့် အိန္ဒိယနိုင်ငံ ဟိမဝန္တာ



• စက်တော်ရာလိုဏ်အတွင်းရှိ နံရံဆေးရေးပန်းချီ

• စက်တော်ရာလိုဏ်အတွင်းရှိ နံရံဆေးရေးပန်းချီ



တောင်တန်းနှင့် ပေါင်းဆုံသွားအောင် ရှည်လျားသည်ဆိုသည့် မင်းဝံတောင်တန်းကြီးရှိသည်။

ဤ တောင်တန်းတစ်လျှောက်တွင် ဘုရားလောင်းဝံမင်း (တချို့က)ပုဂံတွင် တေပါးမင်း (မင်းမျိုးမဟုတ်သူ)အဖြစ် စိုးစံသွားသော တောင်သူကြီး မင်းလောင်း ဝံမင်းဘဝဖြင့် ကျက်စားခဲ့သော တောင်တန်းဖြစ်ခြင်းကြောင့် အမည်ကို ပြောင်းပြန်လွှဲကာ မင်းဝံတောင်တန်းဟူ၍ လည်းကောင်း၊ တချို့ကမူ ကျန်စစ်သားမင်းသည် စောလူးမင်း၏ ရာဇဝတ်ဒဏ်ဖြင့် စစ်ကိုင်းဘက်သို့ ပြေးဝင် ခိုအောင်းခဲ့သောကြောင့် မင်းဝင်ဟု လည်းကောင်း၊ စောလူးမင်းမရှိသည့်နောက် ရမန်ကန်းအား ပြန်လည် တွန်းလှန်ဖို့ မုဆိုးစဉ့်ကဲ့သို့သော သူရဲကောင်းများက ရှာဖွေစည်းရုံးလျက် ဗိုလ်ခံဝင်ခဲ့ရာ တောင်တန်းဖြစ်၍ မင်းဝံတောင်ဟု ခေါ်ကြောင်းလည်း ဆိုကြသေးသည်။

**ရှေ့လ ဆက်ဖတ်ပါရန်**

**အိမ့်မှူးပိုင်**
**(ပုသိမ်ကြီး၊ ကျောက်သံပက်မြို့)**



www.burmeseclassic.com

www.burmeseclassic.com


ကြော်ငြာဆောင်းပါး




# ကျားမှန်လျှင် အားသန်ရအောင်
# ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ်

တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/ ၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ဝင်ပန်းထူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့တုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညှိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ဧည့်သည်လဲပါလာတာကိုး၊ ကဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ကဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ အိပ်လဲမိုးမိုးမှိန်သောကဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ ကိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မေထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောပဟ္ဘမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုက်ခါတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောပြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညှိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညှိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရှင်လန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဥ့်ဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလတ်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးဝညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

| ဆေးထုတ်လုပ်ပင်ရင်း | ဆေးပြန့်ချိရေး - ပြည်စိုး ဆေးကုဌာန |
|---|---|
| အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊ (၇၁) ရပ်ကွက်၊ဒဂုံမြို့သစ်(တောင်ပိုင်း) | အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့ |




www.burmeseclassic.com

www.burmeseclassic.com

မော်လမြိုင်မြို့မှ ကျော်လေးကျော်


# တောင်လေးလုံးဆရာတော် (၁)

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

## နိဒါန်း

မော်လမြိုင်မြို့ မြေနီကုန်းရပ်ကွက်ရှိ ဖိနရက္ခိတကျောင်းသို့ ဝင်ရောက်သွားသောအခါ ဦးပဏ္ဍိတကိုအဆင့်သင့်စွာ ဖူးတွေ့ရသည်။

လွန်ခဲ့သော နှစ်ပေါင်းသုံးဆယ်ကျော်က အဆောင်နည်းပြ ဆရာဦးမျိုးသိန်းအဖြစ် စတင် သိကျွမ်းရာမှ မြန်မာ သံတူရိယာများ လိုက်စားခြင်း ဝါသနာတူသဖြင့် ရင်းနှီးခဲ့ကြသည်။ "ငါ အသက်(၆၀)ပြည့်ရင် ရဟန်းဝတ်မယ်"ဟု ပြောလေ့ရှိသည့်အတိုင်း အသက်(၆၀)ပြည့်သော နေ့တွင် ဦးပဏ္ဍိတအဖြစ် ဖူးတွေ့ရလေသည်။



● တောင်လေးလုံးဆရာတော် အရှင်နာဂသေနာဘိဝံသပုံတော်

ဦးပဉ္ဇင်းက ကျောင်းတုန်းက မိတ်ဆွေများအကြောင်း၊ အဆောင်အကြောင်း စသည်ဖြင့် ရှေးဟောင်းနှောင်းဖြစ်များကို အားပါးတရပြောဆိုမိန့်ကြားတော်မူသည်။

'မင်း... ကျောင်းမရောက်ဖြစ်တာကြာပြီပေါ့'

'တင်ပါ့ဘုရား နှစ်ပေါင်း(၂၀)ကျော်ပြီထင်ပါရဲ့'

'နာဂဝံသစမ်းကူးတံတား ဆောက်တာကော မှတ်မိသေးလား'

'အဲဒီအချိန်က တက္ကသိုလ် အနုပညာအသင်းမှာ ဂီတနည်းပြ ပြုလုပ်နေတဲ့အချိန်မို့ တံတားဆောက်တာတော့ သိလိုက်တယ်။ တောင်လေးလုံး ဆရာတော်လှူတယ် ပြောကြတာပဲ။

တက္ကသိုလ် ကျောင်းသားတွေ၊ ဆရာ,ဆရာမတွေ စုပေါင်းပြီး ကျောင်းကန်ဘုရားတွေမှာ လှူဒါန်းတဲ့ကမ္ပည်းတွေတော့ မကြာခဏ တွေ့ရပါတယ်။

ဆရာတော်တစ်ပါးက တက္ကသိုလ်မှာ လာလှူတာတော့ အဲဒီတစ်ကြိမ်ပဲ ကြားဖူးတယ်'

'တောင်လေးလုံး ဆရာတော်က ရသမျှ ဝတ္ထုပစ္စည်းတွေကို သိုလှောင်သိမ်းဆည်းထားလေ့ မရှိဘူး။ ရက်ရက်ရောရော ပေးကမ်း စွန့်လှူပစ်တာပဲ။ စာသင်သားဘဝကတည်းက ရသမျှလှူပစ်ခဲ့ပြီး ကျောင်းထိုင်ဆရာတော်ဘဝရောက်တော့ ဆရာတော်ရဲ့အလှူဝတ္ထုပစ္စည်းတွေက အင်မတန်နဲ့များပြား



www.burmeseclassic.com

www.burmeseclassic.com

တယ်။

ကျမ်းတွေပြုပြီးရင်လဲ အကုန်လှူပစ်တာ။ ဥပမာ ဓမ္မာစရိယလက်သုံးကျမ်း ရိုက်ပြီးတာနဲ့ တစ်ပြည်လုံးက ပထမကြီးအောင် ပုဂ္ဂိုလ်တွေကို တစ်အုပ်ကျစီ လှူတယ်။

"**ဆန်းသင်နည်းကျမ်း**" ထွက်တော့လဲ ပထမလတ်တန်းအောင် ပုဂ္ဂိုလ်တွေကို တစ်အုပ်ကျစီ လှူဒါန်းခဲ့တယ်။ ဆရာတော် အဂ္ဂမဟာပဏ္ဍိတဘွဲ့ တံဆိပ်တော်ရပြီးချိန်မှာ လှူပြီးတဲ့ ငွေပမာဏက ငွေကြေးနဲ့ပြောရင် သိပ်မသိသာဘူး။ ရွှေ(၁၀)ပိဿာ ဝယ်လို့ရငွေထက် ပိုတယ်'

'အခုခေတ် သိန်းခြောက်ထောင် ကျော်ပေါ့ဘုရား'

'အေး...ဆရာတော်ရဲ့ အလှူထဲမှာ သူ ပီတိအဖြစ်ဆုံး အလှူသုံးခုရှိတယ်။ သူတောင်းစားရယ်၊ ခွေးရယ်၊ ကလေးရယ်ပဲ'

'ထူးဆန်းလှချည်လား အမိန့်ရှိပါဦးဘုရား'

'အခု ဘူတာရုံဆောက်ထားတဲ့ နေရာမှာ ဟိုတုန်းက သင်္ချိုင်းဖြစ်ခဲ့တာ မှတ်မိတယ်နော်'

'တင်ပါ့... ၂၀၀၃ ခုနှစ်လောက်မှ ကျိုက်မရောလမ်းဘက် ပြောင်းသွားတာပဲ'

'အဲဒီ မြေနီကုန်းသင်္ချိုင်းကို ကိုယ်တိုင်ကြွပြီး သူတောင်းစားတွေကို ဒံပေါက်ကျွေးတယ်။ အလှူတွေမှာလို အသားကို ထမင်းအုပ်ပြီး ကျွေးတာ မဟုတ်ဘူး။ ကြိုက်သလောက်စား၊ စားနိုင်သလောက်စား။ သူတောင်းစားတွေက တော်ပါပြီ ဘုရား... ဝပါပြီဘုရားလို့ ဆိုတော့မှ သိမ်းတယ်။

နောက်အလှူက ဈေးထဲက အမဲရိုး၊ ဆိတ်ရိုး အရိုးပေါင်းစုံ ရသလောက်ဝယ်ပြီး ဆန်ကွဲနဲ့ကျို။ ပြီးရင် ကျိုက်သန်လန်စောင်းတန်းက ခွေးလေခွေးလွင့်အားလုံး ဝဝလင်လင် ကျွေးတယ်။ ဆရာတော်ကိုယ်တိုင် တောင်ဝှေးကိုင်ပြီး ခွေးတွေ အကုန်ဝအောင် ထိန်းပေးတယ်'

'အဲဒါတော့ တပည့်တော် တစ်ခါကြုံဖူးတယ်။ ခွေးတွေ တရုန်းရုန်းနဲ့ အဲဒီကြားမှာ တောင်ဝှေးကိုင်ပြီး အလုပ်များနေတဲ့ ဆရာတော်ကို မြင်ရတော့ ဝိဇ္ဇာဓရဘုန်းကြီးလေလားလို့ အထင်မှားခဲ့သေးတယ်'

'ဘယ်ဟုတ်မှာလဲ ပရိယတ်ရော၊ ပဋိပတ်ပါ ထူးချွန်တဲ့ ဆရာတော်။ နောက်တော့ သူ့ကျင့်စဉ်ကျမ်းတွေ ပြောပြမယ် လေ့လာကြည့်ပေါ့။ နောက်ဆုံးအလှူကတော့ မူကြိုကလေးတွေကို ခေါက်ဆွဲပြုတ်ကျွေးလေ့ ရှိတယ်။

အဲဒီတုန်းက တို့မော်လမြိုင်မှာ "ချဲ" တွေ သောင်းကျန်းတဲ့အချိန် ကလေးတွေ ကျောင်းဆင်းပြီး အိမ်ပြန်ရောက်တော့ "တောင်လေးလုံး ဆရာတော် ချဲပေါက်လို့ ခေါက်ဆွဲပြုတ်ကျွေးတယ်"ဆိုပြီး မိဘတွေကို ပြောပြတယ်။ မိဘတချို့ ဆရာတော်ကို ပြန်လျှောက်တဲ့အခါ ဆရာတော်က ဝမ်းမြောက်ဝမ်းသာ ရယ်တော်မူတယ်'

'ကျော်လေးကျော်လို့ ဘာကြောင့် ခေါ်သလဲ ဘုရား'

'ပထမကျော် လေးထပ်ကွမ်းရလို့ပေါ့ကွာ။

၁။ မွန်လေးအိမ်တော်ရာ အမျိုးသားပရိယတ္တိ ပထမကျော်*(၁၂၈၉ ခုနှစ်၊ သက်တော် ၂၅နှစ်)*

၂။ ရန်ကုန်ချောင်းမြို့ ပရိယတ္တိ သာသနာဟိတ မွှာနုဂ္ဂဟ ပထမကျော်*(၁၂၉၁ ခုနှစ်၊ သက်တော် ၂၇နှစ်)*

၃။ အစိုးရပထမကျော်*(၁၃၀၁ ခုနှစ်၊ သက်တော် ၃၇နှစ်)*

၄။ သာသနာ့ဝေယျာဝစ္စပဝရ ဓမ္မာစရိယ အဂ္ဂမဟာအကျော် *(၁၃၁၀ ပြည့်နှစ်၊ သက်တော် ၄၆နှစ်)*

အဲဒီတုန်းက ပြည်ထောင်စု မြန်မာနိုင်ငံတော် ပါဠိပညာရေးအဖွဲ့ စာချတန်း စာမေးပွဲမှာ ပထမဆုရလို့ "**အဂ္ဂမဟာအကျော်**" ဖြစ်လာပြီး ပါဠိ အဋ္ဌကထာ ဂဏ္ဌိတူး(၆)ကျမ်းပါ တွဲဖက် အောင်မြင်ပြီး ဓမ္မာစရိယ ဘွဲ့ရခဲ့တယ်။ ပရိယတ္တိမှာ အားကျလောက်တဲ့ ပုဂ္ဂိုလ်ပေါ့'

'တောင်လေးလုံးဆိုတဲ့ ဘွဲ့ကမ္ပည်းကကော အရှင်ဘုရား'

'အေးကွ...ဒါတွေ ရှင်းရရင် အချိန်အများကြီး ယူရမယ်။ ကျောင်းတုန်းက ငါတို့ဌာနက ဦးအုံ့ကျော်သိတယ် မဟုတ်လား'

'သမိုင်းဌာနက ဆရာဦးအုံ့ကျော်ကို မသင်ဘူးပေမယ့် မြင်ဖူးပါတယ်'

'သူ တစ်နှစ်ကြာအောင် ရေးရတဲ့ တောင်လေးလုံး ဆရာတော် တစ်ဘဝ သာသနာနဲ့ တောင်လေးလုံးကျောင်းတိုက်များ သမိုင်း၊ ငါ့ဆီမှာ နှစ်အုပ်ရှိတယ်။ မင်း တစ်အုပ်ယူသွားကွာ'

သို့ဖြစ်၍ ဖိနရက္ခိတကျောင်းမှ အရှင်ပဏ္ဍိတခေါ် ဆရာဦးမျိုးသိန်း၏ ကျေးဇူးဖြင့် မော်လမြိုင် တောင်လေးလုံး ဆရာတော်အကြောင်း လေ့လာခွင့် ရခဲ့လေသည်။

---

မူလပဌမတောင်လေးလုံး

ဆရာတော်

---

မူလပထမ တောင်လေးလုံးဆရာတော်မှာ **အရှင်မေဓာဝီ** ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


ဟသ်ာတနှင့် တလုတ်မြို့များကို စားရသော သီရိမဟာရတနာဒေဝီ (ဗဒုံမင်းနှင့် အလယ်နန်းမိဖုရားမှ မွေးသည်။) ဆည်းကပ်ကိုးကွယ်သော ဆရာတော်ဖြစ်သည်။

ဆရာတော်သည် ရသမျှပစ္စည်းများကို ကိုယ်ပိုင်မထားဘဲ စွန့်လှူမြဲဖြစ်၍ အကျင့်သီလမြင့်မြတ်ကြောင်း သိတော်မူသဖြင့် ဗဒုံမင်းက "မုနိန္ဒာဘိလင်္ကာရ သဒ္ဓမ္မဓဇသာမိ မဟာဓမ္မ ရာဇဂုရု"ဘွဲ့တံဆိပ်တော် ဆက်ကပ်ခဲ့သည်။

ဆရာတော် ရဟန်း(၆)ဝါအရ အလောင်းမင်းတရားကြီး နန်းတက်စ ကောဇာ ၁၁၁၆ ခုနှစ်တွင် ဓမ္မနိဗ္ဗိန္ဒ ရှုဖွယ်ကျမ်းကို စတင် *ရေးသားပြုစုတော်မူသည်။ **[ဆရာတော်သည် ရှုဖွယ်ကျမ်းပေါင်း(၃၀)ကျော် ပြုစုခဲ့ရာ နောက်ဆုံးကျမ်းဖြစ်သော တယဉ်ပန်းရှုဖွယ်ကျမ်းကို စစ်ကိုင်းမင်းလက်ထက် ၁၁၈၅ ခုနှစ်၊ သက်တော်(၉၅)နှစ်တွင် ရေးသား ပြုစုတော်မူခဲ့သည်။]**

သက်တော်(၇၃)နှစ်၊ ဝါတော်(၅၃)ဝါအရတွင် သမ္မာဒိဋ္ဌိရှုဖွယ်ကျမ်းကို ပြုစုသည်၊ ထိုရှုဖွယ်ကျမ်းတွင် အိုခြင်းဇရာလည်း တောင်ကြီး(၁)လုံး၊ နာခြင်းဗျာဓိလည်း တောင်ကြီး(၁)လုံး၊ သေခြင်းမရဏလည်း တောင်ကြီး(၁)လုံး၊ ပျက်စီးခြင်း ဝိပတ္တိလည်း တောင်ကြီး(၁)လုံး ဤတောင်ကြီး(၄)လုံး ဖိစီးနှိပ်စက်ခြင်းမှ ကင်းလွတ်ရာ ညွှန်ပြသော တရားတော်ကို နာကြားရသော အကာ့ဒကာမအပေါင်းသည် ဓမ္မအရသာကို ခံစားကြရသည်။

ဆရာတော်ကြီး၏ မူလဘွဲ့ ဦးမေဓာဝီအစား တောင်လေးလုံး ဆရာတော်ဟု ခေါ်ဝေါ်လာကြသည်။ ထို့ကြောင့်ပင်လျှင် ဆရာတော်ကိုယ်တိုင်ပင်လျှင် **(စတုဂိရိ တောင်လေးလုံးဟူသော အမည်နာမဝိသေသကို အလိုလိုရသော ဆရာတော်)**ဟု ရေးသားတော်မူခဲ့လေသည်။



◆ ကြိုကြွဇင်

သက်တော် (၇၀)ကျော်ပြီဖြစ်၍ ဒေသစာရီကြွချီလျက် တရားဓမ္မ ဟောကြားသော အရွယ်မဟုတ်တော့ပြီ၊ အတည်တကျ သီတင်းသုံးတော်မူသင့်သည့်အရွယ်ဖြစ်သည်။ ထို့ကြောင့် အမရပူရနေပြည်တော် ဈေးတော်ကြီးရပ်မှ လူကုံထံများနှင့် အရပ်သူအရပ်သားများက အမရပူရ အနောက်ဘက်ရှေးဟောင်း **"မင်းရွာတိုက်"** ပရိဝုဏ်အတွင်း ဘုံသုံးဆင့် ရွှေကျောင်းကြီးတစ်ဆောင် ဆောက်လုပ်ကာ ဆရာတော်အား လှူဒါန်းသည်။ တောင်လေးလုံးဆရာတော် သီတင်းသုံးသဖြင့် တောင်လေးလုံးကျောင်းတိုက်ဟု ခေါ်လေသည်။

**(ဆရာတော်သည် သမ္မာဒိဋ္ဌိ ရှုဖွယ်ကျမ်းတွင် မိမိကိုယ်တိုင် တောင်လေးလုံး ဆရာတော်ဟု သုံးနှုန်း ရေးသားထားခြင်း ဖြစ်သည်။ ဤကျမ်းမပြုမီကပင် အဆိုပါ တရားကို ဟောကြားခဲ့ရာ တောင်လေးလုံး ဆရာတော်ဟူသော ဘွဲ့ပညတ်မှာ ကျမ်းမပြုမီကာလများကပင် "တွင်"ပြီး ဖြစ်သည်။)**

ဆရာတော်၏ ရှုဖွယ်ကျမ်းများမှ မြန်မာစာ အရေးအသား၊ အသုံးအနှုန်းများမှာ အဓိပ္ပာယ်လေးနက်လှသဖြင့် ဆရာဦးအုံ့ကျော်က အနည်းငယ် ဖော်ပြပေးထားပါသည်။

- ❖ အနိစ္စ ဒုက္ခ အနတ္တဟု ဝေဒိသော ဖြစ်ကာမှုသည် မဟာပုည မဖြစ်တတ်ချေ။
- ❖ သမထ ဝိပဿနာ အားမထုတ်ဘဲ အာပတ်မသင့်ရုံ၊ အကုသိုလ်မဖြစ်ရုံမျှ နေသော ရဟန်းပျင်းကား ဓာတ်စာမျှကိုသာ ရှောင်ကြဉ်စားသုံး၍ ဘေးရောဂါ ပျောက်စေတတ်သည့် ဆေးကို မမှီဝဲသော လူနာကဲ့သို့ ကိလေသာနူနာကြီး မပျောက်နိုင်။
- ❖ အကြင်သူသည် လောကီစည်းစိမ် လောကီချမ်းသာမှုကိုသာ တောင့်တ၍ လွန်ကဲစွာ ဒါနသီလကို အားထုတ်၏။ လုံ့လပြု၏။ ထိုသူသည် ကိုယ်ကိုယ့်ကိုယ်ပင် သံသရာဝဋ်ဒုက္ခ၌ ရှောင်စား၊ ပေါင်နှံသောသူ မည်၏။
- ❖ ယထာဘူတဉာဏ်ဟူသော လောကီ



www.burmeseclassic.com

www.burmeseclassic.com

သစ္စာတော်ကိုမျှ မခံယူလျှင် အစိမ္ပနှယ ဘုရားရှင်၏ ရန်သူတော်အစစ် ဖြစ်သည်။ သာသနိက သမ္မာဒိဋ္ဌိအဖြစ်သို့မျှ မရောက်သောသူ ဖြစ်သောကြောင့် သမ္မာဒိဋ္ဌိပုဂ္ဂိုလ် မဟုတ်။

❖ ယထာဘူတဉာဏ်ဖြစ်ခြင်းသည် အရက်တက်သည်နှင့်တူပြီး ကာလမကြာမြင့်မီ သူရိယမည်သော နေဝန်း တက်ထွန်းပေါ်လာဘိသကဲ့သို့ မဂ်ဉာဏ်ဖိုလ်ဉာဏ် နီးစွာနီးရတော့မည်။ သင့်အား နီးလှပြီ သတိရှိလှပေ။

❖ တစ်နေ့ကိုမျှ ဆင်းရဲခံသောကြောင့် နေ့များစွာ ချမ်းသာရမည်မှန်လျှင် တစ်နေ့အဖို့ ဖြစ်သော ဆင်းရဲကို မကြောက်သာပြီ။

တစ်လမျှ၊ တစ်နှစ်မျှ၊ တစ်ဘဝမျှ ဆင်းရဲခံရသောကြောင့် လများစွာ နှစ်များစွာ ဘဝများစွာ ချမ်းသာရမည်မှန်လျှင် တစ်လ၊ တစ်နှစ် တစ်ဘဝ၌ ဖြစ်သော တဏှာ၊ လောဘ၊ ရာဂကို အလိုမလိုက်သင့်။

အရှည်ကိုမြော်၍ သူတော်တရား၌ နှစ်နှစ်ခြိုက်ခြိုက် ကိုယ့်အသက်ကို စွန့်စား၍ ပျော်ပိုက်သင့်လှသည်။

❖ ငါ၏ အဝိ၊ ငါ၏ အဘ၊ ငါ၏ မယား။ ငါ၏ လင် ဤသို့ထင်စွဲ မြဲမြံ မှတ်ချေလျှင် စာဘူးတောင်းထဲသို့ ကြွက်ဝင်သကဲ့သို့ ထိုအတူ သာသနာတော်သို့ မဟာဗလမ္ဗတ္တက (လူမိုက်ရူးကြီး)ရောက်၍ မွေနှောက်ပြီမှတ်။

ယထာဘူတဉာဏ်စက္ခု မရှိကုန်သော ဗာလမ္ဗတ္တက ပုဂ္ဂိုလ်တို့ အားကြီးလျှင် သာသနာတော် ပျက်စီးလို၍ ဘေးရောက်လာချေပြီဟု သတိကြလေ၊ ကြောက်လည်း ကြောက်ရွံ့ကြလေ။

---

## ပဌမတောင်လေးလုံး

## ဆရာတော် နောက်ဆုံးခရီး

---

တောင်လေးလုံး ဆရာတော် ဦးမေဓာဝီသည် တစ်နေ့တွင် ဒကာများကို ခေါ်၍ **"ငါ အသက်အရွယ် ကြီးပြီ၊ သေခါနီးပြီ၊ ခေါင်းနှစ်လုံး လုပ်ပြီး လာလှူကြ"**ဟု စေခိုင်းသည်။

ခေါင်းနှစ်လုံးပြုလုပ်ပြီး ကျောင်းသို့ ယူလာသောအခါ တစ်လုံးကို သင့်ရာထား၍ ကျန်(၁)လုံးကို ဆရာတော့်အနီးသို့ ယူချပြီး ပြသည်။ ဆရာတော်က နေရာမှ ထကာ…

'နှင်တို့ခေါင်း… ငါနှံ တော်ရဲ့လား'

ဟု ပြောပြောဆိုဆို ခေါင်းထဲ ဝင်အိပ်ကြည့်သည်။ ပြန်ထတော်မမူပြီ။ လျောင်းပြီးသည်နှင့် ဝိညာဉ်ချုပ်ကာ တစ်ဘဝ ဇာတ်သိမ်းတော်မူသည်။

ဒကာများ မှင်တက်မိနေကြစဉ် အာဂန္တုဘုန်းကြီးတစ်ပါး ကြွလာကာ ဆရာတော်၏အလောင်းအနီး သွား၍…

'အင်း…ဒကာကြီးတို့ ဆရာတော်ကြီး ပျံတော်မူလေမှကိုး'

ဟုသာ ပြောဆိုလျက် မျက်စိစုံမှိတ်ကာ ငြိမ်သက်တော်မူနေသည်။ ဒကာများလည်း လက်အုပ်ချီကာ ငြိမ်သက်စွာ နေကြစဉ် အာဂန္တုဘုန်းကြီးက…

'ဩော်…ဟိုမှာလဲ ခေါင်းတစ်လုံးပါလား'

ဟု သွားရောက် ကြည့်ရှုကာ ခေါင်းတွင်းဝင်၍ လျောင်းကြည့်သည်။ ပြန်ထလာတော်မမူချေ။ ဝိညာဉ်ချုပ်၍ ဇာတ်သိမ်းတော်မူသည်။

အာဂန္တုဘုန်းကြီးကား **တောင်လေးလုံးဆရာတော်၏ ညီတော် ဦးမေဓာဝီယ** ဖြစ်လေသည်။

ထို့နောက် စစ်ကိုင်းမင်း (ဘကြီးတော်) လက်ထက် **တောင်လေးလုံးကျောင်း ဆရာတော် ဦးလက်ဘဒီပ** *(ဝိစိတ္တလင်္ကာရ မဟာဝမ္မရာဇဂုရု ဘွဲ့တံဆိပ်ရသည်။)*

ပုဂံမင်းလက်ထက် တောင်လေးလုံး ကျောင်းတွင် **ရွှေမြို့တော် ဆရာဦးဇယဝရ** *(ဇယန္တဝရ ဝံသာဘိဝေ မဟာဝမ္မရာဇဂုရု ဘွဲ့တံဆိပ်ရသည်။)*

မင်းတုန်းမင်း လက်ထက်တွင် **ဦးသာသန** *(နောင်တွင် မော်လမြိုင် တောင်လေးလုံးကျောင်းကို ကြွရောက် အလျှုခံ၍ မော်လမြိုင်တွင်ပင် ပျံတော်မူသည်။)*

ဂျပန်ခေတ်တွင် **ဦးကုဏ္ဍလ** *(ကျောင်း၊ဝင်း၊တွင်း ဝင်ရောက် ဖျက်ဆီးသော ဂျပန်စစ်သားများအား ထိုးကြိတ်ကန်ကျောက် ကိုင်ပေါက်ပစ်သဖြင့် ဂျပန်စစ်သားတို့ ပြာပြာဝဝ ကြောက်ရသောဘုန်းကြီးဖြစ်သည်။)*

ထို့နောက်တွင် တောင်လေးလုံး ကျောင်းတိုက် ဆရာတော် **ဦးပညာဇောတ(ကိုပညာ(အမရပူရ))**က တာဝန်ယူတော်မူခဲ့သည်။ မူလ တောင်လေးလုံး သုံးထပ်ကျောင်းကြီး တည်ရာနေရာသည် ယခု ကားလမ်းဖြစ်နေပါပြီ။

---

## မော်လမြိုင်

## တောင်လေးလုံးကျောင်းတိုက်

---

မော်လမြိုင် တောင်လေးလုံး ကျောင်းတိုက်ကို သစ်သူဌေး ဦးရွှေဂန်း၊ ဒေါ်မဲမတို့က ၃၁-၇-၁၈၆၅ရက်နေ့ ဂရန်ကျသည့်နေ့တွင် မြေရှင်း၊ ပရိတ်တရားတော် ရွတ်ဖတ်၍ စတင်ဆောက်လုပ်သည်။

မော်လမြိုင်တောင်ရိုး ကျိုက်သန်လန်စေတီ၏ အနောက်ဘက်စောင်းတန်း မြောက်ဘက်ကုန်းလျှောတွင် တည်ရှိသည်။

ကျောင်းတိုက်ကို လုံးပတ်(၄)ပေ၊ (၅)လက်မစီရှိသော ကျွန်းတိုင်အလုံး(၄၀)ဖြင့် ထောက်ခံကာ အမြင့်ဆုံးတိုင်မှာ ပေ(၄၀)စီရှိ၍ အနိမ့်ဆုံးတိုင်မှာ (၂၃)ပေ၊ (၃)လက်မ ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



▲ ဆရာတော် အရှင်နာဂသေနာဘိဝံသ ထွန်းဘုဦးသစေင်က ပုံတော်

၁၈၆၇ ခုနှစ်၊ အောက်တိုဘာလတွင် အမရပူရ တောင်လေးလုံး ဆရာတော် ဦးသာသနက (ဒေါ်မဲမ ကြိုတင် ပင့်လျှောက်ထားချက်အရ) ကြွရောက်အလှူခံရာ တောင်လေးလုံး ဆရာတော် သီတင်းသုံးသဖြင့် တောင်လေးလုံး ကျောင်းတိုက်ဟု တွင်လေသည်။

## ကျောင်းဒါယကာ ဇနီးမောင်နှံနှင့် တောင်လေးလုံး ဆရာတော်များ

မော်လမြိုင် တောင်လေးလုံး ကျောင်းဒါယကာ ဦးရွှေဂန်နှင့် ဒေါ်မဲမ တို့သည် ၁၈၂၇ ခုနှစ် သန်လျင် အရေးအခင်းပြီးဆုံးချိန်၌ သန်လျင်မှ မော်လမြိုင်သို့ စစ်ပြေးဒုက္ခသည်များ အဖြစ် ပြောင်းရွှေ့လာကြသူများ ဖြစ်ကြသည်။

(၁-၁၂-၁၈၂၆) ရက်နေ့တွင် စစ်ကိုင်းမင်းလက်အောက်ခံ သန်လျင် မြို့ဝန် သမိန်ပရူး(မောင်စပ်)သည် မြန်မာဘုရင်အား စတင် ပုန်ကန်သည်။ ဒလမြို့ထိန်း မင်းကျော်သီဟ (မောင်ထော်လေး)၊ သမိန်ပရူး၏ ဒုတိယစစ်ဦးစီးချုပ် သမိန်လကွန်းအိမ် (မောင်ငံ)တို့နှင့်အတူ ခေါင်းဆောင်ငယ် မောင်ဘိုးစော၊ မောင်သာယာတို့လည်း ပူးပေါင်း ပုန်ကန်ကြသည်။

၁၈၂၇ ခုနှစ်၊ ဇန်နဝါရီလတွင် မောင်ထော်လေးနှင့် မောင်ငံတို့သည် မောင်စပ်နှင့် သဘောထားကွဲလွဲသဖြင့် ခေါင်းဆောင်ငယ်များ အပါအဝင် နောက်လိုက်အင်အား နှစ်သောင်းနှင့် အတူ လှေအစင်း(၅၀၀)ဖြင့် မော်လမြိုင်သို့ ထွက်ခွာခဲ့ကြသည်။

ထိုစဉ်က မော်လမြိုင်သည် တောကြီးမျက်မည်းဖုံးလွှမ်း၍ ကျား၊ ကျားသစ် တောကောင်ကြီးများ ခိုအောင်းကာ မြို့ငယ်အဖြစ်သာ ရှိခဲ့သည်။

မောင်ထော်လေးတို့ မော်လမြိုင်မြို့သို့ ရောက်သော် တောချုံများ ရှင်းကာ ရပ်ကွက်တည် နေထိုင်ကြသဖြင့် မောင်ထော်လေးနေထိုင်ရာ စစ်ကဲကုန်း၊ မောင်ငံတို့လူစု နေထိုင်ရာ မောင်ငံရပ်၊ သာယာကုန်း၊ ဘိုးစောကုန်း စသည့်ရပ်ကွက်များ ပေါ်ပေါက်လာသည်မှာ ယခုတိုင် ရှိလေသည်။

မရွှေမနှောင်းတွင်ပင် သန်လျင်၊ ဒလ၊ ရန်ကုန်၊ ပဲခူးတို့မှ စစ်ပြေးဒုက္ခသည်များလည်း မော်လမြိုင်သို့ ထွက်ပြေးရောက်ရှိကာ လူနေစည်ကားသော မြို့ဖြစ်လာသည်။

သန်လျင်မှ ရောက်ရှိလာသော ဦးရွှေဂန်၊ ဒေါ်မဲမတို့မှာ မော်လမြိုင်တွင် အလုပ်အကိုင် မည်မည်ရရမရှိဘဲ နှစ်၊ နှစ်ခန့်ကြာသောအခါ ၁၈၂၉ ခုနှစ်တွင် မော်လမြိုင်သစ်လုပ်ငန်း အကြီးအကျယ် ဖွံ့ဖြိုးလာလေရာ ဒေါ်မဲမက သန်လျင်မှ ပါလာသော အတွင်းပစ္စည်းများ ထုခွဲရောင်းချကာ သစ်လုပ်ငန်းကို လုပ်ကိုင်သည်။

ကံ၊ဉာဏ်၊ဝီရိယနှင့် အရင်းအနှီး ပြည့်စုံသော ဒေါ်မဲမသည် အချိန်အနည်းငယ်အတွင်း သစ်ခေါင်းကြီး (သစ်သူဌေး)ဖြစ်လာကာ ထိုမှ ထားဝယ်၊ မြိတ်၊ ပီနန်(မလေးရှားနိုင်ငံ) တို့သို့ ကူးသန်းရောင်းဝယ်သူ ကုန်သည်ကြီး၊ နောက်ပိုင်းတွင် အမရပူရနေပြည်တော်အထိ ကုန်စည် ကူးသန်းကာ မင်းတုန်းမင်းကြီးထံ ပေါက်ရောက်သူ ဖြစ်လာခဲ့လေသည်။

သူတို့ဇနီးမောင်နှံသည် ဘုရားရှင် လက်ထက်တော်က ပုဏ္ဏဝမှနှင့် ဝိသာခါ ဇနီးမောင်နှံကဲ့သို့ ဇနီးသည်က ပေါ်လွင် ထင်ရှားလေသည်။ ဦးရွှေဂန်က အမည်သာခံ၍ ဒေါ်မဲမကသာ ဦးဆောင်လှုပ်ရှားသူ ဖြစ်သည်။

ဒေါ်မဲမက ပေါင်းသင်းဆက်ဆံရေးနှင့် ရောင်းဝယ်မှုတွင် အမြော်အမြင်ရှိလှသည်။ အမရပူရသို့ သွားသောအခါ အဖိုးတန် ဝန်ပေါ့ နိုင်ငံခြားအဝတ်အထည်၊ အမျိုးသမီး အသုံးအဆောင်များ ယူသွားသည်။

ရွှေလ ဆက်ဖတ်ပါရန်

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)



www.burmeseclassic.com

www.burmeseclassic.com



◆ တိမ်ပြာဂမုန်းပင်

# အဖုအကျိတ် အတွက်

## တိမ်ပြာဂမုန်း

၂၀၀၀ ပြည့်နှစ်က ကျွန်တော်၏ ကျောပြင်, လက်ပြင် နှစ်ခုကြားတွင် အကျိတ်အခဲလေးတစ်ခု ဖြစ်ပေါ်လာပါသည်။ ငါးပြားစေ့ ပမာဏခန့် အရွယ်လောက် ရှိပါသည်။ အကျိတ် ဖြစ်ပေါ်သောနေရာမှာ ဘယ်ဘက်လက်ပြင်နှင့် ပိုမို နီးပါသည်။

ထိုအကျိတ်ကနေ နောက်ဆက်တွဲ အကျိုးဆက်အဖြစ် ရောဂါများ ဖြစ်ပေါ်လာမှာကို ကျွန်တော် အထူး စိုးရိမ်နေမိပါသည်။

တစ်ရက်တွင် ဆေးခန်းတစ်ခုသို့ သွားပြရာ ဆရာဝန်များက အမျိုးမျိုး စမ်းသပ် စစ်ဆေးကြ၏။ ဘာမှ စိုးရိမ်စရာမရှိကြောင်း။ ကင်ဆာအကျိတ်, တီဘီအကျိတ် လုံးဝ မဖြစ်နိုင်ကြောင်း။ အပေါ်ယံသာ ဖြစ်ပေါ်နေကြောင်း။ မြင်းဖုလည်း မဟုတ်ကြောင်း။ အကယ်၍ ကိုက်ခဲလာလျှင်လည်း ခွဲထုတ်ပစ်ရန် လွယ်ကူကြောင်း ပြောပြကြပါသည်။ အခု အခြေအနေအရ ဆေးဝါးကုသရန် ပင် မလိုကြောင်းပြော၍ ပြန်လွှတ်လိုက်ပါသည်။

အလွန် ရင်းနှီးသော မိတ်ဆွေ ဆရာဝန်များ ဖြစ်သည်နှင့်အညီ ရင်းနှီးပွင့်လင်းစွာ ပြောခြင်း ဖြစ်ပါသည်။

ကျွန်တော့် ကျောပြင်ပေါ်က အကျိတ်အတွက် ဆရာဝန်က စိုးရိမ်စရာ မရှိဘူး ဆိုပေမယ့် ကျွန်တော်က တမြည့်မြည့် ခံစားနေရပါသည်။ တစ်နေ့တွင် ရန်ကုန်မြို့မှ ရေဦးမြို့သို့ လာရောက် တာဝန်ထမ်းဆောင်နေသော ဒုတိယ မြို့နယ်တရားသူကြီး ဦးစန်းသွင်နှင့် စကားစပ်မိကြရာမှ ဦးစန်းသွင်က...

'ခင်ဗျား အကျိတ်အတွက် စိတ်မကောင်းမဖြစ်ပါနဲ့၊ ကျွန်တော် ဆေးပေးပါ့မယ်'

ဆိုပြီး ဂမုန်းဥတစ်လုံး ပေးပါသည်။

'အဲဒီ ဂမုန်းဥကို ရေတ်ကောင်းစေ့ သုံးလေးစေ့နဲ့အတူ သွေးပြီး အကျိတ်ကို လိမ်းပေးပါ'

ဟု ပြော၏။ ကျွန်တော်လည်း သူ၏ လမ်းညွှန်မှုအတိုင်းလိမ်းရာ (၃) ခါသာ လိမ်းရ၏။ အကျိတ် သက်သာ ပျောက်ကင်းသွားပါသည်။

သို့နှင့် အစွမ်းထက်မြက်လှသော ဂမုန်းဥအကြောင်းကို ဦးစန်းသွင်အား မေးကြည့်သောအခါမှ **တိမ်ပြာဂမုန်းဥ** ဖြစ်ကြောင်း သိရ၏။

တိမ်ပြာဂမုန်း ဆိုသည်မှာ အိမ်များမှာ အလှစိုက်လေ့ရှိကြကြောင်း၊ အလေ့ကျပေါက်ပင်မဟုတ်၊ မိုးကုန်လျှင် အပင်ကျသွား၍ မိုးကျလျှင် အပင်ပြန်ပေါက်သည်။ အပင်ကျချိန်တွင် ဥကို ယူထားရ၏။

အရွက်က (၁) ပေကျော်ကရှည်ပြီး၊ အကျယ်ဆုံးနေရာတွင် (၅) လက်မခန့်ကျယ်၏။ အရွက်၏ မျက်နှာပြင်ဘက် ကျောရိုးတစ်လျှောက်မှာ ခရမ်းရောင် ပြေပြေလေး သမ်းနေသည်။

အစိမ်းရောင် ပတ်လည်အတွင်းက ခရမ်းရောင်လေး ဖြစ်နေသောကြောင့် ကြည့်၍ အလွန်လှပါသည်။ ထို့ကြောင့်လည်း ဆေးအသုံးကို မသိကြပေမယ့် အိမ်တိုင်းမှာ အလှစိုက်နေခြင်း ဖြစ်ပါသည်။

ကျွန်တော်၏ ကျောပြင်မှ အကျိတ်ကလေး တိမ်ပြာဂမုန်းဥနှင့် ရေတ်ကောင်းစေ့ သွေးလိမ်းရုံနှင့် သက်သာ ပျောက်ကင်းသွားပါသည်။ ကျွန်တော်ကဲ့သို့ အဖုအကျိတ် ဖြစ်ပေါ်ခဲ့ကြပါလျှင် ဂမုန်းဥ အသုံးပြုတတ်စေရန်အတွက် စေတနာရှေ့ထား၍ စာဖတ်ပရိသတ်အား အသိပေး ရေးသား တင်ပြလိုက်ပါသည်။

**(ဒုတိယ မြို့နယ်တရားသူကြီး ဦးစန်းသွင်အား အထူး ကျေးဇူးတင်ပါသည်။)**

ရေဦး မောင်ကျော်သူ

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

## အသည်းရောဂါအတွက်ကိုယ်တိုင်ကုသထုတ်လုပ်ထားတဲ့

# မင်းရာဇာ အသည်းအားဆေး

အမှတ်တံဆိပ်

ယနေ့ခေတ်၊ ယနေ့အခါတွင် ရောဂါများသည်ခေတ်နှင့် အပြိုင်လိုက်၍ ထူးထွေဆန်းပြားစွာ ပေါ်ပေါက်၍လာပေသည်။ ထိုကဲ့သို့ ပေါ်ပေါက်စွဲကပ်လာသော ရောဂါများအနက်လွယ်ကူစွာ ကုသပေးနိုင်သော ရောဂါများရှိသကဲ့သို့ ခက်ခဲနက်နဲပြီး လုံးဝပျောက်ကင်းသက်သာအောင်ကုသမရဘဲလျက်သက်သာရုံ ရောဂါကို ထိန်းချုပ်ထားရုံမျှသာ တတ်နိုင်သော ရောဂါများလည်းရှိ၏။

ထိုခေတ်နှင့်အပြိုင် ဆန်းပြားထွေလာသောရောဂါများအနက်မှ အသည်းနှင့်ပတ်သက်သောရောဂါသည်လည်း ယနေ့အချိန်အခါတွင် ခေတ်စားအဖြစ်များသော ရောဂါတစ်မျိုးပင်ဖြစ်သည်။ အချို့အသည်းရောဂါများသည် ကာကွယ်ရုံမျှသာစွမ်းနိုင်ပြီး ဖြစ်ပေါ်လာခဲ့လျှင် လုံးဝပျောက်ကင်းအောင်ကုသမှုခံယူရန် မဖြစ်နိုင်ဘဲလျက် ရောဂါကို ထိန်းထားရုံမျှသာ စွမ်းနိုင်သောရောဂါဖြစ်ပါသည်။

လွန်ခဲ့သောနှစ်နှစ်ကျော်လောက်က ကျွန်တော်၏ ဝမ်းဗိုက် အထူးသဖြင့် ညာဘက်ခြမ်းနံရိုးဆုံးမှ အောင့်နာသည်။ ရင်ခေါင်းတောင့်၏။ ပျို့အန်၏။ အစားအစာများ စားချင်သောက် ချင်စိတ် မရှိ။ ဝမ်းဗိုက်ထဲမှလေသံများ တဂျုံးဂျုံး ကြားနေရ၏။ မျက်စိနှင့် အသားအရေများ ဖါ့ဖျော့လာ၏။ ဆီးနည်းလာ၏။ ရုံခါဝမ်းချုပ်၍ ရုံခါ အပူဝမ်းကဲ့သို့ နည်းနည်းနှင့် ပျော့ပျော့သွား၏။ အားအင်နည်းလာ၏။ အိပ်မပျော်ဖြစ်လာ၏။ အစားပျက်၊ အအိပ်ပျက်တာ ပိန်ခြုံးလာ၏။ လူကသာပိန်လာသော်လည်း ဝမ်းဗိုက်ကလေးကတော့ ပူတင်းနေ၏။ ဘာမှန်းမသိရသော ရောဂါတစ်မျိုးကို ကျွန်တော်ခံစားလာရသည်။

အစာမစားနိုင်သည်မှာ နှစ်လလောက် ဖြစ်လာတော့ အစာအိမ်ရောဂါလို့ထင်ခဲ့၏။ သည့်လိုနှင့် ကျွမ်းကျင်သော အထူးကုသမားတော်ကြီးများနှင့် ပြသကြည့်တော့ လိုအပ်သော ဆေးစစ်ဆေးမှုများခံယူခိုင်း၏။ သည်မှာ ကျွန်တော်ကို နှစ်လကျော်ကျော်နှိပ်စက်နေသော အနီးရန်သူသည် B-ပိုး ဖြစ်နေ၏။ ယင်းပိုးကြောင့် ကျွန်တော်၏အသည်းမှာ မာခြောက်နေ၏ဟု ဆရာဝန်ကြီးကမိန့်ကြား၏။ ထိုခဏမှာပင် ကျွန်တော်နှင့် ဇနီးဖြစ်သူတို့မှာ နွေခေါင်ခေါင် မိုးကြိုးပစ်ခံ လိုက်ရသလို ခံစားလိုက်ရ၏။

ကျွန်တော့်ရောဂါအတွက် ရောဂါနှင့် ရောဂါကိုဖြစ်စေသော လက်သည်ကိုတော့ တွေ့ပါ၏။ သို့သော် ထိုလက်သည် B-ပိုးနှင့် အသည်းမာခြောက်သောရောဂါကို လုံးဝကင်းစင်သွားအောင် ကုသနိုင်သောဆေးဝါးက နတ္ထိတဲ့လေ။ အသည်းပျက်စီးမှုကို မြန်မြန်မပျက်စီးစေရန် ထိန်းထားရုံနှင့် B-ပိုးကို အကောင်ရေ လျှော့ချရုံမျှသာစွမ်းနိုင်၏ဟု သမားတော်ကြီးက ဆိုလာလေတော့ ဆောက်တည်ရာမရခံစားရပြန်သည်။

သည့်လိုနှင့် ဟိုဆရာ ဟိုဆေးကောင်းနိုးနိုး၊ သည်ဆရာ သည်ဆေးကောင်းနိုးနိုးနှင့် လိုက်ကုလိုက်တာ ရန်ကုန်ကို ရောက်လာပါလေရော။ ခေတ်မီဆေးဝါးများနှင့် ပျောက်ကင်းအောင် ကုသမှုမပေးနိုင်ဘူးဆိုတော့ ရေနစ်သူအတွက် ကောက်ရိုးတစ်မျှင်ကို ရှာရ၏။ မိတ်ဆွေတစ်ဦး၏အကြံပေးမှုကြောင့် တိုင်းရင်းဆေးနှင့် ကုသရန် ဆုံးဖြတ်လိုက်၏။ သည်လိုနှင့် ထိုမိတ်ဆွေမှ အရိုးကျိုးပေါင်းရောဂါ အထူးကုပေးနေသကဲ့သို့ ဆေးကျမ်းများစွာလည်း ရေးသားနေသော သမားတော်ဆရာမြင့်ရှိရာ စကြာမင်း တိုင်းရင်းဆေးကုခန်းသို့ လိုက်ပို့ပေး၏။ သမားတော် ဆရာမြင့်ထံရောက်တော့ ဆရာက "ကျွန်တော်က အရိုးကျိုးပေါင်းရောဂါကိုပဲ အဓိက ကုသပေးနေတာပါ။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါတုန်းကလိုပဲ ယနေ့ခေတ်မှာအဖြစ်များပြီး ဆေးတွေ့ဖို့ခက်ခဲနေတဲ့ အသည်းရောဂါအတွက်လည်း ကုထုံးဆေးဝါးတွေ တစ်နိုင်တစ်ပိုင်






www.burmeseclassic.com

www.burmeseclassic.com

ကုသရင်း သုတေသနပြုနေပါတယ်။ အခုတော့ အသည်းရောဂါအတွက် ဆေးတစ်လက်တော့ တွေ့ထားတယ်။ အဲဒါ ဦးအိုက်စံ ယူသွားပြီး တစ်ကြိမ် ဆေး ၅ ပြား တစ်နေ့ ၃ ကြိမ် သောက်ပေးပေါ့။ သဘာဝ တိုင်းရင်းဆေးဖြစ်လို့ ဘေးထွက် ဆိုးကျိုးမရှိပါဘူး။ "ဟုတ်ကဲ့ပါ။ ကျေးဇူးအများကြီး တင်ပါတယ်"ဟု ဆရာ့ကို နှုတ်ဆက်ပြီး ပြန်လာခဲ့ပါသည်။

အိမ်ရောက်တော့ သမားတော်ဆရာမြင့် ပြောကြားသည့် အတိုင်း ငါ့အတွက် အကျိုးတော့မယုတ်တန်ကောင်းဘူး ဆိုပြီး သမားတော်ဆရာမြင့်ပေးလိုက်တဲ့ဆေးကို ညွှန်ကြားချက်အတိုင်း ပုံမှန်သုံးစွဲမိသည်။ သည်လိုနှင့် တဖြည်းဖြည်းနှင့် ကျွန်တော် စောစောကပြောခဲ့တဲ့ ကျွန်တော်ခံစားနေရတဲ့ ရောဂါလက္ခဏာတွေ တစ်စတစ်စ သက်သာလာတာကို သတိပြုမိလာသည်။ ပုံမှန် အိပ်ရသည်။ ပုံမှန်စားကောင်းလာသည်။ ဝမ်းဗိုက်၏ ညာဘက် နံရိုး အဆုံးနားမှာ တစ်မျှင်းမျှင်းနှင့် အောင့်နာနေသော နာကျင်မှုမရှိတော့။ ဒါနှင့် အားတက်သွားပြီး ဂရုတစိုက်ဆေးကို သောက်မိ၏။ ဆေးသောက်လို့ ၆ လလောက်ကြာတော့ ကျွန်တော် အတော်လေး ကျန်းမာဝဖြိုးလာသည်။ ပုံမှန် အသားအရေနှင့် နဂိုအတိုင်း အားအင်အပြည့်နှင့် လုပ်ငန်းဆောင်တာတွေကို လုပ်လာနိုင်သည်။

ကျွန်တော်လည်း ကျေးဇူးရှင် သမားတော်ဆရာမြင့်ရှိရာ ရန်ကုန်သို့ မီရာ မန်းရွှေပြည်ကားနှင့် လိုက်လာခဲ့မိသည်။ ဆရာထံရောက်တော့ "ဆရာ့ရဲ့ကျေးဇူးကို ဘယ်လိုဆပ်ရမှန်းကို မသိတော့ပါဘူး"လို့ ဆိုတော့ ဆရာက တွေတွေလေးစိုက်ပြီး ကျွန်တော့်ကို ကြည့်နေတယ်။ "ဆရာ ကျွန်တော့်ကို မမှတ်မိဘူးလား။ ကျွန်တော် အိုက်စံလေ။ အသည်းရောဂါဖြစ်လို့ ဆရာ့ဆီလာပြတာ ဆရာ ပေးလိုက်တဲ့ဆေးကြောင့် အခု ကျွန်တော်ရဲ့အသည်းရောဂါဟာ သက်သာကင်းဝေးသွားပြီ ဆရာ"ဆိုမှ "ဩော် မှတ်မိပြီ ဦးအိုက်စံကိုး အခုလို ကြားရတာ ဝမ်းသာပါတယ်ဗျာ" "ဆရာ့ကို ကျွန်တော် တစ်ခု လောက် တောင်းဆိုချင်ပါတယ်ဆရာ" "ပြောပါ၊ ကျွန်တော် ဘာကူညီရမလဲ" "ဒီလိုပါဆရာ၊ ကျွန်တော့်လို အသည်းရောဂါရှင်တွေအတွက် ကျွန်တော့်ကိုပေးတဲ့ဆေးကို ထုတ်လုပ်ဖြန့်ဖြူးပေးပါလားဆရာ" "အင်း...ဦးအိုက်စံအနေနဲ့ အသည်းရောဂါသည်တွေအပေါ်ထားတဲ့ စိတ်စေတနာကို ကျွန်တော် လေးစားပါတယ်။ ဒါပေမယ့် ကျွန်တော့်မှာက ဆေးကုခန်းကတစ်ဖက်၊ အခြား ထုတ်လုပ်ဖြန့်ချိနေတဲ့ဆေးတွေက တစ်ဖက်ဆိုတော့ ဒီအသည်းဆေးကို ထုတ်လုပ်ဖို့ မလွယ်ကူသေးပါဘူး"

"ဆရာခွင့်ပြုမယ်ဆိုရင်တော့ ကျွန်တော်လို စိတ်ရောကိုယ်ပါ နာကျင်ခံစားနေရတဲ့ အသည်းရောဂါဝေဒနာရှင်တွေ အတွက် ကူညီပေးချင်လို့ ဆရာမထုတ်ရင် ဒီအသည်းဆေးကို ကျွန်တော် ထုတ်လုပ်ချင်ပါတယ်ဆရာ။ အသည်းရောဂါဝေဒနာရှင်များ အလွယ်တကူသုံးစွဲနိုင်အောင်လို့ပါ။" "ဟာ... ကောင်းတဲ့အကြံပဲဗျာ။ ဦးအိုက်စံထုတ်လုပ်ချင်ရင် ထုတ်ပါ" "ဖော်မြူလာဆရာက ပေးမှာလား။" "ပေးပါ့ဗျာ၊ ပေးပါ့၊ ဖော်မြူလာတင်မဟုတ်ဘူး လိုအပ်တဲ့အရာတွေကိုလဲ ကူညီပေးပါ့မယ်" "မြင့်မြတ်တဲ့ ဆရာ့စိတ်ထားကို အရမ်းလေးစားပါတယ် ဆရာ"

ကဲ ကျွန်တော့်လိုအသည်းနှင့်ပတ်သက်၍ ဝေဒနာခံစားနေကြရသော အသည်းရောဂါရှင်များ...သမားတော် ဆရာမြင့်ရဲ့စေတနာ၊ ကျွန်တော်ကိုယ်တိုင် အသည်းရောဂါရဲ့ နှိပ်စက်မှုကို ခံစားခဲ့ရသည်မှလွတ်မြောက်၍ ရရှိခဲ့သော ပျော်ရွှင်မှုအရသာကို အသည်းရောဂါရှင်များထံ ဖြန့်ဝေပေးလိုက်ပါသည်။ ကျွန်တော့်ကို အသည်းရောဂါဝေဒနာ ဘေးဒုက္ခမှ လွတ်မြောက်စေသော ဆေးစွမ်းကောင်းတစ်လက်ကတော့ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**ပဲ ဖြစ်ပါသည်။ ဤ**မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေး**၏ အာနိသင်ကတော့ အသည်းအားနည်းခြင်း၊ အသည်းရောင်အသားဝါရောဂါဖြစ်ခြင်း၊ အသည်းအဆီဖုံးခြင်း၊ အသည်းမာ၊ အသည်းကြီး၊ အသည်းခြောက် ရောဂါဖြစ်ခြင်း၊ အသည်းတစ်ဝိုက်အောင့်နာနေခြင်း၊ ပျို့အန်ခြင်း၊ ပိုးကြောင့်ဖြစ်သောရောဂါများအတွက် ထိရောက်သောဆေးဖြစ်သည်။ **မန်းရာဇာ အမှတ်တံဆိပ် အသည်းအားဆေးကို** အသည်းရောဂါအမျိုးမျိုး ခံစားနေရသူများ၊ အသည်းကိုထိခိုက်စေတဲ့ အရက်သေစာနှင့် မကင်းနိုင်သူများ အသည်းမပျက်စီးအောင် ကာကွယ်လိုသူများ မဖြစ်မနေသုံးစွဲသင့်တဲ့ဆေးကတော့ **မန်းရာဇာအမှတ်တံဆိပ် အသည်းအားဆေး**ပဲဖြစ်၏ ဟူ၍ သတင်းကောင်းလေး ပါးလိုက်ပါသည်။

**ဦးအိုက်စံ (လားရှိုး)**

ဤဆေးသည် သဘာဝဆေးဖက်ဝင်ပစ္စည်းများဖြင့် စီမံဖော်စပ်ထားခြင်းကြောင့် အသည်းပျက်စီးခြင်းတို့ကို ကာကွယ်ပေးနိုင်သော ဆေးဖြစ်ပါသည်။

**ပင်ရင်း-မန်းရာဇာတိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**
**အမှတ်(၁၁/၃၆၀)၊ သုနန္ဒာ(ဂ)လမ်း၊ ၅/ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၁၆၉၁၀၈၃၊ ၀၉ ၇၃၂ ၄၃၀၈၄**

**ရှမ်းပြည်နယ်ဖြန့်ချိရေး-**
**အမှတ်(၃၂/၉)၊ ဘုတာလမ်း၊ ရပ်ကွက်-၁၀၊ လားရှိုးမြို့။**
**ဖုန်း-၀၈၂ ၂၆၂၉၁၊ ၀၉ ၄၇၃ ၂၂၂၃**



www.burmeseclassic.com

www.burmeseclassic.com

# ဝေဘူဆရာတော်ကြီး၏

## ကြည်ညိုဖွယ်ရာများနှင့် ကိုယ်တွေ့ဖြစ်ရပ်မှန်များ (၁၇)

ကျောက်ဆည် မင်းမင်းဟော်

(ယခင်လမှအဆက်)

ဆရာတော်မှ ဦးပဏ္ဍိတ၊ ဦးဉာဏ တို့နှင့် သံဃာငါးပါးတို့အား ထိုနေရာ၌ စေတီတည်ရန် ဖြစ်သောကြောင့် ညတွင် စောင့်ရှောက်ရန် ဆရာတော်က မိန့်တော်မူခဲ့သည်။ ညပိုင်းရောက်တော့ ဆရာတော်ကြွလာပြီး ဆင်းတုတော်များကို ဆီမီးပူဇော်ပြီး နံ့သာတိုင်ပါပူဇော်၍ တရားရှုနေစဉ် အမျိုးသား၊ အမျိုးသမီး စုစုပေါင်း နှစ်ဆယ်ခန့်မျှရှိမည် ထင်ရသော ပရိသတ်သည် ဆရာတော်ကို လာရောက်ကြည်ညိုနေကြသည်။

ဆရာတော်သည် ရောက်ရှိလာသော ပရိသတ်ကို တရားရေအေးတိုက်ကျွေးလေသည်။ တရားနာသော ပရိသတ်များမှ ရွှေငွေများကို ရွှေလင်ပန်းဖြင့်ထည့်၍ ဆရာတော်ကို ဆက်ကပ်လှူဒါန်းလေသည်။ တရားနာကြည်ညို၍ လှူဖွယ်များ လှူဒါန်းပြီးသော် ဆရာတော်ကို ရှိခိုးဦးချ၍ ပြန်သွားကြသည်။



▲ ဝေဘူဆရာတော်ကြီး

အပြင်မှ စောင့်နေသော ဉာဏနှင့် ဦးပဏ္ဍိတတို့ကိုလည်း ကန်တော့၍...

'အရှင်ဘုရားတို့ စောင့်ရှောက်နေရတာ နှစ်ပါးတည်းပါလား'

ဟု မေးပြီး ရေနွေးကရားနှင့် ထန်းလျက်များကို လှူဒါန်းသွားသည်။ ဆရာတော်ကြီးသည် တရားရှုနေသည်မှာ နံနက် (၃)နာရီခန့်ကြာမှ တရားရှုသည်ကပြီး၍ ပြန်ကြွလာစဉ် ဦးဉာဏမှ ဆရာတော်ကြီးအား လျှောက်ထားသည်မှာ...

'ဆရာတော်ဘုရား ညက လာရောက်ဖူးမြော်ကြတဲ့ အကာ၊ အကာမတွေက ဘယ်က လာတာလဲဘုရား'



www.burmeseclassic.com

www.burmeseclassic.com

ဟု လျှောက်ထားသော်...

'သူတို့က သာသနာစောင့်သော နတ်တွေပဲ၊ သူတို့က သာသနာကို ကြည်ညိုလေးစားတဲ့နတ်တွေပါ။ ဘုရားတည်မှုကို လာရောက်ကြည်ညိုကြတာပါ'

ဟု ဆရာတော်ကြီးမှ မိန့်တော်မူလိုက်သည်။

တန်ဆောင်မုန်းလပြည့်နေ့တွင် စေတီစ,၍တည်ရာတွင် ကာယဒါန လုပ်အားပေးသည့် ဒါယကာ၊ ဒါယိကာမတို့ အုတ်သယ်၊ ထုံးသယ်၊ ကျောက်သယ်ခြင်းဖြင့် လုပ်အားဒါနပြုသည့် ပုဂ္ဂိုလ်များကို လက်ဖက်သုပ်၊ ချိုချဉ်၊ ရေစသော စားသောက်ဖွယ်တို့ကို ဒါနပြုသည့် ကုသိုလ်ရှင်များက များပြားလှသည်။ ပန်းရန်ဆရာ ဦးတင်လှိုင်က စေတီတည်လျှင် ရေအခက်အခဲ ဖြစ်မည်ကို စိုးရိမ်နေပါသည်။

ပန်းရန်သာ လုပ်နေရသည်၊ ရေကခက်နေ၏။ ပန်းရန်ဝင်နေရသည် ရေက တိုင်ကီနှစ်လုံးသာရှိ၍ ရေပြတ်မည်ကို စိုးနေပါသည်။ သို့သော် အံ့ဩစရာကောင်းသည်က စေတီတည်နေသည့် အရှေ့ဘက်က ချောက်ကလေးက ကြီးသည် မဟုတ်ပါ။ လေးပေခန့်သာ အကျယ်ရှိ၍ အနက်က တစ်ပေသာရှိသော ချောက်က ရေလျော့သွားသည်ဟူ၍ မရှိခဲ့ပေ။

တိုင်ကီနှစ်လုံးသာ ရှိသော်လည်း ထိုတိုင်ကီ ရေလျော့ခြင်းမရှိပေ။ ဘုရားပြီးသည်အထိ ရေမခက်ပါ။ ပြာသိုလဆန်း (၁၃)ရက်နေ့မှာ စေတီဌာပနာပူဇော်သည်။ ထိုအချိန်မှာ အဿာဆို၍ အရပ်အမောင်းကောင်းပြီး ဆံပင်ကလူတစ်ရပ်၊ ဆံပင်တစ်ရပ်ရှိသော အမည်မသိ အမျိုးသမီး(၃)ဦးက ရွှေယပ်တောင်သုံးချောင်း ဌာပနာအတွင်းသို့ လှူဒါန်းပြီး ဆရာတော်ကို ကြည်ညိုကြလေသည်။

ဦးပဏ္ဍိတက ဆရာတော်ကို မေးလျှောက်ကြည့်ရာ...

'ဟဲ့ ပဏ္ဍိတရဲ့ အဲဒါ သိုက်နန်းရှင် ဒါယိကာမကြီးတွေပဲကွဲ့'

ဟု မိန့်တော်မူသည်။ ထိုစေတီကို တပို့တွဲလပြည့်နံနက်ပိုင်းတွင် ရွှေထီးတော်တင်လှူ၍ ဆရာတော်နှင့် သံဃာတော်များက နေကဇာတင်၍ လှူဒါန်းကြသော ပုဂ္ဂိုလ်အားလုံးအတွက် ရေစက်သွန်းချ အမျှပေးဝေလေသည်။ ဘုရား ဘွဲ့တော်မှာ ချမ်းသာကြီးစေတီ ဖြစ်ပါသည်။

## ဥစ္စာစွဲ၍သေသော ကျတ်သရဲနှင့် တွေ့ခြင်း

၁၂၉၀ ပြည့်နှစ်၊ ကဆုန်လပြည့်နေ့ ညချမ်းအခါ ဝေဘူဆရာတော်ကြီးသည် တတိယဂူမှာ တရားရှုနေသည်။ ည၉နာရီခန့်အချိန်တွင် ဂူ၏ အပေါက်ဝ ဆယ်တောင် ဝါးတစ်ပြန်ခန့်မှာ ရပ်၍...

'တပည့်တော်အား ကယ်တော်မူပါဘုရား'

ဟု အော်နေသော လူနက်ကြီးမှာ ကြောက်မက်ဖွယ် အသံဆိုးကြီးဖြင့် အော်ဟစ်နေပါသည်။ ထိုလူနက်ကြီး အော်ဟစ်နေခြင်းမှာ တစ်စုံတစ်ခုသော အန္တရာယ်ကို ကြောက်လန့်ထိတ်လန့်၍ ဆရာတော်ကို အားကိုးတကြီးဖြင့် အော်ဟစ်၍ အသနားခံပြီး အကူအညီ တောင်းနေသည့် သဘောဖြင့် လက်အုပ်ချီပြီး ဆရာတော်ကြီးထံ အကူအညီ တောင်းခံနေသည်။

အရဟံတက်ခါနီးမှာ ဆရာတော်ကြီးသည် တရားရှုပြီး၍ သတ္တဝါတွေအားလုံးကို အမျှပေးဝေလေသည်။ ဆရာတော် အမျှပေးဝေပြီး ကျောက်ဂူ၏ အပြင်ဘက်မှ 'သာဓု... သာဓု... သာဓု...' ဟူသောခေါ်သံ ကြားရသည်။

ဆရာတော်သည် အမျှဝေပြီး ဂူပေါက်ထွက်လာစဉ် လူနက်ကြီးသည် ဆရာတော်ကို ဒူးတုပ်၍ လက်အုပ်ချီပြီး ကန်တော့နေသည်ကို တွေ့ရလေသည်။

လူနက်ကြီး ကန်တော့နေသည်ကို ဆရာတော်က တွေ့ရှိရာ...

'တို့ ဒါယကာကြီးပါလား'

ဟု မေးလိုက်သည်ရှိသော် ထိုလူနက်ကြီးမှ...

'တပည့်တော်အား ကယ်တော်မူပါ အရှင်ဘုရား။ တပည့်တော်မှာ မိုးခေါင်ရေရှားအရပ်ဒေသဖြစ်တဲ့ ကျေးလက်တောရွာမှ ပြောင်းရွှေ့လာပြီး (...)ရွာကလေးမှာ အခြေချပြီး တောင်သူယာလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုပြီး နေခဲ့ပါတယ်ဘုရား။

တပည့်တော် အလှူဒါနမှာလဲ စေတနာထက်သန်စွာနဲ့ အလှူဒါနပြုခဲ့ပါတယ်၊ လပြည့်လကွယ်နေ့မှာဆိုရင် သီလဆောက်တည်ပါတယ်ဘုရား။ တပည့်တော် ပိုင်ဆိုင်တဲ့ လယ်ယာနဲ့ နွားများကို စိတ်မစွဲလမ်းတဲ့ တပည့်တော်မိခင်ရဲ့ လက်ဝတ်ရတနာတွေကို စွဲလမ်းမိပြီး တပည့်တော်ဟာ အခုလို ကျတ်သရဲ ဖြစ်ခဲ့ရပါတယ်ဘုရား'

ဟု လျှောက်ထားသော် ဝေဘူဆရာတော်ကြီးက ထိုကျတ်သရဲကို သေချာစွာ စူးစိုက်၍ ကြည့်နေပြီးမှ...


'တို့ဒကာကြီး မကြာခင် ဆင်းရဲဒုက္ခက လွတ်ကင်းပြီး ချမ်းသာမှာပါဗျာ'

ဟု မိန့်တော်မူပြီး ကြွသွား၏။ ကျတ်သရဲကြီးက ဆရာတော်ကို ရှိုးနိုး၍ ကျန်ရစ်ခဲ့လေသည်။ ကျောက်ဂူသွားရာလမ်းမှာ အမှိုက်များ ပြောင်နေအောင် သန့်ရှင်းထားသည်။ ဆရာတော်ကြီး ထိုင်၍ တရားရှုသည့်နေရာမှာ ပန်းမျိုးစုံ ခင်းထားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သိမ်ပါသိမ်

ဆရာတော်ကြီး တရားရှုနေစဉ် ကျောက်ဂူ၏ အပြင်ဘက်မှနေ၍ ထက်အုပ်ချီနေသည်။ ဆရာတော်မှ အမှုဝေသောအခါ 'သာဓု သာဓု သာဓု'ဟု ထိုကျတ်သရဲကြီးက သာဓု ခေါ်လေသည်။

ထို့နောက် **၁၃၀၃ ခုနှစ်၊ ဝါဆို လဆန်း(၁၀)ရက်**နေ့မှာ ဆရာတော် အမြဲရေသွန်းလောင်း၍ ပူဇော်နေသော ဗောဓိညောင်ပင်ကြီးသည် လေတိုက်၍ လဲသွားသည်။ ထိုဗောဓိပင်ကို ကိုင်း များခုတ်၍ ကျောင်းဝိုင်းအတွင်း စိုက်ထူ ထားရာ အကိုင်းခက်ထွက်၍ ရှင်သန် နေသည်။ ယခု ဖော်ပြပါဓာတ်ပုံတွင် တွေ့မြင်ရသည့်အတိုင်း ဖြစ်ပါသည်။

ထိုဗောဓိပင် လဲသောနေရာတွင် **ဗောဓိမိုင်နိုင်စေတီ** တည်ထားသည်။ ထိုစေတီကို ၁၃၁၀ ပြည့်နှစ်၊ ဝါဆိုလ ဆန်း (၁၃)ရက်နေ့က စ, တည်သည်။

ထိုစေတီ တည်သောအချိန်မှာ ဆရာ တော်ကြီးသည် တရားရှုနေစဉ် ဒါယကာတစ်ဦး ရောက်လာပြီး ဆရာ တော်ကို ရှိခိုးဖူးမြော်ကြည်ညိုပြီး...

'ဆရာတော် အရှင်မြတ်ဘုရား တပည့်တော် ကျောက်ဂူမှာ လာရောက်ပြီး ဖူးတွေ့စတုန်း က ဆရာတော်ရဲ့ ဘာဝနာကုသိုလ်ထူးကို အမှုဝေစဉ် သာဓုခေါ်ရတာကြောင့် ကျတ် သရဲဘဝမှ ကျွတ်လွတ်ပြီး နတ်စည်းစိမ်ကို ခံစားနေရပါတယ်ဘုရား။ တပည့်တော်ရဲ့ မိခင်လက်ဝတ်ရတနာဖြစ်တဲ့ စိန်နားကပ်၊ လက်ကောက်နဲ့ လက်စွပ်တို့ကို ဆရာတော် အား လှူဒါန်းပါတယ်ဘုရား'

ဟု လျှောက်ထား၍ ထိုပစ္စည်းများ ကို ဆရာတော်ထံ ဆက်ကပ်လှူဒါန်း၍ ရှိခိုးပြီး ထွက်သွားလေသည်။

ဆရာတော်သည် ထိုနတ် လှူသွား သောပစ္စည်းများကို စေတီမှာ ဌာပနာ အဖြစ် လှူဒါန်းသည်။

တစ်နေ့သော ညနေခင်းမှာ အသက်အားဖြင့် (၄၀)ခန့်အရွယ်မျှ ရှိမည်ထင်ရသော ဒါယကာ၊ ဒါယိကာမ ဇနီးမောင်နှံသည် ဆရာ တော်ကို ရှိခိုး၍...

'မနက်ဖြန်မနက် အရုဏ်ဆွမ်းနဲ့ နေ့ဆွမ်းတို့ကို ဆရာတော်နဲ့ ကျောင်း တိုက်မှာရှိသော သံဃာတော်များနဲ့ ယောဂီ၊ သီလရှင်များပါမကျန် သီလ ဆောက်တည်နေကြကုန်သော အဘိုး၊ အဘွားတို့အားလဲ ဆွမ်းဒါနပြုလိုပါ တယ်'

ဟု ဆရာတော်ကို လျှောက်ထား ခွင့်ပန်သောအခါ ဆရာတော်မှ ဆွမ်းကပ်လှူဒါန်းခြင်းကို ခွင့်ပြုလိုက် သည်။

ညနေ (၇)နာရီအချိန်တွင် မီးတင်း ကုပ်၍ ဆွမ်းချက်သည့်အခါ ဒါယကာ တွေ ရေအတွက် ခက်ခဲမည်ကို စိုး



www.burmeseclassic.com

www.burmeseclassic.com



အာရိယာသိမ်

သောကြောင့် ဦးဉာဏက ချက်ပြုတ်သော မီးတင်းကုပ်သို့ ရေလွှတ်ပေးပြီး သွားကြည့်သော် မီးတင်းကုပ်တွင် တစ်ဦးတစ်ယောက်မှ မတွေ့မြင်ရပေ။

ဦးဉာဏသည် ရောက်ပြည့်လောက်သည့်အချိန်မှာ ရေစက်ကိုပိတ်၍ ကျောင်းသို့ ပြန်ကြွလာခဲ့သည်။ နံနက်အရုဏ်တက်သောအခါ ဆွမ်းစားသံချောင်းခေါက်၍ သံဃာတော် အပါး (၇၀)ဆယ်သည် ဆွမ်းစားကျောင်းသို့ တန်းစီကြွသွားလေသည်။ သံဃာတော်များ ဆွမ်းစားပြီးချိန်တွင် သီလရှင်၊ ယောဂီများနှင့် သီလ ဆောက်တည် ကြသော အဘိုး၊ အဘွားတို့ကိုလည်း တစ်ပါတည်း ဆွမ်းဒါန ပြုကြသည်။

ဆွမ်းစားပြီး ဆရာတော်သည် နောက်ပါသံဃာတော်များ ခြံရံ၍ ဆွမ်းခံကြွလေသည်။ ဖောင်ရွာ ရွာထိပ်မှာ တစ်ခါမျှ မမြင်ဘူးသောသူများက သစ်သီးများ၊ ဆွမ်းများ လောင်းလှူရာတွင် ထိုသူများ လောင်းလှူသော ဆွမ်းနှင့် သစ်သီးများ၏ ရနံ့သည် မည်သည့်အနံ့အရသာမျိုးမှ မမီပါ။ မတွေ့ကြုံဘူးပါဟု ဦးဉာဏက မိန့်ဖူးသည်။

ဆွမ်းခံကအပြန် ခေတ္တနားသောအချိန်မှာ ဆွမ်းစားကျောင်းမှ ဆွမ်းစားရန် သံချောင်းခေါက်၍ သံဃာတော်များ ဆွမ်းစားကြွသွားသည်။ ဆွမ်းစားပြီး ဆွမ်းဒါယကာ၊ ဒါယိကာမများနှင့် အဖွဲ့အား ဆရာတော်ကြီးမှ တရားချီးမြှင့်ပေးပြီး ရေစက်သွန်းချ အမျှဝေလေသည်။

၁၃၁၀ ပြည့်နှစ်၊ ဝါဆိုလဆန်း(၁၃)ရက်ကစ၍ စေတီကျောက် စတည်ခဲ့ရာ တော်သလင်းလပြည့်နေ့မှာ ရွှေထီးတင်၍ ရေစက်သွန်းချ အမျှဝေသည်။ ဝေဘူဆရာတော်ကြီးက ထိုစေတီကို **မောဝိနိုင်နိုင်**ဟု ဘွဲ့တော်ကပ်လှူသည်။

## ခေမထွန့်ခေါင်စေတီ တည်စဉ်က

၁၂၉၈ ခုနှစ်၊ ဝါခေါင်လဆန်း(၈) ရက်နေ့ ညအချိန်မှာ ဆရာတော်တစ်ပါးတည်း တရားနှလုံးသွင်း၍ စင်္ကြံလျှောက်နေစဉ် ဒါယကာ၊ ဒါယိကာမ နှစ်ဆယ်ကျော်ခန့် ရောက်ရှိလာပြီး ကြည်ညိုသဒ္ဓါပွား၍ ရှိခိုးပူဇော်ကြသည်။

ဆရာတော်ကြီးက ကျောင်းပေါ် ကြွသွားရာ ထိုဒါယကာပရိသတ် ကျောင်းပေါ်သို့ ဆရာတော်နှင့် တစ်ပါတည်း ပါသွားပြီး ထိုပရိသတ်ကို သီလချီးမြှင့်တော်မူပြီး ဩဝါဒပြုသည်မှာ...

'တို့ဒါယကာ၊ ဒါယိကာများ အလိုရှိအပ်



www.burmeseclassic.com

www.burmeseclassic.com

မြတ်နိုးအပ်သော မြတ်သုခ နိဗ္ဗာန်ကြီးကို နှုတ်နဲ့သော် လည်းကောင်း၊ စိတ်တို့ဖြင့် လည်းကောင်း ဆုတောင်းနေရုံဖြင့် ပြီးမြောက် ပြည့်စုံလိမ့်မှာ မဟုတ်ဘူးဗျ။

နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်တဲ့ ဝိပဿနာ တရားကို လုံ့လ၊ ဝီရိယနဲ့ ထူထောင်ပြီး ပြုလုပ်မှသာလျှင် ဒါယကာ၊ ဒါယိကာမများ အလိုရှိအပ်သော၊ နှစ်သက်မြတ်နိုးအပ်သော နိဗ္ဗာန်ရွှေပြည်မြတ်ကြီးကို ရနိုင်မှာဖြစ်တယ်ဗျ။ ဒီတော့ ဒါယကာ၊ ဒါယိကာမများ လုံ့လဝီရိယ ထူထောင်ပြီး ရုပ်နာမ်ဓမ္မသင်္ခါရတရားတို့ကို မြင်အောင် ရှုမှတ်ပွားကြဗျာ'

ဟု ဆရာတော်ကြီးက မိန့်ကြားတော်မူလိုက်သည်နှင့် ပရိသတ်က 'သာဓု သာဓု သာဓု' သုံးကြိမ်ခေါ်လိုက်ကြပြီး ရှေ့ဆုံးတွင်ထိုင်နေသော ဒါယကာကြီးက လျှောက်ထားသည်မှာ...

'တပည့်တော်တို့က သာသနာတော်ကို အကြွင်းမဲ့ ယုံကြည်လေးစားကြသောသူများ ဖြစ်ကြပါတယ်ဘုရား။ ဒီဒါယကာကြီးက မြင်းမိုရ်တောင် အရှေ့အရပ်မှာ ဂန္ဓဗ္ဗနတ်ကို အစိုးရသောနတ် ဖြစ်ပါတယ်။ အမည်က ဓတရဋ္ဌနတ်ပါဘုရား။

ဒါက အနောက်အရပ်မှာ နဂါးကို ကြီးစိုးသော ဝိရူပက္ခနတ် ဖြစ်ပါတယ်ဘုရား။ ဒီဘက်က တောင်အရပ်မှာ ဂုမ္ဘဏ်နတ်တို့ကို ကြီးစိုးသော ဝိရူဠှကနတ်ပါဘုရား။ တပည့်တော်ကတော့ မြောက်အရပ်က ဘီလူးတွေကို ကြီးစိုးသော ကုဝေရနတ် ဖြစ်ပါတယ်ဘုရား။ ကျန်သော ပုဂ္ဂိုလ်များက အာကာသစိုးနတ်၊ ဘုမ္မစိုးနတ်၊ ရုက္ခစိုးနတ်နဲ့ ဒီတောဒီတောင်တွေကို အစိုးရကြတဲ့နတ်များ ဖြစ်ကြပါတယ် ဘုရား။

သီလ၊ သမာဓိအကျင့်နဲ့ ပြည့်စုံသော အရှင်ဘုရားကို လာရောက်ဖူးမြော်ခြင်း ဖြစ်ပါတယ်'

ဟု လျှောက်ထားပြီး ရွှေခွက်နှင့် အတူ ရတနာ(၇)ပါး လှူဒါန်းသွားပြီး ဆရာတော်ကို ရှိခိုးဖူးမြော်၍ ပြန်သွားသည်။

နံနက်မိုးသောက် အလင်းရောက်သော် ဆွမ်းခံကြွပြီးအပြန် ဆွမ်းစားပြီး နေ့ခင်းမှာ ဆရာတော်မှ ဦးဉာဏနှင့် ဦးပဏ္ဍိတနှစ်ပါးခေါ်၍ တောင်ပေါ် တက်သွားကြသည်။ ဝေဘူတောင် တန်းပေါ်သို့ ရောက်သောအခါ ဘိန်းနွယ်ပင်၊ ပိတောက်ပင်၊ သင်ဝန်ပေါက် ဖြူပင်၊ လျှော်ဖြူပင်တို့က တစ်ပင်နှင့် တစ်ပင် ကိုင်းချင်းယှက်ပြီး နေပြောက် မထိုးဘဲ အေးမြလှသည်။

ထိုအေးမြလှသော အရိပ်အောက် ရောက်တော့...

'ဟူး မောသမျှ ပန်းသမျှတွေ ဒီအပင်ရိပ်ရောက်မှ ပြေသွားတော့တယ် ဦးပဏ္ဍိတရယ်'

ရှေ့လ ဆက်ဖတ်ပါရန်

**ကျောက်ဆည် မင်းမဟော်**

## စာရှုသူ သူတော်သူတော်နှင့် ဝါသနာရှင်များသို့ . . .

**မိမိတို့ဒေသရှိ ဆရာတော်ကြီးများ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။**

**ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်ထပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။**

**လေးစားစွာဖြင့်. . .**

**ဦးကျော်မိုးသိန်း၊**
**စာတည်းချုပ်**



www.burmeseclassic.com

www.burmeseclassic.com



# ရာထူးတိုးဖို့ ရာထူးအမြဲတည်မြဲဖို့

ကျွန်ုပ်၏ ကျေးဖူးရှင် ဖခင်ကြီးသည် စိတ်ရင်းက ဖြောင့်မတ်ပြီး သူတစ်ပါးကို ကူညီလေ့ရှိသည်။ ထို့ကြောင့်လည်း ဖခင်ကြီးအား အကူအညီတောင်းကြသူ များသလို ဖခင်ကြီးကလည်း ပြည့်ပြည့်ဝဝ အကူအညီပေးလေ့ ရှိ၏။ သို့ပါ၍ အပေါင်းအသင်း မိတ်ဆွေကဖြင့် လူပေါင်းစုံ၊ အလွှာပေါင်းစုံ၊ စရိုက်မျိုးစုံပင် ဖြစ်တော့သည်။

တစ်နေ့သောအခါ၌...

ကျေးဖူးရှင်ဖခင်ကြီးထံသို့ သူစိမ်းညှိသည့်တစ်ဦး ရောက်ရှိလာ၏။ ထိုသူစိမ်းညှိသည်နှင့်အတူ ဖခင်ကြီး၏ မိတ်ဆွေကြီးတစ်ဦး ပါလာ၏။ ဦးကြီးမောင် ဖြစ်လေသည်။ ဦးကြီးမောင်က သူစိမ်းညှိသည်နှင့် မိတ်ဆက် နှုတ်ဆက်စကား ဆိုတော့၏။

'မောင်ရင့်နာမည်က ကျော်လွင်ဦး တဲ့လား'

ဟုသို့ ဖခင်ကြီးက ပြောရာ...

'ဟုတ်ပါတယ် ဦး'

ဟု ပြန်ဖြေလေ၏။

ထို့နောက် အကျိုးအကြောင်း မေးပြီးလျှင် ဖခင်ကြီးက...

'မောင်ရင်က ဦးစီးရာထူးကို လျှောက်ထားတယ်၊ ပြီးတော့ လိုအပ်တာတွေလဲ ဆောင်ရွက်ပြီးပြီဆိုတော့...'

ဟု ပြောပြီး ခဏ စဉ်းစားနေ၏။ ထို့နောက်...

'အေးကွယ့် ဒီလိုရှိတယ် မောင်ကျော်လွင်ဦးရေ့ သူတို့ဘက်က သတ်မှတ်ထားတဲ့ စံတွေ ပြည့်စုံတယ်ဆိုရင်တစ်ဝက်သေချာနေပြီပေါ့။ မဟုတ်ဘူးလား။

အေး ဒီတော့ကွာ အကြီးအကဲတွေကို ညအိပ်ရာဝင်ခါနီးတိုင်း မေတ္တာများများ ပို့ပေးပေါ့ကွာ။ အကြီးအကဲ၊ အကြီးအမှူး ဖြစ်ချင်ရင်လေ လောကမှာ အကြီးအမှူးဖြစ်တဲ့ ဘုရားရှင်ရဲ့ ဂုဏ်တော်တွေကို ရွတ်ဆို ပုတီးစိပ်ရမယ်။ အထူးကတော့ကွာ **လောကဝိဒူ ဂုဏ်တော်ကြီးကိုပေါ့**'

ဟု ပြောပြီး နည်းစဉ်ကို ပြောပြခဲ့လေ၏။

❑ အဓိပတိ ပစ္စယောတိ၊
ဆန္ဒာဓိပတိ ဆန္ဒသမ္ပယုတ္တကာနံ ဓမ္မာနံ
တံ သမုဋ္ဌာနာနဉ္စ ရူပါနံ
အဓိပတိ ပစ္စယေန ပစ္စယော။
ဝီရိယာဓိပတိ ဝီရိယသမ္ပယုတ္တကာနံ

| နေ့သား | အညွှန့်ပန်း | အရေအတွက် | တံခွန် | အရောင် |
|---|---|---|---|---|
| ၁ နွေ | အုန်း | ၆ | ၁ | လိမ္မော် |
| ၂ လာ | ကြံ၊ ကုံကော် | ၁၅ | ၁ | အဖြူ |
| ၃ ဂါ | ဆီး၊ ငှက် | ၈ | ၁ | အစိမ်း |
| ၄ ဟူး | ပိန်း၊ ရွက်လှ | ၁၇ | ၁ | အဝါ |
| ၅ တေး | ပေါက်၊ ပျဉ်းမ | ၁၉ | ၁ | ပန်းရောင် |
| ၆ ကြာ | သပြေ၊ သီး | ၂၁ | ၁ | အညို |
| ၀ နေ | ထန်း၊ ထိပ် | ၁၀ | ၁ | အနီရောင် |

ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ
အဓိပတိ ပစ္စယေန ပစ္စယော။
စိတ္တာဓိပတိ စိတ္တသမ္ပယုတ္တကာနံ ဓမ္မာနံ
တံ သမုဋ္ဌာနာနဉ္စ ရူပါနံ
အဓိပတိ ပစ္စယေန ပစ္စယော။
ဝီမံသာဓိပတိ ဝီမံသ သမ္ပယုတ္တကာနံ
ဓမ္မာနံ တံ သမုဋ္ဌာနာနဉ္စ ရူပါနံ
အဓိပတိ ပစ္စယေန ပစ္စယော။
ယံ ယံ ဓမ္မံ ဂရုံ ကတွာ ယေ ယေ ဓမ္မာ
ဥပ္ပဇ္ဇန္တိ စိတ္တစေတသိကာ ဓမ္မာ
တေ တေ ဓမ္မာ တေသံ တေသံ ဓမ္မာနံ
အဓိပတိ ပစ္စယေန ပစ္စယော။
*(သုံးခေါက်)*

ပြီးလျှင်...
အဓိပတိ ပစ္စယော *(ပုတီးတစ်လုံးချ)*
*(သုံးပတ်)*

ပြီးလျှင်...
လောကဝိဒူ *(ပုတီးတစ်လုံးချ)*
*(ကိုးပတ်)*

ထို့နောက် ဖခင်ကြီးက...

'မောင်ရင့်ကို ပြောရဦးမယ်။ မောင်ရင်က ရာထူးတိုးချင်တာဆိုတော့ အညွှန့်တက်ဖို့ မဟုတ်လား။ ဒီတော့ အညွှန့်ပန်းနဲ့ တံခွန်လဲ လှူဦးကွာ။ အလင်းတိုင် အမွှေးတိုင်တို့ကတော့ မောင်ရင်ရဲ့ စေတနာအလျောက် ပေါ့'

ဟု ပြောခဲ့ပါလေ၏။

* * *

**စကားချပ်**

**"လောက..."**ဖြင့် စသော ဘွဲ့တော်ရှိသည့် စေတီ၊ ရုပ်ပွားတော်ဖြစ်က ပို၍ ကောင်းပါသည်။

**(ဥပမာ- လောကချမ်းသာ၊ လောကမာရ်အောင်)**

***သင်၏ဘဝ သာယာပါစေ။***

**ဦးခင်မောင်သန်း**
**(အ.မ.က၊ ပခန်းတန်း)**



www.burmeseclassic.com

www.burmeseclassic.com



သက်ရောက်အလိုက်

# ယတြာချေနည်း

သက်ရောက်အရ ယတြာချေနည်း တင်ပြလိုပါသည်။ ငွေမကုန်သော ယတြာ ဖြစ်ပါသည်။ လူတိုင်း အလွယ်တကူ ပြုလုပ်နိုင်သော ယတြာလည်း ဖြစ်ပါသည်။

စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေးတို့က အစ ပြုလုပ်နိုင်ပါသည်။

အသက်ကိုတည်ပြီး (၇)ဖြင့်စားပါ။ အကြွင်းအရ အောက်ပါအတိုင်း ယတြာချေနိုင်ပါသည်။ ဂြိုဟ်ရှစ်ခွင်မှာ ချေပါ။

## (၁)ခုကြွင်း ယတြာ

**သပြေ (၅)ညွန့်၊ ကံ့ကော် (၂)ညွန့်၊ သီး (၆)ညွန့်တို့ကို** စုပေါင်းပြီး စီးပွားရေး၊ ငွေကြေး ကိစ္စရပ်များ အတွက်မူ သောကြာနံ့ ဘုရားမှာ လှူပါ။

လူမှုရေး၊ အချစ်ရေး ကိစ္စရပ်များ အတွက်မူ တနင်္လာနံ့ ဘုရားမှာလှူပါ။ ပညာရေး၊ အကြံအစည်၊ အမှုအခင်းများအတွက်ဆိုလျှင် ကြာသပတေးနံ့ ဘုရားမှာလှူပါ။ ကျန်းမာရေးအတွက်လည်း ကြာသပတေးနံ့ ဘုရားမှာ လှူပါ။

## (၂)ခုကြွင်း ယတြာ

**သီး (၆)ညွန့်၊ ဆီး (၃)ညွန့်၊ ခန်း (၇)ညွန့်တို့ကို** စုပေါင်းပြီး စီးပွားရေးတွက်ဆိုလျှင် စနေနံ့ဘုရား၊ လူမှုရေး အချစ်ရေးတို့ကိုမူ အင်္ဂါနံ့ဘုရား။ ပညာရေး၊ အကြံအစည်၊ အမှုအခင်းနှင့် ကျန်းမာရေးကိုမူ သောကြာနံ့ ဘုရားမှာလှူပါ။

## (၃)ခုကြွင်း ယတြာ

**ခန်း (၇)ညွန့်၊ ဝါးညွန့် (၄)ညွန့်၊ ဆုန်းညွန့် (၁)ညွန့်တို့ကို** စုပေါင်းပြီး စီးပွားရေး၊ ငွေကြေး ကိစ္စရပ်များ အတွက် တနင်္ဂနွေနံ့ဘုရား။ လူမှုရေး၊ အချစ်ရေးကိုမူ ဗုဒ္ဓဟူးနံ့ဘုရားနှင့် ပညာရေး၊ အကြံအစည်၊ အမှုအခင်းနှင့် ကျန်းမာရေးကိုမူ စနေနံ့ဘုရားမှာ လှူပါ။

## (၄)ခုကြွင်း ယတြာ

**ဆုန်း (၁)ညွန့်၊ သပြေ (၅)ညွန့်၊ ကံ့ကော် (၂)ညွန့်တို့ကို** စုပေါင်းပြီး စီးပွားရေးအတွက်မူ တနင်္လာနံ့ဘုရား၊ လူမှုရေး အချစ်ရေးကိုမူ ကြာသပတေးနံ့ဘုရားနှင့် ပညာရေး၊ အကြံအစည်၊ အမှုအခင်းပြဿနာနှင့် ကျန်းမာရေးကိုမူ တနင်္ဂနွေနံ့ဘုရားမှာ လှူပါ။

## (၅)ခုကြွင်း ယတြာ

**ကံ့ကော် (၂)ညွန့်၊ သီး (၆)ညွန့်၊ ဆီး (၃)ညွန့်တို့ကို** စုပေါင်းပြီး စီးပွားရေးအတွက်ဆိုလျှင် အင်္ဂါနံ့ဘုရား၊ လူမှုရေး၊ အချစ်ရေးကိုမူ သောကြာနံ့ဘုရားနှင့် ပညာရေး၊ အကြံအစည် နှင့် အမှုပြဿနာများ၊ ကျန်းမာရေးဆိုလျှင် တနင်္လာနံ့ဘုရားမှာ လှူပါ။

## (၆)ခုကြွင်း ယတြာ

**ဆီး (၃)ညွန့်၊ ခန်း (၇)ညွန့်၊ ဝါးညွန့် (၄)ညွန့်တို့ကို** စုပေါင်းပြီး စီးပွားရေးအတွက်မူ ဗုဒ္ဓဟူးနံ့ဘုရား၊ လူမှုရေး၊ အချစ်ရေးတို့ကိုမူ စနေနံ့ဘုရားနှင့် ပညာရေး၊ အကြံအစည် အမှုပြဿနာနှင့် ကျန်းမာရေးကိုမူ အင်္ဂါနံ့ဘုရားမှာ လှူပါ။

## (သုည)ကြွင်း ယတြာ

**ဝါးညွန့် (၄)ညွန့်၊ ဆုန်း (၁)ညွန့်၊ သပြေ (၅)ညွန့်တို့ကို** စုပေါင်းပြီး စီးပွားရေးအတွက်ကိုမူ ကြာသပတေးနံ့ဘုရား။ လူမှုရေး၊ အချစ်ရေးဆိုလျှင် တနင်္ဂနွေနံ့ဘုရားနှင့် ပညာရေး၊ အကြံအစည်၊ အမှုပြဿနာနှင့် ကျန်းမာရေးကိုမူ ဗုဒ္ဓဟူးနံ့ဘုရားမှာ လှူပါ။

**မွေးနေ့၏ နံနက် (၉)နာရီ (၁၀)မိနစ် တွင်လှူပါ။ ဂြိုဟ်ရှစ်ခွင် မရှိသည့် အရပ်တွင်မူ အိမ်က ဘုရားစင်မှ ဘုရားရှင်ကို လှူပါ။**

**အာယုဝဍ္ဍော သုခံ ဗလံ**

**မောင်ဗဟိန်း(အင်းတော်)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အာရုံကြောရောဂါအတွက်ဆိုရင် ကလေးမြို့မှ ဆရာကြီး ဦးမာ၏ လက်တွေ့အသုံးပြု ကုသအောင်မြင်ခဲ့သော...

တိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်
TRM009578(0115)
ထဆဝက(စာနယ်ဇင်း)
၁၀၅/၀၉၁၄

# ခြူးရာဇာ

အမှတ်တံဆိပ်




## အာရုံကြောဆေးမှ စိတ်ချရတယ်...

'ကိုဇော် ဘယ်ကလှည့်လာတာလဲ၊ မတွေ့တာကြာပြီနော်လာထိုင်'

'ဟုတ်တယ် ကိုသန်းအောင်ဆီ တမင်လာတာပဲ။ ကျွန်တော် ခုတလော နောက်ကြောတက်၊ ဇက်ကြောထိုးပြီး သတိတွေလဲမေ့၊ ခေါင်းတွေလဲ မူး။ စိတ်မကြည်လင်ဘဲ အာရုံတွေ နောက်နေတယ်ဗျာ'

'ဒါဆို ဆေးခန်းမပြဘူးလား'

'ပြပါ့ဗျာ အထူးကုသမားတော်ကြီးနဲ့ သွားပြပါတယ်။ သမားတော်ကြီးက အာရုံကြောအားနည်းတဲ့ရောဂါလို့ ပြောတယ်။ ဆေးတွေ သောက်တာလဲ သိပ်ပြီးမထူးခြားဘူး ဖြစ်နေတယ်။ ဆရာကတိုင်းရင်းဆေးသမားတော်တွေနဲ့ ရင်းနှီးတော့ ဘယ်ဆရာနဲ့ပြရင် ကောင်းမလဲ ဆိုတာ လမ်းညွှန်ပေးပါဦး'

'ဒါဆိုရင်တော့ ကျွန်တော်လဲ ခင်ဗျားဖြစ်သလို အာရုံကြောအားနည်းတဲ့ရောဂါ ခံစားရတုန်းက ရွှေလီဦး ဆေးတိုက်ကို ရောက်သွားတယ်။သမားတော်ကြီးဆရာကြီးဦးမာ၏သမီးဆရာမဒေါ်သန်းသန်းဌေးက **ခြူးရာဇာ အမှတ်တံဆိပ် အာရုံကြောအားဆေး** ပေးလိုက်တယ်။ အဲဒီ ခြူးရာဇာအာရုံကြောအားဆေးကို သုံးစွဲလိုက်တာ အခု ခင်ဗျားမြင်တဲ့အတိုင်းပဲ ကျန်းမာသွက်လက် ဖျတ်လတ်ပြီး စာပေတွေလဲ ကောင်းကောင်း ရေးနိုင်နေတာပေါ့ဗျ'

'ဒီလိုဆိုကျွန်တော့်လဲရွှေလီဦးဆေးတိုက်ကိုလိုက်ပို့ပေးပါလားဆရာ'

'ကဲ ဒါဆို အချိန်မဆိုင်းဘဲ အခုပဲ သွားကြမယ်'

ဒီလိုနဲ့ ကျွန်တော်ရယ်၊ ဆရာ ကိုသန်းအောင်ရယ် ရွှေလီဦး ဆေးတိုက်ကို ရောက်သွားတော့ ဆရာမ ဒေါ်သန်းသန်းဌေးနဲ့ တွေ့ရပါတယ်။ ဆရာမ ဒေါ်သန်းသန်းဌေးက လိုအပ်သည်များကို စမ်းသပ်စစ်ဆေးပြီး...

'ကိုဇော် ဖြစ်ပေါ်ခံစားနေရတာက အာရုံကြောအားနည်းတဲ့ ရောဂါ ဖြစ်ပါတယ်'

'ဟုတ်ကဲ့ ဆရာမ၊ သမားတော်ကြီးများကလဲ အဲဒီလိုပဲ ဆုံးဖြတ်ကြပါတယ်။ ဒါဆိုရင် အာရုံကြောအားနည်းတဲ့ ရောဂါ လက္ခဏာတွေကို ပြောပြပေးပါလား ဆရာမ'

'အာရုံကြောဟာ ခန္ဓာကိုယ်မှာ အဓိကကျတဲ့ အခန်းကဏ္ဍက ပါဝင်ပြီး ခန္ဓာကိုယ်တစ်ခုလုံးကို ထိန်းချုပ်ကွပ်ကဲ လမ်းညွှန်မှုတွေကို ပေးနေတဲ့ အစိတ်အပိုင်း ဖြစ်ပါတယ်။ ဒီအာရုံကြောတွေအားနည်းလာပြီဆိုရင် သတိမှတ်ဉာဏ် မေ့လျော့ခြင်း၊ နောက်ကြောတက် ဇက်ကြောထိုးခြင်း၊ ခြေလက်များ ထုံကျဉ်လေးလံခြင်း၊ ကြွက်သားများ တင်းမာပြီး ညောင်းညာကိုက်ခဲခြင်း၊ စိတ်မကြည်လင်ခြင်း၊ ခေါင်းမူး ခေါင်းကိုက်ခြင်း၊ လေငန်းလေဖြတ် ကိုယ်တစ်ခြမ်းသေခြင်းနဲ့ စိတ်သွားတိုင်းကိုယ်မပါတဲ့လက္ခဏာတွေ ခံစားဖြစ်ပေါ်ရတတ်ပါတယ်'

'ဒါဆိုရင် ကျွန်တော့်ကို လိုအပ်တဲ့ ကုသမှုတွေပေးပါဆရာမ'

'ကိုဇော်ရဲ့ အာရုံကြောအားနည်းတဲ့ရောဂါအတွက် အကောင်းဆုံး ကုသမှုပေးရမယ်ဆိုရင် ကျွန်မရဲ့အဖေ သမားတော်ကြီး ဆရာကြီးဦးမာ လက်တွေ့ အသုံးပြု ကုသအောင်မြင်ခဲ့တဲ့ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တဲ့ **ခြူးရာဇာအမှတ်တံဆိပ် အာရုံကြောအားဆေး**ကိုပဲ **တစ်နေ့ သုံးကြိမ် သုံးစွဲပေးခြင်းဖြင့်** သက်သာပျောက်ကင်းစေနိုင်ပါတယ်'

'ခြူးရာဇာ အာရုံကြောအားဆေးရဲ့ အကျိုးအာနိသင်ကိုလဲ သိပါရစေ ဆရာမ'

'ခြူးရာဇာ အာရုံကြောအားဆေးရဲ့ အကျိုးအာနိသင်တွေကတော့ အာရုံကြောအားနည်းခြင်း၊ ခြေလက်ထုံကျဉ်ခြင်း၊ ဒူးနာခါးနာ, ခြေကပ်လက်ကပ်, နောက်ကြောတက်, ဇက်ကြောထိုးခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ ခြေလက်ညောင်းညာ ကိုက်ခဲခြင်း၊ ပန်းသေပန်းညိုးဖြစ်ခြင်း၊ အဆစ်ရောင်ခြင်း၊ ကြွက်သားနဲ့ အာရုံကြောများ နာကျင်ရောင်ရမ်းခြင်းတို့အတွက် သုံးစွဲနိုင်ပြီး ဆီးချို၊ သွေးတိုး၊ လေငန်းရောဂါများကို ကြိုတင် ကာကွယ်နိုင်တဲ့ဆေး ဖြစ်ပါတယ်။ အထူးသဖြင့် အာရုံကြောအားနည်း၍လေငန်း, လေဖြတ်, ထုံကျဉ်, ဒူးနာ, ခါးနာ, အကြောတက် ညောင်းညာသူများ၊ ကျောင်းသူကျောင်းသား ရုံးဝန်ထမ်းများနဲ့ ကွန်ပျူတာသုံးစွဲသူများအတွက် အထူးသင့်တော်တဲ့ဆေးပဲ ဖြစ်ပါတယ်'

ကျွန်တော်လဲ ဆရာမ ဒေါ်သန်းသန်းဌေး ပေးလိုက်သော ခြူးရာဇာ အာရုံကြောအားဆေးကို သုံးစွဲလိုက်တာ ကျွန်တော် ခံစားနေရတဲ့ ရောဂါတွေဟာ ပိန်းကြာရွက်ပေါ် ရေမတင်သကဲ့သို့ သက်သာပျောက်ကင်းသွားပြီး အခုဆိုရင် သွက်လက်ပေါ့ပါး လန်းဆန်းလို့ဗျ။ စာဖတ်ပရိသတ်ကြီးလဲ ကျွန်တော့်လို အာရုံကြောအားနည်းတဲ့ ရောဂါများ ဖြစ်ပေါ်ခံစားနေရင်တော့ **ခြူးရာဇာ အမှတ်တံဆိပ် အာရုံကြောအားဆေး**ကို နီးစပ်ရာ ဆေးဆိုင်များမှာ မေးဝယ်ပြီး သုံးစွဲကြည့်လိုက်ပါ။ **အာရုံကြောဆို ခြူးရာဇာ**ကို သုံးစွဲပါလို့ သတင်းကောင်းလေးပါးလိုက်ပါတယ်။

ပင်ရင်း - **ခြူးရာဇာ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

**ဖြန့်ချိရေး - ရွှေလီဦးဆေးတိုက်** အမှတ်(၁၃၀/၁၂)၊ သာယာလမ်း၊ တာဟန်း(ဒီ)၊ ကလေးမြို့။
ဖုန်း - ၀၇၃-၂၂၄၁၇၊ ၀၉-၆၄၇၂၁၇၉၊
အမှတ် (က/၆၅၆)၊ နွယ်သာဂီ (၁)လမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်။
တိုက် (၃/G) လှည်းတန်း (၁)လမ်း ကမာရွတ်မြို့နယ်၊ ရန်ကုန်။
ဖုန်း - ၀၉-၅၁၁၆၇၅၁၊ ၀၉-၄၂၀၀၈၀၀
မန္တလေး ဖုန်း - ၀၉-၇၁၅၀ ၂၉၀၉။



www.burmeseclassic.com

www.burmeseclassic.com



◆ ကျင်းထဲရွှေဂူဘုရား၊ အရှေ့ဘက်မုခ်ဦးကို တွေ့ရစဉ်

မောင်မြရွှေ
(မြောင်)

ချောင်းဦးမြို့နယ်၊ မှန်ချိုကျေးရွာ

# ကျင်းထဲရွှေဂူဘုရားကြီး

ပူဇော်မှု အခိဋ္ဌာန်ခံဖိုး

စစ်ကိုင်းတိုင်းဒေသကြီး၊ ချောင်းဦးမြို့နယ်၊ မှန်ချိုကျေးရွာကို အရေးအခင်းကာလပြီးကတည်းက စာရေးသူ တာဝန်ကျရာဒေသမှ ချောင်းဦးသို့ အသွား ပခုက္ကူ-ချောင်းဦး ကားလမ်း၊ ရထားလမ်းမပေါ်မီ အချိန်ကစပြီး ယခုအချိန်ထိ စက်ဘီးဖြင့် သွားရောက်ရာ ကျေးရွာတစ်ရွာ ဖြစ်ခဲ့ပါသည်။

ကားလမ်း၊ လှည်းလမ်းများ၏ ဘေးမှာကပ်လျက် မှန်ချိုရွှေဂူဘုရားကြီး သို့မဟုတ် ကျင်းထဲရွှေဂူဘုရားကြီးကို မြင်ရပါသည်။ ဘုရားကြီး၏သမိုင်းကြောင်းကိုလည်း တစ်စွန်းတစ်စ သိရှိထားသော်လည်း ဝင်ရောက်ဖူးမြော်ရန် အခွင့်မသာ ရှိခဲ့ပါသည်။

စာရေးသူတို့ စစ်ကိုင်းနယ်၊ မုံရွာနယ်တစ်ရိုးမှာ "**ဆေးမှာ မှန်ချို၊ ဗေဒင်မှာ ကျားအို**"ဟု ဆိုရိုးရှိပါသည်။

ချောင်းဦးမြို့နယ်၊ မှန်ချိုကျေးရွာသည် တိုင်းရင်းမြန်မာဆေးကုသရေးမှာ တော်သည်ဟု နာမည်ကောင်းရပါသည်။

မြောင်မြို့နယ်၊ ကျားအိုကျေးရွာ ဗေဒင်မှာ ဖြေးကြည့်လိုက်သလို အလွန်မှန်ကန်ပါသည်ဟု နာမည်ရပါသည်။

ယခုအခါ တိုင်းရင်းမြန်မာဆေးဝါး ထုတ်လုပ်ရေးမှာ နိုင်ငံကျော် မှန်ချိုဆရာ ဦးလှဌေး၊ မှန်ချိုဆေးနှင့်အတူ မှန်ချိုရွာသည် အလွန်ထင်ရှားလျက် ရှိပါသည်။

ချောင်းဦး-ပခုက္ကူလမ်းခွဲ၊ ချောင်းဦးမြို့မှ (၄)မိုင်ခန့်ဝေးသော ကားလမ်း၊ ရထားလမ်း၊ ဘူတာရုံရှိသော ချောင်းဦးမြို့နယ်မှ မှန်ချိုကျေးရွာကြီးတစ်ရွာ ဖြစ်ပါသည်။

မှန်ချိုကျေးရွာတွင် မိုက္ကရိုဝေ့မျှော်စင်ကြီးသည် အဝေးမှပင် နေ့နေ့ညည လှမ်းမျှော်၍ မြင်တွေ့နိုင်ကြပါသည်။ မိုက္ကရိုဝေ့စင်၏ အရှေ့ဘက်တွင် ခြံသေ့ကြီးနှစ်ကောင်နှင့် ကျင်းထဲ ရွှေဂူဘုရားကြီးကို ဖူးမြင်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## သမိုင်းတစ်ခွန်းတစ်စ သိခွင့်ရ

ရှေးက **"မငြိုဟ်"** ရွာဟု ခေါ်ရာမှ ယခုအခါ **"မှန်ချိုရွာ"** ဟု ပြောင်းလဲခေါ်ဝေါ်လာကြောင်း သိရှိရပါသည်။

မြန်မာ့သမိုင်းစဉ် တစ်လျှောက် ခေတ်ကာလ မင်းပြုစိုးစံခဲ့ကြသော ဘုရင်မင်းမြတ်အသီးသီးက မိမိတို့ ကောင်းမှုကုသိုလ်ပြု တည်ထားခဲ့ကြသော စေတီရုပ်ပွားတော်မြတ်များအား ဘွဲ့အမည်တော် သမုတ်ခဲ့ကြရာတွင် တည်ထားကိုးကွယ်ရာဒေသနှင့် ယှဉ်တွဲလျက် **"ရွှေဂူဘုရား"** ဟူသောဘွဲ့တော် သမုတ်ခဲ့ပါသည်။

ချောင်းဦးမြို့နယ်၊ မှန်ချိုရွာ ရွှေဂူဘုရားကြီး ယခုအခေါ် **"ကျောင်းထဲရွှေဂူဘုရားကြီး"** တစ်ဆူအပါအဝင် ဖြစ်ပါသည်။


## ချောင်းဦးမြို့နယ်မှာ ရွှေဂူဘုရား သုံးဆူပါ

ချောင်းဦးမြို့နယ်မှာ အမည်တူ ရွှေဂူဘုရားသုံးဆူရှိခဲ့ရာ တစ်ဆူနှင့်တစ်ဆူ တည်ထားသော မင်းများမှာ တစ်ပါးစီ ဖြစ်ကြောင်း သိရှိရပါသည်။

ချောင်းဦးမြို့မ ရွှေဂူဘုရားကြီး၊ မှန်ချိုရွာလယ်ကျောင်းထဲ ရွှေဂူဘုရားကြီးနှင့် မှန်ချိုရွာ တောင်ဘက် မင်းကြီးစွာစော်ကဲ တည်ထားခဲ့သော **"ရွှေဂူဘုရား"** များ ဖြစ်ပါသည်။


သက္ကရာဇ် ၄၄၆ ခုနှစ်မှာ ပုဂံထီးနန်းကို စိုးစံတော်မူခဲ့သော ကျန်စစ်သားမင်းကြီးမှ တည်ထားခဲ့သော "ရွှေဂူဘုရား" တစ်ဆူ ဖြစ်ပါသည်။

မြန်မာသက္ကရာဇ် ၁၁၄၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် (၁၃)ရက်နေ့တွင် ကုန်းဘောင်မင်းဆက် ဆင်ဖြူရှင် မင်းတရားကြီးက ခမည်းတော်၏



ရွှေဂူကြီးစေတီတော်မြတ်ကြီးကို မှုမြင်ရစဉ်


ကျောင်းထဲရွှေဂူဘုရားကြီးလိုက်ရှာမှ ဂေါပကလူကြီးများ






www.burmeseclassic.com

www.burmeseclassic.com






◆ တာဝတိံသာစေတီတော်မြတ်ကို ဖူးတွေ့ရစဉ်

♦ ကျင်းထဲရွှေဂူမြတ်စွာဘုရား

◆ မိုးဘယ်လောက်ရွာရွာ ရေမတင်သော ဘုရားတံတိုင်းနှင့် ဇရပ်



အမိန့်အရ မြန်မာတစ်နိုင်ငံလုံးရှိ **"ရွှေဂူဘွဲ့တော်ခံ"** ရွှေဂူဘုရားများကို ပြုပြင်စေခဲ့ရာ "ကျင်းထဲရွှေဂူဘုရား" သည် (၂၅၈)ဆူမြောက် ပြင်ဆင်ရသည့်ဘုရားဖြစ်ကြောင်း သိရှိရပါသည်။

## ကျင်းထဲအမည်ရ

## တစ်ထောင့်သုံးရာ ဆယ့်သုံးခုက


ချောင်းဦးမြို့နယ်တွင် ရွှေဂူဘုရားဘွဲ့အမည်တူ သုံးဆူရှိပါသည်။ ထင်ရှားမသိသူများ မမှားရအောင် မှန်ချိန်ရွှာလယ် ဘုရားဂေါပကလူကြီးများက မြန်မာသက္ကရာဇ် ၁၃၁၃ ခုနှစ်တွင် **"ကျင်းထဲ ရွှေဂူဘုရားကြီး"** ဟု အမည်ခေါ်ဝေါ် ပြောင်းလဲခဲ့ကြောင်း သိရှိခဲ့ရပါသည်။

ရှေးက ယခုကဲ့သို့ မြင့်မားသော တံတိုင်းကြီးများ မရှိသေးပါ။ မြန်မာသက္ကရာဇ် ၁၃၁၄ ခုနှစ်တွင်ဘုရား



www.burmeseclassic.com

www.burmeseclassic.com





▲ ဘုရားပရိဝုဏ်အတွင်းမှ ရုပ်ပွားတော်များ

◀ ကျွန်းထဲရွှေဂူဘုရားပရိဝုဏ်အတွင်းမှ တဝဋ္ဌဘုရား

▼ ဘုရားပရိဝုဏ်ထဲမှ ကျောက်စာတစ်ချပ်



ပရိဝုဏ်ကို ရှင်းလင်းကြရာ အနက်(၅)တောင်အောက်မှာ ရှေးအုတ်တိုက်များ၊ အုတ်ရိုးများကို တွေ့ရှိခဲ့ပါသည်။

ဘုရားမြောက်ဘက်မှ မနောရွှေလင်ပန်းနှစ်ချပ်ကိုလည်း တွေ့ရှိခဲ့ရသည်ဟု ဆိုပါသည်။

အုတ်တိုက်များသည် ဘုရားကြီးအောက်တည့်တည့်သို့ ရောက်ရှိနေသဖြင့် ရှေ့ဆက် မတူးရဲကြ၊ ရပ်လိုက်ကြရပါသည်။

ဘုရားဂေါပကလူကြီးများအဖွဲ့ မဖြစ်ပေါ်သေးသည့်အခါက ဆရာတော် ဦးသာသနသည် ဘုရားကြီးကို စောင့်ရှောက်နေသော ဘုန်းတော်ကြီးတစ်ပါး ဖြစ်ပါသည်။

ဆရာတော်သည် အရှေ့ဘက်အပေါက်မှဖွင့်၍ ဘုရားဝတ်ပြုသည့် နေစဉ် ညနေ(၄)နာရီခန့်တွင် ဘုရားထဲမှ မိန်းကလေးအသံများ ဝတ်တက်နေသံ ကြားနေရသဖြင့် ပြန်ထွက်လာသည်ကို မတွေ့ရ၍ သွားကြည့်ရာ တစ်ယောက်မှ မတွေ့ရဟု ဆိုပါသည်။

## ရောင်ခြည်တော်ကွန့်မြူး ဖူးကြသည်

မှန်ချိုရွှေဂူကြီးဘုရားသည် စေတီကော်အပေါ်မှ အလင်းရောင်ကြီး ထွက်လာတတ်သည်။ တစ်ခါတစ်ရံ ကျွန်းထဲရွှေဂူဘုရားကြီးမှ အရှေ့ဘက်သို့ အဖြူရောင်၊ အစိမ်းရောင်များ ဖြာထွက်နေသည်ကို ဖူးထိုက်သူ လူအများ ဖူးမြင်ခဲ့ကြရသည်။

ကျွန်းထဲရွှေဂူဘုရားကြီးမှ မှန်ချိုရွာ မိုးကောင်တစ်မတ်စေတီနှင့် ရွှေသိမ်တော်ဘက်ဆီသို့ ရောင်ခြည်တော်များ သွားနေသည်ကို တစ်ကြိမ်လျှင်(၂)မိနစ်၊ (၃)မိနစ်ကြာမျှ ဖူးမြင်ကြရပါသည်။

ရောင်ခြည်တော် မကြာခဏ လွှတ်သည်ကို ယခုအသက်အရွယ် အထိ (၄)၊ (၅)ကြိမ်ခန့်ဖူးရသည်ဟု ဦးကြိုင်(၇၂)နှင့် ဦးလှအုံး



www.burmeseclassic.com

www.burmeseclassic.com



● ဂိုဂုဏ်အရှေ့မြောက်တောင်မှ ပုံမကြည်မရှင်ဘု

(၆၂)နှစ်နှင့် ဘဏ္ဍာရေးမှူး ဦးသိန်းရီ တို့က စာရေးသူ သိလိုသမျှတို့ကို သုတို့ သိမီမှတ်မိသမျှ ရှင်းလင်း ပြောကြားကြပါသည်။

## အံ့ဖွယ်ထူးခြား ဖြစ်စဉ်များ

ကျောင်းထဲရွှေဂူဘုရားကြီး ဗုဒ္ဓပူဇနိယ ဆွမ်းလောင်းလှူပွဲကြီးကို နှစ်စဉ် [illegible]လပြည့်ကျော် (၃)ရက်နေ့တိုင်း [illegible]ဘုရားအမှူးထားလျက် ပင့် [illegible]တော် အပါး(၂၀၀)ကျော်ကို ဆွမ်းလောင်းလျက် ရှိပါသည်။

[illegible]သံဃာတော် (၂၀၀)ကျော်တို့ [illegible] အလှုတ်ဆွမ်းကပ်လိုသူများသည် [illegible]ခန့်က စပြီး ရွာလူကြီးများ၊ [illegible]ကြီးများကို စာရင်းပေးပြီး [illegible]မှတ်တမ်း တင်ထားကြရပါ[illegible]

ဆွမ်းကပ်မည့် အလှူရှင်များကလည်း မိမိ အလှည့်ကျလျှင် နေရာဖယ်မပေးဘဲ ဝမ်းမြောက်ဝမ်းသာ ဆွမ်းဆက်ကပ်ကြပါသည်။

၁၃၄၂ခုနှစ်က စပြီး ဆွမ်းဒါယကာများ မဲချပြီး တန်းစီဇယားအရ ကမ္ပည်း မှတ်တမ်းတင်ကာ ဆွမ်းကပ်ကြရသည်မှာလည်း ထူးခြားမှုတစ်ခုပင် ဖြစ်ပါသည်။

ဗုဒ္ဓပူဇနိယ ဆွမ်းလောင်းပွဲတွင် ချောင်းဦးမြို့၊ ထူးနီရွာ၊ ဆင်မြေရွာ၊ ငါးလုံးတင်ရွာ၊ မထီသာရွာများနှင့် ပတ်ဝန်းကျင်ရွာများမှ လာရောက်လောင်းလှူကြပါသည်။

နိုးဘာယ်လောက်ရွာရွာ အနက်(၅) တောင် အကျယ်(၇၅)တောင်ရှိ ဘုရားပရိဝုဏ်မှာ နိုးရာများ တင်ကျန်မနေခြင်းသည် အံ့ဖွယ်တစ်ပါး ဖြစ်ပါသည်။

ဘုရားပရိဝုဏ်ထဲမှာ ပရိသတ် ဘယ်လောက်များများ မဆံ့ဆိုသည်မှာ မရှိကြောင်း သိရပါသည်။

ချောင်းဦးမြို့နယ်၊ မှန်ချိုကျေးရွာ၊ ရွာလယ် "ကျောင်းထဲရွှေဂူဘုရားကြီး" သည် ချောင်းဦး–ပခုက္ကူ ကားလမ်း၊ ရထားဘူတာရုံအနီးမှာ တည်ရှိသဖြင့် ကျန်စစ်သားမင်းကြီး၏ ကောင်းမှုတော် စေတီတော်ကို ဝင်ရောက် ဖူးမြော်နိုင်ကြရန် ရေးသားပူဇော်ရပေသည်။

**မောင်ရေချမ်း (မြောင်)**

## စာမူရှင်များသို့ . . .

ပေးပို့သော

စာမူများကို

မူပွား

ထားကြပါရန်နှင့်

မရွေးချယ်ဝါက

ပြန်လည်ပေးပို့မည်

မဟုတ်ပါကြောင်း

အသိ

ပေးအပ်ပါသည်။

စာပေစာဦးစီး . . .

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

# အဆောင်အင်းနှင့်

ဝတ်သတ်၍


ရောမြေ ကျော်ဝေ



## ပုံစံ (၁)


ဗျည်း (၃၃)လုံးနှင့် (က)အလယ် ချရန်အတွက် တာစူနေသော အင်း (၄)ကွက်ပုံ။

* * *




(က)အလယ်ချ ဗျည်း(၃၃)လုံး အင်းပုံ၊ ယင်းအင်းမှာ (၄)ကွက် စုစည်းပြီး (က)အလယ်ထားသော ပုံ။

* * *




**က**–အလယ်သေ ချလျှင် အင်းအား ကြီးသော သိဒ္ဓိအစွမ်းနှင့် ပြည့်စုံ၏။ **က**–အလယ်သေအင်း ချရာတွင် ရွတ်ဆိုရမည့်ဂါထာမှာ သဝေမပါ ကိုးဂါထာ (ခေါ်) သရဏဂုံသုံးပါးကို (၉)ခေါက် ရွတ်ဆိုရမည်။ **(ဗုဒ္ဓံ၊ ဓမ္မံ၊ သံဃံ)** **"က.ဃ.ဏ.ဋ"**ဟူသော ကြီးလေး ကြီးကိုလည်း အဓိဋ္ဌာန်ပြု၍ ရွတ်ဆို ရမည်။

**(က)**–ကဿပဘုရား ထိပ်မှာထား၍ ရည်မှန်းပူဇော် လှူသောသူကား...

**(ဃ)**–ဃောသကသူဌေး သူကြွယ် အားနှင့်မခြား ဥစ္စာ ပြီးပြည့်စုံထား...


**(ဏ)**–ဏာဘယ်(ခေါ်) ဘေးဘယာ အပေါင်း ခွာရှောင်တိမ်း၍ စိမ်မက် အင်အား ရှိသည့်အလားသို့...

**(ဋ)**–ကြီးလေးကြီးအချုပ် နတ်မင်း အုပ်လျက် ဓတရဋ္ဌ၊ ဝိရူဠက၊ ဝိရူပက္ခ၊ ကုဝေရခေါ် အကျော်အမော် နတ် မြတ်သူတော် သိဒ္ဓိပျော်လျက် အောင် စေသတည်း၊ အောင်စေ့အင်း။

## ပုံစံ (၂)

**ဗျည်း(၃၃)လုံးနှင့် (အ)အလယ် ချရန်အတွက် တူညီ၍ တာစူနေ သော အင်း(၄)ကွက်ပုံ။**

* * *





(အ)အလယ်ချ ဗျည်း(၃၃)လုံး အင်းပုံ၊ ယင်းအင်းမှာ (၄)ကွက် စုစည်းပြီး (အ)အလယ်ထားသောပုံ။



www.burmeseclassic.com

www.burmeseclassic.com

* * *



• ရွတ်ဆိုရန်ဂါထာတော်မှာ "အရဟံ ဘဂဝါ သိဒ္ဓိအောင်"ကို (၂၇)ခေါက် ရွတ်ဆိုပြီး သိဒ္ဓိတင်ရပါမည်။

အ-အလယ်သေ ချလျှင် ဣစ္ဆာသယ လိုတိုင်းရစေနိုင်သော သိဒ္ဓိထူးဖြင့် အကျိုးသတ္တိကို ရစေ၏။

**(စ)**-စ,ဟူသည်ကား အစစ ခပ်သိမ်းတို့ကို အောင်မြင်နိုင်စေသတည်း။

**(ဓ)**-ဓ,ဟူသည်ကား မြတ်စွာဘုရားသည် ဓမ္မစကြာ ဟောသောအခါတွင် နတ်သိကြားများအပေါ် ဩဇာတည်သကဲ့သို့ ကျွန်ုပ်၏ဩဇာသည်လည်း တည်ပါစေသတည်း။

**(ဗ)**-ဗ,ဟူသည်ကား ဗဟုများစွာ ဉာဏ်ပညာ မကြာကိုယ်၌ ကိန်းစေသတည်း။

**(ဝ)**-ဝ,ဟူသည်ကား ဝင်းဝင်းဝါဝါ ညာရောင် တန်ဆောင်နေသို့ လင်းစေသတည်း။

ဗျည်း(၃၃)လုံးထဲတွင် "စ.ဓ.ဗ.ဝ" ဟူသော စမကြီးလေးလုံး ပါဝင်သလို "က.ဃ.ဏ.ဠ"ဟူသော ကြီးလေးကြီးလည်း ပါဝင်ပါသည်။ ရှေးဆရာတို့သည် အင်းဟူသော ဝေါဟာရစကားကို ပါဠိမှ ဆင်းသက်လာသော အင်္ဂ အစိတ်အပိုင်း အောင်မြင်ရန် ကြံစည်ချက် အကြံအစည်ဟူသော အင်္ဂ၏ ... ဆင်းသက်လာခြင်း ဖြစ်ပေသည်။

**အင်္ဂါ**ဆိုသည်မှာ တံဆိပ် အမှတ်ဟူ၍လည်းကောင်း၊ အစင်းကြောင်းဟူ၍လည်းကောင်း အဓိပ္ပာယ်ရလေသည်။

တံဆိပ်ဟူသည်မှာ ယန္တယောဂ အတတ်တွင် ပါဝင်သလို ကြက်ခြေ၊ ဗိန္ဒု စသော ရှေးဆရာရသေ့ ရှစ်သောင်း ဆရာအပေါင်းတို့က ထားခဲ့သော အမှတ်လက္ခဏာများပင် ဖြစ်သည်။

ဗျည်းနှင့်သရများ တွဲလျက် နက္ခတ်နှင့် ယှဉ်ပြီး ပထဝီဓာတ်စမ၊ တေဇောဓာတ်စမ၊ အာပေါဓာတ်စမ၊ ဝါယောဓာတ်စမ ဟူ၍ သတ်မှတ်ထားခြင်းကို ဓာတ်စမဟု ခေါ်ဆိုသည်။

ရုပ်စမကို ဂဏန်းဆယ်ခု သမ္ဗုဒ္ဓေဟု ခေါ်ဆိုထိုက်သော ဆယ်ခုသော ဂဏန်းတို့ဖြင့် ဘုရားပုံတော် ရေးဆွဲခြင်း၊ ဂဏန်းများနှင့်ပင် ရသေ့ပုံ၊ သူရဿတီပုံ၊ ဒေဝီပုံ၊ ဘီလူးပုံ၊ ကဝေပုံ၊ နတ်ပုံ၊ ဗြဟ္မာပုံတို့ကို အင်း အဖြစ် စီမံရေးဆွဲခြင်းကို ရုပ်စမဟု ခေါ်ဆိုပါသည်။

အင်းကွက်ဖော်ခြင်း၊ အင်းဆန်သွင်းခြင်း၊ ဂါထာမန္တန် ရွတ်ခြင်း ပြုလုပ်သူသည် သမာဓိအား ကောင်းသူ၊ အင်းချသည့် အတတ်ပညာကို ကောင်းစွာ တတ်မြောက်သူ၊ မနောကံမြောက် စိတ်အာရုံဟိတ်ကို နိုင်နင်းသူများ ဖြစ်ပါက အင်းသည် အကျိုးအာနိသင် သိဒ္ဓိတန်ခိုးကို စွမ်းပေးနိုင်ပေမည်။

မိုင်းကိုင်စက္ကူ၊ စက္ကူကတ်ထူပြား၊ ကြေးပြား၊ သတ္တုပြား၊ ငွေပြား၊ ရွှေပြား စသည်တို့တွင် အင်းချပြီး အဆောင်ပြုလုပ်ရာတွင်လည်း ပြုလုပ်ပေးသူ၊ ယူသောသူတို့တွင် အကျင့်သီလ၊ သိက္ခာ,စရဏ နှစ်ဦးနှစ်ဝ ရှိကြမှသာလျှင် အဆောင်အင်းက သိဒ္ဓိထက်ပေမည်။

အချို့အင်းများက သိမ်ဝင်မှ အစွမ်းထက်ကြပါသည်။ သိမ်ဝင်ရာတွင် အနည်းဆုံး (၉)သိမ်မှ (၂၇)သိမ်ထိ ဝင်ပေးရခြင်း လက်ဝယ်တွင် အင်းဆောင်ထားသူက...

(၁) ကံငါးပါးကို လုံခြုံစွာ ထိန်းရခြင်း

(၂) မသန့်ရှင်းသော နေရာ၊ မီးနေသည်များသို့ ဝင်ထွက်သွားလာမှု မပြုရခြင်း

(၃) အမဲသား ဝက်သား မစားရခြင်း

စသော ဤ(၃)ချက်ကို ရှောင်လျှင် အင်းက ဆောင်သူအတွက် သိဒ္ဓိထက်စေပါသည်။

တချို့သောပုဂ္ဂိုလ်များက မေးလေ့မေးထ ရှိကြပါသည်။ အင်းဆောင်ရာတွင် ဆောင်သောအင်းက သိဒ္ဓိတန်ခိုး အကျိုးအာနိသင်ပင် ရှိသလော၊ သို့တည်းမဟုတ် ဆောင်သူက တန်ခိုးသိဒ္ဓိပင် ထူးသလောဟု မေးခြင်းကို ဖြေရမည်ဆိုပါလျှင် ဆောင်သောသူရော အဆောင်အင်းပြားရော နှစ်ဦးနှစ်ဝ သိဒ္ဓိတန်ခိုးထက်မှ ထူးခြားပေါက်မြောက် အောင်မြင်ပေမည်။

***ရွှင်လန်း ချမ်းမြေ့ကြပါစေ။***

**ရောမြေ့ ကျော်ဓေဝ**

**ကျမ်းကိုး**

- ဗားမဲ့ဝိဇ္ဇာ မဟာသိဒ္ဓိ ကျမ်းရင်းကြီး။
- ဆန်းကြယ်သော မနောတန်ခိုး။
- ဗျည်း(၃၃)လုံး (က)အလယ်ချနှင့် (အ)အလယ်ချသော ပုံနှင့် နည်းများ၊ စမကြီး(၄)လုံး အင်းပုံနှင့် ကြီးလေးကြီး အင်းပုံများကို ဆရာတော် ဦးရေဝတ လက်ရေးမူစာအုပ်ကျမ်း။



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အမျိုးသားများ အားအင်ကုန်ခန်း စိတ်မရွှင်လန်းရင်

# စကြာမင်း

အမှတ်တံဆိပ်

# အားတိုးဆေး ရှိပြီပါ

ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် (ဝ၅၁၁ YR ၀၀၆၀၂၄)



ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(တနယ်ဇင်း)
၅၃/၀၅၁၃

'ဟော့ ကိုကြီးကောင်း အိမ်တွင်းပုန်း လုပ်နေတာလားဗျ'

'အိမ်တွင်းပုန်းနေတာ မဟုတ်ဘူး။ စိတ်ဓာတ်ကျနေတာဗျ'

'ကဲ ဆိုစမ်းပါဦး၊ စိတ်ဓာတ်ကျစရာ ဘယ်လိုအကြောင်းတွေများ ရှိလို့လဲ'

'ပြောရရင်တော့ ရှက်စရာကြီးပါဗျာ၊ ဒါပေမယ့် ခင်ဗျားက ဗဟုသုတစုံသူ ဆိုတော့ အကြံဉာဏ်များပေးနိုင်ကောင်းရဲ့ ဆိုပြီး ရှေ့မျက်နှာ နောက်ထားပြီး ပြောမယ်ဗျာ။ ကျွန်တော့်မှာ အမျိုးသားအားနည်းရောဂါ ဖြစ်နေလို့ဗျ။ အဲဒါ လုပ်ပါဦး။ ဘယ်လိုလုပ်ရင် ကောင်းမလဲ'

'ဆေးတွေ မသုံးစွဲဘူးလား'

'သုံးစွဲတာမှ ရှိသမျှအားဆေးတွေ စုံနေပြီ။ ထူးခြားမှုမရှိဘူး ကိုဘုန်းရ'

'ဒါဆိုရင် ကျွန်တော်လဲ အမျိုးသားအားနည်းရောဂါ ဖြစ်နေရလို့ ခင်ဗျားလိုပဲ စိတ်ဓာတ်ကျနေတဲ့အချိန်မှာ ဆရာကြီး ဆရာမြင့် (စကြာမင်း) ရေးသားပြုစုထားတဲ့ "အမျိုးသားရောဂါ သိကောင်းစရာနဲ့ ကာကွယ်ကုသနည်းများ" ဆိုတဲ့ အမျိုးသားများအတွက် ကျန်းမာရေး ပညာပေးစာအုပ်ကို ဖတ်မှတ်မိရာမှ အားတက်သွားပြီး ဆရာမြင့်ထံ အပြေးကလေး သွားရောက်ဆွေးနွေးမိတယ်ဗျ။

အဲဒီမှာ ဆရာမြင့်က စကြာမင်းအားတိုးဆေးပေးပြီး တစ်နေ့ (၂)ကြိမ် မှန်မှန်သောက်ရင် မင်းရဲ့ရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းပါလိမ့်မယ်လို့ ညွှန်ကြားလိုက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ဆရာ့ရဲ့ ညွှန်ကြားချက် ဆေးညွှန်းပါ အညွှန်းအတိုင်း သောက်သုံးလိုက်တာ အခုဆိုရင် လန်းဆန်းပြီး အကြောအားတွေ ကောင်းလိုက်တာမှ ဒေါင်ဒေါင်မြည်ပဲဗျ'

'ဆေးရဲ့ အစွမ်းအာနိသင်က ဘာတွေကောင်းလဲ'

'ဘာတွေကောင်းလဲဆိုရင် ခန္ဓာကိုယ်အတွက် တစ်နေ့တာ ကုန်ခန်းသွားတဲ့ အားအင်များကို အလျှင်အမြန် ပြန်လည်ပြီး ဖြည့်တင်းပေးနိုင်တဲ့ အစွမ်းသတ္တိထူးရှိလို့ သွေးသစ်၊ အားသစ်၊ ခွန်အားသစ်၊ ဓာတ်ပစ္စည်းအသစ်များ ဖြစ်ထွန်းတည်ဆောက်ပေးနိုင်တယ်။

ပန်းသေ၊ ပန်းညှိုးဖြစ်ခြင်း၊ အားအင်ကုန်ခန်းခြင်း၊ သုက်ဓာတ်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အိပ်နေစဉ်အလိုလို သုက်လွှတ်ခြင်း၊ ပင်ပန်းနွမ်းနယ်နေခြင်း၊ စိတ်ဖိစီးမှုများခြင်း၊ အကြောအားနည်းခြင်း၊ နှစ်ခြိုက်စွာအိပ်မပျော်ခြင်း၊ စားမကောင်းခြင်း၊ ကိုယ်ခံစွမ်းအား လျော့နည်းကျဆင်းခြင်း၊ အာရုံကြောအားနည်းခြင်းနဲ့ အဆုတ်အား၊ နှလုံးအား၊ သွေးအားနည်းခြင်းများကို သက်သာပျောက်ကင်းစေပြီး အမောလုံး၍ စိတ်ဓာတ်အား၊ ဆန္ဒအား၊ အကြောအား၊ ပန်းအားများကို တက်ကြွလန်းဆန်းစေလျက် ဆန္ဒသုခ အိမ်ထောင်ရေးရသတို့ကို ပြည့်စုံစွာ ပေးစွမ်းနိုင်သော ရသာယနဆေး ဖြစ်ပါတယ်။ ပြီးတော့ နေ့စဉ်သုံးစွဲပါက ?-- ??? ခန္ဓာကိုယ်အတွင်းရှိ ဓာတ်ပစ္စည်းများကို ညီညွတ်မျှတစေ

... ??ဆေးကို

သုံးစွဲချင်လို့ ဆေးဆိုင်တွေမှာ မေးကြည့်တော့ မရှိဘူးလို့ ပြောပြောနေတော့ ခက်တယ်ဗျ'

'မခက်ပါနဲ့ဗျာ အလွယ်တကူ ဝယ်ယူသုံးစွဲနိုင်စေဖို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။ ခင်ဗျားလဲ နီးစပ်ရာ ဆေးမျိုးစုံဆိုင်သာ ပြေးပြီးဝယ်ပေတော့'

ဟော အခုတော့ ဆရာမြင့်ရဲ့ စကြာမင်းအားတိုးဆေး အစွမ်းထက်မှုကြောင့် စိတ်ရောကိုယ်ပါ လန်းဆန်းတက်ကြွနေတဲ့အပြင် အကြောအားတွေလဲ ကောင်းမှကောင်းပဲ။

အဲဒါကြောင့် ဘဝတူအမျိုးသားများ အကျိုးများပြီး အင်အားတိုးပွားကာ အမြဲတမ်းတက်ကြွလန်းဆန်း သန်မာစွာနဲ့ နေနိုင်စေဖို့ အသက်ရှည်ရာ အနာကင်းရေး သော့ချက်ဖြစ်တဲ့ စကြာမင်း စိတ်ပျိုကိုယ်နု အားတိုးဆေးစွမ်းတစ်လက်ကို နီးစပ်ရာ ဆေးဆိုင်များမှာ ဝယ်ယူသုံးကြည့်ပါလို့ အကြံပြုပါရစေ။

အဲ ဆရာမြင့်နဲ့ ကိုယ်တိုင်တွေ့ဆုံ ဆွေးနွေးချင်ကြရင်တော့...

**ဆရာမြင့်**

**စကြာမင်း တိုင်းရင်းဆေးတိုက်**

အမှတ် (စ/၆၆၆)၊ သုဝဏ္ဏလမ်းမကြီး၊ သုဝဏ္ဏမှတ်တိုင်အနီး၊
(စ)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။ ဖုန်း-၇၂၂၈၇၁

ကိုကြီးကောင်း



www.burmeseclassic.com

www.burmeseclassic.com



အပူဇော်ခံ မြင်းရထားမျိုး

သရက္ခန်ကိုယ်စားတော် မွေ့လျော်တော်မူသည့်

# ဆင်ကျိုးရွှေ စေတီတော် (၂)

စံလွန်းသာ



အဓိဋ္ဌာန် ကျောက်ဟင်္သာရုပ်

ယခင်လမှအဆက်

များသောအားဖြင့် မဟာမုနိ ပုံတော်ကို တန်ဆောင်းနှင့်တကွ ထည့်သွင်းပူဇော်လေ့ရှိကြသည်။ ပုလင်းဘုရားကက်ကင်းလှန်ကာ ရေဘူး ဓာတ်ရန်ဆောင်သဖြင့် ဥစ္စာဆောင် ပူဇော်သောဘုရား ဖြစ်သည်။

ကြေးသွန်းလောင်းလှေ တစ်စင်းမှာ လှေထိုးသား ငါးဦး၊ ပဲ့ကိုင်လှေသူကြီး တစ်ဦးတို့ဖြင့် နှစ်သက်ဖွယ် မြိုင်မြိုင်ဆိုင်ဆိုင် ရှိသည်။ ကျေးရွာ အလှမယ် (ခေါ်) မယ်ကျေးရွာတို့ ကိုင်ဆောင်ရ

www.burmeseclassic.com

သော ကွမ်းတောင် ပန်းတောင် တို့မှာလည်း ရှေးမြန်မာခေလေ့ကို အောက်မေ့ဖွယ်ရာ ဖြစ်သည်။

## အရှေ့တောင်တစ်ခွင်


စေတီရင်ပြင် အရှေ့တောင်ထောင့်တွင် ရှင်တစ်ထောင်စေတီ ကိန်းဝပ်တော်မူသည်။ ပလ္လင်ခုံအထက် ထုလုံးရုပ်ပတ်လည်၌ တင်ပျဉ်ခွေ ရုပ်ပွားတော်များ အစီအရီ ပူဇော်ထားသည်။ မကိုဋ်တန်ဆာဆင် မင်းဝတ်ဘုရားဖြစ်ရာ သာမဏေမဝတ်မီ ဆွေပြမျိုးပြ ရပ်ရွာ လှည့်လည်ရသော ရှင်လောင်း၏ ဝတ်စားဆင်ယင်ပုံနှင့် ဆင်တူသဖြင့် ရှင်တစ်ထောင်ဟု ခေါ်တွင်ကြခြင်း ဖြစ်သည်။

ထို ထုလုံးရုပ်အထက်တွင် ခေါင်းလောင်းမှောက် စေတီပေါက်ကာ အရံစေတီ လေးဆူ ပူဇော်ထားသည်။ "ရှင်တစ်ထောင်" ဘွဲ့ပညတ်အရ အနာဂတ်ရေးရာ အောင်မြင်မှုများ ကျန်းမာရေး အခက်အခဲများ၊ ပွားစီးလိုသော ကိစ္စများအတွက် နိမိတ်ကောင်းယူ ဆုပန်နိုင်သော စေတီ ဖြစ်လေသည်။

## ဟင်္သာမင်း စံမြန်းရာမြေ


ဂေါပက အဖွဲ့ဝင်တစ်ဦးက စေတီကုန်းတော် အရှေ့ဘက် မလှမ်းမကမ်း တစ်နေရာသို့ ညွှန်ပြကာ...

'ဟိုမှာ လူတွေ စုစုရုံးရုံးနဲ့ ရေခပ်နေကြတဲ့ ရေတွင်းကို တွေ့ရဲ့မဟုတ်လား။ ဝန်းကျင်ကျေးရွာအားလုံးက အားထားရတဲ့ သောက်ရေတွင်း။ အလောင်းတော် ဟင်္သာမင်း အိပ်တန်းဝင် စံမြန်းရာမြေဖြစ်လို့ ဒီလို သောက်ရေသန့် ထွက်ရှိတာပါ။ တခြားနေရာတွေမှာ ဘယ်လောက် နက်အောင်တူးတူး ရေမရဘူး။ ရရင်လဲ ရေမကောင်းဘူး'




◆ တော်ဝင်ခြေနင်းနှင့် ခေါင်းရုပ်လက်ကိုင်ယောက်မ

◆ နိုဒေါ် ငါးရုပ်များ




◆ ခေါင်းလန်ခွက်






www.burmeseclassic.com

www.burmeseclassic.com




◆ လှေသားစုံ ကြေးလောင်းလှေ

◆ ရုပ်ပွားမယ်များ၊ ဘဲသောင်အယောင် ကွမ်းတောင်



◆ မြစ်ကြာစ်၌ တွေ့ထားသော မူလ ပလ္လင်ခုံ





◆ ကက်ကာင်းယူ မှုအော်ကြသည့် ပုလင်းဘုရား

ဟူ၍ ရှင်းပြသည်။


စေတီတော်သို့ လာရာ ရွာလမ်းတစ်လျှောက်တွင် အထမ်း, အရွက် ကိုယ်စီဖြင့် ရေသယ်နေကြသည်ကို တွေ့မြင်ခဲ့ရသည်။ လူမည်မျှ ခပ်ယူသော်လည်း ရေခန်းသည်မရှိဘဲ အလျှံပယ် ထွက်ရှိသည်ဟု သိရသည်။

သံသရာဝယ် အန္တရာယ်တင်စီး ဘေးမရှိသည့် မုနိထွတ်ထား မြတ်ဘုရားရှင် နုစဉ်ကာလ လောင်းလျာဘဝ၌ အစကြိုးကြာ ဆယ့်ခြောက်ခါတည်း။ ဟင်္သာ ကိုးဖြစ်၊ ခြောက်ဖြစ်ကား ခို၊ ကျေးညို သုံးခါ...

စသည်ဖြင့် မြတ်စွာဘုရားရှင်အလောင်းတော် ကျင်လည်ရာ ဘဝများတွင် ဘေးအန္တရာယ် မတင်မငြိ အေးချမ်းဘိသော ဖြစ်စဉ်များအဖြစ် ဟင်္သာမင်း ကိုးဘဝ ရှိခဲ့လေသည်။

သို့ဖြစ်လေရာ ဟင်္သာမင်း ကျင်လည်ရာ ကုန်းတော်မြေမှ ရွှေ[illegible]စွာ

www.burmeseclassic.com




◆ ရေသွန်း သိကြားရုပ်နှင့် ရေကန်



သောတာပန်နတ်ကွန် ◆

◆ စည်တော်စင်



ဘုရားအား ရှိခိုးဦးညွတ်လျက် ဂုဏ်တော်ကိုးပါးကို (၂၄)နာရီ အခါ မလပ်ဟု ရည်မှတ်၍ ပဋ္ဌာန်း ၂၄ ပစ္စည်းဖြင့် တွဲဖက် ပူဇော်ခဲ့လေသည်။

## ရင်ပြင်တစ်ခွင် ဖူးမြင်ရသမျှ

ထို့နောက် စေတီရင်ပြင် ထောင့်စွန်း ဆီမှ ရွှေဂူစေတီတော်အား ကြည်ညို ဖူးမြော်သည်။ ဆင်ကျိုးရွှေဂူ စေတီတော်ကြီးသည် လေးထောင့် ကုလား ကျောင်းခံ၍ အထက်တွင် ပစ္စယံ သုံးဆင့်ခံ ခေါင်းလောင်းမှောက်စေတီ ပေါက်ထားသော ဉာဏ်တော် မြင့်မား ခံ့ထည်လှသည့် စေတီတစ်ဆူ ဖြစ် သည်။

အရှေ့လှည့်မုခ်လိုဏ်နှင့် ကျန် သုံးဖက်တွင် မုခ်တံကဲများ တန်ဆာ ဆင်ထားသည်။ လိုဏ်အထက်ထောင့် စိုက် စေတီလေးဆူ ပူဇော်ထားလေ သည်။

စေတီတော်၏ အရှေ့မြောက် ထောင့်၊ မြေပြင်ထက်၌ ပလ္လင်အုတ်ခုံ တစ်ခု တွေ့ရသည်။ စေတီတော်တွင်းရှိ မူလ ပလ္လင်ခုံဖြစ်၍ အသစ် မွမ်းမံ ပြုပြင်ကြသောအခါ ခွဲစိတ်၍ ဤနေရာ သို့ ပြောင်းရွှေ့ထားခြင်းဖြစ်ကြောင်း ပြောပြကြသည်။


အနောက်မြောက်ထောင့် အရပ်တွင် ကား သရက္ခန်ရုပ်ပွားတော်အား ရေသပ္ပာယ်သော ရေသွန်းခံပလ္လင် ရှိသည်။ သံပန်းနံရံ ကာရံထားသည်။ ခရုသင်းကိုင် ဗြဟ္မာရုပ်နှစ်ရုပ် ပါရှိကာ အနောက်ဘက်၌ လှေကားတပ်ထား သော ရေကန် ထားရှိသည်။

အရှေ့တောင်ထောင့်တွင် စည်တော် တန်ဆောင်း ရှိသည်။ တန်ဆောင်းမှာ ကာလကြာမြင့်သဖြင့် ပျက်ယွင်းလျက် ရှိကာ စည်တော်အချို့ တွေ့ရသည်။ အရှေ့ဘက်တွင်ကား ဘုံကိုးဆင့်ခံ ပြာသာဒ်တန်ဆောင်းအချို့ကို မူလ အခြေအနေအတိုင်း ထိန်းသိမ်းထား သည်ကို မြင်ရသည်။ ''တန်ဆောင်း ပြာသာဒ် ကျောင်းဇရပ်နှင့်'' ဟူ၍ စာဖွဲ့



www.burmeseclassic.com

www.burmeseclassic.com






▲ စေတီထီးတော် များစွဲဆင်ကာမုံ

▲ အနောက် အာရုံခံမှ ဖော်ဂျီရုပ်

▼ တောင်ဘက် ပြာသာဒ်တော်များ



▼ စစ်သူကြီးရုပ်



တွေ့ရှိသော သာသနာ့ထွန်းကားသည့် မြို့ပြမြန်မာရှုခင်း အလှမြင်ကွင်းတစ်ခု ဖြစ်လေသည်။

အနောက်ဘက် တန်ဆောင်း ပြာသာဒ်တွင်ကား သစ်ထွင်းရုပ်တု များစွာကို မျက်စိပသာဒဖြစ်ဖွယ် ရှုမြင်နိုင်ကြသည်။ ယာလက်ဖြင့် မုတ်ဆိတ်မွေးကို ကိုင်စွဲကာ ဝဲလက်က အဝတ်အနားစ,လျက် ဝဲဘက်ခြေ တင်ပျဉ်ခွေထားသည့် ဖော်ဂျီရုပ်၊ လက်နှစ်ဖက်ခါးထောက်၍ ခြေကားရား မတ်မတ်ရပ်နေသည့် စစ်သူကြီးရုပ်၊ စောင်းပိုက်ထားသည့် မင်းသားရုပ်တို့ကို စံပြု လေ့လာနိုင်ရန် ရိုက်ကူး ဖော်ပြလိုက်ပါသည်။

တန်ဆောင်းအစွန် တံစက်မြိတ်တွင် ဗိုဒ်နိုင်းကားချပ်တစ်ခုကို ချိတ်ဆွဲထားသည်။ မကြာသေးသောကာလက စေတီ ထီးတော်



www.burmeseclassic.com

www.burmeseclassic.com



◆ ဓာတ်ပိုက်မင်းသား

တွင် ပျားအုံဖွဲ့နေသည်ကို မှတ်တမ်းပြုထားသော ဓာတ်ပုံ ဖြစ်လေသည်။

စေတီဝင်းအတွင်းမှ ပြန်ထွက်လာရာ အဝင်မုခ်ဝအနီး၌ ကျိုးပေါင်းတက်နေသော တရုတ်စံကားပင်ကြီးတစ်ခု မြင်ရသဖြင့် မေးကြည့်ရာ အကျော်ပင် ဖြစ်သည်ဆို၏။ ပခုက္ကူ ရေစကြိုနယ်တွင် အပွင့် အနီပွင့်သော တရုတ်စံကားပင်ကို အကျော်ပင်ဟု ခေါ်ဝေါ်လေ့ရှိကြသည်။ **"အကျော်"** ဟူသည်ကား စံကားပင်၏ အနှစ်ဖြစ်ကာ အပင်ကြီးရင့်သော်လည်း အနှစ်တည်ရန် မသေချာ၊ အပင်ငယ်ငယ်နှင့် အနှစ်ရသည်လည်း ရှိကြသည်။ ကျိုးပေါင်းတက်နေသည့် ဤစံကားပင်မှာ အနှစ်တည်ကောင်းပါသည်။

အကျော်မှာအဆုတ်ဝေဒနာများ အတွက် အစွမ်း ထက်လှသော မြစ်ချင်းပြီး ဆေးတစ်မည် ဖြစ်သည်။ အကျော်မှုန့်ကို စက္ကူဖြင့် လိပ်၍ နှာခေါင်းမှ ရှူသွင်းခြင်းဖြင့်အဆုတ်နာနှင့် မောပန်း နွမ်းလျခြင်းတို့ သက်သာပျောက်ကင်း ရှသည်ဟုဘားအံနယ်ကျောက်ကလပ် သာသနာမြေမှ ကရင်တိုင်းရင်းဆေးဆရာကြီး အဖိုးစံဖူးက လက်တွေ့သုံး ဆေးနည်း ဖြစ်ကြောင်း ပြောပြ မှတ်သားခဲ့ရလေသည်။

## ဆင်ကျုံးရွှေဂူ

## စေတီကုန်းတော်၏

## ဌာနစွမ်းအောင်

အပြန်ခရီးအတွက် ဆရာတော်ကြီးအား နှုတ်ဆက် ကန်တော့ရန် ရှာဖွေသောအခါ အလုပ်ကိစ္စဖြင့် ထွက်ကြွသွားသည်ဟု သိရသဖြင့် ဦးပဉ္စင်းလေးများအား လျှောက်ထား မှာကြားကာ လာလမ်းအတိုင်း ပခုက္ကူသို့ ပြန်လာခဲ့သည်။

အလောင်းတော်ဘဝ ကိုးကြိမ်ဘေးရန်ကင်းစွာ စံမြန်းတော်မူရသောဟင်္သာမင်း ကျက်စားရာ ဆင်ကျုံးရွှေဂူ စေတီကုန်းတော်သည်ကား "ဆင်ကျုံး" ဟူသော ဂါမဌာန ပညတ်အရ "စံကူး" ဓာတ်ရန်ဆောင်၏။ ဥစ္စာလို ရန်ကြိုဟ်ရှာလျှင် ဥစ္စာရနိုင်၏။ "ရွှေဂူ" စေတီဘွဲ့ပညတ်ကား "ကိုရှာ" အိမ်ထောင်မိတ်ဖြစ်၏။

ကြိုဟ်သက်ပေါင်း တနင်္လာ + ရာဟု = ၁၅ + ၁၂ = ၂၇ သောမနဝင်းဆောင်၏။ လောကီ အပွားအစီးကို ပေးသောမိတ် ဖြစ်၏။

**"ကြူရှာ"** ကျေးရွာအုပ်တွင် ပါဝင်သည်ဖြစ်၍ **"ကိုရှာ"** မိတ်နှစ်ထပ်ရှိ၏။ ရန်–ရန် ထပ်လျှင် မိတ်အသွင်ပြောင်း၍ မိတ်–မိတ် နှင်းလျှင် ရန်ချဉ်းတတ်သော သဘောရှိလေသည်။

ထို့ကြောင့် ဥစ္စာရစေရန်၊ လောကီ အပွားအစီးများ တိုးပွားစေရန် အဓိဋ္ဌာန်ပြု ပူဇော်ပါက ဒါန, သီလ, ပညာ, ဓန စသည် မိမိပိုင်ဆိုင်မှု ဥစ္စာအတွက် မာနထောင်လွှား မာန်တက်ခြင်းမရှိရန် သတိထားသင့်ပေသည်။

ဗဟိဒ္ဓသဏ္ဍာန်နှင့် အဇ္ဈတ္တသန္တာန်တို့ကို ထိန်းညှိရသည်၊ တစ်နည်းအားဖြင့် အတ္တ ပရ ညီမျှအောင် ကျင့်ကြံလုပ်ဆောင်ရသည်၊ တရားနည်းလမ်းတကျ ရှာဖွေစုဆောင်းရရှိသော ဓမ္မိယလဒ္ဓဥစ္စာတို့ဖြင့် လှူဒါန်းပူဇော် ကောင်းမှုပြုပါလျှင် ကောင်းမှုအကျိုး ကောင်းအောင်ကြီးသဖြင့် ကောင်းကျိုးကိုယ်၌တည်ပါလိမ့်မည်ဟု အဓိပ္ပာယ် ဖွင့်နိုင်ပေသည်။

သိကြားမင်း ဆက်သသော သရက္ခန်သား ရုပ်ပွားတော်မြတ် ငါးဆူအနက် တစ်ဆူ အပါအဝင်ဖြစ်သော ဆင်ကျုံးရွှေဂူ စေတီတော် ပူဇော်မှုတွင် လိုက်လံ့စွာ ကူညီပေးကြသော ဂေါပကအဖွဲ့ဝင်များအား ကျေးဇူး အထူး တင်ရှိပါသည်။

စံထွန်းသာ



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# အရိုးကျိုးပေါင်းရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# ဆေးစွမ်းကောင်းနှစ်လက်

ဦးညာဏ်ထွန်းရှိန် (စက်မှု-၁)

'ဟော့... ကိုညာဏ်ထွန်းရှိန် ရုံးမတက်ဘူးလား'

'ဩော်... စာရေးဆရာကြီး မောင်ကိုဇော် (ဉက္ကလာ)ပါလား။ သာထိုင်ဗျာ၊ ကျွန်တော် ခွင့်ယူထားရတယ်ဗျ။ နေမကောင်းလို့'

'ကိုညာဏ်ထွန်းရှိန်က ဘာရောဂါတွေ ဖြစ်နေလို့တုံး'

'မသိပါဘူးဗျာ။ ဓာတ်မှန်ရိုက်ပြီး ဆေးစစ်ချက်အရကတော့ ကျွန်တော် ကုပ်ဆက်ရိုးအဆစ် (၄ + ၅ + ၆ + ၇)မှာနဲ့ ခါးဆက်ရိုး (၄ + ၅) အဆစ်တွေမှာ 'အရိုးကျိုးပေါင်းတက်တဲ့ရောဂါလို့ ပြောကြတာပဲ'

'ဆေး မကုဘူးလား'

'ကုတာမှ စုံနေတာပဲ။ လေ့ကျင့်ခန်းတွေလဲ လုပ်တယ်။ ဒါပေမယ့် အရိုးကျိုးပေါင်းရောဂါကတော့ ကျွန်တော့်ကို နှိပ်စက်နေတုန်းပဲ'

'ဒါဆို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ကျွန်တော် ဖတ်လိုက်ရတဲ့ ကိုယ်တိုင် အရိုးကျိုးပေါင်းရောဂါ သက်သာပျောက်ကင်းသွားကြတဲ့ ကိုဘုန်းဝေ၊ ပြီးတော့ ရှေ့နေကြီး ဦးညွန့်လှိုင် (ညောင်ပင်)တို့ ကုသကြ၊ သုံးစွဲကြတဲ့ ဆရာမြင့် ကိုယ်တိုင်ကု၊ ထုတ်လုပ်ထားတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါအတွက် သောက်ဆေး၊ လိမ်းဆေးတစ်စုံကို သုံးစွဲကြည့်ပါလား။

ဒီဆေးဟာဆိုရင် အရိုးကျိုးပေါင်းရောဂါရှင်တွေကို စနစ်တကျ ကုသပေးရာမှ စနစ်တကျ ဖော်စပ်ထုတ်လုပ်ထားတဲ့ ဆေးဖြစ်လို့ ခင်ဗျားအတွက် အကျိုးမယုတ်နိုင်ပါဘူး'

'ဒါဖြင့် အဲဒီဆရာကြီး ဆရာမြင့်ဆီ ကျွန်တော့်ကို လိုက်ပို့ပေးဗျာ'

'ကဲ... လာ သွားကြမယ်'

* * * * * *

'သိပ်လဲ မစိုးရိမ်ပါနဲ့ ကိုညာဏ်ထွန်းရှိန်ရယ်။ အနာရှိရင် ဆေးရှိပါတယ်။ ဒီခေတ်မှာတော့ ဇက်ကျိုးပေါင်းတို့၊ ခါးကျိုးပေါင်း၊ ဒူးဆစ်ကျိုးပေါင်းတို့၊ ခြေဖနောင့် အတက်ထွက်တာတို့ ဆိုတဲ့ အရိုးဓာတ် ပျက်စီးရာမှ အရွတ်တွေ၊ အကြောတွေ၊ အာရုံကြောတွေ ရှုန်းပြန်ကြွက်သားတွေ ချို့ယွင်းပျက်စီးတဲ့ အရိုးကျိုးပေါင်းရောဂါဟာ တော်တော် အဖြစ်များနေတဲ့ ရောဂါတစ်ခု ဖြစ်ပါတယ်။ ကျွန်တော့်ဆေးကုခန်းမှာလဲ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးကို အနည်း ကုသပေးနေရပါတယ်'

'ဇက်ရိုးကျိုးပေါင်းနဲ့ ခါးရိုးကျိုးပေါင်း လက္ခဏာတွေက ဘယ်လိုရှိသလဲ ဆရာ'




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၅၁၃ YR ၀၀၅၃၆၉

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၆/၀၅၁၃

'ကုပ်ဆက်မှာ ကျိုးပေါင်းတက်လာရင်တော့ ဇက်ကြောတွေ တက်ခြင်း၊ ထိုးခြင်း၊ ခေါင်းမကြည်လင်ခြင်း၊ နားထင်ကြောတွေ မျက်ကြောတွေထိုးခြင်း၊ ကိုက်ခြင်း၊ ခေါင်းငုံ့ရင် နောက်ကြောတက်ခြင်း၊ ဆွဲထားသလိုဖြစ်ခြင်း၊ မိုက်ခနဲမူးခြင်း၊ ချာချာလည် အောင်မူးခြင်း၊ ဟိုဘက်ဒီဘက် ခေါင်းလှည့်ရခက်ခြင်း၊ ဇက်ခိုင်ခြင်း၊ ခေါင်းငုံ့မရခြင်း၊ လက်ပြင်ကြော မကြာခဏ ငုပ်တတ်ခြင်း၊ မကြာခဏ အုံးလွဲခြင်း၊ လက်ကြောများကိုက်ခြင်း၊ လက်ဖျားများ ထုံကျဉ်ခြင်း၊ ကြာလာတဲ့အခါ လက်တွေ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ စိတ်ကြည်လင်မှုမရှိခြင်း၊ ဗဟို အာရုံကြောကြီးတွေကို အရိုးကျိုးပေါင်းများမှ ဖိတောက်ပိတ်ဆို့မှုပြုနေရင် အောက်ပိုင်းလေးခြင်း၊ ဆွဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်းများကို ဖြစ်ပေါ် ခံစားရတတ်ပါတယ်။

ခါးဆစ်မှာ ကျိုးပေါင်းတက်နေရင်တော့ ခါး မကြာခဏနာခြင်း၊ တောင့်တင်းကိုက်ခဲခြင်း၊ တင်ပါးဆုံထဲက အောင့်ခြင်း၊ ကိုက်ခြင်း၊ ခြေထောက်အကြောတွေ ကိုက်ခြင်း၊ တင်းခြင်း၊ ခြေဖျားတွေ ထုံကျဉ်လေးလံတတ်ခြင်း၊ ကြာလာပါက ခြေထောက်တွေဟာ သွားရလာရ အားမရှိသလိုဖြစ်ခြင်း စတဲ့ လက္ခဏာတွေကို



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး




ယာယီတိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်-၀၆၁၂YR ၀၀၆၇၀၈

ခံစားရတတ်ပါတယ်။ ပြင်းထန်လာပါက အောက်ပိုင်းတွေ ချည့်သွားစေနိုင်သလို အကြော လုံး၀ သေသွားတဲ့အထိလဲ ဖြစ်ပေါ်စေနိုင်ပါတယ်'

'ဟုတ်ကဲ့ပါဆရာ ကျွန်တော်ဖြစ်နေတာတွေနဲ့ တစ်ထပ်တည်းပါပဲ။ ကျွန်တော့်ကို လိုအပ်တဲ့ အကောင်းဆုံး ကုသမှုတွေ ပေးပါဆရာ'

'လိုအပ်တဲ့ ကုသမှုတွေ ပေးရမယ်ဆိုရင် ကျွန်တော့်ရဲ့ ကုထုံးစနစ်က နှစ်မျိုးရှိတယ်ဗျ။ ပထမစနစ်က စကြာမင်း အရိုးကျိုးပေါင်းပျောက်သောက်ဆေး၊ လိမ်းဆေးနဲ့ ကုသတဲ့နည်း။ ဒီနည်းစနစ်က ကျွန်တော်တို့ရဲ့ဆေးခန်းမှာ အရိုးကျိုးပေါင်းရောဂါရှင်ပေါင်းများစွာကို သုတေသနပြု ကုသရင်းမှ အရိုးကျိုးပေါင်းရောဂါကို ထိရောက်ပျောက်ကင်းတဲ့အတွက် ကျွန်တော့်ဆေးတိုက်က ထုတ်လုပ်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် (သောက်ဆေး)နဲ့ လိမ်းဆေးကို ၀ယ်ယူပြီး ဆေးညွှန်းအတိုင်း သုံးစွဲတဲ့နည်း ဖြစ်ပါတယ်။

ဒုတိယနည်းကတော့ အစွမ်းထက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်ဆေး (သောက်ဆေး) လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး အနာရောက်ရာ၊ ဆေးရောက်ရာဆိုတဲ့ ရောဂါကို အလျင်အမြန် နှိမ်နင်းတဲ့ ကုထုံးစနစ် ဖြစ်ပါတယ်။

ဒီနည်းစနစ်ကုထုံးကတော့ အရိုးကျိုးပေါင်းဖြစ်ရာ အစိတ်အပိုင်းကို ဆေးကြပ်ထုပ်တွေထိုးပေးခြင်း၊ ကျိုးပေါင်းဖြစ်ရာ နေရာရှိ ပျက်စီးနေတဲ့ အရွတ်တွေနဲ့ ပိုလျှံ အရိုးကျိုးပေါင်းတွေကို ခြေဖျက်ပေးနိုင်ပြီး အာရုံကြောတွေ အကြောတွေကို အားရှိ ပွင့်လန်းစေတဲ့ ဆေးတွေ အုံပြီး စည်းပေးတဲ့စနစ် ဖြစ်ပါတယ်။

ဒီကုထုံးစနစ်နဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေးတွေနဲ့ တွဲဖက်ပြီး ကုသမှုခံယူရင်တော့ နှစ်ပတ်အတွင်း သက်သာပြီး လေးပတ်မှ ခြောက်ပတ်အတွင်း သက်သာ ပျောက်ကင်းစေပါတယ်'

ကျွန်တော်လဲ အားတက်သွားပြီး စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေးရော လိမ်းဆေးပါ သောက်၊လိမ်းပြီး ဆရာမြင့်ရဲ့ ဒုတိယကုထုံးစနစ်နဲ့လဲ ကုသမှု ခံယူလိုက်တာ နှစ်ပတ်အတွင်းမှာ သိသိသာသာ သက်သာလာပြီး တစ်လအတွင်းမှာ ကျွန်တော် ခံစားနေရတဲ့ အရိုးကျိုးပေါင်းရောဂါဟာ သက်သာ ပျောက်ကင်းချမ်းသာမှု ရခဲ့ပါပြီ။

'ဆရာ့ကို အရမ်း ကျေးဇူးတင်တာပဲခင်ဗျာ။ ကျွန်တော်ကတော့ တစ်သက်လုံး မပျောက်တဲ့ရောဂါမှ ငါ့ကို လာဖြစ်ရတယ်လို့ စိတ်ဓာတ်ကျနေတာ အခု ဆရာရဲ့ စကြာမင်းဆေးစွမ်းကောင်းနှစ်လက်ကြောင့် ဇက်ကျိုးပေါင်းရောဂါ၊ ခါးရိုးကျိုးပေါင်းရောဂါဘေးမှ စိတ်ရောကိုယ်ပါ လွတ်မြောက်ခဲ့တာပါ ဆရာ'

'ဒီလိုပေါ့ဗျာ အနာမသိတော့ ဆေးမရှိ၊ အနာသိရင် ဆေးရှိတယ်ဆိုတဲ့ ရှေးတိုင်းရင်း ဆေးပညာရှင်ကြီးတွေရဲ့ အဆိုအမိန့်အတိုင်းပေါ့လေ။ အရိုးကျိုးပေါင်းရောဂါလို့ သိရတော့ ဆေးတွေ့ပြီး ဦးလေးရဲ့ရောဂါဟာ သက်သာ ပျောက်ကင်းသွားတာပေါ့'

'ကျွန်တော့်လို ဆရာ့ဆီလာရောက်ပြီး မကုသနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအတွက် ကိုယ်ချင်းစာမိတယ်ဆရာ'

'ဒီအတွက်တော့ ဘာမှ စိတ်မပူပါနဲ့ ကိုဉာဏ်ထွန်းရှိန်ခင်ဗျားလိုပဲ အများရဲ့ တောင်းဆိုတိုက်တွန်းချက်ကြောင့် ကိုယ်တိုင်ကုပြီး လက်တွေ့ပျောက်တဲ့ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေးကို ဗဟို တိုင်းရင်းဆေးဝါး မှတ်ပုံတင်ဌာနသို့ မှတ်ပုံတင်စစ်ဆေးမှု ခံယူပြီး ဗဟိုတိုင်းရင်းဆေးဝါးမှတ်ပုံတင်နဲ့ ထုတ်လုပ်ဖြန့်ဖြူးခွင့် ရရှိထားလို့ တစ်ပြည်လုံးကို ဖြန့်ချိနေပါပြီ။

ကျွန်တော့်ဆေးခန်းကို လာရောက်ပြီး ကုသမှု မခံယူနိုင်တဲ့ အရိုးကျိုးပေါင်းရောဂါရှင်တွေအနေနဲ့ အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်ကြီးများနဲ့ မိမိတို့ရဲ့ လက်တစ်ကမ်းရှိ ဆေးမျိုးစုံဆိုင်များမှာ စကြာမင်း အရိုးကျိုးပေါင်းပျောက်ဆေး၊ သောက်ဆေး၊ လိမ်းဆေးတစ်စုံကို လွယ်လင့်တကူ ၀ယ်ယူပြီး ဆေးညွှန်းပါအတိုင်း စနစ်တကျ သောက်ကြလိမ်းကြရင် အရိုးကျိုးပေါင်းရောဂါဘေးဒုက္ခမှ ကင်းဝေးကြပါလိမ့်မယ်'

'ကဲ... အရိုးကျိုးပေါင်းရောဂါရှင်များ ပေါ့ပေါ့ဆဆ မနေကြပါနဲ့။ ကျွန်တော်ရဲ့ ဇက်ကျိုးပေါင်း၊ ခါးရိုးဆစ်ကျိုးပေါင်းရောဂါကတော့ ဆရာကြီး ဆရာမြင့်ရဲ့ ကုသမှုနဲ့ ကိုယ်တိုင်က လက်တွေ့ပျောက်ကင်းတဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက်တဲ့ သောက်ဆေး၊ လိမ်းဆေး ဆေးစွမ်းကောင်းနှစ်လက်ကြောင့် ကင်းဝေးခဲ့ပါပြီ။

ကျွန်တော့်လို ဘ၀တူ အရိုးကျိုးပေါင်းရောဂါရှင်များအနေနဲ့ စကြာမင်း အရိုးကျိုးပေါင်းရောဂါပျောက် သောက်ဆေး၊ လိမ်းဆေး တစ်စုံလောက်ကို သုံးစွဲကြည့်လိုက်ပါ။ အရိုးကျိုးပေါင်းရောဂါဘေးမှ ကင်းဝေးကြမှာ အမှန်ပဲ ဖြစ်ပါတယ်။

မှတ်ထားနော် ''စကြာမင်း'' လို့ မေး၀ယ်ပါ။

**ဆရာမြင့်**
**စကြာမင်းဆေးတိုက်**
**အမှတ်-၈/၆၆၆ သုဓမ္မာလမ်းမကြီး**
**သဒ္ဓာမှတ်တိုင်အနီး**
**မြောက်ဥက္ကလာပမြို့နယ်။**

**ဦးဉာဏ်ထွန်းရှိန် (စက်မှု-၃)**



www.burmeseclassic.com

www.burmeseclassic.com



◆ ကုန်းတော်မှ ဖူးရသော လာဘစေတီ

ထက်မြက်ကျော်စွာ


အောင်အတိတ်ဆောင်

# သိင်္ဂုတ္တရတောင်ကုန်းဆီမှ

ပုထိုးစေတီ နေရာထူးများ (၆)

ယခင်လမှအဆက်

ဒါကြောင့် စက်ယန္တရား အကူအညီနဲ့ ဖြိုကြတယ်။ စပြီး တူးမိတယ်ဆိုရင်ပဲ စက်ချို့ယွင်းသွားတယ်။ ပြုပြင်ပြီး ပြန်လုပ်ပေမယ့် တူးတိုင်း ကိရိယာတစ်ခုမဟုတ်တစ်ခု ပျက်စီးချွတ်ယွင်းနေလို့ နောက်ဆုံး လက်လျှော့လိုက်ရသတဲ့'' ဒီလို မိန့်ကြားပြီး လက်မှတ်ထိုးပေးတယ်။ အချိန်တိုအတွင်းမှာ ရှောရှောရှူရှူ ဖြစ်သွားတာပေါ့။




လာဘစေတီ အတက်လမ်းရှေ့တက်မှ

ဂူပွားတော် ◆



www.burmeseclassic.com

www.burmeseclassic.com



◆ တောင်တန်းမုဒိဦးမှ မြင်ရသော လာဝစေတီ

ငွေအား၊ လူအား အားလုံး ပြည့်ပြည့်စုံစုံ အခြေအနေကလဲ ပေးလာတော့ ရွှေစေတီကြီးကို တစ်ပတ်အတွင်းမှာ ထီးတော်တင်ဖြစ်ကြတယ်။ သာမညဆရာတော်ကြီး မိန့်ကြားသလို ချက်ချင်းကို အလိုအလျောက် ပွင့်ထွန်းလာတာပါပဲ'

သုဝဏ္ဏဘူမိရွှေစေတီ ထီးတော်တင်လှူပွဲကို (၁၂-၁-၂၀၀၅)ခုနှစ်တွင် အောင်မြင်စွာ ကျင်းပနိုင်ခဲ့လေသည်။ ထီးတော် တင်လှူသည့်နေ့က အဖြစ်အပျက်တချို့ကို ဆရာတော်က ရှင်းပြတော်မူသည်။

## ထီးတင်ပွဲမှ

## အဖြစ်အပျက်ကလေးအချို့

ထီးတော်တင်လှူပွဲ ည (၈)နာရီ (၄၆)မိနစ်တွင် စေတီတော်အား ဓာတ်ပုံရိုက်ကူးပူဇော်သောအခါ ထွန်းညှိပူဇော်


◆ ရွှေစေတီမြောက်ဘက်မှ လာဝတောင်လမ်းခွဲ



ထားသော မီးချောင်းများက စေတီတော်အား မြွေနဂါးတစ်ကောင်ပမာ ရစ်ပတ်ထားဟန်နှင့် ပုံ၏အစွန်းလက်ဝဲဘက်တွင် လက်ညှိုးညွှန်ဟန်ပုံရိပ်တို့ ထွက်ပေါ်နေလေသည်။

'အံ့ဩစရာကောင်းတဲ့ ... ကင်မရာမှာ အလင်းပြန်တာ၊ အလင်းယိုင်တာ၊ အလင်းဖွာတာတွေ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။ ဒါပေမယ့် ဒီလက်ညှိုးညွှန်ပုံအရိပ် ဖြစ်နေတာကတော့ သာမညဆရာတော်ကြီး ကန့်ကွက်ထားလာအနီး

www.burmeseclassic.com



ခြောက်တက် ကားလမ်းမှ ရွှေစေတီ လမ်းညွှန်ကမ္ဗည်း



အရှေ့ဘက်မှ ရွှေစေတီကျောင်းတိုက်ကြီး

ပါးကျောင်းကနေ တောင်ပေါ်ကို လက်ညှိုး ညွှန်ပြပေးတာနဲ့ တိုက်ဆိုင်နေလို့ ထူးတယ်လို့ ဆိုပါတော့'

ထိုစဉ်က ရိုက်ကူးထားသော ဓာတ်ပုံများကို ကျောင်းခန်းနံရံတွင် ချိတ်ဆွဲပြထားသည်ကို တွေ့ရသည်။ လက်ညှိုးညွှန်ဟန်ပုံရိပ်ပေါ်သော ဓာတ်ပုံနှင့် အတူ (၄)အက္ခရာသဏ္ဍာန် မျဉ်းကွေးများ ပေါ်နေသော ဓာတ်ပုံကိုလည်း တွေ့ရသည်။ ရွှေစေတီကုန်းတော်မှ မြို့တွင်း ရွှေစာရံစေတီရှိရာသို့ လှမ်း၍ ရိုက်ကူးထားသောပုံ ဖြစ်သည်။

'ဒါကလဲ ထူးခြားတဲ့ တိုက်ဆိုင်မှု ရှိတယ်။ ၁၃၃၅ ခုနှစ်မှာ အလံတစ်ရာ စေတီတော် ထီးတော်တင်ပွဲ ကျင်းပတယ်။ ဦးပဥ္စင်းလဲ ရောက်သွားတယ်။ ထီးတင်ပွဲညကျတော့ လျှပ်စီးတွေ တဖျတ်ဖျတ် လက်လာလို့ မိုးရွာရင် ပွဲပျက်တော့မှာပဲဆိုပြီး ပူပန်ကြတယ်။

အလံတစ်ရာ ဆရာတော်ကြီးက...

"ဒါ လျှပ်စီးလက်တာ မဟုတ်ဘူး။ နတ်မြင်းပျံတွေ ဘုရားကို လာပူဇော်တာ။ သူတို့မှန်းသိအောင်လို့ မြင်းမွေးတွေ ခါချသွားတယ်။ ရှာကြည့်ကြပါ"

လို့ မိန့်ကြားပါတယ်။ ရင်ပြင်အနှံ့လိုက်ကြည့်တဲ့အခါ တကယ် မြင်းမွေးတွေ တွေ့ရတယ်။ တစ်ယောက်ယောက်က လာကြဲသွားသလားလို့ စဉ်းစားပြီး စေတီဝင်းအပြင် မြေပြင်မှာ လိုက်ကြည့်တော့လဲ မြင်းမွေးတွေ အများကြီး တွေ့ကြရတယ်။

အခု ဓာတ်ပုံက မျဉ်းကွေးတွေကလဲ မြင်းခွာပုံဖြစ်နေလို့ နတ်မြင်းပျံတွေ ထီးတင်ပွဲ လာကြတာများလားလို့



လာဝတောင်သုံးလုံး ဗိုလ်လောက်ကိုင် အထွတ်သုံးခု



www.burmeseclassic.com

မြောက်ဘက်မှ လာဘဝေဘာင်းစေတီ ◗



◆ လာဘဝေဘီရုပ်မြင်မှ မြင်ရသော သထုံမြို့ရှုခင်း

အတွေးဝင်မိတယ် ဒကာကြီး'

'ကုန်းတော်မှာ မြင်းမွေးတွေကော တွေ့မိသလား ဘုရား'

'အင်း အဲဒါတော့ သတိမထားမိ လိုက်ပါဘူး'

'ရွှေစေတီကုန်းတော်မှာ ထူးခြားဖြစ်စဉ်တွေ ရှိသေးသလား ဆရာတော်ဘုရား'

'သာမညဆရာတော်ကြီး မိန့်တော်မူချက်အရ ဘုရားရှင် ဗျာဒိတ်ထားတော်မူတဲ့ ကုန်းတော်ဖြစ်လို့ ထူးခြားတာတော့ အမှန်ပါပဲ။ ကိုယ်တိုင်တွေ့ချင်ရင် ကိုယ်တိုင်လာပြီး ကြိုးစားအားထုတ်တာ ပိုကောင်းပါလိမ့်မယ်။


ပါရမီကျင့်စဉ်စခန်း ပေါက်မြောက်သွားကြတဲ့ ဘိုးဘိုးအောင်၊ ဘိုးမင်းခေါင်၊ ရတ္တန်းစင်တောင်ဆရာတော်ကြီး စသူတွေအားလုံး ဒီနေရာကို ရောက်ခဲ့ကြတယ်လို့တော့ ဆိုပါတယ်'

## ကုန်းတော်တစ်ခွင် ဝန်းကျင်တစ်ခို




ဆရာတော်သည် အားပါးတရ ပြောဆိုမိန့်ကြားတော်မူလေ့ရှိရာ အချိန်အတန်ကြာအောင် နာယူမှတ်သားပြီးနောက် စေတီကုန်းတော်နှင့် ဝန်းကျင်တစ်ခို ရှုခင်းများအား သွားရောက်လေ့လာသည်။

ကုန်းတော်အောက်အဆင့် ရင်ပြင်အနောက်ဘက် ကုန်းစောင်းတွင် ဇရပ်တစ်ဆောင်ရှိကာ အတွင်း၌ သာမညဆရာတော်ကြီး ရုပ်တုကို ပူဇော်ထားသည်။ သာမညဆရာတော်ကြီး လမ်းညွှန် မိန့်ကြားတော်မူခဲ့ခြင်းကြောင့် ဆရာတော်ကြီး၏ ကျေးဇူးကို အလေးအမြတ်ပြု ပူဇော်ထားသည်ဟု



သထုံမြို့သို့ အဆင်းလမ်းခုလတ်မှ မြင်ရသော မြို့သဖိတ် ◗

www.burmeseclassic.com



▲ မြို့လယ် ရွှေတိဂုံစေတီ

▼ တောင်ဘက်သီမှ ရွှေစေတီနှင့် မြသပိတ်စေတီ



သိရသည်။

သာမည ဆရာတော်ကြီးအား ကန်တော့ပြီးနောက် ရှေ့ဆက်လာခဲ့ရာ အထက်ရင်ပြင်၏ အရှေ့မြောက်ထောင့်၌ မှန်ကျောင်းတစ်ဆောင် တွေ့ရသည်။ အတွင်း၌ သာမညတောင်ဆရာတော်ကြီး၏ ပုံတူဓာတ်ပုံကားချပ်ကို ဖူးတွေ့ရသည်။

ပုံတော်ခြေရင်း နံရံထောင့်၌ ကျောက်ပြားတစ်ချပ် ရှိသည်။ စေတီပြုရှိရာ အထိမ်းအမှတ်ကျောက်ပြား ဖြစ်သည်။ ဤကျောက်ပြားကို စတင်တွေ့ရှိမှုကြောင့် အားတက်ကာ ချုံနွယ်အားလုံး ရှင်းလင်းသောအခါ စေတီဟောင်းအား တွေ့ရှိရခြင်း ဖြစ်လေသည်။

ထို့ကြောင့် မိမိတို့ ကြုံတွေ့ရင်ဆိုင်နေကြရသော ဘဝမျက်နှာစာအသီးသီးမှ အခက်အခဲပြဿနာ အတားအဆီးများကြောင့် စိတ်ပျက်အားလျှော့ကာ လမ်းစပျောက်နေရပါလျှင် ရွှေစေတီကုန်းတော်ရှိ ဤကျောက်ပြား **ထက်၌ ပညတ်နိမိတ် ကောင်းသော အညွှန့်, အခက်, အပွင့်များ တင်ကာ** ဘုရားရှင်နှင့် သာမညဆရာတော်ကြီးအပါအဝင် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးအား ကပ်လှူတိုင်တည်ဆုတောင်းပါလျှင် လိုအင်ဆန္ဒပြည့်ဝမည့် လဒ္ဓ ပစ္စည်းဥစ္စာများ ပြည့်စုံကုံလုံနိုင်

www.burmeseclassic.com


ကြသည်ဟု ယုံကြည်ကြခြင်း ဖြစ်လေသည်။

ကျောက်ပြားရှိရာ တန်ဆောင်းမှ ထွက်ကာ စေတီတော်မြောက်ဘက်မုခ်မှ ဘုရားရှင်အား ရည်မှန်းကော်ရော်ပူဇော်ပြီးနောက် စေတီရင်ပြင် ဝန်းကျင်ရှုခင်းကို လေ့လာကြည့်သည်။

အနောက်တောင် ယွန်းယွန်းတွင် သထုံမြို့တွင်း လူနေအိမ်ခြေများနှင့် ရွှေစာရံစေတီတော်ကြီးကို လှမ်း၍ ဖူးမြင်ရသည်။ တောင်ဘက်တွင်ကား မြသပိတ်စေတီတောင်တော် ရှိ၍ အရှေ့ဘက် တောင်ပတ်လမ်း၏ တစ်ဖက်ကုန်းစောင်းတွင် ရွှေစေတီကျောင်းကြီးကို မြင်ရသည်။


ရွှေစေတီကျောင်း ပဓာနနာယက ဆရာတော် သီတင်းသုံးရာ ကျောင်းဆောင်ဟု ကမ္ပည်းတင်ထားသော်လည်း လက်ရှိ ထိန်းသိမ်းစောင့်ရှောက်တော်မူနေသော ဆရာတော် ဦးဝိသုဒ္ဓမှာ ထိုကျောင်းကြီး၌ မနေပါ။ စေတီစောင်းတန်းလှေကားအနီးရှိ ကျောင်းငယ်ကလေး၌ သီတင်းသုံးတော်မူသည်ကို တွေ့ရသည်။

မြောက်ဘက်တွင်ကား လာဝတောင်စေတီနှင့် မိုက္ကရိုဝေ့(ဗ်)စင်ကြီးတို့ရှိကြသည်။ လာဝတောင်၏ မြောက်ဘက်ကပ်လျက်တွင် တောင်နှစ်လုံးတည်ရှိကာ တောင်ထွတ်သုံးခုဆိုင်ဖိုခုံလောက်သဖွယ် ဖြစ်နေသည်ကို မြင်ရပေသည်။



▲ လာဝတောင်နှင့် ရှေးသထုံမြို့ရိုး မှတ်တမ်းပါမြေပုံ

▼ မြသပိတ်တောင် အနောက်မုခ်အနီးမှ တောင်ဘက်လမ်းအဝ



## လာဝစေတီနှင့် ပျောက်ဆုံးနေသော ရှေးမွန်မြို့တော်

ရွှေစေတီကုန်းတော်မှ ပြန်လည်ဆင်းသက်ကာ ဆရာတော်အား ဂါရဝပြုနှုတ်ဆက်ပြီးနောက် မြောက်ဘက်ဆီသို့ ခရီးဆက်ကြသည်။

မြောက်ဘက် တောင်ထိပ်ရှိ လာဝစေတီသို့ သွားရာလမ်းကို ရွှေစေတီကုန်းတော် ဗုဒ္ဓဝေယျာဝစ္စအဖွဲ့အား စုံစမ်းရာ ကပ္ပိယကြီးတစ်ဦးက လိုက်ပါပို့ဆောင်ပေးသည်။

တောင်ဆင်း ကားလမ်းအတိုင်း အနည်းငယ် သွားပြီးနောက် လက်ယာဘက်တွင် မြေလမ်း လမ်းခွဲတစ်ခု တွေ့ရသည်။ တောင်ပတ်ကားလမ်းနံဘေး၊ လမ်းခွဲအနီးတွင်...

'သုဝဏ္ဏဘူမိရွှေစေတီ
မဟာအောင်မြေ
သက်ပယ်ကုန်။
သားငါးအရက်များ ရှောင်ကြဉ်ကြပါ'

ဟူသော မေတ္တာရပ်ခံစာ ကမ္ပည်းတိုင်ကို စိုက်ထူထားသည်။

ရွှေလ ဆက်ဖတ်ပါရန်

ထက်မင်းကျော်စွာ



www.burmeseclassic.com

ဘဝ တစ်ဆစ်ချိုးနှင့်

# ရေယုန်ပျောက် ဆေးနည်း

နှင့် ဂါထာ

'လားရှိုးမှာ သွားစရာရှိရင် စိုင်းသာဦးကို ပို့နိုင်းပါ'

မန်ဆူ ရှမ်းတိုင်းရင်းသားဆရာတော် ဦးပုည၏ လိုက်လှဲသော စေတနာ၊ စိုင်းသာဦး၏ တက်ကြွသော ကူညီမှုတို့ကြောင့် လားရှိုးမြို့ ခရီးစဉ် အတန်ငယ် အဆင်ပြေခဲ့သည်။

စိုင်းသာဦးက ရှမ်းသံဝဲဝဲဖြင့် သူ့ဘဝဖြစ်စဉ် အချို့ကို သွားလာရင်း ပြောပြသည်။

'ကျွန်တော်က မိုင်းရှူးကပါ။ မော်ဒယ် စိုင်းလိတ်နဲ့ သူငယ်ချင်းတွေ။ ကျွန်တော်က တူရိယာလိုင်းကို စိတ်ဝင်စားတယ်။ အနာဂတ် အိပ်မက်တွေ အတူ မက်ခဲ့ကြပေမယ့် ကံကြမ္မာက မျက်နှာသာ မပေးခဲ့ဘူး။ စိုင်းလိတ် တစ်ယောက် အနုပညာလောကကို ခြေချတဲ့အချိန်မှာ ကျွန်တော် ကျန်းမာရေး ချို့ယွင်းခဲ့တယ်။

ရေယုန် ပေါက်တာပါ။ နည်းနည်းကလေးကစပြီး တစ်ကိုယ်လုံး ခြုံတဲ့အထိ ဆိုးရွားလာတယ်။ ဆရာဝန်စုံ၊ ဆေးစုံ ကုသပေမယ့် မပျောက်ဘူး။ လူတွေက ကုဋ္ဌနူနာ အနာကြီးသူ အနာလို့တောင် ထင်ကြတယ်။ ဘဝ တစ်ဆစ်ချိုး အကွေ့ကလေးပေါ့။ ဘယ်လောက် စိတ်ပျက်စရာ ကောင်းမလဲ' စိုင်းသာဦးလေး တွေးသာကြည့်ပေတော့။

နောက်ဆုံး ဒီဆရာတော်ကြီးနဲ့ တွေ့ပြီး ဆေးနည်းပေးလို့ ဆေးဖော်စားတာ တစ်လအတွင်း အနာကျက်ပြီး အခုလို အခြေအနေ ပြန်ရောက်လာခဲ့ရတယ်။ ရှိသမျှ ငွေကြေးတွေလဲ ကုန်ပြီဆိုတော့ ကျေးဇူးဆပ်တဲ့အနေနဲ့ ဆရာတော့်အပါးမှာ ယာဉ်မောင်းဘဝနဲ့ ကုသိုလ်ပြုနေပါတယ်'

'အချိန် မတန်သေးလို့ပါ။ တစ်ချိန်ချိန်မှာတော့ မိမိအလှည့် ရောက်လာမှာပေါ့ ညီလေးရာ'

သူ့ကို အားပေးနှစ်သိမ့်ကာ ကျောင်းသို့ ပြန်ရောက်လျှင် ဆရာတော်အား မေးလျှောက်ကြည့်သည်။

'စိုင်းသာဦးကို တွေ့စက မမြင်ဝံ့စရာပဲ။ ဘုန်းကြီးလဲ ရှမ်းရိုးရာ ဆေးနည်းနဲ့ ကြပ်မတ် ဆေးပေးခဲ့တာ (၃)ပတ်လောက်ကြာမှအနာအကင်းသေတယ်၊ ဝေဒနာကလဲ ကြီးတာကိုး။ မျက်နှာပါမကျန် တစ်ကိုယ်လုံး ခြုံနေမယ့်ဟာ'

'ဆေးနည်းက အခက်ကြီး မဟုတ်ပါဘူး။ ဒီဆေးနည်းနဲ့ ရေယုန်ရောဂါ ပျောက်ခဲ့သူတွေ မရေမတွက်နိုင်အောင် ရှိတယ်။ ဒါကို သဘောကျလို့ စိုင်းမျိုးမြင့် ဆိုတဲ့ ဒကာရင်း တစ်ယောက်က သူ့ကိုယ်ပိုင် ငွေကြေးနဲ့ စိုက်ထုတ်ပြီး ဇီဝိတဒါန အသက်ကယ်ပေးနေတယ်။ **ပြင်ဦးလွင်မြို့နယ်၊ ဒိုးကွင်းရွာမှာ** နေတယ်'

**ဆရာတော် ပြောပြသော ရေယုန်ပျောက် ဆေးနည်းမှာ...**

**ကြက်ဆူဆီ၊ မုန့်ညင်းဆီ၊ မြေပဲဆီ၊ နှမ်းဆီ၊ အုန်းဆီ** ဆီငါးမျိုးကိုဆတူရော၊ ရေယုန်ပျောက်ဂါထာမန်းထားလျက် ထိုဆီကို လိမ်းပေးရသည်။

ရောဂါအခြေအနေအရ တစ်ရက်လျှင် သုံးကြိမ်မျှ မီးခိုးမှိုင်းခံပေးရသည်။ ရေယုန်ပျောက်ဂါထာမှာ ရှမ်းဘာသာဖြင့် ရွတ်ဆိုရသည်။



◆ မန်ဆူရှမ်းကျောင်းမှ ယာဉ်မောင်း
ကုသနိုင်ရှင် စိုင်းသာဦး

မြန်မာအသံထွက်

ဦ့ မတ် ဟျာန်း လျံ ရှဲင် ပင် စော့်တ်၊ ဂေါ့ ပေါ့ က် ကု တိ ဟို့ တ် မန်း ဟိုင် စွာ ဟ။

ရှမ်းမူရင်း

ဦ့ မင် ရှိင်း လိင် သံင် ဝိခ် လဝ် ဂဝ် ပဝ် ဟု; ဟူ; တီ; ရှိ မခဝ်း ရှ် သွ ရှ့။ ***(ခုနစ်ခေါက် မန်းရသည်။)***

ဂါထာကို မြန်မာအသံထွက်ဖြင့် မန်းမှုတ်နိုင်ပါသည်။ စမ်းသပ် ကုသကြည့်ပါ။ **ထိရောက်စွာ ကုသလိုလျှင် ဦးစိုင်းမျိုးမြင့်ထံ ဆက်သွယ် အကူအညီ တောင်းနိုင်သည်။** ငွေကြေး ဆေးဖိုးဝါးခ တောင်းခံခြင်းမရှိ၊ စေတနာဖြင့် ကူညီပေးပါလိမ့်မည်ဟု ဆရာတော်က မိန့်ကြားသည်။

လိပ်စာမှာ...

ဦးစိုင်းမျိုးမြင့် (ရွှေသီရိ လိမ္မော်ခြံ)
ဒိုးကွင်းကျေးရွာ၊ ပြင်ဦးလွင်မြို့နယ်။
ဖုန်း – ၀၈၅ ၂၂၆၀၆၊
၂၂၆၀၈၊
၂၂၆၃၀

ဟူ၍ ဖြစ်သည်။

**ခွန်စိုင်းဝမ်း**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာခေါင်းပါး

# သားမင်း ချောင်းဆိုးပျောက် သလိပ်ပျော် ပုရိုန်းငုံဆေးပြား

အမှတ်တံဆိပ်

၀၂၁၁ Y ၀၀၉၅၈၀ လိုင်စင်၇/၂၀၀၈/တဆထလ (၁၆၂၅)
ကြော်ငြာခွင့်ပြုချက်
တဆဝက (စာနယ်ဇင်း) ၁၆၉/၀၂၀၁၀

လေထန်ကုန်းတွင် ရေးဖော်စာရေးဆရာများ ဆုံကြသည်။ ကိုဇော်ရဲနိုင်၊ ကိုဇေအောင်မြတ်ဦး၊ ကိုနေမျိုးသီဟတို့ကို တစ်ဝိုင်းတည်းတွင် တွေ့ရသည်။ ဆရာဇော်ရဲနိုင်က "လာထိုင် ကိုယဉ်တင့်... အဟွပ်...အဟွပ်...အဟွပ်"

"ချောင်းဆိုးလှချည်လား...ကိုဇော်ရဲနိုင်"

"ဟုတ်တယ်ဗျာ... ဆေးလိပ်မသောက်၊ ကွမ်းမစားဘဲနဲ့ ဘာကြောင့်များ ဒီလောက်ချောင်းဆိုးမှန်းမသိဘူး"

"ရာသီဥတု အကူးအပြောင်းမှာ ဖြစ်တတ်တဲ့ အာဂန္တုကရောဂါပဲ"

"ကိုယဉ်တင့်က တိုင်းရင်းဆေးသုတေသီမို့ ကျွန်တော်တို့ထက် ရောဂါအကြောင်း ပိုနားလည်မှာပါ ရှင်းပြစမ်းပါဦး"

"ကံ၊ စိတ်၊ ဥတု၊ အာဟာရ ဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်နိုင်ရင် ကျန်းမာနေတာပါပဲ...ဒါပေမဲ့ အာဟာရသမုဋ္ဌာန်နဲ့ ဥတုသမုဋ္ဌာန် လွန်ယုတ်လွဲမှား ဖြဖန်များရင် အာဂန္တုက ချောင်းဆိုးရင်ကျပ်ရောဂါ စလာတာပဲ...ကိုဇော်ရဲနိုင်ကို ကြည့်ရတာ ရေချိုးစောတာမျိုး ရာသီနဲ့ မတည့်တဲ့အစားအစာကို စားတာကစပြီး ချောင်းဆိုးရင်ကျပ်စလာတာပါ"

ဆရာနေမျိုးသီဟက ဆက်ပြောသည်။ "ကျွန်တော်တို့လို ကွမ်းစားတဲ့သူတွေ၊ ဆေးလိပ်သောက်တဲ့သူတွေအတွက် ချောင်းဆိုး ရင်ကျပ်ရောဂါ မကင်းဘူးဗျ...ဒါကြောင့် ဘယ်ဆေးကို ဆောင်ပြီး သုံးစွဲရမယ်ဆိုတာ ပြောပြပေးပါဦး"

"ရာသီမရွေးလဲ စားသုံးနိုင်ပြီး ရာသီအကူးအပြောင်းတွေမှာ ဖြစ်တတ်တဲ့ ချောင်းဆိုးရင်ကျပ် သလိပ်ကပ်ရောဂါကို သက်သာပျောက်ကင်းစေတဲ့ဆေးတစ်မျိုးရှိတယ်ဗျ...ကျွန်တော့်မိတ်ဆွေ **သမားတော် ဦးကိုကိုကြီး**က ရောဂါရှင်များကို လက်တွေ့ကုသပေးခဲ့ပြီး အစွမ်းထက်ထိရောက်မှုကို သိရှိပြီး ဈေးကွက်ထဲမှာ ဖြန့်ချိနေတဲ့ **သားမင်း အမှတ်တံဆိပ် သလိပ်ပျော်ပုရိုန်းငုံဆေးပြား**ရှိတယ်။ ကလေး၊ လူကြီးအရွယ်မရွေး သုံးစွဲနိုင်တဲ့ ဆေးကောင်းတစ်လက်ပဲဗျ"

"အဲဒီ သားမင်းအမှတ်တံဆိပ် သလိပ်ပျော်ပုရိုန်းငုံဆေးပြားရဲ့ ဆေးအညွှန်းကိုလဲ ပြောပြပေးဦးမှပေါ့"

"ဆရာတို့အားလုံး သုံးစွဲချင်ရင် သုံးစွဲရအောင် ဆေးအညွှန်း ပြောပြပေးပါမယ်။ ဆေးအညွှန်း မပြောမီ ကျွန်တော် လက်ဆောင်ရ တဲ့ဆေးဘူးထဲက သားမင်း သလိပ်ပျော် ပုရိုန်းငုံဆေးပြား (၄)ပြား ဆရာကိုဇော်ရဲနိုင် ရေနွေးနဲ့ အရင်သောက်လိုက်ဦး... ကဲ ပြောတော့မယ် နားထောင်...သားမင်း အမှတ်တံဆိပ် သလိပ်ပျော်ပုရိုန်းငုံ ဆေးပြားဟာ ရာသီဥတု အကူးအပြောင်းကြောင့် အအေးမိခြင်း၊ နှာစေး ချောင်းဆိုးခြင်း၊ အပူရှပ်ခြင်း၊ အပူချောင်းဆိုးခြင်း၊ ရင်ကျပ်၊ သလိပ်ကပ်၊ ချွဲကျပ်ခြင်း၊ သလိပ်ပုပ်ထခြင်း၊ လည်ချောင်းစပ်ယား၍ ချောင်းဆိုးခြင်း၊ ကျောရင်အောင့်၍ အသက်ရှူကျပ်ခြင်းများကို ကွမ်းရွက်စိမ်းရည် (သို့) ရေနွေးနဲ့ သောက်ရင် သက်သာပျောက်ကင်းစေတယ်ဗျ"




သလိပ်ပျော်၊ ရင်ချောင်၊ အစာကြေ၊
ဆီး၊ ဝမ်း၊ သွေးလေညီညွတ်အောင်
**သားမင်း** (အမှတ်တံဆိပ်)
**ချောင်းဆိုးပျောက် သလိပ်ပျော်**
**ပုရိုန်းငုံဆေးပြားကိုဆောင်**

"ကောင်းတယ်ဗျာ... ဆက်ပြောပါဦး"

"အစာမကြေ၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ လေထိုး၊ လေအောင့်၊ လေနာရောဂါဖြစ်ခြင်း၊ လေပွခြင်း၊ လေချုပ်၍ မအီမသာဖြစ်ခြင်းများ ကို သက်သာပျောက်ကင်းစေပြီး ဆီး၊ ဝမ်း၊ လေချုပ်ခြင်းများကို မှန်ကန်ညီညွတ်စေတဲ့ဆေး ဖြစ်တယ်ဗျ... ခံတွင်းအနံ့မကောင်းသူများနဲ့ မူးဝေ၊ ပျို့အန်ခြင်းများအတွက် ငုံပေးပါက ခံတွင်းလဲရှင်း၊ မူးဝေခြင်းလဲ ကင်းလျက် ချွဲသလိပ်ပျော်စေပါတယ်။ ကလေး၊ လူကြီး နေ့စဉ် သုံးစွဲရင် အစာကြေရင်ချောင်ပြီး အစားအစာ စားချင်စိတ် ဖြစ်ပေါ်စေတယ်တဲ့ဗျ"

ဆေးညွှန်းများ တရစပ်ပြောပြီး လက်ဖက်ရည်သောက်ရင်း စကားဆက်ပြတ်သွားချိန်တွင် ဆရာဇော်ရဲနိုင်က "ဆရာကိုယဉ်တင့် တိုက်လိုက်တဲ့ သားမင်းအမှတ်တံဆိပ်သလိပ်ပျော်ငုံဆေးပြားရဲ့ အစွမ်းတော့ပြပြီဗျို့...ဆေးသောက်ပြီး နာရီပိုင်းအတွင်းမှာ ခံတွင်းလဲရှင်း၊ သလိပ်လဲပျော်ပြီး ရင်ချောင်သွားတယ်...**သားမင်းအမှတ်တံဆိပ် သလိပ်ပျော် ပုရိုန်းငုံဆေးပြား**ရဲ့အစွမ်းကို လုံးဝယုံကြည် လိုက်ပြီ...ကျွန်တော်လဲ သုံးစွဲမယ့် အပေါင်းအသင်းတွေသိအောင် ဆေးရဲ့ကောင်းခြင်း ဂုဏ်သတင်းကို တစ်အိမ်တက်တစ်အိမ်ဆင်း သတင်းပေးရဦးမယ်ဗျို့..."

**ပင်ရင်း-သားမင်းဆေးတိုက်** ... မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ☎ ...



www.burmeseclassic.com

www.burmeseclassic.com

ငွေကြာခိုင် အတွက်ဆန်းထွင်ပါတဲ့ ရုပ်ပုံယောမြိုင်

# ရက်ကန်းဝင် တောင်တော်ဦးဆီသို့ (၁၀)

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

ယခင်လမှ အဆက်


## မြသပိတ်စေတီတော်

ကေလာသစေတီ ကုန်းတော်မှ ပြန်လည်ဆင်းသက်ကာ လမ်းခွဲသို့ အရောက်တွင် မြသပိတ်စေတီသို့ တက်ခဲ့သည်။ ဆိုင်ကယ်ခရီး (၈) မိနစ်မျှအကြာတွင် မြသပိတ်စေတီ ကုန်းမြေသို့ ရောက်သည်။

ကုန်းတော်အဝင်ဝတွင် နတ်ဝတ်နတ်စားအပြည့်အစုံ ဝတ်ဆင်ထားသော နတ်သားရုပ်က သန်လျက်တစ်ဖက်၊ သပိတ်တစ်ဖက် ကိုင်ထားသည်။ ရှေ့တွင် ဆင်ဖြူတစ်စီးက သီးနှံများထည့်ထားသည့် ကလပ်ကို ကျောပိုးကာ ဆင်အနီးတွင် လက်တစ်ဖက်ညွှန်၊ တစ်ဖက်မြှောက်ပုံစံနှင့် နတ်ခမ်းမွေးကားကား၊ ဝဝထွားထွား၊ မောက်တိုဆောင်း နားကင်းပါ နတ်ဧ ဝတစ်ပါး စသည် တွေ့မြင်ရသည်။

အတန်ငယ် ကျယ်ပြန့်သော ကုန်းတော်မြေအစွန်းတွင် မြသပိတ်စေတီတော် စံပယ်တော်မူသည်။ စောင်းတန်းလှေကားမှ တက်ရောက်သွားသော အခါ အာရုံခံတန်ဆောင်းအတွင်း မြတ်စွာဘုရား မတ်ရပ်တော်တစ်ဆူနှင့် လက်ဝဲဘက်တွင် မြနန်းဒေဝီ မြသပိတ်မယ်တော်ရုပ်တု၊ လက်ယာဘက်တွင် ဂဝမ္ပတိ မထေရ်ရုပ်တုတို့ကို တွေ့ရသည်။

စေတီရင်ပြင်တစ်ပတ် လှည့်လည်ကြည့်ရှုရာ ပါဒစေတီ ခြေတော်ရာ



◆ မြသပိတ်ကုန်းတော်အဝင်

◆ ကုန်းတော်အဝင်မှ နတ်ရုပ်များ



တစ်ဆူ၊ ငှက်ပျောဖူးတော်ဟု ယူဆရသော ထုလုံးချွန်တစ်ခုအထက် စေတီငယ် တည်ထားသည်ကို တွေ့ရသည်။

စေတီပတ်လည်တွင် တန်ဆောင်းငယ်များနှင့် ရဟန္တာထေရ်ရုပ်တုများလည်း ပူဇော်ထားကာ ရှင်မောဂ္ဂလိပုတ္တတိဿမထေရ် စသဖြင့် စာတန်းရေးထိုးထားသည်။

ရင်ပြင်ပေါ်မှ ပြန်ဆင်းလာသော



www.burmeseclassic.com

www.burmeseclassic.com





◆ ရင်ပြင်ထက်မှမြင်ရသော မြသပိတ်စေတီ

မြေပြင်မှမြင်ရသော မြသပိတ်စေတီ ◆

အခါ စောင်းတန်းလှေကားရင်းတွင် ဖားရုပ်နှင့် မြွေရုပ်တို့ကို တစ်ဖက်တစ်ချက်စီ ထုလုပ်ထားသည်။ ဂဝံရုပ်လုံးများ ဖြစ်ကြသည်။ ရန်သူနှင့်သားကောင် ယှဉ်တွဲထားသဖြင့် အောင်မြေဌာနဟု ရည်ညွှန်းလိုဟန်ရှိပေသည်။

စောင်းတန်း မျက်နှာကြက်တွင် စေတီသမိုင်းအကျဉ်းကို သရုပ်ဖော်ပုံများနှင့် မှတ်တမ်းပြုထားလေသည်။

## သမိုင်းမှတ်တမ်း

မှတ်တမ်းတွင် ဖော်ပြထားသည်မှာ မြတ်စွာဘုရားရှင်သည် သုဝဏ္ဏဘုမ္မိ သထုံပြည်သို့ ကြွတော်မူသောအခါ ဘူမိမယ်တော်က မြသပိတ်ဖြင့် ဆွမ်းခဲဖွယ်များ ပူဇော်ဆက်ကပ်သည်။

ဘုရားရှင်သည် သတ္တဝါတို့အား တရားဟောကြား ချေချွတ်တော်မူပြီးနောက် မဇ္ဈိမဒေသသို့ ပြန်လည်ကြွချီတော်မူရာ ဘူမိမယ်တော်က ကိုယ်စား ကိုးကွယ်စရာ တောင်းပန်သဖြင့် မြသပိတ်တော်ကို ချီးမြှင့်ခဲ့သည်။ ဘူမိမယ်တော်က ထိုမြသပိတ်ကို ဌာပနာပြုကာ စေတီတည် ကိုးကွယ်ခဲ့ကြောင်း ပါရှိ၏။

တတိယသင်္ဂါယနာ တင်ပြီးနောက် သောဏနှင့် ဥတ္တရမထေရ်တို့ သထုံသို့ သာသနာပြု ကြွရောက်ရာတွင် ဘီလူးရန်မှ ကင်းဝေးစေရန် နရသီဟရုပ် ဖန်ဆင်းပြပုံ သရုပ်ဖော်ပန်းချီများလည်း ပါရှိလေသည်။

## ဝန်းကျင်တာစ်ခွင်

စေတီတော် စောင်းတန်းလှေကား၏ လက်ဝဲဘက်တွင် ရှင်ဥပဂုတ္တမထေရ် ဂဝံကျောက်ရုပ်လုံးရှိ၍ အောက်ခြေတွင် ထီးစည်တစ်ခု ချိတ်ဆွဲထားသည်။


မဏ္ဍပလက်ာတွင် ''မည်းစုပ်ခွက်ခွင်။ ကြေးနင်းခေါင်းလောင်း။



www.burmeseclassic.com

www.burmeseclassic.com





◆ အာရုံခံတွင်းမှ ရုပ်ပွားတော်

◆ အာရုံခံတွင်းမှ မြသပိတ်မယ်တော်

မောင်းနှင့်ကြေးစည်၊ တမည်နရည်း၊ ဆည်းလည်းကြေးပတ်၊ ထိုးစည် မှတ်သား၊ တီးခတ်ဆော်ညံ တကျံကျံ ဖြင့်၊ ကြေးသံဆယ်ပါး၊ ကြား၍အမြဲ နားမရဲတည့်'' ဟု ပါရှိ၏။

ထိုးစည်မှာ ကြေးတူရိယာ ဆယ်ပါးအပါအဝင်ဖြစ်ကာ ခေါင်းလောင်းနှင့် ကြေးစည်ကို ဘုရားစေတီများတွင် ကောင်းမှုတိုင် တီးခတ်ရသော တူရိယာအဖြစ် အသုံးပြုမှု များပြားသည်။ ထိုးစည်မှာ အတွေ့အမြင် နည်းပါးကာ စစ်တောင်းမြစ်အောက်ပိုင်း ဒေသတွင် ဤတစ်နေရာသာ တွေ့မြင်ရသော ရှားပါးတန်ဆာဆင်မှု ဖြစ်ပေသည်။

◆ ဂဝံမှတ်ရဟန္တာ



စောင်းတန်း လက်ယာဘက်တွင် ရှင်သီဝလိရုပ်တုနှင့် အောက်ခြေတွင် ခေါင်းလောင်း ချိတ်ဆွဲ ထားသည်ကို တွေ့ရသည်။

စေတီတော်နှင့် မျက်နှာချင်းဆိုင် ကမ်းပါးယံ

တွင် ဝတ်တော်တစ်ဆောင်နှင့် မယ်တော်နန်းဆောင်တို့ ရှိ၏။ မယ်တော်နန်းတွင် မြသပိတ်ကိုင် မယ်တော်ရုပ်တုကို တွေ့ရသည်။ မြနန်းဒေဝီ မြသပိတ်မယ်တော်ဟု ကမ္ပည်းထိုးထားသော ဘုမ္မိမယ်တော်ကို ရည်ညွှန်း သွန်းလုပ်ထားသည်ဟု ယူဆရသည်။

◆ ရဟန္တာရုပ်တုတစ်ဆူ





www.burmeseclassic.com

www.burmeseclassic.com


ထိုမှအထွက် လက်ယာဘက်တွင် မျှော်စင်ပမာ လှေကားတပ်ထားသည့် လေးတိုင်စင် အုတ်တိုက်တန်ဆောင်းကို မြင်ရသည်။ လှေကားအတိုင်း တက်ရောက်ကြည့်သော် ပုတီးကိုင်ထားသော ဝိဇ္ဇာရုပ်နှင့် လက်အုပ်ချီထားသော ဘုရင်ရုပ်တို့ကို တွေ့ရသည်။

ဤတောင်တန်းသည် မဟာဂန္ဓာရီလမ်းအတွက် အထူးအရေးပါသော ကျင့်စဉ်စခန်းဟု သိရှိထားသော်လည်း ဤဝိဇ္ဇာရုပ်နှင့် ဘုရင်ရုပ်တို့မှာ မည်သည်ကို ရည်ညွှန်းထားကြောင်း မသိရှိခဲ့ရချေ။

လှေကားအနီးတွင် ထူးထူးခြားခြား ကျောက်သမွန်တစ်စင်းကို တွေ့ရသည်။ စေတီရုပ်ပွား ပူဇော်ထားခြင်းကား မရှိပါ။ တိုက္ကလားတောင်တန်း၏ အရှေ့ဘက်စွန်း ဒိုးယွန်းတောင် အရှေ့ဘက်တွင် ကျောက်သမွန်စေတီကို ဖူးမြင်ရကာ အနောက်ဘက်စွန်း ဒိုးခလွန်းတောင်၏ အနောက်ဘက် ဤနေရာတွင် ကျောက်သမွန်တစ်စင်းကို တွေ့မြင်ရခြင်းကား ကောင်းမွန်လှသောနိမိတ် ဖြစ်လေသည်။


**"စန်းပန့်"** (Sān Bàn) ပြန့်ပြူးသော သုံးဂဏန်းခြေ= ညီညာပြေပြစ်၍ လျှင်မြန်စေခြင်းအနက် ဆောင်သည်တွင် ရှေ့နောက်ညှပ်ကာ ဝဂ္ဂုတ္တမ မြတ်သောအစုဖွဲ့ထပ်နေရာ ဥစ္စာခန ပေါ်ကြွယ်ဝခြင်း အနက်ဆောင် (၆)ဂဏန်း ဖြစ်လာသောကြောင့် ဖြစ်သည်။

ထို့ကြောင့် အနန္တတန်ခိုးရှင် မြတ်ဗုဒ္ဓအား ရည်မှန်းကာ မြသပိတ်စေတီအား နှုတ်ဆက် ကန်တော့ပြီးနောက် ကုန်းတော်မှ ထွက်ခွာခဲ့လေသည်။



▲ ဂုက်ပျော့ရုပ်သုသူဟာန်နှင့် စေတီငယ်


▼ ပါဠိစေတီတစ်ဆူ






www.burmeseclassic.com

www.burmeseclassic.com



▲ စောင်းတန်းထိပ်မှ ဘားရုပ်ပုံ

▼ စောင်းတန်းထိပ်မှ မြွေ



## ကြောင်တစ်ရာ၊ ကျားတစ်ရာစေတီများ

မြသပိတ် ကုန်းတော်အထွက် လက်ဝဲဘက် တောင်ဆင်းလမ်း ကလေးနံဘေး သစ်ပင်တွင် ကျား တစ်ရာ၊ ကြောင်တစ်ရာသို့ လမ်းညွှန် ကို တွေ့ရသဖြင့် ထိုလမ်းကလေး အတိုင်း ဆင်းသက်လာခဲ့သည်။ ဆိုင်ကယ်ခရီး (၈)မိနစ်အကြာတွင် လမ်းခွဲတစ်ခုတွေ့ရကာ လမ်းခွဲဆုံ တွင် အသက်(၆၀)ကျော်ဝန်းကျင် အမျိုးသမီး(၆)ဦးခန့်လည်း တွေ့ရ သဖြင့် မေးမြန်းကြည့်သည်။

'ဒါ ဘာကျောင်းခေါ် သလဲ ဒေါ်ကြီး'

'ကြောင်တစ်ရာကျောင်းလေ'

'တော်သေးတာပေါ့။ ကျားတစ်ရာ၊ ကြောင်တစ်ရာ လာဖူးတာ။ လမ်းခွဲ အတိုင်း ဆင်းမိမလို့'

'ဒီလမ်းက ဝင်းကဘက်သွားတာ၊ ကျိုက်ထို ရောက်သွားလိမ့်မယ်။ ကျားတစ်ရာက လွန်ခဲ့ပြီ။ အတက် (၅)မိနစ်လောက်ပဲ သွားရတယ်'

'ဆိုင်းဘုတ်တွေမရှိတော့ ကျော် ခဲ့တာပေါ့'

'ကျောင်းထဲဝင်ပြီး ရေနွေးသောက် ပါဦး၊ ကြောင်တစ်ရာ ဆရာတော်လဲ ရှိနေတယ်'

သို့ဖြင့် ကြောင်တစ်ရာဆရာတော် အား ဝင်ရောက်ဖူးမြော် ဂါရဝပြုရာ မေးလျှောက်သမျှကိုသာ ပြည့်စုံစွာ မိန့်တော်မူကာ ကူညီပေးသည်။ သမ္မာ သမတ်ကျစွာ ရှုမြင် မိန့်ကြားတတ် သောသံဃာတော် ဖြစ်သည်။

'ကျားတစ်ရာစေတီကတော့ လွန်ခဲ့ တဲ့ နှစ်သုံးဆယ်လောက်က သာသနာ ပြု လှူသူတော်တစ်ဦးက ယောကျ်ား သား အင်အားတစ်ရာရဲ့ လုပ်အားနဲ့ ဘုရားတည်မယ်ဆိုပြီး ပန္နက်ချ တည် ဆောက်ခဲ့ဖူးတယ်။ ပြီးစီးအောင် မလုပ်နိုင်သေးမီ တစ်နယ်တစ်ကျေး ကို ပြောင်းသွားလို့ အုတ်မြစ်နေရာ သာ ကျန်ရစ်တယ်။

နောက်ပိုင်း ၂၀၀၀ ပြည့်လွန်ကာလ ရောက်တော့ ကျိုက်ထီးဆောင်း ဆရာတော်က ဦးစီးတည်ဆောက်လို့ ကျားတစ်ရာစေတီ ပွင့်ထွန်းလာပါ တယ်။

ကြောင်တစ်ရာစေတီကတော့ ရှေး ဟောင်းစေတီပါ။ တိဂ္ဂုလားမြို့၊ ဒုတိယသထုံမြို့မတည်မီ ရှေးနှစ်ပေါင်း များစွာကတည်းက ရှိခဲ့တယ်လို့ ဆို ပါတယ်။ ဦးပဥ္စင်းက ဒီမှာနေတာ နှစ်ပေါင်း(၂၀)ကျော်ပြီလေ။ ရှေး လူကြီးတွေအဆိုအရ "နောင် မရှုပ် အောင် ကြောင်ရုပ်ကိုဆောင်"တဲ့။

**ရွှေလ ဆက်ဖတ်ပါရန်**

**ဘုန်းကျော်စွာ**

***(မြိုင်တက္ကသိုလ်)***

www.burmeseclassic.com

တစ်ရွာတစ်ပုဒ် ဆန်းတိုဆန်းသည့်

# မိုးလေဝသ ခန့်မှန်းပုံများ

မင်းမဟော်

မိုးလေဝသ အခြေအနေကို ကျေးငှက်အစရှိတဲ့ တိရစ္ဆာန်သတ္တဝါကလေးများက လူထက် ပိုသိကြတယ်လို့ဆိုရင် လက်ခံကြမလားတော့ မသိ။ စာရေးသူ စစ်ကိုင်းတိုင်းဒေသကြီး၊ အင်းတော်မြို့ကို ၂၀၀၀ပြည့်နှစ်မှာ ဒုတိယအကြိမ် ရောက်ရှိပြီး နောက်တစ်နေ့မှာပဲ အောင်ဇေယျရပ်ကွက် ညောင်ပင်စုနေ ဗေဒင်ပညာရှင်ကြီးလဲဖြစ်၊ ရှေးဆေးပညာရပ်များကို ကျကျနန ဆည်းပူးတတ်မြောက်ခဲ့တဲ့ တိုင်းရင်းသမားတော်ကြီးလဲ မည်တဲ့ **ဆရာကြီးဦးသံခဲ ထိုစဉ်က အသက် (၇၀)နှစ်ထဲ သွားရောက်ပြီး** ဂါရဝပြုခဲ့ပါတယ်။

စာရေးသူဟာ မေးသမျှ အားလုံးနီးပါးကို ဖြေဆိုနိုင်တဲ့ ဆရာကြီးကို အစုံမေးမြန်းရင်း တိရစ္ဆာန်ကလေးများက ပြောပြနေသလိုရှိတဲ့ မိုးလေဝသ အခြေအနေအကြောင်းကို သတိရပြီး ကောက်ကာငင်ကာ မေးလိုက်မိပါတယ်၊ အနယ်နယ် အရပ်ရပ်ကိုလဲ လှည့်လည်ခဲ့တဲ့ ဆရာကြီးက မိမိဒေသနဲ့ ကသာဒေသဘက်က အတွေ့အကြုံတချို့ကို ခုလို ပြောပြပါတယ်။

## ဖားပျံအော်သံ မိုးလေအမှန်

ဖားပျံဆိုတာ မြေပေါ်မှာ နေလေ့မရှိပါဘူး။ သစ်ပင်တွေရဲ့ သစ်ခေါင်းတွေထဲ နေကြတယ်။ သူတို့အော်သံက မြေပေါ်က ဖားတွေ မိုးခေါ်သံနဲ့ မတူဘူး၊ ခပ်အုပ်အုပ်၊ ခပ်လေးလေးကြီးပဲ။ သူတို့အော်ပြီဆိုရင် **တစ်ရက်၊ နှစ်ရက်၊ သုံးရက်အတွင်း မိုးရွာတော့တာပ။**

## လိပ်များကလည်း ပြသကြသည်


လိပ်က နှစ်မျိုးရှိတယ်။ ရေလိပ်၊ ကုန်းလိပ် ဆိုပါတော့။ ရေလိပ်က ကမ်းပေါ်တက် ဥလေ့ရှိတယ်။ လိပ်ဥရဲ့ သဘာဝက ရေထိမှ အကောင်ပေါက်တာပဲ။

သူတို့ကလဲ ရေတက်ပြီး ရေနဲ့ ထိမယ့်နေရာကိုမှ ရွေးပြီး ဥကြတာပါ။ ဒါကြောင့် ဥတဲ့နေရာကို ကြည့်ရင် **ဒီနှစ် ရေဘယ်လောက်ကြီးမယ်၊ အမြင့် ဘယ်လောက်ရှိမယ်ဆိုတာ သိနိုင်တယ်။**

## တောစာကလေးများလည်း ပြောပြနိုင်ကြသည်

သစ်ပင်တွေ၊ အုန်းပင်တွေမှာ သူတို့နေဖို့ စာဘူးတောင်းကလေးတွေ လုပ်လေ့ရှိကြတဲ့ တောစာကလေးတွေ သစ်ပင်တွေမှာ စာဘူးတောင်းကလေးကို တစ်ခုပြီးတစ်ခု တက်သုတ်နှင် လုပ်နေကြပြီဆိုရင် သိပ်မကြာခင်မှာ မိုးရွာတော့မယ်၊ ဒီနှစ် လေထန်တော့မယ်ဆိုရင် စာဘူးတောင်းကလေးတွေကို လေကွယ်တဲ့ သစ်ပင်အကိုင်းအခက်တွေကြား လုပ်လေ့ရှိကြတယ်။

လေက သာမန်ပဲဆိုရင် အုန်းပင်လို အမြင့်တွေမှာ စာဘူးတောင်း လုပ်ကြတယ်။ သူတို့ ကြိုသိနေကြပုံကဖြင့် အံ့စရာ။



● သစ်ပင်များ၊ တိရစ္ဆာန်များက ပြောပြနေကြသည့် မိုးလေဝသအကြောင်း ပြောပြသူ ဆရာကြီးဦးသံခဲ

## ပျားများကလည်း သိကြ၏

ပျားတွေကလဲ ဘယ်လိုသိကြသလဲ မဆိုနိုင်ဘူး။ ဒီနှစ် လေထန်တော့မယ်ဆိုရင် အနိမ့်တွေမှာ အုံဖွဲ့ကြတယ်။ လေက သာမန်ဆိုရင်တော့ ခပ်မြင့်မြင့်နေရာမျိုးတွေမှာ အုံဖွဲ့ကြတယ်။

ဒါကြောင့် သူတို့ အုံဖွဲ့ပုံကို ကြည့်ရင်လဲ မိုးလေအခြေအနေကို ခန့်မှန်းနိုင်ကြပါတယ်။

## မိုးဂမုန်းကပါ သက်သေထူသည်

မိုးဂမုန်းဆိုတာအရွက်ဟားဟား စိမ်းစိမ်းနဲ့ အပွင့်က ကြာပွင့်လိုပဲ သစ်ပင်

စာမျက်နှာ (၇၁) သို့

www.burmeseclassic.com

# ခွပ်လျှက်ကြွဲ့



သူငယ်ချင်း

'မောင်ထွန်းရေ... ဘူးပင်အခြေကို အသာဖြုပြီး အမြစ်မှာ ဆန်ကွဲလေးတွေ အသေအချာပုံပေးနော်'

'ဟုတ်ကဲ့ဆရာ'

'ဘာအတွက် အဲသလိုလုပ်တာလဲဗျ'

ကျွန်တော်က ''တပ်ကြပ်ကြီး''ဟု အများခေါ်သော ကျွန်တော့်မိတ်ဆွေ အငြိမ်းစား တပ်ကြပ်ကြီးတစ်ဦးနှင့် စကားကောင်းနေရာမှ ခေတ္တစကား အပြတ်တွင် တပည့်ဖြစ်သူအား လှမ်း၍ သတိပေးလိုက်မှုအပေါ် သူက အမေး ထောက်လာခြင်း ဖြစ်လေသည်။

'နက္ခတ္တရောင်ခြည် မဂ္ဂဇင်းထဲမှာ **''ဘူးသီးများများ သီးစေတဲ့နည်း''** ဆိုပြီး ဖတ်လိုက်ရလို့ စမ်းကြည့်မလို့ ပါဗျာ။ လွယ်လွယ်လုပ်နိုင်တဲ့နည်းမို့ စမ်းကြည့်၊ အကျိုးရှိတော့ ဆက်လုပ်၊ သူများလဲ ဖြန့်ဝေပေး'

'ခင်ဗျားက ဒါမျိုးတွေလဲ ဝါသနာပါတာကိုး။ ကျွန်တော့်မှာလဲ အဲသလို နည်းတစ်နည်း ရှိတယ်ဗျ။ ခင်ဗျား စိတ်ဝင်စားမလား မဆိုနိုင်ဘူး'

'ဆိုစမ်းပါဦးဗျ၊ ခင်ဗျားနည်းက ဘာနည်းမို့လဲ'

'ဒီလိုဗျ... လုပ်ငန်းကိုင်ငန်း အဆင်မပြေတဲ့ အချိန်တစ်ချိန်မှာ ဘိုင်ကြဲ့ကြဲ့တဲ့အနေနဲ့ ဘကြီးတော်သူထံ သွားပြီး တိုက်ကြက်တစ်ကောင်လောက် သွားတောင်းခဲ့တယ်။ ဘကြီးက တိုက်ကြက်သာမကဘဲ တိုက်ကြက်ကောင်း မွေးထုတ်နိုင်တဲ့ လျှို့ဝှက်နည်းကိုပါ သင်ပေးလိုက်တာကိုး'

'မျိုးကောင်းမျိုးသန့် တိုက်ကြက်ကနေ မျိုးဖောက်ယူလိုက်ရင် တိုက်ကြက်ကောင်းရနိုင်တာပဲ မဟုတ်လား'

'အဲသလို ပုံသေကားကျ တွက်မတားနိုင်ဘူးဗျ။ အဖက တိုက်ကြက်ကောင်းဖြစ်ပေမယ့် သူက ဖောက်ယူတဲ့ မျိုးဆက်သစ်ကတော့ သူ့အဖေလို ကောင်းချင်မှ ကောင်းတာမျိုး'

'ခင်ဗျားနည်းကတော့ တိုက်ကြက်ကောင်းကနေ မျိုးဖောက်လိုက်ရင် သေချာပေါက် တိုက်ကြက်ကောင်း ဖြစ်လာရမယ်လို့ ဆိုလိုတာလား'

'အစစ်ပေါ့ဗျာ'

'ဒါဆိုရင် လင်းစမ်းပါဦးဗျာ။ ကိုယ် ဝါသနာမပါပေမယ့် ခင်ဗျားနည်းက ဝါသနာပါသူအဖို့ သိပ်အဖိုးတန်မှာ၊ တိုက်ကြက်ကောင်းက ရွှေလိုတန်ဖိုး ရှိတယ် ကြားဖူးတယ်'

'အဖိုးတန်တဲ့နည်းဆိုပေမယ့် သိပ်ခက်ခက်ခဲခဲ လုပ်ရတာ မဟုတ်ပါဘူးဗျာ။ မြွေပွေးခေါင်း အခြောက်တစ်ခုကို ရအောင် ရှာရမယ်။ ပြီးတော့ ပါးစပ်ကိုဖွဲ့ပြီး မျိုးကောင်းမျိုးသန့် တိုက်ကြက်ဖနဲ့ စပ်ထားတဲ့ ကြက်ဥတွေကို မျိုးဖောက်မယ့် ဝပ်ကျင်းရဲ့အောက်မှာ ဝပ်ကျင်းကို မော့ကြည့်နေသလိုမျိုး ထောင်ပြီး မြှုပ်ထားလိုက်ရုံပါပဲ'

'ပေါက်လာတဲ့ တိုက်ကြက်က တကယ်ခွပ်တာပဲလား'

'စမ်းကြည့်ရင် သိပါလိမ့်မယ်ဗျာ'

**စွမ်းတင့် (သစ်တော)**

စာမျက်နှာ (၇၀)မှ အဆက်

ပေါ်မှာ ရှင်သန်လေ့ရှိတယ်။ သူ့ အပွင့်များ များပွင့်လေ မိုးကြီးလေပဲ။ သူကလဲ မိုးလေ ဝသအခြေအနေကို ပြပုံဆန်းတယ်။

**နေထွက်၊နေဝင်တို့ကိုပါ**

**ခန့်မှန်းနိုင်ကြသည်**

ဆရာကြီးဦးသံခဲ ကသာဘက်ရောက် တော့ ကျေးလက်တွေမှာ နေထွက်၊ နေဝင် ဖြစ်ပေါ်ပုံကို ကြည့်ပြီး မိုးလေဝသ ခန့်မှန်းကြပုံကို ခုလို ရှင်းပြခဲ့ပါတယ်။

'ထွက်နေထောက်ရင် ညနေ၊ ဝင်နေ ထောက် ရင် နောက်တစ်ရက်'

လို့ မှတ်သားထားကြတယ်။ ''ထောက်တယ်'' ဆိုတာက ''နီ''နေ တာကို ဆိုလိုတာပါ။

နေထွက်ချိန်မှာ နေလုံးက ခါတိုင်းထက် နီနေရင် ညနေကို မိုးရွာလိမ့်မယ်၊ ဝင်လု ဆဲဆဲနေလုံးဟာ ခါတိုင်းထက် နီနေရင် နောက်တစ်နေ့ မိုးရွာပြီလို့ ဆိုကြတယ်။

ဒါကလဲ နှစ်ပေါင်းများစွာ ကြည့်ရှုလေ့လာပြီးမှန်လို့သာ စကားကျန်ရစ်ခဲ့တာပါလို့ ဆရာကြီးကအတည်ပြုပြောဆိုပါတယ်။

**ထောက်ကြံ့ပင် ရွက်နုထွက်ပြီလား**

ထောက်ကြံ့ဆိုတဲ့ အပင်မျိုးက မိုးငွေ့ မိုးသက်ရမှ ရွက်နုထွက်ပုံရတယ်။ အပင်ငယ်ငယ်ကို ကြည့်ပြီး ပြောလို့ မရပါဘူး။

အနည်းဆုံး ပင်စည်လုံးက အိမ်တိုင် အရွယ် ရှိရတယ်။ ဒီအရွယ် အပင်က ရွက်နုတွေ ဝေလာပြီဆိုရင် မိုးရွာတော့ မယ်၊ မှန်လဲ မှန်တယ်။

လို့ ဆရာကြီးက အတည်ပြု ပြော ဆိုပါတယ်။

စာရေးသူအဖို့ ခုလို သဘာဝတရား ကို အခြေပြုပြီး မိုးလေဝသ ခန့်မှန်းပုံကို အထူးပင် စိတ်ဝင်စားပါတယ်။ ဒါကြောင့် ဒေသသစ်တစ်ခုကို ရောက်ရှိတိုင်း မေး မြန်းမှတ်တမ်းတင်ကာ တင်ပြပေးပါဦးမယ် လို့ တင်ပြလိုက်ရပါကြောင်း...။

**မင်းမဟော်**



www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာဆောင်းပါး




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တဆဆလ (တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့

# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ၊ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်၊ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ၊ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား၊ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ ခွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း - **မုံရွာ-ဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း၊**

အမှတ်-ရ/၃၅၆၊ မေတ္တာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၇၇၊ ၀၉-၅၁-၈၈၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)





www.burmeseclassic.com

www.burmeseclassic.com

သုံးဆယ်မြို့က မြစိမ်းတောင်ညို ဆရာတော်

# ဘဒ္ဒန္တ ဝိစိတြ

ခင်ဘုန်းမြင့်
(ဦးကျုန်း)

နှင့် ကွင်းဆက်များ

စာရေးဆရာ ကိုအောင်သန်း၏ မြန်မာနိုင်ငံအရပ်ရပ်ရှိ ဆရာတော်ကြီးများ၏ မပုပ်မသိုး ရုပ်ကလာပ်တော်များ ဆောင်းပါးကို ရောင်ပြန်မဂ္ဂဇင်းတွင် ဖတ်ရှုရပါသည်။ အလွန်တန်ဖိုးရှိလှသော ဆောင်းပါးတစ်ပုဒ် ဖြစ်ပါသည်။

လူတိုင်းမသိနိုင်သော အကြောင်းအရာများနှင့် မဖူးဘူးသော ရုပ်ပုံတော် (ရုပ်ကလာပ်တော်)များကို ဓာတ်ပုံများနှင့်တကွ စုစည်း ရှာဖွေတင်ပြထားသဖြင့် ကိုအောင်သန်းဝင်းအား အထူးကျေးဇူးတင်မိပါသည်။ ယင်း ဆောင်းပါးအရ ကိုအောင်သန်းဝင်း တင်ပြထားသည့် ဆရာတော်ကြီးများမှာ (၄၈)ပါးရှိကြောင်း သိရပါသည်။

ထို(၄၈)ပါးထဲတွင်မှ ကျွန်မ ဖူးမြော်ခဲ့ဖူးသော ဆရာတော်ကြီးများမှာ...

၁ မြင်းခြံ စွန်းလွန်းဂူကျောင်း ဆရာတော်ကြီး ဦးကဝိ၊
၂ မြင်းခြံ စမ်းကျဆရာတော်၊
၃ သာယာဝတီခရိုင် မိုးညိုမြို့အပိုင် ထိန်တောရွာမှ ဆရာတော် ဦးပဏ္ဍိစ္စာဘိဝံသ၊
၄ အုတ်ဖိုမြို့ ဂုံညင်းတန်းရွာ ဆရာတော် ဦးသီဟ၊
၅ မြန်အောင် နောကုန်းဆရာတော်ကြီး ဘဒ္ဒန္တသီရိန္ဒ၊
၆ ရန်ကုန်မြို့ စော်ဘွားကြီးကုန်း ဆေးဝက်ပါ ဆရာတော် ဦးသုရိယနှင့်
၇ သုံးဆယ်မြို့ မြစိမ်းတောင်ညို ဆရာတော် ဘဒ္ဒန္တဝိစိတြတို့ ဖြစ်ပါတယ်။



◆ မြစိမ်းတောင်ညို ဆရာတော်ဦးဝိစိတြ

ဆရာတော်ကြီး(၇)ပါးအနက် ဆေးဝက်ပါ ဆရာတော်နဲ့ မြစိမ်းတောင်ညို ဆရာတော်တို့ကို သက်ရှိ ထင်ရှားရှိစဉ် ကပင် ဖူးမြော်ခဲ့ဖူးပါတယ်။ ကျန်ဆရာတော်ကြီး(၅)ပါးကိုတော့ တာဝန်အရ သွားရင်း ရုပ်ကလာပ်တော်များကိုသာ ဖူးမြော်ခဲ့ဖူးပါတယ်။

မြစိမ်းတောင်ညို ဆရာတော်ကြီးကိုတော့ ကျွန်မဟာ ဆရာတော်ကြီး သက်ရှိထင်ရှားရှိစဉ်က အနီးကပ် (၃) ကြိမ်တိုင်တိုင် ဖူးမြော်ခဲ့ဖူးပါတယ်။ ပထမဆုံးအကြိမ်ကတော့ သုံးဆယ်မြို့ အရှေ့(၇)မိုင်ကွာမှာရှိတဲ့ မြစိမ်းတောင်ညို တောင်ပေါ်က ကျောင်းမှာ ဖြစ်ပါတယ်။

www.burmeseclassic.com

ဆရာတော်ကြီးထံသို့ သွားရောက်ဖူးမြော်ခဲ့ရတဲ့ အကြောင်းကတော့ ကျွန်မတို့မိသားစုဟာ ဖီးကုန်းမြို့ မိုးကောင်းကျောင်းဝင်းထဲတွင် အလယ်ဓမ္မာရုံကြီး တည်ဆောက်ရန်အတွက် ငွေ(၃၀၀၀၀၀)ကျပ် မ,တည်ပြီး ကျောင်းတော်ကြီး ဆောက်လုပ်ရန် ဆရာတော်ဦးပညာဝံသမှ စီစဉ် ဆောင်ရွက်နေချိန် ဖြစ်ပါတယ်။

ယခင့် ယခင်နှစ်များက ဆရာတော်ဦးပညာဝံသမှ ဦးဆောင်ပြီး မြစိမ်းတောင်ညို တောင်ပေါ်ရှိ ဆရာတော်ကြီးနဲ့တကွ တပည့်ရဟန်းရှင်လူများအတွက် ဆွမ်းဆန်တော်များ လှူဒါန်းလေ့ ရှိပါတယ်။

ဆရာတော်မှ…

'ဒီနှစ်လဲ ဒကာမကြီး ကား(၂၅)စီးလောက်ရှိတယ်။ လိုက်မလား၊ ဆွမ်းဆန်လှူသွားမလို့'

တဲ့။ ကျွန်မမှ…

'ဆရာတော်ကြီးကိုတော့ ဖူးချင်ပါတယ် ဘုန်းဘုန်းရယ်။ ဒါပေမယ့် လူအများကြီးနဲ့ဆိုတော့ မလိုက်ချင်ဘူး'

လို့ လျှောက်မိပါတယ်။ ကျွန်မ မလိုက်ဖြစ်ခဲ့ပါ။

မမျှော်လင့်တဲ့ တစ်နေ့မှာတော့ ကျွန်မ ကြို့ပင်ကောက်ရုံးမှာ ရုံးတက်ရင်း ထမင်းစားချိန်ရောက်လို့ ထမင်းစားနေတုန်း ကျွန်မအမျိုးသား ရောက်လာပါတယ်၊ ဆရာတော်ရဲ့ အရေးတကြီးပစ္စည်းများပါတဲ့ လွယ်အိတ် အညိုလေးကို လွယ်လို့ အချိန်က မနက်(၁၀း၃၀) နာရီလောက်ပါ။

ကျွန်မမှ…

'အစ်ကိုတို့ ဘယ်သွားမလို့လဲ'

လို့ မေးမိပါတယ်။ အမျိုးသားမှ…

'တို့တင် မဟုတ်ဘူး မင်းပါလိုက်ရမှာ ဘုန်းကြီး… မြစိမ်းတောင်ညိုကို ကြွမှာ။ အဲဒါ မင်းကို ဝင်ခေါ်ခိုင်းလို့'

လို့ ပြောပါတယ်။

ကျွန်မမှ အံ့သြဝမ်းသာစွာနဲ့…

'ဟယ်… တကယ်လိုက်ရမှာလား ဘုန်းဘုန်းရော'

လို့ မေးမိပါတယ်။ မသေချာမှာစိုးလို့ ခင်ပွန်းက…

'ဘုန်းဘုန်း ကားလမ်းမှာ စောင့်နေတယ်။ အမြန်လုပ်'

တဲ့။ မေမေလဲ သိတယ်။ အနွေးထည် တစ်ထည်နဲ့ ခေါင်းစည်းပဝါကို ယူလာတယ်တဲ့။ ကျွန်မလဲ ထမင်းကို လက်စသတ်စားပြီး ချိုင့်ကို တပည့်တွေကို သိမ်းခိုင်းပြီး အပြေး ရုံးဝင်းအပြင်ကို လိုက်ခဲ့ရပါတယ်။

ရုံးအပြင်မှာတော့ ဆရာတော်ဦးပညာဝံသဟာ ကားပေါ်က ထိုင်စောင့်နေပါတယ်။ ကားလေးက မြို့ပတ်လမ်း စိုက်ပျိုးရေးဌာနက ကိုခင်မောင်ဝင်းရဲ့ ဂျစ်ကားလေးပါ။ ဂျစ်ကားက အမိုး လုံးဝ မပါ,ပါ။ ကားမောင်းပို့သူကတော့ အတွတ်ပါ။ ဆရာတော်ရယ်၊ အဘဦးဝင်းမောင်၊ ကျွန်မတို့ဇနီးမောင်နှံ(၂)ဦး။ လက်သမားဆရာ ကိုစိန်သောင်းနဲ့ ကားမောင်းသူအတွတ် ပေါင်း(၆)ဦးပါ။

လက်ပံတန်းတံတားကြီးလဲ ရောက်ရော ကားဘရိတ်ပေါက်လို့ ပြင်ရပါသေးတယ်၊ ကားပြင်ပြီးလို့ လက်ပံတန်းက စ,ထွက်ကတည်းက မိုးက သဲကြီးမဲကြီး ရွာချပါတယ်။ မိုးရေ စိုစိုရွှဲရွှဲနဲ့ သုံးဆယ်မြို့ကို ရောက်ပါတယ်။

သုံးဆယ်မြို့ကနေ အရှေ့ဘက်ကို ဆက်ထွက်လာတော့ မိုးက သဲကြီးမဲကြီး ရွာပါတယ်။ ကျွန်မ ခေါင်းစည်းပဝါပါးမှာလဲ မိုးကို လုံအောင် မခြုံနိုင်ပါ။ လမ်းပေါ်မှာ မိုးရေက တအားလွှမ်းနေတော့ ဂျစ်ကားလေးဟာ တာပေါ်မှာ မောင်း၊ လမ်းက ချိုင့်ခွက်ပက်နက်တွေကို မမြင်ရတော့ပါ။ ကျွန်မမှာတော့ ပင်ပန်းလို့ စိတ်ပျက်ရမယ့်အစား မြူးပြီး "မောင်းဆရာရေ…မိုးကောင်းဘုန်းကြီးခရီးသွားတာပဲ မိုးက ဒီလောက်တော့ ရှိမှာပေါ့။ တို့ကတော့ မဖြုံပေါင်'' လို့ ပြောမိပါတယ်။

ကျွန်မက ကားပေါ်ကစီးရင်း အပြောနဲ့ အလုပ်,လုပ်နေတာလေ။ ဦးစိန်သောင်းနဲ့ ကျွန်မခင်ပွန်းကတော့ တာပေါ်မှာ ပုဆိုး ခါးတောင်းမြှောင်အောင်ကျိုက်ပြီး ရေအတိမ်အနက် ခွက်ပက်နက်တွေကို ကားရှေ့က ဆင်းပြီး လမ်းပြနေကြရပါတယ်။

ဒီလိုနဲ့ပဲ သဲဖြူရွာကို ညနေ(၅း၀၀) နာရီလောက်မှာ ရောက်ပါတယ်။ နေလဲ ပြန်သာလာပါတယ်၊ မြစိမ်းတောင်ညို တောင်ပေါ်ကျောင်း ရောက်တော့ အချိန်က (၅း၀၀)နာရီသာ ရှိပေမယ့် တောရိပ်တောင်ရိပ်နဲ့ဆိုတော့ တော်တော်လေး မှောင်နေပါပြီ။

ဆရာတော်ကြီးကို ဖူးတော့ ဆရာတော်ကြီးက ပြုံးပြုံးကြီးနဲ့…

'မင်းတို့ လာတာ အချိန်နောက်ကျသကွယ့်' တဲ့။

ကျွန်မမှ ဆရာတော်ကြီးကို ငေးပြီး ကြည့်နေတုန်းမှာ မိုးကောင်းဆရာတော်က…

'ဓမ္မာရုံကြီး မ,တည်မယ့် အလှူရှင်များပါ ဘုရား'

လို့ လျှောက်ပါတယ်။ ဆရာတော်ကြီးမှ သာဓု(၃)ကြိမ် ခေါ်ပါတယ်။

နောက်တော့ ဆရာတော်(၂)ပါးဟာ ကျွန်မတို့ နားမလည်နိုင်သော အကြောင်းအရာများကို ပြောဆိုနေကြပါတယ်။ ပြီးမှ ဆရာတော်ကြီးက…

'ဒကာမကြီး သွား…နင့်အမကြီး မမြစိမ်းဆီကို အဲဒီမှာ နင့်ပိုရာဆန္ဒ



www.burmeseclassic.com

www.burmeseclassic.com



● မိကျောင်းဘုရား

ပြည့်ဖို့ တောင်းချေ'

တဲ့၊ ကျွန်မတို့ဖနီးမောင်နှံမှာ တစ်ခါမှလဲ မရောက်ဖူးဘူး။ မမြစိမ်းဆိုတာ ဘာမှန်းလဲ မသိဘူးပေါ့။

မရောက်ဖူးတဲ့နေရာမှာ ညနေ နေဝင်ရီတရော နေဝင်ဖျိုးဖျအချိန်မှာ ဘုရားဖူးပြီး နောက်မှ မမြစိမ်းရုပ်တုကြီးကို တွေ့ပါတယ်။ ကျွန်မလဲ လိုရာဆုပြည့်ဖို့ တောင်းခဲ့တာပေါ့။

ကျွန်မ လိုရာဆုကတော့ သာသနာပြုမယ့်လုပ်ငန်း ရည်ရွယ်ချက်ရှိတိုင်း အောင်မြင်အောင် စောင့်ရှောက် ကူညီပေးပါလို့ပေါ့။ နောက်မှ ဖားဘုရား၊ ငါးဘုရား၊ မိကျောင်းဘုရား တောင်ကမ်းပါးယံကပ်ပြီး ဆောက်လုပ်ထားတဲ့ (၃)ထပ် ဆွမ်းစားဆောင်တို့ကို အပြေးသွားရပါတယ်။

ဆရာတော်ကြီးထံ ပြန်ရောက်တော့ ဘုန်းကြီးက "အေးအေးဆေးဆေး ညအိပ်ကြမယ်ထင်လို့။ ကဲ... ထမင်းစားသွားကြ''တဲ့။ သက်သတ်လွတ်ထမင်းကို ကျွေးပါတယ်။ အမျိုးသား (၃)ဦးကို ဆရာတော်ကြီးမှ မြဘုရား (၃)ဆူ ပူဇော်ဖို့ ပေးပါတယ်။

အပြန်မှာတော့ ဆရာတော်ကြီးကိုယ်တိုင် ရေချိုတွင်းအထိ လိုက်ပို့ပါတယ်။ ဖီးကုန်းကို အဲဒီနေ့က ည(၁၀)နာရီမှ ရောက်ပါတယ်။

ဒုတိယအကြိမ် ဆရာတော်ကြီးကို ဖူးရတာကတော့ ဓမ္မာရုံအသစ်ကြီးအတွက် ဆရာတော်ကြီးကိုယ်တိုင် ဝတ္ထုငွေ (၅၀၀၀၀)ကျပ် လာရောက်လှူဒါန်းတာပါ။ ဖီးကုန်းမြို့ မိုးကောင်းကျောင်းဝင်းအတွင်းမှာ ဆရာတော်ကြီးကို လာရောက် ဖူးမြော်ကြတာ ပြည့်ကျပ်လို့ပါပဲ။

တတိယအကြိမ် ဖူးရတာကတော့ မိုးကောင်းဆရာတော်နဲ့ ဒကာ,ဒကာမကား(၂)စီးပါ လိုက်ပါပြီး မြစိမ်းတောင်ညို ဆရာတော်ကြီးသို့ ဆွမ်းဆန်အလှူသွားရောက် လှူဒါန်းခဲ့တာပါ။

အဲဒီအခါကျမှ မြစိမ်းတောင်ညိုရဲ့ သမိုင်းကြောင်း ရုပ်(၄)ခု၊ နာမ်(၄)ခု၊ မိကျောင်းဘုရား၊ ငါးဘုရား၊ ဖားဘုရား၊ ကျွဲပုန်းဘုရားစတဲ့ ဘုရားများနဲ့ သမိုင်းကြောင်းကို သိရှိခဲ့ရပါတယ်။

ကျွန်မတို့ရဲ့ ဓမ္မာရုံကြီး မပြီးခင်မှာပဲ ဆရာတော်ကြီးဟာ ၁၃၆၀ ပြည့်နှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် (၃)ရက် မနက်(၁၀း၁၀)နာရီမှာ ပျံလွန်တော်မူကြောင်း ကြားရပါတယ်။ သက်တော်(၇၃)နှစ်၊ ဝါတော်(၃၅)ဝါမှာပါ။ ဒါပေမယ့် ဈာပနပွဲကိုတော့ ကျွန်မတို့ မရောက်ဖြစ်ခဲ့တာပါ။

ကာလကြာလာတော့ "သေသော်သူ ကြာရင်မေ့"ဆိုတဲ့အတိုင်း မေ့ပါတယ်။ သာသနာပြုပုဂ္ဂိုလ်များ ပျော်မွေ့



www.burmeseclassic.com

www.burmeseclassic.com

ရာဖြစ်သော မြစိမ်းတောင်ညို တောရဲမှာ ဆရာတော်ကြီးရဲ့ မပုပ်မသိုးတဲ့ ရုပ်ကလာပ်တော်ကို စံကျောင်းနဲ့ ထားရှိ ပူဇော်ထားတယ်လို့ သိရပါတယ်။

ရုပ်ကလာပ်တော်ဟာ ပကတိ ကိုယ်နှိုး စက်နေသည့်အလား မှန်ခေါင်းထဲတွင် ရှိကြောင်း သိရှိရပါတယ်ရှင်။

မြစိမ်းတောင်ညို တောရဟာ **သာယာဝတီမြို့နယ်၊ ရိုးမတောင်ကြောမှာရှိပြီး သုံးဆယ်မြို့ အရှေ့ဘက် (၇)မိုင် ဝေးပါတယ်။** ပဲခူးနဲ့ ရန်ကုန် နယ်နိမိတ်အစပ်တွင် ရှိပါတယ်။ စာရှုသူအများ သွားရောက် ဖူးမြော်နိုင်ဖို့ တိုက်တွန်းပါရစေ။

မြစိမ်းတောင်ညို ဆရာတော်ကြီးဟာ မြစိမ်းတောင်ညို တောင်ပေါ်တွင် ကြွရောက် သီတင်းသုံးပြီး သာသနာပြုခဲ့ပါသည်။ တောင်တော်မြတ်ကြီးတွင် ရုပ်လေးရုပ်၊ နာမ်လေးနာမ်ရှိကြောင်း သိရအောင် အကျင့်မြတ်ဖြင့် ကျင့်ကြံအားထုတ်သည်။ ဘုရားများ တည်သည်။ သာသနိက ရုပ်ဝတ္ထုများ ပြုလုပ်သလို တစ်ဖက်မှလည်း စရဏအကျင့်တရားများကို ကျင့်ကြံကြိုးကုတ် အားထုတ်ခဲ့ပါသည်။

ရုပ်လေးရုပ်၊ နာမ်လေးနာမ် ဆိုသည်မှာ မြစိမ်းတောင်ညိုသမိုင်းတွင် ရှိခဲ့ပါသည်။ ဂေါတမမြတ်စွာဘုရား ပွင့်တော်မမူခင် ဘုရားအလောင်းတော်သည် နစဉ်အခါက ကျွဲမင်းကြီး(၈) ကြိမ်တိုင်တိုင် ဖြစ်ခဲ့ဖူးသည့်အနက် မဟိန္ဒကျွဲဖြူမင်းဘဝတွင် ဒေဝဒတ်အလောင်း ဖခင်ဟိန္ဒက ကျွဲရဲမင်းကြီးသည် ငါးရာသော ကျွဲအပေါင်း ခြံရံလျက် အင်းလေးအင်း၊ ကွင်းလေးကွင်းတွင် ပျော်ပါးကျက်စားလျက် နေလေသည်။

မယ်မာယာ အလောင်းတော်ဖြစ်သည့် တောင်ညာစံ ကျွဲမိဖုရားကြီးနှင့် စိဥ္စမာနအလောင်းဖြစ်သော မြောက်နန်းစံ ကျွဲမိဖုရားအား အလွန်ချစ်ခင်မြတ်နိုးစွာ ပေါင်းသင်းနေထိုင်သည်။

ကျွဲရဲမင်းကြီးမှာ အလွန် စိတ်ကြမ်း၊ ရုပ်ကြမ်းရှိရာ ယင်း၏ ကာမဂုဏ်စည်းစိမ်ကို လုယူမည်စိုး၍ ကျွဲသားပေါက်ပါက သတ်ပစ်ပြီး ကျွဲသမီးပေါက်ပါက မိမိမယားအဖြစ် ပေါင်းသင်းနေထိုင်သည်။

တောင်နန်းစံ ကျွဲမိဖုရားကြီးမှာ သားတော်များ (၂)ကြိမ်ပေါက်ဖွားရာ ကျွဲရဲမင်းကြီး၏ သတ်ဖြတ်မှုကို မြင်တွေ့ခဲ့ရ၍ စိုးရွံ့ထိတ်လန့်နေသည့် အကြားမှ နောက် သားတော် ကျွဲလေးကို သန္ဓေတည်လာသောအခါ ဖခင်ကျွဲရဲမင်းကြီး၏ ရက်စက်စွာ သတ်ဖြတ်မှုကို ခံရမည်စိုးသောကြောင့် ကျွဲရဲမင်းကြီးအလစ်တွင် တိတ်တဆိတ် တောင်ပေါ်သို့ သွားရောက် ပုန်းအောင်းနေလေသည်။ **(ယင်းတောင်ကို ကျွဲပုန်းတောင်ဟု ယခုခေါ်ပါသည်။)**

မိခင်ကျွဲမကြီးမှာ ပင်ပန်းဆင်းရဲခံစွာ သားဖြစ်သူ ကျွဲလေး ပေါက်လာသောအခါ အရောင်ဖြူဆင်းသော ကျွဲဖြူလေးဖြစ်ပြီး မဟိန္ဒဟု ခေါ်ခဲ့သည်။ မိခင်ကျွဲမကြီးမှ ပင်ပန်းဆင်းရဲစွာနှင့် ပြုစုစောင့်ရှောက်ရင်း အရွယ်ရောက်လာသောအခါ ကျွဲဖြူမင်းလေးမှ ဖခင်အကြောင်း မေးမြန်းတော့မှ အဖြစ်မှန်ကို မိခင်ကျွဲမကြီးမှ ပြောပြရှာသည်။

ဖခင်ကျွဲရဲမင်းကြီး၏ အမွေးအရောင်မှာ အနီရောင်ဖြစ်ပြီး ရဲရင့်သတ္တိရှိကြောင်း၊ ရက်စက်ကြမ်းတမ်းကြောင်း၊ သူ၏ရန်ကို ကြောက်၍ ယခုလို လာရောက် ပုန်းအောင်းနေကြောင်း ပြောပြပါသည်။

သားတော်လေးကို သတ်မည်စိုး၍ လုံးဝ မသွားပါရန် မိခင်ကြီးမှ တားမြစ်ပါသည်။ သို့သော် ကျွဲဖြူမင်းလေးမှာ ဖခင် ကျွဲရဲမင်းကြီးကို တွေ့လိုတာက တစ်ကြောင်း၊ ဆွေတော်မျိုးတော်တို့ကို တွေ့လိုတာကတစ်ကြောင်းနှင့် မိခင်ကြီးအလစ်မှာ ရဲပျော်ကွင်းကို သွားပါသည်။

အဲဒီမှာ ဖခင်၏ခြေရာကို တွေ့၍ မိမိခြေရာနှင့် တိုင်းကြည့်သည့် နေရာကို ခြေကြီကွင်း (ယခုခြေကြီးကွင်း)ဟု တွင်ပါသည်။ နောက် ဖခင်ကြီးအား ရန်သတ္တုရမပြုလို ဆွေတော်မျိုးတော်များနှင့်သာ ကောင်းမွန်စွာ နေလိုပါသည်ဟု သစ္စာပြုခြင်းအားဖြင့် နီရဲသော သဲများသည် သဲဖြူများဖြစ်လာပြီး ယင်းကွင်းကို ကျွဲဖြူမင်းလေးမှ သိမ်းပိုက်လိုက်ပါသည်။

စီးဆင်းနေသော ချောင်းကို သဲဖြူချောင်းဟု ခေါ်ပြီး ယခုတည်သောရွာကို သဲဖြူရွာဟု တွင်ခဲ့ပါသည်။ ကျွဲဖြူမင်းလေး သရက်ဖြူပင်အင်းအရောက် မနားမနေ ရန်ပြုရန် လိုက်ရှာသည့် ဖခင်ကျွဲရဲမင်းကြီးမှာ အသက်အရွယ်ကြောင့် တစ်ကြောင်း၊ ပင်ပန်းမောပန်းနေသည်က တစ်ကြောင်း လိုက်မမီနိုင်ဖြစ်နေပါသည်။

သို့သော် ကျွဲဖြူလေးကို မြင်သည်နှင့် တစ်ပြိုင်နက် တစ်ဟုန်ထိုး လိုက်လေရာ ကျွဲဖြူလေးမှာ အလွန်အမင်း ကြောက်ရွံ့ပြီး...

'ငါသည်...ဖခင်အား ရန်သတ္တုရုပြုခြင်းငှာ ဆန္ဒမရှိပါ။ ဆွေတော်မျိုးတော်တို့နှင့်သာ ပျော်ရွှင်စွာနေလိုခြင်း ဖြစ်ပါတယ်။ ဤမှန်ကန်သော သစ္စာစကားကြောင့် ဖခင်ကြီး လိုက်မမီနိုင်အောင် ချောင်းခြားပါစေသား'

ဟု သစ္စာပြုပါသည်။

ဖခင်ကြီးမှာ သားဖြစ်သူအား



www.burmeseclassic.com

www.burmeseclassic.com

တိုက်ခိုက်သူဖြစ်လင့်ကစား ဒဏ်ရာ ရသူမှာ ဖခင်ကြီးသာ ဖြစ်နေပါတော့သည်။ ကျွဲဖြူမင်း၏ ဦးချိုခတ်မှုကြောင့် ဒဏ်ရာရ၍ လဲသောနေရာကို ကျွဲထဲကွင်း(ယခုကျွဲတလင်း)နေရာတွင် ခင်ကျွဲမင်းကြီးမှာ ဒဏ်ရာများဖြင့် မှုမလှုဝေဒနာ ခံစားနေရပါတော့သည်။

ကျွဲဖြူမင်းလေးနောက် လိုက်လာခဲ့င်း လျှိုတစ်ခုအရောက်မှာ ကျွဲမင်းကြီး၏ ဒဏ်ရာမှာ သွေးများ ဖုံးလွှမ်းလျက်ရှိပါသည်။ ထိုလျှိုကို ရေနီလျှို ဟုခေါ်ပြီး ကျွဲမင်းကြီး ဒဏ်ရာများကြောင့် နာကျင်လွန်း၍ ရေဆင်းလူးလိုက်၊ တက်လိုက် သုံးခါလူးသော အိုင်ကို ကန်သုံးဆင့်ဟု တွင်ခဲ့ပါသည်။

ဒဏ်ရာရလျက် ပြန်လာသော ကျွဲမင်းကြီးကို မိဖုရား ကျွဲမများက ဆီးကြိုသော ကုန်းကို မယားကြိုကုန်းဟု ခေါ်ပြီး(ယခု မယန်းချို)ကုန်းဟု တွင်ပါသည်။ ကျွဲအပေါင်း ဆုံစည်းသည့်အခါ တောင်ညာစံ ကျွဲမကြီးမှ သားဖြစ်သူ ကျွဲဖြူလေးဟာ ဖခင်ကြီးကို သတ်ဖြတ်ရန်ပြုရန် မဟုတ်ပါကြောင်း၊ ဖခင်နှင့် ဆွေတော်မျိုးတော်တို့နှင့် ပျော်ရွှင်စွာ နေထိုင်လို၍ ယခုလို အဖြစ်.ဖြစ်ရကြောင်း ရှင်းပြတော့မှ ဖခင်ကြီးမှာ အမျက်ပြေပြီး သူ့အမှားသာ ဖြစ်ပါတယ်၊ သားဖြစ်သူ၏ အမှား မဟုတ်ပါဟု လည်းကောင်း၊ ငါကသာ သားဖြစ်သူကို လိုက်လံတိုက်ခိုက်ခြင်း ဖြစ်ပါတယ်၊ သားတော်မှ တိုက်ခိုက်ခြင်း မဟုတ်ပါဟု ရန်မာန်ပြေခဲ့ပါသည်။

ထိုနေရာကို ရန်ပြေမာန်ပြေကုန်းဟု လည်းကောင်း၊ ဖခင် ကျွဲရဲဘုရင်ကြီးအား ဒဏ်ရာနှင့် လဲပြိုနေသည်ကို ကျွဲမင်းလေးနှင့် ကျွဲအပေါင်းတို့ ထမ်းခေါ်သည့်နေရာကို ပန်းပြီးထမ်း ယခု



(ပန်းပင်ထမ်း)ဟု လည်းကောင်း၊ ကျွဲမင်းကြီး ကံတော်ကုန်သောနေရာကို နိဗ္ဗာန်ကုန်း၊ သင်္ဂြိုဟ်သောနေရာကို ကျွဲပုတ်ဟု လည်းကောင်း ခေါ်တွင်လာပါသည်။

မိခင်ကျွဲမကြီးမှာ သားနှင့်အဖ ဤသို့ စစ်ခင်းကြရ၍ ဒုက္ခအဖုံဖုံ၊ ပူဆွေးမှုအဖုံဖုံတို့ကို တွေ့ကြုံရ၍ သတိသံဝေဂ ရရှိသွားပါသည်။

'တပည့်တော်ကျွဲမဟာ သေလွန်၍ နောင်ဘဝတွင် ရေ၌ ပျော်ပါးသတ္တဝါ ဖြစ်လင့်ကစား ကျွဲ့မဖြစ်လိုပါ။ ကာမရာဂမီးတွေ ကင်းပြီး သကာလ ဦးချိုမရှိသော ရေသတ္တဝါ ဖြစ်ရပါလို၏ အရှင်ဘုရား။

ဦးချိုမရှိသော ရေသတ္တဝါများထဲမှ ဖားရုပ်ဖြစ်လျက် နာမ်အားဖြင့် မြစိမ်းဟု တွင်ပါစေသား။ မြဆိုသည်မှာ ကြာသပတေးနံ(၅) ဖြစ်၍ စိမ်းသည် အင်္ဂါနံ(၃)ဖြစ်၍ နှစ်ခုပေါင်းက (၈)ဖြစ်ပါ၏။ မဂ္ဂင်(၈)ပါးတရားနှင့် အညီ ကျင့်ကြံနိုင်သော သူတော်စင်များ ဤဒေသသို့ ရောက်နိုင်ပါစေသား'

ဟု သစ္စာပြု ဆုတောင်းရင်း ရင်ကွဲနာကျ၍ ကံတော်ကုန်ရှာသည်။

မိခင်ကျွဲမကြီး ကံတော်ကုန်သည့် အဖြစ်ကို မဟိန္ဒကျွဲဖြူလေး မြင်သောအခါ ပူဆွေးသောကဖြစ်ပြီး လဲကျသွားရာက...

'ငါသည်လည်း ဤသို့သော အဖြစ်မျိုး မဖြစ်လိုတော့ နောင်ဘဝတွင် ငါသည်လည်း ရေပျော်ပါးသတ္တဝါများထဲမှ ဦးချိုမရှိသော သတ္တဝါဖြစ်ရပါစေသား။ မိကျောင်းသည် ရေ၌ ပျော်ပါးသော်လည်း ဦးချိုမရှိ၍ မိကျောင်း သတ္တဝါဖြစ်ရပါစေသား'

"မိ"သည် ကြာသပတေးနံ(၅) ဖြစ်၍ "ကျောင်း"သည် တနင်္လာနံ (၂)ဖြစ်၍ (၂)ခုပေါင်းပါက (၇)ရကြောင်း သူတော်ကောင်းတရား(၇)ပါးနှင့်အညီ ပြည့်စုံသည့် တောင်ညိုဟု သမုတ်ရန် ဆုတောင်းပါသည်။

ကြွင်းကျန်သော ရုပ်အလောင်းသည် မိကျောင်းဖြစ်လျက် တောင်တန်းဖြစ်ပေါ်လာကာ မိကျောင်းပုံသဏ္ဍာန်ဖြစ်ပေါ်လာပြီး ယခုတိုင် ယင်းတောင်ကို တောင်ညိုဟု ခေါ်တွင်ပါသည်။

ထိုနည်းတူ မြောက်နန်းစံ ကျွဲမကြီးမှလည်း ဤသို့သော အဖြစ်မျိုးကို နောင်တွင် မတွေ့လို၊ မမြင်လိုပါ၍ နောင်ဘဝတွင် ငါ၏ ခန္ဓာသည် ရေ၌ပျော်သော ဦးချိုမရှိသော ငါးသတ္တဝါဖြစ်ရပါစေသားဟု ဆုတောင်းပါသည်။

ငါးသည် တနင်္လာနံ(၂)ဖြစ်၍ သာသနာတစ်ဝက်ကျော်ပါက ရုပ်နှင့် နာမ် (၂)ပါး ကွဲပြား သိမြင်သောဟူ၍ တောင်မြောက် တွင်ပါစေသား တောင်မှာ စနေနံ(၇)ဖြစ်၍ မြောက်မှာ ကြာသပတေးနံ(၅)ရပါ၏။ သူတော်ကောင်းတရား (၇)ပါးနှင့်အညီ ကျင့်ကြံသော၊ ပြည့်စုံသော ခန္ဓာ(၅)ပါး ရုပ်နာမ်(၂)ပါးကို ခွဲခြမ်းစိတ်ဖြာ သိမြင်နိုင်စွမ်းသော ပုဂ္ဂိုလ်လောင်းလျာများ ဤဒေသသို့ ရောက်ရှိလာပြီး အားအားမာတ်



www.burmeseclassic.com

www.burmeseclassic.com

များ ရရှိပါစေသား ဆုတောင်းပြီး ကံတော်ကုန်ရှာပါသည်။ နောင်တွင် ငါးရုပ်တောင်ကြီး ဖြစ်လာပြီး တောင်မြောက်ဟု ခေါ်တွင်ပါသည်။

မိကျောင်းတောင်၊ မြစိမ်းတောင်ညိုတောင်သည်အင်းလေးအင်း၊ ကွင်းလေးကွင်း ဝိုင်းရံလျက်ရှိပြီး မိကျောင်းသည် အင်းလေးအင်းကို ခြေကန်လျက် ရှိပါသည်။



မြစိမ်းတောင်အား ပြန်လည်ပြုပြင်မည့် တဘောင်အဆိုမှာ...

'မြစိမ်းတောင်ညိုညိုက၊ ဆေးဝိဇ္ဇာတို့ ဇော်မင်းမောင်ကျိုရောင်ကွဲ့သူအပြီး အမယ့်မောင် သူယောင်သီး ခူးဆွတ်ဖို့နီး'

ဆိုသည့်အတိုင်း ပျက်စီးလျက်ရှိသော မြစိမ်းတောင်ညိုဘုရားအား ဆေးဝက်ပါဆရာတော်သည် ဇော်ဂျီရုပ်နှင့် တောင်ဝေးတော်ကို ကိုင်လျက် ၁၃၁၇ ခုနှစ်တွင် ပြန်လည် မွမ်းမံပြီး ထီးတော်တင်ခဲ့သည်။

"မြစိမ်းတောင်ညိုညိုက ဇာထိုရ်မယ့်မောင်၊ ဇော်အတိတ်က ပါ,ပါတယ်။ ဝိဇ္ဇာကွဲ့အပြီး အမယ့်မောင်၊ သူယောင်သီးကိုကွယ်၊ ခူးဆွတ်လို့မြည်း"အရ တောင်ညိုသို့ ရောက်မည့်ပုဂ္ဂိုလ်သည် ဝိဇ္ဇာကဲ့သို့ ပေါက်ပုဂ္ဂိုလ်ဖြစ်သည်။

ထိုပုဂ္ဂိုလ်သည် ဇော်အတိတ်က ပါ,ပါတယ်ဟူသော အပိုဒ်အရ အတိတ်ကံ ဇော်ဖြစ်မည့် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ် ဖြစ်ပါသဖြင့် အမယ့်မောင် သူယောင်သီး ခူးဆွတ်လို့မြည်း အပိုဒ်အရ မြစိမ်းမင်းသမီး(တောင်ညိုတောင်)အား သိမ်းပိုက်လျက် ထိုတောင်ညိုမှနေ၍ ငြိမ်းအေးအောင် ပြုပြင်ပေးမည့် ပုဂ္ဂိုလ်ထူး၊ ပုဂ္ဂိုလ်မြတ်ဟု လည်းကောင်း၊

'သာသနာယွင်းတစ်ဝက်၊ မင်းတစ်ဆက်ကြုံလေပြီ အသင်းမပျက်ကြနဲ့တော့ ကမ္ဘာရှိတွေရယ်၊ ဘုံဌာနီကြာနန်းမှာလ စံမြန်းရန်ချိန်ခါသင့်ပြီမို့ တစ်လိမ်ကို နှစ်လိမ်ဆင့်ကြားမှာတော့ ကဝိန်ဖြင့်ထွက်ပေါ်လာ အချိန်သင့်တဲ့ တစ်ဝက်သာသနာကို မပျက်အောင် ဓမ္မရာဇာရောက်ချိန်ပလေး'

'မိကျောင်းမင်းရေကင်းပြ နေ့ခြင်းပထွက်ပေါ်လာ၊ ပြည်ရှင်းမဲ့တစ်ဝက် သာသနာကို မပျက်သဒ္ဒါ အချိန်သင့်ပြီမို့ တစ်လိမ်ကို နှစ်လိမ်ဆင့် ကြားမှာလ ကဝိန်ဖြင့် ထွက်ပေါ်လာ၊ အချိန်သင့်တဲ့ တစ်ဝက်သာသနာကို မပျက်အောင် ဓမ္မရာဇာရောက်ချိန်လေး'

'ဆတော်တွေကို စာချုလို့ တော်ကြပြီကွဲ့ ခုချိန် ယော်တာလဆော်မှန်တယ်၊ ဖြစ်ချိန်သင့်ခုနီး တစ်လိမ်ကို နှစ်လိမ်ဆင့် ကြားမှာလ ကဝိန်ဖြင့် ထွက်ပေါ်လာအချိန်သင့်တဲ့ တစ်ဝက်သာသနာကို မပျက်အောင် ဓမ္မရာဇာ ရောက်ချိန်ပလေး'

ဟု ဆရာတော်ကြီး ဦးခန္တိက မရောက်မီ အကြို အနာဂတ် တဘောင်များ ပေါ်ထွက်ခဲ့သည်ဟု ဆိုပါသည်။

'အသင်းမပျက်ကြနဲ့တော့၊ တယွင်းပန္နက်ချလိုက်မယ်ကွဲ့ ဆံလေးတိုရယ် တောင်ညိုညိုရေချိုထွက်အောင်ကွယ် တူးရက်စို့လေး။

တွင်းတော်ရေချိုချို သောက်စေဖို့ ဘေးတွေ ပျောက်ပါလို့ ရန်တွေကွာ အမှန်မသမာတဲ့ စိတ်တွေ အကုန်ငြိမ်းစေဖို့ ကမ္ဘာလုံးရဲ့ညာ စီမံတဲ့ ကျိန်းကိုကွယ် ငြိမ်းကြတော့အမျှး'

ဟူ၍ တဘောင်လည်း ပေါ်ခဲ့သည်။

ထိုတဘောင်များ နောက်ပိုင်း ဆရာတော်ကြီး ဦးခန္တိက ရောက်ရှိပြီးမှ မြစိမ်းတောင်ညိုတောရသည် သာသနာရောင်ဝါ ထွန်းလင်း တောက်ပလာခဲ့သည်မှာ အမှန်ပင်ဖြစ်ပါသည်။

သီလသိက္ခာ၊ သမာဓိသိက္ခာ၊ ပညာသိက္ခာ သုံးရပ်အကျင့်မြတ်တို့ကို နှစ်ပေါင်း(၃၅)နှစ်တိုင်တိုင် ထိန်းသိမ်း ကျင့်ကြံအားထုတ်ပြီး မြစိမ်းတောင်ညိုတောရကို တိုးတက်သည်ထက် တိုးတက်အောင် သာသနာပြုလုပ်ငန်းများ လုပ်ဆောင်ခြင်း၊ ရုပ်လေးရုပ် နာမ်လေးနာမ်ရှိသည်ဟု ဝိသေသပြုထားသည့် တောင်တော်မဟာတွင် စရဏအကျင့်တရားများ မပြတ် ပွားများအားထုတ်ခဲ့ခြင်း။

တပည့်ဒကာ ဝေနေယျတို့အား မေတ္တာဓာတ် ဖြန့်ဝေခြင်းစသည့် သူတော်ကောင်းတို့၏ အကျင့်မြတ်တို့ကြောင့် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်မှာ မပုပ်မသိုးဘဲ ပကတိကျိန်းစက်နေသည့်အလား မှန်ခေါင်းထဲတွင် ရှိသည့် ရုပ်ကလာပ်တော်ကို ဖူးမြော်ကြရပါလိမ့်မည်ဖြစ်ကြောင်း လမ်းညွှန်ရေးသားအပ်ပါသည်။

**ခင်သူရွှေး (ဇီးကုန်း)**

**မှီငြမ်း**

၁။ ရောင်ပြန်မဂ္ဂဇင်းပါ ကိုအောင်သန်းဝင်း၏ မြန်မာနိုင်ငံအရပ်ရပ်ရှိ ဆရာတော်ကြီးများ၏ မပုပ်မသိုး ရုပ်ကလာပ်တော်များအကြောင်း။
၂။ မြစိမ်းတောင်ညို အတိတ်နှင့် အနာဂတ်သမိုင်း(ဦးဘိုးအုပ်)။



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

လေးဖက်နာရောဂါအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# လေးဖက်နာသောက်ဆေးနှင့် လိမ်းဆေး

"မမျိုးရေ မမျိုး"

"ဟဲ့ ဘယ်သူတုံး"

"ညီမလေး ခင်ခင်ပါ"

"ဩော် ညီမလေး လာ အထဲကို ဝင်ခဲ့ဟယ်"

"မမျိုး အပြင်တောင် မထွက်နိုင်အောင် ဘာရောဂါတွေ ဖြစ်နေလို့လဲ"

"အခန်းပြင်ထွက်ဖို့ နေနေသာသာ လက်ဆစ်ခြေဆစ်တွေ ရောင်ရမ်းနာကျင်ကိုက်ခဲနေလို့ အိပ်ရာထဲ ကိုဘက်၊ ဒီဘက် လှည့်တာတောင် မနိုင်မနင်းဆုံ့ ခံစားရပြီး အမယ်လေး တ,နေရတယ်"

"ဒီလောက်ဖြစ်နေတာ ဆေးခန်းမပြဘူးလား"

"ဆေးခန်းလဲပြတယ်။ လိုအပ်တဲ့ စစ်ဆေးမှုတွေလဲ ခံယူတယ်"

"မမျိုးဖြစ်တာ ဘာရောဂါတဲ့လဲ"

"ဆေးပညာရှင်တွေ ကတော့ လေးဖက်နာရောဂါတဲ့။ ဆေးမတွေ့ဘူး ဖြစ်နေတယ်။ အဲဒါကြောင့် ဟိုတစ်ခါ ညီမလေး အစ်မလို လေးဖက်နာရောဂါ ဖြစ်တုန်းက သောက်သုံးပြီး သက်သာပျောက်ကင်းသွားတဲ့ဆေးက ဘာဆေးလဲလို့ သိချင်လို့ ခေါ်ခိုင်းလိုက်ရတာပဲ"

"ဩော် ဟုတ်ပါရဲ့။ အဲဒီဆေးကတော့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးပဲ အစ်မရဲ့"

"ဟုတ်လား ဒီဆေးက ဒီလောက်တောင် စွမ်းသလား"

"စွမ်းဆို စကြာမင်း လေးဖက်နာဆေး ထုတ်လုပ်ဖြန့်ချိတဲ့ ဆရာမြင့်ဆိုတာ အရိုးကျိုးပေါင်းရောဂါ၊ လေးဖက်နာရောဂါတို့ကို ကိုယ်တိုင် စနစ်တကျ ကုသမှုတွေပေးနေတဲ့ ဆရာလေ။

ဆေးခန်းကို လာရောက် မကုသနိုင်တဲ့ လေးဖက်နာရောဂါရှင်တွေအတွက် မြန်မာနိုင်ငံ တစ်နိုင်ငံလုံးသို့ ဖြန့်ချိလိုက်ပါပြီ"

"အဲဒီ စကြာမင်း လေးဖက်နာဆေးရဲ့ အညွှန်းလေးလဲ ပြောပြပါဦး"

"စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လိမ်းဆေးရဲ့ အစွမ်းအာနိသင်ကတော့ သွေးအနည်ထိုင်၍ဖြစ်တဲ့ အဆစ်နာ၊ အဆစ်ရောင်၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း။ လက်ဖဝါး၊ ခြေဖဝါးများ တင်းခြင်း၊ ကျိန်းခြင်း၊ အဆစ်အမျက်များ ကိုက်ခဲနာကျင်ခြင်း၊ ခြေဆစ်၊ လက်ဆစ်များ ရောင်ပွပြီး ကြီးနေခြင်း၊ နံနက်အိပ်ရာထနဲ့ ကြာကြာထိုင်ပြီး ပြန်အထများတွင် လက်ဖဝါး၊ ခြေဖဝါး ပို၍ တင်းခြင်း၊ ကျိန်းခြင်း၊ နာကျင်မှုပိုများခြင်း။

အဆစ်အမျက်များ အနည်းငယ် လှုပ်ရှားရုံဖြင့် နာကျင်ခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ တင်ပါးခွက်ကြောနှင့် ပေါင်တွင်းကြောများ ထုံကျဉ်ကိုက်ခဲခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးဆစ်ရောင်ခြင်း၊ တံကောက်ခွက်ကြော တင်းခြင်း။

ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အောက်ပိုင်းများ လေးလံ ညောင်းညာ ကိုက်ခဲနေခြင်း၊ လက်ခြေများ မသယ်နိုင်ခြင်း၊ အာရုံကြောနဲ့ အကြောများ အားနည်းခြင်း၊ လေအားနည်းခြင်း၊ လေဖြတ်၊ လေငန်း၊ သွက်ချာပါဒဖြစ်ခြင်း၊ အရိုးကျိုးပေါင်းရောဂါ အမျိုးမျိုးဖြစ်ခြင်းနဲ့ အရိုးအဆစ်အကြောနဲ့ လေးဖက်နာရောဂါများကို သက်သာပျောက်ကင်းစေတဲ့ဆေး ဖြစ်ပါတယ်"

ကဲ စာဖတ်ပရိသတ်များ ညီမလေး ခင်ခင် အညွှန်းကောင်းတာနဲ့ စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို သုံးစွဲလိုက်တာဟာ အခု ကျွန်မ ခံစားဖြစ်ပေါ်နေတဲ့ လေးဖက်နာရောဂါဟာ သက်သာပျောက်ကင်းသွားပါပြီ။ အဲဒါကြောင့် ဆေးစွမ်းကောင်းတစ်လက်ကို သတင်းကောင်းလေး ပါးရတာလေ။

"မှတ်ထားနော် လေးဖက်နာရောဂါဖြစ်ရင် စကြာမင်း လေးဖက်နာသောက်ဆေးနဲ့ လေးဖက်နာလိမ်းဆေးကို မမေ့နဲ့နော်"




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-ဝ၇၁၁ YR ၀၀၆၀ ၂၇)




(ယာယီတိုင်းရင်းဆေးဝါး
မှတ်ပုံတင်အမှတ်-ဝ၆၁၃ Y ၀၁၀၅၀၉)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၇/၀၅၁၃

**ဆရာမြင့်**

**စကြာမင်းတိုင်းရင်းဆေးတိုက်**

**အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊**
**သဗ္ဗာမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၅၂၂၅၄၁**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

အာရုံကြောနှင့် အကြောအားနည်းသူများအတွက်

# စကြာမင်း

အမှတ်တံဆိပ်

# အကြောအားဆေး




(ယာယီ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၇၁၁YR ၀၀၆၀ ၂၅)

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၂/၀၅၁၃

'မင်္ဂလာပါ ဆရာ'

'မင်္ဂလာပါဗျာ။ ဘယ်သူတွေများလဲ မှတ်တယ် ရွှေနေကြီး ဦးအောင်ဝင်းနိုင်တို့ကိုး။ ဘယ်က လှည့်လာကြတုံး'

'ဆရာ့ဆီ သက်သက်လာတာပါ။ ဒီ ကျွန်တော့်မိတ်ဆွေ ဦးဇော်ထွန်းက ရုံးဝန်ထမ်းဆိုတော့ အလုပ်များ၊ အထိုင်များလို့နဲ့ တူတယ်။ ထိုင်းမှိုင်းလေးလံနေပြီး အမြဲတမ်း ညောင်းညာကိုက်ခဲကာ အကြောတွေတက်နေလို့ ညတိုင်းလိုလို နင်းခိုင်း၊နှိပ်ခိုင်းနေတာ တွေ့တာနဲ့ ဆရာ့ဆီ ခေါ်လာတာ'

'ဒါဆိုရင် ဦးဇော်ထွန်းရဲ့ ညာဘက်လက် တစ်ချက်လောက် ပြပါဦး။ ကျွန်တော် သွေးစမ်း အဖြေရှာကြည့်မယ်'

'ဟုတ်ကဲ့ ဆရာ။ လိုအပ်သလိုသာ ကုသပေးပါ'

'ဩော်... ဦးဇော်ထွန်းမှာ အာရုံကြောအားတွေ၊ အကြောအားတွေ နည်းလာလို့ အခုလို ဖြစ်လာတာပါ'

'အာရုံကြောအားနည်းရင် ဒီလိုမျိုး ခံစားရသလား ဆရာ'

'အာရုံကြောတွေ၊ အကြောတွေ အားနည်းလာရင် နောက်ကြောတက်, ဖက်ကြောထိုးခြင်း၊ ခြေလက်တွေ အားမရှိသလိုဖြစ်ခြင်း၊ ခြေလက်တွေ တုန်ယင်လာတတ်ခြင်း၊ အမြဲတမ်း လေးလံထိုင်းမှိုင်းနေခြင်း၊ ခြေကုန်လက်ပန်းကျသလို ခံစားရခြင်း၊ အမြဲတမ်းလိုလို ခြေလက်တွေ ညောင်းညာတောင့်တင်းခြင်း၊ ခြေလက်တွေ ကပ်ခြင်း၊ လုပ်ချင်ကိုင်ချင်စိတ်တွေ လျော့နည်းလာပြီး နုံးချည့်သလိုမျိုး ခံစားရတတ်ပါတယ်။

အာရုံကြောနဲ့ အကြောတွေ အားနည်းတော့ ကြွက်သားတွေ အဆစ်အဆက်အရွတ်တွေပါ အားနည်းသွားစေပါတယ်။ ဒီအခါမှာ လေးလံထိုင်းမှိုင်း ကိုက်ခဲခြင်း၊ အားမရှိသလိုမျိုး ခံစားရခြင်း၊ အကြောတက် ညောင်းညာခြင်း၊ လေဖြန်း, လေဖြတ်, သွက်ချာပါဒ ရောဂါတွေ ဖြစ်ပေါ်ခြင်း၊ ခြေတုန်,လက်တုန်၊ လည်ပင်း,ဦးခေါင်းတွေ၊ တုန်ယင်ခြင်းတွေ ဖြစ်ပေါ်ခံစားရတတ်ပါတယ်'

'ဟုတ်လား ဆရာ။ ကျွန်တော့်ကို အကောင်းဆုံးဆေးတွေ လမ်းညွှန်ပေးပါ'

'ဦးဇော်ထွန်းအတွက် အကောင်းဆုံးဆေး ပေးရမယ်ဆိုရင် အာရုံကြောနဲ့ အကြောအား အဆစ်အရွတ် ကြွက်သားအားတွေ အထူးကောင်းမွန်စေတဲ့ စကြာမင်း အကြောအားဆေးကိုသာ မှီဝဲပါ'

'စကြာမင်း အကြောအားဆေးက ဘာတွေကောင်းလဲ ဆရာ'

'ဘာတွေကောင်းလဲဆိုရင်တော့ အာရုံကြောနဲ့ အကြောများ ပိတ်ဆို့ရောင်ရမ်းပြီး နောက်ကြောတက် ဖက်ကြောထိုးခြင်း၊ သတိမှတ်ဉာဏ်နည်းခြင်း၊ အာရုံကြောများ၊ အကြောများ၊ ကြွက်သားများ အားနည်းရောင်ရမ်းခြင်း၊ အရိုးကျီးပေါင်းတက်ခြင်း၊ လက်ခြေများ အားမရှိသလိုဖြစ်ခြင်း၊ အကိုင်အတွယ်မမြဲခြင်း၊ ထုံကျဉ်ကိုက်ခဲခြင်း၊ အကြောများ တောင့်တင်း၍ ဆိုင်းနေခြင်း၊ လှုပ်ရှားမှုများ အားနည်းနှေးကွေးခြင်း၊ ခြေကပ်လက်ကပ်ဖြစ်ခြင်း၊ လက်မြှောက်မရခြင်း၊ ခါးနာ၊ ခါးတောင့်၊ ခါးကိုက်ခြင်း၊ အောက်ပိုင်းများ ထုံကျဉ်လေးလံညောင်းညာကိုက်ခဲခြင်း၊ ခြေလက် မသယ်နိုင်ခြင်း၊ အထိုင်အထလေးလံခြင်း၊ အမျိုးသားများ ပန်းသေ ပန်းညှိုး ဖြစ်ခြင်း၊ အကြောသေခြင်း၊ ဒူးနာ၊ ဒူးကိုက်၊ ဒူးရောင်ခြင်း၊ ဒူးဆစ် အကွေးအဆန့်မရခြင်း၊ အဆစ်ရောင်၊ အဆစ်နာ၊ အဆစ်ကိုက် လေးဖက်နာဖြစ်ခြင်း၊ အတက်စာနည်း နည်းစားရုံနဲ့ အကြောတက် ညောင်းညာလာခြင်း၊ တစ်ကိုယ်လုံး သွက်လက် ပေါ့ပါးမှုမရှိခြင်းများကို သက်သာပျောက်ကင်းပြီး ကျန်းမာသန်စွမ်းကာ သွက်လက်ပေါ့ပါးစေတဲ့ဆေး ဖြစ်ပါတယ်။ ဒါ့အပြင် လေဖြတ်၊ လေငန်း၊ သွက်ချာပါဒရောဂါများအတွက်လဲ ကာကွယ် ဆေးအဖြစ် တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား မှီဝဲပြီး ကြိုတင် ကာကွယ်နိုင်ပါတယ်'

'ဒီဆေးဟာ ဆရာ့ဆေးတိုက်မှာပဲ ရသလား ဆရာ'

'ကျွန်တော့်ဆေးတိုက်အပြင် အမြို့မြို့အနယ်နယ်ရှိ ဆေးမျိုးစုံဆိုင်တိုင်းမှာ ရနိုင်ပါတယ်'

'အခုဆိုရင် ကျွန်တော့်မှာ စကြာမင်း အကြောအားဆေးအစွမ်းကြောင့် ကျန်းမာသန်စွမ်းပြီး သွက်လက်ပေါ့ပါးနေပါပြီ။ အာရုံကြော အားနည်းနေသူများ၊ အကြောအားနည်းသူများ၊ အဆစ်အရွတ် ကြွက်သားအားနည်းသူများ၊ အသက်(၄၀)ကျော်သူများနဲ့ အာရုံကြောအားနည်းတဲ့ ကလေးလူကြီး၊ အမျိုးသား၊ အမျိုးသမီးများအတွက် အကောင်းဆုံး အဖော်မွန်ဖြစ်တဲ့ စကြာမင်း အကြောအားဆေးကို အိမ်တိုင်းဆောင်ထားပြီး မှီဝဲကြပါလို့ အကြံပြုပါရစေ'

ဆရာမြင့်
စကြာမင်းဆေးတိုက်
အမှတ်-၈/၆၆၆၊ သုဝဏ္ဏလမ်းမကြီး၊ သုန္ဒမှတ်တိုင်အနီး၊
မြောက်ဥက္ကလာပမြို့နယ်၊ ဖုန်း-၇၂၂၅၉၁

ဦးဇော်ထွန်း




www.burmeseclassic.com

www.burmeseclassic.com


ဂျိုးဖြူတောင်တန်းမှ

# သဏ္ဍဝတီ အာသနာဖြေနှုန်းဆီသို့ (၄)

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)



◄ နီးဘုရားပုံတော်



ရွှေချနိုင်းပြင်ဆင်နေသော
နီးဘုရား ►

**ယခင်လမှ အဆက်**

သတ္တဝါအားလုံးအပေါ်၌ အစွန်းနှစ်ဖက်ကင်းသော ချစ်ခြင်းမေတ္တာသေမ အရင်းခံကာ ဆက်ဆံကူညီကောင်းမှုတည်နိုင်ခြင်း စသည့် အကျိုးထူးများစွာ ရရှိနိုင်ကြလေသည်။

စေတီကြီးတော်မှာ လိုဏ်ပါ နှစ်ထပ်စေတီဖြစ်၍ လိုဏ်အတွင်း၌ အလယ်ဗဟိုင်ခံကာ တင်ပျဉ်ခွေရုပ်ပွားတော်လေးဆူ ဝန်းရံစံပယ်တော်မူသည်။

အရှေ့ဘက်တွင် ပုလဲဘုရား၊ မြောက်ဘက်တွင် မြဘုရား၊ အနောက်ဘက်၌ ကျောက်စိမ်းဘုရားနှင့် တောင်ဘက်တွင် ပတ္တမြားဘုရားတို့ကို ကျောက်မျက်ရတနာ စီခြယ်လျက် သပ္ပါယ်စွာ ဖူးတွေ့ရသည်။

၎င်းစေတီတော်အား ၁၂၇၃ ခုနှစ်၊ ကဆုန်လပြည့်နေ့တွင် ထီးတော်တင်လှူ ပူဇော်နိုင်ခဲ့သည်ဟု သိရသည်။

အောက်ခြေ လိုဏ်ခန်းမ၏ အလယ်ဗဟို မဏ္ဍိုင်တွင် စွယ်တော်ညီနောင်ကိုလည်း အခြားသော ဓာတ်တော်ကြုတ်များနှင့်အတူ ဖူးမြော်ရသည်။

စွယ်တော်တစ်ဆူမှာ ပြည်မြို့စွယ်တော်တိုက်မှ မြတ်စွယ်တော်နှင့်အတူ နှစ်ပေါင်းများစွာ စံပယ်



www.burmeseclassic.com

www.burmeseclassic.com

တော်မူခဲ့သော စွယ်တော်ပွားဖြစ်၍ ၁၃၃၀ ပြည့်နှစ်တွင် ပြည်မြို့မှ ဒေါက်တာသန်းဦးက အဘိုးဆရာတော်အား လှူဒါန်းခဲ့ခြင်း ဖြစ်သည်။


ကျန်တစ်ဆူမှာ ပေါင်းတည်မြို့မှ ဒါယကာ ဦးသန်းမောင်က ဘိုးဘေးစဉ်ဆက် ကိုးကွယ်ခဲ့ကြသော ပေါင်းတည် စွယ်တော်မြတ်ကို အဘိုးဆရာတော်အား ထိုနှစ်တွင်ပင် လှူဒါန်းခဲ့ခြင်း ဖြစ်လေသည်။

ဤစွယ်တော်မြတ်နှစ်ဆူကို သားတပည့်ဖြစ်သူ (ထိုစဉ်က) မြန်မာစာပါမောက္ခ ဦးအေးဖေ ကိုးကွယ်ရန် ပေးအပ်သဖြင့် ရန်ကုန်တက္ကသိုလ်ဝင်းအတွင်း ကိန်းဝပ်တော်မူရာမှ ယခု သားတော်များစေတီ လိုဏ်ခန်းမ၌ ပင့်ဆောင်ပူဇော်ထားခြင်း ဖြစ်သည်ဟု သိရသည်။

မြတ်စွယ်တော်ညီနောင်မှာ မှန်ကျောင်းဆောင်အတွင်း ဖန်ကြုတ်များဖြင့် ပူဇော်ထားသည့်အပြင် ကြည်ညိုဖွယ်ရာ နီ,ညို,စိမ်း,ဝါ ဓာတ်တော်ကြုတ်များစွာလည်း ဝန်းရံလျက်ရှိသဖြင့် ဓာတ်ပုံမှတ်တမ်း ပုံရိပ်ဖော်နိုင်စွမ်း မရှိခဲ့ပါ။ သက္ကဝတီကုန်းမြေသို့ ရောက်ပါလျှင် အားပါးတရ ဖူးမြော်နိုင်ကြပေမည်။

လိုဏ်ခန်း ပတ်လမ်းတစ်လျှောက်တွင် ရဟန္တာဓာတ်တော်များ၊ ဗုဒ္ဓဓာတ်တော်များ များစွာဖူးတွေ့ခဲ့ရသည်။ ကြည်သန့်သော နီ, ဝါ, ပြာ, စိမ်း ဓာတ်တော်များကို ရောင်တော်ခွဲခြား၍ ဖန်ဘူးကြီးများတွင် ထည့်သွင်းပူဇော်ထားရာ ဘုရားရှင်၏ အနန္တတန်ခိုးတော်ကို ရည်မှန်းကာ ကြည်နူးစွာ သာဓုခေါ် ကော်ရော်မှု ပြုရလေသည်။

စေတီတော်အပြင်ဘက် အခြေတွင်



ဂိုဏ်းမြ နာယကဆရာတော်များ

အဘိုးဆရာတော် ဦးအာဒိစ္စဝံသ ရုပ်တုတော်



အုတ်မြစ်ချ မော်ကွန်းကမ္ပည်းကို တွေ့ရသည်။ အဘိုးဆရာတော် ဦးအာဒိစ္စဝံသ လမ်းညွှန်ခဲ့သည့်အတိုင်း ဤအတုမရှိမြတ်ဗုဒ္ဓ သားတော်များစေတီကို ၁၃၇၀ ပြည့်နှစ်၊ တော်သလင်းလပြည့် တနင်္ဂနွေနေ့ နံနက် (၉း၀၀) နာရီအချိန်တွင် **ဆရာတော် ဦးအဂ္ဂသာရ (သာသနာပြုအဖေကြီး ဦးအေးဖေ)**မှ အုတ်မြစ်ချမင်္ဂလာ ပြုလုပ်ခဲ့ကြောင်း ရေးထိုးထားသည်။

## ဓမ္မာရုံတွင်းဝယ်

ထိုမှ မြောက်ဘက်ကပ်လျက်ရှိ ဓမ္မာရုံတွင်းသို့ ဝင်ရောက် လေ့လာကြသည်။ အဝင်တံခါးမ၏ အပြင်နံရံတွင် ကိုးဖြူသာသနာမြေကို ဦးဆောင်ခဲ့ကြသည့် ပဓာန နာယက ဆရာတော် လေးပါး ရုပ်ပုံတော်များ ချိတ်ဆွဲထားသည်။

အဘိုးဆရာတော် ဦးအာဒိစ္စဝံသ




www.burmeseclassic.com

www.burmeseclassic.com



▲ မိုးပြောင်ဝတ်ဆိုလင်း နဂါးရုံဘုရား

▼ တနိုးမြို့ဘုရား အာရုံခံတန်ဆောင်း



ဆရာတော် ဦးနန္ဒဓဇ၊ ဆရာတော် ဦးစက္ကိန္ဒ၊ ဆရာတော် ဦးအဂ္ဂသာရ (အဖေကြီး ဦးအေးဖေ)စသည်ဖြင့် မှတ်တမ်း ရေးထိုးထားလေသည်။

ဓမ္မာရုံအတွင်း၌ တင်ပျဉ်ခွေ နှီးဘုရားကြီးကို ရွှေသက်န်း ကပ်လှူရန်အတွက် သစ်စေးသရိုးကိုင် ပြင်ဆင်နေကြသည်ကို မြင်တွေ့ရသည်။

ဤ နှီးဘုရားကြီးကို ရှမ်းပြည်နယ်မှ နှီးဘုရားဒေါင်းရွှေးပညာရှင်က ရွှေတိဂုံစေတီ နှစ်(၂၆၀၀)ပြည့် အထိမ်းအမှတ်နေ့တွင် ပြုလုပ်ပြီးစီးခဲ့ကာ ၁၃၇၄ ခုနှစ်၊ ဝါဆိုလပြည့်နေ့တွင် ဗုဒ္ဓါဘိသေကအနေကဇာသဘင် ပူဇော် ကျင်းပနိုင်ရန် စီစဉ်ထားသည်ဟု သိရသည်။

ဆရာတော်က နှီးဘုရားကြီး သစ်စေးသရိုး မကိုင်မီ မူလပုံစံ ဓာတ်ပုံငယ်ကို စွန့်လှူ၍ ကုသိုလ်ရှင်တို့ ရွှေသက်န်း ကပ်လှူ ကုသိုလ်ပါဝင်ကြပါရန် ဖိတ်မန္တကပြု မိန့်ကြားခဲ့သည်။

ဓမ္မာရုံ ဘုရားခန်းအဝင်ဝတွင် အဘိုးဆရာတော်၏ တင်ပျဉ်ခွေရုပ်တုကို ပူဇော်ထားကာ ဘုရားခန်းတွင်း၌ တင်ပျဉ်ခွေ ရုပ်ပွားတော်ကြီး သုံးဆူ ဖူးတွေ့ရသည်။

လက်ဝဲဘက်ရှိ နဂါးကိုးကောင် ပလ္လင်တံကဲနှင့် စံပယ်တော်မူသော ရုပ်ပွားတော်မှာ လက်နှစ်ဖက်လုံးကာ ရှေ့သို့ချထားသည့် ကောင်းချီးပေးဟန် ဒါနမုဒြာဖြစ်သည်။

အလယ်တွင် ဘူမိဖဿမုဒြာရုပ်ပွားတော်နှင့် လက်ယာဘက်တွင် လက်ဝါးကို ရှေ့သို့လှန်ကာ လက်ညှိုး,လက်မ ထိထားသော ဝရဒမုဒြာရုပ်ပွားတော်တို့ကို ဖူးမြော်ရသည်။

## အနောက်ဘက် ဆီသို့

ဓမ္မာရုံမှထွက်ကာ အနောက်မျှော်



www.burmeseclassic.com

www.burmeseclassic.com



◆ မဟာမုနိ ရွှေဆင်းတု




◆ အဘယာရာဇသိဒ္ဓိဘုရား

ထောင့်အရပ်ရှိ အဆောက်အအုံစေတီများ၊ ကုန်းတော်မြေ အဝင်မုခ်ဦးလမ်းမကြီး၏ မြောက်ဘက်တွင် အဘိုးဆရာတော်ရှိစဉ်က တည်ဆောက်ခဲ့သော သာသနိက အဆောက်အအုံများ တည်ရှိသည်။ ဦးစွာ ဖူးမြော်ရသည်ကား တန်ခိုးပြဘုရား ဖြစ်သည်။

ကွမ်းတောင်ပေါက် စေတီတစ်ဆူနှင့် ရှေ့တွင် ရွှေစောင်းတန်း၊ ငွေစောင်းတန်း၊ ပတ္တမြားစောင်းတန်း သုံးသွယ်ကို မုခ်ဦးပြာသာဒ်နှင့်တကွ တွေ့ရသည်။

◆ အဘိုးဆရာတော်ရှိစဉ်က ကျောင်း



ဘုရားရှင် တာဝတိံသာနတ်ပြည်မှ ပြန်ကြွလာဟန် ရည်စူး ပူဇော်ထားခြင်းဖြစ်၍ ရှေ့တွင် ရည်လျားသော အာရုံခံတန်ဆောင်းကြီး တည်ရှိသည်။

သီတင်းကျွတ်လပြည့်နေ့တိုင်း နတ်ပြည်မှ အဘိဓမ္မာဒေသနာ တရားတော်ဟောကြား၍ ပြန်လည်ကြွဆင်းတော်မူလာသည့် ဘုရားရှင်အား ရည်မှန်းကာ အဘိဓမ္မာအခါတော်နေ့ ဆင်ယင်ကျင်းပလေ့ရှိသော နေရာဖြစ်သည်။

ကွမ်းတောင်ပေါက်စေတီ အောင်လိုဏ်ခန်းမအတွင်း၌ တန်ခိုးပြဘုရားရုပ်ပွားတော်ကို အရံရုပ်ပွားနှစ်ဆူဖြင့်




www.burmeseclassic.com

www.burmeseclassic.com




◆ တန်ခိုးပြဘုရားလိုဏ်ဂူတွင်း ရုပ်ပွားတော်



◆ ရေသိမ်တော်

◆ စောင်းတန်းသုံးသွယ်နှင့် တန်ခိုးပြဘုရား



◆ ကျောင်းရှေ့မှ ဇော်ဂျီနှင့် နာဂသေဒီရုပ်လုံးများ



ဖူးတွေ့ရသည်။ ထိုမှ မြောက်ဘက်တွင် နှစ်ကိုးပ်ရှစ်ဆူ တန်ဆောင်းရှိကာ ဓမ္မကျောင်းပိတ်ရက်ဖြစ်၍ ဗုဒ္ဓဘာသာ ယဉ်ကျေးမှုသင်တန်း ပို့ချပေးနေသည်ကို တွေ့ရသည်။

ယင်းမှ မြောက်ဘက်ကပ်လျက်တွင်ကား သက္ကဝတီသိမ်တော်ရှိသည်။ ရေကန်အလယ်တွင် တည်ဆောက်ထားသည့်ရေသိမ် ဖြစ်သည်။

ဟံသာဝတီခေတ်တွင် တိုင်းပြည်အေးချမ်းသာယာ၍ သာသနာတော်ထွန်းတောက်ခဲ့သည့် ဘုရင်မ ရှင်စောပု၏ သမက်တော် ဓမ္မစေတီမင်းသည် သာသနာကို လွန်စွာ အရေးထားလေ့ရှိသူ ဖြစ်သည်။

ရွှေလ ဆက်ဖတ်ပါရန်

**ဘုန်းကျော်စွာ**
**(မြိုင်တက္ကသိုလ်)**




www.burmeseclassic.com

www.burmeseclassic.com

# မှန်ကလေးတစ်ချပ် အကြောင်း

နေလင်းအောင်
(လှိုင်သာယာ)



သည်အကြောင်း ပြောမည်ဆိုလျှင် ကျွန်တော်ငယ်စဉ်က အကြောင်း အနည်းငယ်ပြောမှ ဖြစ်ပေမည်။ ကျွန်တော်နေသည်က ကျောက်တံတားမြို့နယ် (၃၄)လမ်းတွင် နေ၏။ အတန်းပညာ(၆)တန်းဖြင့် ဗဟိုစံပြ အမျိုးသား အထက်တန်းကျောင်း (ယခု လသာ အ.ထ.က(၁)]တွင် ပညာသင်ကြားနေစဉ် ဖြစ်၏။ ထိုစဉ်က အသက်(၁၃)နှစ်ဖြစ်ပြီး **၁၉၆၁ ခုနှစ်** ဖြစ်၏။

ကျွန်တော်၏မိခင် ဆည်းကပ်သော အဘဆရာကြီးတစ်ဦး ရှိ၏။ သူ၏ အမည်မှာ ဆရာကြီးဦးသိန်းဖြစ်ပြီး ဓာတ်၊ ဗိန္ဓော၊ ပယောဂ၊ ဗေဒင်၊ နက္ခတ္တ လောကီပညာများ ကျွမ်းကျင်တတ်မြောက်ပြီး မဟာဗောဓိ ပထမံဂိုဏ်းတော်ကြီးမှ အကြီးအမှူးဖြစ်သည်။

အသက်အရွယ်မှာ (၈၀)နှစ်နီးပါးခန့် ရှိပြီး လွန်စွာ ကျန်းမာရေးကောင်းမွန်၏။

လပြည့်လကွယ် ဥပုသ်နေ့တိုင်း ဝါတွင်းဝါပရက်ပါ ဥပုသ်ဝင်၏။ ရွှေတိဂုံဘုရားကြီး အရှေ့ဘက် ဗဟန်းမုခ် အထက်ပစ္စယံတွင် ထိုအချိန်က ဒေါက်တာဦးညို တန်ဆောင်းကြီးရှိ၏။

ယင်းတန်ဆောင်ကြီးအတွင်း သီလပေး၊ တရားဟော ဆရာတော်မှာ "သီဟိုဠ်(သီရိလင်္ကာ)ပြန် ဦးဇောတိက" ဆရာတော်ကြီး ဖြစ်သည်၊ ဆရာတော်သည် လွန်စွာ တရားဟောကောင်း၏။ လူမျိုးကွဲ ဘာသာစကားများကိုလည်း တတ်၏။

ထို့ကြောင့် ဆရာတော် တရားဟောလျှင် တန်ဆောင်းအတွင်း တရားနာပရိသတ်များ ပြည့်လျှံသွားသည့်အပြင်၊ အပြင်ရင်ပြင်တော်မှပါ နာကြားကြ၏။ အားရဝမ်းမြောက်ဖွယ် ကောင်းလှပါသည်။

ဆရာတော်၏ ရှေ့ဆုံးနားတွင် အဘဆရာကြီး၊ ကျွန်တော်နှင့် မိခင်ကြီး အမြဲရှိ၏။ ဆရာတော်သည် ကျွန်တော်အား လွန်စွာမေတ္တာရှိ၏။ ကျွန်တော်သည်လည်း ဆရာတော်ကြီးအား အလွန်ကြည်ညိုခ၏။ ခိုင်းသမျှ အကုန်လုပ်ကိုင်ပေး၏။

ဆရာတော်မှ သီလပွဲ၊ တရားနာပွဲ အတွက် ကောက်ခံခိုင်းလျှင် ငွေဖလားအကြီးကြီးကို ကျွန်တော်ကိုင်၍ လူအများကြားထဲသို့ ရှိရှိသေသေ ကုန်းကုန်း၊ ကုန်းကုန်းဖြင့် ဒါနငွေ ကောက်ခံရသည်ကို အလွန်ပျော်၏။

ငွေအကြွေစေ့များ၊ ကျပ်တန်၊ ငါးကျပ်တန်၊ ဆယ်တန်များ တစ်ခဏအတွင်း ဖလားကြီးထဲမှာ ပြည့်ဖြိုးလာ၏။ ကျွန်တော်လွန်စွာ ဝမ်းသာ၏။

လူအများ၏ စေတနာထက်သန်သော ဒါနအဟုန်ကို သာဓုခေါ်မိ၏။ ထိုအချိန်က ငွေရှားပါးသောအချိန် ဖြစ်သဖြင့် ဆယ်ပြားစေ့ တစ်စေ့ ထည့်လှူသည်ကိုပင် ဝမ်းသာအားရ ဖြစ်မိ၏။

ရရှိသောငွေများကို ညနေ တရားပွဲသိမ်းလျှင် ဆရာတော်နှင့်အတူ ကျွန်ုပ်ပါ ဝိုင်း၍ ရေတွက်ပေးရသည်။ စာရင်းလုပ်ပြီး သိမ်းဆည်း၏။ ဆရာတော်ကြီး၏ အများကောင်းမှုနှင့် ဘုရားတည်ရန် ရည်ရွယ်ချက်ကြီး ဖြစ်ပေသည်။

ဤသို့ဖြင့် ကျွန်တော်သည် ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ငယ်စဉ်အခါကတည်းမှစ၍ နီးစပ်ခဲ့ရ၏။

အဘဆရာကြီးသည် ကျွန်တော့်အား လွန်စွာချစ်၏။ အိမ်သို့ ရောက်လာတိုင်းလည်း ယင်း၏ ပညာပိုင်းဆိုင်ရာလုပ်ငန်းများတွင် ပါဝင် ကူညီလုပ်ကိုင်စေ၏။

ဘုရားပွဲ၊ သာသနာပွဲ ပူဇော်မှုများတွင်လည်း ကျွန်တော့်အား ပါဝင်လုပ်ကိုင်စေ၏။ သို့ဖြင့် ကျွန်တော်သည်လည်း ထိုအရွယ်မှစ၍ လောကီဂမ္ဘီရ ပညာရပ်များကို အနည်းငယ် သိကြုံလာရ၏။

သို့သော် ထိုစဉ်က အသက်အားဖြင့်လည်း ငယ်သေးသည်၊ အတန်းကျောင်းပညာရေးလည်း ရှိသေး၍ ပညာရပ်များအပေါ် စိတ်ဝင်စားမှု အားနည်း၏။

ယုံကြည်သည်၊ ကိုးကွယ်သည်၊ တတ်နိုင်သလောက် စောင့်ထိန်းသည် ဆိုရုံမျှသာ ဖြစ်ပါသည်။

တစ်နေ့ အဘဆရာကြီး ဦးသိန်းသည် အိမ်သို့ ရောက်ရှိလာပြီး နံနက်စာ စားသောက်၍ ရွှေတိဂုံဘုရားသို့ ကျွန်တော်အား သူနှင့်အတူ ခေါ်သွားခဲ့သည်။ ထိုနေ့သည် တနင်္ဂနွေနေ့ ဖြစ်၏။ ဥပုသ်နေ့လည်း မဟုတ်ပေ။

သို့ဖြင့် ရွှေတိဂုံစေတီရင်ပြင်ပေါ်သို့ ရောက်ရှိပြီး နှစ်ဦးသား ဘုရားထိုင်ဖူး၍ စနေတန်ဆောင်းကြီးဘက်သို့ ထွက်လာပါသည်။

စနေတန်ဆောင်းကြီး အတွင်းသို့ ဝင်ရောက်လာသော အဘဆရာကြီးအား အရင်ရောက်နေသူများက နေရာထိုင်ခင်းပေး၍ ကျွန်တော်လည်း အဘဆရာကြီး ဘေးနားတွင် ဝင်ထိုင်၍ ကြည့်ရှုငေးမောနေမိပါသည်။

ထိုင်၍ စကားစမြည် ပြောနေကြသူ



www.burmeseclassic.com

www.burmeseclassic.com

များမှာ အသက်ငါးဆယ်၊ ခြောက်ဆယ် အရွယ်လူကြီးများပင် ဖြစ်ကြသည်။ ယောဂီဝတ်တွေလည်း တွေ့မြင်ရ၏။ ဝတ်ဖြူစင်ကြယ်နှင့်လည်း တွေ့ရ၏။ မုတ်ဆိတ်မွေး အရှည်ကြီး သျှောင်ထုံး ကြီးဖြင့် အပေါ်အောက် အနီရောင်ကြီး ဝတ်ထားသော ဘိုးဘိုးကြီးကိုလည်း တွေ့ရ၏။

အားလုံးတွင် ကျွန်တော် အငယ်ဆုံး ဝင်ဖြစ်၏။ လက်ဖက်ရည်၊ မုန့်ပွဲများ၊ လက်ဖက်သုပ်၊ ရေနွေးကြမ်း၊ ကွမ်း အစ်၊ ဆေးလိပ်ခွက်တို့ဖြင့် စုံလင်လှ သည်။

ကျွန်တော်လည်း ကလေးပီပီ မုန့် စားရင်း၊ ရေနွေးသောက်ရင်းဖြင့် သူတို့ ပြောသည်များကို ထိုင်ကာ နားထောင် နေမိ၏။

ကျွန်တော် နားမလည်သော ဗိုလ်ထိုး သည့်အကြောင်း၊ ဓာတ်လုံးအကြောင်း၊ ဆေးဝါးများအကြောင်း၊ ပယောဂ အကြောင်းများ စုံလင်စွာ ပြောနေကြ သည်မှာ နားထောင်လို့တော့ ကောင်း ၏။

အတန်ကြာသောအခါ တရုတ် လူမျိုး အဘိုးကြီးတစ်ယောက်နှင့် သူ၏ သားဟု ထင်ရသော အသက်လေးဆယ် ခန့်ရှိ လူတစ်ယောက် တန်ဆောင်း တွင်းသို့ ဝင်လာသည်ကို တွေ့ရသည်။

ထိုသူနှစ်ဦးသည် အဘဆရာကြီး နှင့် အနီရောင်ဝတ်ထားသော ဘိုးဘိုး ကြီးအား ပါလာသော မုန့်များ၊ ဖယောင်း တိုင် အမွှေးတိုင်များဖြင့် ဦးချကန်တော့ ကြပါသည်။

ဆုများပေးပြီးမှ အဘဆရာကြီး က...

'ဦးကျောင်ဝမ်တို့သားအဖလဲ မပေါ် တာတာ အတော်ကြာသွားတယ်နော်။ မိသားစုကော ကျန်းမာကြရဲ့လား'

ဟု ပြောပါသည်။

ထိုအခါ တရုတ်အဘိုးကြီးက...

'ဘယ်လိုပြောရမှန်းတောင် မသိပါ ဘူး။ ဆရာကြီးရယ် အိမ်က လူတွေလဲ တစ်ယောက်တစ်လဲ ကျန်းမာရေး ညံ့ နေကြတယ်။ ပွဲရုံလုပ်ငန်းတွေကလဲ အရင်က ကောင်းသလောက် အခု အပြိုင်အဆိုင်၊ အတိုက်အခံတွေနဲ့ ပြဿနာတွေတက်ပြီး ပွဲရုံလုပ်ငန်း (၃)ခုလုံး စီးပွားရေး ကျဆင်းနေပါ တယ် ခင်ဗျာ။

ငွေကလဲ အကြောင်းအမျိုးမျိုးနဲ့ ကုန်နေလို့ ကျွန်တော်လဲ စိတ်ဆင်းရဲ နေရပါတယ်။ ကူညီပါဦး ဆရာကြီး ရယ်'

အဘဆရာကြီးက...

'ဒုက္ခတယ်ကြီးသကိုး။ ကဲ...ကဲ ဒီလိုလုပ် သေချာနားထောင်'

ဟု ဆိုကာ...

'မှန်ဘိုင်းဖြစ်စေ လေးထောင့်ဖြစ်စေ တစ်ချပ် ဝယ်၊ အဲ... ပြီးရင် နံနက်စောစော နေထွက် တဲ့အချိန်မှာ မှန်ကို အခု ရေးပေးမယ့်ဂါထာနဲ့ (၁၇)အုပ်ပြီး အိမ်ရှေ့တံခါးမကြီး အထက် နားမှာ သံနဲ့ ရိုက်ပြီး ချိတ်ဆွဲထားပါ။

ပြီးရင် နေ့တိုင်း နေ့တိုင်း နံနက်နေထွက်ချိန် မှာ အိမ်ရှေ့ကိုထွက် နေမင်းကို စေ့စေ့ကြည့်ပြီး အဲဒီဂါထာနဲ့ (၉)ခေါက်ရွတ်ပြီး ပူဇော်ပေးရ မယ်။ မှန်ချိတ်ထားသရွေ့ တစ်ရက်မှ မပျက် ကွက်စေနဲ့'

ဟု ပြောပါသည်။

ရေးပေးသော ဂါထာမှာ အောက်ပါ အတိုင်း ဖြစ်ပါသည်။

'ဥုံ ဃဋ္ဋေသိ ဃဋ္ဋေသိ ကိံ ကရဏာ နဝကမ္မံ အဟံ ဇာနာမိ ဇာနာမိ'

အနက်

**ဥုံ၊** အန္တရာယ်ကင်းစေသတည်း။ **ဃဋ္ဋေသိ၊** ချုပ်ချယ်ပြစ်မှားဘိ၏။ **ဃဋ္ဋေသိ၊** ချုပ်ချယ်ပြစ်မှားဘိ၏။ **ကိံကာရဏာ၊** အဘယ်အကြောင်း ကြောင့်။ **ဃဋ္ဋေသိ၊** ချုပ်ချယ်ပြစ်မှားဘိ သနည်း။

**အဟံ၊** ငါသည်။ **နဝကမ္မံ၊** အလုပ် သစ်၊ အလုပ်အကိုင်ကို။ **ဇာနာမိ၊** သိ၏။ **ဇာနာမိ၊** သိ၏။

ဟူ၍ ဖြစ်ပါသည်။

ရည်ရွယ်သည်မှာ အဘဆရာကြီး ထံမှ သိရှိရသည့် မှန်ကလေးတစ်ချပ်၏ ကောင်းကျိုးအဖြာဖြာ ပေးစေသည့် နည်းကလေးကို အများပြည်သူအတွက် အကျိုးရှိစေရန် တင်ပြပေးလို၍ ရေး သားရခြင်း ဖြစ်ပါသည်။

ယခုအခါ အိမ် တော်တော်များများ၊ လုပ်ငန်းရုံများ၏ ဝင်ပေါက်မျက်နှာစာ တွင် မှန်ချပ်ကလေးများ ချိတ်ထား သည်ကို တွေ့မြင်နေရ၍ အိမ်ခိုက်နေ ခြင်း၊ ပြင်ပမှ ပယောဂအတိုက်အခိုက် များရှိခြင်း၊ လမ်းခိုက်နေခြင်းများ အတွက်၊ အဆင်မပြေဖြစ်နေကြသူများ အတွက် ယင်းမှန်ချပ်ကလေးကို သုံး နေသည်ဆိုပါက အထက်ဖော်ပြပါ နည်းအတိုင်း ဆောင်ရွက်မှုပြုပါ။ ပိုမို၍ အကျိုးထူး သက်ရောက်မှု ရှိပါလိမ့် မည်။

စီရင်ထားသော ဤမှန်ချပ်လေးတွင် နေမင်း၏ စွမ်းအားသတ္တိများ ကိန်း အောင်းလာပြီး မကောင်းကျိုးများ ကင်းစင်လွင့်ပျောက်၍ ကောင်းကျိုး ချမ်းသာများ ရရှိ ခံစားလာနိုင်မည် ဖြစ်ပေသည်။

ရန်ကို ပြောင်စေသော ရောင်ပြန် မှန်ချပ်လေး ဖြစ်ပါတော့သည်။

**(မှတ်ချက်။ ။ အနီရောင်ဝတ် ဆင်ထားသော ဘိုးဘိုးကြီးသည် တစ်ချိန်က လူနီဝိဇ္ဇာကြီးဟု ကျော် ကြားသော ဝိဇ္ဇာနီဆရာကြီးဖြစ် ကြောင်း အဘဆရာသိန်း ပြော၍ နောက်မှ သိရပါသည်။ ထိုအချိန်က ယင်း စနေတန်ဆောင်းကြီးတွင် ထူးခြားသော ပုဂ္ဂိုလ်ကြီးများ ဆုံ တွေ့လေ့ ရှိကြပါသည်။**

**နေလင်းအောင် (လှိုင်သာယာ)**

**နက္ခတ္တဗေဒင်ဖြည့်စွက်ချက်မရ**

www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

••••••••• ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့ •••••••••

# သမားအိုဆေးတိုက်

မှ ထုတ်လုပ်သော နန်းတွင်းလိမ်းဆေး၊ လေးဖက်နာဆေး၊ နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး



သီပေါမင်း ပါတော်မူပြီး နောက်နန်းတွင်းသမားတော်ကြီးများ မြို့နယ်အသီးသီးသို့ ပြန့်ကျဲရောက်ရှိခဲ့ကြရာ ဘီလူးကျွန်း၊ ကမာမွန်ရွာသို့ ရောက်ရှိခဲ့ကြသည့် နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေး ခေါင်းဆောင် ဆရာစံ (သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို **သမားတော်ကြီး ဦးနွယ်၏မြေး သမားတော်ကြီး ဦးတင့်လွင်(ငြိမ်း/ဗိုလ်ကြီး) ဇနီး ဒေါ်ကျင်သိန်း၊ တိုင်းရင်းသမားတော် ဦးသန်းဇော်၊ ညီမ ဒေါ်ခင်ခင်ထွေး**တို့ အကြောင်းပြု ပေါင်းစုလျက် သမားအိုဆေးတိုက်မှ မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက် ရှိပါသည်။

## သမားအို နန်းတွင်းလိမ်းဆေးကြီး

*[တိုင်းရင်းဆေးမှတ်ပုံတင်အမှတ် ၀၉၁၀ YR ၀၀၀၉၉၇]*

*[လိုင်စင်အမှတ် ၁၁/၂၀၀၈ ထဆထလ ထိုး(၀၁၂၁)]*

မြန်မာ့နန်းတွင်း၊ အစဉ်အဆက် သုံးစွဲခဲ့သည့် လိမ်းဆေးဖြစ်ပြီး **ပရုတ်၊ မင်သော် စသည့် ဆေးပူများ မပါရှိသော** ဆေးအေးဖြစ်၍ ဘေးထွက်ဆိုးကျိုး လုံးဝ မပါရှိဘဲ အပူနာများကိုပါ သက်သာ ပျောက်ကင်းစေကြောင်း အာမခံသည့် လိမ်းဆေးတစ်လက်ဖြစ်သည်။

ပျောက်ကင်းစေသော ရောဂါများ

သမားအို နန်းတွင်းလိမ်းဆေးကြီးသည် အဆစ်၊ အမြစ်၊ အကြောရောင်/နာ၊ ကိုက်ခဲခြင်း၊ ဒူးနာ၊ ခါးနာ၊ လေးဖက်နာ၊ ဂေါက်နာ၊ ဇက်ထိုး၊ ခေါင်းအုံ၊ ခေါင်းကိုက်၊ ပန်းနာ၊ ရင်ကျပ်၊ နှာစေး၊ နှာပိတ်၊ ထိပ်ကပ်နာ၊ အရိုးကျိုး၊ အဆစ်လွဲ၊ အဆစ်ဟ၊ ဒဏ်နာဖြစ်၊ လက်ကပ်ခြင်းနှင့် အပူလောင်ခြင်းများကို သက်သာ ပျောက်ကင်းစေပါသည်။

အသားပပ်ခြင်း၊ အသားကွဲခြင်း၊ ဝက်ခြံ၊ တင်းတိပ်၊ နေလောင်ကွက်များကို ညအိပ်ရာဝင်ချိန်၌ မျက်နှာအား ဆပ်ပြာဖြင့် စင်ကြယ်စွာ ဆေးကြောပြီးမှ ဆေးလိမ်း တစ်ရှုးကပ် အိပ်ပါ။

နေ့စဉ်ရက်ဆက် လိမ်းပေးခြင်းဖြင့်"**အသားအရေ ဖြူနု ချောမွတ်ပြီး မကြုံဘူးအောင် အလှထူးစေသည့်**"ကမ္ဘာ့ ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ မန္တလေးတောင်၊ ကျိုက်ထီးရိုးတောင်၊ ပုပ္ပါးတောင်ကဲ့သို့ အလေ့အကျင့်မရှိသော တောင်တက်ဘုရားဖူး ခရီးသည်များ သုံးစွဲလျှင် ထုံကျဉ်ညောင်းညာ ကိုက်ခဲခြင်းများ သက်သာပျောက်ကင်းစေသည့်အပြင် ကျိုးပေါင်းရောဂါဝေဒနာရှင်များ အသားထဲ စိမ့်ဝင်အောင် ညင်သာစွာ လိမ်းပေးခြင်းဖြင့် ကျိုးပေါင်းရောဂါဝေဒနာများ အချိန်တိုအတွင်း သက်သာပျောက်ကင်းစေပါသည်။

## သမားအို လေးဖက်နာဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် အမှတ် ၀၃၀၉ YR ၃၀၆၃]*

လူတစ်ယောက်၏ခန္ဓာကိုယ်အား သိပ္ပံနည်းကျ သွေးစစ်ကြည့်ခြင်းဖြင့် **ယူရစ်အက်စစ် အလွန် များနေခြင်း၊ အေအက်စ်အို သီတာ ယူနစ်(၂၀၀)ထက် ရှိခြင်း၊ နောက်ဆုံး အာအေ စမ်းသပ်မှု၌ (+) အပေါင်းလက္ခဏာတွေ့ရှိခြင်း**စသည်ဖြင့် လေးဖက်နာရောဂါအဆင့်ဆင့်တို့ကို သိရှိနိုင်ပေသည်။

လေးဖက်နာရောဂါ၏ ဆင့်ပွားရောဂါများဖြစ်သော နှလုံး၊ သွေးတိုး၊ ဓီးယပ်ရောဂါများ မဖြစ်ပွားစေရန် ကြိုတင်ကာကွယ်သည့် ဆေးဖက်များ သမားအို လေးဖက်နာဆေးတွင် ထည့်သွင်း ဖော်စပ်ထားပါသည်။

သမားအိုလေးဖက်နာဆေးတွင် သက်စောင့်ဆေးဖက်များ ပါရှိသည့်အတွက် ရာသီဥတုဒဏ်ခံနိုင်ပြီး တရားထိုင်သူများ၊ ယာဉ်မောင်းသူများ၊ စက်ချုပ်သမားများ၊ လက်နှိပ်စက်နှင့် ကွန်ပျူတာ အော်ပရေတာများ ဤဆေးကို မှန်မှန် စားသုံးသွားပါက ဆီး၊ ဝမ်း၊ လေမှန်ကန်ပြီး ကျန်းမာရေးနှင့် ညီညွတ်ကာ ကိုယ်လက်ပေါ့ပါး သွက်လက်စေပါသည်။

## သမားအို နှလုံးရောဂါနှင့် ဉာဏ်ကောင်းဆေး

*[တိုင်းရင်းဆေးမှတ်ပုံတင် ၀၃၁၁ YR ၀၀၃၀၆၂]*

မြန်မာ့နန်းတွင်းသမားတော်ကြီးများ အသုံးပြုခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်သည်။ **နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ နှလုံးကျုံခြင်း၊ နှလုံးခုန်လွန်ခြင်း၊ မောပန်းခြင်း၊နှလုံးအားနည်းခြင်း၊ နှလုံးရောင်ခြင်းနှင့် နှလုံးရောဂါအမျိုးမျိုး**တို့ကို သက်သာပျောက်ကင်းစေပြီး စိတ်ဓာတ်ကို ကြည်လင် လန်းဆန်း၍ ဉာဏ်ရည်ထက်မြက်စေသော "**သတ္တုဂုဏ်**"နှင့် ပြည့်စုံသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ထို့ကြောင့် ကျောင်းသူကျောင်းသားများနှင့် ရဟန်းသံဃာ အရှင်မြတ်များ စာမေးပွဲနီးသောအခါ၌ လည်းကောင်း၊ ပရိယတ္တိ၊ ပဋိပတ္တိ ဝန်ဆောင်ရာ၌ လည်းကောင်း အစဉ်အလာအားဖြင့် အောင်မြင်စွာ သုံးစွဲခဲ့သော ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၁၈)လမ်း၊ မင်္ဂလာဈေးအနီး၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၂၉၀၆၁၀ အမြို့မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်ပါသည်။

**မြောင်းမြ မောင်ယဉ်တင့်**

**ဓဓ နှလုံးရောင်ခြည်မဂ္ဂဇင်း**

www.burmeseclassic.com

www.burmeseclassic.com

ယခင်လမှ အဆက်

'မလိုပါဘူးဘုရား၊ ရှိသလား သိချင်လို့ပါ'

တစ်ခါတလေလဲ ခရီးသွားဟန်လွှဲ အလွယ်တကူ တွေ့တတ်တယ်။ **နာဂမ** က ဆီးဖြူရွက်လို ပုံစံရှိတယ်။ အစုအဝေးနဲ့ ပေါက်တယ်။ အမြစ်မှာ အတွန့် (၇) တွန့်လောက်ပါတယ်။ ဒါကြောင့် "**တွန့်ကျော်**" လို့လဲ ခေါ်ကြတယ်။ မြွေနဂါးတွေ တွန့်လိမ်ပြီး သွားနေတဲ့အတိုင်းပဲ။ ထိခိုက်ဒဏ်ရာရတာ အတွက် သိပ်ကောင်းတယ်။

**နာဂထ**ကတော့ မုန်လာရွက်နဲ့ တူတယ်။ ပြဒါးကိုနိုင်လို့ အဂ္ဂိရတ်သမားတွေက နာဂထကို ပြဒါးဖမ်းရာမှာ အဓိက ထားသုံးသတဲ့။ သူက အဆိပ်ကိုလဲနိုင်တယ်။ နာ ငါးမျိုးစလုံးက အဆိပ်နိုင်တာချည်းပါပဲ။

**နာဂမိုန်**က တောင်ကြာရွက်လို ပုံစံရှိပြီး ရေသောက်မြစ် တစ်ခုတည်းရှိတယ်။ အမြစ်ကိုဆိတ်ကြည့်ရင် သွေးလို အနီရောင်ထွက်တယ်။ တချို့က "**တောင်ကြာကြက်သွေး**" လို့ခေါ်ကြတယ်။ အနာပေါက်အတွက် သိပ်ကောင်းတယ်။

**နာဂမှိုင်းရွက်**က နဂါးမောက်နဲ့ဆင်တူပေမယ့် ခွေးသွားစိပ် အတွန့်ပိုငယ်ပြီး စိပ်တယ်။ သူ့ကို တောက်တဲ့ နက်အဆိပ်၊ မြွေဆိပ်၊ ကင်းဆိပ်တွေ ပြယ်ဖို့ အဓိက သုံးပါတယ်။

မဏိသြဃစမ်း

ဥသြစမ်းရေစိမ့်မှ အရှေ့တောင်ယွန်းယွန်းရှိ တောင်တန်းသို့ ပြန်တက်ကာ မဏိသြဃစမ်း ရေစိမ့်ထွက်ရာနေရာကို လေ့လာကြသည်။ ဥသြစမ်းထက် ရေထွက်အားနည်းပါးသည်။ အမြင့်သို့



ထံမနုယ် မြောက်အစွန်ဖျားဆီက

# ကျောက်အမှုန် ရှင်မတောင် ဘုရားတံသို့ (၄)

ထက်မြင့်ကျော်စွာ



ချင်းလူ အမွှန်ပြောက်နှင့် အခရုများ

မော်တာတစ်လုံးတည်းဖြင့် ကျောင်းသို့ ရောက်အောင် စုပ်တင်နိုင်သည်။

နွေအကုန်ကာလဖြစ်ရာ စိမ့်ရေ အနည်းငယ်သာ တွေ့ရသည်။ ယင်းကို ပလတ်စတစ် ပိုက်ငယ်ကလေးဖြင့် သွယ်ကာ ရေလှောင်ကန်တွင် စုဆောင်းထားရသည်။ ရေပြည့်သော အခါမှ ကျောင်းသို့ ပို့ရသည်။ မဏိသြဃစမ်းရေမှာ "**ရှင်မအိန်းစီး**" **ကျောက်တောင်**မှ စိမ့်ထွက်နေခြင်း ဖြစ်လေသည်။

ထို့နောက်တွင် ဆွမ်းဘုဉ်းချိန် နီးကပ်လာသဖြင့် ဆရာတော့်ကျောင်းသို့ ပြန်ကြသည်။ ရှင်မတောင်စေတီမှ ကျောင်းအထိ လျှိုအတက်အဆင်း ခရီးမှာ မိနစ် (၂၀)မျှ လျှောက်ရလေ၏။ ဘုရားကန်တော့ချိန်၊ လေ့လာကြည့်ရှုချိန် အပါအဝင် စုစုပေါင်း တစ်နာရီနီးပါး



www.burmeseclassic.com

www.burmeseclassic.com

ကြာခဲ့လေသည်။

'ဒုတိယဆရာတော် ဦးရာမ လက်ထက်က တစ်ဆယ့်နှစ်ရာသီမပြတ် သီးတဲ့ ဆီးဖြူပင် တစ်ပင် ရှိတယ်လို့ သိရပါတယ်။ ဘယ်နားမှာလဲ ဆရာတော်ဘုရား'

'သျှိသျှားဖြူကို ပြောတာ ထင်ပါရဲ့။ ဒီမှာတော့ သျှိသျှားဖြူတိုင်း တစ်နှစ်ပတ်လည်အောင် သီးကြတာချည်းပဲ။ ဓမ္မာရုံနောက်က တောင်စောင်းလျှိုထဲမှာ ရှိနိုင်တယ်။ ဒါပေမယ့် နွေသီး သီးကင်းဝင်စပို့ စားလို့မရသေးဘူး။ မှည့်ရင်တော့ အချိုဖောက်ပါတယ်'

"**သဘော်ဆီးဖြူ**"ကို ဒေသိယဝေါဟာရအနေဖြင့် **သျှိသျှားဖြူ**ဟု ခေါ်တွင်ခြင်း ဖြစ်သည်။ ဆရာတော်ညွှန်ပြသည့် တောင်စောင်းမှာ ရှင်မတောင်ကဲ့သို့ မတ်စောက်၍ နက်ရှိုင်းလှသော လျှိုဖြစ်ရာ သွားရောက်၍ ဓာတ်ပုံရိုက်ကူးရန် အကြံကို လက်လျှော့လိုက်ရသည်။


## ဓမ္မာရုံအနီးမှ ဆေးပင်တစ်ပင်

ဆရာတော်, သံဃာတော်တို့ နေ့ဆွမ်း ဘုဉ်းပေးနေကြစဉ် ကျောင်းနောက်ကျောဘက် ကုန်းထိပ်ရှိ ဓမ္မာရုံသို့ သွားရောက် ကြည့်ရှုသည်။ အမိုးအကာ ရှိသော်လည်း အခင်းမှာ မြေညှိထားသော မြေမာကြမ်းခင်း ဖြစ်သည်။

ပွဲတော်ကာလတွင် ဖျာကြမ်းများခင်း၍ အာဂန္တုသံဃာများ၊ ဘုရားဖူးများ နားနေကြသည်။ စေတီကုန်းတော်မှာ အတန်ငယ် ကျဉ်းမြောင်းသဖြင့် ဤနေရာ၌သာ နားခိုကြရသည်ဟု သိရသည်။

ဓမ္မာရုံအနီးမှ ရှင်မတောင်စေတီကို ထင်ရှားစွာ ဖူးမြော်ရသည်။

ဆင်မတောင် (ခေါ်) ရှင်မတောင်မှာ အရှေ့သို့ ဦးတည်နေသည့် ဆင်တစ်ကောင်ပမာ ထီးတည်း တည်ရှိကာ ဦးကင်းအထက် ရတနာပန်းတောင်း ရွက်ထားသကဲ့သို့ မြင်ရသည်။ ကံမမြို့မှ စာရေးဆရာများ တင်စား ပူဇော်သည့် "**ကျိုက်ထီးရွက်**"ဟူသော ဘွဲ့တော်နှင့် လိုက်ဖက်လှသည်။



◆ ချင်ဆွေးနီနှင့် ချင်ဆွေးနက်စေ့များ

ဓမ္မာရုံမှ ပြန်ဆင်းလာရာ ကျောက်လှေကား ဝဲယာတွင် အနီရောင်၊ အနက်ရောင် လက်လက်ပြောင်ပြောင်ဖြင့် လှပသော "ချင်ဆွေး"စေ့များ တွေ့ရသဖြင့် ကောက်ယူကြည့်သည်။ အနီရောင်တွင် အနက်ဖောက်သော ချင်ဆွေးနီ၊ အနက်တွင် အဖြူဖောက်သော ချင်ဆွေးနက်တို့ ဖြစ်ကြသည်။ အဖြူတွင် အနက်ဖောက်သည့် ချင်ဆွေးဖြူကိုမူ မတွေ့ရပေ။

"ဖင်ဆွေး"ဟုလည်း ခေါ်ဝေါ်ကြသော ချင်ဆွေးပင်မှာ ပင်ပျော့ပင်ငယ်မျိုးဖြစ်ကာ အရွက်မှာ စိန်ပန်းရွက်၊ ကင်ပွန်းရွက်များ ထွက်ပုံနှင့် ဆင်တူသည်။

အဆုပ်လိုက် ပွင့်သီးသည့် အပွင့်မှာ ပဲပွင့်နှင့် ဆင်တူ၍ အနီရောင်၊ အနက်ရောင် အစေ့များ ဖြစ်ပေါ်လာကြသည်။ အရွက်မှာ ချိုသဖြင့် နွယ်ချိုကဲ့သို့ ကွမ်းယာ၌ ထည့်စားကြသည်။

ဆေးကျမ်းအလိုအရ ဖြူ, နီ, နက် ကွဲသော်လည်း အကျိုးသွားတူ၏။ အားဖြစ်စေ၏။ ဆံပင်ကို ကောင်းစေသည်။ နှုတ်မြိန်စေ၏။ သုက်ကို ပွားစေ၏။ သည်းခြေနာ၊ မျက်စိရောဂါ၊ အနာပေါက်အမျိုးမျိုး၊ နာကျင်ကိုက်ခဲခြင်း၊ အဆိပ်သင့်ခြင်း၊ အရေပြားရောဂါ၊ ပန်းနာ၊ လေရောဂါ၊ မူးဝေခြင်း၊ အဖျားရောဂါနှင့် ရေငတ်နာတို့ကို ပျောက်စေ၏။

အစေ့သည် အားဖြစ်စေသည်။ အဖောအရောင် လျော့စေသည်။ အရွက်နှင့် အမြစ်သည် အဆိပ်နိုင်၏။ သလိပ်ပွားစေ၏။ သည်းခြေကို နိုင်၏။ နှုတ်မြိန်စေ၏။ မျက်စိနှင့် အရေပြားရောဂါများ အရွက်, အမြစ်ကိုသုံး၍ အားတိုးဆေးများ၌ အစေ့ကို သုံး၏။


**မျက်စိမှုန်ခြင်း**။ ။ ချင်ဆွေးမြစ်ကို ဆိတ်ကျင်ငယ်ရည်နှင့်သွေး၍ မျက်စဉ်းခတ်ရသည်။

**ဝီးယစ်ဖြူ**။ ။ အမြစ်ကို ကြံရည်လုံး



www.burmeseclassic.com

www.burmeseclassic.com



ကျိုက်ပြုတောင် လက်ရှိဆရာတော် ရှန်လှူသော ကြေးပြားသန်လျက်

ရေစိမ်ကာ နံနက် (အကြမ်းပန်းကန်လုံး)တစ်ခွက်၊ ည တစ်ခွက် သောက်လျှင် မီးယပ်ဖြူဆင်းခြင်း ရပ်၏။

**ကြက်ညှာချောင်း**။ ။ အမြစ် (၃) ရွေးသားကို ချင်း(ဂျင်း) အနည်းငယ်ရော၍ သုငယ်နာ ကြက်ညှာချောင်းဆိုးရောဂါအတွက် တိုက်ပေးရသည်။

**အဆစ်ရောင်**။ ။ အရွက်ကို မုန်ညင်းဆီနှင့် ရောကြိတ်ကာ အဆစ်အမြစ်၌ လူးပေးရသည်။

**ဗိုက်နာ**။ ။ အရွက် သတ္တုရည်ကို ဆီအနည်းငယ်ရော၍ နာသောနေရာ၌ လိမ်းပေးရသည်။

**ခေါင်းကိုက်**။ ။ အရွက်ခြောက်အမှုန့်ကို ရှူပေးက ခေါင်းကိုက်ရောဂါ ပျောက်၏။ ခေါင်းတစ်ခြမ်း ကိုက်နာအတွက် အမြစ်ကို ရေနှင့်သွေး၍ ရှူပေးရသည်။

**ညှောင်းကျနာ**။ ။ အမြစ်ကို အုန်းရည်နှင့် သွေးသောက်ရသည်။

**ဆီးလွန်နာ**။ ။ အရွက် သတ္တုရည်ကို နို့ရည်ရော၍ သောက်ရသည်။

***(အရှင်နာဂသိန်၏ ပုံပြ ဆေးအဘိဓာန် ဒုတိယတွဲမှ ထုတ်နုတ် ဖော်ပြပါသည်။)***

ရက်အနည်းငယ်မျှ အချိန်ယူ လှေလာနိုင်ပါက **ကန့်ချွဲနက်၊ ဂုံသမြား၊ ပန်းတိုင်းစွတ္တာ၊ လောင်းပန်းဂမုန်းအင်** စသည့် ရှားပါး ပရဆေးပင်များ ရှာဖွေ တွေ့ရှိနိုင်သည်ဟု သိရသည်။ လျှိုမြောင် ချောက်ကမ်းပါးများသို့ ခဲရာခဲဆစ် သွားလာရခြင်းတော့ ရှိပေမည်။

## ဆုတောင်းပြည့်စေတီတော်

ရှင်မတောင် သာသနာ ကုန်းတော်မြေတွင် လှည့်လည်လေ့လာပြီးနောက် မွန်းတည့်ချိန်ခန့်တွင် ဆရာတော် ဦးကာဝိန္ဒနှင့် သံဃာတော်တို့အား ကန်တော့ နှုတ်ဆက်၍ ပြန်ရန် ပြင်ကြသည်။ ဆရာတော်က အပြန်တွင် စေတီတော်အား ဦးတင်ကာ မှန်ရာကို သစ္စာဆို တိုင်တည်၍ လိုရာဆုတောင်းလျှင် ပြည့်ဝနိုင်ကြသည်ဟု နှုတ်ဆက်အမှာစကား ပါးတော်မူသည်။

ထို့နောက် ကျောင်းမှဆင်းကာ တောင်ကြားဇရပ်သို့ ရောက်သောအခါ ဘုရားဖူး အဘိုးအိုတစ်ဦးကို တွေ့ရသည်။ ကျိုးမီးတောင်အတက်တွင် တွေ့ခဲ့ရသူ ဖြစ်သည်။

'အဘက ဘုရားဖူးလာတာလား။ သာမန်ခရီးသွား ထင်မိတာ'

'အဘ ဆယ်ရွာမှာနေတယ်။ ဒီဘုရားကို မကြာခဏ လာဖူးဖြစ်ပါတယ်'

'ဒီဘုရားနဲ့ ပတ်သက်ပြီး ထူးခြားတာရှိရင် ပြောပြပါဦး'

'ဇာတ်သဘင်သမားတွေ ထိုးဇာတ်ရေးပြီး ကပြတာတော့ ရှိပါရဲ့။ ဒဏ္ဍာရီပုံပြင်တွေလဲ ပြောဆိုနေကြတာပဲ။ ဒါပေမယ့် ဒီစေတီ စ,တည်ဖို့ အမျိုးသမီးဆယ်ဦးရဲ့ အကူအညီနဲ့ ဖြစ်လာတာဆိုတော့ မ,ဆယ်ဦး။ ဆယ်တဲ့ သဘောပေါ့။ **လောကမှာတော့ အခက်အခဲတွေ ကြုံလာရင် ဆယ်မပေးနိုင်တယ်။ ဆုတောင်းပြည့်တဲ့ စေတီတော်ပါ'**

'ကျိုးမီးရွာ အရှေ့ကျောင်း ဆရာတော် ရေးထားတဲ့ ဘုရားသမိုင်းမှာလဲ ဖတ်ရပါတယ်'

ဟုတ်တယ် (ဒေါ်)စံဦး၊ (ဒေါ်)ငွေဘော်၊ (ဒေါ်)ငွေဖူး၊ (ဒေါ်)ငွေပွင့်၊ (ဒေါ်)သီးပွင့်၊ (ဒေါ်)မင်းဘုံ၊ (ဒေါ်)မွှေးဘုံ၊ (ဒေါ်)ငယ်၊ (ဒေါ်)ကြီးမ၊ (ဒေါ်)ရွှေကြော့တဲ့။ စဉ်ဆက်စကား မှတ်သားရတာပဲ။ ရွှေငွေသီးပွင့်ကြီးငယ် အစုံပါတယ်'

www.burmeseclassic.com

'စေတီတည် ကျောက်တုံးကြီးက အောက်ခံကျောက်နဲ့ အပ်ချည်မျှင် ခွဲရင် လွတ်တယ်ဆိုတာ ဟုတ်သလား အဘ'

'အဲဒီလိုတော့ မစမ်းဖူးဘူး။ ကြာကြာလေး ကြည့် (ကြည့်ညို)နေရင် ကျောက်တုံးကြီး သိမ့်ခနဲ သိမ့်ခနဲ လှုပ်လှုပ်သွားတာ တွေ့ရတယ်။ အံ့ဩစရာပါပဲ။ ဘကြီးဘုန်းကြီး ပြောပြဖူးတယ်။ "ထဆင်ထူးကို လုံးကြီးတင်၊ ထီးမတင်တဲ့ ကျောင်းတော်သား"တဲ့'

'ဘာအဓိပ္ပာယ်လဲ အဘ'

'ဆင်မတောပိုကြီးရဲ့ ကိုယ်ထည်နဲ့ ဦးခေါင်းက ဝလုံး နှစ်လုံး ပူးထားတဲ့ ထဆင်ထူး အပေါ်က ကျောက်တုံးကတော့ လုံးကြီးတင်ပေါ့။ အဲဒီမှာ ဘုရားတည်ထားတာ ဆံခတ်တာပဲ, ကျောင်းတော်သားကို ကျွဲ, နွား ကျောင်းသလို မိမိကိုယ်ကို သတိနှင်တံနဲ့ ကျောင်းနေကြတဲ့ အသတို့, လူလေးတို့ကို ဆိုလိုတယ်။

ထီးမထင်တာက မော်ကြွားတာပေါ့။ ဒီလို ပုံစံထူးတဲ့စေတီကို ကုသိုလ်ပြု ဆုတောင်းရင် ဆုတောင်းပြည့်ပြီး ဘဝမှာ မော်ကြွားနိုင်တဲ့ ကြီးပွားအောင်မြင်မှု ရမယ်လို့ ဆိုပါတယ်။ နောက်ရှိသေးတယ် (ထမှာ ဆင်ထူး ဝကိုပူး၍ လှူမှုးဘုရား။ အဆုံးထားသည် သုံးပါးသိဒ္ဓိ ကြွယ်စေသတည်း)တဲ့။ ထူးခြားပြီး ဆုတောင်း ပြည့်တဲ့စေတီပါ'

'အဲဒီ ဘကြီးဘုန်းကြီးက ဘယ်ကျောင်းမှာ သီတင်းသုံးတာလဲ'

'ဒီတောင်မှာပဲလေ။ ဒီစေတီကို စ,တည်တဲ့ ဆရာတော် ဦးပဏ္ဍိဝ ဆိုတာ ကျူပ်မိခင်ရဲ့ နောင်တော် တော်တယ်။ လူလေးတို့ စိတ်ဝင်စားလို့ အချိန်လဲရတယ်ဆိုရင် အဘ ပြောပြမယ်'

'ကြားချင်ပါတယ် အဘ။ ပြောပြပါ'

"ကရဏီယအောက် ဝလေး



စောင်းတန်းဝဲယာမှ ကုံကုမ်ပင်များ

ထောက် ပုဂံရှင်ကြီး ထီးနဲ့ပျောက်" တဲ့။ **က၊ ရ၊ ထ၊ ယ**ကို ပိဋကတ်သင်္ချာ ကောက်ရင် **၁၊ ၂၊ ၅၊ ၁** ရတယ်။ ပေါင်းလိုက်တော့ (၉) နဝင်း ကိန်းရတာပေါ့။

"**ဝ**"ဆိုတာ သုည, စနေရဲ့ဂြိုဟ် သင်္ချာ၊ လေးလုံးဆိုတော့ စနေနဲ့ အလားတူ ပါပဂြိုဟ်လေးလုံး၊ စနေ, ရာဟု, တနင်္ဂနွေဂြိုဟ်, အင်္ဂါဂြိုဟ် လေးလုံး။ ဂြိုဟ်သက်ပေါင်းရင် **၁၀ + ၁၂ + ၆ + ၈ = ၃၆** နဝင်းပဲ။ နန္ဒီသေနထုံးက "ဇသ" (၃၈ + ၆ကြာ) အောင်ကိန်း ပြန်ဖြစ်တယ်။ ရှင်မတောင်ကို ဝန်းရံထားတဲ့ တောင် လေးလုံးက ထောင့်အရပ် လေးခုမှာ ရှိကြတယ်'

'ဟုတ်တယ်အဘ။ ဘုန်းကြီး ကျောင်းပေါ်ကကြည့်ရင် ရှင်မတောင်က အရှေ့မြောက်ထောင့် ယွန်းယွန်းမှာ ရှိနေတာ သံလိုက်အိမ်မြှောင်မှာ တွေ့ရတယ်'

ပါပထောင့်အရပ်က တောင်လေးလုံး ရံထားတဲ့ ဆင်မတောင်ထက် စေတီကို ပူဇော် ကုသိုလ်ပြုခြင်းအားဖြင့် မြတ်စွာဘုရားရှင်ရဲ့ ဘုန်းတော်ရိပ် ခိုလှုံပြီး အောင်မြင်ကြီးပွားမယ်။ "**ကြီးပွားစေလို ဘုန်းရိပ်ခို**"လို့ ဆိုရဲ့ မဟုတ်လား။ ပူပန်သောက ဗျာပါဒတွေ ပျောက်ကွယ်မယ်။

"**ပုဂံ**"ကတော့ "**ဂဇ္ဇ**" ပထဝီ ဓာတ်မိတ်အရ တည်တံ့ခိုင်မြဲခြင်း အကျိုးသွားကို မျှော်လင့်နိုင်သတဲ့။ စေတီတည်ပြီးလို့ (၂) နှစ်ကြာမှ အဘ မွေးတာဆိုတော့ ကိုယ်တိုင် မတွေ့ မမြင်လိုက်ရပေမယ့် သာမဏေဘဝနဲ့ စာဝါသင်ယူရတုန်း ဘကြီးဘုန်းကြီးက ပြောပြခဲ့တာတွေ မှတ်သားရတာပဲ လူလေး။

ကဲ... အရှေ့ဖျားက ညို့လာပြီ၊ ဘုရား ရှိခိုးပြီးတာနဲ့ ပြန်ကြပေရော့၊ မိုးရွာရင် ကျိုးမီးတောင်မှာ ဆင်းရဲ (ပင်ပန်းခြင်း၊ အခက်ကြုံခြင်း)လိမ့်မယ်၊

သို့ဖြင့် အဘိုးအိုအား နှုတ်ဆက်ကာ သွပ်မိုး စောင်းတန်းလှေကားအတိုင်း တက်ခဲ့သည်။ စောင်းတန်းနံဘေး ကုံကုမ်ကိုင်းအချို့ကိုလည်း စိုက်ပျိုးသူ သီလရှင်လေးမှအစ တောင်ပေါ် ဝေနေယျအားလုံးသို့ မေတ္တာပို့ ခွင့်ပန်ကာ



www.burmeseclassic.com

www.burmeseclassic.com

နေသူခဲ့သည်။

ကုံကုမံကိုင်းများကို ညောင်ရေအိုးတွင်ထိုး၍ ဘုရားရှင်အား ကပ်လှူကာ ဒါနကုသိုလ်ပြုသည်။ သီလကုသိုလ်အဖြစ် မဖောက်မပြန်အောင် ထိန်းနိုင်ခဲ့သော ကာမေသုမိစ္ဆာကံကို သစ္စာဆိုပြီးနောက် ပဋ္ဌာန်းဂုဏ်တော်ကွန်ချာ ရွတ်ပွားပူဇော်လျက် ဘာဝနာကုသိုလ်ပြုဖြစ်ခဲ့သည်။


ကမ္မဋ္ဌာန်းသိမ်း၌ (၃၁)ဘုံသားတို့အား မေတ္တာပို့သ အမျှဝေပြီးသောအခါ သင်းသင်းပျံ့ပျံ့ နံ့သာမောက်ပင်ရနံ့ကို ရှူရှိုက်ရသည်၊ လမ်း၌ လိုရမည်ရ အသုံးပြုနိုင်ရန် ဥဩစမ်းမှ နှုတ်ယူလာခဲ့ခြင်း ဖြစ်သည်။

တစ်ဆက်တည်းပင် ရှင်မတောင်၌ သုပ်ရတ်စခန်းဝင်၍ ပါရမီဖြည့်ဆည်း အောင်မြင်ခဲ့သော အဘိုးဆရာတော် ဦးအာဒိစ္စဝံသမှ အစပြု၍ ပါရမီကျင့်စဉ် အောင်မြင်တော်မူခဲ့ကြသည့် သူတော်စင်များအားလုံးသို့လည်း မေတ္တာပို့ အမျှပေးဝေဖြစ်ခဲ့သည်။

ဤသို့သော ကုသိုလ်များကြောင့် နောက်ဆက်မည့် ဘဝခရီးတွင် ထီမထင် ပေါ်ကြွားနိုင်မည့် သိဒ္ဓိမြောက် တစ်စုံတစ်ခု ရလိုပါ၏ဟုလည်း ဆုပန်ခဲ့လေသည်၊

## လမ်းညွှန်

ဤသို့ အသွင်ထူးစွာ ကိန်းဝပ်စံပယ်တော်မူသော ရှင်မတောင် စေတီတော်အား ဖူးမြော်၍ ရှင်မတောင်ဘုန်းတော်တစ်ခွင် ကြည်ညို လေ့လာလိုပါက **သရက်ခရိုင်၊ ကံမမြို့မှ (၈)မိုင်ကွာ ရေနံ့သာရွာ၊ ထိုမှတစ်ဆင့် ကျီးမီးရွာသို့ (၇)မိုင်ခန့်**



ချင်းတွေး(ခေါ်တွေး)ပင်

**ဆက်သွားရပါမည်။**

**ကျီးမီးမှ တောင်တက်လမ်း အပါအဝင် (၃)မိုင်ခန့်ဝေးသည့် ကျောက်ပန်းတောင်ရွာသို့သွားကာ ကျောက်ပန်းတောင်ရွာ တောင်ဘက် (၂)မိုင်ခန့်အကွာတွင် တောင်လေးလုံး ဝန်းရံသော ဆင်မတောင် (ခေါ်) ရှင်မတောင်ကြီး တည်ရှိလေသည်။**

လူအစုအဝေးဖြင့် ပျော်ပျော်ပါးပါး ဖူးမြော်လိုပါက တပေါင်းလဆန်း (၁၄)ရက်, (၁၅)ရက် ပူဇနီယပွဲတော်ကာလတွင် လာရောက်နိုင်သည်။

ဆရာတော် ဦးရာမ ပျံလွန်တော်မူပြီးနောက် နှစ်စဉ် ကျင်းပမြဲဖြစ်သော ဗုဒ္ဓပူဇနီယပွဲတော်ကို (၂) နှစ် တစ်ကြိမ်သာ ကျင်းပနိုင်ခဲ့သည်မှာ ယနေ့တိုင်ဖြစ်ကြောင်း လက်ရှိ ဆရာတော်က မိန့်ကြားသည်။

ဒါယကာ ကုသိုလ်ရှင်များ ပေါ်ပေါက်ပါက နောင်တွင် နှစ်စဉ် ကျင်းပကောင်း ကျင်းပနိုင်လိမ့်မည်ဟုလည်း မျှော်လင့် မိန့်ကြားတော်မူခဲ့လေသည်။

အသစ် ဖောက်လုပ်ပြီးစီးပြီဖြစ်သော **ပုသိမ်–မုံရွာကားလမ်း၏ အရှေ့ဘက်နား၌ရှိသော်လည်း ကားလမ်း မပေါက်ပါ။ ကံမသို့ ဦးစွာလာ၍ ရေနံ့သာ၊ ကျီးမီး၊ ကျောက်ပန်းတောင် လမ်းရိုးအတိုင်းသာ သွားလာကြရသည်။** မိုးရွာလျှင် ကျီးမီးတောင်ပေါ်လမ်း၌ အခက်တွေ့နိုင်သဖြင့် နွေနှင့်ဆောင်းကာလများတွင်သာ အဆင်ပြေစွာ သွားလာနိုင်ကြပေသည်။

## ပြည့်ဝလေသည့် ဆုတောင်း

ကံမမှအပြန်တွင် ဦးအောင်ဝင်းတင့် တိုက်တွန်း လမ်းညွှန်မှုကြောင့် တိုက်ကြီးမြို့ အရှေ့ဘက် (၇)မိုင်ခန့် အကွာရှိ ဂျီးဖြူတောင်၊ သက္ကဝတီသာသနာ့မြေသို့ ဝင်ရောက် လေ့လာကြည်ညိုသောအခါတွင် ဆရာတော် ဦးအဂ္ဂသာရက အလျား နှစ်လက်မခန့် ရှိသော သန်လျက်ငယ်တစ်ချောင်း ချီးမြှင့်ကာ...

'နာဂထန့် ပြဒါးသတ်ပြီး ကြေးနဲ့ထိုးတာကဲ... ဝမ်းသာပြီ မဟုတ်လား'

ဟူ၍ ပြုံးလျက် မိန့်ကြားတော်မူလေသည်။ စံပယ်ပုံ အသွင်ထူးသည့် ရှင်မတောင် စိန္တေဦးဆီ၌ အထူးပြုဆုတောင်းကား ပြည့်ဝလေပြီတည်း။

ကံမမြို့မှ မိတ်ဆွေအားလုံးကို ကျေးဇူးတင်ရှိပါသည်။

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

လိပ်များတွင် ကုန်းလိပ်, ရေလိပ်ဟု နှစ်မျိုးရှိပါသည်။ နှစ်မျိုးလုံးပင် ကုန်းပေါ်,ရေထဲ နှစ်နေရာစလုံး ကျက်စားပါသည်။ ကုန်းလိပ်မှာ လေးကွက်ကျား၊ လိပ်ကြွယ်နှင့် ကြက်တူရွေးလိပ်ဟု ကွဲပြားပါသည်။

ပဲခူးရိုးမ တောင်ကြောတစ်ပိုက်တွင် အင်းလိပ် (ခေါ်) လေးကွက်လိပ်များ တွေ့ရ၍ ကျိုက်ထီးရိုးဘုရားတောင် တစ်ပိုက်တွင် လိပ်ကြက်တူရွေးမျိုးများ တွေ့ရပါသည်။

ထိုလိပ်၏ နှုတ်သီးနှင့် အမြီးမှာ ကြက်တူရွေးနှင့် တူပါသည်။ လိပ်များက အသားစားခဲပါသည်။ အသီးအရွက်နှင့် မှိုကို အများဆုံး စားသောက်ပါသည်။

လိပ်၏ ပုံသဏ္ဍာန်မှာ လုံးဝန်း၍ အပေါ်ဘက် ခုံးမောက်နေပါသည်။ ခြေလေးချောင်းရှိ၍ ဦးခေါင်းတို့က လိပ်အခွံထဲ ဝင်နိုင်ပါသည်။ လိပ်မှာ အမွေးအမှင် လုံးဝမရှိပါ။ ထို့ကြောင့် 'ယုန်ချို၊ လိပ်မွေး၊ ပုစွန်သွေး'ဟု မရှိသော အရာများကို ဆိုပြောကြပါသည်။

---


တောတွင်းအစားအစာ

---

စာရေးသူတို့ စခန်းပတ်ဝန်းကျင် တောင်ကုန်းများမှာ လိပ်ကလည်း ပေါမှ ပေါပါ။ ဆင်ဦးစီး ဦးရွှေ၏ ခွေးကျားကြီးကလည်း အလွန် လိပ်ကောင်းပါရဲ့။

ဦးရွှေက နေဝင်မိုးချုပ်ဆို ခွေးခေါ်ပြီး ထွက်သွားလေရဲ့။ မိုးချုပ်မှောင်စပျိုးချိန်ပါ။ ဒီထက် နောက်ကျ၍ မဖြစ်ပါ။ ခွေးရောလူပါ ကျားသစ်ရန်က ကြောက်ရပါသေးသည်။

လိပ်နှစ်ကောင်,သုံးကောင်ရက ပြန်ခဲ့ပါသည်။ သူက လိပ်ကြီးမှ ကောက်



ဖွတ်ဥ, လိပ်သည်း, ကျွဲနို့ခဲမှ

အရသာ

ယူပါသည်။ အနည်းဆုံး သုံးထွာဆိုင် ရှိမှပါ။

ထို့နောက် လိပ်ကိုလည်း ဦးထွန်းမောင်ကပင် ဖျက်ပြ၊ ချက်ပြုတ်ပါသည်။ လိပ်က ဖွတ်၊ ပုတတ်ကဲ့သို့ အသားမများပါ။ ခြေ, လက်, လည်ပင်းတို့တွင်သာ အရိုးကပ် အသားအနည်းငယ် ရှိပါသည်။

လိပ်အပေါ်ခွံနှင့် ရင်ဘတ်အကြား ဝမ်းဗိုက်ခေါင်းတွင် အဆီပြင်နည်းနည်းနှင့်၊ အသည်းနှလုံးနှင့် အူများသာ ရှိပါသည်။ ခြေ,လက်တို့ကို မီးမြှိုက်၊ ဓားနှင့်ခြစ်၊ အူများကို အစာများထုတ် ရေစင်အောင်ဆေးကာ ပိုင်းတစ်ပြီး ချက်ရပါသည်။

ဆီးနည်းနည်းသာ ထည့်ရပါသည်။ တစ်ပွက်,နှစ်ပွက် ဆူသောအခါ အသည်းကို သီးခြားယူထားပါသည်။ ဟင်းအိုး ဆီပြန် ကျက်သောအခါ ဦးထွန်းမောင်မှ စာရေးသူတို့အား တစ်တုံးစီစားကြည့်စေပါသည်။ အရသာ ထူးကဲမှု မရှိပါ။

ထို့နောက်မှ ဦးထွန်းမောင်က ဆယ်ယူထားသော လိပ်သည်းကို ခြေမွကာ ဟင်းအိုးထဲ ထည့်မွှေပေးပါသည်။ ထိုအခါကျမှ အနံ့လည်း မွှေးလာပါသည်။ အသည်းမှာ တစ်အိုးလုံး ပျံ့နှံ့သွား၍ ဟင်းဖတ်တိုင်း အရသာရှိ၍ သွားပါတော့သည်။

ထို့ကြောင့်လည်း '**ဖွတ်ဥ၊ လိပ်သည်း၊ ကျွဲနို့ခဲ**'ဟူသော အရသာရှိ အစားအစာဟု ပြောစမှတ်တွင်ရစ်တာပါ။ လိပ်တစ်ကောင်လုံး အရသာရှိနိုင်စေရန် အသည်းကို အသားအိုးအနှံ့ ဖြစ်သွားအောင် ပြုလုပ်ရပါသည်။

ထို လိပ်သားဟင်း စားပြီးကတည်းက စာရေးသူတို့ တောတွင်းသားကောင်းမှန်း သိသွားကြပါပြီ။

ဦးထွန်းမောင်အား လေးစားလျက် အစဉ်သတိရပါသည်။ ကိုဉာဏ်မောင်လေးကတော့ သက်ရှိထင်ရှား ရှိပါသည်။

**အားလုံး ကျန်းမာ ချမ်းသာကြပါစေ**

**ဦးသာန်းဆိုး (ချောင်းဆ...)**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

ဆီး ဝမ်း လေမှန်၍ မျက်စိကြည် အကြောပြေပြီး အစုအဝှင် ကင်းစေတဲ့

# စကြာမင်း

အမှတ်တံဆိပ်

# မျက်စိကြည် အကြောပြေဆေး

ယာယီတိုင်းရင်းဆေးဝါး မှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၉၃

ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၅/၀၅၁၃




ကျွန်ုပ်သည် တစ်နေ့တွင် စိတ်ချမ်းသာ ကိုယ်ကျန်းမာ အသက်တစ်ရာ ကျင့်ကြံ နေထိုင်နည်းစာမူ ရေးသားနေစဉ် "ဟာ စာရေးဆရာကြီးကို တွေ့မှတွေ့ပါ့မလား" ဟူသော အသံရှင်ကြောင့် ရေးလက်စ စာမူကို အသာချထားပြီး ပြန်လည် ခရီးဦး ကြို နှုတ်ဆက်လိုက်သည်။

'ဩော် ကိုမျိုးမြင့်ပါလား၊ လာဗျာ'

'စာရေးဆရာ ကိုဘုန်းဝေကတော့ ဘယ်အချိန်တွေ့တွေ့ တက်ကြွလန်းဆန်း ပြီး စာရေးစာဖတ် အမြဲတမ်းမပြတ်ဘူးနော်'

'ဟဲ... ဟဲ... ဟဲ'

'ဟဲ... ဟဲ လုပ်မနေနဲ့ စာရေးဆရာကြီး ဒီအခု စာရေးဆရာကြီးကို အကူအညီ တောင်းချင်လို့ဗျ'

'ပြောလေ ကိုမျိုးမြင့်'

'ဒီလိုဗျ၊ ကျွန်တော် ရုံးမှာပဲဖြစ်ဖြစ်၊ အိမ်မှာပဲဖြစ်ဖြစ် နည်းနည်းလေး စာဖတ်မိ တာတို့ အလုပ်ထဲကို အာရုံစူးစိုက်တာတို့ လုပ်မိရင် နည်းနည်းလေးကြာကြာ ထိုင်မိတာ နဲ့ဆိုရင် မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ ခေါင်းမကြည် ဘူးဗျာ။ နောက်ကြောတက်၊ ဇက်ကြောထိုးလာတယ်။ အမြဲ တမ်းလိုလို ကိုယ်လက်တွေ လေးလံထိုင်းမှိုင်းနေပြီး စိတ်ရော ကိုယ်ပါ မလန်းဆန်းဘူး ဖြစ်နေလို့ဗျ။ အဲဒါ ဘာဆေးတွေများ သောက်ရမလဲဆိုတာ စာရေးဆရာကြီးဆီမှာ အကြံဉာဏ် လာ တောင်းတာ'

'ဩော်သည်ဆိုလို့ ဘယ်သူများမှတ်တယ် ကိုမျိုးမြင့်ကို။ ထိုင်ဦးလေး သုံးဆောင်ပါဦး'

'ကျေးဇူးပဲ အစ်မ၊ ကိုဘုန်းဝေနဲ့ အစ်မ မအေးစိန်တို့ ဇနီး မောင်နှံကတော့ ကျန်းမာရေး ပညာပေးစာပေတွေ ရေးသားနေ သူတွေမို့လား မသိဘူး။ လန်းဆန်းကျန်းမာ လှပနေတာကို တွေ့ရလို့ အားကျမိပါတယ်ဗျာ'


'ကိုမျိုးမြင့်ရေ ကျွန်တော်ရော အေးပါ အရင်တုန်းက ခင်ဗျားလိုပဲဗျ။ ကျွန်တော်ဆိုရင် စာလဲ မရေးနိုင်၊ စာလဲ မဖတ် နိုင် စာရေးစာဖတ်တိုင်း ခေါင်းတွေ အုံ့ခဲလာပြီး စိတ်ရောလူရော အကြံဉာဏ်ပါ ထုံထိုင်းလေးလံနေတာဗျ။ အေးဆိုရင်လဲ တစ်နေ့ တခြား ဝ,ဝလာတယ်။ ဇက်ကြောထိုး၊ နောက်ကြောတက်၊ ကိုယ်လက်ညောင်းညာ ကိုက်ခဲနေတယ်။ အထိုင်လေး၊ အထ လေးနဲ့ ညဘက်ရောက်လာရင် သားသမီးတွေက နင်းနှိပ်ပေး ရတယ်။ သူကြည့်ပြီး စိတ်မချမ်းသာ၊ ကိုယ်ကျတော့လဲ မကျန်း မာဘူး ဖြစ်နေခဲ့တာပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com

## ကြော်ငြာဆောင်းပါး




'ဟာ ကိုဘုန်းဝေကလဲ လုပ်တော့မယ်။ အခု ဆရာဆိုလဲ ကျန်းမာလန်းဆန်းလို့၊ အစ်မဆိုရင်လဲ ခန္ဓာကိုယ် သွယ်လျပြီး သွက်လက်ပေါ့ပါးနေတဲ့ဥစ္စာ'

'ကိုမျိုးမြင့်ရေ အခုလို ကျွန်မ အဆီတွေကျ၊ ကိုယ်ရေစစ်တာ၊ ခန္ဓာကိုယ် သွယ်လျပြီး ဖနီးမောင်နဲ့ ကျန်းမာရွှင်လန်းနေတာက တော့ ဆေးစွမ်းတစ်လက်ကြောင့်ပဲရှင်'

'ဒါဆိုရင် လုပ်ပါဦးဗျ။ ဘာဆေးလဲ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးလေ'

'ကိုဘုန်းဝေကတော့ လုပ်ပြီ။ ဆေးဝါးကောင်းတွေ့တာတောင် အသိမပေးဘူး'

'ဒီလိုဗျ။ ကျွန်တော်လဲ စာဖတ်စာရေးတာနဲ့ မျက်စိ၊ မျက်ခုံး၊ မျက်လုံးတွေ လေးလံလာတယ်။ နောက်ကြောတက်၊ ဇက်ကြောထိုးပြီး ညောင်းညာလေးလံနေတယ်။ ဆီးဝမ်းလဲချုပ်၊ အပူလဲ ငုပ်နေပြီး ဒူလာ လိပ်ခေါင်းရောဂါပါ ဖြစ်စပြုလာနေတာဗျ။ တစ်နေ့မှာ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ မောင်မြင့်မောင် ရောက်လာပြီး ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးတစ်ဘူး လက်ဆောင်ပေးသွားတယ်။ ဆေးညွှန်း ဖတ်ကြည့်တော့ ကျွန်တော်တို့ ဖနီးမောင်နှံဖြစ်နေတဲ့ ရောဂါ လက္ခဏာတွေနဲ့ တစ်ထပ်တည်း တွေ့ရလို့ သုံးစွဲလိုက်တာ ဖြစ်ပေါ်ခံစားနေရတဲ့ ရောဂါတွေဟာ ကင်းစင်သွားပြီး အခုလို စိတ်ရောကိုယ်ပါ ကျန်းမာလန်းဆန်းနေတာပါ'

'ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးရဲ့ အာနိသင်လေး ပြောပြပါဦး'

'သမားတော် ဆရာကြီး ဆရာမြင့်ကတော့ ဤဆေးဟာ တိုင်းရင်းဆေးစစ်စစ်ဖြစ်ပြီး သဘာဝဆေးဖက်ဝင် ဆေးပစ္စည်းများ နဲ့ စနစ်တကျ စီမံဖော်စပ်ထားတဲ့ ဆေးဖြစ်လို့ စိတ်ချယုံကြည်စွာ သုံးစွဲနိုင်ပါတယ်လို့ ဆိုပါတယ်။

သုံးစွဲနိုင်တဲ့ ရောဂါတွေကတော့ မျက်စိမှုန်ဝေခြင်း၊ မျက်စိ အာရုံကြောများအားနည်းခြင်း၊ ခေါင်းမူး,ခေါင်းအုံ,ခေါင်းကိုက်ခြင်း၊ မျက်ခုံး,မျက်လုံးများ လေး၍ မျက်ရိုးကိုက်ခြင်း၊ နောက်ကြော တက် ဇက်ကြောထိုးခြင်း၊ ကိုယ်လက်များ ညောင်းညာကိုက်ခဲ၍ မအီ မသာ ထိုင်းမှိုင်းလေးလံနေခြင်း၊ သွေးတက်,သွေးတိုးဖြစ်ခြင်း၊ သွေးမသန့်ခြင်း၊ အတွင်းလိပ်ဖြစ်၍ သွေးကျခြင်း၊ အပြင်လိပ်ဖြစ် ခြင်း၊ ဒူလာကိုက် ညောင်းညာ ချည့်နဲ့ခြင်း၊ အပူနိုး အပုပ်နိုးများ အပေါ်သို့တက်၍ မျက်ရည်ပူကျခြင်း၊ မျက်ဝတ်ထွက်ခြင်း၊ တိမ်သလာဖြစ်ခြင်း၊ အာခေါင်ခြောက်ခြင်း၊ လည်ချောင်းနာခြင်း၊ ဆီးပူညောင်းကျဖြစ်ခြင်း၊ ဆီးချုပ်ဆီးကျန်ဖြစ်ခြင်း၊ ဝမ်းချုပ် ဝမ်းကျန် စမြင်းခံခြင်း၊ လေချုပ်လေပွဖြစ်ခြင်း၊ အဝလွန်ခြင်း၊ ဗိုက်ခေါက်ထူ၍ အဆီပိုများ ပွားများနေခြင်း အသားအရေ မွဲခြောက် ညစ်ထေးနေခြင်း စသော ရောဂါများကို သက်သာ ပျောက်ကင်းလို့ မျက်စိကြည် အကြောပြေက အပူအပုပ်များ ကင်းစင်လျက် ပိုလျှံနေတဲ့ အဆီများကို ကျဆင်းစေပြီး ဆီး, ဝမ်း,လေတို့ကို မှန်၍ ကျန်းမာပေါ့ပါး သွက်လက်လန်းဆန်းစေ တဲ့ဆေး ဖြစ်တယ်ဗျ'

'ဒါဆို ဆရာမြင့်ရဲ့ စကြာမင်း မျက်စိကြည် အကြောပြေဆေး ဟာ မျက်စိကို အသုံးပြုပြီး အလုပ်လုပ်ရသူတွေ၊ နေ့စဉ် စာရင်း ဇယားတွေနဲ့ ရင်ဆိုင်နေရတဲ့သူတွေ၊ ရုံးမှာ မိမိတို့လုပ်ငန်းတွေ မှာ ကြာမြင့်စွာ ထိုင်ကြပြီး အလုပ်လုပ်ကြရသူတွေနဲ့ ကာယ ဉာဏ အလုပ်သမားတွေအတွက် နေ့စဉ် မှီဝဲသုံးစွဲသင့်တဲ့ ဆေးပေါ့နော်'

'ပြောဖို့လိုသေးလား ကိုမျိုးမြင့်ရယ်၊ ဝမ်းတစ်လုံးကောင်းပြီး ခေါင်းမခဲဘဲ ဖွံ့ဖြိုးတိုးတက်နေတဲ့ ခေတ်ကြီးထဲမှာ ကျန်းမာရေး လူမှုရေး၊ စီးပွားရေးတွေ နောက်ကျကျန်မနေခဲ့အောင် အဖော် ကောင်းဖြစ်တဲ့ ဆရာမြင့်ရဲ့ စကြာမင်းအမှတ်တံဆိပ် မျက်စိကြည် အကြောပြေဆေးကို ဆောင်ထားပါလို့ သင့်ကျန်းမာရေးအတွက် အကြံပြုပါရစေ'

'ကျေးဇူးပဲ ဆရာကိုဘုန်းဝေရေ၊ ကျန်းမာပျော်ရွှင် ပြည့်စုံ ကောင်းမွန်တဲ့ မိသားစုကမ္ဘာလေးဖြစ်အောင် "စကြာမင်း မျက်စိကြည် အကြောပြေဆေး"ကို ပြေးဝယ်လိုက်ဦးမယ်ဗျာ'


ပင်ရင်း–ဖြန့်ချိရေး

**စကြာမင်း**

တိုင်းရင်းဆေးတိုက်

အမှတ်-စ/၆၆၆၊ သုဓမ္မာလမ်းမကြီး၊
သင်္ဃန်းကျွန်းအမှတ်တိုင်အနီး၊ မြောက်ဥက္ကလာပမြို့နယ်။
ဖုန်း-၀၁-၆၉၁၀၉၁၊ ၇၂၂၅၇၁




www.burmeseclassic.com

www.burmeseclassic.com




ရွှေမြင်တင်ဘုရား (၅)ဆူ

စံလွင်သာ

ကံမမြို့မှ

# နိသယရည်းရွှေကျောင်း

## နှင့် ထူးခြားသော ဘုရားတစ်ဆူ



ကံမမြို့ရှိ တန်ခိုးကြီး ဘုရားတစ်ဆူဖြစ်သော သက်နိုးနက် နန်းစဥ်ရှုပ်ပွားတော်အား ဖူးမြော်ပြီးနောက် ဘုရားပေါ်စေတီသို့ ဆက်၍ သွားကြသည်။

'ရွှေမြင်တင်ကျောင်းဝင်းက ဖြတ်သွားရင် လမ်းသင့်မယ်။ ဆရာလဲ ရွှေမြင်တင်ဘုရားတွေ ဖူးရတာပေါ့'

ဦးအောင်ဝင်းတင့်က ဦးဆောင်ကာ ရှေ့မှ သွားနှင့်သည်။

မကြာမီ ရွှေမြင်တင်စေတီ (၅)ဆူကို တောင်မြောက်စီတန်း၍ ကိန်းဝပ်နေ

နိသယရည်းရွှေကျောင်းဆုံ ပန်းချီကား ▶

www.burmeseclassic.com



◆ နိုသရည်းရွှေကျောင်း ဆရာတော် ဦးတေဇနန္ဒ

◆ ရွှေကျောင်းကုန်းတော်နှင့် တည်လက်စ စောင်းတန်းတိုင်များ



တော်မူသည်ကို ဖူးမြော်ရသည်။

'ဒီနောက်က ရွှေမြင်တင် အနောက်ကျောင်းလို့ ခေါ်တယ်။ ရွှေမြင်တင် ဆရာတော် ဦးဝေလသာရဆိုတာ ရဟန္တာလို့ သမုတ်ကြတယ်။ ဇော်ဝတီမြစ်ပြင်နဲ့ ကံမမြို့ဝန်းကျင် ရွာသီဥတုဘေး ကပ်ရောဂါဘေး ကြုံရင် ဒီဆရာတော်ကပဲ ကယ်ဆယ်ပေးတယ်လို့ ယုံကြည်ကြတယ်။ သူလိုသံဃာမျိုး ထုံးကြီးဆရာတော်လဲ အတူတူပဲလို့ ကိုယ်တိုင် မိန့်ကြားဖူးတယ်'

'အခု ရှိသေးလား ဦးအောင်ဝင်းတင့်'

'ပျံတော်မူတာ ဆယ်နှစ်လောက်ရှိရောပေါ့။ ဆရာတော့်အကြောင်း ရေးဖို့ ထေရုပ္ပတ္တိအကျဉ်း စုံစမ်းတာ လုံးဝမရတော့လို့ မရေးဖြစ်ခဲ့ဘူး'

## နိုသရည်း ရွှေကျောင်း

ရွှေမြင်တင်စေတီတန်း အဆုံးတွင် **"နိုသရည်းရွှေကျောင်း"**သို့ ရောက်ရှိကာ ဆရာတော် ဦးတေဇနန္ဒအား ဖူးမြော်သည်။ ဆရာတော်က ရေနွေး၊ လက်ဖက် တည်ခင်းပြီးနောက်...

'ဟား... မြို့ခံလူကြီးမင်း အစုံအညီနဲ့ တောင့်တင်းလှချည့်လား။ ဘယ်သွားကြမှာလဲ'

'နက္ခတ္တရောင်ခြည်မဂ္ဂဇင်း အဖွဲ့လေ။ တပည့်တော်တို့ မြို့ရွာ ရောက်လာတော့ မြို့ခံတွေမှာလဲ ကူညီဖို့ တာဝန်ရှိတယ် မဟုတ်လားဘုရား'

ဦးအောင်ဝင်းတင့်၊ ဦးဇော်ဝင်းဦး၊ ဦးသန်းထွန်းနှင့် ကံမမြို့ခံ မိတ်ဆွေအချို့ အပါအဝင် အင်အား အတန်ပင် တောင့်တင်းလှသဖြင့် ဆရာတော်က ထိုသို့ မေးမြန်းခြင်း ဖြစ်သည်။

'စာရေးဆရာတစ်ယောက် လာတုန်းက ဘယ်ကမှ လက်သင့်မခံလို့ လင်မယားနှစ်ယောက် စီးလာတဲ့ သဘော်နဲ့ ပြန်လိုက်သွားရတယ်။ နောက်ပိုင်း ကျုပ်နဲ့တွေ့တော့မှ ကျောင်းမှာကျွေး၊ ကျောင်းမှာသိပ်ပြီး ကျုပ်ကိုယ်တိုင် လိုက်ပို့ပေးရတယ်။

ကျုပ် ရန်ကုန် လမ်းကြုံလို့ သူ့ဆီဝင်တော့ လေးလေးစားစား တုံ့ပြန်ပါတယ်။ အခုလို စုစုဝေးဝေးဆိုတော့ ကျုပ် အကူအညီလိုမယ် မထင်ပါဘူး။ ဘယ်ကိုသွားဖို့ ရှိသေးလဲ'

'ရှင်မတောင်ကို သွားချင်ပါတယ်ဘုရား'

'ဟာ... ဒါတော့ ဝေးလွန်းတယ်။ ကားတစ်တန် ခြေလျင်တစ်တန်နဲ့မို့ သုံး၊ လေးရက်လောက်တော့ အချိန်ယူရလိမ့်မယ် ထင်တယ်'

'ရပါတယ်ဘုရား။ ဦးအောင်ဝင်းတို့ ဆိုင်ကယ်ငှားပေးမယ် ပြောပါတယ်။ ဒါထက် ဒီရွှေမြင်တင်စေတီ (၅) ဆူက ဘယ်သူတည်တာလဲ ဆရာတော်'


'ပုဂံခေတ်လက်ရာလို့ ဆိုတယ်။ ဘယ်မင်းလက်ထက်ရယ်လို့ မသိရဘူး။ ဒီကျောင်းကတော့ အင်းဝဘုရင် ဒုတိယမင်းခေါင်လက်ထက်တုန်းက... ရွှေကျောင်းတဲ့။ မူလကျောင်းတိုင်တစ်လုံးကို





www.burmeseclassic.com


www.burmeseclassic.com



◆ ပုဂံခေတ် လိုဏ်ပါပုထိုး

အရှေ့သို့ မျက်နှာပြုသော

ကျောက်ဖြူသား ရုပ်ပွားတော် ◆



လှုနှစ်ယောက်ဖက်စာလောက် ရှိတယ်'

ဆရာတော်က ရှေးယခင် မူလ ရွှေကျောင်းပုံ ပန်းချီကားကို ယူပြသည်။ ဘုရားခန်းကို နန်းတော်ပုံစံ မောင်းမ လည်ဆောင် တည်ဆောက်ထားကာ အကျယ် (၁၅)တောင်၊ အနံ (၁၀) တောင်ရှိကြောင်း သိရသည်။ အောက်တွင် မြေတိုက်ခန်းဖွဲ့ကာ ကျောက်သေတ္တာတစ်လုံး ထားရှိသည်၊ သေတ္တာအတွင်း၌ မင်းနှင့် မိဖုရား အသုံးအဆောင်များ ထည့်သွင်းထားသည်။

'မူလရွှေကျောင်းကို ၁၁၁၆ ခုနှစ်မှာ တည်ဆောက် လှူဒါန်းတယ်။ နှစ် (၂၀၀)တိတိအကြာ ၁၃၁၆ ခုနှစ်မှာ မီးလောင်သွားလို့ ကျောင်းကော၊ ကျောက်သေတ္တာကြီးပါ မီးသင့်သွားတယ်။ သိမီလိုက်တဲ့ (၇၀)ကျော်အရွယ် ဒါယကာတွေ ပြောပြလို့ သိရတာပါ။

ညနေဝင်ရီသရော အချိန်ဆိုရင် (၁၂)နှစ်၊ (၁၃)နှစ်အရွယ် မိန်းကလေးတချို့ ထဘီရင်ရှားနဲ့ ပဝါခြုံပြီး ရေချိုးဆင်းတာ တွေ့ရသတဲ့။ ညနက် လူခြေတိတ်ချိန်ဆိုရင် ဘုရားခန်းက ကြေးစည်ကြီးကလည်း အသံမြည်ပြီး ချာချာလည်နေတာ တွေ့ရတတ်သတဲ့။ ဒါပေမယ့် ဆရာတော်ကြီးက မေတ္တာရပ်ခံလို့ ကျောင်းနေ ရဟန်းရှင်လူတွေ ဒုက္ခဖြစ်အောင်တော့ မလုပ်ကြပါဘူး'

'အခုကောဘုရား'

'မီးနဲ့အတူ ပါသွားပြီ ထင်ပါရဲ့။ ဘာမှတော့ မမြင်ရ မကြားရတော့ပါဘူး။ ကြံ့တုန်းကြံ့ခိုက် အလယ်က စေတီမှာ ရှေးဘုရားတစ်ဆူ ရှိတယ်။ ဖူးသွားပါဦး'


## ထူးခြားသည့်စေတီနှင့် ဘုရား

စေတီ(၅) ဆူတန်းရှိရာ ပွတ်စေတီ (ခေါ်) အဝိုင်းပုံစေတီ နှစ်ဆူစီ၏ အလယ်တွင် လေးထောင့်တိုက်မခံ စေတီတစ်ဆူက တစ်မူ ထူးနေသည်။

ပုဂံ ရှေးဟောင်းနယ်မြေရှိ လိုဏ်ပါစေတီများကဲ့သို့ အလင်းရောင်ပေးသော အုတ်ဇာပြတင်းများ တပ်ဆင်ထားသည်။ တိုက်မ အပေါ်စွန်းရှိ စိန်တန်းများမှာလည်း ပုဂံခေတ် စေတီများနှင့် လက်ရာ တူညီနေသည်။

ပို၍ထူးသည်ကား စေတီလိုဏ် ဖွဲ့စည်းဟန်နှင့် အတွင်းရုပ်ပွားတော် စံပယ်တော်မူဟန် ဖြစ်သည်။ လိုဏ်အတွင်းသို့ မြောက်လှည့်မုခ်ဝမှ ဝင်

www.burmeseclassic.com



အလင်းပေးသော အုတ်ဇာပြတင်း

ရောက်ရသော်လည်း အတွင်း၌ မဏ္ဍိုင်ခံကာ အရှေ့ဘက်မျက်နှာတွင် ပုဂံလက်ရာ ကျောက်ဖြူသား တင်ပျဉ်ခွေရုပ်ပွားတော်ကို ဖူးတွေ့ရသည်။

ကျန်သုံးမျက်နှာတွင် ပလ္လင်အရာပင်မရှိချေ။ မူလအခြေအနေအတိုင်း ကွဲအက်ရာများကို အင်္ဂတေဖို့ မွမ်းမံမှုမှလွဲ၍ ပြုပြင်ပြောင်းလဲခြင်းမရှိဟု သိရသဖြင့် ထူးခြားသော သိတင်းသုံးဟန်ဖြစ်ပေသည်။

လောကီ, လောကုတ္တရာ နှံ့စပ်သော ဆရာတော်ကြီးတစ်ပါး၏ အဆိုအမိန့်အရ ပါရမီကျင့်စဉ်စခန်း တက်လှမ်းလိုသူတို့ တန်ဆာဆင် ပူဇော်လေ့ရှိသော ပုံဟန်တော်ဖြစ်သည် ဆို၏။

လိုဏ်မုခ် မျက်နှာမူဟန်မှာ သိဒ္ဓိပေါက်မြောက်ပြီးကုန်သော ဆရာသခင်တို့သည် မြင်းမိုရ်တောင်ရှိရာ မြောက်အရပ်၌ နေထိုင် သီတင်းသုံးတော်မူကြသည်။

ထို့ကြောင့် ဆရာသခင်တို့အား ရည်မှန်း ဂါရဝပြုခြင်းလည်းဖြစ်၍ အကြောင်းကိစ္စရှိပါက ဆရာသခင်တို့ ကြွရောက် ဆုံးမ လမ်းညွှန်နိုင်စေရန်လည်း ရည်ရွယ်ခြင်း ဖြစ်ပေသည်။

ကိုးကွယ်ထားသော တင်ပျဉ်ခွေရုပ်ပွား မြတ်စွာဘုရားရှင် အရှေ့အရပ်သို့ မျက်နှာမူထားခြင်းမှာကား မြတ်စွာဘုရားရှင်တို့သည် ဗောဓိပင်၏ အရှေ့ဘက်မျက်နှာ၌ အရှေ့အရပ်သို့ မျက်နှာပြုကာ ထိုင်တော်မူလျက် ဘုရားအဖြစ်သို့ ရောက်တော်မူကြသည်။

တစ်ကြောင်းလည်း မဇ္ဈိမဒေသ၌ မြတ်စွာဘုရားရှင် တရားဟောတော်မူရာ၌ မဏ္ဍပ်အလယ် မင်္ဂလာတိုင်ကိုမှီ၍ ဓမ္မာသနပလ္လင်ကို အရှေ့သို့ လှည့်ထား၏။ တရားနာသူ လူ, ရဟန်းတို့သည် အနောက်နံရံကိုမှီ၍ အနောက်ဘက် ဓမ္မာသနပလ္လင်ရှိရာသို့ မျက်နှာမူကြရသည်။ မြတ်စွာဘုရားရှင်က ဓမ္မာသနပလ္လင်ထက် သီတင်းသုံးကာ အရှေ့ဘက်သို့ မျက်နှာတော်ပြု ဟောကြားရလေသည်။

ယင်းအပြင် ကမ္ဘာတည်စအခါ နေနှင့်လတို့ အရှေ့အရပ်မှ ပေါ်ထွက်ရခြင်းနှင့် စကြာမင်းပေါ်သောအခါ စကြာရတနာသည် အရှေ့အရပ်မှ လဝန်းနှင့်အပြိုင် ထွက်ပေါ်လာကာ စကြာမင်း၏ နန်းတော်သို့ ဆိုက်ရောက်လာခြင်းတို့ကြောင့် အရှေ့အရပ်သည် မြတ်သော အရပ်ဖြစ်လျက် ရုပ်ပွားတော်အား အရှေ့ မျက်နှာမူလျက် ပူဇော်ကြခြင်း ဖြစ်လေသည်။ *(မုံရွာမြို့၊ အရှေ့လယ်တီကျောင်းတိုက် ဆရာတော် အရှင်ကုဏ္ဍလ ပြုစုသည့် မဟာသုတဒီပနီကျမ်း၊ ပထမတွဲ စာမျက်နှာ ၁၃၉၊ ၁၄၀)*

ဖိတ်မန္တက

ပုံဟန်ထူးသောရုပ်ပွားနှင့် စေတီကို ဖူးမြော်ပြီးနောက် ဆရာတော်အား နှုတ်ဆက်ကန်တော့ရာ...

'မည်သူမဆို စာပေကိစ္စနဲ့ဖြစ်စေ၊ ဘုရားဖူးခရီးဖြစ်စေ ကံမမြို့ကို ရောက်ခဲ့ရင် နိဿရည်းရွှေကျောင်းမှာ တည်းခိုနိုင်ပါတယ်။ စားရေးသောက်ရေးအစ ပူပန်စရာ မလိုပါဘူး'

ဟု မိန့်ကြား ဖိတ်မန္တက ပြုတော်မူလေသည်။

ထို့နောက် ဘုရားပေါ်စေတီသို့ သွားရန် အနောက်ဘက် ကျောက်လှေကားအတိုင်း ဆင်းသက်လာခဲ့ကြသည်။ ရွှေမြင့်တင်စေတီများနှင့် နိဿရည်းရွှေကျောင်းသည် မင်းတုန်းချောင်းအနီး တမံ တားထားသကဲ့သို့ ရှိသော တောင်နှာမောင်းပေါ် တည်ရှိသဖြင့် ရှေးဟောင်း အရုံအတားဟူသော နိမိတ်ကောင်းဆောင်သည့် နေရာမြတ်ဖြစ်ပေသည်။

မီးလောင်ပြီးနောက် ဖြည်းဖြည်းချင်း ထူထောင်ခဲ့သော နိဿရည်း ရွှေကျောင်းသည် ဤဆရာတော် လက်ထက်၌ ပိုမို ဖွံ့ဖြိုးလာကာ ယခုအခါ အနောက်ဘက်အဆင်းအား သွပ်မိုးစောင်းတန်း ဆောက်လုပ်ရန် တိုင်များ စိုက်ထူနေသည်ကို မြင်တွေ့ခဲ့ရလေသည်။

စံထွန်းသာ



www.burmeseclassic.com

www.burmeseclassic.com

ဘော်သားရောင်

# ပြဒါးခဲ ရှာလိုက



ကျွန်တော်၏ စီးပွားရေးလုပ်ငန်းအရ လယ်တွင်းကိုးခရိုင်ဒေသသို့ ရောက်ခဲ့ရသည်။ ရောက်ရှိသည့် နယ်မြေမှာ မြစ်သားခရိုင်အတွင်းမှာ ဖြစ်ပါသည်။

လယ်တွင်းကိုးခရိုင်ဒေသသည် ပုဂံပြည့်ရှင် အနော်ရထာမင်း၏ နိုင်ငံစီးပွားရေး ဖွံ့ဖြိုးရန် ဖန်တီးဖော်ဆောင်ခဲ့သော ဆယ်မြောင်းတာတမံများကြောင့် သီးထပ်သီးညှပ်တို့ကို စဉ်ဆက်မပြတ် စိုက်ပျိုးနိုင်ကြသည်။

ထို့ကြောင့် နယ်မြေဒေသ စိုပြည်စိမ်းလန်းကြကာ စီးပွားရေးရာတို့ ဖြစ်ထွန်း အောင်မြင်ကြလေသည်။

သို့ကြောင့်ပင် ဤခရိုင်ဒေသနှင့် ကျွန်တော် ကူးလူးဆက်ဆံကာ စီးပွားဖြစ်ထွန်းခဲ့ပါသည်။ ဒေသကိုက အခြားသော ဒေသများနှင့်မတူ အမြဲစိမ်းသစ်တောသဖွယ် ဖြစ်နေသောကြောင့် တော်ဝန်းကျင်တစ်ခုလုံး စိမ်းစိုနေသည်။ အမြဲစီးသွားနေသော ဆည်ရေမြောင်းများက အသွယ်သွယ် ရှိနေသည်။

အချိန်မှာ... ဟံမြင့်မိုရ်ရွာအရှေ့ရှိ သံရွာ၌ တည်းခို၍ ရောင်းဝယ်နေစဉ်ဖြစ်သည်။ သံရွာဈေးအနီး လက်ဖက်ရည်ဆိုင်တွင် ကျွန်တော် စားသောက်ပြီး ဂျာနယ်တစ်စောင်ကို ရောက်တတ်ရာရာ ကြည့်နေမိသည်။

'ဒကာလေး... ဘုရသေ့နဲ့ ခဏလိုက်ပြီး ကူညီပေးနိုင်မလား'

ကျွန်တော်သည် ဂျာနယ်ကို အောက်သို့ချကာ မျက်လွှာပင့်၍ ကြည့်လိုက်သည်။ ညိုညစ်ညစ်အရောင်ရှိသော ချည်ထည်ကို တစ်ကိုယ်လုံး ဆိုင်းခြုံထားသည်။

ဦးပြည်းခေါင်းတွင် ကိုယ်ပေါ်မှ အရောင်အတိုင်းရှိ အစ,တစ်စကို ရစ်ပေါင်းထားသည်။ ကျွန်တော်က မဆိုင်းမတွပင်...

'ရပါတယ် ဘုရား...ဘယ်လိုကိစ္စများပါလိမ့်'

'ဘုရသေ့နောက် လိုက်ခဲ့ပါ'

ဘုမသိဘမသိသေးဘဲ ထလိုက်သွားသည်။

ပင်းတယသွား လမ်းမကြီးဘေးရှိ ခြံကြီးတစ်ခြံသို့အရောက်တွင် ဘုရသေ့သည် ခြံရှင်အား **"စောင်းလျားမြစ်"** တစ်ပေခန့် ရယူရန် အလှူခံသည်။ ခြံရှင်ကလည်း ရက်ရောစွာ ခွင့်ပြုသည်။

သို့ကြောင့် ကျွန်တော်သည် ခြံရှင်ပေးသော တစ်လံမျှရှိ တူးရွင်းဖြင့် စောင်းလျားမြစ် တစ်ပေခန့်ရအောင် ဆောင်ရွက်ရတော့သည်။

'ဒကာလေး... ဘုရသေ့ကျောင်း လိုက်ခဲ့ပါ။ မဝေးတော့ပါဘူး။ ရှေ့နားဆို ရောက်ပါပြီ'

ကျွန်တော်က စကားတစ်ခွန်းမျှ မဖြေမိဘဲ ဘုရသေ့နောက်က လိုက်သွားသည်။

ကြာကြာ မလျှောက်လိုက်ရပါ။ ဘုရသေ့ကျောင်း ရောက်ပါပြီ။ လူနှစ်ဖက်လောက်ရှိသော မဲဇလီပင်ကြီးအောက်ခြေရှိ သုံးပင် ထရံကာကာ သက်ငယ်မိုးထားသော ကျောင်းကလေးပါ။

မနီးမဝေးလောက်က ဆည်ရေမြောင်းကလေး ရှိသည်။ ခြံအခင်းတဲများက ဟိုတစ်စု ဒီတစ်စု မြင်နေရသည်။ အသံပြုလျှင် ကြားလောက်သည်။

ဘုရသေ့သည် သူ့တဲကျောင်းအတွင်းသို့ ဝင်ကာ တစ်ခဏမျှပင် ပြန်ထွက်လာသည်။ ကိုယ်အပေါ်ပိုင်းမှ ခြုံထားသော သင်္ကန်းမပါတော့ဘဲ လက်ထဲမှ သံဒယ်တစ်ခု ကိုင်လာသည်။

ကျွန်တော့်ကို မီးဖိုပေးရန် နေရာပြ၍ စီစဉ်နိုင်းသည်။ ဘုရသေ့သည် သံဒယ်မှ ခဲအပြားကို ခေါက်၍ အလိုက်သင့်သော အခွက်ရာ ပေးလိုက်သည်။

ယင်းအခွက်ထဲသို့ ပြဒါးရည်တို့ကို လောင်းထည့်လိုက်သည်။ ထင်းမီးဖိုတွင် တင်ကာ မီးမှိုးစေသည်။ ကျွန်တော်သည် ဘုရသေ့မိန့်သည်တို့ကို မှတ်



www.burmeseclassic.com

www.burmeseclassic.com

သားထားရင်း ခဲအရည်ပျော်အောင် စောင့်နေသည်။

ခဲများအားလုံး အရည်ပျော်သွားသောအခါ ကျွန်တော်သည် မှုလက ပါလာသော စောင်းလျားအမြစ်နှင့် ဖြည်းညင်းစွာ မွှေပေးရသည်။

မွှေလိုက်တိုင်း တဖျစ်ဖျစ်နှင့် အသံပြုကာ အငွေ့များ ထွက်လာသည်။ ဤသို့ မကြာမကြာ မွှေပေးရသည်။ ကြည့်လို့တော့ အကောင်းသား...။

အပေါ်သို့ တက်တက်လာသော ခဲပြာများကို ဖယ်ရှားကာ မွှေပေးရသည်။ ဤအတိုင်း ခဲများကုန်၍ ပြာများ ဖြစ်လာသည်အထိ လုပ်ရလေသည်။

ဘရသေ့က ဒယ်အတွင်းမှ ပြောင်းလဲ ဖြစ်ပေါ်လာသည်တို့ကို အသေအချာကြည့်၍ ဒယ်ကို အောက်ချကာ အအေးခံထားလိုက်သည်။ ဘရသေ့က...

'ဒကာလေး... ဒီလမ်းစဉ်ဟာ ဆော်သားရောင် ပြဒါးခဲရအောင် နာ(ခဲ)ပြာ ရိုက်ဖမ်းတာပဲ၊ မှတ်ထားပေတော့၊ ရလာတဲ့ ပြဒါးကို နာပြာနှစ်ကျပ်သားနဲ့ လက်ချားမီးဖောက် နှစ်ကျပ်သား အုပ်ထိုး၊ မီးထိုးခံပြဒါးရပြီ ဒကာလေး။ မူလအချိန်ကတော့ နာ(ခဲ) ဆယ့်ငါးကျပ်သားနဲ့ ပြဒါးရည်ငါးကျပ်သားပဲ အားလုံးသိပြီနော်'

'မှန်ပါ့ဘုရား'


အေးနေပြီဖြစ်သော ဒယ်အတွင်းမှ အပေါ်ယံ နာပြာတို့ကို ဖယ်ရှား၍ ကြည့်လိုက်ရာ ဘော်သားရောင်ရှိသော ပြဒါးခဲကို အတိုင်းသား မြင်နေရလေသည်။

အဂ္ဂိရတ်ပညာ ဝါသနာရှင်များ လေ့လာမှတ်သားနိုင်ရန် လုပ်ရတ်မှန် အတိုင်း တင်ပြလိုက်ရပါသည်။

**အညာသား (ကသာမြေ)**

နှလုံးနှင့်

# သည်းခြေရောဂါ အတွက် ဆေးနည်းတစ်လက်



နှလုံးနှင့် သည်းခြေဝေဒနာသည်များအတွက် မြန်မာ့တိုင်းရင်းဆေးနည်းကောင်းတစ်လက်ဖြစ်သော၊ လွယ်ကူ သက်သာစွာ ဝယ်ယူ စားသုံးနိုင်သော ''ဇီး(ဆီး)သီး''အား ရှေးလူကြီးသူမတို့ ကျွေးသည်ကို စာရှုသူများ အသိပင် ဖြစ်ပါသည်။

နှလုံးအားနည်း အမောမလုံ၊ နှလုံးတုန်ရင်ခုန်၊ နှလုံးသည်းခြေပျက်၍ စိတ်ကစဉ့်ကလျား မငြိမ်မသက်ဖြစ်၍ စိတ်မမှန်ခြင်း စသော စိတ်ဝေဒနာရှင်များအတွက် စာရေးသူ၏ မိဘများက...

'ဇီး(ဆီး)သီးစား နှလုံးငြိမ်တယ်၊ နှလုံးသည်းခြေ ကောင်းတယ်။ ဇီး(ဆီး)သီးလေးကျွေးပါ'

စသည်ဖြင့် ဇီး(ဆီး)ကို အကျိုးရှိစွာ အသုံးပြု၍ စားခိုင်းခဲ့ပုံ၊ စာရေးသူအနေဖြင့် ဇီး(ဆီး)သီး၏ တန်ဖိုးရှိပုံ၊ အကျိုးအာနိသင်ရှိပုံကို ကိုယ်တိုင်စားခဲ့၊ ကိုယ်တိုင်လည်း ရောဂါဝေဒနာ သက်သာပျောက်ကင်းခဲ့ပြီလည်း ဖြစ်ပါသည်။

စာရေးသူ၏ မိတ်ဆွေအချို့တွင် ခံစားနေရသော နှလုံးရောဂါဝေဒနာရှင် ရောဂါသည်များ၊ နှလုံးသည်းခြေပျက်၍ စိတ်မမှန်ဖြစ်နေသည့် ရောဂါဝေဒနာရှင်များအား စာရေးသူ၏ ဆရာတစ်ယောက်က လွယ်ကူသက်သာ ကောင်းမွန်သော၊ အဖိုးထိုက်တန်လှသော ဆေးနည်းကောင်းတစ်လက်အား စာရေးသူကို ပေးထားရစ်ခဲ့ပါသည်။

စာရေးသူအား နှလုံးသည်းခြေရောဂါ ဆေးနည်း ပေးထားရစ်ခဲ့သော ဆရာမှာ ရှမ်းတိုင်းရင်းသားတစ်ယောက်ဖြစ်၍ အရာရှိတစ်ဦးလည်း ဖြစ်ပါသည်။ ယခုအခါ ထိုဆရာမှာ တစ်နယ်တစ်ကျေးသို့ ပြောင်းရွှေ့သွားပြီလည်း ဖြစ်ပါသည်။

စာရေးသူ၏ ဆရာ ပေးထားရစ်ခဲ့သော နှလုံးသည်းခြေ ရောဂါဝေဒနာရှင်များအတွက် ဆေးနည်းကောင်းတစ်လက်မှာ...

'ဇီး(ဆီး)သီးအတွင်းရှိ ဇီး(ဆီး)စေ့ (သို့မဟုတ်) ဆီးဆန်အား ပျားရည်နှင့် တေစားပါ'

ဟူ၍ပင် ဖြစ်ပါသည်။

စာရှုသူများအနေဖြင့် နှလုံးသည်းခြေနှင့် ပတ်သက်၍ ရောဂါဝေဒနာခံစားနေရသော ဝေဒနာရှင်များအတွက် အထက်ဖော်ပြပါ ဆေးနည်းအတိုင်း ဖော်စပ်၍ စားသုံးကြပါက နှလုံးသည်းခြေရောဂါနှင့်ပတ်သက်၍ ရောဂါဝေဒနာများသက်သာ ပျောက်ကင်းချမ်းသာကြောင်းကို ဤ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှတစ်ဆင့် မေတ္တာစေတနာကောင်းဖြင့် ရေးသား တင်ပြလိုက်ရပါတော့သည်။

***နတ်လူ သတ္တဝါအားလုံး ကျန်းမာ ချမ်းသာကြပါစေ။***

**မောင်ထွန်း**




www.burmeseclassic.com

www.burmeseclassic.com

# ဆီးချို သွေးတိုး မဖြစ်အောင်

နနွင်းပြာကိုဆောင်



အနာရောဂါကို မည်သူမျှ မကျရောက်စေချင်ကြပါ။ အနာရောဂါသည် သတ္တဝါတို့၏ ကိုယ်စိတ်နှစ်ပါးကို ဆင်းရဲစေပါသည်။ ကိုယ်ဆင်းရဲလျှင် စိတ်ပါ ဆင်းရဲရပါသည်။ ''စိတ်ဆောင်းတော့ ကိုယ်ကျေ''ဟု အဆိုရှိပါသည်။

ကျွန်ုပ်သည် လောလောဆယ်တော့ ကျန်းမာရေး သင့်နေပါသေးသည်။ အစာကို အဝ တနင့် မစားမိအောင်၊ အချို လွန်လွန်ကဲကဲ မသောက်မိအောင်၊ အငန်ကိုလည်း အလွန်အကဲ မစားမိအောင် ဆီဆိုလျှင် ပဲဆီကိုသာ ရွေးစားပါသည်။ ဝမ်းအလွန်အမင်း အချုပ်မခံပါ။

သတိဖြင့် ဆင်ခြင်စားခဲ့သဖြင့် အသက် (၆၀)ကျော်သော်လည်း ရောဂါ ကြီးကြီးမားမား မဖြစ်သေးပါ။ ဆေးလိပ် မသောက်ခြင်းကလည်း မမောမပန်း သွက်လက်စွာ သွားလာနိုင်သည် ထင်ပါသည်။ (၃-၄)မိုင်များလည်း မမောပါ။

လမ်းလျှောက်ခြင်း၏ အကျိုးကား ထို (၃-၄)မိုင်ခရီးကို သွားလာရလည်း ညောင်းညာမှု များများမဖြစ်ပါ။

ဤတွင် နနွင်းပြာစားကြပုံကို တင်ပြလိုပါသည်။ နနွင်းပြာကို လူတိုင်းလိုလို သိကြ၊ ကြားကြဖူးပါသည်။ ရိုးရိုး နနွင်းထက် အနည်းငယ် သေးပါသည်။

အစိမ်းကို ချိုးဖဲ့လိုက်လျှင် အပြာရောင် တွေ့ရပါမည်။ အရွက်က ရိုးရိုး နနွင်းရွက်လောက် မကြီးပါ။ အစိမ်းစားကြည့်လျှင် စပ်ရှားရှား ခါး တားတားအရသာ ရှိပါသည်။ ခံတွင်းသာပါသည်။

**တောလင်းမြို့နယ်၊ အင်းတက်ကျောင်းဆရာတော်သည်** ဆွမ်းစားတိုင်း ထိုနနွင်းပြာကို လက်တစ်ဆစ်ခန့် စားလေ့ရှိပါသည်။ မေးကြည့်ရာ ဆီးချို၊သွေးတိုးရောဂါ မဖြစ်အောင်ရယ်၊ အညောင်းအကိုက် ကင်းအောင်ရယ်၊ အနာများပျောက်အောင်ရယ်တို့ကြောင့် စားကြောင်း အမိန့်ရှိပါသည်။

**အင်းတော်မြို့နယ်၊ မဲဇာဆရာတော်ကလည်း** ဗိုက်အောင့်၊ဗိုက်နာဖြစ်လျှင်သော်လည်းကောင်း၊ အညောင်းအကိုက်ဖြစ်လျှင်သော် လည်းကောင်း အလွန်ကောင်းသော နနွင်းပြာဖြစ်ကြောင်း အမိန့်ရှိပါသည်။

ရောဂါသည် ဖြစ်နေမှ ကုစားသည်ထက် မဖြစ်မီ ကာကွယ်တာက ပိုကောင်းကြောင်း သိမှတ်ရသဖြင့် အနာရောဂါမဖြစ်မီ၊ ဖြစ်သော်လည်း မကြီးမားသေးမီ နနွင်းပြာဖြင့် ကာကွယ်ထားသင့်ပါကြောင်း တင်ပြလိုက်ရပါသတည်း။

***ကိုယ်ရောစိတ်ပါ ကျန်းမာ၊ချမ်းသာကြပါစေ။***

**ဦးအုတ်ရွှေ** *(K.4)*

**မှတ်ချက်။** ။ အရှင်နာဂသိန်၏ ပုံပြဆေးအဘိဓာန် ဒုတိယတွဲ စာမျက်နှာ(၁၁၈)တွင် နနွင်းပြာ(ဂမုန်းတိမ်ပြာ)ဟု ဖော်ပြထားပါသည်။ ***(စာတည်းအဖွဲ့)***



www.burmeseclassic.com

► ကြော်ငြာဆောင်းပါး ◄

# နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုဆောင်

မှတ်ပုံတင် - ၀၁၁၄၄/၀၁၀၇၃၆ လိုင်စင် ၇၊၂၀၁၁၊ တာဆာလကိုး (၁၃၁၂)

''ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး''

''ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွှမ်းကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ''




''နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး''

''နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္နိပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ထွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ''

''ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျာ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ''

''ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့''

''ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ်''

''ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ်''

''သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး''

''သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ်''

''ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ''

''ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ စူး၍အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း၊ မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့''

''ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ''

''အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ်''

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်-(၅၂/၁၅၆)ဗေမာဗီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၀၀၆၁၂

ရေးသားသူ မောင်ယဉ်တင့်

www.burmeseclassic.com

# ပေါင်လောင်ရှင်ကဿပမထေရ်

## ကောင်းမှုစေတီများ ပူဇော်မှုခရီး

ဇင်ခိုင်ယံ



● ဖိုလ်ဝင်တောင်အနီးမှ မင်းစုလမ်းခွဲ

### ဖိုလ်ဝင်တောင် မြင်းဝန်ရွာ၊ မင်းစုရွာ မင်းဝန်ဘုရား (ခ)

ယင်းမာပင်မြို့နယ်အတွင်း ဖိုလ်ဝင်တောင်၏ အနောက်ဘက် နှစ်မိုင်ခန့်အကွာတွင် ပေါင်လောင်ရှင်ကဿပမထေရ်ကောင်းမှု မင်းဝန်စေတီ၊ တောကျောင်း၊ သိမ်များ တည်ထား ပူဇော်ခဲ့သည်။

ယခင် မြင်းဝန်ရွာ(ယခု ရွာမရှိတော့ပါ)တွင် ရှိ၍ ယခုအခါ 'မင်းစုရွာ၏အရှေ့ဘက်၌ ကိန်းဝပ်တော်မူသည်ဟု သိရလေသည်။

### စေတီတော်သို့

မုံရွာမှ ချင်းတွင်းမြစ်ကို ကူးကာ ညောင်ပင်ကြီးရွာမှ ယင်းမာပင်မြို့သို့ သွားသော ကားလမ်းအတိုင်း ခရီးဆက်ရသည်။ ဖိုလ်ဝင်တောင်လမ်းခွဲမှ ချိုးဝင်ကာ ဖိုလ်ဝင်တောင်ရောက်ခါနီးတွင် လမ်း၏ လက်ယာဘက်၌ မင်းစုရွာ လမ်းညွှန်ဆိုင်းဘုတ်နှင့် မြေလမ်းကို တွေ့ရသည်။

မြေလမ်းအတိုင်း ကွေ့ကာဝိုက်ကာဖြင့် (၁)မိုင်၊ (၅)ဖာလုံခန့် သွားမိသော် မင်းဝန်စေတီကို ဖူးမြင်ရလေသည်။ မင်းစုရွာကား စေတီအနောက်ဘက် အနည်းငယ် ကွာလှမ်းသောနေရာတွင် ရှိသည်။

ကျေးရွာအမည် ဆိုင်းဘုတ်တွင် "မင်းဖူးရွာ"ဟု ရေးသားထား၏။ နရပတိစည်သူမင်းသားဘဝက သီရိ ဗျာသောကမင်းကောင်းမှု ရွှေမုဋ္ဌော စေတီတွင် မင်းအဖြစ်ကို ရည်စူး ဆုပန်ခဲ့ရာ ဆန္ဒပြည့်ဝ၍ မင်းအဖြစ်ရောက်သော် စေတီတော်ကို ငုံ၍ မွမ်းမံတည်ဆောက်ကာ စေတီတည်ရာအရပ်တွင် အစောင့်အရှောက်အလို့ငှာ ရွာတည်ပေးခဲ့သည်။

မင်းအဖြစ် ရည်စူးအဓိဋ္ဌာန်ရာနေရာဖြစ်သောကြောင့် "မင်းစူး"ရွာဟု တွင်ရာမှ မင်းဖူးရွာ၊ မင်းစုရွာ စသည်ဖြင့်လည်း ခေါ်ဝေါ်ကြလေသည်။

### မင်းဝန်စေတီ

ရှေးက တည်ရှိခဲ့သော မြင်းဝန်ရွာတွင် ပေါင်လောင်ရှင်ကဿပ တောကျောင်းဆောက်၍ သီတင်းသုံးတော်မူသောအခါ နရပတိစည်သူမင်းလည်း စေတီတစ်ဆူနှင့် သိမ်တော်တစ်ဆောင်ကို အနန္တသူရိယအမတ်အား ဦးစီးစေလျက် တည်လုပ် လှူဒါန်းခဲ့သည်။

မင်းနှင့် ဝန်အမတ်တို့ လက်တွဲညီစွာ ကောင်းမှုပြုသဖြင့် စေတီကို မင်းဝန်စေတီဟု ဘွဲ့မည်ကပ်တော်မူသည်။ နောင်တွင် တောကျောင်းနေ သံဃာများပြားလာကာ ကုန်းဘောင်ခေတ်ကာလတွင် မင်းကျောင်း၊ ကုန်းကျောင်း၊ ရေဝန်းကျောင်း စသည်ဖြင့် ကျောင်းပေါင်းများစွာ တည်ရှိခဲ့လေသည်။

ယခုတိုင်ပင်လျှင် မင်းဝန်စေတီနှင့် မင်းစုရွာဝန်းကျင်၌ ကျောင်းပေါင်း(၂၀)မျှ ကျန်ရှိသည်။ အများစုမှာ ကျောင်းအမည်နှင့် နေရာမျှသာ ကျန်ရှိကာ သီတင်းသုံးသံဃာများ မရှိတော့ချေ။

မင်းဝန်စေတီအား ခေတ်အဆက်ဆက် ကောင်းမှုရှင်တို့ မွမ်းမံခဲ့ရာမှ နောက်ဆုံးအကြိမ်အဖြစ် ၁၃၇၂ ခုနှစ်တွင် ထပ်မံပြုပြင်ခဲ့ကြကြောင်း သိရှိရသည်။

### တောကျောင်းနှင့် သိမ်တော်

မင်းဝန်စေတီအနီး တဲကျောင်းကလေး၌ စေတီတော်အား စောင့်



www.burmeseclassic.com

www.burmeseclassic.com



▲ စေတီကုန်းမှ ထွက်ပေါ်လာသော ရုပ်ပွားတော်များ







▲ ရှေးရုပ်ပွားတော်တစ်ဆူ

◀ ရဟန္တာသိမ်

▼ တာဝန်ခံ ဦးပဥ္စင်းဦးကုသလ

ရှောက်လျက် သီတင်းသုံးနေသည့် တာဝန်ခံ ဦးပဥ္စင်း ဦးကုသလကို တွေ့ရသဖြင့် ဖူးတွေ့ မေးလျှောက်ခွင့် ရခဲ့သည်။

မင်းဝန်စေတီ၏ အရှေ့ဘက် မင်းကျောင်း၊ တောင်ဘက်တွင် ရေဝန်းကျောင်း၊ အနောက်ဘက်တွင် ကုန်းကျောင်းတို့ တည်ရှိခဲ့ကာ ကျောင်းများ၏ အရှေ့ဘက်တွင် စေတီလေးဆူ တန်းလျက် ဖူးတွေ့နိုင်သည်။

ကျောင်းများမှာ ပျဉ်ထောင်ကျောင်းများဖြစ်၍ ပြိုပျက်ကာ နေရာအတိအကျ ညွှန်ပြရန်ပင် မလွယ်ကူတော့ပါဟု သိရသည်။ ကျောင်းများ ပြိုပျက်ပြီးနောက် ယာမြေများအဖြစ် ထွန်ယက်စိုက်ပျိုးခဲ့ကြရာ မကြာသေးသော ကာလတွင်မှ အများစုပေါင်းလှူငွေဖြင့် မြေအချို့ကို ဝယ်ယူကာ ကျောင်းဆောင် ဆောက်လုပ်ရန် စီစဉ်နေသည် ဆို၏။

ပေါင်လောင်ရှင် ကဿပသည် မင်းကိုးကွယ်သော



www.burmeseclassic.com

www.burmeseclassic.com





● အနောက်မြောက်ထောင့်မှ ဘီလူးရုပ်



● သိမ်နိမိတ်တိုင်နှင့် ရုပ်တုများ

အရှေ့မြောက်ထောင့်မှ ဘီလူး ◗

…ထေရ်ကြီးဖြစ်ရာ **"မင်းကျောင်း"** …တွင်သော မြေအဝန်းအပိုင်းသည် …င် မထေရ်မြတ်၏ တောကျောင်း …နေရာဟု ယူဆဖွယ် ရှိလေသည်။

## သိမ်တော်

ရဟန္တာသိမ်ဟု ခေါ်ဆိုကြသော ရှေး …သိမ်တော်ကား စေတီ၏ အရှေ့ဘက် …တီလေးဆူတန်း၏အရှေ့ကပ်လျက် …၌ တည်ရှိသည်။ မူလ သိမ်အဆောက်အအုံပြိုပျက်သွားပြီဖြစ်၍ ၁၃၆၇ ခုနှစ်တွင် အသစ်ဆောက်လုပ်ထားသော သိမ်အဆောက်အအုံကို မြင်တွေ့ရသည်။ သိမ်နိမိတ်တိုင်များကား ရှေးမူမပျက် ထင်ရှားစွာ တွေ့ရလေသည်။

သိမ်နိမိတ်တိုင်များအကြား ထူးခြားသော ရုပ်တုများ သိမ်ကို ဝန်းရံလျက်ရှိသည်ကို သတိပြုမိသည်။ အနောက်မြောက်ထောင့်နှင့်အရှေ့မြောက်ထောင့်တို့တွင် တင်းပုတ်ထမ်းကာ အစွယ်အဖွေးသားနှင့် ဘီလူးရုပ်နှစ်ခုမှာ ငရမန်နှင့် ငတင်ကျည်း ဘီလူးညီနောင်ကို ရည်ညွှန်းဟန် ရှိလေသည်။



www.burmeseclassic.com

www.burmeseclassic.com





◄ အရှေ့တောင်ထောင့်မှ ပေါင်လောင်ငယ်

ကျားပေါင်းကျောက်တိုင် ►

အရှေ့တောင်ထောင့်နှင့် အနောက်တောင်ထောင့်တို့တွင်ကား အစွယ်မပါပြူးရယ်သောဟန်ပန်နှင့် ရုပ်နှစ်ခုရှိ၍ ပေါင်လောင်ငယ် ဥညီသင်နှင့် တေသင်တို့ကို ကိုယ်စားပြုခြင်း ဖြစ်နိုင်ပါသည်။

အရှေ့၊ တောင်၊ အနောက်နှင့် မြောက်စူးစူးတို့တွင်ကား ကျားရုပ်၊ မိကျောင်းရုပ် ကျောက်ဆစ်လက်ရာများ ရှိသည်။ တစ်ကိုယ်လုံး သရုပ်ဖော်ထားခြင်းမဟုတ်ဘဲ ဦးခေါင်းသဏ္ဌာန်သာ ပီပြင်အောင် ထွင်းထုထားသော ကျောက်တိုင်များ ဖြစ်ကြလေသည်။

ဤသိမ်တော်ကား မှန်ကန်စွာ ဆို၍ ဆုပန်ပါက ဆန္ဒပြည့်စေသော ကျမ်းစူးထက်မြက်သည့် သိမ်တော်ဖြစ်ကာ အစောင့်ကာရက ကြီးမားကြောင်း သိရသည်။

တာဝန်ခံ ဦးပဉ္ဇင်းကြီးက နံနက်,ညဆည်းဆာနှစ်ပါးအချိန်များတွင် သိမ်ဆီသို့ အမှတ်မထင် ကြည့်လိုက်သောအခါ လက်အုပ်ချီ အရိုအသေပေးနေသော ကာရကဒါယကာတို့ကို မြင်တွေ့ရတတ်သည် ဆို၏။

ရိုပ်ခနဲ မြင်တွေ့ရခြင်းဖြစ်ကာ ဝတ်စားဆင်ယင်မှုနှင့် ပုံပန်းသဏ္ဌာန်တို့ကို သေချာစွာ မြင်ရခြင်း မရှိပါဟု မိန့်တော်မူသည်။

သိမ်အနီးတွင် ကမ္မဋ္ဌာန်းအုတ်တိုက် ငယ်တစ်ဆောင်ဆောက်လုပ် ထားသည်ကို တွေ့ရသည်။ ဆိတ်ငြိမ်သောပတ်ဝန်းကျင်တွင် အနှောင့်အယှက်ကင်းစွာ ကမ္မဋ္ဌာန်းဆောက်တည် နိုင်သော ကမ္မဋ္ဌာန်း ကျောင်းလေး ဖြစ်လေသည်။



◄ အနောက်တောင်ထောင့်မှ ပေါင်လောင်ငယ်

## ပေါင်လောင်ရှင်ကဿပ၏ ကျောင်းတော်ရာ

ပေါင်လောင်ရှင် ကဿပထေရ်၏ ကောင်းမှုစေတီများအား လေ့လာပူဇော်ခဲ့ရာ ကျောင်းတော်ရာသည် ယခုအခါ ရဟန္တာသိမ်ဟု ခေါ်တွင်ကြသော ရှေးသိမ်၏ အနောက်ဘက်၌ တွေ့ရမြဲ ဖြစ်[...]သည်။

"မင်းကျောင်း"၏ [...]ပန်းအတိုင်[...]



www.burmeseclassic.com

www.burmeseclassic.com



◆ သိမ်နိမိတ်တစ်ခု



◆ အနောက်ဘက်မှ နဂါးခေါင်း

အတွင်း ကျရောက်သဖြင့် ဤကမ္ဗဒ္ဒာန်းကျောင်းနေရာသည်ပင် ပေါင်လောင်ရှင်ကဿပ၏ တောကျောင်းနေရာဖြစ်သည်ဟု ယူဆဖွယ်ရှိပေသည်။

မင်းဝန်စေတီအနီး ဘုန်းတော်ကြီးကျောင်းများစွာ ဝန်းရံလျက်ရှိရာ ကျောင်းတိုင်းတွင် အရှေ့ဘက်၌ စေတီလေးဆူ စီတန်း ကိန်းဝပ်တော်မူသည်ကို ဖူးတွေ့ရ၏။ ယခု ကမ္ဗဒ္ဒာန်းကျောင်း၏အရှေ့ဘက်၊ ကမ္ဗဒ္ဒာန်းကျောင်းနှင့် သိမ်တော်အကြားတွင် မင်းကျောင်းစေတီဟု သတ်မှတ်ကြသော စေတီလေးဆူတန်း၍ စံပယ်တော်မူကြလေသည်။

ထို့အပြင် မထေရ်မြတ် ပျံလွန်တော်မူပြီးနောက် ထီးလိုမင်းလိုမင်းက မထေရ်မြတ်သီတင်းသုံးခဲ့ရာ တောကျောင်းနေရာများအနီး၌ အထိမ်းအမှတ်စေတီ(ခေါ်) လွှမ်းစေတီကို တည်ထားပူဇော်ခဲ့သည်။

ဤနေရာအနီးရှိ စေတီပျက် အုတ်ပုံ၏ ပန္နက်အရာမှာ ထီးလိုမင်းလိုမင်း၏ လွှမ်းစေတီပန္နက်ရာများအတိုင်း တူညီနေသည်ကို တွေ့ရ၏။

ထို့ကြောင့် မြင်းဝန်ရွာ၊ မင်းဖူး(ခေါ်) မင်းစုရွာအနီးရှိ ပေါင်လောင်ရှင်ကဿပ၏ တောကျောင်းသည် ဤကမ္ဗဒ္ဒာန်းကျောင်းနေရာ သို့မဟုတ် ကပ်လျက်နေရာ၌ တည်ရှိခဲ့ကြောင်း ကောက်ချက်ချရပေသည်။

## ထူးခြားမှုအချို့

ပေါင်လောင်ရှင် ကဿပမထေရ်ကောင်းမှုစေတီနှင့် သိမ်များတွင် ကျားစီး၊ မိကျောင်းစီး ရဟန္တာရုပ်တုများ။ ဘီလူးညီနောင်၊ ပေါင်လောင်ငယ် ညီနောင်ရုပ်တုများကို တွေ့ရတတ်သော်လည်း ဤမင်းဝန်စေတီ ရဟန္တာသိမ်တော်ဝန်းကျင်ရှိ ရုပ်တုများမှာ တစ်မူထူးခြားသော ဟန်တစ်မျိုးဖြင့် တွေ့ရခြင်းဖြစ်သည်။

နရပတိစည်သူမင်းကြီးကိုယ်တိုင် မင်းအဖြစ်ကို ရည်စူးဆုပန်မှု ပြည့်ဝရာနေရာထူးဖြစ်သောကြောင့် တစ်မူထူးခြားစွာ တန်ဆာဆင်ပူဇော်သည်ဟု ယူဆဖွယ် ရှိလေသည်။

ရှေ့လ ဆက်ဖတ်ပါရန်

ဇင်ညိုငယ်



www.burmeseclassic.com

www.burmeseclassic.com

# အတိတ်ဘဝကောင်းမှုဖြင့်

တောင်းဆူဖြည့်ဝသူ

သူတော်သီတာစဉ်း



◆ ဆိုင်ကယ်သမား မောင်ကျော်ထက်သူ

'ဦးလေး... ရေနံ့သာမှာ တစ်ခုခု စားမှာလား။ လမ်းဆုံဆိုတော့ စားစရာတွေ ရှိတယ်။ ရှေ့ဆက်သွားမယ့် ရွာတွေမှာတော့ ဆိုင်မရှိတော့ဘူး'

ကံမမြို့နယ်၊ ရှင်မတောင်စေတီ ပူဇော်မှုခရီးတွင် ဆိုင်ကယ်သမားလေးနှင့်အတူ ရေနံ့သာရှိ မုန့်ဟင်းခါးဆိုင်သို့ ဝင်ဖြစ်သည်။

'အမေကြီး၊ တိုဟူးသုပ်တစ်ပွဲ ပေးပါ။' မောင်ရင်ကကော'

'မုန့်ဟင်းခါး'

'မုန့်ဟင်းခါးကြိုက်တာလား'

'ဟုတ်တယ်၊ အရင်ဘဝကတည်းက ကြိုက်တာပါ'

'အရင်ဘဝကို အကုန်မှတ်မိသလား'

'ငယ်ငယ်တုန်းကတော့ အကုန်လုံးမှတ်မိပါတယ်။ ကြီးကောင်ဝင်လာတော့ တဖြည်းဖြည်း မေ့ကုန်ပြီ။ ကလေးဘဝက ပြောခဲ့တာတွေကို အမေတော့ ပြန်ပြောနိုင်တယ်။ ဦးလေး စိတ်ဝင်စားရင် ဘုရားဖူးပြီးအပြန် ကျွန်တော်တို့အိမ် လိုက်ခဲ့ပေါ့။ အဘွားကလဲ ပြောနိုင်ပါတယ်။ အသက်တစ်ရာကျော်ပြီ။ ထုံးကြီးဆရာတော်ထက် လပိုင်းကြီးတယ်'

သို့ဖြစ်၍ ဆိုင်ကယ်သမားလေး မောင်ကျော်ထက်သူ၏မိခင် ဒေါ်လှရွှေဝင်း၊ အဘွားဒေါ်လှတင်တို့အား သွားရောက် တွေ့ဆုံကာ သူ၏ ယခင်ဘဝ အတွေ့အကြုံများကို မှတ်တမ်းပြု ဖြစ်လေသည်။

## ကမ္ဘာသစ်သို့ ရောက်ခါစ

'ဟဲ့...လှရွှေဝင်းရဲ့ နင့်သားလဲ ကြည့်ပါဦး။ ထမင်းစားတော့မယ်ဆိုရင် ပန်းကန်ဆွဲ၊ အိမ်အပြင်ထွက်ပြီး တတွတ်တွတ်နဲ့။ အပယ်မိုတာလား တစ်ခုခုပဲ'

မောင်ကျော်ထက်သူ မတ်တတ်ပြေး၍ စကားပြောတတ်ခါစအရွယ်တွင် ထူးခြားသော အပြုအမူကြောင့် အဘွားဒေါ်လှတင်က သမီးဖြစ်သူအား သတိပေးနေခြင်း ဖြစ်သည်။

'ဟုတ်တယ်၊ သမီးလဲ သတိထားမိတယ်။ ကလေးဘဝ စိတ်ကူးပေါက်ရာ ဆော့တာနေမှာပါ'

'အေးဟဲ့...လူကြီးတွေလုပ်တာကို အတုခိုးပြီး တစ္ဆေစာ ကျွေးတယ် ထင်ပါရဲ့'

သို့သော်လည်း အိမ်ဆိုင်ကလေး တစ်ဖက်နှင့် မော်တော်ဆိပ်တွင် မုန့်ဟင်းခါးဆိုင်လည်း ထွက်ရသေးသဖြင့် ထိုကိစ္စကို မေ့မေ့ပျောက်ပျောက်ဖြစ်ကာ အလုပ်တွင်သာ အာရုံစိုက်မိကြသည်။

တစ်နေ့တွင် အသက်ငါးဆယ်ကျော် အမျိုးသမီးတစ်ဦး ကြက်ဥခြင်းကိုင်ကာ ကမ်းနားသို့ ထွက်သွားရာ မောင်ကျော်ထက်သူက အိမ်တွင် ဆော့ကစားနေရာမှ ကမန်းကတန်း ပြေးထွက်ကာ လက်ဆွဲခေါ်လေသည်။

'ဟဲ့...စိန်စိန်ကြီး၊ နင်ဘယ်သွားမလို့လဲ'

'အို...ဒီကလေးနှယ် ကိုယ့်အဘွားအရွယ်ကို သည်လိုပြောရသလားကွယ် ... တော် ဒေါ်စိန်စိန်'

'ငါ့သမီး ငါခေါ်တာ ဘာဖြစ်သတုံး'

'အလိုလေး...တော်က ဘယ်သူလဲ'

www.burmeseclassic.com

'အေးကျင်လေ... အေးကျင် နင့်အမေဟဲ့'

'ငါ့အမေဆိုရအောင် နင်က ဘာတွေများ ပြောနိုင်သလဲ'

'အကြီးမ ဖျားတုန်းက သေကောင်ပေါင်းလဲဖြစ်လို့ ဘယက်ရောင်းပြီး ကုသရတယ်လေ။ ဘယက်ရောင်းတော့ စိန်စိန်ကြီး၊ နင်လဲ ပါသွားတာပဲဟာ'

ထိုအခါတွင်မှ ဒေါ်စိန်စိန်လည်း ကောက်ခံကာ ကလေးကို သူတို့အိမ်သို့ ခေါ်သွားသည်။ ယခင်ဘဝက ဒေါ်အေးကျင်အဖြစ် အသက်(၇၀) ကျော်မှ ဖျားနာ၍ ကွယ်လွန်ခဲ့ခြင်း ဖြစ်သည်။ သမီးထွေးဖြစ်သူ ဒေါ်စိန်စိန်ကို ချစ်စနိုးဖြင့် စိန်စိန်ကြီးဟု ခေါ်ကာ အမင်းအတူစားလေ့ရှိရာ ထမင်းစားခါတွင် သမီးဖြစ်သူကို တတွတ်တွတ် ခေါ်ခေါ်နေခြင်းဖြစ်သည်။

မောင်ကျော်ထက်သူက ဒေါ်အေးကျင်ဘဝဖြင့် စိုက်ပျိုးခဲ့သော သစ်ပင်များ သိုဝှက်ထားသော အတွင်းပစ္စည်းများကို နေရာတကျ ပြောဆို ညွှန်ပြနိုင်သည်။ ထိုစဉ်က အိမ်ထောင်နှစ်ဆက်ရှိရာ ပထမအိမ်ထောင်နှင့် သားလေးယောက်ရသည်။ ငယ်စဉ်ကပင် ဆုံးသွား၍ အိမ်ထောင်ကွဲပြီး နောက် ဦးလွင်ဆိုသူနှင့် တစ်ပင်ထူ၍ သမီးနှစ်ဦး ထွန်းကားသည်။

ဒေါ်လှရွှေဝင်းက...

ဦးလွင်ဆုံးတော့ ဒီကလေးပျောက်သွားလို့ ရှာတာ သူက ဦးလွင် အလောင်းအနားမှာ သမီးတွေနဲ့ တူတူထိုင်နေတာ တွေ့ရတယ်'

ဟု ပြောပြသည်။

ဘဝဟောင်းက ဆွေမျိုး

'ဒေါ်စိန်စိန်ရဲ့သားက တရားပြ ကမ္မဋ္ဌာနစရိယ ဆရာတော် ဖြစ်နေ



◆ မိခင် ဒေါ်လှရွှင်

တယ်။ ရန်ကုန် အင်းစိန်လမ်းမ၊ သံလမ်းမှတ်တိုင်နားက မဟာစည် သာသနာ့ရိပ်သာမှာ ဦးဇောတိပါလတဲ့။

ကံမ လေသာကျောင်း ဆရာတော်က ကလေးအကြောင်းသိလို့ အဲဒီ ဦးပဋ္ဌင်းကို ကြေးနန်းရိုက်ခေါ်လိုက်တယ်။ ဦးပဋ္ဌင်းကလဲ အသိအမှတ်ပြုပါတယ်။ ပညာရေးအစ ထောက်ပံ့ပေးပြီး သာမဏေဝတ်တော့ ရန်ကုန်ခေါ်သွားပြီး သင်္ကန်းဆီးပေးတယ်'

အဘွား ဒေါ်လှတင်ကလည်း ဖြည့်စွက် ပြောပြသည်။

'ဒေါ်အေးကျင်တို့က ချမ်းသာတယ်။ အခုလို ဆင်းဆင်းရဲရဲ မိခင်ဝမ်းမှာ လာဝင်စားတော့ စိတ်မကောင်းဖြစ်ကြတယ်။ မြတ်စွာဘုရားတောင်မှ ဘယ်သူဘယ်ကို သွားရမယ်၊ ဘာဖြစ်မယ်လို့ မဟောခဲ့တာ ကံစီမံရာပေါ့။

သူတို့က ဘာသာရေးတော့ ကြည်ညို ကိုင်းရှိုင်းပါတယ်။ စိန်စိန်က လက်ဆောင်ရလို့ ဝက်ကလေး တစ်ကောင် မွေးထားတာကို မြေးက **"ဟဲ့... နင်တို့ ဒီအသက်ဒီအရွယ်အထိ ဒုစရိုက်အလုပ် မလုပ်ခဲ့တာ အသက်ကြီးမှ မိစ္ဆာအာဇီဝအလုပ် လုပ်ရသလား"**လို့ ငေါက်သတဲ့။ ဒါနဲ့ စိန်စိန်တို့လဲ ဝက်ကို တခြားပေးပစ်လိုက်ရတယ်။

ဒေါ်အေးကျင်ဘဝက ရတနာသုံးပါး ကြည်ညိုပြီး အလှူအတန်းလုပ်ပြီးတိုင်း **"ဤ ကောင်းမှုကုသိုလ်ကြောင့် နောက်ဘဝတွင် ယောကျ်ားဘဝ ရလိုပါ၏"**လို့ အမြဲဆုတောင်းလေ့ရှိတယ်။ အခုတော့ ဆုတောင်းပြည့်တယ် ဆိုရမှာပေါ့'

ဒေါ်အေးကျင်သည် ၁၃၃၂ ခုနှစ်တွင် ကွယ်လွန်ခဲ့ကာ ၁၃၄၈ ခုနှစ်တွင် မောင်ကျော်ထက်သူအဖြစ် အတိတ်ဘဝ ကောင်းမှုအကြောင်းပြုလျက် တောင်းဆုပြည့်စွာ ယောကျ်ားလေးဖြစ်လာသည်။ ကြားကာလ(၁၆)နှစ်တာ အတွင်း အဖြစ်အပျက်များကိုမူ မောင်ကျော်ထက်သူက မသိရှိ မမှတ်မိပါဟု ဆိုသည်။

ကျိုးဖြူဆရာတော်ကြီး ဦးအဂ္ဂသာရက ငါတို့အားလုံးဟာ ဆွေမျိုးတွေပဲ (We all are relatives) ဟူ၍ ပြန်ဆိုမိန့်ကြားခဲ့လေသည်။

**သုတေသီတစ်ဦး**



www.burmeseclassic.com

www.burmeseclassic.com



ကြော်ငြာဆောင်းပါး

အမျိုးသမီးများ သွေးသားမှန်ကန်ပြီး စိုပြည်လှပဖို့ဆိုရင်

# တင်တင်အောင်

အမှတ်တံဆိပ်

# အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေး

(တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ် ၀၁၁၂ YR ၀၀၇၉၈၈)

'ဣတ္ထိယ မိန်းမတို့၏ ဥစ္စာခနကား အဆင်းတည်း''ဟု လောကနီတိဆရာများက အဆိုရှိပါတယ်။ အမျိုးသမီးတိုင်း ရွှင်လန်းကျန်းမာပြီး စိုပြည်လှပဖို့ဆိုရင် သွေးစ၊ သွေးလယ်၊ သွေးဆုံး အရွယ်(၃)ပါးလုံး ဓမ္မတာရာသီပန်း တစ်လတစ်ကြိမ် မှန်မှန် ပွင့်လန်းဖို့လိုပါတယ်။

အမျိုးသမီးများအနေနှင့် ကိုယ်ဝန်ဆောင်စဉ်ကာလ၊ သားဖွားပြီးစ ကာလများမှလွဲ၍ လစဉ် ဓမ္မတာ မှန်မှန်လာဖို့ လိုပါတယ်။ မီးယပ်ထိမ် ငုပ်၊ ချုပ်၊ ကျန်ဖြစ်ခဲ့လျှင် အသားအရေ ညိုညစ်ညစ်နှင့် ယဉ်ဆိုသမျှ ပင်ကိုအလှများ ပျောက်ကွယ်တတ်ပါတယ်။

ဒါဆိုရင် မီးယပ်သွေးပေါ် ဆေးကောင်း တစ်လက် သုံးစွဲဖို့ လိုနေပြီ ဖြစ်ပါတယ်။ မီးယပ်သွေးပေါ်ဆေး အမျိုးမျိုးထဲက ဘယ်ဆေး အကောင်းဆုံးလဲလို့ မေးလာခဲ့ရင် အမျိုးသမီးများ မီးယပ်သွေးပေါ်ဆေးကို အမျိုးသမီးတိုင်းရင်းဆေးဆရာမ ဒေါ်တင်တင်အောင်(တဆ-၇၉၅၃)ကိုယ်တိုင် စီမံထုတ်လုပ်တဲ့ ဒေါ်တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ အကောင်းဆုံးပဲလို့ ပြောလိုက်ပါရစေ။




ကြော်ငြာခွင့်ပြုချက်အမှတ်
တဆဝက(စာနယ်ဇင်း) ၅၁/၀၅၁၃

တင်တင်အောင် အကိုက်အခဲပျောက် မီးယပ်သွေးပေါ်ဆေးဟာ ဘယ်လိုရောဂါ တွေအတွက် သုံးစွဲနိုင်သလဲဆိုရင် မီးယပ်မမှန် ထိမ်ကျန်၊ ငုပ်ခြင်း၊ နည်းခြင်း၊ အတုံးအခဲများ ဆင်းသက်ခြင်း၊ ရာသီသွေးပေါ်ခါနီးနှင့် ဖြစ်ပေါ်ဆဲ အချိန်အခါများ တွင် ခါး၊ ရင်၊ ဆီးစပ် ကိုက်ခဲသူများ ဓမ္မတာမလာမီ (၃)ရက်ဆက်၍ တစ်နေ့(၂)ကြိမ် သောက်နိုင်သလို ရာသီသွေးပေါ်ရမည့်ရက်ထက် တစ်ပတ် (သို့မဟုတ်) အရက်နဲ့ နှစ်ပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက်နိုင်ပါတယ်။

သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်နေ့ (၂)ကြိမ် (၃)ရက် ဆက်သောက် နိုင်ပါတယ်။ သုံးပတ်၊ လေးပတ် ကျော်လွန်နေပါက တစ်ခါသောက် ဆေး(၅)ပြား တစ်နေ့ (၃)ကြိမ် (၃)ရက် ဆက်ပြီး(ချင်း+ထန်းလျက်+ကွမ်းရွက်ပြုတ်ရည်) (သို့မဟုတ်) အရက်နဲ့ သောက်မယ်ဆိုရင် ဓမ္မတာပန်း ပွင့်လန်းလာပါလိမ့်မယ်။

သွေးမသန့်ခြင်း၊ သွေးပုပ်ကျခြင်း၊ မီးယပ်ကွက်များပေါ်ခြင်း၊ အသားအရေ ညစ်ထေးမွဲခြောက်ပြာနှမ်းခြင်း၊ ကိုယ်ခန္ဓာနုံးပြင်းခြင်း ဖြစ်နေသူများ တစ်နေ့တစ်ကြိမ် ဆေး(၅)ပြား ရေနွေးနဲ့သောက်ရင် အသားအရေ စိုပြည်သန့်ရှင်းပြီး ကိုယ်ခန္ဓာရှုံ့ပြင်းခြင်းမှ ကင်းဝေးစေပါတယ်။

အိမ်ထောင်ရှင်အမျိုးသမီးများ သားသမီးဝေးလိုပါက ဓမ္မတာပေါ်မည့်ရက် မတိုင်မီ (၃)ရက်ကြိုတင်ပြီး တစ်နေ့(၂)ကြိမ် (၃)ရက်ဆက် ရေနွေးနဲ့ သောက်ပါ။ ဓမ္မတာပေါ်ပြီး နောက်တစ်ပတ်အကြာတွင် တစ်နေ့ (၂)ကြိမ်၊ (၃)ရက်ဆက် ရေနွေးနဲ့သောက်ပါ။ ဓမ္မတာပေါ်ပြီး (၃)ရက်ဆက်သောက်လျှင် သားသမီးဝေးပြီး နုပျိုဖွံ့ဖြိုး အလှတိုးစေပါတယ်။ မီးမကင်ဆေးအဖြစ် မီးတွင်းကာလတွင် (၁)ရက်ခြား ဆေးတစ်ခွက်နှုန်း (၃)ခွက် ပြည့်အောင် သောက်ပါ။ သွေးပုပ်၊ ချွေးပုပ်၊ အနီးပုပ်များ ကင်းစင်ပြီး တစ်သားမွေး တစ်သွေးလှစေပါတယ်။

အသက် (၄၀)ဝန်းကျင် ရောက်ရှိလာသူ အမျိုးသမီးများ သွေးပေါ်ချည်တစ်ခါ၊ ငုပ်ချည်တစ်လှည့် သွေးကစားခြင်း၊ ချွေး လိုက်ပူလိုက်ဖြစ်ခြင်း၊ အပူဒဏ်၊အအေးဒဏ် မခံနိုင်ခြင်း၊ သွေးဆုံးရောဂါ ဖြစ်နေသူများ တစ်နေ့တစ်ကြိမ် မှီဝဲသုံးစွဲပါက သွေးဆုံးမီးယပ်ရောဂါ ကင်းဝေးစေပါတယ်။

အမျိုးသမီးရောဂါမှန်သမျှ အမျိုးသမီးတိုင်းရင်းဆေးဆရာမ ဒေါ်တင်တင်အောင်နဲ့ ပွင့်ပွင့်လင်းလင်း တွေ့ဆုံဆွေးနွေးပြီး ဆေးကုသမှုခံယူလိုက်မယ်ဆိုရင် အမျိုးသမီးရောဂါများသက်သာ ပျောက်ကင်းကာ အနာဂတ်ဘဝ သာယာစိုပြည်သွားမှာပါ။

ဆရာမ ဒေါ်တင်တင်အောင်
**ဟိတ်ထက်အောင် ဆေးတိုက်**
အမှတ် (ဆ/၂၆၁)၊ ကရဝိက် (၁)လမ်း၊ ဆရပ်ကွက်၊
(မြောက်ဥက္ကလာပဆေးရုံကြီးအနီး) မြောက်ဥက္ကလာပမြို့နယ်

မေမြတ်နိုးဦး (ဝိဇ္ဇာ/သိပ္ပံ)





www.burmeseclassic.com

www.burmeseclassic.com

ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ပဲကြီးအင်းကျေးရွာ မဟာဗောဓိကျောင်း၌ လွန်ခဲ့သော နှစ်ပေါင်း (၁၉)နှစ်ကျော်ကတည်းက ယနေ့တိုင် မပုပ်မသိုးဘဲ ကျောက်သားအသွင် ကူးပြောင်းပြီး သဘာဝအတိုင်း တည်ရှိနေသည့် မြို့နယ် ဩဝါဒစရိယ ဝိနယဓရ

# ဘဒ္ဒန္တ ကုန္ဒဝံသ မဟာထေရ်

၏ ဥတုဇ ရုပ်ကလာပ်တော်မြတ်နှင့် ဖြစ်ရပ်ဆန်းကြယ်များ

သက်မြွှာပိုင် (ပန်းတောင်း)



▲ မြို့နယ်ဩဝါဒစရိယ ဘဒ္ဒန္တ ကုန္ဒဝံသ မဟာထေရ်

ဘဒ္ဒန္တကုန္ဒဝံသ ဆရာတော်ကြီးသည် သက်တော် (၇၆)နှစ်၊ သိက္ခာတော် (၅၆)ဝါအရတွင် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပါသည်။ ဤဆရာတော်ကြီး ခန္ဓာဝန်ချသွားပြီး (၅) နှစ်ကျော်မှသာ ဤနယ်မြေကို စာရေးသူ ရောက်လာခဲ့ခြင်း ဖြစ်၏။

ဓာတုဆေးဝါးများ လုံးဝမထိုး၊ မပုပ်သိုးဘဲ ကျောက်ဖြစ်နေသည့် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို မကြာခဏ သွားဖူးတွေ့ခွင့် ရရှိသော်လည်း ကြည်ညို၍ အားမရခဲ့ပါ။ ထို့အတူ မိမိကဲ့သို့ အများပြည်သူတို့ကို လာရောက် ဖူးတွေ့ ကြည်ညိုပြီး လေ့လာစေလိုသော စေတနာတွေ ဖြစ်လာခဲ့သည်။

ထို့ကြောင့် စာရေးသူတို့ ဌာနနှင့်လည်း သိပ်မဝေးသည့် "မြို့နယ် ဩဝါဒစရိယ ဝိနယဓရ ဘဒ္ဒန္တကုန္ဒဝံသမဟာထေရ်"၏ ဥတုဇ ရုပ်ကလာပ်တော်ရှိရာ ပဲကြီးအင်းကျေးရွာ မဟာဗောဓိကျောင်းကို သွားရောက်ပြီး ကျောင်းထိုင်ဆရာတော် အသစ်ဖြစ်သည့် "ဦးသုစိတ္တ" အရှင်သူမြတ်ကို ဤဆောင်းပါးရေးရန် လျှောက်တင်ခွင့်တောင်းပြီး ၂၅–၁၂–



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၁ ရက်နေ့ (တနင်္ဂနွေနေ့)မှာ ဓာတ်ပုံရိုက်၍ မှတ်တမ်းတင်ခဲ့ပါသည်။

ဤကဲ့သို့ မှတ်တမ်းတင် ဓာတ်ပုံမရိုက်မီ ၂၂-၁၂-၂၀၁၁ ရက်နေ့ (ကြာသပတေး)နေ့ ညနေ (၄း၃၉) နာရီကနေ နေဝင်ပြီး ညမှောင်သည့်အထိ ရေဝင်ကုန်းလေးမှာ နေသည့် မောင်စည်သူထွန်းနှင့်အတူ စာရေးသူတို့နှစ်ယောက် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော် ထားရှိရာ စံကျောင်းရှေ့က ချုံနွယ်မြက်ပင်များကို ခုတ်ထွင်ရှင်းလင်းပြီး ကုသိုလ်ယူခဲ့ပါသည်။

၂၄-၁၂-၂၀၁၁ ရက်နေ့ စနေနေ့မှာလည်း နေ့လယ် (၁၁း၀၀)နာရီကနေ ညမိုးချုပ်စ အချိန်ထိ စာရေးသူ တစ်ယောက်တည်း သစ်ရိုင်းပင်များ၊ ဆူးပင်များ၊ ချုံနွယ်ပင်များနှင့် မြက်ပင်များကို ဓားမတစ်ချောင်းဖြင့် ခုတ်ထွင်ရှင်းလင်းလိုက်ရာ ချုံနွယ်သစ်ပင်များနှင့် ပိတ်ပင်တားဆီးပြီး မျက်ကွယ်ထားသကဲ့သို့




◆ သက်တော် (၇၆)နှစ် ဝါတော် (၅၆)ဝါ အရတွင် ပျံလွန်တော်မူခဲ့သည့် ဘဒ္ဒန္တ ကုဏ္ဍဝံသ မဟာထေရ် (မြို့နယ် ဩဝါဒစရိယ ဝိနယဓရ)၏ ဓာတ်ပုံတော်

ဖြစ်နေသော ဆရာတော်ကြီး ရုပ်ကလာပ်တော်ထားရာ တောင်ကုန်းကမူလေးမှာ ပေါ်လွင်လာပြီး လူတိုင်း အလွယ်တကူ ဖူးမြင်လာနိုင်ပြီဖြစ်၍ စာရေးသူ ပီတိဖြစ်ခဲ့သည်။

"ဆရာတော် ဘဒ္ဒန္တ ကုဏ္ဍဝံသ" သက်တော်ထင်ရှား ရှိစဉ်အချိန်ကတည်းက ကိုးကွယ်ခဲ့သည့် တပည့်ဒါယကာအရင်းများ ဖြစ်ကြသည့် ပဲကြီးအင်းကျေးရွာမှာ နေထိုင်ကြသည့် ဦးတင်အေး၊ (အရှေ့ပိုင်း) ဦးကံလှိုင်နှင့် ရွာသူရွာသားတို့ထံ လိုအပ်သည့်

◆ ဘဒ္ဒန္တ ကုဏ္ဍဝံသ ဆရာတော်ကြီး၏ ခြေဖဝါးတော်






www.burmeseclassic.com

www.burmeseclassic.com



• ဘဒ္ဒန္တ ကုမ္ဘဝံသ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ထားရှိရာ တိုက်ကျောင်း ပြာသာဒ်

အကြောင်းအရာများကို စုံစမ်းမေးမြန်း၍ ယခု ကျောင်းထိုင်ဆရာတော် ဦးသုစိတ္တသီက ကွန်ပျူတာ မိတ္တူကူးထားသော ဆရာတော်ကြီး ခန္ဓာဝန်ချခဲ့သည့် ထေရုပ္ပတ္တိအကျဉ်းကို ယူပြီး ဆောင်းပါးရေးနိုင်အောင် စာရေးသူ စီစဉ်ခဲ့၏။

## ဖွားမြင် သန္ဓေစင်တော်မူခြင်း

ဘဝနတ်ထံ ပျံလွန်တော်မူပြီးသော ပဲခူးကြီးအင်းရွာ မဟာဗောဓိကျောင်း၌ သီတင်းသုံး နေထိုင်တော်မူသော ကျေးဇူးတော်ရှင် ဆရာတော်ကြီးသည် ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ရွှေတောင်မြို့နယ်၊ တရုတ်မော်တိုက်နယ် ကရင်ကုန်းကျေးရွာနေ ခမည်းတော် ဦးမြတ်နှင့် မယ်တော် ဒေါ်လုံတို့မှ ၁၂၇၉ ခုနှစ်၊ ကဆုန်လဆန်း (၉)ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူခဲ့သည်။

## ရှင်သာမဏေအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်ကြီးသည် ၁၂၉၄ ခုနှစ်၊ ကဆုန်လဆန်း (၁၄)ရက်၊ တနင်္ဂနွေနေ့တွင် တုမရကျောင်း ဆရာတော်နှင့်တကွ ခမည်းတော်, မယ်တော်တို့၏ ပဗ္ဗဇ္ဇာနုဂ္ဂဟကို ခံယူကာ တုမရကျောင်း ဆရာတော်ကို ဥပဇ္ဈာယ်ပြုလျက် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

## ရဟန်းအဖြစ်သို့ ရောက်တော်မူခြင်း

ဆရာတော်ကြီးသည် ၁၂၉၉ ခုနှစ်၊

• လွန်ခဲ့သောနှစ်ပေါင်း (၁၉)နှစ် ကျော်ကတည်းက ယနေ့တိုင် မပုပ်မသိုးတဲ့ ဘဒ္ဒန္တ ကုမ္ဘဝံသ မဟာထေရ်၏ ပုံတော်





www.burmeseclassic.com

www.burmeseclassic.com

ကဆုန်လဆန်း (၉)ရက်၊ တနင်္ဂနွေနေ့တွင် ခမည်းတော်, မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ ကြံခင်းမြို့ ကံကလေးတောရကျောင်း ဆရာတော် ဘဒ္ဒန္တစန္ဒိမာစာရကို ဥပဇ္ဈာယ်ပြုလျက် ရှင်သာမဏေအဖြစ်မှ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိတော်မူခဲ့ပါသည်။

## ပရိယတ္တိစာပေများ သင်ကြား ဆည်းပူးတော်မူခြင်း

ဆရာတော်ကြီးသည် ငယ်ရွယ်တောင်ကျေး ကလေးဘဝ၌ အခြေခံစာပေများနှင့် ဆုံးမစာများ၊ ဂဏန်းသင်္ချာ၊ ဗေဒင် စသော လောကီကျမ်းစာများကိုလည်းကောင်း၊ ရဟန်း ဖြစ်တော်မူသောအခါ နဝင်းကုန်းကျောင်း ဆရာတော်၊ ထုံးဘိုမြို့ ရေပိုင်း ဆရာတော်တို့ထံ၌ ဝိနည်း (၅)ကျမ်း။ သုတ် (၃)ကျမ်း စသော ပါဠိအဋ္ဌကထာတို့ကိုလည်းကောင်း...

'သိမ်ဦး၊ ပေါင်းတည်၊ ထားဝယ်ကျောင်းဆရာတော် ဘဒ္ဒန္တ ဉာဏုတ္တရ (အဂ္ဂမဟာပဏ္ဍိတ)တို့ထံ၌''အဂုံတ္တိုရ် (၁၁)ကျမ်း။ ကင်္ခါဇာတက ပါဠိတော်၊ ဓမ္မပဒပါဠိတော် အဋ္ဌကထာတို့ကိုလည်းကောင်း၊ မန္တလေးမြို့၌ အထက်တန်း ပရိယတ္တိစာပေများကိုလည်းကောင်း သင်ယူ လေ့လာခဲ့ပါသည်။

## စာပေကျမ်းဂန် သင်ကြားပို့ချတော်မူ၍ သာသနာပြုတော်မူခြင်း

ဆရာတော်ကြီးသည် မန္တလေးမြို့ ချမ်းသာကြီးကျောင်းတိုက်၌ လည်းကောင်း၊ မြင်းမူမြို့ သရက်တောကျောင်းတိုက်၌ လည်းကောင်း၊ ပန်းတောင်းမြို့နယ် တောင်ဘွေကျေးရွာ အုပ်စု သိမ်ဦးကျောင်း၌လည်းကောင်း၊



မြို့နယ် ပြည်ထဲရေး ဝိနယဓရ ဘဒ္ဒန္တ ကုဏ္ဍဝံသ မဟာထေရ်
ဆရာတော်ကြီး၏ ငယ်စဉ်ဘုန်းက
သက်ရှိထင်ရှားရှိစဉ်အခါက ဓာတ်ပုံတော်

ရောဝတီတိုင်းဒေသကြီး ကြံခင်းမြို့နယ် ရှောက်ခုံကျေးရွာအုပ်စု မြင်သာကျေးရွာ စစ်စီးတောင်ကျောင်း၌ လည်းကောင်း...

ယခု သီတင်းသုံး နေထိုင်တော်မူခဲ့သော ပဲကြီးအင်းရွာ မဟာဗောဓိကျောင်း၌လည်းကောင်း၊ ''သောတုဇန ရဟန်း၊ သာမဏေတို့အား'' သဒ္ဒါ သင်္ဂြိုဟ်ဝိနည်း၊ ရူပသိဒ္ဓိ၊ ဋီကာကျော်၊ ကင်္ခါ ဝိနည်း (၅)ကျမ်း၊ ဓမ္မပဒ၊ ဇာတက၊ သုတ် (၃)ကျမ်း။ ပါဠိတော်၊ အဋ္ဌကထာ စသော ကျမ်းစာများကို သင်ကြား ပို့ချပေးရင်းဖြင့် ''တောင်ဘွေရွာ၊ ပဲကြီးအင်းရွာ၊ သဲကောရွာ၊ လောင်းဇလီရွာ၊ သောင်ကြီးရွာ၊ ခယရ (၂) စသော ကျေးရွာများနှင့် မြို့နယ် ဒါယကာ, ဒါယိကာမအပေါင်း သူတော်ကောင်းတို့အား တရားဓမ္မများကို ဟောပြော ဆုံးမကာဖြင့် သာသနာပြုတော်မူခဲ့ပါသည်။

## ဘဝနတ်ထံ ပျံလွန်တော်မူခြင်း

အထက်ပါအတိုင်း သာသနာပြုပြီးနောက် ဘဒ္ဒန္တ ကုဏ္ဍဝံသ ဆရာတော်ကြီးသည် သာသနာသက္ကရာဇ် ၂၅၃၆ ခုနှစ်၊ ကောဇာသက္ကရာဇ် ၁၃၅၄ ခုနှစ်၊ ဝါသန္တဥတု သီတင်းကျွတ်လဆုတ် (၁၂) ရက်၊ သောကြာနေ့ ည (၁၀)နာရီ (၅၃)မိနစ်အချိန်တွင် ဘဝဇာတ်သိမ်း ခန္ဓာငြိမ်းတော်မူ၍ ၁၃၅၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၃) ရက်၊ ဗုဒ္ဓဟူးနေ့ နေ့လယ် (၂) နာရီအချိန်တွင် ရပ်ဝေးရပ်နီးမှ သံဃာတော်များနှင့်တကွ တပည့်ရဟန်း၊ သာမဏေ၊ ဒါယကာ၊ ဒါယိကာမတို့က ဆရာတော်ကြီး၏ ဥတုဇ ရုပ်ကလာပ်တော်ကို အန္တိမ အဂ္ဂိဈာပနပြုရန် တိုက်ကျောင်းပြာသာဒ်တော်ဖြင့် ခမ်းနားကြီးကျယ်စွာ ပူဇော်ခဲ့ပါသည်။


## ပျံလွန်တော်မူပြီးသည်မှ တစ်လအတွင်း ထူးခြားချက်များ

၁၃၅၄ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း (၅)ရက်၊ သောကြာ... ပြာသာဒ်ထက်သို့ ရောက်ရှိတော်မူ... သောအခါမှာ ဆရာတော်ကြီး...



www.burmeseclassic.com

www.burmeseclassic.com



◆ စာရေးသူနှင့် ဆရာတော် ဦးသုစိတ္တ

မျက်လုံးတော် နှစ်ဖက်စလုံး ဖွင့်လာခဲ့ပါသည်။ ထို တန်ဆောင်မုန်းလဆန်း (၆, ၇)ရက် (၂)ရက်တိုင်တိုင်အထိ မျက်လုံးတော်ကနေပြီး ပုလဲရောင်ခြည်တော်များ တောက်ပခဲ့ပါသည်။

(၈, ၉)ရက်နေ့တွင်မူ ညာဘက် မျက်လုံးတော်မှနေ ဘယ်ဘက် မျက်လုံးတော်သို့ ကူးသန်းပြီးတော့ ဖြူဖွေးသော အရောင်တော်များ ထွက်လာခဲ့ပါသည်။ တန်ဆောင်မုန်း လဆန်း (၁၀)ရက်နေ့မှ စ၍ နှာခေါင်းတော်၊ နဖူးတော်၊ မျက်နှာတော်ပြင် တစ်ခုလုံး၌ ယနေ့ထက်တိုင် ဖြူဖွေးသော အရောင်တော်များ ထွက်လာခဲ့ပါသည်။

ဤဆရာတော်ကြီး၏ ဆံပင်တော်တို့သည် ပျံလွန်တော်မူစ အချိန်တွင် ဖြူဖွေးသောအရောင်ဖြစ်၍ ယခုအချိန်၌ မည်း၍ ရှည်လာခဲ့ပါသည်။ ထို့အပြင် တန်ဆောင်မုန်းလဆုတ် (၉)ရက်၊ ဗုဒ္ဓဟူးနေ့ နံနက် (၇) နာရီ အချိန်တွင် မှန်ခေါင်းတော် သုံးဖက်တို့ကနေ ရေမှုန်ရေမွှားများက ရုပ်ကလာပ်တော်ကို မထင်မရှားဖြစ်အောင် ဖုံးလွှမ်းနေပြီးမှသာ ထိုနေ့ နံနက် (၈) နာရီခွဲတွင် ရေမှုန်ရေမွှားများကလည်း ရုတ်တရက် ပျောက်၍ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ပီပြင်ထင်ရှားစွာ ဖူးမြော်ခွင့် ရကြပါတော့သည်။

## ဆရာတော်ကြီး၏
## အမြဲ ဆုံးမသြဝါဒ

ဆရာတော်ကြီးက သူ့ဒါယကာ၊ ဒါယိကာမများ အားလုံးကို...

'မိမိကိုယ်ကို ကောင်းအောင်ထား။ ကိုယ်မကောင်းလျှင် နူတတ်တယ်။
မိမိနှုတ်ကို ကောင်းအောင်ထား။ နှုတ်မကောင်းလျှင် ပဲ့တတ်ရွဲ့တတ်တယ်။
မိမိစိတ်ကို ကောင်းအောင်ထား။ စိတ်မကောင်းလျှင် ရူးတတ်တယ်'
လို့ ဆုံးမတော်မူခဲ့ပါသည်။

## ဆရာတော်ကြီး၏
## နောက်ဆုံး သံဝေဂကဗျာ

'နပ်ပြုခြင်းဟာ အိုဖို့ရာ နာတာသေဖို့ပဲ၊ ဘုရားသော်မှ သေရတာ နင်ဟာတာမို့လဲ?'

ဟု ဤသံဝေဂကဗျာဖြင့်လည်း ဆုံးမတော်မူခဲ့ကြောင်းကို စာရေးသူ သိရှိခဲ့ရပါသည်။

ဆရာတော်ကြီးမှာ အတိတ်ဘဝက ကံဝဋ်ကြွေးကြောင့် အမှတ်မထင်သည့် အချိန်တွင် သစ်လုံးတိုင်ကြီး ပြိုလဲပြီး ဆရာတော်ကြီး၏ နောက်ကျောပေါ်သို့ ပိကျကာ အတွင်းဒဏ်ရာရ၍ သွေးအန်သည့် ဝေဒနာကို ရရှိခဲ့ပါသည်။

ဤကဲ့သို့သော ထိခိုက်ဒဏ်ရာရရှိမှုကြောင့် ဒဏ်ဖြစ်ကာ အကင်းမသေသဲ ဆရာတော်ကြီးမှာ နှစ်ရှည်လများ ဝေဒနာကို သည်းခံတော်မူ၍ သာသနာတော် အကျိုးကို ငဲ့ကွက်ပြီး အရိုးကြေကြေ အရည်ခန်းခန်း ဆိုသည့် စိတ်ဓာတ်မျိုးဖြင့် သာသနာ ပြုတော်မူခဲ့ခြင်း ဖြစ်ပါသည်။

ထို့အတူ နောက်ဆက်တွဲ ဝေဒနာများကိုပါ ခံစားရရှိခဲ့၏။

ထို့ကြောင့် ၁၉၇၄ ခုနှစ်မှ စပြီး ၁၉၉၂ ခုနှစ်အထိ ဦးကံလှိုင်မှ ဆရာတော်ကြီး၏ ကျန်းမာရေးကို အခြား အကျိုးတော်ဆောင်များနှင့်အတူ ကူညီစောင့်ရှောက် ပြုစုပေးခဲ့ရပါသည်။ သို့သော် ခန္ဓာရှိ၍ ဒုက္ခ မချုပ်ငြိမ်းသေးသောကြောင့် မည်သို့ပင် စိတ်အားမာန် မလျှော့သော်လည်း အတွင်းဒဏ်ထိ၍ မကြာခဏ သွေးအန်သည့်ဝေဒနာ ရှိခဲ့သည်။ ဤရောဂါကြောင့် ကုဋီ (အိမ်သာ) တက်ရင်းတောင်မှ သတိလစ်သွားသည့်အထိ ဝေဒနာကို ဆရာတော်မှ ခံစားနေခဲ့ရရှာပေသည်။

ဤကဲ့သို့ သာသနာ့အာဇာနည် ပုဂ္ဂိုလ်ကြီးဖြစ်သည့် ဆရာတော်ကြီး မကျန်းမာ၍ အိပ်ရာထဲ လဲလျောင်းနေချိန်မှာ ကပစ(...)မှ တပ်ရင်းမှူးက သူ့တပ်မှ ဆေးမှူးကို ခေါ်လာပြီး ဆရာတော်ကြီးကို ဆေးဝါးများ ကုသ



www.burmeseclassic.com

www.burmeseclassic.com

ပေးရာမှ အခြေအနေ သိပ်မကောင်း မှန်းသိ၍ သူ၏ တပ်ရင်းဆေးခန်း ဆေးရုံသို့ ပင့်ဆောင်၍ ဆေးကုလို ကြောင်းကို ဆရာတော်ကြီးကို လျှောက် ထားတောင်းပန်သည်။

ထိုအခါ ဆရာတော်ကြီးက ဦးခေါင်း တော်ကို ခါပြပြီး...

'ဒါယကာကြီးတို့ ကျောင်းကို ဆေးလာ ကုသပေးရလို့ ပင်ပန်းရင် နေပါစေ၊ ငါဟာ ကိုရင်ဘဝကတည်းက ယခု ရဟန်းဖြစ်ရတဲ့ အထိ ဝါကျိုးဝါပေါက်တာ လုံးဝ မရှိခဲ့တာ ကြောင့် ဝါ လုံးဝ မလိုက်နိုင်ဘူး'

ဟု ဝါတွင်းကာလမို့ ဆရာတော်ကြီး မှ ငြင်းဆိုခဲ့ပါသည်။

မသိရှိသူများ သိသွားအောင်၊ သိပြီး သူများပါ သတိထားရအောင်လို့ ဆရာ တော်ကြီး သက်ရှိထင်ရှား ရှိစဉ်အခါ တုန်းက ပြောခဲ့သည့် စကားလေးကို လည်း စာရေးသူ လက်ဆောင် ပါး လိုက်ချင်ပါသည်။

ဒါယကာ, ဒါယိကာမများကို သီလ ပေးနေချိန်မှာ ဆရာတော်၏ သီလပေး တရားစကားသံ မပြီးဆုံးမီ ကြိုတင်၍ သံပြိုင်လိုက်ဆိုခြင်း၊ ဆရာတော် သီလ ပေးတရား စ,တိုင်ပေးနေစဉ် ရှေ့က ကြိုတင်၍ သံပြိုင်လိုက်ဆိုကြခြင်းကို တွေ့ရာတွင် ဆရာတော်ကြီးမှ သီလ ပေးနေရာက ရပ်ထားလိုက်ပြီးတော့...

'မည်သည့် သံဃာတော်ပဲဖြစ်ဖြစ် သီလပေး တရားတိုင်နေတဲ့ စကားသံ မဆုံးခင် ကြိုတင် နောက်ကနေ လိုက်မဆိုကြဖို့ စကားသံ စလုဆဲဆဲ ရှေ့ကလိုက်ပြီး ကြိုတင် မရွတ် ဆိုကြဖို့ ဤကဲ့သို့ ပြုလုပ်ပြီး ရွတ်ဆိုကြ ပါကလဲ သီလကို တိုင်ကြားပေးတဲ့ သံဃာ တော်မှာ အာပတ်သင့်ပြီး တရားနာတဲ့သူ တွေလဲ ဘာသီလမှ မရနိုင်တော့ဘူး'

ဟု ဆရာတော်ကြီးမှ မှာကြားခဲ့ပါ



ယာအစွန် စာရေးသူ၊ ဆရာတော် ဦးသုစိတ္တ၊ ဦးသုနိ၊ ဦးအာလောက၊ ဦးကံလှိုင် (ဝဲတက်)၊ ဦးမိုးနိုင် (ဝဲအစွန်)

သည်။ သူဟောသည့် တရားတိုင်းမှာ ဤကိစ္စနှင့် ပတ်သက်ပြီး ဒါယကာ, ဒါယိကာမများကို အမြဲ မိန့်ကြားပြီး သွန်သင်ဆုံးမတော်မူခဲ့၍ သာသနာ တော်တွင်းမှာ သာသနာပြုသူများ သတိထားသင့်သည့် စကားတော် ဖြစ် ပါသည်။

ထို့အတူ တစ်မြို့နယ်လုံးရှိ သံဃာ တော် အရှင်သူမြတ်များ ဒေသနာကြား ပွဲကို (၃) နှစ် ကျင်းပပြီး၊ လာမည့်နှစ်မှာ ဒေသနာကြားနိုင်ဖို့အတွက် ဆရာတော် ကြီးထံသို့ ကြိုတင်၍ လာရောက် လျှောက်ထားသောအခါ အိပ်ရာထဲမှာ လဲလျောင်းနေသည့် ဆရာတော်ကြီး က တပည့် သံဃာတော်များဘက်သို့ ဦးခေါင်းကို စောင်းပြီး ငဲ့ကြည့်၍ "စဉ်း စားဦးမယ်" လို့သာ ဒေသနာကြားခွင့် တောင်းသူများကို မိန့်ကြားခဲ့၏။

ထိုနှစ်ထဲမှာပဲ ဆရာတော်ကြီးဟာ ခန္ဓာဝန်ချ၍ ပျံလွန်တော်မူခဲ့ပါသည်။ (ဒေသနာကြားခြင်းသည် အပြစ် ရှိရှိ မရှိ ရှိ စင်ကြယ်အောင် ကြားလို့ ရပါ သည်။)

ဆရာတော်ကြီးသည် ငယ်စဉ် အချိန်၌ကသာ လောကီ ပညာရပ်များ ကို သင်ကြား လေ့လာခဲ့ပြီး လိုက်စားခဲ့ သော်လည်း အသိဉာဏ်ကြွယ်ပြီး အရွယ်ရောက်လာချိန်ကစ၍ လောကီ ကို စွန့်လွှတ်ကာ လောကုတ္တရာကိုသာ အားပြု၍ မြတ်ဗုဒ္ဓရှင်တော်ဘုရား၏ စကားတော်ကို နားထောင်ပြီး လိုက်နာ ကျင့်ကြံ အားထုတ်ခဲ့ကြောင်း၊ ဆရာ တော်ကြီးကို သိမီတဲ့ လူကြီးသူမများ ထံက စာရေးသူ သိရှိရပါသည်။

ထို့ကြောင့်လည်း "ဘဒ္ဒန္တ ကုန္တဝံသ ဆရာတော် ကြီး" ကို မြို့နယ် ဩဝါဒ စရိယ ဝိနယဓရ ဘွဲ့တံဆိပ်တော်ကို ချီးမြှင့် ဆက်ကပ်ပြီး လှူဒါန်းခဲ့ခြင်း ဖြစ်သည်။ သို့သော် ဝိနည်းတော် အတိုင်းနေထိုင်သည့် ဆရာတော်ကြီး သည် မည်သည့် ဂုဏ်ပကာသနကိုမှ မတပ်မက် မခင်တွယ်သောကြောင့် တပည့်ဖြစ်သူ ဦးတင်အေးနှင့်အတူ တိတ်တဆိတ် ရန်ကုန်မြို့ကို ကြွသွား အခမ်းအနား တစ်ပွဲစာဖြစ်သောလျှင်



www.burmeseclassic.com

www.burmeseclassic.com



◆ ဆရာတော်ကြီး သီတင်းသုံးနေထိုင်ပြီး သာသနာပြုသွားခဲ့သော မဟာဗောဓိကျောင်း

က်ခံယူ၍ ကျောင်းပြန်ရောက်သော ခါ သာမန် သံဃာအဖြစ်နှင့်သာ ပျံလွန်တော်မူသည်အထိ နေထိုင်သွားခဲ့ ပါသည်။

ညီသူ့ကိုမှ အသိပေးပြီး ဂုဏ်ပါဝါ ကို မဖော်ပြခဲ့သကဲ့သို့ ဦးတင်အေးက လည်း သစ္စာရှိစွာ နှုတ်လုံခဲ့ပါသည်။ ထို့ကြောင့် ဆရာတော်ကြီး ပျံလွန် တော်မူပြီးမှသာ သိမ်းထားသော ဘွဲ့တံဆိပ်တော်ကို သေတ္တာထဲမှာ တွေ့ ကြရမှသာ အားလုံးသော ဒါယကာ၊ ဒါယိကာမ အပေါင်းတို့မှာ အံ့သြဝမ်း သာကာ ဝမ်းနည်းခြင်းများပါ တစ်ပြိုင် နက် ဖြစ်ကြရပြီး ဤဘွဲ့တံဆိပ်တော် ကို ဆရာတော်ကြီး၏ မှန်အခေါင်း ပေါ်မှာ စာတန်းရေးထိုးပေးပြီး ချိတ်ခဲ့ကြကြောင်းကို သိရပါ သည်။

ဆရာတော်က သူ မပျံလွန်မီ အကျိုး ဆောင်အဖွဲ့ကို ခေါ်၍...

"ငါ့ရုပ်အလောင်းကို မီးမသင်္ဂြိုဟ်နဲ့ ဒီ အတိုင်းထားကြ"

ဟု မှာကြားခဲ့၏။ အချို့သော သူ များက ဆရာတော်ကြီး ရုပ်အလောင်း ပုပ်ပွပြီး နံစော်ပါက မီးသင်္ဂြိုဟ်ကြမယ် လို့ ကြံစည်ထားပါသည်။ သူတို့ ထင်သကဲ့သို့ မပုပ်သည့်အပြင် သက်ရှိ ထင်ရှား ရှိသကဲ့သို့ ရုပ်ခန္ဓာတစ်ကိုယ် လုံး ပျော့ပျောင်းနေ၏။

ထို့ကြောင့် စောင့်ကြည့်ပူဇော်လာ ရင်းကနေ ယနေ့အချိန်ထိ မပုပ်မသိုး ခဲ့ပါ။ ဤကဲ့သို့ စံကျောင်းတိုက် ပြာသာဒ်တော်မှာ ပူဇော်ထားချိန်၌ တစ်နေ့သောအခါတွင်မှာတော့ ပန်း တောင်းမြို့နယ်တွင် မိုးခေါင်ရေရှားပြီး လယ်ယာများ စိုက်ပျိုးမှုအတွက် အတိ-ဒုက္ခရောက်ပြီး အဆင်မပြေ ဖြစ်သော ကြောင့် ယင်းတို့ရဲ့ အတိတ်ဘဝက အကုသိုလ်ညီတူ ကံကြွင်းကို သတိ မမူဘဲ **"ဤဆရာတော်ကြီးရဲ့ ရုပ် ကလာပ်တော်ကို မီးမသင်္ဂြိုဟ်ဘဲ ဒီအတိုင်းထားလို့သာ ဒီလို ကြုံတွေ့ ရသည်"** ဟူသော အယူအဆဖြင့် သက်ဆိုင်ရာဌာနကို ရွာသူရွာသားများ အချို့က လှမ်းတိုင်ကြားခဲ့သည်။

သက်ဆိုင်ရာကလည်း ဤသတင်း ကိစ္စမှာ အမှန် ဟုတ်မဟုတ်ကို စုံစမ်း စေခဲ့ပါသည်။ တာဝန်အရ လာရောက် စုံစမ်းသူပင် အံ့သြသွားခဲ့၏။ ဆရာ တော်ကြီးက ဒီမှာ ပျံလွန်တော်မူခဲ့သည် မှာ ကြာပြီ။ သူက မနေ့တစ်နေ့ကမှ ဒီဆရာတော်ကြီးကို ရွှေစက်တော် ဘုရားမှာ ဖူးတွေ့ရ၍ ကိုယ်တိုင်ပင် ဆွမ်းတော်များကို လောင်းလှူခဲ့ရသည် မို့ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော် ကို မြင်ပြီး မယုံမရဲ ဖြစ်ရကာ အံ့သြခဲ့ ရပါပြီ။

သို့နှင့် လာစုံစမ်းသူက အထက်ဌာန ကို ထူးခြားမှုဖြစ်စဉ်တင်၍ အစီရင်ခံပြီး ယခု မဂ္ဂဇင်း ဓာတ်ပုံထဲမှာပါသည့် စံပြကျောင်းတိုက်နှင့် အမိုးအကာများ ကိုပင် ဆောက်လုပ် လှူသွားခဲ့ပါသည်။ ထို့အတူ ပဲကြီးအင်းရွာ၊ ပန်းပဲဖိုဆိုင်ရှင် ဦးအောင်ဖြိုးနှင့် လောင်းဇလီရွာထိပ်က အိမ်မှာနေထိုင်သည့် ဒေါ်သိန်းရင်တို့က လည်း ဤဆရာတော်ကြီးကို ဆွမ်းခံ ကြွပြီး သွားလာနေကြောင်း အိပ်မက် မြင်မက်သည်ဟု ပြောပါသည်။

ဤကဲ့သို့ပင် အခြားသူများလည်း အိပ်မက်ထဲမှာ ဖူးမြော်ရသူများ ရှိသ ကဲ့သို့ လက်တွေ့ ဖူးတွေ့ရသူများလည်း ရှိကြောင်းကို ယနေ့အချိန်အထိ ကြား သိရပါသည်။

မဟာဗောဓိကျောင်းမှာ (၃)ကြိမ် မြောက်၊ အကျိုးတော်ဆောင်အဖွဲ့များ၊ ကျောင်းကိစ္စအတွက် အစည်းအဝေး ပြုလုပ်နေသော ည သန်းခေါင်ယံ အချိန်တုန်းကလည်း ရုပ်ကလာပ် တော်ထားရာ စံကျောင်းပြာသာဒ်ကနေ အလွန် လင်းလက်တောက်ပသည့် မီးလုံးအတန်းကြီးတစ်ခု ရုတ်တရက် ဝင်ရောက်လာပြီး ကျောင်းတွင်းရှိ မှန် ရုံထဲမှာရှိသည့် ဗုဒ္ဓရုပ်ပွားတော်ရှေ့မှာ





www.burmeseclassic.com

www.burmeseclassic.com

ရုပ်တန့်နေပြီး ခဏကြာမှ ကောင်းကင်ပေါ်သို့ ပျံသန်း ပျောက်ကွယ်သွားကြောင်း ပြောပြခဲ့ပါသည်။

ကျောင်းအောက်မှာရှိသည့် အိမ်မှ ဒေါ်အေးစန်းကလည်း ဤကိစ္စမှာ ဟုတ်မှန်ကြောင်း သက်သေ အခိုင်အလုံဖြင့် စာရေးသူကို ပြောပြခဲ့ပါသည်။

လူမျိုးခြား တစ်ယောက်ကလည်း ဗောဓိကျောင်းရှိ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို သိပ္ပံအကူ စက်ကိရိယာဖြင့် ရိုက်ကြည့်ပြီး လေ့လာရာတွင် ဆရာတော်ကြီး၏ ဦးခေါင်းတော်နေရာ၌ အရိုးချိတ်ဆက် ဖြစ်နေတာကို တွေ့ရကြောင်း မဟာဗောဓိကျောင်း အကျိုးတော်ဆောင် အဟောင်းများက ပြောပြကြပါသည်။

ဟိုးအရင်တုန်းက ဆရာတော်ကြီးရဲ့ ဆံပင်တော်များနှင့် ခြေသည်း၊ လက်သည်းများ မကြာခဏ ရှည်လာ၍ ဆံတော်ရိတ်ပြီး လက်သည်းညှပ်ဖြင့် ညှပ်ပေးရကြောင်းလည်း ပဲကြီးအင်းရွာမှာ နေထိုင်ကြသည့် ရွာသူရွာသားများက ပြောပြပါသည်။

စာရေးသူ ယခု သွားရောက် လေ့လာခဲ့သည့်အချိန်တွင်မူ ဆံပင်များ မထွက်တော့ပါ။ ခြေသည်း၊ လက်သည်းများကတော့ ယခုထိ ရှိနေတုန်းပါပဲ။ ချက်တော်များလည်း ရှိပါသည်။ ရင်မခွဲဘဲ သည်အတိုင်း ပူဇော်ထားသည့် ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်မှာ ကျောက်သားအသွင်ဖြင့် လက္ခဏာကြီးငယ် အသွယ်သွယ်သော ကိုယ်အင်္ဂါများ ပြည့်စုံစွာ ရှိပါသည်။

ယခင်တုန်းက အခေါင်းတော်မလုံ၍ ပိုးဟပ်များကြောင့် ဆရာတော်ကြီး၏ ဦးခေါင်းတော်မှာ အနည်းငယ်မျှ အပေါက်ကလေး ဖြစ်နေသည်ကလွဲ၍ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းထဲမှာ ဖော်ပြထားသည့် ဓာတ်ပုံထဲကအတိုင်းပဲ ယခု ၂၀၁၂ ခုနှစ်အထိ ကြည်ညိုဖွယ်ရာ ဖူးတွေ့ကြရမှာမို့ ရုပ်ဝေးရုပ်နီးက ဓမ္မမိတ်ဆွေအပေါင်းတို့ကို စာရေးသူ ဖိတ်ခေါ် တိုက်တွန်းလိုက်ပါရစေ။

**ပန်းတောင်း – တောင်ကုတ်၊ စစ်တွေ၊ ထုံးဘို၊ မင်းတုံး။ ကြခင်း။ မြန်အောင် အစရှိသည့် ကားလမ်းကြောင်းနှင့်လည်း လမ်းသင့်သလို ရွှေစက်တော်ဘုရားကို သွားသည့်** ကားလမ်းကြောင်းနှင့်လည်း လမ်းသင့်ပါသည်။

"ဘဒ္ဒန္တကုန္တဝံသ မဟာထေရ်"၏ ရုပ်ကလာပ်တော် တည်ရှိနေသည့် မဟာဗောဓိ ကျောင်းမှာလည်း ပန်းတောင်းမြို့၊ ပဲကြီးအင်းရွာ၏ ကားလမ်းဘေးတွင် ရှိသောကြောင့် အဖိတ်အပင် အတားအဆီးမရှိဘဲ လွယ်ကူစွာ လာရောက်ပြီး ဖူးမြော်နိုင်ပါသည်။

ဤဆရာတော်ကြီးကို အချို့ကလည်း အသေထွက်ဆိုပြီး သံသရာဆက်လည်မည့် "ထွက်ရပ်ပေါက်" ပုဂ္ဂိုလ်အဖြစ် သမုတ်ကြသလို၊ သံသရာရပ်၍ နိဗ္ဗာန် ရောက်ရှိသွားသည့် "ရဟန္တာ"အဖြစ်လည်း သမုတ်နေကြပါရဲ့။

ဘာကြောင့်ပဲဖြစ်ဖြစ် တပ်မတော် တပ်ကြပ်ကြီး(ငြိမ်း) ဦးထွန်းဝင်း ပြောပြခဲ့တဲ့ ကဗျာလေးနှင့် နှိုင်းယှဉ်ပြီး လေ့လာလိုက်မယ်ဆိုလျှင်မူ စာဖတ်ပရိသတ်အားလုံး ရှင်းပြီး "ကုသိုလ်စိတ်သက်သက်" ဖြစ်ကြပါလိမ့်မည်။ ကဗျာလေးကတော့ အောက်ပါအတိုင်း ဖြစ်ပါတယ်ခင်ဗျာ။

'ညည်းညူမှုမရှိ သတိမယွင်း ချိန်နေ့သိပြီ၊ မျက်လုံးကျော့ဆွဲ မရှိတဲ့ ယောလဲ မတောင့်တင်း၊ ပုပ်နံ့ကင်းသည်။ ကြောင်းရင်း ဝိပဿနာ အကျိုးတည်း'

ကဲ... စာရှုသူ ဓမ္မမိတ်ဆွေ အပေါင်းတို့ခင်ဗျာ၊ ဤကဗျာစာသားလေးနှင့် တထေရာတည်း ကိုက်ညီနေသည့် ဆရာတော်ကြီးကို ဉာဏ်သုံးပြီးသာ စဉ်းစားကြည့်ကြပါတော့ဗျာ။

"အို... ဓမ္မမိတ်ဆွေ သူတော်ကောင်းတို့" လွန်ခဲ့သော နှစ်ပေါင်း (၁၉)နှစ်ကျော်ကတည်းက လုံးဝ မပုပ်မသိုးဘဲ ကျောက်သားအသွင် ကူးပြောင်းပြီး ယနေ့တိုင် မမေ့နိုင်စရာ တည်ရှိနေသည့် ဘဒ္ဒန္တကုန္တဝံသ ဆရာတော်ကြီး၏ ရုပ်ကလာပ်တော်ကို ဖူးထိုက်ခွင့်ရအောင်လို့ ဤမဟာဗောဓိကျောင်းကို ကြွရောက်ခဲ့ကြပါလို့၊ ဆရာတော် ဦးသုစိတ္တနှင့်အတူ စာရေးသူကလည်း ဖိတ်ခေါ် နှိုးဆော် တိုက်တွန်းလိုက်ပါကြောင်း...


**[မဟာဗောဓိကျောင်း၌တွင် စာရေးသူနှင့်အတူ ပူးပေါင်းကူညီပြီး လုပ်အားဒါန ပြုခဲ့ကြသော ရေဝင်ရွာကုန်းလေးမှ မောင်စည်သူထွန်းနှင့်တကွ အမှတ်(...) GE တစ်မှ ဆရာ ဦးသိုက်စိုး (လုပ်သားတာဝန်ခံ)နှင့် အတူ GE ဝန်ထမ်း ကိုစိုးသူ၊ ကိုစိုးဇော်၊ ကိုအေးနိုင်တို့နှင့် ခယ (၂)မှ စစ်သည်များ၊ အပါအဝင် ဤဆောင်းပါး ဖြစ်မြောက်အောင် ပြောပြ ကူညီကြသည့် ပဲကြီးအင်း ရွာသူရွာသားများနှင့် မဟာဗောဓိကျောင်း အကျိုးတော်ဆောင်များ အားလုံးကို ကျေးဇူးတင်ရှိပါသည်။]**

သက်မှူးပိုင်(ပန်းတောင်း)



www.burmeseclassic.com

www.burmeseclassic.com



◆ လေးထပ်မြင့်စေတီ

# ဒွတ္တဘောင်မင်းကြီး အမိဋ္ဌာန်ဘောင်ပြေ

သုတေသီတစ်ဦး

## အမိဋ္ဌာန်ကျောက်ဖျာနှင့် တိမ်မြုပ်နေသည့် ရဟန္တာသိမ်တော်

ဒွတ္တဘောင်မင်းကြီး ကောင်းမှု သရမာစေတီအား သွားရောက်ဖူးမြော်ပြီးအပြန်တွင် ပြည်မြို့ မှယာပင်ချုံရှိ ဒွတ္တဘောင်မင်း အမိဋ္ဌာန်ကျောက်ဖျာနှင့် ရှေးဟောင်း ရဟန္တာသိမ်သို့ ဝင်ရောက်လေ့လာ ကြည့်ရှုကြသည်။

**'ရှေးဟောင်းသမိုင်းဝင် လေးထပ်မြင့်စေတီ'** ဟူသော ကမ္ပည်းနှင့် စေတီကြီးတစ်ဆူ ဖူးမြင်ရသည်။ မည်သည့်ခေတ်ကာလတွင် တည်ဆောက်၍ စေတီဒါယကာ မည်သူဖြစ်သည်ဟု မသိရချေ။ စေတီအနီး လက်ယာဘက် မြေပြင်၌ အုတ်တိုက်တစ်ဆောင်ရှိကာ ထိုအုတ်တိုက်အတွင်း ကျောက်ဖျာကြီး တစ်ချပ်ကို တွေ့ရသည်။

'စေတီတော် မူလဒါယကာကို မသိရပေမယ့် ဒါကတော့ ဒွတ္တဘောင်မင်း အမိဋ္ဌာန်ဝင် ကမ္မဋ္ဌာန်း စီးဖြန်းခဲ့တဲ့ ကျောက်ဖျာဆိုတာ ရှေးဆရာတော်တွေ လူကြီးသူမတွေ ပြောပြလို့ သိရပါတယ်၊ သိကြားမင်း ဖန်ဆင်းပေးတဲ့ ကျောက်ဖျာလို့ ဆိုပါတယ်'

ကျောက်ဖျာမှာ ခါးစောင်းခန့် အမြင့်ရှိ၍ အကျယ်အဝန်းမှာ ဆယ်ပေပတ်လည်ခန့် ရှိလေသည်။

ဒွတ္တဘောင်မင်းသည် ဘာသာရေး ကိုင်းရှိုင်း၍ သဒ္ဓါတရား ထက်သန်သည့် သာသနာပြုမင်းတစ်ပါး ဖြစ်သည်။ သူ့လက်ထက်တွင် သာသနာတော် ပွင့်လင်းစည်ပင်၍ ရဟန္တာ



www.burmeseclassic.com

www.burmeseclassic.com




ဗွဲ့သောင်မင်း အဓိဋ္ဌာန်ကျောက်ဖျာ

မထေရ်ကြီးများ၊ ရသေ့ဆရာကောင်းများစွာ ပေါ်ထွန်းခဲ့သည်။

ဘုန်းကြီးသော မင်းဖြစ်၍ သိကြားမင်းက ပူဇော်ထောက်ပံ့ရသည်ဖြစ်ရာ **သူ၏ အဓိဋ္ဌာန်ကျောက်ဖျာတွင် သစ္စာဆိုတိုင်တည်ကာ လောကီ၊ လောကုတ္တရာ နှစ်ဖြာသော အကျိုးစီးပွားအတွက် ဆုပန်က ပြည့်စုံနိုင်လေသည်။** ဆိုင်ကယ်သမား ကိုရွှေက ဤသို့ ပြောပြသည်။

'၂၀၀၅ ခုနှစ်မှာ ကိုရင်ကြီးဝတ်ပြီး (၃)လ အဓိဋ္ဌာန်ခဲ့ရာ ဒီမှာ နေခဲ့ဖူးတယ်။ အဲဒီတုန်းက အဆောက်အအုံတွေ မရှိဘဲ ဟင်းလင်းပြင် ဖုန်းဆိုးတောကြီး ဖြစ်နေတယ်။ တစ်နေ့တော့ အိပ်မက် မက်တယ်။ ဆရာတော်တစ်ပါးကြွလာပြီး "စေတီတော်တောင်ဘက်မှာ ရှေးဟောင်းရဟန္တာသိမ်ရှိတယ်။ ရှာပြီး ဖော်ထုတ်ပါ။ ပုဗ္ဗေခေတ် ရဟန္တာတွေ သမုတ်ခဲ့တဲ့သိမ်"လို့ မိန့်ကြားတယ်။


ကျောက်ဖျာအုတ်တိုက်



အဲဒီနေ့ ကမ္မဋ္ဌာန်း သိမ်းပြီးချိန်မှာ ဝန်းကျင်တစ်ခိုလျှောက်ပြီး သိမ်ကို ရှာကြည့်တယ်။ အတော်ကလေး စေ့စေ့စပ်စပ် ရှာတော့မှ အင်ကြင်းကျောက်ဖြစ်နေတဲ့ သိမ်နိမိတ်တိုင် (၃)တိုင် တွေ့ရတယ်။ အရှေ့၊ အနောက် အလျားရှည် ပုံစံရှိတယ်'

ကိုရွှေက စေတီတောင်ဘက်လမ်းမကြီးနံဘေးသို့ ခေါ်ဆောင်ပြ[illegible]ပေးသည်။ သိမ်နိမိတ်တိုင်[illegible]မှာ မြေပြင်နှင့် တစ်ညီတည်းနီး[illegible]မှုရှိကာ

www.burmeseclassic.com



◆ ပျူခေတ် ရဟန္တာသိမ်နေရာဟောင်း

◆ မြက်ခင်းကြားမှ သိမ်နိမိတ်အင်ကြွင်းကျောက်



မြက်ချုံများ ပိတ်ပုံးနေသည်ကို တွေ့ရသည်။

အရှေ့မြောက်ထောင့်ရှိ နိမိတ်တိုင်မှာ လူသွားလမ်းတွင် ကျရောက်၍ ရာ ဘီးတာရာအရာများ၏အောက်၌ မှေးမှိန်စွာ မြင်ရလေသည်။

'ဒီအလယ်က အုတ်မြစ်အရာတွေ သိမ်ဟောင်းပန္နက်တွေလား'

'မဟုတ်ဘူးဆရာ၊ မြို့ကွက်ခဲ့တွင် တော့ ပတ်ဝန်းကျင်မှာ ဌာနဆိုင်ရာ အဆောက်အအုံတွေ ဆောက်ကြတယ်။ **ဒီနေရာကိုလဲ အဆောက်အအုံ ဆောက်ကြပေမယ့် အကြောင်းအမျိုးမျိုးကြောင့် မအောင်မြင်ဘဲ ပျက်သွားရတာချည်းပါပဲ။** အုတ်ဖိနပ်တွေက အဲဒီမအောင်မြင်တဲ့ အဆောက်အအုံအရာတွေပါ'

'သိမ်ဆိုတာက ရတနာသုံးပါးနဲ့ ဆိုင်တဲ့ သာသနိက အဆောက်အအုံ သာသနာ့မြေပဲ။ ရတနာသုံးပါးနဲ့စပ်တဲ့ ပစ္စည်းပစ္စယတွေကို မအပ်တဲ့နည်းနဲ့ သိမ်းယူမိလို့ စည်းစိမ်ဥစ္စာ လျော့ကျပြီး ဘေးအန္တရာယ် ရောက်တတ်တာကို ဒွတ္တဘောင်မင်းကြီးကိုယ်တိုင် ကြုံတွေ့ရတာကို ရာဇဝင်တော်တွေမှာ တွေ့ရတယ်။

မုန့်သည်မက ဆရာရဟန်းကို လှူလိုက်တဲ့ လယ်မြေငါးပယ်လောက်ကို မင်းကြီး သိမ်းယူမိလို့ လုံ့ပျံ့လဲမသွား၊ ခေါင်းလောင်းကြီး, စည်ကြီးတွေလဲ တီးခတ်လို့ မမြည်တော့ဘူး။

ရဟန္တာအရှင်မြတ်တွေက မင်းကြီးကို မိန့်တော်မူတယ်။ ရတနာသုံးပါးနဲ့ ဆိုင်တဲ့ ပစ္စည်းပစ္စယဆိုတာ မြွေပွေး မြွေဟောက်တွေနဲ့တူတယ်။ ထိခိုက်မိရင် ပြန်ပေါက်တတ်တယ်။ မြွေဆိပ်တက်ပြီး အသက်သေတဲ့အထိ ဒုက္ခရောက်သလို ရတနာသုံးပါးနဲ့ စပ်တဲ့ ပစ္စည်းပစ္စယတွေကို မအပ်တဲ့နည်းနဲ့ သိမ်းယူမိရင် အသက်သေတဲ့အထိ ဖြစ်တတ်တယ်လို့ ဆိုတော့မှ သိမ်းထားမြေကို ဆရာရဟန်းဆီ ပြန်လှူတယ်။

ဒါပေမယ့် အပြစ်ပြုမိပြီးဖြစ်တဲ့ အတွက် လုံ့ပျံ့၊ စည်၊ ခေါင်းလောင်းတွေက မသွား၊ မမြည်တော့ဘူး။ ဇမ္ဗူဒိပ်အလုံး နဂါးပြည်အထိ ဆက်သမြဲ အခွန်တွေလဲ မရောက်လာတော့လို့ မင်းကြီး ဒေါသထွက်ပြီး ပဍ္ဍင်းညို၊ ပဍ္ဍင်းဖြူ အမတ်နှစ်ပါးကို အလုံးအရင်းနဲ့ အခွန်တော် တောင်းဆိုင်းတယ်။ (၇)နှစ်လောက်ကြာမှ အခွန်တချို့သာ ရတယ်။

မင်းကြီး အမျက်တော်ရှပြီး အမတ်နှစ်ပါးကို ကွပ်မျက်တယ်။ တိုင်းပြည်မှာ ဘုန်းလက်ရုံးအာဏာနဲ့ ပြည့်စုံတဲ့ အမတ်တွေ မရှိတော့လို့ ကိုယ်တိုင်



www.burmeseclassic.com

www.burmeseclassic.com

အခွန်ကောက်ရတယ်။


နောက်ဆုံးတော့ မျက်ရှင်တော်လဲ ကွယ်၊ နဂါးမင်းကြီးက ပေးထားတဲ့ နဂါးကြေးလှေ၊ ဘောစန္ဒီမိဖုရားတို့လဲ ပျောက်ကွယ် ထွက်ခွာသွားကြလို့ ဒွတ္တပေါင်မင်းကြီးလဲ နတ်ရွာစံ ကံတော်ကုန်ရှာတယ်။ ***(မှန်နန်းမဟာရာဇဝင်တော်ကြီး စာမျက်နှာ–၉၀၊ ၉၁)***

ဒါကြောင့် သိမ်မြေနေရာဟောင်းကို လောကီဆိုင်ရာ အဆောက်အအုံ ဆောက်လုပ်နေထိုင်ခြင်းဖြင့် ဘေးအန္တရာယ် ဒုက္ခအသွယ်သွယ် ကျရောက်တတ်တယ်။ ရဟန္တာမြတ်တွေ သမုတ်တဲ့ သိမ်ဖြစ်လို့ သတ္တဝါတို့ ဒုက္ခမရောက်အောင်၊ မသုံးဖြစ်အောင် ဖန်တီးပေးပုံ ရပါတယ်'

'ဟုတ်ကဲ့ပါ။ ဒါနဲ့ ကျွန်တော်လဲ အနားက ချုံတွေရှင်းပြီး ရှေးဟောင်း ရဟန္တာသိမ်ဖြစ်ကြောင်း လက်လှမ်းမီရာ လူတွေကို ရှင်းပြခဲ့ပါတယ်။ အဓိဋ္ဌာန်ရက်စေ့လို့ ကျွန်တော် လူထွက်သွားတော့ တဲကျောင်းလေးမှာ ရဟန်းတစ်ပါး လာပြီး သီတင်းသုံးရာက အခုတော့ လေးထပ်ကျောင်းဆိုပြီး အနိုင်အခန့် ပေါ်လာပါပြီ။

ဒါပေမယ့် ရဟန္တာသိမ်ကတော့ ဆရာမြင်တဲ့ အတိုင်းပဲ။ မြက်တွေ၊ ပေါင်းတွေ၊ အုတ်ဖိနပ်ဟောင်းတွေနဲ့ တိမ်မြုပ်နေဆဲပါပဲ။ သာသနာ တစ်ခေတ်တစ်ချိန်က ဘုန်းတန်ခိုး အာနုဘော် ကြီးမားတဲ့ ရဟန္တာ မထေရ်မြတ်ကြီးတွေ သမုတ်တော်မူခဲ့တဲ့ ရဟန္တာသိမ်ကြီးပါ။

ရဟန္တာကြီးတွေရဲ့ဘုန်းရိပ် ခိုလှုံပြီး ဒီနေရာမှာ သစ္စာပြု ဆုပန်ရင် သမ္မာဆန္ဒအားလုံး ပြည့်ဝပါတယ်။ ကျွန်တော်ကိုယ်တိုင်လဲ အဲဒီတုန်းက



◆ လူသွားလမ်းအလယ်မှ မြင်ရသဲ့ သိမ်နိမိတ်တစ်ခု

◆ အဓိဋ္ဌာန်ဝင်ခဲ့သူ ကိုဈူ



ရင်ဆိုင်နေရတဲ့ လောကီအခက်အခဲ တွေ ပြေလည်ပြီး အခုတော့ ထူထူ ထောင်ထောင် ရှိနေပါပြီ။ မချမ်းသာ သေးပေမယ့် အကျပ်အတည်းတွေ မရှိ တော့ပါဘူး'

ဒွတ္တပေါင်မင်းကြီးသည် ရဟန္တာ သူမြတ်ပေါင်း သုံးထောင်ကို နေ့စဉ် မပြတ် ပစ္စည်းလေးပါး ဆက်ကပ် လှူဒါန်းခြင်း၊ ထိုရဟန္တာများ၏ လမ်းညွှန်မှုဖြင့် ဓမ္မသတ်ကျမ်း ပြုစုခဲ့ခြင်း တို့ကို ရာဇဝင်အစောင်စောင်တွင် တွေ့မြင်နိုင်သဖြင့် ထိုခေတ်ကာလ သာသနာထွန်းကား၍ ရဟန္တာ မထေရ်မြတ် ပေါ်များကြောင်း သိရှိ ရသည်။

ထို့အပြင်လည်း ရသေ့ဆရာကောင်း များ ရှိခဲ့ကြောင်း အောက်ပါ သာကေ ဖြင့် သိနိုင်သည်။

'သာသနာသက္ကရာဇ် တင်းရှ ခြောက်ဆယ့်ခုနစ်ခု(ဘီစီ–၃၉၇)၊ တပို



www.burmeseclassic.com


www.burmeseclassic.com

ဖွဲ့လဆန်းဆယ်ရက်၊ တနင်္လာနေ့၊ ပြီးသလင်္ဂ၊ ပြီသစန်း၊ တူတွင်အင်္ဂါ၊ တောရတွင် တနင်္ဂနွေ၊ ဗုဒ္ဓဟူး၊ သောကြာ ပူးလျက် ကုံတွင် စနေ၊ ရာဟု၊ မိန်တွင် ကြာသပတေး။ ထိုအခါ တွင် နောက်ိန်းကြံ၍ ပြင်နန်းတော် ဆောက်၍ ယတြာပြုတော်မူသည်။ **ဂြိုဟ်နက္ခတ်တို့ အမြင့်အယှဉ် အနေအထားအရ ပေါင်းဖြည့်ယတြာ ပြုပေးရန် လိုသည်ကို နောက်ိန်းကြံ သည်ဟု ဗေဒင်ဝေါဟာရ ဆိုထုံး။ ထိုအချိန်တွင် ယတြာမပြု(မနော)ပါ က ညည်းစိမ် အဝမ္ပလုယက်ခြင်း ခံရ ထတ်လေသည်။)**

* * * ——————→

ရသေ့ဂဝံပတော့ ပေးသောအခါ မြန်မာသက္ကရာဇ် ၁၆၈ ခုနှစ်၊ ဝါဆိုလ ဆန်း (၁၁)ရက်၊ ကြာသပတေးနေ့ ပြီးသလင်္ဂတွင် နောက်ိန်းစက်၍ နန်း တက်တော်မူသည်' ***(မှန်နန်းရာဇဝင် တော်ကြီး၊ စာ-၉၅)***

(**'နောက်ိန်းစက်'** = နောက်ိန်း ဖြည့်စုံသည်။ **'ပြင်'** = 'ပြင်ဟုဝ်' **(ပေါရာဏစကား)**=အဓမ္မလုယက်သူ တားပြ။ အဓမ္မလုယက်သူကြောင့် မူလ နန်းတော် စွန့်လွှတ်၍ ကိန်းချေယတြာ ပြုသော နန်းတော်ကို **'ပြင်နန်းတော်'** ခေါ်ခြင်း ဖြစ်သည်။) ဤသာဓကသည် မင်းကြီးကိုယ်တိုင် အားထားရသော ကောင်းကင်နက္ခတ် ကျွမ်းကျင်သူ ရသေ့ဆရာများရှိကြောင်း ညွှန်ပြပေး သည်။




နောက်ိန်းကြံ့စဉ် ဂြိုဟ်နေ

ထို့ကြောင့် သာသနာရေးရာတွင် ပရိယတ်၊ ပဋိပတ်၊ ပဋိဝေဓ သုံးရပ် သော သာသနာ ထွန်းလင်းအား ကောင်းသည်သာမက လောကီရေးရာ အကျိုးစီးပွား ဖြစ်တည်မှုကို ဆောင် သော သိပ္ပအတတ်များလည်း ထွန်း ကားခဲ့သည့် သရေခေတ္တရာခေတ် ပြယုဂ် ဖြစ်သည်။

**ဒွတ္တဘောင်မင်း အဝိဋ္ဌာန် ကျောက်ချောနှင့် တိမ်မြုပ်နေသော ရဟန္တာသိမ်တော်တို့ ကိန်းဝပ်တော် မူသော ပြည်မြို့ မှယာပင်ရပ် လေး ထပ်မြင်ဘုရား ကုန်းတော်မြေသို့** ကြွရောက်လေ့လာ ကုသိုလ် ယူနိုင် ကြစေရန် လမ်းညွှန် တင်ပြလိုက်ပါ သည်။

ဤနေရာရှိ ရှေးသိမ်နိမိတ်ကျောက် တိုင် အဝန်းအဝိုင်းအတွင်း လောကီ ဆိုင်ရာ အဆောက်အအုံများ ဆောက် လုပ်၍ မအောင်မြင်သော်လည်း စိတ် နှလုံး ထိတ်လန့်ညှိုးငယ်အောင် ဖန်တီး လေ့ မရှိပါ။

သီလ၊ သမာဓိ ပြည့်စုံသူတို့အား လောကီ၊ လောကုတ္တရာ ကိစ္စနှစ်ဖြာ စလုံး၌ တိုးတက်ကြီးပွားအောင် ကူညီ ပေးမှုများ ခံစားရနိုင်သည်ဟု ကိုယ်တိုင် စခန်းဝင် အားထုတ်ခဲ့သူ ဆိုင်ကယ် တက္ကစီသမား ကိုရွှေက ပြောပြလေ သည်။

**သုတေသီတစ်ဦး**

# သရက်သီးမှည့်ချိုန်

## ပိုးမဝင်ရအောင်



တစ်နေ့ စာရေးသူထံသို့ တူမလေး တစ်ယောက် သရက်သီးအမှည့်တစ်လုံး လာပေးပါသည်။ သရက်သီးမှာ အလုံး အတော်ကြီးပါသည်။

စာရေးသူမှ...

'အေး... အေး... ကျေးဇူးပဲ။ တို့များ အိမ်က သရက်သီးတွေကတော့ မှည့်တာနဲ့ ပိုးတွေဝင်ပြီး စားလို့မရတော့ဘူး။ ကြက်ခြံ နှိုးလို့ ဖြစ်တာလို့ ပြောကြတယ်။ ဒီ သရက်သီးကတော့ ပိုးမပါဘူးနဲ့တူတယ်'

ဟု ပြောရာ...တူမမှ...

'စိတ်ချဦးလေး... ဒီသရက်သီးက လုံးဝ ပိုးမပါဘူး။ လုံးဝ အာမခံတယ်'

ဟု ပြောပါသည်။

စာရေးသူမှ...

'တယ်ဆိုတဲ့ စာပါလား၊ လုပ်စမ်းပါ ဦး... ပိုးမဝင်နိုင်တဲ့ နည်းလေးများရှိရင် သက်ငယ်စကား သက်ကြီးကြားရအောင်'

ဟု ပြောရာ...

တူမမှ သူတို့သရက်သီးမှည့်တွေလည်း ယခင်တုန်းက ပိုးဝင်ခဲ့ဖူးကြောင်း၊ ယခု နည်းကို ပြုလုပ်လိုက်မှ ပိုးကင်းသွား ကြောင်း ပြောပါသည်။

နည်းလေးကတော့ သရက်သီးအမှည့် ပိုးဝင်သော သရက်ပင်စည်ကို လွှန် (သို့ မဟုတ်) စူးဖြင့် တစ်လက်မခန့် ဖောက်ပြီး **နိုင်းဆိုအနည်းငယ်ကို** ထိုအပေါက်ထဲ ထည့်၍အပေါက်ဝကိုတစ်ခုခုဖြင့်လုံအောင် ပြန်ပိတ်ထားလိုက်ပါ။ ဒါဆိုလျှင် သရက် သီးအမှည့်ထဲလုံးဝပိုးမဝင်တော့ပါကြောင်း လက်တွေ့နည်းလေးကိုပြောပြပေးပါသည်။

မာလကာသီးအမှည့်များ ပိုးဝင်လျှင် လည်း ဤနည်းဖြင့် ပြုလုပ်နိုင်ကြောင်း ပြောပြပေးပါသည်။

**နည်းပြောပြပေးသော တူမလေး အား ကျေးဇူးတင်ပါသည်။**

***အသီး ပိုးကင်းကြပါစေ။***

**စန္ဒာမိုး (တောင်ငူ)**



www.burmeseclassic.com

www.burmeseclassic.com

မော်ဒယ်သရုပ်ဆောင်

# ပဲရစ်ဟီးလ်တန်ရဲ့ လက်

သရော်ကြီးဦးအောင်မြင့်
(ဥပဒေအွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

အမေရိကန်နိုင်ငံသူ ပဲရစ်ဟီးလ်တန်ခေါ်တဲ့ မော်ဒယ်သရုပ်ဆောင်မလေးဟာ ကမ္ဘာတစ်လွှား နာမည်ထင်ရှားကျော်ကြားလှပါတယ်။ လူသိများလှပါတယ်။ ခေတ်စကားနဲ့ ပြောရရင် ပေါ်ပြူလာဖြစ်သူပေါ့။ သိပ်လှလွန်းလို့လား၊ သရုပ်ဆောင် ကောင်းလွန်းလို့လား ဒါတွေကြောင့်လဲ မဟုတ်ပါဘူး။


သူမဟာ ဟိုတယ်လုပ်ငန်းရှင်ကြီးတစ်ဦးဖြစ်တဲ့ အဘိုးထံက အမွေအနှစ်တွေ အစုအပုံ မမျှော်လင့်ဘဲ ရရှိကာကံကောင်းခဲ့တယ်။ အဲဒီနောက် သူမဟာ ငွေကို ရေလိုသုံးနိုင်ခဲ့တယ်။

အောင်မြင်ကျော်ကြား လူသိများမယ့် လုပ်ငန်းတွေကို လုပ်ဆောင်ခဲ့တယ်။ ကမ္ဘာအနှံ့လဲ လိုက်သွားခဲ့တယ်။ လွတ်လပ်စွာ နေထိုင်သွားလာပြောဆို လှုပ်ရှားခဲ့တယ်။ ဒါတွေလဲ အစိတ်အပိုင်းတစ်ခုပါ။

သူမရဲ့ လက်ဖဝါးပြင်နဲ့ လက်ချောင်းတို့ကို မြင်နိုင်သမျှ လေ့လာကြည့်ကြမယ်။

**(က) သူမရဲ့ လက်သန်းလက်ချောင်းဟာ လက်သူကြွယ်နဲ့ဝေးရာ လက်ဖဝါးရဲ့ အပြင်ဘက်ကို ပိုပြီး ကွာဟယိုင်သွားတယ်။**

* * *







ဒါဟာ စည်းကမ်းစနစ်တွေကို ဥာဏ်နဲ့ယှဉ်ပြီး လိုက်နာခြင်း၊ လွတ်လပ်စွာ လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ရှင်းရှင်းဘွင်းဘွင်း ပြောဆိုတတ်ခြင်းဆိုတဲ့ ပင်ကိုဗီဇ အကျင့်စရိုက်တွေရှိကြောင်း သိနိုင်ပါတယ်။

**(ခ) ပရစ်ဟီးလ်တန်ရဲ့ လက်သူကြွယ်လက်ချောင်းဟာ လက်ခလယ် လက်ချောင်းဘက်ကို ပိုပြီး နီးကပ်ယိုင်နေတယ်။**

* * *

ဒါဟာ ဖွံ့လုံ့လရှိခြင်း၊ စိတ်ဓာတ် ခိုင်မာပြတ်သားခြင်းဖြစ်စေတယ်။ လက်သူကြွယ်လက်ချောင်းနဲ့ လက်ခလယ်လက်ချောင်းတို့ ပူးကပ်နေခြင်းဟာ စီးပွားဥစ္စာ ပြည့်စုံချမ်းသာခြင်းနဲ့ အောင်မြင်ကျော်ကြားမှုရှိခြင်းတွေ မယိုင်မလဲ ခိုင်မြဲတည်တံ့မယ့်နိမိတ်ဖြစ်ပါတယ်။

ဘယ်တော့မှ စီးပွားမပျက်ဘူး။ ဂုဏ်သိက္ခာ ထိခိုက်ပျက်ပြားမယ့် ကိစ္စမျိုးတွေ ဆိုးဆိုးဝါးဝါး မဖြစ်အောင်လဲ ထိန်းညှိပေးနိုင်တဲ့ သင်္ကေတဖြစ်ပါတယ်။






www.burmeseclassic.com

www.burmeseclassic.com


ဒီ့အပြင် လက်သူကြွယ်လက်ချောင်းထိပ်ဟာ လက်ညှိုးလက်ချောင်းထိပ်ထက် နည်းနည်းပိုမြင့်နေတယ်။

ဒါဟာ အနုပညာဝါသနာပါခြင်း၊ အယူဉ်အမြိုင်ဝါသနာပါခြင်း၊ ငွေရှာကောင်းခြင်း၊ အလောင်းအစားဝါသနာပါခြင်း၊ အောင်မြင်ကျော်ကြားမှုကို နှစ်သက်ခြင်းတွေ ဖြစ်စေနိုင်ပါတယ်။

**(ဂ) သူမရဲ့ လက်ညှိုးဟာ လက်ခလယ် လက်ချောင်းဘက်ကို ဝိုပြီးယိုင်နေတာ တွေ့ရတယ်။**

ထင်ပေါ်ကျော်ကြားခြင်း၊ မာနရှိခြင်းတွေရဲ့ သင်္ကေတဖြစ်ပါတယ်။

* * *




**(ဃ) လက်ခလယ်အောက် စနေဂြိုဟ်ခုံနဲ့ လက်ညှိုးအောက် ကြာသပတေး ဂြိုဟ်ခုံကြား စနေဂြိုဟ်ခုံဘက် ဝိုနီးတဲ့နေရာမှာ ဒေါင်လိုက်မျဉ်း၊ ကံလမ်းကြောင်းဟာ အလွန်ထင်ရှား ပေါ်လွင်နေပါတယ်။**

* * *


ဒါဟာ အသက်ကြီးလေ ကံကောင်းလေဖြစ်မယ့် အတိတ်ကံကို ညွှန်ပြနေတာပါ။ သုံးမကုန်လောက်အောင် များပြားတဲ့ အမွေအနှစ် အစုအပုံ ရရှိတာဟာ ဒီကံလမ်းကြောင်းရဲ့ ပံ့ပိုးမှုနဲ့ မကင်းနိုင်ပါဘူး။

**'ဥစ္စာကို ကံစောင့်'**ဆိုတာ အတိတ်ကံ ကောင်းမှ ချမ်းသာမယ်။ အတိတ်ကံကောင်းရင် ဥစ္စာတွေ မပျက်ပြားနိုင်ဘူးလို့ ဆိုလိုတာထင်ပါရဲ့။

အတိတ်ကံ ကောင်းတဲ့သူတွေမှာတော့ အားကောင်းတဲ့ ကံလမ်းကြောင်းမျိုး ယခုလို တွေ့ရတတ်ပါတယ်။ မိမိကိုယ်တိုင် အားထုတ်ကြိုးစားရမှု သိပ်မရှိရဘဲ အချောင်ပွပေါက်တိုးတဲ့သူတွေမှာ **အဖျက်သင်္ကေတကင်းပြီး ထင်ရှားတဲ့ ကံလမ်းကြောင်းမျိုးတွေ ရှိကြစမြဲပါ။**

***အောင်မြင်ကျော်ကြား ချမ်းသာကြပါစေ...***

**ဆရာကြီး ဦးအောင်မြိုင်**
***(ဥပဒေဘွဲ့)***
**လက္ခဏာဗေဒင်ပညာသုတေသီ**




စာမျက်နှာ (၁၂၈)မှ အဆက်

'အေး ဟုတ်ပါပြီကွာ'

'လှူပြီးတော့ လာဘ်ပိုရှင်အောင် အားထည့်ရဦးမယ်ဗျ'

ထိုစဉ် အစ်ကိုစိုးသမီး မှုမှုသည် ရေခဲ့နွေးကြမ်းနှင့် မြေပဲဆန်ကြော် လာချသည်။ ကျွန်ုပ်သည် ရေနွေးငှဲ့မည် အပြု အစ်ကိုစိုးက...

'ငြိမ်းမှ သောက်တာပေါ့ကွာ။ အားထည့်ပုံ လုပ်စမ်းပါဦး'

ဟု ဝမ်းသာအယ်လဲ မေးပြန်သည်။

'လှူပြီးရင် သရဏဂုံဆောက်တည် ငါးပါးသီလခံယူ၊ ဂုဏ်တော်(၉)ပါး အာရုံယူရွတ်။ ပြီးမှ လာဘ်(သို့မဟုတ်)ငွေဆိုတော့ အများသိနေတဲ့ ဒိဝါတပဏီဂါထာ သက်စေ့ရွတ်၊ ခပ်များဆို (၆၂)ခေါက်ပေါ့။ နောက်မေတ္တာပို့ အမျှဝေ ဒါပါပဲဗျာ'

ဟု ကျွန်ုပ်က အဆုံးသတ်လိုက်သည်။

'အေးကွာ ဝါစမ်းကြည့်မယ်။ အများလဲ ပေးကြည့်မယ်။ ကဲ ရေနွေးသောက်ဦး''

ဟု ရေနွေးငှဲ့ပေးပါသည်။

ကျွန်ုပ်လည်း ရေနွေးသောက်လိုက်၊ မြေပဲဆန်ကြော်စားလိုက်နှင့် ထွေရာလေးပါး စကားပြောရင်း နာရီဝက်ခန့် အချိန်ဖြုန်းပြီး အစ်ကိုစိုးအား နှုတ်ဆက်ကာ ပြန်ခဲ့ပါသည်။

ကျွန်ုပ်သည် ဤလာဘ်ရှင်နည်း၊ လာဘ်ဝင်နည်း ယတြာကို အကြိမ်ကြိမ် စမ်းသပ်အောင်မြင်သည်များကို ပြန်လည်မြင်ရင်း အစ်ကိုစိုးနှင့် သူ၏ ပရိသတ် ကေန် လာဘ်ဝင် လာဘ်ရှင် ကြရတော့မည်ဟု တွေးရင်း...

**ဝေဒ ထက်ဝေ**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်သည် ရွာသို့အလည်ရောက်စဉ် အစ်ကိုစိုးတို့အိမ်ဘက် ခြေဦးလှည့်ခဲ့ပါသည်။ အစ်ကိုစိုးသည် ကျွန်ုပ်ကို မြင်သည်နှင့်...

'ဟာ ငါ့ညီ ဘယ်တုန်းက ရောက်လဲ လာဟေ့ ထိုင်။ သမီးရေ ရေနွေးနဲ့ မြေပဲဆန်ကြော်လေး လုပ်ပါဟေ့'

ဟု အားရဝမ်းသာ ကြိုဆိုပါသည်။ ကျွန်ုပ်သည် အစ်ကိုစိုး၏ အနီးရှိ ကုလားထိုင်တွင် ဝင်ထိုင်ရင်း...

'အစ်ကိုစိုး တော်တော်အဆင်ပြေနေတယ်ဆို'

ဟု မေးလိုက်သည်။ တကယ်တော့ အစ်ကိုစိုး၏ ပင်မအလုပ်သည် စက်ချုပ်ခြင်းပါတည်း။

အသက်ကြီးမှ ဗေဒင်ကို စိတ်ဝင်စားကာ တစိုက်မတ်မတ် လေ့လာပြီး ဟောပြောနေသူဖြစ်သည်။ ယခုအခါတွင် အများ၏ အားကိုးခြင်းခံရသည့် အနေအထား ရောက်နေသည်ဟု ကျွန်ုပ် ကြားသိရသည်။

'အေးကွာ ဟောရတာကလဲ မဆိုးဘူးဆိုပါတော့။ ဒါနဲ့ မင်းလာတုန်း မေးရဦးမယ်။ လူတွေက သိပ်လာဘ်ရှင်ချင်ကြတယ်။ ယတြာလဲ တောင်းကြတယ်ကွ။ အဲဒါလေး လုပ်စမ်းပါဦး'

ဟု ဆိုလာပါသည်။

အစ်ကိုစိုးသည် ကျွန်ုပ်နှင့်တွေ့တိုင်း သိချင်တာလေးတွေ မေးတတ်သည်။ ကျွန်ုပ်ကလည်း သိလျှင် လွယ်လွယ်ကူကူပင် ပြောပြပါသည်။ သို့နှင့် ကျွန်ုပ်က...

'ရပါတယ် အစ်ကိုစိုးရဲ့။ ဒီလိုဗျ မေးသူရဲ့ ရောက်သက်အမှန်ကို တည် (၇)နှင့်စား။ အကြွင်းကို အင်္ဂဝိဇ္ဇာတိုင်ထူ ဟောလိုက်ပေါ့'

'မင်းဟာက တိုလှချေလား။ လုပ်ပုံလုပ်နည်း ရှင်းသွားအောင် ငါ့ကိုသာ




# ဟောကိန်းဝေသည့်

ယတြာတစ်ခု

ဥပမာပေး တွက်ပြစမ်းကွာ။ ငါ့အသက် (၆၂)နှစ်'

'ကဲ ကြည့်ဗျာ'

ဟု ဆိုလိုက်လျှင်ပင် အစ်ကိုစိုးသည် မျက်မှန်ထူကြီးကို ဖျတ်ခနဲ တပ်လိုက်ကာ အနီးကပ်ပြီး အာရုံစိုက်လေတော့၏။ ကျွန်ုပ်သည် အောက်ပါအတိုင်း တွက်ပြီး ရှင်းပြပါသည်။

(၆၂)နှစ် ÷ ၇ = ၆ ကြွင်း (သောကြာ)

(၆ကြွင်း၍ သောကြာတိုင်ထူသည်။)

၃

၀

လာဘအိမ် ၄ (ဝါး၊ ရွက်လှည့်ညွှန့်)

– ၆ – (သောကြာတိုင်)

၂

၅

၁

**အင်္ဂဝိဇ္ဇာတိုင်**

'ဗုဒ္ဓဟူး ၄,က လာဘအိမ်ပဲ တစ်နည်းအားဖြင့် စုတ်အိမ်ပဲ မဟုတ် လား။ ဒီတော့ ဝါး(သို့မဟုတ်)ရွက်လှ (၄)ညွှန့်ကို ဗုဒ္ဓဟူးအမည်ပါတဲ့ဘုရား အဲ ကျွန်တော်တို့ရွာမှ ရွှေဘုံသာပေါ့ ရွှေဘုံသာဘုရားမှာ လှူ။ အချိန်က ဗုဒ္ဓဟူးနေ့ မနက် (၆)နာရီသာသာ (၇)နာရီခွဲအတွင်းပေါ့'

ဟု ရှင်းပြလိုက်သည်။

'ကဲ ဗုဒ္ဓဟူးနံဘုရားမရှိ ဘယ် လုပ်မလဲ'

ဆက်မေးသည်။

'ရှစ်မျက်နှာဘုရားမှာ တော အရပ်တည့်တည့် ဘုရားမှာလှူပေါ့'

'ရှစ်မျက်နှာ မရှိရင်ကောကွာ'

'အိမ်မှာရှိတဲ့ဘုရားမှာ လှူရုံပေါ့ ဘယ်ဘုရားမှာ လှူ,လှူပေါ့ဗျာ။ တဲ့အခါ စိတ်အာရုံမှာ ဂုဏ်တော် ပါးနဲ့ ပြည့်စုံတဲ့ ဘုရားရှင်ပုံတော် မြင်အောင်ကြည့်ဖို့ရာ ...ကပဲ'

စာမျက်နှာ (၁၂၇) သ



www.burmeseclassic.com

www.burmeseclassic.com

အိမ်မဲမြို့၊ အိမ်မဲကြီးရပ်ကွက် ကွင်းကျောင်းစာသင်တိုက် ဆရာတော်
နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် သာသနဓဇ မဏ္ဍာစရိယ


# ဘဒ္ဒန္တ နန္ဒိယ

၏ လက္ခဏာတော်

ဦးသော်ခင် (တသီတ)



◆ ကွင်းကျောင်းစာသင်တိုက်
ပဓာနနာယက ဆရာတော် နိုင်ငံတော်
ဗဟိုသံဃာ့ဝန်ဆောင် ဘဒ္ဒန္တ နန္ဒိယထေရ်




## ထေရုပ္ပတ္တိ

ဆရာတော်သည် မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့နယ်၊ မြေနီကျေးရွာနေ ခမည်းတော် ဦးဖိုးကြွက်၊ မယ်တော် ဒေါ်စောညွန့်တို့မှ ၁၃၁၀ ပြည့်နှစ်၊ ပြာသိုလဆန်း (၁၇) ရက်၊ စနေနေ့တွင် ဖွားမြင်တော်မူခဲ့ပါသည်။

## ရှင်ရဟန်းပြုခြင်း

၁၃၂၀ ပြည့်နှစ်၊ ဝါဆိုလဆုတ် (၅)ရက်နေ့တွင် ညောင်ဦးမြို့နယ်၊ မြေနီကျေးရွာ မြေနီကျောင်းဆရာတော် ဦးဂန္ဓမာအား ဥပဇ္ဈာယ်ပြုပြီး မိဘနှစ်ပါး၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး ရှင်သာမဏေ ပြုခဲ့သည်။

၁၃၃၀ ပြည့်နှစ်၊ ကဆုန်လဆန်း

www.burmeseclassic.com

(၆)ရက်နေ့တွင် အိမ်မဲမြို့၊ အိမ်မဲကြီး ရပ်ကွက် ကွင်းကျောင်းစာသင်တိုက် အတွင်းရှိ ခဏ္ဍသိမ်၌ အိမ်မဲမြို့နယ် ပနာသိမ်ကျောင်းစု ဆရာတော် ဘဒ္ဒန္တ ကုန္ဒာစရိယအား ဥပဇ္ဈာယ်ပြုပြီး အိမ်မဲ မြို့ အထက်ပိုင်းရပ်ကွက် အောင် ရတနာဆန်စက် ဦးချစ်မြ၊ ဒေါ်မြခင် သားသမီးတစ်စုတို့၏ ပစ္စယာနုဂ္ဂဟဖြင့် မြင့်မြတ်သော ရဟန်းဘဝသို့ ရောက် တော်မူပါသည်။

## စာပေသင်ယူခြင်း

ညောင်ဦးမြို့နယ်၊ မြေနီကျေးရွာ မြေနီကျောင်းဆရာတော် ဦးဂန္ဓမာ၊ ချောက် မြို့ အ နောက် ငွေတောင်တိုက် ဆရာတော် ဘဒ္ဒန္တကုန္ဒက သာမိ (အဂ္ဂမဟာပဏ္ဍိတ)၊ ဘဒ္ဒန္တ ကုန္ဒကပဝရ၊ ဘဒ္ဒန္တသာဂရ ဘဒ္ဒန္တအရိယ၊ မန္တလေးမြို့ တောင်ပြင် ဘုရားကြီးတိုက် ဘဒ္ဒန္တမေဓိယာဘိဝံသ စသည့် ဆရာတော်များ...

မြတောင်တိုက်ဆရာတော် ဘဒ္ဒန္တ သာသနာဘိဝံသ၊ မန္တလေးမြို့အနောက် ပြင် မစိုးရိမ်ကျောင်းတိုက် ဘဒ္ဒန္တ ကောဝိဒါဘိဝံသ စသည့် ဆရာတော် များ၊ မစိုးရိမ်တိုက်သစ် ဘဒ္ဒန္တ သီရိန္ဒာ ဘိဝံသ စသော ဆရာတော်များအထံ ၌ ပရိယတ္တိစာပေများကို သင်ယူဆည်း ပူးခဲ့ပါသည်။

## စာပေပို့ချခြင်း

၁၉၈၅ ခုနှစ်မှစ၍ အိမ်မဲမြို့ ကွင်း ကျောင်းစာသင်တိုက်၌ မူလ ငယ်, လတ်, ကြီး အတန်းများ ပို့ချပေးပါ




သည်။

## သာသနာရေး

## ဆောင်ရွက်တော်မူခြင်း

၁၃၅၂ ခုနှစ် တတိယအကြိမ်မှစ၍ ၁၃၆၇ ခုနှစ် ပဥ္စမအကြိမ် တတိယနှစ် အထိ (၁၃)နှစ်၊ အိမ်မဲမြို့နယ် မြို့နယ် သံဃနာယကအဖွဲ့ အကျိုးတော်ဆောင် တာဝန် ထမ်းဆောင်ခဲ့ပါသည်။

၁၃၆၇ ခုနှစ် ပဥ္စမအကြိမ် စတုတ္ထနှစ် တပေါင်းလမှစ၍ နိုင်ငံတော် ဗဟို သံဃာ့ဝန်ဆောင်တာဝန်၊ ၁၃၆၇ ခု တန်ခူးလမှ နယုန်လအထိ(၃- ၃၅/၂၀၀၆ နိုင်ငံတော် ဝိနည်း တာဝန်၊ ယခုလက်ရှိ နိုင်ငံတော် ထ သံဃာ့ဝန်ဆောင်တာဝန် ထမ်းဆော ဆဲ ဖြစ်ပါသည်။

## လက္ခဏာတော် လွှေ့လာချက်

◆ **ဘယ်,ညာတွင် အသက် ကြောင်းက တက် မျဉ်းမတ်တစ်ကြောင်း ထင်**

စာမျက်နှာ (၁၃၂)



www.burmeseclassic.com

www.burmeseclassic.com

မဟာဘုတ်ချိန်ခွင်နှင့်

# ရန်ပြေကျင့်စဉ်

သန်းပညာ



● ဗိုလ်တထောင်စေတီတော်

## ၆-ကြွင်း

### မဟာဘုတ်ပိုင်ရှင်များအတွက်

ရန်ပြေကျင့်စဉ်ဟာ **၆-ကြွင်း မဟာဘုတ်ပိုင်ရှင်များအတွက်** ဖြစ်ပါတယ်။

ကြည့်ပါ...။

၆-ကြွင်း မဟာဘုတ်

* * *

| | | |
|---|---|---|
| | ၃ | |
| ၅ | ၂ | ၄ |
| ၂ | ၆ | ၀ |

၆-ကြွင်း မဟာဘုတ်အရကြည့်ရင် အားအကောင်းဆုံး အထွန်းဖြစ်တဲ့ ကြာသပတေးဂြိုဟ်ဟာ ပုတိဖြစ်သော နေဂြိုဟ်နဲ့ ပက္ခမိနေခြင်းပင်။ စနေ၊ ကြာသပတေးဖြစ်၍ '**ဓမ္မာ၊ သောက၊ အင်း၀၊ ရာဇာ**'အရ ရန်ဓာတ်ပေါ်နေပါတယ်။ ဓမ္မာဆိုတဲ့ ရန်ဓာတ်ကို '**ဓမ္မ**' အည်းဟူသော အအေးဓာတ်ဖြင့် ချေဖျက်မှာ ဖြစ်တဲ့အတွက် ဤကျင့်စဉ်ကို '**ရန်ပြေ**' ကျင့်စဉ်လို့ အမည်ပေးထားခြင်းလဲ ဖြစ်ပါတယ်။

သို့ပါ၍...

"ရန်ပျက်တော့ မိတ်"ဆိုတဲ့ စကားအရ ဓမ္မာဓာတ်ကို "မွာထ"ဖြစ်စိမ့်သောငှာ ကြာသပတေးအစပြုပြီး နေနံဖြင့် အဆုံးသတ်သည့် ပညတ်ဂါထာကို ရှာဖွေ၍ သုံးရပါမယ်။

ကြည့်လိုက်ပါ...။

**ဗိုလ်တထောင်**စေတီတော်ရဲ့ မွေးနံ (၅ - ၀) ထောင့်များတွင် မွေးနေ့တိုင်း ဆောင်ရွက်ကြဖို့ပါပဲ။

၆-ကြွင်း မဟာဘုတ်ပိုင်ရှင်များ တစ်စုံတစ်ရာ အခက်အခဲ အကျပ်အတည်းများ ကြုံသောနှစ်မျိုးတွင် ဆောင်ရွက်ခြင်းဖြင့် ကံပွင့်ပြီး ရန်ပြေကာ စိတ်ချမ်းသာမှု အပြည့်အဝ ရရှိခံစားကြရပါမယ်။ ယုံကြည်မှုကို အရင်းတည်ပြီး ဆောင်ရွက်ပါ။

**စေတီတော်ရဲ့ မွေးနံထောင့်တွင်...**

* * *

| နေ့သား | အရောင်ပန်း | အရေအတွက် | ပီတောက်ညွန့် | သပြေညွန့် |
|---|---|---|---|---|
| ၁-နွေ | လိမ္မော်ရောင် | ၆ | ၁ | ၁၀ |
| ၂-လာ | အဖြူရောင် | ၁၅ | ၂ | ၁၀ |
| ၃-ဂါ | အစိမ်းရောင် | ၈ | ၃ | ၁၀ |
| ၄-ဟူး | အဝါရောင် | ၁၇ | ၄ | ၁၀ |
| ၅-တေး | ပန်းရောင် | ၁၉ | ၅ | ၁၀ |
| ၆-ကြာ | အညိုရောင် | ၂၁ | ၆ | ၁၀ |
| ၀-နေ | အနီနုရောင် | ၁၀ | ၇ | ၁၀ |

နေ့သားအလိုက် ဇယားအတိုင်း လှူပါ။

ပြီးလျှင် သက်တော်ထင်ရှား မြတ်ဘုရားကို ရည်မှန်းပြီး ယခုဖော်ပြမယ့် ဂါထာဖြင့် ရှိခိုးကန်တော့ပါ။

ဗုဒ္ဓေါ သဗ္ဗညုတဉာဏော၊
ဓမ္မော လောကုတ္တရော နဝ။
သံဃော မဂ္ဂဖလသော္ဘော၊
ဣစ္စေတံ ရတနတ္တယံ၊
တေန သစ္စေန သဂါမော၊
ယောတု မေ ဇယမင်္ဂလံ။

ခက်ခဲသော ပါဠိအသံထွက်

ဗုဒ္ဓေါ = ဗုတ်ဒေါ
သဗ္ဗညုတ = သတ်ဗင်ညုတ
ဉာဏော = ညာနော
ဓမ္မော = ဓမ်မော

www.burmeseclassic.com

လောကုတ္တရော = လောကုတ်တရော
မဂ္ဂဖလ = မက်ဂဖလ
သေဗ္ဗော = သစ်ဗော
ဣဗ္ဗတ္တံ = အိတ်ဗေတံ
ရတနတ္တယံ = ရတနတ်တယံ
သဗ္ဗေန = သစ်ဗေန
သင်္ဂါမော = သင်ဂါမော
မင်္လံ = မင်ဂလံ

**အနက်**

**သဗ္ဗညုတဉာဏော၊** သဗ္ဗညုတဉာဏ်တော် ရှိတော်မူသော ပုဂ္ဂိုလ်သည်၊ **ဗုဒ္ဓေါ၊** ဘုရားစင်စစ် ကေန်ဖြစ်တော်မူပါပေ၏။ **နဝ လောကုတ္တရော၊** ကိုးပါးသော လောကုတ္တရာတရားသည်။ **ဓမ္မော၊** တရားတော်စင်စစ် ကေန် ဖြစ်တော်မူပါပေသည်။ **မဂ္ဂဖလ သေဗ္ဗော၊** မဂ်ဖိုလ်တည်သော ပုဂ္ဂိုလ် အပေါင်းသည်။ **သံဃော၊** သံဃာတော်စင်စစ် ဖြစ်တော်မူပါပေ၏။

**ဣဗ္ဗတ္တံ၊** ဤ ဘုရား,တရား,သံဃာ သည်သာလျှင်။ **ရတနတ္တယံ၊** အမြတ်ဆုံး ရှိခိုးပူဇော်စရာ ရတနာသုံးပါး မည်ပါပေ၏။ **တေနသဗ္ဗေန၊** ထိုသို့ မှန်စွာ ပြောဆိုရသော သစ္စာစကားကြောင့်။ **သင်္ဂါမော၊** တွေ့ဆုံသမျှ ရန်အန္တရာယ် ဒုက္ခ အခက်အခဲဟူသမျှသည်။ **ဓမေ၊** အကျွန်ုပ်အား(တပည့်တော်အား)။ **ဇယမင်္လံ၊** အောင်မြင်လွတ်ကင်းချမ်းသာခြင်းသည်၊ **ဟောတု၊** ဖြစ်ပါစေသတည်း။

ပြီးလျှင်...

**ဗုဒ္ဓေါ**(ပုတီးတစ်လုံးချ) (၁)ပတ်၊
**ပုရေဇာတပစ္စယော**
(ပုတီးတစ်လုံးချ) (၁)ပတ်၊
**ပစ္ဆာဇာတပစ္စယော**
(ပုတီးတစ်လုံးချ) (၁)ပတ်၊

ဤကဲ့သို့ မွေးနေ့တိုင်း ဆောင်ရွက်လျှင်ဖြင့် ရန်ပြေပျောက်ပြီး စိတ်အေးချမ်းမှုအမှန် ရရှိလာမှာ ဖြစ်ပါတယ်။

*အေးပါစေ၊ အောင်ပါစေ။*

**သန်းပညာ**

စာမျက်နှာ (၁၃၀)မှ အဆက်

**ပါတယ်။ (က)**

ဒါကတော့ ရည်ရွယ်ချက် ကြီးမားခြင်း၊ ရည်ရွယ်ချက်အတိုင်း ပြီးမြောက်ခြင်း၊ ဘဝအခြေအနေ အဆင့်အတန်းမြင့်မားစေခြင်း၊ ကျောင်း,ကန် ကောင်းကောင်း ပိုင်ဆိုင်ရခြင်း၊ ဂုဏ်သိက္ခာ မြင့်မားစေခြင်း၊ ပညာတတ်မြောက်ခြင်း၊ အကြီးအကဲ ဦးစီးခေါင်းဆောင် ဖြစ်စေခြင်းတို့ရဲ့ ပြယုဂ်ပါ။

◆ **ဘယ်,ညာ နှစ်ဖက်လုံး၌ အမွေးခံထီးရိုး ပါ,ပါတယ်။ (ခ)**

ဒါကတော့ ဆရာသမားရဲ့ အရိုက်အရာကို ဆက်ခံရစေတဲ့ သင်္ကေတ ဖြစ်ပြီး မျိုးချစ်စိတ်ဓာတ် ပြင်းထန်ပါမယ်။ ဘာသာ၊ သာသနာစိတ် ပြင်းထန်မှုကို ဖြစ်စေပါမယ်။

◆ **ဘယ်,ညာ ဉာဏ်လမ်းနဲ့ အသက်လမ်းသည် ထိရုံသာ ထိနေတယ်။ (ဂ)**

ဒါကတော့ အရာရာမှာ စေ့စပ်သေချာခြင်း၊ တိကျခြင်း၊ စည်းစနစ်ကျခြင်းရဲ့ သင်္ကေတပါပဲ။

◆ **ဘယ်,ညာ ဗုဒ္ဓဟူးဂြိုဟ်ခုံမှာ မျဉ်းမတ်များ တွေ့ရတယ်။ (ဃ)**

ဒါကတော့ အာဝဇ္ဇန်းကောင်းခြင်း၊ စည်းရုံးရေးကောင်းခြင်း၊ စာအသင် အပြကောင်းခြင်း၊ ဂါထာမန္တန် အစွမ်းထက်ခြင်း၊ လာဘ်လာဘများ အလှူခံရလွယ်ခြင်း၊ ဆေးစွမ်းထက်မြက်ခြင်း၊ ဆေးပညာတတ်ကျွမ်းခြင်းတို့ ဖြစ်ပါတယ်။

◆ **ညာဘက် စနေဂြိုဟ်ခုံနဲ့ တနင်္ဂနွေဂြိုဟ်ခုံအနီးမှာ မျဉ်း မတ်တစ်ကြောင်းစီ တွေ့ရပါမယ်။ (င)၊ (စ)**

ဒါကတော့ ဘာသာရေးဆိုင်ရာ ဘွဲ့တံဆိပ်များ ဘွဲ့ထူးဂုဏ်ထူးရမည့် သင်္ကေတပါ။ မျဉ်းမတ်တစ်ကြောင်း ဖြစ်၍ ဘွဲ့တံဆိပ်တစ်ခုတော့ ရပါဦးမယ်။

◆ **ညာဘက် ဉာဏ်လမ်းအလယ်မှာ ကျွန်းသဏ္ဌာန် တွေ့ရပါတယ်။ (ဆ)**

ဒါကတော့ အာရုံကြောဝေဒနာ ခံစားရခြင်း၊ ခေါင်းပိုင်းဆိုင်ရာဝေဒနာ ဖြစ်ပေါ်ခြင်း၊ ဖမ့်တတ်မှုဝေတတ်ပါတယ်။ *(ထို့ကြောင့် ထိုနေရာကို လက်မဖြင့်(မိမိ) ဂုဏ်တော်ရွတ်၍ ပွတ်ပေးပါ။ ပျောက်ကွယ်သွားပါလိမ့်မယ်။)*

◆ **ညာဘက် တနင်္လာဂြိုဟ်ခုံအနီးမှာ ကြက်ခြေသဏ္ဌာန် တွေ့ရတယ်။ (ဇ)**

ဒါကြောင့် ရေလမ်းခရီး သတိထားပေးပါ။

*ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ။*

**ဦးသော်ခင် (ဟသ်ာတ)**



www.burmeseclassic.com

www.burmeseclassic.com



● ထန်းသုံးမြွှာအား နေရောင်ဘက်မှ မြင်ရပုံ

ထူးခြားသော

# ထန်းသုံးမြွှာ

နှင့် ထူးခြားလာဘ်ရွှင်စေသည့်

# ကျောက်ကြက်ဥ

မြခိုင်
(ကြို့ပင်ကောက်-လယ်တီ)

ထန်းပင်၊ အုန်းပင်တို့ မည်သည်မှာ တစ်ပင်လျှင် ထန်းရွက်၊ ထန်းလက်၊ အုန်းလက်၊ အုန်းရွက်တို့သည် တစ်ခုတည်းသာ ပေါက်ကြပြီး မြင်တွေ့ရခဲသော ထန်းပင်တစ်ပင်မှ ထူးဆန်းစွာ ထန်းပင်သုံးပင် ထွက်ရှိနေသည်ကို အံ့သြစွာ တွေ့ရှိရသည်။

**ပဲခူးတိုင်းဒေသကြီး၊ ဇီးကုန်းမြို့နယ်၊ ကူဖြူကျေးရွာအုပ်စု၊ ညောင်ပင်ဘိုရွာအနီး ဦးသိန်းအေး၏ လယ်တွင်းအနီး ကန်သင်းပေါ်တွင်** ပေါက်နေသော ထန်းပင်သည် အမြင့်အတောင်သုံးဆယ်ခန့် ရောက်သောအခါ ထူးဆန်းစွာ ထန်းပင် (၅)ပင် အတက်များ ထပ်ပြီး ထွက်လာသည်ဟု လယ်ပိုင်ရှင် ဦးသိန်းအေးမှ ပြောပြလေသည်။

အဆိုပါ ထန်းပင်မှ အတက် (၅)တက် ထွက်လာပြီး (၃)တက်မှာ ညှိုးရော်သေသွားပြီး အတက်(၂)တက်သာ ရှင်ပြီး ပင်မထန်းပင်ကြီးနှင့် ထန်းသုံးမြွှာအား ထူးဆန်းစွာ တွေ့မြင်ရလေသည်။

နောက်တစ်ခု တင်ပြချင်သည်မှာ သဘာဝတရားများတို့သည် အင်မတန်မှ ဆန်းကြယ်လေရာ ကျောက်ကြက်ဥအား ပုံပါအတိုင်း ကြက်ဥအရွယ်ပမာဏရှိပြီး ပုံသဏ္ဍာန်မှာ ကြက်ဥပုံနှင့် အရောင်မှာလည်း ကြက်ဥအရောင်ပင် ဖြစ်လေသည်။


**ထိုကျောက်ကြက်ဥ ရရှိပုံမှာ...**

ဇီးကုန်းမြို့၊ အေးမြသာယာမြို့သစ်၊ (၅)လမ်း၊ တောင်ပိုင်းတွင် မြေနီလမ်းခင်းရန်အတွက် အင်းမမြေနီများအား



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ကြက်ဥ ကြက်ဥအရွယ်

(ကြက်ဥပုံသဏ္ဌာန်၊ ကြက်ဥအရောင် ကျောက်ကြက်ဥအား တွေ့ရပုံ)

ပုံထားလျက် လမ်းခင်းနေလျက် ရှိကြသည်။ (၅)လမ်းနေ ဦးခင်ဝင်းသည် မိမိ၏ အိမ်ရှေ့ မြေနီကျောက်ပုံအား ဖြန့်၍ လမ်းခင်းနေရာ မမျှော်လင့်ဘဲ အဆိုပါ ကျောက်ကြက်ဥအား ရရှိလေသည်။

ဦးခင်ဝင်းသည် ကြက်ဥအရွယ်၊ ကြက်ဥပုံသဏ္ဌာန်၊ ကြက်ဥအရောင်ရှိသော ကျောက်ကြက်ဥအား ရေဆေးပြီး မိမိစားပွဲပေါ်တွင် တင်ထားလေသည်။


တစ်ပတ်ခန့်ကြာသောအခါ ဦးခင်ဝင်းဇနီး ဒေါ်ညွန့်ညွန့်ခင်တို့သည် အရောင်းအဝယ်များ တဖြည်းဖြည်း ကောင်းလာပြီး ငွေကြေးများ အဆင်ပြေစွာ ရရှိလာသည်ဟု သိရသည်။ ထိုကျောက်ကြက်ဥ ရရှိလာသည်မှ လာဘ်လာဘများ ရွှင်လန်း ပွင့်လန်းလာသည့် အကြောင်းအား ကျောက်ကြက်ဥအား ကောက်ယူရရှိသော ဦးခင်ဝင်းမှ စာရေးသူအား ပြောပြသဖြင့် စာရှုသူတို့ ဗဟုသုတ တိုးပွားစေရန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ဖော်ပြလိုက်ရပါသည်။

**ဂျူးနီ**
***(ကြို့ပင်ကောက်-လယ်တီ)***


၂၀၁၃ ခုနှစ်၊ မြွေနှစ်တွင်

**ကြွေးမြီကိစ္စ**

စိတ်ချပေတော့



ချေးငှားထားသော ငွေ"ကြွေး"များ အဆင်ပြေစွာ ပြန်လည်ရရှိရေး၊ ပြန်လည်ပေးဆပ်ရမည့် ငွေ"မြီ"များ ကျေလည်အောင်ပေးဆပ်နိုင်ရေး စိတ်အေးချမ်းသာ နေနိုင်စေရန် ဤသို့ ပြုလုပ်ပါ။

ယခုနှစ် **၂၀၁၃ ခုနှစ်၊ မြွေနှစ်တာကာလမှာ ရေ(ယင်၊)ဓာတ် ဦးစီးသောနှစ် ဖြစ်သည်။** ငွေကြေးဆိုင်ရာကိစ္စအတွက် **"ခဲ့ယှင်း"** (Kè Xīng) အောင်နိုင်မှုဓာတ်က လုပ်ဆောင်ပေးသည်ဖြစ်ရာ **"ရေ"**ဓာတ်ကို အောင်နိုင်သည့် **"မြေ"**ဓာတ်အကူအညီ ယူရပါသည်။ **"ယင်း"**(Yīn) သရုပ်ဆောင်သော မြေဓာတ်ဖြစ်သည့် **ကောက်ညှင်း**ကို အသုံးပြုပါ။

ကောက်ညှင်းစပါးကို လှော်၍ရလာသော ကောက်ညှင်းပေါက်ပေါက် ဖြိ လက်ဖက်

စာမျက်နှာ (၁၃၆) သို့




www.burmeseclassic.com

www.burmeseclassic.com

# (၇)ရက်သားသမီးများ အတွက်

## အဆောင်ကောင်း

ဦးခင်မောင်သန်း
(အမ.ဏ ပခန်းတန်း)

(၇)ရက် သားသမီးများအတွက် ကောင်းသောအဆောင်မို့ အဆောင်ကောင်းဟု ဆိုပါသည်။

"ဘာတွေကောင်းပါသလဲ"ဟု မေးခဲ့ပါလျှင်...

ဘုန်းကံပွင့်လင်းစေခြင်း၊ လာဘ်ရွှင်စေခြင်း၊ အတိုက်အခိုက်ကို အောင်နိုင်ခြင်း၊ အမှောင့်ပယောဂကင်းစေခြင်း၊ အကြံအစည်ဟူသမျှ အထူးအောင်မြင်ခြင်း ဟူသော ကောင်းခြင်းများကို ဖြစ်ပေါ်စေပါသည်ဟု ဖြေပါသည်။


**ဟင်္သာတမြို့၊ ဆယ်ပွကုန်းကျောင်းတိုက်တွင် နေထိုင်သော ဗေဒင်ဆရာကြီး ဦးလှမော်က** (၇)ရက်သားသမီးများ၏ ကောင်းကျိုးကို ရှေးရှု၍ ချီးမြှင့်ခဲ့ခြင်း ဖြစ်ပါသည်။

'များသောအားဖြင့်ပေါ့ဗျာ တနင်္ဂနွေသားသမီးတွေကို အောင်မဲဖြူသားအက်တစ်ဆစ်ကို ဖြဟ္မာရုပ်လေး ထုပြီးဆောင်လို့ ပေးလေ့ရှိကြပါတယ်။

ဥဩရုပ်လေးကို ထုပြီးဆောင်ရင်ကော အကျိုးမရဘူလားလို့ မေးစရာတော့ရှိပါတယ်။ အကျိုးရပါတယ်။ ဒါပေမယ့် မတူဘူးလို့ပဲ ပြောပါရစေ။

ဥပမာနဲ့ ပြောရရင် တစ်ကျပ်ရင်းပြီး ငါးမူးမြတ်တဲ့သူနဲ့၊ တစ်ကျပ်ရင်းပြီး တစ်ကျပ်မြတ်တဲ့သူနဲ့ မတူသလိုပဲပေါ့။ ရိုးရိုးပြောရရင်တော့ တစ်ကျပ်ရင်းပြီး တစ်ကျပ်မြတ်စေမယ့် အစီအရင်လို့ပဲ ပြောပါရစေ'


ဟူ၍ ပြောပြီး ချီးမြှင့်လိုက်ခြင်း ဖြစ်ပါသည်။



**တနင်္ဂနွေ သားသမီးများသည်** အောင်မဲဖြူသားကို **ဗြဟ္မာရုပ်**ထုပြီး ရွှေသုံးထပ်ချ၍ ဂုဏ်တော် မေတ္တာသုတ် ပရိတ်တော်များကို တတ်အားသရွေ့ ရွတ်ပြီးလျှင် "**ဥုံ တိဝိ ဣန္ဒာနွော သွာဟ**"ဂါထာဖြင့် (၃၇)အုပ်ရွတ်ပြီး သန့်ပြန့်စွာ ကိုယ်တွင် ဆောင်ထားရပါသည်။




**တနင်္လာ သားသမီးများသည်** ကသစ်သားကို **သိကြားမင်းရုပ်**ထုပြီး ရွှေသုံးထပ်ချ၍ ဂုဏ်တော် မေတ္တာသုတ် ပရိတ်တော်များကို တတ်အားသရွေ့ ရွတ်ပြီးလျှင် "**ဥုံ တိဝိ ဣန္ဒာနွော သွာဟ**" ဂါထာဖြင့်(၃၇)အုပ် ရွတ်ပြီး သန့်ပြန့်စွာ ကိုယ်တွင်ဆောင်ထားရပါသည်။



**အင်္ဂါ သားသမီးများသည်** စွယ်တော်သားကို **နေနတ်သားရုပ်**ထုပြီး ရွှေသုံးထပ်ချ၍ ဂုဏ်တော် မေတ္တာသုတ် ပရိတ်တော်များကို တတ်အားသရွေ့ ရွတ်ပြီးလျှင် "**ဥုံ သူရိယော စန္ဒော ဣနသဿ သူရိယော သွာဟ**" ဂါထာဖြင့် (၃၇)အုပ်ရွတ်ပြီး သန့်ပြန့်စွာ ကိုယ်တွင် ဆောင်ထားရပါသည်။



**ဗုဒ္ဓဟူး သားသမီးများသည်** ဝံအူသားကို **အရိန္ဒမာရုပ်**ထုပြီး ရွှေသုံးထပ်ချ၍ ဂုဏ်တော် မေတ္တာသုတ်ပရိတ်တော်များကို တတ်အားသရွေ့ ရွတ်ပြီးလျှင် "**ဥုံ နန္ဒာ တေဇော ဣန္ဒာနွော သွာဟ**"ဂါထာဖြင့် (၃၇)အုပ် ရွတ်ပြီးလျှင် သန့်ပြန့်စွာ ကိုယ်တွင်ဆောင်ထားရပါသည်။



**ကြာသပတေး သားသမီးများသည်** မန်ကျည်းသား(သို့မဟုတ်) မင်းကွတ်သား(သို့မဟုတ်) မက်ကယ်သားကို **ကုဝေရနတ်မင်းရုပ်**ထုပြီး ရွှေသုံးထပ်ချ၍ ဂုဏ်တော် မေတ္တာသုတ်ပရိတ်တော်များကို တတ်အားသရွေ့ရွတ်ပြီးလျှင် "**ဥုံ ဥတ္တရဿ ဒိသာရာဇာ၊ ကုဝေရော တံ ပသာသတိ။ ယက္ခာနဉ္စ အဓိပတိ၊ မဟာရာဇာ ယသဿီ သော**" ဂါထာဖြင့်



www.burmeseclassic.com

www.burmeseclassic.com

| နေ့သား | ၁-နွေ | ၂-လာ | ၃-ဂါ | ၄-ဟူး | ၅-တေး | ၆-ကြာ | ၇-နေ |
|---|---|---|---|---|---|---|---|
| အသားယူရမည့်နေ့ | ကြာသပတေး | သောကြာ | ဗုဒ္ဓဟူး | ဗုဒ္ဓဟူး | ကြာသပတေး | သောကြာ | စနေ |
| အသားယူရမည့်အချိန် | နံ | နက် | အရုဏ် | တက်ချိန် | မွန်းနက် | ဖြနာရီ | အတွင်း |
| ထုလုပ်ရမည့်အဆောင် | ပြဟ္မာ | သိကြား | နေနတ်သား | အဓိဋ္ဌမာ | ကုဝေရနတ်မင်း | စကြာမင်း | လနတ်သား |
| ထုလုပ်ရမည့်အသား | အောင်မဲဖြူ | ကသစ် | စွယ်တော် | ဝံအူ | မင်းကွတ် | သစ်ဆိမ့် | ဒန့်သလွန် |

(၃၇)အုပ်ရွတ်ပြီးလျှင် သန့်ပြန့်စွာ ကိုယ်တွင် ဆောင်ထားရပါသည်။



**သောကြာ သားသမီးများသည်** သစ်ဆိမ့်သားကို **စကြာမင်းရုပ်ထုပြီး** ရွေသုံးထပ်ချ၍ ဂုဏ်တော် မေတ္တာသုတ် ပရိတ်တော်များကို တတ်အားသရွေ့ ရွတ်ပြီးလျှင် **"ဥုံ နန္ဒ နန္ဒာ အရဟံ သွာဟ"**ဂါထာဖြင့် (၃၇)အုပ်ရွတ်ပြီးလျှင် သန့်ပြန့်စွာကိုယ်တွင်ဆောင်ထား ရသည်။



**စနေ သားသမီးများသည်** ဒန့်သလွန်သားကို **လနတ်သားရုပ်** ထုပြီး ရွှေသုံးထပ်ချ၍ ဂုဏ်တော် မေတ္တာသုတ်ပရိတ်တော်များကို တတ်အားသရွေ့ ရွတ်ပြီးလျှင် **"ဥုံ သုဘ စန္ဒာ ဣန္ဒသ စန္ဒော သွာဟ"** ဂါထာဖြင့် (၃၇)အုပ်ရွတ်ပြီး သန့်ပြန့်စွာ ကိုယ်တွင် ဆောင်ထားရပါသည်။

ဟသ်ာတမြို့ ဆပ္ပကုန်းကျောင်း လမ်းတွင် နေထိုင်သော ဗေဒင်ဆရာ ကြီး ဦးလှမော်မှ (၇)ရက်သားသမီးများ အားလုံး ကောင်းကျိုးချမ်းသာ ရပါစေ ဟူသော စေတနာဖြင့် ပြောပြချီးမြှင့်ခဲ့ ခြင်းကို အသိအမှတ်ပြု ဂါရဝပြုခြင်း သည်ပင်လျှင် အဆောင်ကောင်းကို မွေးဖွား သန့်စင်ပေးလိုက်ရခြင်းပင် ဖြစ်ပါပေတော့သည်။

*သင်၏ဘဝသာယာပါစေ။*

**ဦးခင်မောင်သန်း**
***(အ.မ.က ပန်းတန်း)***

## စာမျက်နှာ (၁၃၄)မှ အဆက်

ဆုပ်စာပမာဏ)ကို ပန်းကန်တစ်ချပ်တွင်ထည့်ကာ စနေနေ့ နံနက်တွင် ဘုရားပုထိုး ဆင်းတုတော် တစ်ဆူ၏ အရှေ့တောင်ထောင့်အရပ် အဂ္ဂိကြိုဟ် တိုင်အနီးမှ ဘုရားရှင်အား ရည်စူးကပ်လှူလျက် ကြွေးမြီကိစ္စ လိုရာဆုတောင်းပါ။



**သတိပြုရန်ကား** စေတနာ အရင်းခံဖြင့် ကူညီချေးပေးလိုက်သော ကြွေးမြီများသာ အဆင်ပြေပါ လိမ့်မည်။ မတရားသဖြင့် အတိုးကြီးစွာသော ကြွေးဆယ်မြီ ချ ကိစ္စများတွင်မူ ရေရာမှု မရှိနိုင်ပါ။ **"ယင်း"** (Yin) ဓာတ်သဘောအရ သိမ်မွေ့ကာ ကြေးမုံရိပ်ဆန်သဖြင့် **မီမီ** ပြုသည့်ကံပဲ့တင်သံ ပြန်လာပါလိမ့်မည်။

စနေနေ့မှာ မြေဓာတ်ရောင်ခြည်နေ့ဖြစ်ကာ အရှေ့တောင်ထောင့်အရပ်မှာ နှစ်သခင် မြွေပုံရိပ် ပိုင်ဆိုင်သောအရပ် ဖြစ်သည်။ ပေါက်ပေါက်မှာ ပွားများခြင်း သဘော ဆောင်သဖြင့် ရရန်ရှိသော ငွေကြေးများ တိုးပွား ရရှိစေပါမည်။ ကောက်ညှင်း၏ စေးကပ်သော သဘောအရ ရပြီးသော ငွေကြေးဥစ္စာတို့ ကျစ်လျစ်သိပ်သည်းစွာ လက်မြဲနိုင်ပါသည်။

**စနေနေ့တိုင်း ကြိုးစား၍ ကပ်လှူ ဆုတောင်းပေး...**

**ဝူခန်းယဲန်**



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားသော

# ရှေးဟောင်းလှေကြီး

မြမြဝင်း (တောင်ငူ)



◆ ရှေးဟောင်းလှေကြီး

တောင်ငူမြို့ရှိ စစ်တောင်းမြစ်အတွင်း၌ ရှေးဟောင်းလှေကြီးတစ်စင်း ဖော်ထုတ်ရရှိပြီဟု သတင်းရသဖြင့် (၂၆. ၅. ၂၀၁၂)နေ့ နံနက်က သွားရောက်ကြည့်ရှုခဲ့ရာ အဆိုပါလှေကြီးနှင့် ပတ်သက်၍ သိလိုသည့်အချက်များအား ရှမ်းမင်းသား ဟိုတယ်ပိုင်ရှင် "ကိုကျော်ဝင်း" ဇနီး မဘောဘီတို့နှင့် တွေ့ဆုံမေးမြန်းဖြစ်ခဲ့ပါသည်။

**စာရေးသူ။** ။ ဒီလှေကြီးကို ဦးဆောင်ဖော်ထုတ်သူဟာ ကိုကျော်ဝင်းလို့ သိရပါတယ်။ စတင်တွေ့ရှိပုံ အသေးစိတ်ကို ပြောပြပေးစေလိုပါတယ်။

**ကျော်။** ။ ဟုတ်ကဲ့ခင်ဗျာ။ အချိန်ကတော့ ၂၀၁၂ခုနှစ် ဧပြီလ(၁၁)ရက် သင်္ကြန်မတိုင်ခင် ရှမ်းမင်းသားဟိုတယ် မဆောက်ခင်ကာလက ဖြစ်ပါတယ်။

နေရာကတော့ စစ်တောင်းမြစ်ကူးတံတား မြောက်ဘက် ကိုက်(၅၀၀) အကွာ ကျွန်တော်ပိုင် ရှမ်းမင်းသားဟိုတယ်နောက်တည့်တည့်မှာ တွေ့ရတာပါ။

ဖြစ်စဉ်ကတော့ မြစ်ထဲဒရေဆင်းချိုးတဲ့ ကောင်လေး(၂)ယောက် ရေနစ်သေဆုံးသွားတာက စပြောရပါမယ်။ ရေငုပ်လုပ်သားတွေငှားပြီး အလောင်းကို ရှာရပါတယ်။

ရေငုပ်တံငါသည် ကိုမောင်စိုး (အလယ်ကျွန်းရွာ)အဖွဲ့က ရေနစ်သူအလောင်းကို ဖော်ထုတ်ပြီး ကုန်းပေါ်တက်လာတော့ ရေအောက်မှာ သစ်တုံးကြီးလိုလို အတုံးကြီးကြီး တွေ့ခဲ့တယ်လို့ ပြောပါတယ်။

ကျွန်တော်တို့အဖွဲ့ သွားပြီးလှေ့လာကြည့်တော့ ရေလယ်သောင်နဲ့ ကမ်းနားကြား ရေအောက်ကြမ်းပြင်မှာ ကန့်လန့်အနေအထားနဲ့ နစ်မြုပ်နေတယ်။

ကျောကမြောက်ဘက်၊ လှေပေါက်ဝက တောင်ဘက်ကိုလှည့်နေတဲ့ လှေကြီးတစ်စင်းဖြစ်ကြောင်း သိရပါတယ်။ ဒါနဲ့ (၂၄. ၅. ၂၀၁၂) နေ့ နံနက် (၁၀) နာရီမှာ စတင်ဖော်ထုတ်ခဲ့ပါတယ်။

**စာရေးသူ။** ။ ဟုတ်ကဲ့ ကိုကျော်ဝင်းရှင့်၊ ဒီလှေကြီးကို ဖော်ထုတ်ဖို့အတွက် ရေငုပ်လုပ်သား ဘယ်နှစ်ဦးလောက် သုံးခဲ့ရပါသလဲ။




www.burmeseclassic.com

www.burmeseclassic.com



◆ လှေကြီး ဝမ်းဗိုက်အပိုင်း





◆ လှေဦးပိုင်း

**ကျော်**॥ ॥ ရေငုပ်လုပ်သား (၁၁)ဦးပါ။ လူအင်အားနဲ့မနိုင်တော့ သဲစုတ်စက်လှေကို သုံးရပါတယ်။ သဲစုတ်စက်နဲ့ ကျွန်းအောက် ပေ(၂၀)အနက်ကို (၅)နာရီကြာအောင် ထိုးလိုက်တဲ့အခါ ကမ်းပါးပြိုကျပြီး လှေကြီးကို ဖော်ထုတ်ခဲ့ရပါတယ်။

မြစ်ကကျဉ်းနေတော့ ငုတ်တွေနဲ့လဲ လွတ်အောင်လို့ ရေနက်ပိုင်းဖြစ်တဲ့ မြစ်အရှေ့ဘက်ကမ်းစပ်ကို စက်လှေနှစ်စီးသုံးပြီး စက်အား၊ လူအားနဲ့ ပေါင်းပြီး ဆွဲကပ်ခဲ့ပါတယ်။

ကမ်းနဖူးပေါ်ကို ကရိန်းကားနဲ့ ဆွဲတင်ရပါတယ်။ (၂၄. ၅. ၂၀၁၂)နေ့က ည(၈)နာရီခွဲမှာ အပြီးဆွဲတင်နိုင်ခဲ့ပါတယ်။ လှေဝမ်းထဲမှာတော့ ရွှံ့သဲနဲ့ ငါးမြွေထိုးငါးတွေပေါ့ဗျာ။

**စာရေးသူ**॥ ॥ ဒီလောက်ကြီးမားတဲ့ လှေကြီးရဲ့ သစ်အမျိုးအစားနဲ့ အတိုင်းအတာတွေ သိချင်ပါသေးတယ်။

**ကျော်**॥ ॥ သက်နိုးသားနဲ့ ဆောက်ထွင်းထားတဲ့ လှေကြီးပါ။ အရှည် (၆၃)ပေနဲ့ လုံးပတ်(၁၀)ပေခွဲ ရှိပါတယ်။ ကျွန်တော်တို့ခေတ်မှာ ဒီလိုလှေမျိုး မြင်တွေ့ရဖို့ ခဲယဉ်းတယ်။

ဖော်တဲ့နေ့ကဆိုရင် ကိုင်းပင်တွေဟာ မခုတ်ထွင်ရဘဲ လူတစ်သောင်းလောက် နင်းပစ်လိုက်ကြတာ။ ကျွန်တော့်ကိုင်းတော ရှင်းသွားတာပဲ။

စစ်တောင်းမြစ်ကူး တံတားပေါ်မှာလဲ လူတွေပြည့်ပြီး လမ်းပိတ်နေလို့ လုံခြုံရေးတွေခေါ်ပြီး လမ်းရှင်းပေးခဲ့ရသေးတယ်။


**စာရေးသူ**॥ ॥ ကိုကျော်ဝင်းအနေနဲ့ ဘယ်ခေတ်က လှေဖြစ်မယ်လို့ ခန့်မှန်း

◆ လှေကြီး၏ ပဲ့ပိုင်း



www.burmeseclassic.com

www.burmeseclassic.com



▲ ပြောပြပေးသူ ရှမ်းမင်းသား
ပရိတ်တာယ်လိုင်ရှင် ဦးကျော်ဝင်း

ပါသလဲ။

**ကျော်။** ■ ဒီလို သစ်လုံးထွင်းလှေမျိုးဟာ စက်တပ်လှေတွေ မပေါ်ခင်က သုံးတာဆိုတော့ တောင်ငူခေတ်က ဘုရင့်နောင် ကျော်ထင်နော်ရထာ (ရှင်ရဲထွဋ်) ရေကြောင်းချီတုန်းက လှေဖြစ်မယ်ထင်တယ်။ ကျွန်တော် ငယ်ငယ်က ''အဖွား''ပြောပြခဲ့ဖူးတာ တစ်ခုရှိတယ်ဗျ။ ဒီမြစ်ထဲမှာပဲ ''ကမ်းနီရွာ''က ရွာသားတစ်ဦး ရှင်ဘုရင်ကိုင်တဲ့ သန်လျက်တစ်ခုကို ရဖူးတယ်ဆိုတဲ့ ပါးစပ်ရာဇဝင်ကလဲ ကြားဖူးတယ်လေ။

**စာရေးသူ။** ■ ဟုတ်ကဲ့ပါ။ ဒီလှေကြီးနဲ့ပတ်သက်ပြီး ဆက်လက်ဆောင်ရွက်မယ့် အစီအစဉ်လေး သိပါရစေ။

**ကျော်။** ■ ကျွန်တော် သက်ဆိုင်ရာကို အကြောင်းကြားပြီး အထက်က ညွှန်ကြားချက်အတိုင်း ဆောင်ရွက်မှာပါ။ မနေ့က ညနေပိုင်းမှာ ခရိုင်ရဲမင်းကြီး ဦးဝင်းစိန်နဲ့အဖွဲ့တွေ လာကြည့်ပါတယ်။

**စာရေးသူ။** ■ လှေကြီးကို ဆယ်ယူရတဲ့ ကုန်ကျစရိတ်နဲ့ ပတ်သက်ပြီး သဘောထားလေး သိပါရစေ။

**ကျော်။** ■ အလုပ်သမားဆိုတာ လုပ်အားခအပြင် သူတို့ရဲ့ လိုအပ်ချက်ကိုလဲ ဖြည့်ဆည်းပေးနိုင်မှ ကိစ္စပြီးမြောက်တာ မဟုတ်လား။ ဒီလှေကြီးကိစ္စမှာ ကျွန်တော်ကောင်းမှုတစ်ခု ပြုလုပ်တယ်လို့ သဘောထားပါတယ်ခင်ဗျာ။

**စာရေးသူ။** ■ ဟုတ်ကဲ့ပါ။ ''စိတ်ထားတတ်ရင် မြတ်တယ်''ဆိုတဲ့ ဆိုရိုးစကားရှိပါတယ်။ အခုလို မွန်မြတ်တဲ့ စိတ်ရင်းနဲ့ ရေအောက်က ဆယ်ယူပေးခဲ့တဲ့ ''**လှေကြီး**''နဲ့ ''**ငွေဝင်**''ဆိုတာ ''**ကက်ကင်း**'' ဖြစ်တဲ့အတွက် ကိုကျော်ဝင်းတို့မိသားစုရဲ့ ရှမ်းမင်းသား ဟိုတယ်၊ စားသောက်ဆိုင်၊ အဝေးပြေးကားစတဲ့ လုပ်ငန်းကြီးတွေမှာ ငွေဝင်ပြီး ကြီးပွားတိုးတက်အောင်မြင်ပါစေလို့ ဆုမွန်ကောင်းတောင်းပေးရင်း ကျေးဇူးတင်ပါတယ်လို့ ပြောပါရစေ။

**ကျော်။** ■ ဟုတ်ကဲ့၊ ပေးတဲ့ဆုနဲ့ ပြည့်ပါစေခင်ဗျာ။

**တောင်ငူမြို့ (၂၃)ရပ်ကွက်၊ ကသဲစုကျေးရွာ၊ စစ်တောင်းမြစ်အရှေ့ဘက်ကမ်းနဖူးတွင် တင်ထားသော အဆိုပါ ရှေးဟောင်းလှေကြီးအား** လာရောက်ကြည့်ရှုကြသူများ၊ မှတ်တမ်းဓာတ်ပုံရိုက်သူများမှာ နေ့ရောညပါ စည်ကားလျက် ရှိပါသဖြင့် အမှတ်(၁)ရဲစခန်းမှ လုံခြုံရေး စောင့်ကြပ်ထားရပါကြောင်း စာရှုသူ ပရိသတ်များအား သတင်းကောင်းပါး အပ်ပါသည်။

**မြမြဝင်း (တောင်ငူ)**

၂၀၁၃ ခုနှစ်၊ မြွေနှစ်တာကာလစိတ်တိုင်းကျစေသည့်

# ပြည်ပခရီးရှည်

**၂၀၁၃ ခုနှစ်၊ မြွေနှစ်တာကာလအတွင်း** ရပ်ဝေး ခရီးရှည်၊ ပြည်ပရပ်ခြား ခရီးစဉ်များ သွားလာရခြင်းအတွက် အဆင်ပြေစေရန် ပြုလုပ်သော အပြင်အဆင် ဖြစ်သည်။



ဗုဒ္ဓဟူးနေ့ နံနက်ပိုင်း (နေမွန်းမတည့်မီ) အချိန်တွင် မိမိသွားလိုရာ နိုင်ငံဒေသရှိရာဘက်သို့ မျက်နှာမူကာ ပန်းကန်ပြားတစ်ချပ်၌ ရေအနည်းငယ်ထည့်ပါ။

ထိုပန်းကန်တွင် ဒင်္ဂါး (အကြွေစေ့) တစ်စေ့ကိုထည့်၍ အပေါ်မှအလေး(အလေးချိန် စံညွှန်းပစ္စည်း)တစ်ခု ဖိထားပါ။

မိမိသွားလိုရာ ခရီးစဉ် ဖြစ်မြောက်စေရန် သွားရောက်ရစဉ် အခက်အခဲမရှိ အဆင်ပြေ အောင်မြင်မှုရစေရန် စိတ်တွင်းမှ ပြဒ္ဒါန်းကာ သမ္မာဒေဝများအား တိုင်တည်ဆုတောင်းပါ။ ရွှေ၊ ငွေ၊ ကြေး၊ ဒန် မည်သည့်ဒင်္ဂါးကိုမဆို သုံးနိုင်သည်။

**ဒင်္ဂါး (အကြွေစေ့)**ကို ( 洋 )ယန်း (Yáng)ဟု ရေးသားခေါ်ဝေါ်၍ နိုင်ငံရပ်ခြား၊ ပင်လယ်ရပ်ခြားကိုလည်း ဤစာလုံး၊ ဤအသံထွက်အတိုင်း ရေးသားခေါ်ဝေါ်ပါသည်။ ပစ္စည်းချိန်တွယ်သည့် စံညွှန်းပစ္စည်း၊ အလေး (𫟖) ချွယ်န်း (Quán) သည် အာဏာ၊ အခွင့်အရေးဟူသော အဓိပ္ပာယ်ကိုလည်း ဆောင်ယူပါသည်။

**ဗုဒ္ဓဟူးနေ့ကား** ယခုနှစ်တွင် မြွေနှစ်ဆိုင်ရာဓာတ်၊ ရေဓာတ်၏ အထိမ်းအမှတ်ဂြိုဟ်နေ့ ဖြစ်သည်။ ပန်းကန်ပြားတွင်းမှ ရေသည်လည်း မြွေနှစ်၏စိုးမိုးသော ရေဓာတ်ကို ကိုယ်စားပြုသည်။ နံနက်ပိုင်းအချိန်ကား မျှော်လင့်ချက်တို့ ရှင်သန် အထမြောက်စေရန် ရည်ရွယ်ပါသည်။

ရှေးခေတ်သုံးအလေး (ဟင်္သာလေး၊ ခြင်္သေ့လေး စသည်)များကို ဝိုမို ထိရောက် အောင်မြင်စေနိုင်လိမ့်မည်။

**ထိုင်းလီစု**




www.burmeseclassic.com

www.burmeseclassic.com

ကျွန်မသည် ထူးခြားဆန်းကြယ် အံ့ဩစရာများဆိုလျှင် အထူး စိတ်ဝင်စားသည်။ ထူးခြားဆန်းကြယ်သော ပစ္စည်းများတွင် အာနိသင်ကိုယ်စီ ရှိကြသည်။

တစ်ခါတစ်ရံတွင် ထူးခြားဆန်းကြယ်သော ပစ္စည်းများကို မသိနားမလည်သောသူများက အလေးမထားကြ၊ ဂရုမမူကြ။ မိမိလက်ဝယ်ရောက်ရှိပါလျက်နှင့် စွန့်ပစ်တတ်ကြသည်လည်း တွေ့ရသည်။

တစ်ချိန်က မန္တလေး ရောဝတီမြစ်ကမ်းဘေးတွင် ကလေးများ ဆော့နေသော မိုးကြိုးသွားတစ်ခုကို ကျွန်မ တွေ့လိုက်ရသည်။ ကလေးတစ်ဦးသည် သူ၏လက်တွင် ကိုင်ထားသော



# ငါး အမြှုတေ

စင်ပြုံးလင်း

မိုးကြိုးသွားကို ရေတွင် ပစ်၍ ကစားလိုက်သည်။ ရေတွင် နစ်မြုပ်၍ ဆုံးရှုံးသွားသည်။ ကျွန်မသည် ထိုကလေးအား...

'ဘာဖြစ်လို့ မိုးကြိုးသွားကို လွှင့်ပစ်ရတာတုံး'

ဟု မေးလိုက်သောအခါ ကလေးမှ...

'အိုးခြမ်းကွဲတွေနဲ့ ရေပေါ်ကို ရုပ်ပြေးကစားနေတာ'

ထိုအခါမှ ကျွန်မသည် ကလေးများ မိုးကြိုးသွားမှန်းမသိ။ အိုးခြမ်းကွဲ၊ လင်းခင်းကျောက်လောက်သာ သဘောထား၍ တန်ဖိုးမဲ့စွာ ဆော့ကစားနေကြသည်ဟု စိတ်၌ တွေးမိလေသည်။

ယခုတွင်လည်း ကျွန်မတို့ အိမ်နားရှိ အမျိုးသမီးတစ်ယောက်သည် ဈေးမှ ငါးဝယ်လာ၍ တုံးတစ် ခွဲခြမ်းလိုက်ရာ ငါးခေါင်းထဲ၌ မာမာကျောက်ခဲတစ်လုံး ထွက်လာ၍ ထိုအမျိုးသမီးမှ...

'ငါးကလဲ ငတ်လိုက်တာ ကျောက်ခဲတောင်မျိုချတယ်'

ဟူ၍ ပြောကာ လွှင့်ပစ်လိုက်သည်။ ကျွန်မသည် ထိုအမျိုးသမီးအား...

'ဘယ်မှာတုန်း အဲဒီကျောက်ခဲက'

'ဟိုတက် လွှင့်လိုက်တာ ကလေးရှေ့ကျသွားလို့ အဲဒီကလေးက သားရေပတ်နဲ့ ငှက်ပစ်နေရင်း၊ အဲဒီကျောက်ခဲကိုကောက်ပြီး သားရေပတ်ထဲ ထည့်ပြီးတော့ ပစ်ထည့်လိုက်တာ ဘယ်ရောက်သွားမှန်း မသိဘူး'

ကျွန်မ နှမြော တမ်းတမိလိုက်သည်။

တစ်ဖန် စားသောက်ဆိုင်၌ စားပွဲထိုးလေးသည် ကျွန်မအား ငါးချိုချဉ် ပါဆယ်ထုပ်အားပေး၍...

'ကြည့်လဲစားဦး။ ငါးချိုချဉ်ကြော်ထဲမှာ ကျောက်ခဲတွေ ပါလာဦးမယ်'

ကျွန်မသည် ပြောင်သည် ထင်မှတ်၍...

'ကျောက်ခဲပါလဲ မျိုချလိုက်မှာပဲ'

ဟု ပြန်ပြောလိုက်သောအခါ စားပွဲထိုးမှ...

'မဟုတ်ဘူး ဆရာမလေးရေ တစ်ခါ စားဖိုမှူးကို ဝိုင်းပြီး ကူလုပ်ပေးတုန်းက ငါးခေါင်းထဲက ကျောက်ခဲတစ်ပုံး ရခဲ့



www.burmeseclassic.com

www.burmeseclassic.com

ရှိတယ်'

'ဒီလိုဆိုရင် အဲဒီကျောက်ခဲ ဘယ်မှာ လဲ'

ဟု စားပွဲထိုးလေးအား ပျာပျာသလဲ ကျွန်မ မေးလိုက်သည်။

'ဟုတ်တယ်... အစတုန်းက အဲဒီ ကျောက်ခဲကို အမှိုက်ခြင်းထဲ ထည့်မလို့ ကျောက်ခဲလေးက လှတာနဲ့ယူပြီး သိမ်း ထားလိုက်တယ်'

ကျွန်မသည် ထပ်၍ မေးလိုက် သည်။

'ဒီလိုဆိုရင် အဲဒီကျောက်ခဲလေး ဘယ်မှာလဲ အခုရှိသလား'

'ရှိတယ်'

ဟု ပြောကာ စားပွဲထိုးလေးသည် အခိုဆောင်ထဲသို့ သွားကာ ပလတ် စတစ်ထုပ်လေးအား ယူ၍ ထွက်လာ လေသည်။ ထို့နောက် ကျွန်မအား ပြလေသည်။


'ဟုတ်တယ် ဒါ အမြုတေလို့ ခေါ် တယ်'

စားပွဲထိုးလေးမှ...

'ဒါက ဘာအသုံးဝင်လို့လဲ'

'သူက အသုံးဝင်တာပေါ့ကွယ်။ ဒါကို ဆောင် ထားရင် လာဘ်ရွှင်တယ်။ ဖန်ခွက်သန့်သန့်ထဲ ရေထည့် ငါးအမြုတေကို ထည့်ပြီး ညှိခန်း စားပွဲပေါ် တင်ထားလိုက်။ အိမ်ပူနားဆူ ရှိနေတဲ့အိမ်ဆိုရင် အေးချမ်းသွားတယ်။ သောကအပူတွေလဲ ငြိမ်းအေးတယ်'

လို့ ဆရာတော်က သင်ပေးခဲ့ဖူး တယ်။ ပြီးတော့ တချို့ ငါးအမြုတေ ဆိုရင် မီးမကူးဘူး။ အမြုတေပေါင်းစုံကို ထွေးပြီး ဆေးထိုးရင် ဓားပြီး၊ တုတ်ပြီး၊ သေနတ်ပြီးတယ်လို့ ဆရာတော်က ပြောတယ်။ ငါးအမြုတေတစ်မျိုးထဲ ဆိုရင်တော့ ဘယ်အမြုတေပဲဖြစ်ဖြစ် ထိမိရုံတည်းဆိုရင် အစွမ်းမထက်ဘူး။ ပေါင်းစည်းငယ်လောက်တော့ အစွမ်းရှိ



တာပေါ့။ အမြုတေအားကိုးပြီး ကိုယ် တိုင် မစမ်းနဲ့။ တချို့လဲ အစွမ်းရှိတယ်။ တချို့လဲ အစွမ်းမရှိဘူး။

အမြုတေတိုင်းဟာ တုတ်ပြီး၊ ဓားပြီး၊ သေနတ်ပြီးတယ်ဆိုတာ မဖြစ်နိုင်ဘူး ထင်တယ်။ စုပေါင်းအမြုတေ ပေါင်းစုံ စောစောက တို့ပြောသလို သွေးပြီး ဟသ်ပဒါးနဲ့ စုတ်နဲ့ ပေါက်ထိုးခဲ့ရင် ပြီးကောင်း ပြီးလိမ့်မယ်။

ငုံးအမြုတေတစ်စုံဆိုလို့ရှိရင်လဲ သူ ရှိရင် မီးမလောင်ဘူးလို့ ဆိုတယ်။ ဒါပေမယ့် မန္တလေး တော်ဝင်ရုံရုပ်ရှင်ရုံ ရဲ့ အရှေ့ဘက် အိမ်တစ်အိမ်မှာ တွေ့ခဲ့ ဖူးတယ်။ အဲဒီရပ်ကွက် မီးလောင်တုန်း က အဲဒီအိမ်ပါ၊ ပါသွားဖူးတယ်။ အဲဒါ လဲ စဉ်းစားစရာပဲ။ ဒါကြောင့် အမြုတေ တိုင်းကို ယုံသင့်မှ ယုံပါ'

'ဒီလိုဆိုရင် ကျွန်တော်က ဒီအမြု တေကို ဘယ်လိုလုပ်မလဲ'

'ဆောင်ရင်လဲဆောင် လာဘ်ရွှင် မယ်။ အေးချမ်းမယ်။ စောစောက တို့ ပြောသလို အိမ်မှာထားလဲ ရတယ်။ တစ်ခုရှိတယ်။ တချို့ အမြုတေဆိုရင် သံပရာရည်စိမ်လိုက်ရင် အရည်ပျော် တတ်တယ်။

တချို့အမြုတေကျ အရည်မပျော် ဘူး။ အေး...တကယ်လို့ အသည်းကို ကျောက်တည်တာတို့၊ ကျောက်ကပ် ကျောက်တည်တာတို့၊ ဆီးအိမ် ကျောက်တည်တာတို့ကို ခွဲစိတ်စရာ မလိုဘဲ ငါးအမြုတေကို သံပရာရည်နဲ့ စိမ်ပြီး သောက်ခဲ့ရင် ပျောက်ကင်းတယ် လို့ ဆိုတယ်။ အဲဒါလက်တွေ့ပဲ။

ငါးပတ်ခေါင်းထဲက အမြုတေကျ တော့ တော်တော်မာပြီး လုံးဝန်းတယ်။ တချို့ ငါးလင်ပန်းထဲက အမြုတေကျ ပြန်တော့လဲ သံချောင်းတောင် အဲဒီ အမြုတေမှာ ကပ်ပါတယ်။ တချို့က ငါးလင်ပန်းကို လျှပ်စစ်ငါးလို့တောင် ခေါ်ကြတယ်။

အဲဒီငါးကလဲ ဆန်းကြယ်တာ တစ်ခု ရှိတယ်လေ။ သူစားချင်တဲ့ သတ္တဝါကို လျှပ်စစ်ဓာတ်ကို လွှတ်လိုက်ပြီး မပြေး နိုင်တော့မှ စားတာ။ ရန်သူနဲ့ တွေ့ပြန် တော့လဲ လိုက်လာတဲ့ရန်သူကို လျှပ်စစ် ဓာတ်လွှတ်ပစ်ခဲ့တယ်။ အဲဒီရန်သူက ဆက်လိုက်ပြီး ရန်မပြုနိုင်တော့ဘူး။

ငါးစင်ရိုင်းထဲက အမြုတေကတော့ ငါးစင်ရိုင်းအများမှာ အမြုတေပါတတ် တယ်။ ငါးစင်ရိုင်းထဲက ရတဲ့ အမြုတေ ကတော့ သံပရာရည်နဲ့ညှစ်ရင် အရည် ပျော်တာ များတယ်။ အရည်ပျော်ရင် ကျောက်တည်ရောဂါအတွက် ဆေး အဖြစ် သောက်သုံးလို့ ရတယ်။

ကဲ...ငါ မင်းပြောရတာ မောသွား ပြီ။ အဲဒီငါးအမြုတေကို ဓာတ်ပုံအဖြစ် မှတ်တမ်းတင်ဦးမယ်'

ဟု ပြောကာ အသင့်ပါလာသော ကင်မရာဖြင့် ငါးအမြုတေအား မှတ် တမ်းတင်လိုက်ကာ ကျွန်မ ဝယ်ထား သော ငါးချိုချဉ်ထုပ်အား ယူ၍ အိမ်သို့ ပြန်လာခဲ့တော့သည်။

***သဗ္ဗေ သတ္တာ ဝေနေယျာ ချမ်းသာ ကိုယ်စိတ် မြဲကြပါစေ။***

**ဇင်ငြိမ်းလင်း**



www.burmeseclassic.com

www.burmeseclassic.com

# ပညာရေးနှင့် စာမေးပွဲအတွက်

## အာဝေဏိကဂုဏ်တော် ဆိမ်းပူဇော်နည်း

သန်းပညာ



အာဝေဏိက ဂုဏ်တော်သည် ဘုရားရှင်မှတစ်ပါး အခြားသော ပုဂ္ဂိုလ်များတွင် မရှိကောင်းသော အသီးအခြား ဂုဏ်ကျေးဇူးတော် ဖြစ်ပါတယ်။ ထို့ကြောင့် "**အသီးအခြား**" ဖြစ်သော အလိုဆန္ဒများ ပြည့်စုံအောင်မြင်နိုင်ရန် ပူဇော်နိုင်ပါတယ်။

**ဥပမာအားဖြင့်...**

- လုပ်ငန်းခွင် စာမေးပွဲများ ဖြေဆိုခြင်းမျိုး။
- နိုင်ငံခြားခရီး နေရာကောင်းကောင်းအတွက် ကြိုးစားခြင်းမျိုး။
- ရာထူးတိုးနေရာကောင်း ရလိုတဲ့အခါမျိုး။
- စာမေးပွဲများ လွယ်ကူချောမွေ့စွာ ထူးချွန်စွာ အောင်မြင်မှုမျိုး

စတာတို့ပါပဲ။

အထူးကတော့ **ဉာဏ်ပညာထက်မြက်မှု ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုရတဲ့လုပ်ငန်းများ** တိုးတက်အောင်မြင်မှု၊ အကြံကောင်းဉာဏ်ကောင်း ရရှိမှုများကို အကျိုးပြုပါတယ်။ ရက်အားဖြင့် (၁၈)ရက် ပူဇော်ရပါမယ်။

- ဗုဒ္ဓါနံ ဇိဝိတာယ နှ သက္ကာ ကေနစိ အန္တရာယော ကာတုံ။
- ဗုဒ္ဓါနံ သဗ္ဗညုတဉာဏဿ နှ သက္ကာ ကေနစိ အန္တရာယော ကာတုံ။
- ဗုဒ္ဓါနံ အဘိဟဋ္ဌာနံ စတုန္နံ ပစ္စယာနံ နှ,သက္ကာ ကေနစိ အန္တရာယော ကာတုံ။
- ဗုဒ္ဓါနံ အသိတိယာ အနုဗျဉ္ဇနာနံ ဗျာမပ္ပဘာယ ဝါ နှ သက္ကာ ကေနစိ အန္တရာယော ကာတုံ။
- ဣမေယံ စတုန္နံ နှ သက္ကာ ကေနစိ အန္တရာယော ကာတုံ တထာ မေ ဟောတု။

၁။ အတီတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။
၂။ အနာဂတံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။
၃။ ပစ္စုပ္ပန္နံသေ ဗုဒ္ဓဿ ဘဂဝတော အပ္ပဋိဟတံ ဉာဏံ။
၄။ ဣမေဟိ တီဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော သဗ္ဗံ ကာယကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။
၅။ သဗ္ဗံ ဝစီကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ၊
၆။ သဗ္ဗံ မနောကမ္မံ ဉာဏပုဗ္ဗင်္ဂမံ ဉာဏာနုပရိဝတ္တံ။
ဣမေဟိ ဆဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော။
၇။ နတ္ထိ ဆန္ဒဿ ဟာနိ။
၈။ နတ္ထိ ဝီရိယဿ ဟာနိ။
၉။ နတ္ထိ ဓမ္မဒေသနာယ ဟာနိ။
၁၀။ နတ္ထိ သမာဓိဿ ဟာနိ။
၁၁။ နတ္ထိ ပညာယ ဟာနိ။
၁၂။ နတ္ထိ ဝိမုတ္တိယာ ဟာနိ။
ဣမေဟိ ဒွါဒသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော။
၁၃။ နတ္ထိ ဒဝါ။
၁၄။ နတ္ထိ ရဝါ။
၁၅။ နတ္ထိ အပ္ဖုဋံ။
၁၆။ နတ္ထိ ဝေဂါယိတတ္တံ။
၁၇။ နတ္ထိ အဗျာဝဋမနော။
၁၈။ နတ္ထိ အပ္ပဋိသင်္ခါနုပေက္ခာ။
ဣမေဟိ အဋ္ဌာရသဟိ ဓမ္မေဟိ သမန္နာဂတဿ ဗုဒ္ဓဿ ဘဂဝတော နမော သတ္တန္နံ သမ္မာသမ္ဗုဒ္ဓါနံ။

**ခက်ခဲသော ပါဠိအသံထွက်**

| | |
|---|---|
| ဗုဒ္ဓါနံ | = ဗုတ်ဓါနံ |
| ဇိဝိတာယ | = ဇီဝိတတ်သ |
| သက္ကာ | = သက်ကာ |
| အန္တရာ | = အန်တရာ |
| သဗ္ဗညုတ | = သပ်ဗင်ညုတ |
| ဉာဏဿ | = ဉာနတ်သ |
| အဘိဟဋ္ဌာနံ | = အဘိဟတ်ထာနံ |
| စတုန္နံ | = စတုန်နံ |
| ပစ္စယာနံ | = ပစ်စယာနံ |
| အနုဗျဉ္ဇနာနံ | = အနုဗျင်ဇနာနံ |
| ဗျာမပ္ပ | = ဗျာမပ်ပ |
| ဣမေသံ | = အိမေသံ |
| အပ္ပဋိဟတံ | = အပ်ပတိဟတံ |
| ပစ္စုပ္ပန္နံသေ | = ပစ်စုပ်ပန်နံသေ |
| ဗုဒ္ဓဿ | = ဗုတ်ဓာတ်သ |
| ဓမ္မေဟိ | = ဓမ်မေဟိ |
| သမန္နာဂတဿ | = သမန်နာဂတတ်သ |
| သဗ္ဗံ | = သပ်ဗံ |
| ကမ္မံ | = ကမ်မံ |
| ပုဗ္ဗင်္ဂမံ | = ပုပ်ဗင်ဂမံ |
| နတ္ထိ | = နတ်ထိ |
| ဝတ္တံ | = ဝတ်တံ |
| ပရိဝတ္တံ | = ပရိဝတ်တံ |
| ဆန္ဒဿ | = ဆန်ဒတ်သ |
| ဝီရိယဿ | = ဝီရိယတ်သ |
| သမာဓိဿ | = သမာဓိတ်သ |
| ဝိမုတ္တိယာ | = ဝိမုတ်တိယာ |



www.burmeseclassic.com


www.burmeseclassic.com

...မေဟိ = အိမေဟိ
...ပ္ပုံ = အပ်ဖုတ်
...ပ္ပ = တတ်တံ
...ပဝဠ္ဌမနော = အဖျာဝတမနော
...ပ္ပံသခ်ါနုပေက္ခာ=အပ်ပတိသင်ခါနုပစ်ခါ
...ပ္ပနုံ = သတ်တန်နံ
...ပ္ပသမ္မုဒါနံ = သမ်မာသမ်ဗုတ်ဒါနံ

* * *

ဂုဏ်တော်များကို နံပါတ်စဉ်အတိုင်း ရွတ်ပွားပူဇော်ရပါမယ်။ တတ်နိုင်ပါက ဆီမီး မငြိမ်းမချင်း ဗုဒ္ဓ၏ အာဝေဏိက ဂုဏ်တော်များကို ပွားများနိုင်ပါက အကျိုးကြီးပါတယ်။

အထူးကတော့ **ဖြေဆိုရမယ့် စာမေးပွဲအသီးသီးတွင် လွယ်ကူစွာ၊ ထူးချွန်စွာ အောင်မြင်စေကြောင်း**




...နည်း
...ယောင်းတိုင် (၁၈)တိုင်ကိုယူ၍
... အာဝေဏိကဂုဏ်တော်များကို
...တဲ့ ဆီမီးခွက်များတွင် ဖယောင်း
...ကို ပူဇော်ရာတွင် အာဝေဏိက

အသိပေးကာ လမ်းညွှန်လိုက်ပါတယ်။

***အေးပါစေ၊ အောင်ပါစေ***

**သန်းပညာ**

စာမျက်နှာ (၁၄၄)မှ အဆက်

ခွေးမျိုးသားချင်းများအတွင်း သုမင်္ဂလာ သာရေးကိစ္စ ပေါ်ပေါက်ကာ ငွေအား၊ လူအား၊ စိတ်အားဖြင့် ပါဝင် ကူညီပေး ရတတ်သည်။



**✣ ခွေးနှစ်ဖွား**

အများအကျိုးဆောင် ပရဟိတ လုပ်ငန်း များပြားလျှင်ဖြစ်သည်။ အစ်မ၊ နှမ တို့ဘက်မှ မွေးသော တူ၊ တူမများ အတွက် ဗာဟီရများ ဖျက်ကွက်ခံကာ ကူညီပေးရတတ်သည်။

အိုးအိမ်ခြံမြေ ပြုပြင် မွမ်းမံရလိမ့် မည်။ သူခိုးသူဝှက်ရန်ဘေး ကြုံရဖွယ် ရှိသည်။ ကျောက်မျက်ရတနာ၊ တွင်း ထွက်ပစ္စည်းများ ဝင်ကိန်းရှိသည်။



**✣ ဝက်နှစ်ဖွား**

စီးပွားရေးလုပ်ငန်းများ အခြေခိုင် တည်မြဲလာမည်။ ဝန်ထမ်း၊ အလုပ်သမားတို့မှာ အပိုဝင်ငွေများ ရရှိသဖြင့် ချောင်လည်လာနိုင်သည်။ မျက်စိဝေဒနာများ သက်သာ ပျောက် ကင်းသွားမည်။

စိတ်ကြည်နူးချမ်းမြေ့ဖွယ် ဣန္ဒြာရုံ မြင်ကွင်းများ ကြုံတွေ့နိုင်သည်။ အဝတ်အထည် ဝင်ကိန်းရှိသည်။

ဤလတွင် ကံကြမ္မာနိမ့်ပါးသော ပုံရိပ်ရှင်တို့သည် ပူစပ်သော အရသာရှိ သည့် ငရုတ်၊ ငရုတ်ကောင်း၊ ပိတ်ချင်း၊ ချင်း စသည် ပါဝင်သော စားဖွယ် ပစ္စည်း(၇)ထုပ်ကို သောကြာနေ့တွင် ဆွမ်းခံသံဃာအား လောင်းလှူပါ။ ကံ ဇာတာပွင့်လင်း၍ အဆင်ပြေလာပါ လိမ့်မည်။

***ကြံဆောင်သမျှ အောင်မြင်ကြပါစေ***

**ဟူဂျင်းဇီ**
***(Hu Jin Zhi)***



www.burmeseclassic.com

www.burmeseclassic.com

ဤလတွင်...



✣ ကြွက်နှစ်ဖွား

ပညာရေး၊ စီးပွားရေးနှင့် လူမှုရေးဆိုင်ရာကိစ္စများအတွက် အကူအညီ၊ အထောက်အပံ့များ ခံစား ရရှိနိုင်ကြသည်။ ခါးဝတ်တန်ဆာ ဝင်ကိန်းရှိသည်။

ကျေးလက်ဒေသ၊ ဆိတ်ငြိမ်သော ဆင်ခြေဖုံးဒေသများသို့ သွားရောက်ရဖွယ်ရှိသည်။ မိတ်ဆွေကောင်းနှင့် အတွေ့အကြုံ ဗဟုသုတ တိုးပွားနိုင်ကြသည်။



✣ နွားနှစ်ဖွား

တီထွင်ဖန်တီးမှုများ အောင်မြင်သောကာလဖြစ်ရာ ဉာဏလုပ်သားတို့အတွက် အထူးကောင်းမွန်သောလဖြစ်သည်။ စီးပွားရေးတွင် ကုန်စည်သစ်၊ စီးပွားဖက်၊ ဈေးကွက်အသစ်များက အကျိုးပေးလိမ့်မည်။

အိုးအိမ် ခြံမြေ ဝင်ကိန်းရှိသည်။ လုလင်,လုံမပျိုတို့ ဘဝအဖော် ချစ်သူတွေ့ရတတ်သည်။



✣ ကျားနှစ်ဖွား

နေထိုင်မှုအဆင့်အတန်း တိုးတက်မြင့်မားလာမည်။ ဝန်ထမ်း၊ အလုပ်သမားများ ရာထူး၊ လစာ တိုးမြင့်နိုင်သည်။

ရပ်ဝေးမြေခြား ခရီးသွားရကိန်း ရှိသည်။ မျှော်လင့်နေသော သတင်းစကားများ ကြားသိရတတ်သည်။ အစ်ကိုမောင်ဘက်မှ တူ,တူမများထံမှ လက်ဆောင်၊ ငွေကြေးများ လက်ခံရဖွယ် ရှိသည်။



✣ ယုန်နှစ်ဖွား

ကံကြမ္မာမေးမှိန်သော ကာလဖြစ်သည်။ သူတစ်ပါး မနာလို ဝန်တိုဖြစ်ခြင်း ခံရတတ်သည်။



၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း ပုံရိပ်ရှင်တို့၏

# ကံကြမ္မာ



ဟူကျင်ဇီ (Hu Jin Zhi)

အထင်အမြင်လွဲမှားကာ စေတနာမှ ဝေဒနာဖြစ်နိုင်သဖြင့် ကူညီ၊ စူးစမ်းမှုများတွင် သတိထားပါ။ နားနှင့် အကြားအာရုံဆိုင်ရာ ဝေဒနာများကို ကြိုတင်ကာကွယ် ကုသသင့်သည်။



✣ နဂါးနှစ်ဖွား

အလှူအတန်း ပေးရတတ်သည်။ ကူညီပံ့ပိုး ဝန်ဆောင်ပေးခြင်းတို့မှ တုံ့ပြန်ကျေးဇူး ခံစားရကိန်းရှိသည်။ ကြွေထည်မြေထည်ပစ္စည်းများ ဝင်တတ်သည်။ ချစ်သူ၊ အိမ်ထောင်ဖက်အတွက် ချစ်သက်လက်ဆောင် အမှတ်တရပစ္စည်းများ ပေးဖြစ်မည်။



✣ မြွေနှစ်ဖွား

စီးပွားဖြစ်ထွန်း၍ ငွေကြေးလာဘ်လာဘ ရှင်လန်းသော သမယဖြစ်သည်။ ယာဉ်ရထား ဝင်ကိန်းရှိလည်း၊ ဖခင်အတွက် ဝမ်းမြောက်ဂုဏ်ယူဖွယ်ကိစ္စ ပေါ်ပေါက်တတ်သည်။

လုံမပျိုတို့မှာ ကြေးရတတ်မိသားစုဝင် ဖြစ်သွားနိုင်သည်။ ငွေကြေးပြည့်စုံသူ သတို့သားနှင့် လက်ဆက်ရဖွယ် ရှိသည်။



✣ မြင်းနှစ်ဖွား

ငွေကြေးအခက်အခဲ ကြုံရတတ်သည်။ လောင်းကစားနှင့် ဥပဒေငြိစွန်းသောလုပ်ငန်း၊ ငွေကြေးများကြောင့်လည်း အတိဒုက္ခ ရောက်ရဖွယ် ရှိ
သည်။

အဆုတ်၊ အူမနှင့် အရေပြားဆိုင်ရာ
ရောဂါဝေဒနာများ သတိပြု ကုသ
ရောဂါဝေဒနာကြီးမား ပြင်းထန်
ခံစားရကိန်း ရှိသည်။



✣ ဆိတ်နှစ်ဖွား

တွေးခေါ်ကြံဆချက်များ မှားယွ
ချွတ်ချော်နိုင်သည်။ အထူးသဖြ
စီးပွားရေးမျက်နှာစာတွင် ခန့်မှန်း တွ
ဆမှု လွဲမှားကာ ငွေကြေး အမြော
အမြား ဆုံးရှုံးနိုင်သည်။

လုလင်ပျို၊ လုံမပျိုတို့ နှလုံးသား
တွင် ထိခိုက်အနာတရ ပေါ်များတ
သဖြင့် သတိထားပါ။



✣ မျောက်နှစ်ဖွား

စီးပွားရေး၊ ကျန်းမာရေး၊ ပညာ
ဆိုင်ရာ အခက်အခဲ ပြဿနာ
ပြေလည်သွားမည်။ မရောက်ဘူးသေ
နေရာဒေသ၊ ရှေးဟောင်း ယဉ်ကျေ
နယ်မြေ၊ တောင်ကုန်းမြေမြင့်ဒေသ
သို့ သွားရောက်ရတတ်သည်။

အတွေ့အကြုံဗဟုသုတ တိုး
သောခရီး ဖြစ်သည်။ ဖန်ထည်မှန်
ပစ္စည်း ဝင်ကိန်းရှိသည်။



✣ ကြက်နှစ်ဖွား

ဝတ်ကောင်းစားလှ ဝတ်စားဆင်
၍ ပွဲနေပွဲထိုင် တက်ရောက်ရကိ
သည်။ မင်းစိုးရာဇာ အသိအကျွ
များကာ လူအများ ကြည်ညို
ခံရချိန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင်နှင့်

ကျေးဇူးရှင် ဆရာတော်ကြီးများ

သန်းပညာ

ရန်ကုန်တိုင်းဒေသကြီး၊
မြောက်ဥက္ကလာပမြို့နယ်၊
(င)ရပ်ကွက်၊ သန္တာလမ်းမကြီး၊
ရန်အောင်ကျောင်းတိုက်၊
ဂုဏ်တော်ရိပ်သာ၊ သန္တာဦးကျောင်း
ဆရာတော် ပဓာန နာယက
ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝဏ္ဏသာမိ
အား ဂါရဝပြု ပူဇော်ခြင်း


ဆရာတော်သည် ၁၃၁၃ ခုနှစ်၊ **တပေါင်းလဆန်း (၁၀)ရက်၊ ဗုဒ္ဓဟူး နေ့**တွင် ဖွားမြင်တော်မူရာ မဟာဘုတ် အရ ၄-ကြွင်း မဟာဘုတ်ပိုင်ရှင် ဖြစ်ပါတယ်။

လေ့လာကြည့်ပါ။

BURMESE CLASSIC .com

| | | |
|---|---|---|
| | ၁ | |
| ၃ | ၆ | ၂ |
| ၀ | ၄ | ၅ |

တနင်္ဂနွေဂြိုဟ် (၁-နွေ)သည် အဓိပတိဂြိုဟ် ဖြစ်တဲ့အတွက် အကောင်း, အဆိုး ဒွန်တွဲနေတယ်။ အဓိပတိဂြိုဟ်သည် ဒွိဂြိုဟ် ဖြစ်တဲ့အတွက် တနင်္ဂနွေဂြိုဟ်က ပြဋ္ဌာန်းထားတဲ့ ဘွဲ့ထူးဂုဏ်ထူး၊ နာမည်ဂုဏ်သတင်း ကျော်ကြားမှု၊ ဥစ္စာဓန၊ အကြီးအကဲ၊ အုပ်ချုပ်မှုဆိုင်ရာ၊ အိုးအိမ်၊ အိမ်ထောင်၊ အောင်မြင်မှု စ,တာတွေကို ကိုယ်စားပြုထားပါတယ်။



ဂုဏ်တော်ရိပ်သာ သန္တာဦးကျောင်း ဆရာတော် ကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တဝဏ္ဏသာမိ

ဒါကြောင့်...

❖ အကြီးအကဲ ဖြစ်ရသော်လဲ လျှမ်းလျှမ်းတောက် မဖြစ်တတ်ခြင်း၊
❖ ဘွဲ့ထူးဂုဏ်ထူး ရသော်လဲ အမြင့်ဆုံးဘွဲ့မျိုး ရခဲခြင်း၊
❖ အဆောက်အအုံကောင်းနဲ့ နေရငြားသော်လဲ ထိပ်တန်းအနေမျိုး မဖြစ်တတ်ခြင်း၊
❖ နာမည်ဂုဏ်သတင်း ကျော်ကြားမှုတွင်လဲ ပြည်ကျော်တိုင်းကျော် နိုင်ငံကျော် မဖြစ်ခြင်း၊
❖ အောင်မြင်မှု ရရာ၌လဲ စိတ်ကြိုက်အောင်မြင်မှု မရတတ်ခြင်း...

တို့ ဖြစ်တတ်ပါတယ်။

အင်္ဂါဂြိုဟ် (၃-ဂါ)သည် အထွန်းဂြိုဟ်တွင် ရပ်တည်နေတဲ့အတွက် ကောင်းကျိုးအပြုဆုံး၊ အားအထားရဆုံး ဂြိုဟ်ကောင်းတစ်ခုလဲ ဖြစ်ပါတယ်။ အင်္ဂါဂြိုဟ်ရဲ့ သဘောက ရန်၊ အတိုက်အခံ၊ အနှောင့်အယှက်၊ စိတ်၊ နှလုံး၊ ဆုံးဖြတ်ချက်၊ စစ်ဘက်ဆိုင်ရာ စသည်တို့ကို ကိုယ်စားပြုထားပါတယ်။

ဒီတော့ကာ...

❖ ဆုံးဖြတ်ချက်တိုင်း ပြီးမြောက်စေ




www.burmeseclassic.com

www.burmeseclassic.com

# သာသနာ(၅၀၀၀) ကန်တော့ပွဲတိုးခြင်း

## နှင့်

## ထူးခြားသည့် အတွေ့အကြုံများ



မျိုးမောင်မောင်

ကျွန်တော် တာဝန်ထမ်းဆောင်စဉ် ကာလ ရန်ကုန် ကမ္ဘာအေးဘုရားလမ်း ဝန်ထမ်းအိမ်ရာတွင် ဖြစ်ပါသည်။ အိမ်ခန်းရရှိပြီး မကြာခင်ကာလအတွင်း ကျွန်တော်တို့မိသားစု သာသနာ(၅၀၀၀)ကန်တော့ပွဲတင်ရန် ရည်ရွယ်ခဲ့ပါသည်။

ထိုအချိန် ၁၉၈၆ ခုနှစ်တွင် ရန်ကုန်မြို့တွင် သာသနာ(၅၀၀၀)ကန်တော့ပွဲတင်ခြင်း ခေတ်စားခဲ့ပါသည်။ သာသနာ(၅၀၀၀)ကန်တော့ပွဲ မတင်လျှင် ခေတ်မမီသယောင် ရှိနေချိန် ကျွန်တော်တို့လည်း ခေတ်ရေစီးချောင်း မျောခဲ့ပါသည်။

ထိုကန်တော့ပွဲတင်လျှင် အကြံအစည် အောင်မြင်သည်၊ အဓိဋ္ဌာန်ဝင်လျှင် စီးပွားတိုးသည်၊ လာဘ်လာဘတိုး၍ လိုအပ်ဆန္ဒပြည့်သည်ဟု အဆိုပြုကြပါသည်။ ကန်တော့ပွဲတင်သူများကလည်း ထောက်ခံအားပေးကြသည်။

ထိုကဲ့သို့ ရှိနေချိန်တွင် နယ်မှ ကျွန်တော့်ခယ်မတစ်ယောက် အလည်ရောက်လာပါသည်။ သူ့အမေအိမ်တွင် သာသနာ(၅၀၀၀)ပွဲတင်ရာ ထီပေါက်ကြောင်း ပြောပြပါသည်။ ကျွန်တော်၏ ဇနီးမှာ ပို၍ စိတ်ဝင်စားပြီး ညီမနှစ်ယောက် ကန်တော့ပွဲတင်ရန် ပြင်ဆင်ပါတော့သည်။

လိုအပ်သောပစ္စည်းများကို ဝယ်ရန် ညီမနှစ်ယောက် တိုင်ပင်ပြီး ကမ္ဘာအေးဘုရားဈေးသို့ ထွက်သွားကြပါသည်။ ဝယ်လာသောပစ္စည်းများမှာ ဖရုံအကြီးတစ်လုံး၊ ငှက်ပျော(၅)ဖီး၊ အုန်းသီးတစ်လုံး၊ ဖယောင်းတိုင်တစ်ထုပ်၊ အမွှေးတိုင်တစ်ထုပ်၊ လက်ဖက် (၅)ကျပ်သားတစ်ထုပ်၊ အကြော်စုံတစ်ထုပ်၊ သပြေပန်း၊ ကွမ်းယာအတွက် ကွမ်းရွက်၊ ကွမ်းသီး၊ ထုံး စသည်တို့ ဖြစ်ပါသည်။

ထိုနေ့တွင်ပင် ငှက်ပျောသီး၊ အုန်းသီးများကို ဆေးကြောသန့်စင်ပြီး ဘုရားရှင်အား သာသနာ(၅၀၀၀)ပွဲ ဆက်ကပ် လှူဒါန်းပါတော့သည်။ လက်ဖက်၊ အကြော်စုံနှင့် ဖယောင်းတိုင်၊ အမွှေးတိုင်တို့အား အထုပ်လိုက်တင်ကြပါသည်။ ရည်ရွယ်ချက်မှာ ဆုတောင်းသမျှ အထုပ်လိုက် ရ[...] အောင် ဖြစ်သည်။

ငှက်ပျောသီး(၅)ဖီးထားပုံမှာ အောက်[...] ဘက်တွင် (၃)ဖီးခံ၍ အပေါ်မှ (၂)ဖီးထ[...] တင်ပါသည်။ ထိုငှက်ပျော(၅)ဖီးအပေါ်[...] အုန်းသီးတင်ပါသည်။ အုန်းကြွက်မြီးအား[...] အိမ်အတွင်းသို့ လှည့်ထားရပါသည်[...] ကွမ်းယာ(၅)ယာမှာ ကွမ်းရွက်[...] ကတော့ပုံထိုး၍ ကွမ်းသီးနှစ်စိတ် ထ[...] ကာ ငှက်ပျော(၅)ဖီးကြား တစ်ယာ[...] ညှပ်ထည့်ပါသည်။

လက်ဖက်၊ အကြော်စုံတို့အာ[...] အထုပ်လိုက် ထည့်ပါသည်။ ဖယောင်[...] တိုင်၊ အမွှေးတိုင် အထုပ်လိုက် ဖြစ်[...] သည်။ ထိုကန်တော့ပွဲအား သပြေခ[...] နှင့် အမွှေးနံ့သာဖျန်းပြီး ဘုရားရှင်အ[...] ကပ်လှူပူဇော်ပါသည်။ လိုအပ်သေ[...] ဆုများတောင်း၍ ဂုဏ်တော်(၉)[...] အဓိဋ္ဌာန်ပုတီး(၉)ရက် စိပ်၍ [...] ကြပါသည်။





www.burmeseclassic.com

www.burmeseclassic.com

ထိုနေ့တွင် အိမ်တိုင်ရာရောက် ရောင်းချသော ထီတစ်စောင်လည်း ထိုးထားလိုက်ပါသည်။ ထီဖွင့်ရန် တစ်ရက်သာ လိုသောအချိန်ဖြစ်သည်။ တိုက်ဆိုင်သည်ပဲလား မပြောနိုင်၊ ဆုတောင်း အဓိဋ္ဌာန်ပြည့်သည်ဟု ဆိုရမလား မပြောနိုင်အောင်ပင်။ ထီဖွင့်သောအခါ တစ်သိန်းဆုပေါက်ပါသည်။ ထီရောင်းသမားမှ လာပြော၍ သိရပါသည်။

ထီရောင်းသူသည် ငွေတစ်သိန်းပေးကာ ထီလက်မှတ်ယူ၍ ထွက်သွားပါသည်။ ညီမနှစ်ယောက်မှာ ပျော်နေကြပြီး တစ်ယောက် တစ်ဖက်စီ ခွဲဝေယူကြပါသည်။

ကျွန်တော့်စိတ်ထဲမှာလည်း ဘယ်ဆိုးလို့လဲဟု တွေးနေမိပါသည်။ နောက်တစ်နေ့တွင် ကျွန်တော့်ခယ်မလည်း ပြန်သွားပါသည်။ ကန်တော့ပွဲကိုလည်း ငှက်ပျောသီးများ လဲလှယ်ပေးပြီး အမြဲမပြတ် ဆက်ကပ် လှူဒါန်းထားရန်လည်း မှာကြားသွားပါသည်။

ထိုညတွင် ကျွန်တော့်ဇနီးအား အိပ်မက်ပေးပါသည်။ အိပ်မက်ထဲတွင် ပုဂ္ဂိုလ်တစ်ဦးမှ သူများကန်တော့ပွဲတင်ပေးသည့်အတွက် တစ်ဝက်သာရကြောင်း၊ ကိုယ်တိုင် ပွဲထိုးရန် မှာကြားသွားကြောင်း ပြောပြပါသည်။

နောက်ညများတွင် ပြဿနာတစ်ခုပေါ်ပါတော့သည်။ ကျွန်တော်၏ဇနီးမှာ ည(၉)နာရီတွင် ဘုရားဝတ်ပြု၍ ကန်တော့ပွဲတွင် ဖယောင်းတိုင်မီးပူဇော်ပါသည်။ ဖယောင်းတိုင်အား အုန်းသီးပေါ်တွင် တင်၍ မီးထွန်းရပါသည်။

မီးပူဇော်ပြီးသောအခါ ကျွန်တော့်ဇနီးသည် အဓိဋ္ဌာန်ပုတီးစိပ်ပါသည်။



ကျွန်တော်လည်း ဘေးမှ ထိုင်၍ကြည့်နေပါသည်။ ထိုအချိန်တွင် ကန်တော့ပွဲမှ ဖယောင်းတိုင်မီးညွန့်သည် "ဟုတ်" ခနဲ မြည်ကာ အပေါ်သို့ တက်သွားပါသည်။ အောက်သို့ ပြန်ကျလာပြီး မီးပြန်လင်းလာလိုက်နှင့် ဖြစ်နေပါသည်။

ကျွန်တော်လည်း အံ့သြစွာ ငြိမ်၍ကြည့်နေပါသည်။ ထိုအချိန်တွင် ဇနီးသည်မှာ "ရှူးရှဲ...ရှူးရှူ" ဟူသော အသံနှင့်အတူ အသက်ရှူသံ ပြင်းထန်လာပြီး ခန္ဓာကိုယ်မှာ ယိမ်းထိုး၍ နေပါသည်။

အတန်ကြာသောအခါ ကြမ်းပြင်ပေါ်တွင် လှဲချပြီး မြွေတစ်ကောင်ပမာ လူးလှိမ့်၍ နေပါသည်။ လေမှုတ်သံမှာလည်း အနီးအနားတွင်ရှိသော စက္ကူစာရွက်များ လွင့်ထွက်သည်အထိ ပြင်းထန်နေပါသည်။

ကျွန်တော်လည်း ဘာလုပ်ရမှန်း မသိဖြစ်ကာ အနားသို့ တိုးသွားပြီး ထိန်းရပါတော့သည်။ ထိုအခါ နဂါးမင်းဖြစ်ကြောင်း၊ ရှေးဘဝက ကျွန်တော့်ဇနီးသည်နှင့် မောင်နှမတော်ကြောင်း သူ၏ နှမကို သတိရ၍လာကြောင်း ပြောပြီး ပြန်ထွက်သွားပါသည်။

ပြန်၍ သတိရသောအခါ ကျွန်တော့်ဇနီးမှာ ဘာဖြစ်မှန်း မသိလိုက်ပါ။ မေးကြည့်သောအခါ စိတ်အာရုံတွင် နဂါးတစ်ကောင် တွေ့မြင်လိုက်ရပြီး ခန္ဓာကိုယ်အတွင်းသို့ ဝင်ရောက် ပူးကပ်လိုက်ကြောင်း ပြောပြပါသည်။ ဘာတွေပြောမှန်းလည်း မသိလိုက်ကြောင်း ပြောပြပါသည်။

ထိုအချိန်မှစ၍ ကျွန်တော့်ဇနီးမှာ ခေါင်း၊ ဇက်များလေးကာ နေထိုင်မကောင်း ဖြစ်နေပါတော့သည်။ မကြာခဏဆိုသလို ဝင်ရောက်ပူးကပ်ပြီး နဂါးတစ်ကောင်ပမာ လူးလှိမ့် ငိုယို၍ နေပါသည်။

ထို့ကြောင့် ကျွန်တော်လည်း မနေသာတော့၍ ပယောဂဆရာများနှင့်ပြ၍ စစ်ဆေးကြည့်သောအခါ ကျွန်တော့်ဇနီးမှာ နဂါးသိုက်မှ လာကြောင်း၊ သိုက်ဆက်ဖြစ်၍ မကြာခဏ ပူးကပ်နေကြောင်း ပြောပြပါသည်။ လူ့ဘဝမှ ပြန်ခေါ်လို၍ သတိပေးနေခြင်း ဖြစ်ကြောင်း သိရပါသည်။

ယခင်က တစ်ကြိမ်တစ်ခါမျှ မဖြစ်ဘူးကြောင်း ကျွန်တော် ပြောပြပါသည်။ ထိုအခါ ဆရာကြီးမှ "**မင်းတို့ ထူးထူးခြားခြား အိမ်မှာ ဘာများ လုပ်ထားသလဲ**"ဟု မေးပါသည်။ ကျွန်တော်လည်း စဉ်းစားပြီး "**သာသနာ(၅၀၀၀) ကန်တော့ပွဲ တင်ထားကြောင်းနှင့် ထူးခြား ဖြစ်စဉ်များ**"ကို ပြောပြလိုက်ပါသည်။

ထိုအခါ ဆရာကြီးမှ...

'မင်းတို့ အဲဒါ မှားတာပဲကွ။ အဲဒီ ကန်တော့ပွဲကို ဘယ်သူ တင်ခိုင်းတာလဲ'

ဟု မေးပါသည်။ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com

လည်း အမှန်အတိုင်း မည်သူမျှ မတင်နိုင်ကြောင်း၊ စီးပွားလာဘ်လာဘတိုးသည်၊ အကြံအစည်အောင်မြင်သည်ဟု ကြားသိရ၍ တင်ကြောင်း ပြောပြလိုက်ပါသည်။

ထိုအခါ ဆရာကြီးမှ…

'မင်းတို့ တစ်သက်လုံး မှတ်ထားကြ၊ သိုက်ဆက်၊ ပဋ္ဌာန်းဆက်ရှိသူတွေဟာ သာသနာ(၅၀၀၀)ကန်တော့ပွဲ မတင်ရဘူးကွ။ သိုက်ဆက်၊ ပဋ္ဌာန်းဆက်တွေ ပြန်ပေါ်စတတ်တယ်။ ကန်တော့ပွဲတင်ချင်ရင် ဘုရားပွဲတင်ရတယ်။ ငှက်ပျော(၃)ဖီး အုန်းတစ်လုံးဆို ပြီးတာပဲ။ သာသနာ(၅၀၀၀)ပွဲ လူတိုင်း မတင်ရဘူး မှတ်ထားကြ၊ ကြားလား'

ဟု ပြောပါသည်။

ထို့ကြောင့် ကျွန်တော့်ဇနီးမှာ သိုက်ဆက်၊ ပဋ္ဌာန်းဆက်များ ပြန်ပေါ်ပြီး သောကများရခြင်း ဖြစ်သည်။ ဆရာကြီးမှလည်း ထိုကန်တော့ပွဲအား စွန့်ပြီး ဘုရားကန်တော့ပွဲ ပြန်တင်ရန် မှာကြားပြီး သိုက်ဆက်များ ပြန်၍ မပေါ်နိုင်အောင် ရှင်းလင်းဖယ်ရှား ကုသပေးလိုက်ပါသည်။

ထို့ကြောင့် စာရှုသူပရိသတ်များ မှားယွင်းမှု မရှိစေရန်နှင့် ကျွန်ုပ်ကိုယ်တွေ့ ဖြစ်ရပ်ဆန်းအား တင်ပြရေးသားလိုက်ရပါသည်။ **စိတ်ဝင်စား၍ သာသနာ(၅၀၀၀)ပွဲ တင်မည်ဆိုလျှင် တတ်သိနားလည်သော ဆရာကြီးများနှင့် မေးမြန်းစုံစမ်းပြီးမှ တင်ကြပါရန် အကြံပြုလိုက်ရပါသည်။**

ထူးခြားသည်မှာ အကျိုးပေး မြန်၍ လာဘ်လာဘ ဝင်ပါသည်။ သိုက်ဆက်၊ ပဋ္ဌာန်းဆက်မရှိလျှင်တော့ ပြဿနာ မရှိနိုင်ပါ။

ဆက်နွယ်မှုရှိခဲ့လျှင် ပြဿနာပေးပြီး စိတ်ဆင်းရဲစရာ ကိစ္စရပ်များ ကြုံလာနိုင်၍ အစစအရာရာ မေးမြန်းစုံစမ်းပြီးမှ ဆောင်ရွက်ကြပါရန် တင်ပြလိုက်ရပါသည်။

***စေတနာများစွာဖြင့်…***

**မျိုးမောင်မောင်**

**မှတ်ချက်။ ။ ဤဆောင်းပါးမှာ သာသနာ(၅၀၀၀)ပွဲနှင့် ပတ်သက်၍ စာရေးသူ၏ ကိုယ်တွေ့နှင့် အယူအဆကို တင်ပြခြင်း ဖြစ်ပါသည်။ တတ်သိနားလည်သူများ၊ တွေ့ကြုံဖူးသူများမှ ဆက်လက် ဖော်ပြရေးသားပေးကြပါရန် ပန်ကြားအပ်ပါသည်။**

***ဦးကျော်မိုးသိန်း***
***စာတည်းချုပ်***
***နက္ခတ္တရောင်ခြည်မဂ္ဂဇင်း***

စာမျက်နှာ (၁၄၅)မှ အဆက်

ခြင်း။

- ❖ စိတ်နှလုံး ဖြောင့်စင်းခြင်း၊
- ❖ ရန် အတိုက်အခံ ကင်းခြင်း။
- ❖ စစ်ဘက်ဆိုင်ရာများနဲ့ အကျိုးပေးခြင်း။
- ❖ စိတ်အေးချမ်းခြင်း။
- ❖ စိတ်ဓာတ်ကြံ့ခိုင်ခြင်း…

တို့ ရှိပါမယ်။

**တနင်္လာဂြိုဟ် (၂–လ်ာ)သည် ရာဇအိမ်၌ ရပ်တည်တဲ့အတွက်…**

- ❖ ငွေကြေးဝတ္ထု အလှူခံရလွယ်ခြင်း၊
- ❖ ခရီးကောင်း ကြွရခြင်း။
- ❖ ကြည်ညိုပေါ်များခြင်း…

တို့ ဖြစ်စေပါတယ်။ သို့ရာတွင် သိုက်ဂြိုဟ် (၆–ကြာ)နဲ့ ရာဇဂြိုဟ် (၂–လ်ာ)သည် ပက္ခမိတဲ့အတွက် မိခင်အတွက် သောက မကင်းတတ်ပါဘူး။

စနေဂြိုဟ် (၀–နေ)သည် အဆိုးဆုံး မရဏအိမ်၌ ရပ်တည်နေတဲ့အတွက် လုပ်ငန်းများ ဆောင်ရွက်ရာတွင်…

- ❖ ပူပင်သောက မကင်းတတ်ခြင်း၊
- ❖ ပဋိပက္ခ ကြုံတွေ့ရခြင်း။
- ❖ အခက်အခဲ အကျပ်အတည်း ကြုံရခြင်း…

တို့ ရှိတတ်ပါတယ်။ ထို့ကြောင့်…

ထိုအခက်များ ပြေလည်သွားစေရန်အတွက်…

- ❖ ဆင်းရဲဒုက္ခ ရောက်နေသူများကို ကယ်တင်စောင့်ရှောက်ခြင်း။
- ❖ ဖိနပ်များ လှူဒါန်းခြင်း။
- ❖ ရေဒါနပြုပေးခြင်း…

စသည်တို့ကို ဆောင်ရွက်ရန် အကြံပြုရင်း ပူဇော် ဂါရဝ ပြုအပ်ပါတယ်။

***အေးပါစေ၊ အောင်ပါစေ။***

**သန်းပညာ**

စာမူ

ပို့လိုက…

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း–၀၁ ၂၄၂၂၇၄



www.burmeseclassic.com

www.burmeseclassic.com

စားနပ်ရိက္ခာ ဖူလုံစေသည့်

# ကြွက်ခြေပန်း



◆ ကြွက်ခြေပန်းပင်

ထက်မြင့်ကျော်စွာ

မွန်ဘာသာရေးထုံးအရ **"ပ္ပနိုင်တင်"**ဟု ရေးသား၍ **"ပကောင်းကျိုင်ကျိုင်း"**ဟူသော နီးစပ်သည့် အသံထွက်ရှိသည်။ **"ကြွက်ခြေထောက်ပန်း"**ဟု အဓိပ္ပာယ်ရလေသည်။

သုခမိပင်စည်မှာ အသားဆိုင် ပါကြွန်ကြွန် သားရေပုံအောင်ထားသော ကြွက်ခြေချိုနှင့် ဆင်တူသဖြင့် ကြွက်ခြေထောက် ခေါ်တာ ခေါ်ခြင်း ဖြစ်သည်။

အရွက်များမှာ လုံ့သွားပုံ အဖျားချွန်ပြီးရှည်ပုံစံရှိ၏။ ဝါခေါင်၊ တော်သလင်းလများတွင် အကိုင်းထိပ်မှ ဖူးတံထွက်ကာ ပန်းပွင့်လေ့ ရှိသည်။ ပွန်းအရောင်မှာ နီဝါရော၍ လှပသော အသွေးရှိသည်။ မွှေးရနံ့ မရှိပါ။

ဖူးတံထိပ်တွင် အဖူးလေးခုပြိုင်ကာ ခုနစ်ထပ်၊ ရှစ်ထပ်မျှ ဖူးလေ့ရှိသည်။ ပွင့်သောအခါ ထိပ်မှ မျက်နှာချင်းဆိုင် နှစ်ပွင့် ပွင့်တတ်သည်။ နေ့စဉ် နှစ်ပွင့်နှုန်းဖြင့် အဖူးကုန်သည်အထိ ဆက်တိုက်ပွင့်သည်။

အပွင့်ပုံသဏ္ဍာန်မှာ စံပယ်ပွင့်နှင့် ဆင်ဆင်တူသည်။ ထိုအပွင့်ကလေးများကို ခူးကာ ကြိုးဖြင့် သီ၍လည်းကောင်း၊ ပန်းကန်ပြားတွင် ထည့်၍လည်းကောင်း ဘုရား ကပ်လှူကြသည်။

ဤပန်းပင်ကို အိမ်မျက်နှာစာတွင် စိုက်ပျိုးထားကာ ပန်းပွင့်လာသော အချိန်တွင် နီဝါရောင် ပန်းကလေးများကြောင့် အလွန် မျက်စိပသာဒ ရှိလှသည်။

ဤသို့ စိုက်ပျိုးထားခြင်းဖြင့်လည်းကောင်း၊ ဘုရားပန်း ကပ်လှူခြင်းဖြင့်လည်းကောင်း နေအိမ်ဂေဟာ၌ စားနပ်ရိက္ခာ ဖူလုံစေခြင်းအကျိုးကို မျှော်လင့်နိုင်ကြသည်။

ကြွက်သတ္တဝါတို့မည်သည် ခြေဖြင့် ယက်ကာ,ယက်ကာ မြေကြီးအတွင်းမှ ပိုးကောင်ကလေးများ၊ သစ်စေ့များ ရှာဖွေ စားသောက်လေ့ရှိကြသည်။ အစာ ရရှိသောအခါ မိမိတစ်ဦးတည်း စားသောက်ခြင်းမရှိဘဲ သားသမီး ကြွက်ပေါက်စကလေးများကို ကျွေးမွေးလေ့ရှိကြသည်။ အစာများကောက်ယူ၍ စားသောက်ဟန်ပြ၍ ပြန်ချပေးလေ့



www.burmeseclassic.com

www.burmeseclassic.com





▲ ကြက်ခြေပန်း ပူဖွင့်ပုံ

ကြက်ခြေသောက်သရေကျာန် ပင်စည်ရှိ ▶

ရှိသည်။ ယင်းကို "**အစာတောက်သည်**"ဟု ခေါ်ဝေါ်ကြသည်။

ဥမှပေါက်ခါစ သားသမီးများအား အစာစားသင်ပေးခြင်း ဖြစ်သည်။ မိမိကိုယ်တိုင် စားသောက်ရာ၌လည်း ဝမ်းတွင်းသို့ တိုက်ရိုက် မျိုချလေ့မရှိဘဲ စလုတ်တွင် သိုမှီးထားလေ့ရှိကြသည်။

ထိုအပြုအမူ အလေ့အကျင့်များကြောင့် ကြက်ခြေပန်းကို နေအိမ်တွင် စိုက်ပျိုးထားခြင်း၊ ဘုရားပန်း ကပ်လှူခြင်းဖြင့် မိသားစုအတွက် စားနပ်ရိက္ခာ ဖူလုံခြင်းအကျိုး မျှော်လင့် ဆုတောင်းကြခြင်း ဖြစ်လေသည်။

ဝေဆာစွာ ပွင့်ဖူးနေသည့် ကြက်ခြေပန်းပင်မှ အဖူးထွက်ပုံမှာ လေးထောင့်ညီ အစီအရီ ထပ်ဆင့်လျက်ရှိသဖြင့် အခြေခံ ခိုင်မြဲခြင်း၊ လေးဖက်လေးတန် အရပ်လေးမျက်နှာမှ ဝင်လာမည့် လာဘ်လာဘများ စသည်တို့ကို ကိုယ်စားပြုသည်။ တစ်ဆင့်စီ ဖူးပွင့်သဖြင့် ဖြည်းဖြည်းမှန်မှန် တရိပ်ရိပ် တက်လာမည့် စီးပွားအခြေအနေကို ညွှန်းသည်။

ပွင့်သောအခါ များကြာချိန်ထိုင် နှစ်ပွင့်စီ ပွင့်မြဲဖြစ်သောကြောင့် လင်နှင့်မယား၊ သားသမီးနှင့်မိဘ နှစ်ဦးနှစ်ဖက်ကြား ကွဲလွဲကွာဟခြင်းမရှိ ချစ်ခင်ညီညွတ်ခြင်း နိမိတ်ဆောင်ပေသည်။

ကြက်ခြေပန်းများ ဝေဆာစွာ ဖူးပွင့်နေသည်ကို မွန်ပြည်နယ်၊ ပေါင်မြို့၊ နိဗ္ဗာန်လမ်းရှိ ဦးယူ၊ ဒေါ်အေးတင်တို့၏ နေအိမ်မျက်နှာစာ၌ တွေ့ရှိရသဖြင့် မှတ်တမ်းပြု ဖော်ပြလိုက်ပါသည်။

**ထက်မင်းကျော်စွာ**

ကျမ်းကိုး

* **နဲ့ယျသမှတ်ဒရီ မွန်ပေမျ၊**
* **မွန်ပေစာပညာရှင် နိုင်ရော်ဗိုလ်၏ မှတ်တမ်းများ။**



www.burmeseclassic.com

www.burmeseclassic.com

# အင်းတိုင်းသမက် ရောက်ခိုက်နိုးရွက်

ကာသ သင်းမွှေး




▲ 'မြန်မာနိုင်ငံ ငှက်များ'စာအုပ်မှ ငဟစ်အကောင်နှစ်မျိုး၏ ပုံဖြစ်ပါသည်။

(၂၅-၁၀-၁၁)ရက်နေ့က စက်လှေ အကြုံရှိ၍ ညီများနှင့်အတူ ဇာတိရွာ ဖြစ်သော ထီးချိုင့်မြို့နယ်၊ ကိုးတဲရွာသို့ ရောက်ခဲ့ပါသည်။ ညီမ မပန်းနိုင် တိုက်အိမ်မှာ တည်းပါသည်။ (၂၆-၁၀-၁၁)(သီတင်းကျွတ်လကွယ်) ည တွင် မိုးခြိမ်းသံများ ကြားရပါသည်။

(၂၇-၁၀-၁၁) (တန်ဆောင်မုန်း လဆန်း (၁)ရက်နေ့အဝင်) နံနက် (၂)နာရီလောက်တွင် မိုးရွာလာပြီး နံနက်ပိုင်း မိုးတိတ်သွားပါသည်။ နံနက် လင်းတော့ ဦးကျော်ညွန့် ရောက်လာ ပြီး...

'မင်းရောက်နေတယ် သိသိချင်း လာခဲ့တာပဲ၊ တုံလုံက လူမိမာလာပင့် လို့ လိုက်သွားရတာ'

ဟု ပြောပြီး...

'လမ်းမှာလာတုန်း မင်းနောင်တော် ဦးချစ်ရွှေက မင်းကို ထမင်းစားခေါ်ခဲ့ ဖို့ မှာလိုက်တယ်။ သွားကြရအောင်'

ဟု ခေါ်ပါသည်။

လမ်းတွင် တွေ့သောလူများက...

'ဘယ့်နှယ်လဲ ဦးကျော်ညွန့် မိုးမကုန် သေးဘူးလား'

ဟု မေးသူကမေး...

'ရေမကုန်သေးဘူးလား'

ဟု မေးသူက မေးကြပါသည်။

'တန်ဆောင်မုန်းလပြည့်ထိ မိုးကျဲ ကျဲရွာဦးမယ်။ ရေကတော့ ကုန်ပြီ'

ဟု ပြောပါသည်။ ရေကုန်သည် ဆိုသည်မှာ နောက်ထပ် ရေမတိုးတော့ ဘူးဟု ဆိုလိုခြင်း ဖြစ်ပါသည်။

'တန်ဆောင်မုန်းလဆန်း (၁)ရက် ကြာသ ပတေးဖြစ်လို့ ကြာသပတေးဆန်းတယ်။ နံနက် (၂)နာရီ မိုးရွာလာတယ်၊ တွက်ကြည့် တော့ မိုး သဲသဲမဲမဲ ရွာစရာအကြောင်း မရှိ တော့ဘူး'

ဟု ဦးကျော်ညွန့်က ဦးချစ်ရွှေအိမ် ရောက်ပြီး လက်ဖက်ရည်(ရေနွေး ကြမ်း)သောက်ရင်း ပြောပါသည်။ စာ ရေးသူကလည်း ဘယ်လိုကိန်းချတွက် သလဲဟု မေးဖို့ မေ့သွားပါသည်။

ဦးကျော်ညွန့်သည် ဗေဒင်ပညာကို လည်း ဝါသနာအရ လေ့လာလိုက်စား နေသည့်အလျောက် အခါပေး၊ အခါ ရွေး၊ ယတြာချေ စသည်များ တတ်သိ သမျှ ဆေးဝါးပညာဖြင့်လည်း လူနာကို တွက်ချက်ပြီး ကုသပေးပါသည်။ ဂမ္ဘီရပိုင်းကိုလည်း အတော်အတန် တီးမိခေါက်မိပါသည်။

'မိုးမရွာခင်လေးမှာပဲ ငဟစ်အော်သံ ကြား လိုက်ရသေးတယ်'

ဟု ဦးကျော်ညွန့်က ဆက်ပြောရာ...

'ဟုတ်တယ် ကျွန်တော်လဲ ကြား လိုက်တယ်'

ဟု ဦးချစ်ရွှေက ထောက်ခံပြန်ပါ သည်။

'မြောက်ဘက်အရပ်က အသံစကြားရပြီး တောင်ဘက်မှာ အသံပျောက်သွားတယ်။ ဒါကြောင့် ရေကုန်ပြီလို့ ကျွန်တော်ပြောတာ'

ဟု ဦးကျော်ညွန့်က ရေကုန်ပြီဟု ပြောသည့် သူ့စကားကို အကိုးအကား ပြုပါသည်။

'ငဟစ်ဆိုတာ ဘယ်လိုအကောင် လဲ၊ သူ့အော်ရင် ရေကုန်ပြီပေါ့'

ဟု စာရေးသူက ဝင်ထောက်ပါ



www.burmeseclassic.com

www.burmeseclassic.com

သည်။

'ပေါစ်ဆို အကောင်ကြီးပဲ။ ခြေတံရှည်၊ နှုတ်သီးရှည်တယ်။ ကိုယ်ကမွဲမွဲ နီညိုရောင်အစင်း ရှိတယ်။ ''ကရန့်ကရန့်''လို့ အော်တယ်။ ခေါင်းက ညိုတယ်'

ဟု ဦးချစ်ရွှေက ရှင်းပြပါသည်။

'ပေါစ်က တောင်က မြောက်ကို ပျံရင်း အော်ရင် ရေကျန်သေးတယ်။ ရေတိုးဦးမယ်ပေါ့။ မြောက်က တောင်ကို ပျံရင်း အော်ရင် ရေကုန်ပြီလို့ အမှတ်ထားကြတာပေါ့'

ဟု ဦးကျော်ညွန့်က ဆက်ရှင်းပါသည်။

'ပေါစ်က ညမှာမှ ပျံတာလား'

စာရေးသူက ဆက်မေးပါသည်။

'နေ့နေ့ညည ပျံတာပါပဲ။ ညနေမိုးချုပ်ချိန်မှာ ကျက်စားတယ်'

ဟု ဦးကျော်ညွန့်က ရှင်းပြစဉ်...

'ပေါစ်ကို ကန်ပေါက်လို့လဲ ခေါ်ကြတယ်'

ဟု ဦးချစ်ရွှေက အခေါ်အဝေါ်တစ်မျိုးရှိကြောင်း ပြောပြပါသည်။

'ပေါစ်ကို ကန်ပေါက်လို့လဲ ခေါ်ကြတယ်။ အင်းသမားတွေကတော့ 'အင်းတိုင်သမက်'လို့ တင်စားခေါ်ကြတယ်'

ဦးကျော်ညွန့် ပေါစ်၏ နာမည်တစ်မျိုးကို ပြောပြန်ပါသည်။

ပေါစ်ဆိုသည့်ငှက်က တောင်မှ မြောက်၊ မြောက်မှတောင် ပျံသန်းရင်း အော်သံကို နားထောင်ပြီး အင်းသမားများက ရေတိုးရေကျ ခန့်မှန်းရတာမို့ **'အင်းတိုင်သမက်'**ဟု တင်စားခေါ်ကြတာကိုးဟု စာရေးသူ တွေးမိပါသည်။ ထိုစဉ်...

'ရေနဲပင်ကိုကြည့် ရေနဲပင်မှာ အပွင့်ပွင့်လာပြီဆိုရင် ရေနောက်ထပ် မတိုးတော့ဘူးဆိုတာက သေချာတယ်။ ဒါကြောင့် ရေနဲပင် အပွင့် ပွင့်မပွင့်ဆိုတာ စောင့်ကြည့်ရဦးမယ်'

ဟု ဦးကျော်ညွန့်ကတော့ ပြောပါသည်။

ရေနဲပင်ဆိုသည်မှာ မြစ်ချောင်းနံဘေး အင်းစပ်များတွင် ပေါက်သော အပင် ဖြစ်ပါသည်။ ထိုနေ့က စကားဝိုင်းတွင် သိမှတ်စရာ တိုးလာသည့် အလျောက် ဗဟုသုတရောင်ခြည် ဖြန့်ဝေလိုက်ပါသည်။

မှတ်ချက် ။ ။ ပေါစ်နှင့် ပတ်သက်၍ ဦးကျော်ညွန့်လွင်နှင့် ဒေါ်ခင်မမသွင်တို့ ရေးသားပြုစုသော ''**မြန်မာနိုင်ငံငှက်များ**(Birds of Myanmar)''စာအုပ်တွင် အမှတ်စဉ် (၁၅၆)နှင့် (၁၅၇)တို့၌ ပေါစ်အကြောင်း တွေ့ရှိရသဖြင့် ဗဟုသုတအလို့ငှာ ဓာတ်ပုံနှင့်တကွ ကူးယူဖော်ပြလိုက်ပါသည်။

**၁၅၆ ။ ။ ပေါစ်၊ ပေါစ်မွဲ**

မီးခိုးရောင်ဖျော့ဖျော့ငှက်မျိုး ဖြစ်သည်။ အဖြူရောင်ဦးခေါင်းနှင့် လည်တိုင်ရှိသည်။ လည်တိုင်တွင် အနက်အကြောင်အကျားများ ရှိသည်။ ကိုယ်အလျား (၄၀)လက်မခန့် ရှိသည်။

ရွှံ့ညွန်တော၊ ဒီရေတောနှင့် လယ်ကွင်းများတွင် တွေ့ရသည်။ ကန်၊ မြစ်နှင့် လတာပြင်များတွင်လည်း တွေ့ရတတ်သည်။ ဆည်းဆာတွင် ကျက်စားသည့်ငှက်မျိုး ဖြစ်သည်။

တစ်ကောင်တည်း နေသောငှက်မျိုးဖြစ်သော်လည်း အကောင် (၂၀)ခန့် အုပ်စုလိုက် တစ်ခါတစ်ရံ မြင်ရတတ်သည်။ သစ်ပင်ပေါ်တွင် နားနေလေ့ရှိသည်။ မြေပြင်ပေါ်တွင် ရပ်သည့်အခါ မလှုပ်မရှားဖြင့် လည်တိုင်အား ပခုံးတွင်းသို့ ကျုံ့သွင်းထားတတ်သည်။

ပျံသန်းစဉ် 'ကရန်ခ်'ဟု ခေါ်သံပေးသည်။ မတ်လမှ စက်တင်ဘာလအတွင်း သားပေါက်သည်။ ယင်းတို့ ပြောင်းရွှေ့ ဝင်ရောက်တတ်သော မြန်မာနိုင်ငံ အနောက်ပိုင်းမှအပ ကျန်ဒေသများတွင် တွေ့ရသော ဌာနေငှက် ဖြစ်သည်။

**၁၅၇ ။ ။ ပေါစ်**

လည်တိုင်နှင့် အောက်ပိုင်း အနီရောင်ရှိသော မီးခိုးရောင်သန်းသည့် ငှက်မျိုး ဖြစ်သည်။ ကိုယ်အလျား (၂၆)လက်မခန့် ရှိသည်။ ရွှံ့ညွန်တောနှင့် ဒီရေတောများတွင် တွေ့ရသည်။ ကန်များတွင်လည်း တွေ့ရသည်။

ဆည်းဆာတွင် ကျက်စားသည့်ငှက်မျိုးဖြစ်၍ ပုန်းလျှိုးကွယ်လျှိုးနေသည်။ သားပေါက်ချိန်မှအပ တစ်ကောင်တည်းနေသည်။

ဖြည်းဖြည်းမှန်မှန် လှုပ်ရှား၍ သား ကောင်ကို ငြိမ်သက်စွာ ချောင်းသည်။ ပျံသန်းစဉ် 'ကရန်ခ်'ဟု ခေါ်သံပေ သည်။ ဇူလိုင်မှစက်တင်ဘာလအတွင်း သားပေါက်သည်။ မြေနိမ့်များ၌သာ တွေ့ရသော ဌာနေငှက်ဖြစ်သည်။

ဧရာဝတီမြစ်အတွင်း လင်းပိုင်မျ မြစ်အောက်သို့ အစုန်လိုက်ကူးနေ လျှင် ရေတိုးရန်အကြောင်း မရှိတော့ မြစ်အထက်သို့ ဆန်ပြီး ကူးနေကြလျှ ရေတိုးတော့မည်ဖြစ်ကြောင်း မြစ်တွင် နေ ရေလုပ်သားကြီးများက အမှ ထားကြပါသည်။

ဧရာဝတီမြစ်တွင်း ဟသ်ာမျ ကမ်းစပ်များပေါ်တွင် တွေ့ရပါက ကုန်ရေခန်းချိန် ဖြစ်ပါသည်။ ရေမ တော့ပါ။

***အားလုံး ကိုယ်စိတ်နှစ်ဖြာ ချမ်း ကြပါစေ။***

ကသော သင်းဝေ



www.burmeseclassic.com

www.burmeseclassic.com

## ဘူမိဗေဒ ကိုကိုလေး (ဘီအေ)

၂၀၀၀ ပြည့်နှစ်၊ မေလ ပထမ ပတ်မှာ စာရေးသူဟာ မင်းတုန်းမြို့နယ်ရဲ့ တောင်ဘက်ခြမ်းမှာတည်ရှိတဲ့ လှာချောင်းနံ့ဘေးက ဒေါင်းသာမားလေး ဘုန်းတော်ကြီးကျောင်းကို ရောက်ရှိခဲ့ပါတယ်။

ဘုန်းတော်ကြီးကျောင်းကို ရောက်တော့ အိပ်မက်ပေးလို့ ရရှိခဲ့တဲ့ ချိုး(ကျိုး) အမြုတေကို ပြပါတယ်။ အဖြူရောင် မဟုတ်ဘဲ ပတ္တမြား အနီရောင်လို အမြုတေ ဖြစ်နေတာကြောင့် ထူးဆန်းတယ်လို့ ဆိုရမှာပါ။

ဆက်လက်ပြီး ကျွဲဖြူချိုကရတဲ့ တစ်လက်မနီးပါးရှိပြီး ဂေါ်ပါနေတဲ့ အတွက် ခွဲပြားလုပ် ဝတ်ဆင်ဖို့တောင် ကောင်းတဲ့ ကျွဲဖြူအမြုတေကို ပြသပါတယ်။

နောက်တစ်ခုကတော့ ဝါးပင်ကရတဲ့ ပုလဲလိုဖြူဖွေးပြီး၊ အောက်ခြေလုံးပြီး အပေါ်ဘက်ကို ချွန်သွားတဲ့ ဝါး အမြုတေကို ပြသခဲ့ပါတယ်။


စာရေးသူကလဲ ဓာတ်ပုံရိုက်ခွင့် တောင်းပြီး ဓာတ်ပုံရိုက်လာခဲ့တာ ဖလင်ကိုဆေးပြီးကြည့်တော့ ဖလင်မှာ အရုပ်ထင်တာ တွေ့ရပါတယ်။ ကာယသိဒ္ဓိပြီးနေတာ သိလျက်နဲ့ စာရေးသူက ဓာတ်ပုံရိုက်ခဲ့တာကိုး။

ကျောင်းထိုင် ဦးပဥ္စင်း ဦးသုဂန္ဓက အင်္ဂါသန်းအသေးထဲမှာ ထည့်ယူလာတဲ့ ငှက်ကျောက်ကလေးနဲ့ လိပ်ကျောက်ကြီးများ၊ ကျောက်ကွမ်းသီး၊ ကျောက်ခရုသည်၊ ကျောက်ခရုပိုင်း၊ ကျောက်ဆိတ်၊ ကျောက်ဒဂါးများ၊ ကျောက်ဆေးသံများကို ဓာတ်ပုံမှာ မြင်တွေ့ရတဲ့



ဒေါင်းသာမားလေးမှ


# ဂမ္ဘီရပစ္စည်းများ



▲ ကျောက်သရက်စေ့၊ ကျောက်ပိန္နဲ၊ ကျောက်ပိန္နဲစေ့၊ ကျောက်လက်ဆုပ်စေ့

▼ ကျောက်လိပ်များ၊ ကျောက်ခရုများ၊


ကျောက်ဆိတ်၊ ကျောက်ဒင်္ဂါးများ၊ ကျောက်ဟင်္သာ





www.burmeseclassic.com

www.burmeseclassic.com




◆ ဆင်အမြုတေ၊ မြောင်အမြုတေ၊ ကျွဲအမြုတေ၊ မျောအမြုတေ



◆ ဝါးအမြွှာများ

◆ အခြား အမြုတေများ



အတိုင်း ထုတ်ပြခဲ့ပါတယ်။

တကယ့်အသီးများကရတဲ့ ကျောက်သရက်စေ့၊ ကျောက်ပိန္နဲခွံ၊ ကျောက်ပိန္နဲစေ့၊ ကျောက်လက်ခုပ်စေ့များတို့လဲ ဓာတ်ပုံမှာ မြင်ရတဲ့အတိုင်း ထုတ်ပြခဲ့ပါတယ်။

သိဒ္ဓိရှိတဲ့ ကျောက်ပျားအုံကို ပျားရည်မှာစိမ်ထားပြီး ပျားရည်တစ်ဇွန်းစီကို စာရေးသူတို့အား တိုက်ကျွေးခဲ့ပါတယ်။

ဝါးအမြွှာများ၊ ဝါးကိုင်းတက်မှ ကျောက်ပေါက်ကို ထိုးနေပုံများကိုလဲ ဓာတ်ပုံရိုက်ကူးခွင့် ရရှိခဲ့ပါတယ်။

အမြုတေရှိရာ အမြုတေလာ ဆိုသကဲ့သို့ ဆင်အမြုတေ၊ မြောင်အမြုတေ၊ ကျွဲအမြုတေ၊ ချေအမြုတေနဲ့ အခြားအမြုတေများကိုလဲ ထုတ်ပြသဖြင့် ဓာတ်ပုံရိုက်ကူးခွင့် ရရှိခဲ့ပါတယ်။

ဆံတော်ဓာတ်တော်များကိုလဲ ထုတ်ပြသခဲ့ရာ ဓာတ်ပုံရိုက်ကူးခွင့် ရရှိခဲ့သော်လဲ ကင်မရာ၏ ချို့ယွင်းချက်ကြောင့် မတင်ပြနိုင်တော့ပါ။

ဂမ္ဘီရပစ္စည်းများကား ဦးပွင့်ဦးသုဂန္ဓ၏ လက်ဝယ် ရှိနေခဲ့ပါတယ်။

ယခုအခါ ဆရာတော် ဦးသုဂန္ဓမှာ ဒေါင်းသမားကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်းတွင် ကျောင်းထိုင်နေတယ်ဟု ကြားသိရပါတယ်။

ဆရာတော်အား ဤဆောင်းပါးဖြင့် ဖူးမြော်မာန်လျှော့ ကန်တော့အပ်ပါတယ်ဘုရား။

**ဘုမ္မဝတီ ကိုကိုလေး**
**(ဘီအေ)**



www.burmeseclassic.com

www.burmeseclassic.com



ရွှေဝန်းရှိ

# ပြည့်ထွက်စခန်းဝင် (၂)

ယခင်လမှ အဆက်

ဘသူတော်စကား ကြားတော့ သူ ပိုဆိုးသွားသည်။ သူ ကျင်လည်ခဲ့ရသည့် ပတ်ဝန်းကျင်က တစ်ဆယ့်နှစ်ရာသီပတ်လုံး ကောက်နှံများ သင်းနေသည့် မြေပြန့်လွင်ပြင်၊ တောင်ဆင်း တောင်တက်လမ်းမရှိ၊ ပြန့်ပြူးသောလယ်ယာတောများသာ ရှိသည်။

ဒီတော့ ခက်ခဲသော၊ မတ်စောက်သော တောင်ကမ်းပါးယံကြီးကို ဆင်းဖို့ တက်ဖို့ဆိုတာ သူ့အတွက် အလွန်မလွယ်ကူသည့်ကိစ္စကြီး ဖြစ်၏။

သို့သော်...

ဝိဇ္ဇာဓရလမ်းစဥ်ကို လျှောက်လှမ်းနေသော ဂန္ဓာရီခရီးသည်တစ်ဦးအနေဖြင့် မိမိ၏ ရည်ရွယ်ချက်များ၊ မျှော်လင့်တောင့်တချက်များ၊ အဓိဋ္ဌာန်များ အောင်မြင်ဖို့ဆိုပါက မလွဲမသွေ လျှောက်ကို လျှောက်ရမည်ဖြစ်သည်။ တွန့်ဆုတ် ကြောက်ရွံ့စိတ် ရှိနေပါက ဘယ်မှာ အောင်မြင်နိုင်ပါမည်နည်း။

သို့ကြောင့်ပင် ဂန္ဓာရီဆရာလေးရဲ ဖော်သည့် အရုဏ်ဆွမ်း စားပြီးသည်နှင့် ကျောပိုးအိတ်ကိုပိုးကာ ဘသူတော်နှင့်အတူ အင်းဂူရှိရာ တောင်တန်းကြီးဆီသို့ ထွက်ခဲ့ကြလေသည်။

'ဘာပဲဖြစ်ဖြစ် မကြောက်ပါနဲ့သားရယ်၊ သူတော်ကောင်းတွေသွားတဲ့လမ်းမှာ သူတော်ကောင်းတွေက အမြဲစောင့်ရှောက်ပါတယ်'

'ဟုတ်ကဲ့ပါ ဘသူတော်၊ ကျွန်တော်စိတ်တင်းထားပါတယ်။ ကျွန်တော့်အဓိဋ္ဌာန် အောင်ကို အောင်မြင်ရမှာပါ။ ကျွန်တော် မအောင်မြင်မချင်း ကြိုးစားမှာပါ'

'အေး အေး ဒါမှပေါ့ကွယ့်'

ထို့နောက် စကားတပြောပြောနှင့် နှစ်ယောက်သား ထွက်ခဲ့ကြရာ နှစ်နာရီနီးပါးအကြာတွင် အင်းဂူရှိရာ တောင်ခြေသို့ ရောက်ခဲ့ကြလေ၏။

'ဩော် သားကို ပြောရဦးမယ်။ ဒီတောင်ကို '**ဥသဘတောင်**'လို့ ခေါ်တယ်။ မြတ်စွာဘုရားအလောင်းတော် နှစဥ်အခါက တစ်ခုသောဘဝမှာ ဒီ



www.burmeseclassic.com

www.burmeseclassic.com

တောင်မှာ နွားလားဥသဘာ ဖြစ်ခဲ့ဖူး
တယ်လို့ အဆိုရှိကြတယ်။

တောင်ကြီးကလဲ ခပ်ဝေးဝေးက ကြည့်ရင် နွားတစ်ကောင်ဟန်အပြည့်နဲ့ ရပ်နေသလိုပဲ။ ဝိဇ္ဇာဓိုရ်ကြီးတွေ ကျက်စားပျော်မြူးကြတဲ့ နေရာလို့လဲ ပြောကြတယ်။ နတ်လဲကြီးတယ်။ အများအယွင်း သိပ်မခံဘူး။ ဒီနေရာမှာ ပထမ အဘဘိုးဘိုးအောင်ကိုယ်တိုင် အင်းဂူကြီးထဲဝင်ပြီး နှစ်ပေါင်းများစွာ နေခဲ့တယ်။

ဒါကြောင့် ဒီတောင်ကြောတောင်တန်းကြီးတစ်ခုလုံး ဝိဇ္ဇာဓာတ်တွေ အပြည့်ရှိတယ်။ ငါ့သားလဲ အင်းဂူကြီးထဲမှာ ထိုင်ဝင်အောင်းပြီး ဝိဇ္ဇာဓာတ်တွေ ယူရမယ်'

ဘသူတော်က အင်းဂူကြီးရှိရာသို့ လက်ညှိုးထိုးပြရင်း သူ့ကို ပြောပြသည်။

'ကဲ ငါ့သား အခု ဘပြတဲ့ နေရာကနေ အင်းဂူရှိရာကို တက်ပေရော့။ လမ်းကတော့ မရှိဘူး။ အဆင်ပြေသလိုသာ ကြည့်တက်။ ဘက ဟိုဘက် နတ်ရေတွင်းဘက်ကနေ ဝါးကျည်တောက်လုပ်ပြီး ရေခပ်ရင်း တက်ခဲ့မယ်။ တက်တာတော့ သတိ၊ ဝီရိယနဲ့ တက်ပေ့ ငါ့သားရဲ့'

ဂန္ဓာရီဆရာလေးရဲ့ဖော် ခေါင်းညိတ်လိုက်စဉ်ပင် ဘသူတော်က တောင်ခြေအတိုင်း ဆက်လျှောက်သွားလေသည်။ ဘသူတော်ကို မမြင်ရတော့မှ သူလည်း အင်းဂူရှိမည့် တောင်ခါးပန်းအလယ်ကြောသို့ သစ်ပင်များ၊ နွယ်ကြိုးများ၊ သစ်ကိုင်းများကို ဆွဲကာ ခက်ခက်ခဲခဲ တက်ခဲ့လေ၏။

ဥသဘာတောင်၏ သဘာဝအနေအထားက ထရံထောင်ထားသလို မတ်စောက်သည့် တောင်နံရံများရှိ



သော တောင်ကြောကြီးဖြစ်သဖြင့် နွယ်ကြိုးများ၊ သစ်ပင်သစ်ကိုင်းများကို ဆွဲရင်းတက်နေရကား အလွန်ခက်ခဲလှသဖြင့် တစ်ကိုယ်လုံး ဇောချွေးများပင် ပြန်လျက် ရှိပေသည်။

တောင်ကြော၏ တောင်နံရံများက အချို့နေရာများတွင် ကျောက်ပြာတုံးကြီးများ၊ ဂဝံကျောက်များ၊ လူတစ်ရပ်တစ်ပြန်ရှိသည့် ကျောက်သားပြင်ကြီးများနှင့် ပြည့်နှက်နေသဖြင့် လူတက်ရန် အလွန်မှပင် ခဲယဉ်းလှသော အနေအထားဖြစ်လေသည်။ တစ်ခါတစ်ရံ ကျောက်သား ကျောက်တုံးများကြားတွင် ဆွဲစရာ သစ်ပင်က မပေါက်။

သူ ပေ (၃၀၀)လောက်အရောက်၌တော့ ပိုမိုခက်ခဲမှုတစ်ခုနှင့် နှလုံးသွေးရပ်ခမန်း ကြုံတွေ့လိုက်ရလေတော့၏။ အကြောင်းသော်ကား လူတစ်ရပ်ခန့် အမြင့်နှင့် ဝါးတစ်ရိုက်လောက် အကျယ်ရှိ ကျောက်ပြာကြီးကို နွယ်ကြိုးအားကိုးနှင့် သက်စွန့်ဆံဖျား သူ တက်ခဲ့သည်။

သို့သော် အလယ်လောက်အရောက်၌ နွယ်ကြိုးပြတ်သွားသဖြင့် ကမန်းကတန်း တစ်ထွာနီးပါးမျှ ချွန်ထက်နေသော ကျောက်စွန်းလေးတစ်ခုကို လျှပ်တစ်ပြက် ဆွဲထားလိုက်ရလေသည်။

နောက်ဆုံး သူသည် ကျောက်ပြာကြီးကို ခြေကုပ်ယူ၍မရ၊ သူ့ခန္ဓာကိုယ်ကြီးနှင့် တစ်ထွာလောက် ကျောက်စွန်းလေးကိုလည်း ကြာရှည် ဆွဲထားနိုင်မည့် အနေအထားမျိုး မဟုတ်တော့ဘဲ ကျောက်စွန်းလေးကိုဆွဲပြီး ချာလည်လည်သလို ယက်ကန်ယက်ကန် ဖြစ်နေသည်။ လက်နှစ်ဖက်လုံးတွင်လည်း သွေးများ စို့လာကြ၏။

ဒီအချိန်သည် သူ့အတွက် နောက်ဆုံးအချိန်များလားဟု တွေးထင်လိုက်၏။ အခြေအနေက လုံး၀ မကောင်းတော့။ နောက်ထပ် ဒီကျောက်စွန်းကို သူ ဘယ်လောက်ကြာကြာ ဆွဲထားနိုင်မှာမို့လဲ၊ မတော်၍ လက်လွတ်သွားပါက (သို့မဟုတ်) ဆွဲထားသော ကျောက်စွန်းလေး ပဲ့ထွက်သွားပါက သူ မတွေးရဲလောက်အောင်ပင် ဖြစ်နေရပေ၏။

ထိုအချိန်တွင်ပင် မမျှော်လင့်ဘဲ လူတစ်ယောက်၏ လှမ်းအော်သံတိပေးသံတစ်ခုက ထွက်ပေါ်လာသည်။

'ဆရာလေး စိတ်ကိုတင်းထား၊ မလှုပ်လိုက်နဲ့၊ လက်မလွှတ်လိုက်နဲ့။ ကျုပ် ကြိုးချလိုက်မယ်။ ကြိုးကိုလှမ်းဆွဲ လှမ်းဆွဲ'

အသံက အင်းဂူကြီးဆီမှ ပေါ်ထွက်လာခြင်းဖြစ်သည်။ အသံလာရာ မော့ကြည့်လိုက်တော့ သူနှင့် မော်တော်ပေါ်မှာတွေ့၊ ဖိုးဦးတောင်ဘုရားအထိ အတူလာခဲ့ကြသည့် ခရီးသွားဖော်ဖြစ်နေသည်ကို တွေ့လိုက်ရသည်။

ထိုသူ၏နံဘေးမှာလည်း ဘသူတော်ကို ရပ်လျက်တွေ့ရ၏။ နှစ်ယောက်စလုံး အင်းဂူဘေးမှ ကျောက်ပြာကြီးပေါ်တွင် ရပ်နေကြခြင်းဖြစ် သည်။

သူ ကြည့်နေစဉ်ပင် ကျပ်လုံးခန့် ရှိသော ပိုက်ဆန်လျှော်ကြိုး တစ်



www.burmeseclassic.com

www.burmeseclassic.com

ောင်းက တဖြည်းဖြည်း သူရှိရာသို့ ကျလာသည်။

* * *

အင်းဂူကြီးဆီရောက်တော့ သူ တော် မောသွားချေ၏။ ဘသူတော် က သူ့ကို ရေတစ်ခွက် တိုက်သည်။ ဘသူတော်တိုက်သော ရေသောက်ပြီး သူ အိပ်ပျော်သွားလေတော့၏။

အိပ်ရာကနိုးတော့ နေ့လယ် (၁၂) နာရီလောက်ရှိပြီ ဖြစ်သည်။ နှစ်နှစ် ခြိုက် အိပ်လိုက်ရသဖြင့် လူလည်း တော်လန်းသွားလေသည်။

'သား နိုးပြီပ'

ဘသူတော်က သူ့ထံ လျှောက်လာ ရင်း လှမ်းမေးလိုက်၏။

'ဟုတ်ကဲ့ ဘသူတော် နိုးပါပြီ'

သူက ကိုယ်လက်ဆန့်ရင်း ဖြေ လိုက်သည်။

'အေး အေး နိုးပြီဆိုတော့ ထမင်း စားဖို့အချိန်မှီသေးတယ်။ (၁၂)နာရီ ထိုးသေးဘူး'

ဒီတော့မှ ဗိုက်ထဲက တကြုတ်ကြုတ် ဖြစ်နေသည်ကို သတိထားလိုက်မိ၏။ ထို့ကြောင့် ဘသူတော် အဆင်သင့် ပြင်ပေးထားသော ထမင်းကို အားရ ပါးရစားလိုက်သည်။

'သူတော်ကောင်းတွေ သွားတဲ့လမ်းမှာ သူတော်ကောင်းတွေ အမြဲစောင့်ရှောက် တယ်ဆိုတာ သား ယုံပြီလား'

ဘသူတော်က ဂန္ဓာရီဆရာလေး ထမင်းစားနေသည်ကို ကြည့်ရင်းမေး လိုက်၏။

'ဟုတ်ကဲ့ ယုံပါပြီ ဘသူတော်၊ ဒါ ထက် သားကို ကြိုးချပေးတဲ့ မိတ်ဆွေ ဟာ ဘယ်ရောက်သွားလဲ ဘသူ တော်၊ အဲဒီမိတ်ဆွေဟာ သားကို ကူညီ တာ နှစ်ခါရှိပြီ'

'သူ့အလုပ် သူသွားလုပ်နေပြီကွယ့်၊



သူလဲ သားလိုပဲ ပြည်ထွက်ကျင့်စဉ် ကျင့်ရအောင်လာတဲ့ ဂန္ဓာရီခရီးသည် ပဲ'

'ဪ တိုက်တိုက်ဆိုင်ဆိုင်ပါလား'

ဂန္ဓာရီဆရာလေးရဲဇော် တအံ့တဩ ဖြစ်သွားသည်။ သို့သော် ဘသူတော် နှင့် မည်သို့ဆက်စပ်ပုံနှင့် ခက်ခဲလှ သော ဥသဘတောင်ကြီးပေါ်ကို ဘသူ တော် မည်သို့ အလွယ်တကူ တက် ရောက်နိုင်ခဲ့ပုံတို့ကိုတော့ မမေးဖြစ်ခဲ့ တော့။ အလွန်ထူးခြားမှုတစ်ခုအဖြစ် သူ သဘောထားလိုက်လေ၏။

'ငါ့သား စားသောက်ပြီးရင်တော့ အင်းဂူကြီးထဲဝင် ပုတီးစိပ်ပေတော့၊ အိမ်း... ပုတီးစိပ်ပေတော့ဆိုတော့ ပုတီးစိပ်နည်းကိုလဲ ပြောရဦးမယ်။ ပုတီးစိပ်တဲ့အခါမှာ ပြည်ထွက်ကျင့်စဉ် က သမားရိုးကျစိပ်လို့ မရဘူး၊ သူက တစ်မူထူးတယ်'

ဘသူတော်က ပြည်ထွက်ကျင့်စဉ် ၏ ပုတီးစိပ်နည်းကို ရှင်းပြသဖြင့် ဂန္ဓာရီဆရာလေးရဲဇော် ထူးဆန်းသလို ငေးကြည့်ရင်း အံ့သြစွာဖြင့် နားထောင် နေလိုက်၏။

'ပုတီးစိပ်တယ်ဆိုတာ သမားရိုးကျကတော့ လက်ညှိုးနဲ့ပဲ ပုတီးလုံးတွေကို ဆွဲယူစိပ်ကြ တာပဲ။ တခြားနည်းတွေမှာ စိပ်လို့ရပေမယ့် ပြည်ထွက်ကျင့်စဉ်ကျတော့ လက်ခလယ်နဲ့ ပုတီးစိပ်ရတယ်။ လက်ခလယ်နဲ့ လက်မ တွဲစိပ်ရတယ်။

ဒါမှ သိဒ္ဓိဓာတ်တွေ အပြည့်ရတယ်။ လက်ညှိုးနဲ့ စိပ်တာက ဆွဲထိမှု အားကျတယ်။ သံလိုက်ဓာတ်နည်းတယ်။ ကောင်းကျိုးချမ်း သာတွေကို အပြည့်အဝ မရနိုင်ဘူး။

ပုတီးစိပ်တဲ့အခါမှာလဲ ကာယ၊ ဝစီ၊ မနော အညီကျရတယ်။ ပုတီးတစ်လုံး ချတိုင်း ချတိုင်း သုံးချက်ညီရတယ်။ ကိုယ်စိပ်မယ့် ပုတီးစိပ်ကို ပါးစပ်ကရွတ်၊ စိတ်မနောက ကိုယ်ရွတ်ဆို စိပ်တဲ့ စိပ်ပုတီးရဲ့ အဓိပ္ပာယ်ကို ပေါ်အောင် အာရုံပြု၊ လက်က ဟန်ချက်ညီညီ ပုတီးကိုစိပ်၊ အဲဒီသုံးချက်ညီမှ အကျိုးပေးတယ်။

နောက်တစ်ခုက ဝိဇ္ဇာပညာရပ်အတွက် ကျင့်တာဆိုတော့ "ဇျှယောဂ"နည်းအရ မျက်နှာမူရာအရပ်ကို ရွေးရတယ်။ အဲဒီနည်း အရ ပြောရရင် မြောက်အရပ် မျက်နှာမူ စိပ်ရမယ်၊ မြောက်အရပ်က ဆွဲထိဓာတ်အား ကောင်းတဲ့အရပ်ဖြစ်တယ်။ အာယု၊ လာဘ ဓန၊ သုခ၊ သိရီ စတဲ့ သိဒ္ဓိတွေ အမြန်ဆုံး ရနိုင်တယ်။ ဝိဇ္ဇာဓရသိဒ္ဓိတွေ အမြန်ဆုံး ရနိုင်တယ်'

ဂန္ဓာရီဆရာလေးရဲဇော်သည် သူ့ အတွက် အထူးအဆန်း များပြားနေ သော ဘသူတော်၏ စကားများကို နားထောင် နာခံမှတ်သားရင်း နေ့လယ် တစ်နာရီတွင် အဘဘိုးဘိုးအောင် နေခဲ့ သည်ဆိုတော့ ထုံကျင်းကြီးဖြစ်သည့် အင်းဂူထဲသို့ ဝင်ခဲ့လေ၏။

**တကြွင်း ။ ။ ဘသူတော် ညွှန်ကြားသော ပုတီးစိပ်မှာ ပြည်ထွက်ကျင့်စဉ်အတွက်သာ ဖြစ်ပါသည်။**

* * *

အင်းဂူမှာ တောင်အတွင်းဘက်သို့ ဉမင်လိုဏ်သဏ္ဌာန် ပြုလုပ်ထားသော ဂူဖြစ်ပြီး သိပ်တော့ မထူးခြားလှပေ။ ဂူပေါက်ဝ၌ ထူးခြားမှုဆို၍ အဘဘိုးဘိုး



www.burmeseclassic.com

www.burmeseclassic.com

အောင်၏ တင်ပျဉ်ခွေ ပုတီးကိုင်ရုပ်တု တစ်ခုသာ ရှိသည်။ ဂန္ဓာရီဆရာလေး ရဲဇော်သည် ဘသူတော် ညွှန်ကြား သည့်အတိုင်း အဓိဋ္ဌာန်ယူခဲ့လေ၏။

သူ အဓိဋ္ဌာန်ယူနေစဉ်အတွင်း ဘသူ တော်က သူ့အတွက် နတ်ရောက်ရှိရာ တောင်ခြေသို့ဆင်း ရေခပ်ပြီး စားစရာ သောက်စရာများကို မပူမပင်ရန် ဖန်တီး ပေးသည်။ ထူးခြားသည်က...

'ဤစကြဝဠာအတွင်း၌ ဘုရား ရဟန္တာ ပစ္စေကဗုဒ္ဓတို့နှင့် သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်တို့၏ ဟိတ်တန်ခိုးတွေ အမှန်တကယ် တည်ရှိနေ သည်ဟု ကျွန်ုပ် ကောင်းစွာ ယုံကြည်ပါသည်။ ဤဟိတ်တန်ခိုးတွေကို ခံယူရန် ကျွန်ုပ်၏ နှလုံးအိမ်တစ်ခုလုံး အသင့်ဖွင့်လျက် ရှိနေ ပါ၏။

သို့အတွက် စကြဝဠာအတွင်း ပျံ့နှံ့လျက် ရှိသော ဘုရား ရဟန္တာ ပစ္စေကဗုဒ္ဓတို့နှင့် သိဒ္ဓိရှင်၊ မဟိဒ္ဓိရှင်တို့၏ ဟိတ်တန်ခိုးတို့သည် ကျွန်ုပ်၏ ဖွင့်ဟလျက်ရှိသော နှလုံးသည်းပွတ် သို့ ဝင်ရောက်တည်ပါစေသတည်း'

ဟု နံနက်တိုင်း နေထွက်ရာအရပ် မျက်နှာမူပြီး သုံးကြိမ်သုံးခါတိုင် လက် နှစ်ဖက်ဆန့်တန်း၍ အော်ဟစ်ကာ တကယ်တန်ခိုးသိဒ္ဓိတွေ မိမိထံ ရောက် ရှိလာပြီဖြစ်ကြောင်း ယုံကြည်ရန်ပင် ဖြစ်သည်။

သို့နှင့်ပင် ဂန္ဓာရီဆရာလေးသည် (၄)ရက်မြောက်နေ့၌ ပိုးဂူရှိရာ ဖိုးဦး တောင်သို့ ပြန်လည်ရွှေ့ပြောင်းခဲ့လေ ၏။ ဖိုးဦးတောင်သို့ ပြန်လည်ရောက် သည်နှင့် ပိုးဂူရှိရာဘက်သို့ လာခဲ့ကြ လေ၏။ ဂူထိပ်၌ ဗုဒ္ဓရုပ်ပွားတော်တစ် ဆူရှိသည်။ ပိုးဂူမှာ ယောက်ျားကြီး နှစ်ဖက်စာသာကျယ်၍ **အနက် (၁၀) တောင်၊ (၁၂)တောင်မျှရှိ** မြေစိုက် တွင်းကြီးတစ်တွင်း ဖြစ်သည်။

တွင်းကြီးကို သံလက်ရန်းများ



ပတ်ကာထားသည်။ တွင်းကြီးထိပ်၌ တင်ပျဉ်ခွေ ဗုဒ္ဓရုပ်ပွားတော်မြတ် တစ်ဆူ စံပယ်လျက်ရှိပြီး တွင်းဝတွင် တံခါးများ တပ်ထားသည်။

'ငါ့သား အဲဒါ ပိုးဂူတွင်းလို့ခေါ်တယ်။ တစ် နည်းပြောရရင်တော့ ထုံတွင်းကြီးပေါ့၊ အဘ ဘိုးဘိုးအောင်ကိုယ်တိုင် အဲဒီထုံတွင်းကြီး ထဲဆင်းပြီး ဂန္ဓာရီအကျင့်တွေကို ကျင့်ခဲ့တယ်။ ထွက်ရပ်ပေါက် ဝိဇ္ဇာကြီး ဖြစ်ခဲ့တယ်။

ပြည်ဝင်ပြည်ထွက်ကျင့်စဉ်မှာ အင်းဂူမှာ မအောင်၊ ပိုးဂူကို မပြောင်းရင် ထုံဟောင်း အရဲ့ ဝိဇ္ဇာ မဖြစ်နိုင်ဘူးလို့ အဆိုရှိကြတယ်။ ဝိဇ္ဇာဖြစ်မယ့်သူတိုင်း ထုံလာဆင်းကြရတယ်။ ခု ငါ့သားက ပါရမီရှင်ဖြစ်တဲ့အတွက် ဒီအကျင့် တွေကိုကျင့်ပြီး ဒီထုံကျင်း ပိုးဂူကို ရောက်လာ ရတာ ကံကောင်းတယ်ဆို ရမယ်'

ဘသူတော်က သူ့ကို ပိုးဂူ အကြောင်း ရှင်းပြသည်။ ဂန္ဓာရီဆရာ လေးရဲဇော်သည် ဘသူတော်နှင့်အတူ တွင်းဝ၌ရပ်ရင်း တွင်းကြီးထဲသို့ ငုံ့ကြည့် လိုက်၏။ လှေကားမရှိဘဲ တွင်း၏နံရံ များကို ခြေကန်ဆင်းရမည်။ တွင်းကြီး က မှောင်မိုက်နေသည်။ တွင်းထဲကို ဘာမှမမြင်ရ။ ထိုးကြည့်စရာ ဓာတ်မီး ကလည်း ပါမလာ။

သူက တွင်းကြီးကိုတစ်လှည့် ဘသ တော်ကို တစ်လှည့် ကြည့်နေမိသည်

'ဘာလဲ ငါ့သား ကြောက်နေတယ ထင်ပ။ ဘာမှ မကြောက်ပါနဲ့သား သူတော်ကောင်းတွေ သွားတဲ့လမ်း သူတော်ကောင်းတွေ အမြဲစော ရောက်ပါတယ်။ ရဲရဲသာဆင်းပါ'

ဘသူတော်က ဂန္ဓာရီဆရာလေ ရဲဇော်ကိုကြည့်ပြီး အားပေးစကား ပြေ ရင်း တိုက်တွန်းလိုက်၏။

* * *

ဂန္ဓာရီဆရာလေးသည် မရဲတရဲ ပင် တွင်းကြီးထဲ ဆင်းရန် ပြင်ဆင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကို ဦးချဝတ်ပြ လိုက်ပြီး တစ်ဆက်တည်း ဘသူတေ ကို ကန်တော့နှုတ်ဆက်လိုက်သည

'ဘသူတော် သား ဆင်းတော့မ

'အိမ်း... ကောင်းပ ကောင်းပ'

တွင်းကြီးက ပြောင်ချောနေသ ခြေကန်ဆင်းရမည့်တွင်းကြီး ဖြစ်သ မတော်တဆ ခြေလျှောသွားပါ အကိုင်အတွယ် အညာအတာမရှိ ကြီးထဲ ပြုတ်ကျသွားမည်ဖြစ်သ သို့ကြောင့် သတိကြီးစွာထား၍ ကြီး၏ နံရံနှစ်ဖက်ကို လက်နှင့်ကုပ် စမ်းတဝါးဝါး ဆင်းခဲ့၏။

တွင်းကြီး၏ အလယ်လော ရောက်တော့ တွင်းကြီးထဲကို ခပ် မြင်လာရသည်။ အမှောင်ထဲ၌ သားရလာသလို ဖြစ်သော သူ့မျ များက တွင်းထဲကို ရေးရေးမြင် သည်။

ဒီမှာတင် ဂန္ဓာရီဆရာလေး မျက်လုံးပြူး မျက်ဆန်ပြူးနှင့် သွေးရပ်ခမန်း ဖြစ်သွားရသ လင်ဗန်းငယ်တမျှ ပါးပျဉ်းကြီးထ သူ့ကို မာန်ဖီနေသည့် ခြေ မြွေငန်းကြီးတစ်ကောင်ကိုတွေ့



www.burmeseclassic.com

www.burmeseclassic.com

အပေါ်ပြန်တက်ဖို့လည်း လွယ်လွယ် ပြန်တက်မရသော အနေအထား နေသည်။ မမျှော်လင့်ဘဲ မြွေငန်း ကို မြင်လိုက်ရသဖြင့် ကြောက်ရွံ့ လန့်သော စိတ်တို့ကြောင့် ရင် တဒုန်းဒုန်း ခုန်လျက်လည်းရှိ ။ ခြေအန်လက်အန်များလည်း သလိုဖြစ်ကာ ချွေးများ ပြန် လာသည်။

'…… ဖူး…'

မြွေငန်းကြီး၏ မှုတ်သံများကလည်း တဖုန်းဖုန်းနှင့် ကြောက်မက် ထွက်ပေါ်လျက် ရှိ၏။

နောက်ဆုံး သူ၏ ခြေနှင့်လက်တို့ ထဲသို့ တဖြည်းဖြည်း လျှောကျ ၏။ မြွေငန်းကြီးနှင့် နီးသည်ထက် ပြီ။ ထိုအချိန်တွင်ပင် ဘသူတော် ကိုသုံးစကားဖြစ်သော "သူတော် တွေသွားမယ့်လမ်းမှာ သူတော် တွေ အမြဲစောင့်ရှောက်ပါ " ဆိုသည့် အသံက ပဲ့တင်ထပ် လာသည်။

ရှိဆရာလေးရဲဖော် သတိတစ် ပြန်ထိန်းလိုက်သည်။

'ဩ သူတော်ကောင်းပဲ၊ သူတော် တွေရဲ့အကျင့်ကို ကျင့်နေသူပဲ။ ရှိခရီးသည် အဓိဋ္ဌာန်တည် နေသူပဲ၊ ငါဟာ ခန္ဓာကိုယ်ကို လှူပြီး အဓိဋ္ဌာန် တည်ဆောက် ပဲ၊ ငါ့အဓိဋ္ဌာန်က ဒီပိုးဂူတွင်း ခေါ်တဲ့ ထုံကျင်းကြီးထဲ ဝိဇ္ဇာဓာတ် ထုံကူးရင်း ဆင်းပြီး အဓိဋ္ဌာန်ကျင့် ဖြစ်လိုရာဖြစ်စေတော့ ငါ့အဓိဋ္ဌာန် ဆင်းကိုဆင်းမယ်။ ငါ့အဓိဋ္ဌာန် မခံဘူး'

လည်း ယတိပြတ် ဆုံးဖြတ်လိုက် သည်။

ထိုခဏတွင်ပင် သူ၏ ခြေနှင့်လက် တို့က ထုံကျင်းနံရံမှ ထုံကျင်းကြီး၏ အောက်ခြေသို့ လျှောကျသွားလေ တော့၏။

ဒီမှာတင် ဂန္ဓာရီဆရာလေး ဒုတိယ အကြိမ် မျက်လုံးပြူး၊ မျက်ဆန်ပြူး ဖြစ်သွားရပြန်သည်။

အကြောင်းသော်ကား…

စောစောက ထုံကျင်းအောက်ခြေ အလယ်လောက်မှာ မြင်နေရသည့် သူ့ကို တဖူးဖူးမှုတ်လျက် ရန်လုပ်နေ သော မြွေငန်းကြီးကို လုံးဝမတွေ့ရ တော့ဘဲ မြွေငန်းကြီးအစား လူတစ် ယောက်ထိုင် သင်ဖြူးလေးတစ်ချပ်ကို သာ တွေ့လိုက်ရသောကြောင့် ဖြစ် လေ၏။

ဆရာလေးရဲဖော် အလွန်အံ့ဩသွား သည်။

'ငါတွင်းကြီးထဲဆင်းတုန်း ကြောက် နေမိလို့ ကြောက်စိတ်ကြောင့် အထင် မှား၊ အမြင်မှား ဖြစ်တာပဲလား၊ ဒါမှ မဟုတ် ဘသူတော်ပြောသလို နတ်တို့ နဲ့ တန်ခိုးတူမျှတဲ့ အကျင့်တွေ ကျင့်လို နတ်တွေကပဲ နှောင့်ယှက်ခြောက်လှန့် တာလား၊ ဒါမှမဟုတ် ငါ့အဓိဋ္ဌာန်သီလ ကိုပဲ ဆိုင်ရာပုဂ္ဂိုလ်တွေက စမ်းတာ လား'

ဟုလည်း လားပေါင်းများစွာနှင့် တွေးနေမိလိုက်ပေသတည်း။

**[ဖြစ်ရပ်မှန်လေးကို ပြောပြပေး သော ဆရာရဲဖော် နက္ခတ္တဝေဒ သုတေသီ(စာရေးဆရာ)အား ကျေးဇူး တင်ရှိပါကြောင်း မှတ်တမ်းတင်အပ် ပါသည်။]**

**နေဝန်းနီ**

စာမျက်နှာ (၁၆၀)မှ အဆက်

မိသားစုနှင့် ပျော်ရွှင်ချမ်းမြေ့စွာ နေထိုင် လျက် ရှိပါသည်။

**အဘ သုံးစွဲသော ဆေးနည်း မှာ…**

လက်သုပ် သုပ်၍ စားရသော ရှောက်သီးကို သံပရာရည်ညှစ်ခါနီး သံပရာသီးကို လှိမ့်ရသလို ဆေးသုံးစွဲ မည့် ရှောက်သီးကိုလည်း အနည်းငယ် ဖိပြီးလှိမ့်ပါ။ ပြီးလျှင် အခွံပါ ပါးပါးလှီး ပါ။ လှီးပြီးသော အခွံပါ ရှောက်သီးများ ကို အပူခံ ဖန်ပုလင်း (သို့မဟုတ်) ထည့် ၍ရသော အိုး၊ ခွက်၊ ဇလုံ တစ်ခုခုသို့ ထည့်ပါ။

ရှောက်သီးတစ်လုံးကို သကြား လက်ဖက်စားဇွန်းတစ်ဇွန်း ထည့်ပါ။ ဆားအနည်း ငယ်ထည့်ပါ။ ရေကို ရှောက်သီးအလေးချိန်ထက် နှစ်ဆပို၍ ကျိုချက်ပါ။ **ရှောက်သီးတစ်ဆ ရေသုံးဆ** ဖြစ်ပါသည်။

ကျိုချက်သောရေ ဆူလာသောအခါ ရှောက်သီး ထည့်ထားသော ဖန်ပုလင်း ထဲသို့ လောင်းထည့်ပါ။ အေးသွား သောအခါ ရေသောက်သလို သောက် ပေးပါ။ သောက်နိုင်သလောက် ကောင်းပါသည်။ **အဖတ်စားရန် မလို ပါ။**

အနည်းဆုံး သောက်ရေခွက်ခန့် ပမာဏရှိသော ဖန်ခွက်ဖြင့် (သို့မဟုတ်) သောက်ရေခွက်ဖြင့် နေ့စဉ် နံနက် တစ်ကြိမ်၊ ညတစ်ကြိမ် ပုံမှန် သောက် သုံးပေးပါ။ အိပ်ပျော်စားဝင်၍ သွေးတိုး ရောဂါ ကင်းစင်ပါလိမ့်မည်။

**ဆေးနည်းပေးသော အဘ အပါ အဝင် အဘ၏ မိသားစုဝင် ဓာတ်ပုံ ပါ ထည့်သွင်းတင်ပြလိုက်ပါသည်။**

**သာဓု ဘဖြာနိပသာမွှ**

**ကိုဦး (မြေဖြူး)**



www.burmeseclassic.com

www.burmeseclassic.com

အိပ်ပျော်စားဝင်

# သွေးတိုးရောဂါ

ကင်းစင်လိုလျှင်

ကိုဘိုး (မြေခြား)



အရပ်သူအရပ်သား လူအတော်များများ ပြောကြတာတော့ "အာရောဂျံ ပရမံ လာဘံ"၊ သီတဂူဆရာတော်ကြီး ဟောကြားတော်မူသော "ဘဝတန်ဖိုး" တရားတော်၌ "အာရောဂျာပရမာလာဘာ" ဟု နာကြားဖူးပါသည်။

ထိုစကားရပ်သည် သုံးလောကထွတ်ထား သဗ္ဗညုတရှင်တော်မြတ်ဘုရား၏ ရွှေနှုတ်သံထွက် ဓမ္မစက်မှ လာသော တရားတော်ပင် ဖြစ်ပါသည်။ ထိုတရားတော်၏ အဓိပ္ပာယ် ဆိုလိုရင်းမှာ **"လာဘ်တကာ လာဘ်တို့တွင် ကျန်းမာခြင်းတည်းဟူသော လာဘ်သည် အဓိက ပဓာနကျ၍ အသာဆုံး၊ အမြတ်ဆုံးဖြစ်သည်"** ဟု ဆိုပါသည်။

ယခုကာလအခါသမယ၌ စာရေးသူ၏ လေ့လာသိရှိချက်အရ တင်ပြရလျှင် လူတို့၏ အသက်လေးဆယ်ကျော်ငါးဆယ်နားနီးသောသူ လူသားအများစု၌ ခံစားရသော ရောဂါဝေဒနာများထဲတွင် သွေးတိုးရောဂါဝေဒနာသည်လည်း အဓိက ပါဝင်ခံစား ရင်ဆိုင်နေကြရသော ရောဂါဝေဒနာ တစ်ခုပင် ဖြစ်ပါသည်။

သွေးတိုးရောဂါနှင့် ပတ်သက်၍ ဆရာဝန်များ၏ လမ်းညွှန်ချက်နှင့် ဆေးဆောင်းပါးများ၌ ရေးသားဖော်ပြချက်များကို ကြားဖူးဖတ်ဖူးရာတွင် သွေးတိုးရောဂါ ဝေဒနာရှင်တို့အတွက် ရောဂါဝေဒနာ လုံးဝ မပျောက်ကင်းသော်လည်း ရောဂါဝေဒနာ မတိုးပွားမကြီးထွားအောင် လမ်းလျှောက်ခြင်းဖြင့် ဂရုစိုက်ပြုလုပ်ခြင်းသည်လည်း ကောင်းသောနည်းလမ်းတစ်ခု ဖြစ်သည်ဟု ကြားဖူး ဖတ်ဖူးပါသည်။


ထိုနည်းတူစွာ သွေးတိုးရောဂါဝေဒနာနှင့် ပတ်သက်၍ ဆေးမြီးတိုမြောက်များစွာထဲမှ ပဲခူးတိုင်းဒေသကြီး အနောက်ပိုင်း၊ ပြည်မြို့၊ ရွာဘဲနယ်မြေ ရတနာမာရ်အောင်ကွက်သစ်၊ အိမ်အမှတ်(၃/၅၅)တွင် နေထိုင်သော အသက်(၇၈)နှစ် ရှိပြီဖြစ်သော ဘဘဦးလှထွန်း၏ သွေးတိုးရောဂါဝေဒနာအတွက် ဆေးတစ်ခွက်ကို သွေးတိုးရောဂါ ခံစားရသော ဝေဒနာရှင်တို့အတွက် ရေးသား တင်ပြလိုက်ပါသည်။

အဘသည် အသက်ရလာသည်
အမျှ သွေးတိုးရောဂါဝေဒနာကို ခံ
ရပါတော့သည်။ အစားအသောက်
ရှောင်ရခြင်း၊ ဆေးကုသမှု ခံရခြ
ဆရာဝန်မှ ညွှန်ကြားသော ဆေး
ကို နေ့စဉ်မှန်မှန် သောက်သုံးခြင်း
နေလာခဲ့ရာ ရောဂါဖြစ်ပြီး သုံးနှစ်
ကျော် လေးနှစ်လောက်အရောက်
"သွေးတိုးရောဂါအတွက် ဆေး
ခွက်"ကို အသိမိတ်ဆွေတစ်ဦး
ရလိုက်ပါသည်။

ထိုဆေးနည်းကို ရလျှင်ရ
ဖော်စပ်သုံးစွဲကြည့်ရာ သွေးတိုး
သက်သာ ပျောက်ကင်းသည်
ယခုအခါ အဘသည် အ
ချောင်၍ အိပ်ပျော်
www.burmeseclassic.com

စာမျက်နှာ (၁၅၉) သို့

www.burmeseclassic.com



◆ ဇိနမာရ်အောင် ရွှေမုဋ္ဌောစေတီတော် ပုံတော်
(သဘွတ်ကုန်းစံပြကျေးရွာ)

# ဇိနမာရ်အောင် ရွှေမုဋ္ဌောဘုရားရင်ပြင်မှ

## ထူးဆန်းသော သိမ်နိမိတ်ကျောက်တိုင်နှင့် ကျောက်ပျဉ်

ဒေဝမှူး (ဟံဇား)

မန္တလေးတိုင်းဒေသကြီး၊ ဝမ်းတွင်းမြို့နယ်၊ သဘွတ်ကုန်း စံပြကျေးရွာ အမှတ်(၆)ရပ်ကွက်မှ အနောက်တောင်ယွန်းယွန်းတွင် ရှေးဟောင်းစေတီတော်ကြီးတစ်ဆူ ရှိပါသည်။ ဘွဲ့တော်အမည်မှာ "**ဇိနမာရ်အောင် ရွှေမုဋ္ဌော**"စေတီ ဖြစ်ပါသည်။

ရှေးသူဟောင်းများ၏ အဆိုအရ အဆိုပါ စေတီတော်ကြီးမှာ အသောကမင်းတရားကြီး၏ရေတွင်းပေါ်၌ ရှစ်သောင်းလေးထောင်၊ ရေကန်ပေါ်၌ ရှစ်သောင်းလေးထောင်၊ စေတီပေါ်၌ ရှစ်သောင်းလေးထောင် စေတီတစ်ဆူအဖြစ် ပါဝင်ခဲ့သည်ဟု ဆိုခဲ့ကြပါသည်။

◆ သိမ်နိမိတ်ကျောက်တိုင်နှင့် ကျောက်ပျဉ် (ဘုရားတွင် ပူဇော်ထား)





 စာမျက်နှာ (၁၆၄) သို့

www.burmeseclassic.com

www.burmeseclassic.com

# ဒန်သား(ကြေးနီ)စစ်စစ်

**သေအောင်ပစ်၊ ကိတ်သားမွှစ်**

ပုံရှာ ချစ်သန်းထွန်း
(ရေကြည်-သစ်တော)

မည်သည့်လုပ်ငန်းမဆို ကံရှိသော်လည်း ဉာဏ်မရှိက မွဲတတ်ပေ၏။ ဉာဏ်ရှိသော်လည်း ဝီရိယမရှိက ထင်တိုင်း ပေါက်ရောက် အောင်မြင်နိုင်မည် မဟုတ်ပေ။

အမြဲကံကောင်းဖို့အတွက် မိမိ အချိန်တိုင်း ပြုလုပ်နေသော ကာယကံ၊ ဝစီကံ၊ မနောကံတည်းဟူသော အလုပ်အားလုံး အမြဲဖြူစင် သန့်ရှင်းကောင်းမွန်ဖို့ အလွန် အရေးကြီးလှပါ၏။

မိမိလုပ်ဆောင်သည့် အလုပ်အပေါ် စေတနာသန့်သန့် ယုံကြည်မှုအပြည့်ဖြင့် စည်းကမ်းစနစ်ရှိရှိ သီလသမာဓိ ရှိရှိဖြင့် လုပ်ဆောင်ကြမည်ဆိုပါက မဖြစ်နိုင်ဟူသော အရာသည် ရှိမည် မထင်ပါ။

လူကသာ ယုံယုံကြည်ကြည်၊ သစ္စာရှိရှိ၊ ဖြူစင်သောစိတ်ထားဖြင့် ကြိုးစားလုပ်ဆောင်ကြပါလျှင် အောင်မြင်မှု ပန်းတိုင် ဆုပ်ကိုင်နိုင်မည်ဖြစ်ပြီး မဖြစ်နိုင်သော အရာဟူသည်မရှိ အားလုံး ဖြစ်နိုင်ပေသည် မဟုတ်ပါလား။

ယခု စာရေးသူ ပညာဒါနပြုလိုသည့် လုပ်ရပ်လေးတစ်ခုကိုတော့ ယုံကြည်မှု သဒ္ဓါတရား အပြည့်ရှိလျက် စိတ်ကောင်းနှလုံးကောင်းဖြင့် ကိုယ်ကျိုးလောဘ သက်သက်မဟုတ်ဘဲ မေတ္တာရှေ့ထား ပွားများ ဆောင်ရွက်ကြပါလျှင် ပန်းတိုင်မရောက်မီ ခရီးစဉ်တစ်လျှောက်မှာ မုန်စွာ ရိက္ခာထောက်မည် ဖြစ်ပါသည်။

သို့ဖြစ်၍ ဝါသနာရှင်အပေါင်းတို့အတွက် မကွယ်မဝှက်ဘဲ လောကကောင်းကျိုးအတွက် ဆောင်ရွက်နိုင်သူများ ဖြစ်ကြစေရန် ရည်သန်လျက် **"ဒန်သားစစ်စစ် သေအောင်ပစ်၊ ကိတ်သားမွှစ်"** နည်းလမ်းကောင်းတစ်ခုအား ရေးသားဖော်ပြ ပေးဝေငှကာ အောက်ဖော်ပြပါအတိုင်း ပညာဒါန ပြုလိုက်ရပါသည်။



အပိုင်း(၁)

| | |
|---|---|
| (၁) ကြက်တူရွေးစိန် | (၂) ပဲသား |
| (၂) ကျောက်ဆေးဒန်း | (၂) ပဲသား |
| (၃) ဇဝက်သာ | (၂) ပဲသား |
| (၄) ဒုတ္တာစစ်စစ် | (၂) ပဲသား |
| (၅) ကျောက်ချဉ် | (၂) ပဲသား |
| (၆) သန့်စင်ပြီးပြဒါး | (၈) ပဲသား |

စီတို့အား စုဆောင်း၍ သံပရာရည်စစ်စစ်၊ ကွမ်းရွက်သတ္တုရည်စစ်စစ်တို့ဖြင့် ညက်အောင် ကြိတ်ပြီး ဆေးသား (၁)ပဲသားခန့် အလုံးလေးများ လုံးထားပါ။

အပိုင်း(၂)

၁။ "ဒန်"(ကြေးနီ)စစ်စစ် (၁)ကျပ်သားအား "လုံဖောက်ထူထူ" လုံနံပါတ်(၃)၌ ထည့်၍ အဖုံးရှင် ဖော်ထူထူမံ၍ ကြိုက်နှစ်သက်ရာ ဖိုဖြင့် အရည်လင်ရုံ ထိုးပါလေ

၂။ ဒန်(ကြေးနီ)သား အရည်လင်ပါ က အဖုံးရှင်အား အသာလှပ်၍ အပိုင်း(၁)၌ ဆေးလုံးထားသော (၁)ပဲသား ဆေးလုံး(၁)လုံးအား အသာ ပစ်ထည့်လိုက်ပါ။ ပြီးလျှင် အဖုံးရှင်အား မြန်မြန်ပြန်ဖုံး မီးသွေးထည့်ပြီး ခေတ္တနှပ်ထားပါ

၃။ ထည့်ထားသည့် မီးသွေး မီးရဲလာ ပါမှ မီးဆက်လက်ထိုးပါ။ နာတိုက် မီးဖြစ်ပါစေ။

၄။ ထိုကဲ့သို့ အဖုံးရှင်ကို လှပ်လိုက် ဆေး(၁)ပဲသားလုံး ပေါက်လိုက် ဖြင့် အဖုံးရှင်ကို ပြန်အုပ်၊ မီးသွေး ထည့်လိုက်၊ နှပ်လိုက်ဖြင့် ထိုနည်း အတိုင်း စိတ်ရှည်ရှည် သ ဖြင့် ထိုးသွားပါ။

၅။ နောက်ဆုံး ဒန်(ကြေးနီ)ခတ်သ





www.burmeseclassic.com

www.burmeseclassic.com

ဖရဲသီးစဗာ

# မြေပေါ်ထောက်သီးသည့် ပိန္နဲသီးခိုင်

ဟူကျင်းဇီ
(Hu Jin Zhi)



◆ မြေထောက်သီးသော ပိန္နဲပင်

တရုတ်ဝေါဟာရတွင် Guā Tiān Lǐ Xià "ကွားထျဲန်းလီယှ" ဟူသော စကားသည် **"ဖရဲခင်း၌ ခါးကုန်း၍ ခြေအိတ်,ဖိနပ်မပြင်သင့်၊ မက်မန်းပင်အောက်၌ လက်မြှောက်၍ ဦးထုပ်,ခေါင်းပေါင်း မပြင်သင့်"**ဟု အဓိပ္ပာယ်ရသည်။

ဖရဲသီးသည် နွယ်ဖြင့် တွားကာ မြေတွင် ထောက်,ဝပ်၍ သီးသောအပင်အသီး ဖြစ်သည်။ ဖရဲခင်းတွင် ခါးကုန်း၍ ခြေအိတ်,ဖိနပ် ပြုပြင်ကိုင်တွယ်လျှင် ဖရဲသီးခိုးသည်၊ ဆွတ်သည်ဟု အထင်လွဲစရာ ရှိ၏။

မက်မန်းပင်ကား ဦးခေါင်းအထက် သီးသော ပင်မြင့်မျိုး ဖြစ်၏။ လက်မြှောက်၍ ဦးထုပ်ခေါင်းပေါင်း ပြင်ဆောင်းခြင်းက မက်မန်းသီးဆွတ်သည်၊ ခိုးသည်ဟု အထင်မှားနိုင်သောကြောင့် ဖြစ်သည်။

သို့သော် ကံမမြို့၊ ထုံးကြီးတောင်ကျောင်းဝင်းတွင်ကား ဤဆိုရိုးစကားကို ရှေ့နောက် ပြောင်းလဲစရာ ဖြစ်လာသည်။ မက်မန်းပင်ကဲ့သို့ ပင်မြင့်မျိုးဖြစ်၍ လူတစ်ရပ် ဦးခေါင်းအထက် သီးလေ့ရှိသော ပိန္နဲပင်မှ ပိန္နဲသီးများသည် ဖရဲသီးများကဲ့သို့ မြေတွင်ထောက်ကာ သီးနေသောကြောင့် ဖြစ်သည်။

စတင် သီးကင်းဝင်စဉ်က အလုံးပေါင်း (၆၀)နီးပါးရှိကာ ကျောင်းသားသာမဏေငယ်တို့ ဆွတ်ယူ တို့မြုပ်စားကြသဖြင့် ယခုသော် (၃၆)လုံး ကျန်ရှိသည်။ ပိန္နဲသီးမှာ(၂)လုံး၊ (၃)လုံး ပြွတ်တွဲ၍ သီးတတ်သော်လည်း ယခုကဲ့သို့ အလုံး(၆၀)နီးပါး ပြွတ်သိပ်သီးသည်မှာ ဆန်းကြယ်လှသည်။


ကျန်ရှိသမျှ (၃၆)လုံးစလုံး အသီးအောင်၍ အလွန်ချိုမွှေးသော အပင်မျိုးဖြစ်သည်ဟု သိရသည်။ သို့မှုမက မြေထောက်သီးနေခြင်းကလည်း ထူးဆန်းလှပါသည်။

ထုံးကြီးတောင်ကျောင်း ဆရာတော် အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကောဝိဒသည် မဟာဝိနယာနုလောမ မူလဒွါရနိကာယဂိုဏ်းချုပ် သာသနာပိုင်ဆရာတော်ဖြစ်သည့်အပြင် နိုင်ငံတော်သြဝါဒါစရိယ ဆရာတော်ကြီးလည်း ဖြစ်တော်မူသည်။



www.burmeseclassic.com

www.burmeseclassic.com



▲ ပင်ခြေမှ ပိန္နဲသီးများ

ဆရာတော်ကြီးသည် ပရိတ်ရေဆူ သော ရေဆူဆရာစော်ကြီးဖြစ်၍ ပုဂ္ဂိုလ်ထူးအဖြစ် သမုတ်ခြင်း ခံတော်မူ ရကာ ၁၃၇၄ ခုနှစ်၊ သီတင်းကျွတ် လဆုတ်(၁၀)ရက်နေ့တွင် သက်တော် (၁၀၀)နှစ်တိတိ ပြည့်မည် ဖြစ်သည်။

ထို့ကြောင့် ဤသို့ ပွတ်သိပ်ကာ မြေထောက်၍ ထူးဆန်းစွာ သီးလာသော ပိန္နဲသီးများသည် ဆရာတော်ကြီး ၏ သက်တော်တစ်ရာပြည့်၊ ဂုဏာဝိသိဋ္ဌ ပူဇာ အထိမ်းအမှတ်နိမိတ်ဟု ယူဆရ သည်။ မြတ်သဏအား ရုက္ခလောက မှပင်လျှင် ဂါရဝပြု ပူဇော်ခြင်း ဖြစ် သည်။

သရက်ခရိုင်၊ ကံမမြို့နယ်၊ ထုံးကြီး တောင်ကျောင်းသို့ ရောက်ရှိစဉ်က တွေ့မြင်ခဲ့ရသော ထူးခြားစွာ သီးလာ သည့် ပိန္နဲသီးခိုင်အား ဓာတ်ပုံမှတ်တမ်း ပြု ဖော်ပြပေးလိုက်ပါသည်။

**(လိုက်ပါ ပို့ဆောင်ပေးသော စာရေးဆရာ ဦးအောင်ဝင်းတင့် (ကံမ)အား ကျေးဇူးတင်ရှိလျက်...)**

**ဟူကျင်းဇီ**(*Hu Jin Zhi*)

---

စာမျက်နှာ (၁၆၁)မှ အဆက်

အဆိုပါ စေတီတော်ကြီး၏ မြောက်ဘက်ပလ္လင်ပေါ်တွင် သိမ်နိမိတ်ကျောက်တိုင်တစ်ခုနှင့် ကျောက်ပျဉ်တစ်ခုကို ထူးထူး ဆန်းဆန်း ထားရှိသည်ကို တွေ့မြင်ခဲ့ရပါသည်။

ထူးဆန်းပုံမှာ တစ်ခါတုန်းက ရွာတစ်ရွာမှ ခရီးသွား လှည်း တစ်စီးသည် စေတီအနီးမှ ဖြတ်သွားပြီး ရပ်နားကာ ဘုရားဝင် ဖူးသည်ဟု ဆိုပါသည်။

စေတီတွင် တွေ့ရသော သိမ်နိမိတ်ကျောက်တိုင်ကို အလွန် သဘောကျသွားပြီး...

'ဓားသွေးရင် ကောင်းမှာပဲ။ ငါတော့ ဓားသွေးကျောက်အဖြစ် အသုံးပြုမယ်'

ဆိုပြီး အိမ်သို့ ယူဆောင်သွားသည်ဟု ဆိုပါသည်။

ထိုနေ့ညတွင် အိပ်မက် မြင်မက်ရာ အဆိုပါ ကျောက်တိုင်ကို မူလနေရာသို့ ပြန်ပို့ရန် ပြန်မပို့ဘဲနေပါက ထိခိုက်နိုင်ကြောင်း ဝတ်ဖြူစင်ကြယ် ပုဂ္ဂိုလ်ကြီးတစ်ဦးက အိပ်မက်ပေးလာသဖြင့် ပြန်ပို့ရသည်ဟု ဆို၏။

အလားတူပင် ရွာထဲမှ လူနှစ်ယောက်ကလည်း အဆိုပါ ကျောက်တိုင်နှင့် ကျောက်ပျဉ်ကို ဓားရေသွေးကျောက်အဖြစ် အသုံး ပြုရန် အိမ်သို့ ယူသွားကြသည်ဟု ဆိုကြ၏။ ထိုသူတို့သည်လည်း အိပ်မက်အရ ပြန်ပို့ကြသည်ဟု ဆို၏။

ထို အဖြစ်အပျက်များသည် ရပ်ကျော်ရွာကျော်များ ဖြစ်သွား၍ နောက်တစ်ခါ မည်သူမျှ မယူဝံ့ကြတော့ဘဲ ယခုဓာတ်ပုံတွင် ဖော်ပြခဲ့သည့်အတိုင်း စေတီတော်ကြီး၏ မြောက်ဘက်ပလ္လင် ပေါ်တွင် ပူဇော်ထားခြင်း ဖြစ်ပါတော့သတည်း။

**ခရေရှူး (*ဟံဇား*)**

---

စာမျက်နှာ (၁၆၂)မှ အဆက်

သည် ပြဒါးဓာတ်သားကဲ့သို့ အရည်လည်ငြိမ်လျက် ကြောင် မျက်လုံးသဖွယ် အရိုးမထွက်ဘဲ အရည်လဲ့နေ သည်ကို အဖုံးရှင်အား အသာလှပ်ကြည့်ပါက တွေ့မြင် ရပေမည်။

ထိုအခြေရောက်ပါက ဆေးလုံး (၁)ပဲသား ပစ်ပေါက်ထိုး ခြင်းအားရပ်၍ အဖုံးရှင်ပြန်အုပ်ကာ မီးသွေးအပြည့် ထည့်၍ လုံတစ်ခိုင် ထိုးသွားရပါမည်။ အဖုံးရှင်အား လှပ်ကြည့်ခြင်း မပြုတော့ဘဲ ဖိုခွင်၌ပင် အလိုချမ်း အအေးခံ ထားလိုက်ပါ။ ၆။ အေးသွားပါက လုံအား ခွဲကြည့်ပါလေ။ ချော်အနီရောင် အနည်းငယ်တက်နေသော အောက်၌ မကိုင်ရက် လောက်အောင် ကိတ်ဓာတ်သားကဲ့သို့ ဒန်သားစစ်စစ် သေနေသည့် ဒန်သေကိတ်ဓာတ်သားငါးမူးခန့် ရရှိပေ လိမ့်မည်။ ဒန်သားကောင်းလျှင် ပို၍ ကျန်ပါသည်။ လိုရာခရီး တက်လှမ်းနိုင်ပါသည်။

"တကယ်ဖြစ်ချင် တကယ်လုပ် အဟုတ်ဖြစ်ရမည်" ဆို သည့်အတိုင်း ဓာတ်ထိုးသူ ဝိသနာရှင်အပေါင်း ကံ၊ ဉာဏ် ဝီရိယ မှန်စွာအသုံးချလျက် တဏှာကင်းပ၊ ချမ်းသာသုခ ရရှိနိုင်ကြပါစေသား။

**မုံရွာ ချစ်သန်းထွန်း (ရွှေကြည်–သစ်တော)**



www.burmeseclassic.com

www.burmeseclassic.com

# အကျိုးအများမျိုး တိုးပွားစေသော ဂါထာတော်

ကြောင်ပေါက်
(ဓမ္မပီယ)



**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၊ ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ အမှတ်(၃၁၃)**တွင် ဖော်ပြပါရှိသော **ဆရာ နတ်မောက် လှမြင့်သစ်၏ ငွေကြေးစီးပွားတက်စေသောဂါထာတော်**ကို ဖတ်ရှုရပါသည်။

ကျွန်တော် အမြဲမပြတ် ရွတ်ဖတ်ပူဇော်လျက်ရှိသော ဂါထာတော်သည် ဆရာ လမ်းညွှန်ဖော်ပြပေးသော ဂါထာတော်ထက် အနည်းငယ် ပိုရှည်နေသည်ကို ဖော်ပြပါအတိုင်း တွေ့ရှိရပါလိမ့်မည်။

ကျွန်တော်သိလိုသည်မှာ ငွေကြေးစီးပွားထက် မည်သည့်အစွမ်းများနှင့် အကျိုးပေးများကို ပိုမိုသိလိုပါသဖြင့် ဖော်ပြပေးစေလိုပါသည်။

(က) ဩောင်း နမောတဿ
ဩောင်း နမော ဘဂဝတော
ဩောင်း နမော အရဟတော
ဩောင်း နမော သမ္မာသမ္ဗုဒ္ဓဿ။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ

❖ သောဘာဂဝါ ကွတိပိ အရဟံ၊
❖ သောဘာဂဝါ ကွတိပိ သမ္မာသမ္ဗုဒ္ဓေါ၊
❖ သောဘာဂဝါ ကွတိပိ ဝိဇ္ဇာစရဏ သမ္ပန္နော၊
❖ သောဘာဂဝါ ကွတိပိ သုဂတော၊
❖ သောဘာဂဝါ ကွတိပိ လောကဝိဒူ၊
❖ သောဘာဂဝါ ကွတိပိ အနုတ္တရော ပုရိသ ဒမ္မသာရထိ၊
❖ သောဘာဂဝါ ကွတိပိ သတ္ထာ ဒေဝ မနုဿာနံ၊
❖ သောဘာဂဝါ ကွတိပိ ဗုဒ္ဓေါ၊
❖ သောဘာဂဝါ ကွတိပိ ဘဂဝါ။

✪ နတ္ထိ မေ သရဏံ အညံ၊
ဗုဒ္ဓေါ မေ သရဏံ ဝရံ၊
ဧတေ သရဏံ ဥပေမိ၊
မယိ ကာဠိ န ဝိဇ္ဇတိ၊
ဧတေန သစ္စ ဝဇ္ဇေန၊
ပဝသ္သန္တု သတ္တရတနာ၊
ဟောတု မေ ဇေယျ မင်္ဂလံ၊
ဟောတု မေ အာယုဝမုန်၊
ဟောတု မေ သိဒ္ဓိကမ္မံ၊
ဟောတု မေ ဝိဇ္ဇာသိဒ္ဓိကမ္မံ။
**(ဗုဒ္ဓေါအောင်ပြီ၊ ဗုဒ္ဓေါအောင်ပြီ၊ ဗုဒ္ဓေါအောင်ပြီ)**၃-ကြိမ်

အနက်

**မေ၊** တပည့်တော်အား။ **အညံ၊** ဘုရားမှတစ်ပါးသော။ **သရဏံ၊** ကိုးကွယ်ရာသည်။ **နတ္ထိ၊** မရှိ။ **ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်။ **မေ၊** တပည့်တော်၏။ **ဝရံ၊** မြတ်သော၊ **သရဏံ၊** ကိုးကွယ်ရာတည်း။

**ဧတံ၊** ဤမြတ်စွာဘုရားကို။ **သရဏံ၊** ကိုးကွယ်ခြင်းသို့။ **ဥပေမိ၊** ကပ်ရောက်ပါ၏။ **မယိ၊** ငါ၌။ **ကာဠိ၊** ယုံမှားခြင်းသည်။ **နဝိဇ္ဇတိ၊** မရှိ။ **ဧတေန သစ္စ ဝဇ္ဇေန၊** ဤမှန်ကန်သော သစ္စာစကားကြောင့်။ **သတ္တ ရတနာ၊** ရတနာခုနစ်ပါးတို့သည်။ **ပဝဿန္တု၊** ရွာပါစေကုန်သတည်း။

**မေ၊** အကျွန်ုပ်အား။ **ဇေယျမင်္ဂလံ၊** အောင်ခြင်းမင်္ဂလာသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

**မေ၊** အကျွန်ုပ်အား။ **အာယုဝမုန်၊** အသက်တိုးပွားရှည်ခြင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

**မေ၊** အကျွန်ုပ်အား။ **သိဒ္ဓိကမ္မံ၊** အမှုကိစ္စပြီးစီးသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

**မေ၊** အကျွန်ုပ်အား။ **ဝိဇ္ဇာသိဒ္ဓိကမ္မံ၊** ဝိဇ္ဇာအမှုကိစ္စပြီးစီးခြင်းသည်။ **ဟောတု၊** ဖြစ်ပါစေသတည်း။

(ခ) ဩောင်း နမောတဿ
ဩောင်း နမော ဘဂဝတော
ဩောင်း နမော အရဟတော
ဩောင်း နမော သမ္မာသမ္ဗုဒ္ဓဿ။

ဓမ္မံ သရဏံ ဂစ္ဆာမိ

✲ သွာက္ခာတော ဘဂဝတာ ဓမ္မော သန္ဒိဋ္ဌိ



www.burmeseclassic.com

www.burmeseclassic.com

ကော၊ အနုကာလိကော၊ ဧဟိပဿိကော၊
ဩပနေယျိကော၊ ပစ္စတ္တံ ဝေဒိတဗ္ဗော
ဝိညူဟိ။

⊙ နတ္ထိ မေ သရဏံ အညံ၊
ဓမ္မော မေ သရဏံ ဝရံ၊
ဧတေန သစ္စဝဇ္ဇေန၊
ဟောတု မေ ဇယမင်္ဂလံ။
ဟောတု မေ အာယုဝဍ္ဎနံ၊
ဟောတု မေ သိဒ္ဓိကမ္မံ၊
ဟောတု မေ ဝိဇ္ဇာသိဒ္ဓိကမ္မံ။

ဧတံ သရဏံ ခေမံ
ယဿ ကာဠိ န ဝိဇ္ဇတိ။
ဧတေန သစ္စ ဝဇ္ဇေန
ပဝဿန္တု သဗ္ဗရတနာ။

**(ဓမ္မောအောင်ပြီ၊ ဓမ္မောအောင်ပြီ၊ ဓမ္မောအောင်ပြီ)**[၃-ကြိမ်]

အနက်

**မေ၊** တပည့်တော်အား။ **အညံ၊** တရားမှတစ်ပါးသော။ **သရဏံ၊** ကိုးကွယ်ရာသည်။ **နတ္ထိ၊** မရှိ။ **ဓမ္မော၊** တရားတော်သည်။ **မေ၊** တပည့်တော်၏။ **ဝရံ၊** မြတ်သော။ **သရဏံ၊** ကိုးကွယ်ရာတည်း။ **ဧတံ၊** ဤတရားတော်ကို။ **သရဏံ၊** ကိုးကွယ်ခြင်းသို့။ **ဥပေမိ၊** ကပ်ရောက်ပါ၏။

**(ကျွန်ုပ် အနက် အထက်ကအတိုင်း)**

(ဂ). ဩဘာသ နမောတဿ
ဩဘာသ နမော ဘဂဝတော
ဩဘာသ နမော အရဟတော
ဩဘာသ နမော သမ္မာသမ္ဗုဒ္ဓဿ။

သံဃံ သရဏံ ဂစ္ဆာမိ။

❖ သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဥဇုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ဉာယပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
သာမီစိပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊
ယဒိဒံ စတ္တာရိ ပုရိသယုဂါနိ အဋ္ဌပုရိသ
ပုဂ္ဂလာ ဧသ ဘဂဝတော သာဝကသံဃော၊
အာဟုနေယျော၊
ပါဟုနေယျော၊
ဒက္ခိဏေယျော၊
အဉ္ဇလိကရဏီယော၊
အနုတ္တရံ ပုညက္ခေတ္တံ လောကဿ။

⊙ နတ္ထိ မေ သရဏံ အညံ၊
သံဃော မေ သရဏံ ဝရံ၊
ဧတံ သရဏံ ဥပေမိ
ယဿ ကာဠိ န ဝိဇ္ဇတိ။
ဧတေန သစ္စ ဝဇ္ဇေန
ပဝဿန္တု သဗ္ဗရတနာ။
ဟောတု မေ ဇယမင်္ဂလံ၊
ဟောတု မေ အာယုဝဍ္ဎနံ၊
ဟောတု မေ သိဒ္ဓိကမ္မံ၊
ဟောတု မေ ဝိဇ္ဇာသိဒ္ဓိကမ္မံ။

**(သံဃောအောင်ပြီ၊ သံဃောအောင်ပြီ၊ သံဃောအောင်ပြီ)**[၃-ကြိမ်]

အနက်

**မေ၊** တပည့်တော်အား။ **အညံ၊** သံဃာတော်မှတစ်ပါးသော။ **သရဏံ၊** ကိုးကွယ်ရာသည်။ **နတ္ထိ၊** မရှိ။ **သံဃော၊** သံဃာတော်သည်။ **မေ၊** တပည့်တော်၏။ **ဝရံ၊** မြတ်သော၊ **သရဏံ၊** ကိုးကွယ်ရာတည်း။ **ဧတံ၊** ဤသံဃာတော်ကို။ **သရဏံ၊** ကိုးကွယ်ခြင်းသို့။ **ဥပေမိ၊** ကပ်ရောက်ပါ၏။

**(ကျွန်ုပ်အနက် အထက်ကအတိုင်း)**

***(နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း၏ ပါဠိအယ်ဒီတာ ဆရာကြီးဦးစံတင် (စတုနိကာယကောဝိဒ၊ ဝိနယဓရ၊ ဓမ္မာစရိယ)မှ ပါဠိအနက် ပြန်ဆိုပေးပါသည်။)***

✿ အောင်ကြပေ၊ ပိုင်ကြပေ၊ နိုင်ကြပေ။

✿ အောင်ပေ၊ ပိုင်ပေ၊ နိုင်ပေ၊

✿ အောင်ရပါလို၏၊ ပိုင်ရပါလို၏၊ နိုင်ရပါလို၏။

အထက်ပါ ဂါထာတော်ကို ရွတ်ဖတ်ပြီးပါက အမျှဝေခြင်း၊ မေတ္တာပို့သခြင်းများ ဆောင်ရွက်ပါသည်။ ယခုအချိန်ထိ တစ်နှစ်ကျော် အမြဲ ဆောင်ရွက်ပါသည်။

**အကျိုးကား။** မမျှော်လင့်ဘဲ အလုပ်အကိုင် ပြန်ရခြင်း၊ မျှော်လင့် ဆုတောင်းမိပါက အလိုလိုအောင်မြင် ကျော်လွှားနိုင်ခြင်း၊ ပူပင်ကြောင့်ကြမှု နည်းစေခြင်း မရှိဘူးလား ရှိတယ်။ ရှိလား မေးရင် မရှိဘူး။

သို့သော် ဘယ်လို အဆင်ပြေသွားတယ်ဆိုတာ မပြောတတ်ပါ။ အန္တရာယ်ကတော့ဝေးဝေးပဲ မကြုံရ၊ မမြင်ရဘူး။ လူချစ်လူခင်ပေါ်ပြီး လေးစားစွာ ဆက်ဆံသူများ ပေါ်လာသည်က အမှန်ပါ။

ကျွန်တော် နည်းနည်းပါးပါး ဟောပြောကြည့်ရာ အဆင်ပြေ မှန်ကန်နေတာ တွေ့ရပါသည်။ အထင်မှား အမြင်မှားသူတွေလည်း ပြန်လည် ပြေလည်ခဲ့ပါသည်။

သို့သော်လည်း ကျွန်တော်ထက်ပို၍ သိသော၊ တတ်သော ပုဂ္ဂိုလ်တို့၏ ဂါထာတော်အစွမ်း အကျိုးထိရောက်မှု ကျင့်စဉ်များကို အကျိုးအကြောင်းပြ၍ အလျဉ်းသင့်သလို ဖော်ပြပေးပါရန် ရေးသားလိုက်ရပါသည်။


အစစအရာရာ လမ်းညွှန် သင်ကြားပေးသော **ဖခင်ကြီးအဘသောင်း (ဓမ္မသုရိယ)**အား ဦးထိပ်ပန်ဆင်လျက်...

**( အောင်ပေါ်စံ (ဓမ္မဝိဇယ)**



www.burmeseclassic.com

www.burmeseclassic.com



# ရှင်သူငယ်ဂမုန်းများ

ပွင့်ပြန့်ဝါမြ

အမှတ်တရ ၁၉၆၅ ခုနှစ်မှာပါ။ ပန်းတွေ ပွင့်လို့ပေါ့ရှင်။ အိမ်မှာ တစ်ခုခု ထူးခြားလာမယ်ဆိုရင် ရှင်သူငယ်ဂမုန်းက ပွင့်လာပါတယ်။ ပန်းပွင့်ပြီဆိုရင် အကျိုးထူး ခံစားရပါတယ်။

သမီးလေးလဲ မူလတန်းပြမှ အလယ်တန်းပြဆရာမ ဖြစ်ခဲ့ပါတယ်။ နောက်တစ်ကြိမ် ပွင့်တော့ အထက်တန်းပြအဖြစ် ရာထူးတိုးမြင့်ပြန်ပါတယ်။

ဆက်တိုက်မဟုတ်ပါ။ (၃)နှစ်၊ (၅) နှစ် အဲဒီလိုနေမှ ပွင့်တာပါ။ ကျွန်မတို့လဲ အမွှေးတိုင် ပူဇော်ခြင်းနဲ့ ယုံကြည်စွာ ဆုတောင်းတာပဲ ရှိခဲ့ပါတယ်။

ပန်းပွင့်တိုင်း အကျိုးထူး ခံစားရပါတယ်။ ရာထူးတိုးခြင်း၊ အစိုးရသိန်းထီပေါက်ခြင်းများ ကြုံတွေ့ရပါတယ်။ ယခု အသက် (၈၇)နှစ်မှာ တစ်သိန်းဆုကို ရရှိခဲ့ပါတယ်။

ရှင်သူငယ်ဂမုန်းပင်ကို သက်နုကပ်လှူပြီး ရရှိခဲ့ပါတယ်။ ကျွန်မရဲ့ အမျိုးသားမှာ မီးသတ်ဝန်ထမ်းတစ်ဦး ဖြစ်သဖြင့် ကျောက်ဆည်မြို့မှ အမရပူရမြို့သို့ ပြောင်းရွှေ့ တာဝန်ထမ်းဆောင်ရပါတယ်။

နေထိုင်ရာ အဆောက်အအုံရှေ့မှာ ညောင်ပင်ကြီးတစ်ပင် သေမလို ညှိုးနွမ်းနေတာမို့ မနက်၊ ည နေ့စဉ် ရေလောင်းပေးနေတာ ကြာလာတော့ အရွက်တွေ ဝေပြီး စိမ်းလန်းစိုပြည်ပြီး လှပစွာ အရိပ်ရသော ညောင်ပင်ကြီး ဖြစ်လာပါတော့တယ်။

ကားဂိတ်လဲနီးတော့ ခရီးသွားများ နားခိုရာနေရာ ဖြစ်လာတာကို ရပ်ကွက်လူကြီးတွေနဲ့ မိတ်ဆွေများက ဝမ်းသာကြည်နူးကြပါတယ်။

တစ်နေ့မှာ မီးသတ်ရဲဘော်တစ်ဦးက ဆရာကြီးက စိုက်ပျိုးရေး ဝါသနာပါတာကိုး။ ဆရာကြီးအတွက် အစွမ်းထက်တဲ့ ရှင်သူငယ်ဂမုန်းကို သွားရောက်ပြီး အလှူခံရအောင် လွယ်လွယ်နဲ့မရဘူး။ ဆရာကြီး အိပ်မက်အရ လာရောက်ခွင့်တောင်းရတာ ဖြစ်ကြောင်း ပိုင်ရှင်ကို ကန်တော့ပွဲပေးပြီး ရယူခဲ့တာ ဖြစ်ပါတယ်။

ဘုရားတရား ဂုဏ်ကျေးဇူးတော်ကြောင့် ပန်းတွေ ပွင့်လာခဲ့တော့ ရှေးဦးစွာ မဟာမြတ်မုနိဘုရားကြီးကို သွားရောက်လှူဒါန်း ပူဇော်ခဲ့ပါတယ်။ ကြာမီကာလမှာပဲ ရာထူးတိုးနဲ့ မုံရွာမြို့ကို ပြောင်းရွှေ့ခြင်းခံရပါတယ်။

သိရှိ နားလည်သူများဆိုရင် ပိုပြီး အကျိုးထူး ခံစားရမှာပဲလို့ တွေးမိပါတယ်။ ယုံကြည်စိတ်ချစွာဖြင့် ရှင်သူငယ်ဂမုန်းကို စိုက်ပျိုးကြပါလို့ ပြောချင်ပါကြောင်း...။

ညွန့်ညွန့်စိန် (ကျောက်ဆည်)



www.burmeseclassic.com

www.burmeseclassic.com

# အဆစ်အမျက် ကိုက်ခဲရောင်ရမ်း



**လိမ်းဆေးအစွမ်း**

ကျွန်တော့်ဦးကြီး ဦးအုန်းမြင့်မှာ ငယ်စဉ်က အလွန် ပင်ပန်းဆင်းရဲခဲ့သူ ဖြစ်ပါသည်။ မန္တလေး၊ ကိုင်းတန်းဈေးတွင် ကုန်တင်ကုန်ချ တစ်နေကုန် ထမ်းရပိုးရ ကုန်ထမ်းသမားအဖြစ် ဘဝကို ရုန်းကန်ခဲ့ရသူ ဖြစ်ပါသည်။

ရိုးသားသော, ကြိုးစားသော ဦးကြီးကို ပွဲရုံဆိုင်ပိုင်ရှင်က အဝယ်တော်အဖြစ် ခန့်အပ်၊ နောက်ပိုင်းတွင် အရင်းအနှီးထုတ်ပေး၊ ဆိုင်ခွဲ ရောင်းဝယ်စေရာမှ ဦးကြီးသည် ဆိုင်ရှင်၊ ပွဲရုံပိုင်ရှင်ဘဝ ရောက်ခဲ့သည်။

ယခု အသက် ခြောက်ဆယ်အရွယ်မှာ ပွဲစားသူဌေးကြီး ဖြစ်ခဲ့ပြီး တိုက်နှင့် ကားနှင့် တပည့်တပန်း အလုပ်သမား တစ်ထွေးကြီးနှင့် ကြီးပွားချမ်းသာခဲ့ရပါသည်။

ကျွန်တော် ပြောချင်သည်မှာ ဦးကြီး ကြီးပွားချမ်းသာခဲ့သည့် အကြောင်း မဟုတ်ပါ။ ငယ်စဉ်က မနိုင်ဝန်ရော, နိုင်ဝန်ရော အလေးအပင်များ ထမ်းပိုးခဲ့ရသဖြင့် အသက် လေးဆယ်ကျော်ငါးဆယ်အရွယ်မှစပြီး အဆစ်အမျက်များ ကိုက်ခဲ နာကျင် ရောင်ရမ်းဝေဒနာ ခံစားရခြင်းပင် ဖြစ်ပါသည်။ ဒဏ်နာ, ဒဏ်ပိ ဝေဒနာဟု ဆိုရပါမည်။

အနောက်တိုင်း လိမ်းဆေး၊ ထိုးဆေး၊ အရှေ့တိုင်းလိမ်းဆေး၊ စားဆေးမျိုးစုံ လိမ်းခဲ့, ထိုးခဲ့, စားခဲ့သော်လည်း သက်သာလိုက်, ပျောက်လိုက်, ပြန်ဖြစ်လိုက်နှင့် အဆစ်အမျက် ကိုက်ခဲဝေဒနာမှာ သံသရာလည် ခံစားခဲ့ရပါသည်။

ဆေးဖိုးနှင့် ဝါးခများမှာလည်း ငွေကြေးတတ်နိုင်သော အခြေအနေမို့သာ။ သာမန်လူအဖို့ မဝယ်နိုင်သော၊ မသုံးစားနိုင်သော ငွေကြေးများ ကုန်ကျခဲ့ရပါသည်။

နောက်ဆုံးတွင် ဦးကြီးမှာ ဝေဒနာခံစားရင်း... .

'ကဲ... ဖြစ်ချင်ရာဖြစ်၊ သေချင်သေပါစေတော့ ဘာဆေးမှ မစား, မလိမ်း, မထိုးတော့ဘူး'

ဟု စိတ် တုံးတုံးချကာ ဝေဒနာကို ကြိတ်မှိတ်ခံကာ အိပ်ရာထဲမှာပင် လှဲနေလိုက်တော့သည်။

ထိုအဖြစ်ကိုသိသော ဦးကြီး၏ အလုပ်သမားတစ်ဦးဖြစ်သော **ဦးသုစိန် (မန္တလေး၊ အရှေ့ပြင်မှ)** ဆိုသူက ဦးကြီးကို ဆေးနည်း ပြောပြပါသည်။

ဦးသုစိန်က သူတို့ ဘိုးဘွားမှာ မန္တလေးနန်းတွင်း သမားတော်မျိုးရိုးဖြစ်ပြီး အစဉ်အဆက် ထိန်းသိမ်းခဲ့သော နန်းစဉ်သုံး ဆေးပညာများရှိကြောင်း၊ ရှန်းရှန်းဝေအောင် ပြောပြပြီး ယခု ဆေးနည်းကို ပြောခဲ့ခြင်း ဖြစ်ပါသည်။

ဦးသုစိန် အပြောကောင်း၍လား (သို့မဟုတ်) ငွေကုန်ကြေးကျ မရှိ၍လား၊ ဒါမှမဟုတ် ဝေဒနာကိုပဲ သည်းမခံနိုင်တော့၍လား မသိပါ။ ဦးသုစိန် ပြောပြပေးခဲ့သော ဆေးနည်းကို ဦးကြီး လက်တွေ့ ဖော်စပ် သုံးစွဲခဲ့ပါသည်။

တစ်ပတ်ခန့် သုံးမိသောအခါ တိုက်ပေါ်, တိုက်အောက် ဆင်းရတက်ရ အဆင်ပြေခဲ့ရသည်။ တစ်လကျော် နှစ်လနီးပါး သုံးပြီးသောအခါ မန္တလေး ကျုံးကို တစ်ပတ် လမ်းလျှောက်နိုင်ခဲ့ပါ သည်။

ယခု ဆေးသုံး၍ သုံးနှစ်ခန့်တွင် အဆစ်အမျက် ရောင်ရမ်း ကိုက်ခဲ နာကျင်ခြင်းမှာ မရှိသလောက်ပင် ဖြစ်ခဲ့ပါသည်။ ထိုဆေးနည်းမှာ...

* မြေစာမြက်၊
* ဝါးရွက်၊
* မိဿလင်ရွက်၊
* ချင်း(ဂျင်း)ရွက်။

အထက်ပါ အရွက်လေးမျိုး အလေး ချိန်ဆတူ ရောထောင်း ကြိတ်ပြီး သင့် သလို အတောင့်ပြုထားပြီး နေရိပ်မှာ အလိုလို ခြောက်သွေ့ပါစေ။

အဆစ်အမျက် ကိုက်ခဲနာကျင် ရောင် ရမ်းပါက ရေနှင့် ပျစ်ပျစ်ဖျော်ပြီး လိမ်း ပေးရပါသည်။ တစ်နေ့ သုံးကြိမ်မှ ငါးကြိမ်ထိ လိမ်းပေးနိုင်ပါသည်။

**အထူးမှာ** အစာပျော့ပျော့ စားရပါ မည်။ ဝမ်း, ဆီး အချုပ်မခံရပါ။ ဆီး ဝမ်း ချုပ်လျှင် ဝေဒနာ ပိုဆိုးတတ်သဖြင့် ဆီး, ဝမ်း မှန်အောင်ပြုပြီး ဆေးလိမ်းပါ က သက်သာ ပျောက်ကင်းပါသည်။

**နတ်မောက် ကောင်းမြင့်**



www.burmeseclassic.com

www.burmeseclassic.com

ကော့တာကျောင်းပေါ် ရောက်သွားသောအခါ ဆရာတော် ဦးတေဇအား အခန့်သင့်စွာ ဖူးမြင်ရသည်။

'ဘယ်ကလာသလဲ'

'တပည့်တော်ကို မမှတ်မိဘူးထင်တယ်။ စာရေးဆရာလေ'

'ဪ ပြီးခဲ့တဲ့နှစ်က မုံရွာတစ်ဖက်ကမ်း ဖိုဝ်တောင်ကို ရောက်ဖြစ်တယ်။ ဘုန်းကြီးမှာ ဆွမ်းအခက်အခဲဖြစ်နေတုန်း ဈေးသည်တစ်ယောက်က ကော့တာဆရာတော် မဟုတ်လား။ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ တွေ့ဖူးတယ်ဆိုပြီး ဆွမ်းလှူလို့ ဒကာကြီးနဲ့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းရဲ့ကျေးဇူးကြောင့် ဆွမ်းကွမ်း ပြည့်ပြည့်စုံစုံနဲ့ အဓိဋ္ဌာန်ရက်ပြီးအောင် နေနိုင်ခဲ့တယ်'

'ဝမ်းမြောက်လှပါတယ် ဘုရား။ သရက်ပင်တွေကော သီးပွင့်တုန်းပဲလား'

'သီးတုန်းပါပဲ။ ဒါပေမယ့် ဒီရက်ပိုင်း မှန်တိုင်းထန်ပြီး မိုးလေကြီးတာနဲ့ သီးမှည့်သီးကင်း အပွင့်တွေအားလုံး ကြွေကျသွားကြတယ်။ ဒီမနက်မှ အပွင့်ကလေး တစ်ပွင့်စ၊ နှစ်ပွင့်စ ပြန်ထွက်လာတယ်'

ကော့တာကျောင်းအနီး အရှယ်တူ သစ်ပင်ညီနောင်သုံးဖော်မှာ ကွဲစားကျက်ဖုန်းဆိုးတောဘဝမှ သာသနိကအဆောက်အအုံ မြတ်စွာဘုရားရှင်ကိုယ်စားတော် စေတီပုထိုးများ စည်ကားသည့် ကော့တာတောရ သာသနာ့မြေအဖြစ်သို့ ပြောင်းလဲလာစေရန် အဓိက ထောက်ပံ့ပေးသော အင်အားစုကြီးဖြစ်သည်။

မွန်ပြည်နယ်၊ ကရင်ပြည်နယ်တွင်းရှိ တောတောင်များတွင် ရသေ့ဘဝ၊ ရဟန်းဘဝဖြင့် (၁၀)နှစ်ကျော်မျှ ကျင့်ကြံအားထုတ်ခဲ့သော ဦးတေဇသည် ပါရမီကျင့်စဉ်စခန်း အောင်မြင်ခဲ့

## ကော့တာတောရမှ

# ထူးခြားသော ရှားရှားပင်များ

**နယ်လှည့် ဆိုးသည်**



◄ ကော့တာဆရာတော် ဦးတေဇ

ကြသော ပုဂ္ဂိုလ်များ၏ လမ်းညွှန်မှုဖြင့် ကော့တာကုန်းမြေသို့ ရောက်ရှိလာခဲ့သည်။

ရောက်ခါစတွင် အနီးဆုံးရွာဖြစ်သော ဘိန်းဗျောအပြင်ရွာ၌ ဗုဒ္ဓဘာသာဝင်တစ်အိမ်တလေမျှပင်မရှိသည်ဖြစ်ရာ ဆွမ်းကိစ္စအတွက် ဝေးလံသောခရီးကို ကြွချီရသဖြင့် ပဋိပတ်အလုပ်အတွက် အချိန်များစွာ နစ်နာရလေသည်။

ထိုကာလတွင် မချစ်စုသရက်ပင် သုံးပင်က သီတင်းသုံးရာ လေးတိုင်စင် သက်နှုံးမိုးကျောင်းကလေးအနီး ပေါက်ရောက်ရှင်သန်ကာ တစ်နှစ်ခန့်အကြာတွင် သီးပွင့်လေသည်။

တစ်ဆယ့်နှစ်ရာသီမပြတ် သီးပွင့်ကာ နေ့စဉ် လေး,ငါးလုံးမျှ ကြွေကျသော သရက်သီးမှည့်များက ဦးတေဇအတွက် ဆွမ်းအာဟာရ မှုလုံလျက် သက်သောင့်သက်သာ ရှုမှတ်ကျင့်ကြံနိုင်ခဲ့သည်။

နောင်တွင် ပစ္စည်းလေးပါး အထောက်အပံ့ပြုသော ဒါယကာများ ပြည့်စုံလာသော်လည်း သရက်ပင်များက ဆယ့်နှစ်ရာသီ သီးပွင့်ဆဲဖြစ်ကာ အလုံးအရွယ် အနည်းငယ် သေးငယ်သွားသည်မှလွဲ၍ အရသာ ချိုမြိန်စွာဖြင့် ဘုရားဆွမ်းတော်အတွက် နေ့စဉ် တာဝန်ယူလေသည်။

ဤသရက်ပင်များသည် ဗုဒ္ဓဟူးအဖျားနံ ရှိသည်ဖြစ်ရာ နံတော် စနေသားဖြစ်သော ဆရာတော် ဦးတေဇနှင့် စနေပဿတ်ရှိသော ကော့တာကုန်းမြေအား 'လံတေ'အောင်ဓာတ် ဆောင်လျက်ရှိသည့်အပြင် မချစ်စုအမည်က 'စံကူး'ဓာတ်ရန် ကျနေသဖြင့် ရန်ငြိုဟ်ဆောင်ကာ ဥစ္စာအောင်ရခြင်း ဖြစ်လေသည်။

ဤသရက်ပင် ရက္ခအထောက်အပံ့အပြင် အဝီစိရေတွင်းရှိရာ အနီးတွင်





www.burmeseclassic.com

www.burmeseclassic.com



◆ အနန်းပင်ညီနောင်(၃)ပင်

◆ (၁၂)ရာသီ သီးပွင့်သော သရက်ပင်ညီနောင်(၃)ပင်



လည်း အနန်းပင်ညီနောင်သုံးပင်က (၁၂)ရာသီပတ်လုံး မွှေးကြိုင်သော အနန်းပန်းများပွင့်လျက် ဘုရားပန်း အတွက် နေ့စဉ် တာဝန်ကျေလေ သည်။

**အနန်းပင်**ကား စနေနံ အားကောင်း သော ကော့တာတောရနှင့် ဦးစီးဆရာ တော် ဦးတေဇအတွက် ဝဂ္ဂုတ္တမ အားဖြည့်ပေးသည့်အပြင် ရာမည ဒေသအတွက် အောင်နိမိတ်ဆောင် ရုက္ခပင်ဖြစ်သည်။ ရာမည အင်္ဂါနှင့် အနန်း စနေတို့ **'တေဇ'**အောင်ဓာတ် ဆောင်ခြင်းကြောင့် ဖြစ်ပါသည်။

ရာမညဒေသတွင် အနန်းပင် အောင်နိမိတ်ဆောင်ခြင်းသည် ရှေး ယခင်ကာလများကပင် ရှိခဲ့သည်။ ဟံသာဝတီပြည်ကြီးကို တည်ငြိမ် ဝပြောစေရန် ထူထောင်နိုင်ခဲ့သော ပြည့်ရှင် ဗညားထော ဘွဲ့ခံ ရှင်စောပု ဘုရင်မကြီး ကျိုက်မရောဒေသတွင် ဗိုလ်ဝင်ခံ (လူသူအင်အား စုဆောင်း ခြင်း)ပြီးနောက် ဟံသာဝတီထီးနန်းကို ပိုင်စိုးနိုင်ခဲ့သည်။

အထွတ်အထိပ်သို့ ရောက်သော အခါ ကျေးဇူးရှိခဲ့သော ကျိုက်မရော တွင် **ပြည့်ဝင်ရှစ်ပွားတော်ကြီး တစ်ဆူ** တည်ဆောက်ပူဇော်ကာ ဂန္ဓကုဋိတိုက်တော်ကို အနန်းသား တိုင်များဖြင့် တည်ဆောက်လျက် ဆုတောင်းပြည့်ဘုရားကြီးဟု ဘွဲ့မည် ကပ်လှူခဲ့လေသည်။ ***(ကျိုက်မရောမြို့ ဆုတောင်းပြည့်ဘုရားကြီးသမိုင်း စာအုပ်မှ ထုတ်နုတ်ဖော်ပြသည်။)***

ကော့တာတောရမှ အနန်းပင်များ မှာ အစောင့်ကာရကအင်အား ကောင်း မွန်လှသည်။ လွန်ခဲ့သော ဆယ်နှစ် ကျော်က ဖြစ်သည်။

ဆရာတော်သည် နံနက် အိပ်ရာထ ၍ အရုဏ်ဆွမ်းကပ် ဝတ်ပြုရန် ကျောင်းခင်းပြင်တွင် မျက်နှာသစ်နေ စဉ် အနန်းပင်သုံးပင်ကို ပတ်လျက် လမ်းလျှောက်နေကြသူ လေးဦးကို မြင် ရသည်။

'ဒကာတို့ ဘာလုပ်နေကြတာလဲ'

ဆရာတော်က လှမ်းမေးလိုက်သော အခါ ထိုလူလေးဦးမှာ အိပ်မက်မှ လန့်နိုးထလာသကဲ့သို့ လှုပ်လှုပ်ရှားရှား ဖြစ်သွားကာ ပုဆစ်ဒူးတုပ် ကန်တော့ ကြသည်။

'တပည့်တော်တို့ကို ခွင့်လွှတ်ပါ ဘုရား'

'ဘာကို ခွင့်လွှတ်ရမှာလဲ'

'တပ်ပို့ဘုရား၊ ဒီက ရေစက်မော်တာနဲ့ မီးစက် ကို ဖြုတ်သယ်ဖို့ သန်းခေါင်လောက် ကတည်းက ရောက်နေကြပါတယ်၊ တပည့် တော်တို့ရောက်တော့ ဘာစက်မှ မတွေ့ တာနဲ့ လှည့်အပြန်မှာ လမ်းပျောက်ပြီး လည်လည် ဖြစ်နေပါတယ်၊

အရှင်ဘုရား အသံပြုမှပဲ အနန်းပင် ပတ်ပြီးလျှောက်နေကြတာ သိရပါတယ်၊


စာမျက်နှာ (၁၇၂) သို့



www.burmeseclassic.com

www.burmeseclassic.com

# နာကျိုး လမ်းစဉ်



မဟာတိဿဂိဇယ
(ဓေတ္တာ၊ ဟသ်ာတ)

'နာကျိုးတစ်ပဲ ငွေတစ်လှည်း မလဲနိုင်ပေါ်ပေါ် ထွက်ရပ်ရှောင်'

'ကျွဲရိုင်းတစ်ကောင် ကြိုးနှံ့လှောင်၊ သန်းခေါင်ယံမှဖြည်၊ ဖိုက်ကိုဝအောင်ကျွေး၊ ဆေးအထူးမရှိ'

အဲဒီလင်္ကာလေးကို အဓိပ္ပာယ်ပေါ်အောင် ဖော်နိုင်ရင် လူတော် တစ်ယောက်ပဲ။ မဖော်နိုင်ပေမယ့်လဲ (၆)လ ပြည့်တဲ့အခါ ကြွလာခဲ့ပါ။ အပြည့်အစုံ ပြောပြပါ့မယ်။

ကနောင်မြို့ တစ်ခုသောအိမ်သို့ ကြွရောက်စဉ်က ဒါယကာကြီး တစ်ဦးက လျှောက်ထားလိုက်တဲ့အတွက် အဲဒီက ပြန်တဲ့နေ့ကစပြီး အလုပ်က ပါလာခဲ့တယ်။

အင်္ဂရိတ်ဆရာတွေနဲ့လဲ ပေါင်းသင်းပြီး ထိုလင်္ကာရဲ့အဓိပ္ပာယ်ကို ဖော်နိုင်းခဲ့တယ်၊ သူတို့လဲ မဖော်နိုင် ဖြစ်ရတယ်၊ တစ်ဖန် ဗေဒင်ဆရာကြီးများ၊ ဆေးဆရာကြီးများ၊ ဓာတ်ဆရာကြီးများ၊ စသည် စသည်အားဖြင့် တတ်ကျွမ်းနားလည်နိုင်ကြမယ့် ဆရာကြီးများထံ မေးမြန်းစုံစမ်းပေမယ့် အလုံးစုံ မသိနားမလည်ကြပါ။

သို့နဲ့ ကျောင်းတိုက်တွင်းရှိ စာကြည့်တိုက်ထဲရှိ ပေစာများ၊ ပုရပိုက်များ၊ ကမ္ပလွေများ၊ စာအုပ်များထဲရှိ မိမိသိလိုသော အကြောင်းအရာများကို ရှာဖွေကြည့်ခဲ့ပါတယ်။ သို့သော် ပြီးပြည့်စုံသော ~~~ သုတကို မရရှိခဲ့ပေ။

တစ်ဖန် တက္ကသိုလ် စာကြည့်တိုက်များ၊ အမျိုးသား စာကြည့်တိုက်များ၊ စာကြည့်တိုက် အမျိုးမျိုးမှာလဲ ရှာဖွေခဲ့ပါတယ်။ ဒါပေမယ့် သဲလွန်စတော့ ရရှိခဲ့ပါတယ်။

**"နာကျိုးလေး (၁)ပဲသားနဲ့ ငွေတစ်လှည်းကို မလဲနိုင်ဘူး"** ဆိုတဲ့ စာသားလေးကတော့ ထွက်ရပ်စခန်းကို မြန်းစေနိုင်တဲ့ နာကျိုး တစ်ပဲသားကိုစွဲ ဖြစ်ပါတယ်။

နာကို ဘာခေါ်သလဲ နာကို **"ခဲ"**ဟု ခေါ်ပါတယ်။ **"ခဲ"**ကို **"ကျွဲရိုင်း"**ဟု ခေါ်ပြန်ပါတယ်။ **ခဲပုပ်** ဘဝသည် **ကျွဲရိုင်း**ဖြစ်၍ ထိုကျွဲရိုင်းကို ကြိုးနဲ့ (၁၂)လလှောင်ရမယ်။ (၁၂)လပြည့်တဲ့ အခါ ထိုလှောင်သောကိုစွဲ ပြီးပြီ။

နာကျိုးအောင် ဓာတ်နဲ့ကျိုးတာလဲ ရှိတယ်။ ရက္ခမူနဲ့ကျိုးတာလဲ ရှိတယ်။ ရက္ခမူနဲ့ကျိုးတာက မှန်တယ်လို့ ဆိုကြတယ်။

ပျော့ကျိုးနဲ့ ဆတ်ကျိုးမှာ ဆတ်ကျိုးက သံမံတလင်းပေါ် ပစ်ချလိုက်ရင် ကွဲကြေပြီး ကျိုးတယ်။

ပျော့ကျိုးက အစနှစ်ဖက်ကို ကွေးကြည့်လိုက်ပါရင် ပျော့ပြီးနောက် ကျိုးသွားတာကို တွေ့ရပါလိမ့်မည်။

ဒီလိုဆိုပါရင် **ခဲပုပ် (၁၀)ကျပ်သားကို ကုက္ကိုရွှေဝါခေါက်အုပ်ပြီး ပြာချလိုက်ခဲ့ရင်** ခဲလဲပြာဖြစ်၊ ကုက္ကိုခေါက်မှာလဲ ပြာဖြစ်ပြီး၊ ခဲ (၁)ကျပ်သားကျန်အောင် မီးထိုးရပါတယ်။ (၁)ကျပ်ကျန်ရင်တန်။

ထို(၁)ကျပ်သားတွင် (၁၆)ပဲရှိသည့်အတွက် (၁)ပဲသား ဖြတ်ယူ၊ လက်သန်းခန့်တောင် မဝင်နိုင်တဲ့ လုံသေးသေးလေးမှာထည့်ပြီး အန္တပိတ်၊ မနက်ကို တစ်မီး၊ နေ့လယ် တစ်မီး၊ ညကို တစ်မီး မီး(၃)မီးနဲ့ နေ့စဉ်ထိုး၊ (၁၂)လ တိတိထိုး၊ သူ့ကို ဘာမှ ကျွေးစရာ မလိုပါ။

**ပထမအဆင့်** ⇨ ပြဒါးရောင်
**ဒုတိယအဆင့်** ⇨ အဖြူရောင်
**တတိယအဆင့်** ⇨ ကြက်ဥနှစ်အရောင်
**စတုတ္ထအဆင့်** ⇨ ရွှေအိုရောင်
**ပဉ္စမအဆင့်** ⇨ လီမွှော်ရောင်
**ဆဋ္ဌမအဆင့်** ⇨ ယောဂီအညိုရောင်
**သတ္တမအဆင့်** ⇨ ပိတုန်းရောင်

(၇)ဆင့် ပြောင်းပြောင်းပြီး သွားပါလိမ့်မယ်။ တစ်နေ့ကို လုံ(၁)လုံ ခွဲရပါမယ်။

မနက် (၄)နာရီမှာ လုံခွဲ၊ လုံအသစ်ထဲထည့်ပါ။ မီးဖိုထဲပြန်ထည့်ပါ။ နံနက် (၆)နာရီမှာ တစ်မီး၊ နေ့လယ် (၁၂)နာရီမှာတစ်မီး၊ ည (၆)နာရီမှာ တစ်မီး တစ်နေ့ကို (၃)မီး။

အဲသလိုနဲ့ (၇)ဆင့်ပြောင်းပြီး တိုးတက်ခဲ့လိမ့်မယ်။ တစ်ဖန် နောက်ကြောင်းပြန် (၇)ဘဝ ဆင်းလိမ့်မယ်။ ပိတုန်းရောင်ကနေ ပြဒါးရောင်အထိ ပြန်ဆင်းလာတယ်။ တစ်ဖန် ပြဒါးရောင်က ပိတုန်းရောင်အထိ တိုးတက်ပြီးသွားလိမ့်မယ်။

မူလတုန်းက (၁)ပဲသားထည့်ထား



www.burmeseclassic.com

www.burmeseclassic.com

တာကို (၃) လလောက်မှာ တစ်ဖန်ပြန်လို့ချိန်ကြည့်၊ (၁) ပဲသားပဲရှိတယ်။ နောက် (၆) လမှာ ပြန်ပြီးချိန်ကြည့် (၁) ပဲသားပဲရှိတယ်။

လက်ချားမီးပေါက်နဲ့ ဖဝက်သာ ထည့်ပြီးထိုးလဲ ချော်မကာပ်တော့ပါဘူး၊ လုံလဲမကာပ်တော့ပါဘူး။ အဲသလိုနဲ့ (၁၂) လပြည့်သွားတဲ့အခါ **ဓာတ်သားလေးက ဘောစေ့လေးလို လုံးလာပါလိမ့်မယ်။**

အဲဒီအခါ ပါးစပ်ထဲထည့်ပြီး **ခြေထောက်ကို ရေဆေး၊ ကြမ်းမှာ လျှောက်ကြည့်၊ ခြေရာမထင်တော့ဘူးဆိုပါရင်** ကိစ္စ ပြီးတော့သည်သာတည်း၊

အထက်ပါကိစ္စကို မလုပ်ခင်၊ မိမိ ရှာဖွေ၍ရသောအဖြေကို ထိုဒါယကာကြီးထံသွားပြီး တင်ပြပါတယ်။ ထိုဒါယကာကြီးက တအံ့တသြဖြစ်ပြီး မှန်ကန်ကြောင်း သူ့ဆရာတော်မှာ ဤနည်းဖြင့် ထွက်ရပ်စခန်းကို ကြွမြန်းသွားပြီဖြစ်ကြောင်း ပြောပြပါတယ်။

ကျွန်ုပ်ရသော နည်းအတိုင်း (၈) လ တိုင်တိုင် ထိုးပြီးနောက် ဓာတ်လုံးကို ခါးပန်းကြိုးထဲမှာ ထည့်ထားပြီး ရွှေသမင် သစ်တောကြိုးဝိုင်း ခါးလည်စမ်း သရက်ချောင်းတောရရှိ သစ်ဆိမ့်ပင်မှာရှိသော ရုက္ခစိုးက ခိုးထားကြောင်း နောက်မှ ပြန်စစ်ကြည့်၍ သိရပါတော့တယ်။

ခါးပန်းကြိုးက အဲဒီ သစ်ဆိမ့်ပင်ရဲ့ အကိုင်းမှာချိတ်ပြီး ဆွမ်းခံထွက်သွားပြီး ပြန်လာတဲ့အခါ ခါးပန်းကြိုးပဲ ရှိတော့တယ် ဓာတ်လုံး မရှိတော့ဘူး။

အဲဒီ ရုက္ခစိုးကို မေးကြည့်တော့ သူခိုးတာ မဟုတ်ပါဘူးတဲ့ ထိန်းသိမ်းထားတာပါလို့ ပြောတယ်။ ကျွန်ုပ်က စမထွက်ဝိဇ္ဇာဖြစ်မှာ ဓာတ်လုံးနဲ့ မထွက်ရဘူး။ ဒါကြောင့် အထက်ပုဂ္ဂိုလ်ရဲ့ ခိုင်းစေချက်အရ ထိန်းသိမ်းထားရပါတယ်ဆိုတဲ့အကြောင်း ထိုရုက္ခစိုးက ပြောပြပါတယ်။

ကျွန်ုပ်ထံတွင် (၁၅) ပဲသား ကျန်ရှိနေသေးခြင်းကြောင့် ဆက်ထိုးဖို့ရန် စဉ်းစားကြည့်တဲ့အခါ ဓာတ်လုံးနဲ့ ထွက်ရမည့် ပဌာန်းဆက် မရှိတာကြောင့် ယခုလိုဖြစ်ရကြောင်း၊ နောင်သောအခါ အထက်ဂိုဏ်းတစ်ဂိုဏ်းမှ ပညာရယူပြီး စမဝိဇ္ဇာ ဖြစ်မြောက်မှာဖြစ်ကြောင်း သိရပါတော့တယ်။

ဒါကြောင့် ပညာလိုလား အမျိုးသားတို့အတွက် လက်တွေ့ ကိုယ်တွေ့ဖြစ်သော နာကျိုးလမ်းစဉ်ကို မခြွင်းမချန် တင်ပြလိုက်ပါကြောင်း...

**(မှတ်ချက်။ ။ အသက် ၇၀ ကျော်ပြီဖြစ်၍ စာလဲ ချောအောင် မရေးသားနိုင်တော့ အမေ့အလျော့များကလဲရှိ ဆိုသော် မနည်း ကြိုးစားပြီး ရေးရပါကြောင်း သိစေအပ်ပါတယ်။)**

မဟာတိဿဝိဇယ
(ချွေး ဟသ်ာတ)

စာမျက်နှာ (၁၇၀)မှ အဆက်

ခွင့်လွှတ်ပါဘုရား။ နောင် ဒီလို မဖြစ်စေရတော့ပါဘူး။ မကောင်းမှုကို လုံးဝ စွန့်လွှတ်ပါ တော့မယ်ဘုရား'

ထိုသူများအနက် အဖွဲ့ခေါင်းဆောင်မှာ ရဟန်းဘောင်သို့ ဝင်ရောက်ခဲ့ရာ ယခုတိုင် သက်န်းမြဲ၍ အကျင့်ပဋိပတ်ပြည့်စုံသူ ထေရ်ငယ်တစ်ပါး ဖြစ်နေပါပြီ။

'ဆရာတော်ဘုရား ဒီသရက်ပင်မျိုးလိုချင်လို့ အပင်ပေါက်ကလေးတွေ မရှိဘူးလား'

'မရှိဘူး၊ လွှင့်ပစ်လိုက်တဲ့ အစေ့တွေက အပင်မပေါက်လို့ ဘုန်းကြီးကိုယ်တိုင် မြေဆွေးတွေ၊ နွားချေးတွေနဲ့ ဂရုစိုက်ပြီး ပျိုးတော့လဲ မပေါက်ဘူး။ မျိုးမပွားလိုဘူးနဲ့ တူပါတယ်'

'ဒီအဖြစ်မျိုး တပည့်တော် တွေ့ကြုံဖူးတယ်၊ ယင်းမာပင်မြို့နယ် ရေကြည်ပင်မြိုင်ရွာမှာ ဖေါင်လောင်ရှင်ကာလယမထေရ် စိုက်ပျိုးခဲ့တယ်လို့ ယူဆရတဲ့ ရေကြည်ပင်ကြီးရှိတယ်၊ အဲဒီဝန်းကျင်မှာ ယမားချောင်းရေကိုပဲ သောက်ရေ သုံးရေအဖြစ် အားထားရပါတယ်၊

ချောင်းရေသာအတိုင်း နောက်ကျိနေ တတ်တော့ မြေအိုး[illegible] မှာ ရေကြည်စေ့သုတ်ပြီး ရေထည့်ထားရင် အနည်ထိုင်ပြီး [illegible] ကြည်ရတယ်၊ အဲဒီရေကြည်ပင်က အစေ့ကိုယူပြီး မျိုးပွား [illegible] ကြတော့ အပင်မပေါက်ဘူးလို့ ဆိုပါတယ်ဘုရား'

ကော့တာတောရမှ ဤသရက်ပင်များနည်းတူ (၁၂[illegible] ရာသီပွင့်သော အနန်းပင်သည်လည်း မျိုးပွား၍မရကြော[illegible] သိရလေသည်။

ဤသရက်ပင်နှင့် အနန်းပင်များသည် သာသနာတော်[illegible] ကြာရှည် တည်တံ့ထွန်းလင်းရေးအတွက် ကြိုးပမ်းနေသော[illegible] ကော့တာဆရာတော်၏ သီလ၊ သမာဓိနှင့် ဖြည့်ဆည်[illegible] အပ်သော ပါရမီတော်တို့ကို ရုက္ခလောကမှ ထူးခြား[illegible] ဂါရဝပြု ပူဇော်ခြင်းပြယုဂ် ဖြစ်ပေတော့သည်။

နယ်လှည့် ခရီးသည်



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွက် ဓာတ်ကြီးငါးပါးစိုးမိုးမှုနှင့် အောင်ဘာလေ

# ထီဆုငွေ




ဤလတွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ဆုကြီးများ ပိုင်ဆိုင်ရစေရန် **၅၊ ၃၊ ၁၊ ၆** ဂဏန်းများကို အားပြုပါ။ တွဲဖက်ရန် အက္ခရာအနေဖြင့် င၊ ဆ၊ ထ၊ ရ တို့ကို ရွေးချယ်သင့်ပါသည်။ မိမိတို့ မွေးနှစ်အရ နေ့ကောင်း ရက်သာ ရွေးရန် ဇယား၌ကြည့်ပါ။

* * *

| မွေးနှစ် | နေ့ကောင်း | ရက်သာ (မြန်မာပြက္ခဒိန်လ) | ကံပွင့်အရပ် | လာဘ်ပွင့်အရောင် |
|---|---|---|---|---|
| ကြွက် | အင်္ဂါ | လဆန်း (၉)ရက်<br>လဆုတ် (၄၊ ၁၄)ရက် | တောင် | အနီ |
| နွား၊ ကျား | သောကြာ | လဆန်း (၇)ရက်<br>လဆုတ် (၂၊ ၁၂)ရက် | အနောက် | ရွှေဝါ |
| ယုန် | တနင်္လာ | လဆန်း (၂၊ ၁၂)ရက်<br>လဆုတ် (၇)ရက် | အနောက်တောင် | မြေဝါ |
| နဂါး၊ မြွေ | ကြာသပတေး | လဆန်း (၃၊ ၁၃)ရက်<br>လဆုတ် (၈)ရက် | အရှေ့ | အစိမ်းနု |
| မြင်း | စနေ | လဆန်း (၈)ရက်<br>လဆုတ် (၃၊ ၁၃)ရက် | အရှေ့တောင် | အညို |
| ဆိတ်၊ မျောက် | ဗုဒ္ဓဟူး | လဆန်း (၁၊ ၁၁)ရက်<br>လဆုတ် (၆)ရက် | မြောက် | အပြာ |
| ကြက် | တနင်္ဂနွေ | လဆန်း (၆)ရက်<br>လဆုတ် (၁၊ ၁၁)ရက် | အနောက်မြောက် | အဖြူ |
| ခွေး၊ ဝက် | ကြာသပတေး | လဆန်း (၄၊ ၁၄)ရက်<br>လဆုတ် (၉)ရက် | အရှေ့မြောက် | အစိမ်းရင့် |

ဆိုင်တည်ရာနေရာ ဌာနဗလအားအကူအညီလိုအပ်ပါက မြို့တော်ခန်းမကဲ့သို့ အမိကရ အဆောက်အအုံကြီးများ၊ တည်ဆောက်လက်စ တိုက်တာလုပ်ငန်းခွင်၊ အုတ်၊သဲ၊ကျောက်၊ ဘိလပ်မြေအရောင်းဆိုင် စသည်တို့ အနီးဖွင့်လှစ်ရောင်းချသော ထီအရောင်းဆိုင်၊ ပန်းခြံ၊ ကစားကွင်း၊ စက်ရုံကြီးများအနီးရောင်းချသော ထီအရောင်းဆိုင်၊ လမ်းဆုံလမ်းမကြီးများအနီး ထီဆိုင်များတွင် ကံစမ်းပါ။

တောင်အရပ်သို့ မျက်နှာမူ ရောင်းချသောဆိုင်များက ပို၍ ကံထူးနိုင်ကြပါမည်။ ဆိုင်မျက်နှာစာနှင့် ဆိုင်းဘုတ်တွင် မြေဝါရောင်၊ အညိုရောင်အားကောင်းစွာပါရှိလျှင် သာ၍ သင့်မြတ်ပါသည်။



ထီကံပွင့်

ယတြာပြုလိုပါက...

မိမိတို့ မွေးနှစ်အရ နေ့ကောင်းနေ့မြတ်ရောက်သောအခါ ဆန်ကို မိမိလက်ခုပ်ဖြင့် (၅)ကြိမ်ယူကာ ကောင်းကင်ပျံသတ္တဝါ (ငှက်၊ စာကလေးစသည်)တို့အား ဒါနပြု ကျွေးမွေးကာ ထီဆုကြီးများ ပေါက်စေရန် သမ္မာဒေဝများထံ တိုင်တည်ဆုတောင်းပါ။

ကံပွင့်စေသောရက်များ (မြန်မာပြက္ခဒိန်ရက်စွဲ)တွင်လည်း ပြုလုပ်နိုင်ပါက အကျိုးထူး ပိုမို ခံစားရနိုင်ကြပါသည်။

***ဝှယင်း ဓာတ်ကြီးငါးပါး အကူအညီဖြင့် ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ။***

**ထက်မင်းကျော်စွာ**




www.burmeseclassic.com

www.burmeseclassic.com

# သမီးငယ်များ

သတိပြုစရာ

ဆရာ ဦးခင်မောင်လင်း
(B.Sc-ရှေးဘို)
(လက္ခဏာဗေဒပါရဂူဆရာကြီး)




ယခု ဖော်ပြထားတဲ့ လက္ခဏာရှင်ဟာ အသက်အားဖြင့် (၁၆)နှစ်အရွယ် သမီးငယ်လေး တစ်ဦးရဲ့ လက္ခဏာပဲ ဖြစ်ပါတယ်။


လေ့လာကြည့်ပါ။

*** နှလုံးလမ်း ဖြောင့်စင်းကောင်းမွန်ပါတယ်။ (A.A)**

ဒါက ဘာကိုပြသလဲဆိုရင် သဘောဖြူအူစင်း စိတ်ရင်းကောင်း သဘောကောင်းတဲ့ ပြယုဂ်ပါ။

*** ဉာဏ် လမ်းကြောင်း… သည်… အသက်… လမ်းကို… နိမ့်ပြီ… စတင်ထ… တနယ်… ငြိုဟ်နံ… ကွေးညွှ… ဆင်း… ကြက်ခြေသဏ္ဍာ… အဆုံးသတ်ထား… တယ်။ (B.B) (…**







www.burmeseclassic.com

www.burmeseclassic.com

ဒါကတော့ အတွေးအခေါ်ပိုင်းမှာတော့ အားနည်းပြီး အတွေးအခေါ်နားယွင်းမှုကြောင့် အခက်အခဲပြဿနာများ ကြုံရမယ့် ပြယုဂ်ပါ။

*** နှလုံးလမ်းမှ လမ်းခွဲတစ်ခု အင်္ဂါဖို ဂြိုဟ်ခုံဆီသို့ ဦးတည်ဆင်းပြီး ရည်ရွယ်ချက်လမ်းကို ထိုးဖြတ်ထားပါတယ်။ (ခ)**

* * *




ဒါကတော့ နှလုံးသားရေးရာ ကိစ္စကြောင့် ရည်ရွယ်ချက် ပျက်သွားမယ့် သင်္ကေတပါ။ ပညာရေးကို ထိခိုက်မယ့် အမှတ်လက္ခဏာပါ။

*** စနေဂြိုဟ်ခုံမှာ ကြက်ခြေသင်္ကေတ တွေ့ရတယ်။ (ဂ)**

ဒါကတော့ ပူပင်သောက ကြုံရမယ့် သင်္ကေတပါ။

*** တနင်္ဂနွေဂြိုဟ်ခုံမှာ ကြက်ခြေသင်္ကေတ တွေ့ရတယ်။ (ဃ)**

ဒါကတော့ နာမည်ပျက်, ဂုဏ်သိက္ခာကျ, နာမည်ဆိုးထွက်စေပါမယ်။

*** လက်ညှိုး အားကောင်းပြီး ရှည်လျားတယ်။ (င)**

ဒါကတော့ လမ်းပြဖို့, လမ်းညွှန်ဖို့ ခက်မယ့် သင်္ကေတပါ။

မိဘများ သမီးငယ်များကို အခုလို လက္ခဏာ အမှတ်အသားများ တွေ့ရတော့ ဂရုစိုက်ပြီး ပြုပြင်ကြဖို့ပါပဲ။

***သင်္ဂဇာဘဝ သာယာချမ်းမြေ့ပါစေ။***

**ဆရာဦးခင်မောင်လင်း(*B.Sc*၊ ရွှေဘို)**
**(လက္ခဏာ မဟာဘုတ် သုတေသီ)**

# နှာခေါင်း သွေးယိုကျချင်

မင်းရဲထွန်းမြင့်
(မြစ်သား)



ပြီးခဲ့သော ကဆုန်လပြည့်နေ့ မတိုင်မီက အင်းနားရွှေကူဘုရားတွင် နှစ်စဉ်ပြုလုပ်နေကျ သံဃာ့ဒါနဆွမ်းကြီးလောင်းလှူပွဲအတွက် ကျွန်ုပ်တို့ အကျိုးဆောင်များအနေနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး ပြုလုပ်ဖြစ်ခဲ့ကြ၏။

ထိုနေ့ရက်တွင် ရာသီဥတု အပူဒဏ်က ထူးထူးကဲကဲပင် ပြင်းထန်လှပေရာ ကျွန်ုပ်တွင် မဖြစ်တာကြာပြီဖြစ်သော နှာခေါင်းမှ သွေးယိုစီးသောရောဂါက အမှတ်မထင် ပြန်လည်၍ ခေါင်းထောင်ထလာခဲ့၏။

ထုံးစံအတိုင်းပင် ထိုရောဂါ တစ်စခန်း ထလာသည်နှင့် တစ်ပြိုင်နက် ကျွန်ုပ်၏ နှာခေါင်းအတွင်းမှ သွေးတို့သည် အဆက်မပြတ် ယိုစီး၍ ထွက်ကျလာပေရာ ကျွန်ုပ်သည် လက်ကိုင်ပဝါနှင့် နှာခေါင်းကိုအုပ်၍ ကိုင်ထားရတော့၏။

ကျွန်ုပ်သည် ငယ်စဉ်ကပင် နှာခေါင်း သွေးယိုခဲ့ဖူးသူဖြစ်၏။ ထိုစဉ်က နှာခေါင်းသွေးယိုတိုင်း လမ်းဘေးမှ နွားချေးခြောက်ကို ကောက်၍ ရှူခဲ့ရသည် ဖြစ်၏။ နှာခေါင်းသွေးယိုခြင်းနှင့် နွားချေးခြောက်သည် မည်သည့်ဓာတ် ရှိသည်တော့မသိ၊ ကျွန်ုပ်တို့ငယ်စဉ် ဘဝတစ်လျှောက်၌ နှာခေါင်းသွေးယို၍ နွားချေးခြောက်ကောက်ရှူလိုက်လျှင် သက်သာပျောက်ကင်းစမြဲ ဖြစ်၏။

အရွယ်ရောက်လာသည့် အချိန်တွင် နွားချေးခြောက်၌ ရောဂါပိုးများရှိကြောင်း၊ ကျန်းမာရေး စာစောင်များမှာ ဖတ်ရှုရသည့်အတွက် နှာခေါင်းသွေးယိုလျှင် ရေခဲနှင့်အုပ်၍ နှာခေါင်းသွေးတိတ်အောင် ပြုလုပ်ခဲ့၏။ တစ်ခါတစ်ရံတွင် ရေခဲတုံး အလွယ်တကူ မရခဲ့ပါက နှာခေါင်းအတွင်းသို့ ရေများဝင်အောင်လက်ခုပ်အတွင်း ရေများများထည့်၍ ရှူရှိုက်ခဲ့ရ၏။

ယခုလည်း ရေခဲရဖို့ရာ မလွယ်ကူသဖြင့် ကျွန်ုပ်သည် ရေဘုံပိုင်သို့သွားရန် ပြင်လိုက်မိ၏။ ထိုစဉ်တွင် ကျွန်ုပ်၏ လှုပ်လှုပ်ရှားရှား ဖြစ်နေခြင်းကို သတိပြုမိဟန်ရှိသော မိတ်ဆွေကြီး ဦးတင်လှက ပြောလက်စစကားကိုရပ်၍ ကျွန်ုပ်အား လှမ်းကြည့်ပြီးမေး၏။

 (စာမျက်နှာ (၁၇၆) သို့)

www.burmeseclassic.com

www.burmeseclassic.com

စာမျက်နှာ (၁၇၅)မှ အဆက်



'ဦးထွန်းမြင့် ဘာတွေဖြစ်နေတာတုံးဗျ။ အလို ခင်ဗျား နှာခေါင်းဆီက ဘာတွေတုံးဗျ။ သွေးတွေ ထွက်နေတလားလို့'

ဦးတင်လှက ကျွန်ုပ်၏ နှာခေါင်းမှ ထွက်ကြနေသော သွေးတွေကို မြင်လိုက်ရ၍ အမှတ်တမဲ့မို့ အံ့ဩထိတ်လန့် သွားပုံရ၏။

'ဟုတ်တယ် ဦးတင်လှရေ ကျုပ်နှာခေါင်းက နေသိပ်ပူလာရင် ဒီလိုပဲ သွေးယိုနေကျဗျ။ ဒါတောင်မှ နှာခေါင်းသွေးမယိုတာ ကြာပြီပဲဟာ။ ခုမှ ဘာစိတ်ကူးပေါက်ပြီး ပြန်ယိုလာတယ် မသိပါဘူးဗျာ။ ရေဘုံပိုင်သွားပြီး ရေရှုလိုက်ဦးမယ်ဗျာ'

ကျွန်ုပ်က ပြောပြောဆိုဆိုနှင့် ထိုင်ရာမှ ထမည်ပြု၏။ ဦးတင်လှက ကျွန်ုပ် အား လက်ဝါးကာပြ၍ ထိုင်ရာမှ မထရန် တားနေ၏။

'ဟာ… နှာခေါင်းသွေးယိုတာ ဆိုရင်တော့ ရေဘုံပိုင်ဆီသွားမနေနဲ့တော့။ ဦးညွန့်မောင်ထဗျာ၊ ဗောဓိပင်အောက်ခြေမှာ မိုးနံ့ပင်ပေါက်နေတာ ရှိတယ်။ အဲဒီအပင်က အရွက်လေး,ငါးရွက်လောက် သွားခူးပေးဗျာ'

ကျွန်ုပ်တို့အထဲတွင် ဦးညွန့်မောင်သည် အသက်ကြီးဆုံးဖြစ်၏။ အသက်ကြီးသည်နှင့်အမျှ လူမှုရေးစိတ်ဓာတ်က အပြည့်အဝ ရှိသူဖြစ်၏။ လူမှုရေး လုပ်ငန်းမှန်သမျှကို အသက်အရွယ်နှင့် မလိုက်အောင် တက်တက်ကြွကြွ လှုပ်ရှားဆောင်ရွက်လေ့ရှိသဖြင့် လူတိုင်းက သူ့ကို လေးစားသလို အားလည်းကိုးကြ၏။

တစ်အောင့်လောက်အကြာတွင် ဦးညွန့်မောင်တစ်ယောက် မိုးနံ့ရွက် လက်တစ်ဆုပ်စာမျှကိုကိုင်၍ ရောက်လာ၏။ ဦးတင်လှက ဦးညွန့်မောင်ထံမှ မိုးနံ့ရွက်များကို သူ၏ လက်ဖဝါးထဲတွင် ထည့်ပြီးသည်နှင့် လက်နှစ်ဖက်နှင့်ဖိ၍ လုံးခြေလိုက်၏။ မိုးနံ့ရွက်မှာ နွမ်းပျော့၍ အရည်များစို့ရွှဲလာသည်နှင့် ယင်း မိုးနံ့ရွက်များကို ကျွန်ုပ်၏လက်ထဲသို့ ထည့်ပေးလိုက်၏။

'ကဲ… ဦးထွန်းမြင့် ခင်ဗျား ရေရှုတဲ့နည်းကမှ အဆင်မသင့်ရင် နှာခေါင်းထဲ ရေဝင်များပြီး နှာမွန်နေဦးမယ်။ ဒီမိုးနံ့ရွက်ကိုသာ နှာခေါင်းနားတေ့ပြီး ခပ်ပြင်းပြင်းလေး ရှူလိုက်ဗျာ နှာခေါင်းသွေးယိုတာ မကြာခင် ရပ်သွားလိမ့်မယ်'

ကျွန်ုပ်သည် မိတ်ဆွေကြီး ဦးတင်လှပြောသည့်အတိုင်း မိုးနံ့ရွက်ကို လက်ဖဝါးထဲတွင် ဆုပ်ကိုင်ပြီး နှာခေါင်းဝကို ကပ်၍ ခပ်ပြင်းပြင်းလေး ရှူရှိုက်နေမိ၏။ တစ်ကြိမ်,နှစ်ကြိမ်, သုံးကြိမ်မက ရှူရှိုက်ပြီးချိန်တွင် မိုးနံ့ရွက်၏ စိမ်းရွှေရွှေအနံ့က ကျွန်ုပ်၏ နှာခေါင်းအတွင်းမှတစ်ဆင့် ရင်ခေါင်းထဲသို့ ရောက်သွားသလို ခံစားလိုက်ရ၏။ မိုးနံ့ရွက်မှထွက်သော အနံ့က နှာခေါင်းအတွင်းမှ ယိုစီးကျနေသော သွေးကို မည်သည့်ဓာတ် သဘောဆောင်၍ ပြုပြင်ပေးလိုက်သည်တော့ မသိ၊ စောစောက အဆက်မပြတ် ယိုစီးကျနေသော သွေးတို့သည် တစ်စတစ်စနှင့် ရပ်သွား၏။ မကြာမီ မိနစ်ပိုင်းအတွင်းမှာပင် ကျွန်ုပ်၏ နှာခေါင်းမှ သွေးယိုစီးခြင်းသည် လုံးဝရပ်သွားပြီ ဖြစ်၏။

"နွယ်မြက်သစ်ပင် ဆေးဖက်ဝင်" ဆိုသော စကားအရ မြေကြီးပေါ်တွင် အလေ့ကျ ပေါက်လေ့ရှိသော မိုးနံ့ပင်၏ ဆေးဖက်ဝင်မှု အစွမ်းသတ္တိကို ကျွန်ုပ်အနေနှင့် လက်တွေ့သိမြင်လိုက်ရပြီ ဖြစ်၏။ မိုးနံ့ပင်သည် ချုံပင်နွယ်ပင်အမျိုးအစားဖြစ်ပြီး လမ်းဘေးတစ်လျှောက်တွင် အလေ့ကျပေါက်သော အပင်ဖြစ်၏။ လူတစ်ထိုင်မျှ အမြင့်မှ လူတစ်ရပ်စာကျော်အောင်ထိ ကြီးမားသော ချုံပုတ်သဖွယ် လမ်းဘေးတွင်တွေ့ရ၏။

ပင်စည်လုံးပတ်တွင် အပင်ငယ်စဉ်၌ ဆူးချွန်များရှိသော်လည်း ပင်စည် လက်မောင်းခန့်မျှ တုတ်ခိုင်လာချိန်တွင် ဆူးများ မရှိသည်ကို တွေ့မြင်ရ၏။ အရွက်မှာ သေးချွန်ပြီး ထိပ်ဖျား၌ ဆူးပါ၏။ နွေရာသီတွင် ပုတီးလုံးအရွယ်ခန့်ရှိ အဖြူရောင်အသီးများ သီး၏။

ကျွန်ုပ်တို့ငယ်စဉ်က ကျောက်ရောဂါမဖြစ်အောင် မိုးနံ့ပင်မှ မိုးနံ့သီးကို စားခဲ့ရဖူး၏။ မိုးနံ့ရွက်ညွန့်ကို ဟင်းချို,ဟင်းခါးအဖြစ် ပုစွန်ခြောက် ထောင်း၍ထည့်ပြီး နို့ရည်မထွက်သော ကလေးအမေများကို တိုက်ကျွေးလေ့ရှိ၏။

ဤမျှ ဆေးဖက်ဝင်သော အပင်၏အစွမ်းကို ကျွန်ုပ်တို့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီး၏ စာရှုသူများကို သိစေချင်သောဆန္ဒကြောင့် ဤဆောင်းပါးကို ရေးလိုက်မိခြင်းဖြစ်ပါ၏။ တိုက်ဆိုင်သူများအနေနှင့် ကြုံကြိုက်လျှင် လက်တွေ့အသုံးချကြည့်ပါရန် အကြံပြု တိုက်တွန်းလိုက်ရပေသည်။

**မင်းရဲထွန်းမြင့်**
*(မြစ်သား)*



www.burmeseclassic.com

www.burmeseclassic.com

# ပိန္နဲကွင်း ဆရာတော်ကြီး

## ၏ သာသနာပြု ခရီးလမ်း ကြည်ညိုဖွယ်ရာ ဖြစ်ရပ်ဆန်း

ရဲလေး (ဟင်္သာတ)



● ပိန္နဲကွင်း ဆရာတော် ဦးကလျာဏ

နံကသူလိုဏ်ဂူတော်သည် အင်္ဂပူမြို့နယ်၊ ကွင်းကောက်ကျေးရွာ အနောက်မြောက်ဘက် မိုင်(၆၀) ကျော် အကွာအဝေးတွင် တည်ရှိသည့် ထူးဆန်းအံ့ဩဖွယ်ရာ လိုဏ်ဂူကြီး ဖြစ်ပေသည်။

ထိုလိုဏ်ဂူကြီးသို့ ရှေးအခါက လူအများ အရောက်အပေါက် မရှိကြပေ။ သိရှိသူလည်း အလွန် နည်းပါးပေသည်။ တစ်ယောက်စ၊ နှစ်ယောက်စ မုဆိုးများသာ သားကောင်များ ရှာဖွေရင်း တစ်ခေါက်စ၊ နှစ်ခေါက်စ ရောက်ခဲ့ဖူးပေသည်။

လိုဏ်ဂူကြီးရှိရာသို့ ရောက်ဖူးကြသော်လည်း ဂူကြီးအတွင်းသို့ မဝင်နိုင်ကြပေ။ ဂူအဝမှ အတွင်းသို့ ချောင်းမြောင်းကြည့်ရှုနိုင်ရုံမျှသာ ရှိပေသည်။ အတွင်း၌ မည်သို့သော လျှို့ဝှက်ချက်များ ရှိသည်ကိုကား မသိနိုင်ပေ။

နံကသူလိုဏ်ဂူကြီး၏ အံ့ဩဖွယ်လျှို့ဝှက်ချက်တို့ကို ပထမဆုံး ဖော်ထုတ် ဖွင့်လှစ်ပေးတော်မူသော ပုဂ္ဂိုလ်ထူးတစ်ပါးသည် အခါသင့်၊ အခွင့်ကြုံလာ ပေါ်ပေါက်လာခဲ့ပေသည်။

ထိုပုဂ္ဂိုလ်မြတ်သည်ကား အင်္ဂပူမြို့နယ်၊ ပိန္နဲကွင်းကျေးရွာ၌ သီတင်းသုံးနေထိုင်တော်မူသော ပိန္နဲကွင်း ဆရာတော်ကြီးပင် ဖြစ်ပေသည်။

ဆရာတော်ကြီးသည် တပည့်ဒကာများနှင့်အတူ လိုဏ်ဂူကြီးသို့ ကြွရောက်တော်မူပြီး၍ ထိုသို့ ကြွရောက်ရာတွင် တွေ့ကြုံခဲ့ရသည့် ဂူကြီး၏ ရှုခင်းကို ဆရာတော်ကြီး ထေရုပ္ပတ္တိစာတန်း၌ ဤသို့ ဖော်ပြခဲ့ပေသည်။

ကန္တာလယ်ချောင် အစောင်းထပ်မှာ
ရန်ကာအသွယ်သွယ် ပြောင်ချောင်းပတ်လို့
ဟန်ပါပါ တကယ် ရောင်မောင်းလျှပ်သည့်
တောင်နှာမောင်းအထပ်ထပ် နို့အမြုပ်နှင့်
ရိပ်သင့်သင့် ကမ်းပါးမြင့်အဂူတွင်
ပါးပင်ဖြူရောယှက်၍ ကျားဆင်ထူသော
တောကြွက်နှင့်
တောနက်နက် ရိပ်သာဖွေတွင်
ဝိဇ္ဇာဖေ ဖောက်ထွင်းလို့ထင့်
ကျောက်ပုလင်းဆို့နှင့် အထဲဂူမှာ
လျှောက်နင်းဖို့ အသင့်ကြဲထူ၍
သဲဖြူ အခင်းသန့်နှင့်
အတွင်းတစ်တန့် တစ်တန့်လျှောက်တွင်
ကျောက်ခုတင်နဲ့ အခန်းခန်း
အဆန်းအလှ ရှုကြည့်စရာတွင်

www.burmeseclassic.com

တစ်ခုတစ်ခုရှိရာ အချင်းချင်းခဲပြီး
စုမိရာ တစ်သင်း တစ်သင်းတွဲလို့
လင်းဆွဲ လင်းနို့ အများပျော်တဲ့
ကမ်းပါးပေါ်မှာ လှုမနီးတဲ
ဂူကြီး နံ့ကသူတွင်...။

ပိန္နဲကွင်း ဆရာတော်ကြီးသည် နံ့ကသူလိုဏ်ဂူကြီးသို့ ကြွရောက်တော်မူပြီးသည့်နောက်၌ အနီးအပါး ကျေးရွာများမှ သုံး,လေးယောက်မျှဖြင့်လည်းကောင်း၊ အများအပြား အုပ်စုဖွဲ့၍လည်းကောင်း၊ ဂူကြီးသို့ သွားရောက်ကြပြီးလျှင် လိုဏ်ဂူဝတွင်ရှိသော ကြေးဆင်းတု ရုပ်ပွားတော်မြတ်ကြီးကို ဖူးမြော် ပူဇော်ကြလေသည်။

ဤသို့လျှင် နံ့ကသူလိုဏ်ဂူကြီးသည် ပိန္နဲကွင်းဆရာတော်ကြီး ကြွရောက်တော်မူသည်မှ နောက်ပိုင်းတွင် တစ်စထက်တစ်စ လူသိများလာခဲ့ပေသည်။ ဤသည်မှာ **လွန်ခဲ့သည့်နှစ် (၁၀၀) ကျော်ခန့်က** ဖြစ်ပေသည်။

ဤတွင် အလျဉ်းသင့်၍ ပိန္နဲကွင်း တောရဆရာတော်ကြီး၏ အကြောင်းကို အကျဉ်းချုပ်မျှ ဖော်ပြအပ်ပေသည်။

ကောဇာသက္ကရာဇ် ၁၁၈၈ ခုနှစ်၊ ဒုတိယဝါဆိုလဆန်း (၁၃)ရက်၊ တနင်္လာနေ့တွင် ရွှေတောင်မြို့နေ အမိဒေါ်မယ်ရစ်မှ ပိန္နဲကွင်း ဆရာတော်လောင်းလျာဖြစ်သော အတိဇာတသားမြတ်ရတနာကို ဖွားမြင်လေသည်။ ငယ်မည်မှာ မောင်ချိန်ဖြစ်၍ ရဟန်းဘွဲ့တော်မှာ ဦးကလျာဏ ဖြစ်ပေသည်။

ရဟန်းတော် ဦးကလျာဏသည် လောကီ, လောကုတ္တရာ ပညာရပ်များကို ဆည်းပူးပြီးလျှင် သိက္ခာတော် ခုနစ်ဝါအရတွင် ရွှေတောင်မြို့မှ လေးမျက်နှာမြို့သို့ မယ်တော်နှင့်အတူ ရောက်ရှိလာကာ ဦးမှူးထံ၌နေ၍ မကြာခင်မှာပင် ပိန္နဲကွင်းရွာမှ ကျောင်း



ဒကာကြီး ဦးပန်းရ ဆိုသူက ပင့်ဆောင်ပြီး ပိန္နဲကွင်း ရွာကျောင်းဆောက်ကာ ကိုးကွယ်လေသည်။

နောင်သောအခါ ကျုံပြင်အရပ်၌ ပြောင်း၍ တောရကျောင်း တည်ဆောက်တော်မူသည်။ ထိုမှ နောင်၌ (၁၅)ဌာနတို့၌ လှည့်လည် ပြောင်းကြွဝါဆိုတော်မူကာ တရားဓမ္မနှင့် မွေ့လျော်တော်မူလေသည်။

ပိန္နဲကွင်းတောရ ဆရာတော်ကြီးသည် ကျွဲမသနားတောင်၌ ဘုရားတစ်ဆူ၊ ကမ်းပြိုတောင်၌ စေတီတော်နှစ်ဆူ၊ စေတီခုံရွာအနီး၌ နှစ်ကျိပ်ရှစ်ဆူဘုရားများ၊ တံခွန်တိုင်တောင်ရွာ၌ နှစ်ကျိပ်ရှစ်ဆူဘုရားများ၊ ကိုးကွယ်တောင်၌ စေတီတော်တစ်ဆူ၊ နံ့ကပ်တွင် နှစ်ကျိပ်ရှစ်ဆူဘုရားများကို တည်ထားတော်မူခဲ့သည်။

ထိုမှတစ်ပါး ရန်ကင်းတောင်တွင် ပြိုကျနေသော ရှေးစေတီဘုရားကြီးများ ပိန္နဲကွင်းကျောင်းအတွင်းရှိ ဥမ္မာဒန္တီမင်းသမီး တည်ထားခဲ့သော ရှေးဘုရားကြီးများကို အသစ်တစ်ဖန် ပြုပြင်မွမ်းမံ တည်ထားတော်မူခဲ့ပေသည်။

ပိန္နဲကွင်း ဆရာတော်ကြီးသည် တရားအမြတ် ပဋိပတ်ကို မချွတ်မလွဲ စွဲမြဲကြိုးကုတ် အားထုတ်တော်မူသော သီလဂုဏ်, သမာဓိဂုဏ်တို့ကြောင့် ကျုံပြင် တောရကျောင်းတော်၌ သီတင်းသုံးနေတော်မူသောအခါ တောနေတိရစ္ဆာန်ဖြစ်သော ယုန်သတ္တဝါတို့သည် လာရောက်ဖူးမြော်ကြပြီး ဆရာတော်၏ မေတ္တာဓာတ်ကို ခံယူကြလေသည်။

ကျီးပင် (ခေါ်) ကျွဲမသနားတောင်၌ သီတင်းသုံးနေတော်မူစဉ် လေးတောင်ခန့်အကွာ၌ ခြေညွတ်ကာ ဝပ်နေသော ကျားကြီးကို အနီး၌ ရပ်လျက် တရားဟောပြတော်မူရာ ကျားသတ္တဝါသည် တရားနာပြီးနောက် လွတ်ရာသို့ ထွက်သွားလေသည်။

ထိုတောမှာပင် ခပ်ယူမကုန်နိုင်သော နတ်ရေကန်တွင် မာတုဂါမ တစ်ယောက် ကိုယ်ရေကျင်းမိသဖြင့် ရေလုံးဝ မထွက်တော့ဘဲ ရှိနေသည်ကို မေတ္တာရပ်ခံပေးသဖြင့် မူလအတိုင်းပင် ရေများ ထွက်ရှိ သုံးဆောင်နေကြရသည်။

စိုင်တောင်တွင် ဆင်မကြပ်တွင်း၌ တောဆင်ရိုင်းကြီးနှင့် ခရီး ရင်ဆိုင်တွေ့ကာ နောက်ပါ တပည့်ဒကာများ ရှောင်ပြေးကြခိုက် ရန်မူရန်လာသော တောဆင်ရိုင်းကြီးအား တရားဓမ္မ ဟောပြောပြသဖြင့် ဒေါသလွင့်ကာ ကိုယ်မလှည့်သာသဖြင့် နောက်ဆုတ် နောက်ဆုတ်သွားပြီး ဆင်မကြပ်လွန်မှ ကိုယ်ကိုလှည့်ကာ ထွက်ခွာသွားလေသည်။

နံ့ကသူလိုဏ်ဂူတော်ကြီး၌ ကိန်း အောင်းလျက် တရား အားထုတ်နေတော်မူစဉ် မြွေကြီးတစ်ကောင်သည် တစ်လံတစ်သူ (လက်ခုပ်တစ်ဖောင်) လောက်ထိ၊ ပါးပျဉ်းထလျက် ဒေါသကြီးစွာ စားမျိုရန် ရောက်လာသောအခါ မေတ္တာဓာတ် အဦးထား၍ တရားဓမ္မ ပြတော်မူရာ ဒေါသ ငြိမ်ဝပ်ပိပြား ဂါရဝဖြင့် ဦးညွတ်ကာ လွတ်ရာ ရှောင်ရှားသွားလေသည်။

(စာမျက်နှာ (၁၈၃) သို့)



www.burmeseclassic.com

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်၊ သဘာဝဓမ္မတိုင်းရင်းဆေးခန်း

# ဆရာ ဦးသန်းဆွေထွန်း

(ဟဆ-၀၂၀၆၂)နှင့် တွေ့ဆုံ ဆွေးနွေးခဲ့သော

# ဒူလာရောဂါအမျိုးမျိုး

သိကောင်းစရာများနှင့်တကွ

မြောင်းမြ မောင်ယဉ်တင့်



▲ ဆရာဦးသန်းဆွေထွန်း(ဟဆ-၀၂၀၆၂)

မြန်မာ့တိုင်းရင်းဆေး နယ်ပယ်မှာ **"ယောက်ျားမှာ ဒူလာ၊ မိန်းမမှာ မီးယပ်"** ဆိုတဲ့ စကားရပ်ဟာ ကြားနေကျ နားရည်ဝနေတဲ့ စကားရပ်ဖြစ်ပါတယ်။ ဒူလာရောဂါကို အချိန်မီ မကုသနိုင်ခဲ့ရင် ဥပဒ္ဒဝေါ် နောက်ဆက်တွဲ ဖြစ်လာနိုင်တဲ့ ရောဂါများကတော့ ပန်းသေပန်းညှိုးရောဂါ၊ ထုံနစ်ရောဂါ၊ အဆစ်ရောင်ကိုက်ရောဂါ (ဂေါက်ရောဂါ)၊ သွေးမှင်လေမှင်ရောဂါ၊ နှလုံးသွေးကြောကျဉ်းရောဂါနဲ့လေငန်းရောဂါများ ဆင့်ပွား ဖြစ်လာနိုင်ပါတယ်။

ဒါကြောင့် အဲဒီဒူလာဖြစ်ရတဲ့ အကြောင်းအရင်းတွေကို ကြိုတင် သိရှိပြီး ကာကွယ်ကုသနိုင်ဖို့အတွက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်ကို ရောက်တဲ့အခါ ဆရာဦးသန်းဆွေထွန်းနဲ့ တွေ့ဆုံဆွေးနွေးခဲ့ပါတယ်။

ဆရာဦးသန်းဆွေထွန်းဟာ တိုင်းရင်းဆေးဆရာကြီး ဦးရွှေသော့ရဲ့ မြေးဖြစ်ပြီး သဘာဝဓမ္မဆရာကြီး ဦးထွန်းရည်၊ သဘာဝဓမ္မဆရာကြီး ဦးငြိမ်းမောင်တို့ရဲ့ တပည့်ရင်းဖြစ်ကာ ဆေးကုသက် (၁၆)နှစ်ကျော် ရှိနေပြီ ဖြစ်ပါတယ်။ ဆရာဦးသန်းဆွေထွန်းနဲ့ တွေ့ဆုံဆွေးနွေးမေးမြန်းခဲ့သမျှ ပြန်လည်တင်ပြလိုက်ပါတယ်။

▲ 'ဆရာနဲ့ ဒီတစ်ပတ် ဆွေးနွေးချင်တာကတော့ ဒူလာရောဂါက ဆင့်ပွားဖြစ်တတ်တဲ့ ဒူလာသွေးဝင်သွားရောဂါ၊ အဆစ်ရောင်နာရောဂါ(သို့မဟုတ်)ဂေါက် (Gout)ရောဂါ အကြောင်းအရာတွေကို ဆွေးနွေးမှာ ဖြစ်ပါတယ်။ ဒုပထမ ဒူလာဆိုတဲ့ ဝေါဟာရရဲ့ သဘော သဘာဝကို ပြောပြပေးပါ ဆရာ'

○ 'ဒူလာဆိုတဲ့ ဝေါဟာရရဲ့ သဘောသဘာဝကတော့ စာရကသံဟိတာ အဥ္စနိဒါန်းနဲ့ မြန်မာလက်တွေ့ ကုထုံးကျမ်းကြီးတွေမှာ မွန်ဘာသာ တွန်လာဆိုတဲ့စကားက ကာလရွေ့လျားလာပြီး ဒူလာလို့ ခေါ်ဆိုလာကြခြင်းပဲ ဖြစ်ပါတယ်။ အနက်အဓိပ္ပာယ်ကတော့ ရေးဦးပင်ကို ဓမ္မတာရောဂါပဲ ဖြစ်ပါတယ်။

ထုံကျဉ်၊ ကိုက်ခဲ၊ ညောင်းကိုက်ရောဂါဟာ ခြေဖဝါးက အထက်ကို တက်ပြီးဖြစ်တာကြောင့် "ဒူလာပါဒရက်ခြေကတက်" ဆိုတဲ့ ဆိုရိုးစကား ရှိပါတယ်။ အချို့က "ဝါတ" ခေါ်တဲ့ လေနဲ့ "ရတ္တ" သွေးတို့ ဖောက်ပြန်ပြီး



www.burmeseclassic.com

www.burmeseclassic.com

အညောင်းအကိုက်ရောဂါ၊ ထုံကျဉ်ရောဂါဖြစ်လာတာကြောင့် "ဝါတရက်" ဝေါဟာရက ရွေ့လျားပြောင်းလဲလာပြီး ပါဒရက်လို့ ခေါ်ဆိုခြင်း ဖြစ်ပါတယ်။

တိုင်းရင်းဆေးလောကရဲ့ ဆိုရိုးစကားအရ "ယောကျ်ားမှာ သီး၊ မိန်းမမှာ မီး" ဆိုတဲ့ စကားရပ်အတိုင်း ဒူလာရောဂါမှန်သမျှ သီးနဲ့ပတ်သက်နေပါတယ်။ အဲဒီအကြောင်းအချက်တွေဟာ ဒူလာရောဂါရဲ့ သဘောသဘာဝ အကြောင်းအချက်တွေပဲ ဖြစ်ပါတယ်'

**▲ 'ဒူလာရောဂါဟာ သီးနဲ့ပတ်သက်နေတာဆိုတော့ အဲဒီသီးကို အခြေခံပြီး ဒူလာရောဂါ ဘယ်နှစ်မျိုးရှိတယ်ဆိုတာ ပြောပြပေးပါဦး ဆရာ'**

○ 'အဲဒီ သီးကိုအခြေခံဖြစ်တဲ့ ဒူလာရောဂါ အမျိုး(၂၀) ရှိပါတယ်။ အဲဒါတွေကတော့...

၁။ သလိပ်ကြောင့်ဖြစ်တဲ့ ဒူလာသရောနာပမေဟ သီးရောဂါ(၁၀)မျိုး။

၂။ သည်းခြေကြောင့်ဖြစ်တဲ့ ဒူလာသရောနာပမေဟ သီးရောဂါ(၆)မျိုး။

၃။ လေကြောင့်ဖြစ်တဲ့ ဒူလာသရောနာပမေဟ သီးရောဂါ(၄)မျိုးဆိုပြီး ဒူလာသရောနာသီးရောဂါ အမျိုး(၂၀)ရှိပါတယ်'

**▲ 'ဒူလာရောဂါဖြစ်ရတဲ့ အကြောင်းအရင်းကို သိပါရစေ ဆရာ'**

○ 'ဒူလာရောဂါဖြစ်ရတဲ့ အကြောင်းအရင်းကတော့ နေပူမိုးရွာမရှောင် အလုပ်လုပ်ခြင်း၊ အတွင်းအပြင် ပထဝီကို တိုးပွားစေတဲ့ အဆီအအိမ့်၊ အဖန်စတဲ့ အစားအစာတွေကို လွန်ကဲစွာ စားသောက်ခြင်း၊ အချိန်လွန်မှ စားသောက်ခြင်း၊ ချိန်ခါမဟုတ် ရေချိုးခြင်း...

လေအေးစက်၊ ပန်ကာလေနဲ့ နေထိုင်မှုများခြင်း၊ သီး, ဝမ်း, လေအဟုန်တို့ကို တားမြစ်ချုပ်တည်းခြင်းစတဲ့ အကြောင်းအချက်များကြောင့် ခန္ဓာကိုယ်တွင်းမှာရှိတဲ့ ပါစကဝမ်းမီး ဓာတ်အားနည်းပြီး၊ သည်းခြေဓာတ်၊ သွေးဓာတ်များ ဖောက်ပြန်ကာ အပြင်ဗဟိဒ္ဓပတ်ဖွဲ့မှုများပြီး ထုံကျဉ် ညောင်းညာကိုက်ခဲခြင်းဆိုတဲ့ ဒူလာရောဂါ ဖြစ်ပေါ်ခြင်းပဲ ဖြစ်ပါတယ်'

**▲ 'ဒူလာရောဂါရဲ့ ပုဗ္ဗရုပ်လက္ခဏာများကို ဆက်ပြီး ပြောပြပေးပါဦး'**

○ 'ဒူလာရောဂါရဲ့ ပုဗ္ဗရုပ်ရှေ့ပြေးလက္ခဏာများကတော့...

၁။ ခြေဖျားလက်ဖျား အေးစက်ခြင်း၊

၂။ ဝမ်းချုပ်ခြင်း၊

၃။ ခြေသလုံးများ တဆစ်ဆစ် ကိုက်ခဲခြင်း၊

၄။ အထိုင်အထ လေးလံနှေးကွေးခြင်း၊

၅။ ခြေဖျားလက်ဖျား ထုံကျဉ်ခြင်း၊

၆။ စိတ်တိုလွယ်ခြင်း၊ စိတ်လက်မကြည်မသာဖြစ်ခြင်း

စတဲ့ လက္ခဏာများဟာ ဒူလာရောဂါရဲ့ ရှေ့ပြေးလက္ခဏာများ ဖြစ်ပါတယ်'

**▲ 'ဒူလာသွေးဝမ်းရောဂါ ဖြစ်ရတဲ့ အကြောင်းရင်းများကို ဆက်ပြီး ပြောပြပါဦး ဆရာ'**

○ 'ဒူလာသွေးဝမ်းရောဂါ ဖြစ်ရတဲ့ အကြောင်းရင်းများကတော့ ဒူလာရောဂါအခံရှိတဲ့သူက ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်အကြောင်းတရား(၄)ပါးကို လွန်ယုတ်လွဲမှား ပြုလုပ်ဖန်များတဲ့အတွက် ဒူလာသွေးဝမ်းရောဂါဖြစ်ရတာပါ။

ဥပမာ။ ။ အပူအစပ်အစားအစာများ လွန်ကဲစွာ စားသောက်ခြင်း၊ နေပူမီးပူခံပြီး ရေချိုးခြင်း၊ အရက်လွန်ကဲစွာ သောက်သုံးခြင်းစတဲ့ အကြောင်းအရာများကြောင့် ပါစက ဝမ်းမီးအားနည်းပြီး သည်းခြေဓာတ်၊ သွေးဓာတ်များ ဖောက်ပြန်ကာ ဝမ်းနဲ့အတူ သွေးပါခြင်း၊ သွေးချည်းသက်သက်ဆင်းခြင်း စတဲ့ ဒူလာသွေးဝမ်းရောဂါ ဖြစ်ရခြင်းပဲ ဖြစ်ပါတယ်'

**▲ 'ဒူလာသွေးဝမ်းရောဂါရဲ့ ကုထုံးနဲ့ ဆေးချက်များကို ဆက်ပြီး ပြောပြပေးပါဦး ဆရာ'**

○ 'ဒူလာသွေးဝမ်းရောဂါရဲ့ ကုထုံးဆေးချက်ကတော့ အစာနဲ့ဆေး တည့်အောင်ပေးပြီး ကုသရင် သက်သာပျောက်ကင်းမှု မြန်ဆန်စေပါတယ်။ အထက်မှာပြောခဲ့တဲ့ ဒူလာသွေးဝမ်းဖြစ်ရတဲ့ အကြောင်းအရာများဖြစ်ကြတဲ့ အပူအကြောင်းခံ အပူအစပ် အစားအစာများ၊ အရက်သေစာများကို စားသောက်မှုမှာ ရှောင်ကြဉ်ပြီး အစာလဲဆေး၊ ဆေးလဲအစာ ဆိုသလို ကျောက်ဖရုံသီးကို ပုစွန် (သို့မဟုတ်) ပုစွန်ခြောက်၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူ [illegible] မန်ကျည်းမှည့်နဲ့ ချဉ်ရည်ဟင်း (ရေ[illegible]သီးမပါဘဲ)၊ ပဲဆီ၊ နှမ်းဆီတို့နဲ့ ချက်စား[illegible]ခြင်း၊ ငါးရှဉ့်ကို ဆီးဖြူသီးနဲ့ ငရုတ်သီး[illegible] မပါဘဲ ချက်စားခြင်း စတဲ့ ဓာတ်စာများ[illegible] နဲ့ ပထမ တိုက်ကျွေးရပါတယ်။

သား၊ ငါးများ ချက်စားမယ်ဆိုရင် အချိုချက်, ချက်စားရပါမယ်။ ငါးမြစ်[illegible]ချင်း၊ ငါးကြင်း၊ ငါးရှူ၊ ငါးကျည်း၊ ငါးရံ့[illegible] များကို ကြက်သွန်နီများများနဲ့ အချို[illegible]ချက်, ချက်စားရပါမယ်။

တိုင်းရင်းဆေးအမှတ်များနဲ့ ကုသ[illegible] မယ်ဆိုရင် တိုင်းရင်းဆေးခန်းသုံး ဆေး[illegible] အမှတ်(၁၅)သည်းခြေဆေးနဲ့ ဆေး[illegible] အမှတ်(၁၆) အပူငြိမ်းဆေးကို ဆတူ[illegible] ရောစပ်ပြီး မုရားကြီးရွက်ပြုတ်ရည်[illegible] တိုက်ရပါမယ်။ ဆေးအမှတ်(၁၅[illegible]) သည်းခြေဆေးနဲ့ ဆေးအမှတ်(၁[illegible]) အပူငြိမ်းဆေးကို သကြားနဲ့ ရောစပ်[illegible] လဲ တိုက်နိုင်ပါတယ်။

အထက်ပါအတိုင်း ဓာတ်[illegible] ဆေး[illegible]



www.burmeseclassic.com

www.burmeseclassic.com

တို့နဲ့ တိုက်ကျွေး ကုသမယ်ဆိုရင် ဒူလာသွေးစမ်းရောဂါဟာ သက်သာ ပျောက်ကင်းသွားမှာ ဖြစ်ပါတယ်'

▲'ဒူလာရောဂါရဲ့ နောက်ဆက်တွဲ ဂေါက်ရောဂါ(Gout) အကြောင်းကို မြန်မာ့တိုင်းရင်းဆေးပညာအမြင်နဲ့ ပြောပေးပါဦး'

○'ဂေါက်အဆစ်ရောဂါကို တိုင်းရင်းဆေးပညာ ဝေါဟာရအရ ဝါတရတ္တလို့ ခေါ်ပါတယ်။ ဝါတ=လေဒေါသနဲ့ ရတ္တ=သွေးဓာတ်တို့ ဖောက်ပြန်ပျက်စီးလို့ ဖြစ်တဲ့ အဆစ်အဆက်တွေ နာကျင်ကိုက်ခဲ ရောင်ရမ်းတဲ့ရောဂါပဲ ဖြစ်ပါတယ်။

ရှေးမြန်မာ တိုင်းရင်းဆေးဆရာများကတော့ ဂေါက်လို့ခေါ်တဲ့ အဆစ်ရောင်နာရောဂါကို ဒူလာရောဂါလို့ပဲ ခေါ်ခဲ့ကြပါတယ်။

ဂေါက်ရောဂါဟာ သွေးထဲမှာ ယူရစ်အက်ဆစ်(Uric Acid) လွန်ကဲတာကြောင့် ဖြစ်ရတာပါ။ ယူရစ်အက်ဆစ်ဟာ ပရိုတင်းကို ခြေဖျက်ရာက ဖြစ်ပေါ်လာတဲ့ ဘေးထွက်ပစ္စည်း ဖြစ်ပါတယ်။

ဆီးကနေ အဓိက စွန့်ထုတ်ပြီး ဝမ်းကလဲအနည်းငယ်စွန့်ထုတ်ပါတယ်။ အဲဒီ ယူရစ်အက်ဆစ်တွေ များနေရင် အဆစ်အဆက်တွေမှာ အနည်ကျပြီး စုတဲ့အတွက် ဖြစ်တဲ့ အဆစ်ရောင်ရောဂါကို ဂေါက်ရောဂါလို့ ခေါ်တာပါ'

▲'ဂေါက်ရောဂါဖြစ်ရတဲ့ အကြောင်းရင်းများကို ပြောပြပေးပါဦး'

○'ဂေါက်ရောဂါဖြစ်ရတဲ့ အကြောင်းရင်းကတော့ အပူအကြောင်းခံ ကြေညက်ခဲတဲ့ အစားအစာတွေနဲ့ ချဉ်၊ ငန်၊ ခါး အရသာရှိတဲ့ အစားအစာတွေကို လွန်ကြူးစွာ စားသောက်ခြင်း၊ တာရှည်ခံအောင်ပြုလုပ်ထားတဲ့ အသား၊ အသားခြောက်၊ ငါးများကို လွန်ကဲစွာ



စားသောက်ခြင်း။

တဆေးနဲ့ဖော်ထားတဲ့ အစားအစာများ၊ အရက်၊ ဘီယာ၊ ခေါင်ရည်၊ ခနဲရည်၊ ဓာတုပစ္စည်းများပါတဲ့ အစားအစာများ၊ ဥအနှစ်များ၊ ဝမ်းတွင်း ကလီစာများ၊ ဆီကြော်မုန့် စတဲ့ အစားအစာတွေကို လွန်ကြူးစွာ စားသောက်ခြင်း စတဲ့ လွန်ကဲမှားယွင်းစွာ နေထိုင် စားသောက်မှုကြောင့် ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်အကြောင်းတရား(၄)ပါးအနက် ကံနဲ့ အာဟာရ သမုဋ္ဌာန်(၂)ပါး လွန်ကဲမှားယွင်းမှုကြောင့် လေဒေါသနဲ့ သွေးဓာတ်တို့ ဖောက်ပြန်ပျက်စီးကာ အဲဒီဓာတ်ပျက်တွေက ခြေမ၊ အဆစ်နဲ့ အခြားအဆစ်အဆက်တွေကို ရောက်ရှိပြီး ဂေါက်အဆစ်အနာရောဂါ ဖြစ်လာရခြင်း ဖြစ်ပါတယ်'

▲'ဂေါက်ရောဂါကို တိုင်းရင်းဆေးပညာအမြင်နဲ့ ခွဲခြားပြီး ပြောပြပေးပါဦးခင်ဗျာ'

○'တိုင်းရင်းဆေးပညာအရ ဝါတရတ္တ (ခေါ်)ဂေါက်ရောဂါကို ဖောက်ပြန်သော ဒေါသအလိုက် ခွဲခြားပြီး ပြောရရင်...

၁။ လေဦးစီးသော အမျိုးအစား (လေလွန်ကဲတဲ့ လက္ခဏာ)တွေကတော့ လက်ချောင်းများတွင် ပိုပြီးဖြစ်ပွားတတ်ပါတယ်။

အလွန်နာကျင်ခြင်း၊ ရောင်လိုက်လျော့လိုက်ဖြစ်ခြင်း၊ အရေပြားမည်းပြီး ခြောက်သွေ့ခြင်း၊ အေးတဲ့အချိန်မှာ ရောဂါပိုဆိုးခြင်း ဖြစ်တတ်ပါတယ်။

၂။ သည်းခြေဦးစီးသော အမျိုးအစား (သည်းခြေလွန်သော လက္ခဏာ)တွေကတော့ အဆစ်ရောင်ခြင်းနဲ့ အဖျားရောဂါ ဖြစ်တတ်ခြင်း၊ ပူခြင်း၊ ဝမ်းလျှောခြင်း၊ ချွေးထွက်များခြင်း၊ ရေငတ်ခြင်း၊ နာကျင်ကိုက်ခဲခြင်း၊ မူးဝေခြင်း၊ အနာများပေါက်ခြင်း၊ အမြဲတမ်း ရောဂါစွဲကပ်ခြင်းတို့ ဖြစ်တတ်ပါတယ်။

၃။ သလိပ်ဦးစီးသော အမျိုးအစား (သလိပ်ဓာတ် လွန်ကဲသော လက္ခဏာ)များကတော့ အဆစ်များ ရောင်ရမ်းမှုများပြီး ထုံကျဉ်ခြင်း၊ တောင့်တင်း လေးလံခြင်းများ ဖြစ်တတ်ပါတယ်။ အဲဒီအပြင် ဝါတရတ္တရောဂါအား စွဲကပ်ဖြစ်ပွားတဲ့ အင်္ဂါရပ်ကိုလိုက်ပြီး (၁) ဥတ္တရဝါတရတ္တရောဂါနဲ့ (၂) ဂမ္ဘီရဝါတရတ္တရောဂါ ဆိုပြီး နှစ်မျိုး ခွဲခြားထားတာ ရှိပါတယ်။

၁။ ဥတ္တရဝါတ္တရ ရောဂါလက္ခဏာများကတော့ အရေပြားတွင် ယားယံခြင်း၊ ပူခြင်း၊ နာကျင်ခြင်းတို့ ဖြစ်ပွားတတ်ပါတယ်။

၂။ ဂမ္ဘီရဝါတရတ္တ လက္ခဏာများကတော့ အရိုး၊ ကြွက်သားနဲ့ အာရုံကြောတို့တွင် ဖြစ်ပွားတဲ့ပုံစံဖြစ်ကာ အဆစ်များ ရောင်ရမ်းခြင်း၊ တင်းမာခြင်း၊ လွန်စွာ နာကျင်ခြင်း၊ ပူလောင်ခြင်း၊ ဖြစ်ပွားတဲ့ အဆစ်များတွင် သွေးတိုးနှုန်း မြင့်မားနေခြင်းများ တွေ့ရပါတယ်။

အထက်မှာ ပြောခဲ့တာတွေကတော့ သိပ္ပံပညာရှင်များခေါ်ဝေါ်တဲ့ ဂေါက်(Gout)ရောဂါကို မြန်မာ့တိုင်းရင်းဆေးပညာအမြင်နဲ့ ခွဲခြားပြောခဲ့တဲ့လက္ခဏာများ ဖြစ်ပါတယ်'



www.burmeseclassic.com

www.burmeseclassic.com

▲ 'ဂေါက်ရောဂါ (ခေါ်) ဝါတရက္တအဆစ်ရောင်နာရောဂါရဲ့ ကုထုံးဆေးချက်ကို ဆက်ပြီး ပြောပြပေးပါဦးဆရာ'

○ 'ဂေါက်ရောဂါ (ခေါ်) ဝါတရက္တ အဆစ်ရောင်နာရောဂါရဲ့ ကုထုံးနဲ့ ဆေးချက်ကတော့ ဆေးခန်းကို ရောက်လာတဲ့ ရောဂါရှင်ကို ရောဂါစစ်တမ်းထုတ်ပြီး ကံ, စိတ်, ဥတု, အာဟာရ၊ အပူအအေး၊ သက်, တက်, ပိတ်, ဖွင့်ဆိုတဲ့ ဒေသနာနည်းနဲ့ ချဉ်းကပ်ခြင်း၊ နက္ခတ္တဗေဒနည်းအရ ဥတု၊ ရတု၊ ဝိထိ၊ ဓာတ်သက်ခြောက်လီကို သရခြင်း၊ အာယုဗ္ဗေဒနည်းအရ ကာလ၊ အတ္တကမ္မ၊ လွန်ယုတ်လွဲမှားပြုချက်များကို ကြည့်ပြီး ဆေးချက်ချရပါတယ်။

**ကုထုံးဆေးချက်ကတော့** သွေးလည်ပတ်မှုကို အားကောင်းစေတဲ့ အဘိညာဉ်နှလုံးအားဆေး လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့်ကို နံနက်(၇)နာရီခန့်မှာ ရေနွေးနဲ့တိုက်ရပါတယ်။ နေ့လယ်ချိန်မှာ ဒူလာရောဂါ သက်သာ ပျောက်ကင်းစေတဲ့ ဒူလာဆေးများကို တိုက်ကျွေးရပါတယ်။

အိပ်ရာဝင်ချိန်မှာ ဆီး၊ ဝမ်း၊ လေမှန်စေတဲ့ ညဆေးကို တိုက်ကျွေးပြီး အကိုက်အခဲ ပျောက်လိမ်းဆေးများကို လိုအပ်သလို မနက်၊ နေ့လယ်၊ ညနေ လိမ်းစေပါတယ်။

**တိုင်းရင်းဆေးခန်းသုံး ဆေးများနဲ့ ကုသမယ်**ဆိုရင် ဖောက်ပြန်နေတဲ့ လေဒေါသနဲ့ သွေးဓာတ်တို့ ပြေပျောက်စေဖို့ ဆေးဝိဇ္ဇာ လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် မနက်နဲ့ ညဘက် (၂)ကြိမ် တိုက်ရပါတယ်။ လေဒေါသဖောက်ပြန်မှုနဲ့ နာကျင်ကိုက်ခဲမှု သက်သာစေဖို့ ဆေးအမှတ်(၂၃) ဆေးပုလဲကလာပ်တစ်ဆနဲ့ ဆေးအမှတ်(၂၇) ပြည်လုံးချမ်းသာဆေး နှစ်ဆရောစပ်ပြီး ဆေးလက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့်ကို ရေနွေးနဲ့ မနက်၊ ညနေ တစ်နေ့(၂)ကြိမ် တိုက်ကျွေးရပါမယ်။

**သည်းခြေဒေါသ ဖောက်ပြန်တဲ့ အမျိုးအစားဖြစ်ရင်** ဆေးအမှတ်(၁၅) သည်းခြေဆေး လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့်ကို ရေကျက်အေးနဲ့ တိုက်ရပါတယ်။

**သလိပ်ဒေါသ ဖောက်ပြန်တဲ့ အမျိုးအစားဖြစ်ရင်** ဆေးအမှတ်(၂၄) လေညှင်းကလာပ်ဆေး လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် တစ်နေ့(၂)ကြိမ် ရေနွေးနဲ့ တိုက်ကျွေးရပါမယ်။

**သွေးဖောက်ပြန်တဲ့ အမျိုးအစားဖြစ်ရင်** ဆေးအမှတ်(၁၇) သွေးဆေးနီကြီး (သို့မဟုတ်) ဆေးအမှတ်(၃၂) နန်းတွင်းလျှာပွတ်ဆေး တစ်မျိုးမျိုးကို မနက်၊ ည တစ်နေ့(၂)ကြိမ် လက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေကျက်နွေးနဲ့ တိုက်ရပါမယ်။

ဆီးဝမ်းမှန်စေဖို့ ဆေးအမှတ်(၁၀) ဆီးရှင်ဝမ်းနုတ်ဆေးခန့် (သို့မဟုတ်) ဆေးအမှတ်(၉)ဆီးဒူလာဆေးနဲ့ ဆေးအမှတ်(၁၀) ဆီးရှင်ဝမ်းနုတ်ဆေးကို ဆတူရောစပ်ပြီး ဆေးလက်ဖက်ရည် တစ်ဇွန်းမှ နှစ်ဇွန်းထိ ဝမ်းအခြေအနေကို ကြည့်ပြီး ရေအေးနဲ့ ညအိပ်ရာဝင်ချိန်မှာ တိုက်ရပါမယ်။

**လိမ်းဆေးများအနေနဲ့** ထုံကျဉ်ကိုက်ခဲနေရင် ဆေးအမှတ်(၂၉) သဗ္ဗဖေယျဆေးစပ်ကြီးနဲ့ ဆေးအမှတ်(၄၃) အကင်းဆယ်ပါးဆေးကို ဆတူရောစပ်ပြီး နံ့သာရည် (သို့မဟုတ်) နှမ်းဆီ၊ မုန်ညင်းဆီ တစ်မျိုးမျိုးနဲ့ ရောစပ် လိမ်းပေးနိုင်ပါတယ်။

**ပဉ္စကမ္မကုထုံးဖြင့် ကုသခြင်း** ဆေးအဆီများလိမ်းခြင်း၊ ဆေးပြုတ်ရည်(သို့မဟုတ်)ဆေးအဆီသွန်းလောင်းခြင်း၊ ဆေးစည်းခြင်း၊ သွေးဖောက်ခြင်း၊ မျှော့သွေးစုပ်ခြင်း၊ သည်းခြေဒေါသဖောက်ပြန်သူအတွက် ဆီးဒူလာဆေး၊ သွေးဒူလာဆေး၊ သလိပ်ဒေါသဖောက်ပြန်သူအတွက် သွေးဒူလာဆေး၊ မုတ်ကဲဆေး၊ အပုပ်ချဆေး၊ အပူသတ်ဆေးတို့ကို တိုက်ကျွေးခြင်း၊ ဝမ်းချခြင်းတို့ဖြင့်လဲ ကုသပေးနိုင်ပါတယ်။

အထက်ပါအတိုင်း သင့်တော်ရာ ဆေးများနဲ့ တိုက်ကျွေး ကုသသွားရင် ဂေါက်ရောဂါ(ခေါ်) ဝါတရက္တ အဆစ်ရောင်နာရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာ ဖြစ်ပါတယ်'

▲ 'ဂေါက်ရောဂါ(ခေါ်) ဝါတရက္တ အဆစ်ရောင်နာ ရောဂါရှင်များအတွက် ရှောင်ကြဉ်ရမယ့် အစားအစာများနဲ့ စားသောက်ရမယ့် အစားအစာများကို သိပါရစေ ဆရာ'

○ 'ဂေါက်ရောဂါရှင်များဟာ လေဒေါသနဲ့ သွေးဓာတ်ကို ဖောက်ပြန်စေတဲ့ အစားအစာတွေကို လုံးဝ ရှောင်ကြဉ်ဖို့ လိုပါတယ်။ အဲဒီအစားအစာတွေကတော့ ဝမ်းတွင်းကလီစာများ၊ ငါးသေတ္တာငါး၊ ငါးသလောက်၊ ဂုံး၊ ခရုစတဲ့ ပင်လယ်စာများ၊ ကြက်ဥ, ဘဲဥ အနှစ်များ၊ ပဲပင်ပေါက်၊ ပဲပြား၊ ဆီတိုဟူး၊ မှို၊ မျှစ်၊ မြေပဲ၊ ခရမ်းချဉ်သီး၊ ကညွတ်၊ ပုံးရည်ကြီး၊ ထောပတ်၊ စားအုန်းဆီ၊ အသားဆီ၊ ဆီကြော်မုန့်၊ အဆီများသော ဝက်သား၊ ဘဲသား၊ အမဲသား၊ တဆေးနဲ့ ဖောက်ထားသော အစားအစာများ အရက်၊ ဘီယာ၊ ထန်းရည်၊ ခနိရည်၊ ခေါင်ရည်တို့ကို လုံးဝ ရှောင်ကြဉ်ရပါမယ်။

**စားသောက်ရမယ့် အစားအစာတွေကတော့** ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်၊ ဟင်းနုနယ်ရွက်၊ ကြောင်လျှာရွက်၊ ကင်ပွန်းချဉ်ရွက်၊ ရဲယိုရွက်၊



www.burmeseclassic.com

www.burmeseclassic.com

မှန်လာဥနီ၊ မုန်ညင်း၊ မုန်လာ၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီ၊ ဂေါ်ရခါးသီး၊ မြင်းခွာရွက်၊ ကန်စွန်းရွက်၊ နာနတ်သီး၊ ကျွဲကောသီး၊ ရှောက်သီး၊ လိမ္မော်သီး၊ ပဲနီလေး၊ ပဲနောက်၊ ပဲအမျိုးမျိုးနဲ့ လတ်ဆတ်ပြီး အစိမ်းရောင်ရှိသော ဟင်းသီးဟင်းရွက်များကို စားသုံးသင့်ပါတယ်။

**အသားငါးအနေနဲ့** ငါးရံ့၊ ငါးခူ၊ ငါးကျည်း၊ ငါးကြင်း၊ ငါးမြစ်ချင်း၊ ကကတစ်ငါးများ စားသုံးနိုင်ပြီး ကြက်သား၊ ဆိတ်သား၊ ငုံး၊ ခါ၊ ချိုး စတဲ့ ငှက်သားတွေနဲ့ အဆီလွတ် ဝက်သားကို စားသုံးရမှာ ဖြစ်ပါတယ်။

ဂေါက်ရောဂါ အဆစ်ရောင်နာရောဂါ ဖြင့် ထန့်ချိန်မှာ အသီးအရွက်များ ပိုပို စားသုံးသင့်ပြီး သက်သတ်လွတ်စားခြင်းအားဖြင့် ရောဂါ သက်သာပျောက်ကင်းမှု ပိုမိုမြန်ဆန်စေပါတယ်။

အထက်မှာ ကျွန်တော်ပြောခဲ့တဲ့ အချက်အလက်တွေဟာ (၁) အခြေခံ ကျန်းမာရေးသင်တန်း (အရှင်နာဂသိန် မဟာထေရ်) စာ(၂၁၄)မှ လည်းကောင်း၊ (၂)စရကသံဟိတာကျမ်း စာ(၂၈၂/၂၈၄)၊ (၃)မြန်မာ့တိုင်းရင်းဆေး ပညာလက်စွဲ စာ(၁၅၈/၁၆၄)၊ (၄) အရိုး အဆစ်နှင့်အကြောတက်ရောဂါ စာ (၁၂၉/၁၃၅) (တွဲဖက်ပါမောက္ခ ဒေါက်တာ ချစ်စိုး)တို့ရဲ့ကျမ်းစာများကို ကိုးကားပြီး ကျွန်တော်ရဲ့ ဆေးကုသက် (၁၆)နှစ်ကျော် အတွေ့အကြုံနဲ့ ယှဉ်ပြီး ပြောဖြစ်ခဲ့တာ ဖြစ်ပါတယ်'

▲'ဒူလာရောဂါရှင်များ၊ ဂေါက်ရောဂါရှင်များအတွက် ဆေးနည်းတစ်ခု ပညာဒါနပြုပေးပါဦး ဆရာ'

○'ဒူလာရောဂါရှင်များ၊ ဂေါက်ရောဂါရှင်များအတွက် ဆေးနည်းတစ်ခု ပြောပြပေးပါမယ်။

**အဆစ်ရောင်နာ ဂေါက်ရောဂါ သက်သာပျောက်ကင်းဆေး**

| | |
|---|---|
| ၁။ ကလောဆန် | ၄ ပဲသား။ |
| ၂။ ဆေးသီး | ၄ ပဲသား။ |
| ၃။ လိပ်ကျောက်ဆူး | ၈ ပဲသား။ |
| ၄။ ပင်လယ်ရေမြှုပ် | ၈ ပဲသား။ |
| ၅။ ကြွေပုပ် | ၂ ကျပ်သား။ |
| ၆။ နွယ်ချို | ၂ ကျပ်သား။ |
| ၇။ ဇဝက်သာ | ၃ ကျပ်သား။ |
| ၈။ ဆားပုပ် | ၃ ကျပ်သား။ |
| ၉။ သိန္ဓော | ၃ ကျပ်သား။ |
| ၁၀။ အလိုက္ခ | ၅ ကျပ်သား။ |
| ၁၁။ စမုန်နက် | ၅ ကျပ်သား။ |
| ၁၂။ ကြို | ၇ ကျပ်သား။ |
| ၁၃။ ပွေးကိုင်း | ၁၀ ကျပ်သား။ |

***[ဆေး(၁၃)မျိုး။ ဆေးချိန် (၄၁)ကျပ် (၈)ပဲသား။]***

အထက်ပါဆေးများ အမှုန့်ပြုလုပ်ပြီး လေလုံပုလင်းနဲ့ ထားပါ။ ညအိပ်ရာဝင်ချိန် ဆေးလက်ဖက်ရည်ဇွန်း(၁)ဇွန်းခန့် ရေအေးနဲ့ သောက်ပါ။ ဒူလာ အညောင်းအကိုက်ရောဂါများနဲ့ အမျိုးသားအားနည်းရောဂါများ သက်သာပျောက်ကင်းစေပါတယ်'

▲'ဆရာရဲ့ တိုင်းရင်းဆေးပညာ အမွေဆက်ခံမယ့် မျိုးဆက်သစ်များကို ပြောပြပေးပါဦး'

○'သမီးကြီး မလှဲ့လှဲ့ခွေB.Sc(Chem) နဲ့ သမီးငယ် မသီရိခွေတို့ ရှိပါတယ်'

▲'ဆရာဦးသန်းဇွေဇွန်းနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာတွေကတော့...

**ဆရာဦးသန်းဇွေဇွန်း**
**သဘာဝဓမ္မတိုင်းရင်းဆေးခန်း**
အမှတ်(၃၉)၊ လှော်ကားလမ်း၊
(၁၀၅)ရပ်ကွက်၊ အုံးမြို့သစ်တောင်ပိုင်းမြို့နယ်
ရန်ကုန်မြို့။
ဖုန်း ၀၁-၇၀၃၃၆၄၊ ၀၁-၇၀၉၁၈၃

**မြောင်းမြ မောင်ယဉ်တင့်**

**စာမျက်နှာ (၁၇၈)မှ အဆက်**

ဤသည်မှာ ဆရာတော်ကြီး၏ သီလဂုဏ်, သမာဓိဂုဏ်တန်ခိုးများကို အကျဉ်းချုပ်၍ တင်ပြခြင်း ဖြစ်ပါသည်။

၁၂၅၁ ခုနှစ်၊ ပိန္နဲကွင်းဆရာတော်နှင့် နောက်ပါတပည့်များသည် အချိန် (၂၀၅)ပိဿာရှိ ကြေးဆင်းတုရုပ်ပွားတော်ကြီးကို မန္တလေးမြို့တွင် မှာယူထုသွန်း၍ ကွင်းကောက်မြို့မှ တစ်ဆင့် နံကသူလိုဏ်ဂူကြီး၏မြောက်ဘက်ဝတွင် ပင့်ဆောင်ကိုးကွယ်ထားခဲ့သည်။

အဆိုပါကြေးဆင်းတုကြီးမှာ ရေထွက်ခုံရွာနေ ဘုရားဒါယကာ ဦးသာ့အေးအမှူးပြု၍ ကုသိုလ်ရှင် ကောင်းမှုဖြစ်ခဲ့ပြီး ယခုတိုင် ဖူးတွေ့နိုင်ပေသည်။

ဤသို့လျှင် သီလဂုဏ်, သမာဓိဂုဏ်တို့ဖြင့် လွှမ်းထုံတော်မူအပ်သော ပိန္နဲကွင်းဆရာတော်ကြီးသည် ၁၂၇၀ ပြည့်နှစ်တွင် ပျံလွန်တော်မူခဲ့သည်။ ပျံလွန်တော်မူသောအခါ အလောင်းတော်မြတ်ခြေတော်တွင် သွေးယိုခြင်း၊ ခြေဖဝါးတော်က ဒေါင်းရုပ်ပေါ်ခြင်းတို့ ဖြစ်ခဲ့ပါသည်။

ရုပ်အလောင်းတော်မြတ်သည် ပုပ်သိုးခြင်းမရှိဘဲ၊ အုံ့ဖွယ်ကောင်းအောင် ယခုတိုင် တည်ရှိနေပေသည်။ ထိုဆရာတော်ကြီး၏ နောက်၌ ဒုတိယဆရာတော်၊ တတိယဆရာတော်ဟူ၍ ဆရာတော်ကြီးများ သုံးဆက်တိုင်သည့်လည်း ရုပ်အလောင်းတော်များ မပုပ်မသိုး တည်ရှိနေသည်ကို အင်ပူမြို့နယ်၊ ပိန္နဲကွင်းကျေးရွာအနီး ကမ္ဘူတောင်တွင် ဖူးတွေ့နိုင်ပါသည်။

**သာယာ ချမ်းမြေ့ပါစေ။**

**ရဲလေး(ဟသ်ာတ)**

ကျမ်းကိုး
အေးမြမှန်ကူ နံကသူ လိုဏ်ဂူတော်ကြီးသမိုင်း။
**သာသာအောင်မင်းအောင် ဦးဆောင်သော သာသနာ့အမျိုး ဆောင်အဖွဲ့. ဓမ္မဒါန။**



www.burmeseclassic.com

www.burmeseclassic.com

# ကံ့နာဝင့်နှာ အတွက်

ဤသို့ စီရင်ပါ



လူ့ဘဝတွင် မွေးခြင်း,သေခြင်း ကြားတွင် ''နေခြင်း''ဟူသည် ခြားပါသည်။ မွေးခြင်းသည်လည်း မကြာ၊ သေခြင်းသည်လည်း မကြာ။ သို့သော် နေခြင်းကာလသည် ကြာပါသည်။ အကြမ်းဖျင်းသဘော ဆိုလိုပါသည်။

အမိဝမ်းတွင်းမှာကတည်းက သေနေသူ၊ အသေမွေးသူ၊ မွေးပြီး ရက်ပိုင်း,လပိုင်း သေသူတွေလည်း ဒုနှင့်ဒေး ရှိပါသည်။ ထိုကိစ္စမှာ သီးခြားကိစ္စဖြစ်ပြီး သတ္တဝါတစ်ခု၊ ကံတစ်ခုသာ။

ယခုတင်ပြလိုသည်မှာ မွေးခြင်းကိစ္စပြီး၍ အသက်ရှင် နေထိုင်နေရသည့် နေခြင်းကာလအတွင်း အနာရောဂါ၊ အဖျားအနာ၊ ကျန်းမာရေး ထိခိုက်ချို့ယွင်းနေစဉ်တွင် ထိုရရှိလာသော ရောဂါသည် **အတိတ်အကုသိုလ်ကံ** (သို့မဟုတ်) **ဝဋ်လည်သည့်,ဝဋ်နာ**လား သိဖို့ရန်အတွက်နှင့် အကယ်၍ ကံ့နာဝင့်နှာဖြစ်နေပြီဆိုလျှင် ရိုးရိုး ဆေးထိုး,ဆေးစား၊ ဆေးလိမ်းနေရုံဖြင့် ကုသမရနိုင်ဘဲ အတိတ်အကုသိုလ်ကံများ ပျောက်ပြီး အတိတ်က ပြုခဲ့သော ကုသိုလ်ကံနှင့် ပစ္စုပ္ပန်ကုသိုလ်တရားတို့ ကုသိုလ်ကံ ဆက်နိုင်ရန်အတွက် ပြုဖွယ်,ဆောင်ရွက်ဖွယ်ကို လူတိုင်းအလွယ်တကူပြုနိုင်အောင် တင်ပြပါမည်။

မကျန်းမာသူ၏ ရောက်ဆဲအသက်ကို တည်ပါ။ ထို့နောက် ဂြိုဟ်ကြီး(၈)လုံးရှိသဖြင့် (၈)နှင့် မြှောက်ပါ။

ထိုသို့ မြှောက်၍ရသော ကိန်းကို (၁၂)ရာသီဖြစ်၍ (၁၂)ဖြင့် စားပါ။

(၁၂)ဖြင့် စား၍ ပြတ်လျှင်၊ အကြွင်းမရှိလျှင် သို့မဟုတ် အကြွင်းသည် (၈)မဟုတ်ခဲ့လျှင် သွေး,လေ,သလိပ်,သည်းခြေ ဖောက်ပြန်သော ရိုးရိုးရောဂါသာဖြစ်၍ ဆေးထိုး ဆေးစား ဆေးလိမ်းကုသခြင်းဖြင့် ပျောက်ကင်းပါလိမ့်မည်။

အကယ်၍ (၈)ကြွင်းနေပါလျှင် ရိုးရိုးမကျန်းမာခြင်း မဟုတ်ဘဲ အတိတ်က အကုသိုလ် အနှောင့်အယှက် ဝင်နေပြီး ကံ့နာဝင့်နှာဟု သတ်မှတ်ဆိုနိုင်ပါသည်။

ကံ့နာဝင့်နှာအတွက် သာမန် ဆေးထိုး၊ ဆေးစား၊ ဆေးလိမ်း ကုသရုံနှင့် မပျောက်ကင်းနိုင်ပါ။ အောက်ပါ ကုသိုလ်ကံဆက်များ ပြုလုပ်ပြီး ကုသမှ ပျောက်ကင်း ကျန်းမာပါမည်။ နမူနာ တွက်ပြပါဦးမည်။

**ဥပမာ... ရောက်ရှိဆဲ လူနာ အသက် (၇၆)နှစ်...**

ဂြိုဟ်ကြီး(၈)လုံးနှင့် မြှောက် (×၈)
=၆၀၈

ထို မြှောက်၍ရသော ၆၀၈ကို (၁၂) ရာသီဖြင့် စား။

```
        ၅၀
၁၂ | ၆၀၈
     ၆၀
     ---
     ၀၈
      ၀
     ---
      ၈ အကြွင်း
```

(၈)ကြွင်းသဖြင့် ရိုးရိုးဖျားနာခြင်း မဟုတ်ပါ။ ကံ့နာဝင့်နှာဖြစ်သည့်အတွက် အောက်ပါကုသိုလ်များ ပြုပေးပြီး ဆေးကုသမှု ခံယူပါ။

- လမ်းခင်းပါ။
- တံတားထိုးပါ။
- ညောင်ထောက်ပါ။
- ငါးသက်စေ့ထက် (၁)ကောင် ပို၍ လွှတ်ပါ။
- စာကလေးများ လွှတ်ပေးပါ။
- ဂြိုဟ်စာကျွေးပေးပါ။
- သက်ကြီးဝါကြီး မကျန်းမာသူများကို ဆေးဝါး အဝတ်အထည်၊ အာဟာရဒါနပြုပေးပါ။
- ရေတွင်း,ရေကန်လှူပါ။
- ဆီမီး ရေချမ်း ပန်းသက်စေ့ လှူပါ။
- စိတ်မကျန်းမာသူများကို ကျွေး ဒါနပြုပါ။

အထက်ပါ ကုသိုလ်ဆက်များ တတ်စွမ်းသမျှ လက်လှမ်းမီသဖြင့် ကုသိုလ်ဒါနများပြုပြီး ဆေးကုသမှု ခံယူပါ။ မုချ ကျန်းမာချမ်းသာ လန်းဆန်း ပါလိမ့်မည်။

မြေမိုးချစ် (နတ်မောက်)



www.burmeseclassic.com

www.burmeseclassic.com



ကောင်းသောအကျိုးကို ပေးစေသော

# သု (၈) လုံးပါ ဂါထာ

နှင့် ကျင့်စဉ်

ဗိုလ်မင်း (မင်းလှ)

"**သု**" ကောင်းသောအကျိုးကို ပေးခြင်း၊ "**ဒု**" မကောင်းသောအကျိုးကိုပေးခြင်း။ ဤဂါထာတော်တွင် "**သု**" (၈) လုံး ပါဝင်သဖြင့် ကောင်းသောအကျိုးကို များစွာ ပေးပါသည်။

"**သု**"(၈) လုံးပါ ဂါထာတော်မှာ ပရိတ်ကြီး (၁၁)သုတ်အနက် **ပုဗ္ဗဏှသုတ်တော်၏ နောက်ဆုံးနားက ပါဠိတော်** ဖြစ်သည်။

ဤပရိတ်တော်များကို စာရေးသူတို့ ငယ်စဉ်ကပင် အလွတ်ကျက်မှတ် ရရှိခဲ့ပါသည်။ သို့သော် သီးခြားစီ "**သု**" (၈) လုံးပါ အနေအားဖြင့် ခွဲခြား၍ ရွတ်ဖတ်ပူဇော်ခြင်း၊ ပုတီးစိပ်ခြင်း၊ အဓိဋ္ဌာန်ပြု ရွတ်ဖတ်ပူဇော်ခဲ့ခြင်း မရှိခဲ့ပါ။

၁၉၉၇ ခုနှစ်၊ ဒီဇင်ဘာလတွင် နယ်စပ်ဒေသ သာသနာပြု ဆရာတော်များဖြစ်ကြသော **ကြိန်တန်းဆရာတော် ဦးပညာစက္ကနှင့်အတူ ပြင်ဝမ်းကျောင်းဆရာတော် ဦးစက္ကပါလတို့** (၂) ပါး စာရေးသူနေအိမ်သို့ကြွရောက်လာပါသည်။

စာရေးသူနှင့် ဆရာတော်များဟာ ငယ်စဉ်ကပင် ရင်းနှီးကြပါသည်။ ပြည်မသို့ ရောက်ခိုက် ကြုံ၍ သတိရစွာဖြင့် ကြွရောက်ကြခြင်း ဖြစ်ပါသည်။

ငယ်စဉ်က အကြောင်းအရာများကို ပြောဆိုကြရင်း ပရိတ်တော်အကြောင်းပါ စကားစပ်မိလာသဖြင့် ပြင်ဝမ်းကျောင်းဆရာတော် ဦးစက္ကပါလက ဤဂါထာကို ပေးခဲ့ခြင်း ဖြစ်သည်။ ဆရာတော်သည် ဗေဒင်, နက္ခတ် အပါအဝင် လောကီ, လောကုတ္တရာ ပညာနှင့် ပြည့်စုံသော ဆရာတော် ဖြစ်သည်။

ပြင်ဝမ်း ဆရာတော်က...

'ဒကာကြီးတို့ မိသားစုအားလုံး ကျန်းမာကြရဲ့လား၊ အလုပ်အကိုင် စီးပွား အဆင်ပြေကြသလား'

ဟူ၍ သတင်းမေး အမိန့်ရှိပါသည်။

စာရေးသူက...

'ဒီနှစ်များမှာ တပည့်တော် ကျန်းမာရေး ညံ့ပါတယ်ဘုရား၊ အလုပ်အကိုင်လဲ အဆင်မပြေတာ (၂) နှစ်တောင်ရှိနေပြီ လုပ်တိုင်း အဆင်မပြေ ဖြစ်နေပါတယ် ဘုရား'

ဟု လျှောက်ထားသောအခါ ဆရာတော်က...

'ဒီလိုဆို ဒကာကြီးကို ဘုန်းကြီး ဂါထာတစ်ပုဒ် ပေးခဲ့မယ်။ ဒီဂါထာက လက်တွေ့ အကျိုးပေးတဲ့ဂါထာ ဖြစ်တယ်။ ဘုန်းကြီးကိုယ်တိုင် အကျိုးတရားကို ခံစားဖူးတယ်။ သိပ်ကောင်းတဲ့ ဂါထာပါ'

စာရေးသူက...

'တင်ပါ့ဘုရား တပည့်တော်ကို ပေးပါဘုရား'

ဟု လျှောက်ထားလိုက်ပါသည်။

ဆရာတော်က...

'ဒကာကြီး ပုဗ္ဗဏှသုတ် ပရိတ်တော် အလွတ်ရသလား'

'တင်ပါ့ဘုရား'

**အဲဒီ ပုဗ္ဗဏှသုတ်တော်၏ နောက်ဆုံးနားမှာ...**





www.burmeseclassic.com

www.burmeseclassic.com

'သုနက္ခတ္တံ သုမင်္ဂလံ၊
သုပ္ပဘာတံ သုဟုဋ္ဌိတံ။
သုခဏော သုမုဟုတ္တော စ၊
သုယိဋ္ဌံ ဗြဟ္မစာရိသု'

ခက်ခဲသော ပါဠိအသံထွက်

**သုနက္ခတ္တံ** = သုနက်ခတ်တံ
**သုမင်္ဂလံ** = သုမင်ဂလံ
**သုပ္ပဘာတံ** = သုပ်ပဘာတံ
**သုဟုဋ္ဌိတံ** = သုဟုတ်ထိတံ
**သုမုဟုတ္တော စ** = သုမုဟုတ်တောစ
**သုယိဋ္ဌံ** = သုယိတ်ထံ
**ဗြဟ္မစာရိသု** = ဗြန်မစာရိသု

အနက်

(**ယသ္မိံဒိဝသေ၊** 'အကြင်နေ့၌၊ **တယောသုစရိတဓမ္မေ၊** သုစရိုက်တရားသုံးပါးတို့ကို၊ **ပရိပူရေန္တိ၊** ဖြည့်ကျင့်ကြကုန်၏။ **သောဒိဝသော၊** ထိုနေ့သည်။) **သုနက္ခတ္တံ၊** နက္ခတ်အပေါင်း မကောင်းမရှိ အကောင်းအတိသာတည်း။ **သုမင်္ဂလံ၊** အမင်္ဂလာ ဘယ်ခါမရှိ ကောင်းမြတ်သော မင်္ဂလာအတိသာတည်း။ **သုပ္ပဘာတံ၊** အပြစ်ကင်းခြင်းကောင်းသော မိုးလင်းရခြင်း ပင်တည်း။ **သုဟုဋ္ဌိတံ၊** သာယာသန့်ရှင်းကောင်းသောအိပ်ရာမှ ထခြင်းပေတည်း။ **သုခဏော၊** သာယာရွှင်ပျ ကောင်းသောခဏပေတည်း။ **သုမုဟုတ္တော စ၊** မုဟုတ်တိုင်းမှာ အကောင်းချည်းသာတည်း။ (**တသ္မိံဒိဝသေ၊** ထိုသုစရိုက်ကျင့်ရာ နေ့အခါ၌။) **ဗြဟ္မစာရိသု၊** မြတ်သောအကျင့်ကို ကျင့်လေ့ရှိသူ ပုဂ္ဂိုလ်တို့၌။ **ယိဋ္ဌံ၊** လှူအပ် ပူဇော်အပ်သော အလှူသည်။ **သုယိဋ္ဌံ၊** အပြစ်ကင်း၍ သန့်ရှင်းကောင်းမြတ်သော ပူဇော်ရခြင်း ဖြစ်ပါပေ၏။

***(နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်း၏ ပါဠိအယ်ဒီတာ***



***ဆရာကြီး ဦးစံတင့်မှ ပါဠိအနက် ပြန်ဆိုပေးပါသည်။)***

ဤဂါထာကို မိမိသက်စေ့ အဓိဋ္ဌာန်ရက် သတ်မှတ်ပြီး နေ့စဉ် နံနက် (၈) နာရီ (သို့မဟုတ်) ညပိုင်း (၈) နာရီတွင် ပုတီး(၈) ပတ် စိပ်ပါ။

"သု"(၈) လုံးပါဝင်သော ဂါထာဖြစ်၏။ အချိန်နာရီနှင့် ပုတီးစိပ်သောအခါ (၈) ဂဏန်းကိုယူပြီး အဓိဋ္ဌာန်ပြုပါ။ အဓိဋ္ဌာန်ဝင်ချိန် နေ့ရက်များတွင် နေ့စဉ် မိမိသက်စေ့ နံနက် အိပ်ရာမှထသော အခါ သက်စေ့ တစ်ခေါက် ရွတ်ဖတ် ပေးရမည်။

ပုတီးစိပ်သောအခါ "**သုနက္ခတ္တံ**" တစ်လုံးချ၊ "**သုမင်္ဂလံ**" တစ်လုံးချ၊ "**သုပ္ပဘာတံ**"တစ်လုံးချ စသည်ဖြင့် စိပ်ရမည်။ သက်စေ့ အဓိဋ္ဌာန်ရက် အချိန်, နာရီ တိကျ မှန်ကန်စေရမည်။ မပျက်စေရ၊ အဓိဋ္ဌာန်ရက်ပျက်လျှင် အစက ပြန်ဝင်ရမည်။

'ဒီဂါထာကို ဘုန်းကြီး အဓိဋ္ဌာန်လုပ်ပြီး ပုတီးစိပ်ခဲ့တယ်။ သိပ်ထူးခြားတယ် အကျိုး ပြောပြရလျှင် အများကြီးပဲ။ လောကီကိစ္စ အဝဝမှာ စိတ်ထားဖြူစင်စွာ ပြုလုပ်ကျင့်ကြံ ကြည့်ပါ။ တဲပေါ်ကနေ တိုက်ပေါ်တင်ပေးတာ ဒီဂါထာပဲ။

အဆင်ပြေလာလိမ့်မယ်။ ကူညီသူ, စောင့်ရှောက်သူတွေ ရောက်လာလိမ့်မယ်။ ဘုန်းကြီး ပြောပြတဲ့အတိုင်း တိတိကျကျ မှန်မှန်ကန်ကန် ဆောင်ရွက်ပါ'

ဟု ဆရာတော်က ဂါထာ၏ အစွမ်းထက်မြက်ခြင်းကို ရှင်းပြပြီး ပေးပါသည်။

စာရေးသူလည်း ဆရာတော်ထံက ဂါထာတော်ကို ရရှိပြီးသောအခါ သက်စေ့ အဓိဋ္ဌာန်ရက် သတ်မှတ်ပြီး ပုတီးစိပ်ခြင်း၊ ရွတ်ဖတ် ပူဇော်ခြင်းများကို ကျင့်ကြံ အားထုတ်ကြည့်ပါသည်။

တဖြည်းဖြည်း အဆင်ပြေလာသည် တစ်နှစ်အတွင်း လျှပ်စစ်မီး တပ်ဆင်ခြင်း၊ အဝီစိရေတူးခြင်း၊ စက်ပစ္စည်း အချို့ ဝယ်ယူနိုင်ခြင်း စသည်ဖြင့် အခြေခံ လိုအပ်ချက်များကို ရရှိလာနိုင်ခဲ့ပါသည်။ အထိုက်အလျောက် အဆင်ပြေလည်မှု ရှိလာသည်။

တစ်နေ့ စာရေးသူ၏ ငယ်သူငယ်ချင်းဖြစ်သူ ဦးသိန်းကျော်အောင် တစ်ယောက် ရုံးကိစ္စတစ်ခုကြောင့် စာရေးသူအိမ်သို့ ဝင်ရောက်လာခဲ့သည်။ စာရေးသူကို...

'ဟေ့ကောင် မင်း အဆင်ပြေနေတယ်ပေါ့။ ခု မင်း ဘာတွေ လုပ်ကိုင်နေတာလဲ'

လို့ မေးတယ်။

စာရေးသူက...

'အေးပါကွာ မင်းပြောသလို ငါ ဟိုတုန်းကထက်တော့ ပြေလည်မှု ရှိလာတယ်။ အလုပ်အကိုင်ကတော့ အရင်အတိုင်းပဲကွာ၊ ဒါပေမယ့် ဆရာတော်တစ်ပါးဆီက "သု" (၈) လုံးပါ ဂါထာကို ငါ အဓိဋ္ဌာန်ပြုပြီး ပုတီးစိပ် ရွတ်ဖတ်တယ်၊ အဲဒီနောက်ပိုင်း အဆင် ပြေလာတယ်'

(စာမျက်နှာ (၁၈၉) သို့



www.burmeseclassic.com

www.burmeseclassic.com

လင်းယုန်



ဟူကျင်ဒီ

# သင်္ကေတများ၏

ဘာသာစကား (၂၀)

နေကဲ့သို့ပင် ဗိုလ်ဘော်၏ အထွတ်အထိပ်အဖြစ် တင်စား သင်္ကေတပြုကြသည်။ အထွေထွေ ကိစ္စရပ်များတွင် ဗိုလ်ဘော်ပိုင်းဆိုင်ရာ အခေါင်၊ အချုပ် အမှတ်အသားလည်း ဖြစ်သည်။

အီဂျစ်တို့၏ အရုပ်စာပေတွင် အက္ခရာ (A)သည် လင်းယုန်တစ်ကောင် ဖြစ်သည်။ ဘဝနေမှုနှင့် မူလဇာတိများအတွက် နွေးထွေးမှုကို ပေးစွမ်းသည်။

ဘဝနေမှုတွင် နေမင်း အလင်းရောင်ခြည် ပြည့်လျှမ်းသော အချိန်ကာလကို ကိုယ်စားပြုသည်။ လေဓာတ်နှင့် မီးဓာတ်တို့ ပေါင်းစည်းထားသော အင်အားများရှိသည်။

လင်းယုန်၏ ဆန့်ကျင်ဘက်ကား ဇီးကွက်ဖြစ်သည်။ ညဥ့်အမှောင်ကို ကိုယ်စားပြုသည်။ ဘဝ၏ နိမ့်ပါးသော အခြေအနေ၊ မှောင်မိုက်သော အစိတ်အပိုင်းကို ဇီးကွက်ဖြင့် ကိုယ်စားပြုကြသည်။

ထို့အပြင်လည်း အထုံးသတ် ပြီးမြောက်ခြင်း၊ သေဆုံးခြင်းကိုလည်း ဇီးကွက် ဖြင့် သရုပ်ပြကြလေသည်။

လင်းယုန်သည် ပုလ္လိင်ကို ညွှန်းဆို၍ အင်အားပြင်းထန်ခြင်း၊ လျင်မြန်ခြင်း၊ သူရဲကောင်းဆန်ခြင်း၊ မီးနှင့် မိုးကြိုးကို ပိုင်ဆိုင်ခြင်းတို့၏ နိမိတ်ပုံဖြစ်၍ ဖခင်အဖြစ်လည်း တင်စားကြသည်။

အာရှအရှေ့ဖျားမှ ဥရောပ မြောက်ပိုင်းဒေသအထိ လင်းယုန်ကို စစ်၏ နတ်ဘုရား အင်အားပြည့်လျှမ်းသော စစ်ဘုရင်အဖြစ် မှတ်ယူ သင်္ကေတပြုတတ်ကြသည်။

မြေပြင်တွင် တောဘုရင် ခြင်္သေ့ကဲ့သို့ပင် ဝေဟင်လေပြင်မှ ဘုရင်တစ်ပါးလည်း ဖြစ်သည်။ အတောင်ပါ သတ္တဝါများ၏ ဦးစီးအချုပ် သရဖူ ပိုင်ဆိုင်ထားသည်။

အိန္ဒိယနိုင်ငံ **ဆိုမာဒေသ** (Soma) မှ **ဗဲဒစ်လူမျိုးစု** (Vedic) များက လင်းယုန်ကို စေတမန် ဆက်သားအဖြစ် မှတ်သားကြသည်။ ဆာမေးရှင်းလူမျိုးစုတို့၏ ရိုးရာဓလေ့တွင်ကား လင်းယုန်သည် မိုးကြိုးသွားနှင့် တိုက်ပွဲခေါ်သံအဖြစ် သင်္ကေတပြုကြသည်။

အရှေ့တိုင်း ဒေသများတွင်ကား လင်းယုန် တိုက်ခိုက်ခြင်းသင်္ကေတ၊ ရန်လိုခြင်းနှင့် စစ်သွေး ဆူဝေအုံကြွခြင်း၏ နိမိတ်ပုံအဖြစ် ယူတတ်ကြသည်။

အမေရိကရှိ ရှေး **"ကိုလံဘီယာ"** အယူအဆတွင်ကား လင်းယုန်သည် ဗိုလ်ဘော်နယ်ပင် မြင့်မြတ်သော ကောင်းကင်ဘုံနှင့် နိမ့်ပါးသော လောကမြေပြင်တို့အကြား အဆက်အသွယ် လုပ်ပေးသူဟု ယူဆကြသည်။

ရှေးဟောင်း ဆီးရီးယား လူမျိုးများက လင်းယုန်ငှက်တွင် လူ၏ လက်မောင်းများ တပ်ဆင် ပေါင်းစပ်ကာ နေမင်းအား ကိုးကွယ်ခြင်း သင်္ကေတပြုကြသည်။ ယင်းသည် မြင့်မြတ်သော ဗိုလ်ဘော်ပိုင်းဆိုင်ရာ သဘောတရားများ ပါဝင် ပတ်သက်နေသည်ဟု ယူဆကြသည်။

**ကမ္ဘာမြေကြီး (ကမ္ဘာမြေကြီးနှင့် ပတ်သက်၍ တရုတ် အယူအဆ တစ်ခုတည်းကိုသာ အကျယ်တဝင့် ရှင်းပြထားသည်။)**

ကမ္ဘာမြေကြီး၏ မြောက်ပိုင်းကို အလင်းရောင်က ပိုင်စိုး၍ ယန်း (Yáng) ဖြင့် သင်္ကေတပြုသည်။ ကမ္ဘာမြေကြီး၏ တောင်ပိုင်းကို အမှောင်က စိုးမိုး၍ ယင်း (Yǐn)ဖြင့် အမှတ်အသား ပြုသည်။

( 陰 ) ( 陽 )

**ယင်း** (Yǐn) **ယန်း** (Yáng)

အက္ခရာနှစ်ခုစလုံး၏ လက်ဝဲဘက်ခြမ်း (အစ)သည် တူညီနေသည်။ ထိုအစ သင်္ကေတသည် (双耳刀儿) ရှမ်းအယ်တောင်းအာ Shuāng ěr dāor ဖြစ်သည်။ တရုတ်စာရေးထုံး သင်္ကေတတစ်ခုဖြစ်၍ နားရွက်ပုံဓား (အစုံ)ဟု အဓိပ္ပာယ်ရသည်။

ဂျာတားကြီးသည် ရှေးအခါက ဝသုန္ဒြေနတ်မင်း **"ထုတိကုံး"**အား ပူဇော်ပသသော အဆင်တန်ဆာ၊ နတ်မင်းကြီးကို ကိုင်စွဲသော အဆောင်အယောင်တစ်ခု ဖြစ်သည်။

ယခုခေတ်တိုင်အောင်ပင် **ဖူတဲဆူး** Fú Dé Cí (ခေါ်) ဝသုန္ဒြေနတ်မင်း စံမြန်းရာ ဘုံဘုရားကျောင်းများတွင် ထိုဓားကြီးများကို သစ်သားဖြင့် ပြုလုပ်



www.burmeseclassic.com

www.burmeseclassic.com

ပူဖော်ထားသည်ကို တွေ့မြင်နိုင်သည်။

ဤရေးထုံးသင်္ကေတ တူမျှစွာ ပါဝင်လျက်ရှိသဖြင့် ယင်းနှင့် ယန်းသည် ခွဲခြား၍မရ၊ ယှဉ်တွဲနေကြောင်း ရည်ညွှန်းသကဲ့သို့ ရှိ၏။

**ယန်းသည်** ကမ္ဘာကြီး၏ မြောက်ဘက်ကိုသာမက မြစ်၏မြောက်ဘက်၊ တောင်တစ်လုံး၏တောင်ဘက်၊ ဖောင်းကြွခြင်း၊ လူ့ပြည်၊ လူ့လောက၊ အဖို၊ ဓာတ်ဖို၊ နေ, နေရောင်ခြည်တို့ကို ညွှန်းသည်။

**ယင်းသည်** ကမ္ဘာကြီး၏ တောင်ဘက်၊ မြစ်၏တောင်ဘက်၊ တောင်တစ်လုံး၏ မြောက်ဘက်၊ ချိုင့်ခွက်ခြင်း၊ မရဏလောက၊ အမ, ဓာတ်မ၊ လကြိုဟ်၊ အရိပ်၊ လောင်းရိပ်တို့ကိုလည်း ဖော်ပြသည်။

ယင်းနှင့်ယန်းသည် သီးခြားစီခွဲ၍ မနေပါ။ ဆန့်ကျင်ဘက်နှစ်ရပ် ဒွန်တွဲအားပြိုင် လွန်ဆွဲနေကြခြင်း ဖြစ်သည်။

ယင်းမှ ယန်းအဖြစ် တဖြည်းဖြည်းအားယူ ပြောင်းလဲသကဲ့သို့ တစ်ချိန်တည်းမှာပင် ယန်းမှလည်း ယင်းအဖြစ်သို့ တဖြည်းဖြည်းခြင်း အားယူပြောင်းလဲကာ ယင်းနှင့်ယန်း တစ်လှည့်စီ ဖြစ်နေကြသည်။

ထို့ကြောင့်ပင် ကမ္ဘာမြေကြီးသည်လည်း ပြောင်းလဲဖြစ်ပျက်နေခြင်း သင်္ကေတ၏သဘော သင်္ကေတလည်း မည်လေသည်။

ကမ္ဘာမြေကြီး ဖြစ်ပျက်ပြောင်းလဲနေသကဲ့သို့ ကမ္ဘာမြေနှင့် ကင်းကွာ၍ မရစကောင်းသော ကမ္ဘာမြေကြီးကို တည်မှီရှင်သန်နေရသော သက်ရှိသက်မဲ့ အရာအားလုံးတို့သည်လည်း ဖြစ်ပျက်ပြောင်းလဲနေကြရ၏။ ယင်းသည် ကမ္ဘာကြီးမြေ၏ သင်္ကေတ အမှတ်အသား၏ ပြယုဂ် ဖြစ်လေသည်။

## မြွေငလျင်

မြွေငလျင်နှင့် ပတ်သက်၍ ကမ္ဘာအရပ်ရပ်တွင် အယူအဆ အမျိုးမျိုး ရှိကြလေသည်။ **ဂျပန်လူမျိုးတို့က** ကမ္ဘာမြေအောက်ရှိ ရေမင်းကြီးက လူးလွန့်ကာ အနေအထား ပြောင်းခြင်းကြောင့် ငလျင်လှုပ်ရသည် ဆို၏။

သသ်ကရိုက်ကျမ်း အဆိုအမိန့်ရမူ ကမ္ဘာလိပ်ကြီးကြောင့် ဖြစ်ရသည်။ မြောက်အမေရိကတွင် **"စားဖင့်"** Serpent (ခေါ်) ကမ္ဘာဦး သတ္တဝါကြောင့် ဖြစ်ရသည်။

စသည်ဖြင့် အမျိုးမျိုး ယူဆကြသည်။ မြွေငလျင်သည် ရုတ်တရက် ပေါ်ထွက်လာသော ပြောင်းလဲမှု ဖြစ်စဉ်တစ်ရပ် ဖြစ်သည်။ အခြေခံအားဖြင့် စကြဝဠာဆိုင်ရာ သင်္ကေတတစ်ရပ် ဖြစ်သည်။ ယဖ်ပူဖော်ခြင်းနှင့် စကြာဝဠာဆိုင်ရာ ပြောင်းပြန်လှန်ခြင်း နိမိတ်ပုံဖြစ်သည်ဟု ဆို၏။

## ဥ (ကြက်, ဘဲ)



ရုရှနှင့် ဆွီဒင်နိုင်ငံတို့တွင် ရွှံ့ဖြင့် ပြုလုပ်ထားသော ဥများ ချန်ထားလေ့ရှိကြသည်။ ထာဝရ ရှင်သန်ခြင်းကို အသိပေးခြင်း ဖြစ်သည်။ ခွဲခွာခြင်း အထူးသဖြင့် သေကွဲ ကွဲရခြင်း၌ ကျန်ရစ်သူတို့အား နှစ်သိမ့်အားပေးခြင်း ဖြစ်သည်။

သားသမီးတို့အတွက် အမိသည်, အဖသည် ထာဝရ ရှင်သန်နေကြောင်း၊ ချစ်သူများအတွက် ထာဝရ ချစ်ခင်စွဲလမ်းနေပါကြောင်း စသည်ဖြင့် ပတ်သက် ဆက်နွယ်တော်စပ်မှုအရ ကောက်ချက်ချရန် ဖြစ်သည်။

တရုတ် အယူအဆအရ ရှေးဦးလူသားသည် ကောင်းကင်မှ ကျဆင်းကာ ရေပြင်ထက် ပေါလော မျောနေသော ဥကြီးမှ ပေါက်ဖွားဆင်းသက်ကာ လူများ ဖြစ်ပေါ်လာသည်ဆို၏။

အီဂျစ် အယူအဆတွင်ကား ဥသည် ထွက်ပေါ်ခြင်း၊ ပေါ်ပေါက်ဖြစ်တည်ခြင်း သဘောဆောင်သော သင်္ကေတ ဖြစ်သည်။

ရှေးဟောင်း "မမီ" ရုပ်အလောင်းများတွင် တစ်လုံးကို ထည့်သွင်းမြှုပ်နှံလေ့ ရှိကြသည်။ အဓိပ္ပာယ်ကား တမလွန်ဘဝတွင် ကောင်းမွန်စွာ ပေါ်ပေါက်ရပ်တည်နိုင်စေရန် ရည်ညွှန်းခြင်း ဖြစ်သည် ဆို၏။

ထို့အပြင် ဥများသည် ခက်ခဲနက်နဲသော ဂမ္ဘီရ သဘောတရားများကိုလည်း ကိုယ်စားပြုသည်။ ဥမ… ကြက်ဥဆိုပါလျှင် ဥခွံကို ဖောက်ခွဲခြင်း မပြုဘဲ အပြင်မှ ခန့်မှန်း ကြည့်ရှု… လာခြင်းဖြင့် ဥအတွင်းနှစ်၏ အရော… ကို ခန့်မှန်းရန် မလွယ်လှပါ။

ထို့ကြောင့် ခက်ခဲနက်နဲ၍ လျှို့ဝှ… အပ်သော ကိစ္စများတွင် ဥကို သင်္ကေ… အဖြစ် အသုံးပြုလေ့ရှိကြသည်။ တာ… ပေး ခိုင်းစေသော အလုပ်ကိစ္စအတွ… ဥတစ်လုံးကို ရရှိလျှင်၊ ပေးပို့ခဲ့သူ… ခက်ခဲ နက်နဲလှသည်။ ကျား… ကျားခဲ၊ ရေကုန်ရေခန်း၊ မဆုတ်… ကြိုးစားနိုင်ပါမှ မျှော်လင့်ချက်… မြင်နိုင်သည်ဟု သတိပေး၊ အသိ… အကြောင်းကြားခြင်း ဖြစ်သည်။

## မျက်စိ

အသိဉာဏ်နှင့် ခံစားချက်…



www.burmeseclassic.com

www.burmeseclassic.com



စာရေးရိက္ခာ ဖူလုံပြည့်စုံခြင်းတို့၏ အထိမ်းအမှတ်ဖြစ်သည် ဆို၏။ မျက်စိသူငယ်အိမ်တွင်းရှိ မျက်ဝန်းနက်သည် နေဝန်းပမာရှိ၍ အထက်အောက် မျက်ခမ်းနှစ်ဖက်က ပါးစပ်နှင့်တူ၏၊ နေလုံးကြီးအား ကိုက်ထားသည့် ပါးစပ်ပုံစံ ဖြစ်၏။

နေမှာ အသိဉာဏ်အလင်းနှင့် ခံစားမှုများ၏ သင်္ကေတဖြစ်၍ ပါးစပ်ကား စာရေးရိက္ခာကို ရည်ညွှန်းသည်။ ထိုနေလုံးကို ခဲထားသော နှုတ်ခမ်းနှစ်လွှာပုံစံ မျက်စိဖြစ်သောကြောင့် ဖော်ညွှန်းခြင်း ဖြစ်လေသည်။

## မီး

တရုတ်လူမျိုးတို့၏ ဓလေ့တွင် ရှေးခေတ်က ယဇ်ပူဇော်ရန်၊ နတ်ဒေဝတာများအား ပူဇော်ပသရန် ပူဇော်ဖွယ်ပစ္စည်းများအနက် ( )ချန့် (Chàng) ဟုခေါ်သော ကျောက်စိမ်းနီပြားဝိုင်းလည်း ပါဝင်သည်။

**ယင်း**သည် ဂူယှင်း စာတ်ကြိုးငါးပါးအနက်မှ မီးဓာတ် ဟော့ယှိုင်း (Huǒ Xíng)ကို ကိုယ်စားပြုသောပစ္စည်း ဖြစ်သည်။ နေသွားလမ်းတွင် လှည့်ပတ်သွားလာနေသော နေဝန်းကို ရည်ညွှန်းသည်။

အီဂျစ်လူမျိုးတို့၏ အရုပ်စာပေတွင်လည်း မီးကို နေဝန်းအတွက် ရည်ညွှန်းသုံးစွဲလေ့ရှိကြသည်။ မီးတောက်သည် အသက်ရှင်နေထိုင်မှုဘဝနှင့် ကျန်းမာသန်စွမ်းခြင်း နိမိတ်ဖြစ်သည်။ ကိုယ်ခန္ဓာတွင်း အပူရှိန်ရှိနေခြင်းကို ညွှန်းသည်။

အေးစက် တောင့်တင်းနေသော ကိုယ်ခန္ဓာသည် အသက်ဝိညာဉ် ကင်းမဲ့သော အလောင်းကောင်သာ ဖြစ်လေသည်။

မီးသည် ရုပ်ပိုင်းဆိုင်ရာ စွမ်းအင်များသာမက စိတ်ပိုင်းဆိုင်ရာ စွမ်းအင်များအတွက်ပါ ကိုယ်စားပြုသော သင်္ကေတတစ်ခု ဖြစ်ပေသည်။

**ဟူဂျင်းဇီ**

---

**စာမျက်နှာ (၁၈၆)မှ အဆက်**

သူငယ်ချင်းဖြစ်သူ ဦးသိန်းကျော်အောင်က...

'အဲဒီဂါထာကို ငါ့ကိုလဲပေးပါဦးကွာ။ ငါလဲ ဒီနှစ်ပိုင်းတွေမှာ စီးပွားရေး မကောင်းဘူး။ အလုပ်ထဲမှာလဲ စိတ်ညစ်နေရတယ်'

စာရေးသူက...

'လောကမှာ ကံမရှိတော့ ဉာဏ်ရှိတိုင်းမွဲ ဆိုသလိုပေါ့ကွာ။ ကံဇာတာအားနည်းလို့ အလုပ်အကိုင် စီးပွားအဆင်မပြေဖြစ်တဲ့အခါ ဒီဂါထာကို မင်း ယုံယုံကြည်ကြည် အဓိဋ္ဌာန်ဝင်ပြီး ပုတီးစိပ်ပါ၊ ရွတ်ဖတ်ပူဇော်ပါ၊ အကျိုးရှိလာလိမ့်မယ်။ ငါလက်တွေ့ပဲ သူငယ်ချင်း'

ဟုဆိုကာ ဂါထာကို ရေးပေးလိုက်ပါသည်။

၂၀၀၄ ခုနှစ်၊ ဇန်နဝါရီလတွင် ဦးသိန်းကျော်အောင် စာရေးသူဆီရောက်လာသည်။ စာရေးသူကို မြင်မြင်ချင်း...

'မင်းပေးတဲ့ဂါထာ သိပ်စွမ်းတာပဲကွာ။ ငါ ဒီကပြန်သွားပြီး မင်းပြောတဲ့အတိုင်း အဓိဋ္ဌာန်ဝင်ပြီး ရွတ်ဖတ်တယ်။ (၅)လလောက်အကြာမှာ ငါ ရာထူးတိုးတယ်။ ပြီးရင် ငါ အလုပ်စဝင်တုန်းက အထက်အရာရှိနဲ့အတူတူ တာဝန် ထမ်းဆောင်ရတယ်။

အဲဒီမှာ ငါ့ရဲ့ လုပ်ဆောင်ချက်တွေကို ဆရာက ယုံယုံကြည်ကြည်ပေးအပ်တော့ ငါ အစွမ်းကုန် ကြိုးစားပြီးလုပ်ကိုင်ပေးတယ်။ ငါ ယခု အဆင်ပြေသွားပြီ သူငယ်ချင်း။ ငါမင်းကို သိပ်သတိရတယ်။ ကျေးဇူးလဲတင်တယ်ကွာ'

'အေးပါကွာ ငါမင်းကို ခုလို မြင်ရ၊ တွေ့ရ၊ ကြားရတာ ငါ အထူး ဝမ်းသာပါတယ်'

စာရေးသူအနေဖြင့် ဤ "သု" (၈)လုံးပါ ဂါထာတော်၏ အစွမ်းထက်မြက်ခြင်းကို လက်တွေ့ ခံစားဖူးသူဖြစ်၍ (၇)ရက်သားသမီးများ စီးပွားရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ကိစ္စများမှာ အောင်မြင်မှု၊ အဆင်ပြေမှု ရရှိကြစေရန် စေတနာမွန်ဖြင့် ရေးသား ဖော်ပြအပ်ပါသည်။

မှတ်ချက်

**ဂါထာတော်ကို ချီးမြှင့်ပေးခဲ့သော ဦးစက္ကပါလ ဆရာတော်အား ကျေးဇူးတင်ပါသည်ဘုရား။**

**ဗိုလ်မင်း(မင်းလှ)**



www.burmeseclassic.com

www.burmeseclassic.com

လက်ဖဝါးပြင်မှ အရေးကြီးသော

# ကျွန်းများ

သရာကြီးဦးအောင်မြင့်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ




ယခုဖော်ပြပေးလိုက်သော ဘယ်လက်ဖဝါးပြင်ပုံစံမှာ အသက်(၁၈)နှစ်အရွယ် အမျိုးသားလူငယ်တစ်ဦး၏ ဘယ်လက်ဖဝါးပြင်ပုံစံ ဖြစ်ပါသည်။

ထိုလူငယ်၏ ကံကြမ္မာ အခြေအနေကို ယေဘုယျသဘော အကဲခတ်နိုင်ရန် ဘယ်လက်ဖဝါးပြင်ကို စတင်စစ်ဆေး ကြည့်ရှုရမည် ဖြစ်သည်။

"ရေလယ်ခေါင်သောင်ထွန်း၊ နတ်သမီးနေတဲ့ကျွန်း"

ဟူ၍ ရှေးက စကားထာဝှက်လေ့ရှိကြသည်။ အဖြေမှာ "**ကျောက်ပျဉ်**" ဖြစ်သည်။ သနပ်ခါးသွေးသော ကျောက်ပျဉ်၏ပတ်လည်မှာ ရေစီးကျရန် ရေမြောင်းသဖွယ် ပြုလုပ်ထားသည်။ အလယ်မှာ ကျောက်သားပြင်ရှိသည်။

**"ရေပတ်လည် ဝိုင်းလျက်ရှိသော ကုန်းမြေကို ကျွန်းဟု ခေါ်ပါသည်။"** ကျွန်ုပ်တို့ငယ်စဉ်က ကျောင်းစာတွင် သင်ခဲ့ရဖူးပါသည်။ ထိုအချက်များကြောင့် လက္ခဏာပညာတွင် အဓိကလမ်းကြောင်းတစ်ခုခု၏ အလယ်မှာ ဆန်စေ့သဏ္ဍာန်ဖြစ်နေသော သင်္ကေတကို "ကျွန်း" ဟု သတ်မှတ် ခေါ်ဆိုခြင်း ဖြစ်သည်။

ဤဆောင်းပါးနှင့်အတူ ဖော်ပြပေးလိုက်သော လက်ဖဝါးပုံစံတွင် ကြည့်ပါ။ "**က**" **အက္ခရာ**နှင့် ညွှန်ပြထားသော နေရာမှာ အသက်လမ်းကြောင်း အပေါ်ပိုင်းတွင် **ကျွန်းသင်္ကေတ(၃)ခု ဆက်**နေခြင်း၊ ထိုကျွန်းသင်္ကေတကို ကန့်လန့်လမ်း ဖြတ်သန်းထားခြင်းတို့ တွေ့ရသည်။


အသက် အပိုင်းအခြားအရဆိုလျှင် အသက်(၁၅)နှစ်မှ (၃၀)ခန့်အတွင်း ထိုသင်္ကေတရှိနေခြင်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

* * *




ထိုအသက်ပိုင်းတွင် နာတာရှည် သဘောမျိုး၊ ကျန်းမာရေး ညံ့တတ်သည်။ အထူးသဖြင့် ဝမ်းဗိုက်၊ အစာအိမ်၊ အူ စသော အစိတ်အပိုင်းတို့မှာ ရောဂါရတတ်ပြီး ခွဲစိတ်ကုသမှုများ ခံရတတ်သည်။

**"ခ" အက္ခရာနှင့်** ညွှန်ပြထားသော နေရာမှာ အသက်လမ်းကြောင်း၏ **အသက်(၃၅)နှစ်မှ (၅၀)နှစ်ခန့် အတွင်း၊** ကျွန်းသင်္ကေတ(၁)ခုရှိနေပြီး ဥပဒ်လမ်း ထိဖြတ်ထားခြင်း မရှိပါ။

* * *





ထိုကျွန်းသင်္ကေတကြောင့် အဆိုပါ အသက်ပိုင်းအတွင်း ဝမ်းဗိုက်ပိုင်းမှာ ရောဂါထပ်မံခံစားရနိုင်သေးသည်။ သို့သော် ခွဲစိတ်ကုသခံရခြင်းမျိုးအထိ မဖြစ်နိုင်ပါ။

ဤလက္ခဏာရှင်မျိုးမှာ အစာစားလျှင် ကြေညက်အောင် ဝါးစားခြင်း၊ အစာမကြေနိုင်သော အစားအစာမျိုးကို ရှောင်ခြင်း၊ ကြေညက်လွယ်သော အစားအစာမျိုးကို ရွေးချယ်စားခြင်း၊ အစားအစာကို အချိန်မှန်စားခြင်း၊ အစားအသောက် ချင့်ချိန်စားခြင်းတို့ ပြုပြင်လိုက်မည်ဆိုပါက အသက်လမ်းကြောင်းပေါ်မှ ကျွန်းသင်္ကေတများ မှေးမှိန် ပျောက်ကွယ်သွားနိုင်ပါသည်။ ထိုရောဂါမျိုးလည်း ခံစားရခြင်း မဖြစ်နိုင်တော့ပေ။

**"ဂ" အက္ခရာနှင့်** ညွှန်ပြထားသည့်နေရာမှာ ဦးခေါင်းလမ်းကြောင်း တစ်လျှောက် ကျွန်းရှည်ကြီးများရှိပြီး လမ်းကြောင်း ကျယ်နေခြင်း ဖြစ်သည်။

ထို ကျွန်းရှည်ကြီးများကြောင့် ဦးခေါင်းပိုင်းမှာ ရောဂါခံစားရခြင်း၊ နာတာရှည်ဖြစ်နေခြင်း၊ အထူးသဖြင့် ခေါင်းမူး၊ ခေါင်းကိုက်ရောဂါမျိုး အာရုံကြော အားနည်းသည့်ရောဂါမျိုး၊ စိတ်မူမမှန်သောရောဂါမျိုးတို့ ဖြစ်တတ်သည်။

* * *




ဤကဲ့သို့ ကျွန်းရှည်ကြီးရှိသူတို့မှာ တစ်ခါတစ်ရံ ဦးနှောက်ထိန်းချုပ်မှု အားနည်းပြီး စကားပြောပျက် လက်လွတ်စပယ်ပြောဆိုတတ်ခြင်း၊ တစ်ခါတစ်ရံ ဘာမဟုတ်သည့် ကိစ္စလေးကိုပင် ရှုရှုးဒိုင်းဒိုင်းဒေါသကြီးခြင်းမျိုး ဖြစ်တတ်သည်။


လူမှုဆက်ဆံရေးမှာ ကောင်းသည့်အခါ အလွန်ကောင်း၊ ဆိုးသည့်အခါ အလွန်ဆိုး ဖြစ်တတ်သည်။ ထို့ကြောင့် မိတ်ဆွေကောင်းမမြဲ၊ ဆရာကောင်းမမြဲ၊ တပည့်ကောင်းမမြဲ ဖြစ်တတ်ကြသည်။

ဤကဲ့သို့ ဦးခေါင်းလမ်းကြောင်းရှိသူတို့မှာ နေ့စဉ် နံနက်၊ ည (၁၀၈)လုံး ပုတီးဖြင့် ဘုရားဂုဏ်တော်(၉)ပါး အနုလုံ,ပဋိလုံ ပုတီးအနည်းဆုံး (၃)ပတ်မှ (၉)ပတ်အထိ စိပ်ပေးခြင်းကို မှန်မှန်ပြုလုပ်ပေးပါက ကျွန်းများ မှေးမှိန် ပျောက်ကွယ်သွားတတ်သည်။

ဦးခေါင်းပိုင်းဆိုင်ရာ ရောဂါများ မခံစားရတော့ဘဲ လူမှုဆက်ဆံရေးလည်း ကောင်းမွန်သွားကြောင်း တွေ့ရသည်။

**"ဃ" အက္ခရာနှင့်** ညွှန်ပြထားသောနေရာမှာ လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံအနီး နှလုံးလမ်းမှာ **ကျွန်းရှည်သင်္ကေတရှိနေခြင်း** ဖြစ်သည်။

* * *




ဤကျွန်းသင်္ကေတကြောင့် နှလုံးသားရေးရာကိစ္စများမှာ အဆင်မပြေဖြစ်နိုင်သည်။ အချစ်ရေး အိမ်ထောင်ရေးဆိုင်ရာ ဆက်ဆံမှုများ ညံ့ဖျင်းပြီး သစ္စာမဲ့တတ်သည်။ ချစ်သူပျက်၊ အိမ်ထောင်ပျက် ဖြစ်တတ်သည်။ အချစ်ရေး အိမ်ထောင်ရေး ကံမကောင်းတတ်ပါ။

ဤကဲ့သို့သော လက္ခဏာရှင်များမှာ နေ့စဉ် နံနက်၊ ည **မေတ္တာပို့ ကျင့်စဉ်များ မှန်မှန် စွဲမြဲစွာလုပ်ခြင်း၊ မေတ္တသုတ် ရွတ်ဖွား ပူဇော်ခြင်းများ နှစ်ပေါက် ဆောင်ရွက်ခြင်းဖြင့် နှလုံးလမ်းကြောင်းပေါ်မှ ကျွန်းသင်္ကေတ မှေးမှိန် ပျောက်ကွယ်သွားပြီး** အချစ်ရေး၊ အိမ်ထောင်ရေး အဆင်ပြေ ကံကောင်းခြင်းများ ဖြစ်လာကြပါသည်။

***ပျက်အစဉ်၊ ပြင်ခဏ၊ ဆန္ဒပြည့်ကြပါစေ။***

*အောင်မြင်ကျော်ကြား*
*ချမ်းသာကြီးပွားအောင်...*

**ဆရာကြီးဦးအောင်မြိုင်**
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ



www.burmeseclassic.com

www.burmeseclassic.com

ကျွန်ုပ်တို့ နတ်မောက်မြို့ ဘုရားကြီး ကျောင်းတိုက်၊ မိုးကုတ် ဝိပဿနာတရား စဉ်နှင့် လုပ်ငန်းစဉ် ပြန့်ပွားရေးအဖွဲ့ နာယက ဆရာတော် ဦးဥပ္ပလကြီးမှူး၍ ကျောင်းတိုက်တွင်းရှိ ပျဉ်မိုးပျဉ်ကာ၊ နှစ်ထပ်ကျောင်းဆောင် ဟောင်းကြီးကို ဖျက်ပြီး၊ သွပ်မိုး(အုတ်ကာ)၊ အုတ်ကာ ပတ်ကား ကျောင်းဆောင်သစ်ကို ဆောက် လုပ်လျက် ရှိပါသည်။

ထိုကျောင်းဆောင်သစ် အတွက် မန္တလေးမြို့ ကြောင်နက်မင်းကုမ္ပဏီပိုင်ရှင် ဦးလှငွေ + ဒေါ်ရွှေယဉ်တို့ ဆွေမျိုးတစ်စု 'ထံသို့ တမာပင်ရပ်နေ ဦးတင်လှက သွား ရောက် အလှူခံပါသည်။

အလှူငွေ သိန်း (၃၅)သိန်းနှင့် (၅) ထောင် အလှူခံရပါသည်။ ဦးတင်လှနှင့် ရင်းနှီးခင်မင်သဖြင့် မန္တလေးမှ ပြန်မလွှတ် သေးဘဲ အလှူရှင်များက ဆရာတော်ထံ သို့ အလှူငွေများကို လာရောက်လက်ခံရန် ဦးတင်လှကို ဖုန်းဖြင့် အပင့်ခိုင်းပါသည်။

ဆရာတော် မအားလပ်၍ ကျွန်ုပ်နှင့် ဦးမောင်မောင်၊ (ဒေါ်ကြင်စိန်၏ မြေး သမက်)တို့ကို သွားရောက် အလှူငွေ လက်ခံရန် တာဝန်ပေးပါသည်။ ၂၀၀၇ ခုနှစ်၊ ဖေဖော်ဝါရီလ၊ (၁၂)ရက်နေ့တွင် အလှူငွေလက်ခံရန် ကျွန်ုပ်တို့နှစ်ယောက် နတ်မောက်မြို့မှ ထွက်ခွာခဲ့ကြပါသည်။

အလှူငွေများ လက်မခံမီ ကျွန်ုပ်တို့ သွားလိုသော နေရာများသို့ လိုက်ပို့ရန် ဦးလှငွေက ကားဆရာ ဦးညိုလေးအား ပြောပါသည်။

ပထမဦးဆုံး အမရပူရမြို့ရှိ မိုးကုတ် ဆရာတော်ကြီး၏ ပြတိုက်သို့ သွားကြပါ သည်။ နောက် ထိုစဉ်က နိုင်ငံကျော် ဓမ္မကထိက ဦးသုမင်္ဂလ သီတင်းသုံးရာ ပြည်ကြီးတံခွန် မိဂဒါဝုန်ကျောင်းတိုက်သို့ လိုက်ပို့ပါသည်။

ထိုကျောင်းတိုက်သို့ ရောက်သောအခါ

နှလုံးရောဂါ သက်သာ ပျောက်ကင်းစေသည့်

# ဆေးလက်ဖက်ခြောက်

ကျွန်ုပ်တို့က ဦးသုမင်္ဂလကို နတ်မောက်မြို့ တရား စခန်းတွင် ဟောကြား ချီးမြှင့်ရန် ပင့်လျှောက် ကြပါသည်။ တစ်နှစ် ပတ်လုံး အားရက်မရှိ၍ ပင့်မရပါ။ ကျွန်ုပ်တို့ နတ်မောက်မြို့က ဒကာ များဖြစ်ကြောင်း သိရှိသွား ပါသည်။



ထိုအခါ ဦးသုမင်္ဂလက...

'ဒကာကြီးတို့ မလာခင်က နတ်မောက် က ဒကာကြီး ဦးစံတင့် လာသွားတယ်'

ဦးစံတင့်ကို သိသလားလို့ မေးသဖြင့် ကျွန်ုပ်တို့ သုံးယောက်က သိကျွမ်း ခင်မင် ပါကြောင်း လျှောက်ထားကြပါသည်။

ဒကာကြီး ဦးစံတင့်က ဆေးတစ်ဖုံ လှူသွားကြောင်း။ ထိုဆေးကို နှလုံးရောဂါ ဖြင့် ဆေးရုံတက်နေသည့် ဦးပဉ္စင်းတစ်ပါး ကို တိုက်ကျွေးကြည့်ကြောင်း၊ ထိုဆေးဖြင့် ရောဂါအတော် သက်သာကြောင်း၊ ထို ဆေးကုန်နေ၍ အမြန်ဆုံး ပို့ပေးရန် မှာကြားပါသည်။

ကျွန်ုပ်တို့ နတ်မောက်မြို့သို့ ပြန်ရောက် သောအခါ ဦးသုမင်္ဂလ မှာကြားလိုက် သောဆေးကို အမြန်ဆုံး ပို့ပေးရန် ကျွန်ုပ် တို့နှစ်ယောက် ဦးစံတင့်တိုက်သို့ သွား ရောက် ပြောကြားပါသည်။

ဦးစံတင့်နှင့် ကျွန်ုပ်တို့နှစ်ယောက် အကျိုးအကြောင်း ပြောကြားရင်း...

'ဦးစံတင့်ဆေးက တကယ် အစွမ်း ထက်ပါလားဗျ။ ခု ဦးသုမင်္ဂလကတောင် ယုံယုံကြည်ကြည် မှာကြားနေတဲ့ ဆေးနည်း၊ ကျွန်ုပ်တို့ကိုလဲ မျှဝေ သုံးစွဲ ပါရစေဦး' ဟု ကျွန်ုပ်က ချီးမွမ်းစကား ပြောလိုက်ရာ ထို အခါကျမှ ဆေးနည်းများကို ပြောကြားရင်း ဆေးတစ်ဖုံစာစီ ထုပ်ထား သော ဆေးထုပ်တစ်ထုပ်စီ လက်ဆောင် ပေးကာ ဆေးနည်းနှင့် ဆေးသောက် နည်းပါ ညွှန်းဆိုပါသည်။

**ဦးစံတင် ပြောပြသော ဆေးအမည် များမှာ...**

(၁) လောက်သေရွက်ခြောက်၊
(၂) မြင်းခွာရွက်ခြောက်၊
(၃) ခံတက်မြစ်အခေါက်ခြောက်၊
(၄) ဥနဲမြစ်ခေါက်ခြောက်၊
(၅) ဆူးပလွေ ပဥ္စငါးပါးအခြောက်၊
(၆) လက်ဖက်ခြောက်

တို့ကို ဆတူရောပြီး နုပ်နုပ်စဉ်း၍ ဆေး မှုကာ ရေနွေးသောက်သည့်အခါ လ ဖက်ခြောက် အစားခတ်ပြီး သောက်ပါ ညွှန်းပါသည်။

ကျွန်ုပ်တို့ နှစ်ယောက်လည်း ဆေး တစ်ထုပ်စီ ယူဆောင်ကာ ရွှင်လ ဦးစံတင့်တိုက်မှ ပြန်လာခဲ့ပါတော့သ

**တင်ယုမွန်**



www.burmeseclassic.com

www.burmeseclassic.com

# မိမိ ဘယ်လိုဇာတာလဲဆိုတာ သိချင်ပါသလား

ဆုမိထိ





မိုးတစိမ့်စိမ့် ဖွဲနေသော အားလပ်ရက်တစ်ရက်ဝယ် အပြင်ထွက်ရမှာ ပျင်းသည်နှင့် မှတ်စုစာအုပ်ဟောင်းများကို လိုက်ရှာကာ ပြန်ဖတ်နေမိသည်။ ထိုအချိန်တွင် ကျွန်မနှင့် အတူနေသူ သူငယ်ချင်းမှ…

'ဂျူတီ(Duty)တက်ရတာ ပျင်းလာပြီကွာ။ ငါ သူနာပြုအလုပ်က ထွက်ပြီး အမေ့ဘေးနားမှာပဲ စက်ပြန်ချုပ်ချင်လာပြီ။ ဘယ်လိုဇာတာလဲ မသိပါဘူးကွာ။ ဖြစ်ချင်တာတခြား လုပ်နေရတာတခြား'

ဟု ညည်းညူကာ ဂျူတီ(Duty)တက်ရန် ပြင်ဆင်နေပါသည်။ သူ့ခမျာလည်း မိုးတစိမ့်စိမ့်ဖွဲသည်နှင့် ရှာကသာအေးကို လွမ်းစိတ်ဝင်လာသလား မသိရပါ။ ဂုဏ်ယူမြတ်နိုးဖွယ်ကောင်းသည့် သူနာပြုအလုပ်ကိုပင် မဆီမဆိုင် စွန့်လွှတ်ချင်နေသည်။

'ဟော့…ဟော့ အဲဒီလိုတော့ မလုပ်ပါနဲ့ဟာ။ ဘယ်လိုဇာတာလဲ သိချင်ရင် ဒီမှာ ငါတွက်ပေးမယ်။ သူနာပြုအလုပ်တော့ မထွက်ပါနဲ့ဟာ။ ကဲ…ကဲ နင့်မွေးသက္ကရာဇ်ပြော'

ဟု ကျွန်မမှ ကပျာကယာပြောကာ စာအုပ်ဟောင်းလေးထဲတွင် ကူးရေးထားသော တွက်နည်းလေးအတိုင်း တွက်ပေးလိုက်ရပါသည်။

ကျွန်မ၏ သူငယ်ချင်းမှာ အညံ့ပိုင်းနှစ်အတွင်း ကျရောက်နေကြောင်း တွေ့ရာ အညံ့ဆိုးများ ကွယ်ပျောက်၍ ကောင်းခြင်းအဖြာဖြာ ကျရောက်လာစေရန် တွက်နည်းလေးထဲတွင် ပါသော ယတြာအား လုပ်ခိုင်းလိုက်ရပါသည်။

သည့်နောက်ပိုင်းတွင် သူငယ်ချင်းမှာ တိုက်ဆိုင်၍လား မသိပါ။ လုပ်ငန်းခွင်အတွင်း ပျော်ပျော်ရွှင်ရွှင်နှင့် တာဝန်ထမ်းဆောင်နေသည်ကို တွေ့ရပါသည်။ စာရှုသူအပေါင်းလဲ မိမိဇာတာကို တွက်ချက်နိုင်စေရန် ကျွန်မ၏ ဆရာထံမှ ကူးယူထားသော တွက်နည်းလေးအား ပြန်လည် ဖောက်သည်ချလိုက်ရပါသည်။

တွက်နည်းမှာ ရိုးရိုးရှင်းရှင်းလေး ဖြစ်သည်။

ပထမဦးစွာ မိမိမွေးသက္ကရာဇ် မြန်မာခုနှစ်ကို (၈)ဖြင့် စားပါ။ ရလာသော အကြွင်းများအတိုင်း မိမိဇာတာကို သိရှိနိုင်ပါသည်။ ဥပမာ… သင်သည် ၁၃၄၅ ခုနှစ်တွင် ဖွားမြင်သည်ဆိုပါက…

**ဥပမာ…**

```
     ၁၆၈
၈ ) ၁၃၄၅
     ၈
     ---
     ၅၄
     ၄၈
     ---
      ၆၅
      ၆၄
     ---
     ၁–အကြွင်း
```

**အကြွင်း ၁ မှာ** စကြဝတေးမင်းဇာတာဖြစ်ပါသည်။ အောက်တွင် အကြွင်းအလိုက် ဇာတာများကို ဖော်ပြထားပါသည်။

၁–ခုကြွင်း (စကြဝတေးမင်းဇာတာ)

ဇာတာရှင်ရဲ့ဘဝဟာ လှုပ်ရှားမှုတွေနဲ့ ပြည့်စုံနေမယ်။ လူတစ်ဖက်သားကို စာနာသနားတတ်သူ ဖြစ်မယ်။ ကတိတည်ကြည်မယ်။ မသိရင် မာနကြီးသူလို့ ထင်စရာရှိပေမယ့် တကယ်တော့ အေးအေးဆေးဆေး နေတတ်သူ ဖြစ်မယ်။ ဖွဲ့ကြိုးပြီး စိတ်အားထက်သန်သူ ဖြစ်တယ်။ ကိုယ်ပိုင်လုပ်ငန်းမှာလဲ ဦးဆောင်နိုင်တယ်။ ဘဝမှာ အလုပ် (၃)မျိုး၊ (၄)မျိုး ပြောင်းရတတ်တယ်။

ကံ့ကံရဲ့အကျိုးကို ယုံကြည်သူဖြစ်ပြီး ငွေရေးကြေးရေးမှာ စည်းကမ်းနဲ့ သုံးသူ ဖြစ်တယ်။ ရသမျှငွေ မိမိသုံးရတာ နည်းမယ်။ ဆွေမျိုးသားချင်းတွေကို ကူညီထောက်ပံ့နိုင်ပေမယ့် ဆွေမျိုးသားချင်းတွေရဲ့ အကူအညီတော့ မရတတ်ဘူး။

ပညာရေးကောင်းတယ်။ ဉာဏ်အမြော်အမြင်ရှိတယ်။ နာမည်ကောင်း ကျော်စော ထင်ရှားတတ်တယ်။ ဘဝ





www.burmeseclassic.com

www.burmeseclassic.com

တွင် ဒုက္ခကြီးနှစ်မျိုး ကြုံရတတ်တယ်။ အိုဇာတာ ပထမတန်းကောင်းပါတယ်။ အိမ်ထောင်ရေးကောင်းမွန်ပြီး ဘာသာတရားလဲ လိုက်စားလိမ့်မယ်။

မိမိအသက်ပေါင်း တစ်ဂဏန်းရတဲ့ နှစ် **ဥပမာ ၁၊ ၁၀၊ ၁၉၊ ၂၈၊ ၃၇၊ ၄၆၊ ၅၅၊ ၆၄၊ ၇၃၊ ၈၂၊ ၉၁** နှစ်တို့တွင် ဘဝအတွက် ကောင်းဆိုးနှစ်ရပ် ကြုံတတ်ပါသဖြင့် အဆိုးတွေပျောက်ပြီး အကောင်းတွေ ရောက်စေရန် ဘုရားတွင် အနီရောင်ပန်းအား လှူဒါန်းပါ။

**ကျန်းမာရေးနှင့် ပတ်သက်လျှင်** အကြောရောဂါ၊ အဆစ်အမျက်ကိုက်ခဲသောရောဂါနှင့် နှလုံးအားနည်းရောဂါများ ရရှိတတ်ပါသည်။


၂-ခုကြွင်း (မိဖုရားခေါင်ကြီးဇာတာ)

ဒီလူစားမျိုးက စိတ်ထဲက တစ်မျိုး၊ ပါးစပ်ကတစ်မျိုး ပြောတတ်တယ်။ စိတ်ထဲရှိတာ ထုတ်ဖော်ပြောတတ်တဲ့ လူစားမျိုး မဟုတ်ဘူး။ ပါးစပ်က ဆဲဆိုကြိမ်းမောင်းပြီးနေပေမယ့် စိတ်ထဲက သနားညှာတာမှုအပြည့် ရှိနေတတ်တယ်။

ရန်သူကိုလဲ မုန်းဟန်ပြတဲ့ လူစားမျိုး မဟုတ်ဘူး။ သူလုပ်သမျှကို ပတ်ဝန်းကျင်က အံ့အားသင့်လောက်အောင် ဖြစ်လိမ့်မယ်။ ပညာရပ်တွေကို စိတ်ဝင်စားတယ်။

ပညာနဲ့ပတ်သက်ရင် ဖွဲ့ ဝီရိယကြီးတယ်။ အနစ်နာခံပြီး လေ့လာတတ်တယ်။ လူတစ်ယောက်ပေါ်မှာ ခင်မင်မိရင် နှစ်နှစ်ကာကာ အနစ်နာခံပြီး ခင်မင်တတ်တယ်။ သူများစိတ်ညစ်ရင် သူပါလိုက်ပြီး စိတ်ညစ်တတ်တယ်။ ကျွေးမွေးပေးကမ်းလိုစိတ် အမြဲရှိတယ်။

ရိုးရိုးအေးအေးနေတတ်ပြီး ဣန္ဒြေ



သိက္ခာ ရှိမယ်။ တည်ကြည်မယ်။ ဒုက္ခကို ဒုက္ခလို့ မထင်တဲ့ လူစားမျိုးလဲ ဖြစ်တယ်။ တစ်ခါတစ်ရံ အားနာမှုကြောင့် နစ်နာဆုံးရှုံးမှု မကြာခဏ ကြုံရတတ်တယ်။

ကိုယ်ကြိုးစားသမျှ သူများအတွက် ဖြစ်ရတတ်တယ်။ ဘယ်တော့မှ စပ်စုရှုပ်ယှက်မလုပ်သင့်တဲ့ လူမျိုးလဲ ဖြစ်တယ်။ လုပ်ရင် ကိုယ်ပဲ အနစ်နာခံရတတ်တယ်။ စိတ်ထားကောင်းပြီး တည်ကြည် ပြတ်သားတယ်။

ထင်မြင် ယူဆမှုတွေအပေါ်မှာ ပြတ်ပြတ်သားသား ကြွေးကြော်တတ်တယ်။ လူအများရဲ့ အထင်ကြီးမှုရော အမြင်ကတ်မှုပါ ခံရတတ်တယ်။ စေတနာ သဒ္ဓါတရားကောင်းသူဖြစ်လို့ စေတနာရဲ့အကျိုးကို မုချ ခံစားရလိမ့်မယ်။ ငွေအစုလိုက်၊ အပုံလိုက် ရတတ်တယ်။ ထိပေါက်တတ်တယ်။ အလှအပမြတ်နိုးပြီး အကုန်အကျများတယ်။

ပထမအရွယ်မှာ ကသီလင်တ ဖြစ်ပြီး ဒုတိယအရွယ်မှာ အသင့်အတင့်ရှိမယ်။ အိုဇာတာ ပထမတန်း ကောင်းမယ်။ ဆွေမျိုးသားချင်း အကျိုးမပေး။ အရည်အချင်း အစစ်အမှန် ပြည့်ဝသူ ဖြစ်မယ်။

မနာလိုတာ၊ ချောက်တွန်းတာ ခံရတတ်တယ်။ ကောလာဟလနဲ့ သိက္ခာကျဆင်းအောင် လှယုံ သစ္စာဖောက်တာ ခံရတတ်တယ်။

ဖော်လံမဖားတတ်ပါ။ **၆၆ရဲ့**

**အသက်ပေါင်း (၂)ဂဏန်းရတဲ့နှစ် ဥပမာ ၂၊ ၁၁၊ ၂၀၊ ၂၉၊ ၃၈၊ ၄၇၊ ၅၆၊ ၆၅၊ ၇၄၊ ၈၃၊ ၉၂ နှစ်ပိုင်း ကာလတွေမှာ** ဘဝအတွက် ကောင်းဆိုးနှစ်ရပ် ကြုံတတ်ပါသဖြင့် အဆိုးတွေပျောက်ပြီး အကောင်းသာ ရောက်စေရန် အဖြူရောင်ပန်းဖြစ်စေ၊ ထီး၊ တံခွန်၊ ကုက္ကားဖြစ်စေ လှူပေးပါ။

ကျန်းမာရေးနှင့် ပတ်သက်လျှင် အဆုတ်နှင့် နှလုံးအားနည်းတတ်ပါသည်။

၃-ခုကြွင်း (စစ်သေနာပတိဇာတာ)

ပျော်ပျော်နေသောခဲ လူစားမျိုးဖြစ်တယ်။ စကားပြောကောင်းသလို အပေါင်းအသင်းလဲ ဆံ့ပါတယ်။ စိတ်လွတ်ကိုယ်လွတ် ပေါ့ပေါ့သမားဖြစ်ပြီး ချုပ်ချယ်မှုနဲ့ စည်းကမ်းကို သဘောမကျသူ ဖြစ်ပါတယ်။ စွမ်းရည်ပြည့်စုံသူဖြစ်ပေမယ့် ချမ်းချမ်းသာသာနေရရင် အရည်အချင်းတွေ ငုပ်နေတတ်တယ်။

ပေါ့ပေါ့ဆဆ နေတတ်တယ်။ ခရီးသွားရတာ ဝါသနာပါမယ်။ ဘယ်နေရာမှာမှ ကြာကြာမနေတတ်ပါ။ လှုပ်လှုပ်ရှားရှားနေရမှ နေသာထိုင်သာရှိတယ်။

ရပ်ရွာရေးမှာလဲ ဂုဏ်သတင်းကျော်စေမယ်။ နိုင်ငံရေးဝါသနာပါပြီး အောင်မြင်တတ်တယ်။ စီမံကိန်းနဲ့ လုပ်ရတဲ့လုပ်ငန်းမျိုးနဲ့ အလုပ်မဖြစ်ဘူး။ လက်ငင်းအကျိုးရှိမယ့် အလုပ်မျိုးကို သဘောကျတယ်။ ပညာရေး အထင်မကြီးတတ်ပါ။ ကြိုးစားရင် အောင်မြင်တတ်တယ်။

စိတ်နှစ်ခွ ဖြစ်နေတတ်တယ်။ ပြ... သားမှ အလုပ်အဆင်ပြေမယ်။ မိတ်ဆွေစစ်၊ မိတ်ဆွေတုတွေပါ ပိုင်း



www.burmeseclassic.com

www.burmeseclassic.com

နေတတ်တယ်။ အိမ်ထောင်ရေးမှာ မိမိ အပေါ်မူတည်နေ၍ အထူး ဂရုစိုက် ရွေးချယ်တတ်ဖို့ လိုပေလိမ့်မယ်။ ယောက္ခမအိမ်မှာနေရင် ဆင်းရဲလိမ့်မယ်။

သီးခြားနေမှ တော်ကာကျမယ်။ ပတ်ဝန်းကျင်ကြားဝင်လို့ စိတ်အနှောင့်အယှက်ဖြစ်မယ်။ သို့သော် ကွဲကွာကိန်းတော့ မရှိပြန်ပေဘူး။ မိမိအသက်ပေါင်း (၃)ဂဏန်းရတဲ့နှစ်တွေမှာ အညှို့ဆိုးတွေပျောက်ပြီး ကံကောင်းလာစေရန် ပန်းမျိုးစုံမွှေ့ရာနဲ့ ထီး၊ တံခွန်လှူပါ။


ဥပမာ ၃၊ ၁၂၊ ၃၀၊ ၃၉၊ ၄၈၊ ၅၇၊ ၆၆၊ ၇၅၊ ၈၄၊ ၉၃ နှစ်တို့တွင် ဘဝအတွက် ကောင်းဆိုးနှစ်ရပ် ကြုံတွေ့တတ်ပါတယ်။ သွေးနဲ့ပတ်သက်သော ရောဂါ ဂရုစိုက်ပါ။

၄-ခုကြွင်း (အိမ်ရှေ့ဥပရာဇာ ဇာတာ)

စိတ်ရှည်ပြီး ဖွဲ့ရှိမယ့် လူစားဖြစ်တယ်။ ပင်ကိုအရည်အချင်း ပြည့်စုံမှုကြောင့် အောင်မြင်ကျော်ကြားမှု ရရှိမယ်။ ဆင်းရဲပင်ပန်းခံနိုင်တဲ့ လူစားမျိုးပဲ။ စိတ်ကောင်း၊ နှလုံးကောင်းရှိပြီး တရားမျှတမှုကို မြတ်နိုးမယ်။

လူများစုနဲ့နေတတ်ပြီး အပေါင်းအသင်းခံမင်ကာ အပျော်အပါးလိုက်စားမယ်။ ပထမအရွယ်မှာ ကြိုးစားပမ်းစားလှုပ်ရှားရတတ်တယ်။ မူးယစ်သောက်စားမှုနဲ့ မိန်းမကိစ္စရှောင်နိုင်မှ ဘဝမှာ အောင်မြင်မယ်။ ပစ္စည်းစုဆောင်းမှု ဝါသနာပါပေမယ့် သူများကြောင့် ဆုံးရှုံးတတ်တယ်။

ကိုယ်ထူးကိုယ်ချွန် ဇာတာမျိုးပါပဲ။ ငယ်ငယ်ရွယ်ရွယ်နဲ့ အိမ်ထောင်ပြုချင်တယ်။ ပြုရင် မှားမှာပဲ။ အိမ်ထောင်ပြုပြီး (၃-၄)နှစ်အတွင်း ကသီလင်တဖြစ်တတ်တယ်။ အရွယ်လတ်ပိုင်းမှာ



အိမ်ထောင်ပြုသင့်ပါတယ်။ ရိုးသားအေးဆေးတဲ့ အိမ်ထောင်ဖက်ကောင်းကို ရတတ်ပါတယ်။

အိမ်ထောင်ပြုပြီး (၅)နှစ်ကျော်ရင် ကောင်းစားနိုင်တယ်။ အိမ်ထောင်ဖက်ရဲ့ ဆွေမျိုးသားချင်းတွေနဲ့တော့ မတည့်တတ်ဘူး။ မိမိအပေါ် အမြဲ တင်စီးခံရတတ်တယ်။ ကိုယ့်အိမ်နဲ့ကိုယ် ခွဲပြီးနေပါ။ ကေန်မုချ ကြီးပွားလိမ့်မယ်။ သူများကို မှီခိုနေသမျှ မကြီးပွားနိုင်ပါ။

မိမိအသက်ပေါင်း **(၄)ဂဏန်းရတဲ့နှစ် ဥပမာ ၄၊ ၁၃၊ ၂၂၊ ၃၁၊ ၄၀၊ ၄၉၊ ၅၈၊ ၆၇၊ ၇၆၊ ၈၅၊ ၉၄ နှစ်တို့တွင်** အကောင်းအဆိုးနှစ်ရပ် ကြုံနိုင်ပါသဖြင့် ဘုရားတွင် **အဝါရောင်ပန်းမွှေ့ရာ လှူရမယ်။ ဆီမီး သက်စေ့လှူရင် အားလုံး အဆင်ပြေသွားလိမ့်မယ်။**

ကျန်းမာရေးနဲ့ပတ်သက်ရင် မူးမော်ခြင်း၊ ကိုက်ခဲခြင်း စသောရောဂါများ ဖြစ်တတ်ပါတယ်။

၅-ခုကြွင်း (ရာဇဂုရု)မင်းဆရာ ဇာတာ

တည်ကြည်ပြတ်သားပြီး စိတ်နှလုံးဖြူစင်တဲ့ လူစားမျိုးဖြစ်တယ်။ ရောင့်ရဲတင်းတိမ်တတ်လို့ အခွင့်အရေးတွေ ဆုံးရှုံးရတတ်တယ်။ ကျေးဇူးသိတတ်သူဖြစ်တယ်။ အပေါင်းအသင်းဆိုးနဲ့ တွေ့တတ်တယ်။ အလုပ်နဲ့ပတ်သက်ပြီး စိတ်ကူးယဉ်တတ်တယ်။

စဉ်းစားလွန်းလို့ ပြဿနာဖြစ်တာ နည်းမယ်။ ဒါပေမယ့် ဖွဲ့ဝီရိယကြီးတယ်။ မဖြစ်မနေ လုပ်မယ့်လူစားမျိုးပဲ။ ကိုယ်တိုင်လုပ်ရမှ ကျေနပ်ပြီး သူများလုပ်တာကို အားမလိုအားမရ ဖြစ်တတ်တယ်။

ရိုးသားလွန်းပြီး ပရိယာယ်မကြွယ်ဝသူ၊ အဖြောင့်သမားသက်သက် ဖြစ်တတ်တယ်။ ပထမအရွယ်မှာ ဆင်းရဲပင်ပန်းမယ်။ ဒုက္ခအမျိုးမျိုး တွေ့ရတတ်တယ်။ အထင်သေးအမြင်သေး ခံရတတ်တယ်။

ဒုတိယအရွယ်မှာ အောင်မြင်မှုအစပြုမယ်။ ဒါပေမယ့် ကြီးကြီးကျယ်ကျယ် မအောင်မြင်နိုင်ဘူး။ စိတ်တိုတာ၊ ဒေါသကြီးတာ၊ မာနကြီးတာ၊ အစားကြီးတာ၊ ဇီဇာကြောင်တာ၊ ပြဿနာရှာတတ်တာ၊ အအိပ်ကြီးတာ၊ သဝန်တိုတာ စတဲ့ ချို့ယွင်းချက်ကြီးတွေကြောင့်ပါပဲ။ အဲဒီ ချို့ယွင်းချက်ကြီးတွေကို ပြင်နိုင်ရင်တော့ ထိရောက်တဲ့ အောင်မြင်မှုကို ခံစားရမှာ အမှန်ပါပဲ။

ဘဝမှာ တက်လိုက်ကျလိုက်ဖြစ်ပြီး အမြဲတမ်း ရန်အနှောင့်အယှက် ပေါ်တတ်တယ်။ ဘာပဲလုပ်လုပ် စိတ်ညစ်ရတတ်တယ်။ အိမ်ထောင်ရေးနဲ့ ပတ်သက်ရင် ကိုယ်တိုင်ရွေးချယ်ဖို့ မသင့်တော်ပါ။ လူကြီးမိဘ ပေးစားတာ ယူရင် ကောင်းပါတယ်။

အစပိုင်းမှာ မကျေနပ်သလို ရှိပေမယ့် နောက်ပိုင်းမှာ အထူး စိတ်ချမ်းသာရမှာ အမှန်ပါပဲ။ ပထမအရွယ် ကုန်ခါနီးမှာ အိမ်ထောင်ပြုရတတ်ပါတယ်။

မိမိအသက်ပေါင်း **(၅)ဂဏန်းရတဲ့နှစ် ဥပမာ ၅၊ ၁၄၊ ၂၃၊ ၃၂၊ ၄၁၊ ၅၀၊ ၅၉၊ ၆၈၊ ၇၇၊ ၈၆ တို့လို နှစ်မျိုးတွေမှာ** ဘဝအတွက် ဆိုးကောင်းနှစ်ရပ်



www.burmeseclassic.com

www.burmeseclassic.com

ကြုံနိုင်လို့ ရေ၊ နှင်းဆီပန်းရောင်စုံ သက်စေ့၊ ကြေးခေါင်းလောင်း လှူမယ်ဆိုရင် အဆိုးတွေပျောက်ပြီး အကောင်းတွေ ရောက်ရှိလာပါလိမ့်မယ်။

ကျန်းမာရေးအနေနဲ့ကတော့ အဆစ်အမျက်ကိုက်ခဲတဲ့ အပေါ်ယံ ရောဂါလေးပဲ ရတတ်ပါတယ်။


၆-ချကြွင်း (တပင်တိုင်မြနန်းစံသမီးတော် ဇာတာ)

တပင်တိုင် မြနန်းစံသမီးတော်ဇာတာရှင်ဟာ စိတ်ထားနူးညံ့သိမ်မွေ့ပြီး တစ်ဖက်သားအပေါ် ကူညီတတ်တဲ့ လူစားမျိုးပါပဲ။ ဒါပေမယ့် တစ်ခါတစ်ခါ တစ်ဖွတ်ထိုးလုပ်တတ်လို့ အမှားတွေ တွေ့ဖူးတယ်။ နောင်တရလဲ ခဏပါပဲ။ ထင်ရာဖွတ်လုပ်တတ်တဲ့ အကျင့်ကြောင့် ခက်တယ်။

တာဝန်ကျေပွန်တဲ့စိတ် ရှိတယ်။ စိတ်ရှည်လက်ရှည် အံ့သြလောက်အောင် လက်စွမ်းပြတတ်ပါတယ်။ တစ်ခါတလေတော့ ပြီးစလွယ် လုပ်တတ်ပြန်သေးတယ်။ စိတ်မြန်လက်မြန် ရှုးရှုးဒိုင်းဒိုင်းအကျင့်ကြောင့် ခက်နေတာပါ။

သူများမြှောက်ပေးတိုင်း မလုပ်ချင်နဲ့။ ကိုယ့်စိတ်ကူး၊ ကိုယ့်အကြံဉာဏ်နဲ့သာ လုပ်ပါ။ တိုးတက်အောင်မြင်မှုကို ရမှာ အသေအချာပဲ။ မထုံတက်တေး အမူအကျင့်ကြောင့် မာနကြီးသလိုလို ဘဝင်မြင့်သလိုလို မြင်တတ်ကြတာ မဆန်းပါဘူး။ လူငြိမ်သလောက် စိတ်ကတော့မငြိမ်ဘူး။ အမြဲ လှုပ်လှုပ်ရှားရှား ဖြစ်နေတတ်တယ်။

အားနာစရာရှိရင် အားနာတတ်ပေမယ့် တစ်ခါတစ်ခါကျတော့လဲ ပက်ပက်စက်စက် ပြောတတ်သေးတယ်။ စိတ်ကူးဉာဏ်ကောင်းပြီး တိုး



တက်တဲ့အမြင် ရှိပါတယ်၊ စိတ်တိုတာ၊ ဒေါသကြီးတာ ပြင်လိုက်ရင် မဆိုးဘူး။ ဘာပဲလုပ်လုပ် လူတွေ စိတ်ဝင်စားမှုရှိအောင် ကြံတတ်ဖန်တတ်ပါတယ်၊ သူများ အထင်ကြီးတာလဲ ခံချင်တတ်တယ်။ ကိုယ့်အကြံအစည်ကို ထုတ်မပြောလိုက်ပါနဲ့။ ကိုယ်မလုပ်ရဘဲ သူများက ဦးနှောက်ဖောက်စားသွားဦးမယ်။

အမြဲတမ်း အတိုက်အခံရှိတယ်။ လခစားအလုပ် အကျိုးမပေးဘူး။ ဘာမဟုတ်တာလေးတွေနဲ့ မကြာခဏ စကားများရတတ်တယ်။ အိမ်ထောင်ရေး ကံကောင်းပါတယ်။ မိမိရဲ့ **အသက်ပေါင်း (၆)ဂဏန်းရတဲ့နှစ် ဥပမာ ၆၊ ၁၅၊ ၂၄၊ ၃၃၊ ၄၂၊ ၅၁၊ ၆၀၊ ၆၉၊ ၇၈၊ ၈၇** နှစ်တို့တွင် ဘဝအတွက် ကောင်းဆိုးနှစ်ရပ် ကြုံတတ်ပါသဖြင့် အဆိုးဟူသမျှ ပျောက်ပြီး အကောင်းဟူသမျှ ရောက်စေရန် ဘုရားတွင် ရေလှူပါ။ ပန်းမျိုးစုံ၊ ထီး၊ တံခွန်၊ ကုက္ကားလှူပါ။ အဆိုးတွေ ပျောက်ပြီး အကောင်းတွေ ရောက်လာပါလိမ့်မယ်။

ကျန်းမာရေးနဲ့ပတ်သက်ရင် နှလုံးအားနည်းတဲ့ရောဂါ ရရှိတတ်ပါတယ်။

၇-ချကြွင်း (မင်းမှုထမ်းများဇာတာ)

လူအများစုရဲ့ အထင်ကြီး လေးစားမှု ခံရမယ်။ လူတချို့ရဲ့ အမြင်ကတ်တာလဲ ခံရမယ်။ အနစ်နာခံပြီး ကူညီတတ်တဲ့ ပါရမီထူး ရှိသူပါပဲ။ စိတ်သဘောထားကောင်းသလောက် အပေါင်းအသင်းဆံ့ပါတယ်။ ဒါပေမယ့် တွေ့ကရာရှစ်သောင်း လူ့ဘောက်သောက်နဲ့တော့ မပေါင်းပါဘူး။ လူရွေးပြီး ပေါင်းတတ်ပါတယ်။

အပြောသမားမဟုတ်၊ လက်တွေ့သမားဖြစ်ပြီး ရဲရင့်ပြတ်သားမှု၊ သစ္စာကတိတည်ကြည်မှုကြောင့် လူတိုင်းနဲ့ သဘောထားချင်း တိုက်ဆိုင်ဖို့ မလွယ်ပါဘူး။ အမှတ်အသားကြီးပြီး လက်စားချေချင်တဲ့ ဉာဉ်ကလေးကလဲ ပါသေးတယ်။

ဒီတော့ ရန်များတာလဲ မဆန်းပါဘူး။ သြဇာပေးချင်တယ်။ ဆရာလုပ်ချင်တယ်။ ဆရာလုပ်လောက်တဲ့ အရည်အချင်းမျိုးလဲ ရှိပါတယ်။ ဆွေမျိုးသားချင်းတွေထက် အမြဲအဆင့်မြင့်နေမယ်။ မြင့်အောင်လဲ ကြိုးစားချင်စိတ် ရှိတယ်။

အိမ်ထောင်ရေးကံလဲ ရှိပါတယ်၊ ရန်တကျက်ကျက်ဖြစ်တာတော့ မဆန်းပါဘူး။ လင်နဲ့မယား လျှာနဲ့သွား မဟုတ်ပါလား။ **မိမိအသက်ပေါင်း (၇)ဂဏန်းရတဲ့နှစ် ဥပမာ ၇၊ ၁၆၊ ၂၅၊ ၃၄၊ ၄၃၊ ၅၂၊ ၆၁၊ ၇၀** နှစ်တို့တွင် ဘဝအတွက် ကောင်းဆိုးနှစ်ရပ် ကြုံတတ်ပါသဖြင့် အကောင်းဘက်ရောက်စေရန် ပန်းအဖြူပွင့် (၁၀၀)လှူပါ။ မွေးနံ့ဂြိုဟ်ဘုရားမှာ ရေသပ္ပာယ်ပါ။

ကျန်းမာရေးနှင့်ပတ်သက်၍ အစာအိမ်ရောဂါ၊ လေနာရောဂါ၊ ကျား/မ ဆိုင်ရာရောဂါများ ရရှိတတ်ပါသည်။

၈-ချကြွင်း (တိုင်းသူပြည်သားဇာတာ)

ဤဇာတာရှင်သည် အမြဲတမ်း တက်တက်ကြွကြွ လှုပ်လှုပ်ရှားရှား နေ

(စာမျက်နှာ (၁၉၈) သို့)



www.burmeseclassic.com

www.burmeseclassic.com



သူငယ်ချင်းတစ်ယောက်ရဲ့

# ဂဏန်းလက်ဆောင်

အောင်ခိုင်
(လပွတ္တာ)

တစ်နေ့ လပွတ္တာမြို့(ခေါ်) ရွှေတာမြို့ကလေး၏ အမှတ်(၇)ရပ်ကွက် ဦးညွန့်ကဖီးတွင် နံနက်(၈း၀၀)နာရီခန့်...

စာရေးသူနှင့် သူငယ်ချင်းတစ်ဦးသည် အတူတူထိုင်၍ လက်ဖက်ရည်သောက်နေကြရင်းနှင့် စကားအစဖြစ်ပြီး မြန်မာ့ပညာရပ်များ၏ နက်ရှိုင်းမှု၊ ဆေးနည်းတိုများ၊ ဂါထာမန္တန်၊ မန္တရားများအစွမ်းတို့ကို ဦးတည် ပြောဆိုနေကြသည်။

စာရေးသူမှ...

'ရှေးမြန်မာပညာ စွမ်းအင်တို့ရဲ့ အံ့ဩဖွယ်ရာများကို ဒီခေတ်မှာ ပြောပြရင် ပုံပြင်ဒဏ္ဍာရီသာ ဖြစ်လိမ့်မယ်။ လက်တွေ့ပြနိုင်အောင် လေ့လာဆည်းပူး ရှာဖွေရမယ်'

ဟု ပြောတော့ ကိုမြင့်စန်းမှ...

'အေး... ငါ့အဖေ အမွေပေးခဲ့တဲ့ နို့ချောင်းပိတ်ပညာနဲ့ ငါကယ်တင်ပေးခဲ့တာ (၁၀)ယောက်ကျော်ခန့် အောင်မြင် ပျောက်ကင်းမှုတွေ ရှိတယ်လေ'

စာရေးသူမှ...

'ကိုမြင့်စန်း ကျွန်တော့်ကို သင်ပေးလို့ရမလား'

ကိုမြင့်စန်းမှ...

'ရပါတယ်၊ ကဲ... သေသေချာချာ မှတ်ပေတော့...

ပထမ လူနာရဲ့ မွေးနေ့ကိုမေး၊ ဒုတိယ မီးရဲအောင် မီးမွှေးပါ၊ တတိယ အုတ်ခဲသန့်သန့် (အနာမပါစေနဲ့) တစ်လုံးနဲ့ မီးသွေးခဲတစ်ခုရှာ။'

လုပ်ဆောင်ပုံ...

''ဥပမာ'' လူနာမွေးနံက အင်္ဂါသမီးပဲထားပါ။ **''သုံး, လေး, ငါး, ခြောက်, ခုနစ်, တစ်, နှစ်''** အုတ်ခဲပေါ်တွင် မီးသွေးခဲနဲ့ အသက်အောင့်ပြီး (၇)ခေါက် စိတ်ထဲမှ ရွတ်ပြီး ရေးပါ။

ပထမရေးသွားသော ဂဏန်းပေါ်ကို ထပ်ကာထပ်ကာ (၇)ခါပြည့်အောင် ရေးရမှာဖြစ်ပြီး ရေးရာတွင် အင်းဆန်သွင်းသလို ဘေးပေါင်(၄)ဖက် (၇)ခါပြည့်အောင် အသက်အောင့် ရေးရမယ်နော် မှတ်ထားပါ။

ပုံစံ

* * *

၃၄၅၆၇၁၂

အင်္ဂါသမီးဖြစ်လို့ (၃)ဂဏန်းက စ,ရေး၊ ရေးပြီးရင် မီးရဲရဲပေါ်တွင် ဂဏန်းရေးထားတဲ့ဘက်ကို မှောက်ထည့်ပြီး ယပ်တောင်လေးနဲ့ မီးပူရှိန်ကောင်းအောင် ခတ်ခတ်ပေးပါ။

အုတ်ခဲကို ကိုင်ကြည့်လို့ ပူချစ်လာရင် အုတ်ခဲကို မီးဖိုဘေးချထား၊ အေးသွားအောင်ဆိုပြီး ရေမလောင်းနဲ့။ သူ့ဘာသာသူ အေးသွားလိမ့်မယ်။ အုတ်ခဲလဲ ပူချစ်လာရော နို့လဲ ပျော်ကျသွားရောပေါ့'

စာရေးသူက...

'ဘာမှ အဆက်အသွယ်မရှိဘဲနဲ့ ပျော်ကျတယ်လို့ ပြောရင် လက်တွေ့မမြင်ရသူတွေ ယုံမှာ မဟုတ်ဘူးနော်'

'ကဲ... ထမင်းစားချိန်ရောက်တော့မယ် ပြန်ကြအောင်'

လမ်းခွဲကြလေ၏။

ကိုမြင့်စန်းက ပြောသွားသေးသည်မှာ ''လက်တွေ့ ကယ်ကြည့်လို့ မဟုတ်ဘူးဆိုရင် မင်းနဲ့ငါဟာ အမြဲတမ်း တွေ့နေတာပဲ ကြိုက်သလို ပြောပါ။ မင်းသိက္ခာကိုကျအောင် ငါ မလုပ်ဘူး''တဲ့။

ကျွန်တော် ပညာယူပြီး (၁၅)ရက်၊ (၁၆)ရက်ခန့် ရောက်သောအခါ စာရေးသူအိမ်နဲ့ ပေ(၁၇၀၀)ခန့် ကွာခြားသော အိမ်မှ မဝင်းဝင်းသည် နို့ချောင်းပိတ်လို့ နာကျင်ကိုက်ခဲပြီး အပူတက်သလိုလို၊ အဖျားတက်သလိုလိုနဲ့ ညည်းညူနေတာပဲ။

ကလေးကလဲပဲ မိခင်နို့ကို ရတ်တရက်ဖြတ်ပြီးတော့ နို့ဘူးကို တိုက်တော့လဲ အာသာမပြေဘူးနဲ့ ထင်ပါတယ် အငိုမတိတ်ဘူး။

ငါ့ကိုဝင်းဝင်းက ''အစ်ကိုအောင်ခိုန့်



www.burmeseclassic.com

www.burmeseclassic.com

က ဆေးပညာကို လေ့လာလိုက်စားသူ ဖြစ်တယ်။ ကုတတ်မလား မသိဘူး။ အဘွား သွားခေါ်ပေးပါ'' ဆိုလို့ ငါ့တူဆီကို အားကိုးပြီး လာခဲ့တာပါ။ ကျွန်တော်မှ...

'အဘွား ဝင်းဝင်းက ဘာနေမွေးသလဲ'

'ဗုဒ္ဓဟူးပါ ငါ့တူ''

'အဘွားပြန်ပါ၊ ကျွန်တော် ဒီကနေ လှမ်းကုလိုက်ပါ့မယ်။ မိနစ်(၂၀) အတွင်း ကောင်းသွားပါလိမ့်မယ်'

အဘွားက ''ငါ့တူ မင်းညီမရဲ့ ရောဂါကို လိုက်ပြီး မစမ်းသပ်တော့ဘူးလား''

ကျွန်တော်မှ အဘွားကလဲ သူ တစ်ပါးရဲ့ ဖနီးသားမယား နို့ကို ကုတော့လဲပဲ ကုတာပေါ့။ မလိုအပ်ဘဲနဲ့ ကြည့်ခွင့်မရှိပါဘူး'

အဘွားက ''ငါ့တူပညာက ဆန်းကြယ်ပြီး လေးစားလောက်တယ် နော်။ ဒါဆို အဘွား သွားဦးမယ်။ ခွင့်ပြုပါဦး''

ဟု ပြောပြီး ပြန်သွား၏။

ကျွန်တော်လည်း မီးရဲအောင်မွှေးပြီး အုတ်ခဲနှင့် မီးသွေးခဲကို ယူ၍ စီရင်ပြီး မီးဖုတ်လိုက်၏။ အုတ်ခဲပူလာတော့မှ မီးဖိုဘေးချထားလိုက်၏။

* * *

## ၄၅၆၇၁၂၃

ဖနီးသည် ဝေဝေလွင်ကို...

'သွားကြည့်စမ်း... ကောင်းသွားပြီလား'

ဟု...

'ငါမသွားရဲဘူး။ ဒါက ပွဲဦးထွက်စမ်းကုတာ ကောင်းရင်တော်ရဲ့ မကောင်းရင် အရှက်ကွဲမှာ'

ဟု ပြောပြီး လူနာဆီကို ဖနီးအား လွှတ်လိုက်၏။ ဖနီးသည် ပြန်မလာမချင်း ကျွန်တော့်ရင်ထဲမှာ တထိတ်ထိတ်နှင့်ပေါ့။

မိနစ်(၃၀)ခန့်ကြာတော့ ဖနီးသည် ပြုံးပြုံးရွှင်ရွှင်နှင့် အမွှေးတိုင်ထုပ်၊ ဖယောင်းတိုင်ထုပ်ကိုင်ပြီး ပြန်လာလေသည်။

ကျွန်တော်မှ ''ဘယ်လိုလဲဟေ့ အခြေအနေ''

ဟု မေးလိုက်ရာတွင်...

ဖနီးသည်မှ ဝမ်းသာအားရဖြင့် ''ကောင်းသွားလို့ ဘုရားမီးထွန်းပူဇော်ဖို့ အမွှေးတိုင်၊ ဖယောင်းတိုင် ကန်တော့လိုက်တယ်လေ''

သည်တော့မှ ရင်ထဲ အလုံးကျသွားပြီး ကိုမြင့်စန်းအား ကျေးဇူးတင်ကာ ဂုဏ်ယူနေမိသည်။

'ဒါမှ မြန်မာ့ပညာကွ'' ဟု စိတ်ထဲမှ ဝင့်ကြွားလိုက်မိပါသည်။

အနယ်နယ်အရပ်ရပ်မှ မိခင်ဖခင်များ ဝမ်းသာစေရန် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှ မှန်မြတ်သောစေတနာနှင့် ဖော်ပြလိုက်ရပါသည်။

ကျွန်တော့်စေတနာကို လေးစားသော မိတ်ဆွေများ ယုံယုံကြည်ကြည် ကယ်တင်ပါ။ ဒါမှ လက်တွေ့သိပါလိမ့်မည်။

**အောင်ခန့် (လှမ္မဝါ)**

**စာမျက်နှာ (၁၉၆)မှ အဆက်**

တတ်တယ်။ ဘယ်ပညာရပ်မဆို စိတ်ပါဝင်စားပြီး အနစ်နာခံ သင်ကြားလိုစိတ်တော့ ရှိပါရဲ့။ ကျွမ်းကျွမ်းကျင်ကျင်တော့ မတတ်မြောက်ပြန်ဘူး။ တစ်ဝက်တစ်ပျက်နဲ့ ပြီးရတတ်ပြန်တယ်။

စိတ်ရင်းကောင်းတယ်။ ရိုးသားတယ်။ အောက်ကျခံပြီး ပေါင်းသင်းတတ်တယ်။ မပြောရင် မပြောဘူး။ ပြောရင် တစ်ဖက်သား လူတိုးမဝင်နိုင်အောင် ရေပက်မဝင် ပြောဆိုဆွေးနွေးတတ်တယ်။ မသိရင် စကားနည်းတယ် အေးတယ် ထင်စရာပဲ။ ဒါပေမယ့် ပြောမိရင်တော့ ဘယ်သူမှမယှဉ်သာအောင် ပြောနိုင်ပါတယ်။

အပျော်အပါး၊ အသောက်အစား ဝါသနာကြီးပြီး လိုက်စားတတ်ပါတယ်။ စေတနာထားပြီးတားမြစ်တာမျိုးကို လက်မခံဘူး။ မြှောက်ပေးတာပဲ သဘောကျတတ်တယ်။ ဒါကြောင့် မလုပ်သင့်တာ လုပ်မိပြီးမှားယွင်းမှုတွေနဲ့ကြုံရတတ်တယ်။

အမြဲတမ်း ပျော်ပျော်ရွှင်ရွှင် နေတတ်တယ်။ အပင်ပန်းခံနိုင်သယောင် ရှိပေမယ့် မခံနိုင်ဘူး။ နည်းနည်းပင်ပန်းရင် ဖျားမယ်၊ နာမယ်။ ကိုယ့်စိတ်ကို ကိုယ်အစိုးမရတတ်ပေ။ တွေးတောပူပန်တတ်တယ်။ ဘာသာရေးကို ကိုးစားမယ်။

ဆန်းကြယ်တဲ့ ကံတစ်ခုကတော့ သူများလုပ်ပြီး ကိုယ်က နာမည်ကောင်းရတတ်တာမျိုးပဲ။ ကိုယ်က လုပ်ပြီး သူများ ကောင်းစားတတ်ပါသေးတယ်။

အိမ်ထောင်ရေးကံလဲ ကောင်းပါတယ်။ ဘယ်မိဘနဲ့မှ အတူမနေဘဲ ခွဲနေမှ ပိုပြီး အဆင်ပြေမယ်။ အိုဇာတာကောင်းပြီး စည်းစိမ်ချမ်းသာ မခံစားရဘဲနဲ့ မသေနိုင်ပါ။ ကျန်းမာရေးနဲ့ ပတ်သက်ရင် အကြောရောဂါ၊ သွေးနဲ့ ပတ်သက်တဲ့ ရောဂါကို ဂရုစိုက်ပါ။

**မိမိအသက်ပေါင်း (၈)ဂဏန်းရ... နှစ် ဥပမာ ၈၊ ၁၇၊ ၂၆၊ ၃၅၊ ၄၄၊ ၅... ၆၂၊ ၇၁၊ ၈၀နှစ်တို့တွင်** ဘုရားမှာ ... လှူပါ။ ထီးလှူပါ။ ထုံး သင်္ကန်းသုတ်... ငါးသက်စေ့လွှတ်ပါ။ အဆိုးဟူသမျှပျောက်... ပြီး ကောင်းကျိုးဟူသမျှ ရရှိလာပါလိ... မည်။

အထက်ပါ တွက်နည်းလေးအတိုင်း... မိမိဇာတာကို တွက်ချက်၍ ဆန်းစစ်... ကြပါသည်။ **(ဤတွက်နည်းလေး... ကူးယူခွင့်ပေးသော ကွယ်လွန်သွား... ဖြစ်သော ဆရာဦးဝင်းနိုင်... ကန်တော့ပန်းဆင် အောက်မေ့သ... လျက်...)**

**မူးစို့ထီး**



www.burmeseclassic.com

www.burmeseclassic.com



ရွှေရောင်သားတစ် ကျောက်သားလေးများအား အနီးကပ် ရိုက်ထားပုံ

# ရွှေရောင်ကျောက် နှင့်

အမောက် ပါသော မြွေ

အောင်လှသန်း
(မြန်မာ့အသေးစား
ချေးငွေလုပ်ငန်း)

၁၉၇၅ ခုနှစ်လောက်က ဖြစ်ပါသည်။

ဆရာကျင်မောင် (ဗိုလ်ကြီး ကျင်မောင် မော်ကွန်းဝင် ပထမဆင့်)၏ စေတနာ မူလတန်းကျောင်းနှင့် (၅) မိုင်ခန့်ဝေးသော နေရာတွင် မကျီးစုပာခေါ်သော ရွာလေးတစ်ရွာ ရှိပါသည်။

ထိုရွာလေး၏ တောင်ဘက်လျှို တစ်ခုတွင် မူလ ကျောက်သားထုကို အနက် (၅) တောင်ခန့် တူးထားသော ရေတွင်းတစ်တွင်း ရှိ၏။ ထိုရေတွင်းသည် ကျောက်စစ်ရေတွင်း ဖြစ်၍ နွေအခါတွင် တွင်းရေသည် အလွန်အေးမြပါ၏။

နွေဦးပေါက်ကာလ နေ့တစ်နေ့တွင် ကျေးရွာလူကြီးများ ဦးဆောင်၍ ထိုကျောက်ရေတွင်းကို တွင်းကြီးဆည် သန့်ရှင်းရေး ပြုကြပါသည်။

ထိုကဲ့သို့ တွင်းကြီးဆည်ရာတွင် လက်မ, လက်ညှိုးခန့် ပြာနှမ်းနှမ်း ကျောက်တုံးလေးများ ပါလာသည်ကို ရွာလူကြီးများ တွေ့ကြရ၏။

ထိုကျောက်တုံးလေးများကို **နေရောင်တွင် ထောင်၍ကြည့်ပါလျှင် ရွှေရောင်သားတစ် ကျောက်သားလေးများ နေရာအနှံ့ ကိန်းဝပ်နေသည်ကို တွေ့ရပါသည်။** ယင်း ရွှေရောင်သားတစ် ကျောက်တုံးကျောက်သားလေးများကို ဆရာကျင်မောင် (ဗိုလ်ကြီးကျင်မောင် မော်ကွန်းဝင် ပထမဆင့်)ထံ ကျေးရွာလူကြီးများ လာရောက် ပြသကြပါသည်။

'ဗိုလ်ကြီးခင်ဗျာ ဒီရွှေရောင်ကျောက်သားလေးများဟာ ဘယ်လို အသုံးဝင်ပါသလဲ ခင်ဗျာ'

ဆရာကျင်မောင်သည် ကျေးရွာလူကြီးများအား အောက်ပါအတိုင်း သူ၏ အတွေ့အကြုံတစ်ခုကို ရှင်းလင်း ပြောကြား၏။

'ကျေးရွာ လူကြီးမင်းများခင်ဗျား၊ ကျွန်တော် သရက်ခရိုင် ရွှေတောင် မောင်နှမတောင်ဘက် ခရီးထွက်ခဲ့စဉ်က စမ်းချောင်းတစ်ခုဘေး ကမ်းပါးယံမှာ ဒီလို ရွှေရောင်ကျောက်မျိုး ရဖူးပါတယ်ခင်ဗျာ။

ကျွန်တော်က အဲဒီဒေသမှာရှိတဲ့ အသက် (၇၀)ကျော် ချင်းတိုင်းရင်းသား ဆေးဆရာကြီးကို ခေါ်မေးပါတယ်။ ဒီ ရွှေရောင်ကျောက်သားလေးတွေကို ဘယ်လို အသုံးချမလဲပေါ့။

အဲဒီတော့ ချင်းတိုင်းရင်းသား ဆေးဆရာကြီးက...

'ဗိုလ်ကြီးရေ လူကို အမောက်ပါတဲ့မြွေ ကိုက်ပါစေ ချက်ချင်း ရွှေရောင်ကျောက်သားလေး သွေးတိုက်လိုက်ပေါ့။ ခဏကြာတော့ ဆီးအိမ်အတွင်းမှာရှိတဲ့ ဆီးတွေ အကုန်သွားပြီး မြွေဆိပ်ပြယ်တာပေါ့လေ'

* * *

ဆရာကျင်မောင်၏ တပည့်များသည် အလွန် ဆင်းရဲကြပါ၏။ နွေခင်း



www.burmeseclassic.com

www.burmeseclassic.com

ဘက်တွင် ဆရာကျင်မောင်၏ စေတနာ မူလတန်းကျောင်းတွင် စာသင်၍ ညဘက်တွင် မိဘများအား အုတ်မြေပေါက်၊ ရွှံ့နယ်၊ အုတ်စိမ်းရိုက် အလုပ်ကူကြရ၏။

တစ်ညတွင် ဆရာကျင်မောင်၏ တပည့် (၄)တန်းကျောင်းသား မောင်တင်လှိုင်အား အုတ်စိမ်းရိုက်အပြီး ရေချိုးသွားရာတွင် လက်ကောက်ဝတ် လောက်ရှိသည့် မြွေပွေးအကောင်တို အကိုက်ခံရ၏။

ဆရာကျင်မောင်သည် ရွှေရောင်ကျောက်ကို သွေးပြီး ရေနွေး အကြမ်းပန်းကန် တစ်လုံးခန့် တပည့် မောင်တင်လှိုင်အား **အမြန်တိုက်၏။** ထို့နောက် မြွေစွယ်ရာ အပေါက်ကို ချန်လှပ်၍ အနာပတ်ပတ်လည် ခြေဖမိုးတစ်ခုလုံးကို ရွှေရောင်ကျောက်သွေးပြီး လိမ်းပေး၏။

မိနစ် (၃၀)ခန့် ကြာသောအခါ ကျောင်းသားလေး မောင်တင်လှိုင်သည် **သီးအိမ်မှ သီးမကျန်လောက်အောင် တမြောမြော တသောသော သီးသွန် ပေါက်ပါလေတော့၏။**

ကျန်သော ကျောင်းသားများကား မြွေပွေးအကောင်တိုကို ပိုက်စိပ်တိုက်ရှာဖွေ၍ ပစ်ခတ် ရိုက်နှက်ကြလေ၏။

ကျွန်တော့်မှာ ဆရာကျင်မောင်၏ ကျောင်း ကြီးကြပ်မှုကော်မတီတွင် ပါနေ၍ ရိုက်ထားသော မြွေနှင့် မောင်တင်လှိုင်ကို ပြည်သူ့ဆေးရုံကြီးသို့ ပို့ရ၏။

ပြည်သူ့ဆေးရုံမှ ကျောင်းသားလေး မောင်တင်လှိုင်၏ သွေးကိုဖောက်၍ ချက်ချင်း စစ်ကြည့်ရာ မြွေဆိပ် မတွေ့ကြောင်း၊ စိုးရိမ်ဖွယ်မရှိကြောင်းကို ပြန်ကြားပါသည်။


ကျွန်တော်သည် ယင်းရွှေရောင်**ကျောက်ကို ရေနှစ်ထပ်စိမ်၍ ယခုထက်တိုင် ထိန်းသိမ်းထားပါ၏။** ရေနှစ်ထပ် ဆိုသည်မှာ ရွှေရောင်ကျောက်ကို ရေပုလင်းထဲ ထည့်စိမ်ထား၍ ယင်းပုလင်းကို ရေအင်တုံအတွင်း ထည့်ထားခြင်းကို ဆိုလိုပါသည်။

ကျွန်တော့်ဆွေမျိုးများနှင့် မိတ်ဆွေအသိုင်းအဝိုင်းများအတွက် မြွေဆိပ်အန္တရာယ် ကြုံခဲ့သော် သက်စောင့်ကျောက်အဖြစ် ယနေ့တိုင်အောင် ထိန်းသိမ်းထားလျက် ရှိပါသည်။

ကျောင်းသားလေး မောင်တင်လှိုင်သည် ယခုအခါ ဇနီးမယား သမီးသားများဖြင့် သရက်မြို့နယ်၊ သာယာကုန်းရွာ၌ ဦးကြီးတင်လှိုင် အမည်ဖြင့် တောင်ယာလုပ်ငန်းကို လုပ်ကိုင်လျက် ရှိပါကြောင်း။

**အောင်လှသန်း**
***(မြန်မာ့အသေးစား ချေးငွေလုပ်ငန်း)***

# မီးယပ်ဝမ်းသွားခြင်း အမျက်



ကျွန်ုပ်သည် မြန်မာတိုင်းရင်းဆေးများကို စိတ်ဝင်စားမှုဖြစ်ခဲ့သည်မှာ ကြာမြင့်ပေပြီ။ မိမိက အသုံးမတည့်၊ အသုံးမဝင်သော သစ်ဥ၊ သစ်ဖု၊ သစ်ရွက်တို့ကို ''အလကားပါကွာ'' ဟု အထင်သေးခဲ့သော်လည်း နားလည်တတ်ကျွမ်းသည့် ပညာရှင်တို့၏ အသုံးချကုသမှုကြောင့် လက်တွေ့ပျောက်ကင်းကြောင်းကို တွေ့ရသောအခါ ကျွန်ုပ် လွန်စွာအံ့ဩမိပေ၏။

ထို့ကြောင့်လည်း ယခုနောက်ပိုင်းကာလများတွင် တိုင်းရင်းဆေးအကြောင်းကို လေ့လာသလို ပျောက်ကင်းသော ဆေးနည်းများ တွေ့ရှိပါကလည်း မိမိတတ်ကျွမ်းသည့် စာပေနှင့် တင်ပြရေးသားဖြစ်ခဲ့ပါသည်။

ယခုလည်း ကျွန်ုပ်တွေ့ရှိသော ''မီးယပ်ဝမ်းသွားခြင်း'' ဝေဒနာအတွက် ဆေးနည်းလေးကို တင်ပြအပ်ပါသည်။

ထိုဆေးနည်းမှာ...

ဆီးဖြူသီးအခြောက် (၁)လုံးကို အ...
ထောင်း။ လက်ဖက်ခြောက် (ရေနွေး...
ခတ်သည့်လက်ဖက်ခြောက်)ကို အ...
ထောင်း။ နနွင်းမှုန့်စစ်စစ်ကိုလည်း အ...
ထောင်း။ ထိုထောင်းထားသော အ...
(၃)မျိုးကို အလေးချိန်သတူ ရော...
အညီအမျှ (၃)ခွက်စာ ခွဲထားရမည်...
ထို့နောက် တစ်နာရီခြား တစ်ခွက်...
ကို ရေနွေးနှင့် (၃)ခါသောက်ရပါ...
အမျိုးသမီးများတွင် ဖြစ်ပေါ်...
သော မီးယပ်ဝမ်းသွားခြင်း...
သက်သာပျောက်ကင်းမည်ဖြစ်ကြောင်း သိရှိရ၍ ...
တင်ပြလိုက်ပါသည်။

**(ပြောပြသောနွယ်နီ (တိုင်းရင်းဆေး)အား ကျေးဇူး...လျက်...)**

***စာဖတ်သူအကျိုးမျှော်ကိုးတဲ့***
**ရဲမြတ်အောင်**



www.burmeseclassic.com

www.burmeseclassic.com



ဘ၀ရသေ့ရဲ့

# [illegible]

ဇော်ဗိသွင်
(ရန်ကုန်)

## [၁]

ကိုချမ်းသာသည် နာမည်နှင့် လိုက်အောင် မချမ်းသာသော်လည်း အဖေ,အမေတို့ဆီမှ လယ်တွေယာတွေအပြင် နွားတစ်ရှဉ်းပါ ရလိုက်၍ အတော်အသင့် စားနိုင်သောက်နိုင် စုဆောင်းနိုင်ခဲ့သည်။ အဖေ, အမေတို့နှင့် အတူနေ ညီမတစ်ယောက်သာရှိပြီး အဖေနှင့် အမေတို့က မသေမီကပင် အမွေကိစ္စကို ပြီးစီးအောင် လုပ်ပေးခဲ့သည်။

'အမွေဆိုတာ သေမှပေးရမယ်။ သေမှ မင်းတို့ဘာသာ ခွဲယူကြဆိုပြီး သားသမီးတွေကို ရန်သူတွေဖြစ်အောင်၊ စိတ်ဝမ်းကွဲအောင် အဖေတို့ မလုပ်ချင်ဘူး။ ငါ့သားက ယောကျ်ားလေးဆိုတော့ လယ်ယာမြေတွေနဲ့ စိုက်ပျိုးစားပေါ့။ မင်းလဲ စိုက်ပျိုးရေးနဲ့ အောင်ထားတာ၊ မင်း လုပ်စားတတ်မှာပါ။

မင်းညီမလေး ခင်အေးချမ်းကိုတော့ အခုလက်ရှိ ခြံဝန်းနဲ့ သူဝတ်နေတဲ့ လက်ဝတ်လက်စားတွေ ပေးမယ်။ စုဆောင်းထားတဲ့

ငွေတွေထဲက

လေးပုံပုံပြီး

မင်းတစ်ပုံ၊

မင်းညီမလေးတစ်ပုံ၊

အဖေ,အမေတို့က

အိုစာမင်းစာ

ငွေနှစ်ပုံကို

လှူဖို့တန်းဖို့ စားဖို့

ချန်ထားတယ်။

လယ်ဆယ်ကေလောက်

ချန်ထားတာလဲ

လူငှားနဲ့ လုပ်မယ်။

မင်းအမေရဲ့ လက်ဂတ်လက်စားတွေကတော့ တချို့လဲ လှူမယ်၊ ကျန်တာတော့ မင်းတို့မောင်နှမ တစ်ယောက်တစ်ဝက်ပေါ့။ အဖေတို့၊ အမေတို့ မရှိမှ ဒီအိမ်ပိုင်းကို တရားဆိုင်တာတို့ မဖြစ်စေချင်လို့ ရွာလူကြီးတွေရှေ့မှာ စာချုပ်စာတမ်းနဲ့ အမွေစကား ပြောရတာပဲ'

အဖေက သူ့စီမံချက်အတိုင်း လုပ်ခဲ့သည်။ ခင်အေးချမ်းကတော့ အဖေ၊ အမေတို့ကို ပြုစုရင်း အပျိုကြီးဖြစ်တော့မည်။ အစ်ကိုလုပ်သူက အိမ်ထောင်ပြုဖို့ နားချသည်။ ဆွေမျိုးတွေကလည်း ပြောကြ၊ တိုက်တွန်းကြသည်။



www.burmeseclassic.com

www.burmeseclassic.com

'အဖေတို့၊ အမေတို့နဲ့ ခွဲနေလို့ မဖြစ်ပါဘူး။ ကျွန်မ အိမ်ထောင်ပြုလိုက်ရင် အဖေနဲ့အမေ အသက်ကြီးမှ စိတ်ဆင်းရဲနေရဦးမယ်။ ကိုယ့်သမီးလောက် ဘယ်သူက ကောင်းကောင်းပြုစုမှာလဲ'

'ဟဲ့ ခင်အေးချမ်းရဲ့ နင့်ကို ခွဲနေဖို့ ဘယ်သူက ပြောလဲ၊ အတူတူနေလို့ ရတာပဲ။ နင့်အဖေတို့ လယ်တွေလဲ ရှိနေသေးတာ။ လယ်ကို ဦးစီးပြီး လုပ်ပေးနိုင်မယ့်လူမျိုးကိုယူပေါ့'

'လယ်က အခု ဆွေမျိုးနီးစပ် လူရင်းတွေနဲ့ လုပ်နေတာ ပြဿနာမရှိပါဘူး။ ရွာက ကျောင်းအုပ်ဆရာလေးကလဲ ငါ့တူမကို မေတ္တာရှိနေတာ၊ သူဆို ပညာလဲတတ်၊ အနေအထိုင်လဲ အေးဆေးတယ်။ စိတ်ကူးမလွဲပါနဲ့ ငါ့တူမရယ်'

ခင်အေးချမ်းကတော့ ကျောင်းဆရာထက် သူတို့လယ်ကို ဦးစီးလုပ်ပေးနေသည့် ငယ်သူချင်းလည်းဖြစ်၊ ဆွေမျိုးနီးစပ်လည်းဖြစ်သည့် သူ့ငယ်ချစ် ကိုအေးထက်နှင့် အိမ်ထောင်ပြုလိုက်သည်။

အိုးမကွာ၊ အိမ်မကွာ အတူလိုက်နေပေးပြီး အဖေ၊ အမေတို့နှင့် အဆင်ပြေသည်။ အစစအရာရာ အဆင်ပြေနေသည့် အချိန်တွင် ကိုချမ်းသာတို့လယ်တောသို့ ရသေ့တစ်ဦး ကြွလာခဲ့သည်။

ကိုချမ်းသာက သူ့ပိုင် လယ်တောနှင့် မနီးမဝေးရှိ သစ်ပင်အောက်သို့ ရသေ့တစ်ဦး ရောက်ရှိပြီး သစ်ပင်အောက်တွင် နေထိုင်နေ၍ တဲငယ်လေးတစ်လုံး ထိုးပေးလှူဒါန်းကာ ကျောင်းအဖြစ် နေစေခဲ့သည်။

ရသေ့ကြီး ကြွလာပြီး မကြာမီ



ဖိုးသူတော်တစ်ပါး ရောက်လာပြန်သည်။ ဖိုးသူတော်က ရသေ့ကြီး၏ တဲဘေးတွင် တစ်ဖက်ရပ်တဲလေး ထပ်ထိုးကာ နှစ်ပါးပေါင်းကာ ဖိုထိုးတော့သည်။

ကိုချမ်းသာက တစ်ခါတစ်ရံ မီးသွေး လှူလိုက်၊ လုံဖိုးလှူလိုက်ဖြင့် ဖိုထိုးသည့် နေရာသို့လည်း သွားကြည့်တတ်သည်။ ဖိုကြိုးကိုလည်း ကူဆွဲပေးတတ်သည်။ သုံးနှစ်ခန့်ကြာသည့်အခါ ကိုချမ်းသာနှင့် ဖိုးသူတော်တို့ ပိုခင်မင်လာကြသည်။ ရသေ့ကြီးကလည်း ဓာတ်ပြာဆိုကာ ကျွေးလေသည်။

'ဓာတ်ပြာစားထားရင် ကျန်းမာရေးကောင်းတယ်။ သူတစ်ပါး မကောင်းတာ မလုပ်နိုင်ဘူး။ တော်ရုံနဲ့ မကျွေးဘူး။ မင်းက သူ့ဝေယျာဝစ္စတွေ လုပ်ပေးနေလို့ သူ့တပည့်ဖြစ်နေလို့ ကျွေးတာ။ ရသေ့ကြီးကျွေးတဲ့ ငှက်ပျောသီးနဲ့ ဓာတ်ပြာစားထားရင် တော်တော်နဲ့လဲ မသေဘူး။

ဦးသူတော်နဲ့ ရသေ့ကြီးတို့ တောထဲတောင်ထဲ သွားကြတဲ့အခါ ဘယ်က ဆွမ်းကွမ်းရမှာလဲ၊ ရသေ့ကြီး အိတ်ထဲက ဓာတ်ပြာနဲ့ ငှက်ပျောသီးကို စားလိုက်ရတာ နှစ်ရက်လုံးလုံး ဘာမှ မဆာဘူး မောင်ချမ်းသာရဲ့။ မင်းက စိတ်ထားလဲကောင်းတယ်။ မိဘတွေကိုလဲ လုပ်ကျွေးနေလို့ မင်းကို ကြည့်ရှုချင်တာနေမှာပါ။ ရော့ မင်းကို

ပေးလိုက်ဖို့ ဘရသေ့က ပေးခိုင်းထားတာ။ မင်းအတွက် ဓာတ်လုံး။ ကိုယ်နဲ့မကွာ ဆောင်ထားမောင်၊ မင်းမှာ ပိုက်ဆံရှိပါတယ်ကွာ။ ရွှေလေးနဲ့ကွင်းပြီး ဝတ်ထားပေါ့'

ရွှေရောင် ဓာတ်လုံးလေးတစ်လုံးကို ဘရသေ့ကြီးထံမှ ရရှိပြီး ရွှေဖြင့်ကွပ်ထားသည့် လက်စွပ်လေးလုပ်ထားပြီး ကိုယ်နှင့်မကွာ ဝတ်ထားခဲ့သည်။ ထို ဓာတ်လုံးလက်စွပ်လေး ဝတ်ထားပြီး လုပ်ငန်းများလည်း ပိုအဆင်ပြေလာသည်။

## [၂]

လူတို့သည် တွေ့ဆုံကြခြင်းကပင် ခွဲခွာရဖို့ ဖြစ်သည်။ သေကွဲ မကွဲလျှင်လည်း ရှင်ကွဲ ကွဲကြရမည်ဖြစ်သည်။ သားသမီးနှင့် မိဘသည်ပင် လျှင် အလုပ်နှင့်မို့ တကွဲတပြားစီ နေကြရ၊ အိမ်ထောင်ပြုကာ ယောက္ခမ အိမ်သို့ ပါသွားကြရနှင့် ရေကြည်ရာ မြက်နုရာ ရှာဖွေ စားသောက်နေကြရသည်။

ယခုလည်း ဘရသေ့ကြီးနှင့် ဦးသူတော်တို့ ထိုတဲလေးကို စွန့်ခွာပြီး တစ်နေရာသို့ ပြောင်းရွှေ့ကာ သွားတော့မည်ဆိုတော့ ကိုချမ်းသာသည် ပုထုဇဉ်ပီပီ စိတ်မကောင်း ဖြစ်ရသည်။

'ဘရသေ့ ဘယ်ကိုပြောင်းမှာလဲ၊ မပြောင်းလို့မရဘူးလား။ တပည့်တော်ကတော့ ဆက်နေစေချင်ပါတယ်။ တပည့်တော် ဆွမ်းကိစ္စ၊ ဝေယျာဝစ္စကိစ္စတို့ ဘရသေ့ လိုအပ်တာတွေကို လဲ လှူပါ့မယ်'

'ဖိုတို့လဲ တစ်နေရာတည်းမှာ ကြာကြာ မနေဘူး။ နေရာရွှေ့ရတာပဲ။ ပြဿနာပြီး



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နေရာသွားဆို သွားရတာပ။ မသွားခင်မှာ မင်းကို ဆုံးမခဲ့ဦးမယ်။ မဟုတ်တာ မပြောနဲ့၊ လိုတာထက်ပိုပြီး လောဘမတက်နဲ့ ဘုရား၊တရားလဲ မမေ့နဲ့ သူများအကြောင်း မကောင်းမပြောနဲ့၊ သူများအပေါ်လဲ မဟုတ်တာ မလုပ်နဲ့ သည်းခံခြင်းတရားကို လက်ကိုင်ထားရင် မင်း မချမ်းသာချင်ပါဘူးဆိုတောင် မရဘူး။ ဒီထက်မက ချမ်းသာမယ်။ စိတ်ချမ်းသာရမယ်။

ဘယ်လောက်ပဲ ချမ်းသာချမ်းသာ စိတ်ထားမကောင်းရင် အလကားပဲ၊ စိတ်ဆင်းရဲနေရရင်၊ မကျန်းမမာ နေရရင်လဲ အလကားပဲ၊ မင်း ဆရာမဖြစ်ချင်ဘူးလား။ အဘာရသေ့ပေးတဲ့ ဓာတ်လုံးလေးကို လိုရာသာ သုံးတော့မောင်'

ဘရသေ့က မှာကြားစရာ၊ ဆုံးမစရာများကို တစ်ခါတည်း မှာကြားခဲ့သည်။ နေခဲ့စဉ် ကာလတစ်လျှောက်လုံး ဘုရားလေးတစ်ဆူကို ရှေ့နှင့်မဟုတ်သော်လည်း ထုံးဖြူဖြူလေးဖြင့် တည်ထားခဲ့သည်။

စကားကို လိုသည်ထက်ပိုပြီး မပြောသော ဘရသေ့သည် မခွဲခွာမီ စကားကို အရှည်ကြီး ပြောသွားပါသည်။ ဘရသေ့ စကားများကို မှတ်သားလိုက်နာခဲ့ပါသည်။ ထိုကတည်းက ဘရသေ့နှင့်ကော ဦးသူတော်နှင့်ပါ မတွေ့ရတော့ပါ။

[ ၃ ]

အဖေသည် အိမ်သာမှအဆင်းချော်လဲကာ ခြေထောက် မထောက်နိုင်တော့။ ရိုးရိုးမဟုတ်ဘဲ ခြေထောက်က အတွင်းသို့ ခေါက်ဝင်နေပြီး အတွဲနှင့် အိမ်ပေါ်တင်ရသည်။ ချော်လဲသည့်အချိန်က နေဝင်ရီတရောအချိန်၊ အပုပ်ချိန်ဖြစ်၍ ညီမဖြစ်သူ လာခေါ်တော့ကမန်းကတန်း လိုက်ခဲ့ရသည်။ ဆေးလိမ်းပေး နှိပ်နယ်ပေးသော်လည်း မသက်သာဘဲ ရှိနေသည်။ ဘာလုပ်ရမှန်းမသိ၍ စိတ်ထဲမှ ဘရသေ့ကို တလိုက်မိသည်။

'မင်းဓာတ်လုံး ဘာလုပ်ဖို့ထားတာလဲကွ။ အလိုရှိရာသုံးလို့ မှာခဲ့တာလေ။ ရေစိမ်တိုက်လိုက်'

နားထဲတွင် ထိုသို့ပြောသံ ပီပီသသကြားလိုက်ရသည်။ ဘရသေ့ မသွားမီက အမှာစကားကိုလည်း သတိရမိလိုက်သည်။ ဓာတ်လုံးလက်စွပ်ကို လက်ထဲမှချွတ်ပြီး ရေသန့်သန့်ဖြင့် ဆေးကာ သောက်တော်ရေထဲစိမ်ပြီး ဂုဏ်တော်ကိုးပါးလည်းရွတ်၊ သုရဏဂုံ သုံးပါးလည်းရွတ်ပြီး အဖေ့ကို တိုက်လိုက်သည်။ အဖေ့ကို ရေမန်းတိုက်ပြီး...

'အိပ်ပျော်အောင်အိပ်လိုက် ဘာမှ မစဉ်းစားနဲ့ ဂုဏ်တော်ရွတ်နေ'

ဟု မှာခဲ့ကာ လယ်ထဲသို့ တစ်ခါပြန်သွားမိသည်။

ဘရသေ့နှင့် ဦးသူတော်တို့ ဖိုထိုးခဲ့သော နေရာလေးကား ကိုချမ်းသာ သန့်ရှင်းရေး လုပ်ထားသဖြင့် ယခင်အတိုင်းပဲ ဖြစ်သည်။ ဖိုထိုးခဲ့သော နေရာမှ ဓာတ်ပြာလေးများကို သိမ်းပြီးယူလာခဲ့သည်။ လုံကွဲလေးများကို စုပုံထားရာ ဘရသေ့တို့ကို ပို၍သတိရမိသည်။

ဘရသေ့တို့ရှိစဉ် ကိုချမ်းသာ တံစဉ်ရှ၍ သွေးမတိတ်သည်ကို ပြာလေးဖြင့် သိပ်ပေးရာ သွေးလည်းတိတ်၊ ဒဏ်ရာလည်း မရင်း၍ သတိရမိလိုက်သဖြင့် ပြာများကို လာယူမိခြင်း ဖြစ်ပါသည်။

ကိုချမ်းသာ အိမ်သို့ဝင်ကာ ဘုရားကျောင်းဆောင်ပေါ်တွင် ပြာထုပ်လေးတင်ထားကာ အိမ်သူကို နေရာမရွှေ့ရန်၊ မလှတ်ပစ်ရန်မှာပြီး ရေချိုး၊ ထမင်းစားပြီးမှ အဖေ့အိမ်သို့ တစ်ခေါက်ပြန်လာကြည့်သည်။

'ဟော့ ငါ့သား ထမင်းစားပြီးပြီလားကွ၊ အဖေ သက်သာသွားလို့ လမ်းတောင် လျှောက်နိုင်နေပြီ။ ငါ့သားက ဆေးဆရာကျနေတာပဲ။ သိပ်တော်တာပဲ'

အဖေ့ချီးကျူးသံကြောင့် ဝမ်းသာသွားသလို သက်သာသည်ဆို၍လည်း ပျော်ရသည်။ အဘာရသေ့သည် ကိုချမ်းသာ တလိုက်သည်ကို သိသည်လား။ အဘာရသေ့၏ ဓာတ်လုံးသည် အစွမ်းထက်သည်လား ဆိုသည်ကို လက်တွေ့စမ်းသပ်ဖို့ ကြံပြန်သည်။

'မင်းဦးလေးသား တောထဲကပြန်လာပြီး ငိုဟယ်ရယ်ဟယ်နဲ့ ဘယ်သူမှလဲ အနားကပ်လို့မရဘူး။ သွားကြည့်ပေးလိုက်ပါဦး'

'အမေရာ ကျွန်တော်က အထက်လမ်းဆရာတို့၊ ဆေးဆရာတို့မှ မဟုတ်ဘဲ။ တောထဲ ဘာအမှားလုပ်မိမှန်းမှ မသိတာ'

ပဲခူးရိုးမအနီးရှိ တောကြီးသည် အလွန်နက်သလို ထိုအချိန်တွင် မအေး



www.burmeseclassic.com

www.burmeseclassic.com

ချမ်းဘဲ တောထဲတွင် ရောင်စုံသူပုန်တို့လည်း ခိုအောင်းနေတတ်သည်။ တောပစ်သွားမည်ဆိုလျှင် တောအဝင်မှာ ပူဇော်ပသပြီးမှ သွားကြရသည်။ စကားလည်းမှား၍ မရပါ။

ထိုတောထဲသို့ တောပစ်သွားသော အစ်ကိုဝမ်းကွဲက ငိုဟာယ်ရယ်ဟာယ် ဆူဟာယ်ပူဟာယ် ဖြစ်နေသည်ဆိုတော့ အမေ့အလိုကျ အစ်ကိုအိမ်သို့ သွားရသည်။

ထုံးစံအတိုင်း ဘုရားသောက်တော်ရေကို စွန့်လိုက်သည်။ ခွတ်လုံးလက်စွပ်လေးကို ချွတ်ပြီး ရေဆေးကာ သောက်တော်ရေထဲ စိမ်လိုက်သည်။ ဘုရားဂုဏ်တော်တွေ ရွတ်ဖတ်ပြီး ထိုရေကို အစ်ကိုဖြစ်သူကို တိုက်လိုက်သည်။ ခေါင်းပေါ်ကို လက်တင်ပြီး ဘုရားစာတွေလည်း ရွတ်ပေးသည်။

'အစ်ကို စိတ်ထိန်းနော်၊ ဘာဖြစ်ခဲ့တာလဲ။ ဒီရေလေး ကုန်အောင် သောက်လိုက်နော်'

သူ ကောင်းသွားတော့ မေးကြည့်ကြရသည်။ တောင်းပန်စရာရှိ တောင်းပန်ရအောင် ဖြစ်သည်။

'တောထဲက တောစိုးပင်ကြီးမှာကွာ ကြက်ကြော်တွေ၊ အရက်ပုလင်းတွေနဲ့ နတ်ဆက်ထားတာ ထင်ပါတယ်ကွာ။ ငါလဲ စောစောစီးစီး တောထွက်လာတော့ ထမင်းကြမ်းနဲ့ လက်ဖက်ပဲ ပါလာတာ။ ဒါနဲ့ ဟင်းချင်း လဲစားရအောင်ပါ ရက္ခစိုးမင်းကြီးလို့ တောင်းပန်ပြီးမှ ငါ့လက်ဖက်ကို ကြက်ကြော်ဖက်ထဲ ပြောင်းထည့်ပြီး ကြက်ကြော်ကို ငါ့ထမင်းထုပ်ထဲ ထည့်ခဲ့တယ်။ ပြီးတော့ ထင်းလျှောက်ခွေနေတာ။ အပင်သေးသေးလေးတွေ၊ သစ်ကိုင်းခြောက်လေးတွေ တွေ့တော့လဲ ကောက်ယူ



နဲ့...

ထမင်းစားချိန်ရောက်မှ ထမင်းထုပ်ဖွင့်စားတာ။ စားပြီးတာနဲ့ ခေါင်းတွေမူးလာပြီး မျက်စိထဲ လူရိပ်မြင်တာက ကိုယ့်ကို ပတ်ပြေးနေသလိုပဲ။ ကြည့်ရင်း မူးလာတာ။ အပြန်မှာ တောစိုးပင်ကြီးအောက် ထပ်ရောက်လာတော့ ကြက်ကြော်တွေကို ပြန်မြင်နေရတယ်။

ငါ ထားခဲ့တဲ့ လက်ဖက်ကတော့ ဘေးမှာ ပုံလျက်ကလေးတွေ့တာ။ ကြက်တစ်ပေါင်နဲ့ ရင်အုပ်တစ်ခြမ်း တင်ထားတာကို ငါ အကုန်ယူခဲ့တာ။ အဲဒီအတိုင်း ပြန်တွေ့နေရတယ်။ မူးလိုက်တာ ပတ်ချာလည်လို့။ ကိုယ့်ဘေးကနေ လူတစ်ယောက် လိုက်ပြီး ပတ်ပြေးနေသလို၊ တောက်လျှောက် လိုက်နေသလို မြင်နေရတော့ ငါတော့ မှားပြီဆိုတာ သိလိုက်တယ်။

ကောက်ထားတဲ့ ထင်းခြောက်တို့၊ ခုတ်ထားတဲ့ ထင်းလေးတွေတောင် မသယ်နိုင်တော့ဘဲ အဲဒီအပင်အောက်မှာ ပစ်ချထားခဲ့ပြီး ပြန်ပြေးလာခဲ့တာ ရွာလဲရောက်ရော ဘာမှ မသိတော့ပါဘူးကွာ'

ထို တောစိုးပင်ကြီးအောက် သွားကာ ပြန်တောင်းပန်ကြရသည်။ လက်ဖက်နှင့် ကြက် လဲခဲ့မိသည့်အတွက် ကြက်ပြန်ကြော်ပြီး သွားပြန်ဆက်ကြရသည်။

## [၄]

ကိုချမ်းသာ ဆေးကုတတ်သည်ဟု သတင်းပြေးနေသည့် အချိန်တွင် ယောက်ဖဖြစ်သူက အသုဘဝိုင်းတွင် ဝင်ကစားရာမှ လယ်ကိုပါ ပေါင်ကစားခဲ့၍ ကိုချမ်းသာ ဒေါသဖြစ်ခဲ့ရသည်။ သူတို့အပိုင် လယ်မဟုတ်ဘဲ အဖေ၊ အမေတို့ပိုင် လယ်မြေကို ပေါင်တော့ ပြန်သိရသည့် ကိုချမ်းသာက သွားပြီး ဆုံးမမိသည်။

'ဒီလယ်ကို ကျွန်တော် လုပ်နေရတာပဲ။ နောင်လဲ အဖေ၊ အမေတို့ သေရင် လက်ရှိလုပ်နေတဲ့ ကျွန်တော်တို့ ရမှာပဲ။ အစ်ကိုကြီးအတွက် ခွဲဝေပေးပြီးသားကို ပြုစုနေရ၊ လုပ်ကျွေးနေကြရတဲ့ ကျွန်တော်က ဒီလောက်လေးမှ လုပ်ပိုင်ခွင့် မရှိဘူးလား။ ပြန်ရွေးမှာပါ။ အဆုံးမခံပါဘူး။ အစ်ကိုကြီးလဲ ကိုယ့်အိမ်ထောင်နဲ့ကိုယ်၊ ကျွန်တော်တို့လဲ ကိုယ့်မိသားစုနဲ့ကိုယ် အိမ်ထောင်တွေကျမှ ဘာလို့ စွက်ဖက်နေတာလဲ။ နေတတ်အောင် နေပါဗျာ'

'မင်းကို ဖဲကစားတာ မကြိုက်လို့ ဆုံးမနေတာကွ။ အဖေသိလဲ စိတ်မကောင်းဖြစ်နေမှာ။ မင်းက အစကရိုးပုံရိုးလက်နဲ့ အခု ဖဲရိုက်ရတာနဲ့၊ အရက်သောက်ရတာနဲ့'

'ယောက်ျားပဲဗျာ။ လူရိုး သချိုင်းမှာပဲရှိတာ။ ကျွန်တော်က အသုဘရှိမှပဲ ဖဲကစားတာ။ တချို့ကောင်တွေဆို



www.burmeseclassic.com

www.burmeseclassic.com

နိုးမတောင်လိုက်စားသေး။ ယောက်ျားဆိုတာ အစုံလုပ်တတ်ရတယ်၊ မိန်းမမလိုက်စားဘူး၊ နှာဘူးမထဘူး။ တစ်ခါတလေ ဖဲကစားတာ၊ အရက် သောက်တာကိုပဲ စောစောစီးစီး လာအပြစ်ပြောနေတာ။ ကျွန်တော့်အိမ်ကနေ ပြန်တော့ဗျာ။ ကျွန်တော် ကလေးမဟုတ်ဘူး'

အဖေဖြစ်သူက…

'ဘာဖြစ်ကြတာလဲ'

ဟု မေးကာ အိမ်အပေါ်ထပ်မှ ဆင်းလာသည်။

'မင်းတို့ ဘာဖြစ်နေကြတာလဲကွာ၊ ဘာ… လယ်ပေါင်ပြီး ဖဲရှုံးတယ်ဟုတ်လား။ လူကြီးတွေ အသက်ရှိသေးတယ်ကွ။ မင်း ဒီလိုမလုပ်သင့်ဘူး။ ငါ့သားလဲ တော်ပြီ၊ အဖေ ဆုံးမမယ်။ ပြန်တော့။ မင်းလဲ ကိုယ့်အစ်ကိုကြီးလဲဟုတ်၊ ယောက်ဖလဲ ဟုတ်တာကို မရှိမသေ မပြောနဲ့ကွာ ငါ မသေသေးဘူး'

'ပြောတော့ ဘာဖြစ်သလဲဗျာ။ နေရာတကာ ဆရာလုပ်တယ်၊ လုပ်ကျွေးနေတာပဲ ကျေးဇူးတင်ဦး'

'ဟော့ကောင် မင်းအိမ်ထောင်ကျတော့ မင်းဘက်က လယ်တစ်ကွက်ပါလာလို့ လူပါးဝနေတာလားကွ။ မင်း ပေါင်ကစားရအောင် မင်းပစ္စည်းလား'

'မပါလဲ မင်းနှမက ကြိုက်တာကို… ကိုယ့်နှမကိုယ် အစကတည်းက ဆုံးမထားပါလား'

'ငါ့နှမက အပြစ်လုပ်ထားတဲ့လူမဟုတ်လို့ မင်းကိုပဲ ဆုံးမမယ်ကွာ'

စိတ်မတိုစဖူး တိုနေသော ကိုချမ်းသာက အနီးရှိ တုတ်နှင့် ကောက်ရိုက်လိုက်မိသည်။ တစ်ချက်တည်း ရိုက်



လိုက်သော်လည်း အထိနာကာ သတိလစ်သွား၍ ရွာဆေးခန်းပို့ကာ ချုပ်လိုက်ရသည်။ သူက သူ့အမေအိမ်ဆင်းသွားကာ အမှုလုပ်လိုက်သေးသည်။

ရုံးရောက်ဂတ်ရောက်နှင့် အလုပ်အကိုင်လည်းပျက်၊ ညီမဖြစ်သူကလည်း တငိုငိုနှင့်၊ ငွေတွေလည်းကုန်၊ လျော်ကြေးပေးရမည်ဆို၍ လယ်မပေါင်ချင်၍ ဓာတ်လုံးလက်စွပ်မှ ရွှေကိုဖြုတ်ကာ ရောင်းပြီး လျော်လိုက်ရသည်။ ဓာတ်လုံးလေးကိုတော့ ဘူးလေးတစ်ခုထဲထည့်ပြီး ဘုရားစင်ပေါ်တင်ထားလိုက်သည်။

လူတစ်ယောက် နေမကောင်း၍ ဆေးလာတောင်းတော့ ထိုဓာတ်လုံးလေးကို ယူသုံးရန် ဘူးလေးကို ဖွင့်ကြည့်လိုက်မိသည်။ ဘူးထဲတွင် ဓာတ်လုံးလေး မရှိတော့။ ထိုနေ့က ကိုချမ်းသာ ရှာသော်လည်း မတွေ့၍ စိတ်မကောင်းဖြစ်ပြီး စောစောအိပ်လိုက်သည်။

'တော်တော်မိုက်တဲ့ကောင်ကွာ၊ ဓာတ်လုံးကို ကိုယ်နဲ့မကွာ ဆောင်ထားပါလို့ မှာထားလျက်ရဲ့ ရွှေရောင်တောင် အိတ်ထဲဖြစ်ဖြစ် အိတ်ရှုံလေးနဲ့ဖြစ်ဖြစ် လည်ပင်းဆွဲထားမှပေါ့ကွ။ တော်ရုံတန်ရုံလူကို ပေးတာမဟုတ်ဘူး။ မင်းနဲ့ထိုက်လို့ ရခဲ့ပေမယ့် မထိုက်တော့လို့ ပျံသွားတာပေါ့ကွာ။

ဓာတ်လုံးဆိုတာ ကိုယ်နဲ့မထိုက်တော့ရင် ပျံသွားတတ်တယ်ကွ။ ဓာတ်လုံးပျံပေါ့ကွာ။ အိမ်ထဲမှာ မှုံအောင်ရှာမနေနဲ့၊ ဆွမ်းတော်ကပ်ကြပြီး တော်တော်နဲ့ မစွန့်ကြတော့ ကြွက်ကတက်ဆွဲ၊ ဓာတ်လုံးဘူးလေးကို တိုက်သွားကြနဲ့ ဘုရားကျောင်းဆောင်ပေါ်မှာ ဖြစ်ချင်တိုင်း ဖြစ်နေတာ။ မင်းတို့ ဆွမ်းတော်ကို နေကျော်မှ မစွန့်ကြနဲ့ကွ'

ဦးသူတော်ကို အိပ်မက် မက်ပြီး လန့်နိုးတော့ အရုဏ်ကျင်းနေပြီ ဖြစ်သည်။ အိပ်မပျော်တော့၍ လယ်တောကို စောစောသွားကာ လယ်တောအနီးမှ တဲလေးထဲကို ဝင်ရှာမိသည်။ ဓာတ်လုံးလေး ဒီများ ရောက်နေသလားလို့ပေါ့။ ဘယ်လောက်ရှာရှာ မနေချင်၍ ပျံထွက်သွားသော ဓာတ်လုံးလေးအား ဘုရားသေ့တို့၊ ဦးသူတော်တို့ဆီမှာပဲ ပြန်ရောက်သွားလား၊ ဒါမှမဟုတ် တခြားလူဆီကိုပဲ ရောက်သွားသလား သိချင်နေမိသည်။

ဓာတ်လုံးဆိုသည်မှာ ရှိရှိသေသေထားရပြီး အဆောင်ဖြစ်၍ ကိုယ်နှင့်မကွာ ထားရကြောင်း ကိုချမ်းသာ အခုမှ နားလည်ခဲ့သည်။ ကိုချမ်းသာ ဘုရားရှိခိုး ပုတီးစိပ်ပြီးတိုင်း ဓာတ်လုံးလေး ပြန်ရလိုကြောင်း ဆုတောင်းမိသည်။

'အသွားရှိရင် အပြန်ရှိမှာပဲ။ ငါ ကောင်းကောင်းမွန်မွန်နဲ့ ဘုရားတရားအလုပ် လုပ်နေတယ်ဆိုတာ သိရင် ဓာတ်လုံးလေး ပြန်လာခဲ့မှာပဲ'

ဓာတ်လုံးလေးကား ပြန်မရောက်လာခဲ့ပါ။ အခွင့်အရေးဆိုသည်မှာ တစ်ကြိမ်သာ ရတတ်ကြောင်း ကိုချမ်းသာ သိခဲ့ပါလျှင် သူ၏ ဓာတ်လုံးလေးကို ကိုယ်နှင့်မကွာ ဂရုစိုက်မိမည် ဖြစ်ပါသည်။

**စောမီသွင် (ရန်ကုန်)**

www.burmeseclassic.com

# လောင်မီးကိုးချက် မိုးကြိုးစက်



မြောင်လက်
(ဖျာအနောက်မြို့တော်)

စာရေးသူ၏ တပည့်တစ်ယောက် အလည်ရောက်လာရင်း စာအုပ်တစ်အုပ်လည်း ဖတ်ဖို့ဆိုပြီး ယူလာခဲ့ပါသည်။ မောင်စောမြင့်လို့ အမည်ရတဲ့ စာရေးသူ၏တပည့်မှာ စာရေးသူ အကြိုက် စာဖြစ်သည့် စာအုပ်တွေ ပေးပြီး ဖတ်စေရန် အမြဲ ကူညီပေးတတ်သူတစ်ယောက် ဖြစ်ပါသည်။

စာအုပ်အမည်က "ဘလ္လာတိယပျို့" ဖြစ်ပါသည်။ လယ်တီပဏ္ဍိတ စာအုပ်တိုက်က ထုတ်ခဲ့သော စာအုပ်ဖြစ်သည်။ စာရေးသူလည်း အချိုရှာသကာတွေ့ ဆိုတာလို အတော်ပင် ဝမ်းမြောက်နှစ်ခြိုက်ခဲ့ရပါတော့သည်။

စာရေးသူအနေဖြင့်ဆိုလျှင် သုတ၊ ရသ စုံစုံလင်လင်ကြီး တဝကြီး ဖတ်ရ မှတ်ရသောပျို့ပင် ဖြစ်ပါတော့သည်။

ထိုစာအုပ်တွင် **"လောင်မီးကိုးချက် မိုးကြိုးသက်နက်"** အကြောင်းကို ဖော်ပြထားရှိပါသည်။ သုတ်မဟာဝါ အဋ္ဌကထာ၊ ဋီကာတို့မှာ လာသော လောင်မီးကိုးချက် မိုးကြိုးဟု ဆိုထားပါသည်။

---

လောင်မီးကိုးချက် မိုးကြိုး

---

၁။ **အသညာ** = သညာကင်းအောင် ပြုတတ်သော မိုးကြိုး။

၂။ **ဝိစက္ခာ** = တစ်ခုသော စက်ဝန်းကို ပြုတတ်သော မိုးကြိုး။

၃။ **သံဘေရာ** = အမှိုက်ကို ပိုင်းဖြတ်သကဲ့သို့ ပြုတတ်သော မိုးကြိုး။

၄။ **ဂဠရာ** = ဂဋ္ဌရာ ဟူသော အသံကို ပြုတတ်သော မိုးကြိုး။

၅။ **ကပိသီသ** = မျောက်ဦးခေါင်း အခြင်းအရာရှိသော မိုးကြိုး။

၆။ **မစ္ဆဝိလောဠိကာ** = တုန်လှုပ်သော ငါးကဲ့သို့ မွှေနှောက်တတ်သော မိုးကြိုး။

၇။ **ကုက္ကုဋကာ** = ကြက်တောင်ဖြန့်သည်နှင့်တူသော မိုးကြိုး။

၈။ **ဒဏ္ဍမဏိကာ** = ထွန်တုံးနှင့်တူသော မိုးကြိုး။

၉။ **သုက္ခာသနိ** = မိုးရွာနေသော်လည်း ရေမစိုဘဲ အလျှံနှင့်တကွ ဖြစ်သော မိုးကြိုး။

ဟူ၍ ဖော်ပြပါရှိပါသည်။ ပါဠိတော်မှလာသော မိုးကြိုးများကို ဖတ်ရသည်မှာ အံ့ဖွယ်ရာပင် ဖြစ်ပါတော့သည်။

စာရေးသူအနေဖြင့် တင်ပြလိုသော အကြောင်းတစ်ခုကို ဆက်လက်၍ ရေးသား တင်ပြလိုက်ပါသည်။ ယခု မျက်မှောက်လောကတွင် သိပ္ပံနည်းပညာများ အံ့မခန်း တိုးတက်လာသလို သဘာဝ အန္တရာယ်တို့မှာလည်း ကြောက်ဖက်ဖွယ်လီလီ ကြားသိနေရသော အချိန်အခါ ဖြစ်ပါသည်။

စာရေးသူတို့၏ အဘိုးအဘွားများ၏ ဆုံးမပြောကြားခဲ့သော စကားများထဲမှ တစ်ခုမှာ လောကီရေးရာ အဖြာဖြာတွင် မကောင်းမှု ဘေးအန္တရာယ်ဟူသမျှ ကင်းလွတ်စေသော စက်ကြီးတစ်ဆယ့်သုံးပါး မန္တန်တော်ကြီးကို ယုံယုံကြည်ကြည် ရွတ်ဖတ်ပူဇော်ရမည်။

ထိုသို့ ယုံကြည်သဒ္ဓါဖြင့် ရွတ်ဖတ်သူသည် တစ်စုံတစ်ရာသော ဘေးဥပဒ် အန္တရာယ်တို့မှာ ကင်းလွတ်စေသည်ဟု ပြောကြားခဲ့ဖူးပါသည်။

အတိတ်ကံကြွေး မပါသူများအနေ ဖြင့်ဆိုလျှင် မိုးကြိုးပစ်ခြင်း အန္တရာယ်မှ ကင်းလွတ်သည်ဟု ဆိုပါသည်။ ထို စက်ကြီးတစ်ဆယ့်သုံးပါး မန္တန်တော် သည် မိုးကြိုးလွှဲဂါထာတော်၊ မန္တန် တော်လည်း ဖြစ်သည်ဟု ပြောကြား ခဲ့ဖူးပါသည်။

စက်ကြီးတစ်ဆယ့်သုံးပါး မန္တန် တော်နှင့် ပတ်သက်၍လည်း ဒေသ အလိုက်၊ ပုဂ္ဂိုလ်တို့အလိုက် များစွာ သော အတွေ့အကြုံများ ရှိကြမည်မှာ အမှန်ဖြစ်ပါသည်။

ထူးခြားစွမ်းအင်ရှိခဲ့သော ဖြစ်ရပ် တို့ကိုလည်း နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ကြီးမှတစ်ဆင့် တင်ပြ ရေးသားကြ



www.burmeseclassic.com

www.burmeseclassic.com

...လည်း ဆန္ဒပြုလိုက်ပါသည်။

**စက်ကြီးတစ်ဆယ့်သုံးပါးမန္တန်တော်**

- ◆ အောင်တစ်ရှေ့ရှစ်ကွက် ဗုဒ္ဓစက်။
- ◆ တစ်ဆယ့်လေးချက် ဓမ္မစက်။
- ◆ တစ်ဆယ့်ရှစ်ချက် သံဃစက်။
- ◆ လရောင်ဝင်းလျက် ရှင်ပဓွေက ဗုဒ္ဓ ရဟန္တာစက်။
- ◆ မြင်းမိုရ်တောင်ဦး မြင့်ခေါင်ကျူးလျက် မိဘစက်။
- ◆ ဂုဏ်ကျေးဇူးကို အထူးသိလျက် ဆရာ့စက်။
- ◆ ဖရိုန်လက်နက် ဗြဟ္မာ့စက်။
- ◆ မိုးကြိုးလက်နက် သိကြားစက်။
- ◆ လောပ်မီးကျလျက် နတ်တို့စက်။
- ◆ ဘွဲ့ဖြူလက်နက် ဘီလူးစက်။
- ◆ တောင်ဟုန်ပြင်းလျက် ဂဠုန်စက်။
- ◆ အာခံတွင်းက ဝင်းဝင်းတောက်လျက် နဂါးစက်။
- ❖ သုံးတောင်သန်ချာ ယောမဏ္ဍာ အာဏာစိုးလျက် သီဟစက်။

စက်ကြီးတစ်ဆယ့်သုံးပါး ရွတ်သံကြားကာ ဘေးများငြိမ်မှု မကောင်းစုကို ဝေးကြွင်ရှောင် အောင်စေတတ်သည် မြတ်သည့် ဆရာ ပညာတည်း။

ဩဘောင်း နမော ဗုဒ္ဓါနုဘာဝေန။
ဩဘောင်း နမော ဓမ္မာနုဘာဝေန။
ဩဘောင်း နမော သံဃာနုဘာဝေန။
ဩဘောင်း ဒုရေ့ဒုရေ သွား ဟုံ ဟုံ။

ဤ စက်ကြီးတစ်ဆယ့်သုံးပါး မန္တန်တော်ကို တစ်နေ့လျှင် (၃)ခေါက် အမြဲ ရွတ်ဖတ်သူသည် မိမိအနေအားဖြင့် ဖြစ်စေ၊ မိမိ၏ မိသားစုဖြစ်စေ၊ မိမိ၏ နေအိမ်၊ တိုက်တာတို့ကို တစ်စုံတစ်ယောက်၏ မကောင်းမှုကြံစည်ခြင်းမှ လွတ်ကင်းခြင်း၊ မကောင်းမကြံနိုင်ခြင်း။

မကောင်းသော စုန်းတိုက်,နတ်တိုက်,ပုဏ္ဏကတိုက် စသော အနက်ရောင် အောက်လမ်းနည်းပညာများဖြင့် အနှောင့်အယှက်၊ အဖျက်အဆီး မပြုလုပ်နိုင်ခြင်း။

သဘာဝအန္တရာယ်များဖြစ်သော မီးဘေး၊ လေဘေး၊ ရေဘေးတို့မှ ကင်းဝေးခြင်း။ မိုးကြိုးအန္တရာယ် ကင်းဝေးခြင်း စသော အန္တရာယ်အမျိုးမျိုးတို့မှ ကင်းဝေးစေနိုင်ပါသည်။

***ဘေးရန်ကင်းကွာ စိတ်ချမ်းသာ လိုရာပြည့်စုံကြပါစေ။***

**အောင်ထက်**
***(ရွာအနောက်မြို့တော်)***

---

**၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း**

# [illegible]



**ပြည့်စုံစေဖို့**

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလသည် ရေ(ယင်း)ဓာတ်ဆောင်သော မြွေနှစ်သို့ ကူးပြောင်းရောက်ရှိသော နှစ်ဦးသမယ ဖြစ်သည်။

ထို့ကြောင့် လစဉ် ကြုံတွေ့ရဖွယ်ရှိသည့် ငွေကြေးဆိုင်ရာ အခက်အခဲ အကျပ်အတည်းများ ပြေပျောက်၍ လာဘ်လာဘရွှင်လန်းစေရန် ပြုလုပ်ဖွယ် အစီအစဉ်ကိုလည်း ဤလမှစတင် ပြောင်းလဲပါမည်။

လုံးဝိုင်းသော ပုံသဏ္ဍာန်ရှိသည့် စားသောက်ကုန်ပစ္စည်း၊ လူသုံးကုန်ပစ္စည်းကို အသုံးပြုမည်ဖြစ်ရာ လိမ္မော်သီး၊ ပန်းသီး၊ ဆီးချိုသီး၊ လုန်ငန်သီး၊ သပျစ်သီး၊ သကြားလုံး ၊ ဘီစကစ်မုန့်ဝိုင်း၊ ကိတ်မုန့်အဝိုင်း၊ ပုတီးစေ့၊ ပုလဲလုံး၊ ခြင်းလုံး၊ ဘောလုံး၊ ပန်းကန်ပြားအဝိုင်း၊ အိုးခွက်အဝိုင်း စသည်ဖြင့် မိမိ နှစ်သက်ရာ ပစ္စည်းတစ်မျိုးမျိုး ရွေးချယ်ပါ။

မိမိတို့ မွေးနှစ်အရ ပစ္စည်းခုရေ၊ အရပ်မျက်နှာ၊ လှူဒါန်းရမည့်သူ၊ လှူဒါန်းရမည့်နေ့ရက်တို့ကို အောက်တွင် ကြည့်ပါ။

* * *

| မွေးနှစ် | ခုရေ | အရပ်မျက်နှာ | အလှူခံပုဂ္ဂိုလ် | နေ့ရက် |
|---|---|---|---|---|
| ကြွက် | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါ |
| နွား ကျား | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာ |
| ယုန် | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာ |
| နဂါး မြွေ | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေး |
| မြင်း | ၈ | အရှေ့မြောက် | ကြာသပတေးသားသမီး | စနေ |
| ဆိတ်၊ မျောက် | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူး |
| ကြက် | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေ |
| ခွေး ဝက် | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေး |

ဥပမာ။ ။ ကြွက်နှစ်တွင် မွေးဖွားသူသည် ဖေဖော်ဝါရီလအတွက် ငွေကြေးကိစ္စ အဆင်ပြေစေရန် လိမ္မော်သီး(၉)လုံးကို တောင်အရပ်ရှိ ဗုဒ္ဓဟူးသားသမီးအား အင်္ဂါနေ့တွင် လှူဒါန်းကာ လိုရာဆုတောင်းရန် ဖြစ်ပါသည်။

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

# ထမင်းရည်ပူ


လောင်ခဲ့သော်



တစ်နေ့သော နေ့လယ်ခင်းတွင် ခင်မင်ရင်းနှီးသော ပိတောက်ယဉ်ရွာ သူကြီးဦးမြင့်ကျော်အိမ်သို့ အလည်အပတ် ရောက်သွားပါသည်။ တစ်အိမ်လုံး တိတ်ဆိတ်နေပါသည်။ မိသားစု (၆)ယောက်စလုံး ကိုယ်စီ အလုပ်များနေကြသည် ထင်ပါသည်။

'ကိုမြင့်ကျော်... ကိုမြင့်ကျော်၊ အိုး... ဘယ်သူမှ မရှိပါလား'

ကျွန်ုပ်မှ တကြော်ကြော် အော်ခေါ်ရင်း အိမ်ရှေ့ ဈေးဆိုင်ပြင်မှ ကျော်ပြီး အိမ်မကြီးပေါ်တက်လိုက်တယ်ဆိုရင်ပဲ တရှုပ်ရှုပ်နှင့် ကျိတ်ငိုနေသော ကိုမြင့်ကျော်၏ ဒုတိယသမီးဖြစ်သူ ဌေးဌေးဝင်းဟာ မှောက်အိပ်ပြီး ခြေနှစ်ချောင်း ကင်းမြီးကောက်ထောင်သလို အနောက်ဘက် ကွေးထောင်ကာ ရှိနေတာကို တွေ့ရပါသည်။



'ဟဲ့...သမီးဌေးဌေး၊ အိမ်သားတွေကော သမီးက ဘာဖြစ်နေတာလဲ'

ကျွန်ုပ် မေးလိုက်စဉ်မှာပဲ အိမ်နောက်ဘက်မှ အလုပ်လုပ်နေသော ကိုမြင့်ကျော်ရော မြို့မှဈေးဝယ်ပြီး ပြန်ရောက်လာကြတဲ့ ဇနီးဖြစ်သူ ဒေါ်သိန်းပိုနဲ့ သမီးကြီး နွယ်နွယ်ဝင်းတို့လဲ ရောက်လာကြတယ်။

'အလုပ်ရှုပ်နေကြတာကိုး...ဒီမှာ ဌေးဌေးက မှောက်လျက်သားအိပ်ပြီး တရှုပ်ရှုပ်နဲ့ ဘာဖြစ်ထားတာလဲ၊ မေးလဲမပြောဘူး'

'မပြောချင်ပါဘူး။ သူ့အဖေက မအားလို့ ထမင်းတည်နိုင်းလိုက်တာ ထမင်းရည်ငှဲ့တော့ လက်နှီးပိုင်း မီးဖိုစွန်းနဲ့ငြိပြီး ထမင်းအိုး မှောက်ကျတယ်လေ'

မိခင်ဖြစ်သူ ဒေါ်သိန်းပိုက ရှင်းပြသည်။

'ဒါနဲ့ သူ့ခြေထောက်မှာ ဘာတွေအုံထားတာလဲဗျ'

လို့ နှုတ်မှ ဖြေပြော့ပြောရင်း မျက်စိထဲ ခြေမျက်စိမှ အောက်ဘက်အားလုံးကို စိမ်းစိမ်းအဖတ်တွေနဲ့ အုံထားတာတွေ့လို့ မေးလိုက်မိတယ်။

'ဩော်... ဒါလား သကြားနဲ့ ကွမ်းရွက်ဝါးပြီး အုံထားတာပါ။ အပူလောင်နာအတွက်တော့ ကျွန်တော်တို့ ကရင်တိုင်းရင်းသားတွေရဲ့ ဆေးမြီးတိုပေါ့။ သူ့ခြေထောက်ပေါ် မှောက်ကျတဲ့ ထမင်းဖတ်တွေ၊ ထမင်းရည်တွေ စင်အောင်ဆေးကြောသုတ်သင်ပြီး ခပ်မြန်မြန်လေး **ကွမ်းရွက်(၂)ရွက်၊ (၃)ရွက်ကို သကြားတစ်ဇွန်းမောက်မောက်နဲ့ ဝါးပြီးအုံထားပေးတာ၊ ဒီနေ့ မနက်ခင်းက ဖြစ်တာဆိုတော့ အပူရှိန် မပြေသေးတာပဲ ရှိတယ်။ အရည်ကြည်ဖုတက်ထားတို့ ဘာတို့တော့ လုံးဝ မဖြစ်ပါဘူး။**

ဒါလဲ လူတိုင်းအတွက် သိသင့်တဲ့ အလွယ်တကူ ဆေးမြီးတိုတစ်ခုပဲ'

နောက်နေ့ ကိုမြင့်ကျော်အိမ်မှာ သားအတွက် မုန့်ဝယ်သွားတော့ ဌေးဌေးဝင်းဟာ ပုံမှန်ပဲ အလုပ်၊ လုပ်ကိုင်နေတာ တွေ့ရတယ်။ မနေ့က ထမင်းအိုး မှောက်ကျထားတဲ့နေရာမှာ အရည်ကြည်ဖုဒဏ်ရာ ဘာမှမတွေ့ရပါ။

စာရှုသူများအားလုံးအတွက် ဘာဆိုဘာမှ အခက်မတွေ့နိုင်တဲ့ အပူလောင်နာပျောက် ဆေးနည်းလေး တစ်လက်ရေးသားပေးပို့အပ်ပါတယ်။

'ကွမ်းရွက်(၃)ရွက် သကြားတစ်ဇွန်းနှန်းနဲ့ ဝါးခြေကာ အနာပေါ် (အပူလောင်တဲ့နေရာပေါ်) အုံပေးရုံပါ။ အနာနေရာ ကျယ်ပြန့်ပါက အထက်အဆအတိုင်း ထပ်ဝါးခြေပြီး အုံပေးပါ'

နှစ်ရက်မကူးတဲ့ဆေးမို့ ဝေဒနာရှင်တို့ ချမ်းသာသုခ ပြည့်ဝကြပါစေ။

သောဘိခင်နိုင်(ဥပဒေ)



www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့ရိုးရာ

# လက်ဆန်းဟောပုံတွက်နည်း

မောင်ပိုးနှင်း
(အင်းဇော်)



ဤဟောပုံလက်ဆန်းနည်းမှာ ဆရာတော် ဦးကလျာဏထံမှ ရရှိပါသည်။ မူရင်းလက်ရေးမူမှ ကူးယူဖော်ပြပါသည်။ ယနေ့အထိ ပြောနေကျ ဟောပုံလက်ဆန်းနည်း ဖြစ်ပါသည်။

တွက်နည်းစနစ်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

ကိုယ့်သက်ဝယ် တည်ထား၍ နှောပြားနံ့ ကြိုးပ်ပင်။ စားဆယ့်ရှစ်အင်၊ အကြွင်းကိုဖြင့် ကျရာတွင်ဟော။ ပဒိပ္ပဉာဏ်ကြွယ်လျှင် တွေးဆယူလော။

**အဓိပ္ပာယ်မှာ** ရောက်သက်တည်ပါ။ မွေးနံနှင့်ရောပါ။ (၁၈)နှင့် စားပါ။ အကြွင်းအရ ဟောပါဟု ဆိုရင်းပင်ဖြစ်ပါသည်။

ဥပမာ တွက်ပြပါမည်။

အသက် (၆၄)နှစ်ရှိသော ကြာသပတေးသားသမီးကို တွက်သည် ဆိုပါစို့။

**တွက်နည်း**

အကြွင်းကို အဟောမှာ ကြည့်ပါ။

အသက် ၆၄ နှစ်
+ ၅ မွေးနံ ကြာသပတေး
၁၈ | ၆၉ | ၃
-၅၄
၁၅ အကြွင်း

အကြွင်းတစ်ခုချင်းအလိုက် ရေးပြပါမည်။

၁။ ပထမံ သူနာကို လူထမ်း၍ ကြောက်လန့်ဖွယ်ရှိ၊ အိမ်ဂေဟာ ပစ်ခွာလေ ပယ်ရှင်းမှ သေကင်းမည်မိ။

၂။ ကြွင်းနှစ်တန် သုသာန်လေ မြေထောင့်က ကျိုးစောင့်လျက်ရှိ၊ သေမင်းငယ်ရှာ ခန္ဓာလေပယ်ရှင်း၍ ဆင်းရဲတတ်ဘိ။

၃။ အကြွင်းသုံးတန် စိန္တေယျာ မြတ်ပုထိုး ကိုးကွယ်ရပြန် ငွေကြေးဝင်လာပြန်၍ ဘုန်းကံတက်သေး။

၄။ စတုတ္တံ ဘုံပြန်လေ အိမ်ခန်းက စိတ်ပန်းပါဘိ။ အပြစ်ကယ်မှန် သလေ လွတ်ရန်ဘယ်ရှိ မိတ္တနံ့တူနှင့် ဆုတောင်းခါတင်ဆွမ်း လှူဒါန်းကာ ယတြာပြု။

၅။ ပဥ္စမံ စိတ်ပူပန် ဗျာပါများ ဖျားနာတတ်ပါ။ မီးလှုံကာ ကိန်းမှာလေကြုံရ။ မြတ်ဘုရား ခြောက်ပါးရောင်တော်စုံနှင့် ဖုံးလွှမ်းပါမှ။

၆။ အကြွင်းတဲ့ခြောက်တန် စိန္တေယျာ မြတ်ပုထိုး ကိုးကွယ်ရပြန်၊ ငွေကြေးပင် ဝင်လာပြန်လာ၍ ဘုန်းလျှံရသေး။

၇။ ခုနစ်တန် တောဟောမန် ရှောင်ဘိ သပေါ့ပါမြွေအရှည်တို့ ခဲနေတတ်ဘိ။

၈။ ကိန်းရှစ်တန် တောမြိုင်ယံ တစ္ဆေဘုတ်ကယ်တို့ ညှိုးရှုပ်လိမ့်ကြ နတ်စုံးငယ် အကြဲလေသူတို့ တံစိုးလေမှတ်ထင်နိုးတယ် ချီးလိမ့်သူတို့။

၉။ နဝကျုံ သေသောက်၍ နှစ်ယောက်လူ လက်ဖွဲ့ဆိုင် လုံးထွေးကြပြိုင် ကြဲမပိုင် ရန်နိုင်ကပေါ့ စိတ်ဖောမခံသာလို မာန်ဗျာပါ အကုန်ထွက်တယ် ကိန်းပျက်ရဖော။

၁၀။ အကြွင်းတဲ့ဆယ်တန် ပင်ရုက္ခ ဟိုအဖျားဆီက ကျသွားတတ်ပါ တစ်နှစ်ကယ်တာ ကံကြမ္မာဖန်မှ ရွှက်ဟောင်း လေပြေတိုက်တယ် ညှိုးစိုက်ကြုံရ။

၁၁။ ဆယ်တစ်ကယ်တစ်ဖန် စိန္တေယျာ မြတ်ပုထိုး ကိုးကွယ်ရပြန် ငွေကြေးဝင်လာပြန်၍ ကံဇာတာ နှစ်ကြိမ်တက် ပွဲထွက်ပါလေး။

၁၂။ ဆယ့်နှစ်ရယ်တစ်ဖန် ရွှေသမင် စုံဖိုမ မျိုးပျော်ကြပြန် သည်ကိန်းဖြင့် ဖန်ပလေ တစ်နှစ်ကယ် ဘေးကြုံရ စိတ်ထဲကြံတစ်ဖြာနှင့် ပေါ်မာယာ အကုန်ထွက်တတ်တယ်





www.burmeseclassic.com

www.burmeseclassic.com



# အန္တော အိန္ဒြာ

လမ်းနှစ်ဖြာ ( ၄ )

ရွှေတောင် ဆင်မောင်ကြည်

ယခင်လမှအဆက်

'အေး...နေရာတကာ ဆရာဆိုတာ လိုတယ်ကွ။ မြတ်ဗုဒ္ဓက လွဲရင်ပေါ့။ မြတ်ဗုဒ္ဓကတော့ ဆရာမရှိ ကိုယ်တိုင် သိလေ'

'သိပ်ဟုတ်တာပေါ့ ဆရာရယ်။ ဖိုးဟန်ကို ကြည့်လေ၊ ဖိုးဟန်သင်မှ ကလေးတွေ စာတတ်မှာ။ သီချင်းရှိ တယ်မို့လား။ ဒီကလေးလေးတွေ ပညာရရှိဖို့တော့...ဖမိပုံသွင်...အာစရိ တွေသင်'

'ဟော့ကောင် ဖိုးဟန်၊ မင်း မဏ္ဍပ် တိုင် တက်ပြမနေနဲ့။ မင်း မယ်ဒလင်နဲ့ ဆိုတီး‌,တီးတတ် ပရိသတ်ကို စိတ် ဓာတ်ချောက်ချားအောင် လုပ်နိုင်တယ် ဆိုတာ ငါသိတယ်။ ငါပြောတာကို မင်း ဆက်ပြီး နားထောင်'

ဟုတ်တယ်၊ ဖိုးဟန်က တရုတ်မော် မီးသတ်တီးဝိုင်းက အဆိုတော်ပဲ၊ အတီးသမားပဲ။ ဂီတကို စည်းကမ်း တကျ သင်ခဲ့တဲ့သူ။ ကိုယ့်ကိုယ်ကိုယ် ဖော်သလို ဖြစ်သွားတယ်။ တော်လိုက် လိုက်တဲ့ ဆရာပုဏ် ဖိုးဟန်ကို အရှိန် အဟုန် ရပ်စေခဲ့တယ်။

'မင်း ကျောင်းဆရာတစ်ယောက်ပဲ။ အပူကူးခြင်း၊ အပူစီးခြင်း ဆိုတာ မင်း တက္ကသိုလ်ဝင်တန်းမှာ သင်ခဲ့တာပဲ။ မီးဆိုတာ အပူကူးတယ်။ စီးတယ်ကွ။ မီးခဲမှာ မီးစွဲတော့ မီးခဲရဲ့အပူက လုံကို ကူးတယ်ကွ။ လုံရဲ့အပူက လုံထဲမှာ ရှိတဲ့ ဓာတ်ကို ကူးတယ်ကွ။

အဲဒါ အပူကူးတာ ဓာတ်ထဲကိုလဲ အပူရောက်ရော ဆက်ပြီး ကူးစရာ မရှိတော့ဘူး။ ဓာတ်သားထဲမှာပဲ လှည့်ပြီး စီးတော့တယ်။ ဓာတ်သားကို အပူ စီးတော့ ဓာတ်သားကလပ်စည်း တွဲ လာတယ်။ စိပ်လာတယ်။ ဓာတ်သား ကျစ်လာတယ်။ တေဇောဝင်ပြီ။ ဓာတ် သားထဲကို ပျံ့နှံ့ပြီး တေဇောဝင်သွား တယ်'

'အဲဒီတော့...'

'အပူစီးလေ တေဇောဝင်လေ၊ တေဇောဝင်လေ ကလပ်စည်းစိပ်လေ၊ ကလပ်စည်းစိပ်လေ ဓာတ်သား ကျစ် လေ၊ ဓာတ်သားကျစ်လေ မကောင်းတဲ့ မလခေါ်တဲ့ အညစ်အကြေးတွေကို ညှစ်ထုတ်လေ၊ မလတွေများများ ထွက် လေ ဓာတ်သန့်ရှင်းလေ'

'အခုမှပဲ သိပါတော့တယ် ဆရာ ရယ်'

'အန္တောဓာတ်သားက မင်းထည့် လိုက်တဲ့ ပြဒါးတစ်ကျပ်သားကို ဖမ်း တယ်၊ ချုပ်တယ်၊ သတ်တယ်။ ပြဒါးက အန္တောရဲ့ နှိပ်စက်တာကို အကြီးအကျယ် ခံရတယ်။ ဒါပေမယ့် သူ့တစ်ပြန် ကိုယ် တစ်ပြန်ပဲ၊ ပြဒါးလဲသေရော ပြဒါးက အန္တောကို ပြန်စားတာပဲ။

ပြဒါးသေကို အန္တောသား ဖွေးနေ တာ ကျွေးရတယ်။ အန္တောကျွေးပြီးရင် တချို့က ဘော်ကျွေးတယ်။ ဘော်ကျွေး ပြီးရင် ရွှေကျွေးတယ်။ ရွှေမကျွေးရင် သံကောင်းကောင်းကို ကျွေးရတယ်။



www.burmeseclassic.com

www.burmeseclassic.com

အဲဒါမှ ပြဒါးပြန်ရှင်တယ်'

'ပြဒါးရှင်လုံးပေါ့ဆရာ၊ အစာကျွေးတော့ရော'

'ခတ်က သန့်ရှင်းလေတော့ စားချင်၊ ဝါးချင်လာတယ်။ ချော်နဲ့ထိုးရင် ပြဒါးပဲဖြစ်ဖြစ်၊ သံပဲဖြစ်ဖြစ် ပြဒါးလုံး၊ သံလုံးရဲ့ အောက်ခြေမှာ ဒါမှမဟုတ်ရင်တော့ ဘေးမှာ အစွယ်ထွက်လာတယ်။ ကွေးကွေးလေး သိပ်လှတယ်။ လက်နဲ့ ထိကြည့်ရင် ရှတတနေတယ်။ ပြီးတော့ လုံဖင်မှာ အဆီချထားမယ်။

လုံငှားဖုံးနဲ့ ထိုးရင် မီးချိန်မြင့်လို့ မီးရင့်လာတဲ့အခါ လုံထဲကလေ အပြင်ကို ထွက်တယ်။ လုံငှားဖုံးကို တွန်းပြီး ထွက်တာပဲ။ အသံမြည်တယ်။ တောက်...တောက်နဲ့။ ချော်ကလဲ ကွဲအက်နေတယ်'

'အဲဒီလိုဖြစ်နေရင်...'

'အစာကျွေးပေတော့ အန္တောသား ဝက်ကိုကျွေး၊ ကျွေးရင် စားတာပဲ။ ကျွေးတဲ့အခါ တစ်မူးသား တစ်ပဲသား မကျွေးရဘူး။ ခတ်အလွန်စားပြီး ထိန်းမနိုင်သိမ်းမနိုင် ဖြစ်သွားတတ်တယ်။ ရွေးလေးလို့ခေါ်တဲ့ ရွေးမျက်နှာမှဲ့ တစ်ရွေး ကျွေးပေတော့။ အဲဒါထက် မပိုလေနဲ့။

စားချင်နေတဲ့ခတ်က အသာငမ်းငမ်းနဲ့ စားမှာ၊ မဆင်မခြင် အများကြီးကျွေးမိရင် ခတ်ဘီလူးဖြစ်သွားတတ်တယ်။ ပုဂံခေတ်က ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ကျော် ရှင်အဇ္ဇဂေါဏ ကြားဖူးမှာလား ဆရာတော့်ခတ်လုံးက ခတ်ဘီလူးပေါ့ကွ'

'ဆရာပုဏ် ခတ်ဘီလူးဆိုတာက ဘာလဲ'

'မင်းကျွေးချင်တဲ့ ခတ်ကိုကျွေး အကုန်စားတာ၊ ရွှေကျွေးမလား စား



မယ်။ ငွေကျွေးမလား စားမယ်။ အိုကွာ... ဒန်, နာ, ဘင်, ဘော်, ဂျုတ်, သွပ်, ပြဒါး, သံ ကျွေးစမ်း၊ စားလိုက်မယ့်ဖြစ်ခြင်း၊ မင်း တင်းနဲ့ ချင်ထား ကုန်မယ်။ ဘာမှလဲ ဖြစ်မလာဘူး။ အေး... သိရင်တော့ ခတ်ဘီလူးက ရဲဘော်ရဲဘက် မိတ်ဆွေကောင်းပဲ၊ ရန်သူမဟုတ်ဘူး။ မိတ်ဆွေစစ်'

ရန်သူနဲ့မိတ်ဆွေ ဘယ်လိုများ ခွဲမှာလဲလို့ ဖိုးဟန်တွေးတယ်။ ဒါပေမယ့် အဖြေမသိတော့ ပဟေဠိပါပဲ။

'ငါ ခတ်ဘီလူးကို တွေ့ဖူးတယ်။ ငါ့ပစ္စည်းတော့ မဟုတ်ဘူး။ ကိုရင်ကြီး တစ်ပါးဆီမှ တွေ့ဖူးတာ'

မောင်ဖိုးဟန် သိချင်လှပြီ။ ခေါင်းတမော့မော့နဲ့ လည်တခါခါ။

'ရွှေတောင်မြို့နဲ့ (၄)မိုင်အကွာ ရွှေနတ်တောင်စေတီတော်ရဲ့ ဇရပ်တစ်ဆောင်မှာ သီတင်းသုံးနေတဲ့ ကိုရင်ကြီး ဦးကောဝိဒဆိုတာ ရှိတယ်။ လူအမည်က ဦးကျော်ရင်၊ ဝါတော်တော့ မသိဘူး။ သက်တော်ကတော့ (၇၀)ကျော်လောက်ရှိပြီ။

ကိုရင်ကြီးမှာ ပြဒါးလုံးတစ်လုံး ရှိတယ်။ တစ်နေ့တော့ တို့ကလဲ ရွှေနတ်တောင်စေတီတော်ကို အဖူးအမြော်ရောက်သွားတယ်။ ဘုရားကြည်ညိုဝတ်ပြုပြီးတော့ ကိုရင်ကြီးဆီကို ဝင်တယ်။ အဲဒီနေ့က ကိုရင်ကြီး ဖိုခွင်မဝင်ဘူး။ မေးတော့ ကျွေးစရာ ဘော်ပြတ်နေလို့,လို့ ပြောတယ်။

ဘယ်လောက်ကျွေးမှာလဲ ဆိုတော့ တစ်ကျပ်သားတဲ့။ ဒါနဲ့ တို့လဲ အသင့်ပါလာတဲ့ ဘော်တစ်ကျပ်သားကို ပေးလိုက်တယ်။ ကိုရင်ကြီးမှာ ဝမ်းတွေသာလို့ ချက်ချင်းပဲ ဖိုခွင်ဝင်ဖို့ ပြင်တယ်။ တို့ကိုလဲ ဖိုးရသေ့ မပြန်နဲ့ဦးလို့ တားတယ်။

သူ့ပြဒါးခတ်လုံးက တစ်ကျပ်သားအတိပဲ။ ကိုရင်ကြီး ပြဒါးလုံးကို တို့ သေသေချာချာ ကြည့်လိုက်တယ်။ မဲမဲသဲသဲ ရှုံ့ရှုံ့တွတွလေး အဖုအထစ်တွေလဲ ရှိတယ်'

'ဆရာပုဏ် အဲဒါ ဘယ်လိုဖြစ်တာလဲ'

'ဖိုးဟန် ခက်တယ်ကွ၊ ခတ်ဆိုတာ ရုပ်လှမှ မဟုတ်ဘူး။ ရှုံ့တွပြီး ဘီလူးခေါင်းဖြစ်နေပစေ၊ အလေးချိန် ရွေးကြီးတစ်ရွေးသားလောက်ပဲ ရှိပါစေ၊ ဘယ်လို အရောင်အဆင်းမျိုးပဲ ရှိနေပေစေ ခတ်သေဖို့သာ အဓိကပဲ၊ အဲ... ကိုရင်ကြီး ပြဒါးလုံးက ပြဒါးသေလုံးပဲ။ ခတ်သေနေပြီ။ ခတ်သေလုံးပဲ'

''ပြဒါးသေလုံး'' ဖိုးဟန် အံ့သြတကြီး ဖြစ်သွားတယ်။ မကြားစဖူး သူ ကြားရပြန်ပြီ။

'ကိုရင်ကြီးလဲ ကူန္တာစရိယလုံနံပါတ် (၄)ထဲကို သူ့ပြဒါးလုံး ထည့်တယ်။ အဲဒီအပေါ်က ဘော်တစ်ကျပ်သားကို တင်တယ်။ လုံငှားဖုံး,ဖုံးပြီး ခါးတိုက်ထိုးတော့တာပဲ။ ငါလဲ ထိုင်ကြည့်နေရင်း ပြဒါးလုံးက တစ်ကျပ်သား၊ ကျွေးတဲ့ဘော်က တစ်ကျပ်သား။ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com

ကြီးလဲလို့ တွေးကြည့်တယ်။

ဒါပေမယ့် ဘာတစ်ခွန်းမှတော့ မဟခဲ့ဘူး။ ဓာတ်ကစားလို့ နာရီဝက်ကျော်ကျော်ကြာတော့ ဖိုမီးကို ရပ်တယ်။ ဖိုခွင်ထဲက လုံကို သဲခွက်ထဲထည့်တယ်။ အဲဒီနောက်မှ မာကြောင်းသာကြောင်း၊ ဆေးအကြောင်း၊ ဓာတ်အကြောင်းတွေ နှစ်ယောက်သား ပြောကြရတော့တယ်'

'ဓာတ်လုံးအကြောင်း ပါသေးလား'

'အင်း... သူ့ပြဒါးသေလုံးက ဒန်နာသုတရဇတလမ်းစဉ်ပဲ၊ တို့နဲ့တော့ မတူဘူး။ သူက နှစ်မျိုး နှစ်မျိုးတွဲပြီး ထိုးခဲ့တာလို့ ပြောတယ်။ စကားကောင်းနေကြရင်း သဲခွက်ထဲကလုံ အေးတော့ လုံကို ဖွင့်တယ်။

ပြဒါးလုံးက မူလအရွယ်အတိုင်း ပုံစံကလဲ မပြောင်းဘူး။ မဲမဲသဲသဲကြီးပဲ။ ရှုံ့ရှုံ့တွတွကြီးပဲ။ မက်လောက်စရာ မရှိဘူး။ လမ်းမှာတွေ့ရင်တောင် ကောက်ကြမှာ မဟုတ်ဘူး။ အဲဒါနဲ့ တို့က ကိုရင်ကြီး ဒီလိုပဲ တစ်ကျပ်သား၊ တစ်ကျပ်သား ကျွေးသလားဆိုတော့'

''ဟုတ်တယ်''တဲ့လေ။ ဖြေလိုက်ပုံက။

'ကဲ... မောင်ဖိုးဟန် ဘော်ကျွေးပြီးရင် ရွှေကျွေးရမယ်။ ဒီလိုသာ ကျွေးသမျှ တစ်ကျပ်သား၊ တစ်ကျပ်သားစား,စားသွားပြီး ဘာမှဖြစ်မလာဘူးဆိုရင် ရှိတဲ့စည်းစိမ် အကုန်ပြုတ်သွားမယ်။ တက်တက်ပြောင် မွဲပြာကျသွားမယ်'

'ချမ်းသာအောင် ဘယ်လိုလုပ်ရမလဲ ဆရာ'

'ဓာတ်ဘီလူးကို အန်အောင်လုပ်ရမယ်ကွ'

'ဘယ်လိုလုပ်ရမှာလဲ ဆရာပုဏ်'



'မောင်ဖိုးဟန် စဉ်းစား... စဉ်းစား ဆရာတော် ရှင်အဖွဂေါဏက ဘာလုပ်သွားသလဲ'

မောင်ဖိုးဟန် သိလိုက်ပြန်ပါပြီ။ ကိုရင်ကြီးအကြောင်း သိချင်လွန်းလို့...

'ဆရာက ကိုရင်ကြီးကို ဘာမှ မပြောဘူးလား'

'မောင်ဖိုးဟန်ရေ... သူက မမေးဘူးဟ။ မင်းရော သိပလား'

'ဟာ... သိပါပြီ ဆရာရယ်၊ သိပါပြီ'

'တစ်ထွာပြရင် တစ်တောင်မြင်မှ၊ အရိပ်ပြရင် အကောင်ထင်မှ'

'ကိုရင်ကြီးက မမေးတော့ ဆရာကလဲ မပြောဘူးပေါ့ ဟုတ်လား'

'အေးကွာ... မမေးရင် မပြောဘူး၊ မတောင်းရင်လဲ မပေးဘူး'

'ဆရာတပည့် မောင်ဖိုးဟန်က ကိုရင်ကြီးနဲ့ မတူဘူး ဆရာရဲ့။ မေးလဲ မေးမယ်၊ တောင်းလဲ တောင်းမယ်'

'ဟေ... ဟုတ်လိုက်လေကွာ'

'ပေးမယ်မို့လား ဆရာရဲ့၊ အဲဒါနဲ့ ဆက်ပါဦး'

'ကိုရင်ကြီးက လုံထဲက ပြဒါးသေလုံးကို ကြမ်းပြင်ပေါ် မှောက်ချတယ်။ တို့က အဲဒီလို မလုပ်ပါနဲ့ ဓာတ်မကြိုက်ပါဘူးဆိုတော့ ကိုရင်ကြီးက ရပါတယ်တဲ့'

ဖိုးဟန် စိတ်မကောင်း ဖြစ်သွားရတယ်။ ကိုရင်ကြီးနှယ် ဖြစ်မှ ဖြစ်ရလေ၊ ဘယ်လို အတွေးအခေါ်ကြီးလဲလို့လဲ ဒေါမနဿပွားမိတယ်။ သူတောင် ခုမှသိတဲ့ မောင်ဖိုးဟန် အကုသိုလ်ပွားပြီ။

'မင်းစဉ်းစားကြည့် ဓာတ်ကြီးကွ၊ ထွက်ရပ်ပေါက်ဓာတ်လုံး လူတကာ ခြေနဲ့နင်းတဲ့ ကြမ်းပြင်ပေါ်ကို ချတယ်။ မကြာပါဘူး၊ (၃)လလောက်နေတော့'

'ဘာဖြစ်သွားလဲ ဆရာပုဏ်'

'ကိုရင်ကြီး တို့ဆီ ရောက်လာတယ်။ သူ့ပြဒါးလုံး ပျောက်သွားပြီတဲ့။ လုံထဲထည့်ထိုးပြီး အေးလို့ ဖွင့်လိုက်တဲ့အခါ မရှိတော့ဘူးတဲ့။ ပိန်နေတယ်။ မျက်စိမျက်နှာမကောင်းဘူး။ ဆွမ်းကပ်တော့လဲ မစားဘူး။ ကြည့်ရတာ သတိမနိုင်တော့သလိုပဲ။ ခုတော့ ပျံတော်မူရှာပြီ။ အဂ္ဂိရတ်ပါရမီရေစက် နောက်ဘဝမှာ ဆက်ပါစေလို့ ဆုတောင်းပါတယ်'

'စိတ်မကောင်းစရာ ဆရာရယ်'

'အေးကွာ... ဘော်ကျွေးပြီး ငွေဖြစ်မလာဘူး၊ ရွှေကျွေးတဲ့ အဆင့်တောင် မရောက်လိုက်ဘူး။ လမ်းက ဆုံးသွားတယ်'

'လမ်းမဆုံးအောင် ဘယ်လိုလုပ်ရမလဲ ဆရာ'

'မောင်ဖိုးဟန် လူလယ်ကြီး လူလယ်ကြီး မောင်ဖိုးဟန်'

'အမိန့်ရှိပါဆရာ'

'ငွေလိုချင် ငွေပင်စိုက်၊ ရွှေလိုချင် ရွှေပင်စိုက်' တဲ့။

'အဲဒါ အဂ္ဂိရတ်စကားလား'

'မှန်လိုက်လေ မောင်ဖိုးဟန်... မင်း



www.burmeseclassic.com

www.burmeseclassic.com

ချင်သလား မင့်ခါတ်လုံးကို
ကြွေး။ ရွေးမျက်နှာမည်း တစ်
တစ်ရွေးကြွေး။ နည်းနည်းစီ ကြွေး
တော့ လုံများတယ်။ လုံများတော့ မီး
တယ်။ မီးရင့်တယ်။

မီးရင့်တော့ တေဇောဝင်တယ်။
ဇောက ခါတ်လုံးရဲ့အတွင်းပါစက
မီးကို ကြီးစေတယ်။ စားသမျှ,
သမျှ သပ္ပာယမှုပြီး အစာကြေ
တယ်။ ကြေညက်တော့ ပြာယို
ယ်။ အဲဒီပြာကို နာကိုပစ် ငွေတွေ...
တွေဖြစ်'

'ဆရာက ဒီလိုလဲ ပြောတတ်တယ်
'

'ပြောတတ်တယ်ကွ မပြောချင်လို့
'

'ရွှေကြွေးရင်ကော ဆရာ'

'ရွှေပြာကျမယ်။ အဲဒီရွှေပြာနဲ့ မီးနေ
ဒါး ဆတူတွဲ မီးစိုက်'

'ဘယ်မီးနဲ့ စိုက်ရမလဲ'

'ဖွဲမီးစိုက်... ရွှေပြဒါးပြာကျမယ်။
ဆင့်...နှစ်ဆင့်...တစ်ဆယ့်နှစ်ဆင့်
ကိုသာ စားရရင် ထွက်ရပ်မြန်းပြီပဲ'

'ဖွဲမီးစိုက်ပုံလေး...'

'ဖိုးဟန် မင်းတော့ကွာ'

'ဆရာက မေးမှ ပြောမှာဆို'

'ဟော...'

'မေးပြီလေ ဆရာ'

'ပထမဆင့်ပြာကို ရိုက်ရင် လူနဲ့
တ်တဲ့နေရာ ဖွဲမီးညှော် မနံနိုင်တဲ့
နေရာမှာ (၃)တောင်ပတ်လည်လောက်
ကို ရှင်း။ အလယ်မှာ လုံဆုံ့မယ့်
ကလေးတူး။ လုံထည့်၊ လုံဘေးက
ထည့် ကြပ်ထား။ မြေပြင်နဲ့လုံထိပ်
ညီတည်းထားပြီး အပေါ်က ဖွဲပုံ
စိုက်။

ပထမနေ့ ဖွဲတစ်ပြည်ပဲ စိုက်။
ဒုတိယနေ့ ဖွဲ (၂)ပြည် စသည်စသည်
တစ်ပြည့်,တစ်ပြည်စီ တိုးပြီး ဖွဲမီးစိုက်။
(၇)ရက်ပြည့်ရင်ရပ်။ ဖွင့်ကြည့်၊ နောက်
ထပ်စိုက်။

(၇)ရက်တစ်လီကို တစ်ဆင့်၊ ပထမ
ဆင့် အဲဒီကမှ ဒုတိယဆင့်၊ တတိယ
ဆင့် စသည် (၇)ရက်စီ ဆက်ဆက်ပြီး
ဖွဲမီးစိုက်။ ပထမဆင့် ကြိတ်ကြေပြားနဲ့
ရွှေပြဒါးဆတူတွဲ ဖွဲမီးစိုက်၊ ရွှေနဲ့ပြဒါး
ထပ်ထပ်ထည့်ပြီး စိုက်'

'ဆရာပြောတာ ဆရာ အခုရောက်
နေတဲ့ တရုတ်မော်နော်။ ကဲ... ဆရာ
နေတဲ့ ပြည်မြို့မှာတော့ရော'

'ပြည်မှာကတော့ ထုံးဘိုဆရာတော်
ကြီးရဲ့တပည့် မန္တလေးက အင်္ဂရတ်
ပညာရှင် ဒေါ်ခင်တင်(သို့မဟုတ်)
ဒေါ်တင်တင်ရဲ့ အဆိုအမိန့်အတိုင်း
မီးသွေးမီးဖိုလေးနဲ့ စိုက်တာပေါ့ကွာ။
ဖွဲမီးဆိုတာ မီးမပြတ်ဘူး။ မီးမပြတ်ဖို့
အရေးကြီးတယ်။ မီးသွေးမီးဖိုထဲ မီး
မပြတ်ထည့် (၇)ရက်ပေါ့ကွ။ အဓိက
ကတော့ မီးမပြတ်ဖို့ပဲ'

'မီးနေမီးထားမသိရင် ခက်တယ်
နော် ဆရာ'

'သိရင် လွယ်ပါတယ်ကွာ။ အန္တော
ဆိုတာ စားလမ်းလဲ ရတယ်။ ထွက်ရပ်
လဲ မြန်းမယ်။ အဲဒါ...'

ဆရာပုဏ် စကားမဆုံးခင် ဖိုးဟန်
က အားရပါးရ အသံကုန်ဟစ်လိုက်
တယ်။

'အန္တောဒန်နာ လယ်းနှစ်ဖြာ'

ကိုရင်ကြီး ဦးကောဝိဒရဲ့ ဒန်နာ
သုတရဇတ ထွက်ရပ်စခန်း မြန်းမယ့်
ခါတ်လုံး(ပြဒါးလုံး) ရေးပါဦးမည်။

**ရွှေတောင် ခင်မောင်ကြည်**

စာမျက်နှာ (၂၀၉)မှ အဆက်

ကြေးမှုကုန်တတ်။

၁၃။ ဆယ့်သုံးတိုင် ကာလထိုင်ဘုံမြင့်
မှာ ဘုန်းပွင့်ပြန်ရာ ကြံတစ်ဖြာ
လိုရာသည်ပ ဝတ်စားဆင်တန်
ဆာနှင့် အသပြာရွှေငွေသားငယ်
ပါများပြန်ရ။

၁၄။ ဆယ့်လေးတန် ရန်မာန်ပိုမြဲ စိတ်
ထဲကြံတစ်ဖြာနှင့် ပေါ်မာယာ
အကုန်စုတယ် ကြေးမှုကုန်ဆဲ။

၁၅။ ဆယ့်ငါးတုံ နှစ်စုံလေ ရွှေလွှတ်မှာ
ဆည်းကပ်ပြန်ရ ကြံတစ်ဖြာ လို
ရာသည်ပ ဝတ်စားဆင်တန်ဆာ
နှင့် အသပြာရွှေငွေသားငယ်
ပေါ်များပြန်ရ။

၁၆။ ဆယ့်ခြောက်သော် သူ ပူဇော်ခံရ
မြဲ လွဲရပါပဲ။ ခြေနှစ်ချောင်းနှင့်
စုတ်ကောင်းဝင်လာရှိတယ် ပေါ
ဘီအမြဲ။

၁၇။ ဆယ်ကြုံးသိခုနစ်ကြိမ် စံအိမ်ပေါ်
ပူရှိန်ညီး မီးစွဲလျက်ကြိမ် တစ်နှစ်
ကယ်ကြိမ်ပါလေ နေအိမ်နှင့်မနီး။
ခရီးယာယီပြောင်းလျှင် ကောင်း
ပေ့အပြီး။

၁၈။ ဆယ့်ရှစ်ကယ်တစ်ပြား နှုတ်မှာ
လေရှုဆေး မြပွင့်ရွှေဝါနှင့် သစ္စာ
ပေါ်ဆောင်ဦး ဆွေမှုန်းရှုရေး။

၁၈–အကြွင်းမှာ မရှိ သုညအကြွင်း
ဖြစ်ပါသည်။

မြန်မာ့ကျေးလက်တောရွာက ရိုးရာ
ဓလေ့လက်ဆန်းဖြင့် ပျော်မွေ့သူများ
၏ လက်ကသုံးဟောနည်းစနစ်ကို
မပျောက်ပျက်လို၍ ရေးသားတင်ပြ
လိုက်ရပါသည်။

အာယု ဝဏ္ဏော သုခံ ဗလံ

**မောင်ဗဟိန်း (အင်းတော်)**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ

# ကျန်းမာရေး အတွက် အကြံပေးချက်

| ပုံရိုင် | ဝမ်းတွင်းအင်္ဂါ | အရောင် | ဂဏန်း | စားဖွယ် | အရပ် | မိတ်ဖက် | ကူညီသူ | ကံပွင့်နေ့ | အာရုံ |
|---|---|---|---|---|---|---|---|---|---|
| ကြွက် | နှလုံး | အနီ | ၉ | ပြောင်း | တောင် | မြင်း, ကျား, ခွေး | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ | သဒ္ဒါရုံ |
| နွား | အူမ | ရွှေဝါ | ၇ | ဆန် | အနောက် | ကြွက်, နွား, မြွေ | ကြာသပတေးသားသမီး | သောကြာနေ့ | ဂန္ဓာရုံ |
| ကျား | အူမ | ရွှေဝါ | ၇ | ဆန် | အနောက် | ကြွက်, နွား, မြွေ | ကြာသပတေးသားသမီး | သောကြာနေ့ | ဂန္ဓာရုံ |
| ယုန် | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | အနောက်တောင် | ဆိတ်, ဝက်, ယုန် | စနေသားသမီး | တနင်္လာနေ့ | ရသာရုံ |
| နဂါး | အသည်း | အစိမ်းနု | ၃ | ဂျုံ | အရှေ့ | ယုန်, ဆိတ်, ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ | ဖဿာ |
| မြွေ | အသည်း | အစိမ်းနု | ၃ | ဂျုံ | အရှေ့ | ယုန်, ဆိတ်, ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ | ဖဿာ |
| မြင်း | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အရှေ့တောင် | ကျား, မြင်း, ခွေး | ကြာသပတေးသားသမီး | စနေ | ရသာရုံ |
| ဆိတ် | ကျောက်ကပ် | အပြာ | ၁ | ပဲအမျိုးမျိုး | မြောက် | ကြွက်, မျောက်, နဂါး | အင်္ဂါသားသမီး | ဗုဒ္ဓဟူး | သော |
| မျောက် | ဆီးအိမ် | အပြာ | ၁ | ပဲအမျိုးမျိုး | မြောက် | ကြွက်, နဂါး, မျောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူး | သော |
| ကြက် | အဆုတ် | အဖြူ | ၆ | ဆန် | အနောက်မြောက် | ဝက်, ယုန်, ဆိတ် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ | ဂန္ဓာရုံ |
| ခွေး | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အရှေ့မြောက် | နဂါး, မျောက်, ကြွက် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ | ဖဿာ |
| ဝက် | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အရှေ့မြောက် | မြွေ, ကြက်, နွား | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ | ဖဿာ |

* * *

၂၀၁၃ ခုနှစ် ဖေဖော်ဝါရီလတွင် **ယုန်နှစ်ဖွား၊ မြင်းနှစ်ဖွား၊ ဆိတ်နှစ်ဖွား**တို့ ကျန်းမာရေး ချူချာတတ်သဖြင့် ဂရုစိုက်ပါ။

ဤလအတွက် ဖယားကို ယုန်နှစ်ဖွားတို့အား စံပြုရှင်းပြပါမည်။

ယုန်နှစ်ဖွားတို့သည် သရက်ရွက်နှင့် ပတ်သက်သော ရောဂါများ သတိပြု ကာကွယ်ကုသပါ။ မြေဝါရောင်နှင့် (၂)ဂဏန်းတို့ လာဘ်ကောင်းစေပါသည်။

ကောက်ညှင်းနှင့် သင့်သည်။ အနောက်တောင် ထောင့်အရပ် ကံလာဘ် ပွင့်လင်း၍ ဆိတ်နှစ်ဖွား၊



ဝက်နှစ်ဖွား၊ ယုန်နှစ်ဖွားတို့မှာ မိတ်ဖက်များ ဖြစ်ကြသည်။

ကျန်းမာရေးကိစ္စ ပေါ်ပေါက်ပါက စနေသားသမီးက ကူ[illegible] ပေးနိုင်ပါလိမ့်မည်။ တနင်္လာနေ့ ကံပွင့်နေ့ ဖြစ်သည်။ ရသာရုံ[illegible] ပြုပြင်ပေးခြင်းဖြင့် ကျန်းမာရေး အထောက်အကူ ဖြစ်[illegible] သည်။

ကျန်းနှစ်ဖွား[illegible]
ဤကဲ့သို့[illegible]
ကောက်ချက်ချ[illegible]

**အာရောဂျ ဆုလာဘ်နှင့် ပြည့်ဝကြပါစေ။**


**ဟူဂျင်းဇီ**
*(Hu Jin Zhi)*


www.burmeseclassic.com

www.burmeseclassic.com

သတိပြုပါ

# သရက်စုနာ






သရက်ပင်စိုက်ပြီးတိုင်း သရက်သီး ...ယ်တကူ မစားရပါ။ သရက်ပင် ... ပျိုးထောင်ဖို့လည်း လိုအပ်ပေ ...။ သရက်ပင် (၄)နှစ်ကျော်၊ ...နှစ်သားမှာ ပင်စည်ထွာဆိုင်ခန့်ရှိ ...တွင် အပင်အား မြေပြင်အထက် ...တောင်အကွာဝေးမှစ၍ အထက်သို့ ...စ်ရပ်မြင့် လက်လှမ်းမီသလောက် ... သရက်ပင်ပင်စည်ကို ဓားဖြင့် ...လည်ခုတ်ထစ်ပေးရန်လိုပေသည်။ **(...စည် အပေါ်ယံ အခေါက်လွှာ ...ကိုသာ ခုတ်ထစ်ရပါမည်။)**

ထို့ပြင် သရက်ဖူးချိန်မှာ သရက် ...တ်ဆေး ပက်ဖျန်းပေးရန် လိုပေ ...။ သို့မှသာ သရက်သီးများ အဖတ် ...၍ အသီး ကြီးထွားလာပေသည်။

အထက်ပါနည်းမှာ သရက်ပင်စိုက် ...နာရှင်များ သိရှိပြီး ဖြစ်ကြပေလိမ့် ...။ ယခု စာရေးသူ တင်ပြမှာကတော့ ...က်ပင်ရောဂါနှင့် ပတ်သက်၍ ...လာ တွေ့ရှိချက်ကို တင်ပြပါမည်။

သရက်ပင်တိုင်းမှာ ဖြစ်ပေါ်ခြင်း မရှိ ...ည့် ရောဂါဖြစ်ပါလိမ့်မည်။ ယခင်နှစ် ... စာရေးသူ စိုက်ပျိုးထားသော ...က်ပင်များမှ နှစ်ပင်မှာ အသီးအား ...န်နည်းပြီး တစ်ပင်လျှင် (၁၀)လုံးမျှ ... အဖတ်တင် ကျန်ခဲ့ပါသည်။

စာရေးသူလည်း သရက်ပင် ဘာ ...ါ စွဲကပ်နေလဲဟု ထူးခြားချက်များ ...ိုက်လံ လေ့လာကြည့်မိပါသည်။ ...င့် သတိပြုမိသည်မှာ သရက်(၂) ... အောက်ခြေ မြေပေါ်မှ (၃)ပေ ...်မှ ပင်စည်ကိုင်းခွဲတွေထိ သရက် ...ခေါ်သည့် သရက်ပင် အရေပြား ...(အပေါ်ယံလွှာ)အခေါက်မှာ ဘုလုံး ...များ ထွက်နေသည်ကို တွေ့ရှိရ ...ည်။

သို့နှင့် စာရေးသူလည်း စူးစမ်းလို စိတ်ဖြင့် ထိုဘုလုံးလေးများကို ဓားဖြင့် လိုက်လံ ခုတ်ထစ်ပြီး ထုတ်ယူလိုက်သည့်အခါမှာ ဘုလုံးကလေးများထဲမှ အသားမျက်ခေါ် အသားမာဝတ်ဆံလုံးလေးများထွက်ပေါ်လာလေသည်။

ထိုဝတ်ဆံလုံးလေးများကို လုံးခြေမွှသော်လည်း လုံးဝ ကြေမွမသွားဘဲ မာကြောပြီး တင်းမာနေသည့် ဝတ်ဆံမာများ ဖြစ်နေပေသည်။

စာရေးသူလည်း ဝတ်ဆံဘုလုံးလေးများကို လိုက်လံ ခုတ်ထွင်ရှင်းလင်းပစ်လိုက်လေသည်။ ယခုနှစ်တွင်မူ သရက်ပင်(၂)ပင်မှာ ထူးထူးခြားခြား အနာရောဂါကင်းရှင်းပြီး အသီးများ အဖတ်တင်ကာ ကြီးထွားပြီး ဖွံ့ဖြိုးလှပသော သရက်သီးများ သုံးဆောင်ခွင့် ရခဲ့လေသည်။

ထို့ကြောင့် စာရေးသူကိုယ်တွေ့အား သရက်ပင်စိုက်ဝါသနာရှင်များ သတိပြုဆောင်ရွက်နိုင်ရန် လူများမှာ သွေးစုနာပေါက်သကဲ့သို့ ဖြစ်ပေါ်သော သရက်ပင်မှ ဖုလုံးလေးများကို **“သရက်စုနာ”**ဟု အမည်ပေးကာ တင်ပြ ရေးသားလိုက်ရပေသည်။

**ဒဏ္ဍာရီ(စက်မှုလယ်ယာ)**
**ဆင်ဖြူကျွန်း**



www.burmeseclassic.com

www.burmeseclassic.com

# ဗိုက်ရွဲသူများ အဆီကျစေဖို့

### ကန်စွန်းရွက်ပြုတ်ရည် သောက်ကြစို့

အသက်အရွယ် (၄၀)ကျော်လာလျှင် အဆီများ စုလာတတ်ပြီး အများအားဖြင့် ကျား,မ မရွေး ဗိုက်ရွဲလာတတ်ကြပါသည်။ အဆီကျ၍ ခန္ဓာကိုယ် သွယ်လျလာစေရန်အတွက် ကန်စွန်းရွက်ပြုတ်ရည်ကို သုံးခွက် တစ်ခွက်တင် ကျိုသောက်ပါ။

ကန်စွန်းရွက် သတ္တုရည်ကို မသောက်နိုင်ပါက ကန်စွန်းရွက်ပြုတ်ကို စားပါ။



စာရေးသူ၏မိတ်ဆွေ ဒေါ်သက်သက်သည် အသက်(၄၀)ကျော်လာသောအခါ ခန္ဓာကိုယ်ဝဖြိုးလာပြီး ဗိုက်ရွဲလာသည်။

စာရေးသူနှင့် တွေ့စက ခန္ဓာကိုယ်မှာ ဗိုက်ရွဲရွဲ ဝဝတုတ်တုတ်ဖြစ်၍ နောက်(၁၀)ရက်ခန့်ကြာတော့ ပြန်တွေ့သည့်အခါ ခန္ဓာကိုယ်အချိုးအစား ပြေပြစ်စွာနှင့် တကယ်ပင် ကြည့်ကောင်းလှပါသည်။ ဗိုက်ရွဲ ဗိုက်ပူခြင်းလည်း မရှိတော့ပါ။ ဒါကြောင့်...

'ဒေါ်သက်သက် ဘာဆေးတွေ သောက်ပြီး အဆီကျလှပတဲ့ခန္ဓာကိုယ်ကို ပိုင်ဆိုင်သွားရတာလဲ'

ဟု ပြောတော့ ဒေါ်သက်သက်က...

'ကျွန်မသောက်တဲ့ဆေးက ဈေးကြီးတယ်'

ဟု ပြောကာ ရယ်နေပါသည်။ ခန္ဓာကိုယ်အဆီကျ တကယ်ပင် သွယ်လျသွားသည့်အတွက် စိတ်ဝင်စားစွာ နားထောင်ပြီး ဆေးအမည်မှတ်သား၍ အမှန်တကယ် ခန္ဓာကိုယ်ဝဖြိုးပြီး အဆီများ ရှိနေသောသူများအတွက် ဆေးနည်းကောင်းတစ်လက်ကို ကြော်ငြာမည်ဟု စိတ်ထဲမှာ အမြန် သိချင်လှပါသည်။

ဒေါ်သက်သက်မှ ခန္ဓာကိုယ် သွယ်လျပြီး အဆီချသည့်ဆေးနည်းကတော့ **ကန်စွန်းရွက်ပြုတ်ရည်ကို အစာမစားမီ သောက်ပါသည်။ ထမင်းစားတော့လည်း ကန်စွန်းရွက်ပြုတ် တို့စားပါသည်။** (၃)ရက်ဆက်တိုက် စားလိုက်ပါသည်။

ဒါကြောင့် ကျွန်မရဲ့ ခန္ဓာကိုယ် အဆီကျသွယ်လျလာတာပါ အခြား ဘာဆေးမှ မမှီဝဲပါဘူးဟု ပြောပြပါသည်။

အရမ်းဝသူတွေအတွက်က တစ်လ (၃)ရက်ဆက်တိုက် အဆီချပါ။ ခန္ဓာကိုယ် အသင့်အနေအထား ရော ကန်စွန်းရွက်ပြုတ်ရည် သောက်ခြင်းကို ရပ်လိုက်ပါ။ ဒါဆို မိမိလိုချင်သည့် ခန္ဓာကိုယ်အချိုးအစား ရနိုင်ပါသည်။

ဓာတုဆေးဝါးများကို မမှီဝဲရဘဲ သဘာဝကပေးသည့် ကန်စွန်းရွက်ပြုတ်ရည်သည် ငွေကုန်ကြေးကျ သက်သာ သောက်သုံးနိုင်သည့်အတွက် ခန္ဓာကိုယ်သွယ်လျ အဆီချနိုင်သည့် ဆေးနည်းကောင်းတစ်လက်ကို စာရေးသူ ကိုယ် ကိုယ်တိုင် သိရှိရသဖြင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ ပေးပို့လိုက်ရပါသည်။

ဤဆေးနည်းပေးသော ဒေါ်သက်သက်ကို ကျေးဇူး အထူးတင်ပါသည်။

**ဆရာမ ဒေါ်ခင်သန်းဦး *(ဖန်ခါးမြေ)***



www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပဟေဠိ


သရာကြီးဦးအောင်မြင့်
(ဥပဒေတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

အဖြေညီကြစို့

ယခုလအတွက် ဖော်ပြပေးလိုက်သော ညာလက်ဖဝါးပုံစံ ပိုင်ရှင်မှာ **အသက် ခြောက်ဆယ်ကျော် အမျိုးသားတစ်ဦး** ဖြစ်ပါတယ်။ အဲဒီ လက်ဖဝါးပုံစံကို သေချာစွာ ကြည့်ရှု လေ့လာပြီးမှ အောက်ပါမေးခွန်းများကို ဖြေဆိုကြည့်ပါ။

၁။ ဝန်ထမ်းလုပ်ငန်းမှာ အမြင့်ဆုံးရာထူး ရနိုင်/မရနိုင်။
၂။ စီးပွားရေးလုပ်ငန်းမှ ကျွမ်းကျင်ခြင်း ရှိ/မရှိ။
၃။ အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားကံ ပါ/မပါ။
၄။ အိမ်ထောင်ရေးကံ ကောင်း/မကောင်း။

စာဖတ်သူများ၏ အဖြေကို သီးခြား စာရွက်လွတ်မှာ အကြောင်းပြချက်နဲ့ တကွ ရေးမှတ်ပြီးမှ လက္ခဏာပဟေဠိ အဖြေများနဲ့ တိုက်ဆိုင် စစ်ဆေးကြည့်မှသာ လက္ခဏာပညာသုတ ဒီ့ တိုးပွား ရရှိပါလိမ့်မယ်။




ပဟေဠိ အဖြေများကို စာမျက်နှာ (၂၂၀)တွင် ကြည့်ရှုပါရန်။

ပဟေဠိ အဖြေများကို စာမျက်နှာ (၂၂၀)တွင် ကြည့်ရှုပါရန်။



www.burmeseclassic.com

www.burmeseclassic.com

◎ ပြည့်ဖောင်းနေသော ပိုက်ဆံအိတ်ကို အမျိုးသား(ခင်ပွန်းဖြစ်သူ)က မြင်မက်လျှင်...

လက်ရှိလုပ်ကိုင် ကြံစည်နေသော အလုပ်အကိုင်၊ အကြံအစည်များ တိုးတက် အောင်မြင် ဖြစ်ထွန်းမည်။

**✤ ဇနီးဖြစ်သူက ပြည့်ဖောင်းနေသော ပိုက်ဆံအိတ်ကို မြင်မက်ပါက...**

ခင်ပွန်းလင်သား သစ္စာဖောက်ဖျက်ခြင်း ခံရတတ်သည်။

**✤ လုလင်ပျို၊ ငယ်ရွယ်သူ အမျိုးသားက ပြည့်လျှံနေသော ပိုက်ဆံအိတ်ကို မြင်မက်ပါက...**

အပြစ်ပေး အရေးယူခြင်း ခံရဖွယ် ရှိသည်။

◎ လုံမပျိုက (အိမ်ထောင်မကျသေးသူ အမျိုးသမီးက) ပြည့်လျှံနေသော ပိုက်ဆံအိတ်ကို မြင်မက်ပါက...

မကြာမတင် အိမ်ထောင်ကျကိန်း ရှိသည်။

**✤ ကုန်သည်၊ ရောင်းဝယ်ဖောက်ကားသူက မြင်မက်လျှင်...**

အခွင့်အခါကောင်းကြုံ၍ ငွေကြေး အမြတ်အစွန်းရတတ်သည်။

**✤ ဝန်ထမ်း၊ အလုပ်သမားက မြင်မက်လျှင်...**

ရာထူး၊ လုပ်အားခ တိုးတက် ရရှိနိုင်သည်။

**✤ တောင်သူလယ်သမားက မြင်မက်လျှင်...**

သီးနှံများ အဖျက်အဆီး ရောဂါပိုးကင်းရှင်း၍ အထွက်တိုးမည်။

**✤ ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**


သတိမေ့လျော့၍ ခြေချော်လက်ချော်ဖြစ်ကာ စာမေးပွဲကျတတ်သည်။

**✤ နာမကျန်းဖြစ်နေသူက မြင်မက်လျှင်...**

လူတိုင်းအတွက် ဟရုတ်ဗိုးရာ

# အိပ်မက်ကျွင်းတောမ်း (၆၅)

ထက်မင်းကျော်စွ



ရောဂါဝေဒနာ တိုးတက်ဖိစီးလိမ့်မည်။

**✤ ခရီးသွားနေစဉ် မြင်မက်ပါက...**

ခရီးလမ်း အဆင်ပြေချောမွေ့မည်။

◎ ပိုက်ဆံအိတ်အလွတ်ကို မြင်မက်ပါက အမျိုးသား(လင်ခင်ပွန်း)က မြင်မက်ခြင်း ဖြစ်လျှင် ဇနီးသည်အပေါ် ယုယကြင်နာ တိုးပွားချစ်ခင်မည်။

**✤ ဇနီးမယားဖြစ်သူက ပိုက်ဆံအိတ်အလွတ်ကိုမြင်မက်ပါက...**

လင်ယောကျ်ားအပေါ် တိုးတက်ချစ်ခင်မည်။

**✤ အလုပ်သမား၊ ဝန်ထမ်းဖြစ်သူက မြင်မက်လျှင်...**

လုပ်အားခ၊ လစာ လျော့နည်း ကျဆင်းတတ်သည်။

**✤ ကုန်သည်၊ ရောင်းဝယ်သူက မြင်မက်လျှင်...**

ကံဇာတာနိမ့်ပါး၍ ဘေးဒုက္ခကြုံရသောကာလသို့ ရောက်ရှိပြီဖြစ်သည်။

**✤ လုလင်၊ အိမ်ထောင်မရှိသေးသော ယောကျ်ားလေးက မြင်မက်လျှင်...**

ချီးမြှောက် ပူဇော်ခြင်း ခံရကိန်း ရှိသည်။

**✤ လုံမပျို အိမ်ထောင်မရှိသေးသော မိန်းကလေးက မြင်မက်ပါက...**

ဘဝအဖော်နှင့် ဝေးကွာရတတ်သည်။

**✤ တောင်သူလယ်သမားက မြင်မက်လျှင်...**

ပိုးမွှားနှင့် ရာသီဥတု အဖျက်အဆီး ကြုံ၍ သီးနှံအထွက်နည်း၊ အထွက်နှေး တတ်သည်။

**✤ နေထိုင်မကောင်းဖြစ်စဉ် မြင်မက်ပါက...**

ရောဂါဝေဒနာများ ဆေးဝါးမတိုး နာတာရှည် ခံစားရဖွယ်ရှိသည်။

**✤ ခရီးသွားစဉ် မြင်မက်ပါက...**

စိတ်အနှောင့်အယှက်ဖြစ်ဖွယ် ကိစ္စများ ကြုံတွေ့ရလျက် လမ်းခရီး နှောင့်နှေး ကြန့်ကြာနိုင်သည်။

**✤ ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

ဖြေဆိုရဖွယ်ရှိသော စာမေးပွဲတွင် အခက်အခဲမရှိ အောင်မြင်မည်။

◎ အိမ်ထောင်ဦးစီးက သူတစ်ပါးမှ ပိုက်ဆံအိတ်ကို လက်ခံရသည်ကို မြင်မက်လျှ



www.burmeseclassic.com

www.burmeseclassic.com

သူငယ်ချင်း မိတ်ဆွေအပေါင်းအသင်း ကတိသစ္စာ ဖောက်ဖျက်မှု ကြုံရကိန်းရှိသည်။

✤ **အိမ်ရှင်မက မြင်မက်ပါက...**

ခင်ပွန်းသည် အလိုမကျ ငြူစူအပြစ်တင်ခြင်း ကြုံရတတ်သည်။

✤ **ယောက်ျားပျို (အိမ်ထောင်မရှိသေးသူ)က မြင်မက်လျှင်...**

မိတ်ဆွေသင်္ဂဟများနှင့် စိတ်ဝမ်းကွဲရကိန်းရှိသည်။

✤ **မိန်းမပျို၊ အိမ်ထောင်မရှိသေးသူက မြင်မက်လျှင်...**

စေ့စပ်ကြောင်းလမ်း စပ်ဟပ်ခြင်း ခံရဖွယ်ရှိသည်။

✤ **ကုန်သည်ပွဲစားက မြင်မက်လျှင်...**

လုပ်ငန်း၊ ကုန်စည်၊ ဈေးကွက်အသစ် ပြောင်းလဲ လုပ်ကိုင်ခြင်းဖြင့် အမြတ်အစွန်းရရှိမည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

သီးနှံအမျိုးအစား၊ စိုက်ပျိုး ထွန်ယက်နည်းအသစ်ကြောင့် ဝင်ငွေ တိုးပွားနိုင်သည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

လေ့ကျင့်သင်အံမှု အချိန်ဇယား လွှဲပြောင်းခြင်း၊ သင်အံလေ့လာပုံ ပြောင်းလဲခြင်းဖြင့် ပညာရေး တိုးတက်ဖွယ်ရှိသည်။

✤ **နေထိုင်မကောင်း ဖြစ်နေသော ဝေဒနာရှင်က မြင်မက်လျှင်...**

ဆေးဝါး၊ ဆရာသမား ပြောင်းလဲကုသသင့်ကြောင်း သတိပေးခြင်း ဖြစ်သည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

မမျှော်လင့်ဘဲ ခရီးစဉ် ပြောင်းလဲရကိန်း ရှိသည်။



✤ **နေအိမ်၊ ဇာတိမြေမှ ရပ်ဝေးမြေခြားသို့ ရောက်ရှိနေသူက မြင်မက်ပါလျှင်...**

မကြာမီ ပြည်တော်ပြန်ရဖွယ်ရှိသည်။

✤ **ပူပင်သောက အတိဒုက္ခ ကြုံနေရစဉ် မြင်မက်ပါက...**

မကြာမီ အမှောင်ထု ပျက်ပြယ်၍ ရောင်နီသန်းလာမည်။

◎ လုံမပျိုက ချစ်သူ၏ ပိုက်ဆံအပြည့်ပါသောအိတ်ကို ယူရသည်ဟု မြင်မက်လျှင် ချစ်သူ ဘဝပေါ်နှင့် မကြာမီ လက်ထပ် ထိမ်းမြားရလိမ့်မည်။

✤ **လုလင်ပျိုက ချစ်သူထံမှ ပြည့်ဖောင်းနေသော ပိုက်ဆံအိတ်ကို ယူရသည်ဟု မြင်မက်လျှင်...**

တစ်ယောက်တစ်နယ်စီ ခွဲခွာနေရကိန်း ရှိသည်။

◎ လုံမပျိုက ချစ်သူထံမှ ပိုက်ဆံအိတ်အလွတ်ကို ရရှိသည်ဟု မြင်မက်လျှင် အဆွေးရောက်ချစ်သူနှင့် မကြာမီ တွေ့ဆုံခွင့်ရမည်။

✤ **လုလင်ပျိုက ချစ်သူ၏ ပိုက်ဆံအိတ်အလွတ်ကို ယူရသည်ဟု မြင်မက်လျှင်...**

ချစ်သူအသစ် ရတတ်သည်။

◎ အလုပ်ရှင် အထက်လူကြီးက မိမိအား ပိုက်ဆံအိတ်အလွတ်ပေးသည်ဟု မြင်မက်ပါက အလုပ်ပြုတ်ကိန်းရှိသည်။

✤ **ခင်ပွန်းသည်က မိမိအား ပိုက်ဆံအိတ်အပြည့်ပေးသည်ဟု မြင်မက်လျှင်...**

စားဖိုဆောင်နှင့် အထွေထွေ ကုန်ကျငွေ များပြား၍ ခင်ပွန်းအပေါ် ငြူစူအပြစ်မြင်ရကိန်း ရှိသည်။

✤ **ဇနီးသည်က မိမိအား ပိုက်ဆံအိတ်နှင့် အပြည့်ပေးသည်ဟု မြင်မက်ပါက...**

ဇနီးသည်၏ အပြစ်အနာအဆာများ အားနည်းချက်များအတွက် ဘဝင်မကျ ရှိနေမည်။

◎ သူတစ်ပါးအား ပိုက်ဆံအိတ်ပေးရသည်ဟု မြင်မက်ပါက နိမိတ်ကောင်း ဖြစ်သည်။

✤ **ဇနီးသည်အား ပြည့်ဖောင်းနေသော ပိုက်ဆံအိတ်ကို ပေးရသည်ဟု မက်လျှင်...**

သားယောက်ျားလေး မွေးဖွားလိမ့်မည်။

✤ **ရန်သူ၊ မချစ်မနှစ်သက်သူအား ပိုက်ဆံအိတ်ပေးရသည်ဟု မြင်မက်လျှင်...**

ရန်သူထံ အညံ့ခံ အရှုံးပေးရတတ်သည်။

✤ **မိတ်ဆွေသူငယ်ချင်းအား ပိုက်ဆံအိတ်ပေးလိုက်သည်ဟု မြင်မက်လျှင်...**

ကြံဆောင်သမျှ ကိစ္စအဝဝ အောင်မြင်မှု ရရှိမည်။

✤ **ကုန်သည်၊ ရောင်းဝယ်သူက မိတ်ဆွေအား ပိုက်ဆံအိတ်ပေးရသည်ဟု မြင်မက်လျှင်...**

လုပ်ငန်းအသစ်၊ လုပ်ငန်းခွဲ၊ ဆိုင်ခွဲများဖွင့်လှစ်နိုင်မည်။

✤ **တောင်သူလယ်သမားက မိတ်ဆွေအား ပိုက်ဆံအိတ်ပေးရသည်ဟု မြင်မက်ပါက...**

သီးထပ်သီးညှပ် စိုက်ပျိုး၍ ဝင်ငွေ



www.burmeseclassic.com

www.burmeseclassic.com

တိုးပွားမည်။

✤ **ဝေဒနာခံစားနေရသူက မိတ်ဆွေအား ပိုက်ဆံအိတ်ပေးရသည်ဟု မြင်မက်လျှင်...**

သမားစွမ်း၊ သမားကောင်း တွေ့ရှိ၍ ဝေဒနာ သက်သာပျောက်ကင်းမည်။

❂ သူတစ်ပါး၏ ပိုက်ဆံအိတ်ကို ခိုးယူရသည်ဟု မြင်မက်ပါက လူအများကြည့်ရှုလေးစားခြင်း ခံရမည်။

✤ **သူတစ်ပါး၏ ပိုက်ဆံအိတ်ကို အတင်းအဓမ္မ လုယူရသည်ဟု မြင်မက်ပါက...**

မင်းရေးမင်းရာကိစ္စများ အဆင်ပြေအောင်မြင်မည်။

✤ **ပိုက်ဆံအိတ် ပျောက်ဆုံးသည်ဟု မြင်မက်ပါက...**

မကြာမတင်ကာလအတွင်း အိမ်ခန်း၊ အဆောက်အအုံ၊ မြေ ဝယ်ယူရရှိမည်။

✤ **ပိုက်ဆံအိတ်ကဲ့သို့ ကိုယ်နှင့်တစ်ပါတည်း သယ်ဆောင်သွားလေ့မရှိသော ဘူး၊ ခွက်၊ သေတ္တာ၊ ပုံးစသည့် ပိုက်ဆံထည့်စရာပစ္စည်းအလွတ် (ပိုက်ဆံမရှိ)ကို မြင်မက်ပါက...**

လုပ်ငန်းကျဆင်း၍ ငွေကြေးဂုဏ်သိက္ခာ ပျက်စီး ဆုတ်ယုတ်နိုင်သည်။

✤ **ပိုက်ဆံသေတ္တာ (အခြားပိုက်ဆံထည့်စရာပစ္စည်းများ အပါအဝင်)တွင် ပိုက်ဆံပြည့်လျှံနေသည်ကို မြင်မက်ပါက...**

စီးပွားတိုးတက်၍ ကြံတိုင်းအောင် ဆောင်တိုင်းမြောက်မည့် နိမိတ်ဖြစ်သည်။

ထက်မင်းကျော်စွာ



စာမျက်နှာ (၂၁၇)မှ အဆက်

လက္ခဏာပဓာနဋ္ဌ အခြေများ


၁။ **ဝန်ထမ်းလုပ်ငန်းမှာ အမြင့်ဆုံး ရာထူး ရနိုင်တယ်။**

ဘာကြောင့်လဲဆိုရင်...

လက်ခလယ်အောက် စနေဂြိုဟ်ခုံ ထိပ်မှာ **အောင်ထံထူ မင်္ဂလာအခြံအရံ သင်္ကေတ** ထင်ရှားရှိတယ်။

အဲဒီသင်္ကေတဟာ ရှားပါးတဲ့ သင်္ကေတမျိုး ဖြစ်ပြီး လက္ခဏာရှင်ကို သူလုပ်ကိုင်ရာ ဝန်ထမ်းအလုပ်မှာ အမြင့်မားဆုံး ရာထူးကို တိုးတက် ရရှိစေပြီးမှ အငြိမ်းစားယူခြင်းကို ဖြစ်ပါမယ်။

* * *




၂။ **စီမံခန့်ခွဲအုပ်ချုပ်မှု အထူး ကျွမ်းကျင်မယ်။**

ဘာကြောင့်လဲဆိုရင်...

လက်ညှိုးအောက် ကြာသပတေး ဂြိုဟ်ခုံမှာ လျှို့ဝှက် ဆော်လမွန်ကွင်း၊ အဖူးအငုံ၊ အင်းကွက်၊ ဆရာလမ်း၊ ရည်မှန်းချက်လမ်း အစရှိတဲ့ သင်္ကေတတွေနဲ့ နှလုံးလမ်း၊ ဦးခေါင်းလမ်းကြားမှာ တြိဂံသင်္ကေတတွေ ရှိခြင်းကြောင့် ဖြစ်တယ်။

အဲဒီ သင်္ကေတတွေဟာ ဝန်ထမ်း ထောင်သောင်းအများကို စီမံခန့်ခွဲ အုပ်ချုပ်ရတဲ့ လုပ်ငန်းမျိုးမှာ အထူး ကျွမ်းကျင် ရေရှည် လုပ်ကိုင်နိုင်မယ်။

* * *




၃။ **အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားကြ ပါတယ်။**

ဘာကြောင့်လဲဆိုရင်...

လက်သူကြွယ်အောက် တနင်္ဂ
ဂြိုဟ်ခုံမှာ သရဖူ ခေါင်းလိုက် အ
လမ်းပြိုင်တိုတွေ ရှိတယ်။

နာမည်ဂုဏ်သတင်းကြီးခြင်း၊ ငွေကြေ
အစုအပုံရရှိခြင်း၊ အနှောင့်အယှက် အပ
အခီး ကင်းခြင်းတွေ ဖြစ်စေနိုင်တယ်။

* * *





၄။ **အိုဇာတာ ကောင်းမယ်။**

ဘာကြောင့်လဲဆိုရင်...

လက်ကောက်ရစ်အထက် လက်
နောင့်ပိုင်း သောကြာဂြိုဟ်ခုံနဲ့ တနင်္လ
ဂြိုဟ်ခုံကြား ယူရေးနပ်ဂြိုဟ်ခုံ
ငါးကြင်းမြီးသင်္ကေတ ရှိတယ်။

အဲဒီသင်္ကေတဟာ မြို့ကြီးပြကြီးမှာ
ခြင်း၊ အလုပ်အကိုင်ကြီးများ ဦးဆောင်
ကိုင်နိုင်ခြင်း၊ မိသားစု၊ သားသမီး၊ မြေ
အပေါ် ပြည့်စုံရှိခြင်း၊ ကျန်းမာအသက်
ခြင်း၊ အိုဇာတာကောင်းခြင်းတို့ကို ဖြ
တယ်။

* * *




မှတ်ချက်

**ဤလက္ခဏာရှင်မှာ အင်
ယာချုပ်တာဝန် ထမ်းဆောင်
အငြိမ်းစားယူခဲ့သူ ဖြစ်သည်။**

*(လက္ခဏာပညာသုတ တိုးပွာ
ပါစေ)*

*အောင်မြင်ကျော်ကြား ချမ်းသာ
ပွားအောင်...*

ဆရာကြီးဦးအောင်မြိုင်(ဥပဒေ
လက္ခဏာဗေဒင်ပညာသ

www.burmeseclassic.com

www.burmeseclassic.com

# ကြက်အူလျှော်နည်း

နှင်းသစ်



လတစ်လ၏ နေ့တစ်နေ့တွင် ဇနီးဖြစ်သူ ချစ်ညိုမှ "အစ်ကိုရေ... ခြံထဲက သံပရာသီး တစ်လုံးလောက် သွားခူးပေးစမ်းပါ။ ဒီမှာ လက်မအားလို့" ဟု နောက်ဖေးမီးဖိုချောင်မှ လှမ်းပြောသည့် အသံကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးအား သဲသဲမဲမဲ ဖတ်နေသည့် စာရေးသူကြားလိုက်ရပါသည်။

တအားစိတ်ဝင်တစား ဖတ်နေချိန်မျိုးတွင် အကြောင်းတစ်ခုပေါ်ပေါက်လာလျှင် စာရေးသူ စိတ်တိုတတ်ပါသည်။

ထို့ကြောင့် စာရေးသူ စာအုပ်ကို စားပွဲပေါ်ချလျက် ချစ်ညိုရှိရာသို့ ခြေလှမ်းကျဲကျဲဖြင့်သွားကာ...

"ဒီ သံပရာသီးလေးတစ်လုံးတောင် သွားခူးဖို့ အချိန်မရတော့ဘူးလား"

ဟု ဒေါသဖြင့် ပြောလိုက်မိပါသည်။

ထိုအခါ ချစ်ညိုမှ "သံပရာသီးခူးခိုင်းတာ အစ်ကိုဆောင်းပါးရေးဖို့ အတွက်ရအောင် 'ကြက်အူလျှော်နည်း' ကို လက်တွေ့ကျကျ ပေးမလို့ ခေါ်တာပါ။ အစ်ကို မခူးချင်လည်းနေ ကိုယ့်ဘာသာပဲ သွားခူးလိုက်တော့မယ်"

ဟု ချစ်ညိုမှ စိတ်မရှည်သံလေးဖြင့် ပြန်ပြောသဖြင့် စာရေးသူမှ ကြက်အူလျှော်နည်းရမည်ဆိုသော စကားကြောင့် စိတ်ပြေသွားကာ...

"ဟဲ...ဟဲ မဟုတ်ပါဘူးကွာ၊ စာဖတ်ရင်း ခြင်ကိုက်လို့ ခြင်ကို ဒေါသဖြစ်ရင်းကနေ ချစ်ညိုကို ပြောမိတာပါ"

ဟု စကားလွှဲပြောရင်း ခြံဝင်းအတွင်းရှိ သံပရာသီးတစ်လုံး သွားခူးကာပေးလိုက်ပါသည်။

ချစ်ညို၏ ကြက်အူလျှော်နည်းမှာ... အခြားနည်းများနှင့်မတူ တစ်မူကွဲလွဲနေသည်ကို တွေ့ရှိရပါသည်။

ကြက်အူကို မြန်မာတို့ ရှေးရိုး အဆင်အလာအရ နနွင်းမှုန့်နှင့် လျှော်ကြပါသည်။ ကြက်ချေးများ စင်သွားသော်လည်း နနွင်းအနံ့ကြီး စွဲကျန်နေတတ်သဖြင့် အရသာမရှိ ဖြစ်တတ်ပါသည်။

**"ကြက်အူ ၂၅ကျပ်သား လျှော်ပုံမှာ..."**

၁။ ကြက်အူများကို ဓားနှင့်ထိုးခွဲလိုက်ပါ။

၂။ ထက်ခြမ်းကွဲသွားသော ကြက်အူများကို ရေနှင့် စင်အောင် ဆေးကြောပြီး ပန်းကန်ထဲထည့်ပါ။

၃။ ပန်းကန်ထဲ ထည့်ထားသော ကြက်အူများပေါ်သို့ သံပရာသီးအား ထက်ခြမ်းလှီး၍ ကြက်အူပေါ်သို့ ညှစ်ချလိုက်ပါ။

၄။ ကြက်အူနှင့် သံပရာသီးတို့ ပေါင်းစပ်၍ သမအောင် နှာ.နှာနယ်ပေးပါ။

၅။ သမသွားပြီဆိုလျှင် ရေစင်အောင် ဆေးလိုက်ပါ။

၆။ ရေစင်သွားပြီဆိုပါက ပျဉ်းတော်သိမ်ရွက် (၁၀) ရွက်အား ထောင်း၍ အူများပေါ်သို့ ဖြူးပြီး (၂)မိနစ်ခန့် နယ်ပါ။

၇။ ပြီးနောက် ရေစင်.စင်ဆေးလိုက်ပါ။

(၇)ချက်လုံး ဆောင်ရွက်ပြီးပါက ကြက်အူတွေကို နှာခေါင်းနှင့် မွှေးကြည့်လိုက်ပါ။ ကြက်ညှီနံ့၊ ကြက်ချေးနံ့များ ကင်းစင်နေသည်ကို တွေ့ရမည် ဖြစ်ပါသည်။

ထို့နောက် ကြက်အူအား ပြုတ်ပြီး နူးသည်နှင့် ခပ်သင့်သင့် ဓားနှင့် လှီးပါ။ ပြီးလျှင် ဆီသတ်၊ ကြက်သွန်နီ၊ ဂေါ်ဖီတို့ကို ပါးပါးလှီး၊ ပဲမှုန့်၊ ငရုတ်ကြမ်းမှုန့်၊ နံနံပင်၊ ငံပြာရည်၊ ဟင်းခတ်မှုန့်တို့နှင့် ပေါင်းစပ် သုတ်စားပါက လျှာလည်သွားမှာ ဖြစ်သလို နှစ်သက်သလိုလည်း ချက်စားနိုင်ပါသည်။

သို့အတွက်ကြောင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီး၏ စာဖတ်ပရိတ်သတ်များ ကြက်အူလျှော်၍ သုတ်စားလိုလျှင်ဖြစ်စေ၊ ချက်စားလိုလျှင်ဖြစ်စေ အသုံးပြု လုပ်စားနိုင်ပါရန် တင်ပြအစီအရင်ခံ ရေးသားလိုက်ရပါသည်။

**မှတ်ချက်။ ။ ကြက်အူတွင်သာမက ဝက်အူ၊ ဆိတ်အူ၊ အမဲအူနှင့် အခြားအူများကိုလည်း ဤနည်းအတိုင်း အသုံးပြု၍ လျှော်နိုင်ပါသည်။**

***ချစ်ဇနီး ချစ်ညိုအား အထူးကျေးဇူးတင်စွာဖြင့်...***

**ဦးကိုကိုကြီး (*စစ်ဆေးရေး*)**
***ကစစ(၁၂)၊ ထုံးဘို***



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ(၁ ရက်နေ့မှ ၂၈ ရက်နေ့အထိ)
ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာကျော်ခြည်

## တနင်္ဂနွေ

**စီးပွားရေး။** ။ မာတုဗေဒပစ္စည်းများ၊ ပလတ်စတစ်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ အလုပ်ရုံစက်ရုံများ အကျိုးအမြတ်များမည်။

ကိုယ်စားလှယ်လုပ်ငန်းများ အကျိုးဖြစ်ထွန်းသော်လည်း မော်တော်ကားနှင့် စက်တပ်ယာဉ်များ အရောင်းအဝယ် အ,နေမည်။

**ဝန်ထမ်းရေးရာ။** ။ လူကြီးများ၏ ကူညီအားပေးမှု၊ ကြည့်ရှုမှုကြောင့် လုပ်ငန်းများ အောင်မြင်မည်။ တိုးတက်ကောင်းမွန်မည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး အဆင်ပြေသာယာမည်။ အိမ်ထောင်ဖက်(အထူးသဖြင့် ကျား) စီးပွားရေးကောင်းမည်။ သားသမီးများ၏ ကြီးပွားရေး၊ စီးပွားရေး ကောင်းမည်။ သားသမီးများနှင့် ပတ်သက်၍ ငွေကြေးဝင်မည်။

**အချစ်ရေး။** ။ အချစ်ရေးကတော့ အထစ်အငေါ့လေးတွေ ရှိနေမည်။ ယခုကာလအတွင်း အိမ်ထောင်ပြုရန် မစဉ်းစားပါနှင့်ဦး။

**ပညာရေး။** ။ ပညာရေးအတွက် တစ်ရပ်တစ်ကျေးသို့ သွားရောက်သင်ယူရလိမ့်မည်။ ကြိုးစားသည်ထက် ပို၍အောင်မြင်လိမ့်မည်။

**ကျန်းမာရေး။** ။ ခြေထောက်နာခြင်း၊ အကြောနာခြင်း ဝေဒနာများ ခံစားရတတ်သည်။

**ဆောင်ရန်ရက်များ။** ။ ၁၊ ၃၊ ၆၊ ၈၊ ၁၀၊ ၁၃၊ ၁၅၊ ၁၇၊ ၂၀၊ ၂၂၊ ၂၄၊ ၂၇။

**ရှောင်ရန်ရက်များ။** ။ ၂၊ ၄၊ ၇၊ ၉၊ ၁၁၊ ၁၄၊ ၁၆၊ ၁၈၊ ၂၁၊ ၂၃၊ ၂၅၊ ၂၈။

**ထီထိုးရန်ရက်များ။** ။ ၃၊ ၅၊ ၈၊ ၁၂၊ ၁၅၊ ၁၉၊ ၂၂၊ ၂၄၊ ၂၇။

**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၅၊ ၆၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ စီးပွားရေး ကြီးပွားရေး ကျန်းမာရေးများ အောင်မြင်တိုးတက် ကောင်းမွန်စေရန် ဘုန်းတော်ကြီးငါးပါးကို ဆွမ်းကျွေးပါ။ (သို့မဟုတ်) သစ်သီး တစ်ပါးကို (၆)လုံး ကပ်လှူပါ။

## တနင်္လာ

**စီးပွားရေး။** ။ မြေအရောင်းအဝယ်လုပ်ငန်းများ အလုပ်ဖြစ်မည်။ အလှကုန်ပစ္စည်းများ၊ အဝတ်အထည်များ၊ အမျိုးသမီးအသုံးအဆောင်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။

**ဝန်ထမ်းရေးရာ။** ။ အလုပ် လုပ်ကိုင်ရာတွင် တာဝန်များ မပြီးမပြတ်ဘဲ ဖြစ်နေမည်။ မိမိဂုဏ်သိက္ခာကို ထိခိုက်တတ်သည်။

**အိမ်တွင်းရေး။** ။ အိမ်ထောင်ဦးစီး အလုပ်များ ပိနေမည်။ ငွေဝင်များ၍ အဆင်ပြေနေသေးသည်။ သားသမီးများကြောင့် သောကမအေး ရှိနေတတ်သည်။

**အချစ်ရေး။** ။ အချစ်ရေး အဆင်ပြေမည်။ ချစ်သူပိုင်းဝိုင်းလည်နေလိမ့်မည်။ အိမ်ထောင်ပြုနိုင်သောကာလ ဖြစ်ပါသည်။

**ပညာရေး။** ။ ပညာရေး ကံကောင်းသောကာလဖြစ်သည်။ ဉာဏ်နှင့် ဝီရိယသာ ကူလိုက်ပါက ထူးထူးချွန်ချွန် အောင်မြင်မည်။

**ကျန်းမာရေး။** ။ ခြေထောက် အဆစ်အမျက်များ နာကျင်ကိုက်ခဲတတ်သည်။ ခြေထောက်ကို အအေးမခံပါနှင့်။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၅၊ ၇၊ ၁၀၊ ၁၂၊ ၁၄၊ ၁၇၊ ၁၉၊ ၂၁၊ ၂၄၊ ၂၆၊ ၂၈။

**ရှောင်ရန်ရက်များ။** ။ ၄၊ ၆၊ ၈၊ ၁၁၊ ၁၃၊ ၁၅၊ ၁၈၊ ၂၀၊ ၂၂၊ ၂၅၊ ၂၇။

**ထီထိုးရန်ရက်များ။** ။ ၂၊ ၅၊ ၉၊ ၁၂၊ ၁၆၊ ၁၉၊ ၂၄၊ ၂၆။

**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၅၊ ၇၊ ၀ ဂဏန်းများများပါအောင်









ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ ကျန်းမာရေး ငွေရေး,ကြေးရေး စီးပွားရေး အလုပ်အကိုင်များ အဆင်ပြေ အောင်မြင်စေရန် ဘုရားတည် ကျောင်းဆောက်ရန်အတွက် ငွေကြေးကို တတ်နိုင်သမျှ လှူဒါန်းပါ။

## အင်္ဂါ

**စီးပွားရေး။** ။ ဆန်စပါး ရောင်းဝယ်ရေးလုပ်ငန်းများ လုပ်ငန်းကောင်းမည်။ ဆေးဝါးထုတ်လုပ်ရေး၊ ရောင်းချရေးလုပ်ငန်းများ အကျိုးအမြတ်များမည်။ အကျိုးဆောင်ရှေ့နေများ မြေဆုံးရှုံးမှုအတွက် အမှုလာအပ်လိမ့်မည်။

**ဝန်ထမ်းရေးရာ။** ။ လုပ်ငန်းများ၊ တာဝန်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်မည်။

**အိမ်တွင်းရေး။** ။ အိမ်ထောင်ဦးစီး(အထူးသဖြင့် ကျားများ) အောင်မြင်၍ အိမ်တွင်းရေး အဆင်ပြေမည်။ ဇနီးမယား ကျန်းမာရေးညှို့မည်။

**အချစ်ရေး။** ။ အချစ်ရေးမှာ မရေမရာ မသေမချာ ဖြစ်နေမည်။ ချစ်သူ၏ အထင်အမြင်လွဲမှုကို ခံရတတ်သည်။

**ပညာရေး။** ။ အခက်အခဲကြီးမားလေလေ အောင်မြင်မှုကြီးမားလေလေ ဆိုသည်ကို သိထားပါ။

**ကျန်းမာရေး။** ။ ကျန်းမာရေး ကောင်းပါသည်။ ရုတ်တရက် ဗိုက်အောင့်ခြင်း၊ ဗိုက်နာခြင်း၊ ဝမ်းလျှောခြင်းများ ဖြစ်တတ်သည်။

**ဆောင်ရန်ရက်များ။** ။ ၁၊ ၄၊ ၆၊ ၈၊ ၁၁၊ ၁၃၊ ၁၅၊ ၁၈၊ ၂၀၊ ၂၂၊ ၂၅၊ ၂၇။

**ရှောင်ရန်ရက်များ။** ။ ၂၊ ၅၊ ၇၊ ၉၊ ၁၂၊ ၁၄၊ ၁၆၊ ၁၉၊ ၂၁၊ ၂၃၊ ၂၆၊ ၂၈။

**ထီထိုးရန်ရက်များ။** ။ ၃၊ ၆၊ ၁၀၊ ၁၃၊ ၁၇၊ ၂၀၊ ၂၄၊ ၂၇။

**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၆၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ အလုပ်အကိုင်များ အဆင်ပြေစေရန်၊ လာဘ်လာဘဝင်ရန် အတွက် ရဟန်းတော်(၃)ပါးကို ဝတ္ထုငွေနဝကမ္မ လှူဒါန်းပေးပါ။

## ဗုဒ္ဓဟူး

**စီးပွားရေး။** ။ အိမ်ဆောက်လုပ်ရေး လုပ်ငန်းရှင်များ နေအိမ်တိုက်ခန်းများ ရောင်းရမည်။ မြေအရောင်းအဝယ်ကိစ္စများ အမြတ်အစွန်းများမည်။ ယာဉ်ကား ရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးများမည်။

**ဝန်ထမ်းရေးရာ။** ။ မိမိ တာဝန်ယူထားသော လုပ်ငန်းများ အောင်မြင်ပြီးပြတ်မည်။ လုပ်ဖော်ကိုင်ဖက်များ၏ အားပေးကူညီမှုကိုလည်း ရရှိမည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး အဆင်ပြေမည်။ ငွေမျ ,းများဝင်မည်။



www.burmeseclassic.com

www.burmeseclassic.com

သားသမီးများ၏ ပညာရေး၊ ကျန်းမာရေး ကောင်းမည်။

**အချစ်ရေး။** ။ အချစ်ရေးကတော့ အဆင်ပြေမည်။ နှစ်ဖက်မိဘများကလည်း သဘောတူမည်။ မင်္ဂလာကိစ္စကို တစ်နယ်မှာ သွားရောက် ကျင်းပရတတ်သည်။





**ပညာရေး။** ။ ပညာရေးကံဇာတာ တက်နေသောကာလ ဖြစ်သည်။ ဝင်ခွင့်စာမေးပွဲများရှိလျှင် ရဲရဲဝင့်ဝင့် ဖြေဆိုပါ။ အောင်မြင်မည်။



**ကျန်းမာရေး။** ။ ကျန်းမာရေးကောင်းမည်။ စိတ်ညစ်စရာ ကိစ္စကြောင့် စိတ်ထောင်းကိုယ်ကြေ ဖြစ်ရတတ်သည်။

**ဆောင်ရန်ရက်များ။** ။ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၆၊ ၂၈။

**ရှောင်ရန်ရက်များ။** ။ ၃၊ ၆၊ ၉၊ ၁၁၊ ၁၄၊ ၁၇၊ ၁၉၊ ၂၂၊ ၂၅၊ ၂၇။

**ထီထိုးရန်ရက်များ။** ။ ၄၊ ၇၊ ၁၀၊ ၁၂၊ ၁၅၊ ၂၀၊ ၂၃၊ ၂၆၊ ၂၈။

**ထီထိုးရန်ဂဏန်းများ။** ။ ၅၊ ၇၊ ၈၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်သင်္ဘြော။** ။ စီးပွားရေး ကြီးပွားရေး အန္တရာယ်ကင်းရှင်းရေးအတွက် ငွေပန်း(၁၅)ပွင့်ကို ဘုရားတွင် တင်လှူပါ။ လူကြီးများကို ကော်ပီနှင့် ကိတ်မုန့် ကျွေးမွေးပါ။

## ကြာသပတေး

**စီးပွားရေး။** ။ ယာဉ်ကား ရောင်းဝယ်ရေးလုပ်ငန်းများ ပြန်လည်ကောင်းမွန်လာမည်။ စက်ရုံလုပ်ငန်းများ၊ အထည်ချုပ်စက်ရုံများ ထုတ်လုပ်မှု အားကောင်းမည်။ ဈေးကွက်သစ်များ ရရှိမည်။

**ဝန်ထမ်းရေးရာ။** ။ ပေးအပ်ထားသော လုပ်ငန်းတာဝန်များ သတ်မှတ်ချိန်အတွင်း မပြီးစီးပါက ဖြေရှင်းရမည်။

**အိမ်တွင်းရေး။** ။ စိတ်လိုက်မာန်ပါ ပြောဆိုမှုကို ရှောင်ပါ။ တစ်ဦးဦးက အလျှော့ပေးပါ။ သားသမီးများ၏ နိုင်ငံခြားခရီး အဆင်ပြေမည်။

**အချစ်ရေး။** ။ ''ချစ်သူရွေးမယ် ချစ်ဝဲလည်''ဆိုသော ကိန်းထဲရောက်နေသည်။ သတိထားရွေးချယ်ပါ။

**ပညာရေး။** ။ တစ်နယ်တစ်ကျေးတွင် ပညာ သင်ကြားရကိန်းရှိနေသည်။ နိုင်ငံခြား ပညာသင်ကြားရေးလည်း ဖြစ်နိုင်ပါသည်။

**ကျန်းမာရေး။** ။ ရုတ်တရက် ခေါင်းမူးခေါင်းကိုက် ဖြစ်တတ်၍ အလုပ်များကို လျှော့လုပ်ပါ။ အနားယူပေးပါ။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၆၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၉၊ ၂၂၊ ၂၄၊ ၂၇၊ ၂၈။

**ရှောင်ရန်ရက်များ။** ။ ၄၊ ၇၊ ၉၊ ၁၂၊ ၁၅၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၆။

**ထီထိုးရန်ရက်များ။** ။ ၂၊ ၅၊ ၈၊ ၁၀၊ ၁၃၊ ၁၆၊ ၁၈၊ ၂၁၊ ၂၄၊ ၂၈။

**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၃၊ ၅၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်သင်္ဘြော။** ။ ကံမြှင့်ယတြာအတွက် "ကြီး"အမည်ပါသော ဘုရားတစ်ဆူဆူတွင် မွေးနေ့ နံနက်(၉)နာရီမှစ၍ ပဋ္ဌာန်းဒေသနာတော်အကျဉ်းကို (၁၉)ခေါက် ပုတီးစိပ်ပါ။ (သို့မဟုတ်) ရွတ်ပွားပူဇော်ပေးပါ။

## သောကြာ

**စီးပွားရေး။** ။ လေကြောင်းဆိုင်ရာ လုပ်ငန်းများ၊ လေယာဉ်လက်မှတ် ကိုယ်စားလှယ်လုပ်ငန်း၊ အခြားကိုယ်စားလှယ် ပွဲစားလုပ်ငန်းများ အဆင်ပြေမည်။ အိမ်၊ အိမ်ခန်း ဆောက်လုပ် ရောင်းချရေးလုပ်ငန်းများ၊ မြေအရောင်းအဝယ်လုပ်ငန်းများ အမြတ်များမည်။

**ဝန်ထမ်းရေးရာ။** ။ လုပ်ငန်းများ အဆင်ပြေမည်။ မိမိကို မကျေနပ်သူက နှောင့်ယှက်သော်လည်း ခင်မင်သူ မိတ်ဆွေများက ကူညီလိမ့်မည်။

**အိမ်တွင်းရေး။** ။ သည်းခံလျှင် အိမ်တွင်းရေးသာယာမည်။ မိသားစု ခရီးမထွက်ပါနှင့်ဦး။

**အချစ်ရေး။** ။ ချစ်သူ၏ အထင်မှား၊ အမြင်မှား ခံရတတ်သည်။ လက်ထပ်ဖို့ ကြိုးစားသူများ အခွင့်ရေးမရ ဖြစ်နေဦးမည်။

**ပညာရေး။** ။ ပညာရေးကောင်းသည်။ နည်းနည်းကြိုးစားရုံဖြင့် များများအောင်မြင်မည့်ကာလ ဖြစ်သည်။

**ကျန်းမာရေး။** ။ ရုတ်တရက် သွေးတိုးရောဂါ ဖြစ်တတ်သည်။ အုန်းဆီ၊ ဝက်ဆီ၊ အငန်များကို လျှော့စားပါ။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၅၊ ၈၊ ၁၁၊ ၁၃၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၇။

**ရှောင်ရန်ရက်များ။** ။ ၄၊ ၆၊ ၉၊ ၁၂၊ ၁၄၊ ၁၇၊ ၂၀၊ ၂၂၊ ၂၅၊ ၂၈။

**ထီထိုးရန်ရက်များ။** ။ ၂၊ ၅၊ ၇၊ ၁၀၊ ၁၂၊ ၁၄၊ ၁၅၊ ၁၈၊ ၂၁၊ ၂၃၊ ၂၆။

**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၅၊ ၇၊ ၈ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်သင်္ဘြော။** ။ ပိပိမွေးနေ့တွင် "ဒိဝါတပတီ"ဂါထာတော်ကို (စိန်-ဗိ-ရွှေ ကျိုက် အစရှိသော ဘွဲ့တော်ရှိသည့် ဘုရားတစ်ဆူဆူတွင်) (၁၀၈)လုံးပုတီးကုံးဖြင့် (၂၁)ပတ်စိပ်ပေးပါ။ လိုရာကို အဓိဋ္ဌာန်တင်ပါ။

## စနေ

**စီးပွားရေး။** ။ ယာဉ်ကားလုပ်ငန်းများ မမျှော်လင့်ဘဲ အလုပ်ဖြစ်မည်။ ဆေးဝါးထုတ်လုပ်ရေး လုပ်ငန်းများ၊ ဆေးဝါးသစ်များ ထုတ်လုပ်လိုက ထုတ်လုပ်နိုင်သော ကာလဖြစ်ပါသည်။

**ဝန်ထမ်းရေးရာ။** ။ ဝန်ထမ်းများ လုပ်ငန်းဆိုင်ရာ ခရီးထွက်ခွင့်ရလျှင် ထွက်လိုက်ပါ။ လုပ်ငန်းဂုဏ်သိက္ခာ အဆင်ပြေမည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး အဆင်ပြေမည်။ မိသားစု ဘုရားဖူးခရီးထွက်ခွင့်ကြုံမည်။ အိမ်ထောင်ဖက် ကျန်းမာရေးညံ့တတ်သည်။

**အချစ်ရေး။** ။ အချစ်ရေး အဆင်ပြေသောကာလဖြစ်သည်။ လက်ထပ်ရန် ဆန္ဒရှိလျှင် လက်ထပ်နိုင်သောကာလဖြစ်ပါသည်။

**ပညာရေး။** ။ ပညာရေးတွင် အခက်အခဲ အကျဉ်းအကျပ်များကြောင့် စိတ်မပျက်ပါနှင့်။ စိတ်ဓာတ်မကျပါနှင့်။ အခက်အခဲ ကြီးမားလေလေ အောင်မြင်မှုကြီးမားလေလေ ဆိုသည်ကို မမေ့ပါနှင့်။

**ကျန်းမာရေး။** ။ ကျန်းမာရေးညံ့တတ်သည်။ ရောဂါဟောင်းများ ပြန်ထတတ်သည်။ လေထိုးလေအောင့် ဖြစ်တတ်၍ လေပွစာများကို မစားပါနှင့်။

**ဆောင်ရန်ရက်များ။** ။ ၄၊ ၇၊ ၉၊ ၁၃၊ ၁၆၊ ၁၈၊ ၂၂၊ ၂၅၊ ၂၇။

**ရှောင်ရန်ရက်များ။** ။ ၅၊ ၈၊ ၁၀၊ ၁၄၊ ၁၇၊ ၁၉၊ ၂၃၊ ၂၆၊ ၂၈။

**ထီထိုးရန်ရက်များ။** ။ ၃၊ ၆၊ ၉၊ ၁၁၊ ၁၂၊ ၁၅၊ ၁၈၊ ၂၀၊ ၂၁၊ ၂၄၊ ၂၇။

**ထီထိုးရန်ဂဏန်းများ။** ။ ၄၊ ၇၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်သင်္ဘြော။** ။ လာဘ်လာဘများ ပေါများ၍ အကြံအစည်များ အောင်မြင်စေရန် ရှင်သီဝလိ ဆယ်ဂါထာကို (၁၀)ခေါက် ရွတ်ပွားပါ။

*ကျန်းမာ ချမ်းသာကြပါစေ။*

ဆရာ ရောင်ခြည်



www.burmeseclassic.com

www.burmeseclassic.com

၁၉၈၀ပြည့်နှစ် ဝန်းကျင်ခန့်က ဒူးရင်းခြံချုပ်ဖူးပါသည်။ ဒူးရင်းပင်များ အပွင့်ကစားချိန်တွင် တစ်နှစ်စာထွက်မည့် သစ်သီးမှန်သမျှ ပိုင်ဆိုင်ခွင့်ရစေရန် ကြိုတင်ငွေပေးချေထားခြင်းကို ခြံချုပ်သည်ဟု ခေါ်ခြင်းဖြစ်သည်။

သစ်သီးပေါ်ချိန်တွင် ပိုးမွှား၊ ရာသီဥတု အဖျက်အဆီးနည်း၍ ဈေးကောင်းကြုံပါက မြတ်စွန်းပါသည်။ ထိုနှစ်ရာသီအတွက် ခြံချုပ်ထားသူကသာ သစ်သီးများကို ပိုင်ဆိုင်ခွင့်ရှိသည်။ ကြွေကျသော သစ်သီးများကိုပင် ခြံပိုင်ရှင်က ယူငင်သုံးဆောင်ခွင့် မရှိပါ။

တစ်ခါတစ်ရံ ပိုးမွှားအဖျက်အဆီး မကြုံသော်လည်း မိုးစော၍ ရွာပါက ဒူးရင်းသီးများအားလုံး အရသာပျက်ကာ ပေါ့ရွတ်ရွတ် ဖြစ်သွားတတ်သည်။ ရေဖျဉ်းဖြစ်သည်ဟု ဆိုကြသည်။

ထိုကဲ့သို့ ဒူးရင်းသီး ရေဖျဉ်းများ လမ်းပန်းအခက်အခဲနှင့် ဈေးကောင်းမရသဖြင့် စုပုံနေသော အရသာကောင်း ဒူးရင်းသီးများကို လုံးဝဆုံးရှုံးခံမည့်အစား အသားများ ထုတ်ကာ သကြားနှင့် ရောစပ် ယိုထိုးလေ့ရှိကြသည်။


ထိုအခါတွင် သကြားဖြူကိုသာ သုံးသော်လည်း ဒူးရင်းယို အရောင်မလှဘဲ မည်းညစ်နေသည်နှင့် ကြုံရလေ့ရှိသည်။

နောက်ဆုံးတွင် ရေးမြို့ရှိ မိတ်ဆွေကိုတင်အုန်းထံ အလည်အပတ်သွားကာ အကြံဉာဏ်တောင်းရသည်။ ရေးမြို့တွင်ကား ဒူးရင်းယိုလုပ်ငန်းကို အထူးအားပြုလုပ်ကိုင်ကြပါသည်။

သူ ပြောပြသည်ကား အလွယ်လေးပါ။ **"ဒူးရင်းယို ထိုးနေစဉ် မွှေသောယောက်မကို ကွမ်းသီး(ပင်)သားဖြင့် လုပ်ပါ"**ဟူ၍ ဖြစ်သည်။ လက်တွေ့

# ဒူးရင်းယို အရောင်လှအောင်

### အောင်စာတ်တူသည့် တြိရန်းအကူအညီ



သုံးကြည့်သောအခါ အရောင်ဝါဝင်းသော စားချင်စဖွယ် ဒူးရင်းယိုကို ရလေသည်။

စိစစ်ကြည့်သောအခါ အောင်လံ တေဇေ သကျမ်ိဳး နဒီသေနထုံးအရ ဒူးရင်းသည် **'လံတေ'**၏ အပြန် **'တေလံ'**အောင်စာတ်ဆောင်သည်။

ကွမ်းသီးသည်လည်း **'သကျ'**၏ အပြန် **'ကျသ'**အောင်စာတ်ဆောင်နေသည်။ အောင်စာတ်အပြန်ချင်းတူသည်။ ထို့ကြောင့် **(ဒူးရင်း)**ဗုဒ္ဓဟူးနံ၏ တြိရန်းဖြစ်သော **(ကွမ်းသီး)** သောကြာနံ အကူအညီယူထားကြောင်း တွေ့ရ၏။

အခြား ဥပမာပုံဆောင်ခြင်းဖြင့် ဆေးတံကို ဝယ်ယူ၍ဖြစ်စေ၊ ကိုယ်တိုင်လုပ်၍ဖြစ်စေ ဆေးထည့်မီးညှိကာ ရှူရှိုက်ပါက အာပူလျှာပူဖြင့် ဆေးတံ၏ ချိုမြသော အရသာကို မရပါ။

ထို့ကြောင့် မန်ကျည်း အကူယူရသည်။ ဆေးတံအိုးအတွင်းဘက်၌ မန်ကျည်းသီးအနှစ်ကို ပါးပါးသုတ်လိမ်းပေးခြင်းဖြင့် ဆေးတံသည် ဆေးချေးတက်မြန်ကာ အာမပူ လျှာမပူဘဲ အေး၍ ချိုမြသည်။

ဤ၌ဆေးတံသည် **တေဇ**၏အပြန် **ဇတေ** အောင်စာတ်ဆောင်သည်။ **မန်ကျည်း**သည်လည်း **ကျမို**၏အပြန် **မိုကျ**အောင်စာတ်ဆောင်၏။

အောင်စာတ်အပြန်ချင်း တူသောကြောင့် **(ဆေးတံ)**စနေနံ၏တြိရန်း **(မန်ကျည်း)**တနင်္လာနံ အကူအညီယူထားခြင်း ဖြစ်လေသည်။

ထို့ကြောင့် နန္ဒီသေနထုံးအရ အောင်စာတ်ချင်း (အပြန်ဖြစ်စေ၊ အသွားဖြစ်စေ) နှစ်ခုတူညီသော တြိရန်းအကူအညီဖြင့် အောင်မြင်အကျိုးရှိနိုင်ကြောင်း အကြံပြု တင်ပြပေးလိုက်ပါသည်။

**ထွေးမောင်**




www.burmeseclassic.com

www.burmeseclassic.com

# လက်ဖဝါးပြင်မှ

## ထူးခြားသင်္ကေတအချို့အကြောင်း


သံရုံကြီးဦးအောင်မြင့်
(ဥပဒေအတွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ




ယခုဖော်ပြပေးလိုက်တဲ့ ဘယ်လက်ဖဝါးပြင်ဟာ အမျိုးသမီးတစ်ဦးရဲ့ ဘယ်လက်ဖဝါးပြင် ဖြစ်ပါတယ်။

❂ ဦးခေါင်းလမ်းကြောင်းဟာ လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခွင်မှာ ထင်ရှားစွာ စတင်နေကြောင်း တွေ့ရှိရတယ်။ **"က" အကွာရာ**

* * *




ရည်မှန်းချက် မြင့်မားခြင်း၊ ဉာဏ်ပညာ ထက်မြက် ထူးချွန်ခြင်း၊ သူတစ်ပါး အပေါ် ဆရာလုပ်၊ ဦးဆောင်၊ ညွှန်ကြား စီမံခန့်ခွဲ အုပ်ချုပ်ခြင်းတို့ကို ဖြစ်စေနိုင်တယ်။

❂ ကံလမ်းကြောင်းဟာ **လက်ခလယ်နဲ့ လက်ညှိုးကြားမှ သန်လျက်ပုံလို၊ ချောင်းရှက်ပုံလို** ထင်ရှားဖြစ်ပေါ်




www.burmeseclassic.com

www.burmeseclassic.com

နေတယ်။ **"ခ"အကွရာ**

* * *





ဤသင်္ကေတမှာ မင်းစိုးရာဇာတို့နဲ့ ချစ်ခင်ရင်းနှီးကျွမ်းဝင် ပေါင်းသင်းရခြင်း၊ ထိုကိုယ်တိုင် ရာထူးကြီးမြင့်မားခြင်း စသည်တို့ ဖြစ်စေတတ်ပါတယ်။

⭘ ဦးခေါင်းလမ်းကြောင်းနဲ့ အသက်လမ်းကြောင်းကြားမှာ **ရောမကျွန်းသင်္ကေတကြီးများရှိနေပြီး** အသက်လမ်းကြောင်းတွင် ထိဖြတ်နေသော **ဥပဒ်လမ်းက** အသက်(၃၀)ခန့်တွင် ကျွန်းသင်္ကေတနဲ့ပါ ထိနေတယ်။

**"ဂ"အကွရာ**

* * *





ဤသို့ ဦးခေါင်းလမ်းကြောင်းနဲ့ အသက်လမ်းကြောင်း ပူးပေါင်းပြီး ကျွန်းသင်္ကေတ ဖြစ်နေသူများမှာ ကျွန်ုပ်ရဲ့အတွေ့အကြုံအရဆိုရင် ခင်ပွန်းယောကျ်ား ရုတ်တရက် ကွယ်လွန်ပြီး မုဆိုးမဘဝ ရောက်တတ်ခြင်း ဖြစ်တယ်။

ယခုလက္ခဏာရှင်ရဲ့ ခင်ပွန်းမှာလည်း သူရဲ့ အသက်(၃၀)အရွယ်ခန့်တွင် စစ်ဘက်ရေးတန်းတာဝန် ထမ်းဆောင်ရင်း တိုက်ပွဲကျခဲ့ခြင်း ဖြစ်တယ်။

⭘ လက်မရဲ့ ဒုတိယဆစ်တွင် အဖျားကောက်နေသော လမ်းကြောင်းတစ်ခုကို ထင်ရှားစွာ တွေ့ရှိရတယ်။

**(ဃ)အကွရာ**

* * *




ရှားပါးသော သင်္ကေတဖြစ်ပါတယ်။ မြင့်မားတဲ့ ရာထူးတစ်ခုက ရုတ်တရက် ပြုတ်သွားတဲ့ ဝန်ထမ်းအရာရှိအချို့ရဲ့လက်မှာ တွေ့ရတတ်ပါတယ်။

ယခုလက္ခဏာရှင်ဟာလဲ အဲဒီလိုဖြစ်ရပ်မျိုးကို သူမရဲ့ အသက်(၃၆)နှစ်ခန့်မှာ ကြုံတွေ့ခဲ့ရတယ်။

**"က"**သင်္ကေတနဲ့**"ခ"**သင်္ကေတမျိုးတွေက လက္ခဏာစာအုပ်တွေမှာ တွေ့ရှိရတတ်ပေမယ့်**"ဂ"**သင်္ကေတနဲ့ **"ဃ"**သင်္ကေတမျိုးတွေကတော့ ဘယ်လက္ခဏာစာအုပ်မှာမှ မရှိနိုင်ပါဘူး။

ဒါကြောင့် လက္ခဏာပညာ ဗဟုသုတ တိုးပွားစေရန် ဖော်ထုတ် တင်ပြပေးလိုက်ရခြင်း ဖြစ်ပါတယ်။

***အောင်မြင်ကျော်ကြား***
***ချမ်းသာကြီးပွားအောင်...***

**ဆရာကြီးဦးအောင်မြိုင်**
***(ဥပဒေသွဲ့)***
**လက္ခဏာဗေဒင်ပညာသုတေသီ**


**စာရှုသူ၊ သုတေသီနှင့်**
**စာရေးသူ**
**ဆောင်းပါးရှင်များသို့...**

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြပါရှိသော ရောင်ခြည်ကဏ္ဍအသီးသီးရှိ ဆောင်းပါးများမှ သင့်လျော်သည်များကို ရွေးချယ်၍ **ဆောင်းပါးပေါင်းချုပ်များ** ထုတ်ဝေနေပါသည်။

သို့ဖြစ်၍ စာရေးသူဆောင်းပါးရှင်များမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခံရပါက **ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမည်ကို သဘောတူညီပြီးဖြစ်သည်ဟု** နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါသည်။

အကယ်၍ ဆောင်းပါးပေါင်းချုပ်များတွင် **ပါဝင်လိုခြင်းမရှိသူ စာရေးသူဆောင်းပါးရှင်များအနေနှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းသို့ ဆောင်းပါးများကို မူလကပင် ပေးပို့ခြင်း မပြုကြပါရန်** မေတ္တာရပ်ခံအပ်ပါသည်။

အကယ်၍ ပေးပို့ပါက ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမှုကိုပါ သဘောတူညီပြီးဖြစ်သည်ဟု နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါမည်။

**ထပ်မံပြီး ရွေးချယ်ဖော်ပြခံရပါက သင့်လျော်သောစာမူခနှင့် စာအုပ်လက်ဆောင်ပါ ပေးပို့ပေးပါမည်။**

***လေးစားစွာဖြင့်...***
ဦးကျော်မိုးသိန်း ၊
**စာတည်းချုပ်**
**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**
**ပါရမီမဂ္ဂဇင်း**
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့၊




www.burmeseclassic.com

www.burmeseclassic.com

သိုင်းပညာရှင်

# ဆရာကြီး မင်းယက္ခ

ဏ် ဘဝအတွေ့အကြုံများ

(၁၃)

ဆရာကြီးမင်းယက္ခ
(တိုက်ပွဲဝင်)



**ယခင်လမှ အဆက်**

ထိုနေ့က ဆရာကြီး ဗန်းမော် သိန်းအောင်နှင့် တပည့် ဆယ်ဦးခန့်၊ ထိုဆရာကြီးနှင့် အဖွဲ့သား ဆယ်ဦးခန့်၊ ကြားပွဲစား ဆရာကိုမြင့်သိန်းနှင့် သူ့တပည့် ငါးဦးခန့်၊ စာရေးသူ အပါအဝင် လေ့လာရေးဆရာများက ဆယ်ဦး ကျော်ကျော်ခန့် တို့ဖြင့် လက်ဖက်ရည်ဆိုင်တွင် စည်ကားနေပါသည်။

ဆရာကြီး ဗန်းမော်သိန်းအောင်က မာန်မာနသံ မပါဘဲ...

'ကျွန်တော်က အခုမှ ရန်ကုန် သိုင်းလောကကို ခြေချဖို့ ရည်ရွယ်ထားတာပါ။ မိတ်ဖွဲ့ပြီး မိတ်ဆွေရှာနေတဲ့ အချိန်ဖြစ်လို့ ကျွန်တော့်အနေနဲ့ မိတ်ပျက်မယ့် လုပ်ငန်းတွေကို မလုပ်ချင်ပါဘူး။ ကျွန်တော့်ပညာနဲ့ ပတ်သက်ပြီး ပြဿနာ မဖြစ်ချင်ပါဘူး။ ပညာချင်း ပြိုင်မယ်ဆိုရင်တော့ ကျွန်တော်ကပဲ အရှုံးပေးလိုက်မှာပါ။

ဒါကြောင့် ဒီလိုလုပ်ပါလား ခင်ဗျာ၊ အခုပွဲကို ကျွန်တော့်ရဲ့ သိုင်းပညာ သရုပ်ပြတာလို့ သတ်မှတ်လိုက်ပါ။ ငွေကျပ် နှစ်ရာကိုလဲ လောင်းကြေး မတင်ပါနဲ့။ လောင်းကြေး မရှိပါဘူး။ အနိုင်အရှုံး မထားပါဘူး။

အခု ကြွရောက်လာကြတဲ့ မိတ်ဆွေများ ပျော်ပျော်ပါးပါး စားကြသောက်ကြရအောင်။ ကျွန်တော်ရယ်၊ ဟောဒီက နောင်တော်ဆရာကြီးရယ် တစ်ယောက် တစ်ဆယ်စီ ကာကာဆိုင်ကို ပေးထားလိုက်ပါမယ်။ ကျွန်တော် သရုပ်ပြ အစီအစဉ်ပြီးတော့ ပျော်ပျော်ပါးပါး စားကြ, သောက်ကြတာပေါ့။ အပျော် သဘောပဲ ထားတာပေါ့'

ဟူသော စကားကို ဖေးဖေးမမနှင့် ခင်မင်ရင်းနှီးစွာ ပြောဆိုခဲ့ပါသည်။

**မှတ်ချက်။ ။ ထိုစဉ်က လက်ဖက်ရည်တစ်ခွက် တစ်မတ်၊ အုန်းသီးမုန့်, ဆိတ်သားမုန့် တစ်ခု တစ်မတ်၊ စီးကရက် တစ်လိပ် ငါးပြားသာ ရှိပါသည်။**

လက်သီးဖမ်းပွဲ စ,ပါပြီ။ ကာကာဆိုင်ရှေ့ ကွက်လပ်တွင် ဆရာနှစ်ဦး မျက်နှာချင်းဆိုင် နေရာယူလိုက်ကြပါပြီ၊ ပွဲကြည့် ပရိသတ်များကတော့ ဆရာနှစ်ဦးကို အလယ်တွင်ထားလျက် ဝိုင်း ပတ်ထားလိုက်ကြပါသည်။

လက်သီးဖမ်းမည့် ဆရာဗလကြီးက ခြေနှစ်ဖက်ကို တစ်တောင့်ထွာခန့် ခွဲရပ်ပြီး လက်ဖျံနှစ်ချောင်းကို တံတောင်ကွေး၍ ထောင်ထားပါသည်။ လက်ဝါးနှစ်ဖက်ကို သူ့မျက်နှာရှေ့ တစ်ပေခန့် အကွာတွင် ဖြန့်ကားထားပြီး လက်ဝါး တစ်ဖက်နှင့် တစ်ဖက် တစ်ထွာခန့် ကွာပါသည်။



www.burmeseclassic.com

www.burmeseclassic.com



လက်သီး ထိုးသွင်းလိုက်သည်နှင့် ဝင်လာသော လက်သီးကို လက်ဝါး နှစ်ဖက်ဖြင့် ညှပ်ဖမ်းလိုက်ရမည် ဖြစ်သည်။

ထိုးမည့်သူက ဖမ်းမည့်သူ၏ရှေ့တွင် ဘယ်ခြေရှေ့ ညာခြေနောက်၊ နှစ်ကွက် ဒေါင်လိုက် အနေအထားဖြင့် ရပ်နေပါသည်။ လက်နှစ်ဖက်ကို ဘယ်လက်ရှေ့ ညာလက်နောက် အနေအထားဖြင့် ထောင့်မထားပြီး လက်ဝါး နှစ်ဖက် စလုံးကို ဖြန့်ထားပါသည်။

ညာလက်ချောင်း လေးချောင်းကို ကပ်ထားပြီး လက်မကိုလည်း ထောင်မတ်ထားပါသည်။ လက်သီးကို ထိုးထုတ်လိုက်သည်နှင့် ဖမ်းမည့်သူက အမြန်ဆုံး ဖမ်းလိုက်ရမည် ဖြစ်သည်။

လက်သီးဖမ်းမည့် ဆရာကြီးသည် မာန်မာန၊ မခံချင်စိတ်နှင့် ဒေါသတို့ကို အရင်းတည်ကာ တစ်ဖက်သားကို နှိမ်နင်းချင်သော၊ အနိုင်ယူချင်သော စိတ်ဆန္ဒက ပြင်းပြနေပါသည်။

ထို့ကြောင့် တစ်ခါမှ မမြင်ဘူး၊ မတွေ့ဘူး၊ မဖမ်းဘူးသော လက်သီးကိုဖမ်းရန် ရောက်လာခြင်း ဖြစ်သည်။ တစ်ဖက်သား၏ လက်သီး ထိုးပုံထိုးနည်းကို **တစ်ခါဖူးမှ မမြင်ဘူး၊ မတွေ့ဘူး၊ မလေ့လာဘူးပဲ...**

'သူ့လက်သီးလောက်တော့ ဘာလို့ ဖမ်းနိုင်ရမှာလဲ သူ့လက်သီးက ဘယ်လောက်မြန်မှာလို့လဲ'

ဟူသော ကိုယ့်ကိုယ်ကိုယ် အထင်ကြီးစိတ်၊ တစ်ဖက်သားအပေါ် အထင်သေးစိတ်တို့က ရှေ့ဆောင်နေပါသည်။

လောဘ၊ ဒေါသ၊ မောဟ တရားများကြောင့် အမှားအမှန်ကို မခွဲခြားနိုင်တော့ပေ။ ယင်းစိတ်ကြောင့် သူ့တစ်ကိုယ်လုံး တောင့်တင်းနေပါသည်။ လျှင်မြန်ဖျတ်လတ်မှု မရှိနိုင်တော့ပါ။

ဖမ်းမည့်သူရော၊ ထိုးမည့်သူရော အသင့် ဖြစ်နေပါပြီ။ တစ်ယောက်ကို တစ်ယောက် မမှိတ်မသုန် စိုက်ကြည့်နေကြပါသည်။ ဖမ်းမည့်သူ၏ မျက်နှာမှာ တင်းမာခက်ထန်နေပါသည်။

ထိုးမည့်သူကတော့ အကြောများ ဖြေလျှော့ထားသောကြောင့် မျက်နှာမှာလည်း နူးညံ့ပျော့ပျောင်းနေကာ နှစ်လိုဖွယ်ရာ အပြုံးလေးက မျက်နှာပေါ်တွင် မထင်မရှား ဖြစ်ပေါ်နေပါသည်။

ထိုးမည့်သူက ဖမ်းမည့်သူ၏ လက်ဝါးနှစ်ဖက်ကြားမှ မြင်နေရသော မေးဖျားကို အာရုံပြုထားပါသည်။ ဖမ်းမည့်သူကလည်း ထွက်လာမည့် ညာလက်သီးကို ဂရုထား၍ စောင့်ကြပ်ကြည့်ရှုနေပါသည်။

ကျွန်တော်တို့ ပွဲကြည့်ပရိသတ်များကလည်း အသည်းတထိတ်ထိတ် ရင်တမမဖြင့် စောင့်ကြည့်နေကြသည်မှာ အသက်ရှူဖို့ပင် မေ့နေသည်ဟု ထင်မိသည်။

ပတ်ဝန်းကျင်တစ်ခွင်လုံး တိတ်ဆိတ်နေသည်။ သစ်ရွက်အို၊ သစ်ရွက်ဟောင်းတို့သည် အသံမပေးဘဲ လေအဝှေ့တွင်သာ ဝဲကာဝဲကာ ကျလာသည်။ နှစ်ယောက်စလုံး မိမိတို့လုပ်မည့် အလုပ်ပေါ်တွင်သာ အာရုံပြုထားကြသည်။

ထိုးပြီ။ ဗန်းမော်သိန်းအောင်၏ လက်သီး ထိုးလိုက်ပြီ။ သူ့ရှေ့ရှိ ထောင်ထားသော လက်ဝါး နှစ်ဖက်ကြားသို့ သူ၏ လျှပ်စစ်လက်သီးကို လှစ်ခနဲ ထိုးသွင်းလိုက်သည်။

ထိုးသွင်းလိုက်သည်နှင့် လက်သီးမှာ ဆုပ်ပြီးသား ဖြစ်သွားသည်။ လက်ချောင်း လေးချောင်းနှင့် လက်ဝါးတို့ ထိမိသည့် ရိုက်ခတ်သံကြောင့် ''ဖြောက်''ခနဲ မြည်သွားသည်။

ဖြောက်ခနဲ မြည်သံနှင့်အတူ ဆုပ်လိုက်သော ညာလက်သီးသည် ထို ဆရာကြီး၏ မေးဖျားကို အရှိန်ဖြင့် ဆတ်ခနဲထိုးပြီး ဖျတ်ခနဲ ပြန်ရုပ်ထွက်လိုက်သည်။

ထိုးသူကတော့ မူလပုံစံမပျက် ဖြစ်သွားသည်။ ဆရာ ဗန်းမော်သိန်းအောင်၏ ညာလက်သည် မူလနေရာသို့ ပြန်ရောက်သည်နှင့် ပွဲပြီးသွားပြီ။ စက္ကန့်ပိုင်းအတွင်း ပွဲပြီးသွားပြီ။

ထိုးသွင်းလာမည့် လက်သီးကို လက်ဝါးနှစ်ဖက်ဖြင့် အမြန်ဆုံး ညှပ်ရိုက်ဖမ်းမည်ဟု အားခဲထားသော ဆရာသည် သူ၏မေးဖျားကို လျှပ်စစ်လက်သီးက ထိသွားပြီး သတိလစ်သွားသောကြောင့် ပြန်ထွက်သွားသော လက်သီးကိုလည်း မဖမ်းနိုင်တော့ဘဲ နောက်သို့ ပက်လက်လန် လဲကျသွားပါတော့သည်။

ဆရာကြီးနှင့် ပါလာသောအဖွဲ့က သတိလစ်သွားသော ဆရာကြီးကို ဝိုင်းမ၍ချီ၍ မျက်စိမျက်နှာ ပျက်ပျက်ပြီး ထွက်သွားကာ သူတို့စီးလာသော ပိုင် ဆလွန်းကား အနက်ကြီးပေါ်သို့



www.burmeseclassic.com

www.burmeseclassic.com

တင်ကာ ကတိုက်ကရိုက် ထွက်ခွာသွားကြပါသည်။

ပညာမာနကြီး၍ သူ့သိုင်းပညာသည်သာ အကောင်းဆုံးဟု ခံယူထားသော ထိုဆရာကြီးသည် တေဇိန္ဒာရာမ အဝန်းအဝိုင်းသို့ သက်ဆုံးတိုင် ရောက်မလာတော့ပေ။ ဝေရာမဏိ ဝေးစွာ ရှောင်ကြဉ်သွားလေပြီ။

ကာကာဆိုင်တွင် ကျန်ရစ်ခဲ့သော သကောင့်သား သိုင်းဆရာအပေါင်းတို့သည် ဆရာကြီးနှစ်ဦး ဒါနပြုထားသော လက်ဖက်ရည်နှင့် မုန့်တို့ကို စိတ်မကောင်းစွာဖြင့် အဝအပြဲ စားသောက်ကာ စီးကရက် သောက်တတ်သူကလည်း စီးကရက်လေးခဲ၍ ပြန်လာခဲ့ကြပါတော့သည်။

## ဗန်းမော်လက်သီး အသုံးချကျင့်စဉ်

ဗန်းမော်လက်သီး (သို့မဟုတ်) ဗန်းမော်၏ လျှပ်စစ်လက်သီး အကြောင်း ပြောပြီး ကျင့်စဉ်စနစ်ကို မပြောလျှင် ဟင်းစားသာပေးပြီး ကွန်ချက် မပြရာ ရောက်ပေလိမ့်မည်။ ဟင်းစားလည်း ပေးပါမည်။ ကွန်ချက်ကိုလည်း ပြပါမည်။

လက်သီးထိုး လေ့ကျင့်မည့်သူသည် ရှစ်လက်မပတ်လည်ခန့်ရှိ ပလတ်စတစ်ပြားတစ်ချပ်ကို (S.P အိတ်ခေါ်သော ပလတ်စတစ်အိတ် အကြည်တစ်လုံး ရလျှင်လည်း ဖြစ်ပါသည်။) မိမိ မျက်နှာခန့်အမြင့်တွင် ကြိုးသေးသေးဖြင့် ချိတ်ဆွဲထားပါ။

ပလတ်စတစ်ပြား (သို့မဟုတ်) ပလတ်စတစ်အပေါ်ထောင့် တစ်ဖက်တစ်ချက်စီတွင် ကြိုးဖြင့် ချိတ်ဆွဲထားခြင်းဖြင့် လက်သီးဖြင့် ထိုးလိုက်၍ ပလတ်စတစ်ပြားကို ထိလျှင် ရှေ့ဘက်သို့သာ ရွေ့သွား၊ လွင့်သွားပြီး လည်



မသွားပေ။ ပလတ်စတစ်ပြား လည်နေလျှင် လက်သီးထိုးရ ခက်ပါသည်။

ပလတ်စတစ်ပြားသည် မိမိ၏ မျက်နှာတည့်တည့် (၁၈–လက်မခန့်) အကွာတွင် ရှိနေရပါမည်။ မိမိလက်တံရှည်လျှင် (၂၄)လက်မခန့် အကွာတွင် ရှိရမည်။

မိမိလက်သီးကို ဆုပ်ပြီး လက်ဆန့်ထိုးလိုက်လျှင် ပလတ်စတစ်ပြားကို ထိသည့် အကွာအဝေး အနေအထားသည် အကောင်းဆုံး ဖြစ်ပါသည်။ ပလတ်စတစ်ပြား မရလျှင် ချွေးသုတ်မျက်နှာသုတ်ပဝါ အသေးကိုလည်း ချိတ်ဆွဲထားလျှင်လည်း ရပါသည်။

(၁) မိမိရှေ့တွင် ပလတ်စတစ်ပြား (သို့မဟုတ်) မျက်နှာသုတ်ပဝါအသေးကို ချိတ်ဆွဲထားပါ။

(၂) လက်သီးထိုး လေ့ကျင့်မည့်သူသည် ပလတ်စတစ်ပြားကို မျက်နှာမူ၍ ဘယ်ခြေရှေ့ ညာခြေနောက်တွင် ထားလျက် (၂)ကွက် ဒေါင်လိုက် အနေအထားဖြင့် နေပါ။

လက်နှစ်ဖက်ကို တံတောင်ကွေးလျက် ထောင်ထားပါ။ လက်ဝါးနှစ်ဖက်ကို ဖြန့်ထားပါ။ ဘယ်လက်ကို ရှေ့တွင်ထား၍ ညာလက်ကို နောက်တွင်ထားပါ။ ***(ပမာအားဖြင့် အင်္ဂလိပ်လက်ဝှေ့ (boxing) တွင် အသင့်ပြင်ထားသည့်ပုံမျိုး ဖြစ်သည်။)***

လက်ချောင်း လေးချောင်းကို စီထား၍ လက်မကို (၉၀)ဒီဂရီ အနေအထားဖြင့် ကားထောင်ထားပါ။ တစ်ကိုယ်လုံးရှိ အကြောများကို ဖြေလျှော့ထားပါ။ စိတ်ကိုလည်း ငြိမ်ပါ။ လွတ်လပ်နေပါစေ။

(၃) ညာလက်သီး (ထောင်ထားသော လက်ချောင်းလေးများ)ကို ပလတ်စတစ်ပြား ရှိရာသို့ ဖျတ်ခနဲ ဆန့်ထုတ်လိုက်ပါ။ ပလတ်စတစ်ပြားနှင့် ထိခါနီးတွင် လက်သီးကို ဆုပ်လိုက်ပါ။ ***(လက်ချောင်းလေးများကို လက်ဝါးဖြင့် ထိစေပြီး ဆုပ်လိုက်ရမည်။)*** လက်သီး ထိုးထုတ်လိုက်သည့် အချိန်တွင် ခါးကိုပါ လှည့်ပေးပါ။

(၄) ပလတ်စတစ်ပြားကို လက်သီးက ဖျတ်ခနဲ ထိလိုက်သည်နှင့် ထိုးထားသော ညာလက်သီးကို အမြန်ဆုံး ပြန်ရုပ်လိုက်ပါ။ လက်သီးထိုးချက် မြန်လျှင် လက်သီးကို ပြန်ဖြေရန် (သို့မဟုတ်) လက်ဝါးဖြန့်ရန် အချိန်ပင် မရလိုက်ဘဲ လက်သီးဆုပ်လျက်ဖြင့် ပြန်ရုပ်ပြီး ရှိနေလိမ့်မည်။

နောက်တစ်ကြိမ် ထိုးရန်အတွက် ညာလက်ဝါးကို ပြန်ဖြန့်လိုက်ရမည်။ (ပလတ်စတစ်ပြားကို ထိအောင်ထိုးရမည်။ ထိပြီးမှ လက်ပြန်ရုပ်ရမည်။ မထိဘဲ လက်ပြန်မရုပ်ရပါ။ အကျင့်ဖြစ်ပြီး ပစ်မှတ်ကို မထိဘဲ နေလိမ့်မည်။) ထိုသို့ အသင့်ဖြစ်သည်နှင့် ဆက်လက်ကျင့်ပါ။

(၅) ထိုသို့ ညာလက်သီးထိုး လေ့ကျင့်ပြီးလျှင် ညာခြေရှေ့ ဘယ်ခြေနောက်ထားလျက် (၂)ကွက် ဒေါင်လိုက်ဖြင့် ညာခြေခင်းပြီး ဘယ်လက်သီးထိုး လေ့ကျင့်ရပေမည်။ ညာလက်ရော, ဘယ်လက်ရော နှစ်ဖက်စလုံး ထိုးတတ်ရပေမည်။


**ရှေ့လ ဆက်ဖတ်ပါရန်**

**ဆရာကြီး မင်းယက္ခ**
***(တိုက်ပွဲဝင်)***



www.burmeseclassic.com

www.burmeseclassic.com




ယခင်လမှ အဆက်

# တရုတ် ကြိုးထုံးပညာ (၃၅)

ဟုကျင်ဖြိ

**အခြေခံ ကြိုးထုံးနည်း (၃၅)**

**( 凤梨挂饰 )**

**Fèug Lí Guà Shì**

**ဖုန့် လီ ကွာ့ ရှိရ်**

**နာနတ်သီးဆည်းလည်း**

**အဆင်တန်ဆာ**

(凤) ဖုန့် (Fèug)သည်**ဇာမဏီ**ကို ရည်ညွှန်းသည်။ ယင်း (Yin)သဘော ဆောင်၍ ငှက်များ၏ အလှထိပ်ခေါင် ဖြစ်သည်။ နဂါးနှင့်တွဲကာ မင်္ဂလာ ပြည့်စုံသော အဆင်တန်ဆာအဖြစ် အထွတ်အမြတ် ပြုလေ့ရှိသည်။

နဂါးနှင့် ဇာမဏီ တစ်ဖက်တစ်ချက် စီရံ၍ ပျော်ရွှင်ခြင်းစာလုံး တစ်စုံကို အလယ်ဗဟို၌ ထားရှိသော အဆင် တန်ဆာကို **လုန်းဖုန့်ရှမ်းယှိ** (Lóng Fèug Shuāng Xi)ဟု ခေါ်၍ ထိမ်းမြား လက်ထပ်မင်္ဂလာ အခမ်းအနားတွင် အလေးအမြတ်ပြု ချိတ်ဆွဲတတ်ကြ သည်။

ထို"**ဖုန့်**"စာလုံးဖြင့် မှည့်ခေါ်သော "**ဖုန့်လီ**" နာနတ်သီးသည်လည်း ဇာမဏီပမာ မင်္ဂလာကျက်သရေပြည့်ဝ စေသော အဆင်တန်ဆာ ဖြစ်သည်။ လည်ဆွဲ ဘယက်(ဆွဲသီး) အဖြစ်လည်း ကောင်း၊ အိမ်ခန်း၊ မျက်နှာကြက်တွင် ချိတ်ဆွဲ၍လည်းကောင်း နိမိတ်ကောင်း ယူ တန်ဆာဆင်လေ့ရှိကြသည်။

မွေးနေ့ အထိမ်းအမှတ် ပွဲလမ်း များတွင်လည်း ပျော်ရွှင်အေးချမ်းပါ စေဟု ရည်ညွှန်း လက်ဆောင်ပေးကြ သည်။

ကြိုးချည်နည်းကို လေ့လာကြပါစို့။

ပုံ (၁)

ငြိမ်းချမ်းရေး ကြိုးထုံး ဖြစ်သည်။ အဖြူနှင့် အညို နှစ်စ ပေါင်းထုံးထား သည်။

ပုံ (၂)

နောက်ထပ် ကြိုးတစ်စုံ (ဖြူ၊ ညို) ထပ်ယူပါ။

ပုံ (၃)

နှစ်စုံပေါင်း၍ ငြိမ်းချမ်းရေး ကြိုးထုံး နည်းအတိုင်း ထုံးချည်ပါ။

ပုံ (၄)

ကြိုးထုံး(အပွင့်)ကို ဗဟိုထားကာ အဖြူစအား အညိုရောင်ကြိုးထုံးတွင် လျှိုပါ။

ပုံ (၅)

လေးကြိမ် လျှိုထုံးပြီးနောက် နောက် ထပ် ကြိုးဝါတစ်စဖြင့် ငြိမ်းချမ်းရေးကြိုး ထုံးတစ်ကြိမ် ထုံးပါ။


ပုံ (၆)

ဗဟိုကြိုးထုံး (အပွင့်)ကိုတိတ်၍




www.burmeseclassic.com

www.burmeseclassic.com



ပုံ-၉ ပုံ-၁၂ ပုံ-၁၀ ပုံ-၁၃ ပုံ-၁၁ ပုံ-၁၄



ပုံ-၁၅

နောက်ထပ် အညိုစတစ်စဖြင့် ငြိမ်းချမ်းရေးထုံးနည်းတစ်ကြိမ် ထပ်ထုံးပါ။

ပုံ (၇)

ဗဟိုတွင် ရစ်ပတ်၍ နောက်ထပ် အဖြူစ တစ်စဖြင့် တစ်ကြိမ် ထပ်ထုံးပါ။

ပုံ (၈)

ဗဟိုတွင် ရစ်ပတ်ပါ။

ပုံ (၉)

ဗဟိုကြိုးထုံးမှ အဖြူစကို အညိုစဖြင့်ထုံးပါ။

ပုံ (၁၀)

ဤကဲ့သို့ အဆင့်ဆင့်ရစ်ပတ်ထုံးသွားပါ။

ပုံ (၁၁)

ပုံပေါ်စပြုလျှင် အစသတ်ပါ။

ပုံ (၁၂)

နာနတ်သီးပုံပေါ်လျှင် အရွက်ပုံစံ ပြုလုပ်ထားသော ပလတ်စတစ် အစိမ်းစတွင်း လျှိုပါ။

ပုံ (၁၃)

ထိပ်တွင်ချိတ်ဆွဲရန် ကြိုးကွင်း လုပ်ပါ။

ပုံ (၁၄)

နာနတ်သီးထိပ်ဖျား(အရင်း)တွင် ပုတီးစေ့ (သို့မဟုတ်) နှစ်သက်ရာတစ်ခုခု အလှဆင်ပါ။ ပန်းဖွား တပ်ပါ။

ပုံ (၁၅)

နာနတ်သီး ဆည်းလည်း အဆင်တန်ဆာ ရရှိပါပြီ။ ချိတ်ဆွဲခြင်းမပြုဘဲ စားပွဲပေါ်၌လည်း ထောင်၍ အလှဆင်နိုင်ပါသည်။

**ဟူကျင်းဇီ**



www.burmeseclassic.com

www.burmeseclassic.com

# ဝက်များ ဆီးချုပ် ဝမ်းချုပ် ဖြစ်ခဲ့သော်

တစ်နေ့ စာရေးသူနှင့် ဝက်လက်မြို့မှ စာပေမိတ်ဆွေ ဆရာမင်းဝသန်ဦး (ဝက်လက်)တို့သည် ဆရာကောင်းခန့် (သခွတ်မြေ)နှင့် ဆရာကိုသူ(သခွတ်မြေ)တို့ နေထိုင်ရာ သခွတ္တော စံပြကျေးရွာလေးသို့ ဆိုင်ကယ်နှင့် သွားခဲ့ကြသည်။

ဆရာကိုသူ၏ ခြံဝင်းအတွင်း ဆိုင်ကယ်ကို ကွေ့ဝင်လိုက်ရာ နွားတင်းကုပ်နှင့် မလှမ်းမကမ်း ဝက်ခြံဘေးတွင် ဝက်စာကျွေးနေဟန်တူသော ကိုသူ(သခွတ်မြေ)က နောက်လှည့်ကြည့်ရင်း…

'ဟာ ဆရာတို့ပါလား လာပါဆရာ ထိုင်ကြပါဦး'

ဝမ်းသာအားရ ဖိတ်ခေါ်သည်။ စာရေးသူတို့လည်း အိမ်ရှေ့တဲအတွင်း စားပွဲခုံဘေး တန်းလျားခုံတွင် ထိုင်လိုက်သည်။ ကိုသူက စဉ့်အိုးမှ ရေခပ်ယူကာ လက်ဆေးပြီး လက်သုတ်လာရင်း…

'ဘာကိစ္စရှိလို့လဲ ဆရာတို့၊ ကျွန်တော် ဘာကူညီရမလဲ၊ ကဲပါ ရေနွေးကြမ်း သောက်ကြဦး'

ဒီတော့မှ စာရေးသူက…

'ဘာကိစ္စမှ မရှိပါဘူးကွာ၊ မောင်ရင်တို့နဲ့ မတွေ့တာကြာလို့ပါ။ ဆရာကောင်းခန့်ရော နေကောင်းလား၊ စပါးစိုက်လို့ရော ပြီးကြပြီလား'

'ဟုတ်ကဲ့ ပြီးပါပြီဆရာ၊ ဆရာကောင်းခန့်လဲ နေကောင်းပါတယ်ဆရာ'

ဒီတော့မှ ဆရာမင်းဝသန်ဦး(ဝက်လက်)က မြေပဲဆန်ကြော် တစ်ဇွန်းကို ကော်ခပ်ရင်း…

'မောင်ရင် ဝက်စာကျွေးတာ စောလှချည့်လား။ ဘယ်နှစ်ကြိမ်များ ကျွေးနေတာလဲကွ'

ဒီတွင် ကိုသူ(သခွတ်မြေ)က စိတ်ညစ်ညူးဟန်ဖြင့်…

'ဝက်စာ ကျွေးနေတာမဟုတ်ပါဘူး ဆရာ၊ ဝက်ကြီးတစ်ကောင် ဆီးချုပ်၊ ဝမ်းချုပ်ဖြစ်နေလို့ ဆရာတို့မြို့က တိရစ္ဆာန်ကုဆရာဝန် သွားပင့်ရကောင်းမလားလို့ စဉ်းစားနေတာပါ'



ကိုသူ စကားအဆုံး ဆရာ မင်းဝသန်ဦးက…

'ဒါများကွာ လွယ်ပါတယ်၊ မင်းတို့အိမ်မှာ ဆပ်ပြာတောင့်နဲ့ ဆေးရွက်ကြီး ရှိလား'

'ရှိတယ်ဆရာ၊ အမေက ပြောင်းဖူးဖက် ဆေးလိပ်သောက်တော့ ဆေးရွက်ကြီးက ပေါပါတယ်'

'အေး အဲသလိုဆိုရင် ဆပ်ပြာတောင့်ကို လက်သန်းလောက်ဖြတ်ယူပြီး လက်သန်း လောက်လုံးပတ်ညီအောင် လှီးညှိယူကွာ။ ထိပ်ကလေး နည်းနည်းချွန်ပြီး ရောဂါဖြစ်တဲ့ ဝက်ရဲ့ စအိုထဲ အသာအယာ ဖိသွင်း ဝမ်းချုပေးရမယ်ကွ။ ပြီးမှ ဆေးရွက်ကြီးကို ရေစိမ်ပြီး အဲဒီဝက်ကို မျက်စဉ်းသာ ခတ်ပေးလိုက်ပါမောင်ရာ၊ မင်းဝက် မကြာခင် ဝမ်းသွား ဆီးသွားပြီး ကျန်းမာရေးကောင်းလာပါလိမ့်မယ်။ အဲဒါ ဆေးမြီးတိုပဲကွ'

'ဪ ဟုတ်ပြီဆရာ၊ ကျွန်တော် ဆရာပြောတဲ့ ဆေးမြီးတိုနဲ့ ကုကြည့်မယ်ဗျာ'

စာရေးသူတို့လည်း ရေနွေးကြမ်းသောက်၊ မြေပဲဆန်ကြော်စားကြ၊ စကားပြောကြနှင့် အတန်ကြာမှ ကိုသူ(သခွတ်မြေ)ကို နှုတ်ဆက်ကာ ဝက်လက်မြို့သို့ ထွက်လာခဲ့ကြပါတော့သည်။

**ကိုကိုအောင်(မြကန်သာ) ဝက်လက်မြို့**




www.burmeseclassic.com

www.burmeseclassic.com

ထက်မြက်ကျော်စွာ

အလှဆင်

# ဘော်ကြယ် သီကုံးနည်းပညာ (၁)





◄ နဂါး၊ ဓာမင်္ဂ ပျော်ရွှင်မှုပုံတွဲ

သုခစာလုံးတန်ဆာဆင်ဘော်ကြယ် ►

တစ်ခုသော ညနေခင်းတွင် အိမ်ရှေ့မှ ဖြတ်လျှောက်သွားသော တူမကလေးက မိမိအား လှမ်းမြင်လိုက်သဖြင့် အိမ်တွင်းဝင်ရောက်ကာ နှုတ်ဆက်စကားဆိုသည်။

'တွာကူ(မိခင်ကြီး၏ အကြီးဆုံးအစ်ကို့မောင်) ဘယ်နေ့က ပြန်ရောက်သလဲ'

'မနေ့ကပါ။ **'ကျုံးယွဲ့ယ်နီကျဲ''** ကန်တော့ပွဲရှိတယ်လေ'

သူ၏လက်တွင် စာအုပ်အချို့ပွေ့ပိုက်ထားသဖြင့် ယူကြည့်သောအခါ ယနေ့ခေတ်စားနေသော ရောင်စုံကော်စေ့လုံး ဘော်ကြယ်သီကုံးနည်းပညာစာအုပ်များ ဖြစ်နေသည်။ အမျိုးသမီးသုံး ပိုက်ဆံအိတ်၊ စလင်းဘက်၊ လက်ကိုင်အိတ် စသည်ဖြင့် သီကုံးအလှဆင်နည်းများစွာကို တရုတ်ဘာသာဖြင့် ရှင်းလင်းပြထားသည်။

'သမီးတို့က တရုတ်စာကောင်းကောင်း မတတ်တော့ ရုပ်ပုံကြည့်ပြီး မှန်းဆ ရမ်းချနေရတယ်'

ထိုစာအုပ်များအနက် တရုတ်ထုံးဓလေ့ဆိုင်ရာ အလှဆင်နည်းများအကြောင်း စာအုပ်တစ်အုပ်ကို တူမထံမှ တောင်းဝယ်ကာ အချိန်အားရခိုက် လေ့လာကြည့်ပါသည်။

## တော်ဝင်သုံး အလှဆင်ပညာ

ရှေးတရုတ်ဘုရင်များ ခေတ်ကာလကဤအလှဆင်နည်းသည် ထီးနန်းသုံးတော်ဝင်အနုပညာတစ်ရပ်ဖြစ်ခဲ့သည်။ ရောင်စုံကျောက်မျက်ရတနာများ၊ ပုလဲများကို သီကုံးအလှဆင်ကာ မကိုဋ်သရဖူများအစ နန်းတွင်းအသုံးအဆောင်များတွင် အလှဆင်ကြသည်။

ရိုးရာပွဲနေ့များတွင်လည်း ကျက်သရေမင်္ဂလာနိမိတ်ဆောင် အဆင်တန်ဆာအဖြစ် အသုံးပြုကြသည်။ နတ်ဒေဝတာ၊ သူတော်စင်၊ သိဒ္ဓိရှင်တို့ကို တန်ဆာဆင်ပူဇော်ကြသည်။

ယနေ့ ခေတ်ကာလတွင်ကား ဆီးကွင့်(Sequan)ခေါ် အရောင်တလက်လက် ပြေးနေသည့် ဘော်ကြယ်စေ့ကလေးများ ထွက်ပေါ်လာသဖြင့် သာမန်အရပ်သားတို့လည်း အသုံးပြုနိုင်သော ငွေကြေးပမာဏဖြင့် အလှဆင်နိုင်လေရာ ရေပန်းစား လူကြိုက်များလာခြင်း ဖြစ်လေသည်။


ပုံသဏ္ဌာန်စုံ၊ အရောင်သွေး စုံလင်သော ဘော်ကြယ်ကော်စေ့များဖြင့် ရက်ကြီးအခါကြီး ပွဲတော်နေ့များတွင် သုခမင်္ဂလာ ပြည့်စုံစေကြောင်း



www.burmeseclassic.com

www.burmeseclassic.com



◆ ဆဋ္ဌဂံအောက်ခံပြား

◆ ဘော်ကြယ်သီကုံးနည်းစာအုပ် မျက်နှာဖုံး

ဆုတောင်းသော အဆင်တန်ဆာ နေနှင့်လ၊ ရွှေနှင့်မြကဲ့သို့ နှစ်ပါး ဂဟေစပ် လက်ထပ်ထိမ်းမြားရာတွင် လုန်းဖုန့်ရှမ်းယှီ(Long Fèng Shuāng Xǐ)အဆင်တန်ဆာ စသဖြင့် သင့်လျော်အပ်စပ်ရာ ဘော်ကြယ်အဆင်တန်ဆာများ ပေးပို့ဂုဏ်ပြုကြသည်။

မိမိ၏နေအိမ်ဂေဟာသို့ ရောက်ရှိလာသော ဂုဏ်သရေရှိဧည့်သည်၊ အထူးဖိတ်ကြားထားသော ဧည့်သည်များအတွက် စားသောက်ဖွယ်ရာများ တည်ခင်းရာတွင်လည်း သက်ဆိုင်ရာ အဓိပ္ပာယ်ပြည့်ဝသော ဘော်ကြယ်အဆင်တန်ဆာများ၏ အကူအညီကို ရယူကြသည်။

**ဥပမာ** ဇနီးမောင်နှံစုံ လာရောက်ခြင်းဖြစ်ကာ အထက်တွင် ဖော်ပြပြီးသော **'လုန်းဖုန့်ရှမ်းယှီ'**ကို စားဖွယ်အောက်ခံအခင်း၊ စားပွဲခင်းအဖြစ် အသုံးပြုသည်။

ထိုအဆင်တန်ဆာတွင် နဂါးနှင့် ဖီးနစ်ငှက်တို့က မင်္ဂလာပြည့်ဝပျော်ရွှင်ခြင်းဟု အဓိပ္ပာယ်ရသော **'ယှီ'**စာလုံး နှစ်ထပ်ကို တစ်ဖက်တစ်ချက်စီ ဝန်းရံ ထားသည်။

**'လုန်း'**သည် နဂါးဖြစ်၍ အမျိုးသားကို ရည်ညွှန်းသည်။ အားအင်ပြည့်ဝ၍ ယုံကြည်အားကိုးလောက်သော အရည်အချင်းများ ပြည့်စုံသည်။ အထင်ကြီးလေးစားဖွယ်ရှိသည်။

**'ဖုန့်'**ကား ဖီးနစ်ငှက်ဖြစ်သည်။ **(အပြည့်အစုံခေါ်ဝေါ်ပါက ဖုန့်ဟွမ်း (Fèng Hūang)ဟုခေါ်သည်။)** အမျိုးသမီးကို ရည်ညွှန်းသည်။ နူးညံ့သိမ်မွေ့၍ ချစ်ခင်နှစ်သက်ဖွယ် အဆင်းအချင်းနှင့် ပြည့်စုံသည်။ ပါရမီဖြည့်ဖက် အကူအပံ့ကောင်း ဖြစ်သည်။

**(တစ်စုံတစ်ဦး မျက်နှာမြင်သော အခါ နဂါးလေးလား။ ဖီးနစ်လေးလားဟု တင်စားကာ သတင်းမေးလေ့ရှိပါသည်။)**

ရိုးရာဒဏ္ဍာရီလာ ထူးမြတ်သော သတ္တဝါများဖြစ်ကြ၍ လိုက်ဖက်ညီသော မင်္ဂလာမောင်နှံဖြစ်သည်ဟု ယုံကြည်ကြသည်။ အလယ်ဗဟိုရှိ ပျော်ရွှင်ခြင်း နှစ်ထပ်က ပျော်ရွှင်ခြင်း မောင်နှံဟုခေါ်သည်။

**မောင်နှံ**ဆိုသည့်အတိုင်း တတိယမြောက် ပျော်ရွှင်ခြင်းမရှိပါ။ အဆုံးစွန်ပြီးပြည့်စုံသော ပျော်ရွှင်မှုဖြစ်သည်။ နဂါးဖြစ်စေ၊ ဖီးနစ်ဖြစ်စေ တတိယမြောက်အနေဖြင့် ပေါ်ထွန်းလာလျှင်ကား အလုံးစုံ ပျက်သုဉ်းရလေသည်။

ဤသို့ နိမိတ်ကောင်းဆောင်ကာ ဆုတောင်းပေးခြင်း၊ ချီးကျူးဂုဏ်ပြုခြင်း အဓိပ္ပာယ်ဖြင့် အဆိုပါ အဆင်တန်ဆာကို အသုံးပြုခြင်းဖြစ်သည်။


စီးပွားရေးလုပ်ငန်းရှင်၊ သူဌေးသူကြွယ် ဖြစ်ပါက ဆဋ္ဌဂံပုံ ခြောက်မြောင့်ပါသည့် ဘော်ကြယ်အခင်းဖြင့် တည်ခင်းဧည့်ခံလေ့ရှိသည်။ သာမန်လူတစ်ဦးပင်ဖြစ်စေကာမူ ထိုအဆင်တန်ဆာဖြင့် ဂုဏ်ပြုတည်ခင်းခြင်းဖြင့် ထိုဧည့်သည်အား အမွှမ်းတင် အားပေးခြင်းဖြစ်၏။

အဓိပ္ပာယ်ကား **'၆ နှင့် ၆ ပေါင်းလျှင် မဆင်းရဲတော့ပြီ'** ဟူသော ဂဏိတဗေဒ ဆိုရိုးအရ ဘော်ကြယ် (၆)လုံးတွဲ သီကုံးနည်းဖြင့် (၆)ထောင့်ပုံ



www.burmeseclassic.com

www.burmeseclassic.com



◆ နည်း(၁) ပုံ-၁

ဆင့်ဒ်ဂံဖြစ်အောင် သီကုံးထားသောကြောင့်သူဌေးကြီး၊ သူကြွယ်ကြီးဟု ရည်ညွှန်း သကဲ့သို့ ငွေကြေးဥစ္စာ လာဘ်လာဘ ဝေဆာပါစေ ဟုဆုတောင်း ပေးခြင်းလည်း မည်လေသည်။

အလားတူပင် အသက်ရှည် ကျန်းမာခြင်း ရှိ့(Shòu) စာလုံးပုံစံ သီကုံးထားသော အဆင်တန်ဆာ စည်းစိမ်ဂုဏ်သိန် လု(Lù)စာလုံး၊ သုခချမ်းသာ ဖူ(Fú) စာလုံးစသည့် အဓိပ္ပာယ် နိမိတ် ကောင်းမွန်သော အဆင်တန်ဆာများ...

ရေစုန်လေစုန်တွင် ရွက်လွှင့်ရသကဲ့သို့ **'အဆင်ပြေချောမွေ့ပါစေ'** ဟု ရည်ညွှန်းသော ရွက်လှေပုံ အဆင်တန်ဆာ၊ **'သားသမီး မြေးမြစ်များဖြင့် သာယာချမ်းမြေ့ပါစေ'** ဟုဆုတောင်း ဂုဏ်ပြုသော ကလေးရုပ်အဆင် တန်ဆာ၊ ချစ်သူရည်စား ဖူးစာဖက် အတွက် အသည်းပုံ ချစ်သက်လက်ဆောင်...

ဘေးဒုက္ခအသွယ်သွယ် ကျော်ဖြတ်နိုင်ပါစေဟု ဒုက္ခအကျပ်အတည်း ကြုံနေရသူအား အားပေးဆုတောင်းသော လေးထောင့်ပုံအဆင်တန်ဆာ၊ **'ပြန်လည်ဆုံတွေ့ကြပါစို့'** ဟူ၍ မင်္ဂလာ နှုတ်ဆက်စကား(ကိုယ်စား) ပြောကြားပေးသည့် (အဝိုင်းပုံ-ထည့်စရာ)ခြင်း၊ ဆန်ကာဝိုင်း စသည် စသည်ဖြင့် အမျိုးမျိုး အဖုံဖုံ သီကုံးအသုံးပြုကြပေသည်။

### အခြေခံသီကုံးနည်းများ

သီကုံးနည်းများ မဖော်ပြမီ လိုအပ်သော ပစ္စည်းများကို ဦးစွာ တင်ပြပါမည်။

၁။ ဘော်ကြယ်ကော်စေ့များ

မိမိနှစ်သက်ရာ အရောင်အသွေး အရွယ်အစား ပုံသဏ္ဍာန်များ ရွေးချယ်ဝယ်ယူထားရန်ဖြစ်သည်။

၂။ ငါးမျှားကြိုး

ပလတ်စတစ် ငါးမျှားကြိုးများဖြစ်ကာ အခွေလိုက် ဝယ်ယူနိုင်သည်။ (၅၀)ကီလိုဂရမ်၊ (၆၀)ကီလိုဂရမ်၊ (၇၀)ကီလိုဂရမ် စသည်ဖြင့် (၁၀၀)ကီလိုဂရမ်အထိ အရွယ်အစား(ကြိုးလုံး အကြီးအသေး)များကို သင့်လျော်ရာ အဆင်တန်ဆာအတွက် အထူးပြုဖော်ပြပေးပါမည်။

၃။ ကတ်ကြေး

ပလတ်စတစ်ကြိုး ကိုက်ဖြတ်ရန်ဖြစ်သည်။

၄။ ပလာယာ

ကြိုးများ အဆုံးသတ်ရန် ဘော်ကြယ်များအကြား ထိုးသွင်းညှပ်ယူနိုင်သည့် နှုတ်သီးချွန် ပလာယာတစ်ချောင်း လိုအပ်ပါသည်။

### အခြေခံသီကုံးနည်း(၁)

半球串

ပန့်ချိုချွမ်(Bàng Qiū Chuàn)

ကမ္ဘာလုံးခြမ်း သီကုံးခြင်း

ဘော်ကြယ်(၅)လုံးကို (၃)ပေခန့်ရှည်သော ငါးမျှားကြိုးဖြင့်သီပါ။ ကြိုးအရွယ်မှာ (၅၀)ကီလိုဂရမ်၊ (၆၀)ကီလိုဂရမ်၊ (၇၀)ကီလိုဂရမ်တို့အနက် နှစ်သက်ရာ အသုံးပြုပါ။

ပဉ္စမမြောက် ဘော်ကြယ်တွင် ကြိုးစနှစ်ဖက် ကြက်ခြေလျှိုသွင်းပါ။

(ပုံ-၁)

ရှေ့လ ဆက်ဖတ်ပါရန်

ထက်မင်းကျော်စွာ


www.burmeseclassic.com


မြောက်ဦး တူးဖော်ရေးကုန်း အမှတ်(၂)မှ တူးဖော်တွေ့ရှိသည့်

# ယဉ်ကျေးမှု ရှေးလက်ရာများ (၁၁)

ပန်းချီ ထူးလှ
(ရှေးဟောင်းသုတေသန)

ယခင်လမှအဆက်


ပုံ(၂၁)


ပုံ(၂၂)

* * * ပုံ (၂၁)

ပုံ (၂၁) ဒီဇိုင်းလက်ရာမှာလည်း မြောက်ဦးတူးဖော်ရေးကုန်း အမှတ် (၂) A6ကျင်း အရှေ့မြောက်ထောင့် ကျင်းပေါင်မှ (၂ ၁/၂)ပေခန့်အကွာ ကျင်းအနက် (၂)ပေခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ် အိုးခြမ်းကွဲ အပိုင်းအစကို ကူးယူရေးဆွဲထားသော ဒီဇိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူလ အိုးခြမ်းကွဲအမြင့် (၈)စင်တီမီတာခန့်၊ အကျယ် (၅ ၁/၂)စင်တီမီတာခန့်နှင့် အထူ (၁/၂)စင်တီမီတာခန့် ရှိပါသည်။ ပုံ (၂၁) ဒီဇိုင်းလက်ရာမှာ တူးဖော်တွေ့ရှိသော မြေမီးဖုတ် အိုးခြမ်းကွဲ၏ အပြင်ဘက် မျက်နှာပြင်ကို ရေးဆွဲထားသော ဒီဇိုင်းလက်ရာပင် ဖြစ်ပါသည်။

အတွင်းဘက်မျက်နှာပြင်မှာ အခြော တွေ့ရှိရပါ၏။ ပုံ (၂၁) ဒီဇိုင်းလက်ရာ၏ လက်ယာဘက်တွင် မြေမီးဖုတ် အိုးခြမ်းကွဲအထူပမာဏကို လိုင်းအနက်ဖြင့် ရေးဆွဲဖော်ပြထားပါသည်။

**ပုံ (၂၁)** ဒီဇိုင်းလက်ရာ၌ ကန့်လန့်ဖြတ် အစင်းကြောင်း၊ ခပ်စောင်းစောင်း အစင်းကြောင်းနှင့် ဘေးစောင်း အစင်းကြောင်းများဖြင့်ပါ တန်ဆာဆင်ထားသည်ကို တွေ့ရှိရပါသည်။

* * * ပုံ (၂၂)

မြေမီးဖုတ် အုတ်ကြွပ်ခေါင်မိုးပြား အပိုင်းအစ လက်ရာတစ်ခုပင် ဖြစ်ပါသည်။ ဤအုတ်ကြွပ်ခေါင်မိုးပြားတွင် ချိုတ်နှစ်ချိုတ် ထက်၊ အောက် ပါရှိသည်ကို တွေ့ရှိရပါသည်။ အလယ်တွင်လည်း ခပ်ကွေးကွေးကလေး တွေ့ရှိရပါ၏။

**ပုံ (၂၂)** ဒီဇိုင်းလက်ရာ၏ လက်ယာဘက်တွင် အုတ်ကြွပ်ခေါင်မိုးပြား အထူပမာဏကို လိုင်းအနက်ဖြင့် ရေး ဆွဲ ဖော်ပြထားပါသည်။ ပုံ(၂၂) ဒီ လက်ရာသည် မြောက်ဦးတူးဖော် ကုန်း အမှတ် (၂) A7ကျင်း အနော တောင်ဘက် ကျင်းပေါင်မှ (၄ ၁/၂) ခန့်အကွာ၊ ကျင်းအနက် (၁ ၁/၂)ပေ မှ တူးဖော်တွေ့ရှိရသော မြေမီး ခေါင်မိုးပြားအုတ်ကြွပ် လက် ကူးယူရေးဆွဲထားသော ဒီဇိုင်းလ ပင် ဖြစ်ပါသည်။




www.burmeseclassic.com


www.burmeseclassic.com

မူလ မြေမီးဖုတ် အုတ်ကြွပ်ပြား အမြင့် (၁၄)စင်တီမီတာခန့်၊ အကျယ် (၁၅)စင်တီမီတာခန့်နှင့် အထု (၁) စင်တီမီတာခန့် ရှိပါသည်။ ချိတ်အမြင့် (၂)စင်တီမီတာခန့်ရှိပြီး ချိတ်နှစ်ဖက် စလုံး ထောင့်မှန်မကွေးဘဲ ခပ်ကုပ်ကုပ် လေးသာ တွေ့ရှိရပါသည်။

ပုံ (၂၃)



ပုံ (၂၄)



* * * ပုံ (၂၃)

**ပုံ (၂၃)** ဒီဖိုင်းလက်ရာမှာ မြောက်ဦးတူးဖော်ရေးကုန်း အမှတ် (၂)မှ E5ကျင်း အရှေ့မြောက်ထောင့် (၁)ပေ ကျော်အကွာ၊ ကျင်းအနက် (၂)ပေ ကျော်ခန့်မှ တူးဖော်တွေ့ရှိရသော စဉ့်လက်ရာ ပန်းကန်လုံး အစိတ်အပိုင်း လက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော ဒီဖိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

တူးဖော်တွေ့ရှိရသော စဉ့်ပန်းကန်လုံး အစိတ်အပိုင်း အမြင့် (၈)စင်တီမီတာခန့်၊ အကျယ် (၉ ၁/၂)စင်တီမီတာခန့်နှင့် အထု (၁ ၁/၂)စင်တီမီတာခန့် ရှိပါသည်။

ပုံ (၂၃) ဒီဖိုင်းလက်ရာ၏ လက်ယာဘက်တွင် စဉ့်ပန်းကန်လုံး အစိတ်အပိုင်း၏ အထုပမာဏကို လိုင်းအနက်ဖြင့် ရေးဆွဲဖော်ပြထားပါသည်။

မူလ ပန်းကန်လုံး အပိုင်းအစ စဉ့်ရောင်မှာ အတွင်းအပြင် အစိမ်းရင့်ရောင် တောက်ပစွာ တွေ့ရှိရပါသည်။ ခြေထောက် အဝန်းအတွင်း၌ စဉ့်အဖြူရောင် တွေ့ရှိရပါသည်။

ပန်းကန်လုံး အတွင်းသားမှာ မာကျောကျစ်လျစ်ပြီး ကြွေသားကဲ့သို့ပင် မာကျောသည်ကို တွေ့ရှိရပါသည်။ ခြေထောက်ပါရှိသော နေရာတွင်လည်း အထု (၁ ၁/၂)လက်မခန့် ရှိပါသည်။

* * * ပုံ (၂၄)

မြေမီးဖုတ်စဉ့်လက်ရာ ဆန္ဒင်းမကာင်း ပုံသဏ္ဌာန် တွေ့ရှိရပါသည်။ ကြမ်းခင်းပြား စဉ့်လက်ရာတစ်ခု ဖြစ်လိမ့်မည်ဟု ယူဆရပါသည်။ ဤမြေမီးဖုတ် စဉ့်လက်ရာ ကြမ်းခင်းပြားကို လက်ဝဲ၊ လက်ယာ ပုံစံနှစ်မျိုးဖြင့် ရေးဆွဲထားပါသည်။

လက်ဝဲဘက် လက်ရာမှာ မြေမီးဖုတ် စဉ့်ကြမ်းခင်းပြား၏ ကျောဘက် မျက်နှာပြင်ကို ရေးဆွဲထားသော ဒီဖိုင်းလက်ရာ ဖြစ်ပါသည်။ ကျောဘက် မျက်နှာပြင်တွင် အလယ်၌ စဉ့်အပြာရောင် တွေ့ရှိရပြီး အနားပတ်ပတ်လည်တွင် စဉ့်အဖြူရောင် တွေ့ရှိရပါသည်။


လက်ယာဘက် ဒီဖိုင်းလက်ရာမှာ စဉ့်ကြမ်းခင်းပြား၏ အတွင်းဘက် မျက်နှာပြင်ကို ရေးဆွဲထားသော ဒီဖိုင်းလက်ရာပင် ဖြစ်ပါသည်။ ဤမျက်နှာပြင်တွင် မြေမီးဖုတ်ရောင်သာ တွေ့ရှိရပြီး အချင်း (၂ ၁/၂)စင်တီမီတာခန့်နှင့် တွင်းအနက် (၃/၄)စင်တီမီတာခန့် ရှိသော တွင်းကလေးတစ်ခု ပါရှိပါသည်။


**ပုံ (၂၄)** ဒီဖိုင်းလက်ရာ၏ မူလ စဉ့်ကြမ်းခင်းပြားလက်ရာကို မြောက်ဦး တူးဖော်ရေးကုန်း အမှတ် (၂) E3ကျင်း အနောက်မြောက်ထောင့် (၃)ပေခန့် အကွာ ကျင်းအနက် (၂ ၁/၂)ပေခန့်မှ တူးဖော်တွေ့ရှိရပါသည်။

တူးဖော်တွေ့ရှိရသော မူလ စဉ့်


www.burmeseclassic.com

www.burmeseclassic.com




ကြမ်းခင်းပြား အကျယ် (၁၀ ၁/၂)စင်တီမီတာခန့်၊ အမြင့် (၈)စင်တီမီတာခန့်နှင့် အထူ (၂)စင်တီမီတာခန့် ရှိပါသည်။

* * * ပုံ (၂၅)

**ပုံ (၂၅)** ဒီဖိုင်းလက်ရာမှာ မြောက်ဦးတူးဖော်ရေးကုန်း အမှတ် (၂) ,E3ကျင်း အနောက်မြောက်ထောင့် (၄) ပေခန့်အကွာ ကျင်းအနက် (၂)ပေခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ်စဦ့လက်ရာ ကြမ်းခင်းပြားကို ကူးယူရေးဆွဲထားသော ဒီဖိုင်းလက်ရာတစ်ခုပင် ဖြစ်ပါသည်။

မူလ မြေမီးဖုတ်စဦ့လက်ရာ အမြင့် (၄)စင်တီမီတာခန့်၊ အကျယ် (၉) စင်တီမီတာခန့်နှင့် အထူ (၂)စင်တီမီတာခန့် ရှိပါသည်။ မြေမီးဖုတ် စဦ့ကြမ်းခင်းပြားလက်ရာမှာ သုံးနားညီတြိဂံပုံသဏ္ဍာန် တွေ့ရှိရပါသည်။

**ပုံ(၂၅)** ဒီဖိုင်းလက်ရာကို လက်ဝဲ၊ လက်ယာ ပုံစံနှစ်မျိုးဖြင့် ရေးဆွဲဖော်ပြထားပါသည်။ လက်ဝဲဘက် ဒီဖိုင်းလက်ရာမှာ မြေမီးဖုတ် စဦ့ကြမ်းခင်းပြား၏ ကျောဘက်မျက်နှာပြင်ကို ရေးဆွဲထားသော ဒီဖိုင်းလက်ရာပင် ဖြစ်ပါသည်။ ၎င်းမျက်နှာပြင်တွင် စဦ့အဖြူရောင်ကို တွေ့ရှိရပါသည်။ လက်ယာဘက် ဒီဖိုင်းလက်ရာမှာ မြေမီးဖုတ် စဦ့ကြမ်းခင်းပြား၏ အတွင်းဘက်မျက်နှာပြင်ကို ရေးဆွဲထားသော ဒီဖိုင်းလက်ရာပင် ဖြစ်ပါသည်။

၎င်းမျက်နှာပြင်တွင် စဦ့ရောင် မတွေ့ရှိရဘဲ မြေမီးဖုတ်ရောင်သာ တောက်ပစွာ တွေ့ရှိရပါသည်။ အလယ်တွင် အချင်း (၂ ၁/၂)စင်တီမီတာခန့်နှင့် တွင်းအနက် (၃/၄)စင်တီမီတာခန့်ရှိသော တွင်းကလေးတစ်တွင်း ပါရှိသည်ကို တွေ့ရှိရပါသည်။

* * * ပုံ (၂၆)

**ပုံ (၂၆)** ဒီဖိုင်းလက်ရာသည်လည်း မြောက်ဦးတူးဖော်ရေးကုန်း အမှတ် (၂) F4ကျင်း အနောက်တောင်ထောင့် ကျင်းပေါင်အကွာမှ (၆)ပေခန့်အကွာ ကျင်းအနက် (၂)ပေခန့်မှ တူးဖော်တွေ့ရှိရသော မြေမီးဖုတ် အိုးခြမ်းကွဲ အပိုင်းအစ လက်ရာတစ်ခုကို ကူးယူရေးဆွဲထားသော ဒီဖိုင်းလက်ရာပင် ဖြစ်ပါသည်။

မူလ မြေမီးဖုတ် အိုးခြမ်းကွဲ ဒီဖိုင်းလက်ရာ အမြင့် (၄)စင်တီမီတာခန့်၊ အကျယ် (၄)စင်တီမီတာခန့်နှင့် အထူ (၁/၂)စင်တီမီတာခန့် ရှိပါသည်။ ပုံ (၂၆) ဒီဖိုင်းလက်ရာ၏ လက်ယာဘက်တွင် အိုးခြမ်းကွဲ အထူပမာဏကို လိုင်းအနက်ဖြင့် ရေးဆွဲဖော်ပြထားပါသည်။

မူလ အိုးခြမ်းကွဲ အတွင်းရော အပြင်ပါ မြေမီးဖုတ်ရောင် တောက်ပစွာ တွေ့ရှိရပြီး အတွင်း အချောသာ တွေ့ရှိရပါသည်။

အပြင်တွင် ပုံ (၂၆)၌ တွေ့ရှိရသည့် အတိုင်း အထက်၊ အောက် ဖောင်းနှစ်ဆင့်ကြားတွင် လှိုင်းတွန့်ကလေးများဖြင့် တန်ဆာဆင်ထားပြီး အခြားအိုးခြမ်းကွဲများနှင့် မတူဘဲ ဆန်းပြားစွာ တွေ့ရှိရပါသည်။

အထက်ဖော်ပြပါ အားလုံးသော ဒီဖိုင်းလက်ရာများမှာ မြောက်ဦးခေတ် လယ်လက်ရာများပင် ဖြစ်ပါသည်။ အေဒီ (၁၆)ရာစုအတွင်း ခေတ်ကာလ၏ လက်ရာများပင် ဖြစ်ပါ၏။

***အနုစွဲအနုစွဲငါးပါးကို ထာဝစဉ် ဦးထိပ်ပန်ဆင် ကန်တော့လျက်...***

**ပန်းချီထူးလှ**
***(ရွှေဟောင်းသုတေသန)***

ကိုးကားချက်

၁။ ကိုယ်တိုင်တူးဖော်မှု မှတ်စု။
၂။ ဦးဦးသာထွန်း၊ မြောက်ဦးမြို့ ဘုရားသမိုင်း။
၃။ ဗမည်ပျာသတ်ဆရာ၊ ရခိုင်ရာဇဝင်ကျမ်း။
၄။ တက်ထွန်းဦး(မြောက်ဦး)၊ ကိုးသောင်းပုထိုးတော်ကြီးနှင့် ပတ်သက်၍။
၅။ ရမ်းပြဲတောင်ကျောင်း ဆရာတော် စန္ဒမာလာလင်္ကာရ၊ ရခိုင်ရာဇဝင်သစ်ကျမ်း(ဒုတိယတွဲ)။



www.burmeseclassic.com

www.burmeseclassic.com

ဘယ်

# အမေးရှိလျှင်

အဖြေရှိပါသည်



'ကျွန်တော် ဘယ်တော့ အောင်မြင်မလဲ' ထိုမေးခွန်းကို မေးသူက ကျွန်တော်နဲ့ အလွန်ရင်းနှီးတဲ့ မိတ်ဆွေကြီးက မေးခဲ့ဖူးတဲ့ စကားပဲဖြစ်ပါတယ်။ သူ့ရဲ့ လက်ဝါးကို ဖြန့်ပြရင်း မေးတာလဲ ဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်က သူ့မှာ အောင်မြင်ရေးလမ်းကြောင်း ရှိမရှိ ကြည့်ပါတယ်။ ပြီးမှ တနင်္ဂနွေဂြိုဟ်ခုံကို ကြည့်ပါတယ်။ အဲဒီအခါ အောင်မြင်ရေး လမ်းတိုတစ်ကြောင်းကို တနင်္ဂနွေဂြိုဟ်ခုံ နှလုံးလမ်းကြောင်းထက်မှာ တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော်က...

'ခင်ဗျား (၅၆)နှစ်ကျော်မှ စိတ်ကြိုက်အောင်မြင်လိမ့်မယ်။ အသက်ကြီးလေ၊ အောင်မြင်လေ၊ ကံကောင်းလေဖြစ်မှာပါ'

လို့ ပြောတော့ သူ ကျေနပ်သွားပါတယ်။ သူ့ရဲ့အသက်က (၅၅)နှစ်ကျော်နေပြီကိုး။

အခုလို တင်ပြပေးရတဲ့ ရည်ရွယ်ချက်ကတော့ အောင်မြင်ရေးလမ်းဟာ နှလုံးလမ်းကြောင်းထက်ရှိနေရင် ငယ်ရွယ်စဉ် မအောင်မြင် မကျော်ကြားတတ်ဘဲ အသက်ကြီးမှ အောင်မြင်ကျော်ကြားတတ်ကြောင်း ဗဟုသုတအလို့ငှာ ရေးသားတင်ပြလိုက်တာ ဖြစ်ပါတယ်။


***အောပါစေ အောင်ပါစေ***

သန်းပညာ



www.burmeseclassic.com

www.burmeseclassic.com



# သနပ်ခါးပင်

## အပွေးတက်အောင်(ဝါ) အသားအခေါက်ထူအောင်ပြုနည်း

**နတ်မောက်မြို့၏ မြောက်ဘက် မိုင်(၂၀)ခန့်ဝေးကွာသည့် "သာမြွား" ရွာသို့ ရောက်ရှိစဉ်** သနပ်ခါးခြံ စိုက်ပျိုးနေသူ ဦးဝင်းဆောင်ဆိုသူနှင့် တွေ့ဆုံရပါသည်။

ဦးဝင်းဆောင်မှာ တောင်သူလုပ်ကိုင်သူဖြစ်ပြီး ယာမြေထဲတွင် ပဲ၊ နှမ်းလည်း စိုက်ပျိုးဖြစ်အောင် သနပ်ခါးပင်များကို တစ်ပင်နှင့် တစ်ပင် ခုနစ်တောင်၊ ရှစ်တောင်ခြား စိုက်ပျိုးထားပြီး (၁၅)နှစ်ခန့် ရှိပြီ ဖြစ်ပါသည်။

သနပ်ခါးတစ်ပင်လျှင် သုံးသောင်းမှ နှစ်သိန်းအထိ ရောင်းရဖူးသည်ဟု သိရပါသည်။ သူ၏ သနပ်ခါးပင်များမှာ ရှင်မတောင်သနပ်ခါးမျိုးများ သီးသန့်ပျိုးပြီး စိုက်ပျိုးထားခြင်း ဖြစ်သည့်အပြင် အထူး နာမည်ရသည်မှာ သနပ်ခါးတုံးတို့သည် **အပွေးတက်ပြီး အသားအခေါက် လက်တစ်ဆစ်အထိ ထူသောကြောင့်ပင်။** အသွေးခံ၊ အသုံးခံသည်။

သုံးထောင်တန် သနပ်ခါးတစ်တုံးဆိုလျှင် တစ်နှစ်လုံး သွေးလိမ်း မကုန်အောင် အသုံးခံပါသည်။ သို့အတွက်လည်း ဦးဝင်းဆောင်မှာ ပဲကရ၊ နှမ်းကရ သနပ်ခါးဖိုးငွေများဝင်နှင့် စီးပွားအဆင်ပြေ တိုးတက်ရပါသည်။

'သနပ်ခါးပင်က ဝက်ချေးမြေသြဇာကြိုက်တယ်ဗျ။ ကျွန်တော့် အတွေ့အကြုံ လက်တွေ့အရ ပြောပြတာပါ။ ပိုးကျခဲပါတယ်။ နောက်ပြီး ပျိုးပင်စိုက်ပြီး တစ်လ၊ နှစ်လပဲ ဂရုစိုက် ပြုစုပေးလိုက် အမြစ်မြေမှာ ကောင်းကောင်း ကုပ်မိသွားပြီဆိုရင် မသေတော့ဘူး။

အဲဒီပင်မကြီး ဖြစ်ထွန်း အရွယ်ရောက်လို့ ငါးနှစ်၊ ခြောက်နှစ်အရွယ်ဆိုရင် ရောင်းမယ်ဆို ရောင်းလို့ရပြီ။ ဖြစ်ထွန်းအောင်မြင်မှုတော့ ရှိရမှာပေါ့။ ထားနိုင်ရင်တော့ ဆယ်နှစ်လောက်မှ အကောင်းဆုံး၊ အရင့်ဆုံးကို ရမယ်။

မူလ ပင်စည် ပင်မကြီးကို ပင်စည်အခြေအထက် တစ်ထွာလောက်ချန်ပြီး ခုတ်ရောင်းပစ်ရင်လဲ မျိုးတုံးမသွားဘူး။ မြေထဲက အမြစ်တွေကနေ ပင်စည်မကြီးကို ပေးရမယ့် အားတွေက နောက်ထပ် သနပ်ခါးပင်အသစ်တွေ ထပ်ထွက်လာလေ့ ရှိတယ်။

သနပ်ခါးပင်မကြီး တစ်ပင် ဖြစ်ထွန်းပြီဆိုရင် မျိုးဆက် ဘယ်တော့မှ မပြတ်တော့ဘူး။ လိမ်လိမ်မာမာ သုံးမယ်စွဲမယ်ဆိုရင် ဆွေစဉ်မျိုးဆက် စားမကုန်တော့ပါဘူး။ ပင်စည် အခြေအမြစ်ကိုသာ လှန်တူးမပစ်ပါနဲ့။ ရှင်သန်နေတော့တာပဲဗျ'

'ခင်ဗျား သနပ်ခါးပင်တွေက ပိုပြီး အပွေးကောင်း၊ အခေါက်အသား ထူတာ မျိုးကောင်းလို့လား၊ ဘယ်လိုလဲ'

ဟု ကျွန်တော် မေးသောအခါ...

'**ရှင်မတောင်မျိုးပါပဲ။** အထူးမျိုး မဟုတ်ပါဘူး။ မြေသြဇာတွေ ဘာဘာ ညာညာလဲ အထူး မကျွေးပါဘူး။ အပွေးတက်၊ အခေါက်ထူအောင် လုပ် နည်း လျှို့ဝှက်ချက် ရှိပါတယ်။

လျှို့ဝှက်ချက်ဆိုပေမယ့် နီးစပ်သူတိုင်း ကျွန်တော်ပြောပြ ဖြန့်ဝေပါတယ်။ မလွ မခက်ပါပဲ။ နှမ်းစေ့တွေ ခါထုတ်ပြီးတဲ့ နှမ်း အပင်တွေကို သနပ်ခါးပင်စည် ပတ်ပတ်လ မှာ ကပ်စည်းပေးထားရမယ်။

ပြီးရင် ခြစားနေတဲ့ သစ်ဆွေးတုံး ဒါမှမဟု ခြအုံ့မြေကြီးခဲကို အဲဒီသနပ်ခါး အပင်ချေ ထားလိုက်။ ခြကောင်လေးတွေက သနပ် ပင်စည်ကနေပြီး နှမ်းရိုးတွေကို စ သနပ်ခါးပင်စည်မှာ အပွေးတက်အော အခေါက်ထူအောင် ကူညီပြုလုပ်ပေး တာပါပဲ။ ဒီနည်းအတိုင်း အောင်မြင် ဆယ်နှစ်လောက် ရှိခဲ့ပါပြီဗျာ'

သာမြွားရွာမှ သနပ်ခါးစိုက် တောင်သူ ဦးဝင်းဆောင်၏ လက်တွေ့ ပြသ ပြောပြချက်ကို အသံဖမ်းယူပြီး ရေးသားတင်ပြပါသည်။

**နတ်မောက် လှမြင့်သင်**



www.burmeseclassic.com

www.burmeseclassic.com

# တန့်ကြည့်တောင်မှ

## တစ်ချိန်က ဘရသေ့

ရွှေပုပ္ပါးဘိုးရွှေ



လွန်ခဲ့သော အနှစ် (၂၀)ကျော်ခန့် ၁၃၄၄ ခုနှစ်၊ တန်ခူးလသင်္ကြန်မတိုင်မီ ဆရာတော်အရှင်မြတ်မှ သင်္ကြန်ကာလ အပါအဝင် တန့်ကြည့်တောင်သို့ မေတ္တာအဓိဋ္ဌာန်ပါရမီဝင်ရန် စေလွှတ်ခဲ့၏။

ပုဂံ–ညောင်ဦးနှင့် ရောဝတီမြစ်တစ်ဖက်ကမ်းရှိ တန့်ကြည့်တောင်သို့ ယခင်က မရောက်ဘူးသော်လည်း ရောက်ခဲ့လေပြီ။

တန့်ကြည့်တောင် ဂူထိပ်တွင် "အုပ်ပေါင်းရသေ့မင်းညို"ဟု ကမ္ပည်းရေးထိုးထားသည်။ ဂူရှေ့တွင် ဘရသေ့နှင့် စကားပြောနေသူတစ်ဦးရှိ၏။

ကျွန်တော်ရောက်သွားသည့်အခါ... 'လူလေး ထိုင်ကွယ့်' ဟု တည်ငြိမ်၍ မေတ္တာဓာတ် အပြည့်ပါသောအကြည့်၊ လေသံအေး အေးဖြင့် ဆီးကြိုနှုတ်ဆက်စကား ဆိုလေသည်။ အသက်ကို မခန့်မှန်းတတ်ဘဲ ရှိ၏။

ဘရသေ့ရှေ့မှာ ထိုင်လျက်ကန်တော့ပြီး...

'ဆရာတော်အရှင်မြတ်မှ ဘရသေ့ထံ ဩဝါဒခံယူပြီး မေတ္တာအဓိဋ္ဌာန် (၉)ရက် ပါရမီဖြည့်ရန် စေလွှတ်လိုက်ပါတယ်။ ကျွန်တော့်အမည် မောင်ဘိုးရွှေပါ။ ပုပ္ပါးမှ ဖြစ်ပါတယ်'

ဟု ပြောပြ၏။

'အေးကွယ့်၊ ရွှေပုပ္ပါးသားလေး ဆရာအရှင် ဘာများ မှာလိုက်သေးသလဲ'

'ဘရသေ့ခင်ဗျာ... ဆရာအရှင်မြတ်က နေ့စဉ် ငါးပါးသီလ လုံအောင်ထိန်းရန်၊ မေတ္တာသုတ် ပုတီး(၁)ပတ် မပျက်မကွက် အဓိဋ္ဌာန်တင်ရန်နဲ့ ဘုရားဂုဏ်တော် (၉)ပါး တစ်နေ့ ပုတီး(၉)ပတ်စိပ်ရန်၊ စွယ်တော်ရှင်စေတီကို မနက်အရုဏ်တစ်ကြိမ်, ညနေပိုင်း နေမဝင်မီတစ်ကြိမ် ပရိတ်ကြီး(၁၁)သုတ်နဲ့ ပဋ္ဌာန်းပစ္စယနိဒ္ဒေသဖြင့် နေ့စဉ်





www.burmeseclassic.com

www.burmeseclassic.com

မြွေပူဇာပြုရန်။ ရှောင်ရန်မှာ တန်ကြည့်တောင်မှာ ငါးအစို၊ အခြောက် မစားရန်မှာပါတယ်'

ဟု ပြောပြသည်။

'အေး... အေး ရွှေပုပ္ပါးသားလေး ဆရာအရှင် မှာတဲ့အတိုင်းလုပ်။ ဘရသေ့ လိုအပ်တာဖြည့်ပေး၊ ပညာလဲ ပေးမှာပေါ့။ ဒီမှာကြည့်ကွယ့် ဆန်အိုးထဲမှာ အဘနဲ့လူလေးအတွက် ညစာပဲ ရှိတယ်။ ဒါကို သိထားအောင် ပြောတာ၊ ပြတာ။

ရိက္ခာဖြည့်ဖို့ ဘရသေ့ ဘယ်မှမသွားဘဲ ပြည့်စုံပါစေမယ်။ လူလေး ပူစရာ မလိုဘူး။ ကိုယ့်အလုပ် အဓိဋ္ဌာန်အောင်မြင်အောင်လုပ်။ အဓိဋ္ဌာန်က စပြီး ပျက်ရင် တစ်ဘဝမဟုတ်ဘူး၊ တစ်သံသရာနာတယ်ကွယ့် မှတ်ထား'

ကျွန်တော် အဓိဋ္ဌာန် (၅)ရက်ပြည့်နေ့တွင် ယခင်က ဖြစ်ဖူးသော သလိပ်များ ထလာသည်။

ဘရသေ့မှ...

'ရွှေပုပ္ပါး...သားလေး လာ... လာ... ဒီဆေးသောက်'

ဟု ကျွန်တော့်ကို ဆေးတိုက်သည်။

'လူလေး ဒေသသုံးပါးဆိုတာ ရှိတယ်ကွယ့်။ လူအတော်များများက ကိုယ်နေထိုင်တဲ့ ရပ်ရွာ၊ မြို့ ဘယ်လိုဒေသဆိုတာ မလေ့လာ၊ သတိမမူကြတော့ ရောဂါဝေဒနာ ရကြတာပေါ့။ မိမိ ပတ်ဝန်းကျင်ဒေသမှာ ရှိနေတဲ့ သဘာဝတရားကိုလဲ မလေ့လာကြဘူး။ ဒီတော့ ကျန်းမာရေး၊ ကြီးပွားရေးကအစ အကျိုး,အပြစ်ကို မသိကြတော့တာပေါ့။

ပညာဉာဏ်နဲ့ယှဉ်တဲ့ သတိလက်ကိုင်ရှိသူ၊ သဘာဝတရားကို လေ့လာသူတစ်ဦးအဖို့ သူ့ပတ်ဝန်းကျင်မှာ



လောကီ၊ လောကုတ္တရာ ဆရာတစ်ဆူ လုပ်လို့ ရတာပေါ့။ **ဒေသသုံးပါးဆိုတာကတော့...**

၁။ ဇင်္ဂလဒေသ

ကျောက်တော ကျေးကုန်း ခြောက်ထပ်သွေ့ယောင်းသော မြေညြဇာရသ ရှိသော အရပ်ကို ခေါ်တယ်။

အဲဒီအရပ်ဒေသမှာနေတဲ့ ဝေနေယျသတ္တဝါမှန်သမျှ ယေဘုယျအားဖြင့် သည်းခြေအနာ ဖြစ်တတ်၊ ရောက်တတ်တယ်။

၂။ အနူပကဒေသ

ဆည်မြောင်းထုံးအင်း သား,ငါး စသည်တို့ ပေါများလျက် ညွန့်ပျောင်းမြိုင်စိမ့်ရှိ၍ အေးမြလွန်းသော အရပ်ကို ခေါ်တယ်။

အဲဒီဒေသမှာနေတဲ့ ဝေနေယျသတ္တဝါမှန်သမျှ ယေဘုယျအားဖြင့် သလိပ်ထန်၍ အာပေါဓာတ် အားကြီးခြင်း ဖြစ်တတ်၊ ရောက်တတ်တဲ့ လက္ခဏာ ရှိတယ်။

၃။ သာဓာရဏဒေသ

ကျောက်တော ကျေးကုန်း ခြောက်ထပ်သွေ့ယောင်းသော မြေညြဇာရသ ရှိသော ဇင်္ဂလအရပ်နဲ့ ဆည်မြောင်းထုံးအင်း သား,ငါး ပေါများလျက် ညွန့်ပျောင်းစိမ့်မြိုင်ရှိ၍ အေးမြသော အရပ်နှစ်ပါးတို့ စပ်၍တည်သော မအေးလွန်း၊ မပူလွန်းသော အရပ်ကို ခေါ်တယ်။

အဲဒီဒေသမှာနေတဲ့ ဝေနေယျသတ္တဝါမှန်သမျှ ယေဘုယျအားဖြင့် သလိပ်၊ သည်းခြေ စပ်၍ အနာရောဂါ ဖြစ်တတ်တယ်၊ ရောက်တတ်တယ်ကွယ့်။ ရွှေပုပ္ပါးသားလေး မှတ်ထား'

ဟု ရှင်းပြပါသည်။

ဤသို့ဖြင့် ကျွန်တော်၏ မေတ္တာအဓိဋ္ဌာန် (၉)ရက် ပြည့်ခဲ့၏။ ညနေပိုင်း ဘရသေ့ဂူတွင် လူရှင်းနေစဉ်...

'ဘရသေ့ သား မနက်ဖြန်မနက် (၉)နာရီ ပြန်လို့ရပါပြီလား၊ အဓိဋ္ဌာန် (၉)ရက် ပြည့်ပါပြီ'

ဟု မေးမိ၏။

'ရွှေပုပ္ပါးသားလေး မေတ္တာအဓိဋ္ဌာန်အောင်သကွယ့်၊ ပြန်လို့ရပါတယ်။ လူလေး တန့်ကြည့်တောင်ကို နောက်တစ်ခေါက် လာရလိမ့်ဦးမယ်။ လူလေးရဲ့ ဆရာအရှင်က လောကီပညာရဲ့ အခြေခံ မေတ္တာဓာတ် ပီယသိဒ္ဓိ တင်ပေးတာကွယ့်။

လောကီပညာ လောကီလိုင်း လိုက်တဲ့သူမှန်သမျှ သတိထားရမယ့်အချက်ကွယ့်။ သိဒ္ဓိအဖုံဖုံရှိကြတဲ့အနက် ပီယသိဒ္ဓိကို မေတ္တာဓာတ်အရ ယူတတ်ရတယ်။ ဒါမှလဲ လောကီ၊ လောကုတ္တရာ ဖျက်ဆီးသောရန် ကင်းမယ်။ ဖျက်ဆီးသော ရန်မရှိ ဓနသိဒ္ဓိကို ဆင်ခြင်ရတယ်ကွယ့်။

ဓနသိဒ္ဓိ ပြီးမြောက်မှလဲ ဘာသာသာသနာနဲ့ လူမျိုးအကျိုးကို အလို့ငှာတိုင်း ဖြည့်ဆည်းနိုင်မယ်။ ဒါကြောင့် အတိတ် ပုဂံခေတ် ... ထီးက

စာမျက်နှာ (၂၄၈) သို့



www.burmeseclassic.com

www.burmeseclassic.com

မြတ်သစ်ဦး

# ဂန္ဓမာဒနတောင်

## နှင့် ပတ်သက်သော ဒဏ္ဍာရီ ဖြစ်ရပ်ဆန်းများ (၂)



**ယခင်လမှအဆက်**

'ကျွန်တော် ကူညီနိုင်ပါတယ် ဆရာကြီး။ ကျွန်တော် ဆရာကြီးကို အချိန်မရွေး လမ်းပြနိုင်ပါတယ်။ စိမ့်အိုင်ထဲကို ဆင်းဖို့ နွံတွေ၊ အိုင်တွေနည်းတဲ့ လမ်းကိုလဲ ကျွန်တော် ရွေးတတ်ပါတယ်'

ဦးသာဒွန်းက တက်တက်ကြွကြွ လေသံဖြင့် ပြန်ပြောလိုက်သည်။

'ဒါဆိုရင်တော့ အဆင်ပြေတာပေါ့ ဗျာ၊ ကျုပ်ရဲ့ပညာနဲ့ ဒီသိုက်မိကျောင်းကို လက်ရဖမ်းမယ်။ ကျုပ် အကြံအစည်အောင်မြင်လို့ ဒီသိုက်မိကျောင်းကို လက်ရဖမ်းနိုင်ပြီဆိုရင် မိကျောင်းရဲ့ဝမ်းဗိုက်ထဲမှာရှိတဲ့ ရွှေငွေရတနာအားလုံးကို ခင်ဗျားယူပါ။

ပြီးရင် တစ်ဝက်ကိုစားပြီး ကျန်တဲ့တစ်ဝက်ကို ဂန္ဓမာဒနတောင်ပေါ်မှာ ဘုရားစေတီတည်ပြီး သာသနာပြုပေးပါ။ ကျုပ်ကတော့ အဲဒီ သိုက်မိကျောင်းရဲ့ မျက်လုံးတစ်စုံတည်းကိုပဲ ယူမယ်။ သဘောတူသလား'

'တူပါတယ် ဆရာကြီး'

* * *

လက ထိန်ထိန်သာလျက် ရှိ၏။

တစ်ချက်တစ်ချက်တွင် နွေညဉ့်၏ လေရူးက ခပ်ပြင်းပြင်း မွှေလိုက်သဖြင့် ဆေးဆရာကြီး ထွန်းထားသော



www.burmeseclassic.com

www.burmeseclassic.com

ကန်တော့ပွဲပေါ်မှ ဖယောင်းတိုင်မီးများပင် ငြိမ်းလုလု ဖြစ်သွား၏။ ထိုအခါ တိုင်းတွင် သူတို့ရှေ့တည့်တည့် ရေအိုင်ထဲမှ ရေပြင်ပေါ်တွင် လှိုင်းအိကလေးများ တလိမ့်လိမ့် တလက်လက် လွန့်လူးသွားသည်ကို လရောင်အောက်တွင် အတိုင်းသား မြင်နေရ၏။

သူတို့နှင့် မနီးမဝေးတွင်ရှိသော ဂန္ဓမာဒနတောင်ကြီးကား သူတို့ အကြံအစည်ကို စိုးစဉ်းမျှ သိပုံမရဘဲ လရောင်အောက်တွင် ဣန္ဒြေရစွာဖြင့် ထီးထီး တည်ရှိနေလေသည်။

ပတ်ဝန်းကျင် နေရာအတော်များများမှာ ပြည့်လုဆဲဆဲ လဝန်း၏ အလင်းရောင်ဖြင့် လင်းလင်းကျင်းကျင်းပင် ရှိနေသော်လည်း သူတို့နှစ်ဦး ရောက်ရှိနေရာ ရေကန်နံဘေးသည် တောတန်းကလေးတစ်ခု၏အဆက် သစ်ပင်၊ ချုံပင်နှင့် ဝါးရုံပင်များ လက်ယှက်ထိုး သိပ်သိပ်သည်းသည်း ပေါက်ရောက်နေသောနေရာ ဖြစ်သဖြင့် လရောင်မကျရောက်ဘဲ ကန်တော့ပွဲ၌ ထွန်းထားသော ဖယောင်းတိုင်များ၏ အလင်းရောင်သာ ချို့ချို့ငဲ့ငဲ့နှင့် ရှိနေရှာသည်။

တစ်ချီတစ်ချီတွင် မနီးမဝေးရှိ တောစိုးသစ်ပင်ကြီးတစ်ပင်၌ အသိုက်အမြုံဖွဲ့၍ အိပ်တန်းတက်နေကြသော ငှက်ကြီးများက ကြောက်လန့်ဖွယ်ရာ တစ်စုံတစ်ခုကို တွေ့မြင်လိုက်ရသည့်အလား အသံနက်ကြီးများဖြင့် စူးစူးဝါးဝါး အော်ဟစ်တတ်ကြပြန်ရာ ကန်တော့ပွဲနှင့် မလှမ်းမကမ်းတွင် ငုတ်တုတ်ထိုင်နေသော ဦးသာဒွန်းမှာ ချောက်ချားဖွယ်ရာ အခြေအနေကြောင့် တောင်တွေးမြောက်တွေး ဟိုကြည့်ဒီကြည့်ဖြင့် ကြောက်စိတ်များဝင်လျက် ဂနာမငြိမ် ဖြစ်နေရှာသည်။



ဆေးဆရာကြီးကမူ ဘာကိုမှ ကြောက်ရွံ့ဟန်မပြဘဲ ကန်တော့ပွဲရှေ့တွင် ပုဆစ်တုပ်ထိုင်လျက် မိကျောင်းဖမ်းရာတွင် အသုံးပြုမည့် ပစ္စည်းများကို လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း ပါးစပ်မှလည်း တစ်စုံတစ်ခုကို ခပ်တိုးတိုး မန်းမှုတ်နေလေသည်။

'ဦးသာဒွန်း ကြောက်နေပြီလား၊ ဘာမှ ကြောက်စရာ မလိုပါဘူး။ ကျုပ်တို့ အောင်မြင်ခါနီးပါပြီဗျ'

ဦးသာဒွန်းကို ဆေးဆရာကြီးက တစ်ချက် လှည့်ကြည့်ရင်း အားပေးစကား ပြောလိုက်သည်။ ထို့နောက် ကန်တော့ပွဲပေါ်တွင် တင်ထားသော ထမင်းပန်းကန်တစ်ချပ်ထဲမှ ထမင်းဖြူ လက်တစ်ဆုပ်ခန့်ကိုယူ၍ စေးစေးပိုင်ပိုင် ဖြစ်လာအောင် လက်နှင့် အထပ်ထပ် ဆုပ်နယ်နေလေသည်။

ဆေးဆရာကြီးက လက်ထဲတွင် ကိုင်ထားသော ထမင်းဆုပ်လုံးကို အသင့်ပြုလုပ်ထားသော ငါးမျှားချိတ်ကြီးတွင် အစာအဖြစ် တပ်ဆင်လိုက်၏။ ထို့နောက် ဝါးဖြင့် ပြုလုပ်ထားသော ငါးမျှားတံကြီးကို ကောက်ကိုင်လိုက်ပြီး အစာတပ်ထားသော ငါးမျှားချိတ်ကို ရေထဲသို့ ချလိုက်သည်။

'ဘာမှ မကြောက်လေနဲ့ ဦးသာဒွန်း။ အနှောင့်အယှက်ပေါ်လာရင် ကျုပ်ပေးထားတဲ့ ဆန်မန်းနဲ့သာပေါက်'

ဆေးဆရာကြီးက ငါးမျှားတံကြီးကို လက်နှစ်ဖက်ဖြင့် စုံကိုင်ထားရင်း ဦးသာဒွန်းကို လှည့်ပြောလိုက်သည်။ ဆေးဆရာကြီးမှာ ရေအိုင်ထဲသို့သာ အာရုံရောက်နေသဖြင့် ဦးသာဒွန်းမှာ ပတ်ဝန်းကျင်ကို အထိတ်ထိတ်အလန့်လန့်ဖြင့် အကဲခတ်လျက် လက်ထဲမှ ဆန်မန်းထည့်ထားသော ပန်းကန်ကိုသာ လွတ်ကျမသွားအောင် ခပ်တင်းတင်း ဆုပ်ထားလိုက်၏။

စိတ်ကို မည်မျှပင် တင်းထားသော်လည်း တစ်ခါမှ အတွေ့အကြုံ မရှိဖူးသေးသော အလုပ်ဖြစ်သောကြောင့် အများအယွင်း၊ အနှောင့်အယှက် ရှိမည်ကိုတွေး၍ ပူပင်ရင်း ဆန်မန်းပန်းကန် ကိုင်ထားသောလက်ပင် တဆတ်ဆတ်တုန်နေ၏။

နောက်ကျောဘက်ဆီမှ ဝါးရုံပင်မှာ လေတိုးသဖြင့် တသဲသဲ လှုပ်ရှားသံ ထွက်ပေါ်နေသည်ကိုပင် နောက်ကျော မလုံသဖြင့် လှည့်ကြည့်ရင်း တငြိမ့်ငြိမ့် လှုပ်ယမ်းနေသော ဝါးရုံကြီးကိုမကောင်းဆိုးဝါးကောင်ကြီး တစ်ကောင်အသွင် ထင်မြင်သွားပြီး ရုတ်တရက် လန့်အော် မိမတတ် ဖြစ်သွားသေးသည်။

နောက်ဆုံးတော့ ဦးသာဒွန်းမှာ ဖြစ်ချင်ရာဖြစ် ရင်ဆိုင်လိုက်ရုံပဲဟု စိတ်နှလုံး တုံးတုံးချ၍ သတ္တိမွေးရင်း ဆေးဆရာကြီးနှင့် နီးနိုင်သမျှ နီးအောင် ပူးကပ်ထိုင်၍ ဆရာကြီးနည်းတူ ကန်ရေပြင်ပေါ်တွင်သာ အာရုံကို စူးစိုက်ထားလိုက်တော့သည်။

'မိပြီ မိပြီကွ'

ဆေးဆရာကြီး၏ ဝမ်းသာအား အော်လိုက်သံက ပတ်ဝန်းကျင် လုံး ဟိန်းသွားသည်။ ဦးသာဒွန်းမှာ



www.burmeseclassic.com


www.burmeseclassic.com

ဟုတ်မှ ဟုတ်ပါလေစဟု သံသယမျက်လုံးများဖြင့် ကန်ရေပြင်ကို ကြည့်လိုက်စဥ်တွင် ဆေးဆရာကြီး ကိုင်ထားသော ငါးမျှားတံမှာ အလွန်တရာကြီးမားလှသော ငါးကြီးတစ်ကောင်ကို မိထားသလိုမျိုး ထိန်းမရအောင် ယိမ်းထိုးလှုပ်ခါနေသည်ကို တွေ့လိုက်ရ၏။

ဦးသာဒွန်းမှာ အံ့သြစိတ်ဖြင့် ကြောင်ကြည့်နေရာမှ ချက်ချင်းပင် သတိဝင်လာပြီး ဆေးဆရာကြီး၏ ငါးမျှားကြိုးကို ကူညီ၍ ဆွဲတင်ပေးလိုက်သည်။ သို့သော် ဦးသာဒွန်းနှင့် ဆေးဆရာကြီးတို့ မည်မျှပင် ကြိုးစားပြီး ဆွဲတင်သော်လည်း ငါးမျှားချိတ်တွင် မိထားသော သတ္တဝါမှာ အဆမတန် အင်အားဖြင့် ရုန်းကန်နေသဖြင့် အလွယ်တကူဖြင့် ကမ်းစပ်ပေါ်သို့ ဆွဲတင်မရ ဖြစ်နေသည်။

ရေသတ္တဝါ၏ ရုန်းကန်အားမှာ အလွန်ပြင်းထန်သဖြင့် ငါးမျှားချိတ်နှင့် ငါးမျှားကြိုးကို အထူး ကောင်းမွန်အောင်သာ ကြိုတင် စီစဥ်မထားခဲ့လျှင် ချက်ချင်းပင် လွတ်ထွက်သွားနိုင်သည်။ အချိန်အတန်ကြာသည်အထိ ကမ်းစပ်ပေါ်သို့ မည်သို့မှ ဆွဲတင်၍ မရသောအခါ ဆေးဆရာကြီးက တစ်ချက်တွေ၍ စဥ်းစားနေပြီးနောက် ကြိုးကို ဦးသာဒွန်းအား ခေတ္တကိုင်ခိုင်းထားပြီး ကန်တော့ပွဲရှိရာသို့ သွားကာ ကန်တော့ပွဲရှေ့တွင် ဒူးထောက်၍ သစ္စာပြုလိုက်၏။

ဦးသာဒွန်းမှာ ရေထဲမှ သတ္တဝါဆီသို့သာ စိတ်ကရောက်နေပြီး အတင်း ရုန်းကန်နေသည့်ကြားမှ ကြိုးကို လွတ်ထွက်မသွားအောင် အားစိုက်ဆွဲထားရသဖြင့် ဆေးဆရာကြီး၏ သစ္စာပြုသည့်စကားကို အကုန်အစင် အမှတ်မထားမိသော်လည်း အများအကျိုးအတွက် ဆိုသည့်စကားကိုမူ ပီပီပြင်ပြင်ပင် ကြားလိုက်ရလေသည်။



ဆေးဆရာကြီး၏ သစ္စာပြုစကား ဆုံးသည်နှင့် စောစောက အပြင်းအထန် ရုန်းကန်နေသည့် ရေအောက်မှ သတ္တဝါမှာ အံ့သြဖွယ်ကောင်းလောက်အောင် ငြိမ်ကျသွား၏။

ထိုအခါမှ ဆေးဆရာကြီးက ဦးသာဒွန်းဆီသို့ အပြေးရောက်လာပြီး ရေထဲမှသတ္တဝါကို နှစ်ယောက်ပြိုင်တူ ကမ်းစပ်ပေါ်သို့ ဆွဲတင်လိုက်ကြသည်။

စက္ကန့်ပိုင်းအတွင်းမှာပင် ကန်ရေပြင်ထဲ၌ ရေလုံးကြီးတစ်လုံး ဝုန်းခနဲ ပွက်သွားပြီး အိုင်စပ်နွံပြင်ပေါ်သို့ ရှည်မျောမျော သတ္တဝါကြီးတစ်ကောင် ဝေါခနဲ ထိုးတက်လာ၏။

'ဟာ...မိကျောင်းကြီး'

ဦးသာဒွန်းက လရောင်အောက်တွင် ထင်ထင်ရှားရှား လှမ်းမြင်နေရသော ရေသတ္တဝါကြီးကို လှမ်းကြည့်ရင်း နှုတ်မှ အလန့်တကြား အော်လိုက်သည်။

'ဟုတ်တယ် ဒါ...သိုက်မိကျောင်းပဲ။ ဦးသာဒွန်း။ ခင်ဗျား ဘာမှမကြောက်နဲ့။ သူ ကျုပ်တို့ကို ဘာအန္တရာယ်မှ မပေးနိုင်ပါဘူး'

ဆေးဆရာကြီးက ငါးမျှားကြိုးကို လွတ်ထွက်မသွားအောင် လက်နှစ်ဖက်ဖြင့် ဆုပ်ကိုင်ရင်း နွံပွက်များကို သတိဖြင့် ရှောင်ကွင်း၍ အိုင်စပ်ရှိ မိကျောင်းကြီးဆီသို့ တစ်လှမ်းချင်း ဆင်းသွားသည်။

ဦးသာဒွန်းကလည်း ဆရာကြီး၏ အရိပ်အခြည်ကို မပြတ်ကြည့်လျက် ဆရာကြီး၏ နောက်မှ ထက်ကြပ်မကွာ လိုက်ပါသွား၏။ ထိန်ထိန်သာနေသော လရောင်အောက်တွင် အိုင်စပ်နွံပြင်ပေါ်၌ အလျား ခြောက်တောင်ကျော်ကျော်ခန့်ရှိမည့် မိကျောင်းကြီးတစ်ကောင်က ငြိမ်သက်လျက် ရှိနေပေပြီ။

ဆေးဆရာကြီးက ငါးမျှားချိတ်နှင့် ကြိုးကို သတိဖြင့် ကိုင်ရင်း မိကျောင်းကြီးအနီးသို့ တဖြည်းဖြည်း တိုးကပ်သွား၏။ မိကျောင်းကြီးကား မလှုပ်မယှက် ငြိမ်သက်လျက်ရှိသော်လည်း မိကျောင်းကြီး၏ မျက်လုံးအစုံမှာ ထူးဆန်းလှစွာပင် မီးလုံးကြီးများလို ဝင်းလက် တောက်ပလျက်ရှိ၏။

'ကိုင်း... ဦးသာဒွန်း ကျုပ်တို့ လုပ်ငန်း အောင်မြင်သွားပြီ။ ကျုပ်အတွက်လဲ ပင်ပင်ပန်းပန်း စွန့်စားခဲ့သမျှ စွန့်စားရကျိုးနပ်တာပဲ။ ဒီမိကျောင်းရဲ့ ဝမ်းဗိုက်ထဲမှာ ရွှေ ငွေ ကျောက်သံပတ္တမြားတွေ အပြည့်ရှိတယ်။ အဲဒါ ခင်ဗျား အကုန်ယူပေးတော့။

ကျုပ်ကတော့ ကျုပ်ကတိအတိုင်း•



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးနှစ်လုံးကိုပဲ ယူမယ်။ ကျောက်သံပတ္တမြားတွေ အပြည့်ရှိတယ်ဆိုတာ ခင်ဗျားမယုံဘူးဆိုရင် ကျုပ်... ခင်ဗျားကို လက်တွေ့ မိကျောင်းဗိုက်ကို ခွဲပြမယ်'

ဆေးဆရာကြီးက လွယ်အိတ်ထဲမှ ဓားမြှောင်ကို ဆွဲထုတ်၍ တဆဆ လုပ်ရင်း မိကျောင်းအနီးသို့ တိုးကပ်သွား၏။

'နေ...နေပါဦး ဆရာကြီး'

ဦးသာဒွန်းက ဆေးဆရာကြီး၏ လက်မောင်းကို ဆွဲထားလိုက်၏။ ဆေးဆရာကြီးက ဦးသာဒွန်းကို ပြန်လှည့်ကြည့်သည်။

'ဒီမိကျောင်းကြီးရဲ့ မျက်လုံးတွေက လှလိုက်တာ ဆရာကြီးရာ။ ဒီမျက်လုံးတွေက ဘယ်လို အသုံးဝင်တယ်ဆိုတာ ကျုပ်ကို ပြောပြစမ်းပါ'

ဦးသာဒွန်း၏ မျက်လုံးများက တလက်လက် တောက်ပနေသော မိကျောင်းကြီး၏ မျက်လုံးအစုံကို မက်မောစိတ်အပြည့်ဖြင့် မမှိတ်မသုန် ကြည့်ရင်း မေးလိုက်သည်။


'ဒါ... ပြဒါးရှင်တွေပဲ။ ဘယ်လို အသုံးဝင်တယ်ဆိုတာကိုတော့ ကျုပ် ရှင်းမပြနိုင်တာ ခွင့်လွှတ်ပါ'

ဆေးဆရာကြီးက တုံးတိတိပင် ပြန်ဖြေ၏။

ဆေးဆရာကြီးက မိကျောင်း မျက်လုံးများအကြောင်း စုံစမ်းသည်ကို နှစ်မြို့ဟန် မပြသော်လည်း ဦးသာဒွန်း၏ အကြည့်များက မိကျောင်းမျက်လုံးများပေါ်တွင်သာ တဝဲလည်လည် ဖြစ်လျက် လိုချင်တပ်မက်စိတ်များက တားဆီးမရအောင်ပင် ယိုဖိတ်လာတော့၏။

'ဆရာကြီး'

ဦးသာဒွန်းက ဆေးဆရာကြီးကို မဝံ့မရဲ ကြည့်ရင်း ခပ်တိုးတိုးခေါ်လိုက်



သည်။

'ပြော'

ဆေးဆရာကြီး၏ ပြန်ထူးသံက တိုတိုပြတ်ပြတ်ပင် ထွက်ပေါ်လာ၏။ ဦးသာဒွန်းက ဆေးဆရာကြီး၏ အနီးသို့ ခပ်ယို့ယို့ပင် တိုးကပ်သွားလိုက်သည်။

'ကျုပ်... ကျုပ်ကို မိကျောင်း မျက်လုံး တစ်လုံးလောက်ပေးပါဗျာ'

'ဘာ'

ဆရာကြီး၏ ဒေါသတကြီး အော်လိုက်သံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

'ခင်ဗျား... ဘယ်လိုပြောလိုက်တာလဲ ဦးသာဒွန်း။ အစကတည်းက မျက်လုံးနှစ်လုံးစလုံးကို ကျုပ်ယူဖို့ ခင်ဗျားနဲ့ ညှိနှိုင်းတိုင်ပင်ပြီးသား။ ခင်ဗျားကလဲ သဘောတူလို့ ဒီနေရာအထိ လိုက်လာတာ မဟုတ်လား၊ အခုမှ ခင်ဗျားက ဘယ်လိုဖြစ်ပြီး ဖောက်လာရတာလဲ'

ဆေးဆရာကြီးက ဦးသာဒွန်းကို ခက်ထန်ထန်ပင် ပြန်မေးလိုက်သည်။

'အစတုန်းကတော့ ဟုတ်ပါတယ် ဆရာကြီး။ ဒါပေမယ့်...အခု ဒီ မိကျောင်းမျက်လုံးနှစ်လုံးကို မြင်ရတော့ ကျုပ်စိတ်တွေ မထိန်းနိုင်အောင် လိုချင်တပ်မက်စိတ်တွေ ပေါ်လာတယ်။ ကျုပ်ကို သနားပါ ဆရာကြီးရယ်။ ကျုပ်ကို မိကျောင်းမျက်လုံး တစ်လုံးလောက်တော့ မဖြစ်မနေ စွန့်ခဲ့ပါဗျာ'

'အို...မပေးနိုင်ပါဘူးဗျာ။ ကျုပ်က အသက်နဲ့ ရင်းထားရတာ။ ဒီမျက်လုံးနှစ်လုံးကိုတော့ ဘယ်သူ့ကိုမှ မပေးနိုင်ဘူး။ ကျုပ်...ဒီပစ္စည်းတွေကို ဒီလောက်အထိ နှစ်ပေါင်းများစွာ ဆင်းရဲ အပင်ပန်းခံပြီး လိုက်ရှာခဲ့ရတာဟာ သတ္တဝါအားလုံးရဲ့ ကောင်းကျိုးအတွက် အသုံးချဖို့ပဲ။ ကျုပ်ရဲ့ ကိုယ်ကျိုးစီးပွားအတွက် မဟုတ်ဘူး။

ဒီပစ္စည်းမျိုးဟာ စေတနာမရှိတဲ့သူတွေရဲ့ လက်ထဲမှာ ရှိနေရင် ကောင်းကျိုးထက် ဆိုးကျိုးသာ အများဆုံး ပေးတတ်တယ်။ ခင်ဗျား ရသွားရင်လဲ ဘယ်လို အသုံးချရမယ်မှန်း မသိတဲ့ အတူတူ မယူချင်ပါနဲ့ဗျာ'

ဆေးဆရာကြီးက ခပ်သွက်သွက်ပင် ရှင်းပြလိုက်ပြီး မိကျောင်းကြီး၏ မျက်လုံးများကို ဓားမြှောင်ဖြင့် ကော်ထုတ်ယူရန် ပြင်ဆင်နေသည်။

'ဒီမှာ...ဆရာကြီး'

ဦးသာဒွန်း၏လေသံက စောစောကလို တောင်းပန် အောက်ကျို့နေသည့် လေသံမဟုတ်တော့ဘဲ ခက်ထန် တင်းမာနေသဖြင့် မိကျောင်း၏ မျက်လုံးကို ဖောက်ထုတ်ရန် ပြင်နေသော ဆရာကြီး၏ လက်များက အလိုအလျောက်ပင် ရပ်တန့်သွားသည်။ ဆေးဆရာကြီးက ဦးသာဒွန်းကို နားမလည် နိုင်စွာဖြင့်



www.burmeseclassic.com

www.burmeseclassic.com

လှမ်းကြည့်လိုက်၏။

'ခင်ဗျားကို ဒီနေရာ ရောက်အောင် လမ်းပြပြီး ခေါ်လာတာ ကျုပ်ပဲ။ ကျုပ် အကူအညီပါလို့ ဒီမိကျောင်းကို ဖမ်းမိတာ။ ဒါကြောင့် မိကျောင်းမျက်လုံး တစ်လုံးဟာ ကျုပ်နဲ့ ဆိုင်တယ်။

ကျုပ်ကို မျှဝေမပေးဘဲ နှစ်လုံးစလုံးကို အတင်းအဓမ္မ ယူသွားမယ်ဆိုရင်တော့ ခင်ဗျား ဒီနယ်ကနေ အသက်ရှင်လျက်နဲ့ ပြန်ထွက်သွားဖို့ ကျုပ်တာဝန် မယူနိုင်ဘူး ဒါပဲ'

ဦးသာဒွန်း၏ စကားဆုံးသောအခါ ဦးသာဒွန်း၏ အမူအရာကို ကြည့်၍ ဆေးဆရာကြီး ငိုင်သွား၏။ လောဘစိတ် ငယ်ထိပ်ရောက်နေသည့် ဦးသာဒွန်း၏ အမူအရာမှာ လိုတာမရလျှင် ပြောသလို တကယ်လုပ်မည့်ပုံ။

ဆေးဆရာကြီးက နေရာတွင် အတန်ကြာအောင် မလှုပ်မယှက် ငြိမ်သက်စွာ ရပ်ပြီး တစ်စုံတစ်ခုကို လေးလေးနက်နက် စဉ်းစားနေသည်။

ထို့နောက် သူ့အကြံအစည်ကို လက်လျှော့လိုက်ဟန်ဖြင့် သက်ပြင်းချလိုက်ပြီး လက်ထဲတွင် ကိုင်ထားသော ဓားမြှောင်ကို လွယ်အိတ်ထဲသို့ ပြန်ထည့်လိုက်သည်။

'ကောင်းပြီလေ၊ ခင်ဗျားရဲ့ လိုချင်လောဘတွေကို ထိန်းမရတော့ဘူး ဆိုရင်တော့ ကျုပ် ဘာမှ ဆက်မပြောချင်တော့ဘူး။ ဒီပစ္စည်းတွေကို ကျုပ် မရထိုက်တဲ့ပစ္စည်းတွေလို့ပဲ သဘောထားလိုက်တော့မယ်။

ကျုပ်တို့နှစ်ယောက် သဘောတူထားတဲ့ ကတိကို ခင်ဗျားက စပြီး ဖျက်လိုက်ပြီဆိုတော့ ဒီအလုပ်ကို ကျုပ်တို့ ရှေ့ဆက်လုပ်စရာ မလိုတော့ဘူးပေါ့။

ကျုပ် ဒီပြဒါးရှင်တွေကို မယူတော့ဘူး။ ခင်ဗျားလဲ ရတနာတွေကို ယူစရာ မလိုတော့ဘူး။ မိကျောင်းကြီးကို ကျုပ် ဒီအတိုင်း ပြန်လွှတ်လိုက်တော့မယ်'



ဆေးဆရာကြီးက မိကျောင်း၏ ဦးခေါင်းအနီးတွင် ထိုင်ချလိုက်ပြီး မိကျောင်း၏ နှုတ်ခမ်းတွင် စူးဝင်နေသော ငါးမျှားချိတ်ကို ခပ်ဖြည်းဖြည်း ပြန်ဖြုတ်သည်။ ထို့နောက် ငါးမျှားချိတ်နှင့် ငါးမျှားကြိုးများကို ရေစင်အောင် ဆေး၍ လွယ်အိတ်ထဲသို့ ပြန်လည် သိမ်းဆည်းလိုက်သည်။

ကိစ္စအားလုံး ပြီးသွားသောအခါ ဆေးဆရာကြီးက နေရာမှ ခပ်ဖြည်းဖြည်း ထရပ်လိုက်သည်။ ဆေးဆရာကြီး၏ အပြုအမူကို မျက်တောင်မခတ်တမ်း ကြည့်နေသော ဦးသာဒွန်းမှာ ဒီတော့မှ သူ့လောဘအမှားအတွက် နောင်တရသွားပြီး အဖိုးတန်ရတနာများ အပြည့်ရှိနေသော မိကျောင်းကြီးကို လက်လွှတ်ဆုံးရှုံးရမှာ နှမြောစိတ်ဖြင့် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွားသည်။

'ကဲ...မိကျောင်းကြီးရေ ခုအချိန်က စပြီး မင်းနေရာကို မင်း လွတ်လွတ်လပ်လပ် ပြန်သွားလို့ ရပါပြီ။ မင်းမှာ ရှိတဲ့ အချုပ်အနှောင် အားလုံးကို ငါ ဖျက်ဆီးပစ်လိုက်ပါပြီ။ မင်းရဲ့အသက်ကို ငါ မသတ်ချင်ပေမယ့် . အများ အကျိုးကို ရှေးရှုပြီး သတ်ဖို့ ကြံစည်ခဲ့ရတာကို ခွင့်လွှတ်ပါ။ ကိုင်း... ပြန်ကြစို့ ဦးသာဒွန်း'

ဆေးဆရာကြီးက မိကျောင်းကြီးကို တစ်လှည့်၊ ဦးသာဒွန်းကို တစ်လှည့် ပြောလိုက်ပြီး ကမ်းစပ်ပေါ်သို့ အေးအေးဆေးဆေးပင် ပြန်တက်သွားလေသည်။

ဆေးဆရာကြီး၏ပုံစံကို ကြည့်ရသည်မှာ သူ အလိုရှိနေသည့် မိကျောင်း မျက်လုံးနှစ်လုံးကို မရလိုက်သော်လည်း ဝမ်းနည်းကြေကွဲပုံ မရ။ ဦးသာဒွန်းကိုလည်း အပြစ်ယူပုံမရဘဲ ပကတိ မေတ္တာစိတ်ဖြင့် တည်ငြိမ် အေးချမ်းနေလေသည်။

'ဆရာကြီး... ဆရာကြီး နေပါဦးဗျ။ ဒီလိုတော့ မလုပ်ပါနဲ့ဗျာ'

ဦးသာဒွန်းမှာ အရူးတစ်ယောက်လိုပင် ဆောက်တည်ရာမရ အော်ဟစ်ပြီး ဆရာကြီး၏နောက်သို့ အပြေးလိုက်သွားလေသည်။

ဦးသာဒွန်း ကမ်းစပ်ပေါ်သို့ မရောက်မီမှာပင် ဝုန်းခနဲ ရေသံကြီး ကြားလိုက်ရသဖြင့် နောက်သို့ လှည့်ကြည့်လိုက်သောအခါ ရေအိုင်ထဲတွင် ရေလှိုင်းလုံးကြီးများကိုသာ တွေ့လိုက်ရပြီး မိကျောင်းကြီးက နေရာတွင် မရှိတော့ပါချေ။

* * *

'ဆေးဆရာကြီးဟာ သူတော်ကောင်း တစ်ယောက်ပါ။ သူ့လက်ထဲက ဓားမြှောင်နဲ့ ဦးသာဒွန်းရဲ့အသက်ကို လုပ်ကြံပြီး မိကျောင်းမျက်လုံးတွေရော ရတနာတွေပါ အပိုင်စီးသွားလို့ ရရဲ့သားနဲ့ သူ မလုပ်ခဲ့ဘူး။



www.burmeseclassic.com

www.burmeseclassic.com

အဲဒီ အဖြစ်အပျက် ဖြစ်ပျက်ချိန်က မြန်မာနိုင်ငံဟာ တိုင်းတစ်ပါးလက်အောက်မှာပဲ ရှိသေးချိန်၊ တိုင်းရင်းသားတိုင်းက နယ်ချဲ့ကို ဆန့်ကျင်ပြီး လွတ်လပ်ရေးရဖို့ အပူတပြင်း ကြိုးစားနေကြချိန်ဆိုတော့ ဒီဆေးဆရာကြီးဟာ မိကျောင်းမျက်လုံး ပြဒါးရှင်တွေကို နယ်ချဲ့ကော်လှန်ရေးမှာ အသုံးချဖို့ ကြံရွယ်ခဲ့တဲ့ မြန်မာ့မျိုးချစ်ခေါင်းဆောင်တစ်ဦး ဖြစ်နိုင်ပါတယ်'

သူရိန်မြင့်(လယ်တောသား)က သူ့မှတ်ချက်ချစကားဖြင့် ဇာတ်လမ်းကို အဆုံးသတ်လိုက်ပါသည်။

မရမ်းကုန်းရွာသားကြီးများ ဖြစ်ကြသော ဦးဘမောင်နှင့် ဦးသာဒွန်းတို့ကို ကူညီခဲ့သူများက ဂန္ဓမာဒနတောင်ပေါ်တွင် ဘုရားစေတီတည်၍ သာသနာပြုရန် တိုက်တွန်းခဲ့ကြသလိုပင် ထိုခေတ်ထိုအခါက နယ်သူနယ်သားတိုင်း၏ ရင်ထဲ၌ ထူးခြားဆန်းကြယ်မှုများဖြင့် ပြည့်နေသော ဂန္ဓမာဒနတောင်ပေါ်တွင် ခုနစ်ရက်သားသမီးများ၏ လောကီ,လောကုတ္တရာအကျိုးများ ရရှိစေရန် ဘုရားစေတီတည်ထားလိုသည့် ဆန္ဒရှိခဲ့သူချည်းသာ ဖြစ်ပါသည်။ သို့သော်လည်း အကြောင်းကြောင်းကြောင့် အောင်မြင် ထမြောက်ခြင်းမရှိခဲ့ကြပါ။

ယခုတော့ နယ်သူနယ်သားတိုင်း အလိုဆန္ဒများ ပြည့်စုံခဲ့ပါပြီ။ ဂန္ဓမာဒနတောင်တော်ကား မရေတွက်နိုင် အောင်ပင် များပြားလှသော စေတီပုထိုးတို့ဖြင့် အံ့မခန်း ဆန်းကြယ်လှသော သာသနာ့နယ်မြေတစ်ခု ဖြစ်ခဲ့ပါပြီ။

နှစ်စဉ် တန်ခူးလ သင်္ကြန်အခါရက်များတွင် ဂန္ဓမာဒနတောင်၌ မိုတင်းနေထိုင်ကြသော ပရလောကသားများအတွက် ရိုးရာ ဓာတ်ပွဲ,နတ်ပွဲ,သိုက်ပွဲများကိုလည်း ခြိမ့်ခြိမ့်သဲသဲ စည်ကားသိုက်မြိုက်စွာ ကျင်းပတတ်သေးရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးများဖြင့် မပြတ် ပြည့်နှက်နေတတ်သော နေရာလည်း ဖြစ်ပါသည်။

ကျွန်တော်ရေးသားခဲ့သည့် ဇာတ်လမ်းကလေးနှစ်ခု အဓိက ဖြစ်ပျက်ခဲ့ရာ နေရာဖြစ်သည့် စိမ့်အိုင်ကြီးကား နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည့် အလျောက် တစ်စတစ်စ တိမ်ကောပျက်စီးလျက် ယခုအခါတွင် လယ်ယာမြေများအဖြစ် တည်ရှိနေပါပြီ။

ထို့ကြောင့် ကျွန်တော်ရေးသားခဲ့သော ဇာတ်လမ်းကလေးများမှာ ယခုအချိန်တွင် **မယုံကြည်ကြသူများအဖို့ ပုံပြင်ဒဏ္ဍာရီများပမာ ရှိကောင်း ရှိနေနိုင်သော်လည်း ဂန္ဓမာဒနတောင်၏ ထူးခြားဆန်းကြယ်ပုံနှင့် ဂန္ဓီရဆန်ပုံတို့ကို လက်ရှိ ဂန္ဓမာဒနတောင်တွင် သာသနာပြုလုပ်ငန်း ဆောင်ရွက်နေကြသူများသာ အသိဆုံး ဖြစ်လိမ့်မည်ဟု** မှတ်ထင်မိပါသတည်း။

**မြတ်သစ္စင်ဦး**

စာမျက်နှာ (၂၄၂)မှ အဆက်

လောကီကို ကောလီနဲ့ လျှောက်ရမယ်လို့ အမှာစကားထားခဲ့တာ... လူလေး မှတ်ထား။

မနသိဒ္ဓိ ပြီးမြောက်မှ ကာယသိဒ္ဓိကို ဆင်ခြင်ရတယ်။ ကာယသိဒ္ဓိ ပြီးမြောက်မှ အာယုဝဍ္ဎန ဆင်ခြင်ရတယ်။ ဒီလိုမဟုတ်ဘဲ အဆင့်ကျော်ရင် လိုရာကိစ္စ ဘယ်တော့မှ မရောက်နိုင်ဘူးကွယ့်။

ဒါကြောင့် ရွှေပုပ္ပါးသားလေး ဆရာ အရှင်က အခြေခံသိဒ္ဓိ တင်ပေးတာ။ ဘရသေ့ကလဲ နည်းနည်းရှိတဲ့ အထဲက အနည်းငယ် တိုက်လိုက်မယ်။ ဘရသေ့ဆီက ပညာပိုင်းကော အဘ တိုက်လိုက်တဲ့ ဆေးသိဒ္ဓိတွေ လူလေး သုံးပေတော့။ ပညာဆိုတာပေးပြီး သုံးခွင့်မပြုရင် လူလေးလုပ်သမျှ ပညာပိုင်း မအောင်မြင်ဘူး။ သိဒ္ဓိမပြည့်ဘူး မှတ်ထား'

ဟု ရှင်းပြပါသည်။

ဤသို့ဖြင့် ကျွန်တော်၏ တန့်ကြည့်တောင် မေတ္တာ အဓိဋ္ဌာန် အောင်မြင်ခဲ့၏။ ကျွန်တော်တန့်ကြည့်တောင်ရောက်သည့်အခါက ဘရသေ့ပြောသည့် ရိက္ခာများ မပြတ်မလပ် ရောက်လာကြသည်မှာ အံ့သြဖွယ် ကြုံခဲ့၊ တွေ့ခဲ့ရပါသည်။

ဘရသေ့သည် လောကီကိစ္စ ပြီးမြောက်နေသော ဝိဇ္ဇာအဆင့် ဟုတ်သည်၊ မဟုတ်သည်ကို ထိုစဉ်က ဉာဏ်မမီ၍ မသိခဲ့ရသော်လည်း ယခု အနှစ်(၂၀)ကျော်သည့်အခါ ဆရာတော်အရှင်မြတ်၏ တာဝန်ပေးမှုဖြင့် တန့်ကြည့်တောင် အပါအဝင် ပုဂံ–ညောင်ဦးရှိ ဘုရားများနှင့် ကျန်စစ်သား ဥမင်ကျောင်းတွင် အဓိဋ္ဌာန်ပြုခဲ့ရသော အတွေ့အကြုံများသည် လည်းကောင်း။

အုပ်ပေါင်းရသေ့ အဘ ဘိုးမင်းညိုထံမှရသော လောကီပညာ၊ ဓာတ်ပညာများသည်လည်းကောင်း ကျွန်တော့်အဖို့ သုံးမကုန်ပေ။ တန့်ကြည့်တောင် ဘရသေ့ဂူထိပ်မှ '**အုပ်ပေါင်းရသေ့မင်းညို**'ဟု ထုံးဖြူဖြူဖြင့် ရေးထားသော အမည်ကို ယနေ့ထိ မြင်ယောင်နေမိပါတော့သည်။

လိုတရစေ။

**ရွှေပုပ္ပါးဘိုးရွှေ**



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ မြန်မာနိုင်ငံတွင် နေထိုင်ကြသော တိုင်းရင်းသားလူမျိုးစုများထဲမှ စာရေးသူတို့ မြန်မာလူမျိုးတို့သည် ထေရဝါဒဗုဒ္ဓဘာသာကို လွန်စွာကြည်ညိုလေးစား အားထားကိုးကွယ်ကြသူများ ဖြစ်ကြပါသည်။

မြတ်စွာဘုရားရှင်၏ ရွှေနှုတ်တော်မြွက်ဟ၍ ဟောကြားတော်မူခဲ့သော ဓမ္မခန္ဓာပေါင်းမှာ လောကီရေးနှင့် လောကုတ္တရာချမ်းသာကို မုချသေချာပေးစွမ်းနိုင်သည်မှာ အမှန် ဖြစ်ပါသည်။

သဒ္ဓါကြည်လင် ပါရမီရှင်အပေါင်းတို့သည် မိမိ၏ အာသာဆန္ဒ ဝီရိယဖြင့် လိုလားရာခရီးသို့ အပြီးရောက်နိုင်ကြသည်မှာ ငြင်းဆိုဖွယ်ရာ မဟုတ်ပါ။

ကျင့်ကြံအားထုတ်သူ ယောဂီ၏ ပါရမီဆုတောင်း ကွဲပြားခြင်းတို့သာ ခြားနားမည်ပင် ဖြစ်ပါသည်။

ကျွန်တော်တို့၏ အတုမဲ့ ရှင်တော်မြတ်သည် ဘဝဟုဆိုသော သံသရာ၏ လွတ်မြောက်ရာ အမတကိုသာ အပြီးတိုင် သွားစေချင်သော မဟာကရုဏာရှင် ဖြစ်ပါသည်။ ကျွန်တော်တို့ကသာ အမှန်တကယ် မကျင့်ကြ၊ မကြံကြ၍သာ ကျန်နေရသူများ ဖြစ်ပါသည်။

အမှန်တကယ် ဒါနပါရမီ အစချီသော ဆယ်ပါးသော ပါရမီစခန်းများကို ထဲထဲဝင်ဝင် ဖြည့်ဆည်းချင်ကြသော ယောဂီတို့အတွက် လောကီသက်သက်ဟုဆိုရသော **"သရဏဂုံသိဒ္ဓိ တိုးပွားသော၊ အားအလွန်ကြီးသော လက်ညှိုး"** စီမံအဓိဋ္ဌာန်ခရီးကို သွားနိုင်ကြရန် ဤကျင့်စဉ်ဆောင်းပါးကို ရေးသားအပ်ပါသည်။

စာရေးသူကိုယ်တိုင် "သရဏဂုံသိဒ္ဓိ"၏ အကျိုးများစွာသော အကြောင်းထူးများကို ကိုယ်တွေ့ကြုံ



ဇော်ကြင် (သိဒ္ဓိရာဇာ)
နဝင်းမြို့တော်

တန်ခိုးသိဒ္ဓိ လွန်အားရှိသည့်

# သရဏဂုံလက်ညှိုး

ဖြစ်ရပ်များစွာမှ တစ်ခုကို တင်ပြလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော်၏ များစွာသော ဆရာသခင် ကျေးဇူးရှင်ကြီးများ၏ ပညာဆက်များ၊ ရှားပါးလှသောပေမူ ပုရပိုက်မူကျမ်းများမှ တွေ့ရှိသင်ကြားခဲ့ရသော **"သရဏဂုံသိဒ္ဓိ ဂန္ဓာရကျင့်စဉ်"** တစ်ခုဖြစ်ပါသည်။

(က) အဓိဋ္ဌာန်ကာလတွင်

၁။ လောဘ၊ ဒေါသ၊ မောဟ မီးကြီးများ လွတ်အောင် အာဟာရအစားအစာကို စားရမည်။

၂။ အစားဖြစ်စေ၊ သောက်ရသောရေ၊ အရည်ကိုဖြစ်စေ သရဏဂုံတင်ပြီးမှ သုံးဆောင်ရမည်။

၃။ နေ့စဉ် နံနက် အရုဏ်တက်ချိန် ကျင့်စဉ်ကို စ,ရမည်။

၄။ မိမိ၏ ခန္ဓာငါးပါးကို ဘုရားရှင်အား လှူဒါန်းအပ်နှင်းရမည်။

၅။ ဘုရားကန်တော့ခြင်း၊ သီလခံယူခြင်း ပြုလုပ်ရမည်။

**(အလင်း၊တိုင်၊ နို့သာတိုင်၊ ပန်း၊ နို့သာ၊ သစ်သီး၊ ဆွမ်း စသော လှူဖွယ်ဘောဇဉ်ကို မိမိ၏ သဒ္ဓါအတိုင်း ကပ်လှူနိုင်ပါသည်။)**

၆။ အဓိဋ္ဌာန်ကာလတွင် နဝင်ထိန်းခြင်း၊ သက်ကင်းသက်သားလွတ် စားနိုင်လျှင် ပိုမိုထူးခြားမည်။

၇။ အချိန်နာရီ၊ နေရာဌာန တိကျရမည်။

၈။ အဓိဋ္ဌာန်တစ်ကြိမ်လျှင် (၉)ရက် သတ်မှတ်ရပါမည်။ အဓိဋ္ဌာန်(၉) ရက် သုံးကြိမ်ကို ဝါရင်ယ်စေ၍ဝါ





www.burmeseclassic.com

www.burmeseclassic.com

ရ ဖြစ်ပါသည်။

ဝါရင်ယ် (၃)ကြိမ် ဝင်ရောက်၍ အောင်မြင်သည်အထိ ဆောင်ရွက်နိုင်သူသည် အဓိဋ္ဌာန်အောင်မြင်သူဖြစ်သည်။

**(အဓိဋ္ဌာန်ကာလမှာ (၉)ရက် (၉)ကြိမ်ဖြစ်၍ တစ်ကြိမ်ပြီး၊ တစ်ကြိမ် ဆက်တိုက်ဝင်ရမည် ဖြစ်ပါသည်။)**

၉။ သရဏဂုံသိဒ္ဓိလက်ညှိုးရရန် မိမိပြုလုပ်သော အဓိဋ္ဌာန်နှင့် ကုသိုလ်သစ္စာကို သစ္စာပြုဆုတောင်းရပါမည်။

၁၀။ အဓိဋ္ဌာန်ဝင်ချိန် စတင်သည်မှ အဆုံးရောက်သည်အထိ နေ့စဉ်နေ့တိုင်း သမ္မာဒေဝ နတ်မြတ်နတ်ကောင်းများ၊ သာသနာတော်စောင့်နတ်မင်းများ၊ သိကြားမင်းနှင့် ဗြဟ္မာမင်းတို့အား မြတ်စွာဘုရားရှင်ကို အတူတကွ လာရောက် ပူဇော်ကြရန်နှင့် ကူညီစောင့်ရှောက်ရန် ဖိတ်ကြားပါ။

၁၁။ ဖိတ်ကြားထားသူများနှင့် (၃၁) ဘုံသားတို့အား ကုသိုလ်အမျှပေးဝေပါရန်။

(ခ) ရှောင်ကြဉ်ရမည့် စည်းကမ်းများ

၁။ သိဒ္ဓိလက်ညှိုး ရရှိပြီးသောအခါတွင် ပုဂ္ဂိုလ်မခွဲခြားဘဲ ကုသပေးရန်။

၂။ ပင့်ဖိတ်ခံရသောအခါ မိမိအစီအစဉ်ဖြင့် အရောက်သွား၍ ကုသပေးရန်။

၃။ စတင် ကုသသည်မှ သုံးနှစ်တိုင်တိုင် အခမဲ့ ကုသပေးရန်။

***(ကန်တော့ကြေးအဖြစ် ရေကိုပင် မသောက်ရ။)***

၄။ သုံးနှစ် ကျော်လွန်သောအခါတွင်



အဖိုးစားနား တောင်းဆိုခြင်း မပြုရ၊ သဒ္ဓါအားလျော်သော ကန်တော့ကြေးကို လက်ခံရန်။

၅။ အမျိုးသမီးများ ကုသရာတွင် မိသားစု၏ရှေ့တွင် ကုသရန်။

(ဂ) ကျင့်စဉ်စည်းကမ်း

၁။ အဓိဋ္ဌာန်ကာလမှ စတင်၍ သရဏဂုံကို နေ့ညမပြတ် ရွတ်ဆိုရန်။

၂။ မေတ္တာသုတ် ပရိတ်တော်ကိုလည်း ပုတီး ပွားများရွတ်ရန်။

(ဃ) ကျင့်ရမည့်နည်းလမ်း

အထက်တွင် ဖော်ပြခဲ့သော ရှေးဦးပြုဖွယ်များ ပြီးချိန်တွင်...

၁။ ထက်ဝယ်ဖွဲ့ခွေ ထိုင်ပါရန်၊

၂။ ဘယ်ဘက်လက်ကို နှုတ်ခမ်းနားတွင် ရောက်အောင် မြှင့်တင်ထားပြီး လက်ညှိုးကို ထောင်ထားပါ။ နောက်...

* ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊

* ဓမ္မံ သရဏံ ဂစ္ဆာမိ၊

* သံဃံ သရဏံ ဂစ္ဆာမိ

ဟု သရဏဂုံသုံးပါးပြီးတိုင်း ပုတီးတစ်လုံးချ စနစ်ဖြင့် (၃၂)ကြိမ် ပုတီးစိပ်ရမည် ဖြစ်ပါသည်။ **(ပုတီးတစ်ပတ် (၁၀)ကြိမ် စိပ်လိုလျှင်လည်း ကောင်းပါသည်။)**

၃။ ပြီးဆုံးတိုင်း...

"သရဏဂုံသိဒ္ဓိလက်ညှိုးပိုင်ရှင် ဖြစ်ပြီ၊ (၇)ရက်သားသမီးများနှင့် သတ္တဝါများ အားလုံးကို ကယ်မ,နိုင်ပြီ"

ဟု ဝမ်းမြောက်ဝမ်းသာ ကျူးရင့်ပေးပါ။

## သရဏဂုံမှ ဂဏ္ဍိရ

သရဏဂုံသုံးပါးကို ဗျည်းစာလုံးများအရ ဂဏန်းပြပုံမှာ တချို့ဆရာများအရ **'သဝေမပါ ကိုးဂါထာ'**ဟု ဆိုကြ၏။ ယခု ပြဆိုသည်မှာ အက္ခရာများကို သင်္ချာရေဖြင့် ကောက်ထားပါသည်။ အောက်တွင်ရှင်းပြထားပါသည်။

သရဏဂုံသုံးပါးကို နံသင့်ဂဏန်းသင်္ချာများအရ ဖော်ဆောင်ပြီးသောအခါ ဆယ်ကိန်းအထိ ပေါင်းရပါသည်။ စုပေါင်းဂဏန်း ဆယ်ကိန်းသည် ထူးဆန်းသော ခန္ဓာကိုယ်၏ (၃၂)ပါးသော ပစ္စည်းအစု ဖြစ်ကြောင်းကို တွေ့ရှိရပါတော့သည်။

* * *

| | ✧ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ | | | ✧ဓမ္မံ သရဏံ ဂစ္ဆာမိ | | | ✧သံဃံ သရဏံ ဂစ္ဆာမိ | | |
|---|---|---|---|---|---|---|---|---|---|
| သင်္ချာရေ | ၅၇ | ၆၈၃ | ၂၃၅ | ၇၅ | ၆၈၃ | ၂၃၅ | ၆၂ | ၆၈၃ | ၂၃၅ |
| ပေါင်းရကိန်း | | ၃၉ | | | ၃၉ | | | ၃၅ | |
| | | ၁၂ | + | | ၁၂ | + | | ၈ | |
| စုစုပေါင်းကိန်း | | | * | | ၃၂ | * | | | |


✦ အထူးပြီးမြောက် ထက်မြက်လိုသူသည် အဓိဋ္ဌာန်ကျင့်စဉ် စတင်သည့်နေ့မှစတင်ပြီး သောက်တော်ရေတစ်ခွက် တည်ထားပါ။ နေ့အလိုက်အဓိဋ္ဌာန်ပြီးတိုင်း သရဏဂုံ

(စာမျက်နှာ (၂၅၅) သို့)



www.burmeseclassic.com

www.burmeseclassic.com



မောင်လင်းခိုင်

# ဒွါရာဝတီမြို့မှ

## ပျောက်ကွယ်နေသော အလုံဒိုးတန်းမြို့တော်

ဒွါရာဝတီမြို့သည် တစ်ချိန်တစ်ခါက အလွန် ထင်ရှား၍ စည်ကားသော မြို့တစ်မြို့ ဖြစ်ခဲ့ပါသည်။ ထိုအချိန်သည် လူ့သက်တမ်း တစ်သောင်းတမ်းမျှရှိသော အချိန်ကဟု သမိုင်းဆရာသုတေသီတို့က ဆိုကြသည်။

ဒွါရာဝတီမြို့၏ တည်နေပုံမှာ တစ်ဖက်တွင် တောင်တန်းကြီး၊ တစ်ဖက်တွင် ပင်လယ်သမုဒ္ဒရာကြီး တည်ရှိနေသည်။ အလွန်စည်ကားခဲ့သည်ဟု ဆိုသည်။ ရန်သူအပေါင်းတို့ကလည်း တိုက်၍မရကြဟု ဆိုသည်။

ရန်သူများ လာရောက်ကြပါက အစောင့်ဘီလူးများက မြည်းယောင်ဆောင်၍ မြည်းလိုမြည်သည်။ ထိုအခါ အစောင့်အရှောက် ဘီလူးတို့နှင့် သမ္ဘာဒေဝ နတ်ကောင်းနတ်မြတ်များက မြို့ကို ထက်အာကာသို့ ချီပင့်၍ ယူဆောင်သွားကြသည်။

ရန်သူများ မရှိမှ မြို့သည် မူလနေရာသို့ ပြန်၍ ရောက်ရှိပြန်၏။ ဤသို့ ဤနယ်ဖြင့် ဒွါရာဝတီမြို့လည်း သတင်း ပျံ့မွှေး၍ အာကာပျံဝဲသော မြို့ဟု ကျော်ကြားလျက်ရှိသည်။

သို့ပါသော်လည်း အရာရာတိုင်းသည် မြဲခြင်းမရှိ၊ ပျက်ခြင်းသာလျှင် ရှိသောကြောင့် ဒွါရာဝတီသည် ပျက်ချိန်တန်လာသောအခါဖျက်ဆီးသူများ စက်မက်လိုသူများ ရောက်လာကြသည်။

အချင်းချင်းလည်း တရားဓမ္မမရှိကြ၊ ညီညွတ်မှု မရှိကြတော့ဟု ဆိုသည်။ ရန်သူများ ရောက်လာကြပြီး ဒွါရာဝတီကို တိုက်ခိုက်ဖျက်ဆီးရန် အကြိမ်ကြိမ်ကြိုးစားသော်လည်း မရရှိကြပေ။ ဒေါသအမျက် မာန်မာနတို့နှင့် လျှံညီးနေကြသော မင်းသား (၁၀)ပါးတို့ ရောက်ရှိလာကြပြန်သည်။ မင်းသား (၁၀)ပါးမှာ...

၁။ ဝါသုဒေဝ၊
၂၊ ဗလဒေဝ၊
၃။ စန္ဒာဒေဝ၊
၄။ သူရိယဒေဝ၊
၅။ အဂ္ဂိဒေဝ၊
၆။ ဝရုဏဒေဝ၊
၇။ အဇ္ဇုန၊
၈။ ပဇ္ဇုန၊
၉။ ဃဋပဏ္ဍိတ၊
၁၀။ အင်္ကုရ၏

စသည့် စစ်မက်လိုလားသူ ရဲသူမင်းသား (၁၀)ဦး ရောက်ရှိလာကြပြီး



www.burmeseclassic.com

www.burmeseclassic.com

ဒွါရာဝတီကို တိုက်ယူဖို့ ကြိုးစားကြသည်။ ဒွါရာဝတီကား ယခင်ကလိုပင် အာကာပျံဝဲ ရှိဆဲပင်ဖြစ်သည်။

မင်းသားတို့သည် အကြိမ်ကြိမ် ကြိုးစားကြသော်လည်း အောင်မြင်မှု မရှိ ဖြစ်နေသည်။ မကြံတတ် ဖြစ်နေသည်။ ဒွါရာဝတီနှင့်အနီး တောင်တစ်လုံးတွင် နေထိုင်သော ရသေ့ကြီး တစ်ပါးထံသို့ သွားရောက်၍အကြံဉာဏ်တောင်းသည်။

'အရှင်ဘုရား တပည့်တော်တို့သည် ဒွါရာဝတီကို တိုက်ယူရန် မစွမ်းနိုင်ကြပါ။ တပည့်တော်တို့အား အကြံဉာဏ်များ ပေးတော်မူပါ'

ဟု တောင်းဆိုကြလေသည်။ ဒွါရာဝတီလည်း ပျက်ချိန်တန်လာပြီမို့ ရသေ့ကြီးက အကြံအစည်ကို ပြောပြလိုက်သည်။

'မြို့ကို စောင့်သော မြည်းသည်ရှိ၏။ သူ့ထံသို့ သွားပါလေ

ဟု စေလိုက်သည်။ မင်းသားတစ်ကျိပ်တို့သည်၏ မြို့စောင့်မြည်းထံသို့သွားကာ မြည်း၏ခြေအစုံကို ဖက်၍...

'အသင်မြည်း ကျွန်ုပ်တို့ ဒွါရာဝတီကို တိုက်ယူ၍ မင်းပြုချင်ပါသည်။ ကျွန်ုပ်တို့ တိုက်သောအခါ အသင်မြည်း အသံပြု၍ မမြည်ပါးပါနှင့်'

ဟု ဆိုလေသည်။ မြို့စောင့်မြည်းက...

'ငါသည် ရန်သူဝင်လာလျှင် မမြည်ဘဲ မနေနိုင်။ မြည်ရမည်မှာ ငါ့တာဝန်တည်း။ သင်တို့သည် မြို့ကို တိုက်ယူလိုက မြို့လေးထောင့်တွင် ကြီးစွာသော သံချောင်းကြီးများစိုက်၍ သံကွင်းများနှင့် ချိတ်ဆွဲထားပါလေ။ ငါ မြည်သောအခါ မြို့ပျံလိမ့်မည်။ ထိုအခါ မြို့သည် ပျံ၍မရ ဖြစ်လိမ့်မည်'



ဟု ဆိုလေသည်။

မင်းသား(၁၀)ပါးတို့လည်း ဆိုခဲ့သည့်အတိုင်း မြို့ကို သံတိုင်များ၊ သံကွင်းကြီးများဖြင့် ချည်နှောင်ချိတ်ဆွဲထားကြသောအခါ အာကာသို့ ပျံတက်မရတော့ဘဲ ရန်သူမင်းသား (၁၀)ပါး၏ တိုက်ခိုက်လုယက် သတ်ဖြတ်ခြင်းကို ခံရလေတော့သည်။ ဒွါရာဝတီလည်း ပျက်လေတော့၏။

ဒွါရာဝတီကား စည်းထားသော ဝါးအစည်းကြီး ပြေသွားသကဲ့သို့ ကစဥ့်ကလျား ဖြစ်သွားလေတော့၏။ မြို့သူမြို့သားတို့သည်လည်း အရပ်ရပ်သို့ ရောက်ကာ ပြိုကွဲသွားလေတော့သည်။

ဒွါရာဝတီသည် ထိုစဥ်မှစ၍ တိမ်ဆီပျံဝဲမရတော့ရှာပေ။ မြို့သူမြို့သားတို့လည်း မင်းသား(၁၀)ပါးထံမှာ ခိုလှုံသူ ခိုလှုံ၊ အရပ်တစ်ပါးဆီသို့ရောက်၍ ကိုယ့်အုပ်စုနှင့်ကိုယ် တစ်ထီးတစ်နန်း တည်ထောင်၍ နေသူက နေကြနှင့် ထီးကျိုးစည်းပေါက်၍ ပြည်ယောက်ယက်ခတ်သွားလေတော့သည်။

ထိုဒွါရာဝတီသည် ကဿပဘုရားနှင့် ဂေါတမဘုရား ကြားကာလ သက်တမ်းတစ်သောင်း ရှိချိန်ကဟု ဆိုလေသည်။ ထိုစဥ်မှစ၍ ခေတ်ရေစီးကြောင်း ပြောင်းလဲလာခဲ့သည်မှာ လူ့သက်တမ်း တစ်သောင်းတမ်းမှ လူ့သက်တမ်း တစ်ရာတမ်း ရှိသော ဂေါတမဘုရားရှင် လက်ထက်သို့တိုင် ရောက်ရှိခဲ့လေသည်။

တဖြည်းဖြည်းနှင့် တိမ်ဆီပျံဝဲခဲ့သော မြို့အဖြစ်မှပြောင်းလဲလာခဲ့ကြသည်မှာ ယခုခေတ်အချိန်ထိ ပြောင်းလဲလာခဲ့သည့် မျိုးဆက်ပေါင်း မည်ရွေ့မည်မျှ ပြောင်းလဲခဲ့ပြီ ဆိုသည်ကို မသိနိုင်ကြတော့ပေ။

* * *

ယခုခေတ် ဒွါရာဝတီ၏ အခြေအနေကို ဆိုရပါတော့မည်။ ယခုကား ဒွါရာဝတီတစ်ဖြစ်လဲ မြို့သံတွဲအမည်တွင်လျက် ရှိနေပေပြီ။ ဒွါရာဝတီမြို့သံတွဲ၏ အရှေ့ဘက်အရပ်တွင် တောတောင်များနှင့် ရစ်ခွေစီးဆင်းလျက်ရှိသည်။ ချောင်းတို့၊ မြစ်တို့၏အစ အခေါင်အဖျားအရပ်ဟူ၍ ရှိသည်။

ထိုအရပ်ကို ချောင်းဖျားဟု ခေါ်ကြသည်။ ထိုချောင်းဖျားအရပ်တွင် နေထိုင်ကြသူများသည် တောင်ယာခုတ်ထွင် လုပ်ကိုင်စားသောက်သူများနှင့် ချောင်းမြောင်းအင်းအိုင်တို့တွင်သားငါးရှာဖွေပြီး တံငါအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းနေကြသူများ ဖြစ်သည်။

တောတောင်တို့တွင် အမဲလိုက်၍ မုဆိုးအလုပ်ဖြင့် အသက်မွေးသူက မွေးကြသည်။ မုဆိုးအလုပ်ဖြင့် တောလိုက်ရင်း အသက်မွေးကြသူ မုဆိုးငါးဦး၏ မျက်စိလည် လမ်းမှားပြီး မြို့ကြီးတစ်မြို့ကို တွေ့ခဲ့ရပုံက ပြောပြချင်ပါသည်။

မုဆိုး (၅)ယောက်မှာ ဦးပု



www.burmeseclassic.com

www.burmeseclassic.com

ဦးဆိုးပေ၊ ဦးလူနီ၊ ဦးဘမောင်၊ ဦးစောထွန်း စသည့် လူငါးယောက် ဖြစ်ကြသည်။ ဦးစောထွန်းမှာ ကရင်တိုင်းရင်းသား ဗုဒ္ဓဘာသာတစ်ဦး ဖြစ်သည်။ သူတို့ မုဆိုး(၅)ဦးသည် သံတွဲချောင်းများအရပ်ဖြစ်သော သန္တိရွာမှစ၍ တောလည်သွားကြရာအမဲမရာဘဲတောထဲတွင် မျက်စိလည်နေတော့သည်။


အမဲကောင်၏ အသံ အရိပ်အယောင်ပင် မမြင်ရဘဲ သွားရင်းနှင့် အလွန်ဝေးကွာသော(၁၀–မိုင်လောက် ရှိမည်ဟု ခန့်မှန်းရသည်။) ကျိန္တလီပိုင် စလူချောင်းဖျားသို့ ရောက်ရှိသွားကြလေသည်။

သူတို့ရောက်နေသော နေရာသည် မည်သည့်နေရာဟု မခန့်မှန်းတတ်ဘဲ နောင်အခါမှ သံတွဲနှင့် (၁၀)မိုင်မျှဝေးသည့် ကျိန္တလီပိုင် စလူချောင်းဖျားဟု သိကြရသည်။

သူတို့ငါးဦးသည် မျက်စိလည်ပြီး ပြန်လမ်းလည်း ရှာမရ၊ အစာလည်း စားစရာမရှိ။ ပါလာသည့် စမြိန်ထုပ်ကလည်း တစ်ရက်စာသာဖြစ်၍ ကုန်ခဲ့ပြီ။ (၃)ရက်လုံးလုံး ဘာမှမစားရဘဲ ငှက်ပျောအူတို့ကိုသာ စားသောက်နေကြရသည်။

မျက်စိလည်ပြီး သွားရင်းလာရင်းနှင့် ဝါးပိုးဝါးများ ပေါက်ရောက်နေသော ဝါးရုံများကို တွေ့လိုက်ရလေသည်။ ဝါးပိုးရုံများမှာ (၉)ရုံ ရှိသည်။ (၁)ရုံတွင် (၉)ပင်စီ ရှိသည်။ ထိုဝါးရုံ(၉)ရုံကို နောက်ဘက်မှ တောင်(၉)လုံးက ဝန်းရံထားသည်။

ထိုဝါးရုံပတ်လည်တွင် ကျင်း (၉) ကျင်းရှိသည်။ ထိုကျင်းထဲတွင် ကျောက်သပိတ်ကြီး (၉)လုံးရှိသည်။ သူတို့ငါးဦးလည်း အံ့ဩငေးမောစွာ ကြည့်နေကြသည်။ သူတို့ ငေးမောနေ



စဉ် သောက်ရေ လာခပ်ကြသည့် အမျိုးသမီး (၃)ယောက်ကို တွေ့လိုက်ရသည်။

သူတို့ အံ့ဩငေးမောနေရင်း လူသား(၃)ဦးကို တွေ့လိုက်ရသဖြင့် ဝမ်းသာသွားသည်။ လူရှိသော အရပ်သို့ ရောက်လာပြီ၊ စားရသောက်ရတော့မည်ဟု ဝမ်းသာနေကြသည်။

ရေလာခပ်သည့် အမျိုးသမီး (၃) ယောက်နောက်မှ လိုက်သွားကြသည်။ သူတို့ငါးဦး တောထဲတွင် မျက်စိလည်နေစဉ် အာဟာရလည်းပြတ်၊ ရေကလည်းငတ် သားကောင်ကလည်း တစ်ကောင်မှ မရရှိသဖြင့် သူတို့ကိုင်ဆောင်ထားကြသည့် လေးနှင့် မြားများကို စွန့်ပစ်လိုက်ကြသည်။

'တော်ပြီ ငါတို့ မုဆိုးအလုပ်ကို ဘယ်တော့မှ မလုပ်တော့ဘူး'

ဟု ပြောကြပြီး လေးနှင့်မြားများကို စွန့်လိုက်ကြသည်။ သူတို့ငါးဦး ရေခပ်လာသူ အမျိုးသမီး (၃)ယောက်နောက်မှ လိုက်သွားကြရာ သူတို့ရှေ့တွင် အုတ်တံတိုင်းကြီးတစ်ခုကိုမားမားမတ်မတ် တွေ့လိုက်ရသည်။ အုတ်တံတိုင်း၏ ဝင်ပေါက်ဝတွင် နဖူးစည်းစာလုံးကြီးများ ထွင်းထု၍ ရေးထားလေသည်။

"အလုံးဒိုးတန်မြို့"

သူတို့ငါးဦးသည် မမျှော်လင့်ဘဲ မြို့ကြီးတစ်မြို့ကို တွေ့လိုက်ရသဖြင့် အံ့ဩနေကြသည်။

'ဒီနေရာမှာ မြို့ကြီးတစ်မြို့ပါလား၊ ငါတို့ ဒီနေရာမှာ မြို့ရှိတယ်လို့ တစ်ခါရုံဖူးမှ မကြားဖူးဘူး'

ယခုလို နဖူးတွေ့ဒူးတွေ့ တွေ့လိုက်ရသောအခါ အံ့ဩခြင်းမက အံ့ဩကာ မိမိတို့မျက်စိကိုပင် မိမိတို့ မယုံကြည်နိုင်အောင် ရှိနေကြတော့သည်။

ထိုစဉ် မြို့ထဲမှ ဦးသူတော်တစ်ယောက် ထွက်လာသည်။ သူတို့ငါးဦးသည် ဝမ်းသာအားရ ဦးသူတော်အနီးသို့ ချဉ်းကပ်သွားသည်။ ဦးသူတော်ကလည်း သူတို့ကိုမေးသည်။ သူတို့ကလည်း အကျိုးအကြောင်း ပြောပြသည်။

'ကျွန်တော်တို့ မုဆိုးတွေပါ ဦးသူတော်၊ အမဲလိုက်ရင်း မျက်စိလည်လမ်းမှားပြီး အစားမစားရတာ(၃)ရက်ရှိပြီ'

ဦးသူတော်က သူတို့စကားကို ကြားရသောအခါ သူတို့ (၅)ဦးအား...

'ဒီနေရာမှာ ခဏနေကြဦး'

ဟု ဆိုပြီး မြို့ထဲသို့ ဝင်သွားလေသည်။ သူတို့ကို မြို့ထဲသို့ အဝင်မခံပေ။

ခဏအကြာတွင် ဖိုးသူတော် ပြန်ရောက်လာပြီး သူတို့ငါးဦးအား ငှက်ပျောသီး တစ်ယောက်တစ်လုံးစီ ကျွေးသည်။ သူတို့က...

'ငါတို့ ဗိုက်ဆာနေတာ ဒီငှက်ပျောသီးတစ်လုံးနဲ့ ဘယ်မှာဝ,မှာလဲ'

ဟု တွေးကြသည်။ သို့သော် တစ်လုံးစားပြီးသောအခါ နောက်ထပ် မစားချင်၊ မစားလိုတော့ပေ။ အာသာ



www.burmeseclassic.com

www.burmeseclassic.com

ပြေသွားကြသည်။

ဖိုးသူတော်က သူတို့ကို မြို့ထဲသို့ အဝင်မခံဘဲ မြို့ပြင်က အဆောက်အအုံ တစ်ခုတွင်သာ နေထိုင်စေပြီး ဧည့်ခံ ကျွေးမွေးသည်။

အစားအသောက်များတွင် သားငါး မပါဘဲ အသီးအနှံ အသီးအရွက်တွေ သာ ချက်ပြုတ်ထားသည်ကိုသာ စားရ သောက်ရသည်။ သူတို့ငါးဦးသည် (၃)ရက်မျှ နားနေပြီး…

'ဦးသူတော် ကျွန်တော်တို့ ရှာပြန် ပါဦးမယ်။ ဒီနေရာမှာ ဒီမြို့ရှိတယ်လို့ မကြားဖူးဘူး။ တွေ့လဲ မတွေ့ဖူးဘူး။ မြို့ကြီးက သာသာယာယာ နေချင် စဖွယ်ကြီးနော်။ ကျွန်တော်တို့ ဒီမြို့မှာ လာနေချင်တယ်။ နေလို့ မရဘူးလား ဦးသူတော်'

'ရပါတယ် မောင်တို့ရယ်၊ မောင်တို့ နေချင်ရင် လာခဲ့ကြ၊ အမောင်တို့ ပြန်မယ့်လမ်း ဦးသူတော် လိုက်ပြမယ်၊ လာ လိုက်ခဲ့ကြ'

သူတို့ မုဆိုးငါးဦးသည် ဦးသူတော် နောက်မှ လိုက်သွားကြရာ သူတို့ ထွက်လာသည့် တောတန်းအဆုံးတွင် ကွင်းပြင်ကြီးကို လှမ်းမြင်ရသည်။ သူတို့ ရွာဘက်သို့ စီးဆင်းသွားသည့် ချောင်း (မြစ်)ကြီးကိုလည်းတွေ့လိုက်ရ သည်။ ဦးသူတော်က…

'ကဲ အမောင်တို့ ဒီလမ်းအတိုင်း လျှောက်သွား၊ အမောင်တို့ရွာ ပြန် ရောက်သွားလိမ့်မယ်'

သူတို့ငါးဦးသည် ဦးသူတော်ကို နှုတ်ဆက်ပြီး ကျောခိုင်းထွက်လာခဲ့ ကြသည်။ သူတို့ မျက်စိလည်ပြီး ရှာမတွေ့ခဲ့သော်လည်း ယခုတော့ဖြင့် ဖြောင့်ဖြောင့်ဖြူးဖြူး သွားခနဲ တွေ့ လိုက်ရသည်။ ရွာကိုလည်း လှမ်းမြင် ရသည်။



နောက်ပြန် လှည့်ကြည့်လိုက်သော အခါ ဦးသူတော် မရှိတော့ပေ။ တော အုပ်မှိုင်းမှိုင်းကြီးကိုသာ တွေ့လိုက်ရ တော့သည်။ သူတို့ငါးဦး မုဆိုးအလုပ် ကို စွန့်လွှတ်ပြီး သူတို့တွေ့ခဲ့သော အလုံဒိုးတန်းမြို့ကြီးတွင် သွားရောက် နေထိုင်ဖို့ တိုင်ပင်ကြသည်။

တိုင်ပင်ကြပြီးနောက် မိသားစု (၅)စု သည် မည်သူမျှ မသိအောင် အလင်း ရောင်မလာမီ သူတို့လာခဲ့သော တော အုပ်သို့ ထွက်လာခဲ့ကြသည်။

သူတို့ လာခဲ့ကြသည့် တောအုပ် အစပ်သို့မရောက်မီချောင်းတစ်ချောင်း တွေ့ရသည်။ ထိုချောင်းနားတွင်အမော ဖြေ ရပ်နားကြပြီး ထိုချောင်းထဲမှ ပြေး လွှားနေကြသော ငါးကြီးများကို ဖမ်း၍ ချက်ပြုတ်စားသောက်ကြသည်။ စား သောက်ပြီး သူတို့တွေ့ခဲ့ရသော အလုံ ဒိုးတန်းမြို့ကို သွားရှာကြသည်။ တောအုပ်ကြီးရှိသည်။ မြို့ကို မတွေ့ ရပေ။ အုတ်တံတိုင်းကြီးတစ်ခုတော့ ရှိသည်။

''အလုံဒိုးတန်းမြို့''

သူတို့ တမောတပန်း ရှာကြသည်။ မြို့ကို မတွေ့ရပေ။ ဝါးပိုးကိုးရုံ ကျောက်သပိတ်ကိုးလုံး၊ ကျင်းကိုး ကျင်းကို တွေ့ရသည်။ မြို့ကို ရှာမတွေ့။ သူတို့ စိတ်မကျေနပ်ဘဲ တစ်နေကုန် ရှာကြသည်။

နေသာ ဝင်သွားသည်။ မြို့ကိုကား ရှာမတွေ့ရပေ။ အလုံဒိုးတန်းဆိုသော မြို့ကိုကား လုံးဝ ရှာမတွေ့ရပေ။ လေး ရက် မြောက် သော နေ့တွင် အလွန် အိုမင်းနေပြီဖြစ်သော အဘိုးကြီးတစ်ဦး နှင့် အဘွားကြီးတစ်ဦးတို့ သူတို့အနီး ရောက်လာကြသည်။ ဆံဖြူ သွားကျိုး အသားအရေ ရှုံ့တွပြီး အလွန်အိုမင်း နေကြသည့် အဘိုးကြီး၊ အဘွားကြီး (၂)ဦး ဘယ်က ပေါ်လာသည်မသိ သူတို့အနားသို့ လာပြီး…

'လူလေးတို့ ဒီနေရာမှာ ဘာလာ လုပ်နေကြတာလဲကွယ်'

ဟု မေးလေသည်။

'အဘရယ် ကျွန်တော်တို့ ဒီနေ မှာ အလုံဒိုးတန်းမြို့ကို လာရှာကြ ပါ'

ဟု ဖြေလိုက်လျှင်…

'လူလေးတို့ အလုံဒိုးတန်းဆို အခု မရှိတော့ဘူး။ ပျက်စီးသွား လူလေးတို့ ပြန်ကြတော့၊ ရှာ တွေ့မှာမဟုတ်ဘူး'

ဟု ပြောလေသည်။ သူတို့ ဟင်းချသက်ပြင်းရှိုက်၍ ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com

နေတော့သည်။ သူတို့ တွေ့ခဲ့ရသည့် အလုံဒိုးတန်းဆိုသောမြို့ကို မြင်ယောင်နေသည်။

ဝါးရုံ(၉)ရုံ၊ ကျင်း(၉)ကျင်း၊ ကျောက်သပိတ်(၉)လုံး နောက်ဘက်တွင် ဝါးရုံကို ကာထားသည့် တောင်(၉)လုံး ထင်ထင်ရှားရှား ရှိသည်။

သို့သော် မြို့ ဘယ်ရောက်သွားသနည်း။ ထိုပုစ္ဆာကို သူတို့လည်း မဖြေနိုင်၊ မည်သူမှလည်း မဖြေနိုင်။ တောထဲသို့ ဝင်သွားလျှင် အလုံဒိုးတန်းဆိုသော အမည်သည် အုတ်တံတိုင်း အပျက်အစီးပေါ်တွင် ထင်ထင်ရှားရှား ရှိနေပေသည်။

သူတို့ တွေ့ခဲ့ရသည့် အလုံဒိုးတန်းမြို့သည် စည်စည်ကားကား ကြက်သံ၊ ငှက်သံတို့ဖြင့် အလွန်နေချင့်စဖွယ် မြို့ဖြစ်သည်။ ခုချက်ချင်း မြို့ဘယ်ရောက်သွားပါသလဲ။

ဒွါရာဝတီမြို့သည် လူ့သက်တမ်းတစ်သောင်းတမ်းက တိမ်ဆီပျံ့ဝဲသော မြို့အဖြစ် အလွန်ထင်ရှားကျော်ကြားခဲ့ပါသည်။ ထိုအနှစ်တစ်သောင်းတမ်းမှ လွန်မြောက်လာခဲ့၍ အသက်တစ်ရာတမ်းသို့ ရောက်ရှိခဲ့ပေပြီ။

ထို နှစ်တစ်သောင်းတမ်းအတွင်း ဒွါရာဝတီတွင် မြို့ပေါင်းမည်မျှ တည်ရှိခဲ့လေသနည်း။ စစ်မက် လိုလားကြသူများ၊ ခိုးဆိုးတိုက်ခိုက်လိုသောသူများ လောဘ,ဒေါသအလျောက် လုယက်တိုက်ခိုက်ကြ၍ ပျက်စီးခဲ့လေသလား။

ယခုခေတ် ဒွါရာဝတီတစ်ဖြစ်လဲ သံတွဲနှင့် တောင်ကုတ်အကြား ငစကောဆိုသောမြို့ ထွန်းကားခဲ့သည်ဟု အဆိုရှိသည်။ ယခုအခါ သံတွဲ၊ တောင်ကုတ်အကြား တောရွာကလေးတစ်ရွာအဖြစ် ရှိနေဆဲဟု ဆိုသည်။

ဤငစကောဆိုသော မြို့ကဲ့သို့ ဒိုးလုံးတန်းသည်လည်း ရှိခဲ့လေသလား။ နှစ်ကာလအတိုင်းအတာရ ပျက်စီးခဲ့လေသလား၊ ခိုးဆိုးတိုက်ခိုက်ကြသည့် လူဆိုး ဓားပြများကြောင့် ပျက်စီးခဲ့ရလေသလား။

အဖြေကား ယနေ့တိုင် မရရှိသေးပေ။ သွားရင်းလာရင်း အလျဉ်းသင့်ပါက အလုံဒိုးတန်းမြို့ကို တွေ့ရတတ်သည်ဟု ဆိုသည်။ ဒွါရာဝတီသံတွဲမြို့အပိုင် ကျိန္တလီရွာ၏ အနောက်ဘက် စလူချောင်းဖျား၌ "အလုံဒိုးတန်း" ဆိုသောမြို့ ရှိနေပါသည်။

မုဆိုး(၅)ဦးကတော့ သူတို့ မျက်ဝါးထင်ထင် တွေ့ခဲ့ရသော အလုံဒိုးတန်းမြို့ကို မျက်စိထဲတွင် မြင်ယောင်လျက် ရှိပါသည်။ သွားရောက်ရှာဖွေကြဦးမည်ဟု အားခဲထားကြဆဲ ဖြစ်သည်။ အလုံဒိုးတန်းမြို့ကလည်း ယခုတိုင် ကွယ်ပျောက်နေဆဲ ဖြစ်ပါသည်။

**မောင်လင်းခိုင်**

**[ဤ အလုံဒိုးတန်းမြို့အကြောင်းကို ပြောပြသော (ဦး)ပေါက်စအားလည်းကောင်း၊ ကိုးကားစရာ စာအုပ်များ ရှာပေးသော စာပေဝါသနာရှင် အိဖြိုးသန်းတို့အားလည်းကောင်း ကျေးဇူးတင်ရှိပါသည်။]**

**စာမျက်နှာ ၂၅၀)မှ အဆက်**

ရေစင်ကို သစ္စာပြုပြီး သောက်သုံးပါရန်။

✦ ဘယ်ဘက်လက်ညှိုးကို စိစဉ်ထားခြင်းသည် နှလုံးသားမှ ဖြူစင်သောမေတ္တာဖြင့် သိဒ္ဓိပေါက်ရန် ဖြစ်ပါသည်။

အထူးစောင့်ထိန်းရန်မှာ

ကောင်းမှုကိစ္စ မှန်သမျှတိုင်းတွင် **'သရဏဂုံသိဒ္ဓိလက်ညှိုး'**ကို အသုံးပြုနိုင်ပါသည်။

တစ်ပါးသူကို ပျက်စီးစေသော စိတ်ဖြင့် လည်းကောင်း၊ ရန်ငြိုးဖြင့် လည်းကောင်း အသုံးပြုပါက သရဏဂုံသိဒ္ဓိ ပျက်ပြီး ဘေးဥပဒ် ဖြစ်စေနိုင်ကြောင်း ကောင်းမြတ်သော စိတ်ထားဖြင့် ဆရာရှင်တို့မှ ညွှန်ပြဆုံးမ၍ တားမြစ်ထားခဲ့ပါသည်။

ဤကျင့်စဉ်ကို အောင်မြင်ပြီးမြောက် ခရီးရောက်ပြီး လူသားအားလုံး၊ သတ္တဝါအားလုံး၏ ဘေးဥပဒ် အန္တရာယ်အပေါင်းနှင့် ရောဂါခပ်သိမ်းတို့ ပျောက်ကင်းချမ်းသာရာရအောင် ကယ်တင်နိုင်ကြပါစေ၊ သာသနာတော်အတွက် အထူးစောင့်ရှောက်နိုင်ကြပါစေ၊

ပေါက်မြောက်သွားသော သရဏဂုံ သိဒ္ဓိလက်ညှိုးပိုင်ရှင်သည် မိမိ၏ လိုလားတောင့်တသော၊ ပန်ဆင်အပ်သော ဆုထူးဆုမြတ်တို့ကို ရရှိပြီး အမတခရီးသို့ အပြီးတိုင် လျှောက်နိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါတော့သည်။

***ပညာလိုလားသူများ အောင်မြင် တိုးတက်ကြပါစေ***

***အောင်(သိဒ္ဓိရာဇာ)***
***နဝင်းမြို့တော်***



www.burmeseclassic.com

www.burmeseclassic.com

## သုံးမြို့နယ်စပ်ရှိ "ရှင်ပင်ကျော်လှိုင်ဘုရားပွဲ"၏ ထူးခြားချက်

နတ်မောက်မြို့နယ်၏ အနောက်မြောက်၊ မိုင်(၃၀)ခန့်အကွာတွင် **"ရှင်ပင်ကျော်လှိုင်ဘုရား"** တည်ရှိပါသည်။ ဘုရားဘွဲ့အမည်မှာ ထူးခြားနေသည်ဖြစ်၍ လွန်ခဲ့သော သုံးနှစ်ခန့်ကတည်းက သွားရောက်ဖူးရန် ရည်ရွယ် ရည်စူးခဲ့ပါသည်။

နတ်မောက်မြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်၊ ရေနံချောင်းမြို့နယ်၊ တြိဂံပုံဆုံရာ နယ်စပ်နယ်ခြား ဘုရားဖြစ်ပြီး **"သုံးမြို့နယ်စပ်ဘုရား"** ဟုလည်း သိကြ၊ ပြောကြပါသည်။

ဘုရားကုန်းပေါ်ရှိ ကျောက်စာအရ "ရှင်ပင်ကျော်လှိုင်ဘုရား"ဟု ဘွဲ့အမည်ကို ထင်ရှား သိရပါသည်။ ဘုရားသမိုင်း အကျယ်တဝင့်ကို နောင်တွင် ဓာတ်ပုံမှတ်တမ်းများနှင့်တကွ အခိုင်အမာ ရေးသား တင်ပြပါမည်။

ယခု အဓိက ထူးခြားချက် (၃) ချက် တင်ပြပါမည်။ အသက် ကိုးဆယ်အရွယ် အဘ ဦးကြီးဖင်၊ အသက် ခုနစ်ဆယ်ကျော် အဘ ဦးမာချောတို့ထံမှ ရရှိခဲ့ပြီး ကျေးရွာပေါင်း နှစ်ဆယ် တောင်သူများသိသော ထူးခြားချက်ဖြစ်ပါသည်။

နှစ်စဉ်နှစ်တိုင်း ကျေးရွာပေါင်း နှစ်ဆယ်မှ တောင်သူများသည် ပဲ၊ နှမ်း၊ လူး၊ ပြောင်းဆန်၊ စပါးတို့ကို ဘုရားရင်ပြင်တွင်ပတ်ပြီး ပေါက်ပေါက်ပက်သလို တစ်စိတ်၊ တစ်ခွဲ၊ တစ်တင်း ပက်ကြဲ လှူဒါန်းကြပါသည်။

ရင်ပြင်ပေါ်မှ ထို ပဲ၊ နှမ်း၊ စပါးများ တံမြက်စည်းနှင့် လှည်းစုယူပြီး ဘုရားဝေယျာဝစ္စအဖွဲ့မှ ရောင်းချ၍ ဘုရားကြီးအတွက် လိုအပ်သည်များ ဝယ်ယူဖြည့်စွက်ရပါသည်။ ထိုသို့ ပက်ကြဲခြင်းမပြုဘဲ အိတ်လိုက်၊ တင်းလိုက် လှူ၍ မရဘူးလားဟု မေးရာ...

"မရဘူး ရှေးအတိတ် ဘိုးဘွားကတည်းက အဲဒီလိုပဲ လှူရတာ။ အဲလိုရင်ပြင်မှာ ပက်ကြဲလှူမှ မိုးမှန်ပြီး သီးနှံ ဖြစ်ထွန်းအောင်မြင်တယ်။

အဲလို မလှူတဲ့နှစ်ဆိုရင် မိုးခေါင်မယ်။ မိုးမခေါင်ရင်လဲ သီးနှံပျက်၊ သီးနှံမအောင်မမြင်နဲ့ မရဘဲ ဖြစ်တယ်။ ဒါကြောင့် ဒီနေ့အထိ ရင်ပြင်မှာ ပက်ကြဲလှူရတာ၊ ဆုတောင်းရတာပေါ့။ ဒါထူးခြားချက်တစ်ခု။



### သူ့အရပ် သူ့ဓလေ့နှင့်

### ထူးခြားသော ဓလေ့ဆန်းများ

နောက် ဘုရားပွဲကျင်းပရင် **ဗလာဓာတ်ပွဲပဲ လက်ခံတယ်။** အခကြေးငွေနဲ့ ရုပ်သွင်းဓာတ်ပွဲ လက်မခံဘူး။

လွန်ခဲ့တဲ့ တစ်ဆယ့်ငါးနှစ်က ဘုရားဝေယျာဝစ္စအဖွဲ့မှာ လူငယ်တွေ ပါလာတော့ အလကားပါ၊ မဆိုင်ပါဘူး မယုံပါဘူး"ဆိုပြီး အခကြေးငွေနဲ့ ရုပ်သွင်း ဓာတ်ပွဲထည့်တယ်။ ပြဿနာဖြစ်၊ ရန်ဖြစ်၊ ဓားထိုးမှုဖြစ်ပြီး လူသတ်မှုဖြစ်ပါရောလား။ ခင်ဗျားတို့ နတ်မောက်တရားရုံးကို အဲဒီအမှု ရောက်သွားတယ်လေ။

အဲဒီကတည်းက လူငယ်တွေ ယုံသွားတယ်။ ဗလာဓာတ်ပွဲပဲ ထည့်သွင်းတယ်။ ဒါ ထူးခြားချက်တစ်ခု။

နောက်တစ်ခုက ဘုရားပွဲ ငါးရက်ကျင်းပပါတယ်။ မနက် အရုဏ်ဦးနဲ့ ညနေ ငှက်များအိပ်တန်းပြန်ချိန်မှာ ဘုရားထီးတော် အပေါ်ကနေ "ကျီးကန်းငှက်"မြောက်ကနေ တောင်ကို ပျံသန်းသွားရင် အထူး ဂရုပြုကြရပါတယ်။

ပွဲခင်းမှာ မီးလန့်၊ ရန်ဖြစ်၊ ဆူဆူညံညံ ဖြစ်တတ်ပါတယ်။ ဆရာတော် သံဃာတော်များ၊ တာဝန်ရှိ ပွဲကြပ်များ၊ လုံခြုံရေး အထူး ဂရုပြုရပါတယ်။

လွန်ခဲ့တဲ့ အနှစ် သုံးဆယ်လောက်က ထီးတော်ပေါ်ကနေ ကျီးကန်းပျံသွားလို့ ဂရုစိုက်တဲ့ကြားထဲကနေ ရိုက်ပွဲတွေ ဖြစ်ပြီး လူသတ်မှုအထိ ဖြစ်သွားခဲ့ဖူးပါတယ်။

သူ့အရပ်၊ သူ့ဓလေ့ ထူးခြားသော ဘုရားပွဲတစ်ခုဟု မှတ်ချက် ပြုမိပါတယ်။

**နတ်မောက် လှမြင့်သစ်**



www.burmeseclassic.com

www.burmeseclassic.com

ထိလာကျော်

# မျက်မမြင်တောင်ဦး၏ အာခွမ်း



ဆန်းကြယ်မှုအပေါင်း ထူးခြားစွာ ဖော်ပြထားသော အခန်းကဏ္ဍကို ဖော်ပြပါဟု ဆိုလာလျှင် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းမှ ပရလောကရောင်ခြည်ဟု ဖြေရပေလိမ့်မည်။ နောက်ထပ် ဆန်းကြယ်မှုတစ်ခု ထပ်ဆောင်း တင်ပြသွားပါမည်။ တကယ်ပင် ဆန်းကြယ်သည်ဟု စာရှုသူတို့ လက်ခံလျှင် စာရေးသူ စာရေးရကျိုး နပ်ပါပြီ။

F.33. February. 2013.

**ဒိုမိုဒိုရွာလေးသည် ဇရူဆိုမြို့နှင့် (၃၄)မိုင်ကွာဝေးပြီး** တိုင်းရင်းသားများ စုပေါင်းနေထိုင်ကြသည်။ တောင်စောင်းတွင် အိမ်တစ်လုံးစာ မြေညှိ၍ အိမ်များ ဆောက်လုပ်ထားကြသည်။ လှေကားထစ်ပုံသဏ္ဌာန် ဖြစ်နေသည်။

ပျဉ်ခင်း၊ ပျဉ်ကာအိမ်များ ရှိသလို ဝါးခင်းဝါးကာ အိမ်များလည်း ရှိသည်။ အမိုးကိုတော့ဖြင့် သက်ငယ် (သက်ကယ်)မိုးထားကြသည်။ သက်ငယ်ပေါသော ဒေသဖြစ်၍



www.burmeseclassic.com

www.burmeseclassic.com



အဆုပ်လိုက် အဆုပ်လိုက် မိုးထားကြသည်။ မိုးများသောဒေသ ဖြစ်သော်လည်း (၁၀)နှစ်၊ (၁၅)နှစ်ခံသည်ဟု သိရသည်။ သွပ်မိုးအိမ် လုံးဝမရှိသလောက်လည်း တစ်လုံးမှ မရှိပေ။ တစ်ခုတည်းသော ဘုရားကျောင်းကို တော့ဖြင့် သွပ်မိုးထားသည်။

ကျေးရွာအလယ်တွင် ဘုရားကျောင်း၊ စာသင်ကျောင်း (အခြေခံပညာမူလတန်းကျောင်း)၊ ရေစမ်းချောင်းတို့ ရှိသည်။ ရွာ၏ပတ်ပတ်လည်တွင် စိမ်းညို့ညို့တောင်တန်းများ ရှိသည်။ မိုးများသောဒေသ ဖြစ်သော်လည်း ရွှံ့ဗွက်မရှိပါ။ ရွာလေးသည် အိမ်ခြေ (၃၀)ခန့်သာရှိသော်လည်း နေချင့်စဖွယ် ရှိလှပါသည်။ အလွမ်းဓာတ်ခံရှိသူများဆိုလျှင်တော့ လွမ်းလို့ဆုံးမည်မဟုတ်။

ဒိုမိုခိုကျေးရွာ အနီးပတ်ဝန်းကျင်တွင် ဘီသူအထက်ရွာ၊ ဘီသူအောက်ရွာ (ထိုရွာနှစ်ရွာသည် သံတောင်မြို့နယ်မှ ရွာများ ဖြစ်သည်။) ဘီယာရွာ၊ ဒိုရောအထက်ရွာ၊ ဒိုရောအောက်ရွာ၊ ဟိုယာရွာတို့ ရှိသည်။

ဒိုမိုခိုရွာနှင့် ဘီသူအထက်ရွာမှာ တစ်မိုင်လောက်သာ ဝေးပြီး ဘီသူအောက်ရွာကတော့ နှစ်မိုင်ခန့် ဝေးသည်။ ကျန်ရွာများမှာ (၆)မိုင်ကျော် ဝေးကြသည်။ ဒိုမိုခိုရွာသူရွာသားများသည် ထိုရွာများနှင့် အဆက်အသွယ်ရှိကြသည်။

ရွာသူရွာသားများသည် ရွှေပြောင်းတောင်ယာ စိုက်ပျိုးခြင်းဖြင့် အဓိကအသက်မွေးဝမ်းကျောင်း ပြုကြသည်။ ဆောင်းဦးပေါက်တွင်တော့ သားကောင်ပစ်ကြသည်။ သားကောင်ရလျှင် တစ်ရွာလုံး ဝေမျှစားသောဓလေ့မှာ ချစ်စရာ၊ လေးစားစရာ၊ ဂုဏ်ယူစရာ ကောင်းလှပေ၏။

တောဝက်နှင့် ချေ(ဂျီ)သားကတော့ အများဆုံး စားကြရသည်။ တစ်ခါတစ်ရံ ရစ်သား၊ ခွေးတူဝက်တူသား၊ မျောက်သားတို့ ရတတ်သည်။ မိုးရာသီမှာတော့ တစ်ခါတလေ ဖားစားရသည်မှအပ အသီးအရွက်သာ စားရသည်က များသည်။

နွေရာသီတွင်တော့ စုဆောင်းထားသည့် သခွားသီး၊ ဖရုံသီး၊ ပဲနှင့် တောပှက်ပျောတို့သာ စားရလေ့ရှိသည်။ အသား သိပ်မစားရတော့ပေ။ ဤအကြောင်းအရာများသည် ထူးခြားချက် မဟုတ်သေးပါ။ အခွင့်ကြုံ၍ ရေးသားတင်ပြခြင်းသာလျှင် ဖြစ်ပေသည်။

ထူးခြားချက်ကို စတင် ဖော်ပြပါမည်။ ဤရွာလေးတွင် နေထိုင်သူများထဲမှ ထူးခြားသည့် မိသားစုတစ်စုအကြောင်းလေးပင် ဖြစ်ပါသည်။

အိမ်ထောင်ဦးစီးမှာ ဦးသိုးအီ ဖြစ်ပါသည်။ ဦးသိုးအီသည် မျက်စိနှစ်ကွင်း အလင်းမရပေ။ အားမနာတမ်း ပြောရလျှင်တော့ စုံလုံးကန်းသူတစ်ဦးပါ။ သူ၏ဇနီးသည်ကတော့ သာမန်ကျန်းမာရေးကောင်းသူ ဖြစ်ပါသည်။ ကိုယ်အင်္ဂါ ချို့ယွင်းခြင်းမရှိ။

သူတို့ဇနီးမောင်နှံတွင် သားတစ်ဦး၊ သမီးတစ်ဦး ထွန်းကားသည်။ ထိုကလေးနှစ်ယောက်လုံး စကားမပြောတတ်ပါ။ ဝူးဝူးဝါးဝါးသာလျှင် အသံထွက်သည်။ မည်သို့မျှ အဓိပ္ပာယ် ဖော်မရပါ။ လက်ဟန်ခြေဟန်ဖြင့်သာ စကားပြောရပါသည်။

ဤအဖြစ်ဆိုးနှင့် ကြုံတွေ့နေရသော်လည်း သူ့နည်းသူ့ဟန်နှင့် အဆင်ပြေစွာ ဆက်ဆံ ပြောဆိုနိုင်ကြပါသည်။ အဆိုးဆုံး ကံကြမ္မာက သူတို့မိသားစုကိုမှ ပစ်မှတ်ထားကာ ရက်စက်သွားပြန်သည်။ အခြားမဟုတ် ဇနီးသည် ဆုံးသွားခြင်းပင်။ မျက်စိမမြင်သူဖခင်နှင့် စကားမပြောတတ်သော သားသမီးနှစ်ဦး မည်သို့ စခန်းသွားမည်နည်း။

စကားမပြောတတ်သော သားဖြစ်သူကိုတော့ ခရစ်ယာန် ဘုန်းတော်ကြီးကျောင်းမှ ခေါ်ယူထားလိုက်သည်။ မျက်မမြင်ဖခင်နှင့် စကားမပြောတတ်သောသမီးတို့ မည်သို့ ပြောဆို ဆက်သွယ်ကြသည်မသိ။ အဆင်ပြေနေသည်ကတော့ အမှန်။ မည်သူ့ အကူအညီမှ မလို။ စာရေးသူ အဓိကပြောလိုသည်မှာ ဦးသိုးအီအကြောင်း ဖြစ်သည်။

ဦးသိုးအီသည် မျက်မမြင်ဟုဆိုသော်လည်း ဘဝကို အရှုံးမပေး။ တောင်ဝှေးတစ်ချောင်းဖြင့် တစ်ရွာလုံး (ဆင်းလိုက်၊ တက်လိုက်) လည်ပတ်တတ်သည်။ မည်သည့်နားတွင် မည်သူ့အိမ် ရှိသည်၊ မည်သည့်နားတွင် ဆူးပြောင့်ခလုတ်ရှိသည်များကို တတ်အပ်သိသည်။ သူနှင့် လမ်းတွင် တွေ့သူက အသံမပေးလျှင်သော်မှ မည်သူမည်ဝါမှန်း သိသည်။ အနံ့နှင့်သိသည်၊ ခြေသံနှင့်သိသည်ဟု ဆိုသည်။

စာမျက်နှာ (၂၅၇) သို့



www.burmeseclassic.com

www.burmeseclassic.com



ဝိဇ္ဇာ

# တရားနိမိတ်

တရားအရိပ်

ယခုရေးမည့် စာစုနှင့် ပတ်သက်၍ ခေါင်းစဉ်ကို အတော်ကြာကြာ စဉ်းစား၍ ရွေးယူခဲ့ရပါသည်။

သမထတရားများ အားထုတ်စဉ်ကာလ အာရုံ၏ လှည့်စားမှုကြောင့် နိမိတ်အတုများလည်း ကြုံတွေ့ရသလို နိမိတ်အစစ်များလည်း ကြုံတွေ့ခဲ့ရဖူးပြီး ဖြစ်သည်။

(၁၈)နှစ်အရွယ်ကာလမှ ယခု (၅၅)နှစ်အရွယ်ထိ ကိုယ်တိုင် ကြိုးစားအားထုတ်ကျင့်ကြံခဲ့သည်မှ အတွေ့အကြုံတို့ကို သမထဝိပဿနာတရားတို့အား ကျင့်ကြံနေသူ၊ ကျင့်ကြံလိုသူ စာဖတ်ပရိသတ်တို့အား ဗဟုသုတရစေလိုသောစေတနာနှင့် ရေးသားတင်ပြလိုက်ပါသည်။

ဘာမျှမသိမီ (၁၈)နှစ်အရွယ် သမထတရား အားထုတ်စဉ်တွင် အခြေခံအားဖြင့် ကျွန်တော်အား ဆွေမျိုးရင်းချာကဲ့သို့ လေးစားခင်မင်ရသော ဦးလေးညွှန့်မှ **"အရဟံသိဒ္ဓိ"** ဟူ၍ တစ်ပုဒ်ဆို ပုတီးတစ်လုံးချနှင့် ပုတီး(၉)ပတ် ပြည့်အောင် စိပ်နိုင်းရာ ည(၉)နာရီထိုးသည်နှင့် ဘုရားရှိခိုး မေတ္တာပို့ပြီး ပုတီးစိပ်လာသည်မှာ နေ့စဉ်နှင့်အမျှ လချီကြာလာပါသည်။

သို့နှင့် တစ်ရက်သောညတွင် "အရဟံသိဒ္ဓိ"ဟူ၍ ရွတ်ဆို ပုတီးစိပ်နေရင်း ပုတီးပတ်(၃)ပတ်ကျော်လာက်



www.burmeseclassic.com

www.burmeseclassic.com

တွင် စိတ်သည်လည်း ပုတီး၌ အာရုံကျ တည်ငြိမ်နေပေသည်။ ထိုသို့ ရွတ်ဖတ်၍ ပုတီးစိပ်နေစဉ် ရုတ်တရက် မိုက်ခနဲ ဖြစ်သွားပြီး အမှောင်တိုက်ထဲသို့ ရောက်သွားသည်ကဲ့သို့ ခံစား၍ နေရ၏။

ထိုသို့ဖြစ်နေစဉ် စိတ်ထဲမှနေ၍ အသိသာရှိပြီး ခန္ဓာပျောက်နေသလို ခံစားရကာ **"ငါ ဘယ်ရောက်နေပါလိမ့်ဆိုပြီး"** စူးစမ်းနေစဉ် အရှေ့တည့်တည့်အရပ်မှနေ၍ တဝင်းဝင်း တဝင်းဝင်းနှင့် အလင်းရောင်သဏ္ဌာန်ကို မြင်တွေ့ရသဖြင့် ထိုအလင်းရောင်ရှိရာသို့ စိတ်ကို ညွတ်၍ ကြည့်ရှုနေပါသည်။

ထိုစဉ် အလင်းရောင်ထဲမှ အမည်းစက်လေးတစ်စက်သည် မိမိရှိရာဘက်သို့ တဝင်းဝင်းနှင့် တိုးဝင် နီးကပ်လာသည်ကို မလွတ်တမ်း စူးစိုက်ကြည့်နေစဉ်မှာပင် ထိုအလင်းရောင်ထဲမှ အမည်းစက်လေးသည် ကြီးထွားထင်ရှားလာပြီး မျက်စိရှေ့တည့်တည့် တည်ငြိမ်စွာ ရပ်တည်နေ၏။

ထိုတည်ငြိမ်စွာ ရပ်တည်နေသော အမည်းစက်ကလေးကို သေသေချာချာ စူးစူးစိုက်စိုက်ကြည့်ရှုရာ တောင်ဝှေးထောက်လျက် ယပ်တောင်ကိုင်ထားပြီး သပိတ်လွယ်ထားသည့် ရဟန်းတစ်ပါးကို တွေ့ရာ...

'ဟာ... ရှင်သီဝလိကိုယ်တော်ကြီးပါလား'

ဟု စိတ်မှ ထင်ထင်ရှားရှား သိမြင်ပြီးလျှင်ပြီးချင်း ထို ရှင်သီဝလိကိုယ်တော်သည် တရွေ့ရွေ့နှင့် တဝင်းဝင်းလက်ကာ လာရာလမ်းအတိုင်း ပြန်ထွက်သွားသည်မှာ အစက်အပြောက်သဏ္ဌာန်သို့ ဖြစ်သွားပြီး ပျောက်သွားသည်။

ထိုစဉ် လင်းနေရာမှ အမှောင်တိုက်သို့ ပြန်ရောက်သွားပြီး သတိပြန်ရလာသောအခါ စိပ်လက်စ ပုတီးမှာ ရပ်ဆိုင်းနေပြီး ပုတီးပတ်ရေ (၉)ပတ် မပြည့်တော့ဘဲ "ဒါ...ဘယ်လိုဖြစ်တာပါလိမ့်" ဟု မတင်မကျစိတ်ဖြင့် ပုတီးစိပ်ခြင်းကို ထိုနေ့အဖို့ ရပ်ဆိုင်းလိုက်၏။

ထိုသို့ တွေ့ကြုံဖူးခြင်း မရှိသဖြင့် အထူးအဆန်း ဖြစ်နေ၏။ ထိုနိမိတ်မျိုးသည် နောင်မှ သိရသည်မှာ အာရုံ၏ လှည့်စားမှုကြောင့်ဖြစ်သော နိမိတ်တုသာဖြစ်ကြောင်း သိရသည်။

အတူနေ ဖခင်ကြီးသည်လည်း ထွက်လေ,ဝင်လေ မှတ်နေရင်း ထွက်လေ,ဝင်လေပေါ်၌ အာရုံပျောက်ကာ ကောင်းကင်၌ (လေထဲ၌) သွားနေရင်း မြေပေါ်ရှိ ဘုရားစေတီတို့ကို လှည့်လည် ဖူးနေရင်း ခန္ဓာ၌အသိပြန်ပေါ်လာကာ မှတ်လက်စ ထွက်လေ, ဝင်လေကို ဆက်လက်၍ မမှတ်နိုင်တော့ဘဲ မိမိတွေ့ကြုံခဲ့ရသည်တို့အပေါ် သာယာကျေနပ်နေမိ၏။

ထိုအရာများသည် နိမိတ်တုများသာ ဖြစ်ကြောင်း ဖခင်ကြီးသည်လည်း နောက်မှ သိခဲ့ရသည်။

တချို့သော ပုဂ္ဂိုလ်တော်တော် များများသည် ထိုသို့သော မြင်တွေ့ရမှုတို့ အပေါ်တွင် သာယာနေတတ်၏။ ထိုအရာတို့သည် နိမိတ်တုများသာ ဖြစ်၏။ ဘာကြောင့်နိမိတ်အတုဟု ဆိုရခြင်းမှာ မိမိအားထုတ်နေသော ကမ္မဋ္ဌာန်းအာရုံ ပျက်၍ အခြားသို့ ရောက်သွားသော ကြောင့် ဖြစ်၏။

နိမိတ်အစစ်မှာ အရဟံသိဒ္ဓိဟူ၍ စိတ်မှ ရွတ်ဆိုရင်း ပုတီးတစ်လုံးကျနှင့် တိုင်ပင်ကိုက်၍ တည်ငြိမ်လာလျှင် ရွတ်ဖတ်မှုနှင့် ပုတီးတစ်လုံးကျသဏ္ဌာန်သာ ထင်ရှား၍ အခြားသို့ အာရုံပြောင်းလွင့်ခြင်းမရှိဘဲ ပုတီးပတ် ပြည့်သည်ထိ အာရုံတွင် တည်ငြိမ် အေးချမ်းပြီး မိမိ ရည်မှန်းထားသည့် အပတ်ရေပြည့် ထိ ပြီးဆုံးစေမည်သာ ဖြစ်သည်။

နိမိတ်တုအပေါ်တွင် သာယာ တပ်မက်၍ မရှိကို အရှိထင်ပြီး ဆုံးဖြတ်ချက်မှား၍ တချို့ ရူးသွားကြသလို၊ တချို့ အသက်ဆုံးရှုံးသွားကြရလေသည်။

သာဓကတစ်ခုအနေနှင့် တင်ပြရမည်ဆိုလျှင် (အဘိုး၏ကိုယ်တွေ့ ပြောကြားချက်အရ) ဆရာဖြစ်သူနှင့် တပည့်နှစ်ဦးတို့ အဘိုးတို့နေထိုင်ရာ မွန်ပြည်နယ်ရှိ အဓိကရ တောင်ထိပ်သို့ တက်ရောက်၍ အဓိဋ္ဌာန်ပုတီး တက်စိပ်ကြရာ ဆရာဖြစ်သူသည် ပုတီးစိပ်နေရင်း သူ့အာရုံထဲတွင် အခြားတစ်ဖက်မှ တောင်သည် သူရှိရာ တောင်သို့ လာရောက် ပူးကပ်သည်ကို မြင်ရသည်။

ထိုအမြင်၊ ထိုအာရုံစွဲ၍ ပုတီးစိပ်နေရင်းမှ ထကာ ထို လာရောက်ပူးကပ်သည်ထင်သော အခြားတောင်သို့ သူ နေရာတောင်မှ လှမ်းတက်ရာ အခြား တောင်သို့ မရောက်ဘဲ ထိုတောင်ကြီး ၏အရှေ့ ချောက်ကြီးထဲသို့ ထိုး[illegible] သေဆုံးသွား၏။

တပည့်ဖြစ်သူမှာလည်း ဆရာဖြစ်[illegible] နှင့် အလှမ်းကွာနေသဖြင့် တားဆီး[illegible] မရလိုက်ပါ။ ထိုအဖြစ်အပျက်သ[illegible] အဘိုးတို့နေထိုင်ရာရွာမှ တစ်ရွာ[illegible] လိုလို သိကြ၏။

ဤအဖြစ်သည် မည်သူမှ [illegible] ရောက်၍ နှောင့်ယှက်ခြင်းမဟုတ်[illegible] နိမိတ်တုနောက်သို့ သာယာတပ်[illegible] မိ၍ အထင်မှား,အမြင်မှားခြင်း[illegible] တည်း။

မိမိ ယခုပြုနေသည်မှာ ပုတီးစိပ်[illegible] ပါက ထိုပုတီးပေါ်၌သာ အ[illegible] နေရမည်သာ၊ ယခု ထိုသို့[illegible]



www.burmeseclassic.com

www.burmeseclassic.com

ပုတီးစိပ်ခြင်း အာရုံပေါ်မှ လွတ်၍ အခြားအာရုံသို့ လိုက်ပါသွား၍ ဖြစ်ရခြင်းသည်သာတည်း။

ကျွန်တော် ပုတီးစိပ်ရာတွင် ထိုနိမိတ်တုများစွာကို ကြုံဖူးပြီးမှ နိမိတ်အစစ်ကို တွေ့ခဲ့ရလေသည်။

ထိုသို့ မိမိပုတီးနှင့် ရွတ်ဖတ်သောဂုဏ်တော်ပေါ်တွင် အာရုံစိတ်မရှိတော့ဘဲ အခြားအာရုံသို့ လွင့်မျော၍ မြင်တွေ့သိရှိ ကြားနေပြီဆိုလျှင် ထိုအရာများသည် စိတ်တည်ငြိမ်မှု မရှိတော့သော အာရုံ၏ လှည့်စားမှုအရာများ (သို့မဟုတ်) နိမိတ်တုများပင် ဖြစ်သည်။

ထိုသို့ အာရုံ၏ လှည့်စားရာသို့ သာယာနေမည်ဆိုလျှင် အားထုတ်သူပုဂ္ဂိုလ်သည် မိမိပြုကျင့်နေသော ကမ္မဋ္ဌာန်းအာရုံမှ အခြားသို့ ရောက်သွားသည့်အတွက် အမျိုးမျိုးအစုံစုံ မြင်တွေ့ကြားသိကာ စိတ်ကယောက်ကယက်ဖြစ်ပြီး စိတ်တည်ငြိမ်မှု မရှိတော့ဘဲ စိတ်ချောက်ချားစေသော အဖြစ်သို့ ရောက်ရှိသွားပေမည်။ ထိုသို့ မဖြစ်ရအောင် ဂရုစိုက်ရပေမည်။

စိတ်တည်ငြိမ်အေးချမ်းမှုကို အလိုရှိကုန်သောသူတို့သည် အကုသိုလ်နှင့်ယှဉ်သော အပြောအဆို အပြုအမူတို့ကို ရှောင်ရပေမည်။ သို့မဟုတ်ပါက တည်ငြိမ်အေးချမ်းသောအရာ ဈာန်သမာဓိကို ရယူနိုင်မည် မဟုတ်ပေ။

သမထကျင့်စဉ်များသည် ဘုရားဟောဒေသနာပါ ကမ္မဋ္ဌာန်းလေးဆယ်တွင် အကျယ်ဖော်ပြပါရှိပြီးဖြစ်၍ ထိုသမထတရားတို့ကို အားထုတ်လိုသော် တတ်သိနားလည်သည့်ဆရာနှင့် သော်လည်းကောင်း သို့မဟုတ် မိမိကိုယ်တိုင်သေချာစွာ ဖတ်ရှုလေ့လာပြီး ကျမ်းစာပါအတိုင်း ကျင့်ကြံ ကြိုးကုတ် အားထုတ်နိုင်မည်ဆိုလျှင် လိုရာခရီးသို့



မယိမ်းမယိုင် လျင်မြန်စွာ ပေါက်ရောက်နိုင်ကြပေမည်သာ။

ကျွန်တော်သည် အခြေခံ ပုတီးစိပ်ခြင်းမှ စ၍ ကသိုဏ်းဝန်း(အရောင်၊ အလင်းကသိုဏ်း)ရှုခြင်း၊ အသုဘကမ္မဋ္ဌာန်း၊ အာနာပါန ကာယဂတာနှင့် (၃၂)ကောဋ္ဌာသ အစရှိသည်တို့ကို ဆောင်ရန်၊ ရှောင်ရန်တို့နှင့် ယှဉ်၍ ရှုမှတ်ပွားများလာရာ အတွေ့အကြုံတို့ စုံလှပေသည်။

သမထတရား၌ ဈာန်သမာဓိ၏ အစွမ်းသတ္တိတို့ကိုလည်း အတော်အသင့် သိရှိခဲ့ရပေပြီ။ ထိုသဘောတရားတို့ကို သေသေချာချာ ပိုင်ပိုင်နိုင်နိုင်သူ့နည်း သူ့စည်းကမ်းအတိုင်း မယိမ်းမယိုင် စိတ်ခိုင်ခိုင်နှင့် ကျင့်ကြံ ကြိုးကုတ် အားထုတ်မည်ဆိုလျှင် မိမိတို့ပါရမီရှိသလောက်(ကြိုးစားသလောက်) သိရှိခံစားရပေမည် ဖြစ်သည်။

ယခုတင်ပြသည့် အစိတ်အပိုင်းသည် စာရှည်မည်စိုး၍ အကျဉ်းမျှသာဖြစ်ကြောင်း၊ နိမိတ်ဆိုရာဝယ် နိမိတ်ဆိုသည့်အရာသည် အမျိုးမျိုးရှိ၏။ ကောင်းကျိုးဆိုးကျိုးတို့၏ ရှေ့ပြေးသဘောတရားတို့ပင် ဖြစ်သည်။

အကျဉ်းအားဖြင့် နားလည်ရမည်မှာ မိမိအားထုတ်နေသော ကမ္မဋ္ဌာန်းအာရုံမှ သွေဖယ်၍ ဖြစ်ပေါ်လာသောအရာတို့သည် နိမိတ်တုတို့သာဖြစ်ကြောင်းနှင့် မိမိအားထုတ်နေသော ကမ္မဋ္ဌာန်းအာရုံ မပျောက်ပျက်ဘဲ ဆင့်ကဲ ဆင့်ကဲ ပြောင်းလဲ၍ မြင်သိရပြီး စိတ်တည်ငြိမ်အေးချမ်းလာသည့် ထိုအာရုံနိမိတ်တို့သည် အစစ်ဟူ၍ ယူဆနိုင်ပေသည်။

ထိုသို့ သမထတရားများနှင့်သာ ကျင့်ကြံ အားထုတ် ကျင်လည်လာရင်း ၂၀၁၀ ပြည့်နှစ်၊ (၇)လပိုင်း (၁၄)ရက်နေ့ နံနက်ပိုင်း(၁၀)နာရီခွဲခန့်တွင် ကျွန်တော်သည် "ခက်ခဲနက်နဲသော အတတ်ပညာ"ဟု ဖော်ပြပါ စာမူ၏ ဒုတိယအပိုဒ်အား ရေးသားစဉ် ပါဠိစာအချို့တို့အား မသိလျှင် ကျွန်တော်တို့ နေထိုင်ရာ တိုက်ခန်း၏အနောက်တိုက်၌ နေထိုင်သော ကမ္မဋ္ဌာန်းတရားပေး၊ တရားဟော ဆရာကြီး(ယောဂီပုဂ္ဂိုလ်ကြီး) ဆရာဟန်ရှိရာသို့ သွားရောက်ကာ ပါဠိစာအချို့တို့အား မေးမြန်းရင်း တရားနာ၊ တရားထိုင်ဖြစ်၏။

(ဤသွားလာမှုသည် ကျွန်တော့်အား သမထမှ ဝိပဿနာသို့ ပြောင်း၍ တရားရှုမှတ် ဖြစ်၏။)

တစ်နေ့ မိမိအိမ်၌ပင် တရားထိုင်ပြီး၍ ခဏလှဲကာ ကျောဆန့်ရင်း အိပ်ပျော်သွားစဉ် အိပ်မက် မြင်မက်လေသည်။ ထိုအိပ်မက်ထဲတွင် ကျွန်တော်နှင့် တူဖြစ်သူတို့ လေးဘီးကားလေးနှင့် တောလမ်းအတိုင်း မောင်းနှင်လာရာ တောလမ်းအလွန်တွင် ရထားလမ်းနှင့် ဆုံ၍ ရထားလမ်းအား ဖြတ်ကျော်ရန် အားထုတ်စဉ် ရထားသည်လည်း အရှိန်ပြင်းပြင်းနှင့် လာနေသည်နှင့် ဆုံရာ သံလမ်းကို အတင်းကျော်ဖြတ်၍ ကားကို မောင်းရာ ကားလည်း သံလမ်း တစ်ဖက်သို့အရောက် ရထားကြီးလည်း ပွတ်ကာသီကာနှင့်အရှိန်



www.burmeseclassic.com

www.burmeseclassic.com

ပြင်းစွာ ဖြတ်သွားသည်ကို ဝေးကြည့်ရင်း...

"ငါတို့ အသက်ဘေးက သိသိလေး လွတ်သွားပါလား'

ဟု စဉ်းစားနေစဉ် ဖျတ်ခနဲ လန့်နိုးလာပြီး...

'ဒါ...ဘယ်လို အိပ်မက်မျိုးပါလိမ့် ဘယ်လို အတိတ်နိမိတ်ပါလိမ့်'

ဟု တွေးတော စဉ်းစားရင်း အဖြေရှာမိသည်။

မိမိအတွေးနှင့် မိမိ ထိုအိပ်မက် အတိတ်ကို ကောက်၍...

'ငါ ဒီဝိပဿနာတရား အားထုတ်ကာ သေချာပေါက် အပါယ်ကလွတ်တဲ့ တရားထူးရမယ့်သဘောပဲ'

ဟု နှလုံးသွင်းပြီး ရှေ့ကထက်ပို၍ အချိန်များများ နှလုံးသွင်းအားထုတ်လာရာ ဝိပဿနာဉာဏ်စဉ်တို့ အဆင့်ဆင့်တက်လာ၏။ ခန္ဓာ(၅)ပါး၊ ရုပ်နာမ် (၂)ပါးတို့၏ ဖြစ်ပျက်ဆုံးရာသို့ မရောက်, မသိသေးပါ။

ဆက်လက် အားထုတ်ရာ အားထုတ်မှု၌ ဂနာမငြိမ်ဖြစ်ပြီး တရားလည်း အားထုတ်ချင် အားထုတ်ပြန်တော့လည်း ဤခန္ဓာအပျက်,အပျက်တည်းသာ တွေ့မြင်နေသဖြင့် ငြီးငွေ့ကာ အားထုတ်မှု လျော့ရဲရဲဖြစ်နေစဉ် ကာလ တရားထိုင်ပြီး၍ ခဏလှဲကာ အိပ်ပျော်သွားစဉ် ထူးဆန်းသော အိပ်မက်ကို မြင်မက်လေသည်။

ထိုအိပ်မက်ထဲတွင် ကျွန်တော်သည် (ဘယ်တောင်ရယ်လို့မသိ) တောင်အောက်မှနေ၍ တောင်ထိပ်ရှိ ဘုရားစေတီလေးကို လှမ်းမြင်လေရာ ထိုစေတီလေးကို ဖူးမြင်ချင်စိတ် ပြင်းပြလှသဖြင့် တောင်တက်လမ်းလေးအတိုင်း တဖြည်းဖြည်း တရွေ့ရွေ့နှင့် တောင်ပေါ်သို့ တက်လာရာ ဘုရားစေတီနှင့်



လည်း အတော်နီးလာပြီ ဖြစ်၏။

တောင်ထိပ်နား ရောက်ခါနီးတွင် ကျောက်နံရံကြီး ကာဆီးနေပြီး ထိုကျောက်နံရံကြီးဘေးတွင် ဘုန်းကြီးကျောင်းလေးတစ်ကျောင်းရှိ၏။

ကျောက်နံရံကြီးကာနေ၍ ဘုရားစေတီသို့ သွားသည့်သွားလမ်း လိုက်ရှာရာ ထိုဘုရားစေတီသို့ သွားလိုလျှင် ထိုကျောင်းလေးပေါ်မှ ဖြတ်သွားမှ ရောက်မည်ကို သိရသလို ဘုရားစေတီကိုလည်း လှမ်းမြင်နေပြီဖြစ်၏။

အခြားလမ်း ရှိလိုရှိငြား ကြည့်သော် အခြားလမ်းမရှိ ကျောက်ဆောင်နှင့် ချောက်များသာ ရှိနေ၏။

သို့နှင့် ထိုကျောင်းလေးပေါ်မှ ဖြတ်၍ ဘုရားစေတီသို့ သွားရန် ထိုကျောင်းလေးရှိရာသို့ ကျောက်နံရံဘေးမှ ပတ်ကွေ့၍ ဆင်းလာပြီး ကျောင်းပေါက်ဝ ရှေ့ ရပ်၍ ကျောင်းပေါ်တက်ရန် ကျောင်းလှေကားကို ကြည့်ပါသည်။

ထိုစဉ် ထိုကျောင်းလှေကား အတက်တွင် ကျားပေါက်သုံးကောင်သည် လှေကားထစ် အဆင့်များတွင် အိပ်နေလေရာ မည်ကဲ့သို့ဖြတ်ကျော်၍ တက်ရမှန်းမသိ ဖြစ်နေ၏။

ကျောင်း လှေကားထစ်များမှာလည်း များများစားစားမရှိ၊ လှေကား (၅)ထစ်မျှသာရှိပြီး ဒုတိယလှေကား ထစ်တွင် ခေါင်းချင်းဆိုင်၍ ကျားပေါက်နှစ်ကောင်အိပ်နေပြီး တတိယလှေကား ထစ်တွင် တစ်ကောင်အိပ်နေလေရာ ထိုကျားသုံးကောင်ကို ကျော်၍သွားမှ ထိုဘုရားစေတီလေးသို့ ရောက်မည်ကို အမှန်သိပါသည်။

သို့သော် ထိုအိပ်ပျော်နေသော ကျားသုံးကောင်ကို မည်ကဲ့သို့ ကျော်လွှား သွားရမှန်းမသိ ဘုရားစေတီလေးကို လှမ်းမျှော်ကြည့်ရာ ဘုရားစေတီလေးမှာ ရွှေရောင်တဝင်းဝင်းနှင့် ဖူးချင်စရာ သပ္ပာယ်လှပေရာ မည်ကဲ့သို့ ပြုရမှန်း မသိ၊ အကြံအိုက်နေစဉ် အိပ်ရာမှ နိုးပါသည်။

'ဒီအိပ်မက် အတိတ်နိမိတ်ဟာ အတော် ထူးခြားလှချေပါလား။ ဘယ်လို သဘော ဆောင်ပါလိမ့်'

ဟု တစ်ယောက်တည်း စဉ်းစား အဖြေရှာရာ ထိုအိပ်မက်အတိတ် နိမိတ်ကို သဘောပေါက်မိလေသည်။

ထိုအိပ်မက် အတိတ်နိမိတ်ကို သဘောပေါက်သည်နှင့် ကျွန်တော် သည် တရားရှုမှတ်ခြင်း၌ ငြီးငွေ့ပျင်းရိခြင်းများကို စွန့်ပြီး ကြိုးစား၍ ရှုမှတ် ပွားများရာ အပျက်တို့သည် တရစပ် ပျက်,ပျက်နေသည်သာ။

ထို ပျက်,ပျက်နေသော ရုပ်နာမ်တို့ကို ကျားသုံးကောင်နှင့်တူသည့် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာ ရေးသုံးပါးနှင့် သမာဓိအားကောင်း ကောင်း၊ သတိ၊ ဝီရိယ၊ ဉာဏ်အား ကောင်းကောင်းတို့နှင့် နေ့စဉ်ရက်ဆက် နာရီပေါင်းများစွာ ပြင်းပြင်းထန်ထန် ရှုမှတ်ပွားများ သုံးသပ်သည်။

ကျွန်တော်သည် ထိုအိပ်မက် အတိတ် နိမိတ်ရပြီး တစ်ပတ်ခန့်တွင် ပထမဆုံးအကြိမ် ရုပ်နာမ်သင်္ခါရ ချုပ်ဆုံးရာသို့ ဆိုက်ရောက်ပြီး အိပ်မက်ထဲကကဲ့သို့ အလွန်ဖူးချင်



www.burmeseclassic.com

www.burmeseclassic.com

သော ဘုရားရွှေစေတီလေးကို ဖူးခဲ့ရပေပြီတည်း။

ထိုအိပ်မက်အတိတ် မမြင်မက်စဉ်က ထို အပျက်တရားတို့အပေါ်ဝယ် အားထုတ်မှု လျော့ရဲရဲသာ ဖြစ်၍နေ၏။ ထိုအိပ်မက်အတိတ်နိမိတ် ရပြီးနောက် ထိုခန္ဓာအပျက်တရားတို့ အပေါ်ဝယ် လက္ခဏာရေးသုံးပါးကို ပိုင်ပိုင်နိုင်နိုင် သုံးသပ်မှု၊များနိုင်မှုကြောင့် လိုရာပန်းတိုင်သို့ ဆိုက်ရောက်ခဲ့ရပေပြီ။

ထိုသို့ ဆိုက်ရောက်ဖို့ရာ ရုပ်နာမ် အပျက်တရားတို့အပေါ် လက္ခဏာရေးသုံးပါးကို ပိုင်ပိုင်နိုင်နိုင်တင်၍ မပွားများနိုင်ခဲ့လျှင် **(ကျားပေါက်သုံးကောင်ကို မကျော်လွှားနိုင်လျှင်)** ဘုရားစေတီလေးအား မဖူးလိုက်ရသလို ရုပ်နာမ်ခန္ဓာအပျက်တို့၏ ချုပ်ဆုံးရာသို့ ကျွန်တော် သိရတော့မည် မဟုတ်ပေ။

အိပ်မက်၏ သဘောတရားကို မိမိဉာဏ်မီသလို အဓိပ္ပာယ်ဖွင့်ဆို၍ ကြိုးစားအားထုတ်ရာ ပထမဆုံး အကြိမ် ဘုရားစစ်,ဘုရားမှန်၊ တရားစစ်,တရားမှန်ကို ကိုယ်တွေ့ဉာဏ်မြင် သိရှိခဲ့ရပေပြီ။

ကျွန်တော် ဝိပဿနာတရား အားထုတ်ရာတွင် ဝိပဿနာညစ်ညူးကြောင်း တရားများနှင့် တွေ့ကြုံရကာ သုံးတွေးနေရပြီး ထိုညစ်ညူးကြောင်း တရားများ ကင်းစင်သောအခါ မိမိဉာဏ်အားရှိသလောက် အသခ်တခတ်သို့တိုင်အောင် ထိုးဖောက်ရောက်ရှိ သိရှိခဲ့ရပေပြီ။

သမ္မသနဉာဏ်ဟုခါသော ဤသက္ခဏာသုံးပါး သုံးသပ်မှုသည် ဝိပဿနာတရား အားထုတ်မှုတွင် အစမှအဆုံးထိ ဉာဏ်စဉ်တရားအရ တောက်လျှောက် သုံးသပ်နေရမည်သာ ဖြစ်သည်။



သမထသည် လောကီအရာဖြစ်၍ အမြင်အမျိုးမျိုး ကျယ်ပြောလှပေသည်။ တစ်ဦးနှင့်တစ်ဦး တွေ့သိပုံချင်း တူချင်မှ တူပေမည်။

သမထတွင် ဈာန်အဆင့်ဆင့်တက်၍ ရူပဈာန်၊ စတုတ္ထဈာန် အရောက်တွင် ခန္ဓာပျောက်ပြီး စိတ်တစ်ခုတည်းသာ သုခနှင့်ယှဉ်၍ အေးချမ်းလှပေသည်။ ထိုအေးချမ်းမှုသည် သမထတရား၏ တရားရိုပ်ပင်တည်း။

ဝိပဿနာတွင် ရုပ်နာမ်ခန္ဓာ၏ အမှန် ဖောက်ပြန်ပျက်စီးခြင်း အပျက်အပျက်တို့ အပေါ်တွင် အနိစ္စ မမြဲခြင်းသဘော၊ ရုပ်နာမ်တို့သည် ပျက်ခြင်းမလှ တစ်ဆက်တည်း မရပ်မနားပျက်လှသည့်သဘောကို ဆင်ခြင်မိသည်၏ အဖြစ်ကြောင့် ဒုက္ခဆင်းရဲခြင်း သဘော ထိုရုပ်နာမ်ခန္ဓာ အပျက်,အပျက်တို့သည် ရပ်တန့်ခြင်းမရှိ တရစပ် မရပ်မနား သူ့သဘောသူ ဆောင်၍ တစ်ပျက်တည်း ပျက်နေသည့် အနတ္တအစိုးမရခြင်း သဘောတို့ကို ပိုင်ပိုင်နိုင်နိုင် ခြုံငုံသုံးသပ် သိရှိနေသည်။

ထိုသဘောတရားတို့သည် ငါ မဟုတ် ရုပ်နာမ်ခန္ဓာတို့ ပျက်,ပျက်နေသည့်သဘောသည် သမုဒယသစ္စာတည်း၊ ထိုအပျက်တို့ ပျက်ခြင်းမကပျက်နေသည့်သဘောကို သိနေခြင်းသည်ပင်လျှင် မဂ္ဂသစ္စာတည်း၊ ဤခန္ဓာ အတ္တဘောရှိ၍ ဤရုပ်,ဤနာမ်တို့သည် ခန္ဓာရှိသရွေ့ တစ်ပျက်တည်း ပျက်ပြီးနေရခြင်းပင်လျှင် အမှန်ဆင်းရဲကြောင်း ဖြစ်၍ ဒုက္ခသစ္စာတည်း။

ဤရုပ်,ဤနာမ်တို့၏ အပျက်,အပျက်သဘောတို့သည် နောက်ဆုံး၌ ချုပ်ဆုံးကုန်၏။ တည်မြဲခြင်းမရှိ အမှန်ဖောက်ပြန်ပျက်စီးခြင်း သဘောတို့၏ နောက်ဆုံး ကုန်ဆုံးချုပ်ငြိမ်းရာသည် မင်ဖိုလ်သို့ အမှန်ဆိုက်ရောက်သည်၏ အဖြစ်ကြောင့် နိရောဓသစ္စာ မည်ပေသည်တည်း။

ဤ နိရောဓသစ္စာသို့ ဆိုက်ရောက်သွားခြင်းတွင် အာရုံနှင့် မှတ်သိစိတ်တို့ ပျောက်သွား၏။ ရုပ်နှင့်နာမ် လူတို့ နားလည်အောင် ရိုးရိုးစင်းစင်း ပြောရလျှင် ခန္ဓာနှင့် အသိစိတ်တို့ ပျောက်သွားခြင်းသာတည်း။ ဘာမျှ မသိတော့ပါ။ ထို နိရောဓသစ္စာဆိုက်သော ထို အသခ်တခတ်နေရာသည် ထိုရုပ်နာမ်ခန္ဓာဝေဒနာတို့ ချုပ်ရာနေရာတည်း။

ထိုအရာသည် ဝိပဿနာတရားတွင် အားလုံးမှ ဆိတ်သုဉ်းရာဖြစ်၍ အေးငြိမ်းလှပေသည်။

ထိုဝိပဿနာတရား၏ တရားရိပ်သည် ဆင်းရဲခြင်း၏ လွတ်ကင်းရာလမ်းကြောင်း အမှန်ပင် ဖြစ်၏။ ဝိပဿနာတရား အားထုတ်နေသူ ယောဂီပုဂ္ဂိုလ်သည် ဝိပဿနာညစ်ညူးကြောင်း တရားများနှင့် မလွဲမသွေ ကြုံတွေ့ရပေမည်။

မင်အန္တရာယ်(၁၀)ပါး (သို့မဟုတ်) ဝိပဿနာညစ်ညူးကြောင်း တရားတို့ကို ကျမ်းဂန်စာပေတို့တွင် အကျယ်ဖတ်မှတ်ပါလေ၊ အားထုတ်နေသူ ပုဂ္ဂိုလ်သည် သဘာဝဓမ္မစစ်စစ်ကို မြင်သိဖို့ လိုသည်။

သဘာဝဓမ္မအစစ် ရုပ်နာမ်ခန္ဓာ၏



www.burmeseclassic.com

www.burmeseclassic.com

အပျက်,အပျက်သဘောတို့ကို နေ့နေ့မှ မြန်မြန် ပြောင်းလဲ သိမြင်လာမှု အပေါ် အနိစ္စ၊ ဒုက္ခ၊ အနတ္တဟူသော လက္ခဏာရေးသုံးပါးမှ ထင်ရှားရာ လက္ခဏာကို ပိုင်ပိုင်နိုင်နိုင် စိတ်ဉာဏ်တွင် ထင်ရှားသိအောင် နှလုံးသွင်းလာနိုင်ပြီဆိုလျှင် ကျန်လက္ခဏာတို့သည်လည်း ထင်ရှားလာပါလိမ့်မည်။

နိမိတ်သည် မျိုးစုံရှိလေရာ အကောင်းအဆိုး၊ အကြောင်းအကျိုးကို မိမိကိုယ်ပိုင်ဉာဏ်နှင့်သော် လည်းကောင်း၊ တတ်သိနားလည်သည့် ဆရာကောင်း သမားကောင်း၏ ဆုံးမသွန်သင်မှုနှင့် သော်လည်းကောင်း ဆုံးဖြတ်ချက် ပိုင်ပိုင်နိုင်နိုင်ချ၍ နည်းမှန်လမ်းမှန် ကျင့်ကြံကြိုးကုတ် အားထုတ်ကြမည်ဆိုလျှင် ယခုခန္ဓာနှင့် ယခုဘဝတွင်ပင် မိမိတို့၏ ပါရမီအလိုက် ရောက်ရှိ,သိရှိ ကြရပေမည်။ (မိမိတို့၏ ကြိုးစားအားထုတ်မှုအလိုက် ရောက်ရှိသိရှိကြရပေမည်။)

သို့မဟုတ်ပါက အချိန်ကာလများ ကုန်ဆုံးပြီး လိုရာပန်းတိုင်သို့ မရောက်ဘဲ ဤတစ်ဘဝ,တစ်ခန္ဓာ ဆုံးရှုံးရပေမည်။ အချိန်သည် အလွန်တန်ဖိုးရှိလှပေသည်။

သမထတရား၏ တရားရိပ် အေးချမ်းမှု ဈာန်ချမ်းသာနှင့် ဝိပဿနာတရား၏ တရားရိပ်အေးချမ်းမှု မဂ်ဖိုလ်ချမ်းသာသည် နှိုင်းယှဉ်၍မရအောင် ကွာခြားလှပေသည်။

မိမိပြုခဲ့ဖူးသော ကံတရား၏ စီမံမှုကြောင့် သတ္တဝါတို့သည် ဖြစ်တည်ပျက်နှင့် သံသရာကြီးဝယ် မဆုံးနိုင်အောင် ခရီးသွားများသဖွယ် ကောင်းဆိုး,ကြောင်းကျိုးဆက်၍ သွားနေရပေသည်။

ဗုဒ္ဓမြတ်စွာဘုရားသည် လူနတ်ဗြဟ္မာ သတ္တဝါတို့ မသိသေးသော ဤသဘောတရား (လောက၏ အမှန်တရားဖြစ်သည့် ဤဝိပဿနာတရားကံကို ဉာဏ်နှင့်ဖြတ်သော ကံပြတ်တရား)ကို ဖော်ထုတ်၍ လူနတ်ဗြဟ္မာ သတ္တဝါတို့အား ညွှန်ပြခဲ့လေပြီ။

ဤသဘောတရားတို့ကို သိရှိကြကုန်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့သည် မိမိတို့ ရအပ်သော ဤတစ်ဘဝ၊ တစ်ခန္ဓာ မအိုမနာ မသေဆုံးခင် အချိန်ရှိခိုက် လုံ့လစိုက်ကြ၍ သတိဉာဏ်နှင့်ယှဉ်ကာ ကြိုးစားအားထုတ်ကြပါဟု လေးလေးနက်နက် နှိုးဆော်တိုက်တွန်းရင်...။

**ဦးဉာဏ်**

---

### စာမျက်နှာ (၂၅၈)မှ အဆက်

ငွေစက္ကူများကို လက်နှင့် စမ်းရုံဖြင့် ငွေစက္ကူတန်ဖိုးကို သိသည်။ ငွေတစ်ကျပ်တန်၊ ငါးကျပ်တန်၊ တစ်ဆယ်တန် စသည်အားဖြင့် အတိအကျ ပြောနိုင်သည်။

**ဒီထက်ပိုပြီး ထူးခြားတာ ရှိသေးသည်။ အိမ်တစ်အိမ်ဆိုင်ကို တောင်ဝှေးဖြင့် ခေါက်ကြည့်ရုံဖြင့် ဤအိမ်ထဲတွင် လူရှိသည် လူမရှိဟု အတိအကျ ပြောနိုင်ပြန်သည်။ အသံမထွက်ဘဲ မည်မျှ ငြိမ်နေပါစေ ရှိသည်ဆိုသည်ကိုတော့ ခြင်း၍မရပါ။**

လူတစ်ယောက်၏အသံ နားထောင်ရုံမျှဖြင့် အသက်မည်မျှရှိသည်ကိုလည်းကောင်း၊ လက်ကောက်ဝတ်ကို ကိုင်ကြည့်ရုံမျှဖြင့် အသက်မည်မျှရှိသည်ကို လည်းကောင်း မလွဲတမ်းပြောနိုင်သည်ကိုတော့ မအံ့သြဘဲ မနေနိုင် ဖြစ်ရပါသည်။ အဝတ်အစားကိုလည်း ကိုင်ကြည့်ရုံမျှဖြင့် အရောင်ကို မှန်မှန်ကန်ကန် ခွဲခြားတတ်ပြန်သည်။

ဟိုယာကျေးရွာသည် ဒိုမိုခိုကျေးရွာနှင့် ခြောက်မိုင်ကျော်ကျော်ဝေးသည်။ တောင်တက် တောင်ဆင်း သွားရသည်။ အချို့နေရာများတွင် တောင်ကမ်းပါးယံ ကျဉ်းကျဉ်းလေးတွင် သွားရသည်။ အနည်းဆုံး ကိုက်(၅၀)ခန့်တော့ ရှိနိုင်သည်။

တစ်ဖက်က မြင့်မားသော တောင်ဖြစ်ပြီး တစ်ဖက်က အသူရာနက်သည့် ချောက်ကြီး ဖြစ်နေ၏။ သွားရသည်မှာ ကြောက်စရာ၊ အသည်းယားစရာ ဖြစ်လှသည်။ ရှောင်ကွင်းသွားနိုင်သည့်လမ်း မရှိ၍သာ သွားနေကြရသည်။

စာရေးသူအပါအဝင် ဖြတ်သွားဖြတ်လာ ပြုနေကြသူများ ခက်ခက်ခဲခဲ သွားနေကြသည်။ ဤခရီးကို ဦးသိုးအီ တစ်ယောက်တည်းသွားသည်။ အခက်အခဲမရှိ၊ ဤသို့ဆိုလျှင် စာရှုသူတို့က တကယ်ဆန်းကြယ်သည်ဟု ဆိုမည်ထင်သည်။

မည်သို့ဆိုစေ လောကတွင် အများက မဖြစ်နိုင်ဟု ယူဆထားသော အရာများသည် အမှန်တကယ် ဖြစ်သည့် ကိစ္စများ များစွာရှိလေသည်။ စာရေးသူသည် ဆန်းကြယ်မှုများကို အထူး စိတ်ဝင်စားပါသည်။ အခြားကလောင်ရှင်များ ရေးသားသည့် ထူးဆန်းမှုများကိုလည်း ဖတ်ရှုအားပေးပါသည်။ စာရေးသူ သိရှိသမျှထဲမှ ထူးဆန်းမှုများကို ဆက်လက်ရေးသား ဖော်ပြသွားပါဦးမည်။ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာဖတ်ပရိသတ်အတွက် အစဉ်ကြိုးစားလျက်...။

*(ဒိုမိုခိုကျေးရွာလေးသို့ အမှတ်တရ)*

**ထီလာကျော်**



www.burmeseclassic.com

www.burmeseclassic.com



ရွှေတောင် ခင်မောင်ကြည်

# သူကတော့ ရောက်ကုန်ကြပြီ (၁)

၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ဖိုးဟာန် ပြည်မြို့နယ်ဝက်ထီးကန် အ.ထ.ကမှာ တာဝန်ထမ်းဆောင်နေတဲ့ အချိန်၊ အမေ့ကိုလွမ်းလို့ တရုတ်မှော်ကို စက်ဘီးနဲ့အပြန်၊ ဂျစ်ကားတစ်စီးပေါ်က ကြေညာသံတစ်ချက်ကို ရွှေဆံတော် စေတီတော်မြတ်ကြီးရဲ့ မြောက်ဘက်စောင်းတန်းအတက် ငါးပွင့်ဆိုင် လမ်းဆုံနေရာမှာ ကြားလိုက်ရတယ်။

**"တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ"** ဆိုတဲ့ အသံ၊ **"တရားတော်များကို ဟောကြား ချီးမြှင့်တော်မူမည်"** ဆိုတဲ့ အသံ၊ ဒီအသံ(၂)သံကိုတော့ ဖိုးဟာန် သေသေချာချာ ကြားလိုက်ရတာ။

"ဘယ်နေရာလဲ၊ ဘယ်တော့လဲ" ဆိုတာကိုတော့ မောင်ဖိုးဟာန် နားလျှံသွားပါတယ်။

ဂျစ်ကားက ဗိုလ်ချုပ်လမ်းအတိုင်း အနောက်ဘက်ကို ဆက်ပြီးမောင်းသွားတယ်။ ဖိုးဟာန် စက်ဘီးကို အသားကုန်နင်းပြီး လိုက်သော်လဲမမီ။ ဂျစ်ကားလေး၊ စက်၏သာရည်။

ပြည်ဘူတာရုံရှေ့ရောက်တော့ အစအနပျောက်နေပြီ။ ဖိုးဟာန် စိတ်ပျက်လို့ သက်မလျှော့ပါဘူး။ ရွှေဘုန်းပွင့် စာကြည့်ပိဋကတ်တိုက်ကို ဆက်ပြီး နင်းသွားတယ်။ အဲဒီမှာ တရားပွဲကျင်းပမယ်လို့ထင်တာ။ စာကြည့်တိုက်မှူးကို တွေ့တော့...

'တောင်တန်းသာသနာပြု ဆရာတော်ကြီး ရွှေဘုန်းပွင့်စေတီတော်ကြီးမှာ တရားချီးမြှင့်တော်မူမှာလား'

'မဟုတ်ဘူးဗျ၊ ဘယ်မှာ ချီးမြှင့်တော်မူမှာလဲ မသိဘူး'

'ဂျစ်ကားတစ်စီးနဲ့ လိုက်ပြီး ကြေညာနေတာဗျ။ တရားချီးမြှင့်မယ့် နေရာကို သဲသဲကွဲကွဲ မကြားလိုက်ရဘူး။ လိုက်တော့လဲ မမီပြန်ဘူး။ ခင်ဗျားတို့များ သိမလားလို့'

'သိတာ တစ်ခုတော့ ရှိတယ်ဗျာ။ အခုအချိန်ဆိုရင် ဦးအားအင်တိုက်မှာရှိမယ်။ အဲဒီကိုသွားပြီး ဖူးမြော် ကန်တော့လိုက်။ မနက်(၉)နာရီ ဦးအားအင်တိုက်မှာပဲ တရားဟောလိမ့်မယ်'

ဖိုးဟာန် ဝမ်းသာလိုက်တာ။ နာရီ ကြည့်လိုက်တော့ (၈)နာရီခွဲတော့မယ်။ စာကြည့်တိုက်မှူးက ဆက်ပြောပြန်တယ်။

'ဦးအားအင်ကို သိသလား။ ဦးအားအင်တိုက်ကိုကော သိသလား'

'ဟုတ်ကဲ့ သိပါတယ်ဗျာ၊ ရင်းနှီးပါတယ်'

ဖိုးဟာန်က ငယ်ငယ် ငါးတန်း ကျောင်းသား။ အဖေက ပြည်မှာ ကျောင်းဆက်ထားတယ်။ ဖိုးဟာန် လေးတန်း အောင်တော့ တရုတ်မှော်က မူလတန်းကျောင်း။ လေးတန်းအောင်ရင် ကြခင်း၊ ထုံးဘိုကြီးသဲ၊ ရွှေတောင်၊ ပြည် တစ်နေရာရာမှာ ကျောင်းဆက်တက်ကြပေရော့၊ မြို့နေကျောင်းစရိတ် တတ်နိုင်ရင်၊ ဆွေမျိုးရင်းချာရှိရင်၊ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေတွေရှိရင် အထက်တန်းကျောင်းရှိတဲ့ နေရာတွေ သွားနေကြ[illegible] ရော့။ မိတကွဲ၊ ဖတကွဲ၊ မျက်စိ[illegible]ယ်၊





www.burmeseclassic.com

www.burmeseclassic.com

နားသူငယ်၊ မလည်မဝယ်။

ထမင်းလခ တစ်လကို (၃၀)ကျပ် ပေးရမယ်။ ရွှေဈေးက တစ်ကျပ်သား ကို (၂၅၀)ကျပ်၊ ကဲ ဘယ့်နှယ်ရှိစ။

ဖိုးဟန်က အမေ့ညီမအရင်းအိမ်မှာ နေတာ။ ဦးမောင်အုန်း။ ဒေါ်စုတဲ့။ ပြည်မြို့ တပ်လမ်းမှာ ဂျစ်ဘော်ဒီရှိ မတ်ကပ်ပြုပြင်ရေး။ ထမင်းလခကို ဘယ်သူတွေပဲ (၃၀)ကျပ် ပေးရပေးရ၊ ဖိုးဟန်ကတော့ (၂၀)ကျပ်ပဲပေးရ တယ်။ ဆွေမျိုးလေ တူအရင်းကြီး။

ထမင်းလခ (၂၀)ကျပ်ဆိုတာကလဲ အဖေနဲ့အမေတို့က အတင်းပေးလို့ ယူကြရတာ။ မယူရင် မဖြစ်လို့ ယူကြ ရတာ။ မယူပါဘူးဆိုတာ အကြောက် အကန် ငြင်းဆန်ကြသေးတာ။ မနည်း ပြောရတယ်။ ယူပါ ယူပါ။

ဦးလေးတို့က ကုန်တင်ကားတစ်စီး နဲ့ လူစီးကားတစ်စီး ထောင်ထားတယ်။ ကားတွေ အိမ်ကို ပြန်ဝင်လာတာနဲ့ ဦးလေးက သူ့သားသမီးတွေနဲ့အတူ ဖိုးဟန်ကို မုန့်ဖိုးပေးတယ်။ တစ်ယောက် တစ်ကျပ်စီ။ လက်ဖက်ရည်တစ်ခွက် တစ်မတ်၊ ကော်ဖီတစ်ခွက် တစ်မတ်။

သူတို့သား အောင်ဌေးနဲ့ တန်းတူ အဝတ်ဆင်တယ်။ အောင်ဌေးတစ် ထည်၊ ဖိုးဟန်တစ်ထည်၊ ကျောင်း သွားပြီဆိုရင် ဖိုးဟန်က မုန့်ဖိုးတောင်း တယ်။ ဖိုးဟန် လက်ဖြန့်လိုက်တာနဲ့ ဒေါ်လေးမစုက ပြား(၅၀)စေ့တစ်စေ့ ပေးရပြီ။

ဒေါ်လေး ဈေးသွားတာနဲ့ ကြုံရင် ဆရာ့ဆီမှာ လက်ဝါးဖြန့်တယ်။ ဆရာ ဆိုတာ ဦးလေး ဦးမောင်အုန်းကိုခေါ် တာ။ ဦးမောင်အုန်းရဲ့ ကားဘော်ဒီပြင် တဲ့ တပည့်တွေခေါ်သလို ဖိုးဟန်က လိုက်ခေါ်တာ။ ဦးလေးလို့ မခေါ်ဘူး။ ဆရာဆိုတာက နှုတ်ကျိုးနေပြီ။



ဖိုးဟန်က ဆရာဆိုတာနဲ့ ဆရာက တစ်ကျပ်တန်တစ်ရွက် ပေးပြီးသား။ အဲဒီနေ့ ဖိုးဟန်နေ့တွက်ကိုက်တယ်။ ဆရာ့ဆီက ပြား(၅၀)စေ့တစ်စေ့ တစ်ခါ မှ မရယူဘူး။ တစ်ကျပ်က ဘယ်တော့မှ မလျှော့ဘူး။ မပေးဘူး တကယ်။

ဖိုးဟန် အဖေက ဦးခင်မောင်၊ အမေ က ဒေါ်အေးကြည်။ တရုတ်မှော်သား။ တရုတ်မှော်သူတွေ။ အိမ်ဆိုင် ရောင်း တယ်။ စားကုန်သောက်ကုန် မီးဖိုချောင် သုံးပစ္စည်း။ ဆန်၊ ဆီ၊ ဆား။ ငရုတ်၊ ကြက်သွန်၊ ငါးပိ၊ ငံပြာရည် စတာတွေ လက်လီလက်ကား ရောင်းတာ။

အဖေဖြစ်ဖြစ်၊ အမေဖြစ်ဖြစ် (၁၅) ရက်တစ်ကြိမ်၊ တစ်ခါတစ်ရံ (၇)ရက် တစ်ကြိမ် ပြည်မြို့ကို ဈေးဝယ်လာရ တယ်။ အမေ ပြည်ကို ရောက်လာရင် ဖိုးဟန်က အမေနဲ့ ဈေးဝယ်လိုက်လိုက် သွားတယ်။ အဲဒီမှာ ဦးအားအင်ကို သိတာ။

အမေက ပြည်မြို့ ပြည်တော်သာ ဈေးကြီးနားက "ဟိုကီတိုက်"မှာ ကုန်မျိုးစုံဝယ်တယ်။ ဦးခင်၊ ဦးစွန်မ၊ ဦးအားအင်တို့က "ဟိုကီတိုက်"ကို တည်ထောင်ကြတာပဲ။

ဖိုးဟန် မိဘတွေက လက်ငင်းဝယ် သလို ခေါက်ပြန်ပေးလဲ ယူခဲ့ရတယ်။ အကြွေး။

ပြည်သူပိုင်တွေ သိမ်းတော့ အဖေနဲ့ အမေက ဟိုကီတိုက်က ယူထားတဲ့ အကြွေးတွေကို အကုန်ဆပ်တယ်။ တစ်ပြားမှ မချန်ဘူး။ တစ်သက် မမေ့ နိုင်တဲ့၊ မေ့မရတဲ့ ကျေးဇူးရှင်တွေလို့ ဖိုးဟန်မိဘတွေက တဖွဖွဆိုတယ်။

ဦးအားအင်တိုက်ကို ဖိုးဟန်ရောက် သွားတော့ တိုက်တံခါးက ပိတ်ထား တယ်။ အသံပြုလိုက်တော့ အမျိုးသမီး တစ်ယောက် ထွက်လာတယ်။ ဖိုးဟန် က ဦးအားအင်နဲ့ တွေ့ပါရစေဆိုတော့ သွားခေါ်ပေးတယ်။

ဦးအားအင် ရောက်လာတော့ တောင်တန်းသာသနာပြု ဆရာတော် ကြီးကို ဖူးတွေ့ပါရစေလို့ ဖိုးဟန်က ပြောတယ်။

ဦးအားအင်ဆိုတာလေ ဝမ်းတွေ့ သာလို့။ မတွေ့ကြရတာလဲ နှစ်ပေါင်း ကြာပေါ့။ ဖိုးဟန်ကို မှတ်မိတယ်ဗျာ။ ချက်ချင်း၊ တိုက်တံခါးကိုဖွင့် ဖိုးဟန် လက်ကိုဆွဲပြီး တိုက်အပေါ်ထပ်ကို ခေါ်သွားတယ်။

ဘုရားခန်းမဆောင်ကြီးက ကြည်ညို စဖွယ်။ တင့်တယ်လိုက်တာ။ ပန်းတွေ ကဝေ၊ အမွှေးနံ့သာတွေက ပျံ့လို့ မြတ်ဗုဒ္ဓ ရုပ်ပွားဆင်းတုတော်ကလဲ သပ္ပါယ်လိုက်တာ လွန်ပါရော။ မရေ တတ်အောင်ပဲ၊ ကဲ လွန်မောက်မိုး

တောင်တန်းသာသနာပြု ဆရာ တော်ကြီးက ဘုရားခန်းမဆောင်ကြီးရဲ့ ရှေ့(၃)တောင်ကွာလောက်မှာ ကြိမ် ကုလားထိုင်ကြီးနဲ့ ထိုင်နေတယ်။ ဦးအားအင်က ဖိုးဟန်ကို တပည့်အဖြစ် လက်ခံတော်မူပါလို့ ဆရာတော်ကြီး လျှောက်ထားတယ်၊ အပ်နှံတယ်။

ဆရာတော်ကြီးက ပြုံးပြုံးကြီး ... တော်ညိတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ဆရာတော်ကြီးရဲ့ ရှေ့မှာတော့ ပုလင်းတွေ တန်းစီပြီး တွေ့ရတယ်။ ရေပုလင်း၊ ဆီပုလင်း၊ အုန်းဆီပုလင်း၊ အအေးပုလင်း၊ ပုလင်းပေါင်းစုံစီ။

ဖိုးဟန်က ဆရာတော်ကြီးရဲ့ လက်ဝဲဘက်မှာ နေရာရတယ်။ လက်ယာဘက်ကို ကြည့်လိုက်တော့ သီလရှင်နှစ်ပါးကို ပရိသတ်ရှေ့ဆုံးမှာ တွေ့ရတယ်။ ရွှေတောင်မြို့ အမ္ဗာရာမစာသင်တိုက်က သီလရှင်ကြီးတွေ။

ဖိုးဟန်ရောက်လာပြီး (၁၅)မိနစ်လောက်ကြာတော့ သီလပေး တရားချီးမြှင့်တော်မူတယ်။ တစ်ဆက်တည်း ပရိတ်တရားတော်များကို ရွတ်ပွားတော်မူတယ်။

မင်္ဂလသုတ် ရွတ်ပွားတော်မူတာ တစ်ဝက်မကျိုးသေးဘူး။ ပုလင်းပေါင်းစုံက ထဆူတော့တာပဲ။ ရေလဲဆူ၊ ဆီလဲဆူ၊ အုန်းဆီလဲဆူ၊ အကုန်ဆူ၊ ဆူချင်တိုင်းဆူ ဝေလျှံကျ။ အောက်က စောက်ပန်းကန်လုံးတွေ ခံထားကြပေလို့။

ပရိတ်တရားတော်များ ရွတ်ပွားဟောကြားတော်မူပြီးတဲ့နောက် ဆရာတော်ကြီးကို ဖိုးဟန်က ခြေစုံဦးခိုက်ကန်တော့လိုက်တယ်။ ဆရာတော်ကြီးရဲ့ ခြေဖမိုးအစုံကို ဘယ်ညာ လက်ဝါးအုပ်၊ ခြေမျက်စိနှစ်လုံးကို လက်နဲ့ဆုပ်နဖူးဆံစနဲ့ တိုက်ပြီး ဦးခိုက်ကန်တော့တာ။

ဖိုးဟန် မော့ကြည့်လိုက်တော့ ဆရာတော်ကြီးက ပြုံးပြုံးကြီး။

'ဖူးတွေ့ချင်တာလဲ ဖူးတွေ့ရပြီ။ စိတ်ကျေနပ်တော့၊ ဒုက္ခဆင်းရဲတွေကတော့ အခုအချိန် ခံရဦးမယ်။ အကုသိုလ်က မကုန်သေးဘူး။ တစ်နှစ်သာသာ ကျန်သေးတယ်။ (၁)နှစ်ကျော်ရင် ကောင်းသွားပြီ။ ချမ်းသာခြင်းသုခ ခံစားရတော့မယ်။



ရဟန္တာ(၃)ပါး ဦးထိပ်ထားလို့ နေ့ညမနားကြည်ညိုမှုသဒ္ဓါတရားနဲ့ ညွှတ်တွားရှိသေ ပူဇော်သက္ကာယပြုလေ ကဲ ကဲ ကျေနပ်တော့ ကျေနပ်တော့'

'ဆရာတော်ကြီးဘုရား တပည့်တော်က ရွှေတောင်မြို့နယ်၊ တရုတ်မော်ရွာကပါဘုရား၊ တပည့်တော်တို့ တရုတ်မော်ရွာကို ကြွရောက်တော်မူပြီး ပရိတ်တရားတော်များ ဟောကြားချီးမြှင့်ပေးတော်မူပါဘုရား'

ဖိုးဟန်ရဲ့ လျှောက်ထားချက်ကို ဆရာတော်ကြီးက လက်ခံတော်မူတယ်။ ကြခင်းမြို့ကနေ ဆက်ပြီးကြွရောက်တော်မူမယ်လို့ မိန့်တော်မူတယ်။

ငါးပါးသီလ ခံယူဆောက်တည်ခဲ့ရ၊ ပရိတ်တော်မြတ်ဒေသနာကို နာကြားခဲ့ရတဲ့ ပီတိက ဘဝင်ချမ်းမြ ရွှင်လန်းရပါတယ်။

ဖိုးဟန် ဆရာတော်ကြီးကို ရှိခိုးကန်တော့ပြီး အမေရှိရာ တရုတ်မော်ရွာကို ဆက်သွားတယ်။ (၃၂)မိုင်ခရီးစက်ဘီးစီးပေရဦးမယ်။

သီလတော်မြတ်ရဲ့အကျိုး၊ ပရိတ်တော်မြတ်ရဲ့တန်ခိုး။ ဆရာတော်ကြီးရဲ့ သိဒ္ဓိတို့ကို မောင်ဖိုးဟန် တစ်လမ်းလုံး တစိမ့်စိမ့်တွေးမိတယ်။ ကောင်းမြတ်တဲ့ ဒီအတွေး။ ကုသိုလ်အဟုန်က အမောပြေစေတယ်။ မမောမပန်း လိုရာစခန်း မြန်းနိုင်ခဲ့တယ်။ တရုတ်မော်ကို မွန်းလွဲ (၂)နာရီကျော်ကျော်မှာ ရောက်တယ်။

နောက်နေ့မှာတော့ ဆွေတွေ မျိုးတွေ အပေါင်းအသင်း သူငယ်ချင်းမိတ်ဆွေတွေ တပည့်တွေကို တောင်တန်းသာသနာပြုဆရာတော်ကြီး တရုတ်မော်ကို ကြွရောက်ပြီး တရားချီးမြှင့်မယ့်အကြောင်း ပြောတယ်။ တရားပွဲကျင်းပရေး ကော်မတီနဲ့ အဖွဲ့ခွဲလေးတွေကို ဖွဲ့တယ်။

အခက်အခဲမရှိ။ လွယ်လွယ်ကူကူ။ မပင်မပန်း။ ရွှင်လန်းဝမ်းသာ။

လွယ်ကူဆို ဖိုးဟန်က တရုတ်မော်ရွာ မလွှန်ရှေး ဆန်လှူသင်းထောက်မှာ အတွင်းရေးမှူးတာဝန်ကို ထမ်းဆောင်ခဲ့သူ။ စစ်ကိုင်းမြို့ မြစကြာဆရာတော်ဦးလက္ခဏ၊ သီတဂူကြယ်တစ်ပွင့် ရွှေပြည်ဟိန်းဆရာတော် ဦးခေမာသီရိ လက်ာရတို့ တရားတော်များ ဟောကြားချီးမြှင့်ခဲ့ကြတယ်။ တရားပွဲကြီး ခြိမ့်ခြိမ့်သဲလို့။

တရုတ်မော်ရွာ ဥသျှစ်ပင်ကျောင်းမွှာရုံကြီးရှေ့မှာ (၉)ပင် (၃၂)ခန်း မဏ္ဍပ်ကြီးကိုထိုးတယ်။ ယိုးဒယားပန်းနွယ်ပန်းခက်တွေနဲ့ နတ်ဘုံပေါက်လို့ အံ့လောက်စရာ။

တရားပွဲတွေမှာ ရပ်ဝေးရပ်နီး တရားနာပရိသတ်တွေကို ထမင်းကျွေးတယ်။ အလှူခံရတဲ့ငွေထဲက တစ်ပြားမှ မပါဘူး။ လုံးဝ မသုံးဘူး။ ရှင်းရှင်းလေး၊ ဦးအေးငွေ+ဒေါ်အေးသောင်း၊ ဦးသိန်းအေး+ဒေါ်ခင်နွဲ့၊ ဦးညိုဝင်း+ဒေါ်မြငွေ တို့ မိသားစု(၃)စုက ပေါင်းစုတဲ့ဒါန အလှူ။ တိုက်မကွဲ။ စားချင်သလောက် စား



www.burmeseclassic.com

www.burmeseclassic.com

ကြစမ်း။ ကလေးတွေဆိုရင် ထမင်းထုပ် တစ်ယောက်တစ်ထုပ်စီ ကမ်းလို့။

ထမင်းကို ချက်တဲ့ဆန်က လုံးသွယ်မွှေး။ ကြာဆံရောတဲ့ ပဲကြီးဟင်းချို၊ အခတ်က ကြက်သား။ ငါးကြင်းအသားတွဲ ငါးခြောက်သနပ်၊ သရက်သီးပိုးတီချဉ်၊ ငရုတ်သီးကြော် တော်ပါတော့လို့ ပြောယူရလောက်တဲ့ ဟင်းလိုက်ပွဲတွေနဲ့။

တရားပွဲအပြီး ခရီးဝေးအပြန်မှာ ခြေကျင်ပြန်ကြသူတွေကို ထမင်းထုပ် တစ်ယောက်တစ်ထုပ်။ လှည်းနဲ့ ပြန်ကြရင် လှည်းပေါ်ပါကြတဲ့ (၅)ယောက်၊ (၆)ယောက်အတွက် (၅)ထုပ်၊ (၆)ထုပ်။

အိမ်ပြန်ရောက်တာနဲ့ အာဟာရအတွက် ကြောင့်ကြစရာမလို။ ထမင်းထုပ်ကို ကိုယ်စီကိုယ်စီ ဖြေပြီးတော့ စားလိုက်ကြရုံပဲ။ ကဲ မကောင်းဘူးလား။ ကောင်းလိုက်တဲ့အလှူ၊ နှစ်တိုင်းအလှူ။

တစ်နှစ်တော့ ဥသျှစ်ပင်ကျောင်း ကျောင်းသစ်တက်ပွဲ၊ ကျောင်းအပ်ပွဲ၊ ရဟန်းခံပွဲ၊ မလွန်ဈေးဆန်လှူသင်းထောက်တရားပွဲ၊ စစ်ကိုင်း သီတဂူ အာယုဒါန သံဃာ့ဆေးရုံတော်ကြီးအတွက် ဝတ္ထုငွေ လှူဒါန်းကြတဲ့ အလှူတော်ငွေ ရေစက်ချပွဲ ပွဲပေါင်းကိုစုံလို့ ပျော်ပျော်ကြီး လှူလိုက်ကြတာ။

အလှူဆိုရင် ဖိုးဟန်က ဖြောင့်စည်နဲ့ လှူချင်တယ်။ ဆိုင်းတွေဗိုင်းတွေ ထည့်ချင်တယ်။ ဝါသနာဘာဂီ ဆက်တိုင်းရယ်မီလို့။

ဖိုးဟန်ကြံပြီ။ မကောင်းသူထိပ်၊ ကောင်းသူထိပ် ဦးအေးငွေ၊ ဦးသိန်းအေး၊ ဦးညိုဝင်းတို့ထိပ်။

အလှူကြီးကို ဆိုင်းနဲ့ဗိုင်းနဲ့လှူမယ်။ ကြခင်းမြို့က စိန်ပိုလ်ဝင်းဆိုင်း။ ရန်ကုန်ဝါစီပါတယ်။ တရုတ်မှော်ရွာ မလွန်ဈေးဆန်လှူသင်းထောက် အဖွဲ့ဝင်တွေ တတ်နိုင်သလောက် ထည့်ကြ။ လိုတဲ့ငွေမှန်သမျှ ကောင်းသူထိပ် (၃)ယောက်က အညီအမျှခံ။

အကြံအဖန်ကောင်းတဲ့ မောင်ဖိုးဟန်၊ ဟန်ကို ကျသွားတာပဲ။

ကောင်းသူထိပ် (၃)ယောက်ကလဲ တစ်ယောက်ကမှ မငြင်း။ တင်းတင်းကြီးလှူကြ၊ စည်ကားသိုက်မြိုက် နယ်တစ်ဝိုက်မှာ မရှိ၊ ကြီးပါဘိ ဒီအလှူ။

အဲသလိုပဲ...

တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရရဲ့ တရားပွဲကြီးကိုလဲ စည်စည်ကားကား သိုက်သိုက်မြိုက်မြိုက် ပျော်ပျော်ရွှင်ရွှင်ကြီး ကျင်းပမယ်။ မောင်ဖိုးဟန် အားမတန်လို့ မာန်လျှော့ရတယ်ဆိုတာ အဖြစ်မခံနိုင်ဘူး။

''ဘာလဲဟဲ့ အောင်မောင်း၊ တောင့်ထား'' ငယ်ငယ်က ကြားဖူးတဲ့ ဇာတ်စကား နားထဲက မထွက်၊ ရှေ့ချီတက်၊ တစ်ကွက်ကလေး နောက်မဆုတ်၊ အဟုတ်။

တရုတ်မှော်ကို ဖိုးဟန် ရောက်နေတာ (၃)ရက်ရှိပြီ။ ဒီဇင်ဘာကျောင်းပိတ်ရက်။ ဘာငဲ့ကွက်စရာ ရှိမတုန်း။ ကြိတ်လိုက်စမ်း ဖေ့သား၊ တရားပွဲကြီးအတွက် အပြတ်စီစဉ်။

အဲဒီနေ့ နေမွန်းလွဲတော့ ဖိုးဟန်ဆီကို ဦးလှတင် ရောက်လာတယ်။ ငယ်သူငယ်ချင်း ပြောမနာ၊ ဆိုမနာ။ ပွဲထောင်မော်တော်လေးရဲ့ ပိုင်ရှင်။ တရုတ်မှော်နဲ့ကြံခင်း နေ့ချင်းပြန်ပြေးဆွဲ၊ ရက်နားမရှိ၊ ရက်ခြားမရှိ နေ့စဉ်။

'တောင်တန်းသာသနာပြု ဆရာတော်ကြီး ကြံခင်းကို ကြွလာပြီ။ ရေဝန်းကျောင်းတိုက်မှာ တည်းခိုသီတင်းသုံးတယ်။ ကနေ့ည တရားချီးမြှင့်မယ်'

'ဟေ့ မြန်လှချည်လားဟ၊ မင်းဖူးတွေ့ခဲ့ရသလား'

'မဖူးခဲ့ရဘူး။ ဦးကြည်ပြောတာ'

ဦးကြည်ဆိုတာ ဒေါ်ခင်ညိုရဲ့ခင်ပွန်း။ ရေဝန်းကျောင်းတိုက် ဆရာတော် ဦးဒေဝိန္ဒရဲ့ ရဟန်းဒကာ၊ ဒကာမတွေ။ ကြံခင်းမြို့ ဈေးကြီးနားမှာ နေတယ်။ တရုတ်မှော်အဆက်တွေ။ တရုတ်မှော်ကနေ ကြံခင်းကို ပြောင်းသွားကြတဲ့သူတွေ။

ဒါဆိုရင် သေချာပြီ။ တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ ကြံခင်းမြို့ကို ကြွရောက်သီတင်းသုံးနေပြီ၊ တရားစည်ကြီး ရိုက်တီးခါ[illegible] သတ္တဝါတွေ ကယ်တော့မယ်၊ ဘေးရန်[illegible] မာန် အန္တရာယ်ကင်းပျောက် ချမ်းသာခြင်း ရောက်တော့မယ်။

တောင်တန်းသာသနာပြု ဆရာတော်ကြီးရဲ့ တရားကို နာကြားနိုင်ကြ[illegible] အတွက် ဖိုးဟန် စီစဉ်ပြီ။

'ဖိုးလှတင် မင့်မော်တော်ကို အသင့်ပြင်ထား၊ ကနေ့ညနေ(၅)နာရီမှာ တရုတ်မှော်ကနေ ကြံခင်းကိုသွားမယ်[illegible] ဆရာတော်ကြီး တရားကို သွားနာ[illegible] မယ်'

'တရားနာသွားမယ်ဆိုရင် မော်တော်[illegible] မယူဘူး။ နိဗ္ဗာန်ကူးတို့ ပို့မယ်'

ဖိုးလှတင်က ဒီတစ်ခါသာမဟုတ်[illegible] ဘူး၊ အခါခါပဲ။ နိဗ္ဗာန်ကူးတို့ ပို့ခဲ့တယ်[illegible] ကြံခင်းမှာ ဘာတရားပွဲရှိရှိ နိဗ္ဗာန်ကူး[illegible] ပို့တာပဲ၊ အခုလဲ ပို့ပြန်ပါပြီ။

ဖိုးဟန် ချက်ချင်းပဲ အသံချဲ့စက်[illegible] ကြေညာတယ်။ တရုတ်မှော်ရွာ[illegible] လုံး ကြားရတယ်။

'ကြံခင်းမြို့ ရေဝန်းကျောင်းတိုက်[illegible]

www.burmeseclassic.com

www.burmeseclassic.com

ဓမ္မာရုံကြီးမှာ ကန္နေ့ည တရားပွဲရှိတယ်။ တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ အရှင်သူမြတ်က တရားတော်များကို ဟောကြားချီးမြှင့်တော်မူမယ်။

တရားတော်မြတ်ကို နာကြားကြလိုသူများ ညနေ(၅)နာရီအချိန် မော်တော်ဆိပ်သို့ ကြွရောက်တော်မူကြပါ။ မော်တော်ပိုင်ရှင် ဦးလှတင်မိသားစုက နိဗ္ဗာန်ကူးတို့ ပို့ပါလိမ့်မယ်'

ညနေ (၄)နာရီခွဲကျော်ကျော်လောက်မှာ လူစုံနေပြီ။ ခဏစောင့်ကြပြီး ညနေ (၅)နာရီမှာ မော်တော်ထွက်တယ်။ ညနေ (၆)နာရီ မထိုးသေးဘူး။ ကြံခင်းမြို့ကို ရောက်နေပြီ။ ရေကလဲ ရေစုန်။ ဘယ်ဆိပ်ကမ်းမှလဲ မကပ်ဘူး။ တိုက်ရိုက်ကြံခင်းဆိုတော့ မြန်တာပေါ့။

ကြံခင်းမြို့ဆိပ်ကမ်းကလဲ မြို့ရဲ့ အစပ် ကမ်းကိုကပ်ပြီး မော်တော်ဆိုက်တာ။ အခုလို သောင်ပြင်ထိုးကျပြီး မြေနုကျွန်းပေါ် နေတာ မဟုတ်ဘူး။ တက်ခါဆင်းခါလေးရယ်။

ကြံခင်းမြို့ကို ရောက်တာနဲ့ ရေဝန်းကျောင်းတိုက်ကို ချီတက်ကြတယ်။ မော်တော်ပေါ်မှာ ပါလာတဲ့ တရားနာပရိသတ်က အများကြီး။ လူတန်းအရှည်ကြီး။ ပျော်စရာကြီး။ ရေဝန်းကျောင်းတိုက်ဓမ္မာရုံထဲမှာ ပရိသတ်တွေ နေရာယူကြပြီ။

ရေဝန်းဆရာတော် ဦးဒေဝိန္ဒဆိုတာက ဦးကြည်၊ ဒေါ်ခင်ညိုတို့နဲ့ ပတ်သက်ပြီး ဖိုးဟန်နဲ့က ဆရာဒကာဖြစ်နေတာ။ ဖိုးဟန်တို့ကို အပြုံးနဲ့ ကြိုဆိုတယ်။ ဖိုးဟန်ဇာ့က ရှိခိုးဦးချ ကန်တော့ကြတော့ ပြုံးတော်မူလို့ ဆုတွေပေးတယ်။

သူတော်ကောင်းတို့ စိတ်သဘော



ပြောစရာမလို။

တောင်တန်းသာသနာပြု ဆရာတော်ကြီးကို ဖူးတွေ့ဖို့ ဖိုးဟန်တို့ကို ခေါ်သွားတယ်။ ဆရာတော်ကြီးက အိပ်ရာပေါ်မှာ လှဲနေတယ်။ ဟောကြားမယ့် တရားတော်တွေကို စီနေတယ် ထင်ပါရဲ့။

ဖိုးဟန်တို့က ကန်တော့ကြတော့ ထပြီးထိုင်တော်မူတယ်။ ခြေကလေးစင်းလို့။

ဖိုးဟန်က ဆရာတော်ကြီးရဲ့ ခြေအစုံကို လက်နဲ့နှိပ်ပြီး ကန်တော့ချင်တယ်။ စိတ်ထဲက ဆန္ဒ။ နှုတ်ကတော့ မဟာပါဘူး။ ဆရာတော်ကြီး အဲဒါကို သိတယ်ဗျာ။ အံ့ရော။

ခြေတော်အစုံကို ခင်းပေးတယ်။ ဖိုးဟန်နဲ့ ဦးသိမ်းမောင်တို့ နှိပ်လိုက်ကြတာ မနှားဘူး။ ဦးသိမ်းမောင်က ဆရာတော်ကြီးရဲ့ ခြေသလုံးတော်ကို ကြည့်ချင်တယ်။ ဖိုးဟန်ကလဲ ဒီအတိုင်းပဲ။

ဦးသိမ်းမောင် နှိပ်နေရင်းက သက်နိုးစလေးကို အပေါ်ဘက် နည်းနည်းလေး ဆွဲတင်တယ်။ ဆရာတော်ကြီးက လက်နဲ့ဆွဲဖုံးတယ်။ ခဏလေးကြာတော့ ဆွဲတင်ပြန်တယ်။ ဆွဲဖုံးပြန်တာပဲ။ ဦးသိမ်းမောင်ဆိုတာ (၃)ကြိမ် မမြောက်ဝံ့တော့ဘူး။ မြင်လိုက်ရတဲ့ သလုံးတော်က ဝင်းနေတာပဲ။

ဖိုးဟန် ဆရာတော်ကြီးရဲ့ ခြေသလုံးသေး ကြွက်သားကို နှိပ်နေရင်း၊ နှိပ်နေရင်း မာ့မာလာတယ်။ တဖြည်းဖြည်းတိုတိုကြီး မာလာလိုက်တာ ဖိုးဟန် နှိပ်နေတဲ့ လက်တွေက သံချောင်းကြီး ကိုင်နေရသလိုပဲ။

ဘယ်ဘက်က နှိပ်နေတဲ့ ဦးသိမ်းမောင်ကို မျက်ရိပ်ပြပြီး ဖိုးဟန်က ဆရာတော်ကြီးရဲ့ ဘယ်ခြေသလုံးကို၊ ဦးသိမ်းမောင်က ညာခြေသလုံးကို လက်ကျော်လို့ ဘက်ပြောင်းပြီး နှိပ်လိုက်ကြတယ်။

ဘယ်ဘက်ခြေသလုံးက ပျော့ပျော့လေး။ တကယ်ပဲ။ ပြောင်းပြန်ကြီး။ အပြောင်းအလဲတစ်ခု။ တောင့်တင်းခိုင်မာ ပျော့ပျောင်းနူးညံ့မှု။

ဦးသိမ်းမောင်က ဖိုးဟန်ကို မျက်လုံးကြီး လှန်ပြီးကြည့်တယ်။ လူသံချောင်းကြီးနဲ့တွေ့နေပြီ။ မောင်သိမ်းမောင် ဆလ်သပေရော့။ အံ့သြဖွယ်။ လက်လန်ပြီ။

ဖိုးဟန် နှိပ်နေရင်း ပျော့ရာက သံချောင်းကြီးလို မာလာပြန်ပြီ။ ဘယ်နဲ့ညာ ပြောင်းပြီး နှိပ်လိုက်ကြပြန်ပြီ။ ညာခြေသလုံး ကြွက်သားက ပျော့လို့။ နှိပ်ရင်း၊ နှိပ်ရင်း ညာခြေသလုံးရဲ့ အထက်ပိုင်း ဒူးခေါင်းအောက်က မာပြီး ခြေကျင်းဝတ်အထက်က ပျော့နေပြန်တယ်။ အပေါ်နဲ့အောက် အပြန်ပြန် အလှန်လှန် ပျော့လိုက် မာလိုက် ဖြစ်နေတယ်။

ဒါတင်ဘယ်ကမလဲ။ ခြေသလုံးတော် အထက်ကြွက်သားက ပူနေတယ်။ ခြေချင်းဝတ်က တစ်ပတ်လည်က အေးနေပြန်ပြီ။ တစ်ခါ ကြွက်သားက အေးနေပြီး ခြေချင်းဝတ်က နွေးနေပြန်ပါရော။ တော်တော်ထူးခြားပါလား။

ရှေ့လ ဆက်ဖတ်ပါရန်

**ရွှေတောင် ခင်မောင်ကြည်**



www.burmeseclassic.com

www.burmeseclassic.com



ဦးသန်းဝင်း
(ချောင်းနက်)

ကျွန်တော်၏

# တောကျွန်းသချွေးပြိုကျွန်း

ဖြစ်ရပ်မှန် (၈၇)

မှတ်ပုံးစာရ

တစ်နေ့ နေ့စဉ်မှတ်တမ်းစာအုပ် အဟောင်းများတွင် လှန်လှော်ရှာဖွေခဲ့ရာ တစ်နေရာတွင် "**မှတ်ပုံးစာရ**"ဟု ရေးမှတ်ထားသည်ကို တွေ့ရပါသည်။

နေ့စွဲ၊ ရက်စွဲမှာ **၁၉၆၅ ခုနှစ်၊ ဇူလိုင်လ(၂၅)ရက်** ဖြစ်ပါသည်။

ပြန်ပြောင်း စဉ်းစားလိုက်သောအခါ နေပြည်တော်ပျဉ်းမနား အရှေ့ပိုင်း သစ်ထုတ်ရေးဆိုင် ရေနီကြိုးဝိုင်း၊ ကွင်းအမှတ်(၄၉) ပတ်လည်ကြီးစခန်းမှာ နေထိုင် အလုပ်လုပ်စဉ်ကဖြစ်မှန်း သိရှိလာပါသည်။

ပတ်လည်ကြီးစခန်းဆိုတာကတော့ ရေနီချောင်းများထဲ စီးဝင်ရာ ချောင်းကလေးတစ်ချောင်းဟာ မြင့်မားလှသော တောင်ထီးထီးကြီး တစ်လုံးကို ကွေ့ပတ်စီးဆင်းခဲ့ရာ ချောင်းများနှင့် ပြန်ဆုံဖို့ (၈)ပေခန့် အမြင့်အလိုသာ ဖြစ်နေပါသည်။

ထိုနေရာမှ ကျောက်ဆောင်ကို ဖြိုချ၍ သစ်များ မျှောချဖူးသည်ဟု ဆိုပါသည်။ ရေများများ စီးဆင်းပါက ထိုနေရာမှ ရေများ ကျော်ကျကာ ဖြတ်၍ စီးဆင်းပါသည်။

ထိုမှ ချောင်းရေပတ်လည်ဝိုင်းကာ စီးနေသဖြင့် "**ပတ်လည်ကြီးစခန်း**" ဟု ခေါ်တွင်ခြင်း ဖြစ်ပါသည်။

ဤကဲ့သို့ ပြန်ပြောင်း စဉ်းစားလိုက်



www.burmeseclassic.com

www.burmeseclassic.com

ရာ စာရေးသူမှာ ငယ်မူငယ်သွေးများ ပြန်ဖြစ်ပေါ်လာပြီး စိတ်ရောကိုယ်ပါပင် ပတ်လည်ကြီးစခန်းသို့ ပြန်ရောက်သွားပြီဟု ထင်မိပါသည်။

ထိုချောင်းကလေး ကွေ့ပိုက်,ပတ်ဝိုင်းကာ စီးဆင်းနေသည့် တောင်ဝိုင်းကြီးမှာ အလွန် မြင့်မားမတ်စောက်ပါသည်။ သစ်ပင်စားပင်၊ ချုံပင်များဖြင့် ပြည့်ကျပ်စွာ ပေါက်ရောက်နေပါသည်။

မတ်စောက်သဖြင့် ဆင်များလည်း ထိုတောင်ပေါ်တက်၍ အစာရှာမစားကြပါ။ ဆင်များ မတက်ရောက်တော့ ဆင်ဦးစီးများလည်း ထိုတောင်ပေါ်သို့ မတက်ဘူးကြပါ။

တောင်ပေါ်မရောက်တော့ တောင်ပေါ်၊ တောင်ထိပ်တွင် ဘာတွေရှိသည်ကိုလည်း မသိကြပါ။ ထို့ကြောင့် ချောင်းအုပ်ကြီး ဦးထွန်းမောင်က...

'အေး...အဲဒီတောင်ပေါ်ကို တို့အလုပ်အား၊ ရာသီဥတုကောင်းတဲ့ တစ်နေ့ တက်လည်ကြတာပေါ့'

ဟု ဆိုရာ စာရေးသူလည်း...

'အင်း...ဒီထူးဆန်းတဲ့ တောင်ပေါ်မှာ တစ်ခုခုတော့ ရှိမှာပဲ'

ဟု တွေးတောကာ သွားလည်မည့်ရက်ကိုသာ စောင့်နေခဲ့ပါသည်။

သို့သော် ထိုစခန်းတွင် သုံးနှစ်သုံးမိုးမျှ အလုပ်လုပ်ခဲ့ပြီး အခြားကြိုးဝိုင်းများသို့ ပြောင်းလို့သာ လာခဲ့ရော၊ ထိုတောင်ပေါ်သို့ မတက်ဖြစ်ခဲ့ပါ။

ယခု စာရေးနေချိန်မှာပင် ထိုတောင်ပေါ်သို့ ရောက်လိုစိတ် တဖွားဖွား ပေါ်ပေါက်နေပါပြီ။

သို့သော် ခရီးက ဝေးလှသော တောတောင်ကန္တာရမို့ တစ်ကြောင်း၊ စာရေးသူ အသက်ကြီးသွားပြီဖြစ်၍ တစ်ကြောင်း ဒီတစ်သက်တွင်တော့ ထိုချောင်းပတ်လည် တောင်ကြီးပေါ်သို့ မရောက်နိုင်တော့ပါဟု ရင်မောစွာ တွေးမိပါသည်။



စာရေးသူက တောတွင်းရောက်ဖူးခါစ တောတောင်ရေမြေအကြောင်းကို ဘာမှမသိ၊ မတတ်သေးပါ။ အစစအရာရာ ချောင်းအုပ်ကြီးကိုသာ အားကိုးနေရပါသည်။

---

## မျှစ်ပိုးတွေ့ရ

---

ထိုစခန်းရှိ အတူနေ ဆင်သမားများထဲမှ "ဦးရွှေ"ကတော့ စာရေးသူတို့အဖွဲ့ကို အချစ်ခင်ဆုံး၊ သံယောဇဉ်အရှိဆုံးပါ။ သားငါးရပြီဆိုလည်း အရင်ဆုံး ပေးစားပါသည်။ အဖျင်းဆုံး မျှစ်ကအစ ချိုးကျွေးပါသည်။

စာရေးသူတို့ကလည်း မြို့ပြန် လစာထုတ်တိုင်း ကိုရွှေဖို့ "တောင်ငူ ရွှေနှင်းဆီ" ဆေးလိပ်တစ်စည်း၊ ဆေးတံသောက် ဆေးမှုန့်တစ်ထုပ်တော့ ပါမြဲပါ။ ဦးရွှေကလည်း ဝမ်းကို သာလို့ပါ။

တစ်နေ့သောနံနက်ခင်း ဆင်ကောက်ပြီး အပြန်တွင် ဦးရွှေ၏ လက်ထဲတွင် "ကြပန်းခိုင်"ကဲ့သို့ ဝါးခြမ်းကို အစိတ်စိတ် ပြုလုပ်ကာ မျှစ်အရင်းပိုင်းများကို ထိုးရိုက်၍ ဆွဲလာသည်ကို မြင်ရပါသည်။

ဦးရွှေ အသွင်အပြင်က ထူးနေ၍ စာရေးသူ စပ်စုမိပါသည်။ အခါတိုင်း မျှစ်ချိုးလျှင် ပလိုင်းနှင့် ထည့်လာတာပါ။ အခုတော့ ဝါးနှင့်တွဲလာတာပဲ၊ စာရေးသူမှ...

'ဗျို့...ဦးရွှေ ဘာတွေလဲဗျာ'

ဟု မေးရာ ဦးရွှေက...

'ဆရာလေးရေ... မျှစ်ချိုးလာတာပါ'

တဲ့။

'ဘာမျှစ်မို့လဲဗျာ့'

ဟု မေးရာ ဦးရွှေက...

'ဝါးယားမျှစ်ဗျာ့ လက်နှိုက်ရင် ယားမှာစိုးလို့ အခုလို ဝါးနဲ့ သီလာတာ'

ဟု ဖြေပါသည်။

စာရေးသူက မနေသေး။

'ဦးရွှေရဲ့ လူယားပါတယ်ဆို ဘာလို့ ချိုးလာတာလဲ'

ဟု မေးရာ ဦးရွှေက...

'ဝါးယားမျှစ်က စားလို့ ကောင်းသဗျာ့။ မျှစ်ပြုတ်ပြီး ခင်များတို့ကို ပေးစားပါမယ်'

ဟု ဆိုကာ မျှစ်များကို ပြုတ်လိုက်ပါသည်။ အတော်ကြာသောအခါ ကိုညဏ်မောင်လေးကို ခေါ်၍ ဝါးယားမျှစ်ပြုတ် (၄-၅)ချောင်းပေးပါသည်။

ကိုညဏ်မောင်လေးက ငါးပိချက် စပ်စပ်ချက်၍ မျှစ်ပြုတ်တို့စရာဖြင့် စီမံကျွေးရာ စာရေးသူရော ဦးထွန်းမောင်ပါ စား၍ ခံတွင်းတွေ့လှပါသည်။ ဝါးယားမျှစ်မှာ ပျော့ပျောင်း နူးညံ့၍ ချိုဆိမ့် အရသာရှိပါသည်။

နောက်နေ့ နံနက်စောစော ဆင်ကောက်ကအပြန်တွင် လွယ်အိတ်အတွင်းမှ ဝါးကျည်တောက်တစ်လုံးကို ထုတ်ယူကာ ပန်းကန်ပြားတစ်ချပ်ထဲသို့ မှောက်သွန်ကာ စာရေးသူအား ပုံမ်း



www.burmeseclassic.com

www.burmeseclassic.com

ခေါ်သဖြင့် စာရေးသူ ဦးရွှေတဲဘက် ကူးခဲ့ပါသည်။

နောက်မှ ကိုညာဏ်မောင်လေးလဲ ပါလာပါသည်။ ဦးရွှေမှ ပန်းကန်ပြားထဲမှ''ပိုးကောင်''ကလေးများကို ပြပါသည်။ ပိုးကောင်များ သေနေပါပြီ။

ခေါင်းနီညိုကလေးနှင့် အီကုတ်အကောင်နုနှင့် တူပါသည်။ အီကုတ်ထက် အတော်သေးပါသည်။ ''ဝင်ရိုး'' လုံးခန့်နှင့် အရွယ်နှစ်လက်မခန့်သာ ရှိပါသည်။ စာရေးသူမှ...

'ဦးရွှေရဲ့ ဘာကောင်တွေလဲဗျာ့'

ဟု မေးရာ ဦးရွှေမှ...

'အဲဒါ မျှစ်ပိုးတွေပါ'

ဟု ပြန်ဖြေပါသည်။ စာရေးသူတို့ တစ်ခါမှ မတွေ့ဘူးပါ။

စာရေးသူမှ ဆက်လက် စပ်စုရာ ဦးရွှေက မျှစ်ပိုးအကြောင်း အောက်ပါအတိုင်း ပြည့်ပြည့်စုံစုံ ပြောပြပါသည်။

'အဲဒါမျှစ်ပိုးဗျာ၊ ကြော်စားရတယ်။ အလွန်ဆိမ့်တယ်ဗျာ။ ဝါးမျှစ်ထဲက ရတာလေ။ တော်တော်ရှားတယ်။ တစ်မနက်လုံး မျှစ်ချိုးသော်မှ အလွန်ဆုံး(၇)ကောင်၊ (၈)ကောင် ရတတ်တာ'

ဤသို့ပြောရင်း ရေနွေးအိုးကို မီးဖိုပေါ်မှချကာ အိုးကင်းတည်၍ ဆီအနည်းငယ် ထည့်ပါသည်။

ဆီကျက်သောအခါ ဆားနှင့်နယ်ထားသော မျှစ်ပိုးများ ထည့်၍ ကြော်နေသဖြင့် စကားပြတ်သွားပါသည်။ စာရေးသူတို့လည်း ဦးရွှေ လုပ်ကိုင်နေသည်ကို ကြည့်နေကြပါသည်။

ဦးရွှေက မျှစ်ပိုးများ တောင့်တင်းဖောင်းလာကာ နီလာသောအခါ အိုးကင်းကို အောက်ချကာ မျှစ်ပိုးများကို ပန်းကန်တစ်ချပ်ထဲသို့ ထည့်လိုက်ပါသည်။ ပြီးမှ စာရေးသူက...

'ဦးရွှေရဲ့ မျှစ်ပိုးရပုံလေး ပြောပါဦးဗျာ'

ဟု ဆိုလိုက်ရာ ဦးရွှေမှ...

'အဲဒီမျှစ်ပိုးကို မျှစ်ထဲက ရပါလေဗျာ။ မျှစ်ပိုးထိုးတဲ့ မျှစ်ဟာ တခြားမျှစ်တွေနဲ့ မတူဘူး။ အဖျားနည်းနည်းခြောက်ပြီး သေးပုနေတယ်။ အဲဒီမျှစ်ကို ချိုးပြီး တခွဲခွဲကြည့်ရင် မျှစ်ပိုးတွေ့တယ်။

အဲဒီမျှစ်ပိုးရှိတဲ့ မျှစ်ဟာ မကျော့ကြွပ်သတ်လိုက်နေတယ်။ စားမကောင်းဘူး။ ဒါကြောင့် မျှစ်ချိုးသမားများက ချိုးမယူကြဘူး။ မျှစ်ပိုးလိုချင်တဲ့သူကသာ အဲဒီမျှစ်ပုကို ချိုးယူတာဗျာ။ ကိုင်း...မျှစ်ပိုးကြော်ကို ရေနွေးနဲ့ မြည်းကြပါ'

ဟု ပြောပါသည်။

စာရေးသူ၊ ကိုညာဏ်မောင်လေးနှင့် ဦးရွှေတို့ ရေနွေးဝိုင်းဖွဲ့သောက်နေစဉ် ချောင်းအုပ်ကြီးလည်း ရောက်လာ၍ မျှစ်ပိုးကြော်ကို တွေ့သောအခါ...

'ဟေး... အမြည်းကောင်းတွေပါလား။ ဟဲ့...မောင်ညာဏ်မောင်၊ တဲပြန်ပြီး အရက်ပုလင်းသွားယူပါ'

ဆိုသဖြင့် ကိုညာဏ်မောင်လေး အရက်ပုလင်း ယူပေးရပါသည်။ ဦးထွန်းမောင်က အရက်နှင့် မြည်းပါသည်။ စာရေးသူတို့ကတော့ ရေနွေးနှင့် သောက်ကြပါသည်။

မျှစ်ပိုးက အလွန်ဆိမ့်ပါသည်။ အဆိမ့်အရသာရှိ စားဖူးသောအရာများတွင် အဆိမ့်ဆုံး ဖြစ်ပါသည်။ မြို့ပေါ်မှာ ရကြသည်၊ စားကြသည့် ပုစွန်တုပ်ကွေး၊ ပုရစ်ကြော်တို့ထက် ဆိမ့်ပါသည်။

အဆိမ့်ဆုံး၊ အကောင်းဆုံး၊ အရသာရှိဆုံးဆိုတဲ့ **''ဖွတ်ဥ၊ လိပ်သဲ၊ ကျွဲနို့ခဲ''**ထက် ဆိမ့်ပါသည်။ အီကုတ်လည်း ဆိမ့်ပါသည်။ ပျားကောင်နု၊ ပျားသန်ကောင်နုတို့လည်း ဆိမ့်ပါသည်။

အချိန်မှာလည်း နံနက်(၁၀)နာရီခန့် ရှိပါပြီ။ အလုပ်အားသောရက်မို့ ဖြည်းဖြည်းအေးအေး ရေနွေးသောက်နေကြပါသည်။

စာရေးသူတို့လည်း မျှစ်ပိုးကြော်တစ်ကောင် ကောက်မြုံ့လိုက်၊ ရေနွေးသောက်ချလိုက်နှင့် အရသာတွေ့နေကြပါသည်။ ချောင်းအုပ်ကြီးက အရက်နှင့် မြည်း၍ ပိုအဆင်ပြေနေပါသည်။

ချောင်းအုပ်ကြီးက...

'ကိုရွှေ...ခင်ဗျားကို ကျေးဇူးတင်တယ်ဗျာ။ ဒါပေမယ့် နောက်ကို မျှစ်ပိုး မရှာခဲ့နဲ့တော့။ ဒီကောင်တွေကို (စာရေးသူနှင့် ကိုညာဏ်မောင်လေးတို့အား မေးငေါ့၍က) မျှစ်ပိုးရတိုင်း စားရင် ဖျားကုန်မယ်'

ဟု ပြောပါသည်။

**မျှစ်ပိုးမှာ အလွန်ဆိမ့်၍ များများစားပါက ဖျားတတ်သည်။ ငှက်ဖျားရှိသူများ စားမိပါက အဖျားမပြတ်နိုင်**''ဟု သိရပါသည်။ ဦးထွန်းမောင် ဤသို့ ဟန့်လိုက်မှ စာရေးသူတို့လည်း ''လန့်''ကြောက်သွားကာ မစားဘဲ ရပ်လိုက်ရပါသည်။

ဤစာစုဖြင့် ဆင်သမားဦးရွှေ၊ ချောင်းအုပ်ကြီး ဦးထွန်းမောင်တို့အား အမှတ်ရမိပါသည်။ ဦးထွန်းမောင်ကတော့ အနိစ္စရောက်တာ ကြာပါပြီ။

ဦးညာဏ်မောင်လေးကတော့ ချောင်းနက်အရှေ့ရွာတွင် ဇနီး၊ သားသမီး၊ မြေးများနှင့် အသက်ရှိထင်ရှား ပျော်ရွှင်လျက်ပါ ခင်ဗျား။

*အားလုံး ကျန်းမာ ချမ်းသာကြပါစေ*

ဦးသန်းစိုး (ချောင်းနက်)



www.burmeseclassic.com

www.burmeseclassic.com





ရွှေကာဓိ
(ကျောက်မျက်)

# တွေ့ရကြုံရ ကျောက်သမားဘဝ (၃)

## အကျိုးပြုသော ကျောက်များ

တစ်နေ့က ပျင်းပျင်းရှိသည်နှင့် မန္တလေး မဟာအောင်မြေကျောက်ဝိုင်းသို့ ရောက်သွားခဲ့ရာ အင်နှင့်အားနှင့် စည်ကားနေသော မြင်ကွင်းကို မြင်ခဲ့ရပေသည်။

စာရေးသူတို့ ကျောက်စလုပ်သော ခေတ်နှင့်တော့ အကွာကြီး ကွာခဲ့ပေပြီ။ စာရေးသူတို့ ကျောက်စလုပ်တော့ ကျောက်ဝိုင်းရယ်လို့ သတ်သတ်မှတ်မှတ် မရှိခဲ့ပေ။

မိမိတို့ ကျောက်လုပ်သူချင်း နေ့စဉ် တွေ့ကြရသော လက်ဖက်ရည်ဆိုင်များ၏ နာမည်များကိုသာ ကျောက်ဝိုင်းအမည်မျိုး ခေါ်ကြရပါသည်။

အသားကျောက်သမားများ စုဝေးရာ ယမုံနာ လက်ဖက်ရည်ဆိုင်အား ယမုံနာ ကျောက်ဝိုင်း၊ ဗာဒံပင် အရိပ်ကောင်းကောင်းတွင် စုဝေးကြသော ဗာဒံပင်ဝိုင်း၊ ယုဇနဝိုင်း စသည်ဖြင့် ခေါ်ကြပါသည်။

တစ်နေ့က ကျောက်ဝိုင်းမြင်ကွင်းတွင် သရီးကွာတားဘောင်းဘီနှင့် ခါးတစ်ဖက်တွင် တယ်လီဖုန်း၊ တစ်ဖက်တွင် လေဆာမီးများဖြင့် ဂိုက်ထုတ်နေကြသော လူငယ်အချို့ကို တွေ့ခဲ့ရရာ ကျောက်ကိုတော့ ဘယ်အဆင့်ထိ နားလည်တတ်ကျွမ်းသည် မခန့်မှန်းနိုင်သော်လည်း ဂိုက်ကတော့ လောပန်းရှုံးနိုင်ပါရဲ့။

စာရေးသူတို့ ခေတ်ကတော့ ကျောက်ကြည့် လေဆာဓာတ်မီးဆိုတာ မပေါ်သေးပါ။ ကျောက်ပညာတော့





www.burmeseclassic.com

www.burmeseclassic.com


အထူး ကျွမ်းရပါ၏။ ကျောက်တွေ့ရင် ဖမ်းတဲ့ခေတ်ဆိုတော့ အဲဒီခေတ် ကျောက်သမားတိုင်းမှာ "ကာဖျင်" ခေါ်သော နှစ်လက်မ, သုံးလက်မ သံပြားလေးပါရင် ရပါပြီ။

ကာဖျင်ဆိုသော အခေါ်မှာ တရုတ်စကား ဖြစ်မည်ထင်ပါသည်။ နေရောင်လည်းရှိမည်၊ ကာဖျင်လည်း ပါမည်ဆိုပါက ကျောက်တစ်တုံး၏ အဆင့်ကို ခန့်မှန်းနိုင်ကြပါသည်။

စာရေးသူ အပါအဝင် ထိုခေတ်က ကျောက်သမားတိုင်းမှာ ယခု ရှိကြသေးသောသူများလည်း လေဆာမီး သုံးရန် မလိုကြပါ။ ကျောက်လုပ်သူချင်း တူသော်လည်း လိုင်းများ ကွဲပါသည်။ **အသားကျောက်မှာပင်** အသားကျောက်ကို အတုံးလိုက် ပိဿာချိန်နှင့် ဝယ်၊ အတုံးလိုက် ပြုပြင်ပြီး ပြန်ရောင်းသောလိုင်း။ ယင်း အသားကျောက်ကို ပင် ခွင်(ဂွင်)တည့်ရာ ရွေးဝယ်ပြီး လက်ကောက် လုပ်ရောင်းကြသောလိုင်း၊ ပုတီး, ပန်းပု ထုရောင်းကြသော လိုင်း။ ဒါက အသားကျောက်လိုင်းပါ။

အရည်လိုင်းမှာလည်း အတုံးလိုက် ဝယ်ပြီး ပြုပြင်ရောင်းသောသူ၊ အရည်ပြချက်ကောင်းသောအတုံးကို ဝယ်ပြီး ဖြတ်တောက်လက်စွပ်ပွင့် ထုတ်ရောင်းသောလိုင်း၊ လက်စွပ်ကွင်း တင်နိုင်အောင် အရည်မမီသော အပွင့်များကို အရည်တူ၊ အသားတူ အပွင့်များစပ်ပြီး (၁၅)ပွင့်၊ (၂၀)ပွင့် (၅၀)ပွင့် စသည်အားဖြင့် စပ်ပြီး ရောင်းကြသော ခွင်(ဂွင်)လိုင်း တွဲလိုင်းဟု ခေါ်သည်။

အရည်ပန်း၊ လန့်ပန်း၊ ပဲပန်း၊ ပဲချွမ်ပန်း စသော ခင်းခွင်လိုင်း စသည်ဖြင့် သူ့လိုင်းနှင့်သူ ရှိကြရာ လိုင်းတူရာကို ပေါင်းလုပ်ခြင်း၊ ရောင်းခြင်း၊ ဝယ်ခြင်း လုပ်ကြပါသည်။



ထို့ကြောင့် တစ်ဦးနှင့်တစ်ဦး မိတ်ဆက်ကြရာတွင် "ကျွန်တော့်ညီ ဘယ်သူလည်း ကျောက်လုပ်တာပဲ မသိဘူးလား" မေးလေ့ရှိကြရာ ကျောက်လုပ်တာချင်း တူသော်လည်း လိုင်းချင်း မတူက မသိကြပါ။

စာဖတ်သူတို့ မိုးအကုန် ဆောင်းအကူး ကာလများတွင် ကောင်းကင်တွင် တစ်ခါတစ်ရံ တိမ်ရောင်စုံများ မြင်ဖူးကြပါမည်။

ကောင်းကင်တွင်ရှိသော အရောင်တိုင်း ကျောက်စိမ်းမှာ ရှိကြပါသည်။ မီးခိုး၊ အဝါ၊ အနီ၊ ပန်းရောင်၊ ခရမ်းရောင်၊ အစိမ်းနု၊ အစိမ်းရင့် အားလုံး ရှိပါသည်။ အင်မတန် အံ့သြစရာပါ။

စာရေးသူတို့ ကျောက်လုပ်ချိန်က ကျောက်သမားမှာ ကတိသစ္စာ ရှိရပါသည်။ ကျောက်တစ်စပ် (အတုံးပေါင်းများစွာ ကွမ်ပြီးစပ်ထားသော ကျောက်များအား တစ်စပ်ဟု ခေါ်ပါသည်။)

ကုန်သည်က ကိုယ့်အစပ်ကိုကြိုက်၍ ပိဿာချိန်ဈေး ပြောကြ၍ ဈေးတည့်လျှင် ကျောက်အားလုံးချိန်ပြီး စာရင်းတွက်ပြီး ကျသင့်ငွေများအား "ဆရာကြီး သန်ဘက်ခါမှ ငွေယူနော်" ဆိုပြီး ကျောက်အားလုံးကို သယ်သွားပါတော့သည်။

ချိန်းသောနေ့တွင် နံနက် (၁၀)နာရီ မထိုးခင် ကျသင့်ငွေများ တစ်ခါတည်း လာချေသွားကြပါသည်။ အင်မတန် ကတိတည်ကြရသောအချိန်ပါ။

ယခုခေတ်မှာတော့ တစ်သိန်းဖိုးတောင် ငွေမကြေဘဲ မပေးရဲကြတော့ပါ။ စာရေးသူတို့ခေတ်က ကျောက်သမားတစ်ယောက် ကလီကမာလုပ်လျှင် ဖားကန့်၊ တာမခံမှစပြီး မဲခောက်ဟောင်ကောင်အထိ သိသွားကြပြီး ထိုသူမှာ ကျောက်သမားတိုင်း အဆက်အဆံ မလုပ်ကြ၍ ကျောက်လောကမှ ထွက်သွားရပါသည်။

ယခုခေတ်မှာတော့ မန္တလေး အနီးဝန်းကျင်နယ်မှ ကျောက်လုပ်သည့်လူများပြားလာ၍ ကျောက်ဝိုင်းနားကပ်ပြီး ကလီကမာ လုပ်စားနေသည့် လူတွေများလာပါသည်။

စာရေးသူတို့ခေတ်က ကျောက်လုပ်သူမှာ များများစားစား မရှိပါ။ မန္တလေးမှာ အသားကျောက်လုပ်သူ လေး, ငါး, ဆယ်ယောက်၊ အရည်လုပ်သူက လေး, ငါး, ဆယ်ယောက်လောက်၊ လက်ကောက် လုပ်သူများလည်း လေး, ငါးယောက်ခန့်ပဲ ရှိတာပါ။

ကျောက်စိမ်းနှင့် ပတ်သက်လို့ စာရေးသူရဲ့ ကျောက်သမားဘဝ နှစ်ပေါင်း သုံးဆယ်ကျော်မှာ ရေးစရာတွေ မကုန်နိုင်အောင် တွေ့ကြုံခဲ့တာပါ။ ကလောင်ဦးတည့်ရာတွေ ရေးပြနေရလို့ ရေးချင်သည့် အကြောင်းတောင် ပျောက်တော့မလိုပါဘဲ။ စာရေးသူကို အကျိုးပြုသွားသော ကျောက်များ အကြောင်း ရေးချင်တာပါ။

တစ်နေ့နံနက် စာရေးသူ အိပ်ရာထလို့ နံနက် လက်ဖက်ရည် သောက်နေချိန် စာရေးသူ၏ ဝယ်နေကျ ဖောက်သည် စတီးဝင်းရင်မှ ကိုမြင့်သိန်း ရောက်လာရာ စာရေးသူက...

'လာ ကိုမြင့်သိန်း လက်ဖက်ရည် သောက်၊ ဘယ်တုန်းက ပြန်ရောက်ခဲ့



www.burmeseclassic.com

www.burmeseclassic.com

တာလဲ'

စတီးဝင်း ကိုမြင့်သိန်းမှာ မိုးကောင်း တက်ပြီး ကျောက်များဝယ်၍ မန္တလေး တွင် ပြန်ရောင်းသော စာရေးသူ၏ ဖောက်သည်တစ်ယောက် ဖြစ်ပါသည်။

'ကျွန်တော် ပြန်ရောက်တာ တစ်ပတ်လောက်ရှိပြီဆရာ၊ ကယ်ရီက မနေ့ကမှရောက်လို့ ကျောက် အိမ် သယ်ပြီး ဆရာ့လာခေါ်တာပါ'

ကယ်ရီဆိုတာ ဖားကန့်၊ တာမခံမှ မိုးညှင်း၊ မိုးကောင်း၊ ဟိုပင်မြို့များသို့ လည်းကောင်း၊ ထိုမြို့များမှ မန္တလေးသို့ လည်းကောင်း ကျောက်များအား သယ် ယူလုပ်စားသောသူများအား ကျောက် လောက၏ အခေါ်အဝေါ် ဖြစ်ပါသည်။

စာရေးသူ ကိုမြင့်သိန်းနှင့်အတူ ယင်း၏အိမ်သို့ ကျောက်လိုက်ကြည့်ရာ ကျောက်တုံးမှာ အချိန် သုံးဆယ်ခန့် နန်းပိုင်းထားသော ကျောက်ကောင်း တစ်တုံး ဖြစ်ပါသည်။

ကျောက်ကို နန်းပိုင်းကြခြင်းမှာ ထို ခေတ်က ကျောက်ဖြတ်သော စက်ဘီး များ မပေါ်သေး၍ ကျောက်တစ်တုံးကို ဖြတ်မည်ဆိုပါက ဆယ်ပေခန့်ရှိသော အနေတော် ဝါးတစ်လုံးအား လောက် လေးကိုင်းလို ကွေးရအောင် ဓားနှင့် သတ်ပြီး လေးကြိုးတတ်ရမည့် နေရာ တွင် နန်းကြိုးနှစ်ပင်လိမ်တတ်ပြီး လူနှစ် ယောက် လွှဆွဲသလိုဆွဲ၊ နန်းကြိုးတွင်း သို့ မှတ်စာကို နံပါတ်အလိုက် ရေဖျော် ပြီး တစ်ယောက်က လိုက်ပေးခြင်းကို ကျောက်နန်းပိုင်းသည်ဟု ခေါ်ခြင်းပါ။

ကိုမြင့်သိန်း၏ကျောက်မှာ သောက် ရေအိုးပုံဖြစ်ပြီး အဝကျယ်သော အိုးဖင် လို နေရာဘက်မှ နန်းပိုင်းထားရာ ရှတ်တရက် ကြည့်ပါက ဖြတ်ချက် တစ်ပြင်လုံး စိမ်းနေပါသည်။

နေပနာတွင် ကာဖျင်နှင့် ထောက်



ကြည့်မှ မှန်လက်ဆောင်းဖတ်များလို အမျှင်အမျှင်ကျနေသော ''ဆွေးလှ'' ပန်းကြား ဖြစ်ပါသည်။

ခါးမှာတစ်ချက် ကွမ်ထားတာလည်း ဆွေးလှ၊ ပန်းအိုးဝလိုတက်မှာ ရိုက်ဖွဲ့ ထားတာကလည်း ဆွေလှပန်းကြား ပါပဲ။

'ကိုမြင့်သိန်း တစ်ပိဿာ ဘယ်ဈေး ရောင်းမလဲ'

'ကျွန်တော် တစ်ပိဿာ လေးရာ ဈေးလောက် ရောင်းချင်တယ်ဆရာ'

'မများဘူးလားဗျာ ပိုးတန်းဝင်းမှာ တောင် ကြိုက်တုန်းရွေးဝယ်မှ ကစ်ပိဿာ ရှစ်ဆယ်, တစ်ရာပဲ ကျတာ'

ပိုးတန်းဝင်းရပ်ကွက်မှာ ခုနစ်ဆယ့် ကိုး၊ ရှစ်ဆယ်လမ်းကြား၊ သုံးဆယ့်နှစ်၊ သုံးဆယ့်သုံးလမ်းကြားရှိ ရပ်ကွက် ဖြစ်ပြီး အသားကျောက်ခေတ်တွင် ကျောက်များ စတင်လုပ်သော ရပ်ကွက် ဖြစ်ပါ၏။

စာရေးသူက ကျောက်ပြန်ကြည့်ရာ ယင်းကျောက်မှာ ကျောက်ကောင်း တစ်တုံးဖြစ်ပြီး ဘယ်ဈေးဖြင့်ဝယ်ဝယ် စာရေးသူ အမြတ်ရရှိအောင် ရောင်းနိုင် သည့် ကျောက်ကောင်းတစ်တုံး ဖြစ်ပါ သည်။

'ကဲ... ကိုမြင့်သိန်း ရောင်းနေကျ ဝယ်နေကျ သူတွေပဲဗျာ။ ရှည်ရှည်ဝေး ဝေး ပြောမနေနဲ့ ကျွန်တော် တစ်ပိဿာ သုံးရာဈေးပေးမယ်'

'ဈေးတက်ပေးပါဦးဆရာ ကျွန်တော်လဲ ကျောက် မြင်မြင်ခြင်း ကြိုက်လို့ လက်လွှတ် မခံတဲ့ သူများနဲ့အပြိုင် ဝယ်ခဲ့ရလို့ ဈေးနည်း နည်း မြောက်လာတယ်ဆရာ'

ပြောကြဆိုကြရင်း သုံးရာနှစ်ဆယ့် ငါးကျပ်ဈေးနှင့် တည့်ခဲ့ပါသည်။

ကျောက်ကိုသယ်၊ ကျောက်ဖိုးငွေ ချေ ပေးပြီး နောက်နေ့ နံနက်တွင် စာရေးသူ ၏ဖောက်သည် ရန်ဟန်ကြူအား ခေါ်ပြ ရာ ကျောက်ကိုမြင်သည်နှင့် ကြိုက်ပြီး ဈေးပြောကြရာ စာရေးသူက တစ်ပိဿာ ခြောက်ရာတောင်းရာ...

'များတယ် ဆရာကြီး ကျွန်တော် တစ်ပိဿာ သုံးရာပေးမယ်'

'လောပန်းကလုပ်ပြီ ကျောက် ကောင်းမို့ စေတနာနဲ့ ခေါ်ပြတာ ဒါ သုံးရာပဲတန်တဲ့ ကျောက်လား'

ကျောက်ဈေးပြောကြရင်း တစ်မနက် ခင်း ကုန်သွားရာ တစ်ပိဿာ ငါးရာ ဈေးရောက်တော့ ဆက်မတက်တော့ ဘဲ...

'ထမင်းဆာပြီဗျာ ထမင်းစားပြီးမှ ကျွန်တော် ဈေးတက်သင့်, မတက်သင့် ဆက်စဉ်းစားမယ်'

ပြောပြီး လူချင်းခွဲခဲ့ကြရာ စာရေးသူ ထမင်းမစားသေးဘဲ လမ်းသုံးဆယ် တွင် နေသော တုန်ချောက်ချမ်း (ခေါ်) လောတုန်အား ခေါ်ပြပြီး ပြောကြ ဆိုကြရင်း ငါးရာနှစ်ဆယ့်ငါးကျပ်ဈေး နှင့် တည့်သွားပါတော့သည်။

ကျောက်ချိန်မှာ သုံးဆယ့်နှစ်ပိဿာ ရှိခဲ့ရာ ရွှေတစ်ကျပ်သား ခြောက်ရာ, ခုနစ်ရာ ခေတ်က တစ်ရက်တည်းနှင့် ငွေ ခုနစ်ထောင်ကျော် မြတ်ခဲ့၍ စာရေးသူအား အကျိုးပြုခဲ့သော

 (စာမျက်နှာ ၂၈၀) သို့

www.burmeseclassic.com

www.burmeseclassic.com



# ဆုတ်ဟား ခြိုးခွဲ

တင်ဘုန်းဝင်း

ချေလား

မျက်စိခွဲထားသဖြင့် စာရေးသူ စာမရေးဖြစ်သည်မှာ အတော်ကြာသွားပြီ၊ မိမွေးတိုင်း မျက်ကြည်လွှာကို အစားထိုးထားသည့် မျက်ကြည်လွှာ အတုကလည်း အမြင်အားကောင်းလှသည်။ အမြင်အား ကောင်းလာသည်နှင့်အမျှ တွေ့သမျှစာတွေကို ဖတ်နေမိသည်။

ဖတ်သမျှ စာတွေထဲက မှတ်သင့် မှတ်ရာတွေကို မှတ်ရင်း **"မြန်မာနိုင်ငံ သစ်တောကျောင်း နှစ်(၁၀၀)ပြည့် အထိမ်းအမှတ် စာစောင်"**ထဲမှ **အငြိမ်းစားညွှန်ကြားရေးမှူး ဆရာ ဦးအောင်သန်း၏ "သေနတ်ပြီး တယ်ဆိုတာ တကယ်ရှိသလား"**ဆိုသည့် ဆောင်းပါးကိုဖတ်ပြီး စာရေးသူ ငယ်ငယ်က တွေ့ခဲ့ရသည့်ချေတစ်ကောင် အကြောင်း ခေါင်းထဲရောက်လာသည်။

*   *   *

စာရေးသူ ငယ်ငယ်ကပေါ့။ ဘီနယ် တောခေါင်းအဖြစ်နှင့် လယ်မရွာကို ရောက်ခဲ့ရသည်။ လယ်မရွာဆိုတာ ပွင့်ဖြူနယ်ထဲက မဲဇလီဆည်ကြီးအနီးမှ ရွာကြီးတစ်ရွာ ဖြစ်သည်။ ဒေသခံတွေက ကျွဲခြံရွာနှင့် ကပ်နေလို့ **"ကျွဲခြံ လယ်မ"**ဟု ခေါ်ကြသည်။

ဘီနယ်က စလင်းနယ်စီး တောအုပ်နယ်ထဲမှ ညောင်ကုန်းဘီနယ် ဖြစ်သည်။ ညောင်ကုန်းရွာမှာ စေတုတ္တရာမြို့နယ်ဖြစ်ပြီး ပွင့်ဖြူမြို့နယ်အစပ် မုန်းချောင်းတွင် ကပ်လျက်ရှိလေသည်။ မြို့နယ်နှစ်ခုအစပ်မှ ခေါင်လည်းခေါင် ချောင်လည်းချောင်ကျသည့်ရွာ ဖြစ်သည်။

ခဲပစ်ရွာ၊ ကျောက်ပုံရွာ၊ ဝန်လိုရွာ ခိုနန်းရွာ စသည့် သပြေချောင် (၅) နှစ်ရွာထဲမှာ ညောင်ကုန်းရွာလည်း ပါသည်။

ဘီနယ်တာဝန်ဖြင့် ညောင်ကုန်းရွာမှာ နေရမည်ဖြစ်သော်လည်း ချောင်ကျလှသည့် ညောင်ကုန်းရွာကို မနေဘဲ လယ်မရွာမှ ကိုဖိုးကွမ်းတို့အိမ်မှာ နေဖို့ ဦးလေးလုပ်သူက လိုက်ပို့ပေး



www.burmeseclassic.com

www.burmeseclassic.com



ပေးသည်။

လယ်မရွာက မုန်းချောင်း မြောက်ဘက်မှာရှိပြီး မဲဇလီဆည်ကြီး တည်ရှိရာ မဲဇလီရွာမှ တစ်ဆင့် သွားရသည်။ ရွာမှ လှည်းဖြင့်လာကြ သည်။ ဆည်ဘို တဲကုန်းတောတန်းကို ဖြတ်ပြီး ကျွဲခြံရွာလွန်သည်နှင့် လယ်မရွာကို လှမ်းမြင်နေရပြီ။

ရွာထိပ်မှာ သစ်ပင်တွေ အုပ်အုပ် ဆိုင်းဆိုင်းနှင့် ဘုန်းတော်ကြီးကျောင်း ကြီးက ဟီးလို့။ ရွာအရှေ့ထိပ်မှဝင်ပြီး ရွာအလယ်ပိုင်းရောက်သည်နှင့် နေရ မည့် ကိုဖိုးကွမ်းတို့အိမ်ကို ရောက်လေ တော့သည်။

'မြကြည်ရေ ဦးကြီးတင်တို့ ရောက် လာပြီဟေ့'

အိမ်ထဲကို လှမ်းအော်ရင်း ကိုဖိုးကွမ်း က လှည်းဆီ ပြေးလာကြသည်။ ဦးလေး က လှည်းပေါ်မှဆင်း, ဆင်းခြင်း...

'ဟဲ့... ဖိုးကွမ်းတို့၊ မြကြည်တို့ ကလေးတွေကော နေကောင်းကြရဲ့ လား။ တောင်ပိုင်းက ဖိုးရန်အေးတို့၊ ဖိုးလေးတာတို့၊ သန်းစိန်တို့၊ ထွန်းညာဏ် တို့တစ်တွေကော နေကောင်းကြရဲ့လား'

'ကောင်းတယ် ဦးကြီးရေ ကောင်း တယ်၊ ဦးကြီးနဲ့ ဦးကြီးရဲ့တူ တောခေါင်း လေးလာမယ်ဆိုလို့ ယာထဲ, ကိုင်းထဲ တောင် မသွားကြဘူး။ အိမ်ရှိနေကြ တယ်'

ဦးလေးနှင့် မမြကြည်တို့ နှုတ်ဆက် ပြောဆိုနေကြဆဲမှာပဲ ရွာလူကြီး ဦးဖိုးထယ်ဆိုသူနှင့် ရွာဆော် ကိုဒါန ဆိုသူတို့ ပေါက်ချလာသည်။ သူတို့ ရောက်လာပြီး မကြာခင် ရွာတောင် ပိုင်းမှ ဖိုးရန်အေးတို့၊ ကိုသန်းစိန်တို့ ဦးလေးတာတို့အဖွဲ့တွေ လူစုံ ရောက် လာကြသည်။

ဒီရွာမှ လူအတော်များများက ဦးလေး နှင့် လုပ်ငန်း ဆက်စပ်နေကြသူတွေ ဖြစ်သည်။ စေတုတ္တရာ မုန်းညာမှချလာ သည့် ဦးလေး၏ လိုင်စင်ရ သစ်ဖောင် တွေကို မအူပင်သစ်ဆိပ်တွင် လယ်မ ရွာမှ ဖောင်စီးသားတွေက လက်ခံကြရ သည်။

ဆည်ရေတံခါးမှ ချရန်ခက်သည့် သစ်ကြီးတွေကို ကိုသန်းစိန်တို့ အဖွဲ့ တွေက ရွာမှာ လွှစင်တင် သျှောင်ထုံး ဖြုလုပ်ပြီးမှ ပေးပို့ကြရသူများ ဖြစ် သည်။

ဦးလေးက လိုင်စင်ရ လွှထောင်ကြီး ဖြစ်သည်။ ရှောက်တော၊ ဥယျာဉ်ကျစ် က လွှထောင်ကြီး ဦးတင်ဆိုလျှင် မသိ သူမရှိ၊ ပွင့်ဖြူမြို့ပေါ်က သစ်စက် ပိုင်ရှင် ဒေါ်သန်းပိုင်တို့၊ ဦးသိန်းတို့လို လူသိများသူ ဖြစ်သည်။

ဦးလေးက သူ့လူတွေနှင့် လုပ်ငန်း စကားပြောရင်း စာရေးသူကို စောင့် ရှောက်ဖို့ မှာကြားကာ ထမင်း စားပြီး သည်နှင့် ပြန်သွားလေတော့ သည်။ စိမ်းနေတဲ့ရွာက သူစိမ်းတွေကြားမှာ နေခဲ့ရပေမယ့် ဦးလေးရဲ့ အရှိန်အဝါကြောင့် ရွာသားတွေက ဂရုစိုက်ကြသည်။ ကိုသန်းစိန်တို့၊ ကိုဖိုးအောင်တို့ တွေက မကြာခဏ ထမင်းဖိတ်ကျွေးသည်။ ဖိုးလေးတာကလည်း ချေလိုက်ပြီး ချေသားဟင်းနှင့် မိတ် ဆက် ထမင်းစားပွဲ ဆင်နွှဲဖို့ စီစဉ်နေ သည်။

ဖိုးလေးတာတို့ ချေလိုက်အဖွဲ့တွင် (၁၀)ဦး ရှိသည်။ နောက်နေ့ ထမင်းစား ပြီးချိန်မှာ ချေလိုက်ကြမည်ဟု ဆိုသည်။ စာရေးသူက ချေလိုက်သည်ဆိုသည်ကို မကြားဘူးပါ။ ခွေးနှင့် သေနတ်နှင့် အမဲလိုက်သည်ကိုတော့ ကြားဖူး မြင်ဖူး ပါသည်။

ကျီ(ချေ)လိုက်မည့်အဖွဲ့တွင် ကိုယ် တိုင်ပါပြီး လက်တွေ့ ချေလိုက်လိုသည့် ဆန္ဒက ပြင်းပြလာသည်။ ကိုကြီး ဖိုးကွမ်းကို ပြောခိုင်းပြီး ချေလိုက်အဖွဲ့နှင့် လိုက်ပါခဲ့သည်။

ချေလိုက်မည့်ကွင်းက ရွာမြောက် ဘက်မှာ ရှိသည်။ လိုက်မည့်အဖွဲ့က စာရေးသူ အပါအဝင် (၁၁)ယောက် ရှိသည်။ ဦးလေးတာ၊ ကိုကြီးဖိုးကွမ်း၊ ကိုဖိုးအောင်၊ ကိုဝင်းကြိုင်နှင့်ကိုဒါန တို့က ပိုက်ထမ်းသူထမ်း၊ ဓါးရင်းတုတ် ကိုင်သူကိုင်၊ ဓားမခါးထိုးသူထိုးနှင့် ရွာ မြောက်ဘက်ထိပ်ရှိ ရွာလူကြီး ဦးဖိုးထယ် ထန်းတောမှ ဖြတ်ထွက်ခဲ့ ကြသည်။



www.burmeseclassic.com

www.burmeseclassic.com

နေကလည်း ပူနေပြီ၊ ဒီလို နေပူချိန်ဆိုလျှင် ချေတွေက ချုံပင်ရိပ်၊ သစ်ပင်ရိပ်တွေမှာခိုပြီး အိပ်နေတတ်သည်။

ဒီလို အရိပ်ကောင်းကောင်းတွေမှာ ခိုနားရင်း အိပ်နေလေ့ရှိသည့် ချေတွေက ဦးလေးတာတို့ ဖန်တီးထားသည့် ကွင်းတွေထဲမှာပဲ သွားလာ ခိုနားနေကြခြင်း ဖြစ်သည်။

သဘာဝအတိုင်း ဆက်စပ်ပေါက်နေသည့် သစ်ပင်ချုံပင်တွေကြား သစ်ခက်ခြောက်တွေနှင့် မထင်မရှား စည်းတားထားသည့် ချေလိုက်ကွင်းတွေက ညောင်ပင်စမ်းကွင်း၊ ဒရော်ခုံ (ကံချောင်ဆည်)ကွင်း၊ ဘေးချောက်ကွင်း၊ နတ်ရဲတောင်ကွင်းနှင့် ဖျင်ကြီးချောက်ကွင်းတွေဖြစ်ကြောင်း ဦးလေးတာက ပြောပြထားသည်။

ခုသွားမှာက နတ်ရဲတောင်ချောက်ကွင်း၊ ရွာကနေ တစ်မိုင်ခွဲလောက်သွားရသည်။ ကွင်းရောက်တော့ ခြေသံလုံအောင် လှုပ်ရှားကြသည်။ ကွင်းဘေးမှ စည်းတားထားသည့်စည်းကို စစ်ဆေးကြသည်။ သားကောင် တိုးထွက်နိုင်သည့် နေရာတွေကို သစ်ခက်ခြောက်တွေနှင့် ထပ်ပြီး ပိတ်ဆို့ခဲ့ကြသည်။ စည်းကို စစ်ဆေးပြီး သေချာမှ သူ့တာကိုယ့်တာ နေရာယူကြသည်။

ဦးလေးတာတို့ ဖန်တီးထားသည့် ချေလှောင်စည်းပုံက အင်္ဂလိပ်အက္ခရာ (M)အမ်နှင့် ခပ်ဆင်ဆင် တူသည်။ စည်းအောက်ခြေအဝမှာကား (ကျယ်)ပြီး၊ စည်းအဆုံးနေရာမှာ ကျဉ်းသွားသည်၊ အစနေရာကို "**လက်လံဖျား**" ဟုခေါ်ပြီး စည်းအဆုံးမှ ထွက်ပေါက်နှစ်ခုရှိသည့်နေရာကို "**လက်လံရင်း**" ဟု ခေါ်သည်၊ ဘေးစည်းနှစ်ဖက်ကိုတော့ "**လက်လံ**"ဟု ခေါ်ဆိုကြလေသည်။

လက်လံရင်းထိပ်နှစ်ဖက်တွင် တစ်ဖက်လျှင် နှစ်တောင်သာသာခန့် ကျယ်သည့် ထွက်ပေါက်တစ်ပေါက်စီ ဖောက်ထားသည်။ အပေါက်တစ်ပေါက်စီ၏ ဘေးနှစ်ဖက်အစပ်တွင် လူတစ်ရပ်ခန့် မြင့်ပြီး အဖျားတွင် လက်လေးသစ်ခန့် ငုတ်တက် ဖြောင့်ဖြောင့်လေးပါသည့် တိုင်နှစ်တိုင်စီကို ခိုင်ခိုင်မာမာ စိုက်ထူထားသည်။

တိုင်မှငုတ်တက်တွေကိုလည်း ကွင်းအပြင် လှည့်ထားရသည်။ အပြင်လှည့်ထားသည့် ငုတ်ကလေးတွေပေါ်မှာ ချေဖမ်းပိုက်မှ အပေါကြိုးကို ချိတ်တင်ပြီး အပေါက်ဝကို ပိတ်ထားလိုက်သည်။

ပိုက်မှ အထက်အောက် ရှုံ့ကြိုးတွေကိုလည်း ဘေးနှစ်ဖက်ရှိ သစ်ပင်နိုင်နိုင်မာမာတွေမှာ မြဲအောင် ချည်ထားရသည်၊ ပိုက်ကို လက်ညှိုးလုံးခန့် လျှော်နီကြိုးအသစ်ဖြင့် ရက်လုပ်ထားသည်။ အကွက်ကျဲမှာ လက်နှိုက်ရရုံသာ ကျယ်သည်။

* * *

မောင်းမည့်သူတွေ ဖြစ်သည်။

ချေခြောက်မည့်သူတွေရဲ့ အစွန်းနှစ်ဖက်ရှိ စည်းရဲ့အစ လက်လံဖျားနှစ်နေရာမှာ ကိုကြီးဖိုးကွမ်းနှင့် ကိုဖိုးအောင်တို့က ရပ်စောင့်နေကြသည်။

ဦးလေးတာတို့ မောင်းလာသည့်ချေကို စည်းအပြင်ဘက် ကွေ့မပြေးအောင် ချေလှောင်ကွင်းထဲ ပြန်ဝင်အောင် ကိုကြီးဖိုးကွမ်းနှင့် ကိုဖိုးအောင်တို့က သူ့ဘက်ပြေးလာလျှင်သူကပြန်မောင်း ကိုယ့်ဘက်ပြေးလာလျှင် ကိုယ်က ပြန်မောင်းပြီး ကွင်းထဲဝင်အောင် သွင်းကြရမည့်တာဝန်ကို ယူကြရမည် ဖြစ်သည်။

ကိုဝင်းကြိုင်နှင့် ကိုဒါနတို့က ပိုက်ဖြင့် ပိတ်ထားသည့် ထွက်ပေါက်နှစ်နေရာက လက်လံရင်းမှာ တစ်ယောက်တစ်နေရာ တာဝန်ယူရသည်။ ဦးလေးတာတို့ မောင်းလာသည့်ချေပိုက်ကို တိုးပြီး ပိုက်ထဲမှာ ထွေးနေစဉ် ဓါးရင်းတုတ်နှင့် ရိုက်သတ်ကြရမည့် တာဝန်မှာလည်း သူတို့တာဝန်သာ ဖြစ်သည်။




သဘာဝတော
အတွင်း
သစ်ပင်၊ ချုံပင်၊
သစ်ခက်ခြောက်
များဖြင့်
စည်းရိုးတာ၍
ပြုလုပ်ထားသည့်
ချေလှောင်ကွင်းပုံ

စနစ်တကျ ပိုက်ဆင်ပြီးသည်နှင့် လက်လံဖျားဘက်က ကွင်းကျယ်မှာ ဦးလေးတာ ဦးဆောင်သည့် လူ(၆)ယောက်က တစ်ယောက်နှင့်တစ်ယောက် မြင်သာအောင် နေရာယူကြသည်။ သူတို့က ချေကိုခြောက်မည့်

စာရေးသူက ချေပြေးလာပုံ၊ ပိုက်တိုးပြီးမိပုံ၊ ရိုက်သတ်ပုံတွေကို ... သိရအောင် ကိုဒါနနှင့်အတူ လက်လံရင်းက ချုံကွယ်နေရာမှာ ... လိုက်သည်။ သူ့နေရာနှင့်သူ ... နေရာယူ အသင့်ဖြစ်သည်နှင့် ...

www.burmeseclassic.com



"ရှီ"ဆိုတဲ့ လက်ခေါက်မှုတ် အချက်ပေးသံ ထွက်လာသည်။

အချက်ပေးသံ ပျောက်သွားပြီး သိပ်ကြာကြာကြီး မစောင့်လိုက်ရပါ။ "အဟမ်း"... "အဟမ်း"၊ "ဟေး"... "ဟေး"ဆိုသည့် အိပ်နေသည့်ချေ နိုးလာအောင် ခြောက်လှန့် အသံပေးနေသံ။ "ဖြန်းခနဲ"... "ဖြန်းခနဲ" ချုံတွေကို တုတ်နှင့်ရိုက်ပြီး ခြောက်လှန့်မောင်းနှင်သံတွေက စာရေးသူတို့ဆီ တဖြည်းဖြည်း တိုးလာပြီး နီးသည်ထက် နီးလာသည်။

ဒီအချိန်မှာပဲ ချေပေါက်ကြီး တစ်ကောင် ကိုဒါနနှင့် စာရေးသူတို့ စောင့်နေသည့် ထွက်ပေါက်ဆီကို ဒရောသောပါးနှင့် အလန့်တကြား ပြေးလာသည်။ ကိုဒါနက "ငြိမ်ငြိမ်လေးနေ"လေသံနှင့် သတိပေးသည်။ ချေက ထွက်ပေါက်ရောက်သည်ထိ အရှိန်ကို လျှော့ဘဲ ပိုက်ကို တိုးထွက်သည်။ ပိုက်မှာပြုတ်ပါပြီး ချေနှင့်ပိုက်လုံး ထွေးသွားသည်။

ချုံအကွယ်မှ ကိုဒါနက ပြေးထွက်ပြီး ဓါးခုင်းတုတ်နှင့် တဖုန်းဖုန်း ရိုက်သတ်သည်၊ ချေကလည်း ပိုက်ထဲမှ ကုန်းရုန်းထနေသည်၊ ကိုဒါနကလည်း ချက်ပေါင်းများစွာ အားစိုက်ပြီး ရိုက်သည်။ သူ အားစိုက်ရိုက်ပုံက သာမန်ဆိုလျှင် အရိုးတွေပါ ကြေမွသွားလောက်သည်၊ စာရေးသူကလည်း အသက်ပြင်းလှသည့် ချေကို အသေအချာ ကြည့်နေမိသည်။

ချေပေါက်က ထိပ်မှာ အဖြူကွက်နှင့်ဖြစ်သည်။ **"ဒီလောက် ရိုက်သတ်တာတောင် မသေပါလား"**လို့ စဉ်းစားနေဆဲမှာပဲ ကိုဒါနက **"ဒီလောက် အသက်ပြင်းလှတဲ့ကောင် ကဲကွာ"** ဆိုပြီး ခါးကြားမှာထိုးထားသည့် ပိသာစီးဓားမနှင့် လည်ပင်းကို စိတ်ဆိုးမာန်ဆိုး အားစိုက် ခုတ်ပိုင်းလိုက်သည်။

ခုတ်ပိုင်းလိုက်သည့် ဓားချက်က ချေလည်ပင်းကို ပြတ်မသွားဘဲ ထွေးနေသည့်ပိုက်ကို ပြတ်သွားသည်။ တရုန်းတည်းရုန်းနေသည့်ချေကလည်း ပိုက်ပေါက်မှ တိုးထွက်ကာ ပြေးပါလေတော့သည်၊ ခပ်လှမ်းလှမ်းရောက်မှ ရပ်ကာ ကိုယ်ကောင်ကိုခါပြီး နောက်ပြန်လှည့်ကြည့်နေရာ ထိပ်မှ အဖြူကွက်မှာ ထင်ထင်ရှားရှားကြီး မြင်နေရသည်။

ကိုဒါနမှာလည်း တောက်တစ်ခေါက်ခေါက်ဖြင့် ဆဲဆိုကျန်ရစ်သည်။ စာရေးသူမှာလည်း ပါးစပ်အဟောင်းသားနှင့် အံ့သြငေးမောကျန်ခဲ့သည်။ ဦးလေးတာတို့၊ ကိုကြီးဖိုးကွမ်းတို့ လူစုံရောက်လာတော့ ချေက ပြေးပြီ။ အားလုံးက ဓားနှင့်ခုတ်သည့် ကိုဒါနကို ဝိုင်းပြီး အပြစ်တင်နေကြသည်။

ဦးလေးတာက သူတို့ ချေလိုက်စားလာတာ (၁၀)နှစ်၊ (၁၂)နှစ်လောက်ရှိပြီ ထိပ်ကွက်နှင့် ချေဆိုတာ မတွေ့ဖူးဘူးကြောင်း၊ ဒီလိုလည်း မဖြစ်တူးကြောင်း ပြောရင်း၊ ဆိုရင်း၊ ငြင်းခုံရင်း စိတ်ပျက်လက်ပျက်နှင့် ရွာဘက်ကို ပြန်ခဲ့ကြသည်ကို သတိရနေဆဲ ဖြစ်သည်။

* * *

ခုတော့ ထိပ်ကွက်နှင့်ချေ ရှိတတ်တယ်ဆိုတာ တွေ့ပြီ။

ဆရာ ဦးအောင်သန်း မြန်မာနိုင်ငံ သစ်တောကျောင်းဆရာဘဝက ဖြစ်သည်။ ယခု နေပြည်တော် ပျဉ်းမနား သစ်တောနယ် မင်းပြင်သစ်တောကြိုးဝိုင်းစခန်းတွင် သစ်တောကျောင်းသားများနှင့်အတူ သစ်တောလုပ်ငန်း လက်တွေ့ကွင်းဆင်း ဆောင်ရွက်စဉ်က အဖြစ်အပျက်ပါ။

ဒေသခံ မုဆိုးတစ်ဦးဖြစ်သူ ဦးကျော်ဆင့်နှင့် တွေ့စဉ်...

'ဤအနီးတစ်ဝိုက်တွင် သူနှင့်တကွ အခြားမုဆိုးများ ပစ်၍မရသည့် ထိပ်အဖြူကွက်နှင့် ချေပေါက်ရှိကြောင်း ကံကောင်းလျှင် တွေ့ဆုံလိမ့်မည်ဖြစ်ကြောင်း'

ကြိုတင် ဟောကိန်းထုတ်ခဲ့သည်။ ဆရာ ဦးအောင်သန်းကလည်း ယင်းချေပေါက်ကို တွေ့ဆုံလိုသည့်ဆန္ဒ ရှိနေသည်။

တစ်ညနေ ကျောင်းသား လေး၊ ငါး၊ ခြောက်ယောက်ခန့်နှင့် အလုပ်သိမ်း ပြန်လာစဉ် ချေပေါက်တစ်ကောင် တောင်ကြောပေါ် တက်သွားသည်ကို မြင်လိုက်ရသည်၊ ယင်းချေ ခိုအောင်းနိုင်လောက်သည့် လျှိုမြောင်တောတွင် ကျောင်းသားများအား တောခြောက်ခိုင်းပြီး အသင့်ကိုင်ထားသည့် နှစ်လုံးပြူးသေနတ်တွင် အီလေ ကိုးလုံးကျည် နှစ်တောင့်ထိုး၍ လျှိုမြောင်ထိပ်မှ ကျွန်းပင်ကွယ်တွင် စောင့်နေလိုက်သည်။


www.burmeseclassic.com

www.burmeseclassic.com

အချိန်များစွာ မကြာလိုက်ပါ။ ချေပေါက်သည် မြောင်ထိပ်မှ တက်လာလေတော့သည်။ ဦးကျော်ဆင့် ပြောထားသည့် ထိပ်ကွက်ဖြူနှင့် ချေပေါက်ဖြစ်နေသဖြင့် ရင်မှာ တဒိတ်ဒိတ်ခုန်ကာ စိတ်လှုပ်ရှားနေသည်။

မလွဲတမ်း ပစ်ခတ်နိုင်ရန် စောင့်ပြီးလေးကိုက်ခန့်အကွာ ရောက်လာမှ ရင်ဘတ်တည့်တည့် လည်ပင်းအောက် ချိန်ပြီး ဒိုင်းခနဲ ပစ်ထည့်လိုက်သည်။

ချေမှာ ပက်လက်လန်လဲသွားကာ ပြန်ထရန် လှုပ်ရှားနေပါသည်။ ပက်လက် ယက်ကန်ယက်ကန် ဖြစ်နေသည့် ချေပေါက်ဆီ အဆောတလျင် ထသွားခဲ့သော်လည်း ထပ်မံပစ်ဖို့ လုံးဝ စိတ်ကူးမရှိပါ။

သေနတ်ဖြင့်မိုး၍ ရိုက်ရန် စိတ်ကူးသော်လည်း သေနတ်ကျိုးမည်စိုး၍ မိုးရုံမိုးထားမိသည်။ ထိုစဉ်က ခြေထောက်တစ်ချောင်းချောင်းကို ဆွဲထားပါကလည်း ဖြစ်နိုင်ပါသည်။ ဓားမြှောင်တစ်ချောင်း ပါမည်ဆိုပါကလည်း ကိစ္စပြီးနိုင်ပါသည်။

သေနတ်ကို မိုးလျက်သားဖြင့် "ဟော့ကောင်တွေ လာကြကွ။ ချေဒီမှာလဲနေပြီ" လို့ ကျောင်းသားတွေကို အော်ခေါ်နေခိုက်မှာပဲ ချေကထ၍ လမ်းလျှောက်စ ပြုနေပါပြီ။ ကျည်ကိုးလုံး စုပြုံ၍ ရင်ဘတ်ကို ထိမှန်သဖြင့်သာ ပက်လက်လန် လဲသွားပုံရပါသည်။

ချေတစ်ကောင်အား (၁၀)ပေ၊ (၁၂) ပေခန့်အကွာ အနီးကပ် ချက်ကောင်း ထိမှန်အောင် ပစ်ခတ်ပါလျှင် ချက်ချင်းပင် အသက်ပျောက်နိုင်ပါ၏။ သို့သော် ယခု ချေပေါက်မှာ အသက်မပျောက် လျှောက်သွားခဲ့ပါချေပြီ။

ကျန်သည့် ကျည်တစ်တောင့်ဖြင့် ထပ်မံပစ်ဖို့ အချိန်မီပါသေးသည်။ သို့သော် မပစ်နိုင်ခဲ့ပါ။ စိတ်က မချင့်မရဲဖြစ်ကာ ငိုချင်သလိုလို၊ ရယ်ချင်သလိုလိုနှင့် သေနတ်ကို အားမကိုးတော့ပါ။

ချေပေါက်မသေဘဲ ထသွားသည်ကို မြင်လိုက်ရသဖြင့် အံ့သြခြင်းများစွာ ဖြစ်ခဲ့ရပါသည်။ ထပ်မံပစ်လျှင်လည်း သေလိမ့်မည်ဟု မယုံကြည်သောကြောင့် ကျန်ကျည်တစ်တောင့်ကို မဖြုန်းခြင်း ဖြစ်ပါသည်။

ကျောင်းသားများ ရောက်လာလာချင်း ဖြစ်ကြောင်းကုန်စဉ် ပြောပြပြီး မှဆိုးတို့၏ ထုံးစံအတိုင်း ချေလဲသည့်နေရာတွင် သွေးစက်ကျမကျ၊ အမွေးကျွတ်ကျမကျ၊ ကြည့်ပြန်တော့လည်း သွေးတစ်စက် အမွေးတစ်မျှင်မျှ ကျသည်ကို မတွေ့ကြရပါ။

* * *

ဆရာ့ဆောင်းပါးကို ဖတ်ပြီး၊ တောတောင်တွေထဲမှာ ထိပ်ကွက်နှင့် ချေဆိုတာ အမှန်တကယ် ရှိတတ်ပြီးတုတ်,ဓား ပြီးရုံမျှမက သေနတ်ပါပြီးတဲ့အကြောင်း လယ်မရွာရောက်မှ ပြောပြရဦးမည်ဟု တွေးနေမိသည်။

ခုတော့ ချေလိုက်အဖွဲ့ခေါင်းဆောင် ဦးလေးတာလည်း မရှိတော့၊ ကိုကြီးဖိုးကွမ်းလည်း မရှိတော့ဟု သတင်းရသည်။ ကိုဖိုးအောင်တို့၊ ကိုဒါနတို့တစ်တွေတော့ ရှိနေသေးသည်။ သူတို့နှင့်ကြုံမှ အားရပါးရ ပြောပြရပါတော့မည်။

ဝန်ခံချက်

**စာရေးသူ၏ကိုယ်တွေ့ဖြစ်ရပ်မှန် အပြည့်အစုံနှင့် ဆရာ၏ ဆောင်းပါးမှန်ကို အကျဉ်းချုံး ဖော်ပြထားခြင်းသာ ဖြစ်ပါသည်။**

**တင်ဘုန်းဝင်း**

စာမျက်နှာ (၂၇၅)မှ အဆက်

ကျောက်ဟု မှတ်တမ်းတင်ရပါ၏။

ကျောက်ဆိုတာ ထိုက်မှရတာဟု စာရေးသူတို့ အလျှင် ကျောက်လုပ်ခဲ့ကြသော ရှေးကျောက်သမားကြီးများ ပြောစကားအရ စာရေးသူ အကြိုက်ဆုံး ကျောက်တစ်တုံး ရောင်းခဲ့ရသော ဦးလောတုန်အား ထိုကျောက်တုံး အကြောင်း မေးကြည့်ရာ လားရှိုးမှ ကယ်ရီလားအုပ်ဖြင့် ထိုင်းနိုင်ငံသို့ တင်ပို့ရာ အစိုးရလေတပ်မှ လားအုပ်အား မီးလောင်ဗုံးများ ကြဲချရာ ယင်းကျောက် တုံးမှာ လားရော ကျောက်ပါ မီးလောင် ပြီး ချောက်ထဲသို့ကျပြီး ဆုံးရှုံးခဲ့ရ သည်ဟု လောပန်း ပြောပြ၍ သိရ သည်။

ညနေပိုင်းတွင် ပထမပြ၍ ဈေး... သွားသော ရန်ဟန်ကြူ ပြန်လာ... ရောင်းလိုက်ပြီဖြစ်ကြောင်း ပြောပြ... ဒေါ်ပွပြီး...

'ဆရာကြီး ကျွန်တော်နဲ့ ဈေးမပြ... သေးဘဲ ဘာလို့ သူများကို ရော... တာလဲ'

'လောပန်းကလဲ မနက်ကတည်း... ဈေးပြတ်အောင် ပြောရမှာ မ... စဉ်းစားဦးမယ်ဆိုတာကို။ ဒီကျော... က ငါတစ်ယောက်တည်း ပိုင်... မဟုတ်ဘူးကွ။ ကျောက်ထ... အိမ်ရှင်လဲ ရှယ်ယာပါတော့ မ... ဈေးထက် များလို့ ရောင်းလိုက်... ငါလဲ မပြောသာဘူးလေ'

လောပန်း စိတ်ကျေနပ်ရန် ... သုံးလိုက်ရပါသည်။

*(ဆောင်ရောက်ရ လူ့ဘဝ သု... ပြည့်ပါစေ)*

**ရွှေကသစ်(ကျောက်မ...**



www.burmeseclassic.com

www.burmeseclassic.com



# ထူးကဲသော ဦးသဲ

မင်းနန္ဒရိပ်

စာရေးသူ၏ ဇာတိက ဖျာပုံမြို့ ဖြစ်ပါသည်။ ဖျာပုံဆိုလျှင် မြန်မာနိုင်ငံ ပရိသတ်က ဖျာပုံရာမနှင့် ခရေပင်ဘောက်ထိုးတို့ကို တွဲမှတ်ထား၍ နာမည်ကျော်သည့်မြို့ ဖြစ်ပါသည်။ ဖျာပုံရာမကတော့ နှစ်(၁၃၀)နီးပါးခန့် ရှိပြီဖြစ်သော်လည်း ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းထားနိုင်ဆဲ ဖြစ်ပါသည်။

ခရေပင်ဘောက်ထိုးကတော့ မင်းကျောင်းဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက် တစ်စတစ်စ ညှိုးနွမ်းခြောက်သွေ့ပြီး သေသွားခဲ့သည်မှာ ယခုဆိုလျှင် အနှစ်(၂၀)ခန့် ရှိပြီ ဖြစ်ပါသည်။

ဖျာပုံမင်းကျောင်းနှင့် ခရေပင်ဘောက်ထိုး မြင်ဖူးမှလည်း တချို့က ဖျာပုံရောက်သည်ဟု အဆိုရှိကြပါသည်။ မင်းကျောင်းကြီးမှာ ရုပ်စုံကျောင်းကြီး ဖြစ်ပြီး ဖျာပုံဂုဏ်ကို ရာဇဝင်တွင် ပါဝင်အောင် ဖန်တီးပေးသည့် ကျောင်းကြီးဖြစ်ပါသည်။ ဖျာပုံပွဲနင်းကြီး ဦးရွှေပေါ် လှူဒါန်းခဲ့သော ကျောင်းကြီး ဖြစ်သည်။

ဖျာပုံမြို့ မြောက်ပိုင်းရပ်ကွက်တွင် ရှိပြီး ယနေ့တိုင် ပြုပြင် ထိန်းသိမ်းထားပါသည်။ ထို့အပြင် ဖျာပုံမြို့မှ နှုန်းပညာရှိ ဦးဖိုးအိမ်၏ မှတ်တမ်းတွင် ဖျာပုံမြို့ မြောက်ပိုင်းရပ်ကွက်မှ ထူးခြားသော ပဏ္ဍိတပညာရှိ ဦးသဲဆိုသော ပုဂ္ဂိုလ်ကြီး၏ ထူးခြားဂုဏ်ရည်နှင့် အမြော်အမြင်ကြီးမားပုံ၊ စီမံခန့်ခွဲတတ်ပုံ တရားဘာဝနာ ကျင့်ကြံအားထုတ်မှုကြောင့် သေမည့်နေ့ကို ကြိုသိပြီး စီမံခန့်ခွဲနိုင်သည့် ထူးကဲသော ဦးသဲဆိုသော ပုဂ္ဂိုလ်ထူးကြီး၏ ဖြစ်ရပ်မှန်အား ရေးသား တင်ပြအပ်ပါသည်။

ဖျာပုံမြို့ မြောက်ပိုင်းရပ် စျေးအနီး မင်းလမ်းတံတား (ဘုရားကြီးလမ်း)တွင် နေထိုင်သော ဦးသဲဟု ခေါ်သည့် မြန်မာပညာရှိ ပုဂ္ဂိုလ်ကြီးတစ်ဦး ရှိလေသည်။ ထိုအချိန်က ဖျာပုံသည် ရွာကြီးတစ်ရွာအဆင့်သာ ခေါ်ဆိုနေကြပြီးလျှင် ဦးသဲသည် ဖျာပုံတစ်ရွာလုံးနှင့်တကွ အနီးအဝေး သိရှိကျော်စောသည့် ဗဟုသုတ ဟင်းလေးအိုးကြီး ဆိုလျှင်လည်း မမှားပါ။ အဘယ်ကြောင့်ဆိုသော်...

အလှူမင်္ဂလာ၊ အသုဘ၊ မင်္ဂလာဆောင် ပရိသတ်စုံရာဌာနတွင် ဦးသဲရှိရာ တရားပိုင်း၊ စကားပိုင်းမှာ အလွန်စည်ကားလေသည်။ ပုံပြင်ဝတ္ထု၊ ရာဇဝင်ဒဏ္ဍာရီ သမိုင်းစသော အစီအစဉ်ကို ပြောဟောခြင်း၊ တရားဓမ္မသက်ဆိုင်ရာ နီပါတ်တော်များနှင့် ဆိုဆုံးမခြင်းကို ပြုတတ်လေသည့်အတွက် လူကြီး လူငယ်များပင် လေးစားကြည်ညိုနှစ်သက်ကြလေ၏။

ဖျာပုံတွင် ဦးသဲကဲ့သို့ ဟောတတ်၊ ပြောတတ်သူ အများအပြားရှိငြားလည်း ပြောရေးဟောရေးတွင်သာမက ဆိုရေးတွင် ဦးသဲနှင့် တစ်မူ မတူကြချေ။ အများထက်သာသည့် ဦးသဲ၏ ထူးကဲသော အချက်မှာ သီပေါမင်း အရေးတော်ပုံ ပါတော်မမူမီက ဦးသဲကြီးသည် တစ်နေ့သ၌ မြေးမလေးကိုခေါ်၍ မိတ်ဆွေများ ဖိတ်ကြားနိုင်းသည်။

မိတ်ဆွေများနှင့် လှူဖွယ်ဝတ္ထုတန်ဆာလုပ်ရန် ဆွေးနွေးပြီးနောက် ငါးကြင်းကွက် ကွမ်းသီးခြင်း၊ ငရုတ်ခြင်း၊ ကြက်သွန်ခြင်းများ၊ ပရိက္ခရာဆွဲရန် ဆိုင်းငယ်ကလေးများကို လုပ်ကိုင်ယက်စေ၏။ ဝိုင်းဝန်းလုပ်ကိုင်ပေးသူများက အဘသဲ အလှူလုပ်ရန် ထင်မှတ်ကြ၍ တပျော်တပါး ကူညီပေးကြလေသည်။

ယင်းကိစ္စများ ပြီးသည်နှင့် အလှူပစ္စည်းများကို ပင့်သံဃာနှင့် ဦးသဲကြီးကိုယ်တိုင်ထွက် ဝယ်ခြမ်းလေသည်။ ထို့နောက် စပ်ဆရာ ဆရာပုထံ ထမ်းပြာသာဒ်တစ်ခု လက်သမားထံ ခေါင်းတစ်ခုမှာလေသည်။

ပြာသာဒ်ပြီးစီးမည့်နေ့ ခေါင်းပြီးစီးမည့်နေ့နှင့် ချိန်လျက် ဆိုင်းဆရာ ဦးကြာဘန်းကို ငှားပြီး ညဘက်တွင်





www.burmeseclassic.com

www.burmeseclassic.com

သားသမီးများ စုံညီစွာ ခေါ်ယူလျက် မှာကြားသည်မှာ…

'ငါသေလျှင် (၅)ရက်ထက် ပိုမထားရန် (၅)ရက်နှင့် သင်္ဂြိုဟ်ကြ'

ဟု သာမညအနေနှင့် စကားစပ်၍ ပြောထားကြလေသည်။

သားသမီးများက အမှုမဲ့အမှတ်မဲ့ ရှိကြ၏။

ထိုသို့ ပြောပြီး နောက်တစ်နေ့ မိုးလင်းလျှင် ရေမိုးချိုးပြီးလျှင် မြေးမလေးကို ခေါ်ပြီး အမွှေးရည် သွေးခိုင်းပြီး လိမ်းစေသည်။ အမွှေးလိမ်းပြီး ထမင်းထည့်ခိုင်းကာ ထမင်းစားပြီးနောက် ဦးသဲ နေ့လယ်နေ့ခင်း အိပ်မောကျနေရာတွင် လှဲ၍…

'ဟဲ့…သမီး အဘဆီကို အဋ္ဌဿသာခါ ဘုရားပင့်ခဲ့စမ်း'

ဟု ခိုင်း၍ သမီးက အိမ်အပေါ်ထပ် ဘုရားစင်ပေါ်မှ ပင့်လာခဲ့ပြီး ပေးရာ ဦးသဲက လက်အုပ်ချီပင့်၍ ရင်ဘတ်ပေါ်တင်ကာနေစဉ် သမီးက အမှုမဲ့ ထွက်သွားလေသည်။

အတန်ကြာ ခါတိုင်းနိုးနေကျ အခါ၌ မနိုးဘဲ ရှိသဖြင့် သမီးက လာကြည့်ရာတွင် အသက်မရှိ အနိစ္စရောက်နေကြောင်းသိကာ အော်ငိုတော့မှ အိမ်သားနှင့် ပတ်ဝန်းကျင် သိရှိကြလေသည်။ ထိုသို့ ထူးဆန်းအံ့ဩစရာကောင်းသော ဈာပနကိစ္စကို ဦးသဲ မှာသည့်အတိုင်းပင် သင်္ဂြိုဟ်ကြရလေသည်။

ဦးသဲ၏ ဗဟုသုတ ဉာဏ်ပညာ အမြင်ကျယ်လှပုံကို အသက်(၈၅)နှစ်အရွယ်တွင် အနိစ္စရောက်ခဲ့ရှာသော ပဲ့နင်းကြီးအမွှေခံ ဦးမောင်၏ဇနီး (မင်းကျောင်း သစ်ကြီး ဒါယိကာမ–ဥပါသကီ) ဒေါ်အေးမှ စကားထဲ ခဏခဏထည့်ပြောခဲ့သည်မှာ…



'အဘဦးသဲကြီးက ပြောဖူးတယ်။ ငါတို့က အဲဒီအချိန်မှာ အပျိုဖြန်း (၁၃-၁၄)နှစ်အရွယ်၊ မယ်အေးရယ်…ငါမြေး သဲညွှန့်ဟာ မင်းထက် ရုပ်ရည်လှတယ်။ မင်းထက် ရေးကံသာတယ်။ နို့ပေမယ့် အခုမျက်မြင်မှာ သင်းကလေးက ကောင်းစားဖို့ ငါမမြင်ဘူး။

မယ်အေး…မင်းကတော့ ကျေးဇူးသိတတ်တယ်။ လူကြီးမိဘကို ရိုသေတယ်။ သွားပုံလာပုံ၊ နေပုံထိုင်ပုံဟာ မိန်းမတို့ကျက်သရေနဲ့ ပြည့်စုံတယ်။ မယ်အေးကတော့ လူလားမြောက်လို့ အိမ်ထောင်ကျစွ ဆောင်ရွက်တစ်စတစ်စ ကြီးပွားပြီး ကျောင်းအမ၊ ဘုရားအမအဖြစ် သာသနာ့ဘွဲ့ ရလိမ့်မယ်။ ငါ့မြေး သဲညွှန့်ဟာ မင်းတို့သူငယ်ချင်းပဲ။ ဆင်းရဲမှာအမှန်၊ နောင် ကြီးပြင်းလာလို့ မင်းမှာ (၁၀)ကျပ်စ၊ (၅)ကျပ်စ လာချေးရင်မ,စပါကွယ်။ အတိုးရယ်၊ အမြတ်ရယ် သဘောမထားပါနဲ့။ စောင်မ,ပါ။ ကြားလား အဘိုးမှာခဲ့မယ်။

သဲညွှန့်ဟာ မင်းတို့လို မဟုတ်ဘူး။ ရေးကံပါလာတဲ့ ရုပ်ကလေးချောတာပဲ။ အခုဆိုရင် လူကြီးမိဘ ရှိသေးရမယ်၊ ကြောက်ရွံ့ရမယ် မရှိဘူး။ တခြားလူကြီးဆိုတာ ဝေးရော၊ တို့အဘိုးအဘွား ဆုံးမတာတောင် မနာခံဘူး။ မိန်းကလေးဆိုတာ နူးညံ့ရတယ်။ ယဉ်ကျေးရတယ်။ ရှက်တတ် ကြောက်တတ်ရတယ်။ ဒါမှ မိန်းမကျက်သရေတည်တယ်။ မိန်းမကျက်သရေတည်မှ လင်ကောင်းသားကောင်းရပြီး ချမ်းသာရမယ်။

အခုတော့ စိတ်က ကြမ်းတယ်၊ စိတ်ကြမ်းတော့ နှုတ်ထွက်လဲ ကြမ်းတယ်။ အသွားအလာကြမ်း မိန်းမပီသဘူး။ အရှက်အကြောက်ဆိုတဲ့ မိန်းမတို့ ကျက်သရေ တွေ့ရလဲ မရှိဘူး။ ဒီတော့ သင်းကလေး ဆင်းရဲမှာ အမှန်ပဲ။ မင်းတို့ သူငယ်ချင်းဖြစ်တဲ့အတိုင်း ကြည့်ပါကွယ်လို့ မှာဖူးတယ်'

ဟု ဒေါ်အေးက ပြောပြပါသည်။

ဦးသဲ ပြောချက်အတိုင်းလည်း မှန်နေပါသည်။ ဒေါ်သဲညွှန့်မှာ ဈေးတောင်းခေါင်းတင်၍ အရပ်ထဲမှာ မုန့်ပဲသရေစာ ရောင်းရင်းပဲ အနိစ္စရောက်ရလေသည်။

ဒေါ်အေးမှာ အိမ်ထောင်ကျစကပင် မင်းကျောင်းကြီး ပြင်ဆင် ဆောက်လုပ်ပြီးနောက် (၆)ကြိမ်မြောက် ရေစက်ချပွဲ ပြုလုပ်ပြီး အသက်(၈၅)နှစ်အရွယ်တွင် အနိစ္စရောက်ရှာသည်။ ထူးကဲသော အဘဦးသဲ၏ မျှော်မြင်သိရှိသော ပညာဂုဏ်ကိုဖြင့် ချီးမွမ်း၍ မဆုံးနိုင်အောင်ပင် ရှိပေတော့သည်။

ဤသည်မှာ ပြောလျှင် ယုံနိုင်ဖွယ် မရှိသည့် ဦးသဲ၏ ထူးကဲသော အသိဉာဏ်ပညာ ကြွယ်ဝမှုနှင့် မသေခင်မှာ သေတော့မှာကို ကြိုတင်သိပြီး လိုအပ်ချက်မှန်သမျှအား သူများ အလုပ်မှာ စီမံခန့်ခွဲသလို မိမိကောင်းမှု ကုသိုလ်ကို နောက်ဆုံးအလှူဖြင့် ပေးဆပ်ကာ ဘုရားဂုဏ်၊ တရားဂုဏ်တော် အကျိုးကြောင့် နောက်ဆုံးသေခါနီးတွင် အဋ္ဌဿသာခါဘုရားအား ရင်ဘတ်ပေါ်တင် လက်အုပ်ချီလျက် တရားအာရုံ သွင်းလျက်က စုတိစိတ်ကျပါသည်။

ကွယ်လွန်ချိန်တွင် ပူလောင်ပြင်းပြ ဝေဒနာ မခံစားရခြင်းမှာ ထူးကဲသော ဦးသဲ၏ဖြစ်စဉ်က ကောင်းရာသုဂတိသို့ ရောက်မည်မှာ ဧကန်အမှန်ပင် ဖြစ်ပါကြောင်း ရေးသား တင်ပြအပ်ပါသည်။

မင်းနန္ဒရှိန်



www.burmeseclassic.com

www.burmeseclassic.com



ရွှေကံမြေ ဖိုးဇော

# ဓာတ်ပုံဆရာဘဝ

## ဖြစ်ရပ်ဆန်းများ (၂)

ကျွန်တော့်မှာ အဖေ့ဘက်က တော်စပ်တဲ့ ဝမ်းကွဲညီအစ်ကို လေးယောက်ရှိတယ်။ အဲဒီထဲက အဖေရဲ့အစ်ကို ဦးကျင်အေးရဲ့သား ကြောင်ပါးတို့ ပျားလေးတို့နေတဲ့ မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့နယ်ထဲက ရွှေပန်းတော ရွာကြီးမှာ ဖြစ်ပျက်ခဲ့တဲ့ ဖြစ်ရပ်လေးတစ်ခုကို ပြောပြချင်တယ်။ ထုံးစံအတိုင်း ဓာတ်ပုံရိုက်ရင်း တွေ့ခဲ့ရတဲ့ ကိုယ်တွေ့ ဖြစ်ရပ်ဆန်းလေးပေါ့။

ဒီလိုဗျ ကြောင်ပါးမှာ အစ်ကိုရင်းလို အရမ်းခင်ရတဲ့ လူတစ်ယောက်ရှိတယ်။ သူ့နာမည်က ကိုမောင်စိန်တဲ့။ အဲဒီ မောင်စိန်ရဲ့သမီး မင်္ဂလာဆောင်မှာ အမှတ်တရ ဓာတ်ပုံရိုက်ဖို့ မိတ်ရင်းဆွေရင်းထဲက ဓာတ်ပုံဆရာ ကောင်းကောင်းတစ်ယောက်လောက် ခေါ်ပေးဖို့ ကြောင်ပါးကို အကူအညီ တောင်းလာတယ်။

ကြောင်ပါးကလဲ အဆင်သင့်ပါပဲ။ ကူညီဖို့ သူ့မှာ တာဝန်ရှိတယ်လေ။ နောက်ပြီး သူကူညီမှ ဖြစ်တော့မယ်ဆိုတာ သူသိနေတယ်။

ဒါနဲ့ ကျွန်တော်လဲ ရွှေပန်းတောရွာမှာ ဓာတ်ပုံရိုက်ဖို့ဖြစ်လာတော့တာပေါ့။ တကယ်တော့ ရွှေပန်းတောရွာဟာ ကျွန်တော်တို့ ပဲခူးတိုင်းဒေသကြီး၊ အနောက်ဘက်ခြမ်းရဲ့ အထင်ကရ ပဲခူးရိုးမတောင်တန်းကြီးရဲ့ တစ်ဖက်မှာရှိတဲ့ ရွာကြီးတစ်ရွာပေါ့။

ရွာကြီးဆိုပေမယ့် တိုက်နယ် အဆင့်လောက်ရှိတယ်။ တစ်ခုပဲဗျ အောင်လံကနေပြီးလာရင် လမ်းက တော်တော်ကြမ်းတယ်။ အဲဒီအချိန်တုန်းက နှမ်းဖတ်ကျောက်ကြီးတွေ ထုထောင်းပြီး လမ်းကို ခင်းထားတာ။ ဒါကြောင့် လူရွှင်တော်တွေ ပြောတာပေါ့ **“ရွှေပန်းတောလမ်း ခပ်ကြမ်းကြမ်းတဲ့၊ ကျောက်ခဲစားသွားရင် အစာကြေတယ်တဲ့”။**

ကဲ... ကျွန်တော့်တို့က ဓာတ်လမ်းလေး စ,ကြရအောင်ဗျာ။ ကြောင်ပါးရဲ့ ပြောပြချက်အရ မောင်စိန်တို့က မိသားစု သုံးယောက်တည်းနေကြတာ၊ သမီးလေးနာမည်က ဖြူနုတဲ့ ကောင်မလေးက အသက် (၁၆ နှစ်၊ ၁၇ နှစ်)လောက်ရှိပြီ။ အပျိုပေါက်လေးဆိုပါတော့ဗျာ။

www.burmeseclassic.com

ဒါပေမယ့် ကံဆိုးတာက ကိုမောင်စိန်တို့ မိသားစုဟာ ဆင်းရဲကြရှာတယ်။ မရှိမဲ့ ရှိမဲ့ တောင်ယာလေးကိုလုပ်ပြီး အသက်မွေးကြရတာပေါ့။ အဲ... ဖြူနုလေးကတော့ တောသူလေးဆိုပေမယ့် အတော်လေး လှတယ်ဗျ။ မိဘက ဆင်းရဲတော့ ကျောင်းလဲ မတက်နိုင်ရှာဘူး။ ဆဌမတန်းလောက်နဲ့ ကျောင်းထွက်လိုက်ရပြီး မိဘရဲ့ ယာလုပ်ငန်းလေးကို ဝိုင်းကူပေးပေါ့။

ကိုမောင်စိန်မှာ ကြောင်ပါးအပြင် မိတ်ဆွေတစ်ယောက် ရှိသေးတယ်။ ရွာလယ်က ကိုထွန်းလှတဲ့။ သူကတော့ ကိုမောင်စိန်နဲ့ ပြောင်းပြန်ပေါ့။ သိပ်ချမ်းသာတာ ထော်လာဂျီကတင် (၃)စီး။ ဟီးနိုးကားက (၂)စီး။ အဲဒီ ဟီးနိုးတွေက ရွှေပန်းတောနဲ့ အောင်လံကို ဆွဲတဲ့ လိုင်းကားတွေပေါ့။

ခရီးသည် သီးသန့်စီးတဲ့ လိုင်းကားရယ်လို့ မရှိတော့ ဒီ ဟီးနိုးတွေပေါ်မှာပဲ ကုန်တွေတင်၊ အဲဒီကုန်တွေပေါ်မှာ လူတွေက တက်စီး။ တချို့လဲ ကားအမိုးကိုင်းတွေပေါ် တက်စီးကြပေါ့။ အဲဒီလို...

ကိုထွန်းလှက ဒါတွင် မကသေးဘူး ရာသီပေါ် သီးနှံတွေ ဝယ်တဲ့ဒိုင်ပါ ဖွင့်ထားသေးတယ်။ ပြောရရင် ပွဲရုံပေါ့ဗျာ။ ပွဲရုံကလဲ အဆင်ပြေသလား မမေးနဲ့ ကုန်လှည်းတွေဆိုတာ တန်းစီနေတာဗျို့။

မိုးလင်းက မိုးချုပ်ပဲ။ တစ်နေ့တစ်နေ့ ဝင်ငွေဆိုတာ မပြောတော့နဲ့ သောက်သောက်လဲ။ ရွာမှာ ပွဲရုံအပြိုင်ကလဲမရှိ သူကလဲ အပြောကောင်းဆိုတော့ ရွှေပန်းတော ပတ်လည်မှာရှိတဲ့ ရွာတွေက ထွက်သမျှ ကုန်တွေအားလုံး သူ့ဆီမှာချည်း...

ကိုမောင်စိန်နဲ့ ကိုထွန်းလှတို့ဟာ



အင်မတန်ခင်တဲ့ မိတ်ဆွေတွေဆိုတော့ နှစ်အိမ်တစ်အိမ်လို ဖြစ်နေတာပေါ့။ တကယ်တော့ ကိုထွန်းလှတို့ကလဲ မိသားစု (၃)ယောက်ပဲ။ သားလေး (၁)ယောက်ရှိတယ် မောင်မိုးဝင်းတဲ့။ တက္ကသိုလ်ဝင်တန်း ကျောင်းသားလေး ကိုထွန်းလှက ချမ်းသာတဲ့လူဆိုတော့ မိုးဝင်းကို အောင်လံက ဘော်ဒါမှာ ပို့ထားတယ်လေ။

ဒီလိုနဲ့ မိုးဝင်းတစ်ယောက် တက္ကသိုလ်ဝင်တန်း ဖြေပြီးလို့ ရွာကို ပြန်လာတော့မှ ဇာတ်လမ်းကစတာ၊ လူကြီးချင်းကလဲခင်၊ နှစ်အိမ်တစ်အိမ် လိုလဲ ဖြစ်နေတော့ လူငယ်ဘဝ စိတ်ကစားကြ၊ ထုံးစံအတိုင်း မိဘတွေမသိအောင် ချစ်ကြပေါ့။ ရွာဆိုတော့ ညည ချိန်းတွေ့စရာ နေရာတွေကလဲ များတယ်လေ။

ချစ်ကြ ကြိုက်ကြလို့ (၃)လလောက်အကြာမှာတော့ ပြဿနာက စပြီ၊ တိုက်ဆိုင်မှုလား, ဖြစ်ချင်လို့လား မသိပါဘူး တစ်ညတော့ သူတို့ ချိန်းတွေ့နေကြတုန်း ကိုမောင်စိန်နဲ့ တည့်တည့်ကြီး တိုးတော့တာပေါ့။ ဒီတော့ ရပ်မိရပ်ဖတွေကိုခေါ်၊ ကိုထွန်းလှတို့ လင်မယားကိုခေါ် တရားဝင် လက်ထပ်ပေးဖို့ စီစဉ်ရတော့တာပေါ့။

အဆင့်အတန်းခြင်းက အရမ်းကွာနေတော့ ကိုထွန်းလှတို့လင်မယားနဲ့ အသိုက်အဝန်းကတော့ အမျိုးမျိုး ပြောကြတယ်။ တမင် ထောင်ဖမ်းတယ်၊ ဘာညာပေါ့။ သူတို့ နည်းနည်းလေးမှ သဘောမတူကြဘူး။

တကယ်တော့ ကာယကံရှင် မိုးဝင်းကိုယ်တိုင်ကလဲ စိတ်ကစားရင်းနဲ့သာ ချစ်တယ်ထင်၊ ချစ်တယ်ထင်ပြီး ငြိစွန်းတဲ့အဆင့်ထိ ရောက်ခဲ့တာ။ တကယ်တမ်း နဖူးတွေ့ ဒူးတွေ့ ယူရတော့မယ်ဆိုတော့ သူ မလိုချင်တော့ဘူး။ ဒါပေမယ့်လဲ ယူကို ယူရတော့မှာ၊ အားလုံး သိသွားကြပြီကိုး။ ကောင်မလေးမှာ ကိုယ်ဝန် ရှိနေပြီတဲ့လေ။

အရင်က အလွန်ခင်ခဲ့ကြတဲ့ ကိုမောင်စိန်နဲ့ ကိုထွန်းလှတို့ရဲ့ မိတ်ဆွေသံယောဇဉ်ဟာလဲ နိဂုံးချုပ်ခဲ့ပြီ။ ကိုထွန်းလှဆိုတာ မင်္ဂလာပွဲကို မတက်ပါဘူး လုပ်နေလို့ ဘိသိက်မြှောက်ရင်တော့ လာခဲ့ပေးပါလို့ သူကြီးက ဝင်ပြီး ပြောတော့မှ လက်ခံခဲ့တာကလား။

အဲဒီမှာ ကျွန်တော်ရဲ့ ဓာတ်ပုံဆရာ အခန်းကဏ္ဍ စပြီး ပါလာတော့တာပေါ့။ တကယ်တမ်းဆိုရင် ကျွန်တော် ဒီနယ်ကိုလာပြီး ဓာတ်ပုံရိုက်ပေးစရာ အကြောင်းမရှိဘူး။ သူတို့ရွာမှာလဲ ဓာတ်ပုံဆရာတချို့ ရှိကြတာပဲ။ ဒါပေမယ့် ကြောင်ပါးတို့ ဘာကြောင့် သူတို့ နယ်ခံ ဓာတ်ပုံဆရာကို မသုံးဘဲ ကျွန်တော့်လို သူစိမ်းတစ်ယောက်ကို ခေါ်ခဲ့ရသလဲဆိုတော့ သူတို့ရွာမှာရှိတဲ့ ဓာတ်ပုံဆရာတစ်ယောက်ကို သုံးမယ်ဆိုရင် တစ်ယောက်နဲ့တစ်ယောက် အနည်းနဲ့အများ မျက်နှာ နာကြရမယ် လေ။ အကြောင်းသိတွေကိုး။



www.burmeseclassic.com

www.burmeseclassic.com

ပြီးတော့ ကျွန်တော်က ဓာတ်ပုံမှိုနိုး။ ကျွန်တော့်အမေအကြောင်း၊ ကျွန်တော့်အကြောင်း။ ကြောင်ပါး ကောင်းကောင်းသိတယ်။ ဒါကြောင့် ကျွန်တော့်ကို ခေါ်ဖြစ်ခဲ့ကြတာ။

မင်္ဂလာပွဲကတော့ စပါပြီဗျာ။ ဒီပွဲကို ကိုမောင်စိန်ရဲ့ အိမ်ကလေးမှာ မဏ္ဍပ်ထိုးပြီး လုပ်ကြတာ၊ ပွဲမစခင်လေးမှာပဲ ကြောင်ပါးနဲ့ ကိုမောင်စိန်တို့ ကျွန်တော့်ဆီ ရောက်လာတယ်။ ကြောင်ပါးကပဲ စပြီး...

'ညီလေး အိုကေလား'

'အားလုံး အိုကေပဲအစ်ကို။ ကင်မရာကော မီးကော ဓာတ်ခဲလဲ အပိုပါသေးတယ်'

'အစ်ကိုပြောဦးမယ် ညီလေး။ ကိုမောင်စိန်က မင်္ဂလာပွဲနဲ့ ပတ်သက်တဲ့ပုံ၊ မှတ်တမ်းတင်သင့်တဲ့ပုံ အားလုံး ရိုက်ပါတဲ့။ အဓိကကတော့ကွာ ဘိသိက်မြှောက်နေတဲ့ပုံပဲ။ နှစ်ဖက်မိဘနဲ့ သတို့သား၊ သတို့သမီး ထိုင်နေတဲ့ပုံ ဟုတ်ပြီနော်'

'ရပါတယ်အစ်ကိုရ စိတ်ချ'

ကိုမောင်စိန်ဘက် လှည့်ပြီး ကျွန်တော် ပြောလိုက်ပါသေးတယ်။

'စိတ်ချ ကိုမောင်စိန် ကျွန်တော် အကောင်းဆုံး ရိုက်ပေးမယ်'

ဒီလိုနဲ့ ကျွန်တော် လိုအပ်မယ်ထင်တဲ့ ဓာတ်ပုံတွေကို ကြောင်ပါးမေးလိုက် ရိုက်လိုက်၊ ကိုယ့်သဘောနဲ့ကို လိုသလို ရိုက်လိုက်၊ ဟိုဝိုင်းရိုက် ဒီဝိုင်းရိုက်ပေါ့။ ဘိသိက်မမြှောက်ခင် ကြောင်ပါးက မှတ်မှတ်ရရ ထပ်ပြီး လာပြောသွားသေးတယ်။

'ညီလေး အဲဒီ ဘိသိက်မြှောက်နေတဲ့ပုံက အရမ်း အရေးကြီးတယ်နော်။ တစ်ချိန်ချိန် သူတို့တက်က (ကိုထွန်းလှ)က ကလေးတွေကို ခွဲလားခွာလား လုပ်ခဲ့ရင် ဒီပုံက အဓိကကျတယ်။ သက်သေ အထောက်အထား တစ်ခုအနေနဲ့ပေါ့ကွာနော်'

'စိတ်ချပါကွာ ဒါ သေသေချာချာ ရိုက်လိုက်ပါ့မယ်'

ဒါနဲ့ ဆက်ရိုက်ပေါ့ အားလုံး အိုကေပဲ။ အဲ... ဘိသိက်မမြှောက်ခင် အထိပေါ့။ ရောက်လာပါပြီဗျာ ဘိသိက်မြှောက်တဲ့အချိန် ကောင်လေးနဲ့ ကောင်မလေး နှစ်ဖက်မိဘ ကျုံ့ကျုံ့လေးတွေ ထိုင်လို့...

ကျွန်တော်လဲ သင့်တော်မယ့် နေရာကောင်းကိုရွေးပြီး နေရာယူလိုက်တယ်။ ကင်မရာမီးကို အားဖြည့် မီးနီလေး ရဲနေအောင်ထား။ ကင်မရာရဲ့ အပါချာ ရှုတ္တာတွေ သေသေချာချာပြင်၊ သူတို့ (၆)ယောက် အားလုံးပါအောင်ချိန်၊ ဖိုးကပ်စ် (Focus)ဖြတ် အားလုံး အဆင်သင့် (Ready)ပေါ့။ ကင်မရာမောင်းကို နှိပ်ချလိုက်တယ်။ မီးမလင်းဘူး။ အပါချာတွေ ရှုတ္တာတွေ အသံမမှန်ဘူး။

ထပ်ကြိုးစားတယ် မရဘူး။ ဒါနဲ့ အနားက ညှော်သည်တွေရဲ့ပုံကို မှိတ်ကြည့်တယ် ရတယ်။ မီးလဲလင်းတယ်။ ဘိသိက်ပုံ ပြန်ရိုက်ကြည့်တယ် မရဘူး။ မီးမပါရင်တောင် ပုံပေါ်အောင်လို့ အပါချာ ရှုတ္တာတွေကို အစွမ်းကုန်ချဲ့ပြီး ရိုက်ကြည့်လဲ မရဘူး။ မောင်းကကျတယ်၊ အသံတွေ မမှန်တာလေ။

ကျွန်တော့်တစ်ကိုယ်လုံး ဇောချွေးတွေ ပြန်နေပြီ ကိုမောင်စိန်နဲ့ ကြောင်ပါးကို ဘယ်လိုပြောရပ့်။ ကျွန်တော့်စိတ်ထင် (၆) ပုံလောက်ရှိမယ် ရိုက်ပစ်တာ၊ ဘယ်လိုမှ ရိုက်လို့မရခဲ့ဘူး။ ကျွန်တော် သိနေတယ် အဲဒီပုံ မပေါ်ဘူး။

ဘိသိက်မြှောက်ပြီးတော့ သူတို့နှစ်ယောက် ကျွန်တော့်ဆီ ရောက်လာကြတယ် သောကမျက်လုံးတွေနဲ့။ ကြောင်ပါးကပဲ စပြီး...

'ဘယ်လိုဖြစ်တာလဲ ညီလေးရာ'

'အစ်ကို မင်းတို့ မြင်တဲ့အတိုင်းပဲ မင်္ဂလာပွဲ စကတည်းက ရိုက်လာလိုက်တာ အခုလဲ ငါရိုက်ပြမယ်'

ဆိုပြီး ကင်မရာနဲ့ အနီးက ညှော်သည်တချို့ကို ကောက်ရိုက်ပြလိုက်တယ်။ အိုကေပဲ မီးလဲလင်းလာတယ်။

'တွေ့လား ငါပြောချင်တာ အဲဒါပဲ။ ရိုက်သမျှပုံအားလုံး အိုကေပဲ။ ဒီပုံကျမှ ငါ ဘယ်လိုမှ ရိုက်လို့မရတာ'

'ကိုမောင်စိန် ကျွန်တော် တကယ် စိတ်မကောင်းပါဘူး'

'ရပါတယ်ဗျာ ဘယ်တတ်နိုင်မလဲ၊ ခင်ဗျားလဲ အကောင်းဆုံးဖြစ်အောင် ရိုက်နေတာ ကျွန်တော်မြင်နေရတာပဲ'

ကိုမောင်စိန်တစ်ယောက် ညှိုးသောမျက်နှာနဲ့ ပြောရှာတယ်။

'ကိုမောင်စိန်ကို ကျွန်တော့် အတွေ့အကြုံအရ ပြောလို့ရတာလေးတော့ ရှိတယ်။ အဲ့ဒီ ခင်ဗျားလဲ ကျွန်တော်ပြောတာကို



 (စာမျက်နှာ (၂၈၈) သို့)

www.burmeseclassic.com

www.burmeseclassic.com

# သေမင်းတမန်

ဖြစ်ရပ်မှန်

စလင်း ဦးကျော်



သာယာကုန်းရွာကလေးသည် အိမ်ခြေ နှစ်ရာခန့်ရှိသော ရွာကလေးဖြစ်သည်။ မိုးတွင်းအချိန်များတွင် ဧရာဝတီမြစ်ရေ ကြီးလာလျှင် သာယာကုန်းရွာ၏ အရှေ့ဘက်နှင့် တောင်ဘက်တို့တွင် မြစ်ရေများ ပတ်လည်ဝိုင်းနေသည်။ ရွာမှာ ကုန်းမြင့်ကလေးပေါ်တွင် တည်နေသည်။

ဧရာဝတီမြစ်ရေ ကြီးလာလျှင် ရွာ၏ နံဘေးရှိ ကန်များတွင် ရေများဝင်လာသည်။ မြစ်ရေကျသွားပါက ကန်များထဲ၌ ရေများ ကျန်ခဲ့သည်။ ရေထဲတွင် ငါးပတ်၊ ငါးရံ့၊ ငါးကြင်း စသည်ဖြင့် ငါးမျိုးစုံ ကျန်ခဲ့ကြသည်။ ယင်းငါးများ ပြန်မထွက်ရန် ယင်းလိပ်များဖြင့် တားကာ ကန်ထဲတွင် မွေးမြူထားကြသည်။ တပေါင်း၊ တန်ခူး ရေခန်းချိန်များတွင် ကန်များကို ဖော်ကြသည်။ ငါးဖမ်းရောင်းကြသည်။ သာယာကုန်းရွာ၏ တောင်ဘက်နားတွင် ခြေဆေးကန်ဟု ခေါ်သော ကန်တစ်ခုရှိသည်။

ထိုကန်၏ အနီးတစ်ဝိုက်တွင် မြွေဆိုးများ ပေါများသည်။ အဆိပ်ပြင်းထန်သည်။ ထိုကန်၏ အနီးတစ်ဝိုက်တွင် မြွေကိုက်ပါက သေဆုံးတာ များသည်။ ခြေဆေးကန်အနီးရှိ သစ်ပင်ပေါ်တွင် လူတစ်ယောက် ကြိုးဆွဲချသေခဲ့သည်။

ထိုကဲ့သို့ ဥပဒ္ဒွေအကက်နှင့် သေဆုံးသူများ,များပြားသဖြင့် ယင်းနေရာတစ်ဝိုက်တွင် အခြောက်အလှန့်များသည်။ ပရလောကသားများ၏ အမျိုးမျိုး ခြောက်လှန့်မှုတို့ကြောင့် လူသွားလူလာ နည်းလှသည်။ သာယာကုန်းရွာ၏ မြောက်ဘက်တွင် ယာကွင်းကြီးများ ရှိသည်။ အနောက်ဘက်တွင် လယ်ကွင်းပြင်ကြီး ရှိသည်။

သာယာကုန်းရွာမှ လယ်သမားသည် ၁၃၇၀ ပြည့်နှစ် (၂၀၀၉ ခုနှစ်) မိုးစပါးစိုက်ပျိုးရာသီ ပြီးဆုံးခဲ့သည်။ စပါးများ ရိတ်သိမ်းပြီးခဲ့သည်။ အခု တပို့တွဲလဆန်းတွင် နွေစပါးစိုက်ပျိုးရန်အတွက် လယ်ကွက်များတွင် ရေသွင်းကာ ထွန်ရေးငင်ကြသည်။ စပါးပျိုးများ



www.burmeseclassic.com

www.burmeseclassic.com



ကြဲကြသည်။ စိုက်ခင်းခွဲ ထွန်ယက်ကြသည်။ ထွန်ယက်ပြီး စိုက်ခင်းများတွင် ပေါင်းမြက်များ ကောက်ကြသည်။

ယခင်နှစ်များတွင် တပို့တွဲလပြည့်ကျော်ပါက အချမ်းပြေပါသည်။ ယခုနှစ်တွင် တပို့တွဲလပြည့်ကျော်သော်လည်း ည(၁၀)နာရီခန့်ရောက်လျှင် ခိုက်ခိုက်တုန်အောင် ချမ်းလှသည်။

အခြားသောနိုင်ငံများတွင် ဆီးနှင်းများနှင့် လေအေးများ တိုက်ခတ်မှုတို့ကြောင့် လူများပင် သေကျေပျက်စီးကြသည်ဟု သတင်းများတွင် ကြားသိရသည်။

မည်သို့ပင် ချမ်းပါစေ နွေလယ်စပါးစိုက်ပျိုးမည့် တောင်သူလယ်သမားများသည် မချမ်းအေးနိုင်ပါ။ ဝမ်းရေးအတွက်ပေကို။ နံနက်(၄)နာရီထိုးလျှင် ခိုင်းနွားကြီးများကို အစာကျွေးကြသည်။ ဝေလီဝေလင်းတွင် လယ်ကွင်းများဆီသို့သွားကာ ထွန်ယက်ကြရသည်။ နံနက် ထွန်ယက်ချိန်တွင် သာယာကုန်းရွာကလေးတွင် တစ်ဦးကိုတစ်ဦး ခေါ်သံများ၊ လှည်းမောင်းသံများနှင့် နွားငေါက်သံများ ဆူညံလျက်။

အများနည်းတူ ကိုသံချောင်းသည် နွားတစ်ရှဉ်းနှင့် ထွန်တပ်ကာ သူ၏လယ်ကွင်းဆီသို့ ထွက်လာခဲ့သည်။ ကိုသံချောင်း၏ လယ်ကွင်းသည် ခြေဆေးကန်အနီးတွင် ကပ်လျက်ပါ။ ကိုသံချောင်း လယ်ထွန်ဖို့ မိနစ်နှစ်ဆယ်ခန့်အကြာ သူ၏နှမဝမ်းကွဲ မအေးသင် ရောက်လာသည်။

လယ်စိုက်ခင်းကွက်များတွင် ရှိသော ကနဖော့ပင် ပေါင်းမြက်များကို ကောက်နေသည်။ တောခလေ့အတိုင်း လယ်သမားများနှင့် အလုပ်သမားများသည် လုပ်ငန်းလုပ်လိုက်၊ အနားယူလိုက်ပါ။ မွန်းတည့် (၁၂)နာရီခန့်တွင် လေမတိုက်ဘဲ ခြေဆေးကန်အနီးတွင် ရုတ်တရက် လေပွေကြီး ဖြစ်ပေါ်လာသည်။

လေပွေကြီးသည် တဖြည်းဖြည်းအားကြီးလာသည်။ ဖုန်၊ ခဲ၊ သလဲ၊ သစ်ရွက်ခြောက်၊ အမှိုက်သရိုက်များ ပတ်ချာလည်လျက် လေပွေထဲတွင် မည်းမှောင်နေသည်။ လေပွေကြီးသည် တဖြည်းဖြည်း ရွေ့လျားလာသည်။

ကိုသံချောင်းသည် လယ်ထွန်နေရာမှ ရပ်ကာ လေပွေကြီးကို ကြည့်နေမိသည်။ ထို့အတူ မအေးသင်သည် လေမတိုက်ဘဲ ထူးဆန်းစွာဖြစ်ပေါ်လာသော လေပွေကြီးကို ရပ်ကြည့်နေသည်။

လေပွေကြီးသည် တဝေါဝေါနှင့် အသံကြီးပေါ်ထွက်လာကာ မအေးသင်ရှိရာ လယ်ကွက်ထဲသို့ ရွေ့လျားလာသည်။ လေပွေကြီး၏ တဝေါဝေါ မြည်သံကြီးနှင့် မည်းမှောင်နေသည်တို့မှာ ကြောက်လန့်စရာပင်။

မအေးသင် သတိထားကြည့်လိုက်သည်။ လေပွေကြီးသည် တစ်စထက်တစ်စ လျှင်မြန်လာသည်။ မိမိထံ လာနေသည်ကို တွေ့ရသည်။ မအေးသင်သည် မမျှော်လင့်ဘဲ ရန်သူလိုက်လာသည့်ပမာ လယ်ကွက်ထဲမှာ ကွေ့ပတ်ပြေးရတော့သည်။ မအေးသင်က ရှေ့ကပြေး မည်းမှောင်နေသော လေပွေကြီးက တဝေါဝေါနှင့် ရွေ့လျားလိုက်နေသည်။

ကိုသံချောင်းသည် မနီးမဝေး လယ်ကွက်ထဲမှ လှမ်းမြင်နေရသည်။

ဤသို့နှင့် လေပွေကြီးသည် မအေးသင်ကိုမီကာ မအေးသင် လေပွေကြီးအတွင်းသို့ ရောက်သွားသည်။ လေပွေကြီးသည် တဝေါဝေါနှင့် အသံပိုကျယ်လာသည်။ လျင်မြန်စွာ ငွေ့ယှမ်းလာသည်။

ဤအဖြစ်အပျက်ကို မြင်နေရသူက ကိုသံချောင်း။ ကိုသံချောင်းသည် လေပွေကြီးထဲသို့ ရောက်သွားသော မအေးသင်ကို မမြင်ရချေ။ ဖုန်၊ ခဲ၊ သလဲ၊ သစ်ရွက်ခြောက်၊ အမှိုက်သရိုက်များနှင့် ရောထွေးကာ မည်းမှောင်နေသည်။

လေပွေကြီး ရွေ့လျားသွားသည့်နေရာများတွင် ရွှံ့များနှင့် ရေများ ပွက်ထလျက်။ အတန်ကြာသောအခါ လေပွေကြီးထဲမှ မအေးသင် အန်ထွက်လာသည်။ မအေးသင်တစ်ယောက် ရွှံ့ရေများထဲတွင် တုံးလုံးလဲနေသည်။

လေပွေကြီးသည် လယ်ကွက်ထဲမှ ခြေဆေးကန်ဆီသို့ ရွေ့လျားသွားသည်။ လေပွေကြီးသည် ခြေဆေးကန်အနီးသို့ ရောက်လျှင် ပျက်ပြယ်ပျောက်ကွယ်သွားသည်။

ထိုအခါမှ ကိုသံချောင်းသည် မအေးသင်ကို ကယ်တင်ရန် သတိဝင်လာသည်။ မအေးသင်ရှိရာသို့ အပြေးသွားကာ...

'အေးသင် အေးသင် ဘာဖြစ်သွားသေးလဲ၊ လေပွေထဲ ရောက်သွားတာ



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုနေလဲဟင်'

'ကျွန်မ လေပွေကြီးထဲ ရောက်သွားတော့ ပရလောကသားတစ်ဦးကို တွေ့ရတယ်။ လေပွေကြီးထဲမှာ ထွေးလုံးရစ်ပတ်ပေါ့။ အဲသလိုနဲ့ လေပွေအပြင်ဘက် ကျွန်မ အန်ထွက်လာတာပဲ။ ဘာမှတော့ မဖြစ်လောက်ပါဘူး။ ခေါင်းတော့ မူးနေတယ်'

'ဟာ ဒီလိုဆို မဖြစ်ဘူး။ နေလဲပူလာပြီ မြက်ဖတ်ကောက်မနေနဲ့တော့။ အိမ်ကို ပြန်ရအောင် ငါလိုက်ပို့မယ်'

မအေးသင် တစ်ကိုယ်လုံးတွင် ရွှံ့တွေ ပေကျံနေသည်။ ကိုသံချောင်းသည် မအေးသင်ကို ရွာသို့ ပြန်ခေါ်သွားသည်။ မအေးသင်သည် အိမ်သို့ရောက်လျှင် စကားပြောမမှန် ဖြစ်လာသည်။ မျက်နှာထား တင်းလာသည်။ မျက်ထောင့်နီလာသည်။ မျက်စောင်းထိုးကြည့်သည်။ ကိုယ်လက်အမူအရာနှင့် စကားပြော ကြမ်းလာသည်။ အချိန်အနည်းငယ်ကြာသောအခါ မအေးသင် မျက်ဖြူလန်ကာဇက်ကျိုးကျသွားသည်။

ကိုယ်ခန္ဓာကိုလှုပ် နာမည်ခေါ်သော်လည်း စကားပြန်မရတော့ဘဲ အသက်ဆုံးရှုံးသွားတော့သည်။ မအေးသင်သည် ရင်သွေးငယ်နှစ်ယောက်နှင့် ခင်ပွန်း ကျန်ရစ်ခဲ့သည်။

အကောင်းပကတိက လတ်တလော သေဆုံးရသည့်အတွက် မိသားစုနှင့် ဆွေမျိုးရင်းချာများ ရင်ကျိုးမတတ် ခံစားကြရသည်။ ကြားရသူများ အံ့သြထိတ်လန့် တုန်လှုပ်ကြရသည်။

အသက်(၈၀)ကျော် လူကြီးသူမများ ပြောကြသည်မှာ...

'တို့ ငယ်ရွယ်စဉ်က အဖေ့အမေ အဘိုးအဘွားတို့က ပြောဖူးတယ်၊ လေပွေ ရွေ့လျားလာတာမြင်ရင် "လေပွေရေ ထားကြည့်၊ ထားကြည့်"လို့ ဆိုကာ ထားထောင်ပြရတယ်။ တဲ့။

အခုလို လေပွေထဲမှာ မကောင်းဆိုးဝါးကောင် ပါတတ်လို့ ပြောတာဖြစ်မှာပေါ့'

**ဘကြီးဖြိုး ပြောပြသည်မှာ...**

'ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ သရဲတို့ဟာ အမျိုးမျိုးရှိတယ်။

အချို့က လူတို့ကို ပူးကပ်ပြီး စားသောက်ကြတယ်။

အချို့က အနံ့နဲ့ တင်းတိမ်ကြတယ်။

အချို့က တောင်းရမ်း၍ ဖြစ်စေ၊ လုယက်၍ဖြစ်စေ စားကြတယ်။

အချို့က ကျက်ပြီးသော အစာမှ စားကြတယ်။

အချို့က သားစိမ်းငါးစိမ်း စိမ်းစိမ်းစိုစိုကိုမှ စားကြတယ်။

အခုလို ဖုတ်၊ ပြိတ္တာ၊ တစ္ဆေ၊ သရဲတို့ ဒုက္ခမပေးနိုင်အောင် သရဏဂုံရွတ်ဆိုခြင်း၊ ငါးပါးသီလ စောင့်ထိန်းခြင်း၊ ဗုဒ္ဓဂုဏ်တော်များကို ရွတ်ဆိုပူဇော်ခြင်း စတဲ့ ကောင်းသော စရဏများကို အမြဲပွားများနေကြရမယ်'

ဟု ဆုံးမဩဝါဒ ပေးပါသည်။

မည်သို့ဆိုစေ မအေးသင် သေဆုံးရခြင်း၌ လေပွေကြီးသည် သေမင်းတမန်ဟု ခေါ်ဆိုကြပါတော့သည်။

**မှတ်ချက်။ ။ ၁၃ရ၀ ပြည့်နှစ်၊ တပို့တွဲလပြည့်ကျော် (၁၁)ရက်နေ့၊ နေ့လယ် (၁၂)နာရီတွင် လေပွေကြီးထဲ ရောက်ခဲ့ပြီး သေဆုံးသွားသော အမျိုးသမီးတစ်ယောက်၏ တကယ့်ဖြစ်ရပ်မှန် ဖြစ်ပါသည်။ ကျေးရွာ၊ နာမည်များကို လွှဲပြောင်းထားပါသည်။**

*ဘေးဘယာ ဝေးကွာကြပါစေ။*

စလင်း ဦးကျော်

စာမျက်နှာ (၂၈၅)မှ အဆက်

နားထောင်ပြီး စဉ်းစားကြည့်ပေါ့။

တကယ်ဆို ဒီဘီသိက်မြောက်နေတဲ့ပုံဟာ ကျွန်တော်တို့အတွက် အရေးကြီးတဲ့ပုံ ဖြစ်သလို တစ်ဖက်က ကိုထွန်းလှတို့အတွက်လဲ အရမ်း အရေးကြီးတယ်လေ။ အစကတည်းက ဒီမင်္ဂလာပွဲကို သဘောမတူခဲ့ဘူး၊ ဖျက်လို့ရရင် ဖျက်ချင်ခဲ့ကြတာဆိုတော့ ကျွန်တော်တို့ရဲ့ အဓိက ဓာတ်ပုံကိုလဲ သူ မရရအောင် ဖျက်ဖို့ ကြိုးစားနိုင်တယ်လေ။

ဆိုလိုတာကဗျာ ဓာတ်ရိုက်ဓာတ်ဆင်တို့ အင်းချတာတို့ ပေအင်ပေးပြီး ယတြာချေတာတို့ အဲဒီလိုမျိုးတွေလုပ်ပြီး စီစဉ်ထားရင်ကော၊ တိုက်ရိုက်နေတာကော မဖြစ်နိုင်ဘူးတဲ့လား'

ကျွန်တော် ပြောချလိုက်တယ် ဆိုရင်ပဲ ကိုမောင်စိန်ကော၊ ကြောင်ပါးပါငြိမ်သွားတယ်။ ယုံရခက်ခက်လဲ ဖြစ်နေ၊ တကယ်လဲ လက်တွေ့ဖြစ်နေ ဝေခွဲမရနဲ့ပေါ့။

နောက်တစ်နေ့မနက် အောင်လံကို သွားပြီး ဓာတ်ပုံတွေ ကူးကြည့်တော့ ထင်တဲ့အတိုင်းပါပဲ ဘီသိက်မြောက် နေတဲ့ လိုချင်တဲ့ပုံ မရခဲ့ဘူး။ မပေါ်ဘူးတဲ့လေ။ ကျန်တဲ့ပုံတွေ အားလုံးကောင်းတယ်။ ကျွန်တော်လဲ ကြောင်ပါးကို ဓာတ်ပုံတွေပေးပြီး...

'ငါပြန်မယ်ကြောင်ပါး ဓာတ်ပုံဖိုး တော့ နောက်မှ ငါ့ဆီပို့လိုက်'

နှုတ်ဆက်ပြီးကျွန်တော်ပြန်ခဲ့တယ်

တကယ်တော့ ကျွန်တော့်ရဲ့ ဓာတ်ဆရာဘဝမှာ ရိုက်လို့မရခဲ့တဲ့၊ ရိုက်ပြီး မပေါ်ခဲ့တဲ့ ဓာတ်ပုံတချို့ ရှိခဲ့ပေ ဒီ ဘီသိက်ပုံလေး ရိုက်လို့ မရခဲ့တာ တော့ ကျွန်တော့်ဘဝမှာ ဘယ်တော့ မေ့လို့ရမှာ မဟုတ်တော့ပါဘူး။ အ တော့မှ...

ရွှေကံမြေ မိုးကေ



www.burmeseclassic.com

www.burmeseclassic.com

ရှမ်းပြည်နယ်တောင်ပိုင်းရှိ ကျိုင်းတောင်းဒေသသည် သစ်တောများ ညို့မှိုင်းအုပ်ဆိုင်းပြီး ငှက်ဖျားပေါ်သော ဒေသအဖြစ် လူသိများပါသည်။ သို့သော်လည်း ထိုဒေသမှာ သစ်လုပ်ငန်းဖြင့် ဝင်ငွေကောင်းသောကြောင့် သွားရောက် လုပ်ကိုင်ကြသူများထဲတွင် ဦးမိုးတို့သားအဖလည်း ပါဝင်ပါသည်။


ဦးမိုးသည် တစ်ချိန်က အစိုးရဝန်ထမ်းဘဝ စက်ပြင်တာဝန် ထမ်းဆောင်ခဲ့ဖူးသူဖြစ်ရာ ယခုလို သက်ပြည့်ပင်စင်ယူပြီးသော်လည်း လုပ်နိုင်ကိုင်နိုင်လည်းရှိ၊ မိသားစုဝင်ငွေလည်း ရှာရင်း စက်ပြင်လုပ်ငန်းအတွက် ထိုဒေသသို့ မကြာခဏ ရောက်ခဲ့ရပါသည်။

ဦးမိုး၏သားဖြစ်သူ မိုးကောင်းမှာ ဦးမိုး၏ ဆက်သွယ်ပေးမှုကြောင့် ကျိုင်းတောင်းရှိ သစ်လုပ်ငန်းတစ်ခုတွင် စက်မောင်းအလုပ် ရရှိခဲ့ပါသည်။

စက်မောင်းဆိုသူမှာ လယ်ထွန်စက်ကို နောက်တွဲ(ထွေလာ)တပ်၍ သစ်လုံးများတင်ကာ ခွဲစက်(လွှတိုင်း)ရှိရာသို့ ပို့ဆောင်ပေးရသော တာဝန်ဖြစ်ပါသည်။

မိုးကောင်းသည် လူငယ်လည်းဖြစ်၊ သွက်လက်သူဖြစ်တာကြောင့် အလုပ်ဝင်သည့်ချိန်မှ ခြောက်လခန့်ရှိပြီး စိတ်ချရသော ကျွမ်းကျင်လုပ်သားအဖြစ် ပိုင်ရှင်ဒေသအခေါ်(လောပန်း)မှ အားကိုးရသော ဝန်ထမ်းဖြစ်လာပါသည်။

ကျိုင်းတောင်းဒေသတွင် ငှက်ဖျားနိုင်သည်ကို အကြောင်းပြု၍ လည်းကောင်း၊ အမောပြေ အပန်းဖြေအဖြစ်လည်းကောင်း၊ လွှတိုင်းတွင် လောပန်းမှ



သက်ဦးမောင်
(နမ့်စန်)

# မမြင်ရသောပယောဂ

ရွှီနေ့တယ်

အစားအသောက်၊ ဆေးဝါးများအပြင် ဒေသချက်အရက်ကို (၅)ဂါလန်ပုံးဖြင့် လုပ်ငန်းအတွက်ထားပေးရာ မိုးကောင်းသည် အခြားလုပ်သားများထက် ယမကာကို ပိုမိုမှီဝဲရာမှ ခြောက်လ ဆိုသည့် အတိုင်းအတာတွင် ယစ်ထုတ်



www.burmeseclassic.com

www.burmeseclassic.com



ကြီးဆိုသည့် ဂုဏ်ပုဒ် တစ်ခု ပိုင်ဆိုင် ထားပါသည်။

လုပ်ငန်းခွင်ဝင် နေသော နေ့တစ်နေ့ ယစ်ထုတ်ကြီး မိုးကောင်းသည် သစ်လေးလုံးပါ ဝန်ကို တင်ဆောင်မောင်းနှင်လာရာ စက်သွားလမ်းဘေး လူတစ်ဖက်စာ ခန့်ရှိ သစ်ပင်တစ်ပင်အား ဝင်ရောက် ချိတ်မိသဖြင့် စက်မှာ ရှေ့တိုးမရတော့ ပါ။

မိုးကောင်းသည် လက်ဆွဲတရိတ်ကို ဆွဲခဲ့ပြီး အောက်ကို ဆင်းကြည့်ကာ ဘာစိတ်ကူးပေါက်သည်မသိ ယိုင်ထိုး ယိုင်ထိုးဖြင့် သစ်ပင်အား သေးဖြင့် ပန်းပါသည်။ ပါးစပ်မှလည်း ကြမ်းကြမ်း တမ်းတမ်း ဆဲရေးတိုင်းထွာပါသည်။

ပြီးတော့ လွှဝိုင်းရှိ လုပ်သားများ အကူအညီခေါ်ကာ သစ်လုံးများ တွန်း ချ၊ စက်ကို သစ်ပင်လွတ်ရာသို့ ရွှေ့ ပြောင်း၊ သစ်လုံးများ ပြန်တင်လုပ်နေရ ၍ လောပန်းမှ လိုက်လံကြည့်ရှုကာ အချိန်လင့်နေသဖြင့် ''သစ်လုံးပဲ တင် ထား၊ နက်ဖြန်မှ လွှဝိုင်းသွားပို့''ဟု မှာခဲ့ပါသည်။

မိုးကောင်းမှ ဒီညတွင်းချင်း မောင်းပို့ မည်လုပ်နေ၍ မနည်းတားပြီး ပြန်ခေါ် ခဲ့ရပါသည်။

ထိုအဖြစ်အပျက်ဖြစ်ပြီး ဆယ်ရက် ခန့်အကြာ မိုးကောင်းတစ်ယောက် အပြင်းဖျားပါတော့တယ်။ မိုးမလင်း အောင်သောက် နောက်တစ်နေ့ တန်ပြန် (တန်ပြန်)ဆိုတာကလဲ ထပ် သောက်တာပါပဲ။ အစာလဲမစား ကိုယ်ခံအားကျတယ်ထင်ပါရဲ့။ ကိုယ် တွေ ချစ်ချစ်တောက်ပူ၊ ခိုက်ခိုက်တုန် လို့ ဒေသဆေးတွေ တိုက်ရင်း တော ထဲမှာ ဆယ်ရက်ခန့် ကြာသွားပါတယ်။

အလုပ်ခွင်ရှိ တိုင်းရင်းဆေးတွေနဲ့ မရတော့ ကျိုင်းတောင်းဆေးရုံပို့ လုပ်သားများကလဲ လုပ်ငန်းခွင် ဝင်နေ ရလို့ မအားလပ် မကြည့်ရှုနိုင် အခြေ အနေက ဆိုးဝါးတော့ ကျိုင်းတောင်းမှ မိဘရှိရာ နမ့်စန်ပို့ပေးလေ။

ဒီလိုနဲ့ မိုးကောင်း ရောဂါအခြေ အနေ တစ်လရှိသွားသော်လဲ ထူးခြားမှု မရှိခဲ့။ နမ့်စန်ဆေးရုံတွင် နှစ်လခန့် တက်ရောက် ကုသစဉ် အဖျားလုံးဝ မရှိ၍ အားဆေးလေးဘာလေးချိတ်ပြီး အိမ်ပြန်ခေါ်ခဲ့ရတာပေါ့။

အိမ်ခေါ်လာတဲ့အချိန်က ပါးစပ်သာ လှုပ်ပြီး အသံယဲ့ယဲ့တောင် မထွက်နိုင် ဘူး။ လေသံလေး နားထောင်ပြီး လို တာ လုပ်ပေးနေရတာပေါ့။

အိမ်မှာတော့ ပက်လက်ပါပဲ။ တစ်ခါ တစ်ခါ ပြောင်းဖူးမစ်လေး တစ်ဖွန်း၊ နှစ်ဖွန်းတိုက်၊ ဒီလိုနဲ့ ရောဂါအခြေ အနေ ငါးလလောက် ကြာသွားပြီလေ။

တစ်နေ့ သူ့ညီမိုးဝေ ထုံးစံအတိုင်း အလုပ်က ပြန်လာပြီး ထမင်းစားပွဲမှာ ဝင်ထိုင် ကဗျာကြောင် တောင်တောင် မြောက်မြောက်တွေ ပြောနေတော့ သူ့ ဇနီးက မူးရင် အေးအေးဆေးဆေးနေ ပြဿနာမရှာနဲ့လို့ ပြောလိုက်တယ်။

ဖခင်ကလဲ နေမကောင်းတဲ့သူရှိလို့ စားစရာရှိ စားလို့ ထပ်ပြောလိုက်စဉ် မိုးဝေက သူ့ရှေ့ရှိ ငါးပိခွက်ကို သူ့ ခေါင်းပေါ် လောင်းချလိုက်တယ်။

သူ့ဖခင် ဦးမိုးက ဒေါ်ပွပြီး တွေ့ရာ ထင်းချောင်းဖြင့် ကောက်ရိုက်တော့ မိုးဝေက...

'မင်းကို ပြောစရာရှိလို့ လာတာ၊ မင်းက ငါ့ကို ဆီးရိုက်တယ်လို့ ပြော ပြန်တယ်'

ဖခင်ဦးမိုးလဲ အတွေ့အကြုံအရ အခြေအနေကို သုံးသပ်ပြီး...

'ငါ့ကို ဘာပြောမလဲပြော'

ဆိုတော့ သူ့အစ်ကိုမိုးကောင်းကို...

'ဒီကောင် ငါ့ကိုလဲ စော်ကား၊ ငါ့ နေရာလဲ ဖျက်ဆီးသွားတယ်'

ဆိုပြီး ပြေးကန်မလို့ မနည်းဆွဲထား လိုက်ရတယ်။

ဒါနဲ့ ဦးမိုးက...

'မှားတာရှိရင် ခွင့်လွှတ်ပါ၊ ဘာတွေ လုပ်ပေးရမလဲ'

မေးတော့...

'ထမင်းဖြူသုံးဆုပ် လက်ဖက်သား အစိုနဲ့ တင်ပေး'

လို့ ပြောတယ်။

ဒါနဲ့ ဦးမိုးက...

'ကျိုင်းတောင်းနဲ့ နမ့်စန် အဝေးကြီး ပဲ၊ ဘယ်မှာတင်ပေးရင်ရမလဲ'

ဆိုတော့...

'အိမ်ရှေ့ ပိတောက်ပင်ခြေရင်း တင်ပေး'

လို့ မှာရင်း ထွက်သွားတော့ မိုး တစ်ယောက် အရုပ်ကြိုးပြတ် ခွေယို လဲသွားလို့ အိပ်ရာထဲ ဆွဲခေါ် ထားလိုက်ရတယ်။

သစ်တော သစ်ပင်တွေမှာ လောကသားများ ရှိနေတာ တယ်။ မေတ္တာပို့ရင်တောင် မြ မမြင်အပ်သော ပုဂ္ဂိုလ်များ





www.burmeseclassic.com

www.burmeseclassic.com



# ဘဝတစ်ကွေ့

## ဆုံတွေ့ကြရတယ်

စလင်း ဦးကျော်

ဦးပဥ္ဇင်း ဦးသီဟသည် အလတ်တန်းစာမေးပွဲ အောင်မြင်ပြီးနောက် ဝါသနာအရ မြန်မာ့တိုင်းရင်းဆေးပညာ သင်တန်းလည်း တက်ရောက်ခဲ့ပါသည်။ တိုင်းရင်းဆေးပညာကို ဂုဏ်ထူး(၃)ဘာသာဖြင့် အောင်မြင်ခဲ့ပါသည်။ ပယောဂကုထုံးများကိုလည်း သင်ကြားတတ်မြောက်ခဲ့ပါသည်။

ပညာရယူမှုတွင် မတင်းတိမ်သော ဦးပဥ္ဇင်း ဦးသီဟသည် မြင်းခြံခရိုင်၊ ညောင်ဦးမြို့နယ်အတွင်းရှိ ကျေးရွာကလေးတစ်ရွာသို့ သွားရောက်ခဲ့ပါသည်။

သွားခြင်းရည်ရွယ်ချက်မှာ ထိုရွာဘုန်းတော်ကြီးကျောင်းမှ ဆရာတော် ဦးဇဝနထံ ဓာတာဖွဲ့နည်းပညာ သင်ယူရန်ဖြစ်ပါသည်။

ဆရာတော် ဦးဇဝနသည် ဦးပဥ္ဇင်း ဦးသီဟအား ဓာတာဖွဲ့နည်းပညာကို သင်ကြားပေးပါသည်။

နေ့တစ်နေ့၌ ဆရာတော် ဦးဇဝနမှ ဦးသီဟကို စကားမိန့်ပါသည်။

'ဦးပဥ္ဇင်း လူတစ်ယောက်ကို ပတ်ဝန်းကျင်မှာရှိတဲ့ မမြင်အပ်သောပုဂ္ဂိုလ်တို့ကို ပူးကပ်မပိုင်နိုင်ဘူးလား'

'မှန်လှပါ၊ ပူးကပ်ခေါ်သွင်းနိုင်ပါတယ် ဘုရား'

ဆရာတော်မှ…

'ဟေ့ တိုးမောင် ဒီကိုလာစမ်း'

ဆရာတော်သည် မနီးမဝေးတွင်ရှိသော တပည့်ဖြစ်သူ မောင်တိုးမောင်ကိုခေါ် လိုက်ပါသည်။

မောင်တိုးမောင် ရောက်လာလျှင်…

'ဦးသီဟ ဒီကလေးကို မမြင်အပ်တဲ့ ပုဂ္ဂိုလ်တစ်ယောက်ကို ခေါ်သွင်းပြစမ်းပါ'

ဦးပဥ္ဇင်း ဦးသီဟသည် မောင်တိုးမောင်ကို အရှေ့ဘက်သို့ မျက်နှာပြုပြီး ထိုင်စေသည်။

'ဟေ့ အနီးပတ်ဝန်းကျင်မှာရှိတဲ့ အစိမ်း၊ သရဲ၊ ပြိတ္တာ၊ တစ္ဆေ၊ ဘီလူး၊



www.burmeseclassic.com

www.burmeseclassic.com

သဘက် တစ်ဦးဦး ဒီသူငယ်ခန္ဓာကိုယ်
မှာ ဝင်ပူးစေ၊ ငါဆရာအမိန့်'
ဟု ဆိုကာ မောင်တိုးမောင်၏
ငယ်ထိပ်ကို လက်ဝါးဖြင့်
အသာအယာ ပုတ်လိုက်ပါသည်။
မောင်တိုးမောင်၏ ခန္ဓာကိုယ်သည်
တဒိုင်းဒိုင်းနှင့် တုန်လှုပ်လာပါသည်။
လက်မောင်းလက်ရုံးများတန်းကာ...
'ငါ မကျေနပ်ဘူးကွ၊ ငါ့အကြောင်း
သိစေရမယ်။ မင်းတို့က လက်ဦးသွား
တာကိုး'
ဟု ဆိုပြီး ဒေါသတကြီး အော်နေ
ပါသည်။
ဦးပဥ္စင်း ဦးသီဟက...
'ဘယ်လိုလဲဟေ့ ငြိမ်ငြိမ်ရှိန်ရှိန် မဝင်
ဘဲနဲ့ လက်မောင်းလက်ရုံးတန်းပြီး
ဘာကြောင့် ကြိမ်းဝါးနေတာလဲ၊ မင်း
က ဘယ်သူလဲ'
'တပည့်တော်က ဒီရွာထဲကပါ။
မကြာသေးခင်က သူပုန်တွေ အသတ်
ခံရတဲ့ ဘသင်ပါ'
ဦးပဥ္စင်း ဦးသီဟ...
'ဆရာတော်ဘုရား ဒီရွာထဲမှာ
သေသွားတဲ့ ဦးဘသင်ဆိုတာ ရှိခဲ့ပါ
သလား'
'ဟုတ်တယ် ရှိခဲ့ပါတယ်'
ဦးပဥ္စင်းမှ...
'အေး... မင်း ဦးဘသင်ဆိုရင် ဒီ
ကျောင်းထိုင်ဆရာတော်ကို သိသလား'
'သိပါတယ် ဦးဇဝနပါ။ တပည့်
တော်နဲ့ သူငယ်ချင်းပါ'
ကျောင်းထိုင်ဆရာတော် ဦးဇဝနက
ဟုတ်မှန်ကြောင်း ပြောပါသည်။
ဦးပဥ္စင်းမှ...
'ဒီလိုဆို ဆရာတော် ဦးဇဝနအရင်
ကျောင်းထိုင်ဆရာတော်ကြီး ဘွဲ့တော်
က ဘာတဲ့လဲ'



'ဦးဉာဏဝံသလို့ ခေါ်ပါတယ်။
တပည့်တော်ရဲ့ ဆရာအရင်းပါ'
ဦးပဥ္စင်းမှ...
'လူ့ဘဝတုန်းက ဇနီးနာမည် ဘယ်
သူတဲ့လဲ'
'မသိန်းတင်လို့ ခေါ်ပါတယ်'
ဦးပဥ္စင်း ဦးသီဟသည် ဆရာတော်
အား ဟုတ်မဟုတ် မေးလျှောက်ရာ
ဟုတ်မှန်ကြောင်း မိန့်ကြားပါသည်။
'လူ့ဘဝတုန်းက သားသမီးတွေ
မရှိခဲ့ဘူးလား'
ဟု နောက်ထပ်မေးလိုက်ရာ
ရှိုက်ကြီးတငင် ငိုပါတော့သည်။
'ဘာကြောင့် ဒီလောက်ကြီး ငိုနေ
တာလဲ'
'တပည့်တော် သားကလေးတွေကို ရှုပ်ပြီး
မလှူခဲ့ရလို့ ငိုတာပါ။ လှူခါနီး သူပုန်တွေ
သတ်လို့ သေခဲ့ရပါတယ်။ အဲဒီကြောင့်
ဝမ်းနည်းလို့ ငိုတာပါ'
'ဒီလိုဆို ခင်ဗျား လှူချင်သလား'
'လှူချင်ပါတယ် ဘုရား'
'လှူချင်ရင် လှူရပါစေ့မယ်'
ဦးပဥ္စင်းသည် အနားတွင်ရှိသော
သင်္ကန်းတစ်စုံနှင့် ဖယောင်းတိုင်တစ်
ထုပ်ကို ယူလိုက်သည်။ ဦးဘသင်
ဝင်ပူးနေသော မောင်တိုးမောင်လက်
ထဲသို့ ထည့်လိုက်သည်။ ဦးပဥ္စင်းမှ...
'ခင်ဗျားကို သင်္ကန်းနဲ့ ဖယောင်း
တိုင်ထုပ်ကို လှူတာယ်။ ကျုပ်လှူဒါန်း
တဲ့ ကုသိုလ်ကောင်းမှုတို့ကို ခင်ဗျား
အား အမျှပေးဝေပါတယ်။ အမျှ...
အမျှ... အမျှ... သာဓုသုံးကြိမ်ခေါ်ပါ'
ဝင်ပူးနေသော ဦးဘသင်သည်
သာဓုသုံးကြိမ်ခေါ်ပါသည်။
ဝင်ပူးနေသော ဦးဘသင်ကို ငါးပါး
သီလ ဆိုခိုင်းရာ 'မေ့ကုန်ပြီ'ဟု
ပြောပါသည်။ ဦးပဥ္စင်းသည်
ရှေ့မှချ၍ နောက်မှ လိုက်ဆိုစေပါ
သည်။ ငါးပါးသီလ ယူပြီးလျှင် သင်္ကန်း
နှင့် ဖယောင်းတိုင်ထုပ်ကို ဆရာတော်
ဦးဇဝနအား ပြန်လည် လှူဒါန်းစေပါ
သည်။ ဆရာတော် ဦးဇဝနသည်
ယင်းအလှူကို ခံယူပါသည်။
ဦးပဥ္စင်း ဦးသီဟမှ...
'ခင်ဗျား ဦးဘသင် ဟုတ်ခဲ့လျှင်
ညရောက်တော့ ခင်ဗျားဇနီး မသိန်း
တင်ကို အိပ်မက်ပေးရမယ်။ ဘယ်လို
ပေးရမလဲဆိုရင် **"မသိန်းတင် ငါ ဘသ**
**ကုသိုလ်ကောင်းအောင်၊ ကျွတ်လွတ်**
**အောင် မနက်မိုးလင်းရင် ဆရာတော်**
**ဦးဇဝနထံသွားပါ။ ငါ့ကို ညည်းရှင်**
**ဆွမ်းထစ်အုပ်လှူပါ။ ငါ့ကိုလဲ အမျှ**
**ပေးဝေပါ"**လို့ ပြောရမယ်။ ...
ခင်ဗျား ဦးဘသင်လို့ ကျုပ်တို့...
ယုံကြည်မယ်'
'တင်ပါ့ဘုရား ညရောက်ရင် တ...
တော် အိပ်မက်ပေးပါမယ်ဘုရား'
နောက်တစ်နေ့ မိုးလင်း...
ဒေါ်သိန်းတင်သည် ဆွမ်းအုပ်ကြီး...
ရွက်ကာ ကျောင်းပေါ်ရောက်လာ...
သည်။
ဆရာတော် ဦးဇဝနက...
'ဟဲ့ သိန်းတင် ဆွမ်းအုပ်ကြီး...
လား'
'တင်ပါ့ဘုရား၊ ကျွန်...



www.burmeseclassic.com

www.burmeseclassic.com

တပည့်တော်မခင်ပွန်း ကိုဘသင် ညက အိပ်မက်ပေးပါတယ်ဘုရား၊ သူ့ကို ရည်စူးပြီး ဆရာတော်ထံ ဆွမ်းအုပ် လှူဖို့ ပြောပါတယ်ဘုရား၊ ဒါမှ သူ ဘဝကူးကောင်းမှာလို့လဲ ပြောသွားပါ တယ်ဘုရား'

ဆရာတော် ဦးဇဝနသည် ဆွမ်းအုပ် ကို အလှူခံတော်မူပါသည်။ ဒေါ်သိန်း တင်အား ရေစက်ချ အမျှပေးဝေပါ သည်။

ထိုနေ့ နေ့လယ်ပိုင်းရောက်လျှင် ဦးဘသင် ဘဝကူး ကောင်းမကောင်း သိလို၍ အရင်နေ့က ပြုလုပ်သည့် အတိုင်း မောင်တိုးမောင်ကို ထိုင်စေပြီး ဦးဘသင်အား ဝင်ပူးစေရန် အမိန့်ပေး ပါသည်။ သို့သော် ဝင်မပူးပါ။ ထူးခြားမှု မရှိပါ။

နောက်တစ်ခါ ထပ်မံ၍ အနီးအနား မှာရှိတဲ့ မမြင်အပ်တဲ့ ပုဂ္ဂိုလ်တစ်ယောက် ဝင်ပူးရန် အမိန့်ပေးပြန်ပါသည်။

မောင်တိုးမောင် ခန္ဓာကိုယ် ယိမ်းယိုင် ပြီး ဝင်လာပါသည်။

ဦးပဥ္ဇင်းမှ...

'ဟဲ့မောင်တိုးမောင်ကို ဝင်ပူးတာ ဘယ်သူလဲ'

'တပည့်တော် **ညောင်ပင်စောင့် ဖိုးသူတော်**ပါဘုရား'

'ခင်ဗျားက ဘာလို့ လာရတာလဲ'

'အရှင်ဘုရား အမိန့်ကြောင့် လာရ တာပါဘုရား'

'ခင်ဗျား ပြန်ထွက်သွားပြီး ဦးဘသင် ကို လွှတ်လိုက်စမ်း'

'မှန်လှပါ ဦးဘသင် အဲဒီဘဝက ကျွတ်ပြီး ကောင်းတဲ့ဘုံဌာနသို့ ရောက် သွားပါပြီဘုရား'

'အေး သာဓု... သာဓု... သာဓု... ဦးသူတော် ပြန်နိုင်ပါပြီဗျာ'

'တင်ပါ့ဘုရား'

**မှတ်ချက် ။ ။ ရဟန်းအဖွဲ့တော်များ သည် အမှန်ဖြစ်ပြီး လူနာမည်များ ကို ပြောင်းလဲထားပါသည်။ ၁၉၆၃ ခုနှစ်အတွင်း ဦးပဥ္ဇင်း ဦးသီဟ(ယခု ဆရာကြီး ဦးသိန်းဌေး) ကိုယ်တိုင် တွေ့ကြုံရခဲ့ရသော ဖြစ်ရပ်မှန်လေး ကို တင်ပြလိုက်ခြင်းဖြစ်ပါသည်။ ဤဆောင်းပါးဖြင့် ဆရာကြီး ဦးသိန်း ဌေး(အင်ပုတ်ရွာ)အား ဂါရဝပြုလိုက် ပါသည်။**

**စလင်း ဦးကျော်**

စာမျက်နှာ (၂၉၀)မှ အဆက်

မေတ္တာပို့တာတွေ ရှိနေတာပဲလေ။

ဗုဒ္ဓဘာသာမှာ အောက်စတုမဟာ ရာဇ်နတ်တို့တွင် ရုက္ခစိုး၊ ဘုမ္မစိုးနတ်တို့ကိုယ်ပိုင် ဘုံဗိမာန်များ ရှိနေပါတယ်တဲ့။ သူတို့ကို မှီတွယ်ပြီး ဆင်းရဲစွာနေကြတဲ့ ဘုံမဲ့နတ်များကို ဘုမ္မသိတနတ်လို့ ခေါ်ပါတယ်။

သစ်ပင်သစ်တောများတွင် ပရလောကသားများ နေထိုင်ကြသည်ကို ယုံကြည် ကြသဖြင့် တောဝင်တောထွက်လုပ်ငန်း လုပ်ကိုင်သူများက တောပိုင်တောင်ပိုင်များကို တင်မြှောက် ပသခြင်းမလေ့ ယနေ့တိုင် ဆောင်ရွက်နေကြဆဲပါ။

အချို့နတ်ပြိတ္တာလေးများက ကမ္ဘာ့ဖိုဒ္ဓိတန်ခိုးသုံး၍ ခြောက်လှန့်တတ်ကြပါသည်။ သွေးလေ ချောက်ချား စိတ်အားငယ်သူများကို ဖမ်းစားပူးကပ် နှောင့်ယှက်တတ်ကြခြင်းဖြစ်ပါသည်။

ယခု မိုးကောင်းတိုက်မိခဲ့သော သစ်ပင်မှ နတ်ပြိတ္တာ၏ ပူးကပ်ပြောဆိုခဲ့သော ထမင်း ဖြူဆုပ်နှင့်လက်ဖက်များ ဖခင်ဦးမိုးမှ တင်မြှောက်ပသ တောင်းပန်ပေးခဲ့ပါသည်။ တတ်သိ သောဆရာများနှင့် မေးမြန်းတွက်ချက်၍ နယ်ပိုင်ကိုးမြို့ရှင်နတ်အားလည်း တင်မြှောက်ပသ တောင်းပန်ပေးခဲ့ပါသည်။

သို့သော် အပြိုးကြီးသော ပုဂ္ဂိုလ်ကြောင့်လား ကံစွမ်းကံစနည်းပါးခဲ့သော မိုးကောင်းအပြစ် ပေလား ဝေခွဲမရပါ။ မိုးကောင်းတစ်ယောက် ၄-၇-၂၀၁၂နေ့မှာ ကွယ်လွန်သွားခဲ့ပါသည်။

ယုံကြည်မှု၊ မယုံကြည်မှုသည် အသိတရားနှင့် ယှဉ်သော မိမိ၏ဆန္ဒတစ်ခုသာ ဖြစ်ပါ သည်။ **မယုံကြည်၍ ဘာမျှမဖြစ်သော်လည်း စော်ကားခြင်း အမှုကိုတော့ဖြင့် မည်သည့် ပုဂ္ဂိုလ်မှ ခွင့်လွှတ်လက်ခံလိမ့်မည် မဟုတ်ကြောင်း** သာဓကပြရေးသား လိုက်ရပါသည်။

**မှတ်ချက်**

**အလားတူ ဖြစ်ရပ်မျိုးဖြင့် ကွယ်လွန်သွားခဲ့သော ညီမောင်စန်းဝင်းသို့ တစ်နှစ် ပြည့် အလွမ်း...**

**သက်ဦးမောင် (နမ့်စန်)**

ဈ
မူ
ပို
လို
ဿ...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့၊
ဖုန်း-၀၁ ၂၄၂၂၉



www.burmeseclassic.com

www.burmeseclassic.com

ဟန်သီ (လုံမ)

အိပ်မက်ထဲက

# နှစ်ဆောင်ကျွမ်းကျင်သူ



'ခုတလောမှာ... ညတိုင်းကွယ်... အိပ်မက်တွေ သိပ်ဆန်းကြွယ်...'

ဟူသော လေလှိုင်းမှ တစ်ဆင့် တေးသံရှင်၏ သာယာချိုအေးသော တေးသံကို ကြားလိုက်ရသည်။

ထိုသီချင်းသံကြောင့် ကျွန်မ၏ အတွေးပုံရိပ်သည်လည်း ထူးဆန်းသော အိပ်မက်အကြောင်း ပြန်ပြောင်းအမှတ်ရမိလေတော့သည်။

လွန်ခဲ့သော (၁၀)နှစ်ခန့်က ကျွန်မ အိပ်မက်တစ်ခုတည်းကို ညတိုင်း ဆက်၍ မက်ခဲ့သည်မှာ လအတန်ကြာခဲ့လေပြီ။

ထိုအချိန်က ကျွန်မသည် တက္ကသိုလ် ဒုတိယနှစ် စာမေးပွဲဖြေပြီး နားနေခါစ ဖြစ်သည်။ ညစဉ်လိုလိုမက်သော ထိုအိပ်မက်သည် ကျွန်မအတွက် စိတ်လှုပ်ရှားစေခဲ့သည်။

အဘယ်ကြောင့်ဆိုသော် ကျွန်မ တက္ကသိုလ်ဝင်တန်း တက်နေစဉ်က မက်သော အိပ်မက်နှင့် ဆက်စပ်နေသောကြောင့် ဖြစ်သည်။ (၉)တန်း၊ တက္ကသိုလ်ဝင်တန်းအရွယ်သည် သစ်ရွက်လှုပ်တာကိုပင် ရင်ခုန်ချင်တတ်သည်။

ကျွန်မသည် ထိုအချိန်တုန်းက ယောကျ်ားလေးတစ်ယောက်ကို စိတ်ဝင်စားမိသည်။ ကျွန်မကို စိတ်ဝင်စား၍ ပိုးပန်းသူများစွာလည်း ရှိ၏။ ထိုသူများကို စိတ်ကစားချင်စိတ် နည်းနည်းပေါ်လာပါက ထိုညတွင် အိပ်မက်မက်၏။

ထိုအိပ်မက်ထဲတွင် အလွန်တရာ ထွားကျိုင်းသန်မာသော အသားကြေးနီရောင်သန်းနေသော အပေါ်အင်္ကျီ ဗလာကျင်းနှင့် ပုဆိုးကို ခါးတောင်းကျိုက်ထားသော လူသန်ကြီးနှစ်ဦးမှ ခဏလိုက်ခဲ့ပါဟု ဆိုကာ ကျွန်မကို ခေါ်ဆောင်သွား၏။

သူတို့သည် အလွန်တရာမှ ရိုကျိုးသော အမူအရာဖြင့် လမ်းတစ်လျှောက်လုံး ဂရုတစိုက်ခေါ်သွား၏။

ယင်းတို့နေသော မြို့သို့ ရောက်၏။ သာမန်မြို့များနှင့် မတူ။ မြို့အများစုသည် မြေပြန့်(သို့မဟုတ်) တောင်ပေါ်တွင် ရှိတတ်ကြသည်။ ထိုမြို့ကား ရေစစ်ပုံစံ တည်ရှိ၏။ မြေသား၏ အရောင်သည် အနီရောင်ဖြစ်၏။ မိုးကောင်းကင်နှင့် မြေကြီးသည်လည်း အလွန် နီးကပ်စွာ တည်ရှိ၏။ ကောင်းကင်၏ အရောင်သည်လည်း အနီရောင် ဖျော့ဖျော့ဖြစ်နေ၏။

ထိုမြို့ရှိ လူများသည် ရေစစ်ပုံ (သို့မဟုတ်) ကတော့ပုံ မြို့၏ ဘေးနံရံများတွင် လေးထောင့်ပုံစံ အပေါက်များဖောက်ထားသော ဂူအိမ်ထဲတွင် နေကြသည်။

မြို့၏ ဘေးဘက်နံရံတွင် ဂူအိမ်ပေါက်များစွာ ရှိ၏။ ထိုအထဲတွင် ဂူအိမ်တစ်ခုသည် အခြားဂူအိမ်များထက် ကြီးမားကာ အလွန်တရာ ခမ်းနားလှပေ၏။ ထိုဂူအိမ်တွင် ထိုမြို့ရှိ အကြီးအကဲတစ်ဦးနေသည်ဟု ထင်မိသည်။

ကျွန်မကို ထိုမြို့၏ အလယ်တည့်တည့်ရှိ မြေပြင်နေရာသို့ ခေါ်သွား၏။ ထိုတစ်မြို့လုံးတွင် မြေပြင်ညီဟူ၍ ထိုတစ်နေရာတည်းသာ ရှိသည်ထင်၏။

ထိုနေရာတွင် မီးပုံကြီးတစ်ပုံ ရှိ၏



www.burmeseclassic.com

www.burmeseclassic.com

ထိုမီးပုံကြီးဘေးတွင် သလွန်ညောင်စောင်းတစ်ခု ရှိ၏။ ကျွန်မကို ထိုသလွန်ပေါ်တွင် ထိုင်စေ၍ လာခေါ်သော လူနှစ်ဦး ထွက်သွား၏။

မကြာမီ ထိုလူနှစ်ဦးနှင့်အတူ နောက်ထပ် ယောကျ်ားတစ်ဦး ပါလာ၏။ ထိုသူသည် အရပ်အမောင်း မြင့်မားသည့်အပြင် အလွန်တရာမှလည်း ယောကျ်ားပီသ၍ ခံ့ညားလွန်းလှ၏။ သူသည် အနီရောင်အဆင်းရှိ၍ အဆင့်ဆန်းသော စောင်လိုလို၊ သင်တိုင်းလိုလို ဝတ်ရုံကို ဝတ်ထား၏။

ထိုသူသည် ခေါင်းဆောင် အကြီးအကဲ ဖြစ်ဟန်တူသည်။ ထိုသူ၏နောက်မှ ကရင်သင်တိုင်းအကျီနှင့် တူသော အနီရောင်ဝတ်စုံကို ဝတ်ထားသော အမျိုးသမီးငယ်(၄)ဦး ပါလာ၏။

ထိုအမျိုးသမီးငယ်များသည် အသီးအနှံများ၊ အဝတ်အစားများနှင့် လက်ဝတ်ရတနာ အဆင်တန်ဆာများကို တစ်ဦးစီ ကိုင်ထား၏။ နောက်ဆုံးတွင် အမျိုးသမီးကြီးတစ်ဦးလည်း ပါလာ၏။

သူတို့အားလုံးသည် ကျွန်မနှင့် ခပ်လှမ်းလှမ်းအကွာ အရောက်တွင် ရပ်တန့်လိုက်၏။ ထို့နောက် အကြီးအကဲဖြစ်ဟန်တူသူသည် ရှေ့ဆက် လျှောက်လာ၍ သလွန်အနီးတွင် လာရောက်ရပ်နေ၏။ မျက်နှာကိုကား တစ်ဖက်သို့ လှည့်ထား၏။

နောက်ဆုံးမှ လိုက်ပါလာသော အမျိုးသမီးကြီးသည် ထိုသူ၏ နောက်မှ လိုက်ပါလာ၍ ကျွန်မ၏ အနီးတွင် လာရပ်နေ၏။ ထိုအမျိုးသမီးကြီးမှ အလွန်ကျိုးနွံသော အမူအရာဖြင့် စကားပြော၏။

'သခင်မလေး... သခင်မလေးရဲ့



အစ်ကို သခင်မလေးကို စိတ်ဆိုးနေတယ်'

'ဘာလို့ စိတ်ဆိုးတာလဲ'

'သခင်မလေးက လူ့ဘဝမှာနေတာ သူစိမ်းယောကျ်ားလေးတွေ အပေါ် စိတ်ဝင်စားမလို့ လုပ်နေလို့ အဲဒီသူတွေက သခင်မလေးအပေါ် တကယ် မြတ်နိုးတာ မဟုတ်ဘူး။ ဒါကြောင့် စိတ်မချလို့ ပြန်ခေါ်ထားတော့မယ် ပြောလို့ သခင်မလေးကို အခေါ်ခိုင်းလိုက်ရတာပါ။ ဟဲ့...မိန်းကလေးတွေ သခင်မလေးကို အဝတ်တော် လဲပေးလိုက်စမ်း'

သူမက ထိုသို့ဆိုသည်နှင့် အမျိုးသမီးငယ်များ ကျွန်မအနီးသို့ လှမ်းလာ၏။

'မနေဘူး... မလိုက်ဘူး...မလဲလူး'

ဟု အော်ဟစ် ငြင်းဆန်ရင်း အိပ်မက်မှ လန့်နိုးခဲ့ရသည်။

ထိုအိပ်မက်သည် (၉)တန်း၊ တက္ကသိုလ်ဝင်တန်းတုန်းက ကျွန်မ ဆက်တိုက် မက်ခဲ့ရသော အိပ်မက်ဖြစ်သည်။

ထို အိပ်မက်,မက်ပြီးကတည်းက ကျွန်မသည် ဘယ်ယောကျ်ားလေးကိုမျှ စိတ်မဝင်စားရဲ၊ စိတ်မကစားရဲ။ နောက်ထပ်လာခေါ်မှာ ကြောက်၍ ဖြစ်သည်။

ထိုအိပ်မက် ဆက်မမက်တော့ပေ။ တက္ကသိုလ် ဒုတိယနှစ်တက်နေစဉ် အိပ်မက်သည် ထပ်မက်ပြန်သည်။ ဒီတစ်ခါတော့ ကျွန်မသည် သင်္ဘောဖြင့် ခရီးတစ်ခုသွားစဉ် 'ကျွန်မစီးသော သင်္ဘောပျက်သွား၏။

ပင်လယ်ထဲတွင် မျောပါသွားသော ကျွန်မကို နောက်ထပ် သင်္ဘောတစ်စင်းမှ လူအများက ကယ်လိုက်၏။ ကျွန်မ ထိုသင်္ဘောပေါ်သို့ ရောက်လျှင် ကျေးဇူးတင်သောစိတ်ဖြင့် ကျွန်မကို ကယ်သောသူများကို ကြည့်လိုက်မိ၏။

အိပ်မက်ထဲမှ ကျွန်မ၏ အစ်ကိုတော်သူကို တွေ့ရ၏။ သူ၏ဘေးတွင် ယင်း၏ ဇနီးဖြစ်ဟန်တူသူ အမျိုးသမီးတစ်ဦးကိုလည်း တွေ့ရ၏။ ကျွန်မမှ ...

'ဟင်...အစ်ကိုကျတော့ မိန်းမယူပြီး ကျွန်မ ရည်းစားထားမှာကျတော့ တားတယ်။ မတရားဘူး'

ဟု ပြောလိုက်၏။

ထိုသူမှ ရယ်လျက် ...

'ညီမလေးက ရည်းစားထားချင်လို့လား။ ရည်းစားတော့ မထားပါနဲ့ကွယ်။ ညီမလေးလဲ အရွယ်ရောက်ပြီမို့ ညီမလေးအတွက် ချစ်သူတစ်ယောက်တော့ အစ်ကို ရှာပေးမယ်'

ဟု ပြောရင်း ကျွန်မလည်း အိပ်မက်မှ နိုးသွား၏။

ထိုအိပ်မက်ကို ကျွန်မစိတ်ထဲ မထားဘဲ မေ့မေ့ပျောက်ပျောက် ရှိနေ၏။ ဒုတိယနှစ်စာမေးပွဲ ဖြေဆိုအပြီး အိမ်၌နားနေစဉ် အိပ်မက်တစ်ခုတည်းကိုသာ ဆက်တိုက် မက်နေတော့၏။

ပထမသော် တစ်လတွင် ယင်းအိပ်မက်ကို နှစ်ခါမက်၏။ နောက်ပိုင်း တစ်ပတ်တွင် နှစ်ခါ၊ ထို့နောက် သုံးခါ ဆက်မက်၏။ ထို့ထက်ပို၍ ညစဉ်



www.burmeseclassic.com

www.burmeseclassic.com

ညတိုင်း ထိုအိပ်မက် တစ်မျိုးတည်းသာ ဆက်တိုက်မက်နေ၏။

ပထမဆုံး ထိုအိပ်မက်ကို မက်စဉ်က ကျွန်မသည် လူတစ်ယောက်နှင့်အတူ အိပ်နေ၏။ ထိုလူသည်ကား ယောက်ျား မိန်းမဟူ၍ မသိ။ လူတစ်ယောက် ဘေးမှာ အိပ်ရသည် ဟူ၍သာ သိ၏။ လူကိုလည်း မမြင်ရပေ။ ထိုပုံစံမျိုး တစ်လ၊ နှစ်လ ဆက်မက်၏။

ထိုအိပ်မက်ကို ဆက်မက် ပြန်သေး၏။ ဒီတစ်ခါတော့ လူမမြင်ရသော်လည်း အသံတော့ ကြားရသည်။ အသံကို နားထောင်ကြည့်ခြင်းဖြင့် ယောက်ျား တစ်ဦးမှန်း သိရ၏။

အပတ်စဉ် ဆက်မက်နေရ၍ အိပ်မက်ထဲတွင် ရင်းနှီးကာ လူမမြင်ရသော်လည်း ထိုလူနှင့် စကားပြောဖြစ်၏။ လူကို မြင်ဖူးချင်သည် ပြောတော့ "အချိန်တန်တော့ တွေ့ရမှာပေါ့" ဟု ဆို၏။

ဒီလိုနှင့် တစ်ပတ်လျှင် နှစ်ခါ၊ သုံးခါ မက်သော အိပ်မက်သည် ညစဉ်ရက်ဆက် မက်လာ၏။ တဖြည်းဖြည်းနှင့် လူသဏ္ဌာန် ပိုးတစ်ဝါးမြင်ရ၏။

ထိုသို့ ပိုးတဝါးမြင်ရရာမှ သူ၏ ခြေထောက်ပိုင်းမှစ၍ တစ်ရက်ပြီး တစ်ရက် တိုး၍ မြင်လာရ၏။ နောက်ဆုံး မျက်နှာကိုကား မမြင်ရသေး။ ခန္ဓာကိုယ်တစ်ခုလုံး ပုံသဏ္ဌာန်နှင့် သူ၏ လှုပ်ရှားဟန်များကို မြင်လာရသော်လည်း သူ၏မျက်နှာကိုကား မမြင်ရသေးချေ။

ကျွန်မမှာ သူသည် ဘယ်သူများ ဖြစ်မလဲဟု စိတ်လှုပ်ရှားကာ အိပ်မက်၊ မက်ပါစေဟု ရင်ခုန်စွာ ဆုတောင်းနေမိသည်။ သူ၏ မျက်နှာကို မြင်ရသော နေ့တွင်ကား ကျွန်မ အရမ်းပျော်ရွှင်မိသည်။



အဘယ်ကြောင့်ဆိုသော် သူသည် ကျွန်မ အထက်တန်းကျောင်းသားဘဝက ရင်ခုန်ခဲ့ရဖူးသူ ငယ်သူငယ်ချင်း ဖြစ်နေသောကြောင့်ပင် ဖြစ်သည်။

ကျွန်မသည် ညဘက်တွင် အိပ်မက်ထဲ၌ သူနှင့် တွေ့ဆုံနေရပေမယ့် လက်တွေ့ အပြင်ဘဝတွင် သူ့အား ရှာဖွေနေမိသည်။ သူ့မျက်နှာကို မြင်ရကာ သူနှင့် ပျော်ရွှင်စွာ ဖြတ်သန်းရသော အိပ်မက်သည် တစ်လတိတိ ကြာမြင့်၏။

ထိုသို့ တစ်လပြည့်သောနေ့သည် သကြိန်တွင်းဖြစ်၍ ကျွန်မသည် မိဘများဖွင့်ထားသောဆိုင်တွင် ခဏထိုင်ပေးနေချိန် ဖြစ်သည်။

ကျွန်မ ဆိုင်ထိုင်နေချိန် ဆိုင်ရှေ့ စက်ဘီးတစ်စီး လာရပ်သံကြား၍ ဝယ်သူမှတ်ကာ လှမ်းကြည့်မိ၏။ ဝယ်သူမဟုတ် အိပ်မက်ထဲမှ သူဖြစ်နေ၏။ အံ့သြဝမ်းသာသွားကာ ကျွန်မ မှင်တက်နေမိ၍ စကားပင် မဆိုနိုင်ပေ။

သူသည် ဆိုင်အတွင်းသို့ ဝင်လာကာ "ရေလောင်းမယ်နော်" ဟု ခွင့်တောင်း၏။ ကျွန်မ စကားပင် မဆိုနိုင်ဘဲ ခေါင်းညိတ်ကာ ခွင့်ပြုမိ၏။

သူသည် ကျွန်မအား ရေလောင်းပြီး နှုတ်ဆက်ကာ ထွက်သွားသည်။ ကျွန်မ ရင်ထဲ ဝမ်းနည်းဝမ်းသာ ဖြစ်သွား၏။ သူနှင့် ပြန်ဆုံတွေ့ရပါစေဟု ရင်ထဲမှ လှိုက်လှဲစွာ ဆုတောင်းမိ၏။

အပြင်ထွက်တိုင်း သူ့ကို ရှာနေမိသည်။ ဒီလိုနှင့် ကျွန်မလည်း တတိယနှစ် စတက်ရချိန် ညနေစောင်း ကျူရှင်ရှိရာ ဆူးလေဘုရားလမ်းသို့ သွားရန် ဘတ်စ်ကားမှတ်တိုင်တွင် ကားစောင့်နေ၏။

ကားမှတ်တိုင်တွင် သူနှင့် ဆုံ၏။ ထိုနေ့သည် မိုးတွင်းဖြစ်သော်လည်း ရာသီဥတုသည် မှတ်မှတ်ရရ သာယာသောအချိန် ဖြစ်နေသည်။

ကျွန်မစီးသော (၆၂)အဲယားကွန်း ဘတ်စ်ပေါ်သို့ သူလည်း လိုက်ပါလာ၏။ ကားပေါ်ရောက်တော့ ကျွန်မကို "ဘယ်မှတ်တိုင်ဆင်းမှာလဲ" ဟု မေး၏။

ကျွန်မဆင်းသော မှတ်တိုင်တွင် သူပါ လိုက်ဆင်း၍ ကျူရှင်အောက်ရှိ အအေးဆိုင်တွင် အတူထိုင်ဖြစ်ကြသည်။

နောက်ပိုင်းရက်များတွင် ကျွန်မ ကျူရှင်ပြန်ချိန် ညဘက်များ၌ သူသည် ထိုအအေးဆိုင်တွင် စောင့်နေတတ်သည်။ ဒီလိုနှင့် သူနှင့်ကျွန်မ ချစ်သူတွေ ဖြစ်သွား၏။

အိပ်မက်ထဲမှ ချစ်သူနှင့် အပြင်မှ ချစ်သူ တစ်ယောက်တည်း ဖြစ်သည့်အတွက် ကျွန်မ အလွန်ကျေနပ်မိ၏။ သူ့ကိုလည်း ကျွန်မနှင့် ရေစက်မကုန်သော ချစ်သူဟု ယူဆမိ၏။ အိပ်မက်များကိုလည်း ပို၍ ယုံကြည်မိ၏။

အိပ်မက်များမှတစ်ဆင့် ရရှိလာသော ကျွန်မချစ်သူကို ကိုယ့်ကိုယ်ကိုယ်ထက် ပို၍ ယုံကြည်ကာ ကျွန်မထံ၌ ဖြစ်ပေါ်သော စိတ်အားလုံးသည် သူ့အတွက်သာ ဖြစ်ပါတော့သည်။

**ဟန်သီ (လှိုင်မ)**



www.burmeseclassic.com

www.burmeseclassic.com

စဝနကျော်

# ရေတွင်းထဲမှ

ပတ္တမြားကိုးလုံး



BURMESE CLASSIC .com

ကျွန်တော်တို့၏ ရွာသည်၊ ရှေးနှစ်ပေါင်းများစွာ ကာလမှ စတင် ရွာတည်ခဲ့သော ရွာတစ်ရွာ ဖြစ်ပါသည်။ ရွာ၏သက်တမ်းကို အတိအကျ မသိပါ။

ရွာမှာ အိမ်ခြေ (၈၀၀)ကျော်၊ (၉၀၀) မျှရှိပြီး၊ **ရန်ကုန်၊ ပြည် ကားလမ်း၏ဘေးတွင်** ရှိပါသည်။ နံနက်ခင်း ဈေးလေးမှာလည်း အသင့်အတင့်စည်ကားပါသည်။

ဘယ်မြို့ ဘယ်နေရာကိုပဲသွားသွား၊ သွားရန် အထူး လွယ်ကူလှပါ၏။ ရှေးနှစ်ပေါင်းများစွာမှ စေတီကြီးများ၊ ရုပ်ပွားဆင်းတုတော်များနှင့် ကျောင်းတန်ဆောင်းများလည်း ပြည့်စုံလှပါသည်။

ရှေးအခါက ဆရာတော်များ၊ ညီညီညွတ်ညွတ်ဖြင့် နေလာခဲ့ကြသော ကျောင်းသုံးကျောင်းတွင်လည်း ယခုဆရာတော်များသည်လည်း ရှေးကဆရာတော်ကြီးများနည်းတူ ညီညီညွတ်ညွတ်ဖြင့် သီတင်းသုံးနေတော်မူကြပါသည်။

ယခု ကျွန်တော် တင်ပြ ရေးသားလိုသည်မှာ ရှေးနှစ်ပေါင်းများစွာမှ ရွာလယ် ဘုရားကြီးကျောင်းတိုက်တွင် တည်ထောင်လာခဲ့သော "ဗုဒ္ဓ ဝေယျာဝစ္စ ဝတ်အသင်းကြီး"မှာလည်း ခေတ်အဆက်ဆက် မပျက်မကွက် ဆောင်ရွက်လာခဲ့သည်မှာလည်း ယနေ့ထက်တိုင်ပင်။

ခေတ်အဆက်ဆက်သို့ ပြောင်းလာခဲ့သော်လည်း ဝါတွင်းကာလတွင် ယခင်ဆရာတော်များနှင့် လူကြီးမင်းများ၏ အစဉ်အလာ ပြုလုပ်ပေးခဲ့သည့်အတိုင်း မပျက်မကွက် ဗုဒ္ဓဝေယျာဝစ္စ အသင်းကြီးကို ဖြေူကလေးရွာ၏ ဂေါစရဂါမ်အတွင်းမှာ အတီးအမှုတ် စုံလင်စွာဖြင့် လဆန်း (၇)ရက်၊ (၁၄)ရက်၊ လဆုတ် (၇)ရက်၊ (၁၄)ရက် မပျက်မကွက်ဘဲ ဆွမ်းတော်ကြီးကပ်လှူရန် ဆောင်ရွက်လျက် ရှိပါသည်။

ကျောင်းတိုက်၏ အတွင်းတွင်လည်း စေတီ၊ တန်ဆောင်း၊ ဓမ္မာရုံများလည်း ရှေးကပင် ပြည့်စုံလှပါသည်။ ရှေးက တူးခဲ့သော ရေတွင်းများလည်း ရှိပါသည်။

ထိုရေတွင်းထဲမှ ပတ္တမြားကိုးလုံး အကြောင်းကို ဆက်လက် ရေးသားဖော်ပြလိုပါသည်။ စာရေးသူတို့ ငယ်ငယ် **နှစ်(၅၀) ဝန်းကျင်**မှ စာရေးသူ၏ အဖေ ပြောပြခဲ့သော အဖြစ်အပျက်ကလေးတစ်ခု ဖြစ်ပါသည်။

ဤအဖြစ်အပျက်ကလေးမှာ…

နေ့တစ်နေ့မှာ ကျောင်းဝင်းသင်္ချိုင်း





www.burmeseclassic.com

www.burmeseclassic.com

ရေး ပိုင်းဝန်း လုပ်ကိုင်နေကြသည့် အချိန်တွင် ထိုဘုရားကြီး ကျောင်းတိုက်တွင်းရှိ အိုမင်းနေပြီဖြစ်သော ရေတွင်းကြီး၏ ဘေးနားတွင် ခေတ္တခဏ အနားယူနေကြသည်။

ထိုစဉ် တစ်ယောက်မှ ရေတွင်းထဲသို့ ငုံ့၍ကြည့်လိုက်သည်တွင် ရေတွင်း၏ တစ်ဝက်ခန့်ရှိသော ရေထဲတွင် အမှောင်ရိပ် ရှိနေသောနေရာတွင် နီရဲတောက်ပြောင်လျက်ရှိသော မကြီး မသေး အရွယ်ရှိသော ပတ္တမြားကိုးလုံးသည် အထင်းသား တန်းစီပြီး တောက်ပြောင်နေသည်ကို ကျွန်ုပ်၏အဖေနှင့် လူများအားလုံး မြင်တွေ့ကြရ၍ တအံ့တဩ ပြောဆို၍ ငိုးကြည့်နေကြသည်။

ရေပေါ်မှာတော့ နီရဲတောက်ပြောင်နေသော ပတ္တမြားရောင်များ ရှိနေခဲ့ပင်။

ထို့နောက် ထိုပတ္တမြားကို ဆယ်ယူရန်အတွက် ရေပုံး ပြေးယူသူကယူနှင့် အလုပ်ရှုပ်နေကြတော့၏။ ထိုလူအုပ်ကြားထဲတွင် အတူကြည့်နေကြသော ကျွန်ုပ်တို့ ဦးကြီး ဦးချစ်ထွေးသည် သူ့အိမ်နှင့်ကလည်း အနီးကပ်ဆုံးဖြစ်ပြီး၊ လှေကားလည်း အဆင်သင့်ရှိနေ၍ သူ့အိမ်က လှေကားကို ပြေးယူပြီး ရေတွင်းထဲသို့ လှေကားကို ချလိုက်ပါတော့၏။

လူအများလည်း ကိုယ့်အတွေးနှင့်ကိုယ်၊ အတွေးကိုယ်စီဖြင့် ကြည့်နေကြပါသည်။ ဦးချစ်ထွေးသည်လည်း ရေတွင်းထဲသို့ လှေကား ရောက်သွားသည်နှင့် လှေကားမှ ဆင်းသွားပါတော့သည်။ ပတ္တမြားလေးများကတော့ အားလုံး ရှိနေဆဲ။

ထိုပတ္တမြားလေးများ၏ အနီးကပ်ဆုံးနေရာရောက်၍ သူ၏လက်များက ဝမ်းသာအားရဖြင့် ရေထဲမှ ဆယ်ယူရန် လက်လှမ်းလိုက်သောအခါ ပတ္တမြားကလေး ကိုးလုံးသည် တဖြည်းဖြည်း ယင်းရေထဲတွင် ပျောက်ကွယ်သွားသည်ကို အားလုံး တွေ့မြင်လိုက်ကြရ၍ အံ့ဩမဆုံး ဖြစ်ရပါတော့သည်။

တပ်မက်မှုလောဘကြောင့် ပျောက်ကွယ်ကုန်သလား...

ကိုယ်နှင့်မထိုက်၍ ပျောက်ကွယ်ကုန်သလား...

သိဒ္ဓိဝင် ပတ္တမြားတို့သည် ရေပေါ်မှာ ပေါ်နိုင်ပါသလား...

ပေါ်နေသော ပတ္တမြားများသည် ပတ္တမြားများ၏ အရိပ်များလား...

ကြည့်နေသူ အားလုံးတို့သည် သက်ပြင်းချလျက်သာ ကိုယ့်အိမ်ကို ပြန်သွားကြပါတော့သည်။ နောင်အချိန်များတွင်မှု ပေါ်လည်းပေါ် မလာ ကြားလည်း မကြားရတော့ပါ။

**ဝေနကျော်**

---

## ၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ

# ထီ

## အတွက် ရွေးချယ်ပါ ဤဂဏန်း

၂၀၁၃ခုနှစ်၊ ဖေဖော်ဝါရီလ(၁)ရက်နေ့တွင် ဖွင့်လှစ်မည့် အောင်ဘာလေထီဖွင့်ပွဲတွင် ထွက်ပေါ်လာနိုင်သည့် ထီဂဏန်းတွဲများအား အောက်ပါအတိုင်း တွက်ချက်ဖော်ပြအပ်ပါသည်။

| | |
|---|---|
| **အကြိမ်** | ၂၈၉ |
| **ဖေဖော်ဝါရီလ** | ၂ |
| **ခုနှစ်** | ၂၀၁၃ |
| | ၂၃၀၄ = ၉ |

**အကြိမ်၊ လ၊ ခုနှစ်** ဂဏန်းများအား တစ်လုံးတည်းဖြစ်အောင် ပေါင်းပါက (၉) ဂဏန်းရသည်။ သို့ဖြစ်၍ ၁၊ ၄၊ ၅၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

အထူးသဖြင့် ရှေ့ဂဏန်းများကို **၁၊ ၄၊ ၅၊ ၉** ဂဏန်းများ ရွေးဆုံးမှတ်ထား၍ ကံစမ်းနိုင်ကြပါသည်။

ဥပမာ

| စ...ဆုံး | စ...ဆုံး | စ...ဆုံး | စ...ဆုံး |
|---|---|---|---|
| ၁...၁ | ၄...၁ | ၅...၁ | ၉...၁ |
| ၁...၄ | ၄...၄ | ၅...၄ | ၉...၄ |
| ၁...၅ | ၄...၅ | ၅...၅ | ၉...၅ |
| ၁...၉ | ၄...၉ | ၅...၉ | ၉...၉ |
| ၁...၀ | ၄...၀ | ၅...၀ | ၉...၀ |

မှတ်ချက်။ ။(...)ကွင်းအတွင်း ပြထားသော အလယ်ဂဏန်းများကို ၁၊ ၅၊ ၉ ဂဏန်း များများပါအောင် ရွေးချယ်ပါ။

အကြိမ်ဂဏန်း မပါဘဲ **"လ"**ဂဏန်းနှင့် **"နှစ်"**ဂဏန်းကိုသာ ပေါင်းပါက (၂ + ၂+ ၀+ ၁ +၃) = ၈ ဂဏန်း ရသည်။ သို့ဖြစ်၍ "၈"ဂဏန်းကိုလည်း ပစ်ပယ်၍ မရပါ။

သို့ဖြစ်၍...

| စ... | ဆုံး | | | | | |
|---|---|---|---|---|---|---|
| ၁... | ၁၊ | ၄၊ | ၅၊ | ၈၊ | ၉၊ | ၀ |
| ၄... | ၄၊ | ၅၊ | ၈၊ | ၉၊ | ၀၊ | ၁ |
| ၅... | ၅၊ | ၈၊ | ၉၊ | ၀၊ | ၁၊ | ၄ |
| ၉... | ၉၊ | ၀၊ | ၁၊ | ၄၊ | ၅၊ | ၈ |

ဤလတွင် တနင်္လာနှင့် ဗုဒ္ဓဟူးသားသမီးများ ထီကံပွင့်နေပါသည်။

သို့ဖြစ်၍ဘုရားတစ်ဆူဆူ(သို့မဟုတ်) ဘုန်းကြီးကျောင်းဝင်း တစ်ခုခုအတွင်းရှိ ဓော[illegible] ညောင်ပင်အောက်တွင် (၃)ရက်တိတိ ဆ[illegible] တိုက် သန့်ရှင်းရေး ပြုလုပ်ပေးပါ။ ထို့နော[illegible] မိမိအိမ်ရှိ ဘုရားကို သစ်သီးသုံးမျိုး ကပ်လှူ[illegible] **ဒီဝါတပထီအစချီ** ဂါထာတော်ကို မိမိသ[illegible] စေ့ (၁၀၈)လုံး ပုတီးကုံးဖြင့် စိပ်ပွားပူဇော်[illegible]

အထက်ပါ အဓိဋ္ဌာန် အောင်မြင်ပြီ[illegible] မိမိတို့ ပတ်ဝန်းကျင်ရှိ အဘိုး၊ အဘွား(၃)[illegible] အား ဆေးဝါးတစ်ခုခု လှူဒါန်းပေးပါ[illegible] နောက် မိမိစိတ်ကြိုက်ဆိုင်တွင် ထီကံစမ်း[illegible] ပါပြီ။

အထူးဂဏန်း

✦ ၁၅၈၉၀၇ ✦ ၁၁၅၉၉၈ ✦ ၉၈[illegible]

**ထီကံ ပွင့်ပါစေ**

**ဆရာရဲထက် (ဘုတေသီ)**








www.burmeseclassic.com

www.burmeseclassic.com



# ဂေါပကလူကြီးတောင်ဦး၏

BURMESE CLASSIC .com

## ထူးခြားသည့် ဖြစ်ရပ်ဆန်း

အောင်ရန်နိုင် (B.Sc)

လွန်ခဲ့သည့် (၁၀)နှစ် [၂၀၀၂ ခုနှစ်] ခန့်က ဘ၀ကံပေး အခြေအနေအရ မောင်မိုးကျော်တစ်ယောက် မွန်ပြည်နယ်၊ သထုံမြို့လေးတွင် (၃)လခန့် နေထိုင်ခွင့် ရခဲ့လေသည်။ အသက်အရွယ်လေး ရလာတော့ အားလပ်သည့် အချိန်များတွင် ဘုရား၊ စေတီပုထိုးများကို ဖူးမြော်ကြည်ညိုခြင်းဖြင့်ကုသိုလ်ရရန် အသုံးချနိုင်ခဲ့လေသည်။

သထုံမြို့တွင် မောင်မိုးကျော် အသွားအလာများခဲ့သည့် နေရာသုံးခုမှာ မြို့ထဲရှိ ရွှေစာရံဘုရားလမ်း၊ နေမိန္ဒြတောင်ဘုရား၊ မြသပိတ်တောင်ဘုရားတို့ ဖြစ်ပါ၏။ ထိုဘုရားသုံးဆူတွင် မြသပိတ်တောင်ဘုရားသည် တောင်တက်ခရီး အမြင့်မားဆုံး ဖြစ်သည်။ မြသပိတ်တောင်ကြောကြီးထိပ်တွင် စေတီတော်ကြီးကို တည်ထား၏။

မြို့အစွန် ရပ်ကွက်ကြီးတစ်ခု၏ ကားလမ်းမကြီးဘေးမှ ဘုရားဖူးများစ၍ တက်ကြရသည်။ မုခ်ဦးကြီးမှာ ထည်ဝါ ခံ့ညားလှပါသည်။ မုခ်ဦးအနီးတွင် မြသပိတ်တောင်ဘုရား ဂေါပကရုံးကို တွေ့ရသည်။ မော်တော်ကားလမ်းဘေးမုခ်ဦးမှစ၍ တောင်ထိပ်စေတီတော်ရောက်သည်အထိ အုတ်လှေကားထစ်ပေါင်း (၉၀၀)ကျော် (ကိုးရာကျော်)တက်ရသည်။

ထို အုတ်လှေကားထစ်များကို တောက်လျှောက် စောင်းတန်းသွပ်မိုးများ ဆောက်လုပ်ပေးထား၍ ဘုရားဖူးများ နားခိုရန် အဆင်ပြေသည်။ အုတ်လှေကားထစ် (၉၀၀)ကျော် ခရီးရှည်တွင် ဝဲယာ၌ ထိုင်ခုံများ ပြုလုပ်ထားသည်။ ဗောဓိညောင်ပင်များ၊ အခြားအာရုံခံ တန်ဆောင်းများ၊ ကိုယ်စားရုပ်တုတော်များ၊ ဂေါပကရုံးခွဲအဆောက်အအုံများ၊ ဘုန်းတော်ကြီးကျောင်းများလည်းရှိ၍ ထိုလှေကားထစ် (၉၀၀)ကျော် တက်ရသည့်ခရီးမှာ ကြည်နူးဖွယ် ဖြစ်ပါသည်။

နွေကြီး၊ ရက်ကြီး ဥပုသ်နေ့များတွင် မြသပိတ်တောင်တက်လမ်း၌ ဘုရားဖူးများဖြင့် စည်ကားနေလေ့ ရှိသည်။ ထိုအချိန်က မောင်မိုးကျော်တစ်ယောက် လှေကားထစ် ကိုးရာကျော်ကို နံနက်စောစောဆိုပါက မနားဘဲ ဖြည်းဖြည်းချင်း တက်နိုင်သည်။ နေ့လယ်နေ့ခင်း ရောက်ရှိသွားသည့်အခါ တောင်ထိပ်စေတီကြီးသို့ ရောက်အောင် လမ်းခရီး၌ (၃)ကြိမ်ခန့် နားပြီးမှ တက်ရောက်ရသည်။ ယခုနေခါ တက်ရမည်ဆိုပါက နားချိန် ပို၍ ယူပြီးမှ တက်ရောက်နိုင်ပါတော့မည်။

တောင်ထိပ် စေတီတော်ကြီးသို့ ရောက်သွားပါက ကြည်နူးချမ်းမြေ့မှုကို ခံစားရသည်။ စေတီကြီးကိုလည်း ဖူးမြော်ကြည်ညိုပြီး ပတ်ဝန်းကျင် မြင်ကွင်းများကို တောင်ထိပ်အပေါ်စီးမှ ကြည့်ရသည်မှာ အရသာတစ်မျိုး ဖြစ်သည်။ မြို့တွင်းမှ တက်ရသည့် လှေကားထစ် ကိုးရာကျော် (စောင်းတန်း)ခရီးဆုံးသည်နှင့် မြသပိတ်စေတီ

www.burmeseclassic.com

www.burmeseclassic.com



တော်ကြီးရင်ပြင်သို့ ရောက်ပြီး အာရုံခံတန်ဆောင်းကြီးအတွင်း၌ မိုးလုံ၊ လေလုံ ဘုရားဖူးနိုင်သည်။

ဘုရားရင်ပြင်မှာ ပေ(၃၀)ခန့်ကျယ်ဝန်းပြီး တစ်ပတ်ပတ်၍ စေတီကို ဖူးမြော်ကြည်ညိုနိုင်သည်။ စတင်တွေ့ရသည့် အာရုံခံတန်ဆောင်းကြီးမှ စေတီတော်ကြီးကို မျက်နှာမူ ဖူးမြော်ကြည့်ပါက ဘယ်ညာတွင် တောင်ကြောလမ်းအတိုင်း တက်လာနိုင်သည့် မုခ်ဝနှစ်ခု ရှိသည်။

ထိုမုခ်ဝနှစ်ခုသို့ စတင်ရောက်သည့် တောင်ကြောအတိုင်း တက်သည့်လမ်းနှစ်ခုမှာ မြို့ထဲမှ တက်သည့်လမ်းလို အုတ်လှေကားထစ်များ၊ စောင်းတန်းအမိုးများ ပြည့်စုံစွာ မရှိပါ။ အသွားအလာနည်းသည့် မြသပိတ်တောင်ဘုရားဖူးတောင်ကြော အတက်လမ်းများ ဖြစ်သည်။

ထို မြသပိတ်တောင်ဘုရားတွင် အတက်အဆင်း ပြုလုပ်နိုင်သည့်လမ်းများမှာ မြို့တွင်းမှလာသည့် စောင်းတန်းခရီးလမ်းနှင့် တောင်ကြောမှ လာနိုင်သည့် လမ်း(၂)လမ်း စုစုပေါင်း လမ်း(၃)ခု၊ မုခ်ဦး(၃)ခုသာ တွေ့ရသည်။ အလယ်မုခ်ဦးဝ (မြို့တွင်းမှလာသည့်မုခ်ဦး)နေရာမှ ကြည့်ပါက ကျန်သည့် မုခ်ဦး(၂)ခုကိုလည်း ကောင်းစွာ မြင်တွေ့ရသည်။

တောင်ထိပ် အလယ်မုခ်ဦးကြီးအနီးတွင် ဂေါပကအဖွဲ့များ အသုံးပြုသည့် စားပွဲနှင့် ထိုင်ခုံများ ရှိသည်။ မြသပိတ်တောင်ထိပ် ဂေါပကအဖွဲ့ဝင်တစ်ဦးနှင့် မောင်မိုးကျော်တစ်ယောက် မကြာခဏ ဆုံမိကြရင်း ခင်မင်ရင်းနှီးသွားခဲ့သည်။ တစ်နေ့၌ တောင်ထိပ် ဂေါပကစားပွဲ၌ ထိုဂေါပကလူကြီးမှ ညွှန်ခံသော ရေနွေးကြမ်းသောက်ရင်း စကားကောင်းခဲ့ကြသည်။

ထိုဂေါပကလူကြီး၏ အမည်ရင်းကို မမှတ်မိခဲ့သော်လည်း ထိုသူပြောပြသည့် အကြောင်းအရာ(၂)ခုကို (၁၀) နှစ်ကျော် ကြာသည့်တိုင်အောင် ပီပီပြင်ပြင် အမှတ်ရနေဆဲ ဖြစ်ပါသည်။ ထိုဂေါပကလူကြီး ပြောပြသည့် အကြောင်းအရာဖြစ်စဉ်များကို စာရှုသူများသို့ ပြန်လည် တင်ပြလိုက်ရပါသည်။

ထိုဂေါပကလူကြီးမှာ မောင်မိုးကျော်နှင့် တွေ့ဆုံသည့် ၂၀၀၂ ခုနှစ်ခန့်က မောင်မိုးကျော်ထက် အနည်းငယ်မျှ အသက်ကြီးသည့် အထက်တန်းပြ အငြိမ်းစား ကျောင်းဆရာတစ်ဦးလည်း ဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ် အားကစားပြိုင်ပွဲများ၌ မွန်ပြည်နယ် စက်ဘီးစီးပြိုင်ပွဲအသင်းကို အုပ်ချုပ်သူ တစ်ဦးလည်း ဖြစ်ပါသည်။ အေးဆေးတည်ငြိမ်ပြီး စကားပြောကောင်းသူ တစ်ဦးလည်း ဖြစ်ပါ၏။ အငြိမ်းစား ကျောင်းဆရာ ဂေါပကလူကြီး၏ ပြောပြချက်များမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

'ကိုမိုးကျော်... ဒီနေ့ ဘုရားဖူးလာတာ စောလှချည့်လား၊ ရေနွေးကြမ်းသောက်ပါဦး။ မကြာခဏ မြသပိတ်ဘုရားတောင်ကို ဘုရားဖူးလာတဲ့ ကိုမိုးကျော်ကို ကျွန်တော် တွေ့ကြုံရတဲ့ ဖြစ်စဉ်လေး(၂)ခု ပြောပြချင်ပါတယ်ဗျာ။ အချိန်ရတယ် မဟုတ်လား'

'ရပါတယ်ဆရာ... ရပါတယ်၊ ဒီနေ့ ရုံးပိတ်ရက် တစ်နေကုန် အားနေတာပါ။ ဆရာပြောပြမယ့်ကိစ္စကိုလဲ ကျွန်တော် ကြားသိချင်ပါတယ်ခင်ဗျား'

'ကိုမိုးကျော်က စိတ်ဝင်တစား... တော့ ကျွန်တော်လဲ ပြောရတာ ကောင်း... တာပေါ့ဗျာ။ ပထမဖြစ်စဉ်က ... မြသပိတ်တောင်ပေါ်မှာ ဖြစ်ခဲ့တာ... နေ့လယ်ခင်းတစ်ခုမှာ ကျွန်တော်... တစ်ဦးတည်း မြသပိတ်တောင်ထိ... ဒီနေရာမှာ ကျွန်တော်က ထိုင်... တယ်။ ဘုရားဖူးလဲ မလာသေး... အချိန်ပေါ့။

ကျွန်တော် ထိုင်နေတဲ့နေရာ... ကြည့်ရင် အခု ကိုမိုးကျော် မြင်... အတိုင်း မုခ်ဝ အဝင်ပေါက်သုံး... ကို တွေ့မြင်နေရတယ်။ အဲဒီအ... မိန်းမပျိုလေးတစ်ဦး၊ ယောက်... (၂)ဦး၊ မိန်းမကြီး(၂)ဦး တောင်... လမ်း လက်ယာဘက် ဝင်ပေါက်... ဘုရားပေါ် တက်လာကြတယ်...

မိန်းမကြီး(၂)ယောက်နဲ့...



www.burmeseclassic.com

www.burmeseclassic.com



ကြီး(၂)ယောက်က တော်တော်ရုပ်ဆိုးတယ်။ ဒါပေမယ့် မိန်းမပျိုလေးကျတော့ အလွန်ချောမောတယ်လို့ ဆိုရမယ်။ အဲဒီလူတွေရဲ့ မျက်နှာကို ကျွန်တော် သထုံမြို့တစ်ဝိုက်မှာ မတွေ့ဖူးဘူး။ မျက်နှာစိမ်းတွေပါပဲ။

အဲဒီပုဂ္ဂိုလ်တွေက မြသပိတ်တောင်ပေါ် ဘုရားကို လက်ယာရစ် ပူဇော်ကြတယ်။ ကြာမြင့်ရရပါပဲ။ အဲဒီလို ပူဇော်ပြီး နေကြစဉ် ကျွန်တော်လဲ ထူးခြားနေတဲ့ ပုဂ္ဂိုလ်တွေဆိုတော့ ဂရုထား ကြည့်နေမိတယ်ဗျာ။ ထူးခြားတာက မည်သည့်ဘုရားဖူးမှလဲ ရောက်မလာကြတော့ သူတို့ငါးဦးနဲ့ ကျွန်တော်နဲ့ပဲ ရှိနေတာပေါ့။

မကြာခင် အဲဒီပုဂ္ဂိုလ်တွေ အစုလိုက် လမ်းလျှောက်ရင်း အကွယ်လေးတစ်ခုနား ရောက်သွားတယ်။ ဘုရားပရိဝုဏ်ကလဲ သိပ်ပြီး ကျယ်တာမဟုတ်ဘူး။ အဝင်မုခ်(၃)ခုစလုံးကိုလဲ ကျွန်တော်က မြင်နေရတော့ တောင်အောက်တော့ မဆင်းသေးတာ သေချာတာပေါ့။

ဒါနဲ့ ကျွန်တော်လဲ ထိုင်နေရာက ထပြီး သူတို့ကွယ်သွားတဲ့ နေရာလေးကို သွားကြည့်တော့ မတွေ့ရတော့ဘူး။ ပျောက်ခြင်းမလှ နေ့ခင်းကြောင်တောင် မိနစ်ပိုင်းအတွင်းမှာ ပျောက်ကွယ်သွားကြတာ အံ့ဩစရာပါပဲ။

ကျွန်တော်တစ်ဦးတည်း ကြက်သီးတွေလဲ ထမိခဲ့ပါတယ်။ မုခ်ဝအဝင်ပေါက်(၃)ခုရော ဘုရားပတ်လည်တစ်ဝိုက် ကျွန်တော် လိုက်ပြီးကြည့်တာ အရိပ်အယောင်တောင် မတွေ့ရတော့ဘူး။ ကျွန်တော်လဲ ဘုရားရှိခိုး ဂုဏ်တော်ပွားပြီး စောစောတုန်းက တွေ့ရတဲ့ ပုဂ္ဂိုလ်များကို မေတ္တာပို့ခဲ့ပါတယ်။ ခဏကြာတော့ ဘုရားဖူးတွေလဲ တက်လာခဲ့ကြပါတယ်။

ဒီနေ့အထိ ဒီမြသပိတ်ဘုရားတောင်မှာ ကျွန်တော် တွေ့ရှိခဲ့တာကို လူတိုင်းကို ပြောပြဖို့ မသင့်ပါဘူး။ ကိုမိုးကျော်တို့လို ဘာသာရေး စိတ်ဝင်စားသူတွေ၊ အသက်အရွယ် ကြီးရင့်သူတွေကိုသာ ပြောပြရတာပါ။ ပြောနေရင်းတောင် ကြက်သီးတွေ ထမိပြန်ပါတယ်။ တကယ့်ဖြစ်ရပ်တွေက တစ်ခါတစ်ရံမှာ ပုံပြင်တွေထက် ပိုပြီး ဆန်းကြယ်တယ်လို့တောင် ထင်မိပါတယ်ဗျာ။

နောက် ထူးခြားမှုတွေ့ရတဲ့ မြင်ကွင်းက ရွှေတိဂုံဘုရား အထက်ပစ္စယံမှာ ဖြစ်ခဲ့တာပါ။ မှန်ပြည်နယ်က ဆရာတော်ကြီးတစ်ပါးဟာ ကျွန်တော့်ကို ကပ္ပိယအဖြစ်ခေါ်ပြီး ရန်ကုန်မြို့ကို ဘုရားဖူးသွားခဲ့ကြတယ်။ အခု ပြောနေတဲ့အချိန်ကဆိုရင် လွန်ခဲ့တဲ့ (၅)နှစ်ကျော်လောက်ကပါ ကိုမိုးကျော်ရေ။ **[ယခု ၂၀၁၂ ခုနှစ်ကဆိုရင် (၁၅)နှစ် ကျော်ခန့် ရှိပြီ ဖြစ်ပါ၏။]**

ရန်ကုန်မြို့ ရွှေတိဂုံဘုရား အထက်ပစ္စယံမှာ အရုဏ်မတက်ခင် ဆရာတော်ကြီးရော ကျွန်တော်ပါ ရွှေတိဂုံဘုရား ဂေါပကအဖွဲ့ရဲ့ ခွင့်ပြုချက်နဲ့ တက်ရောက်ကြည်ညိုခွင့်ရခဲ့ပါတယ်။ နေမထွက်ခင် အရုဏ်တက်အချိန် ရွှေတိဂုံဘုရား အထက်ပစ္စယံပေါ်ကို တက်ခွင့် လက်မှတ်မရှိဘဲ တက်ရောက်ခွင့်ရတာဟာ ဆရာတော်ကြီးရဲ့ သီလ၊ သမာဓိ၊ ပညာတန်ခိုးလို့ ဆိုရပါမယ်။

ဒါပေမယ့် ရွှေတိဂုံဘုရား အထက်ပစ္စယံပေါ်မှာ အခြား ရဟန်းသံဃာတော်(၅)ပါးခန့်လဲ ဘုရားကြည်ညိုနေတာ တွေ့ရတယ်။ အချို့က ထိုင်လျက်၊ အချို့က ထလျက်(ရပ်လျက်)ကနေ လက်အုပ်ချီပြီး ဘုရားကို အာရုံပြုနေကြတာ ကြည်ညိုဖွယ် အလွန်ကောင်းလှပါတယ် ကိုမိုးကျော်။

ကျွန်တော်ရဲ့ ဆရာတော်ကြီးကလဲ အထက်ပစ္စယံနေရာတစ်ခုမှာ ဘုရားဝတ်ပြုနေတာနဲ့ ကျွန်တော် တစ်ယောက်တည်း အထက်ပစ္စယံကို လက်ယာရစ် ပူဇော်ကြည်ညိုနေမိပါတယ်။ အထက်ပစ္စယံ ပတ္တမြားမျက်ရှင်ဘုရားရှေ့မှာလဲ ဆရာတော်ကြီးတချို့ ဘုရားကို အာရုံပြုနေကြတယ်။ ကျွန်တော်လဲ ပတ္တမြားမျက်ရှင်ဘုရားကို ရှိခိုးကန်တော့ပြီး အထက်ပစ္စယံမှာ လက်ယာရစ် ပူဇော်လမ်းလျှောက်နေခဲ့တာပေါ့။

လေနုအေးအေးလေး တိုက်ခတ်မှုရဲ့ အရသာကို ခံစားရင်း အရုဏ်မတက်ခင် အထက်ပစ္စယံမှာ ဘုရားဂုဏ်တော်ပွားပြီး လမ်းလျှောက်ရတဲ့ ဝမ်းသာ



www.burmeseclassic.com

www.burmeseclassic.com

ကြည်နူးမှုက တစ်မျိုး ထူးခြားပါတယ်။ အထက်ပစ္စယံမှာ မှုလရှိပြီး ဆရာတော်ကြီး(၅)ပါးနဲ့ ကျွန်တော့်ဆရာတော်ကြီးတို့ကတော့ ဘုရားအာရုံပြုဆဲပါ။ ပတ်ဝန်းကျင်က တိတ်ဆိတ်နေပါတယ်။ မိုးမလင်းသေးပေမယ့် လျှပ်စစ်မီးတွေက ထိန်လင်းလို့ နေပါတယ်။

ကျွန်တော်တစ်ဦးတည်း ဖြည်းညင်းသာယာစွာ ဘုရားဂုဏ်တော်ပွားရင်း လက်ယာရစ်ပူဇော် လမ်းလျှောက်နေစဉ် ဖြန့်ခန့် ထပ်မံပြီး ဆရာတော်ကြီး(၁၅)ပါးခန့် ထပ်တိုး၍ ဘုရားပူဇော်နေတာကို တွေ့လိုက်ပါတယ်။ အချိန်ပိုင်း,စက္ကန့်ပိုင်းအတွင်းမှာ ပေါ်လာတဲ့ ဆရာတော်ကြီးတွေပါ။

အချို့က ပတ္တမြားမျက်ရှင်ဘုရားရှေ့မှာ၊ အချို့က အထက်ပစ္စယံနေရာအသီးသီးမှာ ရပ်လျက်၊ ထိုင်လျက် ဘုရားအာရုံပြုနေကြပါတယ်။ အားလုံး ကြည်ညိုဖွယ်ကောင်းလှတဲ့ ဆရာတော်ကြီးတွေပါပဲ။ ဘယ်နေရာက ကြွလာတဲ့ ဆရာတော်ကြီးတွေလဲ၊ ရုတ်တရက် ဘယ်လိုပေါ်လာကြတာလဲ ဆိုတာ အခုအချိန်ထိ ကျွန်တော် စဉ်းစားလို့မရဘူး ကိုမိုးကျော်။ အထက်ပစ္စယံတက်တဲ့ လှေကားကလဲ တစ်ခုတည်း ရှိတာပါ။

ဒီလို ဆရာတော်ကြီး(၁၅)ပါးခန့် ရုတ်တရက် ပြိုင်တူပေါ်လာဖို့ရာက တစ်ခုတည်းသော လှေကားကနေလာဖို့ဆိုတာ မဖြစ်နိုင်ဘူးလို့ ကျွန်တော် အခိုင်အမာ ယုံကြည်ထားပါတယ် ကိုမိုးကျော်။

ပြီးပြီး ထူးဆန်းတာက ကျွန်တော် လက်ယာရစ် ဘုရားဂုဏ်တော်ရွတ်ပွားနေတုန်း ဖျတ်ခနဲ စောစောက ဖူးတွေ့ရတဲ့ အာဂန္တု ဆရာတော်ကြီး(၁၅)ပါးကို မတွေ့ရတော့ဘူး။

မွန်ပြည်နယ် ဆရာတော်ကြီးရဲ့ ကပ္ပိယအဖြစ် လိုက်ပါခွင့်ရခဲ့တာကြောင့် ထူးခြားတာတွေကို ရွှေတိဂုံဘုရားအထက်ပစ္စယံမှာ တွေ့ရတာမို့ ဘဝရဲ့ အမှတ်တရဖြစ်စဉ်တွေပါပဲလို့ ကျွန်တော် ဝမ်းသာပီတိ ဖြစ်ခဲ့ရပါတယ်။ ယနေ့အထိလဲ ပြန်တွေးမိတိုင်း စိတ်ကြည်နူးမှု ဖြစ်ရပါတယ်။ လောကမှာ မြင်အပ်,မမြင်အပ်သော ပုဂ္ဂိုလ်များစွာ ရှိနေတာကိုလဲ တွေးလိုက်မိပါတယ် ကိုမိုးကျော်'

'ဟုတ်ပါတယ် ဆရာ၊ ဗုဒ္ဓမြတ်စွာဘုရားရှင်နဲ့ ရဟန္တာအရှင်သူမြတ်တွေရဲ့ ဓာတ်တော်မွေတော် ဌာပနာထားကြတဲ့ စေတီတော်များကို လူတွေ၊ နတ်တွေ၊ ဗြဟ္မာတွေ၊ သူတော်စင်တွေ၊ ပုဂ္ဂိုလ်ထူးတွေ ဖူးမြော်ကြည်ညိုကြတာလို့ ကျွန်တော် ထင်မြင်ယူဆမိပါတယ်ဆရာ'

'မှန်တာပြောတော့ သစ္စာပေါ့ ကိုမိုးကျော်ရေ... ကျွန်တော်လဲ မြသပိတ်ဘုရားမှာ တွေ့ခဲ့ရတဲ့ ပုဂ္ဂိုလ်တွေရယ်၊ ရွှေတိဂုံဘုရား အထက်ပစ္စယံပေါ်မှာ ဖူးမြော်ခဲ့ရတဲ့ ဆရာတော်ကြီးများအကြောင်းကို တွေးမိရင် ဘာသာရေးကို ယခင်ကထက်ပိုပြီး အလေးအနက်ထားလာမိခဲ့ပါတယ်။

အကြောင်းတိုက်ဆိုင်ရင် အဲဒီပုဂ္ဂိုလ်တွေကို ထပ်မံ တွေ့ဆုံဖူးမြော်ပြီး မေတ္တာပို့ခြင်း၊ မေတ္တာဓာတ် ခံယူခြင်း ကိစ္စများကို ဆောင်ရွက်လိုပါသေးတယ် ကိုမိုးကျော်ရေ'

'သာဓုပါဗျာ...သာဓု...သာဓု'

**သဗ္ဗေသတ္တာ ဘဝန္တု သုခိတတ္တာ**

**အောင်ရန်နိုင် (B.Sc)**

**စာရှုသူ၊ သုတေသီနှင့်**

**စာရေးသူ**

**ဆောင်းပါးရှင်များသို့...**

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြပါရှိသော ရောင်ခြည်ကဏ္ဍအသီးသီးရှိ ဆောင်းပါးများမှ သင့်လျော်သည်များကို ရွေးချယ်၍ **ဆောင်းပါးပေါင်းချုပ်များ** ထုတ်ဝေနေပါသည်။

သို့ဖြစ်၍ စာရေးသူဆောင်းပါးရှင်များမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခံရပါက **ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမည်ကို သဘောတူညီပြီးဖြစ်သည်ဟု** နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါသည်။

အကယ်၍ ဆောင်းပါးပေါင်းချုပ်များတွင် **ပါဝင်လိုခြင်းမရှိသူ စာရေးသူဆောင်းပါးရှင်များအနေနှင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းသို့ ဆောင်းပါးများကို မှုလကပင် ပေးပို့ခြင်း မပြုကြပါရန်** မေတ္တာရပ်ခံအပ်ပါသည်။

အကယ်၍ ပေးပို့ပါက ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမှုကိုပါ သဘောတူညီပြီးဖြစ်သည်ဟု နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါမည်။

**ထပ်မံပြီး ရွေးချယ်ဖော်ပြခံရပါက သင့်လျော်သောစာမူခနှင့် စာအုပ်လက်ဆောင်ပါ ပေးပို့ပေးပါမည်။**

**လေးစားစွာဖြင့်...**

**ဦးကျော်မိုးသိန်း**

**စာတည်းချုပ်**

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**

**ပါရမီမဂ္ဂဇင်း**

**အမှတ် ၂၄၃၊ (၂၉)လမ်း၊**

**ပန်းဆိုးတန်းစာတိုက်၊ ရန်ကုန်မြို့**



www.burmeseclassic.com

www.burmeseclassic.com



၂၀၁၂ ခုနှစ်၊ ဖွန်လထုတ် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကြီး၏ စာမျက်နှာ (၁၄၀)တွင် စာရေးသူ ဆရာ စိုးလင်းအောင် (မြန်အောင်)၏ **"နွယ်ရှင်ဆိုတာ"** အမည်ပါ ဆောင်းပါးအား ဖတ်ရှုရပါသည်။

မှုံ့စိမ်း (ခေတ္တ-မြိတ်)

# နွယ်ရှင်အကြောင်း

သိရှိသူများမှ ဖြေကြားပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်

ဆောင်းပါးရှင်မှ နွယ်ရှင်ဆိုတာ ရှိမရှိ ခိုက်မခိုက်၊ ဆေးဖက်ဝင်မဝင်နှင့် လောကီရေးရာများတွင် အသုံးဝင်မဝင်တို့ကို သိရှိသူများမှ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးမှတစ်ဆင့် ရေးသားဖော်ပြပေးရန် မေတ္တာရပ်ခံလာပါသည်။

စာရေးသူ ကျွန်တော်မှ ပြန်လည်တင်ပြချင်တာက ဆရာ စိုးလင်းအောင် (မြန်အောင်)၏ တွေ့ရှိခဲ့သော နွယ်ရှင်နှင့် စာရေးသူကိုယ်တိုင် မြင်ဖူးတွေ့ဖူး၊ ဆော့ကစားဖူးသော နွယ်ရှင်များနှင့် မတူညီခြင်းကြောင့် ပြန်လည် ရေးသားတင်ပြခြင်း ဖြစ်ပါသည်။

ဆရာ စိုးလင်းအောင် (မြန်အောင်) တွေ့ရှိခဲ့သော နွယ်ရှင်မှာ (၁၄)လက်မခန့်ရှည်ပြီး လုံးပတ်မှာ စက်ဘီးစမုတ်တံ (သို့မဟုတ်) အုန်းတံမြက်စည်းတံလုံးခန့် ရှိသည်ဟု ဖော်ပြထားပါသည်။

စာရေးသူတို့ တွေ့ဖူးသော နွယ်ရှင်မှာ အရှည် (၃)လက်မခန့် ရှည်ပြီး လုံးပတ်မှာ ဆင်ငိုမြက်ပင်၏ အမြစ်ခန့်မျှသာ ရှိပါသည်။

တွေ့ရှိခဲ့ရသော နေရာမှာ စာရေးသူတို့၏ အိမ်နောက်ဘက်ရှိ ဦးဘအိုခြံဝင်းကြီးအတွင်း၌ပင် ဖြစ်ပါသည်။

စာရေးသူတို့ ငယ်စဉ်က နေရပ်က ရန်ကုန်တိုင်းဒေသကြီး၊ သယ်န်းကျွန်းမြို့နယ်၊ ကျိုက္ကစံဘုရားလမ်းရပ်ကွက် ကျိုက္ကစံဘုရားလမ်း၏ အနောက်ဘက်ရှိ ရတနာသီရိလမ်းသွယ် ဖြစ်ပါသည်။

စာရေးသူတို့လမ်း၏ အနောက်ဘက်တွင် ဦးဘအိုခြံနှင့်၊ ဦးညိုခြံဟူ၍ ခြံကျယ်ကြီးနှစ်ခု ရှိပါသည်။ ဦးညိုခြံကို ကွန်ကရစ်တံတိုင်းနှင့် ကြခတ်ဝါးပင်များစိုက်၍ ဝင်းခြံ ကာထားပါသည်။

ဦးဘအိုခြံကတော့ ကြခတ်ဝါးပင်များစိုက်၍သာ ကာထားပါသည်။ ခြံအတွင်းတွင် သရက်ပင်ကြီးများ စိုက်ပျိုးထားပါသည်။

ဦးဘအိုခြံကို အရှေ့ဘက်တွင် ရတနာသီရိလမ်းနှင့် ကျိုက္ကစံဘုရားလမ်း တောင်ဘက်မှ ဇဝနရပ်ကွက်၊ အနောက်ဘက်မှ ဦးညိုခြံနှင့် မြောက်ဘက်တွင် ကျိုက္ကစံဘောလုံးကွင်း (သို့မဟုတ်) သယ်န်းကျွန်းမြို့နယ် ဘောလုံးကွင်း (ယခုတော့ ခုတင် ၃၀၀ဆန့် စံပြဆေးရုံကြီး)က ကာကွယ်ထားပါသည်။

ယခင် စာရေးသူတို့ငယ်စဉ် (၈, ၉) နှစ်ခန့်က သယ်န်းကျွန်းမြို့နယ် ကျိုက္ကစံဘုရားလမ်း ရပ်ကွက်သည် ယခုကဲ့သို့ မစည်ကားသေးပါ။

ကျိုက္ကစံဘုရားလမ်းနှင့် အရှေ့ဘက်ရှိ သမာဓိရပ်ကွက်တို့တွင် အိမ်ခြံမြေများမှာ ကျဲတိကျဲတောက်သာ ရှိပါသည်။

ဟိန္ဒူ အမျိုးအနွယ်များ နေထိုင်ကြ၍ ကျွဲများ မွေးမြူကာ နို့ရောင်း၍ စီးပွားရှာ နေထိုင်ကြပါသည်။ ဇဝနရပ်ကွက်မှာ နောက်မှ ပေါ်ပေါက်လာပါသည်။

သို့ပါ၍ ဦးဘအိုခြံနှင့်၊ ဦးညိုခြံတို့မှာ တောကြီးမမာရှိပြီး လင်းမြွေနှင့် ကြခတ်ရုံများထဲတွင် ကြွက်များသာ ပေါများစွာ နေထိုင်ကြပါသည်။

ဦးညိုခြံအတွင်းတွင် သင်းခွေချပ်တစ်ကောင်ပင် ဖမ်းမိကြောင်း စာရေးသူကိုယ်တိုင် မြင်တွေ့ဖူးခဲ့ပါသည်။

စာရေးသူတို့ ကျိုက္ကစံဘုရားလမ်း



www.burmeseclassic.com

www.burmeseclassic.com

ရပ်ကွက်မှ ကလေးသူငယ်အပေါင်းတို့သည် နွေရာသီတွင် အရိပ်အာဝါသ ကောင်းလှသော ဦးဘအိုခြံအတွင်း ဝင်၍ ခွက်ခေါက်တမ်း၊ တူတူပုန်းတမ်း ကစားကြပါသည်။

ခြံအတွင်းမှ သရက်ပင်ကြီးများပေါ်တွင် ကျီးငှက်များ နားခို၍ အသိုက်ပြုကာ နေထိုင်ကြပါသည်။ ကျီးငှက်များ နားခိုရာ သရက်တောကြီးပါ။ မန္တလေး ရင်ကွဲကဲ့သို့ သရက်ပင်ငယ်များ မရှိပါ။ စိုင်သရက်၊ သလပ်ဖက်သရက်ပင်များသာ ရှိပါသည်။ သရက်ပင်ကြီးများမှာ အမြင့်ပေ (၄၀, ၅၀)ခန့် မြင့်မည်ဟု ထင်ပါသည်။

ဦးဘအိုအိမ်မှာ ခြံ၏အလယ်တွင် ဆောက်လုပ်၍ မိသားစု နေထိုင်ပါသည်။ အိမ်မှာ အရှေ့ဘက်ရှိ ရတနာသီရိလမ်းဘက်သို့ မျက်နှာမူထားပါသည်။ ဝင်ထွက်သွားလာခြင်းကို အရှေ့ဘက်မှ ပြုပါသည်။ ထို့ကြောင့် လမ်းကြောင်းလမ်းကျဉ်းကလေး ဖြစ်ပေါ်နေပါသည်။

မိုးရာသီတွင် သရက်ပင်ကြီးများအောက်တွင် မြက်ပင်များနှင့် ချုံနွယ်ပင်များ ပေါက်ရောက်နေပါသည်။ ရွာသွန်းလိုက်သော မိုးရေများမှာ ဦးဘအိုအိမ်သို့ သွားရာလမ်းအတိုင်း အရှေ့ဘက်မှ အနောက်ဘက်သို့ စီးဆင်းပြီး အိမ်နားရောက်မှ လမ်းခွဲကာ တောင်ဘက်ရှိ ဇဝနရပ်ကွက်သို့ လမ်းခွဲကာ စီးသွားပါသည်။

မိုးတွင်းကာလမှာတော့ ကလေးများ ဝင်ရောက် ကစားခြင်း မပြုကြပါ။ သို့သော် ကျွန်တော်တို့ သူငယ်ချင်းတစ်သိုက်မှာ နွယ်ရှင်ကလေးများ ရှာဖွေတတ်ကြပါသည်။

ဝါဆို, ဝါခေါင်လလောက်တွင် နွယ်ရှင်များကို ရှာဖွေမရနိုင်ပါ။ အကြောင်းမှာ ဝါဆို, ဝါခေါင်လတွင် ရန်ကုန်မိုးကား အဆက်မပြတ် ရွာတတ်ခြင်း၊ မိုးအားကောင်း၍ ရေနောက်ကာ ရေစီးသန်ခြင်းတို့ကြောင့် နွယ်ရှင်များကို မမြင်ရပါ။



တော်သလင်း၊ သီတင်းကျွတ်လလောက်တွင် နွယ်ရှင်ကို ရှာဖွေလို့ရနိုင်ပါပြီ။

တော်သလင်း, သီတင်းကျွတ်လတွင် မိုးနည်းသွားပါပြီ။ မိုးနည်းနည်းရွာပြီးနောက်တွင် မြက်တောတွင်းမှ ရေကြည်များသည် လမ်းကျဉ်းကလေးအတွင်းသို့ ဖြည်းညင်းစွာ စီးဝင်လာပါသည်။

လမ်းကျဉ်းကလေးအတွင်းရှိ ရေများသည် ကြည်လင်ပြီး ဖြည်းညင်းစွာ စီးဆင်းနေသောအခါ ရေစီးလမ်းအတိုင်း သေသေချာချာ ကြည့်ပါက နွယ်ရှင်ကလေးများ လှုပ်ရှားနေသည်ကို မြင်တွေ့လျှင် ဖမ်းပြီး အသင့်ယူဆောင်လာသော ရေခွက်များ၊ ရေပုလင်းများတွင် ထည့်၍ ယူဆောင်ကြပါသည်။

လူကြီးများ ပြောစကားအရ နွယ်ရှင်ဖြစ်ကြောင်း သိရပါသည်။ ထည့်ထားသော ရေခွက်၊ ရေပုလင်းများအတွင်းတွင် လှုပ်ရှားနေပါသည်။

လက်ဖဝါးပေါ်သို့ တင်ကြည့်ကလည်း လှုပ်ရှားနေပါသည်။ သို့သော် တစ်လက်မှ တစ်လက်သို့ ပြောင်းလွှဲကြည့်ဖန်များက နွယ်ရှင်ကိုယ်တွင် ကပ်နေသော ရေများ ခြောက်သွေ့သွားပါသဖြင့် သေသွားတတ်ပါသည်။

နွယ်ရှင်ကလေးများကို သေချာစွာကြည့်ပါက တစ်ကိုယ်လုံး တဖြောင့်တည်းရှိပါသည်။ ဦးခေါင်းဟု ထင်ရသောဘက်တွင် နှစ်ခွ ဖြစ်နေပါသည်။ ကိုယ်လုံးတွင် ကြိုးထစ်ကဲ့သို့ အဆစ်ကလေး ပေါ်နေကြောင်းလည်း တွေ့မြင်ရပါသည်။

ရေပုလင်းများထဲတွင် ထည့်ထားပါက နေ့စဉ် ရေလဲပေးရပါသည်။ (၃, ၄)ရက်မျှ ခံပါသည်။ ရေလဲပေးခြင်း မရှိပါက သေဆုံးသွားပါတော့သည်။

* နွယ်ရှင်ကလေးများ မည်သို့ ပေါ်ပေါက်လာပါသနည်း။
* နွေရာသီတွင် ဦးဘအိုခြံအတွင်း စိမ့်စမ်းရေများ လုံးဝ မရှိပါ။ ခြောက်သွေ့နေပါသည်။ မိုးရာသီရောက်မှ ပေါ်ပေါက်လာပါသည်။
* မြက်တောတွေက ဖြစ်ပေါ်လာပါသလား။
* နှစ်ရှည် သရက်ပင်ကြီးများပေါ်မှ ပေါ်ပေါက်လာပါသလား။
* နွေရာသီတွင် သူတို့၏ မျိုးစေ့များကို မည်သို့ ချထားပါသလဲ။
* သတ္တဗေဒနှင့် ဇီဝဗေဒ ပညာရှင်များမှ သိရှိပါက နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကြီးမှ တစ်ဆင့် ရေးသား၍ ဖြေရှင်းပေးပါရန် လေးစားစွာဖြင့် မေတ္တာရပ်ခံအပ်ပါသည် ခင်ဗျား။

ဤနွယ်ရှင်ကလေးများအား ကိုယ်တိုင် မြင်တွေ့ဖူးသော ငယ်သူငယ်ချင်းများသည် ယနေ့ထက်တိုင် သဃ်န်းကျွန်းနှင့် တောင်ဒဂုံမြို့နယ်တို့တွင် သက်ရှိထင်ရှား ရှိနေပါသေးသည်။

ယနေ့ ဦးဘအိုခြံကြီးမှာတော့ ၁၉၈၈ ခုနှစ်နောက်ပိုင်း လောပန် သူဌေးများ၏ တိုက်တာများဖြင့် ပြောင်းလဲသွားပါတော့သည်။

**ဦးစိန်(ဓေတ္တ-မြိတ်)**



BURMESE CLASSIC .com
www.burmeseclassic.com